http://www.dhammadownload.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

နာဂလိုဏ်ဆရာ

# အဓိဋ္ဌာန်ကျင့်စဉ် နှင့်

# လယ်တီဝိပဿနာ

ဘဒ္ဒန္တဇာဂရာဘိဝံသ နာဂလိုဏ်ဆရာ အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ

http://www.dhammadownload.com


တရားအားထုတ်တယ်ဆိုတာ အဓိကကတော့ ပြဿနာ ဖြေရှင်းတာပါပဲ။ ဘယ်သူ့ပြဿနာလဲဆိုတော့ မိမိပြဿနာပါပဲ၊ မိမိပြဿနာကို မိမိဖြေရှင်းမှ အေးတာကို။

တန်ချိန်ခွဲလို့ မရနိုင်တဲ့ ဒုက္ခပြဿနာတွေ ဝိုင်းအုံပြည့်နက်နေတဲ့ဘဝမှာ၊ လောကဓံလှိုင်းလုံးကြီးတွေ ဆူဖြောင်းလှုပ်တွေ ဘုတွေထယ်တွေ အတိုက်အခိုက် အထိုးနက်တွေ ဘယ်လောက်များများ၊ နောက်ဆုံးတရားသဘောနဲ့ အချောကိုင် လိုက်နိုင်ရင် ငြိမ်းချမ်းသွားကြတော့တာချည်းပါပဲ။

တန်ပြည့်လုံဖြန့်ချိရေး-
မိခင်ရှာဘေ့ စာအုပ်တိုက် နှင့်
ဘုန်းမြင့် ဝိဇ္ဇာကစ်စာအုပ်ဆိုင်
ရွှေတိဂုံဘုရားအရှေ့တောင်ဘုံ
ဖုန်း ၀၁ - ၅၃၁၄၃၁

ဘဒ္ဒန္တဒေဝရာဇာဘိဝံသ
အဝိဇ္ဇာနက်ချိန်စဉ် နှင့် လယ်တီဝိပဿနာ

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

မိခင်ရောဝတီ

မိခင်သည်လောကကို သိမြင်စေသည်

ရောဝတီ၊ ရွှေနဒီသည်
ရစ်ခွေစီးဆင်း၊ ငြိမ်းချမ်းခြင်းဖြင့်
ဝပြောသာယာ၊ ပြည်မြန်မာကို
ထာဝရအလှဆင်မည်တည်း၊ ။

---

အမတံ ဒဒေါ စ သော ဟောတိ၊ ယော ဓမ္မံ အနုသာသတိ။
တရားအလှူ ပေးလှူသူသည် အမြိုက်နိဗ္ဗာန်ကို ပေးလှူသည် မည်၏။
မြတ်ဗုဒ္ဓ

♠ စေတနာ အာသီသ ♠

ဘာသာ၊ သာသနာပြု စာပေများကို

* တိမ်းပါးမှားယွင်းခြင်း မရှိစေရန် စောင့်ရှောက်ထုတ်ဝေမည်။
* တိမ်မြုပ်ပျောက်ကွယ်ခြင်း မရှိစေရန် ဖော်ထုတ်မည်။
* မိမိအမြတ်အစွန်း ရရှိရေးသက်သက်အတွက် မဟုတ်၊ သာသနာတော် ထွန်းကားရေးအတွက် စီစဉ်ထုတ်ဝေမည်။

မိခင်ရောဝတီစာအုပ်တိုက်

http://www.dhammadownload.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

---

**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၈၅ / ၂၀၀၂ (၇) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၇ / ၂၀၀၂ (၇) |
| ပထမအကြိမ် | - | ၂၀၀၂၊ ဩဂုတ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |
| စီစဉ်သူ | - | **မိခင်ရောဝတီစာအုပ်တိုက်မိသားစု**<br>ဒေါ်ရွှေဝါစိုး (အထွေထွေတာဝန်ခံ)<br>ဒေါ်ချယ်ရီသိန်း (စီမံရေး)<br>ဒေါ်မိုးမြင့်စိုး (ထုတ်လုပ်ရေး)<br>ဒေါ်ထားထားဦး (ဖြန့်ချိရေး)<br>ဒေါ်ခင်စန်းဝေ (ကွန်ပြူတာစာစီ) |
| မျက်နှာဖုံးအပြင်အဆင် | - | ကိုဝင်းငွေ (Graphic Design) |
| အတွင်းဖလင် | - | ကိုအောင်ခင်ဦး |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်ကျော်<br>အမှတ် (၁၅)၊ တက္ကသိုလ်ရိပ်သာလမ်း၊ |
| ထုတ်ဝေသူ | - | ဦးထွန်းထွန်းဦး၊ နှင်းဦးလွင်စာပေ<br>အမှတ် (၅၃၃- A) (၈)ရပ်ကွက်၊<br>ပြည်လမ်း၊ |

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

တစ်ပြည်လုံး ဖြန့်ချိရေး - မိခင်ရောဝတီစာအုပ်တိုက်
တိုက် (၄)၊ အခန်း (၄၀၂)၊ ကျိုက်တော်အိမ်ရာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁- ၇၀၁၄၃၁၊ ၀၉-၅၀-၁၅၆၁၃

http://www.dhammadownload.com

ရန်ကုန်မြို့
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရရာ သင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်

ဒွိပိဋကဓရ — ဒွိပိဋကကောဝိဒ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

ဟောကြားအပ်သော

# နာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်တရားတော်နှင့် လယ်တီဝိပဿနာ

မိခင်ရောဝတီစာ တည်းအဖွဲ့က စာပြင်သန့်စင်သည်

မိခင်စာအုပ်အမှတ် (၃၈)

သာသနာ — ၂၅၄၆ ကောဇာ — ၁၃၆၄ ခရစ် — ၂၀၀၂

2(A)

http://www.dhammadownload.com

# ရတနုတ္တယ ပဏာမ

**ဇာဂရာဘိ ဇာဂရန္တံ၊**
**ဇာဂရတ္တာယ ဝါစကံ။**
**ဇာဂရံ ဇာဂရာဘိဝံသံ၊**
**ဇာဂရတ္တံ နမေ အဟံ။ ။**

အဟံ- ဆရာ့နှုတ်ဖွား ရှင်နိုးကြားဟု မှည့်ထားသမုတ် "ဇာဂရ" ဟူသော အကျွန်ုပ်သည်။ ဇာဂရတ္တာယ- မိုက်မဲစွာလှ မှောင်ကြီးကျ၍ မောဟပျော်မှိန်း တဖိန်းဖိန်းဖြင့် အိပ်ပျော်ခြင်းကင်း နိုးကြားစေခြင်းငှါ၊ ဝါ၊ နိုးနိုးကြားကြား တက်အားကြွကြွ လုလ္လမယုတ် အားထုတ်စေခြင်းငှါ။ ဝါစကေ- သနားခြင်း ကရုဏာအရင်းခံ ဒေသနာတော် ဉာဏ်ကွန့်မြူးလျှက် အထူး သိမြင် ဟောကြားတော်မူတတ်ပါကုန်သော။ ဇာဂရာဘိ ဇာဂရန္တေ- အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်ကြသူတို့ထက် အလွန်အကြူး အထူးမြင့်မြတ် နိုးကြားတော်မူပြီး နိုးကြားစေတော်မူတတ်ကုန်သော ဘုရားရှင်တို့ကိုလည်းကောင်း။ ဇာဂရံ- အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများ၍ နိုးကြားစေကြောင်း ကောင်းမြတ်သော တရားတော်ကိုလည်း ကောင်း။ ဇာဂရာဘိဝံသံ- အသိအလိမ္မာ ဉာဏ်ပညာဟု ဝိဇ္ဇာဉာဏ် အလင်းရောင်ဖြင့် နိုးကြားတော်မူခဲ့ကုန်ပြီးသော ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းဟူသော မြင့်မြတ်ထင်ပေါ် မြတ်သော အနွယ်တော်ဝင် အရှင်သံဃာတော်ကိုလည်းကောင်း။ ဝါ၊ စံညာဂုနန် ဆင့်ရန်တတွေ သူဌေသုပဏ် ရှစ်တန်ထေရ်မော် ကျွန်းလုံးကျော်တို့ နွယ်တော်မပျက် ဆင်းသက်၍လာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်၊ ပခုက္ကူ ဆရာတော်၊ ရွှေရေးဆောင်ဆရာတော်၊ သပြေပင်တောရဆရာတော်၊ ကလေးဝဆရာတော်၊ လားရှိုးဆရာတော်၊ ကုန်းသာရွာသိရိမင်္ဂလာကျောင်း ဆရာတော် စသော မဟာထေရ်မြတ် အပေါင်းကိုလည်းကောင်း။ ဇာဂရတ္တံ- ညစ်ကြေးကင်းဆိတ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်ငြား ငါးပါးနီဝရဏ အိပ်မောကျ လွတ်ကင်း၍ အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်နိုင်ခြင်းကျိုးငှါ။ နမေ- ခြေလက်နဖူး တတောင်ဒူးဟု ငါးဦးတည်ရှိုး ကော်ရော် မျိုးဖြင့် နှိမ်ချိုးဦးချ ကန်တော့ရှိခိုးပါ၏ ဘုရား။

http://www.dhammadownload.com

## ပြည်ထောင်စု မြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်
## နာဂလိုဏ်ဂူဘုရားကုန်းမြေ
## ကလေးဝတောရစာသင်တိုက်နှင့်
## လယ်တီမူဝိပဿနာ လယ်တီတောရတရားရိပ်သာ
## ကမ္မဋ္ဌာန်းကျောင်းတိုက်တို့၏ ပဓာန နာယက၊
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## တွဲဖက်အကျိုးတော်ဆောင်
## အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊
## မူလအာတိစမ္မိက
## ဘဒ္ဒန္တဇာဂရာဘိဝံသ
## ၏
## ဘဝဖြစ်စဉ်

**ဇာတိဌာနေ မွေးရပ်မြေ**

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ယင်းအုပ်စု၊ ကုန်းသာကျေးရွာ၊ ဖခမည်းတော် ဦးပေါ-မယ်တော် ဒေါ်အေးသန့်တို့မှ ၁၃၀၃-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့ညဉ့် (၉)နာရီအချိန်တွင် ဖွားမြင်သော အဘိဇာက တတိယသားရတနာ ဖြစ်သည်။

**ကျောင်းအပ်ပညာသင်ခြင်း**

ငါးနှစ်သားအရွယ်တွင် ဦးလေးသိန်း၏ အကူအညီရယူ၍ ကုန်းသာရွာကျောင်း ဆရာတော် ဦးစန္ဒိမာ, ဆရာတော် ဦးကုမုဒ, ဆရာတော် ဦးဉာဏဝံသတို့ထံ အပ်နှံ၍ ဘုန်းတော်ကြီးသင် ပညာရေး အခြေခံမှစ၍ သင်ယူခဲ့သည်။

**ရှင်သာမဏေဘဝ**

ဆယ်နှစ်သားအရွယ်တွင် အဘိုး ဦးတုတ်ရ - အဖွား ဒေါ်ဖွားအုံ၊ အဘိုး ဦးဘိုးဆင် - အဖွား ဒေါ်နန်းပါးတို့ကို အမှူးထား၍ ခမည်းတော် မယ်တော်တို့က ရှင်ဒါယကာ - ဒါယိကာမများအဖြစ်ဖြင့် ရှင်ပြုမင်္ဂလာပွဲကြီး ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ဆရာတော် ဦးကုမုဒကို ဥပဇ္ဈာယ် ပြု၍ ရှင်သာမဏေ သာသနာအမွေခံယူခဲ့သည်။ ဘွဲ့မည်မှာ ရှင်ဇာဂရ ဖြစ်သည်။

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

**စာသင်ထွက်ခဲ့ခြင်း**

ကုန်းသာရွာတွင် (၂)ဝါဆိုပြီး (၁၂)နှစ်သားအရွယ် ၁၃၁၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်၊ ကြာသပတေးနေ့တွင် ဆရာတော် ဦးကုမုဒ ကိုယ်တော်တိုင် မုံရွာမြို့ လယ်တီနိကာယ သပြေပင်တောရကျောင်းတိုက် ကျမ်းပြုအကျော် ဆရာတော် အရှင်ကေဝလာဘိဝံသ ထံတော်သို့ အပ်နှံ လျက် ပရိယတ္တိစာပေများကို သင်ကြားစေခဲ့သည်။

သပြေပင်တောရကျောင်းတိုက်၌ မဟာနာယက ပထမဆရာတော် ဘုရား ဘဒ္ဒန္တကေဝလာဘိဝံသ ဒုတိယဆရာတော် ဘဒ္ဒန္တကုမုဒနှင့် စာချ ဆရာတော်များ ဖြစ်ကြသော-

- အရှင်ဓမ္မိက (ယခု မုံရွာမြို့၊ ရှမ်းတော်ရပ် ဓမ္မိကာရုံဆရာတော်)
- အရှင်သြဘာသ (ယခု ပဲခူး၊ အင်းတကော်၊ ဘုရားငုတ်တို၊ ရေဝန်း ကျောင်းဆရာတော်)
- အရှင်ပညာသီရိ (ယခု ဟုမ္မလင်းမြို့ သဝန်ရွာဆရာတော်)
- အရှင်မာနိတ (ယခု ချောင်းဦးမြို့၊ ကျီကုန်းရွာ၊ ဓမ္မရက္ခိတကျောင်း ဆရာတော်)
- အရှင်သုမန (တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် နိုင်ငံ တော်သံဃမဟာနာယက)
- အရှင်ပညာသီရိ (အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ၊ ငွေတောင်တောရ ကျောင်းတိုက်၊ တပ်ကုန်းမြို့)
- ဘဒ္ဒန္တပရမ၊ သာသီဓ ဓမ္မာစရိယ (ငါန်းဇွန်ဆရာတော်)
- မုံရွာမြို့၊ အရှေ့လယ်တီကျောင်းတိုက် ပဌာန်းဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ
- စာချဆရာတော် ဘဒ္ဒန္တမာလာသိရီ၊ ယခု နိုင်ငံတော်သြဝါဒါစရိယ၊ လယ်တီတိုက်သစ်၊ မြင်းမူမြို့
- စာချဆရာတော် ဘဒ္ဒန္တပညာဝံသ (အရှေ့လယ်တီနာယက)
- စာချဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (ယခု အရှေ့လယ်တီတိုက် ပဓာန နာယကဆရာတော်) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

စသော ဆရာတော်များ ထံတွင် ပရိယတ်စာပေ အခြေခံများနှင့်တကွ ပါဠိ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ကျမ်းကြီး ကျမ်းငယ် အသွယ်သွယ်တို့ကို သင်ယူ ခဲ့သည်။

အထူးသဖြင့် သပြေပင်တောရ ဆရာတော်ကိုယ်တော်တိုင် သင်ကြားပို့ ချပေးသော ရူပသိဒ္ဓိကျမ်းကို သုံးနှစ်တိုင်တိုင် အစမှအဆုံးတိုင်အောင်

http://www.dhammadownload.com



သင်ကြားခဲ့ရသည်။

ဆရာတော်ဘုရား စာချစဉ် အသုံးပြုတော်မူသော ထွေးခံကြီးနှစ်လုံးကို ဆေးကြော၍ ဝေယျာဝစ္စအမှုကြီးငယ်ကို ဝတ်ပြုဆောင်ရွက်ခဲ့သည်မှာ ရိုးမြေကျသည်အထိပင် ဖြစ်သည်။

**ရဟန်းဒါယကာ ဒါယိကာမများ**

မုံရွာမြို့၊ သပြေပင်တောရကျောင်းတိုက် ဆရာတော် အရှင်ကေဝလာ ဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ၁၃၂၂-ခုနှစ်၊ တပေါင်းလဆန်း (၇)ရက် တနင်္လာ နေ့တွင် မုံရွာမြို့၊ တရုတ်တန်း ဇေယျသုခဆန်စက်ပိုင်ရှင် ဦးဘရွှေ-ဒေါ်ရွှေချယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟနှင့် ရန်ကုန်၊ မုံရွာ၊ ကနီ၊ တောင်ကြီး၊ မန္တလေး၊ ဝါးခယ်မမြို့၊ မလေးရှားနိုင်ငံများမှ ရဟန်းဒါယကာ၊ ဒါယိကာမ များက ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများအဖြစ် (၅၀)ကြိမ်တိုင်တိုင် သိက္ခာထပ်တင် ထောက်ပံ့လှူဒါန်း၍ ဒါယကာ ခံယူကြသည်။

**ပခုက္ကူစာ သင်နည်း**

ရဟန်း (၁)ဝါအရ ဓမ္မာစရိယတန်း အောင်မြင်ပြီးသောအခါ ပခုက္ကူ အလယ်တိုက်ကြီး၊ မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ ခြေတော်ရင်းကို ခိုလှုံလျက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တနေမိန္ဒ သီတင်းသုံးတော်မူရာ "သုဝဏ္ဏဝတီ" ကျောင်းတွင် နေထိုင်ပြီး တိုက်အုပ်ဆရာတော် ဘဒ္ဒန္တမာယိန္ဒ, ဘဒ္ဒန္တနန္ဒိယ, ဘဒ္ဒန္တပညိန္ဒ (အဂ္ဂမဟာပဏ္ဍိတ), ဘဒ္ဒန္တနေမိန္ဒ ဆရာတော်နှင့် ဂဏဝါစက ဆရာတော်များထံတော်တွင် နိကာယ်ငါးရပ်, ပိဋကတ်သုံးပုံကို အဋ္ဌကထာ, ဋီကာများနှင့်တကွ သင်ယူခဲ့ပြီး တိပိဋကစာပြန်ပွဲ ဝင်ရောက် ဖြေဆိုနိုင်ရန် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ အားပေး ချီးမြှောက်မှုကို ခံယူရရှိခဲ့သည်။

**မန္တလေးစာ သင်နည်း**

မန္တလေးမြို့၊ရွှေရေးဆောင်ကျောင်းတိုက် အထူးစာချအကျော် သံချောင်း ဆရာတော် ဦးပဏ္ဍဝ၊ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက် သူဌေး ကျောင်း ဆရာတော် ဦးစန္ဒိမာ၊ မန္တလေးမြို့ ဆီးဘန်နီဆရာတော် ဘဒ္ဒန္တ အာစာရာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက၊ ဘုရားကြီးတိုက် အမရပူရ ကျောင်းဆရာတော် ဘဒ္ဒန္တဉက္ကံသာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက အရှင်မြတ်တို့ထံ မန္တလေးစာသင်နည်း ရွှေရေးဆောင်နည်းကို သင်ယူခဲ့ သည်။

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝပြစ်စဉ်

**လားရှိုးမြို့**

၁၃၂၁-ခု၊ ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးမြို့ မဟာဗောဓာရုံကျောင်း တိုက်၌ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ကဝိန္ဒာစာရ၊ (ယခု အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မြို့လယ်ကျောင်း ဆရာ တော်)၏ အာမိသဓမ္မ ထောက်ပံ့မှုကို ရယူနေထိုင်ခဲ့သည်။

**အောင်မြင်တော်မူခဲ့သော စာမေးပွဲများ**

(၁၄)နှစ်သားအရွယ်တွင် သာသနာတော် (၂၅၀၀)ပြည့် အထိမ်းအမှတ် ဝိနည်းစာပြန်ပွဲတွင် "**ပထမ**"ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

(၁၆)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန် စာမေးပွဲ "**ပထမငယ် တန်း**" ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။ (၁၇)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန် စာမေးပွဲ "**ပထမလတ်တန်း**" ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၈)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန် စာမေးပွဲ "**ပထမကြီး တန်း**"ကို ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ပြီး မုံရွာမြို့ သပြေပင်တောရ ကျောင်း ပါဠိပါမောက္ခသမိတိမှ ကြီးမှူးကျင်းပသော စာမေးပွဲ၌ ပထမဆင့် ပထမ၊ ဒုတိယဆင့် ဒုတိယ၊ တတိယဆင့် ပထမ အောင်မြင်ခဲ့သည်။

(၁၉)နှစ်သားအရွယ်တွင် အစိုးရဓမ္မာစရိယ စာမေးပွဲ သီလက္ခန်နှင့် အဋ္ဌသာလိနီ (၂)ကျမ်း အောင်မြင်ခဲ့သည်။

(၂၀)နှစ် ရဟန်း (၁)ဝါရတွင် "**ပါရာဇိကဏ်**"ကျမ်းကို အောင်မြင်ခဲ့၍ ကျမ်းရင်း အစိုးရဓမ္မာစရိယတန်း "**ပါဠိဘာသာ**"ဖြင့် အောင်မြင်ခဲ့သည်။ သာသနဓဇ ဓမ္မာစရိယ (ပါဠိ)ဘွဲ့ ရခဲ့သည်။

ရဟန်း (၂)ဝါအရတွင် စာမျက်နှာ (၇၇၉)ရှိသော ဒီဃနိကာယ် သုတ္တန္တ ပိဋကကို အာဂုံပြန်ဆိုနိုင်ခဲ့သဖြင့် အရိုးနီထီးဖြူတော်တစ်လက် တံဆိပ်ပါရှိ သော သာသနာ့အောင်လံတော်နှင့် "**ဒီဃဘာဏက**"ဘွဲ့ပုံ လက်မှတ် ရရှိခဲ့သည်။

ရဟန်း (၄)ဝါအရတွင် "**မဟာဝဂ္ဂပါဠိ**" မြန်မာဂုဏ်ထူးကို အောင်မြင် တော်မူခဲ့သဖြင့် "**သာသနဓဇ သီရိပဝရ ဓမ္မာစရိယ**"ဘွဲ့ ရရှိတော်မူခဲ့သည်။

ရဟန်း (၅)ဝါအရတွင် "**သုတ္တန္တ ပိဋက ဒီဃနိကာယ်**" ရေးဖြေစာမေးပွဲ အောင်မြင်သဖြင့် အရိုးဝါထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော် "**ဒီဃနိကာယ ကောဝိဒ**"ဘွဲ့ပုံလက်မှတ်ကို ရရှိတော်မူခဲ့သည်။

ထိုအချိန်မှစ၍ ရထား၊ သင်္ဘော အထက်တန်း အခမဲ့ စီးနင်းလိုက်ပါခွင့်

http://www.dhammadownload.com



တပည့်တစ်ယောက်နှင့်အတူ ရရှိခဲ့သည်။

ဒီဃဘာဏက ဘွဲ့တံဆိပ်တော်နှင့် ဒီဃနိကာယ ကောဝိဒ ဘွဲ့တံဆိပ်တော်များ ရရှိတော်မူသည့်အတွက် ဂုဏ်ပြုပူဇော်ပွဲကို မုံရွာမြို့ သပြေပင် တောရ ဆရာတော်ဘုရားကြီးနှင့် ဆရာတော် ဦးကုမုဒတို့က ဦးဆောင် လျက် တပည့် ဒါယကာ ဒါယိကာမများက ဆင်ယင်ကျင်းပပေးခဲ့သည်။

ရဟန်း (၁၀)ဝါအရတွင် စာမျက်နှာ (၂၂၆၀)ပါရှိသော ဝိနယ ပိဋက တော်ကို အာဂုံပြန်ဆိုအောင်မြင်သဖြင့် အရိုးနီထီးဖြူတော်နှစ်လက် တံဆိပ် ပါရှိသော သာသနဒ္ဓအောင်လံတော်နှင့် **"ဝိနယဓရ"**ဘွဲ့လက်မှတ်ကို ရရှိ တော်မူခဲ့သည်။

ရဟန်း (၁၄)ဝါအရ (၂၇)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် ဝိနည်း (၅)ကျမ်း ရေးဖြေစာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင် တော်မူခဲ့ရာ အရိုးဝါထီးဖြူနှစ်လက် တံဆိပ်ပါရှိသော သာသနဒ္ဓအောင်လံ တော် **"ဝိနယကောဝိဒ"**ဘွဲ့ပုံလက်မှတ်ကို ရရှိတော်မူသည်။

ဝိနယဓရ ဘွဲ့တံဆိပ်တော်နှင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်များ ရရှိတော်မူသဖြင့် **"ဂုဏ်ပြုပူဇော်ပွဲ"**ကို မုံရွာမြို့၊ မြို့မရွှေဂူတိုက် လယ်တီ နိကာယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကေသရ သပြေပင်တောရ ဆရာတော်တို့က ဦးဆောင်၍ ဒါယကာ ဒါယိကာမများ စစ်ကိုင်းတိုင်းကောင်စီ ဥက္ကဋ္ဌ မုံရွာမြို့နယ် ကောင်စီဥက္ကဋ္ဌတို့က ကြီးမှူး၍ ကျင်းပခဲ့ကြသည်။

ရဟန်း (၁၆)ဝါအရ (၃၀)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် အဘိဓမ္မာ ရှေ့ပိုင်း (၅)ကျမ်း စာမျက်နှာ (၁၃၉၀)တို့ကို ပြန်ဆိုရာ၌ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်ခဲ့သဖြင့် အသိအမှတ်ပြု လက်မှတ် ရရှိခဲ့သည်။ ဂုဏ်ပြုပူဇော်ပွဲကို ကျေးဇူးတော်ရှင် ကလေးဝ အဘိုးဆရာတော် ဘုရားကြီးက ကြီးမှူးကျင်းပပေးခဲ့သည်။ သုတ္တန် ဝိနည်း အဘိဓမ္မာရှေ့ပိုင်း (၃၅)ရက်တိုင်တိုင် အာဂုံပြန်ဆိုရာ တစ်ကြိမ်တစ်ခါမျှ ကျရှုံးခြင်းမရှိ အောင်မြင်ခဲ့သည်။

ဆရာတော်သည် ငယ်ရွယ်စဉ် (၁၂)နှစ်သားအရွယ်ကပင် မျက်စိမှုန်ဝါး ဖြစ်ခဲ့ငြားလည်း

"ဘာကြောင့်ညာ့ကြောင့် မဖြောင့်လုပ်ကိုင်"

"လူအညံ့စား ကိုယ့် အားမပိုင်"

"ကိုယ့်ကိုအားပြု ဘာမှုဘာဆိုင်"

"ကိုယ့်အလုပ် ကြိုးကုတ်အောင် ပန်းတိုင်"

ဟူသော ရှင်သာမဏေဘဝက ရေးသောစကားဖြင့် အမြဲအားမြှင့်ပေးတော်မူခဲ့သည်။

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

**ဂုဏ်ပြုဘွဲ့တံဆိပ်တော်များ၊**

ပရိယတ္တိစာပေများကို (၃၅)နှစ်ကျော် ပို့ချလျက် သာသနာ့တာဝန်များ ကို ထမ်းဆောင်တော်မူခဲ့သောကြောင့်-

၁၃၅၇-ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁၃၅၈-ခုနှစ် ပခုက္ကူနိကာယ ရာပြည့်အထိမ်းအမှတ် မဟာဝိသုတာ ရာမိက ဂဏဝါစက နိကာယ ဂဏအနုနာယက

၁၃၆၀-ခုနှစ်၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း ရာပြည့် အထိမ်းအမှတ် ပရိယတ္တိ သာသနာဟိတရေ ဘွဲ့ပုံလက်မှတ်

၁၃၆၀-ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း ခံယူရရှိတော်မူသည်။

**ကျမ်းဂန်ရေးသားပြုစုခြင်း**

အဂ္ဂမဟာပဏ္ဍိတ နာဂလိဏ်ဂူ ကလေးဝတောရ ဆရာတော်သည် သပြေပင်တောရ ဆရာတော် ဘုရားကြီး၏ ပို့ချနည်းအတိုင်း ပါဠိရေးပြော နည်းခေါ် ပါဠိဖတ်စာ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်တို့ကို ရေးသား ခဲ့သည်။

**ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများအား ပူဇော်ခြင်း**

အဂ္ဂမဟာပဏ္ဍိတ ကလေးဝဆရာတော်သည် မိမိအား ပစ္စည်းအာမိသ တရားဓမ္မဖြင့် ချီးမြှောက်တော်မူခဲ့ကြသော ကျေးဇူးတော်ရှင် ဆရာတော် ကြီးများအား နေ့စဉ်ရှိခိုး ပူဇော်ခဲ့သည့်အပြင် နှစ်စဉ်ပင့်လျှောက်၍ ပူဇော် ကျေးဇူးတော်ဆပ်ခဲ့သည်မှာ ယနေ့အချိန်အထိ ဖြစ်သည်။

**စာသင်တိုက်များ၊ ဖွင့်လှစ်ဦးဆောင် သာသနာပြု ဓမ္မစေတီများ၊ တည်ထား ကိုးကွယ်ခြင်း**

၁၃၄၁-ခု၊ နယုန်လမှစ၍ ရန်ကုန်မြို့ နာဂလိဏ်ဂူ ကလေးဝတောရ စာသင်တိုက်ကို ကိုယ်တိုင် ဦးစီးဖွင့်လှစ်၍-

- မုံရွာ သပြေပင်တောရ စာသင်တိုက်
- ဟိုပန်မြို့ မြသိန်းဝန် စာသင်တိုက်
- ဒဂုံမြို့သစ်မြောက်ပိုင်း မင်္ဂလာရာမ စာသင်တိုက်
- မန္တလေးမြို့ ရွှေရေးဆောင်သူဌေးကျောင်း စာသင်တိုက်
- လှည်းကူးမြို့ မဟာဇေယျာမင်းကျောင်း စာသင်တိုက်
- ပဲခူးမြို့ မဟာဗောဓိ စာသင်တိုက်

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

- ပဲခူးမြို့ မဟာပဒုမဝိနယရေ စာသင်တိုက်
- ဗဟန်း ယောဇနာရာမ စာသင်တိုက်
- ချောင်းဦးမြို့ ကိုင်းဆယ်ရွာ ဇေယျာရန်နိုင် စာသင်တိုက်
- သီပေါမြို့ ခန္တီအာရာမ စာသင်တိုက်
- ကန့်ဘလူမြို့ မဟာရွှေစည်ကြီး စေတီတော် ပရိယတ္တိ စာသင်တိုက်တို့ကို

ဦးစီးနိုင်သော တပည့်ကြီးများ ပေါ်ထွန်းစေရန် ရဟန်း (၄)ပါးမှစ၍ စာပေပို့ချခဲ့ရာ တစ်နေ့လျှင် စာဝါ (၃)ဝါ ယနေ့တိုင် ပို့ချလျက် ဓမ္မစေတီများ ရှိသေစွာ တည်ထားကိုးကွယ်လျက် ရှိသည်။

## နာဂလိုဏ်ဂူ ကလေးဝဆရာတော်
## ယနေ့ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းများ

**ကျောင်း (၅)မျိုး**

ယနေ့ သာသနာတော်နှစ် ၂၅၄၅-နှစ်တိုင်အောင် မြန်မာနိုင်ငံ၌ သာသနာ တော်တည်ရှိနေခြင်းသည် ဘုန်းတော်ကြီးများက ဦးဆောင်လျှက် သာသနာ့ တာဝန်ထမ်းကြခြင်း၊ မြန်မာပြည်သူ ပြည်သားများက ပစ္စည်းလေးပါး ထောက်ပံ့အားပေးကြခြင်းကြောင့် ဖြစ်သည်။

ဘုန်းတော်ကြီးများက ဦးဆောင်လျှက် သာသနာ့တာဝန် ထမ်းကြပုံမှာ ဘုန်းတော်ကြီးများသည် မိဘပြည်သူတို့၏ ရင်သွေးငယ်များအား ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာစသော ပညာရပ်များ (အခမဲ့)သင်ပေးခြင်း၊ လူကြီးသူမ တို့အား တရားဓမ္မ ဟောပြပေးခြင်းဖြင့် ပစ္စုပ္ပန်သံသရာရေး ဦးဆောင်ခြင်း၊ ပညတ်တော်မူထားသော ဝိနည်း သိက္ခာကျင့်ဝတ်ကို မည်သည့် သာဝကနှင့် မျှမတူ လေးစားလိုက်နာ၍ ကြည်ညိုဖွယ်ဂုဏ်ဆောင်နိုင်ခြင်းဖြင့် ရှေ့ဆောင် တော်မူခဲ့ကြသည်။

ယင်းကဲ့သို့ ဦးဆောင်ရာတွင် ယနေ့ခေတ်တွင် ဘုန်းတော်ကြီးများ သာသနာပြု စခန်းချ၍ နေထိုင်ရာ **"ကျောင်း"**အမျိုးအစား (၅)မျိုးကို တွေ့ရ သည်။

၁။ တရားရိပ်သာကျောင်း

၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ သာသနာပြု တက္ကသိုလ် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကျောင်း

၃။ ဗုဒ္ဓစာပေ အဆင့်ဆင့် သင်ကြားပေးရာ စာသင်တိုက်ကျောင်း

http://www.dhammadownload.com

၄။ အကြည်ညိုခံသာသနာပြုကျောင်း
၅။ ကလေးသူငယ်များအား စာပေပညာ သင်ပေးသည့်(ဘ-က) ကျောင်းဟု ကျောင်းအမျိုးအစား (၅)မျိုးကို တွေ့ရှိရသည်။

**သာသနာပြု စခန်း (၄)မျိုး**

ဤနာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ အမွှန်းတင် ဘာဝနာတရားကို ဟောကြား၍ ကျမ်းအဖြစ်သို့ရောက်အောင် ဆောင်ရွက်တော်မူသော ဆရာတော်သည် နံပါတ် ၁-၃-၄-၅ အမျိုးအစား ကျောင်းများ စွာတို့ကို ဦးဆောင်ဖွင့်လှစ်၍ မိမိ၏သာသနာပြု စွမ်းအားကို မြင့်မားစေ တော်မူလျက်ရှိသည်။

**နံပါတ် (၅)အမျိုးအစားကျောင်း**

ကလေးဝဆရာတော်သည် နံပါတ် (၅)အမျိုးအစားကျောင်း ဖြစ်သည့် နယ်စပ်ဒေသနှင့် တောင်တန်းဒေသ တိုင်းရင်းသား ကလေးသူငယ်များ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ရန်ကုန်မြို့ နာဂလိုဏ်ဂူဘုရား ကုန်းမြေ၌ "ဝ"ကျောင်းသား (၁၇)ယောက်ဖြင့် ၁၉၉၂-ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ရာ ယခုအခါ လူမျိုး (၁၅)မျိုး နယ်စပ်ဒေသနှင့် တောင်တန်းဒေသ တိုင်းရင်းသားမျိုးစုံ နှစ်စဉ် တစ်ထောင်ကျော် လာရောက်ခိုနားလျှက် (ကျောင်းသုံး စာအုပ်၊ ဘောလ်ပင်၊ ခဲတန် စသည် မဝယ်ရစေပဲ) အခမဲ့ ပညာသင်ကြားခွင့် ရသော ပညာရေးကျောင်းကြီး ဖြစ်လာလေပြီ။ ကျေးဇူးရှင် မူလကလေးဝ ဆရာတော် ဘုရားကြီး ချီးမြှင့်ခဲ့သည့် ကျယ်ဝန်းသောကျောင်း၌ နိုင်ငံတော် အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ အားပေးကူညီမှုကို ရရှိ သော လက်ရှိ ကလေးဝဆရာတော်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား ကလေးသူငယ်များအား **"စား, ဝတ်, နေ, ကျန်းမာ, ပညာ"** ခေါင်းစဉ်ငါးရပ်ဖြင့် တာဝန်ယူ၍ မိမိ၏ သာသနာပြု စွမ်းအားကို နေ့စဉ် မြှင့်တင်တော်မူလျက် ရှိသည်။

**နံပါတ် (၁) တရားရိပ်သာ ကျောင်း**

၁၃၆၀-ခုမှစ၍ ရန်ကုန်မြို့ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်း တိုက်ကို လက်ခံရရှိတော်မူသော ဆရာတော်သည် ပြည်ပ၌ ပြန့်ပွားလျက် ရှိသော ဗုဒ္ဓဒေသနာနည်းကျကျ လယ်တီဝိပဿနာသည် ပြည်တွင်း၌ မှေးမှိန်လျက် ရှိနေသည်ကို သတိပြုမိသည့်အတိုင်း ဗုဒ္ဓဒေသနာတော်နှင့် အညီ ဒီပနီကျမ်းပေါင်း တစ်ရာကျော် ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာစာတ် အလင်းရောင် ပေးတော်မူခဲ့သော ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီး၏ နည်းနာနိဿယကို ပြန့်ပွားစေလိုသော ဆန္ဒဖြင့် လယ်တီ တောရရိပ်သာများ ဖွင့်လှစ်နိုင်ရန်

http://www.dhammadownload.com



ကြိုးပမ်းတော်မူသည်။ ရန်ကုန်မြို့ ပြည်လမ်း လယ်တီမူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇)ရက် တရား စခန်း (၅၀)ကြိမ် အခြားတရားဌာနပေါင်း (၂၀)ကျောင်းတို့၌ (၇)ရက် တရားစခန်းပေါင်းများစွာ ဖွင့်လှစ်ရန် အားပေးကူညီတော်မူသည်။ လယ်တီ ဝိပဿနာ ပြန့်ပွားရေး အဖွဲ့ချုပ်ကို စတင်တည်ထောင်တော်မူလျက် လယ်တီ ဝိပဿနာ ပြန့်ပွားရေး အားသစ်တော်မူလျက် ရှိသည်။

**နံပါတ် (၄) အမျိုးအစား၊ စာသင်တိုက်**

၁၃၄၁-ခု၊ နယုန်လမှစ၍ နာဂလိုဏ်ဂူ ကလေးဝတောရ စာသင်တိုက် ကို ကိုယ်တိုင်ဦးစီး ဖွင့်လှစ်၍ အခြားစာသင်တိုက်များကို စာသင်တပည့်ကြီး များကို ဦးစီးဖွင့်လှစ်စေခဲ့သည်။

**ပြည်ပသာသနာပြုလုပ်ငန်း**

ဤကျမ်းပြုဆရာတော်သည် ပြည်တွင်း၌ သာသနာပြုလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်တော်မူနိုင်သည့်နည်းတူ ထိုင်း, မလေးရှား, စင်္ကာပူ, အိန္ဒိယ, နယူးဇီလန်, ဂျပန်, ဆိုဗီယက်, ဂျာမဏီ, ဆွစ်ဇာလန်, ပြင်သစ်, အမေရိကန် နိုင်ငံများသို့ ဓမ္မဒူတခရီး ကြွချီ၍ တရားဟောတော် မူခြင်း၊ တရားအားထုတ်နည်း သင်ပြခြင်း၊ ဗုဒ္ဓသာသနာတော်ဆိုင်ရာ မေးခွန်း များကို ဖြေကြားခြင်းဖြင့် ပြည်ပသာသနာပြုတော်မူသည်။

❀ ❀ ❀

## စွယ်စုံသာသနာပြု

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများက ပေးစွန့်၍ လက်ခံရယူခဲ့သော ကျောင်းတိုက်များကို ပရိယတ္တိစာသင်တိုက်၊ ပဋိပတ္တိ တရားရိပ်သာအဖြစ် ရောက်ရှိအောင် ဆောင်ရွက်၍ ဖော်ပြပါအတိုင်း စွယ်စုံ သာသနာပြုတော်မူသည်။ ရရှိထားသော ကျောင်းတိုက်များကိုလည်း သင့်လျော်ရာပုဂ္ဂိုလ်များအား လွှဲအပ်လှူဒါန်းတော်မူသည်။

၁။ ကျေးဇူးတော်ရှင် မူလကလေးဝဆရာတော်ဘုရားကြီး ချီးမြှင့်ပေး သနားတော်မူခဲ့သော နာဂလိုဏ်ဂူကလေးဝတောရကျောင်းကို ရဟန်း သာမဏေ သီလရှင် တစ်ထောင့်သုံးရာကျော် (၁၃၀၀)ကျော် သီတင်းသုံး၍ ပညာရင်နို့သောက်စို့ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားကလေးသူငယ်များ သာသနာ့နွယ်ဝင်သီလရှင်များ နေထိုင်ပညာသင်ယူရာ စာသင်တိုက်ကြီး၊

http://www.dhammadownload.com

## သာသနာပြုလုပ်ငန်းများ

ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နန္ဒမူရိပ်သာအဖြစ်ရောက်အောင် ဆောင်ရွက်၍ စာချနာယကအဖွဲ့ ဘကအုပ်ချုပ်ရေး နာယကအဖွဲ့၊ ရိပ်သာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့အား လွှဲအပ်ထားပြီး ဖြစ်သည်။

၂။ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးကပင် ချီးမြှင့်တော်မူခဲ့သော ပဲခူးမြို့၊ ရွှေဂူလေး မဟာပဒုမကျောင်းကို ဦးဂန္ဓသာရ ဓမ္မာစရိယအားလွှဲအပ်၍ ကျောင်းသား (၅၀၀)ကျော် စာပေသင်ကြားရာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အဖြစ်သို့ ရောက်စေတော်မူသည်။

၃။ ပဲခူးမြို့၊ အကျွတ်အလွတ်ဘုရားကျောင်းကို ဦးအာစာရ သာသန ဓဇ ဓမ္မာစရိယအား လွှဲအပ်၍ မဟာဗောဓိစာသင်တိုက်အဖြစ်သို့ ရောက်ရှိစေခဲ့တော်မူသည်။

၄။ ပဲခူးမြို့၊ အနောက်တောရှေးဟောင်း သမိုင်းဝင် မဟာကြီးစေတီ တော်ရင်ပြင်ရှိ မဟာကြီးဘုရားကျောင်းကို စာချစာသင် (၁၂၀)ကျော် သီတင်းသုံးရာ စာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လယ်တီ ဝိပဿနာ (၇)ရက် တရားစခန်း ဖွင့်လှစ်သာသနာပြုတော်မူသည်။

၅။ မုံရွာမြို့ ရှမ်းတောရပ် သုဓမ္မစာရီ သာသနာ့ဗိမာန်တော်ကြီးကို ဦးကောသလ ဓမ္မာစရိယအား အစောင့်အရှောက်အပ်နှံ၍ လယ်တီဝိပဿနာ တရားရိပ်သာ ဖွင့်လှစ်စေသည်။

၆။ ပြည်မြို့ မင်းကြီးတောင်တန်း ဗေဒါရီဂူနန်း ကလေးဝတောရကျောင်းကို အရှင်သုန္ဒရအား သဘောကျ သာသနာပြုရန် လွှဲအပ်လိုက်ပါသည်။

၇။ မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားကြီး အနောက်မုခ် ရွှေရေးတောင်ကျောင်းတိုက် သူဌေးကျောင်း ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တစန္ဒိမာ မဟာထေရ် ပေးစွန့်ခဲ့သော အဆိုပါကျောင်းကို ဘဒ္ဒန္တသုဒဿန ဓမ္မာစရိယ အား လွှဲအပ်၍ စာချစာသင် (၇၀)ကျော် သီတင်းသုံးရာ စာသင်တိုက်အသွင် ရောက်စေခဲ့သည်။

၈။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၃)ရပ်ကွက်၊ မင်္ဂလာရာမ ကျောင်းတိုက် ဆရာတော်ကြီး၏ချီးမြှင့်မှုအရ စာချနာယက ဘဒ္ဒန္တဝါယမ၊ ဘဒ္ဒန္တစန္ဒောဘာသ (၂)ပါးတို့ကို တာဝန်ပေးခါ စာချစာသင် (၅၀)ကျော်ရှိ စာသင်တိုက်အဖြစ်သို့ ရောက်စေခဲ့သည်။

၉။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဘုရားကျောင်း ဒါယကာ ဦးအုန်းကျင် စသော ဒါယကာများ လှူဒါန်းထားသော ရွှေကြာရံစေတီတော် လယ်တီတောရ ကို

http://www.dhammadownload.com

## သာသနာပြုလုပ်ငန်းများ

ဘဒ္ဒန္တသြဘာသ နတ်ရေကန်ဆရာတော်အားအပ်နှံ၍ လယ်တီဝိပဿနာ တရားရိပ်သာ ဖွင့်စေသည်။

၁၀။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် (၃၃၇/က) လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကို တရားဝင်စောင့်ရှောက်ခွင့် ရရှိထားသော ဦးကျော်ဇံပါ ဂေါပကအဖွဲ့က အပ်နှံလှူဒါန်းသည်ကို လက်ခံ လျက် ကြီးတဖုတ်ဖုတ် လယ်တီမူရှုပ်ထွေးပွေလီနေသော လယ်တီမူကို သန့်စင်အောင် ရှင်းလင်းသုစ်သင်၍ လယ်တီဝိပဿနာ (၇)ရက် တရား စခန်းများ ဖွင့်လှစ်ခဲ့ရာ (၂၄-၇-၂၀၀၂)နေ့၌ လယ်တီဝိပဿနာ ရွှေရတု အကြိမ် (၅၀)မြောက်တိုင် ရှိခဲ့ပြီ။ အဆိုပါ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်း ကျောင်းတိုက်ပိုင်ရေးဆိုင်ခွင့် ရှင်းလင်းအောင် ဆောင်ရွက်ပြီး လယ်တီနာယက အဖွဲ့အား လွှဲအပ်ထားပြီးဖြစ်သည်။

ဤသို့လျှင် ကလေးဝဆရာတော်သည် ကျေးဇူးရှင်ဆရာတော်ဘုရား ကြီးတို့ထံမှ ချီးမြှင့်ခဲ့သော ဘုရားကျောင်းကန် သာသနာ့တံခွန်တို့ကို နိုင်ငံတော် အစိုးရနှင့် ပြည်တွင်းပြည်ပစေတနာရှင်များ၏ ထောက်ပံ့ကူညီမှုဖြင့် စွယ်စုံသာသနာပြုလျှက် ရတနာသုံးပါးဆရာမိဘတို့၏ ကျေးဇူးတော်အား ကျေးဇူးတုံ့ပြန်တော်မူနိုင်သော **"စွယ်စုံသာသနာပြု"** အရှင်မြတ်တစ်ပါး ဖြစ်တော်မူသည်။

**ဆရာတော်အမိဋ္ဌာန်(၁)**
သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်း
အပေါင်း ငါ့ကြောင့်
အေးစေသော်။ ။

**ဆရာတော်အမိဋ္ဌာန် (၂)**
ငါသည် လူဇာတ် ငါသည်မြတ်၏။
ငါမြတ်သောသူ ငါသို့သူကား ငါတကားဟု၊
ငါမှား ငါကြိုက်၊ ငါမလိုက်တည့်
ငါကြိုက် ငါမျိုး၊ ငါ့တန်ခိုးဖြင့်
ငါ့မျိုး ငါ့ဆွေ၊ ငါ့တိုင်းပြည်နှင့်
ငါ့မြေကမ္ဘာ၊ ငါ့ခန္ဓာဖြင့်၊
သူငါကောင်းကျိုး ဆောင်သည်ပိုးမည်
ငါမျိုး ငါဇာတ် မြတ်စေသော်။ ။

http://www.dhammadownload.com

# နာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်
## နိဒါန်း

**ဘုရားရှင်သာသနာ**

လေးဆယ့်ငါးဝါ ကာလပတ်လုံး တရားတော်များ ဟောကြားတော်မူခဲ့၍ သာသနာတော် အဆုံးအမတော်ကို တည်ထားတော်မူခဲ့သော ဘုရားရှင်သည် ကိုယ်တော်မြတ်၏ သာသနာ အရှည်တည်တံ့ရေး ကြီးပွားစည်ပင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာသနာတော်ဆိုင်ရာ တရားတော်များကို လေးစားလိုက်နာသူ၊ ကျွမ်းကျင်လိမ္မာသူ၊ သင်အံပို့ချနိုင်သူ၊ အကျယ်တဝင့်ရှင်းတတ် လင်းတတ် ဟောတတ် ပြောတတ်သူများစွာ ရရှိရေးအတွက် ပရိနိဗ္ဗာန် စံတော်မမူသေးပဲ မျှော်လင့်စောင့်ဆိုင်းတော်မူခဲ့သည်။

ခြောက်ကျိပ်တစ်ပါးဖြင့် စတင်သာသနာ ပြုစေခဲ့သော ဖြန့်ဖြူးစေခဲ့သော သာသနာပြု လုပ်ငန်းကြီး၏ ဆုလာဘ်ကား ယနေ့နှစ်ပေါင်း ၂၅၄၅-နှစ်တိုင်အောင် မြတ်ဗုဒ္ဓ၏ သာသနာတော် တည်ရှိနေခြင်းပင် ဖြစ်သည်။

**အဓိဋ္ဌာန်ကျင့်စဉ် ဟောရကြောင်း**

ယခုအခါ မြန်မာနိုင်ငံနှင့်တကွ အရှေ့ အနောက်နိုင်ငံများစွာရှိ ကမ္ဘာ့လူသားတို့သည် ဗုဒ္ဓဘုရားနှင့် တရားတော် သံဃာတော်တို့၏ ပြည့်စုံသော ဂုဏ်တော် ကျေးဇူးတော် အခြေမှန် အနေမှန်ကို သိရှိရေးအတွက် ဖောင်းပေး လေ့လာလိုက်စားလျက် ရှိကြပေသည်။

အထူးသဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် ဗုဒ္ဓသာသနာတော် ဘက်ဆီ မျက်နှာမူလျက် တရားအားထုတ် နည်းမျိုးစုံကို အားထုတ်လျက် ရှိကြပေသည်။ အဓိဋ္ဌာန် ပုတီးစိပ်ကြသူများလည်း များပြားလှသည်။ မိမိတို့သည် ပါဠိစာပေ တတ်မြောက်ကြ၍ ပါဠိဘာသာဖြင့်ပင် ဂုဏ်တော်များ ပွားများခဲ့ဖူးသည်။ ဂုဏ်တော်များ မြန်မာပြန်၍ အမိဘာသာ မြန်မာဘာသာဖြင့် ပုတီးစိပ်ခြင်း၊ ဂုဏ်တော်ပွားများခြင်းသည် ပို၍ ပို၍ ဂုဏ်တော်ဆီ အာရုံရောက်မြန်ကာ ကြည်ညိုသဒ္ဓါဟုန် တိုးပွားနိုင်ပုံကို ကိုယ်တိုင်သိရှိရသည်။ ထို့ကြောင့် သွား ရပ် ထိုင် လျောင်း ဣရိယာပုတ် တိုင်းကိုယ်နှုတ်နှလုံး သုံးပါးတွင် တစ်ပါးပါးဖြင့် ပွားများပူဇော်နိုင်ကြရန် ဤနာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်ကို ဟောအပ်စီရင်အပ်ပါသတည်း။

http://www.dhammadownload.com

# လယ်တီဝိပဿနာ

## နိဒါန်း

ရှေးအခါက ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များ၏ ဟောကြားတော်မူအပ်သော တရားများကို နားဖြင့် နာကြားပြီး နှလုံးအိမ်၌ ထိန်းသိမ်းထားတော်မူနိုင်ကြသည်။

သတိ, ဝီရိယ, ပညာ အားကောင်းတော်မူကြကုန်သော အရှင်မြတ်ကြီးတို့၏ လက်ဆင့်ကမ်း ပခုံးပြောင်း ကောင်းခဲ့ခြင်းကြောင့် ငြိမ့်ညောင်းသာယာ ဘုရားရှင် တရားတော်များ နှစ်ပေါင်း ၂၅၄၅-တာ ကာလတိုင် ခရီးရှည်ကြီး ဖြတ်သန်းလျှောက်လှမ်း တည်ရှိတော်မူနိုင်ခဲ့သည်။

ယခုအခါမှာမူ ထိုကဲ့သို့ တစ်ကြိမ်, နှစ်ကြိမ် နာကြားရုံမျှဖြင့် လူသားတို့ နှလုံးအိမ်မှာ ထိန်းမထားနိုင်တော့ပဲ ရေထဲ ဒုတ်ခြစ်သကဲ့သို့သာ ဖြစ်နေသည်။ အိုးမှောက်၍ ရေခံယူယူ ခါးပိုက်ထဲ ပစ္စည်းမျိုးစုံထည့်၍ မေ့လျော့ကာ ဖိတ်စင်စေသူတို့ကဲ့သို့သာ ဖြစ်နေကြသည်။ ထို့ကြောင့် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း၌ တရားဟောတိုင်း တိတ်ခွေသွင်းရန် စီစဉ်ထားပါသည်။

အမိဋ္ဌာန်ကျင့်စဉ်၌ အမွန်းတင်ဘာဝနာကိုပါ ဖြည့်စွက်၍ ပြည့်ပြည့်စုံစုံ အားထုတ်လိုကြသဖြင့် အဖန်ဖန် အထပ်ထပ် နာကြားလိုသူများအတွက် တရားတိတ်ခွေကို စီစဉ်ရသည့်နည်းတူ အဖန်ဖန် ကြည့်ရှုလိုသူများအတွက် အသံမှတစ်ဆင့် ကူးယူ၍ စာအုပ်ရိုက်နှိပ်ရန် စီစဉ်ရပါသည်။

### ပွင့်လင်းစည်ပင်မှ တင့်တယ်ခြင်း သုံးမျိုး

နေဝန်း, လဝန်း, ဘုရားဟောကြား တရားတော် ဤသုံးမျိုးတို့သည် ပွင့်လင်းစည်ပင်မှ တင့်တယ်ပါသည်။ ထိုတွင် ဘုရားဟောကြား တရားတော်များ တည်သည်ကိုပင် သာသနာတော်တည်သည်ဟု ဆိုရပါသည်။ သာသနာတော် တည်ရှိပါက လူနတ်နိဗ္ဗာန် ချမ်းသာအကျိုး ပွားတိုးနိုင်ပါသည်။ အများကောင်းကျိုးအတွက် သာသနာတော် တည်ရှိမှ သီလ အမြစ် ကြီးပွားနိုင်ပါမည်။ သမာဓိပင်စည် စည်ပင်နိုင်ပါသည်။ ပညာ မဂ်ဖိုလ်နိဗ္ဗာန် အသီးအပွင့် ဝေဖြာဖွံ့ဖြိုး တိုးတက်နိုင်ပါမည်။

http://www.dhammadownload.com

# လယ်တီဝိပဿနာ နိဒါန်း

## အယူအမြင်မှန်ခြင်း အကြောင်း နှစ်မျိုး

အသိဉာဏ် ဟူသမျှ သုတ အသိက စ, ရသည် ဆိုသည့်အတိုင်း ဘုရား ပစ္စေကဗုဒ္ဓါတို့မှတစ်ပါး အခြားသူတော်စဉ်များ၏ အသိဉာဏ် အဆင့်ဆင့်သည် သူတစ်ပါးတို့ ဟောသံ ပြောသံ နာကြားခွင့်ရပါမှ တိုးပွား နိုင် ဖြစ်ပွားနိုင်သည်။

ဘုရား ရဟန္တာစသော အရှင်မြတ်တို့၏ ဟောသံ ပြောသံကို မနာ ကြားရ၊ မသင်ရ၊ မကြည့်ရှုရပါက မိမိတို့၏ ပင်ထွက်ဉာဏ်သည် အလိုလို မရှင်သန် မကြီးထွားနိုင်ပေ။

ကမ္ဘာလောက၌ အယူအဆ အယူဝါဒ အမျိုးမျိုးတို့ကို ဆရာအမျိုးမျိုး က ထူထောင်ထားကြလေသည်။ ပုထုဇဉ် ကမ္ဘာ့လူသားတို့သည် ဆရာ အမျိုးမျိုး ဘုရားအမျိုးမျိုးတို့၏ မျက်နှာကို မော်ကြည့်ရသော နာနာသတ္တာရ ဉလ္လောကန ဘေးဆိုးကြီးနှင့် ကြုံတွေ့လျက်နေရပေသည်။ အယူမှန် အမြင်မှန် ရရှိရေးမှာ စစ်မှန်သော ဘုရားစသော သူတော်ကောင်းတို့၏ ဟောသံ ပြောသံကို အခြေခံရပေသည်။ ဟောသံ ပြောသံမှန်ကို နာကြားရန် အခွင့် အလမ်း ရဖို့ပင် အင်မတန် ခက်ခဲလှပေသည်။ ဟောသံ ပြောသံမှန်ကို နာကြားခွင့်ရသူသည် သင့်တင့်ဖြောင့်မှန်သော နှလုံးသွင်း ဆင်ခြင်မှုနှင့် ပေါင်းစပ်ပေးနိုင်ပါမှ အယူအမြင် မှန်နိုင်ပေသည်။ ထို့ကြောင့် ထေရဝါဒ ပိဋကတ်တော်လာ စကားတော်တို့ကို မူရင်းမပျက်အောင် သတိရှေ့ဆောင် ပြီး ဖောက်သည်ချ ဟောဖော် ရေးသားကြရသည်။

ဘုန်းကြီးတို့ရဲ့ တရားစကား တရားအသံ တရားစာတို့သည် တရား လိုလားသူတို့၏ နားမျက်စိတို့သို့လည်းကောင်း၊ ဘာသာအသီးသီး ပြန်ဆို၍ ဘာသာခြားတို့၏ နားမျက်စိတို့သို့လည်းကောင်း အဆင့်ဆင့် ရောက်ရှိနိုင် ပါစေ။

ထိုမှတစ်ဆင့် ဉာဏ်နား ဉာဏ်မျက်စိရှင်တို့ ဖြစ်ကြပြီး လျင်လျင် မြန်မြန် အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ကျက်သရေ ဖြိုးမောက် တန်ခိုးတောက်ကာ ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ကြပါစေဟု ဆန္ဒပြုလျက် ဤလယ်တီဝိပဿနာ အမွှန်းတင် ဘာဝနာကို ဟောအပ် ရေးသားအပ်ပါသတည်း။

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | **အမိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ** | | |
| | အမိဋ္ဌာန်ဝင်ပုံအစီအစဉ် | ----- | ၁ |
| ၂။ | အမွှန်းတင်ဘာဝနာ | ----- | ၁၂ |
| ၃။ | **နာဂလိုဏ်ဂူ (၁၁)ရက် အမိဋ္ဌာန်ကျင့်စဉ်တရားတော်** | --- | ၁၄ |
| ၄။ | ပထမဆုံး စိန်တံတိုင်းကြီးခတ်ပုံ | ----- | ၁၇ |
| ၅။ | ဒုတိယ စိန်တံတိုင်းကြီးခတ်ပုံ | ----- | ၂၂ |
| ၆။ | တတိယ စိန်တံတိုင်းကြီးခတ်ပုံ | ----- | ၄၄ |
| ၇။ | စတုတ္ထ စိန်တံတိုင်းကြီးခတ်ပုံ | ----- | ၅၇ |
| ၈။ | ပဉ္စမ စိန်တံတိုင်းကြီးခတ်ပုံ | ----- | ၇၀ |
| ၉။ | ဆဋ္ဌမ စိန်တံတိုင်းကြီးခတ်ပုံ | ----- | ၈၀ |
| ၁၀။ | သတ္တမ စိန်တံတိုင်းကြီးခတ်ပုံ | ----- | ၈၇ |
| ၁၁။ | အဋ္ဌမ စိန်တံတိုင်းကြီးခတ်ပုံ | ----- | ၉၈ |
| ၁၂။ | နဝမ စိန်တံတိုင်းကြီးခတ်ပုံ | ----- | ၁၀၈ |
| ၁၃။ | ဂုဏ်တော် (၆)ပါးနှင့် ပြည့်စုံတော်မူသော တရားတော် | --- | ၁၂၉ |
| ၁၄။ | ရွှေတံတိုင်းကြီး (၆)ထပ် ခတ်ကြဦးစို့ရဲ့ | ----- | ၁၃၁ |
| ၁၅။ | ငွေတံတိုင်းကြီး (၉)ထပ် | ----- | ၁၃၉ |
| ၁၆။ | သာသနာတော်၏ ပြည့်စုံမှု | ----- | ၁၄၃ |
| ၁၇။ | စုပေါင်းရွတ်ရာ သင်္ဂါယနာ | ----- | ၁၄၄ |
| ၁၈။ | သစ္စပတ္တနာဂါထာတော်များ | ----- | ၁၅၀ |
| ၁၉။ | လယ်တီဝိပဿနာ အမွှန်းတင်ဘာဝနာ | ----- | ၁၆၇ |
| ၂၀။ | နာဂလိုဏ်ဂူ (၁၁)ရက်အမိဋ္ဌာန်ကျင့်စဉ် | ----- | ၁၉၁ |
| ၂၁။ | **ရန်ကုန်၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မာရုံကြီး၌ ဟောကြားအပ်သော (၁၁)ကြိမ်မြောက် လယ်တီဝိပဿနာ** | ----- | ၁၉၃ |
| ၂၂။ | ပထမနေ့ဟောစဉ် | ----- | ၁၉၃ |
| ၂၃။ | ဒုတိယနေ့ဟောစဉ် | ----- | ၂၀၂ |


4(A)

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၄။ | တတိယနေ့ဟောစဉ် | ----- | ၂၁၂ |
| ၂၅။ | စတုတ္ထနေ့ဟောစဉ် | ----- | ၂၂၂ |
| ၂၆။ | ပဥ္စမနေ့ဟောစဉ် | ----- | ၂၃၁ |
| ၂၇။ | ဆဋ္ဌမနေ့ဟောစဉ် | ----- | ၂၄၆ |
| ၂၈။ | သတ္တမနေ့ဟောစဉ် | ----- | ၂၅၉ |
| ၂၉။ | ၁၁-ကြိမ်မြောက် (၇)ရက်တရားစခန်းသိမ်းအောင်ပွဲ ဆရာတော်၏ဩဝါဒ | ----- | ၂၈၆ |
| ၃၀။ | ၁၂-ကြိမ်မြောက် လယ်တီဝိပဿနာဖွင့်ပွဲအခမ်းအနားဌ် မိန့်ကြားသော ဆရာတော်၏ဩဝါဒ | ----- | ၂၉၇ |
| ၃၁။ | **ရန်ကုန်၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မာရုံကြီး၌ဟောကြား အပ်သော (၁၂)ကြိမ်မြောက် လယ်တီဝိပဿနာ** | ----- | ၃၀၈ |
| ၃၂။ | ပထမနေ့ဒဟောစဉ် | ----- | ၃၀၈ |
| ၃၃။ | ဒုတိယနေ့ဟောစဉ် | ----- | ၃၁၈ |
| ၃၄။ | တတိယနေ့ဟောစဉ် | ----- | ၃၂၉ |
| ၃၅။ | စတုတ္ထနေ့ဟောစဉ် | ----- | ၃၃၉ |
| ၃၆။ | ပဥ္စမနေ့ဟောစဉ် | ----- | ၃၄၉ |
| ၃၇။ | ဆဋ္ဌမနေ့ဟောစဉ် | ----- | ၃၆၁ |
| ၃၈။ | သတ္တမနေ့ဟောစဉ် | ----- | ၃၇၃ |
| ၃၉။ | ၁၂-ကြိမ်မြောက် (၇)ရက်တရားစခန်းသိမ်းအောင်ပွဲ ဆရာတော်၏ဩဝါဒ | ----- | ၃၈၉ |
| ၄၀။ | ၁၃-ကြိမ်မြောက် ဖွင့်ပွဲအခမ်းအနား၌ မိန့်ကြားသော ဆရာတော်၏ဩဝါဒ | ----- | ၃၉၉ |
| ၄၁။ | **ရန်ကုန်၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မာရုံကြီး၌ဟောကြား အပ်သော (၁၃)ကြိမ်မြောက် လယ်တီဝိပဿနာ** | ----- | ၄၁၃ |
| ၄၂။ | ပထမနေ့ဟောစဉ် | ----- | ၄၁၃ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၃။ | ဒုတိယနေ့ဟောစဉ် | ----- | ၄၂၅ |
| ၄၄။ | တတိယနေ့ဟောစဉ် | ----- | ၄၃၅ |
| ၄၅။ | စတုတ္ထနေ့ဟောစဉ် | ----- | ၄၄၄ |
| ၄၆။ | ပဥ္စမနေ့ဟောစဉ် | ----- | ၄၅၂ |
| ၄၇။ | ဆဋ္ဌမနေ့ဟောစဉ် | ----- | ၄၅၉ |
| ၄၈။ | သတ္တမနေ့ဟောစဉ် | ----- | ၄၆၈ |
| ၄၉။ | ၁၃-ကြိမ်မြောက် (၇)ရက်တရားစခန်းသိမ်းအောင်ပွဲ ဆရာတော်၏ဩဝါဒ | ----- | ၄၇၄ |
| ၅၀။ | ၁၇-ကြိမ်မြောက် လယ်တီဝိပဿနာဖွင့်ပွဲအခမ်းအနား၌ မိန့်ကြားသော ဆရာတော်၏ဩဝါဒ | ----- | ၄၈၂ |
| ၅၁။ | **ရန်ကုန်၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မာရုံကြီး၌ဟောကြားအပ်သော (၁၇)ကြိမ်မြောက် လယ်တီဝိပဿနာ** | ----- | ၄၉၁ |
| ၅၂။ | ပထမနေ့ဟောစဉ် | ----- | ၄၉၁ |
| ၅၃။ | ဒုတိယနေ့ဟောစဉ် | ----- | ၄၉၈ |
| ၅၄။ | တတိယနေ့ဟောစဉ် | ----- | ၅၀၄ |
| ၅၅။ | စတုတ္ထနေ့ဟောစဉ် | ----- | ၅၁၀ |
| ၅၆။ | ပဥ္စမနေ့ဟောစဉ် | ----- | ၅၁၅ |
| ၅၇။ | ဆဋ္ဌမနေ့ဟောစဉ် | ----- | ၅၂၂ |
| ၅၈။ | သတ္တမနေ့ဟောစဉ် | ----- | ၅၃၁ |
| ၅၉။ | ၁၇-ကြိမ်မြောက် (၇)ရက်တရားစခန်းသိမ်းအောင်ပွဲ ဆရာတော်၏ဩဝါဒ | ----- | ၅၄၁ |

http://www.dhammadownload.com

သာသနာပြုလုပ်ငန်းများ

## ဆရာတော်၏အဓိဋ္ဌာန် (၁)

သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်း
အပေါင်း ငါ့ကြောင့်
အေးစေသော်။ ။

## ဆရာတော်၏အဓိဋ္ဌာန် (၂)

ငါသည် လူဇာတ် ငါသည်မြတ်၏။
ငါမြတ်သောသူ ငါသို့သူကား ငါတကားဟု၊
ငါမှား ငါကြိုက်၊ ငါမလိုက်တည့်
ငါကြိုက် ငါမျိုး၊ ငါ့တန်ခိုးဖြင့်
ငါ့မျိုး ငါ့ဆွေ၊ ငါ့တိုင်းပြည်နှင့်
ငါ့မြေကမ္ဘာ၊ ငါ့ခန္ဓာဖြင့်၊
သူငါကောင်းကျိုး ဆောင်သည်ပိုးမည်
ငါမျိုး ငါဇာတ် မြတ်စေသော်။ ။

◆◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



# နာဂလိုဏ်ဂူ
# အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ
# အဓိဋ္ဌာန်ဝင်ပုံ အစီအစဉ်

**နေ့စဉ်** * သီလဆောက်တည်ပါ။
* မေတ္တာပွားပါ။
* အမျှဝေပါ။

**ပထမရက်** - အရဟံဂုဏ်တော် စိန်တံတိုင်းခတ်

**ဒုတိယရက်** - သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော် စိန်တံတိုင်းခတ်

**တတိယရက်** - ဝိဇ္ဇာစရဏသမ္ပန္နော စိန်တံတိုင်းခတ်

**စတုတ္ထရက်** - သုဂတောဂုဏ်တော် စိန်တံတိုင်းခတ်

**ပဥ္စမရက်** - လောကဝိဒူဂုဏ်တော် စိန်တံတိုင်းခတ်

**ဆဋ္ဌမရက်** - အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် စိန်တံတိုင်းခတ်

**သတ္တမရက်** - သတ္ထာဒေဝမနုဿာနံဂုဏ်တော် စိန်တံတိုင်းခတ်

**အဋ္ဌမရက်** - ဗုဒ္ဓေါဂုဏ်တော် စိန်တံတိုင်းခတ်

**နဝမရက်** - ဘဂဝါဂုဏ်တော် စိန်တံတိုင်းခတ်

**ဒသမရက်** - တရားဂုဏ်တော် (၆)ပါး ရွှေတံတိုင်း(၆)ထပ်
သံဃာ့ဂုဏ်တော် (၉)ပါး ငွေတံတိုင်း(၉)ထပ်

**ဧကာဒသမရက်**- ရတနာသုံးပါးဂုဏ်တော်ကျေးဇူးတော်များဆိုင်ရာ ဂါထာဒေသနာတော် (၃၂)မျိုး (၉)ခေါက်စီ ရွတ်ဖတ်ပူဇော်၍ ရတနာမျိုးစုံစီချယ် အနားကွပ် အလှဆင်ပါ။

အကျင့်စခန်းဝင်စဉ် အမွှန်းတင်ဘာဝနာအနေနဲ့ အာနာပါနကမ္မဋ္ဌာန်းအား ထုတ်ပါ။ **နေ့စဉ်** သင့်စိတ်ကို အမွှန်းတင်ပေးပါ။

http://www.dhammadownload.com



ပထမရက်

## အရဟံဂုဏ်တော် စိန်တံတိုင်းစက်ပုံ

* စိတ်ကိုပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့မှ ဝေးကွာတော်မူသော မြတ်စွာဘုရား။ (ပုတီးတစ်လုံးချ၊ ပုတီးတစ်ပတ်ပြည့်အောင် စိတ်ပါ။ ပုတီးမပါပဲသော်လည်း အဖန်ဖန် အထပ်ထပ် နှုတ်ဖြင့်ရွတ်ဖတ် ပူဇော်ပါ။ စိတ်ဖြင့်ပွားများနိုင်မှ ပို၍ကောင်းပါသည်။ နှုတ်ဖြင့်ရွတ်ဖတ်တာဟာ စိတ်နဲ့ရွတ်အံ့နိုင်ဖို့ ဖြစ်ပါတယ်။ စိတ်နဲ့ရွတ်ဖတ်ပွားများခြင်းဟာ ထိုးထွင်းသိဖို့ ဖြစ်ပါတယ်။ ကြိယာပုတ်တိုင်း ကိုယ်, နှုတ်, စိတ်ဖြင့် ရှိခိုးပါ။)
* ကိလေသာအဟုန် ဝါသနာအထုံနှင့်တကွ ကိလေသာတို့ကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား။
* သံသရာစက်၏ အကန့်အကွက်အချက်ပုံတောင်း ဒေါက်ဆံတို့ကို ဖြိုဖျက်တော်မူပြီးသော မြတ်စွာဘုရား။
* ဆိတ်ကွယ်ရာအရပ်ကို ရပါသော်လည်း မကောင်းမှုပြုတော်မမူသော မြတ်စွာဘုရား။
* မိုက်, ရှုပ်, ညစ်, နောက် အပူပျောက်တော်မူသော မြတ်စွာဘုရား။
* အမိုက်ကင်း၍ အလင်းကြီးလင်းတော်မူသော မြတ်စွာဘုရား။
* အရှုပ်ကင်း၍ အရှင်းကြီးရှင်းတော်မူသော မြတ်စွာဘုရား။
* အနောက်ကင်း၍ အကြည်ကြီးကြည်တော်မူသော မြတ်စွာဘုရား။
* အညစ်ကင်း၍ အစင်ကြီးစင်တော်မူသော မြတ်စွာဘုရား။
* အပူကင်းပျောက် အအေးရောက်တော်မူသော မြတ်စွာဘုရား။
* လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်ပါသော မြတ်စွာဘုရား။

http://www.dhammadownload.com



## ဒုတိယရက်

## သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော် စိန်တံတိုင်းစက်ပုံ

* သစ္စာလေးပါး အမှန်တရားတို့ကို ကိုယ်တော်တိုင် ကျကျနန သေသေချာချာ သိတော်မူသော မြတ်စွာဘုရား။
* သိ, ပ ယ်, ဆိုက်, ပွား လေးပါးကိစ္စ အပိုင်ရတော်မူသော မြတ်စွာဘုရား။
* သစ္စာဉေ ယျ ဓမ္မအဖုံ အလုံးစုံကို အကုန်အစင်သိတော်မူသော မြတ်စွာဘုရား။
* အားတော် (၁၀)တန်၊ ဉာဏ်တော် (၁၀)ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
* အကျိုးအကြောင်းကို ကောင်းစွာပိုင်ပိုင် သိမြင်တော်မူနိုင်ပါသော မြတ်စွာဘုရား။
* သတ္တဝါအမျိုးမျိုးတို့၏ ကံအမျိုးမျိုး အကျိုးပေးပုံကို သိတော်မူသော မြတ်စွာဘုရား။
* ဂတိငါးပါး နိဗ္ဗာန်များသို့ ရောက်ဖို့ရန် အကျင့်ကောင်း,မကောင်း လမ်းစဉ်ဟုတ်, မဟုတ် သေချာစွာ သိတော်မူသော မြတ်စွာဘုရား။
* စကြ္ဝာကာမ စသည့်သတ်မှတ် များစွာသော ဓာတ်သဘောတို့ကိုလည်းကောင်း၊ ထိုဓာတ်အများ တစ်ပါးပါး၌ ထူးခြားသတ်မှတ် အထူးထူးသော ဓာတ်သဘောတို့ကိုလည်းကောင်း သိတော်မူသော မြတ်စွာဘုရား။
* သတ္တဝါအပေါင်းတို့၏ သဒ္ဓါစသည့် ဣန္ဒြေအနုအရင့်ကို သိတော်မူသော မြတ်စွာဘုရား။
* သတ္တဝါအပေါင်းတို့၏ သဏ္ဍာန်၌ကိန်းဝပ်နေသော အကိန်းဓာတ်, အငုတ်ဓာတ်, အလို အဇ္ဈာသယ၊ အနုသယကို သိတော်မူသော မြတ်စွာဘုရား။
* အောက်တန်းကာမ ကုသလထက် စ,စ လွန်မြတ် ဈာန်သမာပတ်တို့၏ လျော့ကျပုံ တိုးတက်ပုံ ဖြူစင်ပုံ သတ်မှတ်ထားသည့် အချိန်အတိုင်း ဈာန်သမာပတ်မှ ထမြောက်တော်မူနိုင်ပုံကို ကျကျနန သိမြင်တော်မူသော မြတ်စွာဘုရား။

**မိခင်ဧရာဝတီ**

http://www.dhammadownload.com



* ရှေး၌နေဖူး အထူးထူးသော ခန္ဓာအစဉ် ဘဝဖြစ်စဉ်ကို သိမြင်တော်မူနိုင်သော မြတ်စွာဘုရား။
* နတ်မျက်စိကဲ့သို့ အနီးအဝေး မြင်တော်မူနိုင်သော မြတ်စွာဘုရား။
* ဗုဒ္ဓ, ဓမ္မ, သမန္တနှင့် ဉာဏ, ဒိဗ္ဗာငါးဖြာသော စက္ခုရှင်ဖြစ်တော်မူသော မြတ်စွာဘုရား။
* စုတေခါနီး သတ္တဝါ၊ ဘဝအသစ်ဖြစ်မည့် သတ္တဝါတို့ကို လားရာဂတိ အကြောင်းနှင့်တကွ သိမြင်တော်မူသော မြတ်စွာဘုရား။
* အသဝေါတရားတို့ကို သိပယ်ဆိုက်ပွား လေးပါးသောကိစ္စ အပိုင်ရ သိမြင်တော်မူသော မြတ်စွာဘုရား။
* သစ္စာလေးပါးတို့ကို သိပယ်ဆိုက်ပွား လေးပါးသောကိစ္စ အပိုင်ရ သိမြင်တော်မူသော မြတ်စွာဘုရား။

**တတိယရက်**

**ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော် စိန်တံတိုင်းခတ်ပုံ**

* စရဏတရား (၁၅)ပါး၊ ဝိဇ္ဇာ (၃)ပါး၊ ဝိဇ္ဇာ (၈)ပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
* သဒ္ဓါသီလ သုတစာဂ ပညာဟိရီ သြတ္တပ္ပဟု (၇)လီဥစ္စာ ရတနာသာရ မြတ်ဓနတို့နှင့် ကြွယ်ဝချမ်းသာတော်မူပါသော မြတ်စွာဘုရား။
* သီလနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
* မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ထိန်းသိမ်းစောင့်ရှောက်တော်မူသော မြတ်စွာဘုရား။
* နီဝရဏမျိုးစုံ ကာမအာရုံ ကင်းရှင်း၍ ရရှိအပ်သော စျာန်သမာပတ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
* ပု ဒိ အာ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
* ရှေး၌နေဖူးသော ခန္ဓာအစဉ် ဘဝဖြစ်စဉ်ကို သိတော်မူသော မြတ်စွာဘုရား။
* နတ်မျက်စိကဲ့သို့ မြင်တော်မူသော မြတ်စွာဘုရား။

**မိခင်ကျောဝတီ**

http://www.dhammadownload.com



* သစ္စာလေးပါး အာသဝေါတရားတို့ကို သိတော်မူသော မြတ်စွာဘုရား။
* ရုပ်ဓာတ်, နာမ်ဓာတ် ပရမတ်တို့ကို ခွဲခြားသိမြင်တော်မူသော မြတ်စွာဘုရား။
* ကိုယ်တော်မြတ်နှင့်အတူ ပုံတူရုပ်ပွား ဖန်ဆင်းခြင်းငှါ စွမ်းတော်မူနိုင်သော မြတ်စွာဘုရား။
* ကိုယ်ကော်မြတ်နှင့်အတူ ပုံတူရုပ်ပွား ထားတော်မူနိုင်သော မြတ်စွာဘုရား။
* နတ်, လူ, ဗြဟ္မာ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများ၏ စိတ်နေစိတ်ထား (၁၄)မျိုးကို ပိုင်းခြား၍ သိတော်မူတတ်သော မြတ်စွာဘုရား။
* မြေလျှိုးမိုးပြန် တန်ခိုးစျာန်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
* နတ်နားကဲ့သို့ ကြားသိတော်မူနိုင်သော မြတ်စွာဘုရား။

## စတုတ္ထရက်
## သုဂတောဂုဏ်တော် စိန်တံတိုင်းခတ်ပုံ

* အလေ့ဖြူစင် အမြင်ဖြောင့်မတ် အကျင့်မြတ်လျက် လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား။
* လမ်းဖြောင့်တော်မူသော မြတ်စွာဘုရား။
* လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား။
* အလာကောင်းတော်မူသော မြတ်စွာဘုရား။
* အလားအလာကောင်းတော်မူသော မြတ်စွာဘုရား။
* ချမ်းသာအဆင့်ဆင့် ရရှိတော်မူသော မြတ်စွာဘုရား။
* အခြေအနေကောင်းတော်မူသော မြတ်စွာဘုရား။
* အသွားကောင်းတော်မူသော မြတ်စွာဘုရား။
* ဟုတ်မှန်ကျိုးရှိ သူတစ်ပါးကြိုက်သောစကားကို ဆိုတော်မူသော မြတ်စွာဘုရား။
* သူတစ်ပါးမကြိုက်သော်လည်း ဟုတ်မှန်ကျိုးရှိသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။

**မိခင်ဇော ဝတီ**

http://www.dhammadownload.com



* ပိဋကတ်သုံးပုံကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။
* နိကာယ်ငါးရပ် တရားမြတ်ကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။
* အင်္ဂါကိုးတန် ပြည့်ဖြိုးလျှံသည့် သာသနာတော် အဆုံးအမတော်ကြီးကို ပြောဟောတော်မူတတ်သော မြတ်စွာဘုရား။
* ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် များမြောင်စွာလှ တရားဓမ္မတို့ကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။
* သုတ္တန်တရားကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။
* ဝိနည်းတရားကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။
* အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။
* ဓမ္မစကြာတရားကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။
* အနတ္တလက္ခဏာသုတ္တန်ကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။
* အဟောကောင်းတော်မူသော မြတ်စွာဘုရား။
* အပြောကောင်းတော်မူသော မြတ်စွာဘုရား။
* စကားကောင်းတော်မူသော မြတ်စွာဘုရား။
* ဝါရားကောင်းတော်မူသော မြတ်စွာဘုရား။

**ပဥ္စမရက်**

## လောကဝိဒူဂုဏ်တော် စိန်တံတိုင်းခတ်ပုံ

* လူခွင် နတ်ရွာ ပြဟ္မာနှစ်ဆယ် အပါယ်လေးရပ် သတ်မှတ်ပိုင်းခြား ဗီလာအားဖြင့် ကျယ်ပွားအနန္တ (၃၁)ဘုံ ဩကာသလောကကို သိတော်မူသော မြတ်စွာဘုရား။
* စကြာဝဠာအနန္တ ဩကာသလောကကို သိတော်မူသော မြတ်စွာဘုရား။
* (၃၁)ဘုံသားတို့ကို မြင်တော်မူ သိတော်မူသော မြတ်စွာဘုရား။
* (၃၁)ဘုံသား အနန္တစကြာဝဠာသားတို့၏ ဖြစ်ပျက်ပွားဆုတ် မြတ်ယုတ်ဆိုးကောင်း ကျိုးအကြောင်းကို ကောင်းစွာပိုင်ပိုင် သိစွမ်းတော် သိမြင်တော်မူနိုင်သော မြတ်စွာဘုရား။

**မိခင်ဂျာဝတီ**

http://www.dhammadownload.com



* ရေမြေတောတောင် သစ်ပင်စသည်တို့၏ ဖြစ်ပျက်ပွားဆုတ် မြတ်ယုတ် ဆိုးကောင်း ကျိုးအကြောင်းကို ကောင်းစွာပိုင်ပိုင် သိစွမ်းတော်မူနိုင် သော မြတ်စွာဘုရား။
* ရုပ်လောက နာမ်လောကကို သိတော်မူသော မြတ်စွာဘုရား။
* သစ္စာလေးပါးတို့ကို သိတော်မူသော မြတ်စွာဘုရား။

### ဆဋ္ဌမရက်
### အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် စိန်တံတိုင်းခတ်ပုံ

* ရိုင်းပြသော သူတို့ကို ယဉ်ကျေးအောင် ဆုံးမရာဝယ် အတုမရှိသော မြတ်စွာဘုရား။

### သတ္တမရက်
### သတ္ထာဒေဝမနုဿာနံဂုဏ်တော် စိန်တံတိုင်းခတ်ပုံ

* မဂ္ဂင်ရှစ်တန် လမ်းအမှန်ကို ညွှန်ပြတော်မူတတ်သော မြတ်စွာဘုရား။
* နိဗ္ဗာန်လမ်း ပြတော်မူတတ်သော မြတ်စွာဘုရား။
* နိဗ္ဗာန်မြေပုံ ရေးဆွဲဟောကြားတော်မူတတ်သော နတ်လူဆရာ မြတ်စွာဘုရား။
* နှစ်ဆယ့်လေးသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်းတို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား။
* နတ်လူဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား။
* လှည်းမှူးကြီးနှင့် တူတော်မူသော မြတ်စွာဘုရား။
* အသွားအလာ အကူးအခတ် ခက်ခဲလှသည့် သံသရာခရီးခဲကို ရှေ့ဆောင်၍ လွန်မြောက်အောင် စွမ်းဆောင်နိုင်သော လှည်းမှူးကြီးနှင့် တူတော်မူသော မြတ်စွာဘုရား။

http://www.dhammadownload.com


## အဋ္ဌမရက်

## ဗုဒ္ဓေါဂုဏ်တော် စိန်တံတိုင်းခတ်ပုံ

* သစ္စာလေးပါး ပတ္တမြားမျက်ရှင်ကြီးကို ပေးတော်မူတတ် သိတော်မူတတ်သော မြတ်စွာဘုရား။
* အရဟတ္တမဂ်ဉာဏ်နှင့် တွေ့ကြုံဆုံဆည်း၍ အံ့ချီးဖွယ် အဆင့်ဆင့် ဂုဏ်ပန်းပွင့်တော်မူသော မြတ်စွာဘုရား။
* မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးတော်မူသော မြတ်စွာဘုရား။
* တစ်ဆယ့်လေးပါးသော ဉာဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
* သိ ပယ် ဆိုက် ပွား လေးပါးကိစ္စ အပိုင်ရ ဗုဒ္ဓမြတ်ရှင်တော်။
* သိ ပယ် ဆိုက် ပွား လေးပါးကိစ္စ အပိုင်ရစေ မြတ်စိန္တေ။
* ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
* သတ္တဝါအားလုံးတို့၏ သဒ္ဓါစသော ဣန္ဒြေအနုအရင့်ကို သိတော်မူတတ်သော မြတ်စွာဘုရား။
* သတ္တဝါတို့၏ မှီရာလေးပါး အငုတ်ဓာတ် (၇)ပါးကို သိတော်မူတတ်သော မြတ်စွာဘုရား။
* ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ ပြသခြင်းငှါ စွမ်းတော်မူနိုင်သော မြတ်စွာဘုရား။
* နှစ်သန်းလေးသိန်း တွက်ကိန်းများစွာ မဟာကရုဏာ သမာပတ်ကို ဝင်စားတော်မူနိုင်သော မြတ်စွာဘုရား။
* အပိတ်အပင် အဆီးအတားမရှိ သိမြင်တော်မူသော မြတ်စွာဘုရား။
* ဝရဇိန်လက်နက်ကဲ့သို့ အလုံးစုံထိုးထွင်း သိတော်မူတတ်သော မြတ်စွာဘုရား။

http://www.dhammadownload.com



## နဝမရက်

## ဘာဂဝါဂုဏ်တော် စိန်တံတိုင်းစက်ပုံ

* ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ ပြိုင်သူပ,ကင်း တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား။
* ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
* စိတ်ကိုအစိုးရ မြေလျှိုးမိုးပျံ တန်ခိုးစျာန်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
* ကိလေသာရန်သူတို့ကို ချိုးဖဲ့ဖျက်ဆီး အနိုင်ရတော်မူသော တရားရှင် မြတ်စွာဘုရား။
* သရီရဓမ္မ ဂုဏ်နှစ်ဝ၏ ကျနမြဲမြံ ကျော်စောသံရှိတော်မူသော မြတ်စွာဘုရား။
* နတ်လူဗြဟ္မာ သတ္တဝါတို့ ဖူးတိုင်းမြိန်ရှက် မစွန့်ရက်အောင် မျက်စိအရသာ လွန်စွာရွှန်းစို ကြည်ညိုစေတတ်သော လက္ခဏာတော်ကြီးငယ် ကျက်သရေအပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
* အလိုတော်ပြည့်တော်မူသော မြတ်စွာဘုရား။
* မိမိအကျိုးစီးပွား သူတစ်ပါးအကျိုးစီးပွားကို ဆောင်ရွက်တော်မူရာ၌ မဟာသမိဒ္ဓိ အလိုတော်ပြည့်တော်မူသော မြတ်စွာဘုရား။
* မိမိသူတစ်ပါး နှစ်ဦးသားတို့အတွက် အလိုတော် ဆန္ဒတော်နှစ်ပါး ပြည့်တော်မူသော မြတ်စွာဘုရား။
* မိမိသူတစ်ပါး နှစ်ဦးသားတို့အတွက် ရည်ရွယ်တော်မူခဲ့သည့် အလိုတော် (၃)မျိုး၊ အလိုတော် (၆)မျိုး ပြည့်စုံတော်မူသော မြတ်စွာဘုရား။
* အကုသိုလ်ရှောင် ကုသိုလ်ဆောင်သည့် အရာဝယ် ကြီးမားသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား။
* မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲဝံ့ကြီးမား လုံ့လများတော်မူသော မြတ်စွာဘုရား။

http://www.dhammadownload.com



ဒသမရက်

## တရားဂုဏ်တော် ရွှေတံတိုင်း (၆)ထပ်နှင့် သံဃာ့ဂုဏ်တော် ငွေတံတိုင်း (၉)ထပ် စတ်ပုံ

### သွာက္ခာတောဂုဏ်တော် ပထမရွှေတံတိုင်းစတ်ပုံ

* အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
* စ, လယ်, ဆုံးသတ်၊ စကားရပ် ကောင်းမြတ်တရားတော်။
* အနက်သဒ္ဒါ ပြည့်စုံပါ မြတ်စွာတရားတော်။
* ပိုဖျက် လိုစွက် ဤနှစ်ချက် ဖြည့်ကွက်မရှိ တရားတော်။
* စင်ကြယ်သန့်ရှင်း အပြစ်ကင်း ကောင်းခြင်းစုံလှ တရားတော်။
* အပါယ်ဝန်ဘေး ကင်းစင်ဝေး ဆောင်ပေးတတ်လှ တရားတော်။

### သန္ဒိဋ္ဌိက ဒုတိယရွှေတံတိုင်းစတ်ပုံ

* မျက်မှောက်ကောင်းကျိုး ရစေနိုင်သော တရားတော်။

### အကာလိက တတိယရွှေတံတိုင်းစတ်ပုံ

* အခါမလင့် အကျိုးပေးတတ်သော မဂ်လေးပါးတရားတော်။

### ဧဟိပဿိက စတုတ္ထရွှေတံတိုင်းစတ်ပုံ

* လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါ ရှုပါ ကျင့်ကြံပါ သင်ကြားလေ့လာပါ အားထုတ်စမ်းပါဟု မပါပါအောင် ခေါ်ဆောင်သိမ်းသွင်း စည်းရုံးခြင်းငှါ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော တရားတော်။

http://www.dhammadownload.com



## ဩပနေယျက ပဥ္စမရှေ့တော်တိုင်းစတ်ပုံ

* မိမိကိုယ်ကို တရားတော်သို့၊ တရား တော်ကို မိမိသို့ ဆောင်ကပ်ထိုက်သော တရားတော်။

## ပစ္စတ္တံ ဝေဒိတဗ္ဗောဝိညူဟိ ဆဋ္ဌမရှေ့တော်တိုင်းစတ်ပုံ

* အရိယာပညာရှင်တို့ အသီးသီး သိအပ် မြင်အပ် ကိုယ်စိတ်ချမ်းသာနှစ်ပါး ခံစားအပ်သော တရားတော်။

## သံဃာ့ဂုဏ်တော် (၉)ပါး ငွေတံတိုင်း (၉)ထပ်

### အကြောင်းသံဃာ့ဂုဏ် ငွေတံတိုင်း (၄)ထပ် တပေါင်းတည်းခတ်ပုံ

* ကောင်းမွန်ဖြောင့်မှန် လျော်ကန်သင့်မြတ် ရှိသေလေးစားအပ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် လွှမ်းခြုံတော်မူအပ်သော ကလျာဏပုထုဇဉ်နှင့်တကွ အရိယာသံဃာတော်။

## အကျိုးသံဃာ့ဂုဏ် ငွေတံတိုင်း (၅)ထပ်ခတ်ပုံ

* ဧည့်, အာဂန္တုအလို့ငှါ ထားအပ်သော ပစ္စည်းဝတ္ထုကို အလှူခံယူတော်မူထိုက်သော သံဃာတော်။
* လက်ဆောင်အလို့ငှါ ထားအပ်သော ပစ္စည်းဝတ္ထုကို အလှူခံယူတော်မူထိုက်သော သံဃာတော်။
* တမလွန်ဘဝ နောင်လောကမှာ အကျိုးရဖို့ ရည်ရော်မှန်းဆ လှူဒါန်းအပ်သော ပစ္စည်းဝတ္ထုကို အလှူခံယူတော်မူထိုက်သော သံဃာတော်။
* လက်အုပ်ချီမိုး ရှိခိုးပူဇော်ထိုက်သော သံဃာတော်။
* လောကသူ လောကသား ကမ္ဘာသူ ကမ္ဘာသားများ၏ အတုမရှိ မြတ်သောကောင်းမှု မျိုးစေ့စိုက်ပျိုး ကြဲချရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော သံဃာတော်။



၁၄

http://www.dhammadownload.com



**ဧကဒေသမရက်**

ပြဆိုလတ္တံ့ဂါထာ (၃၂)မျိုးတို့ကို အဓိပ္ပါယ်သိအောင် လေ့ကျင့်သင်ကြားပြီး (၃)ခေါက်စီ၊ (၉)ခေါက်စီ ရွတ်ဖတ်ပူဇော်ပါ၊ ပုတီးစိပ်ပါ၊ စိတ်ထဲကဂုဏ်တော်ပေါ်အောင် လေ့ကျင့်ပါ၊ ပွားများပါ။ ရတဲ့အချိန် ပွားများနိုင်ရန် ကြိုးစားပါ။ အားလပ်မှဆိုပါက ဘယ်တော့မှ အားလပ်မည် မဟုတ်ပါ။ ခရီးသွားရင်း, ရေချိုးရင်းစသည်မှာ ရွတ်ရပါတယ်။ ဂျပန်ဖူကူ အိုကာခရီးစဉ်မှာ တာလီလုံးနဲ့ သမ္ဗုဒ္ဓေရွတ်လိုက်သွားတာ ဟိုလဲရောက် သမ္ဗုဒ္ဓေလည်း တစ်သောင်းရွတ်ပြီးသား ဖြစ်နေပါတယ်။

## အမွှန်းတင်ဘာဝနာ

ဤနာဂလိုဏ်ဂူ (၁၁)ရက်အဓိဋ္ဌာန်ကျင့်စဉ် အကျင့်စခန်းဝင် အို-သူတော်ကောင်း! သင်သည် နေ့စဉ်ကျင့်စဉ်တိုင်းများမှာပင် အမွှန်းတင်ဘာဝနာဖြင့် သင့်စိတ်ကို အမွှန်းတင်ပေးပါလော့ သို့မှသာ သမထဘာဝနာ ဝိပဿနာဘာဝနာ နှစ်ပါးစုံပါမည်။ အမွှန်းတင်ဘာဝနာ လယ်တီဝိပဿနာကို အကျဉ်းချုပ်၍ မပြဆိုတော့ပါ။ အကျယ်ဟောထားတဲ့ အမွှန်းတင်ဘာဝနာ ကျင့်စဉ်ကပင် မကျယ်ဝန်းလှပါ။ အသက်ရှူသူ ရှိုက်သူတိုင်း အာနာပါန အမွှန်းတင် ကမ္မဋ္ဌာန်းကို အားထုတ်လို့ ရပါတယ်။ ဆိတ်ငြိမ်တဲ့ နေရာမှာ အသက်ရှူလိုက်တိုင်း ထုတ်လိုက်တိုင်း မှုတ်လိုက်တိုင်း နှာသီးဖျားမှာ မှတ်ပါ။ တရားနည်းက မခက်ပါ။ အားထုတ်ချိန်ပေး၍ အားထုတ်ဖို့သာ ခက်ခဲနေပါမည်။ ရတဲ့အချိန် အားထုတ်မယ်လို့ အဓိဋ္ဌာန်ထား အားထုတ်ပါ။ မိမိအတွက် ရတဲ့အချိန်သည် အချိန်ကောင်း ဖြစ်ပါတယ်။ အကျယ်တဝင့် ရှင်းလင်းဟောကြားထားတာကိုလည်း စိတ်ထဲရှင်းသွားအောင် ကြည့်ရှု လေ့လာ နားထောင်ပါလျှင် စိတ်ထဲ နားထဲရှင်းသွားပါလိမ့်မည်။

ဤနာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်နှင့် အမွှန်းတင်ဘာဝနာ အကျဉ်းနဲ့ပဲ အကျင့်စခန်းဝင်ကြည့်ပါ။ သင်သူတော်ကောင်းရဲ့ စိတ်ထဲမှာ ဂုဏ်တော် မရှင်းမလင်းသေးပါက အကျယ်တဝင့် ဟောပြောချက်ကို ကြည့်ရှုလေ့လာပါ။ အသင်- သူတော်ကောင်း၏ စိတ်အစဉ် ကြည်လင် ပြီး ကျေနပ်ပြီဆိုပါက

http://www.dhammadownload.com



ပစ္စုပ္ပန်သံသရာ ချမ်းသာသုခ နှစ်ပါးကို ပေးတတ် သော သာသနာတော်နှင့် တွေ့ရကျိုးနပ်ပြီလို့ မှတ်ပါ။ သင့်ခန္ဓာကိုယ်သည် စေတီကဲ့သို့ အလေးအမြတ် ပြုရ ရှိသေရတာမျိုး ဖြစ်လာပါလိမ့်မည်။ တကယ့်သာသနာ, အာဂ သာသနာပါလားလို့ တွေ့မြင်လာပါလိမ့်မယ်။ သာသနာပြုလိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လာပါလိမ့်မည်။

ဖော်ပြပါ သာသနာပြု အဓိဋ္ဌာန်မျိုး ပြုချင်စိတ် ပေါ်ပေါက်လာပါ လိမ့်မည်။

| | | |
|---|---|---|
| ဇာ | + | ဘိရှိသမျှ၊ ဘဝထိုဏ်၊ |
| ဘော | + | ဂ-ဉစ္စာ၊ ရတနာဖြိုးစည်၊ |
| ဇီ | + | ဝိန်အသက်၊ ရှင်လျှက်ချိန်ညီ၊ |
| သာသနာ | + | စွမ်းရာပြုပါမည်။ |

* ကြယ်ပွင့်အမှတ်အသား ပါရှိသောစကား စာသားတို့သည် တစ်ပိုဒ် ချင်း ပွားများရမည့် စကားစာသားများ ဖြစ်ပါသည်။



6(A)

http://www.dhammadownload.com



ရန်ကုန်မြို့
နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရစာသင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ – ဒွိပိဋကကောဝိဒ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

ဟောကြားအပ်သော

## နာဂလိုဏ်ဂူ (၁၁)ရက်အဓိဋ္ဌာန်ကျင့်စဉ်တရားတော်

ယနေ့ ၁၃၆၁-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈)ရက်နေ့

သုံးလောကထွဋ်ထား ဘုရားရှင်၏ သာသနာတော်ကြီးနှင့် ဆုံစည်းပြီးနေရတော့ အားလုံး ရဟန်းရှင်လူ ဗုဒ္ဓဘာသာဝင်များဟာ ဗုဒ္ဓဘုရားအပေါ် ရိုသေမှု လေးစားမှု၊ တရားတော်အပေါ် ရိုသေမှု လေးစားမှု၊ သံဃာတော်အပေါ် ရိုသေမှု, လေးစားမှု, ကြည်ညိုမှုတွေ ရှိနေကြတယ်။

ရှိကြတဲ့အတိုင်း သုံးလောကထွဋ်ထား မြတ်ဘုရား ဟောပြတော်မူတဲ့ ဒါနလမ်းစဉ်၊ သီလလမ်းစဉ်၊ ဘာဝနာလမ်းစဉ်၊ လမ်းစဉ်ကြီးသုံးမျိုး၊

ဒါနလမ်းစဉ်နဲ့ ပတ်သက်လို့ အလှူအတန်းပြုတာတွေ။ ဒါလည်းပဲ နည်းမျိုးစုံနဲ့ ပြုနေကြတယ်။

သီလလမ်းစဉ်နဲ့ ပတ်သက်ပြီး လိုက်လံပြီးတော့ လျှောက်လှမ်းပြီးတော့ နေကြပါတယ်။ ငါးပါးသီလ, ရှစ်ပါးသီလ, ရဟန်းတော်များသီလ၊ ပြတော်မူတဲ့ ဘာဝနာလမ်းစဉ်နဲ့လည်းပဲ လျှောက်လှမ်းပြီးတော့ နေကြတယ်။



(B)

http://www.dhammadownload.com



အဲဒီလို လျှောက်လှမ်းပြီးနေတော့ ဒါနလမ်းစဉ် သီလလမ်းစဉ်ကတော့ အလွယ်တကူနဲ့ သိနေတော့ သဘောလည်းပေါက်တယ်။

ဘာဝနာလမ်းစဉ်မှာ သဘောပေါက်ပြီးတော့ နေဖို့အရေးကြီးပါသေးတယ်။

## ဘာဝနာလမ်းစဉ်

ဘာဝနာလမ်းစဉ်ကတော့ သမထဘာဝနာလမ်းစဉ်၊ ဝိပဿနာဘာဝနာလမ်းစဉ်လို့ နှစ်မျိုးခွဲပြီးတော့ သွားပါတယ်။

သမထဘာဝနာလမ်းစဉ်ကလည်းပဲ အမျိုးအစားအားဖြင့် လေးဆယ်ရှိပါတယ်။

အဲဒီ သမထ ဘာဝနာလမ်းစဉ် အမျိုးအစား လေးဆယ်ထဲက ပုတီးစိပ်ကြတယ်၊ မေတ္တာပွားကြတယ်။

တစ်ချို့ကလည်းပဲ ကိုးရက်အဓိဋ္ဌာန် (၁၁)ရက် အဓိဋ္ဌာန်အစရှိသဖြင့် မိမိတို့ စွမ်းနိုင်သလောက် ဂုဏ်တော်များ ပွားများပြီးတော့ အဓိဋ္ဌာန်ဝင်ပြီးတော့ နေကြသူတွေလည်း တွေ့ကြရတယ်။

အဲဒီတော့ ပုတီးစိပ်တဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီး၊ ဘုရားဂုဏ်တော်ကို ပုတီးမပါဘဲနဲ့ တရားဂုဏ်တော် သံဃဂုဏ်တော်ကို ပုတီးမပါဘဲနဲ့ အလွတ်ပွားများတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးရှိပါတယ်။

အဲဒီတော့ နည်းပေးလမ်းပြ အနေအားဖြင့် ယနေ့ "**နာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်နှင့် အမှန်းတင်ဘာဝနာ**"လို့ ဒီလိုနာမည် ပေးကြစို့။

(၁၁)ရက်ပြည့်တဲ့ အခါကျတော့ အဓိဋ္ဌာန်တစ်ခု တစ်ပတ်အောင်မြင်ပြီးတော့ သွားပြီ။ ရက်အရေအတွက်က အဓိကမဟုတ်ပါဘူး။

ဘယ်လိုများ အဓိဋ္ဌာန်ဝင်ကြရမလဲ။

မြတ်စွာဘုရားရဲ့ ဂုဏ်တော် (၉)ပါးရှိတယ်။ မြတ်စွာဘုရားရဲ့ ဂုဏ်တော် (၉)ပါးကို (၁)ရက်စီ-

- အရဟံဂုဏ်တော် (၁)ရက်၊
- သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော် (၁)ရက်၊

http://www.dhammadownload.com



- ဝိဇ္ဇာစရဏသမ္ပန္နောဂုဏ်တော် (၁)ရက်၊
- သုဂတောဂုဏ်တော် (၁)ရက်၊
- လောကဝိဒူဂုဏ်တော် (၁)ရက်၊
- အနုတ္တရောပုရိသဓမ္မသာရထိဂုဏ်တော် (၁)ရက်၊
- သတ္ထာဒေဝမနုဿာနံဂုဏ်တော် (၁)ရက်၊
- ဗုဒ္ဓေါဂုဏ်တော် (၁)ရက်၊
- ဘဂဝါဂုဏ်တော် (၁)ရက်၊

ဘုရားဂုဏ်တော် (၉)ပါးကို (၁)ရက်စီ။

တရားဂုဏ်တော် (၆)ပါးနဲ့ သံဃာ့ဂုဏ်တော် (၉)ပါးကို (၁)ရက်။

(သတိပြုစရာက တရားဂုဏ်တော် ပွားများတဲ့ပုဂ္ဂိုလ်၊ သံဃာဂုဏ်တော် ပွားများတဲ့ပုဂ္ဂိုလ်က အတော်နည်းပါတယ်။

ပုတီးစိပ်ကြတာ ဘုရားဂုဏ်တော်ပဲ ပုတီးစိပ်ကြတာ များပါတယ်။

တစ်ပါးနဲ့တစ်ပါး ဂုဏ်တော် တစ်ခုနဲ့တစ်ခု ဘုရားဂုဏ်နဲ့ တရားဂုဏ်၊ တရားဂုဏ်နဲ့ သံဃာဂုဏ်၊ သံဃာ့ဂုဏ်နဲ့ ဘုရားဂုဏ်။ ဒီဂုဏ်တော်တွေက တစ်မျိုးမျိုး သဘောပေါက်သွားလို့ရှိရင် ကွင်းဆက် အာရုံကရောက်တော့ ရောက်တတ်ပါတယ်။)

တရားဂုဏ်တော် သံဃာ့ဂုဏ်တော် (၂)မျိုး (၁)ရက်ထားပြီး ပွားဖို့ပါပဲ။ နောက် (၁)ရက်ရောက်လာတဲ့ အခါကျတော့ ရတနာသုံးပါးနဲ့ စပ်တဲ့ ဂါထာ ဒေသနာတွေကို ပူဇော်တဲ့နည်းပေါ့။

အဲလိုဆိုရင် (၁၁)ရက် ပြည့်သွားပါပြီ။ ရက်ကျော် ရက်ခုန်ရှိလို့ (၁၅)ရက် စသည် ကြာသွားချင် ကြာသွားပါစေ အားထုတ်ကြိုးစားပါ။

http://www.dhammadownload.com



## ပထမဆုံး မိန့်တော်ပိုင်းကြီး ခတ်ပုံ

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ပိဋကတ်တော်က ပါဠိ ပိဋကတ် (မာဂဓဘာသာ)နဲ့ ဟောခဲ့တယ်။ မာဂဓ

ဟောခဲ့တဲ့ အခါကျတော့ မိမိတို့ မြန်မာလိုသဘောပေါက်ဖို့ လိုတယ်။ မြန်မာလို သဘောပေါက်မှ ပိုအာရုံရောက်ပါတယ်။

"ဣတိပိ သော ဘဂဝါ အရဟံ" ဆိုရုံနဲ့ သဘောမပေါက်နိုင်ကြဘူး။

သောဘဂဝါ ဣတိပိ အရဟံ၊

အရဟံ ဝတ သောဘဂဝါ၊

အရဟန္တံ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊

အရဟန္တံ ဘဂဝန္တံ ဝန္ဒာမိ သဗ္ဗဒါ၊

ပထမော ဝဇီရပါကာရော၊

သောဘဂဝါ ဣတိပိ အရဟံ- လို့

ဂုဏ်တော်ကွန်ချာ ပုတီးစိပ် ရွတ်ဖတ်နေကြတာပါပဲ။

ဘုန်းကြီးတို့က အဲဒီလို ပါဠိဘာသာနဲ့ ဂုဏ်တော်ပွားများတဲ့နည်း ဟာ စိတ်ထဲ အာရုံထဲမှာ ထင်ထင်ရှားရှား ဂုဏ်တော်ပေါ်မလာတဲ့အတွက် မြန်မာလို ပွားပုံကို ဦးစားပေးဟောပါ့မယ်။

အဲဒီတော့ တစ်ရက် တစ်ရက်ဆိုတဲ့ နေရာမှာတော့ မိမိတို့ စား၊ ဝတ်၊ နေရေးနဲ့ လူပုဂ္ဂိုလ်များ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ သာသနာ့ နွယ်ဝင် သီလရှင်တို့လည်း မိမိတို့စာပေ သင်ကြားခြင်းလုပ်ငန်းတို့ အခြား သာသနာနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေ ရှိနေတော့ တစ်ရက်လုံးကတော့ ပုတီးစိပ်ချိန် မရနိုင်ဘူး။

တစ်ရက်မှာ (၁)နာရီ ရလို့ရှိရင် အရဟံဂုဏ်တော် တစ်ရက်ပွား များရမယ်။ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဂုဏ် တော်တွေကို-

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက မြန်မာလို ပေါ်လွင်အောင်လို့ ဆိုပြီးတော့ အကျဉ်းနည်း၊ အလယ်အလတ်စားနည်း၊ အကျယ်နည်း၊ နည်း (၃)နည်းနဲ့ ပွားများဖို့ ရေးသားပြီးတော့ ထားခဲ့တယ်။

http://www.dhammadownload.com



ဘယ်လို ဖွင့်ဆိုတော်မူခဲ့သလဲ ဆိုရင်-

"သောဘဂဝါ- ထိုမြတ်စွာဘုရားသည် အဓိကအားဖြင့် လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၈၇)နှစ်၊ (၃)လနဲ့ (၈)ရက်က ပွင့်တော်မူခဲ့တဲ့ ဂေါတမ မြတ်စွာဘုရား"။

"ထိုဂေါတမ မြတ်စွာဘုရားနဲ့ တရားတော်ဖြင့် လာခြင်းအတူ လာတော်မူကြတဲ့ ရှေးရှေးဘုရားရှင်တို့ (၇)ဆူသော ဘုရားရှင်တွေ၊ နှစ်ကျိပ် ရှစ်ဆူသော ဘုရားရှင်တွေ၊ ဂင်္ဂါဝါဠု သဲထုမက ပွင့်ထွန်းတော်မူကြတဲ့ ဘုရား ရှင်တွေ"-

"ထိုဘုရားရှင်တို့ရဲ့ ဂုဏ်တော်တွေဟာ **'အရဟံ- သမ္မာသမ္ဗုဒ္ဓေါ'** **အစရှိသဖြင့် အတူတူပဲ**"လို့ သတ်မှတ်ပြီးတော့ မိမိတို့ ကိုးကွယ်အားထား နေတဲ့ ထိုဘုရားရုပ်ပွားတော်တွေ၊ နာဂလိုဏ်ဂူ (၂၈)ဆူသော ရုပ်ပွားတော် မြတ် ဆင်းတုတော်ဓာတ်တို့ကို ဖူးမျှော်လိုက်တဲ့ အခါကျတော့-

ထိုထိုဘုရားရှင်တို့ရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေက (၉)မျိုးတဲ့။ (၉)မျိုးဆိုတာ ထင်ရှားတဲ့ ဂုဏ်တော်တွေ အကျဉ်းချုပ်အားဖြင့် (၉)မျိုး၊ ဖွင့်ဆိုရမယ်ဆိုရင် ဂုဏ်တွေ ကျေးဇူးတော်တွေဟာ ရေတွက်လို့မရ အသင်္ချေယျ အပ္ပမေယျ မကုန်နိုင်တဲ့ ဂုဏ်တော် ကျေးဇူးတော်တွေ-

ပထမ (၁)ရက် သီလဆောက်တည် မေတ္တာပွားပြီးတော့ ပထမ (၁)ရက် ဂုဏ်တော် ဘယ်လိုပွားမလဲ။ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးရဲ့ အလတ်စားနည်းကိုပဲ ဟောပါ့မယ်။

### သောဂဝါ ကွတိပိ အရဟံ

**သောဘဂဝါ-** အသင်္ချေနွှခတ္တိယဟု သမ္မတမင်းရိုး အမျိုးသာကီ ပြည်ကပ္ပိမှ လေးလီနိမိတ် သံဝေစိတ်ကြောင့် တောရိပ်ခိုစံ ကျင့်ခြိုးခြံလျှက် မြလျှံရွှက်စိပ် ရွှေညောင်ရိပ်ဝယ် ဖိတ်ဖိတ်ရောင်ရှင် ရွှေပလ္လင်ထက် ငါးအင် မာရ်စစ် ရန်အညစ်ကို ခေတ်ဇာတိလုံး ပွဲတင်ခြုံးလျှက် ဘုန်းဖြင့်လွှယ်ကူ အောင်တော်မူ၍ လူမင်းတကာတို့၏ ဥက္ကဋ္ဌ, နတ်မင်းတကာတို့၏ မကိုဋ်, အမြိုက်ခေါင်ဖျား သောင်းတိုက်သားတို့၏ ပတ္တမြားမျက်ရှင်ကြီးတစ်ဆူ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။

http://www.dhammadownload.com



**ဣတိပိ**- ဤသို့လျှင် တစ်ထောင့်ငါးရာ ကိလေသာမာရ် သူပုန် ရန်ကို လေးတန်ဉာဏ်မဂ် ဓါးသံလျက်ဖြင့် ငုတ်တက်မကြွင်း အကုန်ရှင်းအောင် ခုတ်စဉ်းဖြတ်တောက်တော်မူတတ်သော ဂုဏ်သကတ်ကြောင့်လည်း၊

**အရဟံ**- အရဟာဟု သညာပြန့်ပြူး ဂုဏ်ကျေးဇူးဖြင့် အထူးကျော်ကြားတော်မူပါပေ၏။

**ဘုန်းကြီးတို့က** အဲဒီလို ကာရန်တွေနဲ့ လင်္ကာတွေနဲ့ ကြည်ညိုဖွယ် ရွတ်ဖတ်ပူဇော်တဲ့အခါ အတော်အသင့်ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်များ ပေါ်လွင်ပါ**တယ်။ ဉာဏ်နုတဲ့ပုဂ္ဂိုလ်များ** ပေါ်လွင်ဖို့ ခက်ပြန်ရော။

အဲဒါကြောင့် "ကိလေသာတို့မှ ဝေးကွာတော်မူသော မြတ်စွာဘုရား ကိလေသာရန်သူတို့ကို သတ်ဖြတ်တော်မူပြီးသော မြတ်စွာဘုရား"။

ကိလေသာဆိုတာ ဘာလဲ။ လောဘ, ဒေါသ, မောဟ, ဝိစိကိစ္ဆာ, မိစ္ဆာဒိဋ္ဌိ, အဟိရိက, အနောတ္တပ္ပ, ဉဒ္ဓစ္စ, ထိန, မာနတို့ပါပဲ။

**ဆောင်** = လောဘ ဒေါသ၊ မောဟ ကင်္ခါ၊
မိစ္ဆာဒိဋ္ဌိ၊ အဟိရိကာ
အနောတ္တပ္ပ၊ ထိန မာနာ
ဉဒ္ဓစ္စ၊ ဆယ်ဝ ကိလေသာ တဲ့၊ အကျဉ်းချုပ်အားဖြင့်-

- ဝတ္ထုအာရုံတွေအားလုံးကို တွယ်တာတတ်တဲ့ လောဘ။
- ဒေါသကျတော့ မြွေဟောက် မြွေဆိုးများ ဒုတ်ထောက်ပြီးတော့ မိုးလိုက်သလို မျက်မာန်ဟူးဟူး တရှူးရှူးနဲ့ လွန်ကျူးပြစ်မှားတဲ့ ဒေါသ။
- မောဟ ဆိုပြန်တော့လည်း အမှန်တရားမသိ အမှားသိတဲ့ မောဟ။
- ကင်္ခါခေါ်တဲ့ ဝိစိကိစ္ဆာကျတော့ တရားဓမ္မတွေနဲ့ ပတ်သက်ပြီးတော့ ယုံမှားသံသယတွေပေါ့။
- မိစ္ဆာဒိဋ္ဌိ ဆိုတာက အမြင်မှားတာ။
- အဟိရိက ဆိုတာက မကောင်းမှုပြုရာမှာ အရှက်မရှိတာ။
- အနောတ္တပ္ပ ဆိုတာက အကုသိုလ်ပြုရမှာ အကြောက်မရှိတာ။

http://www.dhammadownload.com



- ထိန မိဒ္ဓ ဆိုတာက ထိုင်းတာ မှိုင်းတာ။
- ဥဒ္ဒစ္စ ဆိုတာက ပြန့်လွင့်နေတာ။

ဟောဒါ အကျဉ်းချုပ်အားဖြင့် (၁၀)မျိုးပါ။

အကျယ်တဝင့်ကျတော့ အဲဒီ ကိလေသာဟာ (၁၅၀၀)တဲ့။ နားလည်ရုံလေး ဘယ်လိုပွားများမလဲ။

"ကိလေသာတို့မှ ဝေးကွာတော်မူသော မြတ်စွာဘုရား"၊ ပုတီး တစ်လုံးချ။

"ကိလေသာတို့ကို သတ်ဖြတ်တော်မူပြီးသော မြတ်စွာဘုရား"၊

"သံသရာစက်၏ အကန့်အကွက်တို့ကို ဖြိုဖျက်တော်မူပြီးသော မြတ်စွာဘုရား"၊

"ဆိတ်ငြိမ်ရာအရပ်ကို ရပါသော်လည်း မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား"၊

"လူမင်း နတ်မင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား"၊

မိမိသဘောပေါက်တဲ့ ဂုဏ်တော်နဲ့ မြန်မာလိုပွားနော်။

"မိုက်ရှုပ်ညစ်နောက် အပူပျောက်တော်မူသော မြတ်စွာဘုရား"၊

မြန်မာလို ပွားများတာက ဘာဝနာပိုပြီးတော့ ဖြစ်ပါတယ်။

ဘာဝနာဆိုတာ ပွားရတာ။ စိတ်ထဲမှာကို တစ်ခါထဲ မိမိသဘောကျတဲ့ အစာအာဟာရ စားရသလို ကြာရှည်ဝါးပြီး စားနိုင်လေ အရသာ ပိုရှိလေ။ ဒါကြောင့်မို့ အားလုံး စိတ်ထဲက သဘောကျအောင် ပွားကြ။

ပထမနေ့ ပွားများရမဲ့နည်းတွေ မြန်မာလိုပဲ လိုက်ဆိုကြ။ ပထမဆုံး စိန်တံတိုင်းကြီး ခတ်ကြစို့ရဲ့။

- ✳ ကိလေသာတို့ကို သတ်ဖြတ်တော်မူပြီးသော မြတ်စွာဘုရား၊
- ✳ ကိလေသာတို့မှ ဝေးကွာတော်မူပြီးသော မြတ်စွာဘုရား၊
- ✳ သံသရာ စက်ရဟတ် ချိုးဖြတ်တော်မူပြီးသော မြတ်စွာဘုရား၊
- ✳ ဆိတ်ကွယ်ရာအရပ် ဆိတ်ငြိမ်ရာအရပ်ကို ရပါသော်လည်း မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား၊

http://www.dhammadownload.com



* လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား၊
* မိုက်ရှုပ်ညစ်နောက် အပူပျောက်တော်မူသော မြတ်စွာဘုရား၊

**ရှင်းလင်းချက်**

မိုက်တယ်ဆိုတာ မိုက်သမျှ မောဟ ဗိုလ်တတ်တယ်ဆိုတဲ့ စကားအတိုင်းဘဲ မိုက်တာ။ မောဟလောက်မိုက်တာ မရှိပါဘူး။ ဒါကြောင့်မို့ မိုက်တာလည်း ကင်းတယ်။

ရှုပ်တဲ့နေရာမှာ တဏှာလောက် ရှုပ်တာ မရှိပါဘူး။ ဒါကြောင့် အရှုပ်လည်း ကင်းတော်မူတယ်။

အညစ် - နီဝရဏတရား၊

နီဝရဏတရားဆိုတာ ကောင်းတဲ့တရားတွေ ပိတ်ဆို့ပြီးတော့ မကောင်းတဲ့တရားတွေကို လမ်းဖွင့်ပေးနေတဲ့ တရားတွေကို နီဝရဏတရား၊

ပြီးတော့ နောက်တဲ့တရားဆိုတာလည်း အနုသယတရားတွေပါဘဲ။ သတ္တဝါတွေဟာ အနုသယတရားတွေနဲ့ နောက်ကျူပြီးတော့ နေတာ။

ပြီးတော့ သတ္တဝါတွေရဲ့ သဏ္ဍာန်မှာ ကိလေသာထက်ပူတာ ဘာမှ မရှိဘူးတဲ့။

ဒါကြောင့် "မိုက်ရှုပ်ညစ်နောက် အပူကင်းပျောက် အအေးရောက်တော်မူသော မြတ်စွာဘုရား"၊

မိမိတို့နဲ့ နှိုင်းစာကြည့်ရမယ်။ မိမိတို့မှာ မိုက်ချင်တိုင်း မိုက်နေတယ်။ ရှုပ်ချင်တိုင်း ရှုပ်နေတယ်။ ညစ်ချင်တိုင်း ညစ်နေတယ်။ နောက်ချင်တိုင်း နောက်နေတယ်။ ပူချင်တိုင်း ပူနေတယ်။

သုံးလောကထွဋ်ထား မြတ်ဘုရားနဲ့ အခု နိမ္မိတရုပ်ပွားတော်ခတ်ဆင်းတုတော်မြတ်ကြီးတွေကို ပူဇော်နေရတာ ဂုဏ်တော်ကြောင့် ပူဇော်ရတာ။ ကဲ လိုက်ဆိုကြ-

* ၁။ မိုက်ရှုပ်ညစ်နောက် အပူပျောက်တော်မူသော မြတ်စွာဘုရား။
* ၂။ အမိုက်ကင်း၍ အလင်းကြီးလင်းတော်မူသော မြတ်စွာဘုရား။

http://www.dhammadownload.com



* **၃။ အရှုပ်ကင်း၍ အရှင်းကြီးရှင်းတော်မူသော မြတ်စွာဘုရား။**
* **၄။ အညစ်ကင်း၍ အစင်ကြီးစင်တော်မူသော မြတ်စွာဘုရား။**
* **၅။ အနောက်ကင်း၍ အကြည်ကြီးကြည်တော်မူသော မြတ်စွာဘုရား။**
* **၆။ အပူကင်းပျောက် အအေးရောက်တော်မူသော မြတ်စွာဘုရား။**

အဲဒီလို အရဟံဂုဏ်တော်နဲ့ ပတ်သက်လို့ ပထမဂုဏ်တော်ကို မြန်မာလို သဘောပေါက်အောင် (၁)နာရီ၊ နာရီဝက် စသည်ဖြင့် စိတ်အကြံ လေးနဲ့ အဓိဋ္ဌာန်ပြီးတော့ ပွားများကြ၊ ပထမ စိန်တံတိုင်းကြီး ခတ်လို့ ပြီးပြီ၊

## ဒုတိယစိန်တံတိုင်းကြီး ခတ်ပုံ

**သမ္မာသမ္ဗုဒ္ဓေါ** ဆိုတဲ့ ဂုဏ်တော်ကျတော့ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးက-

**သောဘဂ၀ါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ-**

**သောဘဂ၀ါ-** ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ **ဣတိပိ-** ဤသို့လျှင် လေးအင်သစ္စာ နက်နဲစွာနှင့် များသချီရ ဝိကာရတည့် လက္ခဏ ပညတ် နိဗ္ဗာန်ဓာတ်ဟု ငါးရပ်သိရန် ငါးတန်ဉေယျ ဓမ္မအပြား အကျဉ်း အားတည်း ကျယ်ပွားအနန္တ ရှိသမျှကို တစ်စမကြွင်း အလင်းကုန်စင် ရှိတိုင်း မြင်သည့် ပညာရှိအထွဋ် တမွတ်ခေါင်ဖျား ဖြစ်ပေငြားသောကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ- သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏။

ကိုယ်တိုင်သိတာ၊ ချွန်းချက်မရှိသိတာ၊ အဲဒီတော့ ကဲ လိုက်ဆိုကြ-

* **သစ္စာလေးပါး အမှန်တရားတို့ကို ကိုယ်တော်တိုင် ကျကျနန သေသေချာချာ သိတော်မူသော မြတ်စွာဘုရား။**
* **သိ, ပယ်, ဆိုက်, ပွား လေးပါးကိစ္စ အပိုင်ရ ဗုဒ္ဓမြတ်ရှင်တော်။**

ဟော- သစ္စာလေးပါး လေးပါးကိစ္စ အပိုင်ရမှ ဘုရားဖြစ်တာ။ သစ္စာ လေးပါးထဲက သိစရာရှိတာ မသိဘဲနဲ့၊ ပယ်စရာရှိတာ မပယ်ဘဲနဲ့၊ ဆိုက်ရောက်စရာရှိတာ မဆိုက်ရောက်ဘဲ၊ ပွားများစရာ ရှိတာတွေ

http://www.dhammadownload.com



မပွားများဘဲနဲ့ ဘုရားအဖြစ် မရောက်ဘူးတဲ့။

**တတ္ထစ သဗ္ဗညုတံ ပါပုဏာတိ၊ ဗလေသုစ ဝသီဘာဝံ။**

နောက်တစ်ပိုဒ် မိန့်ကြားချက်အရ ဘယ်လိုပွားများရမလဲ။ "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော်မှာ-

* **အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။**

အားတော်ဆယ်တန် ဆိုတာကတော့ ဆင်ဆယ်မျိုးတို့ရဲ့အားထက်လွန်မြတ်တဲ့အား-

ဉာဏ်တော်ဆယ်ပါး ဆိုတာကတော့ "ဌာနာ ဌာန ကောသလ္လ ဉာဏ် အစရှိသည့် ဉာဏ်တော်ဆယ်မျိုး ရှိတယ်။ ဒါကျတော့ အင်မတန်ကျယ်ဝန်းသွားပြီ။ ပုတီးစိပ်တဲ့အခါ မိမိတို့ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ပွားတဲ့အခါ-

**"သိ, ပယ်, ဆိုက်, ပွား လေးပါးကိစ္စ အပိုင်ရ ဗုဒ္ဓမြတ်ရှင်တော်။"**

**"အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား"** ဆိုရင် အတော်အသင့် ပြည့်စုံပါပြီ။

သို့သော်လည်းပဲ တိတ်ခွေတရား နာကြတဲ့ ပုဂ္ဂိုလ်များကျတော့ အဆင်ပြေအောင် ဆိုပြီးတော့ ဉာဏ်တော်ဆယ်ပါး ရွတ်ဖတ်ပြီးတော့ ပူဇော်ရအုံးမှာ။

ပုတီးစိပ်တဲ့အခါမှာ **"အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား"**လို့ ဆိုရင် တော်လောက်ပါပြီ။ အဲဒီ ဉာဏ်တော်ဆယ်ပါးဆိုတာ ဘာတွေလည်းလို့ ဆိုတော့-

## ၁။ ဌာနာဌာန ကောသလ္လဉာဏ်တော်

**ယေသံ ယေသံ ဥပ္ပါဒါယ၊ ယေယေ အဋ္ဌာနဌာနကံ**

**ဇာနန္တော ဉာဏဗလေန၊ သီဟနာဒံ နဒီဇိနော။**

**ဇိနော** - အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာ အောင်မြင် ဘုရားရှင်သည်။

http://www.dhammadownload.com



**ယေယေဓမ္မာ** - ပဋ္ဌာန်းပစ္စည်း အနည်းနည်းဖြင့် သီးသီးထွေပြား အကြင်အကြင် အကြောင်းတရားတို့သည်။

**ယေသံယေသံ ဓမ္မာနံ** - ကျိုးပစ္စယုပ္ပန် အတန်တန်ဖြင့် မှန်မှန်ဖြစ်ပွားအကြင်ကြင် အကျိုးတရားတို့၏။

**ဥပ္ပါဒါယ** - နဂိုရ်ထင်ရှား မရှိငြားလည်း အံ့အားသင့်စရာထင်ရှားဖြစ်တည်ခြင်း အကျိုးငှါ။

**အဋ္ဌာနံ** - ထိုဤကြောင်းချုပ် ပေါင်းကာလုပ်လည်း သရုပ်ပေါ်ရန် အကြောင်းမမှန်ပါချေ။

**ဋ္ဌာနကံ** - မည်သည့်ရေးရာ ပေါင်းမိကာမှ ကောင်းစွာစင်စစ် အကြောင်းဖြစ်ပါပေ၏။

**ဣတိ** - ဤသို့။

**ဉာဏဗလေန** - ဌာနာဌာန ကောသလ္လဟု မည်ရထင်ရှား ဉာဏ်တော်အားဖြင့်။

**ဇာနန္တော** - မဖောက်မပြန် ဟုတ်တိုင်းမှန်အောင် ဧကန်တိတိ သိရှိပါသည်ဖြစ်၍။

**သီဟနာဒံ** - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ့တရားအသံတော်ကြီးကို။

**နဒိ** - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသတည်း။

**သီဟနာဒံ** - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ့တရားအသံတော်ကြီးကို။

**နဒန္တံ** - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသော။

**ဇိနံ** - ဇိနဟူသည့် အမည်တံဆိပ် ဖွဲ့ပုံလိပ်ဖြင့် ခတ်နှိပ်ပေါ်ထင် အောင်ပွဲရှင်မြတ်ဘုရားကို။

**မယံ** - အကျွန်ုပ်တို့သည်။

**ဝန္ဒာမ** - ရိုသေမြတ်နိုး လက်စုံမိုးလျှက် ရှိခိုးကြပါကုန်၏။ မြတ်စွာဘုရား။

သာဓု သာဓု သာဓု

**မိခင်ဇောဝတီ**

http://www.dhammadownload.com



ဒီဉာဏ်တော်က ဉာဏ်တော်ဆယ်ပါးထဲမှာ ဌာနာဌာန ကောသလ္လ ဉာဏ်တော်။

အကျဉ်းချုပ် မြန်မာလို ဘယ်လိုပွားများမလဲဆိုတော့-

အကျိုးအကြောင်းကို ကောင်းစွာ သိမြင်တော်မူသော မြတ်စွာဘုရား၊ လိုက်ဆိုကြ။

*** အကျိုးအကြောင်းကို ကောင်းစွာပိုင်ပိုင် သိမြင်တော်မူနိုင်သော မြတ်စွာဘုရား။**

ဒါက ဌာနာဌာနကောသလ္လဉာဏ်တော် ပွားများတဲ့နည်း။

## ၂။ ကမ္မဝိပါက ကောသလ္လဉာဏ်တော်

**သမာဒါန ကမ္မာနံမွိ ဝိပါကံ ဌာနဟေတုသော**
**ဇာနန္တော ဉာဏဗလေန၊ သီဟနာဒံ နဒီဇိနော။**

**ဇိနော** - ငါးပါးမာရ်ရှိန် ဉာဏ်ဝရဇိန်ဖြင့် ချိုးနှိမ်လွယ်ကူ အောင်ပွဲယူငြား မြတ်ဘုရားသည်။

**သမာဒါန ကမ္မာနံ** - သတ္တဝါအလီလီ ကိုယ့်ကိုယ်စီဖြင့် ဆောက်တည်ဖန်ငြား ကံအများတို့၏။

**ဝိပါကမ္ပိ** - ပစ္စုပ္ပန်ရေး သံသရာရေး၌ ပေးမည့်အချက် အကျိုးရင်း အကျိုးဆက်ကိုလည်း။

**ဌာနသော** - ပြုပြုသမျှ ပယောဂနှင့် ကာလဂတိ ဥပဓိပေါင်း အကူအညီအကြောင်းအားဖြင့်လည်းကောင်း။

**ဟေတုသော** - မျိုးစေ့တမျှ အကျိုးရဖို့ မုချအနေမှန် အခြေခံ အကြောင်းရင်းအားဖြင့်လည်းကောင်း။

**ဉာဏဗလေန** - ကမ္မဝိပါက ကောသလ္လဟု မည်ရထင်ရှား ဉာဏ်တော်အားမြင့်။

**ဇာနန္တော** - မဖောက်မပြန် ဟုတ်တိုင်းမှန်အောင် ဧကန်တိတ်ဆ သိရှိတော်မူသည်ဖြစ်၍

**သီဟနာဒံ** - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ည်

http://www.dhammadownload.com



တရားအသံတော်ကြီးကို။

နဒီ - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသတည်း။

သီဟနာဒံ - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ည် တရားအသံတော်ကြီးကို။

နဒန္တံ - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသော။

ဇိနံ - ဇိနဟူသည့် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ်နှိပ် ပေါ်ထင် အောင်ပွဲရှင်မြတ်ဘုရားကို။

မယံ - အကျွန်ုပ်တို့သည်။

ဝန္ဒာမ - ရှိသေမြတ်နိုး လက်စုံမိုးလျှက် ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။

သာဓု သာဓု သာဓု

ကမ္မဝိပါက ကောသလ္လဉာဏ်တော်တဲ့။ ဘယ်လိုပွားများမလဲလို့ ဆိုတော့-

- ကံအမျိုးမျိုးတို့၏ အကျိုးပေးပုံကို သိမြင်တော်မူပါပေသော မြတ်စွာဘုရား၊ လိုက်ဆိုကြ။

*** ကံအမျိုးမျိုးတို့၏ အကျိုးပေးဟန်ကို သိမြင်တော်မူနိုင်သော မြတ်စွာဘုရား။**

### ၃။ သဗ္ဗတ္ထဂါမိနီ ပဋိပဒါဉာဏ်တော်

**သဗ္ဗဂတီ အဂတိဥ္စ၊ ဂါမိနိမ္ပိ ပဋိပဒံ**

**ဇာနန္တော ဉာဏဗလေန၊ သီဟနာဒံ နဒီ ဇိနော။**

ဇိနော - အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာ အောင်မြင် ဘုရားရှင်သည်။

သဗ္ဗဂတီ ဂါမိနိ - ထိုထိုဂတိ ရောက်မည့်အကြောင်း ကောင်းမကောင်း ဖုံ အလုံးစုံလည်းဖြစ်သော။

အဂတိ ဂါမိနိ - ဂတိကင်းကွာ ပြည်ခေမာသို့ သေချာထုတ်ချောက်

http://www.dhammadownload.com



ရောက်ဖို့ရန်လည်းဖြစ်သော။

**ပဋိပဒံပိ** - ကြွင်းမဲ့ဥဿုံ အားလုံးစုံအောင် အကုန်ဆင့်ပေါင်း အကျင့်အကြောင်းကိုလည်း။

**ဉာဏပဗလေန** - သဗ္ဗတ္ထဂါမိနီ ပဋိပဒါ သညာမည်လျှမ်း ဉာဏ်တော်စွမ်းဖြင့်။

**ဇာနန္တော** - မဖောက်မပြန် ဟုတ်တိုင်းမှန်အောင် ဧကန်တိတိ သိရှိတော်မူပါသည်ဖြစ်၍။

**သီဟနာဒံ** - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရားအသံတော်ကြီးကို။

**နဒီ** - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသတည်း။

**သီဟနာဒံ** - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရားအသံတော်ကြီးကို။

**နဒန္တံ** - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသော။

**ဇိနံ** - ဇိနဟူသည့် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ်နှိပ်ပေါ်ထင် အောင်ပွဲရှင်မြတ်ဘုရားကို။

**မယံ** - အကျွန်ုပ်တို့သည်။

**ဝန္ဒာမ** - ရိုသေမြတ်နိုး လက်စုံမိုးလျှက် ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။

သာဓု သာဓု သာဓု

ဂတိငါးမျိုးသို့ ရောက်စေတတ်တဲ့ ကံတွေ အကျင့်တွေ အကြောင်းတွေကိုလည်း သိတော်မူတယ်။ ဂတိမရှိ ဂတိကင်းကွာ ပြည်ခေမာသို့ ရောက်ဖို့ရန်အကြောင်း အကျင့် အကြောင်း လမ်းကြောင်းကိုလည်း သိတော်မူတယ်။ အဲဒါကြောင့် လိုက်ဆိုကြ။

- **ဂတိငါးပါး နိဗ္ဗာန်များသို့ ရောက်ဖို့ရန် အကျင့်၊ ကောင်း မကောင်း၊ လမ်းစဉ်ဟုတ် မဟုတ်၊ သေချာစွာ သိတော်မူသော မြတ်စွာဘုရား။**

**မိခင်ဇရာဝတီ**

http://www.dhammadownload.com



## ၄။ အနေကဓာတု နာနာဓာတုဉာဏ်တော်

ကမ္ဘာလောကဓာတ် အရပ်ရပ်ရှိသမျှ ဥဿုံ အလုံးစုံသော ပုဂ္ဂိုလ်တို့ သတ္တဝါတို့သဏ္ဍာန်မှာ ရှိနေကြတဲ့ စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယဓာတ်, မနဓာတ် စတဲ့ ဓာတ်သဘောတွေ၊ ကာမဓာတ်, ရူပဓာတ် စတဲ့ ဓာတ်သဘောတွေ၊ အဲဒီ ဓာတ်သဘောတွေ ရှိနေတာလည်း တစ်ယောက်နဲ့ တစ်ယောက် ဓာတ်ချင်းမတူဘူး။ သဘောချင်း မတူဘူး။

အဲဒါတွေကို မြင်နိုင် သိနိုင်တဲ့ နံပါတ် (၄)ဉာဏ်တော်။

**အနေကံ နာနာဓာတုံလောကံ၊ ခန္ဓာယတန ဓာတုကံ၊**
**ဇာနန္တော ဉာဏဗလေန၊ သီဟံနာဒီ နဒီ ဇိနော။**

| | | |
|---|---|---|
| **ဇိနော** | - | အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာ အောင်မြင် ဘုရားရှင်သည်။ |
| **အနေကံ ဓာတုံ** | - | စက္ခုကာမ စသည်သတ်မှတ် များစွာသော ဓာတ်လည်းရှိသော။ |
| **နာနာဓာတုံ** | - | ထိုဓာတ်အများ တစ်ပါးပါး၌ ခွဲခြားသတ်မှတ် ကွဲပြားသော ဓာတ်လည်းရှိသော။ |
| **ခန္ဓာယတန ဓာတုကံ** | - | ပုဂ္ဂိုလ်သတ္တဝါ သူငါမနေ့ာ ခန္ဓာအာယတန ဓာတ်သဘောသာဖြစ်သော။ |
| **လောကံ** | - | ပုဂ္ဂိုလ်သတ္တဝါ သူငါထင်မှတ် လောကဓာတ်ကို။ |
| **ဉာဏဗလေန** | - | အနေက နာနာ ဓာတ်များစွာကို သေချာခွဲခြမ်း ဉာဏ်တော်စွမ်းဖြင့်။ |
| **ဇာနန္တော** | - | မဖောက်မပြန် ဧကန်တိတိ သိရှိတော်မူသည် ဖြစ်၍။ |
| **သီဟနာဒံ** | - | မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရားအသံတော်ကြီးကို။ |
| **နဒီ** | - | ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသတည်း။ |
| **သီဟနာဒံ** | - | မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရား အသံတော်ကြီးကို။ |

**မိခင်ရော ဝတီ**

(၁)

http://www.dhammadownload.com



နဒတ္တံ - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသော။
ဇိနံ - ဇိနဟူသည့် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ်နှိပ်ပေါ်ထင် အောင်ပွဲရှင်မြတ်ဘုရားကို။
မယံ - အကျွန်ုပ်တို့သည်။
ဝန္ဒာမ - ရိုသေမြတ်နိုး လက်စုံမိုးလျက် ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။

သာဓု သာဓု သာဓု

လိုက်ဆိုကြ-

* **စက္ခုကာမ စသည်သတ်မှတ် များစွာသော ဓာတ်တို့ကိုလည်းကောင်း၊ ထိုဓာတ်အများ တစ်ပါးပါး၌ ခြားနားသတ်မှတ် ကွဲပြားသတ်မှတ် အထူးထူးသော ဓာတ်တို့ကိုလည်းကောင်း သိတော်မူသော မြတ်စွာဘုရား။**

ဩော်- မြတ်စွာဘုရားက ဓာတ်သိတော်မူတယ်။ ဓာတ်ဆိုတာ ဘာလဲဆိုတော့ သဘောဘဲ။ အဲဒီ သဘောတွေကို သိတာ။ လူသူ့သဘော, လူ့ဓာတ်ကြော အားလုံးကို သိတယ်။

နတ်တွေရဲ့သဘော, နတ်တွေရဲ့ဓာတ်ကြောကို၊ ဗြဟ္မာတွေရဲ့ သဘော, ဗြဟ္မာတွေရဲ့ဓာတ်ကြောကို မြင်နိုင်တဲ့ အနေကဓာတု နာနာဓာတု ဉာဏ်တော်တဲ့။

## ၅။ ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်

သတ္တဝါတွေ စုဝေးပြီးတော့ ထိုင်နေကြတယ်။။ ဥပုသ်သီလ ယူကြတယ်။ ဆရာလေးတွေရော, ဥပါသကာတွေရော, ဥပါသိကာတွေရော အများကြီး ရှိကြတယ်။ တစ်ရာ, နှစ်ရာ ရှိကြတယ်။

တစ်ရာ နှစ်ရာမက၊ တစ်ထောင် နှစ်ထောင်ရှိရှိ အဲဒီပုဂ္ဂိုလ်တို့ထဲကမှ ဒီပုဂ္ဂိုလ်တွေမှာ သဒ္ဓါတရား အားနည်းတယ်။ ဒီပုဂ္ဂိုလ်တွေမှာ ဆဒ္ဒိန္ဒြေ- သဒ္ဓါတရား အားကောင်းတယ်။

http://www.dhammadownload.com



ဒီပုဂ္ဂိုလ်တွေက လာခြင်းကောင်းတယ်။ အခြင်းအရာ ကောင်းတယ်။ ဒီပုဂ္ဂိုလ်တွေမှာ အသိဉာဏ်ဓာတ် အားနည်းတယ်။ ဒီပုဂ္ဂိုလ်တွေမှာ အသိဉာဏ်ဓာတ်တွေ များတယ်လို့ ဣန္ဒြေ အနုအရင့် သိတော်မူတဲ့ ဉာဏ်အားက ဉာဏ်တော်အား ဆယ်ပါးထဲမှာ တစ်ပါးအပါအဝင်တဲ့။

အဲဒါ ဘာလဲဆိုတော့ "ဣန္ဒြိယပရောပရိယတ္တိဉာဏ်"။ အဲဒီဉာဏ်တော်နဲ့ သိတယ်။

ပရေသံ ပုဂ္ဂလာနံပိ၊ ဣန္ဒြိယာန ပရောပရံ
ဇာနန္တော ဉာဏဗလေန၊ သီဟနာဒံ နဒီ ဇိနော။

| | | |
|---|---|---|
| ဇိနော | - | အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာ အောင်မြင် ဘုရားရှင်သည်။ |
| ပရေသံ ပုဂ္ဂလာန | - | ကိုယ်တော်မှတစ်ပါး များပြားဘိတုံ အလုံးစုံသော ပုဂ္ဂိုလ်သတ္တဝါတို့၏။ |
| ဣန္ဒြိယာနံ | - | သဒ္ဓါ ဝီရိ သမာဓိနှင့် သတိပညာ ငါးဖြာသော ဣန္ဒြေတို့၏။ |
| ပမရာပရမ္ပိ | - | ပါရမီကံက မတူကြသဖြင့် မမျှနိမ့်မြင့် အဆင့်ဆင့်ကိုလည်း။ |
| ဉာဏဗလေန | - | ဣန္ဒြိယပရောပရိယတ္တိ အမည်တော်ရှိပြီး ဉာဏ်တော်အားဖြင့်။ |
| ဇာနန္တော | - | မဖောက်မပြန် ဟုတ်တိုင်းမှန်အောင် ဧကန်တိတိ သိရှိတော်မူနိုင်သည်ဖြစ်၍။ |
| သီဟနာဒံ | - | မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ည့် တရားအသံတော်ကြီးကို။ |
| နဒီ | - | ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသတည်း။ |
| သီဟနာဒံ | - | မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ည့် တရားအသံတော်ကြီးကို။ |
| နဒန္တံ | - | ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသော။ |

http://www.dhammadownload.com



ဇိနံ - ဇိနဟူသည့် နာမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ်နှိပ်ပေါ်ထင် အောင်ပွဲရှင်မြတ်စွာဘုရားကို။

မယံ - အကျွန်ုပ်တို့သည်။

ဝန္ဒာမ - ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။

သာဓု သာဓု သာဓု

ဣန္ဒြိယပရောပရိတ္တိဉာဏ်တော်တဲ့၊ ဘယ်နှယ့် ပွားများမလဲ။

သတ္တဝါအပေါင်းတို့၏ ဣန္ဒြေ အနုအရင့်ကို သိတော်မူသော မြတ်စွာဘုရား။ လိုက်ဆိုကြ။

- **သတ္တဝါအပေါင်းတို့၏ သဒ္ဓါစသည့် ဣန္ဒြေအနုအရင့်ကို သိတော်မူသော မြတ်စွာဘုရား။**
- **သတ္တဝါအပေါင်းတို့၏ သဒ္ဓါစသည့် ဣန္ဒြေအနုအရင့်ကို သိတော်မူသော မြတ်စွာဘုရား။**

ဣန္ဒြိယပရောပရိယတ္တိဉာဏ်အားတော်တဲ့။

## ၆။ အာသယာနုသယဉာဏ်တော်

အာသယဆိုတာ သတ္တဝါတို့ သန္တာန်မှာရှိတဲ့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဒီသတ္တဝါတွေ သဏ္ဌာန်မှာ ဘယ်လောက်ရှိသလဲ။ သမထဝိပဿနာ အခြေခံဘယ်လောက်ရှိသလဲ။

အနုသယဆိုတာက "ကာမရာဂါနုသယ" စသည်ပါ။ ဒီပုဂ္ဂိုလ်တွေမှာ ကာမရာဂတွေ ဘယ်လောက်ကိန်းဝပ်နေတယ်။ ဒေါသကိန်းနေတာ ဘယ်လောက်၊ မာနကိန်းနေတာ ဘယ်လောက်ဆိုတာ အဲလို သတ္တဝါတွေကို မြင်လိုက်တာနဲ့ဘဲ အတွင်းဓာတ်သား ကိန်းဝပ်နေတဲ့ **"အာသယအနုသယ"** တွေကို သိတော်မူတဲ့ ဉာဏ်တော်အား-

**တေသံ တေသံ သတ္တာနမ္ဗိ၊ အာသယဉ္စ အနုသယံ**
**ဇာနန္တော ဉာဏဗလေန၊ သီဟနာဒံ နဒီ ဇိနော။**

http://www.dhammadownload.com



ဇိနော - အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာအောင်မြင် ဘုရားရှင်သည်။

တေသံ တေသံ သတ္တာနံပိ - ထိုထိုရပ်ရွာ ကပ်ကမ္ဘာ၌ နတ်ပြဟ္မာလူ သတ္တဝါဟူ ဟူသမျှတို့၏။

အာသယဥ္စ - အလိုဆန္ဒ အဇ္ဈာသယကိုလည်းကောင်း။

အနုသယဥ္စ - အစဉ်ထာဝရ ကိန်းဝပ်နေသော အနုသယတို့ကိုလည်းကောင်း။

ဉာဏဗလေန - အာသယာနုသယ မည်တော်ရသည့်လောက ကိုလွှမ်း ဉာဏ်တော်စွမ်းဖြင့်။

ဇာနန္တော - မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ဧကန် တိတိ သိရှိတော်မူပါသည်ဖြစ်၍။

သီဟနာဒံ - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲ တောက်ည့် တရားအသံတော်ကြီးကို။

နဒီ - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေ သတည်း။

သီဟနာဒံ - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲ တောက်ည့် တရားအသံတော်ကြီးကို။

နဒန္တံ - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသော။

ဇိနံ - ဇိနဟူသည့် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ်နှိပ်ပေါ်ထင် အောင်ပွဲရှင် မြတ်စွာဘုရားကို။

မယံ - အကျွန်ုပ်တို့သည်။

ဝန္ဒာမ - ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။

သာဓု သာဓု သာဓု

http://www.dhammadownload.com



သီဟနာဒ- ခြင်္သေ့ဟောက်သံ

သီဟနာဒ (၁၀)ပါးထဲက (၆)ပါး ပြီးသွားပြီ။

အဲဒီတော့ နံပါတ် (၆) "**အာသယာနုသယ**" သတ္တဝါတို့၏ အလို ဆန္ဒ သတ္တဝါတို့သန္တာန်မှာ ကိန်းဝပ်နေတဲ့ အနုသယတွေကို သိတော်မူသော မြတ်စွာဘုရား။ လိုက်ဆိုကြ။

* **သတ္တဝါတို့၏ သန္တာန်၌ ကိန်းဝပ်နေသော အငုတ်ဓာတ်၊ အကိန်းဓာတ် အလိုအဇ္ဈာသယ၊ အနုသယကို သိတော်မူသော မြတ်စွာဘုရား။**

## ၇။ ဈာနာဒိသံကိလေသိကဉာဏ်တော်

နံပါတ် (၇)ကတော့ ဘာလဲတဲ့။

ဈာန်တရားတွေ သမာပတ်တရားတွေဆိုတာ ကြားတော့ ကြားဘူး နေကြတာ။ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက် ဈာန်ရတယ်။ ဒီပုဂ္ဂိုလ်ရဲ့ဈာန်ဟာ မကြာခင် လျှောတော့မှာဘဲ။ ဒီပုဂ္ဂိုလ်ရဲ့ ဈာန်တော့ တိုးတက်မှာဘဲ။ ဒီပုဂ္ဂိုလ် ရယူထားတဲ့ ဈာန်သမာပတ်ဟာ တည်တန့်နေလိမ့်မယ်။

အဲဒီ ဈာန်သမာပတ်တို့ရဲ့ ညစ်နွမ်းပုံကိုလည်း သိတယ်။ ဖြူစင်ပုံ ကိုလည်း သိတယ်။ အဲဒီ ဈာန်သမာပတ် မိမိကိုယ်တော်တိုင် ဝင်စားတဲ့အခါ လည်း အချိန်အားလျော်စွာ သတ်မှတ်ထားတဲ့ အချိန်အတိုင်း ဈာန်သမာပတ် က ထမြောက်နိုင်တယ်။

ဒီအချက်တွေကို သိနိုင် မြင်နိုင် အသုံးချတော်မူနိုင်တဲ့ အားတော် ကို (တစ်နည်းအားဖြင့်) သီဟနာဒ ခြင်္သေ့ဟောက်သံတစ်မျိုး ကြုံးဝါး ဟောက်တော်မူတာ မှန်ကန်လွန်းလို့ပေါ့။

**ဈာနာဒီနံ သံကိလေသ၊ ဝေါဒါနဥ္စ ဝုဋ္ဌာနကံ**
**ဇာနန္တော ဉာဏဗလေန၊ သီဟနာဒံ နဒီ ဇိနော။**

အင်း-- ဂါထာတွေ ရွတ်ရတာ (၁၁)ရက်စခန်းထဲမှာ ကြည်ညိုဖွယ် ဖြစ်ရဲ့ရွတ်တာပါ။

http://www.dhammadownload.com



စောစောက အတိုနည်းလေးတွေ ပွားများတဲ့နည်း မြန်မာလို ရှင်းရှင်းလင်းလင်းလေး ပွားများပြီးတော့ အဓိဋ္ဌာန်ဝင်တဲ့ အခါကျတော့ ဝင်ကြရမှာပါနော်။

နံနက်အရုဏ်ဆွမ်း အခါတိုင်းတော့ ယာဂုသောက် ကော်ဖီလေး တစ်ခွက်လောက် သောက်ပြီးတော့ ဒီလိုနဲ့ ပြီးပါတယ်။

ဒီနေ့တော့ ဟိုပင်လုံထိပ်ထားက နာဂလိုဏ်ဂူ ရှေးဟောင်းဘုရား ပူဇော်ပြီးတော့ ဒီနေ့အရုဏ် ပရိတ်တရား ရွတ်ဖတ်ရင်းနဲ့ ပင့်တာသွားတော့ နည်းနည်းလေး ခေါက်ဆွဲလေး စားလာတာ။ စားလာတော့ နည်းနည်း ရွတ်နိုင်တယ်။

ခါတိုင်း ဆန်ပြုတ်သောက်နေတော့ ဒါလောက် အသံထုတ် ရွတ်လို့ ဖတ်လို့ မကောင်းဘူး။ ယနေ့တော့ ဆယ်ပါးပြည့်အောင်တော့ ရွတ်ရမှာ နော်။

အဲဒီတော့ အဓိဋ္ဌာန်အနေနဲ့ ပြောမယ်ဆို ဒုတိယရက် ရောက်ခါ နှိုပါသေးတယ်။

**ဇိနော** - အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာအောင် မြင် ဘုရားရှင်သည်။

**ဈာနာဒီနံ** - အောက်တန်းကာမ ကုသလထက် စ,စလွန်မြတ် **ဈာန်** သမာပတ်တို့၏။

(ဒါနကုသိုလ် သီလကုသိုလ် ဒီဘက်က ကုသိုလ်တွေကို အောက်တန်းစားကုသိုလ်တဲ့)

အဲဒီ ကုသိုလ်ထက်မြတ်တဲ့ ဈာန်ကုသိုလ် သမာပတ်ကုသိုလ်။

**ဈာနာဒီနံ** - အောက်တန်းကာမ ကုသလထက် စစလွန်**မြတ်** ဈာန်သမာပတ်တို့၏။

**သံကိလေသဉ္စ** - မုချမကောင်း ညစ်နွမ်းကြောင်းကိုလည်းကောင်း။ (ဈာန်လျှောသွားလိမ့်မယ်ဆိုတဲ့ အဲဒီညစ်နွမ်းကြောင်း ကိုလည်း သိတော်မူတယ်)

**ဝေါဒါနဉ္စ** - မုချအကောင်း ဖြူစင်ကြောင်းကိုလည်းကောင်း။

http://www.dhammadownload.com



(တိုးတက်လိမ့်မယ် တိုးတက်ခြင်းအကြောင်းကိုလည်း သိတော်မူတယ်)

**ဝုဋ္ဌာနဥ္စ** - ထ,ချိန်ရောက်က ဈာန်သမာပတ်မှ ထမြောက်တော်မူနိုင်ခြင်းကိုလည်းကောင်း။

**ဉာဏာဗလေန** - ဈာနာဒိသံကိလေသ ဉာဏ်တော်အားဖြင့်။

**ဇာနန္တော** - မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ဧကန်တိတိ သိရှိတော်မူသည်ဖြစ်၍။

**သီဟနာဒံ** - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရားအသံတော်ကြီးကို။

**နဒီ** - ကျူး ရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသတည်း။

**သီဟနာဒံ** - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရားအသံတော်ကြီးကို။

**နဒန္တံ** - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသော။

**ဇိနံ** - ဇိနဟူသည့် နာမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ်နှိပ်ပေါ်ထင် အောင်ပွဲရှင် မြတ်စွာဘုရားကို။

**မယံ** - အကျွန်ုပ်တို့သည်။

**ဝန္ဒာမ** - ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။

သာဓု သာဓု သာဓု

ဒီနံပါတ် (၇)ဖြစ်တဲ့ ဉာဏ်တော်ကို ဘယ်လိုပွားများမလဲလို့ ဆိုတော့။ လိုက်ဆိုကြ။

*** အောက်တန်းကာမ ကုသလထက် စ,စလွန်မြတ် ဈာန်သမာပတ်တို့၏ လျှောကျပုံ တိုးတက်ပုံ ဖြူစင်ပုံ အချိန်အတိုင်း သတ်မှတ်ထားသည့်အတိုင်း ဈာန်သမာပတ်မှ ထမြောက်တော်မူနိုင်ပုံကို ကျကျနန သိမြင်တော်မူသော မြတ်စွာဘုရား။**

http://www.dhammadownload.com



## ၈။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်

ဩော်- နံပါတ် (၇) ဉာဏ်တော်ပြီးတော့ (၈)နံပါတ်၊ (၉)နံပါတ်၊ (၁၀) နံပါတ်ကတော့ ပုဒိအာ ဘဲ။

တစ်ချို့ ပုတီးစိတ်ကြတယ်။ ပုဒိအာ၊ ပုဒိအာ တဲ့။

အဲဒီတော့ (ပု)က ဘာလဲ။ (ပု) ဆိုတာက ဘဝများစွာ သံသရာမှာ မိမိလည်ပတ်ခဲ့တာ ဘယ်ဘဝရောက်တယ်။ အဲဒီဘဝမှာ အမျိုးဇာတ်က ဘယ်အမျိုး၊ နာမည်က ဘယ်လို၊ အနွယ်က ဘယ်လို၊ အစာအာဟာရက ဘယ်လို၊ အဲသလို သိရာမှာ မြတ်စွာဘုရားကျတော့ အခြားအခြား ပုဂ္ဂိုလ်တွေနဲ့ မတူဘူး။

**"ယာဝတကံဉာဏံ၊ တာဝတကံဉေယျံ**

**ယာဝတကံဉေယျံ၊ တာဝတကံဉာဏံ"** ဆိုတဲ့အတိုင်း----

အဲဒီလို ပြန်ပြီးတော့ အောက်မေ့တဲ့အခါမှာ အတိုင်းအတာမရှိ အောက်မေ့တော်မူနိုင်တာ။ တစ်ချို့ ပုဂ္ဂိုလ်တွေကတော့ ကမ္ဘာတစ်သိန်း အစရှိသဖြင့် သတ်မှတ်တယ်။

သာဝကတွေကတော့ ပါရမီဖြည့်တဲ့အတိုင်းအတာအလျောက်၊ တစ်ချို့ ကမ္ဘာတစ်ထောင်၊ တစ်ချို့ ကမ္ဘာတစ်သိန်း ဒီလို သိကြတယ်။

လောကီစျာန်ရကြတဲ့ ပုဂ္ဂိုလ်တွေ၊ ရသေ့ပညာရှင်တွေ၊ အဲဒီလို ပညာရှင်ကြီးတွေကျတော့ ကမ္ဘာ (၄၀)၊ သူတို့လည်း အောက်မေ့နိုင်တာ ရှိတယ်။ ကမ္ဘာလေးဆယ်လောက်ထိအောင်။

မြတ်စွာဘုရားကျတော့ ကမ္ဘာပေါင်း ထောင်သောင်းမကအောင် မြင်သိနိုင်တဲ့ (ပု) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်။ ဉာဏ်တော်အား ဒီအားကလည်း သိပ်ပြီးတော့ ကြီးမားတယ်တဲ့။ ရှေးမှာ မိမိနေခဲ့ဖူးတဲ့ ခန္ဓာဖြစ်စဉ်တွေကို သိမြင်နိုင်တဲ့အား-

**အနေကဝိဟိတံပုဗ္ဗေ၊ နိဝါသံ သဥဒ္ဒေသကံ**

**ဇာနန္တောဉာဏဗလေန၊ သီဟနာဒံ နဒီ ဇိနော။**

**ဇိနော** - ငါးပါးမာရ်ရှိန် ဉာဏ်ဝရဇိန်ဖြင့် ချိုးနှိမ်လွယ်ကူ အောင်ပွဲ ယူငြား မြတ်စွာဘုရားသည်။

http://www.dhammadownload.com



**အနေကဝိဟိတံ** - တစ်ပါးမက များလှစွာသော။
**သဥဒ္ဒေသကံ** - ဟောညွှန်ပြမှု သိခွင့်ရသည့် နာမအနွယ် အသွယ်သွယ် အဖုံဖုံ အလုံးစုံနှင့်တကွဖြစ်သော။
**ပုဗ္ဗေနိဝါသံ** - ရှေး၌နေဖူး ဘဝအထူးထူးကို။
**ဉာဏဗလေန** - ပုဗ္ဗေနိဝါသ မည်တော်ရသည့် လောကကိုလွှမ်း ဉာဏ်တော်စွမ်းဖြင့်။
**ဇာနန္တော** - မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ဧကန်တိတိ သိရှိတော်မူပါသည်ဖြစ်၍။
**သီဟနာဒံ** - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ည်တရားအသံတော်ကြီးကို။
**နဒီ** - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသတည်း။
**သီဟနာဒံ** - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ည်တရားအသံတော်ကြီးကို။
**နဒန္တံ** - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသော။
**ဇိနံ** - ဇိနဟူသည့် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ်နှိပ်ပေါ်ထင် အောင်ပွဲရှင် မြတ်စွာဘုရားကို။
**မယံ** - အကျွန်ုပ်တို့သည်။
**ဝန္ဒာမ** - ရိုသေမြတ်နိုး လက်စုံမိုးလျှက် ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။

သာဓု သာဓု သာဓု

အဲဒီတော့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ကို ဘယ်လိုပွားများကြမလဲ။ လိုက်ဆိုကြ။

* **ရှေး၌နေဖူးသော ခန္ဓာအစဉ် ဘဝဖြစ်စဉ်ကို သိမြင်တော်မူသော မြတ်စွာဘုရား။**

ကြားဖြတ်ပြီးတော့ မြတ်စွာဘုရားကို ဒီဂုဏ်တော်နဲ့ ပွားများတဲ့အခါ ဟိုအတိတ်ဘဝတွေကို မပြောနဲ့ ဒီဘဝမှာကို မိမိဆောင်ရွက်ခဲ့တဲ့ကိစ္စ, ပြော

http://www.dhammadownload.com



ဆိုခဲ့တဲ့ကိစ္စ မနေ့ကပြောတာတောင် မေ့ချင်နေပြီနော်။

မိမိတို့မှာ တစ်ဘဝတောင် မသိကြတာ။ မြတ်စွာဘုရားက ဘဝ ပေါင်းများစွာ ကမ္ဘာပေါင်းများစွာ ကမ္ဘာနဲ့ချီပြီးတော့ သိတော်မူ မြင်တော် မူနိုင်တဲ့ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်စွမ်းအားတဲ့။ အင်မတန် စွမ်း အားကြီးတော်မူတယ်။

အဲဒါကြောင့်မို့ ရှေး၌နေခဲ့ဖူးတဲ့ ခန္ဓာအစဉ် ဘဝဖြစ်စဉ်တွေကို ငါသိတယ်လို့ ကြုံးဝါးတော်မူပါတယ်။ ကြုံးဝါးသကဲ့သို့ **"သီဟနာဒ"** မိန့်ကြား တော်မူတဲ့ မြတ်စွာဘုရားလို့ ဒီလိုကြည်ညိုကြရတယ်။

## ၉။ ဒိဗ္ဗစက္ခုဉာဏ်တော်

(ဒိ)ကျတော့ ဒိဗ္ဗစက္ခု။ (ဒိ)က နှစ်မျိုးရှိတယ်။

၁။ ဒိဗ္ဗစက္ခု၊

၂။ ဒိဗ္ဗသောတ၊

သို့သော် "ပု, ဒိ, အာ" စကားသုံးလုံးမှာပါတဲ့ (ဒိ)ကတော့ ဒိဗ္ဗစက္ခု= နတ်မျက်စိ။

နတ်မျက်စိများဟာ အဝေးကို မြင်နိုင်တယ်။ နတ်မျက်စိ မမြင်နိုင် တဲ့ အရာတွေကိုလည်း မြတ်စွာဘုရားက မြင်နိုင်တယ်။ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက် စုတေတော့မယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာ စုတေတော့မှာဘဲလို့ ဧကန် သိတယ်။ စုတေပြီးတော့ ဘဝတစ်ခုမှာ ဘယ်လိုဖြစ်တော့မှာဘဲလို့ ဒီလို ကျကျနန သိတော်မူပါတယ်။

အဲဒီဉာဏ်- ဒီပုဂ္ဂိုလ် အဆင်းလှတယ်။ ဘာကြောင့် လှတာလဲ။ အဆင်းမလှဘူး။ ဘာကြောင့် မလှတာလဲလို့ အကြောင်းအချက်တွေနှင့်တကွ မြင်တော်မူတာ။

အဲလို မြင်တော်မူတဲ့ဉာဏ် ဒိဗ္ဗစက္ခုဉာဏ်။ သူနဲ့တွဲလျက် **"စုတုပပါတ ဉာဏ်"**တို့ အနာဂတံသဉာဏ်တို့။ ဒီလိုဉာဏ်တော်တွေကလည်း ဒိဗ္ဗစက္ခု ဉာဏ်ထဲမှာပါဝင်တယ်။

ယထာကမ္မူပဂဉာဏ် = ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အလား

http://www.dhammadownload.com



အလာ ဘဝဂတိတွေကို မြင်တော်မူတဲ့ဉာဏ်ပါပဲ။

**စဝန္တေဥပပဇ္ဇန္တေ၊ ယထာကမ္မုပဂေတေ၊**
**ပဿန္တောဉာဏစလေန၊ သီဟနာဒံ နဒီ ဇိနော။**

**ဇိနော** - အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာသိမြင် ဘုရားရှင်သည်။

**စဝန္တေ** - တစ်ဘဝကံရှိန် ကုန်သည့်ချိန်ဝယ် ဇီဝိန်ပြတ်ကြွေ စုတေခါနီး သတ္တဝါတို့ကိုလည်းကောင်း။

**ဥပပဇ္ဇန္တေ** - ဘဝအသစ် ကံအသစ်ကြောင့် အသစ်သန္ဓေ တည်နေကြမည့် ပုဂ္ဂိုလ်သတ္တဝါတို့ကိုလည်းကောင်း။

**ယထာကမ္မံ** - မိမိစီမံ မိမိထံ၌ အမှန်ရောက်လာ မိမိကံအားလျော်စွာ။

**ဥပါဂတေ** - ထိုထိုရပ်ရွာ ကပ်ကမ္ဘာ၌ ဘဝမျိုးစုံ အဖုံဖုံသို့ ကပ်ရောက်ကြကုန်သော သတ္တဝါတို့ကို။

**ဉာဏစလေန** - ဒိဗ္ဗစက္ခုအရင်းပြု၍ မြင်မှုထိန်လျှမ်း ဉာဏ်တော်စွမ်းဖြင့်။

**ပဿန္တော** - မျက်နှာတော်အောက် အားလုံးရောက်သို့ ကောင်းစွာထင်ထင် သိမြင်တော်မူသည်ဖြစ်၍။

**သီဟနာဒံ** - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရားတော်အသံကြီးကို။

**နဒီ** - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသတည်း။

**သီဟနာဒံ** - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရားအသံတော်ကြီးကို။

**နဒန္တံ** - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသော။

**ဇိနံ** - ဇိနဟူသည့် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ်နှိပ်ပေါ်ထင် အောင်ပွဲရှင် မြတ်စွာဘုရားကို။

**မယံ** - အကျွန်ုပ်တို့သည်။

**ဝန္ဒာမ** - ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။

သာဓု သာဓု သာဓု

http://www.dhammadownload.com



ကဲ လိုက်ဆိုကြ။

* **နတ်မျက်စိကဲ့သို့ အနီးအဝေး မြင်တော်မူနိုင်သော မြတ်စွာဘုရား။**
* **စုတေခါနီးသတ္တဝါ ဘဝအသစ်ဖြစ်မည့် သတ္တဝါတို့ကို ကောင်းစွာထင်ထင် သိမြင်တော်မူနိုင်သော မြတ်စွာဘုရား။**

ဒီဉာဏ်တော်နဲ့ တဆက်ထဲ ပွားများဖို့ ကောင်းတာက-

* **ဗုဒ္ဓ စက္ခု သမန္တစက္ခုနှင့် ဉာဏဒိဗ္ဗ ငါးဖြာသော စက္ခုရှင်ဖြစ်တော်မူသော မြတ်စွာဘုရား**-လို့ ပွားများနည်းပါပဲ။

## ၁၀။ အာသဝက္ခယဉာဏ်တော်

(၁၀)နံပါတ် ဉာဏ်တော်ကတော့ ဗုဒ္ဓဘာသာဝင်တွေ အမြဲဆုတောင်းနေကြတဲ့- **"ဣဒံမေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု"** ဟော-အာသဝက္ခယဉာဏ်ဆိုတာ ဘယ်ဟာမျိုးခေါ်သလဲ။

**"ကတမဥ္စ အာသဝက္ခယဉာဏံ"** အာသဝက္ခယဉာဏ်ဆိုတာ ဘာကိုခေါ်သလဲ။

ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာတိ= ဤဘုံသုံးပါးတရားတွေဟာ ဒုက္ခလို့ အမှန်အဟုတ်သိတာက အာသဝက္ခယဉာဏ်တစ်မျိုး။

အယံ ဒုက္ခ သမုဒယောတိ ယထာဘူတံ ပဇာနာတိ- ဒုက္ခ၏ဖြစ်ကြောင်းဟာ တဏှာဘဲလို့ သိမြင်တယ်။

အယံ ဒုက္ခ နိရောဓောတိ ယထာဘူတံ ပဇာနာတိ- ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်လို့ သိမြင်တယ်။

အယံ ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ- ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း မဂ္ဂင်အကျင့်ဖြစ်တယ်။ သီလ, သမာဓိ, ပညာ အကျင့်မြတ်တွေဟာ နိဗ္ဗာန်ရောက်ကြောင်းလို့ ကျကျနနသိတယ်။ ဒီ စတုသစ္စပဋိဝေဓ ဉာဏ်တော်လည်းဘဲ အာသဝက္ခယဉာဏ်ထဲပါတာဘဲ။

http://www.dhammadownload.com



**ဣမေ အာသဝါတိ ယထာဘူတံ ပဇာနာတိ**

ဤဟာ အာသဝေါတရားတွေဘဲလို့ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ လောဘ ဒိဋ္ဌိ မောဟဆိုတဲ့ တရားတို့ဟာ အာသဝေါတရားတွေ။

အရက်အိုးထဲမှာ အကြာကြီး စိမ်ပြီးထားသလိုဘဲ-တဲ့။ သတ္တဝါတို့ သဏ္ဍာန်မှာ ဟော- အနံ့မပျောက်ဘဲနေတာ။ လောဘအနံ့မပျောက်၊ ဒိဋ္ဌိအနံ့မပျောက်ဘူး။ မောဟအနံ့ မပျောက်ဘူး။

လူသာ သေပြီးတော့ သွားတယ်။ ဘဝတွေက တစ်ဘဝပြီး တစ်ဘဝ။ လူ့ဘဝ၊ နတ်ဘဝ၊ တိရစ္ဆာန်ဘဝ၊ အပါယ်ဘုံဘဝ အဲဒီလိုတာ ပြောင်းသွားတယ်။ လောဘအနံ့က မပျောက်ဘူး။ ဒိဋ္ဌိအနံ့က ပါနေတုန်းဘဲ။ မောဟအနံ့ကလည်း ပါနေတုန်းဘဲ။

**အယံ အာသဝသမုဒယောတိ ယထာဘူတံ ပဇာနာတိ** = ဒီ လောဘတဏှာဟာ အာသဝဖြစ်ကြောင်းပါပဲလို့ ကျကျနန သိတော်မူတယ်။

**အယံ အာသဝနိရောဓောတိ ယထာဘူတံ ပဇာနာတိ** = ဤ နိဗ္ဗာန်ဟာ အာသဝ ချုပ်ရာလို့ သိတယ်။

**အယံ အာသဝနိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ** = ဤမဂ္ဂင်ကျင့်စဉ်ဟာ အာသဝကုန်ရာရောက် ကြောင်းပါပဲလို့ သေသေချာချာ သိတော်မူတယ်။

အဲဒီတရားဆိုးတွေ ကုန်ခမ်းစေတတ်တဲ့ ဉာဏ်၊ အဲဒီလို သစ္စာနဲ့ အာသဝကို (၄)ချက်ခွဲ ပိုင်းခြားသိတဲ့ ဉာဏ်ကို အာသဝက္ခယဉာဏ်လို့ ခေါ်ပါတယ်။ မိမိတို့ ပြုသမျှ ကုသိုလ်တွေသည် လောဘ ဒိဋ္ဌိ မောဟဆိုတဲ့ အာသဝတရားတို့ ကုန်စေတတ်တဲ့ ဉာဏ်။ သစ္စာတရားကို သိတဲ့ဉာဏ်။

အာသဝက္ခယဉာဏ်ကို ရပါရစေလို့ ဆုတောင်းနေကြတာ။

**အာသဝါနံ ခယေနေဝ၊ ဝိမုတ္တိက မနာသဝံ**
**ဝိဟာရံ ဥပသမ္ပဇ္ဇ၊ သီဟနာဒံ နဒီ ဇိနော။**

**ဇိနော** - ဘုရားရှင်သည်။
**အာသဝါနံ** - အာသဝေါတရားတို့၏။

http://www.dhammadownload.com



**အာသဝါနံ** - ခန္ဓာကိုယ်ဆိုး **အရက်အိုး၌** အခိုးပြင်းစွာ တဏှာသဘော အာသဝေါတရားတို့၏။ (ဒီ ခန္ဓာကိုယ်ဆိုး အရက်အိုးကြီးမှာ အခိုးပြင်းပြင်း ထန်ထန် တဏှာသဘော အာသဝေါတရားတွေ လောဘ, ဒိဋ္ဌိ, မောဟတရားတွေ)

**ခယေနေဝ** - အရဟတ္တမဂ်ခဏ၌ ကုန်ခမ်းခြင်းကြောင့်သာ လျှင်။
(ဘုရားရှင်သဏ္ဍာန်မှာ ဒီအာသဝေါတရားတွေ အရဟတ္တ မဂ်ခဏမှာ ကုန်ခမ်းပြီ)

**အနာသဝံ** - အသဝေါအနံ့ စိမ်းဖန့်ဖန့်နှင့် မသန့်မရှင်း အားလုံးကင်းသော။

**ဝိမုတ္တိကံ** - ဝိမုတ္တိခေါ်ဆို အရဟတ္တဖိုလ်သို့။

**ဥပသမ္ပဇ္ဇ** - ကပ်ရောက်၍။

**ဝိဟာရံ ဝိဟာရန္တော** - နိဗ္ဗာန်ကိုမှတ် စိတ်တော်မြတ်ဖြင့် ကောင်းစွာ မပြတ် နေနိုင်တော်မူသည်ဖြစ်၍။

(အဲဒီ အာသဝက္ခယဉာဏ်ကြီးကို ရပြီးတော့ အာဝက္ခယဉာဏ်စွမ်းအား အပြည့်အစုံရှိတဲ့ ဘုရားရှင်သည်)

**သီဟနာဒံ** - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရား တော်အသံကြီးကို။

**နဒီ** - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေ သတည်း။

**သီဟနာဒံ** - မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရား အသံတော်ကြီးကို။

**နဒန္တံ** - ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသော။

**ဇိနံ** - ဇိနဟူသည့် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ် နှိပ်ပေါ်ထင် အောင်ပွဲရှင် မြတ်စွာဘုရားကို။

**မယံ** - အကျွန်ုပ်တို့သည်။

**မိခင်ဂျာဝတီ**

http://www.dhammadownload.com



**ဝန္ဒာမ** - ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။

သာဓု သာဓု သာဓု

ဟော- ဒီအာသဝက္ခယဉာဏ်တော်အတွက်ဘဲ တောင်းနေကြရတာ။ **"ဣဒံမေ ပုညံ အာဝက္ခယာ ဝဟံ ဟောတု"** တတွတ်တွတ်နဲ့ တောင်းဆိုနေတာ ဒီဉာဏ်အတွက်ပဲ။ အဲဒီဉာဏ်ကြီး အထွဋ်အထိပ်သို့ ရရှိတော်မူတဲ့ မြတ်စွာဘုရား။ အာသဝက္ခယဉာဏ်စွမ်းအား။ လိုက်ဆိုကြ-

* **အာသဝေါတရားတို့၏ ကုန်ခမ်းခြင်းကို သိမြင်တော်မူနိုင်သော မြတ်စွာဘုရား။**
* **သစ္စာလေးပါးတို့ကို ကျကျနန သိမြင်တော်မူနိုင်သော မြတ်စွာဘုရား။**
* **အာသဝေါတရားတို့ကို ကျကျနန သိမြင်တော်မူသော မြတ်စွာဘုရား။**

ဉာဏ်တော် (၁၀)ပါး အကုန်လုံး ရွတ်ဖတ်ပြီးတော့ ပူဇော်ခဲ့ပြီ။ ဒါကတော့ ကြည်ညိုဖို့ရာ ဂုဏ်တော်အပေါ်မှာ ကြည်ညိုနိုင်ဖို့ပါပဲ။ အဓိဋ္ဌာန်ဝင်တဲ့အခါမှာတော့။ သမ္မာသမ္ဗုဒ္ဓဆိုတဲ့ဂုဏ်တော်မှာ-

* **သိပယ်ဆိုက်ပွား လေးပါးကိစ္စ အပိုင်ရ ဗုဒ္ဓမြတ်ရှင်တော်။**
* **အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။**

ကဲ ယနေ့ (၁၁)ရက် အဓိဋ္ဌာန်စခန်းမှာ အရဟံဂုဏ်တော် ပွားများတဲ့နည်း၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ပွားများတဲ့နည်း၊ (၂)ရက်စာ ပြီးပြီ။ စိန်တံတိုင်းကြီး (၂)ထပ် ခတ်နည်းပြီးပါပြီ။

ဒီနေ့ ဂုဏ်တော်ပွားများပုံ ပွားများနည်း (၂)ရက်စာ နာကြားပြီး ပွားများတတ်ပါပြီလို့ သာဓုခေါ်ကြ။

သာဓု သာဓု သာဓု

**မိခင်ဂေဟာဝတီ**

http://www.dhammadownload.com



# တတိယစိန်တံတိုင်းကြီး ခတ်ပုံ

ယနေ့ ၁၃၆၁-ခု၊ ဝါခေါင်လကွယ်နေ့။

ယနေ့ နာဂလိုဏ်ဂူ (၁၁)ရက် အဓိဋ္ဌာန်တရားနဲ့ ပတ်သက်ပြီးတော့ တတိယမြောက် စိန်တံတိုင်းကြီး ခတ်ကြစို့။

နံပါတ် (၁) စိန်တံတိုင်းကြီးက - အရဟံ

နံပါတ် (၂) စိန်တံတိုင်းကြီးက - သမ္မာသမ္ဗုဒ္ဓေါ

နံပါတ် (၃) စိန်တံတိုင်းကြီးက - ဝိဇ္ဇာစရဏသမ္ပန္နော

**သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊**

**ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သောဘဂဝါ၊**

**ဝိဇ္ဇာစရဏသမ္ပန္နံ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊**

**ဝိဇ္ဇာစရဏသမ္ပန္နံ ဘဂဝန္တံ ဝန္ဒာမိ သဗ္ဗဒါ၊**

**တတိယော ဝဇိရပါကာရော၊**

**သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။**

လို့ ဂုဏ်တော်ကွန်ချာနဲ့ ပုတီးစိပ်တဲ့ နည်းတွေလည်း ရှိပါတယ်။

အဲဒီလို ရွတ်ဖတ်ပူဇော်လို့ တတိယစိန်တံတိုင်းကြီးခတ်တဲ့အခါမှာ သဘောပေါက်မှု အားနည်းပါလိမ့်မယ်။ ဒါကြောင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက-

**သောဘဂဝါ**- ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ **ဣတိပိ**- ဤသို့လျှင် အပြောကျယ်စွာ သံသရာဟု မဟာအဏ္ဏဝအနန္တတွင် ဆုံးစမရှိ နက်ကျယ်ဘိကို ကပ်ငြိမစွန်း ကမ်းဟိုမှာဘက် နိဗ္ဗာန်ချက်သို့ ပျံတက်ကျော်လွှား အလွယ်အားဖြင့် သွားရာအပေါင် အတောင်အလက် အချက်အဂ်ါ မှန်လှစွာသည့် သိက္ခာသီလ ထိုမှစ၍ စရဏအပြား တစ်ဆယ့်ငါးတည်း သုံးပါးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ပြည့်စုံပေတတ် ဂုဏ်သကတ်ကြောင့်လည်း။ **ဝိဇ္ဇာစရဏသမ္ပန္နော**- ဝိဇ္ဇာစရဏသမ္ပန္နဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လောကဓာတ်အရပ်စုံအောင် လွှမ်းမိုးခြုံကျော်ကြား၍ ထင်ရှားတော်မူပါပေသတည်း။

သာဓု သာဓု သာဓု

**မိခင်ဇော်ဝတီ**

၄၅

http://www.dhammadownload.com



ဆရာတော်ဘုရားကြီးက ဉာဏ်အလတ်စားရှိတဲ့ ပုဂ္ဂိုလ်တွေ အပြောကျယ်စွာ သံသရာဟု မဟာအဏ္ဏဝ အနန္တတွင် ဆုံးစမရှိ နက်ကျယ်ဘိကို ကပ်ငြိမစွန်း ကမ်းဟိုမှာဘက် နိဗ္ဗာန်ချက်သို့ ပျံတက်ကျော်လွှား အလွယ်အားဖြင့် သွားရာအပေါင် အတောင်အလက် အချက်အင်္ဂါ မှန်လှစွာသည့် သိက္ခာသီလ ထိုမှစ၍ စရဏအပြား တစ်ဆယ့်ငါးတည်း သုံးပါးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ပြည့်စုံပေတတ် ဂုဏ်သကတ်ကြောင့် မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို ဖွင့်ဆိုတာ။

ဤသံသရာစခန်းက နေပြီးတော့ နိဗ္ဗာန်ဆိုတဲ့ ဟိုဘက်ကမ်းသို့ သွားဖို့ရာအတွက် အတောင်အလက် မှန်လှစွာသည့် သိက္ခာသီလကစ "သီလံ ဘောဇ သတ်စတ္တာ"ခေါ်တဲ့ စရဏတရား တစ်ဆယ့်ငါးပါး၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးတို့နှင့် ပြည့်စုံတော်မူပါ၏။ အဲဒီဂုဏ်တော်တွေကြောင့် ဒီအချက်အလက်တွေကြောင့် ဝိဇ္ဇာစရဏသမ္ပန္န မည်ပါတယ်။

ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ပွားများတဲ့နည်း။ အဲဒီတော့ စရဏတရား တစ်ဆယ့်ငါးပါးဆိုတာ အခြေခံတရားတွေ။ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး ဆိုတဲ့ အထက်တန်းစားတရားတွေ၊ စရဏတရား အခြေမခံဘဲနဲ့ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး မရနိုင်ဘူးတဲ့။

အဲဒီတော့ စောစောကပြောခဲ့တဲ့ ဝိဇ္ဇာစရဏသမ္ပန္နော ဝတသော ဘဂဝါ အစရှိသည်ဖြင့် ပွားတာထက် နည်းနည်းလေးတော့ မြင်သာလာပြီ။

ဒါကြောင့် ဒီပွားများတဲ့နည်း လိုက်ပြီးတော့ ဆိုကြ။

* **စရဏတရား တစ်ဆယ့်ငါးပါး ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါးတို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။**

ဟော မြတ်စွာရဲ့ ဂုဏ်တော်ပွားတဲ့ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း။

တစ်နည်းအားဖြင့် ပုတီးစိပ်တယ်ဆိုလို့ရှိရင်လည်း ဗုဒ္ဓါနုဿတိ ဘာဝနာပွားပြီးတော့ ပုတီးစိပ်တယ်။

စရဏတရား (၁၅)ပါးဆိုတာ ဘာတွေလဲ။ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး ဆိုတာ ဘာတွေလဲလို့ သိပြီးတော့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို ကြည်ညို မယ်ဆိုရင် ပိုပြီးတော့ ပြည့်စုံတယ်။



10 (A)

http://www.dhammadownload.com



စရဏတရား (၁၅)ပါးဆိုတာ-

**သီ ဣံ ဘော ဇာ သတ်စတ္တာ**

သီ- ဆိုတာ သီလနဲ့ ပြည့်စုံတော်မူတယ်၊ မြတ်စွာဘုရား သီလနဲ့ ပြည့်တော်မူတယ်။

ဣံ- ဆိုတာ ဣန္ဒြိယသံဝရသီလ စောင့်ထိန်းမှုနှင့် ပြည့်စုံတော်မူတယ်။ (မျက်စိ- နား- နှာ- လျှာ- ကိုယ်- စိတ်)ဆိုတဲ့ ဣန္ဒြေတို့ကို ထိန်းသိမ်းတဲ့နေရာမှာ အတုမရှိ။

မျက်စိ- နား- နှာ- လျှာ- ကိုယ်- စိတ် ဣန္ဒြေခြောက်ပါးကို ထိန်းသိမ်းနိုင်တဲ့ ဣန္ဒြိယသံဝရသီလနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား။

အဲဒီ သီလနဲ့ ပြည့်စုံပုံနဲ့ ပတ်သက်ပြီးတော့ မာရ်နတ်မင်းက စမ်းသပ်ဖူးတယ်။ တဏှာ, ရတီ, ရာဂါခေါ်တဲ့ မာရ်နတ်မင်းရဲ့ သမီးသုံးယောက် လွှတ်လိုက်တဲ့အခါ မာရ်နတ်က ဘာပြောသလဲ။ **တေန တံဗာဓယိဿာမိ နမေ သမဏ မောက္ခသိ**- ရဟန်းဂေါတမကို ဒီကျော့ကွင်းတွေနဲ့ ရူပ- သဒ္ဒ- ဂန္ဓ- ရသ- ဖောဋ္ဌဗ္ဗာ ကျော့ကွင်းငါးမျိုးနဲ့ မိအောင်ဖမ်းမယ်။ ရဟန်းဂေါတမ မလွတ်စေရဘူး။

အဲဒီတော့ မြတ်စွာဘုရားက ရူပ, သဒ္ဒါ, ရသာ, ဂန္ဓာ, ဖောဋ္ဌဗ္ဗာစ, မနောရမာ၊ ဧတ္ထ မေ ဝိဂတော ဆန္ဒော၊ နိဟတော တွမသိ အန္တက။

ဒီအာရုံငါးပါးအပေါ် ဆန္ဒရာဂ မရှိတော့ဘူး ဆိုပြီးတော့ ထိန်းသိမ်းနိုင်တဲ့အကြောင်း ဒီအာရုံငါးပါးဆိုတဲ့ ကျော့ကွင်းကို ဖြတ်တောက်ပြီး ပြီဆိုတော့၊ 'မြတ်စွာဘုရား သိပေတယ်ကိုး'တဲ့ စိတ်မကောင်းပဲ စိတ်မသက်သာပဲ ကွယ်ပျောက်သွားတယ်။

ဒါနဲ့ မကျေနပ်သေးဘူး။ မာရ်နတ်က တန်ခိုးနဲ့လိုက်ပြီးတော့ မြတ်စွာဘုရားရဲ့ ကာယကံ ချွတ်ချော်မှု, ဝစီကံ ချွတ်ချော်မှု, မနောကံ ချွတ်ချော်မှုတို့ကို လိုက်ပြီးတော့ ချောင်းနေတယ်။ လိုက်ပြီးတော့ ခြေရာခံ လိုက်နေတာ (၇)နှစ်ကြာတယ်။ အဲဒီလို (၇)နှစ်ကြာတဲ့ အခါကျတော့ ဘာချွတ်ချော်မှုမျှ မတွေ့လို့ အရှုံးပေးရတယ်တဲ့။

http://www.dhammadownload.com



**သတ္တဝဿာနိဘဂဝန္တံ၊ အနုဗန္ဓိ ပဒါပဒံ**
**ဩတာရံ နာဓိ ဂစ္ဆိဿံ၊ သမ္ဗုဒ္ဓဿသတိမတော။**

ရဟန်းဂေါတမနောက် ခြေရာခံပြီးတော့ လိုက်ခဲ့တာ (၇)နှစ်တဲ့။ ကာယကံမှု, ဝစီကံမှု, မနောကံမှု ချွတ်ယွင်းချက် မတွေ့ရဘူးလို့ ဆိုပြီးတော့ (၇)နှစ်ကြာတော့ လက်မြှောက်သွားတယ်။

အဲလို စင်ကြယ်တော်မူတဲ့ ဣန္ဒြိယသံဝရသီလ- စင်ကြယ်တော်မူတဲ့ ကာယကံသီလ, ဝစီကံသီလ, မနောကံသီလ။

စိတ်ကို ထိန်းသိမ်းတဲ့ နေရာမှာလည်း အင်မတန် စင်ကြယ်တယ်။ ဒါကြောင့်-

**သမ္ပန္နံ မုနိနောစိတ္တံ၊ ကမ္မုနာဗျပထေနစ**
**ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဟန္ဒ ပဿာမ ဂေါတမံ။**

ကောင်းကင်ယံမှာ နတ်မင်းကြီး(၂)ဦး ပြောကြတာ။

မုနိနော- မြတ်စွာဘုရား၏။ စိတ္တံ- စိတ်သည်။ ကမ္မုနာစ- စင်ကြယ်သော ကာယကံတော်ဖြင့်လည်းကောင်း။ ဗျပထေနစ- စင်ကြယ်သော ဝစီကံတော်နှင့်လည်းကောင်း။ သမ္ပန္နံ- ပြည့်စုံပါပေ၏။

မြတ်စွာဘုရား၏ စိတ်တော်ဟာ စင်ကြယ်သော ကာယကံ၊ စင်ကြယ်သော ဝစီကံတို့ဖြင့် ထုံမွှမ်းပြီးတော့ ထားတဲ့စိတ်၊ အင်မတန် ကောင်းမွန်တဲ့စိတ်။

ဝိဇ္ဇာစရဏနှင့် ပြည့်စုံတဲ့ မြတ်စွာဘုရား။ ဒါကြောင့်-

ဝိဇ္ဇာစရဏသမ္ပန္နံ- ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော။ ဂေါတမံ- ဂေါတမနွယ်ဘွား မြတ်စွာဘုရားကို။ ဟန္ဒ- ယခု။ ဟန္ဒ- မနှေးလျှင်စွာ မြန်မြန်လာ။ ပဿာမ- ယခုပင်လျှင် ဖူးမြင်ရအောင် သွားကြပါကုန်စို့-လို့။

ဝိဇ္ဇာစရဏနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ကြီး လောကမှာ ပေါ်ပေါက်ပြီးနေတော့ အဲဒီ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို သွားဖူးရအောင် မြန်မြန်လာ အချိန်ဆိုင်းမနေနဲ့တဲ့။

http://www.dhammadownload.com



အဲဒီတော့ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ လောကမှာ အမြတ်ဆုံးဘဲ။

လူတွေထဲမှာ မင်းဟာ အမြတ်ဆုံးဖြစ်သလို အမျိုးအနွယ်ကို စီစစ်ကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ မင်းမျိုးဟာ မြတ်သလို လောကကြီးထဲမှာ မြတ်တဲ့ ပုဂ္ဂိုလ်ကို လိုက်ရှာမယ်ဆိုရင် ဝိဇ္ဇာစရဏနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို တွေ့ရပါလိမ့်မယ်။

**ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ၊ ယေဂေါတ္တပဋိသာရိနော**
**ဝိဇ္ဇာစရဏသမ္ပန္နော၊ သောသေဋ္ဌော ဒေဝမာနုသေ။**

အမျိုးအနွယ်နဲ့ ပြောမယ်ဆိုရင် မင်းမျိုးဟာ မြတ်သလို၊ လူတွေနတ်တွေ ဗြဟ္မာတွေထဲမှာ မြတ်တဲ့ပုဂ္ဂိုလ် လိုက်ရှာမယ်ဆိုရင် ဝိဇ္ဇာစရဏနဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရားကို တွေ့ရပါလိမ့်မယ်။

ဒါကြောင့် ဘုန်းကြီးတို့ ကိုးကွယ်နေတဲ့ ဘုရားက အမြတ်ဆုံးဘုရား၊ အားထားနေတဲ့ ဘုရားက အမြတ်ဆုံးဘုရား။

ယနေ့ မြောက်ဥက္ကလာပမြို့နယ် အ. မ. က (၃)ကျောင်းအုပ်ဆရာမ ကြီးနှင့်တကွ ဆရာမကြီး (၉)ဦး စွယ်တော်မြတ်စေတီရဲ့အနီးမှာ စွယ်တော်မြတ်စေတီ အဝင်ဘက်က ဘုရားပွင့်တော်မူရာ ဗောဓိဖြစ်တဲ့ လင်းလွန်းပင် အောင်ခမ္မယ်ပလ္လင်တော် လှူဒါန်းကြတယ်။

ယနေ့ပဲ ရေစက်ချကြမှာ တိုက်တိုက်ဆိုင်ဆိုင် (၉)ရက်နေ့၊ (၉)ရက်နေ့ဆိုတော့ အကောင်းကိုး၊ (၉. ၉. ၉၉)ရက်ကောင်း ရွေးပြီးတော့မှ ကုသိုလ်ပြုကြတယ်။ ပြီးတဲ့အခါကျမှ ရေစက်ချကြ။

ဒီဆရာမကြီးတွေ အောင်ခမ္မယ်ပလ္လင်တော်ကို ပူဇော်တာက မြတ်စွာဘုရား (ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား)

စရဏတရားထဲမှာ "သီ- ဣံ- ဘော- ဇာ သတ်စတ္တာ"ဆိုတဲ့ အထဲက ဘော-ဆိုတာဘောဇနမတ္တညုတာ- ဆွမ်းဘုဉ်းပေးတဲ့အခါ အတိုင်းအရှည်သိတော်မူတယ်။ စရဏတရားဘဲ။

ဇာဂရိယာနုယောဂ- မြတ်စွာဘုရားလောက် အလုပ်လုပ်တဲ့ပုဂ္ဂိုလ်ဟာ ကမ္ဘာမှာမရှိပါဘူး။ တစ်နေ့ (၂၄)နာရီမှာ နာရီ (၂၀)ကျော် မြတ်စွာ

http://www.dhammadownload.com



ဘုရား (၄၅)ဝါ ကာလပတ်လုံး အလုပ်လုပ်သွားတယ်။ တစ်နေ့လျှင် (၂၀) နာရီကျော် "ဇာဂရိယာနုယောဂ" ထကြွနိုးကြားမှု ရှိတော်မူတယ်။

သတ်စတ္တာ- သူတော်ကောင်းဥစ္စာတရား (၇)ပါး။

ရွှေ, ငွေ, ပုလဲ, ကြောင်မျက်ရွဲနဲ့ မြခဲသန္တာ, စိန်ဘဏ္ဍာတို့နဲ့ တူတဲ့ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟီရိ, ဩတ္တပ္ပ၊

ယနေ့ မြတ်စွာဘုရားရဲ့ အောင်ဓမ္မယံပလ္လင်တော်ကြီး လှူဒါန်းကြတဲ့ တကာမကြီးတွေရော၊ ဥပုသ်သည် ဒကာ ဒကာမတွေရော ဟောဒီ သူတော်ကောင်းဥစ္စာ ရတနာ (၇)ပါး။ ရွှေ, ငွေ, ပုလဲ, ကြောင်မျက်ရွဲနှင့် မြခဲသန္တာ စိန်ဘဏ္ဍာတို့နှင့် အလားတူသော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟီရိ, ဩတ္တပ္ပ "သဒ္ဓါ ပတ္တမြား၊ ဘိုးများနဂ္ဂ၊ သီလပုလဲ၊ မျက်ရွဲသုတ၊ စာဂသန္တာ၊ ပညာစိန်ကျောက်၊ ထိန်တောက်ထွန်းညို၊ ဟီရိကျော့ငွေ၊ ဩတ္တာ ရွှေ"လို့ ခေါ်တဲ့ (၇)ထွေသော လောကီ လောကုတ္တရာ ဥစ္စာရတနာများ၊

မြတ်စွာဘုရားမှာ စရဏတရား (၁၅)ပါးထဲက သူတော်ကောင်း ဥစ္စာရတနာကြီးတွေနဲ့လည်း ပြည့်စုံတယ်။

| | | |
|---|---|---|
| သဒ္ဓါ | = | ရတနာသုံးတန် ကံ,ကံ၏အကျိုး ယုံကြည်တော်မူတယ်။ |
| သီလ | = | သီလနဲ့ ပြည့်စုံတယ်။ |
| သုတ | = | အသင်အကြား အမြင်များတယ်။ |
| စာဂ | = | စွန့်ကြဲပေးကမ်းမှုနဲ့ ပြည့်စုံတယ်။ |
| ပညာ | = | အဆင့်အတန်းမြင့်တဲ့ ရုပ်ဓာတ်နာမ်ဓာတ် ပရမတ် ခွဲခြားသိတယ်။ |
| ဟီရိ | = | မကောင်းမှုပြုရမှာ ရှက်တယ်။ |
| ဩတ္တပ္ပ | = | မကောင်းမှုပြုရမှာ ကြောက်တယ်။ |

ဘုန်းကြီးတို့ တကာ တကာမတွေလည်း မြတ်စွာဘုရားရဲ့ တပည့်သား သာဝကတွေဆိုတော့ သူတော်ကောင်းဥစ္စာ ထိုက်တန်သလောက် ရှိကြတယ်။

ဒီသူတော်ကောင်းဥစ္စာ ရတနာ (၇)ပါးရှိရင် ဝိဇ္ဇာဉာဏ်တွေ အဆင့်ဆင့်ရဖို့ အခြေခံတွေ ရနေမှာဘဲ။

http://www.dhammadownload.com



သူတော်ကောင်းဥစ္စာ ရတနာ (၇)ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဒါကြောင့် "**သဒ္ဓါ သီလ၊ သုတ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ္ပဟု (၇)လီ ဥစ္စာ၊ ရတနာသာရ၊ မြတ်ဓနဖြင့်၊ ကြွယ်ဝချမ်းသာတော်မူပါပေသော မြတ်စွာဘုရား**"။ တစ်ခုချင်းဆိုရင်-

**သီ** = သီလနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

**ဏ္ဍ** = ဣန္ဒြေခြောက်ပါး တံခါးခြောက်ပေါက်ကို ထိန်းသိမ်းစောင့်ရှောက်တော်မူသော မြတ်စွာဘုရား။

**ဘော** = အစားအစာကို အတိုင်းအရှည် သိတော်မူသော မြတ်စွာဘုရား။

**ဇာ** = မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲဝံ့ကြီးမား လုံ့လများတော်မူသော မြတ်စွာဘုရား။

**သတိ** = သဒ္ဓါ သီလ သုတ စာဂ ပညာ ဟီရိ ဩတ္တပ္ပဟု (၇)လီဥစ္စာ ရတနာသာရ မြတ်ဓနဖြင့် ကြွယ်ဝချမ်းသာတော်မူပါပေသော မြတ်စွာဘုရား။

**စတ္တာ** = ဈာန်လေးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ နီဝရဏတွေ ကင်းပြီးတော့ ကာမအာရုံတွေနဲ့ ကင်းပြီးတော့ ရရှိနိုင်တဲ့ ဈာန်တရားလေးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဟော- စရဏတရား (၁၅)ပါး နည်းနည်းလေး ဖြိုဖြန့်ပြီးတော့ ဝိဇ္ဇာစရဏသမ္ပန္နောဆိုတဲ့ စိန်တံတိုင်းကြီးခတ်တဲ့အခါ သူ့အကန့်လေးနဲ့သူ ကြည့်ပြီးတော့ ခတ်ကြရအောင် လိုက်ပြီးတော့ ဆိုကြ။

* **သီလနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။**
* **မျက်စိ နား နှာ လျှာ ကိုယ် စိတ် ထိန်းသိမ်းစောင့်ရှောက်တော်မူသော မြတ်စွာဘုရား။**
* **မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲဝံ့ကြီးမား လုံ့လများတော်မူသော မြတ်စွာဘုရား။**

http://www.dhammadownload.com



* သဒ္ဓါ သီလ သုတ စာဂါ ပညာ ဟိရီ ဩတ္တပ္ပဟု၊ (၇)လီဥစ္စာ၊ ရတနာသာရ၊ မြတ်ခနေဖြင့်၊ ကြွယ်ဝချမ်းသာတော်မူပါသော မြတ်စွာဘုရား။
* ကာမအာရုံ နီဝရဏမျိုးစုံ ကင်းရှင်း၍ ရရှိအပ်သော ဈာန် လေးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဟော- စရဏတရား (၁၅)ပါးကို တဖြေးဖြေး ဖြိုဖြန့်ပြီးတော့ ခွဲခြားပြီးတော့ ပွားများတဲ့အခါကျမှ ပိုပြီးတော့ ဘုရားဂုဏ်တော်ဟာ ပေါ်လွင်တယ်။ ဂုဏ်ဆိုတာ တည်ရာဒြပ်ကို ထင်ရှားလတ်အောင် ပြတတ်တဲ့သဘောပါပဲ။

ဘုရားရှင်ရဲ့ တပည့်သား သာဝကတွေဆိုတော့ သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပဟု (၇)လီဥစ္စာ ရတနာသာရ မြတ်ခနေဖြင့် ကြွယ်ဝ ချမ်းသာတော်မူပါသော မြတ်စွာဘုရား။ ကြွယ်ဝချမ်းသာတယ်- တဲ့။

ရတနာ (၇)မျိုး။ သဒ္ဓါရတနာ သီလရတနာ သုတရတနာ စာဂ ရတနာ ပညာရတနာ ဟိရီရတနာ ဩတ္တပ္ပရတနာတွေ-တဲ့။

အဲဒီ ရတနာတွေရှိတဲ့ ပုဂ္ဂိုလ်တွေဟာလည်း ရွှေ, ငွေ, ပုလဲ, ကျောက် မျက်ရွဲနှင့် မြခဲသန္တာ စိန်ဘဏ္ဍာတွေရှိတဲ့ ပုဂ္ဂိုလ်များနဲ့ မထူးဘူး။ သာသနာ တော်မှာ သဒ္ဓါသီလ အစရှိတဲ့ ရတနာတွေရှိတဲ့ ပုဂ္ဂိုလ်ကို "**အဒလိဒ္ဒေါတိတံ အာဟု**" မြတ်စွာဘုရားက-

အကြင်ပုဂ္ဂိုလ်ဟာ သဒ္ဓါ, သီလ, သုတ, စာဂါ, ပညာ, ဟိရီ, ဩတ္တပ္ပ ဆိုတဲ့ ရတနာ (၇)ပါးရှိတယ်။ ထိုပုဂ္ဂိုလ်ကို အဒလိဒ္ဒေါ၊ အဒလိဒ္ဒ လူမွဲ မဟုတ်ဘူးတဲ့၊ သူဟာ သူဌေးပဲတဲ့။

အဲဒီလို ဖြိုဖြန့်ပြီးတော့ စရဏတရားတွေ (၁၅)ပါး ပွားများပြီးတဲ့ အခါကျတော့ ဝိဇ္ဇာဘက်လှည့်ရအောင်။ ဝိဇ္ဇာဆိုတာ ဘာလဲ။ "**အသိ အလိမ္မာ ဉာဏ်ပညာ ဝိဇ္ဇာ အမောဟ**"လို့ဆိုတဲ့အတိုင်း အသိအလိမ္မာ ဉာဏ်ပညာကို ဝိဇ္ဇာလို့ ခေါ်တယ်။

ဝိဇ္ဇာဆိုတာက (၃)ပါးရှိတယ်။ (၈)ပါးရှိတယ်။

သုံးပါးက ဘာလဲဆိုတော့ (ပု- ဒိ- အာ) ဒါကျတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက နှုတ်တက်ပါတယ်။ ဆိုကြ။

http://www.dhammadownload.com



* ပု- ဒိ- အာနှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။

ပု- ဆိုတာက ရှေးဘဝဖြစ်စဉ်တွေ ရှေးဘဝခန္ဓာကိုယ်တွေ ကမ္ဘာပေါင်းများစွာ၊ ဘဝပေါင်းများစွာ သိနိုင်တယ်၊ မြင်နိုင်တယ်။ ဘယ်ဘဝတုံးက ဘယ်လိုနေ ဘယ်လိုစား ဘယ်လိုသွားခဲ့တယ် စသည်ဖြင့် သိနိုင်တဲ့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဝိဇ္ဇာ-

ဒိ-က ဒိဗ္ဗစက္ခုဉာဏ်ဝိဇ္ဇာ **"သောဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန"** စသည် ဟောထားတဲ့အတိုင်း နတ်မျက်စိနဲ့ မြင်လိုက်တာ။ ဒိဗ္ဗစက္ခုဉာဏ် ဝိဇ္ဇာနဲ့ ဘယ်လိုဟာတွေ မြင်သလဲ။

စာမာနေ- စုတေဆဲ သတ္တဝါတွေ မြင်တယ်။ ဥပပဇ္ဇမာနေ- ပဋိသန္ဓေနေဆဲ သတ္တဝါတွေကိုလည်း မြင်တယ်။ သုဝဏ္ဏေ ဒုဗ္ဗဏ္ဏေ- အဆင်းလှတဲ့ ပုဂ္ဂိုလ်တွေ အဆင်းမလှတဲ့ ပုဂ္ဂိုလ်တွေလည်း မြင်တယ်။ သုဂတေ ဒုဂ္ဂတေ- ဂတိကောင်းတဲ့ ပုဂ္ဂိုလ်တွေလည်း မြင်တယ်၊ ဂတိမကောင်းတဲ့ ပုဂ္ဂိုလ်ကိုလည်း မြင်တယ်။

ဒီပုဂ္ဂိုလ်တွေကတော့ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်နဲ့ ပြည့်စုံတဲ့အတွက် သေလို့ရှိရင် ငရဲအိုးဖောက်ထိုး ကျတော့မှာဘဲလို့ ဒီလိုလည်း မြင်တယ်။

ဒီပုဂ္ဂိုလ်တွေကတော့ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်နဲ့ ပြည့်စုံတဲ့အတွက် ကွယ်လွန်တဲ့အခါ နတ်ဘုံ နတ်နန်း နတ်စခန်းမှာ လှမ်းနိုင်ကြလိမ့်မယ်လို့ ဒီလိုလည်း မြင်တယ်။ အဲဒါ ဒိဗ္ဗစက္ခုဉာဏ် ဝိဇ္ဇာတဲ့။

အာ- ဆိုတာ အာသဝက္ခယဉာဏ်ဝိဇ္ဇာ ဆိုတာက- ဣဒံမေ ပုညံ အာသဝက္ခယာ ဝဟံတောတု-လို့ ဗုဒ္ဓဘာသာတွေ တောင်းဆိုနေတဲ့ ဆုတောင်း၊

အဲဒီ အာသဝက္ခယဉာဏ် ဝိဇ္ဇာကို **"ကသ္မာဝုစ္စတိ အာသဝက္ခယဉာဏ ဝိဇ္ဇာ"**- အဘယ်ကြောင့် အာသဝက္ခယဉာဏ်ဝိဇ္ဇာလို့ ခေါ်တာလဲ။

အကျဉ်းချုပ် ပြောမယ်ဆိုရင် သစ္စာလေးပါးကို ပိုင်းခြားသိတဲ့ ဉာဏ်ဝိဇ္ဇာ။ တစ်နည်းအားဖြင့် အာသဝေါတရားတို့ကို ပိုင်းခြားဝေဖန်ပြီး သိတဲ့ ဉာဏ်ဝိဇ္ဇာ။

ပေါင်းလိုက်တော့ ပု- ဒိ- အာ (ဝိဇ္ဇာသုံးပါး)

http://www.dhammadownload.com



ဒီဝိဇ္ဇာသုံးပါးကို သဘောပေါက်ပြီးတဲ့ အခါမှာ တစ်ပါးချင်းလည်း ပွားလို့ရတယ်။

* **ရှေး၌နေဖူးသော ဘဝဖြစ်စဉ်တို့ကို သိမြင်တော်မူသော မြတ်စွာဘုရား။**
* **နတ်မျက်စိကဲ့သို့ မြင်တော်မူနိုင်သော မြတ်စွာဘုရား။**
* **သစ္စာလေးပါး အာသဝေါတရားတို့ကို သိမြင်တော်မူသော မြတ်စွာဘုရား။**
* ပု- ဒိ- **အာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။**
* ပု- ဒိ- **အာ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။**

ဟော- အဲဒီလောက်ဆိုရင် နည်းနည်းလေးတော့ ပေါ်လွင်လာပြီ တဲ့ ဝိဇ္ဇာ (၃)ပါး။

ဝိဇ္ဇာ (၈)ပါးကျတော့ ဘာတွေလဲတဲ့။ ဝိဇ္ဇာက ဘာတွေမှန်းမသိ တော့ ဉာဏ်ထဲမှာ ဘုရားဂုဏ်တော် ပေါ်ဖို့ရာ ခက်နေတယ်။ ဝိဇ္ဇာ (၈)ပါး ဆိုတာ-

**"ဝိ မ စေ ဣ၊ အာ ပု ဒိပ၊ ဒိပ တဖြာ၊ ဉာဏ်ဝိဇ္ဇာ"**တဲ့။

**'ဝိ' ဆိုတာက- ဝိပဿနာဉာဏ်**

ဝိပဿနာဉာဏ်ဆိုတာ ဒီခန္ဓာကြီးဟာ ဓာတ်လေးပါးနဲ့ ပြီးတယ်။ ထမင်း, မုန့်, ငါး စသည်တို့ဖြင့် ကြီးပွားခဲ့တယ်။ အမြဲမပြတ် ပြုပြင်ပြီးတော့ နေရတဲ့ ခန္ဓာကိုယ်ကြီးပဲ။

ဒီရုပ်ခန္ဓာအပေါ်မှာ စိတ်ဆိုတဲ့ နာမ်တရားက မှီခိုပြီးတော့ ဆက် စပ်ပြီးတော့ နေတာဘဲ။

အဲဒါကို အပေါင်းအားဖြင့်လည်းကောင်း၊ အစိတ်စိတ်အားဖြင့် လည်းကောင်း ခွဲခြားသိမြင်ပြီး အနိစ္စ ဒုက္ခ အနတ္တလက္ခဏ ယာဉ်တင်ပြီး ရှုမှတ်တဲ့ဉာဏ်ကို ဝိပဿနာဉာဏ်ဝိဇ္ဇာ။ ရုပ်တရား နာမ်တရားတို့ကို ခွဲခြမ်း စိတ်ဖြာပြီး သိမြင်တဲ့ ဉာဏ်ဝိဇ္ဇာ။

http://www.dhammadownload.com



ပတ္တမြားနားလည်တဲ့ ပုဂ္ဂိုလ်က ကျောက်မျက်နားလည်တဲ့ ပုဂ္ဂိုလ်က ကျောက်မျက်ရတနာ တစ်ခုရပြီဆိုရင် လက်ဝါးပေါ် တင်ပြီး ကြည့်လိုက်ရင် ဒီကျောက်မျက်ရတနာ အနာကင်းတယ်။ ဘယ်လို အသွေးအရောင်ရှိတယ်။ ဘယ်လောက် တန်ဖိုးရှိတယ်။ အထဲထဲမှာ အရည်က ဘယ်လိုလဲပြီးတော့ ဘယ်လိုလဲ့နေတယ်။ အဲဒီလို ကျကျနန သိတယ်။

အဲဒီလို သိသလို သတ္တဝါတို့သန္တာန်မှာရှိတဲ့ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တွေကို ခွဲခြားသိမြင်တဲ့ ဉာဏ်ဝိဇ္ဇာကို **"ဝိပဿနာဉာဏ်ဝိဇ္ဇာ"**။ ကဲ လိုက်ဆိုကြ။

✳ **ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်ဓာတ်သားတို့ကို ခွဲခြားသိမြင်တော်မူတတ်သော မြတ်စွာဘုရား**။

ဒါ ဝိပဿနာဉာဏ်ဝိဇ္ဇာရှိတဲ့ မြတ်စွာဘုရားကို အာရုံပြု ပုတီးစိပ်ပုံပါပဲ။

### **'မ' ဆိုတာက- မနောမယိဒ္ဓိဉာဏ်ဝိဇ္ဇာ**

မနောမယိဒ္ဓိဉာဏ်ဆိုတာက မိမိ၏ခန္ဓာကိုယ်တစ်ခုတည်း တည်ရှိရာက မိမိခန္ဓာကိုယ်နဲ့ အလားတူ ခန္ဓာကိုယ်ကို ဖန်ဆင်းနိုင်တယ်။ စိတ်အလိုအတိုင်း ပြီးတယ်။

မျက်စိ, နား, နှာခေါင်းတွေလည်း အပြည့်အစုံပါတယ်။ အခြားရုပ်တစ်ခု ဖန်ဆင်းတာ။ ဒီနားမှာလည်း တွေ့တယ်။ ဟိုနားမှာလည်း တွေ့တယ်။ တာဝတိံသာမှာ ဘုရား တရားဟောနေတုန်း လူ့ပြည်မှာ ဆွမ်းခံကြွနေတယ်။ နိမ္မိတကိုယ်စား ဖန်ဆင်းပြီးတော့ ထားတယ်။

မြတ်စွာဘုရားရဲ့ ရုပ်ပုံတော်တွေဟာ နားကင်းတွေနဲ့ အစုံအလင်ပေါ့လေ။ မင်းမြောက်တန်ဆာတွေနဲ့ ထားတာကို ပုံတူအာရုံပြုပြီးတော့ ကြည်ညိုကြရတယ်။

ဒါကြောင့် မနောမယိဒ္ဓိဉာဏ် ဆိုတာက ပုံတူပွားနိုင်တာ။ ကိုယ်တော်မြတ်နဲ့ အလားတူ ပုံတူပွားပြီးတော့ ထားနိုင်တဲ့ ဉာဏ်ဝိဇ္ဇာ **"မနောမယိဒ္ဓိဉာဏ်ဝိဇ္ဇာ"**။

http://www.dhammadownload.com



လိုက်ဆိုကြ။

* **ကိုယ်တော်မြတ်နှင့်အတူ ပုံတူရုပ်ပွား ဖန်ဆင်းခြင်း၌ စွမ်းတော်မူနိုင်သော မြတ်စွာဘုရား။**
* **ကိုယ်တော်မြတ်နှင့်အတူ ပုံတူရုပ်ပွား ထားတော်မူနိုင်သော မြတ်စွာဘုရား။**

ဟောဒါ မနောမယိဒ္ဓိဉာဏ်ဝိဇ္ဇာ-

မနောမယိဒ္ဓိဉာဏ်ဝိဇ္ဇာနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားကို အာရုံပြုပါ။ ပုတီးစိပ်ပွားပါ။

**'စေ' ဆိုတာက- စေတောပရိယဉာဏ်ဝိဇ္ဇာ**

စေတောပရိယဉာဏ်ဝိဇ္ဇာ ဆိုတာက ဟောဒီလူတွေ ပမများကြီး တစ်ရာရှိမယ်။ တစ်ထောင်ရှိမယ်။ အဲဒီလူတွေရဲ့စိတ်ကို မြတ်စွာဘုရားက (၁၄)မျိုးနဲ့ ခွဲခြားပြီး သိတယ်။

**သရာဂံဝါစိတ္တံ သရာဂံစိတ္တံ တိ ပဇာနာတိ-**

ဒီပုဂ္ဂိုလ်ရဲ့စိတ်မှာ ရာဂရှိတယ်။ ဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာတော့ ရာဂ ကင်းနေတယ်။

ဒီပုဂ္ဂိုလ်သန္တာန်မှာ ဒေါသရှိတယ်။ ဒီပုဂ္ဂိုလ်မှာ ဒေါသ ကင်းတယ်။

ဒီပုဂ္ဂိုလ်မှာ မောဟစိတ် ရှိတယ်။ ဒီပုဂ္ဂိုလ်မှာ မောဟစိတ် မရှိဘူး။ စသည်ဖြင့် တစ်ခါထဲ (၁၄)မျိုးနဲ့ ခွဲခြားပြီးတော့ သိတော်မူတယ်။ အဲဒီဉာဏ်ကိုတော့ စေတောပရိယဉာဏ်ဝိဇ္ဇာလို့ ခေါ်ရတယ်။

အဲဒီတော့ ပုဂ္ဂိုလ်သတ္တဝါအားလုံးတို့ရဲ့ စိတ်နေစိတ်ထားတွေကို (၁၄)မျိုးနဲ့ ပိုင်းခြားပြီးတော့ သိနေတယ်။

* **နတ်လူပြဟ္မာ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများ၏ စိတ်နေစိတ်ထား (၁၄)မျိုးကို ပိုင်းခြား၍ သိတော်မူတတ်သော မြတ်စွာဘုရား။**

စေတောပရိယဉာဏ်ဝိဇ္ဇာ ပွားပုံပါ။

**မိခင်ဗေဒဝတီ**

http://www.dhammadownload.com



**'ဣ' ဆိုတာက- ဣဒ္ဓိဝိဓဉာဏ်ဝိဇ္ဇာ**

ဣဒ္ဓိဝိဓဉာဏ်ဝိဇ္ဇာ ဆိုတာက တစ်ပါးထဲ ဖြစ်ပေမယ်လို့။ သြော်- ဘုရားအဆူဆူ တစ်ရာ, နှစ်ရာ, အဆူတစ်ထောင်, နှစ်ထောင် ဘုရားအဆူ တစ်သောင်း, နှစ်သောင်း။

မြတ်စွာဘုရားကတော့ တစ်ပါးထဲပဲ။ သို့သော် ဘုရားရှင်တွေ အများကြီး ဖန်ဆင်းပြီးတော့ ထားနိုင်တယ်။

**ဧကောပိဟုတွာ ဗဟုဓာဟောတိ-** စသည် ဟောထားပါတယ်။

တစ်ခါတရံကျတော့ တစ်ခါထဲ မြေပြင်ကျတော့လည်း ရေပြင်လို အသုံးချလို့ရတယ်။ ကောင်းကင်ပေါ်မှာ လမ်းလျှောက်လို့ရတယ်။ ဣဒ္ဓိဝိဓ ဉာဏ်ဝိဇ္ဇာရဲ့ စွမ်းအင်ပါ။

အဲဒီတော့ ဆိုလိုတာက မြေလျှိုးမိုးပျံ တန်ခိုးဈာန်တွေ သဏ္ဍာန် တွေ အမျိုးမျိုး နေတွေ လတွေ သုံးသပ်နိုင်တဲ့ စွမ်းအင်တွေဟာ ဣဒ္ဓိဝိဓဉာဏ် ဝိဇ္ဇာရဲ့ စွမ်းအင်ပဲ။ ဒါကြောင့် လိုက်ဆိုကြ။

* **မြေလျှိုးမိုးပျံ တန်ခိုးဈာန်နှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရား။**

ဒီမှာ ဘာကျန်သလဲဆိုတော့ **"ဒိဗ္ဗသောတ"** ကျန်တယ်။ နတ်နား လို၊ နတ်နားများဟာ အဝေးကြီးလည်း ကြားနိုင်တယ်။

* **နတ်နားကဲ့သို့ ကြားသိတော်မူနိုင်သော မြတ်စွာဘုရား။**

မြတ်စွာဘုရားက နတ်နားလိုဘဲတဲ့ ဒိဗ္ဗသောတဉာဏ်ဝိဇ္ဇာ။

ပု- ဒိ- အာနဲ့ ပေါင်းလိုက်တော့ (၈)မျိုးပေါ့။

**ဝိပဿနာဉာဏ် (၈)မျိုး**

၁။ ဝိပဿနာဉာဏ်ဝိဇ္ဇာ၊
၂။ မနောမယိဒ္ဓိဉာဏ်ဝိဇ္ဇာ၊
၃။ စေတောပရိယဉာဏ်ဝိဇ္ဇာ၊
၄။ ဣဒ္ဓိဝိဓဉာဏ်ဝိဇ္ဇာ၊
၅။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဝိဇ္ဇာ၊

http://www.dhammadownload.com



၆။ ဒိဗ္ဗစက္ခုဉာဏ်ဝိဇ္ဇာ၊

၇။ အာသဝက္ခယဉာဏ်ဝိဇ္ဇာ၊

၈။ ဒိဗ္ဗသောတဉာဏ်ဝိဇ္ဇာ- ရယ်လို့ (၈)မျိုး။

ဟော- ဒီဝိဇ္ဇာ (၇)ပါး, ဝိဇ္ဇာ (၈)ပါး, စရဏတရား (၁၅)ပါးနှင့် အင်မတန် ပြည့်စုံတယ်။

အဲဒီလို အစိတ်အစိတ် ဝေဖန်ပြီး၊ ပြီးတော့မှ တတိယစိန်တံတိုင်းကြီး ခတ်မယ်ဆိုရင် ပိုပြီးတော့ ပြည့်စုံတယ်။ ဒါဖြင့်-

**သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊**

**ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သောဘဂဝါ၊**

**ဝိဇ္ဇာစရဏသမ္ပန္နံ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊**

**ဝိဇ္ဇာစရဏသမ္ပန္နံ ဘဂဝန္တံ ဝန္ဒာမိ သဗ္ဗဒါ၊**

**တတိယော ဝဇီရပါကာရော၊**

**သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။**

အစိတ် အစိတ်ကလေး (၁)ရက်စာ။

တစ်နာရီရရ, နှစ်နာရီရရ၊ တစ်နေ့တာလုပ်ငန်း စိန်တံတိုင်းခတ်ပုံလေး ပြောလို့ ဟောလို့ ပြီးသွားပြီ။

## စတုတ္ထစိန်တံတိုင်းကြီး ခတ်ပုံ

စတုတ္ထ စိန်တံတိုင်းကြီးက ဘာလဲ၊ သုဂတောပါ။

သောဘဂဝါ ဣတိပိ သုဂတော၊

သုဂတော ဝတ သောဘဂဝါ၊

သုဂတံ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊

သုဂတံ ဘဂဝန္တံ ဝန္ဒာမိ သဗ္ဗဒါ၊

စတုတ္ထော ဝဇီရပါကာရော၊

သောဘဂဝါ ဣတိပိ သုဂတော။

http://www.dhammadownload.com



ဟောဒီလို ပါဠိဘာသာနဲ့ ဂုဏ်တော်ကွန်ချာ စတုတ္ထစိန်တံတိုင်းကြီး ခတ်လိုက်တဲ့ အခါကျတော့ ဆရာတော်တွေ ပါဠိတတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်များ ကတော့ သဘောပေါက်ပေမယ့် ဒကာ ဒကာမများကတော့ အဲဒီလို ရွတ်ဆိုရုံနဲ့ သဘောမပေါက်ကြဘူး။

ဒါကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားက ဒီသုဂတော ဂုဏ်တော်ကို-

သောဘဂဝါ- ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ ဣတိပိ- ဤသို့လျှင် ဒီပင်္ကရာ သမ္မာသမ္ဗုဒ္ဓ ဘုရားဖျားဒိပ် ရွှေတံဆိပ်ကို ခတ်နှိပ်ကြည်ဖြူခံယူသည်မှ လူတွင်ထင်ရှား ဘုရားစင်စစ် ဖြစ်သည့်တိုင်မြောက် အမြင်မှောက်သည့် (၆၂)ခန်း ဒိဋ္ဌိလမ်းသို့ မသန်းမငွေ့ ပြကတေ့ဖြင့် အလေ့ဖြူစင် အမြင်ဖြောင့်မတ် အကျင့်မြတ်လျှက် ကောင်းစွာမပြတ် လာတော်မူ တတ်ပါပေသောကြောင့်လည်း။ သုဂတော- သုဂတဟူသော နာမအမော် အမည်တော်ကြီးဖြင့် ထင်ပေါ်ကျော်ကြား၍ နေပါပေသတည်း။

သာဓု သာဓု သာဓု

"ခြောက်ဆယ့်နှစ်ခန်း ဒိဋ္ဌိလမ်းသို့ မသန်းမငွေ့ ပြကတေ့ဖြင့်" ဆိုတဲ့ ဒိဋ္ဌိ (၆၂)ပါး။ အဲဒီ ဒိဋ္ဌိ (၆၂)ပါးကို-

**မိစ္ဆာဒိဋ္ဌိပရမာနိဘိက္ခဝေ ဝဇ္ဇာနိ-**

လောကမှာ ရှိသမျှအပြစ်တွေထဲမှာ မိစ္ဆာဒိဋ္ဌိလောက် အပြစ်ကြီးတာ ဘာမှမရှိဘူး။

ဟော- အယူမှားတယ်ဆိုတာ အမြင်မှားတယ်။ အမြင်မှားလို့ရှိရင် အပြုမှန်ဖို့ရာလည်း မလွယ်ဘူး။ အကြံမှန်ဖို့လည်း မလွယ်ဘူး။ အနေမှန်ဖို့လည်း မလွယ်ဘူး။

ဒိဋ္ဌိ (၆၂)ပါးတဲ့ ဧရာမဒိဋ္ဌိကြီးတွေပေါ့။

"ဣဿရနိမ္မာနဝါဒ"= အခုကမ္ဘာကြီးမှာ ကြီးစိုးနေတာက "ဣဿရနိမ္မာနဝါဒ" ဖန်ဆင်းရှင်ဝါဒ ကမ္ဘာမှာ ပေါ်လွင်နေတယ်။ အဲဒါ ဣဿရနိမ္မာန မိစ္ဆာဒိဋ္ဌိ ပါပဲ။

http://www.dhammadownload.com



ဖန်ဆင်းရှင်ဝါဒ အင်မတန် ကြောက်ဖို့ကောင်းတယ်။ ဘာလုပ်လုပ် ဘုရားတာဝန် ချည်းပဲ။

ဗုဒ္ဓဘာသာဆိုတာ ဘယ်လိုဟာလဲ။

- ဗုဒ္ဓဘာသာဆိုတာကတော့ ကိုယ့်သော့ကိုယ်ကိုင် ကိုယ့်တံခါး ကိုယ်ဖွင့်။
- နတ်ဘုံ နတ်နန်း နတ်စခန်း တက်ချင်ယင်လည်း ကိုယ့်လှေကားနဲ့ ကိုယ်ထောင်သွား။
- ငရဲဘုံဆင်းချင်ရင်လည်း ကိုယ့်လှေကားနဲ့ ကိုယ်သာ ခါးတောင်းချိုက်ကလေးနဲ့ ဆင်းသွားပေတော့။ အဲဒီလိုကိုး။
- မိဘပြုတဲ့ကံနဲ့ သားသမီးပြုတဲ့ကံ တစ်ခြားစီ။
- မယားပြုတဲ့ကံနဲ့ လင်ပြုတဲ့ကံ တစ်ခြားစီ။
- မယားမပါ၊ သားမပါဘူးနော်၊ ကိုယ့်ကံနဲ့ကိုယ်။

ဦးဖြူသည် ကောင်းတဲ့အကြံ၊ ကောင်းတဲ့အပြော၊ ကောင်းတဲ့အလုပ်တွေ လုပ်တယ်။ ဦးဖြူ အကျိုးပေးမယ်။ ဒေါ်ဖြူနဲ့ မဆိုင်ဘူးတဲ့။ ဒေါ်ဖြူလည်း ကောင်းချင်လို့ရှိရင် ကိုယ်တိုင်ကြိုးစားရလိမ့်မယ်။ အဲဒါ ဖန်ဆင်းရှင်ဝါဒနဲ့ အင်မတန် ဆန့်ကျင်တဲ့ ဗုဒ္ဓရဲ့အယူအဆ ဗုဒ္ဓရဲ့ဝါဒ။

ဒိဋ္ဌိ (၆၂)ပါး ပြောမယ်ဆိုရင်တော့ သီလက္ခန်ဗြဟ္မဇာလသုတ္တန်ကြီးကို ဟောမှပြီးမှာ။

"(၆၂)ခန်း ဒိဋ္ဌိလမ်းသို့ မသန်းမငွေ့ ပြကတေ့ဖြင့် အလေ့ဖြူစင် အမြင်ဖြောင့်မတ်" အလေ့ကလဲ ဖြူစင်တယ်၊ အမြင်ဖြောင့်မတ်ပြီးတော့ "အကျင့်မြတ်လျက်" လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလကြီး။ အချိန်ကာလကြီးကိုက အင်မတန်ကြာတာ။ ဘုရားပါရမီဖြည့်တာ အဲဒီအချိန်ကြာတာထဲမှာ မိစ္ဆာဒိဋ္ဌိ လမ်းလွဲသွား၍ လမ်းပေါက်ကလေးတစ်ခု မှားမိပြီဟေ့ဆိုရင် ပြန်မတက်နိုင်ဘူး။ ပြီးတော့ မဖြောင့်နိုင်ဘူး။ အဲဒါကြောင့်မို့ အဲဒီလမ်းလွဲကို ရှောင်လွှဲနိုင်တာဟာ ကမ္ဘာပေါင်း လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတောင် ရှောင်လွှဲနိုင်တာ။ ဒါကြောင့် မြတ်စွာဘုရား အလောင်းတော်ကြီးလောက် လမ်းဖြောင့်တာ ရှိပါ့မလား။ မရှိဘူး။

http://www.dhammadownload.com



ဘုန်းကြီးတို့က ဒီဘ၀တစ်ခုထဲတောင် လမ်းက မဖြောင့်နိုင်ဘူး နော်။ မဖြောင့်ချင်ဘူး။ ယခု ဗုဒ္ဓရဲ့တရားတော်အရ "ကမ္မဿကတာဉာဏ်" အလင်းဓာတ်ကြီး ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့ အလင်းဓာတ်ကြီး။ ယနေ့ ယုံကြည်တယ်။

ဟိုတစ်လောက ဒကာကြီးတစ်ယောက် စောစောက သူ ဘုရားရှိခိုးတယ်၊ ပုတီးစိပ်တယ်၊ ပရိတ်ရွတ်တယ်။ နောက် သူ့သားက လာပြီးတော့ လျှောက်တယ်။ ဘုန်းကြီး ဘယ်လို ဖြစ်သွားမှန်း မသိဘူး။ အခု ဘုရားလည်း ရှိမခိုးတော့ဘူး။ ပုတီးလည်း မစိပ်တော့ဘူး။ ကြီးလာလို့လား မသိဘူးတဲ့။

ဟောဗျာ ကြီးလာတော့ ပိုတောင်ဟန်ကျရအုံးမှာ။ စိတ်တွေက တစ်မျိုး ဖြစ်ဖြစ်သွားတတ်တာကိုးနော်။ တစ်ဘ၀ထဲတောင်မှ-

အဲဒီတော့ မြတ်စွာဘုရားကတော့ "(၆၂)ခန်း ဒိဋ္ဌိလမ်းသို့ မသန်း မငွေ့ ပြကတေ့ဖြင့် အလေ့ဖြူစင် အမြင်ဖြောင့်မတ် အကျင့်မြတ်လျှက် ကောင်းစွာလာတော်မူတတ်သောကြောင့်" **သုဂတော-** သုဂတဟူသော နာမ အမော် အမည်တော်ကြီးဖြင့် ထင်ပေါ်ကျော်ကြားတော်မူပါပေ၏။

## သုဂတော ဂုဏ်တော်ကွန်ချာ

သောဘဂမိ ဣတိပိ သုဂတော၊
သုဂတော ဝတ သောဘဂမိ၊
သုဂတံ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊
သုဂတံ ဘဂဝန္တံ ဝန္ဒာမိ သဗ္ဗဒါ၊
စတုတ္ထော ဝဇီရပါကာရော၊
သောဘဂမိ ဣတိပိ သုဂတော။

သုဂတော နိဗ္ဗာနံ ယာတိ၊ သုဂတော သုန္ဒရံပိစ- စသည်ဖြင့် သုဂတော (၉)ချက်လည်း စိပ်ကြတယ်။ ဂုဏ်တော်ကွန်ချာ သုဂတောလည်း စိပ်ကြတယ်။

အဲဒီတော့ ဘုန်းကြီးတို့က မြန်မာလို ဖြည့်စွက်ပြီးတော့ (၆၂)ခန်း မိစ္ဆာဒိဋ္ဌိ လမ်းလွဲလမ်းမှားကို မရောက်ဘဲနဲ့ အလေ့ကလည်း ဖြူစင် အမြင်က

http://www.dhammadownload.com



ဖြောင့်မတ်ပြီးတော့ လမ်းဖြောင့်တဲ့နေရာမှာ မြတ်စွာဘုရားလောက် လမ်းဖြောင့်တာ မရှိဘူးတဲ့။

ဒါကြောင့် အဲဒါလောက်ဆိုရင် ဘုန်းကြီးတို့က မြန်မာလို လမ်းဖြောင့်တော်မူသော မြတ်စွာဘုရားလို့ ပွားများလိုက်ရင် ပိုပြီးတော့ ပေါ်လွင်တယ်။

- **လမ်းဖြောင့်တော်မူသော မြတ်စွာဘုရား။**
- **အလှေ့ဖြူစင် အမြင်ဖြောင့်မတ် အကျင့်မြတ်လျှက် လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား။**
- **အလာကောင်းတော်မူသော မြတ်စွာဘုရား။**
- **လမ်းဖြောင့်တော်မူသော မြတ်စွာဘုရား။**

အဲဒါ သုဂတောရဲ့ မြန်မာပြန်တစ်မျိုးပါပဲ။

နောက်တစ်နည်း ပြောအုံးမယ်တဲ့။ နောက်တစ်နည်းကျတော့- သုဂတော ဆိုတဲ့ ပုဒ်ကို-

* **အလားအလာကောင်းတာ်မူသော မြတ်စွာဘုရား**-လို့ မြန်မာပြန်နိုင်တယ်-တဲ့။

အလားအလာဆိုတာ ဘာလဲ။ လားရာဂတိ၊ အလောင်းတော်လေး ဖွားတော့ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတွေ မေးလိုက်တဲ့ အခါကျတော့ "ဒီကလေးဟာ- ၁- ရဟန်းပြုရင် ဘုရားဖြစ်လိမ့်မယ်။

၂- လူ့ဘောင်မှာနေရင် စကြာမင်း ဖြစ်မယ်လို့ အလားအလာကို ဟောကြတယ်။

ဘုန်းကြီးတို့ ငယ်ငယ်က ပြောကြ ဆိုကြတာတွေ ရှိတယ်။ ကလေးတစ်ယောက်ကို ကြည့်ပြီးတော့ ဒီကလေး အလားအလာကောင်းတယ်။ စောင့်ရှောက်ထားကြလို့ ဆိုလေ့ရှိတယ်။

ကလေးတစ်ယောက် ကလေးဝဆရာတော်ဘုရားနဲ့ လေယာဉ်ပေါ် အတူတွေ့တယ်။ သူက ရင်ခွင်ပိုက်ကလေးလေး ငိုနေတာ။ ငိုနေတော့ သူ့အမေကလည်း ကောင်းကောင်းနေမကောင်း ခေါင်းတွေမူးနေတော့-

ကလေးဝဆရာတော်ဘုရားက အဲဒီကလေးလေးကို လှမ်းခေါ်



12(A)

http://www.dhammadownload.com



ချော့မော့ပြီး သူ့အမေကို ပြောတယ်တဲ့။

"ဒကာမကြီး ဒီကလေးကို ကောင်းကောင်းဂရုစိုက်၊ ဒီကလေးငယ်လေးကို ကောင်းကောင်းဂရုစိုက်၊ အလားအလာကောင်းတယ်"လို့ ပြောတယ်။ အခု ရာထူးကြီးကြီးနေရာမှာ ရတယ်။ ပြန်ပြောလို့ သိရတာ။

ဘုရားအလောင်းတော်ကြီးကတော့ အလားအလာ အဆပေါင်းများစွာ---

အိမ်ရာတည်ထောင် လူ့ဘောင်မှာနေရင် စကြာမင်းဖြစ်မယ့်ပုဂ္ဂိုလ်၊ လူ့ဘောင်ခွာရှောင်လို့ ရဟန်းပြုလို့ရှိရင် သာမန်ရဟန်း မဟုတ်ဘူး ဘုရား-တဲ့။

သုံးလောကထွဋ်ထား လူတွေထက်မြတ်၊ နတ်တွေထက်မြတ်၊ ဗြဟ္မာတွေထက်သာ၊ လူမင်းကကာတို့ရဲ့ ဥက္ကဋ္ဌ၊ နတ်မင်းတကာတို့ရဲ့ မကိုဋ်၊ အမြိုက်ခေါင်ဖျား သောင်းတိုက်သားတို့ရဲ့ ပတ္တမြားမျက်ရှင်ကြီး ဖြစ်မယ်။

ဟော- ဘယ်လောက် အလားအလာကောင်းသလဲ။

ဘုရားရှင်နဲ့ စကြာမင်းအလောင်းလျာများမှာ ဣဒ္ဓိ= တန်ခိုးလေးမျိုးရှိတယ်။

၁။ သူတစ်ပါးထက် ရုပ်ရေကောင်းတယ်။ (လက္ခဏာတော်ငယ် (၈၀)၊ လက္ခဏာတော်ကြီး (၃၂)ပါးနဲ့ ပြည့်စုံတာကိုး။)

၂။ သူတစ်ပါးထက် အသက်ရှည်တယ်။

၃။ သူတစ်ပါးထက် ကျန်းမာရေးကောင်းတယ်။ ကျန်းမာရေးကလည်း ပြောစရာမလိုဘူးတဲ့။

၄။ သူတစ်ပါးထက် ကြည်ညိုလေးစားခံရမှု ပိုတယ်။ သူတစ်ပါးထက် မြတ်နိုးခံရမှု ပိုတယ်။

အဲဒီလေးမျိုးဟာ ဘုရားအလောင်းတော်များ စကြာမင်းများမှာရှိတဲ့ "ဣဒ္ဓိလေးမျိုး"။

အလားအလာကောင်းတယ်။ ဘုရားဖြစ်မယ် ဆိုတော့ ဒီထက်အလားအလာကောင်းတာ မရှိဘူး။ ပြောစရာမလိုတော့ဘူး။

အဲဒီတော့ ဒီအဖွင့်ကို ကြည့်ပြီးတော့-

http://www.dhammadownload.com



*** အလားအလာကောင်းတော်မူသော မြတ်စွာဘုရား။**

စကြာမင်းဖြစ်မဲ့ပုံ၊ ဘုရားဖြစ်မဲ့ပုံ မြင်လိုက်ပါ။ အဲဒါကို အာရုံပြု ပြီးတော့- လိုက်ဆို။

*** အလားအလာကောင်းတော်မူသော မြတ်စွာဘုရား။**

တစ်ချို့ဆရာတော်ကြီးတွေလည်း အလားအလာ အင်မတန် ကောင်းတာပေါ့။

ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးတို့ဆိုရင် မွေးဖွား ထဲက အဆန်းဘဲ။

**စစ်ကိုင်းတိုင်း**၊ စိုင်းပြင်ကြီးရွာမှာ မွေးဖွားတော့ စို့တကိုင်း (သက်တန့်)**ကြီးက** အိမ်မိုးခေါင်ကနေပြီး ကောင်းကင်တက်သွားတယ်။

အဲဒါကြောင့် ဆရာတော်ဘုရားကြီးရဲ့ ငယ်နာမည်ကို **"မောင်တက် ခေါင်"**လို့ ခေါ်ကြတယ်။

အိမ်ခေါင်မိုးကနေပြီး သိကြားမင်းရဲ့ လေးကိုင်းကြီး စို့တကိုင်းကြီး (သက်တန့်) တက်သွားတယ်။ အရောင်က လင်းနေတယ်။

မြတ်စွာဘုရားဆိုတော့ ပြောစရာမလိုဘူး။ "အလားအလာကောင်း တော်မူသော မြတ်စွာဘုရား"လို့ သုဂတောဂုဏ်ကို အာရုံပြုနိုင်ပါတယ်။

ပြီးတော့ ဘုရားအလောင်းတော် လောကီချမ်းသာတွေ ပြည့်စုံ တယ်။ ရမ္မ, သုဘ, သုရမ္မဆိုတဲ့ နန်းမသုံးဆောင်မှာ လူ့ဘဝမှာ လောကီ စည်းစိမ်တွေ ရရှိတယ်။

သူအို- သူနာ- သူသေ- ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကို မြင်ပြီး တောထွက်ပြီး ရဟန်းပြုတယ်။ ရဟန်းပြုတဲ့အခါ ဈာန်အဆင့်ဆင့်၊ ဉာဏ် အဆင့်ဆင့် (မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အထိ ရတော်မူသော ချမ်းသာပြီး ချမ်းသာ အဲဒီလိုဖြစ်တယ်)

ကာမချမ်းသာက နေပြီးတော့ ဈာန်ချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ် ချမ်းသာ၊ အဲဒါကြောင့်မို့ ဒီသဘောကို ကြည့်မယ်ဆိုလို့ရှိရင်တော့-

- ချမ်းသာအဆင့်ဆင့် ရရှိတော်မူသော မြတ်စွာဘုရား-လို့ ချမ်းသာက နိမ့်မသွားဘူး။ လူ့ဘဝက ရရှိတဲ့ချမ်းသာနဲ့ ရဟန်းဘဝ ရရှိတဲ့

http://www.dhammadownload.com



ချမ်းသာ မတူဘူး။ ချမ်းသာအဆင့်ဆင့် မြင့်သထက်သာ မြင့်သွားတယ်။

ဒါကြောင့်မို့ လိုက်ဆိုကြ-

*** ချမ်းသာအဆင့်ဆင့် ရရှိတော်မူသော မြတ်စွာဘုရား။**

ကာမချမ်းသာက နေပြီးတော့ ဈာန်ချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ။

တေမိမင်း ပြောသလို "ကာမချမ်းသာဆိုတာ နတ်ချမ်းသာလို၊ သိကြားမင်း ချမ်းသာလို၊ ရစေကာမူ သူတစ်ပါးနဲ့ စပ်တယ်တဲ့။ တစ်ဖက်က ပုဂ္ဂိုလ်က ကျေနပ်မှ မကျေနပ်ရင် သူတောင်းစားလို့ တောင်းခံနေရတယ်" တဲ့။ ဒါကတော့ လောကလက်တွေ့ပဲ။

ကိုယ်ကတော့ သဘောကျတယ်။ သူက သဘောမကျရင် တောင်းခံလိုက်ရတာ။ မောနေအောင် တောင်းခံလည်း ရချင်မှလည်း ရတယ်။ ဒါ ကာမချမ်းသာ၊ နတ်တွေမှာတောင် ဒီအတိုင်းပဲတဲ့။

ဒါကြောင့်မို့ သိကြားမင်းစည်းစိမ်လို၊ သိကြားမင်းချမ်းသာလို ကာမချမ်းသာမျိုး ရပါသော်လည်းပဲ၊ ကာမချမ်းသာတွေဟာ "ပရာဒီနဘောဂါ" သူတစ်ပါးနဲ့ ဆက်စပ်တယ်။ "ဝရာကာ" သူတောင်းစား ချမ်းသာတွေပါဘဲတဲ့။

သူတောင်းစားချမ်းသာ- ဘယ်လိုဟာတွေ အစားအသောက်တွေ ဘယ်လိုဟာတွေနဲ့ သွားပြီး ပျော်ပျော် သူတစ်ပါးကျေနပ်မှ ဖြစ်တာကိုး။

ဟော ဈာန်ချမ်းသာကျတော့ သူတစ်ပါးနဲ့လည်း မစပ်တော့ဘူး။ သူတစ်ပါးဆီလည်း တောင်းခံစရာ မလိုဘူး။ ဈာန်ချမ်းသာမှာ တောင်းခံရမဲ့ ပစ္စည်းဝတ္ထုတွေအားလုံး ကင်းသွားပြီနော်။

မဂ်ချမ်းသာဆိုတော့ ပိုပြီးကင်းတယ်။

ဒါကြောင့် ဈာန်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ။

*** ချမ်းသာအဆင့်ဆင့် ရရှိတော်မူသော မြတ်စွာဘုရား။**

မြတ်စွာဘုရား သက်တော် (၈၀)၊ (၄၅)ဝါ ရရှိတော်မူတဲ့အခါ ဘယ်ကြွသလဲ။ နိဗ္ဗာန်ကို ကြွတော်မူတယ်။ နိဗ္ဗာန်လောက်ကောင်းတာလည်း မရှိတော့ဘူး။

နိဗ္ဗာန်ဆိုတဲ့ ဘေးမဲ့ပြီး ထာဝရငြိမ်းချမ်းရေး နိုင်ငံတော်ကြီးသို့ ကြွသွားတယ်။ အသွားလည်း ကောင်းတာဘဲ။

http://www.dhammadownload.com



စာစောက ပြောသလို ချမ်းသာအဆင့်ဆင့် ရရှိတော့ အနေလည်း ကောင်းတာဘဲ။ အကျဉ်းချုပ် ပွားများမယ်ဆိုရင်တော့-

* **အနေကောင်းတော်မူသော မြတ်စွာဘုရား။**

နိဗ္ဗာန်ကြွသွားတာဆိုတော့ အသွားလည်း ကောင်းတယ်တဲ့။

* **အသွားကောင်းတော်မူသော မြတ်စွာဘုရား။**

လိုက်ဆိုကြ။

* **အနေကောင်းတော်မူသော မြတ်စွာဘုရား။**

* **အသွားကောင်းတော်မူသော မြတ်စွာဘုရား။**

အပြောနဲ့ ပတ်သက်လို့ လောကလူတွေကတော့ လိမ်ပြီးတော့လည်း ပြောတယ်။ ညာပြီးတော့လည်း ပြောတယ်။ အကျိုးမရှိတာတွေလည်း ပြောတယ်။ အကျိုးရှိတာတွေလည်း ပြောတယ်။ မှားတာလည်း ပြောတယ်။ မှန်တာလည်း ပြောတယ်။ သူတစ်ပါးကြိုက်တာလည်း ပြောတယ်။ မကြိုက်တာလည်း ပြောတယ်။

စကားခြောက်ခွန်း လူ့ဌထွန်းတဲ့။ မြတ်စွာဘုရားကတော့ အဲဒီအထဲမှာ (၂)မျိုးပဲ ပြောပါတယ်။

* ဟုတ်မှန်ကျိုးရှိ သူတစ်ပါးကြိုက်သော စကားကိုပြောတယ်။

* သူတစ်ပါးမကြိုက်သော်လည်း ဟုတ်မှန်ကျိုးရှိသော စကားကို ပြောတယ်။

စကား (၂)ခွန်းပဲ မြတ်စွာဘုရား မိန့်တယ်။ မဟုတ်တာ မမှန်တာ အကျိုးမရှိတာ လုံးဝမပြောဘူး။ ဒီထက် စကားပြောကောင်းတာတော့ မရှိတော့ဘူး။

အဲဒီတော့ ပိဋကတ်တော် တရားတော်မှာ ဟုတ်မှန်ကျိုးရှိ သူတစ်ပါး ကြိုက်တာတွေ အများကြီးပါတယ်။ သူတစ်ပါးမကြိုက်သော်လည်း ဟုတ်မှန်ကျိုးရှိတဲ့ တရားတော်တွေလည်း ပါတယ်။

ဒီစကား (၂)ခွန်းဘဲ။ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)မှာ ဟောပြောထားတဲ့ စကားတွေဟာ (၂)မျိုးထဲ ရှိတယ်။

ဟုတ်မှန်တယ်၊ အကျိုးရှိတယ်၊ သူတစ်ပါးကြိုက်တယ်။

http://www.dhammadownload.com



သူတစ်ပါးမကြိုက်ပေမယ့် ဟုတ်မှန်တယ်၊ အကျိုးရှိတယ်။ ဒါကြောင့် လိုက်ဆိုကြ။

* ဟုတ်မှန်ကျိုးရှိ သူတစ်ပါးကြိုက်သော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။
* သူတစ်ပါးမကြိုက်သော်လည်း ဟုတ်မှန်ကျိုးရှိသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။
* ပိဋကတ်သုံးပုံ ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။
* နိကာယ်ငါးရပ် ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။
* အင်္ဂါကိုးတန် ပြည့်ဖြိုးလျှံသည့် သာသနာတော် အဆုံးအမတော်ကြီးကို ပြောတော်မူတတ်သော ဟောတော်မူတတ်သော မြတ်စွာဘုရား။
* ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) များမြောင်စွာလှ တရားဓမ္မတို့ကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။

ဟောဒီမှာ ပိဋကတ်သုံးပုံကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။ စာမတတ်ပေမယ့်လို့ ရပြီ ဂုဏ်တော်ပွားလို့၊ ပိဋကတ်သုံးပုံကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။

ဘုန်းကြီးတို့ကျတော့-

* သုတ္တန်တရားကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။
* ဝိနည်းတရားကို ဟောကြားတော်မူသော မြတ်စွာဘုရား။
* အဘိဓမ္မာတရားကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။

ဆိုတော့ ဖြိဖြန့်ပြီးတော့ ပွားလိုက်တာ။

* ဓမ္မစကြာတရားကို ဟောကြားတော်မူသော မြတ်စွာဘုရား။
* အနတ္တလက္ခဏသုတ္တန်ကြီးကို ဟောကြားတော်မူသော မြတ်စွာဘုရား။
* ဓမ္မပဒပါဠိတော်ကြီးကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။

http://www.dhammadownload.com



ကမ္ဘာမှာ ဘုရားဆိုပြီးတော့ ကိုးကွယ်နေကြတယ်။ တို့ဘုရားလို ပိဋကတ်သုံးပုံ ဟောတော်မူတဲ့ မြတ်စွာဘုရား ရှိပါ့မလား။ ဂေါတမ မြတ်စွာဘုရားမှ တစ်ပါး အခြားဘုရားတွေ ပိဋကတ်သုံးပုံကို ဟောတယ် ဆိုတာ ကြားဖူးကြသလား။ (မကြားဖူးပါဘူး)။

ပိဋကတ်သုံးပုံဆိုကာ အခြားဘာသာ အခြားသာသနာမှာ ရှိပါ့ မလား။ (မရှိပါ)။ မရှိလို့မို့ နိုင်ငံတော်က "အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်" ဆိုပြီးတော့ ဘုရား တရားတော်တွေကို အင်္ဂလိပ် ဘာသာနဲ့ ပို့ချပြီးတော့ ကမ္ဘာကို ဖြန့်နေတယ်။

ဘာကြောင့်? ကမ္ဘာမှာမရှိတဲ့ ပစ္စည်း၊ ရှားပါးပစ္စည်း ဖြစ်လို့ပါပဲ။

အဲဒီတော့ ဘုရားဆိုတာ ပိဋကတ်သုံးပုံ မဟောနိုင်ဘူးလား။ (ဟောနိုင်ပါတယ် ဘုရား)။ ဘုရားမှန်ရင် တရားမဟောနိုင်ဘူးလား။ (ဟော နိုင်ပါတယ် ဘုရား)။ သုတ္တန် ဝိနည်း အဘိဓမ္မာတရားတွေကို ဘုရားမှန်ရင် မဟောနိုင်ဘူးလား။ (ဟောနိုင်ပါတယ် ဘုရား)။ ဘုရားမှန်မှ ဟောနိုင်တာ။

ဘုန်းကြီးတို့ ကိုးကွယ်တဲ့ ဘုရားဟာ ပိဋကတ်သုံးပုံ မဟောခဲ့ ဘူးလား။ (ဟောခဲ့ပါတယ် ဘုရား)။ ဓမ္မစကြာတရား မဟောဘူးလား။ (ဟောခဲ့ပါတယ် ဘုရား)။

**ကပ္ပရုက္ခောပမေဒါ သာရော၊ ဖလပုပ္ဖော ပသောဘိတော**

**သစ္စာယောဃမ ပုဗ္ဗော၀၊ ကပ္ပရုက္ခော သမုဋ္ဌိတော။**

ကပ္ပရုက္ခောပမေ့ဒါ- လောကုတ် လောကီ နှစ်လီသော အကျိုးစီးပွား ကို ပေးစွမ်းတော်မူနိုင်သော။ သာရော- သီလ သမာဓိ ပညာဖြည့်၍ ပြည့် သော အနှစ်သာရ ရှိပေထသော။ ဖလပုပ္ဖေါပ သောဘိတော- သိ၍မကုန် သီးပွင့်စုံသို့ အဖုံဖုံ အစားစား များပြားပြည့်ကြွယ် တင့်တယ်တော်မူပါပေ ထသော (ဘုရားတည်းဟူသော ပဒေသာပင်ကြီး သိ၍မကုန်ဘူး။ ဘုန်းကြီး တို့ တစ်ဝါတွင်းလုံး ဟောဟော ဒီတရားတော်တွေဟာ ကုန်နိုင်ရဲ့လား၊ မကုန်နိုင်ဘူး။) သုတ္တန်တရားတော်တွေ ဝိနည်းတရားတော်တွေ သီလက္ခန် ပါဠိတော် ပြန်ကြည့်ရအုံးမယ်။ ဝိဇ္ဇာဉာဏ်ရှစ်ပါးကို ပြောချင်လို့ မြတ်စွာ ဘုရား ဟောတဲ့အတိုင်းတော့ မပြည့်စုံနိုင်ဘူး။ ဒါကြောင့် မြတ်စွာဘုရားက

http://www.dhammadownload.com



ဝိဇ္ဇာဉာဏ် (၈)ပါးကို ဥပမာ (၈)မျိုးနဲ့ တစ်ချို့ဉာဏ်တွေကျတော့ ဥပမာ သုံးမျိုးတောင် ပါတယ်။

ဥပမာအားဖြင့်- "ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဝိဇ္ဇာ"ကို မြတ်စွာဘုရား ခရီးသွားသူ ဥပမာနဲ့ ပြတယ်။

"လူတစ်ယောက်ဟာ ရွာရိုးလျှောက်ပြီးတော့ သွားတယ်။ သွားပြီးတဲ့အခါ ဟိုအိမ်ဝင်ပြီး စကားပြော ဒီအိမ်ဝင်ပြီး စကားပြော ဟိုအိမ်ဝင် ရေသောက် အဲဒီလို လူတွေနဲ့ တွေ့တဲ့အခါ စကားပြော၊ သူ့ခရီးစဉ်လေး ပြီးတဲ့အခါ ပြန်စဉ်းစားတယ်တဲ့။

ငါဒီနေ့ ခရီးသွားခဲ့တယ်။ ဘယ်သူနဲ့ တွေ့တယ်။ ဘယ်သူနဲ့ စကားပြောတယ်။ ဘယ်အိမ်မှာ ရေသောက်တယ်၊ ဘယ်လိုပြောခဲ့တယ်။

အဲဒီ ပြန်ပြီးတော့ သိသလိုဘဲ"--တဲ့ မြတ်စွာဘုရားက ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဝိဇ္ဇာကို ဟောခဲ့တယ်။ ဒီလို မြတ်စွာဘုရားက ဝိဇ္ဇာဉာဏ် (၈)ပါးကို ဥပမာတွေပြပြီး ဥပမေယျတွေနဲ့ ပြည့်ပြည့်စုံစုံ သီလက္ခန်ပါဠိတော်မှာ ဟောထားတယ်။

ဟိုတုန်းကတော့ ရဟန်းဖြစ်ခါစတုံးက ဒီသီလက္ခန်ပါဠိတော် ပြန်ဆိုလာတာ။ အခု မရဘူး။ ကျက်ထားတာ အခေါက်လေးငါးဆယ် ပြန်ဆိုထားတာ အခုမရဘူးနော်။ ဘုရားသာ မဟောခဲ့ရင် ခက်ရချည့်။ စာအုပ်သာ မရှိရင် ခက် တယ်။ မကြာသေးခင်က ဒါပြန်ပြီးတော့ ကြည့်ရတယ်။

ဝိဇ္ဇာဉာဏ် (၈)ပါး အပြောလွဲမှာစိုးလို့၊ အဟောလွဲသွားမှာစိုးလို့။

အဲဒီတော့ မြတ်စွာဘုရားလောက် အပြောကောင်းတာ ရှိပါ့မလား။ (မရှိပါဘုရား)။ မြတ်စွာဘုရားလောက် အဟောကောင်းတာ ရှိပါ့မလား။ (မရှိပါဘုရား)။ မြတ်စွာဘုရားလောက် စကားကောင်းတာ ရှိပါ့မလား။ (မရှိပါဘုရား)။

လိုက်ဆိုကြ။

- **အဟောကောင်းတော်မူသော မြတ်စွာဘုရား။**
- **အပြောကောင်းတော်မူသော မြတ်စွာဘုရား။**
- **စကားကောင်းတော်မူသော မြတ်စွာဘုရား။**

http://www.dhammadownload.com



**စကား**ကောင်းလိုက်တာ တစ်ခါထဲ ငြိမ်းချမ်းရေး ရသွားလောက်တဲ့ **စကားမျိုး**၊ **သတ္တဝါ**တို့ သန္တာန်မှာ လောဘခဲ, ဒေါသခဲ, မောဟခဲတွေကို ထုခွဲဖြေဖျောက်ပြီးတော့ တကယ်တမ်း ဉာဏ်ထူးဉာဏ်မြတ် ရရှိတော်မူစေနိုင်တဲ့ **စကားမျိုး** တရားမျိုး အဲဒီလို စကားတွေ ပြောတယ်။

မြတ်စွာဘုရား ဟောခဲ့တဲ့ တရားကြောင့် ကမ္ဘာကြီးစစ်ဖြစ်နိုင်ပါ့မလား။ **(မဖြစ်နိုင်ပါဘူး)**။ မြတ်စွာဘုရား ဟောကြားသော တရားတော်ကြောင့် ကမ္ဘာကြီးဟာ ငြိမ်းချမ်းမသွားနိုင်ဘူးလား။ (ငြိမ်းချမ်းသွားနိုင်ပါတယ်)။

**ကမ္ဘာကြီး**တင် မကဘူး။ မိမိခန္ဓာကိုယ်လည်း ငြိမ်းချမ်းတယ်။ **တစ်ယောက်ထဲ**လည်း ငြိမ်းချမ်းတယ်။ အိမ်တွေမှာလည်းပဲ မြတ်စွာဘုရား ဟော**ကြားတဲ့** သီလ သမာဓိ ပညာထဲက သီလကျင့်စဉ် လိုက်နာကြရင် ကမ္ဘာ့ငြိမ်းချမ်းရေး ဧကန်ရနိုင်ပါတယ်။

ဟော- မုသာဝါဒ ပိသုဏာဝါစာ- ဂိမ်ညာ ဂုံးတိုက်တဲ့ **စကား**တွေ မပြောဘဲနေရင် ငြိမ်းချမ်းသွားနိုင်တာ။ ဖရုသဝါစာ- ကြမ်းကြမ်းတမ်းတမ်း မပြောရင် ငြိမ်းချမ်းနိုင်တယ်။

**အိမ်တွေမှာလည်း** အိမ်တွင်းငြိမ်းချမ်းရေးတွေ ရနိုင်ဖို့ ဘုရားတရားတွေသာ များများလိုက်စား၊ ဘုရား တရားတော်တွေ များများလိုက်စား ငြိမ်းချမ်းတယ်။

အလားတူဘဲ ရွာတွေ, ရပ်တွေ, မြို့တွေ, တိုင်းခရိုင်နိုင်ငံတွေ, ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းနိုင်တာကတော့ မြတ်စွာဘုရားရဲ့နည်းပါပဲတဲ့။

ဟော- **အများကြီး** မကျင့်သုံးတောင်မှ သီလ၊ သမာဓိပိုင်းက မေတ္တာဘာဝနာ၊ ဗုဒ္ဓါနုဿတိဘာဝနာပွား၊ အဲဒီလိုများ နေကြ ထိုင်ကြမယ်ဆိုရင် ကမ္ဘာကြီးဟာ ငြိမ်းချမ်းလို့ အေးဆေးလို့-

အဲဒီတော့ ဘုန်းကြီးတို့ အဲဒီလို ငြိမ်းချမ်းနိုင်ဖို့ရာအတွက် မိမိတို့ရဲ့ အဓိဋ္ဌာန်လေးနဲ့ "အဓိဋ္ဌာန်လေးနဲ့ စိတ်အကြံတွေ ပြီးမြောက်လို့ သိဒ္ဓိပေါက်ချင်တဲ့ ပုဂ္ဂိုလ်တွေ"

ဟော- ဘုရားဂုဏ်တော်ကို ကျကျနန ပွားပါ။

**မိခင်ဇေယျာဝတီ**

http://www.dhammadownload.com



နံပါတ် (၄) ဖြစ်တဲ့ သုဂတော ဆိုတဲ့ စိန်တံတိုင်းကြီး ခတ်လို့ ပြီးသွားပြန်ပြီ။

အားလုံး ဒကာ ဒကာမတွေဟာ အစဉ်အတိုင်း-

အရဟံဂုဏ်တော်ဆိုတဲ့ စိန်တံတိုင်း

သမ္မာသမ္ဗုဒ္ဓေါဆိုတဲ့ စိန်တံတိုင်း

ဝိဇ္ဇာစရဏသမ္ပန္နောဆိုတဲ့ စိန်တံတိုင်း

သုဂတောဆိုတဲ့ စိန်တံတိုင်း

တဖြေးဖြေး တဆင့်ပြီးတဆင့် စိန်တံတိုင်းကြီးတွေ ခတ်နိုင်ပြီးတော့ သုံးလောကထွဋ်ထား မြတ်ဘုရား ညွှန်ပြတော်မူတဲ့ ဝိမုတ္တိသုခ အမတ အောင်ခန်း နိဗ္ဗာန်နန်းသို့ လျှင်မြန်စွာ စံမြန်းနိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

## ပဉ္စမစိန်တံတိုင်းကြီး ခတ်ပုံ

ယနေ့ ၁၃၆၁-ခု၊ တော်သလင်းလဆန်း (၈)ရက်နေ့ (၁၁)ရက် နာဂလိုဏ်ဂူ အဓိဋ္ဌာန်တရားကို ဆက်ဟောပါမယ်။

ပဉ္စမမြောက် ပဉ္စမစိန်တံတိုင်းကြီးကို ခတ်ကြရအောင်။ ပဉ္စမ စိန်တံတိုင်းကြီးက **"လောကဝိဒူ"** တဲ့။

လောကဝိဒူကို-

ဘောဘဂဝါ ဣတိပိ လောကဝိဒူ၊
လောကဝိဒူ ဝတ သောဘဂဝါ၊
လောကဝိဒုံ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊
လောကဝိဒုံ ဘဂဝန္တံ ဝန္ဒာမိ သႇဗ္ဗဒါ၊
ပဥ္စမော ဝဇီရပါကာရော၊
သောဘဂဝါ ဣတိပိ လောကဝိဒူ။

http://www.dhammadownload.com



ဂုဏ်တော်ကွန်ချာ ပုတီးစိပ်ကြ၊ လောကဝိဒူဆိုတဲ့ ဂုဏ်တော်ကို ပါဠိဘာသာ တတ်ကျွမ်းသူများ ရှင်းကနဲ ရှင်းကနဲ သိသွားသော်လည်း အများစုသိဖို့ ခက်တယ်။

အဲဒီ လောကဝိဒူဆိုတဲ့ ဂုဏ်တော်ကို ဂုဏ်ပုဒ်တော်ကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက -

သောဘဂဝါ- အကျွန်ုပ်တို့ ကိုးကွယ်အားထားရာဖြစ်သော မြတ်စွာဘုရားသည်။ ဣတိပိ- ဤသို့လျှင် လူ့ခွင်နတ်ရွာ ပြဟ္မာနှစ်ဆယ် အပါယ်လေးရပ် သတ်မှတ်ပိုင်းခြား ဗီလာအားဖြင့် ကျယ်ပွားအနန္တ ရှိသမျှတွင် လောကအချက် အဆက်ဆက်ဖြင့် ဖြစ်ပျက်ပွားဆုတ် မြတ်ယုတ်ဆိုးကောင်း ကျိုးအကြောင်းကို ကောင်းစွာပိုင်ပိုင် သိစွမ်းနိုင်သော ဂုဏ်သကတ်ကြောင့်လည်း။ လောကဝိဒူ- လောကဝိဒူဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လောကဓာတ်အရပ်စုံအောင် လွှမ်းမိုးခြုံ ကျော်ကြား၍ ထင်ရှားတော်မူပါပေသတည်း။

သာဓု သာဓု သာဓု

မိမိတို့ ကိုးကွယ်အားထားတဲ့ မြတ်စွာဘုရားက လောကဝိဒူ-ဟူသော ဂုဏ်တော်ပုဒ်နဲ့ ချီးကျူးအပ်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး။

ဒီဂုဏ်တော်ကို ပွားများနေတော့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ဖြစ်ပါတယ်။ ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ပွားများပြီးတော့ စိတ်ထဲက အာရုံပြုနှုတ်ကရွတ်ပွားများ ပုတီးပါရင်လည်း ရတယ်၊ မပါရင်လည်း ဖြစ်ပါတယ်။ ပုတီးလေးနဲ့ကျတော့ ပုတီးလုံးရေကို အဓိကမထားပဲနဲ့ ဘုရားဂုဏ်တော်စီ အာရုံရောက်ပြီးတော့ သွားအောင်-

ဟော အဓိဋ္ဌာန်ပုတီးစိပ်တဲ့ ပုဂ္ဂိုလ်တွေလည်း စနစ်တကျ စိပ်တတ်အောင် ဂုဏ်တော်ပွားများတဲ့ သူတွေလည်း ဂုဏ်တော်ပွားများတတ်အောင် လယ်တီဆရာတော်ဘုရားကြီးက-

လူ့ခွင်နတ်ရပ် ပြဟ္မာနှစ်ဆယ် အပါယ်လေးရပ် သတ်မှတ်ပိုင်းခြား ဗီလာအားဖြင့် ကျယ်ပွားအနန္တ ရှိသမျှတွင် လောကအချက် အဆက်ဆက်

http://www.dhammadownload.com



ဖြင့် ဖြစ်ပျက်ပွားဆုတ် မြတ်ယုတ်ဆိုးကောင်း ကျိုးအကြောင်းကို ကောင်းစွာ ပိုင်ပိုင် သိစွမ်းနိုင်တော်မူတတ် ဂုဏ်သကတ်ကြောင့်၊ လောကဝိဒူ- လောကဝိဒူ မည်ပါပေ၏။

လောကဝိဒူဆိုတာ လောက,က လောက၊ ဝိဒူက သိတယ်။ လောကဝိဒူ- လောကကို သိတယ်။ လောကသိတဲ့ အခါကျတော့ လောက,က သုံးမျိုးရှိတယ်။ ဘာတွေလဲ-

၁။ ဩကာသလောက,

၂။ သတ္တလောက,

၃။ သင်္ခါရလောက,

ဒကာ ဒကာမတွေ လောက ဘယ်နှစ်မျိုးရှိလဲ။ (သုံးမျိုးပါဘုရား)။

ဩကာသလောကဆိုတာ ဘာတွေလဲ ဩကာသလောကဆိုတာ ဘုံဌာနတွေ အားလုံး။ ဘုံဌာနတွေက ဘယ်လောက်ရှိသလဲ ဆိုတော့။

လူ့ခွင်နတ်ရွာတဲ့။ လူ့ဘုံရယ်, နတ်ပြည် (၆)ထပ်ရယ်။ သုဂတိ (၇)ဘုံ၊ ဗြဟ္မာ (၂၀)၊ အပါယ်က (၄)ဘုံ။ အားလုံး (၃၁)ဘုံ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဒီ (၃၁)ဘုံထဲမှာ ဘယ်ဘုံကို မြင်နေကြသလဲ။ ဘယ်နှစ်ဘုံ တွေ့ကြသလဲ။ လူ့ဘုံ မတွေ့ကြဘူးလား။ (တွေ့ပါတယ်ဘုရား)။ နတ်ဘုံ မြင်နိုင်ရဲ့လား။ (မမြင်ပါဘုရား)။ ဗြဟ္မာဘုံ (၂၀) မြင်ရဲ့လား။ (မမြင်ပါဘုရား)။

အပါယ် (၄)ဘုံထဲက တိရစ္ဆာန်ဘုံ မမြင်ဘူးလား။ တိရစ္ဆာန်တွေ နေတဲ့ နေရာတွေ တွေ့နေကြတယ်။ သူတို့ကလည်း လူတွေနေသလိုပါဘဲ။ အနှံ့နေကြတယ်။ ရေထဲမှာလည်း နေတယ်။ မြေပေါ်မှာ နေတယ်။ ကောင်းကင်မှာလည်း နေတယ်။ အစုံပါဘဲ။

ငရဲဘုံ မမြင်ဘူး။ ပြိတ္တာဘုံ မမြင်ဘူး။ အသူရကာယ်ဘုံ မမြင်ဘူး။ နတ်လည်း မမြင်ဘူး။ ဗြဟ္မာပြည် (၂၀)လည်း မမြင်ဘူး။

(၃၁)ဘုံ ဩကာသလောက။ မြတ်စွာဘုရားကတော့ (၃၁)ဘုံလုံး ကို ဖြစ်တာလည်း သိတယ်။ ပျက်တာလည်း သိတယ်။ တိုးပွားတာလည်း သိတယ်။ ဆုတ်ယုတ်တာလည်း သိတယ်။ မြတ်တာလည်း သိတယ်။ ယုတ်

http://www.dhammadownload.com



တာလည်း သိတယ်။ အကျိုးလည်း သိတယ်။ အကြောင်းလည်း သိတယ်။ အဆိုးလည်း သိတယ်။ အကောင်းလည်း သိတယ်။

ဘုန်းကြီးတို့တတွေက မြတ်စွာဘုရား မြင်တော်မူတဲ့ (၃၁)ဘုံထဲ ဘယ်နှစ်ဘုံ မြင်သလဲဆိုတော့။ (၂-ဘုံ မြင်ပါတယ် ဘုရား)။ လူ့ဘုံရယ်, တိရစ္ဆာန်ဘုံရယ် (၂)ဘုံ မမြင်ကြဘူးလား။ (မြင်ပါတယ် ဘုရား)။

ဉာဏ်တော်ကြီးက အင်မတန် ကြီးမားတယ်။ လောကသားတွေ မမြင်နိုင်တဲ့ ဘုံကို မြင်တော်မူနိုင်တယ်။ အရှေ့တိုင်း အနောက်တိုင်းမှာ ရှိကြတဲ့ စွမ်းပါတယ်ဆိုတဲ့ သိပ္ပံပညာရှင်တွေ လူ့ဘုံမမြင်နိုင်ဘူးလား။ (မြင်နိုင်ပါတယ်ဘုရား)။

တိရစ္ဆာန်ဘုံ မမြင်ဘူးလား။ (မြင်ပါတယ် ဘုရား)။ ငရဲ, ပြိတ္တာ, အသူရကာယ်နဲ့ နတ်ပြည်, ဗြဟ္မာပြည် မြင်နိုင်ရဲ့လား။ (မမြင်ပါဘုရား)။

ကမ္ဘာ့လူထုကြီး သန်းပေါင်း (၆၀၀၀)ကျော် မြင်တာက နှစ်ဘုံဘဲ မြင်တယ်။ ကိုးကွယ်ရာ အားထားရာဖြစ်တဲ့ မြတ်စွာဘုရားရှင်က (၃၁)ဘုံလုံး မမြင်ဘူးလား။ (မြင်ပါတယ် ဘုရား)။

အဲဒီတော့ (၃၁)ဘုံ သြကာသလောကကို သိတော်မူ မြင်တော်မူသော မြတ်စွာဘုရား။ လိုက်ဆို။

* ၃၁-ဘုံ သြကာသလောကကို မြင်တော်မူသော မြတ်စွာဘုရား။

၃၁-ဘုံ သြကာသလောကကို သိတဲ့နေရာမှာ သာမန်သိတော်မူတာ မဟုတ်ဘူး။ ဖြစ်တာလည်း သိတယ်။ ပျက်တာလည်း သိတယ်။ တိုးပွားတာလည်း သိတယ်။ ဆုတ်ယုတ်တာလည်း သိတယ်။ အကျိုးလည်း သိတယ်။ အကြောင်းလည်း သိတယ်။ အဆိုးလည်း သိတယ်။ အကောင်းလည်း သိတယ်။ အမြတ်လည်း သိတယ်။ အယုတ်လည်း သိတယ်။ ၃၁-ဘုံ သိတဲ့နေရာမှာ သာမန်လေးသိတာ မဟုတ်ဘူးတဲ့။

ကမ္ဘာ့လူထုကြီး သိနေတာက (၂)ဘုံဘဲ သိတယ်။ (၃၁)ဘုံလုံးကို ဘုရားမှန်မှ သိတယ်နော်။ ဘုရားမမှန်ရင် မသိဘူး။သဗ္ဗညုမြတ်စွာဘုရားကတော့ (၃၁)ဘုံလုံးကို သိတယ်။ ဟော- အနန္တစကြာဝဠာ အနန္တစကြာဝဠာလို့ ဘုန်းကြီးတို့ စကားသုံးကြတယ်။

http://www.dhammadownload.com



နေတို့, လတို့ အရောင်ထွန်းပနိုင်တဲ့နေရာ လေးကျွန်းတစ်မြင့်မိုရ်။ ဟောဒီ နေမင်းကြီး ထွက်လာပြီး ဟော- နေပျောက်ကွယ်သွားပြီ။ လမင်းကြီး ထွက်လာပြီ။ ပျောက်ကွယ်သွားပြီ။ အဲဒီ နေတစ်စင်း, လတစ်စင်း တို့ လှည့်ပတ်ပြီးတော့ နေတဲ့နေရာ။ ကျွန်းကြီးလေးကျွန်းတို့နဲ့ ဝန်းရံပြီးတော့ နေတဲ့နေရာ။ ဟော မြင်းမိုရ်တောင်နှင့် ကျွန်းကြီးလေးကျွန်းကို နေတို့, လတို့က လှည့်ပတ်သွားလာနေတဲ့နေရာ။

လေးကျွန်းတစ်မြင့်မိုရ်ကို စကြဝဠာတစ်ခု၊ ထိုထိုစကြဝဠာပေါင်း များစွာကို စကြဝဠာအနန္တလို့ ခေါ်ပါတယ်။

နေတစ်စင်း, လတစ်စင်း, မြင့်မိုရ်တောင်, ကျွန်းကြီးလေးကျွန်းကို စကြဝဠာတစ်ခု။ အဲဒီ စကြဝဠာပေါင်း မရေမတွက်နိုင်တာကို စကြဝဠာ အနန္တ။ မိမိတို့ နေထိုင်တဲ့ စကြဝဠာနဲ့ ဝန်းကျင်စကြဝဠာတွေ စကြဝဠာ ပေါင်း တစ်ထောင်။ အဲဒါကို စူဠနီလောကဓာတ်လို့ ခေါ်တယ်။

အခု ကမ္ဘာ့လူထုကြီး သန်းပေါင်း (၆၀၀၀)ကျော် နေထိုင်တဲ့ ဒီကမ္ဘာကြီး ။ ဒါစကြဝဠာကြီးတစ်ခု။ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း (၁၈၈)ကျော် စုပေါင်းပြီးတော့ နေထိုင်တာ စကြဝဠာကြီးတစ်ခုပဲ။

အဲဒီလို စကြဝဠာပေါင်း (၁၀၀၀)ကို စူဠနီလောကဓာတ်လို့ မြတ်စွာဘုရားက မိန့်ခဲ့တယ်။ အဲဒီလို စကြဝဠာပေါင်း တစ်သိန်းကို မဇ္ဈိမလောကဓာတ်။ ဒါလဲ မြတ်စွာဘုရား မြင်တော်မူတယ်။

နောက်ထပ် အဲဒီလို မိမိတို့ သန်းပေါင်း (၆၀၀၀)ကျော် နေထိုင်ရာ ဖြစ်တဲ့ နေ, လ, လေးကျွန်းနှင့် မြင့်မိုရ်တောင်တစ်ခု ဖြစ်တဲ့ စကြဝဠာပေါင်း ကုဋေတစ်သိန်းကို မဟာသဟဿိလောကဓာတ်ကြီး။

လောကဓာတ် (၃)မျိုး-

၁။ စူဠနီလောကဓာတ်,

၂။ မဇ္ဈိမလောကဓာတ်,

၃။ မဟာသဟဿိလောကဓာတ်-ရယ်လို့ လောကဓာတ် (၃)မျိုး မြတ်စွာဘုရားက ဟောခဲ့တယ်။

http://www.dhammadownload.com



အနန္တလောကဓာတ် အနန္တစကြဝဠာ ဆိုတာက စကြဝဠာ အဆုံး မရှိဘူးတဲ့။

အခုခေတ် မြင်နိုင်တဲ့ ပုဂ္ဂိုလ်တွေ စကြဝဠာတစ်ခုက ပိုပြီးမြင်နိုင်သူ မကြားဖူးဘူး။ ကမ္ဘာလူထုကြီးသန်းပေါင်း (၆၀၀၀)ကျော် နေထိုင်ရာဖြစ်တဲ့ ဒီစကြဝဠာကိုသာ မြင်နေကြတယ်။ မိမိနေထိုင်ရာ စကြဝဠာရဲ့ ဝဲယာ ရှေ့နောက်မှာ ကပ်ပြီးနေတဲ့ စကြဝဠာကို မြင်ရဲ့လား။ (မမြင်ပါဘုရား)။

ဒီလို စကြဝဠာပေါင်း (၁၀၀၀) ရှိတယ်။ ဒီလို စကြဝဠာပေါင်း (၁၀၀၀၀၀) ရှိတယ်။ ဒီလို စကြဝဠာပေါင်း ကုဋေတစ်သိန်း ရှိတယ်တဲ့။ မြင်တော်မမူဘူးလား။ (မြင်ပါတယ် ဘုရား)။

စကြဝဠာအနန္တ ဩကာသလောကကြီးဘဲ။ စကြဝဠာ တည်နေပုံနှင့်တကွ ဒီစကြဝဠာကြီး ဘယ်လိုတည်နေသလဲ။ မြေကြီးဟာ ဘယ်မှာ တည်သလဲဆိုရင်-

**အယံ အာနန္ဒ မဟာပထဝီ ဥဒကေ ပတိဋ္ဌိတာ**

ရေပြင်ပေါ်မှာ တည်နေတယ်။ ရေပြင်ဘယ်မှာ တည်နေသလဲ။ လေပြင်ပေါ်မှာ တည်တယ်။ လေလှုပ်ရင် ရေလှုပ်တယ်။ ရေလှုပ်လို့ရှိရင် မြေမလှုပ်ဘူးလား။ (လှုပ်ပါတယ် ဘုရား)။

ဩကာသလောက အဆင့်ဆင့် တည်နေပုံက-

ကိုးသိန်းခြောက်သောင်း အထုပေါင်း တည်ရှောင်းအောက်ခံ **လေ၊**

လေးသိန်းရှစ်သောင်း အထုပေါင်း တည်ရှောင်းလေထက် **ရေ၊**

နှစ်သိန်းလေးသောင်း အထုပေါင်း တည်ရှောင်းရေထက် **မြေ၊**

သိလာ,ပံသု မြေနှစ်ခု အထုထက်ဝက်ဝေ။

မြတ်စွာဘုရားက "ဘူမိစာလကထာ"တဲ့ မြေငလျင်လှုပ်ခြင်းရဲ့ အကြောင်းအမျိုးမျိုး ဟောကြားပြီးထားတယ်။

မြင်မှမမြင်ရတဲ့ အခါကျတော့ တိုင်းတာလို့မရတဲ့အတွက် ကြိုတင်ခန့်မှန်းလို့မရဘူး။ မိုးလေဝသကတော့ တိမ်တွေရဲ့ လှုပ်ရှားမှုကို မြင်ရတော့ တိုင်းတာလို့ရတယ်။ မြေငလျင်လှုပ်တာကို မှန်းဆပြီး တွက်ရတော့ မှန်ခဲ တယ်။

http://www.dhammadownload.com



မြတ်စွာဘုရား လေလှုပ်ရင် ရေလှုပ်တယ်။ ရေလှုပ်ရင် မြေလှုပ်တယ်လို့ ဟောထားခဲ့တော့ မြေသည် ရေပေါ်မှာ တည်တယ်။ ရေသည် လေပေါ်မှာ တည်တယ်လို့ မြင်တော်မူတယ်။ ဘယ်ကိရိယာနဲ့မှ မတိုင်းရဘူး။

* **ဩကာသလောကကို သိတော်မူသော မြတ်စွာဘုရား။**

ဘယ်စကြဝဠာဘဲဖြစ်ဖြစ် ဖြစ်တာလည်း သိတယ်။ ပျက်တာလည်း သိတယ်။ တိုးပွားတာလည်း သိတယ်။ ဆုတ်ယုတ်တာလည်း သိတယ်။ မြတ်တာလည်း သိတယ်။ ယုတ်တာလည်း သိတယ်။ အကျိုးလည်း သိတယ်။ အကြောင်းလည်း သိတယ်။ အဆိုးလည်း သိတယ်။ အကောင်းလည်း သိတယ်။ ဒါကြောင့် လိုက်ပြီးတော့ ဆိုကြအုန်း။

* **စကြဝဠာအနန္တ ဩကာသလောကကို သိတော်မူသော မြတ်စွာဘုရား။**

ဩြော်- ဩကာသလောက၊ (၃၁)ဘုံ ဩကာသလောက၊ စကြဝဠာ ဩကာသလောကမှ နေကြထိုင်ကြတဲ့ ရေနေသတ္တဝါတွေ ဘယ်လောက်၊ ကုန်းနေသတ္တဝါတွေ ဘယ်လောက်၊ ကောင်းကင်နေ သတ္တဝါတွေက ဘယ်၍ ဘယ်မျှ အရေအတွက်နှင့်တကွ-

သတ္တဝါတို့ရဲ့ သဏ္ဌာန်၊ အနေ၊ ဖြစ်တာ၊ ပျက်တာ၊ တိုးပွားတာ၊ ဆုတ်ယုတ်တာ၊ အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အယုတ်အမြတ်တွေကို ကောင်းစွာ သိတော်မူတယ်။ သတ္တလောကကို သိတော်မူတယ်။

(၃၁)ဘုံသား တစ်နည်းအားဖြင့် စကြဝဠာသားတို့ရဲ့ ဖြစ်, ပျက်, ပွား, ဆုတ်, မြတ်, ယုတ်, ကြောင်း, ကျိုး, ကောင်း, ဆိုးကို သိတော်မူတယ်။

ကဲ လိုက်ဆိုကြ။

* **(၃၁)ဘုံသား စကြဝဠာသားတို့၏ ဖြစ်ပျက်ပွားဆုတ် မြတ်ယုတ်ဆိုးကောင်း ကျိုးအကြောင်းကို ကောင်းစွာ သိမြင်တော်မူနိုင်သော မြတ်စွာဘုရား။**

ဟော- (၃၁)ဘုံသားတွေကိုလည်း သိတယ်။ စကြဝဠာအနန္တသားတွေကိုလည်း သိတယ်။

http://www.dhammadownload.com



ဒါဖြင့် အဲဒီလောက်တင် သိတာမဟုတ်ဘူး။ (၃၁)ဘုံမှာ ရှိနေတဲ့ သတ္တဝါ စကြဝဠာအနန္တမှာ ရှိနေတဲ့ သတ္တဝါတွေ ဗဟိဒ္ဓလောက ရေမြေ တောတောင် သမုဒ္ဒရာလို့ ခေါ်တဲ့ သင်္ခါရလောက-

စောစောက (၃၁)ဘုံသား စကြဝဠာအနန္တသားတို့ရဲ့ အတွင်း သဏ္ဌာန်မှာရှိနေတဲ့ ရုပ်နေရုပ်ထား, စိတ်နေစိတ်ထား, ခန္ဓာငါးမျိုး, အာယတန (၁၂)မျိုး, ဓာတ် (၁၈)မျိုး ခွဲခြားပြီးတော့ အတွင်းဓာတ်သား သင်္ခါရလောကကိုလည်း သိမြင်တော်မူတယ်။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် သတ္တဝါမျိုးစုံတို့ရဲ့ လှည့်ပတ်သွားလာနေပုံ အဲဒီ သတ္တဝါတို့ရဲ့ လှည့်ပတ်ပြီးတော့ ဓမ္မနိယာမအားဖြင့် ပဋိစ္စသမုပ္ပါဒ် စက်ဝန်းကြီးကိုလည်း မြတ်စွာဘုရား မြင်တော်မူတယ်။

ဒါဖြင့် သင်္ခါရလောကဆိုတာ ဗဟိဒ္ဓလောက သစ်ပင် ရေမြေ တောတောင် သမုဒ္ဒရာ စသည်-

အဇ္ဈတ္တလောကခေါ်တဲ့ သတ္တဝါတို့ရဲ့ သဏ္ဌာန်မှာရှိတဲ့ ရုပ်နေရုပ်ထား၊ စိတ်နေစိတ်ထား၊ ဖြစ်ပျက်၊ ပွားဆုတ်၊ မြတ်ယုတ်၊ ကောင်းဆိုး၊ ကြောင်းကျိုးကို ကောင်းစွာပိုင်ပိုင် သိမြင်တော်မူနိုင်တယ်။ လိုက်ဆိုကြ။

- **(၃၁)ဘုံရှိ (၃၁)ဘုံသားတို့၏ ရုပ်နေရုပ်ထား၊ စိတ်နေစိတ်ထား၊ ဖြစ်ပျက်၊ ပွားဆုတ်၊ မြတ်ယုတ်၊ ဆိုးကောင်း၊ ကျိုးအကြောင်းကို ကောင်းစွာပိုင်ပိုင် သိစွမ်းတော်မူနိုင်သော မြတ်စွာဘုရား။**
- **ရေ မြေ တော တောင် သစ်ပင်စသည်တို့၏ ဖြစ်ပျက်၊ ပွားဆုတ်၊ မြတ်ယုတ်၊ ဆိုးကောင်း၊ ကျိုးအကြောင်းကို ကောင်းစွာ ပိုင်ပိုင် သိစွမ်းတော်မူနိုင်သော မြတ်စွာဘုရား။**

(၃၁)ဘုံမှာ (၃၁)ဘုံသားတို့ ဘယ်လိုလည်ပတ်နေသလဲ၊ ကြဝဠာ အနန္တမှာ စကြဝဠာသားတွေ ဘယ်လိုလည်ပတ်နေသလဲ။ မြတ်စွာဘုရား ဘုရားဖြစ်ပြီးတာနဲ့ တစ်ပြိုင်နက်ထဲ ဆင်ခြင်လိုက်တယ်။ အနန္တ စကြဝဠာ သားတွေ (၃၁)ဘုံသားတွေ အဝိဇ္ဇာပစ္စယာသင်္ခါရာတဲ့။

ဟော- မသိလို့မို့ သင်္ခါရတွေဖြစ်တာပါဘဲ အစရှိသဖြင့် အဲဒီက နေပြီး ဘဝတစ်ခုလုံး သေတဲ့ ကျေတဲ့အထိ သေကျေပြီးတဲ့နောက် သောက

http://www.dhammadownload.com



ပရိဒေဝ စသည်ဖြစ်သည့်တိုင်အောင် ပဋိစ္စသမုပ္ပါဒ် စက်ဝန်းကြီးကို မြင်တော်မူတာ-

အဲဒါ သတ္တလောကရဲ့ ဓမ္မပရမတ္ထသစ္စာအားဖြင့် လည်ပတ်နေပုံ-

ဒီပဋိစ္စသမုပ္ပါဒ် စက်ဝန်းကြီး လည်ပတ်နေပုံဟာ ဘုရားမဟုတ်ရင် မဟောနိုင်ဘူး။ ဘုရားမစစ်ရင် မဟောနိုင်ဘူး။

အဲဒီတော့ ဘုန်းကြီးတို့ ကိုးကွယ်အားထား ဆည်းကပ်နေတဲ့ မြတ်စွာဘုရားသည် ဩကာသလောက (၃၁)ဘုံ စကြဝဠာအနန္တ အကုန်အစင် သိမြင်တော်မူတယ်။

သတ္တလောက- သတ္တဝါမျိုးစုံကို အကုန်အစင် သိမြင်တော်မူတယ်။ သတ္တဝါမျိုးစုံသဏ္ဍာန်မှာ ရှိနေတဲ့ အဒီသတ္တဝါတွေ လှည့်ပတ်ပြီးတော့နေတဲ့ သံသရာစက်ဝန်းကြီးကိုလည်း ကျကျနန မြင်တော်မူတယ်။

ဒါကြောင့်မို့ လောကဝိဒူတဲ့ လောကဝိဒူဂုဏ်တော် အကျဉ်းအားဖြင့် ဟောရတာ။ အကျယ်တဝင့် ဆိုရင်တော့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ **"ဥရောပဗုဒ္ဓဘာသာ အလင်းကျမ်း"** ဥရောပတိုက်သားတွေ အတွက်။ အာရှတိုက်သားတွေကတော့ ဘုရား, တရား, သံဃာနဲ့ နီးစပ်တယ်တဲ့။ ဥရောပတိုက်သားတွေက ဘုရား, တရား, သံဃာနဲ့ မနီးစပ်ဘူး။

ဆရာတော်ဘုရားကြီးက ဒီလောကသုံးပါးကို ဖြိုဖြန့်ပြီးတော့ ရေးထားတယ်။ "ဥရောပဗုဒ္ဓဘာသာအလင်းကျမ်း" ဆိုပြီး ရှိပါတယ်။

အဲဒီတော့ လောကဝိဒူဆိုတဲ့ ဂုဏ်တော်ကြီးဟာ လောကဝိဒူ-- စောစောကပြောတဲ့ အနန္တစကြဝဠာ တစ်နည်းအားဖြင့် တရားနယ်ပယ်က ပြောမယ်ဆိုရင် လောကရဲ့အဆုံးကို ခြေကျင်သွားလို့ မရောက်နိုင်ဘူး။ ယာဉ်ရထားတွေနဲ့လည်း သွားလို့ မရောက်နိုင်ဘူး။ ဣဒ္ဓိပါဒ်ရှိတဲ့ ပုဂ္ဂိုလ်တွေကော သွားနိုင်သလား။ မသွားနိုင်ဘူး။ မသွားနိုင်ကြဘူး။ ဒါကြောင့်-

**ဂမနေန နပတ္တဗ္ဗော၊ နဂန္တဗ္ဗော ကုဒါစနံ**

သွားလို့ဖြင့် ဘယ်လိုမှမရောက်ဘူးတဲ့။ ယာဉ်ရထားနဲ့ဘဲ သွားသွား၊ တန်ခိုးနဲ့ဘဲ သွားသွား၊ လောက၏အဆုံးကို မရောက်နိုင်ဘူး။

http://www.dhammadownload.com



## နစအပတွာ လောကန္တံ၊ ဒုက္ခာ အတ္ထိပမောစနံ

လောက၏အဆုံး မရောက်ပဲနဲ့ ဒုက္ခ၏အဆုံးကို မရောက်နိုင်ဘူး-တဲ့။ တစ်နည်းအားဖြင့် ပြောရရင် လောကဆိုတာက ဒုက္ခသစ္စာ၊ လောကသမုဒယ ဆိုတာက ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ၊ လောက နိရောဓဆိုတာက လောက၏ချုပ်ရာနိဗ္ဗာန်။

လောကကို ခန္ဓာငါးပါး ယူပြီးတော့ ဤတစ်လံမျှလောက်သောခန္ဓာကိုယ်မှာ လောကလည်း ရှိတယ်။ လောကဆိုတာ ဘာလဲ။ ဒုက္ခသစ္စာ။ ဒီခန္ဓာကိုယ်မှာဘဲ ရှာကြည့်။ လောကဖြစ်ကြောင်းက တဏှာ၊ လောကချုပ်ရာလည်း ရှိတယ်။

တရားပျောက် ကိုယ်မှာရှာ၊ တရားရှာ ကိုယ်မှာတွေ့ဆိုတာလို ချုပ်ငြိမ်းရာလည်း ဒီထဲမှာဘဲရှာ၊ လောကချုပ်ငြိမ်းရာလည်း ဒီထဲမှာဘဲရှာ။

လောက၏အဆုံးကို ရောက်အောင်သွားတဲ့နည်း၊ တရားရှာနည်းကို ပြောကြဦးစို့။ ဘာကြောင့် လောက၏အဆုံးရောက်အောင် သွားတဲ့နည်းကို ညွှန်းရသလဲဆိုတော့-

လောကဆိုတာ ဖြစ်တတ် ပျက်တတ်တဲ့သဘောကို လောကလို့ခေါ်တာ။ ဖြစ်တာ ပျက်တာတွေ လွန်မြောက်မှ ချမ်းသာမှာ။ တို့တတွေလောကအဆုံးရောက်ဖို့ ဘုရားရှင်က လောကနိရောဓဂါမိနီ ပဋိပဒါ-လောကအဆုံးရောက်ရန် မဂ္ဂင်လမ်းပြထားခဲ့တာ။ လောကအဆုံး မရောက်နိုင်လို့ရှိရင် လောကထဲမှာပဲ လုံးချာလိုက်နေမှာပါပဲ။ လုံးချာမလိုက်အောင် မဂ္ဂင်ကျင့်စဉ် ကျင့်ကြဖို့ပါပဲ။

ဖြစ်တာ ပျက်တာတွေ လွန်မြောက်တဲ့နိဗ္ဗာန်ကို ဒီအတိုင်းသွားလို့တော့ မရောက်ဘူး။ တန်ခိုးနဲ့သွားလို့ မရောက်ဘူး။ ရောဟိတဿ- ဆိုတဲ့ရသေ့တစ်ပါးဟာ တန်ခိုးအဘိညာဉ်အရာမှာ အလွန်လျှင်မြန်တယ်။ သူ့ကိုယ်သူ အထင်ကြီးပြီး သူ့ရဲ့ဈာန် အဘိညာဉ်တန်ခိုးနဲ့ လောကရဲ့အဆုံးကို ရောက်အောင်သွားခဲ့တယ်။ အဲဒီရသေ့ဟာ အသက်တစ်ရာကျော်လို့သေသာသွားတယ်။ လောကရဲ့အဆုံးကို ရောက်မသွားဘူး။

http://www.dhammadownload.com



ဒါဖြင့် လောကဝိဒူဆိုတဲ့ ဂုဏ်တော် ပွားများတဲ့နည်းလေး ပြောကြားလို့ ငါးခုမြောက် စိန်တံတိုင်းကြီး ခတ်ပြီးတဲ့အခါမှာ (၆)ခုမြောက် စိန်တံတိုင်းကြီး ခတ်ကြဦးစို့။

## ဆဋ္ဌမစိန်တံတိုင်းကြီး ခတ်ပုံ

**အနုတ္တရောပုရိသဓမ္မသာရထိ**

**သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ၊**
**အနုတ္တရောပုရိသဒမ္မသာရထိ ဝတ သောဘဂဝါ၊**
**အနုတ္တရံ ပုရိသဒမ္မသာရထိံ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊**
**အနုတ္တရပုရိသဒမ္မသာရထိံ ဘဂဝန္တံ ဝန္ဒာမိ သဗ္ဗဒါ၊**
ဆဋ္ဌမော **ဝဇိရပါကာရော၊**
**သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ။**

ဒီလိုဂုဏ်တော် ရွတ်ဖတ်ပွားများနည်းကတော့ သိပ်ပြီးတော့ သဘောမပေါက်သေးဘူး။ ဒါကြောင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးက-

သောဘဂဝါ- ထိုမြတ်စွာဘုရားသည်။ ဣတိပိ- ဤသို့လျှင် ကိလေသာဟိတ် အဆိပ်ပြင်းထန် အကင်းသန်လျှက် မာန်တလူလူ အလံ ထူသည့် လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာအစားစား နဂါးအဖုံဖုံ ဂဠုန် အမျိုးမျိုး ဆိုးဆိုးသွမ်းသွမ်း ကြမ်းကြုတ်သမျှ ဝေနေယျတို့ကို ဗုဒ္ဓမန္တာန် ဆိပ်အန်ငြိမ်ဆေး ထိုက်ရာပေး၍ ယဉ်ကျေးစေမှု အစုစု၌ အတုမရ အဖက် မရ ကြီးမြတ်တော်မူလှပါသောကြောင့်လည်း။ အနုတ္တရောပုရိသဒမ္မသာ ရထိ- အနုတ္တရောပုရိသဒမ္မသာရထိဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး ၍မကုန် လောကဓာတ်အရပ်စုံအောင် လွှမ်းမိုးခြုံကျော်ကြား၍ ထင်ရှား တော်မူပါပေသတည်း။

သာဓု သာဓု သာဓု

http://www.dhammadownload.com



ဒီဂုဏ်တော်ကြီးက ဘာလဲဆိုတော့ မိမိကိုယ်တိုင် ဘုရားဖြစ်တယ်။ တရားတော်တွေကို သိတယ်။ အဲဒီလို သိပြီးတဲ့နောက်ပိုင်းမှာ မိမိသိတရားတော်နဲ့ ဆေးတော်နဲ့ မိမိဟာ ဆေးသိတယ်၊ ဆေးရှိတယ်၊ ဆေးလည်းသိတယ်၊ ရှိလည်း ရှိတယ်။ ဘာဆေးတွေလဲဆိုတော့-

သုံးဘုံဝေနေ အထွေထွေလျှင် ကိလေသာဟိတ် အဆိပ်ပြင်းထန် အကင်းသန်ပြီး ကိလေသာ အဆိပ်အတောက်မိနေတဲ့ ပုဂ္ဂိုလ်တွေ မာန်တလူ အလံထူသည့် လူအရပ်ရပ် နတ်အဖြာဖြာ ပြဟ္မာအစားစား (ဟော- ဗက ပြဟ္မာကြီးတို့လို၊ အင်္ဂုလိမာလတို့လို၊ အာဠဝကတို့လို ကိလေသာ အဆိပ် မာန်တက်နေတာ)

ကိလေသာဟိတ် အဆိပ်ပြင်းထန် အကင်းသန်လျက် မာန်တလူလူ အလံထူသည့် လူအရပ်ရပ် နတ်အဖြာဖြာ ပြဟ္မာအစားစား နဂါးအဖုံဖုံ ဂဠုံအမျိုးမျိုး ဆိုးဆိုးသွမ်းသွမ်း ကြမ်းကြုတ်သမျှ ဝေနေယျတို့ကို (ကိလေသာဟိတ် လောဘ ဒေါသ မောဟ မာန) အစရှိတဲ့ ကိလေသာဟိတ်ငွေ့ ကိလေသာအဆိပ်အတောက်တွေ မိပြီးတော့ နေကြတော့ သမာန်အားဖြင့်တော့ မြို့ကြီးသူတွေ ယဉ်ကျေးပါတယ်၊ ရပ်ကြီးသူတွေ ယဉ်ကျေးလှရဲ့လို့ ဒီလို ပြောရပေမယ်လို့ လောဘတဏှာဆိုတဲ့ အဆိပ်ရှိနေတဲ့အတွက် တကယ် ယဉ်ကျေးတဲ့သူ မဖြစ်ကြသေးဘူး၊ မယဉ်ကျေးဘူး။ ကိလေသာအဆိပ်က ပြင်းထန်နေတော့ ကိလေသာအဆိပ်က ရှိနေတော့-

မာန်တလူလူ အလံထူသည့် လူအရပ်ရပ်၊ နတ်အဖြာဖြာ၊ ပြဟ္မာအစားစား၊ နဂါးအဖုံဖုံ၊ ဂဠုန်အသီးသီး အဆိပ်ရှိနေတော့ အဆိပ်မိနေတဲ့ ပုဂ္ဂိုလ်များလို၊

မာန်တလူလူ အလံထူသည့် လူအရပ်ရပ်၊ နတ်အဖြာဖြာ၊ ပြဟ္မာအစားစား၊ နဂါးအဖုံဖုံ၊ ဂဠုန်အမျိုးမျိုး ဆိုးဆိုးသွမ်းသွမ်း ကြမ်းကြုတ်သမျှ ဝေနေယျတို့ကို ဗုဒ္ဓမန္တာန် ဆိပ်အန်ငြိမ်ဆေး ထိုက်ရာပေး၍ ဗုဒ္ဓမန္တာန်ဆိုတဲ့ အဆိပ်ကို ပပျောက်စေတတ်တဲ့ ဆေးဝါးဓာတ်စာတဲ့ သုတ္တန်ပိဋကတ်၊ ဝိနည်းပိဋကတ်၊ အဘိဓမ္မာပိဋကတ် ဆေးသုံးလုံး၊ တစ်နည်းအားဖြင့် သီလဆေးလုံး၊ သမာဓိဆေးလုံး၊ ပညာဆေးလုံး-

http://www.dhammadownload.com



လူအရပ်ရပ်၊ နတ်အဖြာဖြာတွေက ဘယ်လိုဖြစ်နေသလဲဆိုတော့ ကိလေသာ အဆိပ်အတောက်မိပြီး ရောဂါစွဲနေတယ်။ဘာရောဂါလဲလို့ ဆိုတော့ အကျဉ်းချုပ်အားဖြင့် (၃)မျိုး-

ဝီတိက္ကမ ကိလေသာခေါ်တဲ့ ကာယကံလွန်ကျူးမှု၊ ဝစီကံလွန်ကျူး မှု၊ မနောကံလွန်ကျူးမှု ပြည့်နှက်ပြီးနေတဲ့ ရောဂါသည်က တစ်မျိုး၊

ကာယကံ၊ ဝစီကံ လွန်ကျူးမှုတော့ မရှိပါဘူးတဲ့။ သို့သော် စိတ်ထဲ မှာ ဖွက်ပြီးတော့နေတယ်။ စိတ်ထဲမှာ ဆူပွက်ပြီးတော့နေတဲ့ ရောဂါသည် ကတစ်မျိုး။ ဟော- လွန်ကျူးမှု ဆူပွက်မှုတော့ မရှိပါဘူးတဲ့။ **သို့သော်** အမျိုး မပျက် အနံ့မပျက် အငွေ့အသက် မပျက်ဘဲနဲ့ အနုသယကိန်း**ပြီးတော့** နေတဲ့ ရောဂါသည်က တစ်မျိုးတဲ့။ ရောဂါသည် (၃)မျိုး-

**လွန်ကျူးဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ**

ဟော- လွန်ကျူးခြင်း,

ဆူပွက်ခြင်း,

အမျိုးမပျက်ဘဲ ကိန်းနေတဲ့ ကိလေသာ သုံးမျိုး **ဖြစ်လေတော့**-

ကာယကံလွန်ကျူးမှု၊ ဝစီကံလွန်ကျူးမှု၊ ကိလေသာ**အပြင်းဖမ်းနေ** တဲ့ ပုဂ္ဂိုလ်တွေကို ကိလေသာအဆိပ်အတောက်မိနေတဲ့ **အကြမ်းသမားတွေ** ကို သီလဆိုတဲ့ ဆေးလုံး (၁)လုံး မြတ်စွာဘုရားက ပေးလို**က်တယ်။** ရော့ ဒါလေးစားပေတော့-

သီလနယ်ပယ်နဲ့ ပတ်သက်လို့ ဝိနည်းပိဋကတ်တော်**ကြီးကို** ဟော ကြားတော်မူတယ်။ အတွင်းသဏ္ဌာန်မှာ ကိလေသာဆူပွ**က်ပြီး** အဆိပ်မိ နေတဲ့ သတ္တဝါတွေအတွက် ရော့- သမာဓိဆေးလုံးကို စား**ပေတော့**-

အခု ဗုဒ္ဓါနုဿတိဘာဝနာ (၁၁)ရက် အဓိဋ္ဌာန်ဟာ **သီလ**ဆောက် တည် ပထမရောဂါအတွက် သက်သာမယ်။ ဒုတိယ ဘုရားဂု**ဏ်တော်**တွေ ကျကျနန ပွားများပြီးတော့ သမာဓိဆိုတဲ့ ဆေးတော်**ကြီး စား**လိုက်။ တစ်နည်းအားဖြင့် သုတ္တန်ဒေသနာတော် ဆေးလုံးပါပဲ။

တတိယဆေးလုံးကျတော့ ဟော- အငွေ့အသက်ကလေးမှ မကျန် အောင် ရောဂါရှင်းလင်းပြီးတော့ ရောဂါအကင်းမကျန်အောင် ရောဂါအငုပ်

http://www.dhammadownload.com



မကျန်အောင် မြတ်စွာဘုရားက ပညာဆိုတဲ့ ဆေးလုံး။ တစ်နည်းအားဖြင့် ပြောရရင် အဘိဓမ္မာဒေသနာတော်ဆိုတဲ့ ဆေးလုံးပါပဲ။

ဒါကြောင့် **"လွန်ကျူးဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ၊**

**သီလ သမာ ဓိပညာ သတ်ရာသုံးသိက္ခာ"**

ကိလေသာတွေကို သတ်ဖို့ရာအတွက် သီလဆေးလုံး, သမာဓိဆေးလုံး, ပညာဆေးလုံး။

"ကိုယ့်ကိလေသာ ကိုယ့်အနာ ကိုယ်သာသိကြပါ"

"အနာနှင့်ဆေး သင့်အောင်ပေး ပျောက်ရေးမခက်ပါ"

ဟော- အနာနှင့်ဆေးနဲ့ သူ့ဟာသူ သင့်အောင်ပေးသွားရင် ပျောက်ဖို့မခက်ဘူးတဲ့။

ဒါကြောင့် ဗုဒ္ဓမန္တန် ဆိပ်အန်ငြိမ်ဆေး ထိုက်ရာပေး၍ ယဉ်ကျေးစေမှု အစုစု၌ အတုမရ အဘက်မရ ကြီးမြတ်တော်မူလှပါပေသောကြောင့် အနုတ္တရောပုရိသဒမ္မသာရထိ နာမည်တော် ရခဲ့ပါတယ်။

ဂုဏ်တော် (၉)ပါး မယူဘဲနဲ့ (၁၀)ပါးယူတဲ့အခါ အနုတ္တရောက ဂုဏ်တော်တစ်ခု၊ ပုရိသဒမ္မသာရထိက ဂုဏ်တော် (၁)ခု။

သို့သော် ဂုဏ်တော် (၉)ပါးဘဲ အသိများတဲ့အခါကျတော့ အနုတ္တရောနဲ့ ပုရိသဒမ္မသာရထိ ပေါင်းပြီးတော့-

အနုတ္တရော - အတုမရှိတဲ့

ပုရိသဒမ္မသာရထိ - ရိုင်းတဲ့ ပြတဲ့ သတ္တဝါတွေကို ဆိုဆုံးမနိုင်တဲ့ ဂုဏ်သတ္တိ။

ယဉ်ကျေးအောင် ပြုနိုင်တယ်။ အင်္ဂုလိမာလကြီးများ ယဉ်ကျေးအောင် ပြုလိုက်တာ။ စောစောက ကြမ်းမှကြမ်း၊ အမေသတ်မယ်၊ ဘုရားတွေ့လည်း ဘုရားသတ်မယ်။ ကြမ်းလိုက်တဲ့ အကြမ်း၊ ဘယ်လောက်ကြမ်းကြမ်း မြတ်စွာဘုရားနဲ့ တွေ့လို့ တရားဆေးသောက်လိုက်တဲ့အခါ အင်္ဂုလိမာလအကြမ်းကြီးကလည်း ယဉ်ကျေး။

အာဠဝကကြီးကလည်း ကြမ်းလိုက်တာ မြတ်စွာဘုရားနဲ့တွေ့လို့-

http://www.dhammadownload.com



**ကိံသူဓဝိတ္တံ ပုရိသာ သေဋ္ဌံ**
**ကိံသု သုစိဏ္ဏော သုခမာဝဟတိ၊**
**ကိံသုဟဝေ သာဒုတရံရသာနံ**
**ကထံ ဇီဝိ ဇီဝိတ မာဟု သေဋ္ဌံ-**

ဟော- သူမေးချင်တဲ့ မေးခွန်းမေးလိုက်တော့ မြတ်စွာဘုရားက-

**သဒ္ဓိဓ ဝိတ္တံ၊ ပုရိသဿ သေဋ္ဌံ**
**ဓမ္မော သုစိဏ္ဏော၊ သုခမာဝဟတိ၊**
**သစ္စံဟဝေ၊ သာဒုတရံရသာနံ**
**ပညာဇီဝိံ၊ ဇီဝိတ မာဟုသေဋ္ဌံ။**

ပြဿနာ (၈)မျိုးထဲက ပထမ (၄)မျိုး ဖြေလိုက်ရုံနဲ့ သဘောကျလှပြီ။ အာဠဝကကြီး ကြမ်းတယ် ကြမ်းတယ်နဲ့ အခုခေတ်လူတွေ ကြမ်းလို့ရှိရင် အာဠဝက၊ အာဠဝကနဲ့ ခေါ်ကြတယ်။

သို့သော် အခုချိန်အခါမှာ အရိယာနယ်ပယ်ရောက်လို့ သောတာပန်ကြီး ဖြစ်သွားပြီ။ ဘုရား တရား သံဃာ အင်မတန် ကိုးကွယ်ပြီး နိဗ္ဗာန်ဆော်လုပ်ပြီးတော့ နေပါတော့မယ်တဲ့။ မြတ်စွာဘုရားထံက တရားယူပြီး ယဉ်ကျေးသွားလိုက်တာ။

ဘယ်သူတွေ ဘယ်လောက်ကြမ်းကြမ်း အင်္ဂုလိမာလလောက်၊ အာဠဝကလောက် ကြမ်းဖို့ မလွယ်ဘူးပေါ့။ သို့သော် ဘုရားဆေးသောက်လိုက်တဲ့အခါ အားလုံး ယဉ်ကျေးပြီးတော့ သွားတယ်။ လိုက်ဆိုကြ။

- **လွန်ကျူးဆူပွက်၊ မျိုးမပျက်၊ သုံးချက်ကိလေသာ။**
- **သီလ သမာဓိ ပညာ သတ်ရာသုံးသိက္ခာ။**
- **ကိုယ့်ကိလေသာ၊ ကိုယ့်အနာ၊ ကိုယ်သာသိကြပါ။**
- **အနာနှင့်ဆေး၊ သင့်အောင်ပေး၊ ပျောက်ရေးမခက်ပါ။**

အဲဒီတော့ မြတ်စွာဘုရားက ကိလေသာ ရောဂါစွဲနေသူတွေကို ကုတာပါဘဲ။

ဗုဒ္ဓမန္တာန် ဆိပ်အန်ငြိမ်ဆေး ထိုက်ရာပေး၍ ယဉ်ကျေးစေမှု အစုစု၌ အတုမရ အဖက်မရ ကြီးမြတ်တော်မူလှပါပေသောကြောင့် အနုတ္တရော

http://www.dhammadownload.com



ပုရိသဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိ ဟူသော ဂုဏ်တော်ကြီး ဖြင့် အံ့ချီး၍မကုန် လောကဓာတ် အရပ်စုံအောင် လွှမ်းမိုးခြုံကျော်ကြား၍ ထင်ရှားတော်မူပါပေသတည်း။

သာဓု သာဓု သာဓု

ဟော- ဂုဏ်တော် တစ်ခုချင်းလေး တစ်ခုချင်းလေး အာရုံယူပြီး တော့ အကျဉ်းချုပ် ပွားများမယ်ဆိုရင် ဘယ်လိုပွားများမလဲ။

* **ရိုင်းပြသော သူတို့ကို ယဉ်ကျေးအောင် ပြုရာဝယ် အတုမရှိ သော မြတ်စွာဘုရား။**

တစ်ခုချင်းလေး တစ်ခုချင်းလေး အသေးစိပ် ပွားများလိုက်တဲ့ အခါကျမှ-

ထမင်းစားတဲ့အခါ ကြာကြာဝါးပြီး စားလိုက်တဲ့ အခါကျမှ ထမင်း ရဲ့အရသာပေါ်တယ်။ ဂုဏ်တော်ပွားများရာမှာလည်း ဒီအတိုင်းပါဘဲ။

အဲဒီလို ပွားများနိုင်ဖို့ အရေးကြီးတယ်။ လိုက်ဆိုကြ။

* **ရိုင်းပြသော သူတို့ကို ယဉ်ကျေးအောင် ပြုရာဝယ် အတုမရှိ သော မြတ်စွာဘုရား။**

အာဋ္ဌာဝကတို့၊ အင်္ဂုလိမာလတို့ အစရှိတဲ့ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေကို မြင်ရမယ်။ တကယ်တမ်းကျတော့ ယဉ်ကျေးအောင် ပြုတယ်ဆိုတဲ့ နေရာမှာ **"ဒန္တဘူမိ"** ယဉ်ကျေးတဲ့နယ်မြေ· ရောက်တာပါပဲ။

တစ်ချို့က မြို့ကြီးသားတွေ ယဉ်ကျေးတယ်။ ဟိုနိုင်ငံက ယဉ်ကျေး တယ်။ ဒီနိုင်ငံက ယဉ်ကျေးတယ်။ အမျိုးမျိုးပြောနေကြတယ်။ မြတ်စွာဘုရား အလိုကတော့ **"ဒန္တဘူမိ"** ယဉ်ကျေးတဲ့နယ်မြေ အစစ်ဆိုတာ အရဟတ္တဖိုလ်။

ရဟန်းတွေ, ဘိက္ခုနီမတွေ, အမျိုးကောင်းသားတွေ, အမျိုးကောင်း သမီးတွေ, မင်းညီ မင်းသားတွေ အရဟတ္တဖိုလ်ရောက်အောင် ပို့နေတာ။ အဲဒါ မြတ်စွာဘုရားက ယဉ်ကျေးမှုနယ်မြေ အစစ်သို့ ပို့လိုက်တာ။

ဗုဒ္ဓဘာသာများရဲ့ ပထမဆုံး ယဉ်ကျေးမှုကတော့ သရဏဂုံ တည်ခြင်းပါဘဲ။

http://www.dhammadownload.com



နောက်ဆက်ပြီးတော့ ငါးပါးသီလ ဆောက်တည် အဆင့်ဆင့် ကုသိုလ်ကြွနေ စောင့်သုံးခြင်း၊ သမထ ဘာဝနာ ဝိပဿနာ ပွားများခြင်း၊ ဉာဏ်အဆင့်ဆင့် ရရှိခြင်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိခြင်း၊ နိဗ္ဗာန်ရရှိခြင်း၊ ယဉ်ကျေးမှုတွေ မြတ်စွာဘုရားက ပေးတော်မူတယ်။

လောကယဉ်ကျေးမှုတွေထက် ပိုချွတော့ ယဉ်ကျေးတယ်။ အထူး သဖြင့်တော့ စိတ်ယဉ်ကျေးပြီးတော့ တစ်ခါထဲ ယဉ်ကျေးတဲ့ ပုဂ္ဂိုလ်ကနေ မယဉ်ကျေးတဲ့ ပုဂ္ဂိုလ် ပြန်မဖြစ်တော့ဘူး။

တကယ်တမ်း ယဉ်ကျေးတဲ့ နယ်မြေရောက်ပြီးတော့ သွားတယ်။ အရဟတ္တဖိုလ် ရောက်ပြီးတော့ သွားတယ်။

အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်၊ အဲဒီ ယဉ်ကျေးမှု နယ်မြေ ရောက်ပြီးတော့သွားအောင် ပို့ဆောင်တတ်တဲ့အတွက် ဗုဒ္ဓဘုရားကို အနုတ္တရောပုရိသဒမ္မသာရထိ (၆)ခုမြောက် စိန်တံတိုင်းကြီး ခတ်ပြီး ပူဇော် ကြရတယ်။

ဘယ်လောက်ထိအောင် ယဉ်ကျေးအောင် ပြုတတ်သလဲဆိုတော့ ဗကဗြဟ္မာကြီး အားလုံးကြားဖူးကြတယ်။ ဗကဗြဟ္မာကြီးဟာ အင်မတန် အရေးကြီးတယ်။ ဒီဗကဗြဟ္မာကြီးကလည်း ကမ္ဘာလောကကြီးက အလေး အမြတ် ပြုခံရတဲ့ပုဂ္ဂိုလ်။

သူက ဘာလဲဆိုတော့ "လောကကြီးကို ဖန်ဆင်းတာ ငါဘဲ" တဲ့ ဗကဗြဟ္မာကြီးက 'လောကကြီးထဲမှာ ငါအကြီးဆုံးဘဲ လောကကြီးတစ်ခုလုံး ဖန်ဆင်းထားတာ ငါပဲ'။

အခြား ဗြဟ္မာလေးတွေကလည်း သူ့ကိုကြည့်ပြီးတော့ "ဟောဒီ ဗကဗြဟ္မာကြီးဟာ ငါတို့ကိုခေါ်တာဘဲ၊ ငါတို့ဟာ ဗကဗြဟ္မာကြီးရဲ့ သားသမီး တွေပဲလို့ ထောက်ခံကြတယ်"။

ဗကဗြဟ္မာကြီးဟာ တကယ်တော့ ဖန်ဆင်းရှင်ပုဂ္ဂိုလ်ကြီးပဲ။ အဲဒီ ဗကဗြဟ္မာကြီး ဖန်ဆင်းရှင် ပုဂ္ဂိုလ်ကြီးဟာ တစ်နေ့ မြတ်စွာဘုရားနဲ့ တွေ့ကြ တယ်ဆိုပါစို့။

မြတ်စွာဘုရားနဲ့ တွေ့တော့ တန်ခိုးတွေပြိုင်ကြ၊ တန်ခိုးတွေပြကြ

http://www.dhammadownload.com



တယ်။ ဘုရားနဲ့ တန်ခိုးအပြိုင်ပြတယ်။ တန်ခိုးပြရာကနေပြီးတော့ လက်လျှော့သွားတယ်။

အဲဒီတော့ ဒီဗကပြဟ္မာကြီးမှာ "ငါဟာ ဖန်ဆင်းရှင်ကြီး"ဆိုတဲ့ ဝါဒ ပျောက်ကွယ်သွားတယ်။

ပြဟ္မနိမန္တနသုတ္တန်မှာ-

ဒီ က္ကဿရနိမ္မာနဝါဒ ပေါ်လာတာဟာ ဗကပြဟ္မာကြီးက အရင်းခံတာပေါ့။

က္ကဿရနိမ္မာနဝါဒကို ဖန်တီးခဲ့တဲ့ ဗကပြဟ္မာကြီးဟာ တစ်ခါထဲ မြတ်စွာဘုရားနဲ့ တွေ့သွားတော့ သူ့အယူအဆတွေဟာ အမြစ်ပါမကျန် ပြိုလဲပြီးတော့ သွားတယ်။

သို့သော်လည်းပဲ ဒီလောကကြီးမှာ ဗကပြဟ္မာကြီးရဲ့ အယူအဆ-

ပထမဝါဒတည်ထောင်တဲ့ ဗကပြဟ္မာကြီးက အယူအဆ ပျောက်သွားသော်လည်းပဲ သူ့လက်ကျန် ခေါင်းရွက်ဗျပ်ထိုး လက်ဝေခံ အကြွင်းအကျန် ပုဂ္ဂိုလ်တွေကတော့ ကမ္ဘာလောကမှာ အများသားပဲ။

အဲဒီလို မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ဒီက္ကဿရနိမ္မာနဝါဒကို ဗကပြဟ္မာကြီးရဲ့ က္ကဿရနိမ္မာနဝါဒကို ဖြေရှင်းဟောကြားခဲ့တယ်။

ဒါလည်းပဲ အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်မှာ အာရုံယူလို့ကောင်းတဲ့ သက်သေတစ်ခုပါဘဲ။

## သတ္တမစိန်တံတိုင်းကြီး ခတ်ပုံ

သတ္တမစိန်တံတိုင်းကြီးက ဘာလဲဆိုတော့ "သတ္တာဒေဝမနုဿာနံ"

သောဘဂဝါ က္ကတိပိ သတ္ထာဒေဝမနုဿနံ၊
သတ္ထာဒေဝမနုဿာနံ ဝတ သောဘဂဝါ၊
သတ္ထာရံ ဒေဝမနုဿာနံ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊

**မိခင်ဧကာဝတီ**

http://www.dhammadownload.com



**သတ္ထာရံ ဒေဝမနုဿာနံ ဘဂဝန္တံ ဝန္ဒာမိ သဗ္ဗဒါ၊**
**သတ္ထမော ဝဇီရပါကာရော၊**
**သောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ။**

ပါဠိဘာသာ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်များကတော့ ဒီလိုပွားကြတယ်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက-

သောဘဂဝါ- ထိုမြတ်စွာဘုရားသည်။ သောဘဂဝါ- ထိုအကျွန်ုပ်ဆရာ မြတ်စွာဘုရားသည်။ ဣတိပိ- ဤသို့လျှင် အပြောကျယ်စွာ သံသရာဟု မဟာအတီး မှောင်တောကြီး၌ ခရီးအစဉ် ရှစ်မဂ္ဂင်ကို မမြင်သောအားများကြီးမှား၍ မနားမရပ် ချားရဟတ်သို့ တပတ်ပတ် လည်ပတ်နေကြသူများကို လမ်းမှန်ကြောင်းအစဉ် ရှစ်မဂ္ဂင်ကို မျက်မြင်ဒိဋ္ဌ စခန်းပြလျှက် အမတလွင် နိဗ္ဗာန်ခွင်သို့ အလျှင်ရောက်အောင် ပို့ဆောင်ပေတတ် ယောက်ျားမြတ်ဖြစ်တော်မူပါပေသောကြောင့်လည်း။ ဒေဝမနုဿာနံ- နတ်လူ ဗြဟ္မာတို့၏။ သတ္ထာ- ဆရာအထွဋ်ရှ် အတုလွတ်ကြီး ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓု

အပြောကျယ်စွာ သံသရာဆိုတဲ့ မဟာအတီး မှောင်တောကြီးမှာ မျက်စိလည် လမ်းမှားပြီးတော့ နေကြတဲ့ ပုဂ္ဂိုလ်တွေ အများကြီး။ မြတ်စွာဘုရား ပွင့်တော်မူပြီးတဲ့ အခါကျမှ ထာဝရငြိမ်းချမ်းရေးဖြစ်တဲ့ နိဗ္ဗာန်ရောက်ဖို့ရန် လမ်းပြတော်မူတာ-

ဒါကြောင့် မြတ်စွာဘုရားသည် နိဗ္ဗာန်လမ်းပြ ဖြစ်တော်မူတယ်။ ကဲ လိုက်ဆိုကြ။

* **နိဗ္ဗာန်လမ်းပြ မြတ်ဗုဒ္ဓ။**
* **နိဗ္ဗာန်လမ်းကို ပြတော်မူတတ်သော မြတ်စွာဘုရား။**

နိဗ္ဗာန်ရဲ့ လမ်းမှန်ကို ပြတယ်တဲ့။ ဘာတွေလဲလို့ ဆိုတော့-

**အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ။**

http://www.dhammadownload.com



နိဗ္ဗာန်ရောက်ဖို့ရန်အတွက် လမ်းကောင်းအကျော် လမ်းမတော် (၈)မျိုး-

## နိဗ္ဗာန်ရောက်ကြောင်း

ကောင်းသောအသိ
ကောင်းဘိအကြံ
ကောင်းသံဆိုပြော
ကောင်းသောအမှု
ကောင်းမှုသက်မွေး
ကောင်းရေးလုံ့လ
ကောင်းထသတိ
ကောင်းဘိတည်ကြည်၊ ဤ (၈)လီ၊
ရွှေပြည်နိဗ္ဗာန်ရောက်ကြောင်းတည်း။

ဟောဒီ (၈)မျိုးဟာ နိဗ္ဗာန်ရောက်ကြောင်းပဲတဲ့။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နိဗ္ဗာန်၊ မြတ်စွာဘုရား လမ်းပြတဲ့အတိုင်း လိုက်ရဲ့လား လို့ဆိုတော့ လိုက်ပါတယ်။

ကံ, ကံ၏အကျိုးကို ယုံကြည်ကြတယ်။ အခြေခံ သမ္မာဒိဋ္ဌိ မရှိကြဘူးလား။ ရှိကြတယ်နော်။ ဒါ- နိဗ္ဗာန်ရောက်ကြောင်းပဲ။ အိမ်သုံးမဂ္ဂင်တွေ ကျင့်သုံးပြီးတော့ နေကြတာတွေလည်း ရှိတယ်။

ဒီနေ့ ဥပုသ်နေ့ အခါကြီး ရက်ကြီးများကျတော့ နိဗ္ဗာန်ရောက်ကြောင်းတွေပဲ ကျင့်သုံးနေကြတာပါပဲ။

ဟော- မေတ္တာပွားကြတယ်။ သူတစ်ပါးအကျိုး လိုလားတဲ့စိတ်တွေ။ ဒီအကြံအစည်တွေ ကြံစည်ကြ တွေးတောကြတာဟာ နိဗ္ဗာန်ရောက်ကြောင်း တရားတွေပဲ။

အခု သီလဆောက်တာရော သီလမဂ္ဂင်တွေ ဖြစ်ကြရတယ်။ မြတ်စွာဘုရား ဂုဏ်တော်တွေ ပွားများခြင်း အစရှိတဲ့ ဂုဏ်တော်တွေ ပွားများခြင်းတို့ဟာလဲ သမ္မာဝါယာမ၊ သမ္မာသတိ ဖြစ်တယ်။ သမ္မာသမာဓိ တည်ကြည်မှု ဖြစ်တယ်။

http://www.dhammadownload.com



သမ္မာဒိဋ္ဌိ အသိဉာဏ်တွေ အမြင်မှန်တွေ ရရှိတယ်။ သမ္မာဒိဋ္ဌိ အသိဉာဏ်ဆိုတာကတော့ အဓိကအားဖြင့် သစ္စာလေးပါးကို သိတဲ့ဉာဏ်ကို အဓိကထားရမှာပေါ့။

သို့သော် ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့၊ ကံ, ကံ၏အကျိုးကို သိရှိတဲ့ ဉာဏ်ဟာလည်း ဗုဒ္ဓဘာသာမှာ အခြေခံကျလှပါတယ်။

ကမ္မဿကတာဉာဏ် အခြေခံပြီးမှ သာဝကဗောဓိလောင်းလျာတွေကလည်း ပါရမီဖြည့်ဆည်းပူးတာ။

ပစ္စေကဗောဓိလောင်းလျာတွေကလည်း ဒီကမ္မဿကတာဉာဏ် အခြေခံပြီးမှ ပါရမီဖြည့် ဆည်းပူးကြတာ။

သမ္မာသမ္ဗုဒ္ဓ ဘုရားလောင်းတွေကလည်း ဒီကမ္မဿကတာဉာဏ် အခြေခံပြီးမှ ပါရမီဖြည့် ဆည်းပူးကြတာ။

ကမ္မဿကတာဉာဏ် ပျက်မှတော့ အကုန်ပျက်ရော။ ကမ္မဿကတာ ဉာဏ်ဆိုတာ ဘာလဲ။ ကုသိုလ်ကံသည် ကောင်းကျိုးပေးတယ်။ အကုသိုလ်ကံသည် မကောင်းကျိုး ပေးတယ်။

ကုသိုလ်ကံသည် ကိုယ်ပိုင်ဥစ္စာ၊ မိတ်ဆွေ။ အကုသိုလ်ကံသည် ကိုယ်ပိုင်ဥစ္စာ မဟုတ်၊ ရန်သူ။ အဲဒီလိုမြင်တဲ့ သမ္မာဒိဋ္ဌိဉာဏ်ကစပြီး မြတ်စွာဘုရားက နည်းလမ်းပြခဲ့တာ။ အဲဒီတော့ သံသရာခရီးသွားတွေမှာ လမ်းမှန်ဖို့ လိုတယ်။

ဒါကြောင့် ရှေးရှေးအခါတုံးက ဘုရား တရားနာကြားပြီးတော့ ကြည်ညိုကြတဲ့ ပုဂ္ဂိုလ်တွေက-

**သေယျထာပိ ဘန္တေ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ**
**ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ၊ မူဠှဿ ဝါ မဂ္ဂံ**
**အာစိက္ခေယျ၊ အန္ဓကာရေ ဝါ တေလ ပဇ္ဇောတံ ဓာရေယျ၊**
**ယထာ စက္ခု မန္တော ရူပါနိ ဒက္ခန္တိ။**

မြတ်စွာဘုရား၊ မှောက်ထားတဲ့အိုးကို လှန်ပြဘိသကဲ့သို့လည်း ကောင်း၊ အမှိုက်သရိုက် ဖုံးလွှမ်းနေတဲ့ အရာဝတ္ထုကို အမှိုက်သရိုက်တွေ ဖယ်ပြီးတော့ ပြသကဲ့သို့လည်းကောင်း၊ မျက်စိလည် လမ်းမှားနေတဲ့ ပုဂ္ဂိုလ်ကို

http://www.dhammadownload.com



လမ်းမှန်ညွှန်ပြသကဲ့သို့လည်းကောင်း၊ အမိုက်မှောင်ကြီးထဲမှာ ဆီမီးညှိထွန်းပြီး ပြသလို-

အရှင်ဘုရားသည်-

အနေကပရိယာယေန- အကြောင်းအမျိုးမျိုး, ပရိယာယ်အမျိုးမျိုးတို့ဖြင့်။ ဓမ္မောပကာသိတော- တရားဟောတော်မူပါတယ် ဆိုပြီးတော့ မြတ်စွာဘုရားကို ကိုးကွယ်ကြတယ်။ သရဏဂုံ ယူကြတယ်။ ဥပါသကာအဖြစ် ခံယူကြတယ်။

အဲဒီ သတ္ထာဒေဝမနုဿနာနံ- ဆိုတဲ့ ဂုဏ်တော်ဟာ လောကသားအားလုံးတို့ကို လမ်းမှန်ပြတယ်။ နိဗ္ဗာန်မြေပုံ ဆွဲပြနိုင်တယ်။ အခြား ဘယ်ပညာရှင်မှ နိဗ္ဗာန်မြေပုံ မရေးဆွဲနိုင်ဘူး။

လောကသားအားလုံးတို့ကို လမ်းမှန်ကို ပြတယ်။ လမ်းပြတော်မူတဲ့ မြတ်စွာဘုရားပဲတဲ့။

မဂ္ဂင် (၈)ပါးဆိုတဲ့ လမ်းမှန်ကို ပြတော်မူတဲ့ မြတ်စွာဘုရား-

အဲဒီတော့ ကဲ ပွားများကြစို့။

- **မဂ္ဂင် (၈)တန် လမ်းအမှန်ကို ညွှန်းပြတော်မူတတ်သော မြတ်စွာဘုရား။**
- **နိဗ္ဗာန်လမ်းကို ပြတော်မူတတ်သော မြတ်စွာဘုရား။**
- **မဂ္ဂင် (၈)တန် လမ်းအမှန်ကို ပြတော်မူတတ်သော မြတ်စွာဘုရား။**
- **မဂ္ဂင် (၈)တန် လမ်းကောင်းအကျော် လမ်းမတော်ကြီးကို ညွှန်းပြတော်မူတတ်သော မြတ်စွာဘုရား။**

ဟော- မြတ်စွာဘုရား သတ္ထာဒေဝမနုဿာနံ ဆိုတဲ့ ဂုဏ်တော်နဲ့။ (၇)ခုမြောက် စိန်တံတိုင်းကြီး ခတ်တဲ့နည်း။ ယနေ့-

- အရဟံ
- သမ္မာသမ္ဗုဒ္ဓေါ
- ဝိဇ္ဇာစရဏသမ္ပန္နော
- သုဂတော

http://www.dhammadownload.com



- လောကဝိဒူ
- အနုတ္တရောပုရိသဒမ္မသာရထိ
- သတ္ထာဒေဝမနုဿာနံ- ဆိုတဲ့ တံတိုင်းကြီး (၇)ထပ်

ခတ်တဲ့နည်းတွေ အတော်စုံသွားပါပြီ။

မိမိတို့ (၁၁)မျိုး (၁၁)ရက် ဆိုလို့ရှိရင် ဒါ နာဂလိုဏ်ဂူ (၁၁)ရက် အဓိဋ္ဌာန်ပုတီးစိတ်နည်း။ တစ်နည်းအားဖြင့်၊ (၁၁)ရက် ဂုဏ်တော်ပွားများနည်း။ တစ်နည်းအားဖြင့်၊ ဘာဝနာပွားများနည်း ပြီးသွားမှာပါ။

အဲဒါ ပြီးပြီဆိုတဲ့အခါကျမှ အမွှန်းတင်ဘာဝနာ အာနာပါနကမ္မဋ္ဌာန်း (၇)ရက် တရားအားထုတ်ပုံ အချို့ရဟန်းတော်တွေနဲ့ တရားဟောတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဝေးလံသီခေါင်တဲ့ ပုဂ္ဂိုလ်တွေ၊ နိုင်ငံရပ်ခြား တိုင်းတစ်ပါးနေကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဒီတိတ်ခွေနာပြီးရင် ပုတီးစိပ်တတ်အောင်၊ အဓိဋ္ဌာန်ဝင်တတ်အောင်၊ အဲဒီလို အာရုံထားပြီးတော့ ဟောကြားထားတာ။

ယနေ့ နံပါတ် (၅) စိန်တံတိုင်း၊ နံပါတ် (၆) စိန်တံတိုင်း၊ နံပါတ် (၇) စိန်တံတိုင်းများ ခတ်လို့ပြီးတဲ့အတွက် အားလုံး ဒကာ ဒကာမတွေ ဘုန်းကြီးရဲ့ ဒေသနာတော်ကို မျှော်ရှုပြီးတော့ အားလုံး သာဓုခေါ်ပြီးတော့ ဒီတရားပွဲကို ရုပ်သိမ်းကြစို့။

သာဓု သာဓု သာဓု

ယနေ့ ၁၃၆၁-ခု၊ တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့ ဘုန်းကြီးတို့ စိန်တံတိုင်းကြီးတွေ ခတ်ပြီးတော့ လာခဲ့တာ (၇)ခုမြောက် စိန်တံတိုင်းကြီးဖြစ်တဲ့ "သတ္ထာဒေဝမနုဿာနံ"ဆိုတဲ့ ဂုဏ်တော်။

သတ္ထာဒေဝမနုဿနာနံ ဆိုတဲ့ ဂုဏ်တော်မှာ- လူနတ်ဗြဟ္မာ သတ္တဝါအားလုံးရဲ့ ဆရာဖြစ်တော်မူသောကြောင့် သတ္ထာဒေဝမနုဿာန မည်တော်မူ၏။

ဒီစကားကို နည်းနည်းကလေး ဖြိုဖြန့်ပြီးတော့ ကြည့်မယ်ဆိုရင် လူတို့ရဲ့ဆရာတော်၊ လူတွေရဲ့ ဆရာတွေ အများကြီး တွေ့နေကြရတယ်။

လူ့လောကမှာရှိတဲ့ ဆရာတွေဟာ လူတွေရဲ့ဆရာတော့ ဖြစ်တယ်။

http://www.dhammadownload.com



နတ်တွေရဲ့ ဆရာဖြစ်နိုင်ပါ့မလား။ (မဖြစ်နိုင်ပါ ဘုရား)။ ပြဟ္မာတွေရဲ့ ဆရာဖြစ်နိုင်ပါ့မလား။ (မဖြစ်နိုင်ပါ ဘုရား)

လက်တစ်ချောင်းထဲနဲ့ တစ်သောင်းသော စကြဝဠာကို ထွန်းပစေနိုင်တဲ့ ပြဟ္မာကြီးတွေ ရှိတယ်။ လူသားက ဆရာဖြစ်တယ်ဆိုတာ ဘုရားမှတစ်ပါး ဆရာဖြစ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ (မဖြစ်နိုင်ပါ ဘုရား)

ဒါကြောင့်မို့ သာမန်မဟုတ်ဘူး။ လူတို့ဆရာ ဖြစ်နိုင်ပါရဲ့ သို့သော်လည်း လူတစ်ထောင်တို့ရဲ့ ဆရာ, နှစ်ထောင်တို့ရဲ့ ဆရာ-

ဘုန်းကြီးတို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးတွေ ဘုန်းကြီးတို့ရဲ့ ဆရာ၊ ဒကာ ဒကာမတွေရဲ့ ဆရာ၊ သာသနာ့ဒွယ်ဝင် သီလရှင်တို့ရဲ့ ဆရာဖြစ်ပါတယ်။ သို့သော်လည်း နတ်တို့ရဲ့ ဆရာ၊ ပြဟ္မာတို့ရဲ့ ဆရာ မဖြစ်နိုင်ဘူး။

မြတ်စွာဘုရားကတော့ လောကသားအားလုံးတို့ရဲ့ ဆရာ ဖြစ်တော်မူတယ်။ ဒါကြောင့်မို့ ဒီစိန်တံတိုင်းခတ်တဲ့ နေရာမှာ လိုက်ပြီးတော့ ဆိုကြ။

*** နတ်လူပြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား။**

ဟော- နတ်တွေ, လူတွေ, ပြဟ္မာတွေ ဘယ်လောက်များသလဲတဲ့။ တစ်သိန်းလား၊ တစ်သန်းလား တစ်ကုဋေလား ဆိုတော့-

ဓမ္မစကြာတရား ဟောတဲ့နေ့က ပဉ္စဝဂ္ဂီငါးဦး အရိယာဖြစ်ကြတော့ ပြဟ္မာ တစ်ဆယ့်ရှစ်ကုဋေ ပါတယ်။ ဓမ္မစကြာ တရားဦးဟောတဲ့နေ့က ပြဟ္မာတွေ တစ်ဆယ့်ရှစ်ကုဋေ ပါတယ်။ ပြဟ္မာတွေ ဘယ်လောက်လဲ၊ တစ်ဆယ့်ရှစ်ကုဋေ။

မင်္ဂလသုတ္တန် ဟောကြားတဲ့အခါ နတ်တွေတဲ့၊ နတ်တွေရေတွက်လို့ မရနိုင်ဘူး။

သမစိတ္တ ပရိယာယသုတ္တန်ကို ဟောကြားတဲ့အခါမှာလည်း ဒီအတိုင်းဘဲ။ အင်မတန် နတ်တွေများ၊ ပြဟ္မာတွေလည်း များတယ်။

ရှစ်သောင်းလေးထောင် တရားရေအေး အမြိုက်ဆေး သိခွင့်ရလို့ တရားသိကြတယ်ဆိုတဲ့ ဒေသနာတော်တွေလည်း အများကြီးရှိတော့-

ဟော- အသင်္ချေယျနဲ့ တွက်ရတယ်။ မြတ်စွာဘုရားထံမှာ တရား

http://www.dhammadownload.com



နာတာ ဘယ်လောက်ရှိလဲ။ အသင်္ချေယျနဲ့ တွက်ရတယ်။

ပြဟ္မာတွေ ဘယ်လောက်များသလဲ။ အသင်္ချေယျ ရေတွက်လို့ မရဘူး။ လူတွေ၊ နတ်တွေ၊ ပြဟ္မာတွေ ဘယ်လောက်များသလဲတဲ့။ အသင်္ချေယျ ရေတွက်လို့ မရဘူး။

ရေတွက်လို့ မရဆိုတော့ ဘယ်လောက်များသလဲဆိုရင် (တစ်) ရှေ့ကထား နောက်ကသုည တစ်ရာ့လေးဆယ်ရေး။

ဟော- ဆယ်ဂဏန်း၊ ရာဂဏန်း၊ ထောင်ဂဏန်း၊ သောင်းဂဏန်း၊ သိန်းဂဏန်း၊ သန်းဂဏန်း၊ ကုဋေ-

အခုလောကမှာ ကုဋေနဲ့ ရေတွက်နေတာ။ ဘယ်နှစ်ကုဋေ ကြွယ်ဝသလဲ။ အများစုကတော့ သန်းနဲ့ရေတွက်တယ်။ သန်းပေါင်း ဘယ်လောက် ဘယ်နှယ်ဘီလျံ။

နှစ်ဘီလျံ၊ သုံးဘီလျံ အစရှိသည်ဖြင့် သန်းဂဏန်းကိုဘဲ ဦးစားပေး ရေတွက်ကြတယ်။ အဲဒီ သန်းဂဏန်း ကုဋေ ကုဋာထက် အရေအတွက် များစွာ အသင်္ချေယျ၊ တစ်ရှေ့ထား သုညတစ်ရာ့လေးဆယ်ထဲ့။ တစ်သင်္ချေတဲ့။

အဲလို အသင်္ချေမရေတွက်နိုင်တဲ့ ဂဏန်းတွေကို ရေတွက်ပြီးတော့ ပြောမယ်ဆိုရင်။ နှစ်ဆယ့်လေးသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား။ လိုက်ဆိုကြ။

*** နှစ်ဆယ့်လေးသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား။**

နှစ်ဆယ့်လေးသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်းတို့ကို မြတ်စွာဘုရားဆုံးမလို့ တရားဓမ္မမြင်သိလို့ တရားဓမ္မတွေ တရားရေအေးတွေ သောက်သုံးလို့ ချမ်းသာသွားကြတယ်။

ဒီနောက်မှာ ဗုဒ္ဓဝေနေယျ နှစ်ဆယ့်လေးသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်းပြီးပြန်တော့ သာဝကဝေနေယျ-

သာဝကအဆက်ဆက်က ဟောကြားလို့ တရားရေအေး အမြိုက်ဆေးတိုက်ကျွေးမှု သောက်သုံးရသဖြင့် ငြိမ်းချမ်းမှု ရသွားတဲ့ ပရိသတ်တွေ လည်း ရှိသေးတယ်။ အဲဒီ သတ္တဝါတွေကိုတော့ သာဝကဝေနေယျလို့ ခေါ်တဲ့-

http://www.dhammadownload.com



သာဝကတွေ ဆုံးမလို့ ငြိမ်းချမ်းမှု ရသွားတဲ့ အရေအတွက်တွေ ဟာလည်း ဘုရားရှင်ရဲ့ တပည့်သား သာဝကတွေပါဘဲ။ အဲဒီလိုဆိုရင် မြတ်စွာဘုရားဟာ နတ်တွေ, လူတွေ, ဗြဟ္မာတွေ အရေအတွက်-

နှစ်ဆယ့်လေးသင်္ချေဆိုတာ သာမန်အားဖြင့် ပြောတဲ့စကား။ အဲဒီလို ဆိုဆုံးမသွားတော့ ဆိုဆုံးမနည်းဟာ (၃)နည်း ရှိပါတယ်။

**ပထမနည်းက- ဣဒ္ဓိပါဋိဟာရိယ-** တန်ခိုးပြပြီးတော့ ဆိုဆုံးမ တယ်။ တန်ခိုးပြတယ်။ မြတ်စွာဘုရား တန်ခိုးပြတယ်။ မြေလျှိုးမိုးပျံ တန်ခိုး ဈာန်တွေနဲ့ အကြီးအသေး အမျိုးမျိုး ဣဒ္ဓိပါဋိဟာရိယ-

အဲဒီလို တန်ခိုးပြပြီး ဆိုဆုံးမမှုကြောင့် ဆရာဖြစ်သလားဆိုတော့ မဟုတ်ပါဘူး။ တန်ခိုးပြတာ ပြနိုင်ပါတယ်။ သို့သော် နတ်လူဗြဟ္မာ သတ္တဝါ တွေကို ဆိုဆုံးမတဲ့နေရာမှာ အဲဒီတန်ခိုးပြပြီးတော့ ဆိုဆုံးမတဲ့ ကိစ္စဟာတဲ့ ဂန္ဓာရီဝိဇ္ဇာနဲ့ ရောနိုင်တဲ့အတွက် မြတ်စွာဘုရား အဓိကထားပြီး မသုံးစွဲပါ ဘူးတဲ့။

**ဒုတိယနည်းက- အာဒေသနာပါဋိဟာရိယ-** ဆိုတာက သူတစ်ပါး စိတ်ကိုသိပြီးတော့ မင်းဘယ်လို ကြံနေတယ်။ ဘာတွေ ကြံနေတယ် အစရှိ သဖြင့် သူတစ်ပါးရဲ့စိတ်ကို စိတ်ရဲ့အနေအထားတွေကို ပြောကြားပြီးတော့ အဲဒီနည်းမျိုးနဲ့လဲဘဲ သတ္တဝါတွေကို ဆိုဆုံးမပြီးတော့ မြတ်စွာဘုရား (၄၅)ဝါမှာ အဲဒီနည်းကိုလည်း အသုံးမချဘူးတဲ့။

ဘာကြောင့်လဲလို့ဆိုတော့ "**မဏိကဝိဇ္ဇာ**"ဆိုတဲ့ အတတ်ပညာ လောကီနယ်ပယ်မှာ ရှိတယ်။ အဲဒီ "**မဏိကဝိဇ္ဇာ**"ဟာ သူတစ်ပါးစိတ်ကို သိတယ်။ အဲဒီ အတတ်ပညာနဲ့ ရောနှောသွားမှာစိုးလို့တဲ့။

**တတိယနည်းက- အနုသာသနီပါဋိဟာရိယ-** အဲဒီ အနုသာသနီ ပါဋိဟာရိယဆိုတာက တရားဟောတာပါဘဲ။ တရားဓမ္မ ဟောပြပြီး ဆိုဆုံးမ မှု။ အဲဒီ သုံးမျိုးထဲက တရားဓမ္မဟောပြပြီး ဆိုဆုံးမမှုကို မြတ်စွာဘုရား က အသုံးချပါတယ်။

အဓိကအားဖြင့် "**အနုသာသနီပါဋိဟာရိယ**"နည်းဖြင့် လူတွေကို ဆုံးမတယ်။ နတ်တွေကို ဆုံးမတယ်။ ဗြဟ္မာတွေကို ဆုံးမတယ်။

http://www.dhammadownload.com



အဲဒီလို ဆုံးမတဲ့အနေအားဖြင့် သုတ္တန်- ဝိနည်း- အဘိဓမ္မာ တရားတော်များကို (၄၅)ဝါ ဟောကြားတော်မူတယ်။

အဲဒါကြောင့်မို့လို့ လူနတ်ဗြဟ္မာ သတ္တဝါတွေကို တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးတော့ ဆရာအမည်ခံပါတယ်၊ ဆိုဆုံးမတော်မူပါတယ်။

## လှည်းမှူးကြီးနဲ့တူတယ်

နောက်တစ်နည်း ဖွင့်ဆိုပြီး ကြည်ညိုကြဦးစို့။ လူတွေ နတ်တွေ ဗြဟ္မာတွေ မကျော်လွှားနိုင်တဲ့ ကန္တာရကြီးတွေ ရှိတယ်။ တစ်ချို့ သဲကန္တာရကြီးတွေ ရှိတယ်။ အင်မတန် ခက်ပါတယ်။ မိုင်ပေါင်းများစွာ အကူးအခတ်ခက်။ တစ်ချို့ ပင်လယ်သမုဒ္ဒရာကြီးတွေ အကူးအခတ်ခက်။ အဲဒီထက် ခက်တာတွေ ရှိသေးတယ်။

အဲဒီထက် ခက်တာ ဘာလဲလို့ဆိုတော့ ဇာတိကန္တာရ ပဋိသန္ဓေနေမှုဖြစ်မှု ဆိုတဲ့ ကန္တာရကြီး၊ ဇရာကန္တာရ အိုမင်းယိုယွင်းခြင်းဆိုတဲ့ ကန္တာရကြီး။ မရဏ- သေကျေပျက်စီးရခြင်းဆိုတဲ့ ကန္တာရကြီး။ အဲဒီ ကန္တာရကြီးတွေကို သံသရာခရီးခဲလို့ ခေါ်ရတယ်။

တစ်နည်းအားဖြင့် ခန္ဓာအာယတန ဓာတ်သစ္စာတွေ မပြတ်ဖြစ်ပြီးတော့နေတဲ့ သံသရာခရီးခဲ။ အဲဒီ ခရီးခဲမှ လွန်မြောက်အောင် ခေါင်းဆောင်နိုင်ဖို့။ ဘုရားကို အကြောင်းပြုပြီးတော့ ဇာတိကို လွန်နိုင်တယ်။ အိုမှု လွတ်နိုင်တယ်။ အိုမင်း ခြင်းဆိုတဲ့ ကန္တာရကြီးကို ကျော်လွှားနိုင်တယ်။ သေခြင်းဆိုတဲ့ ကန္တာရကြီးကို ကျော်လွှားနိုင်တယ်။

ရုပ်ဓာတ် နာမ်ဓာတ်တွေ ဖြစ်ပြီးတော့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးအတွင်းမှာ လည်ပတ်နေတဲ့ သံသရာ။ အဲဒီ သံသရာ ကန္တာရကြီးကို ကျော်လွှားနိုင်တယ်။ ဘုရားရှင်ရဲ့ တရားတော်ကြောင့်ပါပဲ။

ဒါကြောင့်မို့ မြတ်စွာဘုရားဟာ လှည်းမှူးကြီးနဲ့ တူတယ်။ ပင်လယ်သမုဒ္ဒရာ ကူးကြတဲ့အခါမှာ မာလိန်မှူးကြီးနဲ့ တူတယ်။

http://www.dhammadownload.com



ဒီလို လွန်မြောက်နိုင်ခဲ့တဲ့ သံသရာခရီးခဲကို ကျော်လွှန်အောင် ရှေ့ဆောင်နိုင်တဲ့အတွက် မြတ်စွာဘုရားဟာ လှည်းမှူးကြီးသဖွယ် ဖြစ်တော်မူတယ်။

* လှည်းမှူးကြီးနှင့် တူတော်မူသော မြတ်စွာဘုရား။
* အသွားအလာ အကူးအခတ် ခက်ခဲလှသည့် သံသရာခရီးကို ရှေ့ဆောင်၍ လွန်မြောက်အောင် စွမ်းဆောင်နိုင်သော လှည်းမှူးကြီးသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရား။

**သံသာရဒုက္ခ ကန္တာရာ၊ ကိလေသစောရပီဠိတံ။**
**ခေမန္တဘူမိံပါပေသိ သတ္ထဝါဟောဝိနာယကော၊**
**ဧတေန သစ္စဝဇ္ဇေန၊ ဟောတု ဝေါဇယမင်္ဂလံ။**

သံသရာခရီးခဲကြီးမှာ အခုသွားနေကြ။ အဲဒီ ခရီးခဲကြီးမှာ လောဘ ဒေါသ မောဟအစရှိတဲ့ ကိလေသာသူခိုးတွေကလည်း ညှင်းပမ်းနှိပ်စက်လို့၊ အိုနာသေဘေး အပါယ်ဘေးဆိုတာတွေကလည်း ညှင်းပမ်းနှိပ်စက်လို့ မလွတ်နိုင် မမြောက်နိုင် ဖြစ်နေတာ။

အဲဒီလို အင်မတန် အကူးခက်တဲ့ ကန္တာရသံသရာခရီးစဉ်ကြီးက နေပြီး ငြိမ်းချမ်းရေးနယ်မြေသို့ရောက်အောင် ပို့ဆောင်တော်မူတဲ့ မြတ်စွာဘုရား။

သတ္ထဝါဟောဝိနာယကော- လှည်းမှူးကြီးသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ကိလေသာ စောရပီဠိတံ- လောဘ ဒေါသ မောဟ မာန အစရှိသော ကိလေသာသူခိုးတို့ ညှင်းပမ်းနှိပ်စက်အပ်သော သတ္တဝါ အပေါင်းကို။ သံသာရဒုက္ခကန္တာရာ- အကူးအခတ်ခက်သော သံသရာခရီးခဲကြီးမှ။ ခေမန္တ ဘူမိံ- ငြိမ်းချမ်းရေးနယ်မြေသို့။ ပါပေသိ- ရောက်စေတော်မူခဲ့လေပြီ။ ဧတေနသစ္စဝဇ္ဇေန- သံသရာခရီးခဲကြီးမှ ထုတ်ဆောင်ကယ်တတ်သော ဂုဏ်သကတ် ငြိမ်းချမ်းရေးနယ်မြေသို့ ရောက်အောင် ပို့ဆောင်တတ်သော ဂုဏ်သကတ်တို့ကို ထုတ်ဖော်ပြောဆိုရသော သစ္စာစကားကြောင့်။ ဝေါတုမှာကံ- သင် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့အား။ ဇယမင်္ဂလံ-

http://www.dhammadownload.com



အောင်ခြင်းမင်္ဂလာ အဖြာဖြာသည်။ ဟောတု- မုချမသွေ ဖြစ်ပါစေသတည်း။

သာဓု သာဓု သာဓု

## အဌမစိန်တံတိုင်းကြီး ခတ်ပုံ

ဟော- သတ္တာဒေဝမနုဿာနံ-ဆိုတဲ့ သတ္တမမြောက် စိန်တံတိုင်းကြီး ခတ်လို့ပြီးသွားတော့ (၈)ခုမြောက်ဖြစ်တဲ့ စိန်တံတိုင်း။

(၈)ခုမြောက်ဖြစ်တဲ့ စိန်တံတိုင်းက ဘာလဲဆိုတော့ ဗုဒ္ဓေါတဲ့။

ဗုဒ္ဓေါ ဗုဒ္ဓေါနဲ့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတွေက ယောင်တာတောင် **"ဗုဒ္ဓေါ"**လို့ ယောင်တာ။

ဗုဒ္ဓေါဆိုတဲ့ အသံဟာ ဘုရားမပွင့်မီ နှစ်ပေါင်း (၁၀၀၀)လောက်ထဲက **"ဗုဒ္ဓေါလောကေဥပ္ပဇ္ဇိဿတိ"**

လောကေ- လောက၌။ ဗုဒ္ဓေါ- သိပယ်ဆိုက်ပွား လေးပါးကိစ္စ အပိုင်ရသည့် ဘုရားရှင်သည်။ ဥပ္ပဇ္ဇိဿတိ- ပွင့်ပေါ်တော်မူလတ့်၊ ပွင့်ပေါ်တော်မူလိမ့်မည်။

(ဗုဒ္ဓေါလောကေဥပ္ပဇ္ဇိဿတိ- ဗုဒ္ဓေါလောကေဥပ္ပဇ္ဇိဿတိ)လို့ လူတွေရဲ့ ပါးစပ်ဖျားမှာ နှစ်ပေါင်း (၁၀၀၀)ခန့်က ကောဠာဟလ ဖြစ်နေတယ်။

နှစ်ပေါင်း (၁၀၀၀)ကနေပြီး ကောဠာဟလ ဖြစ်နေတယ်။ (ဗုဒ္ဓေါ- ဗုဒ္ဓေါ- ဗုဒ္ဓေါ) ဆိုတဲ့ အသံကြီးက ဖြစ်နေ၊ ဒီအသံကြီး ကြားရဖို့ကလည်း အလွန်ခက်တာ။

**ဃောသော ပိဓေါ ဒုလ္လဘော လောကသ္မိံ ယဒိဒံ ဗုဒ္ဓေါတိ-**

ဗုဒ္ဓဆိုတဲ့ အသံကြားဖို့ရာလေးတောင် မလွယ်ဘူးတဲ့။ အဲဒီ ဗုဒ္ဓ ဆိုတဲ့ အသံတော်ဟာ **"ဗုဓ"** ဆိုတဲ့ သဒ္ဒါနည်းအရ "သိ ပွင့် နိုးကြား သုံးပါး ခါတ်နက် ဗုဓထွက်"။

ဗုဒ္ဓေါမှာရှိတဲ့ "ဗုဓ"ဓာတ်သည် သိခြင်းအနက်၊ ပွင့်ခြင်းအနက်၊

http://www.dhammadownload.com



နိုးကြားခြင်းအနက်။ အနက်သုံးမျိုး။ **သိပွင့်နိုးကြား-**

ကိုယ်တော်တိုင် သိတော်မူတယ်။ ဆရာမကူ သယမ္ဘူဖြင့် သိတော်မူတယ်။ သစ္စာလေးပါးတရား သိတော်မူတယ်။ ပဋိသမ္ဘိဒါဉာဏ်လေးပါး သိတော်မူတယ်။ အသာဓာရဏဉာဏ်တော်များ ရရှိတော်မူတယ်။

ပွင့်-ဆိုတာက အရဟတ္တမဂ်ဉာဏ်နဲ့ တွေ့ဆုံပြီးတော့ ပွင့်တော်မူတယ်။ ဉာဏ်တွေ ပွင့်ပြီးတော့ လာတယ်။ ပဒုမ္မာကြာပန်းများ လရောင်နဲ့ တွေ့တဲ့အခါ ပွင့်သလို အရဟတ္တမဂ်ဉာဏ်နဲ့ တွေ့ဆုံပြီးတော့ ဘုရားရဲ့ဉာဏ်တွေ ပွင့်တော်မူတယ်။

ဟော- နောက်တစ်မျိုး "ဗုဓ"ဓာတ်ကလေးက နိုးကြားခြင်းတဲ့။

မောဟဆိုတဲ့ အိပ်ပျော်ခြင်းမှ နိုးကြားတော်မူတယ်။ နိုးတဲ့နေရာမှာ ဘယ်သူမှ မနှိုးရဘူးတဲ့။ မောဟဆိုတဲ့ အိပ်ပျော်ခြင်းက နိုးတော်မူတယ်။

ကမ္ဘာလောကတစ်ခုလုံး မောဟဆိုတဲ့ အိပ်ပျော်ခြင်းနဲ့ အိပ်ပျော်နေကြတယ်။ သာမန်အားဖြင့် ညအိပ်တယ်။ မနက်ခင်း အိပ်ယာက ထတယ်။ နိုးတယ်တာ ပြောတယ်။ တကယ်မနိုးသေးဘူးတဲ့။ မောဟဆိုတဲ့ အိပ်ပျော်ခြင်းဖြင့် ဘုန်းကြီးတို့တတွေ အိပ်ပျော်နေတုန်းပဲတဲ့။

မြတ်စွာဘုရားကတော့ မောဟဆိုတဲ့ အိပ်ပျော်ခြင်းက ဘယ်သူမှ မနှိုးရဘဲနဲ့ အလိုလိုနိုးတော်မူတယ်။

- **မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ။**

မောဟဆိုတဲ့ အဝိဇ္ဇာ အိပ်ပျော်ခြင်းမှ ဘယ်သူမှ မနှိုးရဘဲနဲ့ အလိုလို နိုးတော်မူတယ်။

ဗုဓ- ဓာတ်ကလေးက သိ ပွင့် နိုးကြား။

ဗုဒ္ဓေါဆိုတော့ သိတော်မူသော မြတ်စွာဘုရား၊ ပွင့်တော်မူသော မြတ်စွာဘုရား၊ နိုးကြားတော်မူသော မြတ်စွာဘုရား။

ဗောဓိပင်ကျတော့ သိရာဖြစ်သောကြောင့်၊ ပွင့်ရာဖြစ်သောကြောင့်၊ နိုးကြားရာဖြစ်သောကြောင့် ဗောဓိလို့ ခေါ်ရတယ်။

ဗောဓိပင်နဲ့ ပတ်သက်ပြီးတော့ ဗဟုသုတဖြစ်ဖို့-

ဗောဓိပင်ရဲ့အရွက်ဟာ အခြားအပင်က အရွက်နဲ့ မတူဘူးတဲ့။

http://www.dhammadownload.com



ဘုန်းကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်အတွင်းမှာ စိုက်ပျိုးထားတဲ့ အာနန္ဒာဗောဓိဟာ နှစ်ပေါင်း နှစ်ထောင်ကျော်။ ဟို ပြင်သစ်က လာတဲ့ ရုက္ခဗေဒပညာရှင်က ဒီဗောဓိပင် နှစ်ထောင်ကျော်တာကို မယုံဘူးတဲ့။

အဲဒီတော့ ဘုန်းကြီးတို့ ဆရာတော်တစ်ပါးကနေပြီးတော့ သူ့ကို ပြောတယ်။ ဟုတ်ပြီ။ သစ်ပင်တို့မည်သည် နှစ်ပေါင်းလေးရာလောက်သာ အသက်ရှည်တယ်။ နှစ်ပေါင်းနှစ်ထောင်ကျော်တယ် ဆိုတာကို မယုံတာတော့ မှန်ပြီ။

သို့သော် ဗောဓိပင်အရွက်ကို ခူးပြပြီးတော့ ဒါ ဒကာ ဒကာမတွေ လည်း သတိထားဖို့နော်။ အရွက်တိုင်း အရွက်တိုင်းဟာ အခြားသစ်ပင် များနဲ့ မတူတာ။

အဲဒီဆရာတော်က ဘာပြောလိုက်သလဲဆိုတော့ "ဟောဒီအရွက်ကို ကြည့် အရွက်ရဲ့အကြောတွေဟာ သစ်ရွက်တိုင်း သစ်ရွက်တိုင်းမှာ အကြော က အောက်ကနေတယ်နော်။ ဗောဓိပင်ကျမှ အကြောက အပေါ်ကနေတာ။ ဆန်းဆန်းကြယ်ကြယ်၊ ဗဟုသုတအဖြစ် ပြောတာပါ။

အဲဒါကြောင့် ဘုန်းကြီးတို့ မြတ်စွာဘုရား ဘယ်လောက်ထူးခြား တယ်ဆိုတာ ပွင့်ရာဖြစ်တဲ့ ဗောဓိပင်ကိုက အင်မတန် ထူးခြားတဲ့အပင်ပဲ။ ဒါကြောင့်မို့ ဗောဓိပင်များ ရှိသေကြရတာ။

သိရာဖြစ်သောကြောင့်၊ ပွင့်ရာဖြစ်သောကြောင့်၊ နိုးကြားရာဖြစ် သောကြောင့် ဗောဓိပင်-နော်။ မောဟဆိုတဲ့ အိပ်ပျော်ခြင်းမှ နိုးရာဌာန။

အဲဒါကြောင့် ရှေးအခါတုန်းက စကားတစ်ခု ရှိတယ်။ အဲဒီ စကား ကလည်း ဗဟုသုတ ဖြစ်ဖွယ်လေးပဲ။

"ဗောဓိချိုး၍ ရွှေအိုးရသည်"

လိုက်ဆို။

* **ဗောဓိချိုး၍ ရွှေအိုးရသည်။**
* **ဗောဓိကိုး၍ ခြေကျိုးရသည်။**

ရွှေအိုးရတာ ကောင်းသလား။ ခြေကျိုးရတာ ကောင်းသလား။ (ရွှေအိုးရတာ ကောင်းပါတယ်ဘုရား)

http://www.dhammadownload.com



လူတစ်ယောက် ဗောဓိပင်ချိုးတယ်၊ သူက ကောက်ရမတော့ ရွှေအိုး ကောက်ရတယ်။ ခက်နေတယ်။ လူတစ်ယောက်က ဗောဓိပင် ကိုးတယ်။ ရေလောင်း တံမျက်စည်းလှဲတယ်၊ ရိုရိုသေသေလုပ်တယ်။ သူက ခြေကျိုး တယ်။

မကျေနပ်ဘူး။ ကျေနပ်စရာလည်း မရှိဘူး။ ကျေနပ်စရာ ရှိရဲ့လား။ (မရှိပါဘုရား)။ ဗောဓိပင်ပဲ တန်ခိုးမရှိသလိုလို။ ရွာဦး ရွာထိပ်မှာ ရှေ့မြင် နောက်မြင်ရှိတဲ့ ဆရာတော်ကြီးတစ်ပါးထံ သွားမေးကြတယ်။ အဲဒီ လူနှစ်ယောက်က-

တပည့်တော်က ဗောဓိပင်အခက်ကို ချိုးတယ်။ ရွှေအိုးကောက် ရပါတယ် ဘုရား။ ဟောဒီမိတ်ဆွေက ဗောဓိပင်ကို ကိုးပြီး ရိုရိုသေသေ ပြုစု စောင့်ရှောက်ပါတယ် ဘုရား။ ဒါပေမယ့် ခြေထောက်ကျိုးရပါတယ် ဘုရား။ အဲဒါ မကျေနပ်လို့ လျှောက်ထားရပါတယ် ဘုရား။ တပည့်တော်တို့ အား ဖြေရှင်းပေးတော်မူပါလို့ လျှောက်ထားကြတယ်။

အဲဒီကျတော့ ဆရာတော်ကြီးက ရှေ့နောက်မြော်ကြည့်ပြီး ပြော လိုက်တယ်။

အေး- ဗောဓိပင်ချိုးမိလို့ ရွှေအိုးရတဲ့လူက ဗောဓိပင်ချိုးမိလို့ ရွှေအိုးပဲရတာ။ မချိုးများ မချိုးရင် မင်းဟာ ရှင်ဘုရင်ဖြစ်မဲ့ လူပဲကွဲ့။ ရွှေအိုးတစ်လုံးနဲ့ ရှင်ဘုရင် စည်းစိမ်ဟာ ဘယ်တူမှာလဲ။ တူရဲ့လား။ (မတူပါ ဘုရား)။

ဗောဓိကိုးရက်သားနဲ့ ခြေကျိုးရတဲ့သူက မောင်မင်းကြီးသား တော် ပေသားပဲ။ ဗောဓိပင်ကို ကိုးမိလို့ အကယ်၍ ဗောဓိပင်သာ မကိုးမိရင် ခြေကျိုးရုံတင် မကဘူး။ သေတောင် သေနိုင်တာဘဲလို့ ပြောတော့မှ နှစ်ယောက်လုံး ကျေနပ်ပြီး သွားကြတယ်။

ရွှေအိုးရတဲ့ လူကတော့ သိပ်မကျေနပ်ဘူးပေါ့လေ။ ငါဗောဓိပင် ချိုးမိလို့ သို့မဟုတ်ရင် ရှင်ဘုရင် ဖြစ်ရမှာဆိုပြီး စိတ်မကောင်းဖြစ်နေရတာ ပေါ့။ အဲဒီလို-

ဗောဓိချိုး၍ ရွှေအိုးရသည်။

http://www.dhammadownload.com



ဗောဓိကိုး၍ ခြေကျိုးရသည်- ဆိုတဲ့စကား ဖြစ်စဉ် ရှေးအခါတုံးက ဖြစ်ပေါ်ဘူးတာကိုး။

အဲဒီတော့ ဆိုပါစို့။ ဗုဒ္ဓဆိုတဲ့စကား ဘုရားမပွင့်မှီ နှစ်ပေါင်း (၁၀၀၀)က ပေါ်နေတာမို့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ နှစ်ပေါင်းတစ်ထောင်က ပေါ်ခဲ့တဲ့စကားမို့ ယောင်တာတောင် ဗုဒ္ဓေါ ဗုဒ္ဓေါလို့ ယောင်နေကြတာကိုး။

အဲဒီတော့ ဗုဒ္ဓေါဆိုတဲ့စကားကို လယ်တီဆရာတော်ဘုရားကြီးက ဒီလို ဖွင့်ဆိုခဲ့ပါတယ်။

**သောဘဂ္ဂဝါ ဣတိပိ ဗုဒ္ဓေါ။**

သောဘဂ္ဂဝါ- ထိုမြတ်စွာဘုရားသည်။ ဣတိပိ- ဤသို့လျှင် အပြော ကျယ်စွာ သံသရာ၌ အိမ်မက်တွင်မျှ မမြင်စဖူး အလူးအလဲ ဝဋ်ဆင်းရဲ၌ တဝဲလည်လည် အမြစ်တွယ်သို့ မဖွယ်မလှ နေကြကုန်သော ဒုက္ခိတ သတ္တဝါ အပေါင်းတို့ကို သစ္စာလေးပါး ပတ္တမြားမျက်ရှင်ကြီးကို ပေးသဖြင့် မိုက်မြေး ပျယ်လွင့် အလင်းပွင့်အောင် ပေးသနားတော်မူတတ် ဂုဏ်သကတ်ကြောင့် လည်း။ ဗုဒ္ဓေါ- ဗုဒ္ဓဟူသော နာမအမော် အမည်တော်ကြီးဖြင့် ထင်ပေါ် ကျော်ကြား၍ ထင်ရှားတော်မူပါပေသတည်း။

သာဓု သာဓု သာဓု

သံသရာတစ်ခွင်မှာ လည်ပတ်ပြီးတော့နေသူတွေ၊ သစ္စာလေးပါးကို အိပ်မက်ထဲတောင်မှ မမြင်နိုင်သူတွေ၊ အိပ်မက်ထဲတောင် မမြင်တတ်တဲ့ သစ္စာလေးပါး ပတ္တမြားမျက်ရှင်ကြီးကို ပေးတော်မူတတ်တဲ့ အတွက် ကြောင့်မို့ ဗုဒ္ဓ-တဲ့။ ဒါကြောင့် ဒီစကားတော်အရ လိုက်ဆိုကြ။

- **သစ္စာလေးပါး ပတ္တမြားမျက်ရှင်ကြီးကို ပေးတော်မူတတ်သော မြတ်စွာဘုရား။**
- **သစ္စာလေးပါးကို သိတော်မူသော မြတ်စွာဘုရား။**
- **အရဟတ္တမဂ်ဉာဏ်နှင့် တွေ့ကြုံဆုံစည်း၍ ပွင့်တော်မူသော မြတ်စွာဘုရား။**

http://www.dhammadownload.com



* **မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ မိမိအလိုလို နိုးကြားတော်မူသော မြတ်စွာဘုရား။**

ဟော- သိ ပွင့် နိုးကြား စကားလေးနဲ့ ပွားများတဲ့နည်း ပြီးသွားပြီ။ တစ်နည်းအားဖြင့် ပွားများပုံကို ပြောကြဦးစို့။

**စုဒ္ဒသဟိ ဉာဏေဟိ သမ္ပန္နာဂတတ္တာ ဗုဒ္ဓေါ၊**

စုဒ္ဒသဟိ- ကစ်ဆယ့်လေးပါးကုန်သော။ ဉာဏေဟိ- ဉာဏ်တို့နှင့်။ သမန္နာဂတတ္တာ- ပြည့်စုံသည်၏ အဖြစ်ကြောင့်။ ဗုဒ္ဓေါ- ဗုဒ္ဓမည်တော်မူပါပေ၏။

ဉာဏ်တစ်ဆယ့်လေးပါးနှင့် ပြည့်စုံသောကြောင့် ဗုဒ္ဓ-တဲ့။ လိုက်ဆိုကြ။

* **တစ်ဆယ့်လေးပါးသော ဉာဏ်တော်တို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။**

တစ်ဆယ့်လေးပါးသော ဉာဏ်ဆိုတာ ဘာတွေလဲလို့ ဆိုတော့- သစ္စာလေးပါးကို သိတဲ့ဉာဏ်က လေးမျိုး။

သိ ပယ် ဆိုက် ပွား လေးပါးကိစ္စ အပိုင်ရတာက လေးမျိုး။

* **သိပယ်ဆိုက်ပွား လေးပါးကိစ္စ အပိုင်ရ ဗုဒ္ဓမြတ်ရှင်တော်။**

* **သိပယ်ဆိုက်ပွား လေးပါးကိစ္စ အပိုင်ရစေ မြတ်စိန္တေ။**

သစ္စာလေးပါးတရားကို မိမိကိုယ်တော်တိုင် သိရုံတင် မကဘူး။ သတ္တဝါတွေကိုလည်း အသိပေးနိုင်တယ်။ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်များဟာ သတ္တဝါတွေကိုလည်း အသိပေးနိုင်တယ်။

အဲဒီတော့ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နဲ့ ခပ်ဆင်ဆင်လေးဘဲ။

တစ်နည်းအားဖြင့်- ပြောမယ်ဆိုရင် သမ္မာသမ္ဗုဒေါဆိုတဲ့ ဂုဏ်တော်က ထိုးထွင်း၍ သိခြင်းနှင့် ပတ်သက်ပြီးတော့ ပူဇော်အပ်တဲ့ ဂုဏ်တော်၊ ဗုဒ္ဓဆိုတဲ့ ဂုဏ်တော်က သတ္တဝါတွေကို ဟောပြောနိုင်တဲ့ ဒေသနာဉာဏ်နဲ့ ပတ်သက်တယ်။

http://www.dhammadownload.com



**ပဋိသမ္ဘိဒါဉာဏ် လေးပါး**

ထူးထူးထွေထွေ ခွဲခြမ်းစိတ်ဖြာပြီး သိနိုင်တဲ့ ဉာဏ်တော်လေးပါး ပဋိသမ္ဘိဒါဉာဏ်။

ပဋိသမ္ဘိဒါပတ္တရဟန္တာ အရှင်မြတ်ကြီးတွေ၊ ဆဠဘိည ရဟန္တာ အရှင်မြတ်ကြီးတွေနဲ့ ဒီလိုစကားတွေ အသုံးအနှုန်းတွေ ရှိပါတယ်။

အဲဒီတော့ ပဋိသမ္ဘိဒါဉာဏ်လေးပါး ဆိုတာက-

- အကြောင်းကို သိတော်မူတဲ့ဉာဏ်၊
- အကျိုးကို သိတော်မူတဲ့ဉာဏ်၊
- သဒ္ဒါကို သိတော်မူတဲ့ဉာဏ်၊
- ဟောရေး ပြောရေးနဲ့ ပတ်သက်ပြီး ဥဒါဟရုဏ်တွေ ဥပမာတွေ၊ ဥပမေယျတွေ သိတော်မူတဲ့ဉာဏ်။

အရှင်ဝင်္ဂီသမထေရ်လိုပေါ့။ အရှင်ဝင်္ဂီသမထေရ်ဟာ သာဝကတွေထဲမှာ ဉာဏ်ပဋိဘာန် အလွန်လျှင်မြန် ထက်မြက်တဲ့ ပုဂ္ဂိုလ်။

အဲဒီတော့ မြတ်စွာဘုရားဟာ ဒီပဋိသမ္ဘိဒါဉာဏ် လေးပါးနဲ့လည်း ပြည့်စုံတယ်။ အဲဒီတော့ (၈)ပါး ရှိသွားတာပေါ့။ လိုက်ဆိုကြ။

* **ပဋိသမ္ဘိဒါဉာဏ် လေးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။**

နောက်အသာဓာရဏဉာဏ် (၆)မျိုးတဲ့။ အသာဓာရဏဉာဏ်ဆိုတာ ဘယ်သာဝက၊ အဂ္ဂသာဝကတွေနဲ့မှ မဆက်ဆံဘူး။ ဘုရားရှင်မှာသာ သီးခြားရှိနေတဲ့ ဉာဏ် (၆)မျိုး။

အသာဓာရဏဉာဏ်တော် (၆)ပါးဆိုတာ ဘာတွေလဲ။

**၁။ ဣန္ဒြိယပရောပရိယတ္တိဉာဏ်** = သတ္တဝါတွေရဲ့ ဣန္ဒြေအနုအရင့်ကို သိတော်မူတဲ့ ဉာဏ်၊ လိုက်ဆိုကြ။

* **သတ္တဝါအားလုံးတို့၏ သဒ္ဓါစသော ဣန္ဒြေတို့၏ အနုအရင့်ကို သိတော်မူသော မြတ်စွာဘုရား။**

http://www.dhammadownload.com



၂။ **အာသယာနုသယဉာဏ်** = တဲ့ ဒုတိယဉာဏ်က အာသယဆိုတာက မှီရာလေးပါး၊ အနုသယဆိုတာက သတ္တဝါတို့ သဏ္ဍာန်မှာ ကိန်းဝပ်နေတဲ့ အငုတ်ဓာတ် (၇)မျိုးတို့ကို သိတော်မူတယ်။ လိုက်ဆို။

* **သတ္တဝါတို့၏ မှီရာလေးပါး အငုတ်ဓာတ် (၇)ပါးကို သိတော်မူသော မြတ်ဗုဒ္ဓါဘုရား။**

ကိန်းဝပ်ပြီးတော့နေတဲ့ ကာမရာဂစသော အငုပ်ဓာတ်တွေ အတွင်းဓာတ်သားတွေကို သိတော်မူတဲ့ မြတ်စွာဘုရား။

**၃။ ယမကပါဋိဟာရိယဉာဏ်တော်**

ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ ပြတော်မူနိုင်သော မြတ်စွာဘုရား။ တန်ခိုးပြာဋိဟာ ပြတော်မူတဲ့အခါ ရေမီးအစုံအစုံ တန်ခိုးပြတော်မူတယ်။ ဒီတန်ခိုးကို နေရာတိုင်းမှာ ပြတော်မမူဘူး။

ဘုရားဖြစ်တော်မူပြီးတဲ့နောက် မာရ်နတ်မင်းကို နှိမ်နင်းတဲ့ အခါမှာ တန်ခိုးမပြလို့ မဖြစ်ဘူးတဲ့။ အဲဒီအချိန်မှာ ရေမီးအစုံအစုံ တန်ခိုးတွေ ပြခဲ့တယ်။

ဘုရားအဖြစ် ရောက်တော်မူပြီးနောက် ဆွေတော်မျိုးတော်တို့ဆီ ပြန်တဲ့အခါမှာ ဆွေတော်မျိုးတော်တွေကလည်း တန်ခိုးမပြရင် ကိုယ့်ဆွေမျိုးဆိုတော့ အထင်ကသေးတယ်။

တန်ခိုးမပြလို့ မဖြစ်တဲ့အတွက် ဘုရားရှင်ကိုယ်တော်မြတ် ရေမီး**အစုံအစုံ** တန်ခိုးပြာဋိဟာ ပြတော်မူတယ်။

သာဝတ္ထိမြို့ သရက်ဖြူပင်ရင်းမှာ တိတ္ထိတွေကို နှိမ်နင်းဖို့ကိစ္စ**ပေါ်ပေါက်**လာတဲ့အခါ တန်ခိုးမပြလို့ မဖြစ်ဘူး။ အဲဒီတုန်းကလဲ (ယမကပါဋိဟာရိယ) ဉာဏ်တော် တန်ခိုးတော်ကြီးကို အသုံးချခဲ့ရတယ်။ ဒီဉာဏ်တော်ကြီးဟာလည်း သာဝကတွေမှာ မရှိဘူး။ လိုက်ဆိုကြ။

* **ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ ပြသခြင်း၌ စွမ်းတော်မူနိုင်သော မြတ်စွာဘုရား။**

http://www.dhammadownload.com



**၄။ မဟာကရုဏာသမာပတ္တိဉာဏ်တော်**

နံနက်တိုင်း နံနက်တိုင်း၊ ကမ္ဘာလောကဓာတ် ရှိသမျှသော သတ္တဝါတွေထဲက ဘယ်သတ္တဝါ ဘယ်ပုဂ္ဂိုလ်ကို ဘယ်တရား ဟောရမလဲ။

သတ္တဝါတွေဟာ (၃၁)ဘုံ လောကကြီးထဲမှာ လှောင်ပိတ်ပြီးတော့ နေတယ်နော်။ အိုမင်းပိုင်နက်, နာမင်းပိုင်နက်, သေမင်းပိုင်နက်, အပါယ်မင်း ပိုင်နက်ထဲက မလွတ်နိုင်ဘဲနဲ့ သတ္တဝါတွေ လှောင်ပိတ်ပြီးတော့ တစ်ခါထဲ လှောင်မိနေကြတယ်။

အဲဒီ သတ္တဝါတွေကို သနားတော်မူတဲ့အတွက်ကြောင့် မြတ်စွာဘုရားက မဟာကရုဏာသမာပတ် ဝင်စားတော်မူတယ်။ ဒီဉာဏ်ဟာလဲပဲ ဘုရားရှင်တို့မှာသာ ရှိတဲ့ဉာဏ်။

* **(နှစ်သန်းလေးသိန်း) အကြိမ်ပေါင်းများစွာ မဟာကရုဏာ သမာပတ်ကို ဝင်စားတော်မူနိုင်သော မြတ်စွာဘုရား။**

၅- အပိတ်အပင် အဆီးအတား မရှိ သိနိုင်တာက **အနာဝရဏ ဉာဏ်တော်**။

* **အပိတ်အပင် အဆီးအတားမရှိ သိမြင်တော်မူနိုင်သော မြတ်စွာဘုရား။**

၆- အလုံးစုံကို ထိုးထွင်းပြီး သိနိုင်တာက **သဗ္ဗညုတဉာဏ်တော်**။

* **မဟာဝရဇိန်လက်နက်ကဲ့သို့ အလုံးစုံကို ထိုးထွင်း၍ သိတော်မူသော မြတ်စွာဘုရား။**

ပေါင်းတဲ့အခါ အသာဓာရဏဉာဏ်တော်က (၆)ပါး။

ခြုံပြီးပြောရရင်-

| | |
|---|---|
| သစ္စာလေးပါးသိတဲ့ဉာဏ်က | ၄- ပါး |
| ပဋိသမ္ဘိဒါဉာဏ်တော်က | ၄- ပါး |
| အသာဓာရဏဉာဏ်တော်က | ၆- ပါး |
| စုစုပေါင်း | ၁၄- ပါး |

http://www.dhammadownload.com



အဲဒီ (၁၄)မျိုးသော ဉာဏ်တို့နှင့် ပြည့်စုံတော်မူတဲ့အတွက်ကြောင့်မို့ ဘုရားရှင်သည်- ဗုဒ္ဓ။

ဗုဒ္ဓဟာ အဲဒီ ဉာဏ်တော်များကို ဝိမောက္ခန္တိကဉာဏ်၏ အဆုံးမှာ ရရှိခဲ့တယ်။

အရဟတ္တမဂ်ဉာဏ်ကို ရတော်မူပြီးနောက် ဒီဗုဒ္ဓဆိုတဲ့ နာမည်တော်ကို ရရှိတော်မူတယ်။ အဲဒီ ဉာဏ်တော်ကို ရရှိတော်မူတော့မှ သိစရာရှိသမျှတွေကို သိတော်မူတယ်။ ဟောစရာ ရှိသမျှတွေကိုလည်း ဘယ်လိုဟောရင် အဆင်ပြေမယ်လို့ သိတော်မူတယ်။ (အစွမ်းတော်တွေ) ရှိလာတယ်။

သတ္တဝါတို့ရဲ့ ဣန္ဒြေအနုအရင့်ကို သိတော်မူတယ်။

အစွမ်းသုံးပါးဟာ ဘုရားဖြစ်တော်မူမှ ရရှိတော်မူတယ်။ ဒါကြောင့်-

**ဇာတဗ္ဗံ ပဇာနာတိ၊ ဒေသိတဗ္ဗမ္ပိအာသယံ။**

**ဇာနန္တော ယေနဉာဏေန၊ ဒေသေတုတဿ တေဇသာ။**

ယေနဉာဏေန- ပါရမီအပေါင်း ဆင့်ဆင့်လောင်းသဖြင့် အကောင်းဆုံးဖြစ်ပေါ် အကြင်သဗ္ဗညုတဉာဏ်တော်ကြီးဖြင့်။ ဇာနိတဗ္ဗံ- သိရန်များပြား ဥေယျမံတရားကို။ ပဇာနာတိ- ကောင်းစွာပိုင်ပိုင် သိမြင်တော်မူနိုင်ပါပေ၏။ ဒေသေတဗ္ဗံ- ဟောပြစဖွယ် သွယ်သွယ်များဖျဉ် တရားဆင်နည်းကိုလည်းပဲ။ ပဇာနာတိ- ကောင်းစွာပိုင်ပိုင် သိမြင်တော်မူနိုင်ပါပေ၏။ အာသယံ- သိန်းသန်းကုဋေ များဝေနေတို့၏ ထွေထွေဆန္ဒ အဇ္ဈာသယကို။ ပဇာနာတိ- ကောင်းစွာပိုင်ပိုင် သိမြင်တော်မူနိုင်ပါပေ၏။

တရားတော်တွေကိုလဲ သိတော်မူတယ်။ ပရိသတ်တွေကို ဘယ်တရား ဟောရမယ်။ ဘယ်သုတ္တန် ဟောရမယ်။ ဘယ်ဒေသနာ ဟောရမယ်။ ဒါကိုလဲ တရားဆင်နည်းကိုလည်း သိတော်မူတယ်။

တရားနာတဲ့ ပုဂ္ဂိုလ်တွေရဲ့ အလိုဆန္ဒ အဇ္ဈာသယတွေ ပါရမီဓာတ်ခံတွေကိုလည်း သိတော်မူတယ်။

တဿ- ပါရမီအပေါင်း ဆင့်ဆင့်လောင်းသဖြင့် အကောင်းဆုံးဖြစ်ပေါ် ထိုသဗ္ဗညုတရွှေဉာဏ်တော်ကြီး၏။ တေဇသာ- တန်ခိုးရှိန်စော်

http://www.dhammadownload.com



အာနုဘော်တော်ဖြင့်။ ဒေသေတု- ယခုဟောရန်အတွက် လမ်းမှန်ထွက်အောင် ကောင်းစွာမသွေ ညွှန်ပြတော်မူပါစေသတည်း။

သာဓု သာဓု သာဓု

ရှစ်ခုမြောက်ဖြစ်တဲ့ စိန်တံတိုင်းကြီးကို မြန်မာဘာသာတွေနဲ့ အသီးအသီး ခတ်ပြီးတော့ သွားခဲ့ပြီ။

ပါဠိဘာသာကတော့-

**သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊**
**ဗုဒ္ဓေါ ဝတ သောဘဂဝါ၊**
**ဗုဒ္ဓံ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊**
**ဗုဒ္ဓံဘဂဝန္တံ ဝန္ဒာမိ သဗ္ဗဒါ၊**
**အဋ္ဌမော ဝဇိရပါကာရော၊**
**သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ-လို့ ခတ်ကြရမယ်။**

☸ ☸ ☸

## နဝမစိန်တံတိုင်းကြီး ခတ်ပုံ

ဘဂဝါ- (၉)ခုမြောက်ဖြစ်တဲ့ စိန်တံတိုင်းကြီး။

**သောဘဂဝါ ဣတိပိ ဘဂဝါ၊**
**ဘဂဝါ ဝတ သောဘဂဝါ၊**
**ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊**
**ဘဂဝန္တံ ဝန္ဒာမိ သဗ္ဗဒါ၊**
**နဝမော ဝဇိရပါကာရော၊**
**သောဘဂဝါ ဣတိပိ ဘဂဝါ။**

ဟော- ပါဠိဘာသာနဲ့ သိပ်ပြီးတော့ မပေါ်လွင်သေးဘူး။ ဒါကြောင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက-

http://www.dhammadownload.com



**သောဘဂ္ဂဝါ ဣတိပိ ဘဂဝါ-**

သောဘဂဝါ- ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ သောဘဂဝါ- အသမ္ဘိန္န ခတ္တိယဟု သမ္မတမင်းရိုး အမျိုးသာကီ ပြည်ကပ္ပိမှ လေးလီနိမိတ် သံဝေစိတ်ကြောင့် တောရိပ်ခိုစံ ကျင့်ချိုးခြံလျှက် မြလျှံရွှက်စိတ် ရွှေညောင်ရိပ်ဝယ် ဖိတ်ဖိတ်ရောင်ရှင် ရွှေပလ္လင်ထက် ငါးအင်မာရ်စစ် ရန်အညစ်ကို ခေတ်ဇာတိလုံး ပဲ့တင်ချိုးလျှက် ဘုန်းဖြင့်လွယ်ကူ အောင်တော်မူ၍ လူမင်းတကာတို့၏ ဥက္ကဋ္ဌ နတ်မင်းတကာတို့၏ မကိုဋ္ဌ အမြိုက်ခေါင်ဖျား သောင်းတိုက်သားတို့၏ ပတ္တမြားမျက်ရှင်ကြီးတစ်ဆူ ဖြစ်တော်မူသော ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ ဣတိပိ- ဤသို့လျှင် ဒီပင်္ကရာ သမ္မာသမ္ဗုဒ္ဓ ဘုရားဗျာဒိပ် ရွှေတံဆိပ်ကို ခတ်နှိပ်ကြည်ဖြူ ခံယူသည်မှ လူတွင်ထင်ရှား ဘုရားစင်စစ် ဖြစ်သည့်တိုင်အောင် မဏ္ဍိုင်ဗဟို မြင့်မိုရ်မေရု မြေအစုနှင့် ရေထုလေပြင် မိုးကောင်းကင်သို့ နှိုင်းယှဉ်ကြီးမား များထက်များအောင် မနားမနေ ဆည်းပူးလေသည့် သုံးထွေဆယ်လီ ပါရမီဟု ဝသီအထု ကြီးကျယ်မှုကြောင့်-

ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်းမှာ ဘုရားဆု ပန်ပြီးကထဲက ရေပြင် မြေပြင် ကောင်းကင်ကြီး ပမာဏ ဒါနသီလ အစရှိတဲ့ ပါရမီတော်တွေကို ဖြည့်ဆည်းပူးတယ်။ သေးသေးသွယ်သွယ် သိမ်သိမ်နုတ်နုတ် မဟုတ်ဘူးတဲ့။ ကြီးကြီးကျယ်ကျယ်။

ဒါနခန်းလည်း ကြီးကြီးကျယ်ကျယ်၊ သီလခန်းလည်း ကြီးကြီးကျယ်ကျယ်၊ ဘာဝနာခန်းလည်း ကြီးကြီးကျယ်ကျယ်၊ သူတစ်ပါးတွေ ပြုရုံမျှဝေးရော့ ကြံစည်ရုံမျှ မကြံစည်နိုင်တဲ့ ထုထယ်ကြီးမားတဲ့ ဒါနကုသိုလ်တွေ သီလကုသိုလ်တွေ၊ ဘာဝနာကုသိုလ်တွေ၊ ပါရမီကုသိုလ်တွေ အဲဒီလို ပွားများလာတဲ့ အတွက်ကြောင့်-

ရေထုလေပြင် မိုးကောင်းကင်သို့ နှိုင်းယှဉ်ကြီးမား များထက်များအောင် မနားမနေ ဆည်းပူးလေသည့် သုံးထွေဆယ်လီ ပါရမီဟု ဝသီအထု ကြီးကျယ်မှုကြောင့် ယခုဤနိုက် တိုက်တစ်သောင်းလုံး သိမ့်သိမ့်ခြုံးလျှက် ရွှေဘုန်းတော်ရှင် တစ်ဆူဖြစ်တော်မူတတ် ဂုဏ်သကတ်ကြောင့်လည်း။



18(A)

http://www.dhammadownload.com



ဘဂဝါ- ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လောကဓာတ် အရပ်စုံအောင် လွှမ်းမိုးခြုံကျော်ကြား၍ ထင်ရှားတော်မူပါပေ၏။

ဟော- အဲဒီ ပါရမီတော် ထုထယ်ကြီးမားတဲ့အတွက်ကြောင့် ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဘုရား၊ ဘုန်းတော် ခြောက်ပါးနဲ့ ပြည့်စုံတယ်။ ဘုန်းတော် (၆)ပါးဆိုတာက အကျိုးတရား။

ထုထယ်ကြီးမားလှတဲ့ ပါရမီတော်တွေက အကြောင်းတရား။ အဲဒီ ပါရမီအကြောင်းတရားတွေ ပြည့်စုံတဲ့အတွက်ကြောင့်မို့-

၁။ ဣဿရိယဘုန်းတော်၊

၂။ ဓမ္မဘုန်းတော်၊

၃။ ယသဘုန်းတော်၊

၄။ သိရီဘုန်းတော်၊

၅။ ကာမဘုန်းတော်၊

၆။ ပယတ္တဘုန်းတော်- ဆိုတဲ့ ဘုန်းတော် (၆)မျိုး။

အဲဒီလို ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူတတ် ဂုဏ်သကတ်ကြောင့်။ ဘဂဝါ- ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍ မကုန် လောကဓာတ်အရပ်စုံအောင် လွှမ်းမိုးခြုံကျော်ကြား၍ ထင်ရှားတော် မူပါပေသတည်း။

သာဓု သာဓု သာဓု

ကဲ (ဘုန်းတော် (၆)ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား) ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင်များရဲ့ နှုတ်ထဲမှာ နှုတ်တက်လို့ (ဘုန်းတော် (၆)ပါး)

* **ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ ပြိုင်သူပကင်း တရား မင်း ဖြစ်တော်မူသော မြတ်စွာဘုရား။**
* **ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူပါပေငြား မြတ်စွာဘုရား-လို့ ပွားများကြ။**

ဘုန်းတော်ခြောက်ပါး ဆိုတာ သိကြတယ် မဟုတ်လား။

**မိခင်ငယ ဝတီ**

http://www.dhammadownload.com



ယနေ့တော့ အသေးစိတ်ကလေး ပွားများကြရအောင် အပေါင်းနဲ့ တစ်မျိုး၊ အသေးစိတ်နဲ့ တစ်မျိုး၊ ကဲ လိုက်ဆိုကြ။

* **ဘုန်းတော် (၆)စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။**
* **ဘုန်းတော် (၆)ဆူ အောင်လံထူ၍ ပြိုင်သူပကင်း တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား။**

ဟော- ဒါက အပေါင်းပွားများတဲ့နည်း-တဲ့။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ပွားများတဲ့နည်း။ ပုတီးစိပ်တဲ့နည်း-ပေါ့။

အစိတ် အစိတ် ဘုန်းတော်ခြောက်ပါးဆိုတာ ဘာတွေလဲ။ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ- ရပြီးတော့နေကြတာ။

ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ၊ ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။ သရုပ်ကလေးတွေ-

"ဣဿရိယဘုန်းတော်နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။"

ဣဿရိယဘုန်းတော် မြန်မာလို ပွားကြရအောင်။ "စိတ်ကို အစိုးရ မြေလျှိုးမိုးပျံ တန်ခိုးစျာန် ဘုန်းတော်နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာ **ဘုရား**"။

မြတ်စွာဘုရားဟာ စိတ်ကို အစိုးရတော်မူတယ်။ စိတ်ကလေးကို **အာနာပါနကမ္မဋ္ဌာန်း** စသည် အားထုတ်ပြီးတော့ စိတ်ကိုငြိမ်ပြီးတော့ တည်ကြည်ငြိမ်သက် မလှုပ်မယှက် စိတ်ကို အစိုးရနေတော့ မြေလျှိုးမိုးပျံချင်ရင်လည်း ရတယ်။ အခု သမာပတ် ဝင်စားချင်ရင်လည်း ရတယ်။ အခု သမာပတ်မှ ထချင်ရင်လည်း အခု သမာပတ်က ထချင်လို့ ရတယ်။ ရဟန်း တစ်ထောင် တစ်သိန်းရဲ့ အလယ်မှာ သီတင်းသုံး ထိုင်နေပါသော်လည်း သမာပတ် ဝင်စားချင်ရင်လည်း ရတယ်။ အဲဒါဘာကြောင့်လဲ ဣဿရိယ ဘုန်းတော်နဲ့ ပြည့်စုံလို့ရတာ။ ဣဿရိယဘုန်းရှင် ဖြစ်တော်မူတာ။ ဣဿရိယဘုန်းရှင် ဖြစ်လို့ပါပဲ။

ဓမ္မဘုန်းရှင်တဲ့။ ဓမ္မဘုန်းရှင်ဆိုတာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်

http://www.dhammadownload.com



ဆိုတဲ့ လောကုတ္တရာတရား (၉)ပါးရဲ့ အရှင်။ အဲဒီ လောကုတ္တရာ တရား (၉)ပါးကို ဓမ္မဘုန်းတော် ပရိယတ်တရားနဲ့ ပေါင်းလိုက်တော့ ဓမ္မဘုန်းတော် (၁၀)ပါး။ အဲဒီ ဓမ္မဘုန်းရဲ့ အရှင်ဖြစ်တော်မူလို့ ဓမ္မဘုန်းရှင်။

အဲဒီတရားတော်တွေဟာ လူတွေ နတ်တွေ ဗြဟ္မာတွေ ကောင်းရာ သုဂတိ ရောက်ဖို့ရာလည်း ဒီဓမ္မတရားတော်တွေ အခြေခံရတယ်။

ပရိယတ္တိ တရားတော်က ညွှန်ပြတဲ့ တရားတွေ ရှိတယ်။ ဒီတရား တော်တွေ အခြေခံရတယ်။

သံသရာ ဝဲဇလုတ်က ထုတ်ပြီး နိဗ္ဗာန်ဆိုတဲ့ ကုန်းထက်တင်ပေး ဒါလဲ ဒီတရားတော်တွေပါဘဲ။ ဒါကြောင့် အားလုံး ဓမ္မဘုန်းတော်နဲ့ ပူဇော် ရအောင်။ လိုက်ဆိုကြ။

* **သံသရာခရီးခဲမှ ထုတ်ဆွဲကယ်တင် ဓမ္မဘုန်းရှင် ဖြစ်တော်မူ သော မြတ်စွာဘုရား။**
* **ကိလေသာ ရန်သူတို့ကို ခြိုးဖဲ့ဖျက်ဆီး အနိုင်ရတော်မူသော ဓမ္မဘုန်းတော်သခင် ဘုရားရှင် မြတ်စွာဘုရား။**

ဣဿရိယဘုန်းတော်၊ ဓမ္မဘုန်းတော် ပွားများပြီးတဲ့ အခါကျတော့ ယသဘုန်းတော်။

ယသဘုန်းတော်က ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီးတော့ ကျေးဇူးဂုဏ် တွေ ကျေးဇူးဂုဏ်တွေ ကျော်ဇောသတင်းတွေ၊ တရားတော်နဲ့ ပတ်သက်ပြီး တော့လည်း သရီရဂုဏ် ရှိသလိုပဲ။ ဓမ္မဂုဏ်တော်တွေကလည်း အများကြီး ရှိတယ်။

အဲဒီ သရီရခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး ကျော်ကြားမှု၊ တရားတော်နဲ့ ပတ်သက်ပြီးတော့ ကျော်ကြားမှုဟာလဲ အကြွင်းမပါ အဝါမဖက် သက်သက် ဟုတ်မှန် ဧကန်ဖြစ်တဲ့ ဂုဏ်များကြောင့် ရရှိတဲ့ ယသဘုန်းတော် လိုက်ဆိုကြ။

* **သရီရဓမ္မ ဂုဏ်နှစ်ဝ၏ ကျနမြဲမြံ ကျော်စောသံရှိတော်မူသော မြတ်စွာဘုရား။**

ပြီးတော့ သိရီဘုန်းတော်။

http://www.dhammadownload.com



* နတ်လူဗြဟ္မာ သတ္တဝါတို့ ဖူးတိုင်းမြိန်ယှက် မစွန့်ရက်အောင် မျက်စိအရသာ လွန်စွာရွှန်းစို စိတ်ကို ကြည်ညိုစေတတ်သော လက္ခဏာကြီးငယ် ကျက်သရေပေါင်းတို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။

အဲဒါက သိရီဘုန်းတော်တဲ့။

ကာမဘုန်းတော်ဆိုတာက ဘယ်လိုဟာလဲ ဆိုတော့ အလိုတော်ပြည့်တာ။ အလိုတော်ပြည့်တယ်ဆိုတာ ဘယ်လိုပါလိမ့်။ မိမိအတွက် တောင့်တတာလည်း ပြည့်စုံတယ်။ သူတစ်ပါးအကျိုးစီးပွား တောင့်တတာလည်း ပြီးပြည့်စုံတယ်။

ဘုရားအလောင်းတော်ကြီး တောင့်တခဲ့တာ (၂)မျိုး ဆိုပါတော့။

- **ဗုဒ္ဓေါ ဗောဓေယျံ**
- **မုတ္တော မောစေယျံ**
- **တိဏ္ဏော တာရေယျံ**

ဒီပင်္ကရာ မြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ တောင့်တတာ (၂)မျိုးစီ၊ (၃)ကြိမ်တဲ့။

တစ်နည်းအားဖြင့် မိမိအတွက် (၃)မျိုး၊ သတ္တဝါတွေအတွက် (၃)မျိုး တောင့်တခဲ့တဲ့ အလိုတော်ကြီး (၆)မျိုး။

**ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံ။**

ဗုဒ္ဓေါ ဗောဓေယျံ - မိမိကိုယ်တိုင် သစ္စာလေးပါး တရားတော်ကို သိချင်တယ်။ သူတစ်ပါးကိုလည်း သိစေချင်တယ်။

မုတ္တော မောစေယျံ- မိမိကိုယ်တိုင် သံသရာဝဋ်စက်မှ လွတ်ချင်တယ်။ သူတစ်ပါးကိုလည်း လွတ်စေချင်တယ်။

တိဏ္ဏော တာရေယျံ- မိမိကိုယ်တိုင် သံသရာရေယဉ်ကြောမှ ကူးမြောက်ချင်တယ်။ သတ္တဝါဝေနေယျတို့ကိုလည်း သံသရာရေယဉ်ကြောမှ ကူးမြောက်စေချင်တယ်။

ဒီအလိုတော်ကြီး ပြည့်တာကို အလိုတော်ပြည့်တဲ့ ကာမဘုန်းတော်တဲ့။ ကဲ လိုက်ဆိုကြ။

http://www.dhammadownload.com



* အလိုတော်ပြည့်တော်မူသော မြတ်စွာဘုရား။
* မိမိအကျိုးစီးပွား၊ သူတစ်ပါးအကျိုးစီးပွားကို ဆောင်ရွက်တော်မူလိုသော အလိုတော် ပြည့်တော်မူသော မြတ်စွာဘုရား။
* မိမိ သူတစ်ပါး နှစ်ဦးသားတို့အတွက် အလိုတော်နှစ်မျိုး ပြည့်စုံတော်မူသော မြတ်စွာဘုရား။
* မိမိ သူတစ်ပါး နှစ်ဦးသားတို့အတွက် အလိုဆန္ဒတော် (၆)မျိုး ပြည့်စုံတော်မူသော မြတ်စွာဘုရား။

မိမိတို့လည်း မြတ်စွာဘုရားရှင်ရဲ့ ကာမဘုန်းတော်ကို အာရုံယူပြီးတော့-

ငါသည် လူဇာတ်၊ ငါသည် မြတ်၏၊
ငါမြတ်သောသူ၊ ငါသို့သူကား၊
ငါတကားဟု၊ ငါမှား ငါကြိုက်၊
ငါမလိုက်တည်း၊ ငါကြိုက် ငါမျိုး၊
ငါ့တန်ခိုးဖြင့်၊ ငါ့မျိုး ငါ့ဆွေ၊
ငါ့တိုင်းပြည်နှင့်၊ ငါ့မြေကမ္ဘာ၊
ငါ့ခန္ဓာဖြင့်၊ သူငါကောင်းကျိုး၊
ဆောင်သည်ပိုးမည်၊ ငါမျိုး ငါဇာတ်၊
မြတ်စေသော်- လို့ အဓိဋ္ဌာန်ဖို့ကောင်းတယ်။

အဓိကအားဖြင့် မိမိအကျိုး သူတစ်ပါးအကျိုး နှစ်မျိုး-

အဲဒီတော့ ဗုဒ္ဓေါ၊ မုတ္တော၊ တိဏ္ဏော- ဒါ မြတ်စွာဘုရား မိမိရဲ့ အကျိုးစီးပွား (၃)မျိုး။

ဗောဓေယျံ၊ မောစေယျံ၊ တာရေယျံ- သူတစ်ပါးအကျိုးစီးပွား (၃)မျိုး။

ဒီပက်ရာမြတ်စွာဘုရားရှင် လက်ထက်တော်မှာ ဘုရားဆုပန်စဉ်ထဲက ပါလာခဲ့တဲ့ အလိုတော်ကြီး (၆)မျိုး။ တစ်နည်းအားဖြင့်။ အလိုတော် (၂)မျိုး။

ကဲ- လိုက်ပြီးတော့ ပူဇော်လိုက်ကြရအောင်-

http://www.dhammadownload.com



* **ဗုဒ္ဓေါ ဗောဓေယျ၊**

**မုတ္တော မောစေယျ၊**

**တိဏ္ဏော တာရေယျ**- ဘယ်လောက်ကောင်းတဲ့ အလိုဆန္ဒလဲ၊ အလွန်အလိုဆန္ဒကောင်းမှန်တာ။ ဒီလို အလိုဆန္ဒကြီးတွေ ပြည့်ဝခဲ့ပြီ။

**ပယတ္တဘုန်းတော် ဆက်ကြစို့။**

ပယတ္တ- ဘုန်းတော်ဆိုတာ အကုသိုလ်ရှောင် ကုသိုလ်ဆောင်တဲ့ အလုပ်။ "မပြုချင်ပြု ပြုချင်ပြု ကောင်းမှုကုသိုလ်တွေ၊ မရှောင်ချင်ရှောင် ရှောင်ချင်ရှောင် များမြောင်အကုတွေ" ဆိုတဲ့အတိုင်း အကုသိုလ်ရှောင် ကုသိုလ်ဆောင်တဲ့နေရာမှာ ဝီရိယအင်မတန် ပြင်းထန်တယ်တဲ့၊ ပယတ္တ ဘုန်းတော် လိုက်ဆိုကြ။

* **အကုသိုလ်ရှောင် ကုသိုလ်ဆောင်သည့် အရာဝယ် ကြိုးမား သော လုံ့လရှိတော်မူသော မြတ်စွာဘုရား။**

* **မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲဝံ့ကြီးမား လုံ့လများတော်မူ သော မြတ်စွာဘုရား။**

* **ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ ပြိုင်သူပကင်း တရား မင်း ဖြစ်တော်မူသော မြတ်စွာဘုရား။**

သြော်- ကိုးခုမြောက် စိန်တံတိုင်းကြီးခတ်လို့ ပြီးသွားတော့-

အရဟံအစ ဘဂဝါအဆုံး တံတိုင်း (၉)ထပ် စိန်တံတိုင်းကြီး (၉)ထပ် ခတ်ပြီးသွားပြီ။ ဒါကြောင့်-

ဇဝံ- ဤသို့။ နဝဟိဂုဏေဟိ- အရဟံအစ ဘဂဝါအဆုံး ဘဝဂ်ခြိုးမျှ ဘုန်းဂုဏ်ကြီးမား ကိုးပါးသော ဂုဏ်တို့နှင့်။ သမ္ပန္နာဂတံ- ပြည့်စုံတော်မူသော။ ဗုဒ္ဓံ- မြတ်စွာဘုရားကို။ ဝန္ဒာမိ- ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

ဒီလို ဂုဏ်တော်တစ်ခုချင်း တစ်ခုချင်း ရှိခိုးခဲ့ပြီး ပေါင်းပြီးတော့လည်း ရှိခိုးကြရတယ်။

ဘုန်းတော် (၆)ပါးကို တစ်ပါးချင်းလေး တစ်ပါးချင်းလေး ဖြိဖြန့်ပြီး ပွားများတဲ့အခါကျတော့ စိတ်ထဲမှာ ကြည်ညိုတဲ့ စိတ်ဘေဝဟာ တဖွားဖွား

http://www.dhammadownload.com



ပေါ်ပေါက်- ဘုရားအပေါ် အာရုံရောက်ခဲ့ကြပြီ။

(တစ်ခုချင်းလေး)၂ ဖြိုဖြန့်ပြီး ဟောကြားလို့ ပြီးတဲ့အခါ ဘုန်းတော် (၆)ပါး တစ်ပါးချင်း ဖွဲ့သီထားတဲ့ ဂါထာ(၆)မျိုးနဲ့ ဘုရားဂုဏ်တော် စိန်တံတိုင်း (၉)ထပ် ခတ်ပုံ နိဂုံးချုပ်ပါ့မယ်။

## ၁– ဣဿရိယဘုန်းတော်

**ပရမဥ္စသကေစိတ္တေ အတ္တိဿရိယမတ္တကံ**
**လောကိယာအဏိမာဒီပိ အဘိဿရ နမတ္ထုတေ။**

မီရ- သဗ္ဗညုတ ဉာဏအရှင် အို-မြတ်သခင်။ တေ- ရှင်တော်မြတ် ဘုရား၏။ သကေစိတ္တေ- ကိုယ်တော်မြတ်၏ နာမ်ဓာတ်ဝိညာဉ် စိတ်အစဉ်၌။ ပရမံ- သူမတူတန် ကဲလွန်ထူးမြတ်သော။ မတ္တကံ- အထွဋ်အဖူး ထိပ်ဦး တိုင်မြောက် ပေါက်ရောက်တော်မူပြီးသော။ ဣဿရိယဥ္စ- ဖလသမာပတ် ချမ်းသာမြတ်ကို စိတ်ညွတ်ကာပင် ကြာမတင်ပဲ ဝင်စံနိုင်ရှိး ဝသီမျိုးဖြင့် ပိုင်စိုးနိုင်နင်းတော်မူခြင်း တည်းဟူသော လောကုတ္တရာ စိတ္တိဿရိယ ဘုန်းတော်သည်လည်းကောင်း။ လောကိယာ- လောကတစ်လွှား ကျော် ထင်ရှားကုန်သော။ အဏိမာဒီပိ- အဏိမာဒိ အစရှိသား ဣဿရိယ (၈)ဖေါ် လောကီတန်ခိုးတော်တို့သည်လည်းကောင်း။ အတ္ထိ- ရှိပါပေကုန်၏။ အဘိဿရ- ဣဿရိယ ပုညဂုဏ်နှုံး ရွှေဘုန်းတော်သခင် အို- မြတ်အရှင်။ တေ- ရှင်တော်မြတ်ဘုရားအား။ မေ အမှာကံ- အကျွန်ုပ်တို့၏။ နမော- တုပ်ဝပ်ရှိကျိုး လက်စုံမိုး၍ ရှိခိုးဦးညွတ်ခြင်းသည်။ အတ္ထု- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

သာဓု သာဓု သာဓု

http://www.dhammadownload.com



၂- ဓမ္မဘုန်းတော်

**သ ဝါသနသံကိလေသာ၊ ပဟာယီ ဓီရ အတ္ထိတေ၊**

**နဝလောကုတ္တရောဓမ္မော၊ ဓမ္မဝန္တ နမတ္ထုတေ။**

ဓီရ- သဗ္ဗညုတ ဉာဏအရှင် အို-မြတ်သခင်။ တေ- ရှင်တော်မြတ်ဘုရားအား။ သဝါသနသံကိလေသပဟာယီ- ဝါသနာအငွေ့အသက်နှင့်တကွ တစ်ထောင့်ငါးရာ ကိလေသာမာန် သူပုန်ရန် ဘို့ကို လေးတန်ဉာဏ်မဂ်ဓားသံလျှက်ဖြင့် ငုတ်တက်မကြွင်း အကုန်ရှင်းအောင် ခုတ်စင်းဖြတ်တောက်တော်မူပြီးထသော။ နဝလောကုတ္တရော- မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော။ ဓမ္မော- ဓမ္မနှုံးခေါ်--- ရွှေဘုန်းတော်သည်---။ အတ္ထိ-စင်စစ်မသွေ ရှိပါပေ၏။ ဓမ္မဝန္တ- ဓမ္မခေါ်နှုံး ရွှေဘုန်းတော်သခင် အို- မြတ်အရှင်။ တေ- ရှင်တော်မြတ်ဘုရားအား။ မေ အမှာက်- အကျွန်ုပ်တို့၏။ နမော။ တုပ်ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။ အတ္ထု- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

သာဓု သာဓု သာဓု

၃- ယသဘုန်းတော်

**ယထာဘုစ္စဂတောဓီရ၊ ယသောတိလောကဗျာပကော**

**အတိသုဒ္ဓေါပိတေအတ္ထိ၊ ယသဝန္တ နမတ္ထုတေ။**

ဓီရ- သဗ္ဗညုတ ဉာဏအရှင် အို-မြတ်သခင်။ တေ- ရှင်တော်မြတ်ဘုရားအား။ ယထာဘုစ္စဂတော- အကြွားမပါ အဝါမဖက် သက်သက်ဟုတ်မှန် ဂုဏ်နေက်ကြောင့် ခြေမှန်မျက်မှောက် လက်တော်သို့ရောက်အပ်ပြီးသော။ တိလောကဗျာပကော- လောကသုံးရပ် ထုတ်ချင်းခပ်အောင် နှံ့စပ်ကျော်ကြားတော်မူသော။ ယသော- သရီရ ဓမ္မဂုဏ်နှစ်ဝ၏ ကျနမြဲမြံ ကျော်စောသံကြီးသည်။ အတ္ထိ- စင်စစ်မသွေ ရှိပါပေ၏။ ယသဝန္တ- ယသဂုဏ်နှုံး ရွှေဘုန်းတော်သခင် အို-မြတ်အရှင်။ တေ- ရှင်တော်မြတ်ဘုရားအား။ မေ အမှာက်- အကျွန်ုပ်၏။ နမော- တုပ်ဝပ်ရိုကျိုး လက်စုံမိုးလျှက် ရှိခိုးဦးညွှတ်ခြင်းသည်။ အတ္ထု- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

သာဓု သာဓု သာဓု

**မိခင်ဧကာဝတီ**

http://www.dhammadownload.com



## ၄– သိရိဘုန်းတော်

**ဒသဿနာရမ္မဇနာနံ၊ နယနာဘိပ္ပသာဒိကာ**
**သဗ္ဗင်္ဂ သိရီအတ္ထိ၊ သိရိမန္တ နမတ္ထုတေ။**

မီရ- သဗ္ဗညုတ ဉာဏအရှင် အို-မြတ်သခင်။ တေ- ရှင်တော်မြတ်ဘုရားအား။ ဒဿနာ ရမ္မဇနာနံ- ဖူးမျှော်လိုမှု အားသစ်ပြုသား ပျောထုနတ်လူ သတ္တဝါဟူ ဟူသမျှတို့၏။ နယနာဘိပ္ပသာဒိကာ- ဖူးတိုင်းမြိန်ယှက် မစွန့်ရက်အောင် မျက်စိအရသာ လွန်စွာရွှန်းစို စိတ်ကိုကြည်လင်စေတတ်ပါသော။ သဗ္ဗင်္ဂသိရိ- ဇာတ္တိသလက္ခဏာ သီတနုဗျည်း ရှုမငြီးတို့ဖြင့် နုလည်းနုနယ် ကိုယ်အင်္ဂါကြီးငယ်တို့၏ တင့်တယ်ခြင်း အသရေတည်းဟူသော။ သိရီ- သိရီနှုံးခေါ် ရွှေဘုန်းတော်သည်။ အတ္ထိ- စင်စစ်မသွေရှိပါပေ၏။ သိရီမန္တ- သိရီခေါ်နှုံး ရွှေဘုန်းတော်သခင် အို-မြတ်အရှင်။ တေ- ရှင်တော်မြတ်ဘုရားအား။ မေ အမှာက်- အကျွန်ုပ်တို့၏။ နမော- တုပ်ဝပ်ရိုကျိုး လက်စုံမိုးလျှက် ရှိခိုးဦးညွှတ်ခြင်းသည်။ အတ္ထု- စင်စစ်မသွေဖြစ်ပါစေသတည်း။

သာဓု သာဓု သာဓု

## ၅– ကာမဘုန်းတော်

**အတ္တတ္ထံ ပရတ္ထံဝါပိ၊ မီရ တေယံ ယမိစ္ဆိတံ**
**အတ္ထိနိပ္ဖတ္တိကာမောပိ၊ ကာမဝန္တ နမတ္ထုတေ။**

မီရ- သဗ္ဗညုတ ဉာဏအရှင် အို-မြတ်သခင်။ တေ- ရှင်တော်မြတ်ဘုရားသည်။ ယံယံ အတ္တတ္ထံဝါ- အကြင်အမျိုးမျိုးသော ကိုယ်တော်၏ အကျိုးစီးပွားကိုသော်လည်းကောင်း။ ယံယံ ပရတ္ထံဝါ- အကြင်အမျိုးမျိုးသော သူတစ်ပါး၏ အကျိုးစီးပွားကိုသော်လည်းကောင်း။ ဣစ္ဆိတံ- ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံ- အကြံသုံးပါး နှလုံးထားလျှက် လိုလားတောင့်တတော်မူသည့်အတိုင်း။ နိပ္ဖတ္တိကာမော- ရှယ်တိုင်းမဖေါက် ခရီးရောက်အောင် ပြီးမြောက်အောင်မြင်ခြင်းဟု ဆိုအပ်သော။ ကာမော- ကာမနှုံးခေါ် ရွှေဘုန်းတော်ကြီးသည်။ အတ္ထိ- စင်စစ်

http://www.dhammadownload.com



မသွေ ရှိပါပေ၏။ ကာမဝန္တ- ကာမခေါ်နှုံး ရွှေဘုန်းတော်သခင် အို-မြတ်အရှင်။ တေ- ရှင်တော်မြတ်ဘုရားအား။ မေ အမှာကံ- တုပ်ဝပ်ရိုကျိုး လက်စုံမိုးလျှက် ရှိခိုးဦးညွတ်ခြင်းသည်။ အတ္ထု- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

သာဓု သာဓု သာဓု

## ၆- ပယတ္တဘုန်းတော်

**ပယတ္တော သဗ္ဗလောကဿ၊ ဂါရဝါပတ္တိ ဟေတုကော၊**

**ဝါယာမော သောပိတေအတ္ထိ၊ ပယတ္တဝါ နမတ္ထုတေ။**

ဓီရ- သဗ္ဗညုတ ဉာဏအရှင် အို-မြတ်သခင်။ တေ- ရှင်တော်မြတ်ဘုရား၏။ သဗ္ဗလောကဿ- အလုံးစုံလောက ရှိသမျှနတ်လူ အပေါင်း၏။ ဂါရဝါပတ္တိ ဟေတုကော- စိုးခံ့သမှု အလေးပြုအပ်သည့် ဂရုဘွဲ့ယူ ပုဂ္ဂိုလ်တစ်ဆူအဖြစ်သို့ ဆိုက်ရောက်ကြောင်းဖြစ်သော။ ဝါယာမော- သမ္မပ္ပဓာန ကိစ္စပြဋ္ဌာန်းလှသား သမ္မာဝါယာမ မဂ္ဂင်ဟု ဆိုအပ်သော။ ပယတ္တော- ပယတ္တနှုံးခေါ် ရွှေဘုန်းတော်ကြီးသည်။ အတ္ထိ- စင်စစ်မသွေ ရှိပါပေ၏။ ပယတ္တဝါ- ပယတ္တခေါ်နှုံး ရွှေဘုန်းတော်သခင် အို-မြတ်အရှင်။ တေ- ရှင်တော်မြတ်ဘုရားအား။ မေ အမှာကံ- အကျွန်ုပ်တို့၏။ နမော- တုပ်ဝပ်ရိုကျိုး လက်စုံ မိုးလျှက် ရှိခိုးဦးညွတ်ခြင်းသည်။ အတ္ထု- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

သာဓု သာဓု သာဓု

http://www.dhammadownload.com



ယနေ့ ၁၃၆၁-ခု တော်သလင်းကွယ်နေ့ ဟိုလွန်ခဲ့တဲ့ ဥပုသ်များက စိန်တံတိုင်းကြီး (၉)ထပ်ခတ်ပုံ၊ ဗုဒ္ဓဂုဏ်များ ဟောခဲ့ပြီ။ ဂုဏ်တော် (၉)ပါးနဲ့ ပြည့်စုံတဲ့ ဘုရားရှင်ဟာ ဂုဏ်တော် (၆)ပါးနဲ့ ပြည့်စုံတဲ့ တရားတော်ကို ဟောကြားတော်မူခဲ့တယ်။ အဲဒီလို ဟောတော်မူခဲ့တော့ ရည်ရွယ်ချက် (၂)မျိုး ရှိပါတယ်။

**ယံ ဗုဒ္ဓေါ ဘာသတေဝါစံ**

**ခေမံ နိဗ္ဗာန ပတ္တိယာ။**

**ဒုက္ခဿန္တ ကိရိယာယ၊**

**သာဝေ ဝါစာန မုတ္တမာ။**

ဘုရားရှင် ကိုယ်တော်မြတ်ဟာ ရည်ရွယ်ချက် (၂)မျိုးနဲ့ တရားဟောခဲ့ပါတယ်။ ဒါကြောင့် ဘုရားရှင်ရဲ့ စကားတော်ဟာ စကားတွေထဲမှာ အမြတ်ဆုံး ဖြစ်လာတယ်။

ဗုဒ္ဓေါ- ဘုရားရှင်သည်။ ခေမံ- ဘေးကင်းကြောင်းဖြစ်သော။ ယဝါစံ- အကြင်စကားကို။ နိဗ္ဗာန ပတ္တိယာ- ဒုက္ခခပ်သိမ်း ငြိမ်းရာအမှန်မြတ်နိဗ္ဗာန်သို့ရောက်ရန် အကျိုးငှါလည်းကောင်း ဘုရားရှင် စကားပြောတော်မူတယ်။ တရားဟောတယ် စကားပြောတော်မူတော့ ဒုက္ခခပ်သိမ်းငြိမ်းရာနိဗ္ဗာန်ရဖို့ ဟောတော်မူတယ်။

နောက်တစ်မျိုးက ဒုက္ခဿ- စက်သံသာရ ဝဋ်ဒုက္ခ၏။ အန္တကိရိယာယ- နိဂုံးခပတ် အဆုံးသတ်သို့ ရန်အကျိုးငှါလည်းကောင်း၊ တန်ချိန်ဖွဲ့လို့ မရတဲ့ ဒုက္ခတွေ အို-နာ-သေ မချစ်ရှင်တွဲ ချစ်သူကွဲတဲ့ ဒုက္ခတွေ မအိုလို မနာလို မသေလို တောင်းဆုဆိုလဲ မရတဲ့ ဒုက္ခတွေ နိဂုံးချုပ်နိုင်တဲ့နည်းက ဘုရားရှင်ရဲ့နည်းပဲ ရှိတယ်။ ဒါကြောင့် ဒုက္ခဿန္တကိရိယာယ- တန်ချိန်ဖွဲ့မရနိုင်တဲ့ ဒုက္ခ နိဂုံးခပတ် အဆုံးသတ်ရန်။ ဘာသတေ- ဟောကြားတော်မူခဲ့ပါပေ၏။ ဝေ- စင်စစ်။ သာဝါစာ- ရည်ရွယ်ချက် (၂)မျိုးနဲ့ ဟောကြားထားတဲ့ ဘုရား တရားတော် ပိဋကတ်သုံးပုံစကားတော်သည်သာလျှင်။ ဝါစာနံ- ကမ္ဘာလောကရှိသမျှ စကားတို့တွင်။ ဥတ္တမာ- အမြင့်ဆုံး အမြတ်ဆုံး အကောင်းဆုံး စကားတော် ဖြစ်တော်မူပါပေသတည်း။

သာဓု သာဓု သာဓု

**မိခင်ဇေယျာဝတီ**

http://www.dhammadownload.com



လောကမှာ စကားတွေကတော့ အများကြီးပဲ။ လူတွေလည်း လူစကားပြောတယ်။ နတ်တွေလည်း နတ်စကားပြောတယ်။ ဗြဟ္မာတွေလည်း ဗြဟ္မာစကားပြောတယ်။ တိရစ္ဆာန်တွေလည်း တိရစ္ဆာန်စကားပြောနေကြတယ်။ အထူးသဖြင့် လူတွေဆိုကြပါစို့။ နေ့စဉ် လူစကားတွေပြောနေကြပေမယ့်လို့ နိဗ္ဗာန်ရောက်ကြောင်း စကားပြောတဲ့ ပုဂ္ဂိုလ်က ခပ်နည်းနည်းပဲ ရှိတယ်။ လူသားတွေထဲက ပထမဆုံး နိဗ္ဗာန်စကား ပြောကြားတဲ့ ပုဂ္ဂိုလ်ကတော့ ဗုဒ္ဓဘုရားပဲ။ တန်ချိန်ဖွဲ့လို့ မရတဲ့ ဒုက္ခတွေ အချိန်ဘယ်လောက် ပိဿာဘယ်လောက် တင်းရေဘယ်လောက် ရှိတယ်ကို သတ်မှတ်လို့ ချိန်တွယ်လို့ မရနိုင်တဲ့ ဒုက္ခဝန်ထုပ် ဝန်ပိုးကြီးတွေ ငြိမ်းသွားအောင် အဆုံးသတ်သွားအောင် စကားမျိုးကို ပြောတဲ့ပုဂ္ဂိုလ်ကလည်း ဗုဒ္ဓဘုရားပါပဲ။ ဒါကြောင့် ဘုရားရှင် ပြောကြားတော်မူခဲ့တဲ့ ဟောကြားတော်မူခဲ့တဲ့ ဓမ္မဂုဏ်တော် (၆)ပါးနှင့် ပြည့်စုံတဲ့ စကားတော်ဟာ စကားအားလုံးတွင် အမြတ်ဆုံးစကား၊ တရားအားလုံးတို့တွင် အမြတ်ဆုံးတရား၊ အဲဒီတော့ မြတ်စွာဘုရားဟာ ရည်ရွယ်ချက် (၂)မျိုးနဲ့ စကားပြောတော်မူခဲ့တယ်။ တရားဟောတော်မူခဲ့တယ်။ အနုစ်သာရအနေနဲ့ မကြည့်တတ်လို့ မကြည့်ချင်နေ၊ ထုထည်သဏ္ဌာန် အနေနဲ့ အရေအတွက် ပမာဏအနေနဲ့ ပြောရင်လဲ ဒီဘုရားဟော ပိဋကတ်သုံးပုံလောက် များပြားပြည့်စုံအောင် အခုအချိန်အထိ ဘယ်သူမှ မရေးနိုင်သေးဘူး၊ မပြောနိုင်သေးဘူး။ အုပ်ရေ (၄၂)အုပ်ကို တစ်ယောက်တည်း ထမ်းရွက်ဖို့ မနိုင်ပါဘူး။ ဒီလို မြတ်သော များသော တရားတော်ကို ဟောကြားမှုနှင့် ပတ်သက်လို့ ဒီလို အာရုံပြု ပုတီးစိပ်လို့ ရပြန်တယ်။

ကြယ်ပွင့်အမှတ်အသားပါတဲ့ စကားရပ်တိုင်း အဖန်ဖန်ပွားများ ပုတီးစိပ်ရမဲ့ စကားများပါ။

- *** ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ရောက်ကြောင်း စကားကောင်းကို ဆိုတော်မူတတ် ဟောတော်မူတတ်သော မြတ်စွာဘုရား။**
- *** တန်ချိန်ဖွဲ့ မရနိုင်သည့် ဒုက္ခဝန်ထုပ်ဝန်ပိုးကို အပြီးသတ် အဆုံးသတ်စေ ချုပ်ငြိမ်းစေတတ် တရားမြတ်ကို ဟောကြား ပြောဆိုတော်မူတတ်သော မြတ်စွာဘုရား။**

**မိခင်ဂေါဝတီ**

http://www.dhammadownload.com



*** အမြတ်ဆုံးစကားကို များများကြီး ဆိုတော်မူတတ်သော မြတ်စွာဘုရား။**

ဂုဏ်တော် (၆)ပါးနဲ့ ပြည့်စုံတော်မူတဲ့ ဘုရားတရားတော်သည် အမြတ်ဆုံး စကား၊ အဲဒီ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ် (၁၀)ဖော် တရားတော်ကို ဘုန်းကြီးတို့က ဓမ္မံ သရဏံ ဂစ္ဆာမိ- တရားတော်ကို ကိုးကွယ်ပါ၏။ ကိုးကွယ်တော့ အကြောင်းနှစ်မျိုးနဲ့ ကိုးကွယ်တာပဲ။

အဲဒီ တရားတော်တွေဟာ ဘဝကန္တာရာ ဉတ္တာရဏေန- ဘဝ ခရီးမှ ထုတ်ဆယ်ကယ်တင်တော်မူတတ်သောကြောင့် တရားကို ကိုးကွယ်ကြတယ်။ နောက်တစ်ချက်က-

အဿာသဒါနေန- စိတ်ရဲ့သက်သာမှုကို ပေးတော်မူတတ်သောကြောင့် စိတ်ရဲ့သက်သာမှု အေးမြမှု ချမ်းသာမှု ပေးတဲ့နေရာမှာ တရားလောက် ပေးနိုင်တာ ဘာမှမရှိပါဘူး။ ပဋ္ဌာစာရီ ရူးပြီးနေတာ တရားတော်နဲ့ တွေ့တော့ အရူးပျောက် စိတ်ရဲ့သက်သာမှုကြီးတွေ ရသွားတယ်။ ကိသာဂေါတမီတို့လည်း ဒီအတိုင်းပဲ စိတ်မသက်သာ နှလုံးနာမှုတွေ ဖြစ်နေတာ။ ဘုရားတရားတော်နဲ့ တွေ့မှ စိတ်ရဲ့သက်သာမှု ရသွားတယ်။ မနေ့ကပဲ ဒကာမကြီးတစ်ယောက် သူ့သားလေးက ကိုကျော်သူရတဲ့။ လေယာဉ်မှူးလေး လေယာဉ်ပျက်တော့ ပါသွားတယ်။ ဖြေလို့မရအောင် ဖြစ်နေရှာတယ်။ တရားသဘောနဲ့ မဖြေရင် မပြေဘူး။ **"လောကဓံ ကျင်းချိုင့်ဆူးငြောင့် ခလုတ်တွေ, လှိုင်းလုံးကြီးတွေ ဘယ်လောက်များများ တရားသဘောနဲ့ အချောကိုင်လိုက်နိုင်ရင်, ထိန်းလိုက်နိုင်ရင် ပြေပြစ်သွားတော့တာပါပဲ"**။ ရှေးသူတော်ကောင်းကြီးတွေဟာလဲ နောက်ဆုံး တရားသဘောနဲ့ အချောကိုင်နိုင်လို့ ငြိမ်းချမ်းသက်သာရာ ရသွားတာချည်းပါပဲ။ အဲဒီလို ဂုဏ်တော် (၆)ပါးနဲ့ ပြည့်စုံတဲ့ တရားတော် စကားတော် ဆိုတာလဲ ဂေါတမဘုရားရဲ့ စကားတော် တရားတော်မှတစ်ပါး အခြားဘယ်တရားမှ မရှိဘူးလို့ ပြောရပါတယ်။ အဲဒီ ပိဋကတ်သုံးပုံမျိုး အခြားဘုရားတွေ ဟောထားတာရှိရင် ပြစမ်းစေချင်ပါတယ်။ ကြည့်ချင်ပါတယ်။ ကြည်ညိုချင်

http://www.dhammadownload.com



ပါတယ်။ ဒါမှမဟုတ်ရင် အဲဒီလို ဂုဏ်တော်(၆)ပါးနဲ့ ပြည့်စုံတဲ့ တရားတွေ ရှင်တော်ဂေါတမ တရားတော်မှတစ်ပါး အခြားဘုရားတွေ ဟောတာရှိရင်လဲ အယူပြောင်းပြီး ကိုးကွယ်ကြရအောင်။ ရှိရင်တော့ အယူပြောင်းပြီး ကိုးကွယ်ပါ့မယ်။ ကမ္ဘာ့မြေပြင်မှာ မရှိပါဘူးလို့ ပြောဝံ့ပါတယ်။

အဲဒီလို ဂုဏ်တော် (၆)မျိုးနဲ့ ပြည့်စုံတဲ့ တရားတော်ကို ကိုးကွယ်တော့ အကြောင်း(၂)မျိုး အခြေခံပြီး ကိုးကွယ်ကြတော့ ဂေါတမဘုရားရှင် ပွင့်ပေါ်လာတယ်ဆိုတာ တရားစိန်တောင်, တရားစိန်တုံး, တရားစိန်ခဲ, တရားပဒေသာပင်ကြီး ပေါ်ပေါက်လာတာပဲ။ ဒါကြောင့်-

**ကာမိတတ္ထပဒေါသာရော၊**
**ဖလပုပ္ဖောပ သောဘိတော။**
**သစ္ဆာယောယမပုဗ္ဗော၀၊**
**ကပ္ပရုက္ခော သမုဋ္ဌိတော။ ။**

ကာမိတတ္ထပဒေါ- လောကုတ်လောကီ အလိုရှိအပ် နှစ်လိုသော အကျိုးစီးပွားကို ပေးတော်မူနိုင်ထသော။ (မြတ်စွာဘုရား တည်းဟူသော တရားပဒေသာပင်ကြီးဟာ လောကီ လောကုတ္တရာ အကျိုးစီးပွားတွေကို ပေးစွမ်းတော်မူနိုင်တယ်။)

သာရော- သီလ သမာဓိ ပညာပြည့်၍ ပြည့်သောအနှစ်သာရ ရှိပေထသော။ (မြတ်စွာဘုရားတည်းဟူသော တရားပဒေသာပင်ကြီးဟာ သီလ သမာဓိ ပညာအပြည့်ရှိတယ်။)

ဖလပုပ္ဖော ပသောဘိတော- သီး၍မကုန် သီးပွင့်စုံသို့ အဖုံဖုံ အစားစား များပြားမြင့်ကြွယ် တင့်တယ်တော်မူပါပေထသော။ (မြတ်စွာဘုရားတည်းဟူသော တရားပဒေသာပင်ကြီးမှာ သိလို့လည်းမကုန်၊ ဟောလို့လည်း မကုန်၊ ပြောလို့လည်း မကုန်ဘူး။ သိစရာတွေ, မြင်စရာတွေ, ထင်စရာတွေ အသီးအပွင့်တွေ အစုံအလင်ရှိတယ်။)

သစ္ဆာယော- ရောင်ခြည်တော် ခြောက်သွယ် အသွယ်သွယ်ဖြင့် ပြည့်ကျယ်သော အရိပ်အာဝါသလည်း ရှိတော်မူပါပေသော။ (အရိပ်အာဝါသ ရောင်ခြည်တော်ခြောက်သွယ် အသွယ်သွယ်တို့နဲ့ ပြည့်စုံတော်မူ

http://www.dhammadownload.com



တဲ့ တရားပဒေသာပင်ကြီး။)

အယံကပ္ပရုက္ခော- ဤဗုဒ္ဓမြတ်စွာ ပဒေသာပင်ကြီးသည်။
အပုဗ္ဗောဝ- ရှေးရှေးခေတ်က မဖြစ်စဖူး အထူးအသစ် ဖြစ်၍သာလျှင်။
သမုဋ္ဌိတော- တို့ကံအလျောက် ကောင်းစွာပေါ်ပေါက်လာပါပေသတည်း။

သာဓု သာဓု သာဓု

## ဘုရားတည်တဲ့ဘုရား

ကံအားလျော်စွာ ဘုန်းကြီးတို့တတွေ ကံကောင်းလို့ သာသနာတော်ကြီးရဲ့သက်တမ်း (၂၅၀၀)ကျော်မှ လူ့ဘဝရသော်လည်း ဗုဒ္ဓမြတ်စွာတည်း ဟူသော တရားပဒေသာပင်ကြီးနဲ့ တွေ့ခွင့်ရနေတယ်။ အဲဒီ ပင်မတရား ပဒေသာပင်ကြီးက ပွားထားတဲ့ ပင်ပွားပဒေသာပင် ရှစ်သောင်းလေးထောင်၊ ဓမ္မစေတီပေါင်း ရှစ်သောင်းလေးထောင်၊ ဓမ္မစေတီ- ဘုရားကိုယ်စား ဘုရားကိစ္စ ဆောင်ရွက်တော်မူနိုင်တယ်၊ ဟောနိုင် ပြောနိုင် လမ်းပြတော်မူနိုင်တယ်။ ဥဒ္ဒိဿစေတီ- ဘုရားဂုဏ်တော်တွေ အာရုံပြုထည့်ထားတဲ့ ကိုးကွယ်ရတဲ့စေတီ။ ဓာတုစေတီ- ဆိုတာ ဓာတ်တော် မွေတော်ကို ခေါ်တယ်။ ပရိဘောဂစေတီ- ဆိုတာ ဘုရားရှင် ပွင့်တော်မူရာ ဗောဓိပင်၊ အသုံးအဆောင်၊ သင်္ကန်း စသည်ကို ခေါ်ပါတယ်။ အဲဒီ စေတီ (၄)မျိုးထဲက ဓမ္မစေတီ၊ ဓမ္မစေတီဆိုတာကတော့ ဘုရားကိုယ်ပွား ဘုရားကိုယ်စား ဘုရားကိစ္စ ဆောင်ရွက်တော်မူနိုင်တဲ့ ဂုဏ်ထူးဝိသေသနဲ့ ပြည့်စုံတယ်။ ဓမ္မစေတီပေါင်း ဘယ်လောက်ရှိလဲ။ (ရှစ်သောင်းလေးထောင် ရှိပါတယ်ဘုရား)။

အဲဒီ ဓမ္မစေတီတော်တွေက ဘုရားဆိုဆုံးမတော်မူနေသလိုပဲ။ အဲဒီ လင်္ကာလေးတွေ လိုက်ဆိုကြ။

**လင်္ကာ**

လေးထောင်ကျော်ဆောင်း၊ ရှစ်သောင်းစေတီ၊
လူ့ပြည်ထက်ဝက်၊ နတ်ထက်ဝက်တည်၊
ဘုရားကိုယ်စား၊ ညွှန်ကြားနိုင်မည်၊
စေတီများ ဘုရားကိုယ်တိုင်တည်။

**မိခင်ဗောဓိဝတီ**

http://www.dhammadownload.com



ဘုရားကိုယ်စား တရားစေတီ၊
သာသနာ့လမ်း ပွင့်ခန်းစုံညီ
ရှင်သန်ကြီးပွား ခေါ်ကြားနိုင်သည်၊
စေတီများ ညွှတ်တွားထိမ်းကာတည်။

နတ်ပြည်မှာ တည်ထားတဲ့ စေတီက လေးသောင်းနှစ်ထောင်၊ လူ့ပြည်မှာ လေးသောင်းနှစ်ထောင်။ ပေါင်း ရှစ်သောင်းလေးထောင်။

အခု စွယ်တော်မြတ်စေတီ ဘယ်သူတည်သလဲ။ ရွှေတိဂုံစေတီတော် ဘယ်သူတည်သလဲ။ စွယ်တော်မြတ်စေတီ နိုင်ငံတော်အစိုးရ မင်းမြတ်တို့နှင့် တိုင်းသူပြည်သားတွေ တည်ခဲ့တယ်။

ရွှေတိဂုံစေတီတော်ကြီးကိုတော့ လူရော နတ်ရော တည်ခဲ့တယ်။ ဘုရားကိုယ်တိုင်တည်တဲ့ ဘုရားကော တွေ့ဘူးရဲ့လား၊ ကြားဘူးရဲ့လား။ (မတွေ့ဘူး၊ မကြားဘူးပါဘုရား)။ မကြားဘူးရင် ပြောရဦးမယ်။ ဘုရားကိုယ်တော်တိုင် တည်ထားတဲ့ စေတီတော်တွေက လူ့ပြည်မှာ လေးသောင်းနှစ်ထောင်၊ နတ်ပြည်မှာ လေးသောင်းနှစ်ထောင်။ လူ့ပြည်မှာတည်တဲ့ လေးသောင်းနှစ်ထောင် ဆိုတာက သုတ္တန်ပိဋကတ်နှင့် ဝိနည်းပိဋကတ်ကို ပြောတာပါ။ နတ်ပြည်မှာတည်တဲ့ လေးသောင်းနှစ်ထောင် ဆိုတာက အဘိဓမ္မာပိဋကတ်ကို ပြောတာပါ။ အဲဒီ လေးသောင်းနှစ်ထောင် စေတီတော်တွေကို နာမည်တော်တစ်မျိုးနဲ့ ခေါ်တော့ အင်္ဂါကိုးတန် စေတီကြီး ၉-ဆူ၊ နိကာယ်ငါးရပ် ဓမ္မစေတီတော်ကြီး ၅-ဆူ၊ ပိဋကတ်သုံးပုံ ဓမ္မစေတီတော်ကြီး ၃-ဆူ။

အဲဒီတော့-

သုံးဆူ
ငါးဆူ
ကိုးဆူ
ရှစ်သောင်းလေးထောင်ဆူ

တွေကို ဘုရားကိုယ်တော်တိုင် တည်ထားခဲ့တယ်။ အဲဒီစေတီတွေရဲ့ ပင်မ

http://www.dhammadownload.com



စေတီတော်ကြီးကတော့ ဗုဒ္ဓဘုရားပဒေသာပင်ပါပဲ။ ပင်ပွားပဒေသာပင်က ရှစ်သောင်းလေးထောင်။ အဲဒီ လေးထောင်သော စေတီတော်တို့ရဲ့ ဥပမာ ပစ္စည်းတွေက ဘာတွေလဲလို့ဆိုတော့ ဗောဓိပက္ခိယတရား ၃၇-ပါး၊ တစ်နည်းအားဖြင့် မဂ္ဂင် ၈-ပါး ဥပမာထားခဲ့တယ်။ တစ်နည်းအားဖြင့် သိက္ခာသုံးပါး သီလ၊ သမာဓိ၊ ပညာကို ဥပမာထားခဲ့တယ်။ တစ်နည်းအားဖြင့် ဒါန, သီလ, ဘာဝနာသုံးမျိုး ဥပမာတော်ကို ဘုရားကိုယ်တော်တိုင်ပဲ ဥပမာသွင်းခဲ့တယ်။ တန်ဖိုးကြီးတယ်။ ရွှေ ငွေ ပုလဲ ကြောင်မျက်ရွဲနှင့် မြခဲသန္တာ စိန်ဘဏ္ဍာဆိုတဲ့ ရတနာတွေ ဥပမာသလို။ မြတ်စွာဘုရားဟာ အဲဒီ ရတနာတွေထက် တန်ဖိုးကြီးတဲ့ သီလ သမာဓိ ပညာသိက္ခာသုံးပါး ဥပမာခဲ့တယ်။ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတပ္ပဟု ၇-လီ ဥစ္စာရတနာသာရ မြတ်ဓနတို့ကို ဥပမာထည့်ခဲ့တယ်။ ယနေ့ ဘုန်းကြီးတို့ ဒကာ ဒကာတွေ ဥပုသ်စောင့်သုံးရ တာ။ မြတ်စွာဘုရားရဲ့ ဥပမာပစ္စည်း အဖိုးတန်ကို သုံးစွဲနေရတာပါပဲ။ အဲဒီလို ဥပမာတွေ ထည့်သွင်းထားပြီး ထီးတော်ကိုလည်း ကိုယ်တော်တိုင် တင်ထားခဲ့တယ်။ အဲဒီ ထီးက မဂ်ထီး ဖိုလ်ထီးတွေပါ။ ထီးတော်ရှစ်စင်း ဖွင့်ပြီး တင်ထားခဲ့တယ်။ ဘာအထွဋ်ရွှဲ တင်ထားခဲ့သလဲဆိုတော့ ၄ုက်မြတ်နားနှင့်တူတဲ့ နိဗ္ဗာန်အထွဋ်ရွှဲလဲ တင်ထားခဲ့ တယ်။ အဲဒီ ဓမ္မစေတီတော်တွေ ဘယ်မှာရှိသလဲဆိုတော့ ဗုဒ္ဓသာသနာ ထွန်းကားတဲ့နယ်မြေဒေသတွေမှာ ရှိတယ်။

အဲဒီလို ဘုရားကိစ္စ ဆောင်ရွက်နိုင်တဲ့ ဓမ္မစေတီတော်မြတ်တွေကို ပူဇော်ကြရ၊ သင်အံကြိုးကုတ် အားထုတ်ကြရတယ်။ မိမိတို့သန္တာန်မှာ ဓမ္မ စေတီတည်ကြရတယ်။ **"ဘုရားချစ်ရှင် ဟောသွန်သင်သား ကိုးအင်ဓမ္မခေတ် တရားမြတ်ကို မပြတ်သင်ကြား နာသူအားလျှင်"-**

ဘုရားရှင်ကိုယ်တိုင် တည်ထားတော်မူခဲ့တဲ့ ဓမ္မစေတီတော်တွေ မိမိတိုင် မိမိသန္တာန် သူတစ်ပါးသန္တာန်မှာ တည်ထားမယ်ဆိုရင် ငါးပါး အာနိသင် အကျိုးထင်၏။

စေတီတော် တည်ထားရလို့ အကျိုး (၅)မျိုး ရပါတယ်။ အဲဒီ ဓမ္မ စေတီတော်တွေကို ရှိသေနေတဲ့ သူများမှာ အကျိုးငါးပါး ရတယ်။ အကျိုး

http://www.dhammadownload.com



ငါးပါးက-

**"ပုံပြင်ထုံးဟောင်း ရှေးနှောင်းခုဖြစ် စင်စစ်ကောင်းဆိုး ကြောင်းကျိုး စကားနည်းနာများကို မကြားစဖူး ကြားရဖူး၏"**။

ဘုရား တရားဓမ္မစေတီတွေထဲမှာ ဇာတ်တော်တွေ၊ ဓမ္မပဒဝတ္ထုတွေ၊ ပုံပြင်ထုံးဟောင်း သာဓကတွေ ကုန်နိုင်တယ် မရှိဘူး။ ဘုန်းကြီးတို့ ဒီစာနဲ့ ဒီဓမ္မစေတီတွေနဲ့ တရင်းတနှီး သင်ကြားလေ့လာ ပို့ချနေခဲ့တာ ဝပ်တွား ရှိသေနေခဲ့တာ နှစ်ပေါင်း (၅၀)လောက်ရှိပြီ။ ကုန်တယ်လို့ မရှိဘူး။ သိစရာ တွေ အများကြီး ကျန်ရှိသေးတယ်။

**"ကြားဦးရှေးက ကြားပြီးကလဲ ကြားရတစ်ဖန် ကြည်လင်ပြန်၏"**။ ဟိုနှစ်ဟိုနှစ် ဟိုလဒီလက ဟောကြားထားလို့ ထပ်မံနာကြားလိုက်ရပြန်တော့ လဲ စိတ်ထဲမှာ ကြည်နူးရွှင်ပြမှု ရပြန်ပါတယ်။

**"ဉာဏ်မမှီငြား ထင်ယုံမှားလည်း ယုံမှားကင်းပ ကင်းစင်ရ၏"**။ ဓမ္မစေတီမြတ် ပိဋကတ်တရားတွေကို တစ်ခါနာကြားရုံနဲ့ စိတ်မရှင်းဘူး။ နှစ်ခါ နာကြားရုံနဲ့ စိတ်ထဲရှင်းကနဲ မသွားဘူး။ နက်နဲ ခက်ခဲလှတဲ့ တရား တော်တွေထဲက တစ်စိတ်တစ်ဒေသ ဉာဏ်မှီသွားတာနဲ့ ဝမ်းသာရတယ်။ ဇဝေဇဝါ မဖြစ်တော့ဘူးဆိုတဲ့ တစ်နေ့ အကြီးအကျယ် ဝမ်းမြောက်ရပါတယ်။ ဒါကြောင့် အဖန်ဖန် အထပ်ထပ် သင်ပါ၊ နာပါ၊ ဆွေးနွေးပါ၊ တစ်ဖြေးဖြေး ယုံမှားသံသယ ပျောက်ကင်း ရှင်းလင်းလာပါလိမ့်မည်။

**"ဝါဒမထောင့် ယူဖြောင့်စိတ်ကြည် ဤငါးလီတည်"**။ အဲဒီ ဓမ္မ စေတီတွေထဲက တစ်စိတ်တစ်ဒေသ တစ်ကျမ်းတစ်ဖွဲ့ သင်ယူနိုင်ပြီ၊ ရွတ်အံ နိုင်ပြီဆိုရင် အယူအဆ အယူဝါဒတွေ မှန်ကန်လာနိုင်တယ်၊ ဖြောင့်လာနိုင် တယ်။စိတ်ကလေးလည်း ကြည်လင်လာနိုင်တယ်။

ဒါကြောင့် **"ကျိုးကြည်မြဲဘိ မပျင်းရိနှင့် အသိပွားမှု ခါခါရှု၍ ပွားမှု လေ့လာ ကြိုးစားပါလော့"**-လို့။ ရှေးဆရာတော်ကြီးများက ဖွဲ့ဆိုထားခဲ့ကြ တယ်။

ဂေါတမရှင်တော် မြတ်ဘုရား တည်ထားခဲ့တဲ့ ဓမ္မစေတီတော်တွေ ဗောဓိပက္ခိယတရား ၃၇-ပါး, မဂ္ဂင် ၈-ပါး, သိက္ခာ ၃-ပါး ဆိုတဲ့ ဌာပနာ၊

http://www.dhammadownload.com



မင်္ဂလေးပါး ဖိုလ်လေးပါးဆိုတဲ့ ထီးတော်ရှစ်စင်း၊ နိဗ္ဗာန်တည်းဟူသော ငှက်မြတ်နား အထွဋ်တင်ထားတဲ့ ဓမ္မစေတီတော်တွေကို ရိုသေလေးစားနေ မယ်ဆိုရင် တရားရှင် ဘုရားကို၊ ဓမ္မစေတီ တည်ထားခဲ့တဲ့ ဘုရား ဒါယကာ ဘုရားကိုလည်း ရိုသေလေးစားရာ ရောက်တယ်။

ဖြစ်စဉ်လေးတစ်ခု စဉ်းစားကြည့်ကြရအောင်။ တရားရှင် ဘုရားက မြတ်သလား၊ တရားတော်က မြတ်သလား ဆိုတဲ့ အမေးပြဿနာ ရှိခဲ့ဖူး တယ်။ ဘုရားဖြစ်တော်မူခါစက လောကကြီးထဲမှာ ငါ့ထက်မြတ်သူ ဘယ်သူ ရှိသေးလဲ။ လောကထဲမှာ ငါဘယ်သူ့ကို အလေးအမြတ် ထားနေရပါ့မလဲ။ နတ်ကို အလေးအမြတ် ထားရမှာလား။ ပြဟ္မာကို အလေးအမြတ် ထားရမှာ လား။ စဉ်းစားလိုက်တဲ့အခါ လူ့လောက နတ်လောက ပြဟ္မာ့လောက အားလုံး ကြည့်ရှုလိုက်တဲ့အခါမှာ အလေးအမြတ်ထားစရာ လူရယ် နတ်ရယ် ပြဟ္မာရယ်လို့ မတွေ့ဘူး။ ငါသိအပ်တဲ့ တရားတော်တွေကို အလေးအမြတ် ပြုသင့်တယ်။ တရားကိုပဲ အလေးအမြတ် ထားနေရမှာပဲလို့ မြင်တော်မူခဲ့တဲ့ အတိုင်း တရားတော်ကိုပဲ အလေးအမြတ် ထားနေခဲ့ပါတယ်။

အဲဒီတော့ ဘုရားရှင်သည် အဘယ်တို့ကို အလေးအမြတ် ထားနေ ခဲ့ပါသလဲဆိုရင် ရသိတော်မူအပ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန် ပရိယတ် တရားတော် ကိုပဲ အလေးအမြတ် ထားနေခဲ့တယ်လို့ ပြောရမှာပါ။ လောကမှာ ဘုရားသိတဲ့ ဘုရားဟောတဲ့ တရားတော်ဟာ အမြတ်ဆုံးဆိုတဲ့ အဖြေမှန် ထွက်လာပါပြီ။

**ဓမ္မောဟိ ဝါသေဋ္ဌ သေဋ္ဌော ဇနေတသ္မိံ**
**ဒိဋ္ဌေစေဝဓမ္မေ အဘိသမ္ပရာယေစ။**

ဝါသေဋ္ဌ-ဝါသေဋ္ဌ ဓမ္မော- ဓမ္မစေတီ တရားတော်သည်။ ဒိဋ္ဌေစေဝဓမ္မေ- မျက်မှောက်ဘဝ၌လည်းကောင်း အဘိသမ္ပရာယေစ- နောက်တမလွန်ဘဝ၌လည်းကောင်း။ ဇနေတသ္မိံ- လူအပေါင်း၌။ သေဋ္ဌော- မြတ်၏-ဆိုတဲ့စကား ဟောပြီးတော့ သက်သေ သာဓကတစ်ခု ထုတ်ပြီး တရားမြတ်ပုံ ဟောတော်မူတယ်။

ဘုရားဆွေတော် မျိုးတော် သာကီဝင်တွေက ပသေနဒီကောသလ မင်းကြီး နောက်ကလိုက်ကြရတယ်။ ရှိခိုးကြ မြတ်နိုးကြရတယ်။ အခုကြည့်

http://www.dhammadownload.com



တဲ့။ သာကီဝင်တို့ရဲ့ အလေးအမြတ် အပြုခံ ကောသလမင်းကြီး၊ အဲဒီ ကောသလမင်းကြီးက သာကီဝင်မင်းသားဘုရားကို ရိုသေရ ရှိခိုးရ မြတ်နိုးရ ကော်ရော်ပူဇော်ရတယ်။ အဲဒီလို ပူဇော်တဲ့နေရာမှာ ကောသလမင်းကြီးက ငါ့ထက် အဆင်းလှတယ်၊ အကျိုးမြတ်တယ်၊ ခွန်အားကြီးတယ်၊ အစိုးရတယ် ဆိုပြီး ငါဘုရားအား အလေးအမြတ်ပြု ပူဇော်တာ မဟုတ်ပါဘူးတဲ့။

ဘုရားသိတော်မူအပ် မြင်တော်မူအပ်တဲ့ တရားတော်ကို အလေးအမြတ်ထားပြီးတော့ ခရီးဦးကြိုဆိုတယ်၊ အရိုအသေပြုတယ်၊ ရှိခိုးတယ်၊ ပူဇော်တယ်။

ဒီဖြစ်စဉ်ဟာ သက်သေတစ်ခုပဲတဲ့။ ဒါကြောင့် တရားတော်ဟာ အမြတ်ဆုံးပဲ။ တရားတော်က မြတ်တော့ တရားရှိသူကလည်း အမြတ်ဆုံးပဲပေါ့။

ဒါကြောင့် မြတ်စွာဘုရားရဲ့ ခန္ဓာကို **တထာဂတဿဟေတံ ဝါသေဋ္ဌ အဓိဝစနံ "ဓမ္မကာယော" ဣတိပိ-** တရားဖြင့်ပြီးတဲ့ ခန္ဓာကိုယ်ဟူသော အမည်ဟာ မြတ်စွာဘုရားရဲ့ အမည်တော်ပါပဲ။ ဖြဟ္မကာယလဲ မည်ပါတယ်။

## ဂုဏ်တော် (၆)ပါးနှင့် ပြည့်စုံတော်မူသော တရားတော်

ဂုဏ်တော် (၆)ပါးနှင့် ပြည့်စုံတော်မူသော တရားတော်၏ အရှင်သခင် ဖြစ်တော်မူသော မြတ်စွာဘုရား။ အဲဒီလိုဆိုတော့ တရားတော်လည်း မြတ်တယ်။ တရားရှင် ဘုရားလည်း မြတ်တယ်။ ဒါဖြင့် မြတ်တဲ့ တရားတော်ကို ဘယ်လို ပူဇော်ကြသလဲ။

ဘုရားပူဇော်ရတာ ထင်ရှားတယ်။ ဘုရားရှေ့မှာ ပန်းကပ်တယ်။ ဆီမီးပူဇော်တယ်။ ရေချမ်းကပ်တယ်။ သံဃာအား ပူဇော်တာလည်း ထင်ရှားတယ်။ တရားပူဇော်တဲ့နည်းကျတော့ မထင်ရှားဘူး၊ မသိသာဘူး။

ပူဇော်နည်းက ဓမ္မစေတီ တရားမြတ် အပါအဝင် ဓမ္မစကြာကို ရွတ်ဖတ်သင်အံ ကြံကြည့်ပြီး ပူဇော်ရတယ်။ တရားတော်မှာ ပါရှိတဲ့အတိုင်း လိုက်နာကျင့်ကြံပြီး ပူဇော်ရတယ်။ သင်အံပြီး ပို့ချပြီး အနက်အဓိပ္ပါယ်တွေ တွေးတောကြံဆပြီး ပူဇော်ရတယ်။ ဓမ္မစကြာအခါတော်နေ့မှာ ဓမ္မစကြာ တရားတော်ကို အဖန်ဖန် ရွတ်ဖတ်ပူဇော်။ တရားတော်ရဲ့ အနှစ်သာရကို

http://www.dhammadownload.com



ဆင်ခြင်ပွားများ၊ အဘိဓမ္မာအခါတော်မှာ အထူးအာရုံထား အဘိဓမ္မာ တရားတော်ကို ပူဇော် နာကြားရွတ်ဖတ်၊ ဩဝါဒပါတိမောက်အခါတော်နေ့ မှာ ဩဝါဒပါတိမောက်ကို တစ်နေကုန် ရွတ်ဖတ်ပူဇော်ဖူးတယ်။ မဟာ သမယနေ့မှာ မဟာသမယသုတ် ရွတ်ဖတ်ပူဇော်ရတယ်။ တစ်ချိန်က ပုဏ္ဏားတစ်ယောက်က ပရိယတ္တိ တရားတော်ကို ပူဇော်လိုမှုနဲ့ ဘုရားထံ ရောက်လာပြီး မေးလျှောက်တော့ သံဃာတော်တွေဆီ မေးပါတဲ့။

သံဃာတော်တွေထံ မေးတော့- တရားပူဇော်ချင်ရင် တရားဘဏ္ဍာ စိုး အရှင်အာနန္ဒာကို ပူဇော်လို့ မိန့်ကြတယ်။ တစ်ထောင်တန် အဝတ်ဖြင့် အရှင်အာနန္ဒာအား ပူဇော်တယ်။ ဒါကြောင့် သီလကို ပူဇော်ချင်ရင် သီလ ရှိတဲ့ ပုဂ္ဂိုလ်ကို ပူဇော်ရတယ်။ သမာဓိတရားကို ပူဇော်လိုပါက သမာဓိရှိသူ ကို ပူဇော်ရပါတယ်။ ပညာကို ပူဇော်လိုပါက ပညာရှင်ကို ပူဇော်ကြရပါ တယ်။ ပရိယတ္တိတရား ဓမ္မစေတီကို ပူဇော်ချင်ရင် တရားရှင် တရားဆောင် သူ ပို့ချသင်ကြားနေသူတို့ကို ပူဇော်ရမှာပါ။ တစ်ချို့ ဆရာတော်ကြီးတွေ ဆိုရင် ယမိုက်၊ ပဋ္ဌာန်းအခေါက် (၃၀-၄၀)ပို့ချကြတယ်။ နိကာယ်ငါးရပ်ကို အခေါက်ခေါက် ပို့ချနေကြတယ်။ ဘွဲ့ထူး ဂုဏ်ထူးမရှိကြပေမယ့် ဓမ္မစေတီ ဆင့်ပွားတည်နေကြတဲ့ ဆရာတော်တွေ မြန်မာနိုင်ငံမှာ အများကြီးရှိတယ်။ အာရုံမှန်း၍ ရှိခိုးကြ။

ပဋိပတ္တိကျင့်စဉ်ကို ပူဇော်တဲ့နည်းလည်း ပါသွားပြီး သီလကျင့်စဉ် ထဲမှာ ငါးပါးသီလက သီလ၊ ဉပုသ်သီလ စသည်က အဓိသီလ။

ငါးပါးသီလကို အဓိသီလဖြစ်အောင် ဆောက်တည်နည်းကတော့ နိဗ္ဗာနံ ပတ္ထယန္တေန သမာဒိန္နံ ပဉ္စသီလမ္ပိ အဓိသီလမေဝ- နိဗ္ဗာန်တောင့်တ ပြီး ဆောက်တည်တဲ့ သီလဆိုရင် ငါးပါးသီလပင် ဖြစ်စေကာမူ အဓိသီလ ပါတဲ့။ အဲဒီဆိုင်ရာ သီလကို ပူဇော်လိုသူဟာ ဆိုင်ရာသီလကို စောင့်ထိန်း ခြင်းဖြင့် ပူဇော် စောင့်ထိန်းသူကို ပူဇော်ပါက သီလကျင့်စဉ်ကို ပူဇော်ရာ ရောက်ပါတယ်။

သမာဓိကျင့်စဉ်မှာ စိတ်ကို စတင်ထိန်းသိမ်းမှုသည် စိတ် ဈာန် သမာပတ် အဘိဉာဏ်အဆင့် ရောက်သွားတဲ့ စိတ်ပိုင်းကျတော့ အဓိစိတ္တ၊

http://www.dhammadownload.com



ပညာကျင့်စဉ်မှာ ရုပ်နာမ်ခွဲမြင်နိုင်တဲ့ ဝိပဿနာပညာက ပညာ၊ မဂ်ဖိုလ်ပညာတွေက အဓိပညာ။ အဲဒီ သိက္ခာသုံးပါးကို ဘယ်လိုပူဇော်မလဲ။ သီလသိက္ခာကို ပူဇော်ပုံ ပြောခဲ့ပြီးပါပြီ။ အဲဒီနည်းနဲ့ပဲ သမာဓိရအောင် ကိုယ်တိုင်အားထုတ်ပြီး ပူဇော်၊ သမာဓိရသူ သမာပတ်ဝင်စားနေသူ အဘိညာဉ်ရသူတို့ကို ပူဇော်ရပါတယ်။

ပညာသိက္ခာကို ပူဇော်တဲ့နည်းကလဲ ကိုယ်တိုင် ဝိပဿနာ ပညာကစ အဆင့်ဆင့် ပညာတွေရအောင် အားထုတ်ပြီး ပူဇော်၊ ဝိပဿနာဉာဏ်ပညာ ရှိသူ၊ မဂ်ဖိုလ် ပညာရှိသူများကို ပူဇော်နေရင် ပညာသိက္ခာကို ပူဇော်ရာ ရောက်ပါတယ်။

ခြုံပြောရင် ပဋိပတ္တိသာသနာကို ပူဇော်ချင်ရင် သီလ သမာဓိ ပညာကျင့်စဉ် ကိုယ်တိုင်ကျင့် ပူဇော်၊ ကျင့်စဉ်အတိုင်း ကျင့်ကြံ၊ အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေကို ပူဇော်ကြပါ။ ပဋိဝေဓသာသနာဆိုတာက မဂ်ဖိုလ်နိဗ္ဗာန်ပါ။ အဲဒီ ပဋိဝေဓ ဘယ်လိုပူဇော်မလဲဆိုတော့ ပဋိဝေဓသာသနာခေါ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရအောင် အားထုတ်ပြီး ပူဇော်ပါ။ မဂ်ဖိုလ်နိဗ္ဗာန် လက်ကိုင်ရထားပြီး ပုဂ္ဂိုလ်များကို ပူဇော်ပါ။

တရားတော်တွေကို ကိုယ့်ဆီရောက်အောင် ဆောင်ပြီးပူဇော်တာက တစ်မျိုး၊ အဲဒီတရားရှိသူ တရားရှင်တွေကို ပူဇော်တာက တစ်နည်း၊ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ပူဇော်ကြပါလို့ တိုက်တွန်းပါတယ်။

## ရွှေတံတိုင်းကြီး (၆)ထပ် ခတ်ကြဦးစို့ရဲ့

ကဲ ၉-ရက်တိုင်တိုင် အဓိဋ္ဌာန်လေးနဲ့ ဘုရားဂုဏ်တော် စိန်တံတိုင်းကြီး ၉-ထပ် ခတ်ခဲ့ပြီ။ ယနေ့ တရားဂုဏ်တော် (၆)ထပ် ရွှေတံတိုင်းကြီးတွေ ခတ်ကြစို့ရဲ့။

http://www.dhammadownload.com



## တရားဂုဏ်တော် (၆)ပါး ရွှေတံတိုင်းခြောက်ထပ်

သွာက္ခာတော ဘဂဝတာ ဓမ္မော
သန္ဒိဋ္ဌိကော
အကာလိကော
ဧဟိပဿိကော
ဩပနေယျိကော
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

### ပထမရွှေတံတိုင်း

ပထမရွှေတံတိုင်းကို ပါဠိဘာသာဖြင့် ခတ်ကြစို့။

သွာက္ခာတော ဘဂဝတာ ဓမ္မော၊
သွာက္ခာတံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သွာက္ခာတံ ဓမ္မံ ဝန္ဒာမိ သဗ္ဗဒါ၊
ပထမော သုဝဏ္ဏပါကာရော၊
သွာက္ခာတော ဘဂဝတာ ဓမ္မော။

သွာက္ခာတဂုဏ် ရွှေတံတိုင်းကြီးကို မြန်မာဘာသာနဲ့ ခတ်ကြဦးစို့။

* အစ, အလယ်, အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံအောင် ဟောကြားတော်မူအပ်ပါသော တရားတော်။
* အနက်သဒ္ဒါနှင့် ပြည့်စုံတော်မူသော တရားတော်။
* ပိုဖျက် လိုစွက် ဖြည့်ကွက်မရှိသော မြတ်သောလမ်းစဉ် တရားတော်။
* စင်ကြယ်သန့်ရှင်း အပြစ်ကင်း ကောင်းခြင်းစုံလှ တရားတော်။

http://www.dhammadownload.com



### ဒုတိယရွှေတံတိုင်း

သန္ဒိဋ္ဌိကော ဘဂဝတော ဓမ္မော၊
သန္ဒိဋ္ဌိကံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သန္ဒိဋ္ဌိကံ ဓမ္မံ ဝန္ဒာမိ သဗ္ဗဒါ၊
ဒုတိယော သုဝဏ္ဏပါကာရော၊
သန္ဒိဋ္ဌိကော ဘဂဝတော ဓမ္မော။

မြတ်စွာဘုရား ဟောကြားပြသ မြတ်ဓမ္မ လမ်းစဉ်တရားတော်သည် ကျင့်ဆောင်လိုက်နာသူတို့အား မျက်မှောက်အကျိုးရစေတော်မူတတ်တယ်။ ဘုရားလမ်းစဉ် သီလ သမာဓိ ပညာများ စောင့်ထိန်းအားထုတ်နေတဲ့ အချိန်မှာပဲ လက်တွေ့အကျိုးရကြပါတယ်။ သီလက တစ်ဆင့်တက်လို့ သမာဓိရင့် ပညာမြင့်လာတဲ့အခါ မျက်မှောက်လက်ငင်း ချမ်းသာတွေဟာ ပိုပြီးလက်တွေ့ကြပါတယ်။

အလှည့်ကျမင်းပြုကြတဲ့ သာကီဝင် (၇)ပါး ရဟန်းပြု တရားအားထုတ်ကြတယ်။ သမထ ဝိပဿနာတရား တစ်ဝါတွင်းအားထုတ်လိုက်တော့ အဲဒီ (၇)ပါးထဲက အရှင်ဘဒ္ဒိယက တရားရလို့ ရောက်လေရာရာမှာ **"အဟောသုခံ အဟောသုခံ"**၊ ဩော်- ချမ်းသာပါပေ့၊ ဩော် ချမ်းသာပါပေ့-တဲ့။ မင်းစည်းစိမ်ထက် ပိုလွန်တဲ့ တရားအရသာ တရားချမ်းသာရပြီးတော့ ဥဒါန်းကျူးနေတယ်။ လက်တွေ့တရားအရသာ ရနေ ခံစားနေရတာ။ လိုက်ဆိုကြ။

* ကျင့်ကြံသူတို့အား မျက်မှောက်ဘဝမှာပင် အကျိုးရစေနိုင်သော ဘုရားလမ်းစဉ် သိက္ခာသုံးပါး တရားတော်။
* မျက်မှောက်ဘဝ ပစ္စက္ခ၌ပင် အကျိုးအာနိသင် ချမ်းသာသုခ ရစေနိုင်သော ဘုရားလမ်းစဉ် သိက္ခာသုံးပါး တရားတော်။

ဒုတိယရွှေတံတိုင်းကြီး ဒီဒုတိယရွှေတံတိုင်းဂုဏ်နှင့် ပြည့်စုံတဲ့ တရားလမ်းစဉ်ကို ကြိုးစားဖြစ်အောင် ကြိုးစားမှ လူဖြစ်ရကျိုးနပ် သာသနာနှင့် တွေ့ရကျိုးနပ်ပါတယ်။

http://www.dhammadownload.com



**ပဋိပတ္တိယာလဒ္ဓဗ္ဗ၊**
**ရသဿာဒ မနုတ္တရံ။**
**ဝိန္ဒိတုံ ပဒဟေနောစေ၊**
**ကွတ္ထောတေ ဇိနသာသနံ။**

ပဋိပတ္တိဟာ ချမ်းသာလို့လား။ အမျိုးသားတို့ ကြိုးစားကျင့်အပ် သီလ သမာ ပညာ ပဋိပတ်လမ်းစဉ်ဖြင့်-

အနုတ္တရံ- အတုမရှိမြတ်သော။ လဒ္ဓဗ္ဗရသဿာဒံ- ရအပ်မှန်စွာ သာယာဖွယ်တောင်း အကောင်းဆုံး ချမ်းသာကို။ ဝိန္ဒိတုံ- မကြုံစဖူး အလွန် ထူးသဖြင့် ကြည်နူးပီတိ ဝွမ်းဆီထိသို့ ရရှိခံစားခြင်းငှါ။ ပဒဟေ- ကိုယ့်ကျိုး အစစ် တကယ်ဖြစ်ဟု နှစ်နှစ်ကာကာ ကြိုးကားရာသတည်း။

နောစေ- သဒ္ဓါမသန်လှ ဆန္ဒဆုတ်ယုတ် အားမထုတ်ခဲ့ပါလျှင်။ တေ- အခါကောင်းသင့် အခွင့်ကြုံလာ သင့်တွက်တာမှာ။ ဇိနသာသနံ- ဂုဏ်ရည်သေတ္တု အနှစ်စုသည့် တုမဲ့ထူးစွာ ဘုရားမြတ် သာသနာသည်။ ကွတ္ထော- ဂုဏ်အင်တင့်တိုး အဘယ်အကျိုးရှိအံ့နည်း။

### တတိယရွှေတံတိုင်း

တတိယရွှေတံတိုင်းကြီး ခတ်ရအောင် လိုက်ဆိုကြ။

**အကာလိကော ဘဂဝတော ဓမ္မော၊**
**အကာလိကံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊**
**အကာလိကံ ဓမ္မံ ဝန္ဒာမိ သဗ္ဗဒါ၊**
**တတိယယော သုဝဏ္ဏပါကာရော၊**
**အကာလိကော ဘဂဝတော ဓမ္မော။**

အကာလိက ဆိုတဲ့ တရားက မဂ်လေးပါ။ မဂ်ရပြီဆိုက အချိန် မဆိုင်းပဲ အကျိုးဖိုလ်တရား လက်ငင်းအကျိုးပေးတယ်။ ကဲ လိုက်ဆိုကြ။

- **အခါမလင့် အကျိုးပေးတတ်သော အရိယာမဂ်တရားတော်။**
- **ချက်ခြင်းလက်ငင်း အကျိုးပေးတတ်သော အရိယာမဂ် တရားတော်။**

http://www.dhammadownload.com



**စတုတ္ထရွှေတံတိုင်း**

စတုတ္ထရွှေတံတိုင်း ဆက်ခတ်ကြရအောင်။ လိုက်ဆိုကြ။

**ဧဟိပဿိကော ဘဂဝတော ဓမ္မော၊**

**ဧဟိပဿိကံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊**

**ဧဟိပဿိကံ ဓမ္မံ ဝန္ဒာမိ သဗ္ဗဒါ၊**

**စတုတ္ထော သုဝဏ္ဏပါကာရော၊**

**ဧဟိပဿိကော ဘဂဝတော ဓမ္မော။**

စတုတ္ထ ဒီတရားတော်ဂုဏ်က ဧဟိပဿိကတဲ့။ ဓမ္မော- မြတ်စွာဘုရား ဟောကြားပြသ ဓမ္မလမ်းစဉ် ဗုဒ္ဓသာသနာတော်ဆိုင်ရာ တရားတော်သည်။ ဧဟိပဿိကော- လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါရှုပါ ကျင့်ကြံအားထုတ်ပါဟု မပါပါအောင် ဆွဲဆောင်စည်းရုံးခြင်းငှါ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူပါပေ၏-လို့ အနက်ပြန်ဆိုရပါတယ်။

သာသနာတော်ကို ကိုးကွယ်နေကြတဲ့ ပုဂ္ဂိုလ်၊ သာသနာ့လမ်းစဉ်တရားတွေ အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေက အကျိုးရလွန်းလို့ လာစမ်းပါ၊ အားထုတ်ကြည့်စမ်းပါလို့ မပါပါအောင် ဆွဲဆောင်စည်းရုံးထိုက်တဲ့ ဂုဏ်နဲ့ ပြည့်စုံတဲ့ တရားတဲ့။ လက်တွေ့မျက်တွေ့ အကျိုးထူးရ ချမ်းသာကြတဲ့ သူတွေက ကျေးဇူးတင်လိုက်တာ။ ကျေးဇူးဆပ်လို့ မကုန်နိုင်ပါဘူးလို့ ပြောရလောက်အောင် ကျေနပ်မှု ပေးနိုင်တဲ့ တရားတော်ပါ။ လိုက်ဆိုကြ။

*** ဗုဒ္ဓမြတ်စွာ သာသနာတော်ဆိုင်ရာ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားသည် လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါရှုပါ လေ့လာပါ၊ ကျင့်ကြံပါဟု မပါပါအောင် ခေါ်ဆောင်သိမ်းသွင်း စည်းရုံးခြင်းငှါ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူပါပေ၏။**

ဧဟိ- လာပါ။ ပဿ- ရှုပါ-ဟု ပြောဆိုစည်းရုံးထိုက်တဲ့ ဂုဏ်ရှိပါတယ်။ အာနာပါန အားထုတ်ကြည့်စမ်းပါ။ လက်တွေ့ချမ်းသာရပါလိမ့်မယ်လို့ ပြောတဲ့အတိုင်း အားထုတ်ကြည့်လိုက်တော့ လက်ခံလာကြတယ်။ ကျေနပ်

http://www.dhammadownload.com



ကြတယ်။ ကျေးဇူးတင်စရာလို့ မြင်လာတယ်။ တို့မြို့ တို့ရွာ လာလှည့်ပါ။ စည်းကားတယ် သာယာတယ်ဆိုပြီး ဖိတ်ခေါ်လို့ လာတဲ့အခါ ပြောတဲ့အတိုင်း တကယ့်ကို သာယာ စည်ကားတာပဲဆိုပြီး ကျေနပ်ကြသလိုပါပဲ။

**ပဥ္စမရှေ့တံတိုင်း**

ဆက်ပြီးတော့ ပဥ္စမရှေ့တံတိုင်း ခတ်ကြစို့။

**ဩပနေယျိကော ဘဂဝတော ဓမ္မော၊**
**ဩပနေယျိကံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊**
**ဩပနေယျိကံ ဓမ္မံ ဝန္ဒာမိ သဗ္ဗဒါ၊**
**ပဥ္စမော သုဝဏ္ဏပါကာရော၊**
**ဩပနေယျိကော ဘဂဝတော ဓမ္မော။**

ဒီဩပနေယျကောရဲ့ အဓိပ္ပါယ်က မြတ်ဗုဒ္ဓတရားတော်တွေကို မိမိထံ ကပ်ရောက်အောင် မိမိကိုယ်ကို မြတ်ဗုဒ္ဓ တရားတော်ဆီရောက်အောင် ကယ်ဆောင်ထိုက်တဲ့ တရားတော်။ ကောင်းတဲ့ရတနာတွေ ဝတ်ဆင်ထားရင် တင့်တယ်သလို မြတ်ဗုဒ္ဓရဲ့ တရားတော်တွေ မိမိဆီ မိမိကိုယ်ကို တရားတော်တွေဆီ ရောက်အောင် ပို့နိုင်သူတွေဟာလဲ တင့်တယ်တယ်။ ကဲ လိုက်ဆိုကြ။

* **တရားတော်သို့ မိမိကိုယ်ကို မိမိကိုယ်ကို တရားတော်သို့ ဆောင်ကပ်ထားထိုက်သော တရားတော်။**

**ဆဋ္ဌမရှေ့တံတိုင်း**

နံပါတ်ခြောက် ရှေ့တံတိုင်းက-

**ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊**
**ပစ္စတ္တံ ဝေဒိတဗ္ဗံ သရဏံ ဂစ္ဆာမိ၊**
**ပစ္စတ္တံ ဝေဒိတဗ္ဗံ ဝန္ဒာမိ သဗ္ဗဒါ၊**
**ဆဋ္ဌော သုဝဏ္ဏပါကာရော၊**
**ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။**

http://www.dhammadownload.com



* အရိယာသခင် ပညာရှင်တို့ ကိုယ်စီကိုယ်ငှ အသီးအသီး ကိုယ် စိတ်သုခနှစ်ဖြာကို ခံစားထိုက်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူသော တရားတော်။

တံ- ထိုသွာက္ခာတ အစ ဝေဒိတဗ္ဗ အဆုံး ဘဝင်ချိုးမျှ ဘုန်းဂုဏ်ကြီးမား မြတ်တရားကို။ မယံ- အကျွန်ုပ်တို့သည်။ ဝန္ဒာမ- ရှိခိုးကြပါကုန်၏ ဘုရား။

မြတ်ဗုဒ္ဓရဲ့ တရားတော်ကို ကိုးကွယ်ကြရတာ စောစောက ပြောခဲ့သလို ဘဝခရီးခဲမှ လွန်မြောက်နိုင်ရေး စိတ်သက်သာမှု ရရေးအတွက်ပါပဲ။ ပဋာစာရီတို့ ကိသဂေါတမီတို့ရဲ့ စိတ်သက်သာမှု ရပုံတွေဟာ သက်သေသာဓကတွေပါပဲ။

ဘုန်းကြီးတို့ကိုယ်တိုင် ကိုရင် (၁၅)နှစ်သားက ပဋ္ဌာဝုဇောတ်တော်ကို သင်ရတယ်။ ဧကေသိ္မံဘဝေ- တစ်ဘဝ၌။ ဧကံမရဏ- တစ်ကြိမ်သေရခြင်းသည်။ နိယတမေဝ- မြဲသည်သာ ဆိုတဲ့စကားတော်ဟာ ဆွမ်းခံသွားရင်း မမျှော်လင့်ပဲ ကြားရတဲ့ ညီလေးတစ်ယောက် သေတယ်ဆိုတဲ့ သတင်းဆိုးအရ စိတ်မသက်သာမှုများစွာ ဖြစ်ရမယ့်အစား ချက်ချင်းပဲ သတိထားသက်သာရာရခဲ့တယ်။

ခမည်းတော်ကြီး ကွယ်လွန်လို့ မသာပို့စဉ် မီးသဂြိုဟ်စဉ်က မာတိကမ္မဋ္ဌာန်းကို ကြိုးပမ်းနှလုံးသွင်း ဆင်ခြင်ခြင်းဖြင့် စိတ်ရဲ့သက်သာမှုရခဲ့တယ်။ လက်တွေ့မျက်တွေ့ပါပဲ၊ ဒါကြောင့် မြတ်ဗုဒ္ဓ၏ တရားတော်ကို လေးစားကြရပါတယ်။ တရားတော် ကြည်ညိုရာမှာ တရားသခင် ဘုရား၊ တရားထိန်းသိမ်းလိုက်နာကြသည့် သံဃာတော်တွေကိုလည်း ကြည်ညိုကြရပါတယ်။

မာနေန္တိ ဓမ္မကာမာယေ၊
ဓမ္မ မာဂမ္မ ဒေသကံ။
ဗုဒ္ဓဥ္စ မတာဒံ သံဃံ၊
ဓမ္မောဇာမတ လိမ္ပိတံ။ ။

http://www.dhammadownload.com



ယေ- ပြဟ္မာနတ်လူ အကြင်သူတို့သည်။ ဓမ္မကာမာ- ချမ်းသာဖို့ ရေး ပို့ဆောင်ပေးမည့် လေးစားအပ်သော မြတ်သဘောကို မနောရွှင်ပျို နှစ်လိုကြကုန်သည်ဖြစ်၍။ ဓမ္မံ- သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ် အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟု များမြောင်လှစွာ တရား တော်ရတနာကို။ ဝါ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ် ဆယ်ဖော် တရားတော်ကို။ မာနေန္တိ- မြတ်နိုးကြကုန်၏။

တေ- ထိုတရား မြတ်နိုးကြသူတို့သည်။ ဓမ္မမာဂမ္မ- သံသရာဝဋ်ဗွေ ကရွှတ်ခွေမှ လွတ်စေနိုင်တောင်း တရားကောင်းကို အကြောင်းပြုစွဲမှီ၍။ ဒေသကံ- (၄၅)ချိန်မြင့်လျှားအောင် ဟောကြားတော်မူတတ်သော။ အမတဒံ- မြိုက်ရည်ချိုစိမ့် ပီတိငြိမ့်အောင် ဟောမိန့်သာကြူ ပေးသနားတော် မူတတ်သော။ ဗုဒ္ဓဥ္စ- အကျင့်စရိုက် အသင့်လိုက်၍ အမြိုက်ရည် တိုက်ကျွေး တတ်သည့် တရားသခင် ဘုရားရှင်ကိုလည်းကောင်း။ ဓမ္မောဇာမတလိမ္ပိတံ- ကိလေချေးမြူ ဖွေးဖွေးဖြူ၍ မွေးကြူပျံ့ငြိမ်း အမြိုက်ရည်လိမ်းတော်မူအပ် သော။ သံဃဥ္စ- ရှစ်ယောက်အရိယာ မြတ်သံဃာကိုလည်းကောင်း။ မာနေန္တိ- ကျေးဇူးဂုဏ်သိရ် နှလုံးအိမ်၌ တည်ငြိမ်မွေ့အောင်း မရွှေ့ပြောင်းပဲ နှစ်ထောင်းအားရ ကြည်ညိုမြတ်နိုးရပါကုန်သည်တကား။

အဲဒီလို ချမ်းသာလိုလားတဲ့ သူများဟာ ဂေါတမဘုရား မိန့်မြွက် ဓမ္မစက်ရတနာ ဒေသနာတော်တွေ မြတ်နိုးကြရတယ်။ တရားမြတ်နိုးမှု အကြောင်းပြုပြီး တရားသခင် ဘုရားရှင်ကို မြတ်နိုးကြရတယ်။ အဲဒီ တရား နှင့် ဘုရားမပျောက်အောင် ထိန်းတော်မူကြ၍ ကောင်းမွန်ဖြောင့်မှန် လျော် ကန်သင့်မြတ် အကျင့်ပဋိပတ် ရှိတော်မူကြတဲ့ သံဃာတော်များကိုလည်း မြတ်နိုးကြရတော့ ဆက်ပြီးတော့ သံဃာ့ဂုဏ် (၉)ပါး ငွေတံတိုင်းကြီး (၉)ထပ် ခတ်ကြဦးစို့။

http://www.dhammadownload.com



## ငွေတံတိုင်းကြီး (၄)ထပ်

### ပထမငွေတံတိုင်း

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
သုပ္ပဋိပ္ပန္နံ သာဝကသံဃံ သရဏံ ဂစ္ဆာမိ၊
သုပ္ပဋိပ္ပန္နံ သာဝကသံဃံ ဝန္ဒာမိ သဗ္ဗဒါ၊
ပထမော ရဇတပါကာရော၊
သုပ္ပဋိပ္ပန္နော ဘဂဝတော သာဝကသံဃော။

### ဒုတိယငွေတံတိုင်း

ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဥဇုပ္ပဋိပန္နံ သာဝကသံဃံ သရဏံ ဂစ္ဆာမိ၊
ဥဇုပ္ပဋိပန္နံ သာဝကသံဃံ ဝန္ဒာမိ သဗ္ဗဒါ၊
ဒုတိယော ရဇတပါကာရော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

### တတိယငွေတံတိုင်း

ဉာယပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဉာယပဋိပန္နံ သာဝကသံဃံ သရဏံ ဂစ္ဆာမိ၊
ဉာယပဋိပန္နံ သာဝကသံဃံ ဝန္ဒာမိ သဗ္ဗဒါ၊
တတိယော ရဇတပါကာရော၊
ဉာယပဋိပန္နော ဘဂဝတော သာဝကသံဃော။

### စတုတ္ထငွေတံတိုင်း

သာမိစိပဋိပန္နော ဘဂဝတော သာဝကသံဃော၊
သာမိစိပဋိပန္နံ သာဝကသံဃံ သရဏံ ဂစ္ဆာမိ၊
သာမိစိပဋိပန္နံ သာဝကသံဃံ ဝန္ဒာမိ သဗ္ဗဒါ၊

http://www.dhammadownload.com



စတုတ္ထော ရဇတပါကာရော၊
သာမိစိပဋိပန္နော ဘဂဝတော သာဝကသံဃော။

အခု ပူဇော်ခဲ့တဲ့ သံဃာ့ဂုဏ် ငွေတံတိုင်းကြီး (၄)ထပ် ပေါင်းပြီး မြန်မာလို ပွားကြစို့။ လိုက်ဆိုကြ။

* ကောင်းမွန်ဖြောင့်မှန် လျော်ကန်သင့်မြတ် ရှိသေလေးစားအပ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် လွှမ်းခြုံကျော်ကြားတော်မူသော သံဃာတော်။

ဤသံဃာဂုဏ် (၄)ပါးတို့သည် အကြောင်းဂုဏ် (၄)မျိုး ဖြစ်ပါတယ်။ အဲဒီ အကြောင်းဂုဏ်နှင့် ပြည့်စုံကြတဲ့ ကလျာဏပုထုဇဉ်နှင့် အရိယာသံဃာတော်များသည် ယခုပြောမယ့် အကျိုးဂုဏ် (၅)ပါးနှင့် ပြည့်စုံတော့တာပါပဲ။ ဟောဒီလို အကြောင်းဂုဏ် (၄)မျိုးနဲ့ ပြည့်စုံတဲ့ သံဃာက ကမ္ဘာ့နိုင်ငံတိုင်း တွေ့ရဖို့ခက်တယ်၊ ဖူးရဖို့ခက်တယ်။ မြန်မာ, သီရိလင်္ကာ စတဲ့ နိုင်ငံ အနည်းငယ်မှာသာ ရှိတော့မယ်။

## ပဥ္စမငွေတံတိုင်း

အာဟုနေယျော ဘဂဝတော သာဝကသံဃော၊
အာဟုနေယျံ သာဝကသံဃံ သရဏံ ဂစ္ဆာမိ၊
အာဟုနေယျံ သာဝကသံဃံ ဝန္ဒာမိ သဗ္ဗဒါ၊
ပဥ္စမော ရဇတပါကာရော၊
အာဟုနေယျော ဘဂဝတော သာဝကသံဃော။

မြန်မာဘာသာနဲ့ လိုက်ဆို ပွားများကြ။

* ဧည့်သည်တို့အတွက် စီမံထားအပ်သော ပစ္စည်းဝတ္ထုကို အလှူခံယူထိုက်သော ကလျာဏပုထုဇဉ်နှင့် အရိယာသံဃာတော်။

http://www.dhammadownload.com



### ဆဋ္ဌငွေတံတိုင်း

ပါဟုနေယျော ဘဂဝတော သာဝကသံဃော၊
ပါဟုနေယျံ သာဝကသံဃံ သရဏံ ဂစ္ဆာမိ၊
ပါဟုနေယျံ သာဝကသံဃံ ဝန္ဒာမိ သဗ္ဗဒါ၊
ဆဋ္ဌော ရဇတပါကာရော၊
ပါဟုနေယျော ဘဂဝတော သာဝကသံဃော။

မြန်မာလို လိုက်ဆိုကြ။

* လက်ဆောင်အလို့ငှါ စီမံထားအပ်သော ပစ္စည်းဝတ္ထုအလှူခံယူတော်မူထိုက်သော ကလျာဏပုထုဇဉ်နှင့်တကွ အရိယာသံဃာတော်။

### သတ္တမငွေတံတိုင်း

ဒက္ခိဏေယျော ဘဂဝတော သာဝကသံဃော၊
ဒက္ခိဏေယျံ သာဝကသံဃံ သရဏံ ဂစ္ဆာမိ၊
ဒက္ခိဏေယျံ သာဝကသံဃံ ဝန္ဒာမိ သဗ္ဗဒါ၊
သတ္တမော ရဇတပါကာရော၊
ဒက္ခိဏေယျော ဘဂဝတော သာဝကသံဃော။

လိုက်ဆိုကြ။

* တမလွန်ဘဝ အကျိုးရဖို့ မုချရည်မျှော် မြတ်သောအလှူတော်ကို ခံယူတော်မူထိုက်ပါသော ကလျာဏပုထုဇဉ်နှင့်တကွ အရိယာသံဃာတော်။

### ဆဋ္ဌမငွေတံတိုင်း

အဉ္ဇလိကရဏီယော ဘဂဝတော သာဝကသံဃော။
အဉ္ဇလိကရဏီယံ သာဝကသံဃံ သရဏံ ဂစ္ဆာမိ၊
အဉ္ဇလိကရဏီယံ သာဝကသံဃံ ဝန္ဒာမိ သဗ္ဗဒါ၊

http://www.dhammadownload.com



အဠမော ရဇတပါကာရော၊
အဠလိကရဏီယော ဘဂဝတော သာ၀ကသံဃော။
* လက်အုပ်ချီမိုး မြတ်နိုးကော်ရော် ပူဇော်မှုကို ခံယူတော်မူထိုက်
ပါသော ကလျာဏပုထုဇဉ်နှင့်တကွ အရိယာသံဃာတော်။

**နဝမငွေတံတိုင်း**

အနုတ္တရံ ပုညက္ခေတ္တံ လောကဿ၊
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ သရဏံ ဂစ္ဆာမိ၊
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဝန္ဒာမိ သဗ္ဗဒါ၊
နဝမော ရဇတပါကာရော၊
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။
မြန်မာဘာသာနဲ့တော့-
* လောကသားများ၏ အတုမရှိ မြတ်သောကောင်းမှု မျိုးစေ့
စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော
ကလျာဏပုထုဇဉ်နှင့်တကွ အရိယာသံဃာတော်။

ဣတိ- ဤသို့။ နဝဟိဂုဏေဟိ- ဂုဏ်တော် (၉)တန် ငွေတံတိုင်း (၉)ထပ်တို့နှင့်။ သမန္နာဂတံ- ပြည့်စုံတော်မူသော။ သံဃံ- ကလျာဏပုထုဇဉ် သံဃာနှင့်တကွ အရိယာသံဃာတော်များကို။ မယံ- အကျွန်ုပ်တို့သည်။ ဝန္ဒာမ- ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကြပါကုန်၏ဘုရား။

http://www.dhammadownload.com



## သာသနာတော်၏ ပြည့်စုံမှု

ဗုဒ္ဓမြတ်စွာ အဆုံးအမ သာသနာတော်၏ ပြည့်စုံမှုသည် သုံးမျိုး ရှိပါတယ်။

၁။ ဘုရားရှင်၏ စစ်မှန်သော ဘုရားဖြစ်မှု၊

၂။ တရားတော်၏ စစ်မှန်သော တရားဖြစ်မှု၊

၃။ သံဃာတော်၏ ကောင်းမွန်သော အကျင့်ရှိမှုတို့ ရှိမှသာ သာသနာတော်တစ်ရပ် ပြည့်စုံတယ်လို့ ဆိုနိုင်ပါတယ်။

အခု ဘုန်းကြီးတို့တတွေ ပြည့်စုံတဲ့ သာသနာတွေ့နေပါတယ်။ မိမိတို့ အရိပ်ခိုနားရတဲ့ သာသနာတော်ရဲ့ ပြည့်စုံမှုကို ဘာဝနာပွား (သို့မဟုတ်) ပုတီးစိပ်ပြီး ဗုဒ္ဓါနုဿတိဘာဝနာ၊ ဓမ္မာနုဿတိဘာဝနာ၊ သံဃာနုဿတိ ဘာဝနာများ ပွားများပုံကို ဟောခဲ့ပါတယ်။ စိန်တံတိုင်းကြီး (၉)ထပ်၊ ရွှေတံတိုင်းကြီး (၆)ထပ်၊ ငွေတံတိုင်းကြီး (၉)ထပ် ခတ်ထားမယ် ဆိုရင် ဘဝလုံခြုံပါတယ်။ မည်သည့်ကမ္ဘာ၊ မည်သည့်တိုင်းပြည်မှာ ဘဝ လုံခြုံတယ်လို့ မပြောနိုင်တဲ့ ယခုလိုအချိန်မျိုးမှာ ယခုပြောခဲ့တဲ့ တံတိုင်းကြီး (၂၄)ထပ် ခတ်ထားတာ အလုံခြုံဆုံး ဖြစ်ပါလိမ့်မယ်။ ဒီသာသနာတော်ရဲ့ ပြည့်စုံမှုကို သိပြီးတော့ သာသနာပြုလိုစိတ်တွေ ပေါ်ပေါက်လာပါလိမ့်မည်။ ပုတီးစိပ်နည်း (၁၀) ရက်စာပြီးပါပြီ။ တရားဂုဏ်၊ သံဃာဂုဏ် (၂)မျိုးကို ပေါင်းပြီး တစ်ရက်စာထားတယ်။ အထူးပြောလိုတာက ပုတီးစိပ်ကြသူများ ဟာ ဘုရားဂုဏ် အစိပ်များပါတယ်။ တရားဂုဏ်၊ သံဃာဂုဏ်များလည်း အာရုံအထူးပြုသင့်ပါတယ်။ ယနေ့ ဘုရားမပျောက်၊ တရားမပျောက်တာ သံဃာတော်များကြောင့်ပါပဲ။ မင်းစိုးရာဇာ တိုင်းသူပြည်သားတို့ရဲ့ အထောက်အပံ့နဲ့ ရှေးရှေးဆရာတော် သံဃာတော်တို့ဟာ နှစ်ပေါင်း (၂၅၀၀)ကျော် ခရီးတိုင် သာသနာမပျောက်အောင် တစ်နည်းအားဖြင့် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် မပျောက်အောင် ထိန်းသိမ်းသယ်ဆောင်ရသည့် ဝန်ထုပ်ဝန်ပိုး ကြီးက ကြီးကျယ်လှပါတယ်။ အဲဒီ ဝန်ထုပ်ဝန်ပိုးကြီးကို ဘယ်လိုထမ်းခဲ့ သယ်ခဲ့ကြရတယ်။ ဟောဒီဖြစ်စဉ်ကို ကြည့်လိုက်ပါ။

http://www.dhammadownload.com



## စုပေါင်းရွတ်ရာ သင်္ဂါယနာ

အရှင်မဟာကဿပ အမှူးပြုသော သံဂါယနာတင် မြတ်ထေရ်ရှင်တို့နှင့် ပရိယတ်ဝန်ဆောင် သံဃာတော် အရှင်မြတ်တို့ ဗုဒ္ဓဟောဖော် ဒေသနာတော်များကို မပျောက်ပျက်ရလေအောင် စောင့်ရှောက်တော်မူခဲ့ကြတယ်။

သာသနာတော်မြတ်ကြီး ရေရှည်တည်တံ့အောင် သာသနာ့ အန္တရာယ် ရန်စွယ်ဟူသမျှကို ကာကွယ်စောင့်ရှောက်လျှက် ထိန်းသိမ်းတော်မူခဲ့ကြတယ်။ ခေတ်ပျက် ကာလပျက် အချိန်များနှင့် တွေ့ကြုံကြရစဉ် ဆွမ်းဘောဇဉ် အာဟာရများ ဝလင်စွာ မဘုဉ်းပေး၊ မသုံးဆောင်ကြရစေကာမူ ဆင်းရဲဒုက္ခ အတန်တန်ကို ရင်စည်းကြံ့ကြံ့ခံလျှက် သာသနာ့အားမာန် ဇွဲ အမိဋ္ဌာန်တို့နဲ့ ပိဋကတ်တော်များကို နှုတ်တက်အာဂုံဆောင်ခြင်း၊ သင်ယူခြင်း၊ ပို့ချခြင်း၊ ဟောပြခြင်း၊ ရေးသားခြင်း အစရှိသော ပရိယတ္တိလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် အားထုတ်တော်မူခဲ့ကြတယ်။

ပိဋကတ်ကျမ်းဂန်တို့၌ လိမ္မာကျွမ်းကျင်ကြ၊ တစ်ဖက်ကမ်းခတ်တတ်မြောက်ကြကုန်သော သာသနာ့အာဇာနည် မထေရ်မြတ်တွေဟာ-

- နှုတ်ဖြင့် စုပေါင်းရွတ်ဆိုမှု သုံးကြိမ်၊
- နှုတ်ဖြင့် စုပေါင်းရွတ်ဆိုပြီး ပေထက်အက္ခရာတင်မှု တစ်ကြိမ်၊
- နှုတ်ဖြင့် စုပေါင်းရွတ်ဆိုပြီး ကျောက်ထက်အက္ခရာတင်မှု တစ်ကြိမ်၊
- နှုတ်ဖြင့် စုပေါင်းရွတ်ဆိုပြီး ပုံနှိပ်အက္ခရာရိုက်နှိပ်မှု တစ်ကြိမ်၊

အားဖြင့် ခြောက်ကြိမ်တိုင်တိုင် သင်္ဂါယနာ တင်တော်မူခဲ့ကြတယ်။ ထိုသင်္ဂါယနာခြောက်ကြိမ်နှင့် စပ်လျဉ်း၍ သမိုင်းအကျဉ်းကို ဗဟုသုတအကျိုးငှါ (၂၅)ရာစုကျော်ကျော် ဘယ်လောက်ထိန်းခဲ့ရတယ်ဆိုတာ သိဖို့ပါ။ တစ်ရာစု တစ်ဆယ်စု တည်အောင်ပဲ ထိန်းဖို့ခက်လှပါတယ်နော်။ ဆက်ဟောပါမယ်။

http://www.dhammadownload.com



## ပထမသင်္ဂါယနာတင်ပွဲကြီး

| | | |
|---|---|---|
| ခုနှစ်က | - | သာသနာ ၁-နှစ်၊ ဘီစီ (ခရစ်မပေါ်မီ ၅၄၄-နှစ်)က ဘုရားပရိနိဗ္ဗာန်စံပြီး ၃-လ နှင့် ၄-ရက်၊ |
| ခေါင်းဆောင်တော်မူတာက | - | အရှင်မဟာကဿပမထေရ်ကြီး၊ |
| ပွဲဝင်သံဃာတော်အရေအတွက် | - | ရဟန္တာအပါး ၅၀၀၊ |
| ဌာနက | - | အိန္ဒိယနိုင်ငံ မာဂဓတိုင်း ရာဇဂြိုလ်ပြည်၊ |
| အခြေခံအကြောင်းက | - | တောထွက်ရဟန်းကြီး သုဘဒ္ဒက ဘုရား မရှိတော့ဘူး စသော သာသနာတော်အား ထိပါးပုတ်ခတ်မှုကို အကြောင်းပြုခဲ့တယ်။ |
| ဘယ်လောက်ကြာသလဲ | - | ၇-လ ကြာတယ်။ |
| သင်္ဂါယနာတင်ပုံက | - | နှုတ်ဖြင့် ရွတ်ဆိုတော်မူခဲ့ကြတယ်။ |
| အမှီပြုမင်းက | - | အဇာတသတ်မင်း ဖြစ်ပါတယ်။ |
| ခေတ်ပြိုင်မင်းက | - | ဇမ္ဗူဒီပဓဇ၊ တကောင်းသင်းတွဲပြည်၊ မြန်မာနိုင်ငံ။ |

## ဒုတိယသင်္ဂါယနာတင်ပွဲကြီး

| | | |
|---|---|---|
| ခုနှစ်က | - | သာသနာနှစ် - ၁၀၀၊ ဘီစီ- ၄၄၇၊ |
| ခေါင်းဆောင်က | - | အရှင်မဟာယသမဟာထေရ်၊ |
| ပွဲဝင်သံဃာတော်က | - | ရဟန္တာအပါး- ၇၀၀၊ |
| ဌာနက | - | အိန္ဒိယနိုင်ငံ၊ ဝေသာလီပြည်၊ ဝါလုကာရုံကျောင်းတိုက်၊ |
| အခြေခံအကြောင်းက | - | ဝေသာလီပြည်၊ ဝဇ္ဇီတိုင်းသား ရဟန်းများက အဓမ္မဝတ္ထု ၁၀-ပါးကို ဟောပြောကျင့်ဆောင်မှုကို အကြောင်းပြုပါတယ်။ |

**မီခင်ဧကာဝတီ**

http://www.dhammadownload.com



| | | |
|---|---|---|
| အချိန်ကာလက | - | ၈-လ ကြာ၊ |
| သင်္ဂါယနာတင်ပုံက | - | နှုတ်ဖြင့်ရွတ်ဆိုတော်မူခဲ့တယ်။ |
| အမှီပြုမင်းက | - | ကာလာသောကမင်း |
| ခေတ်ပြိုင်မင်းက | - | ဒွတ္တဘောင်မင်း၊ သရေခေတ္တရာပြည်၊ မြန်မာနိုင်ငံ။ |

## တတိယသင်္ဂါယနာကို ဆက်ဟောကြစို့

| | | |
|---|---|---|
| ခုနှစ်က | - | သာသနာနှစ်- ၂၃၅၊ ဘီစီ- ၃၀၈၊ |
| ခေါင်းဆောင်က | - | အရှင်မဟာမောဂ္ဂလိပုတ္တတိဿမဟာထေရ်၊ |
| ပွဲဝင်သံဃာတော်တို့က | - | ရဟန္တာအပါး - ၁၀၀၀၊ |
| ဌာနက | - | အိန္ဒိယနိုင်ငံ၊ ပါဋလိပုတ်ပြည်၊ အသောကာရုံကျောင်း၊ |
| အခြေခံအကြောင်းပြုတာက | - | ရဟန်းတု၊ ရဟန်းယောင် ခြောက်သောင်းတို့ ရဟန်းကောင်းအသွင်ဆောင်၍ သာသနာတွင်းသို့ ဝင်ရောက်ပြီး မိစ္ဆာဝါဒများကို သွတ်သွင်းမှုကို အကြောင်းပြုတယ်။ |
| အချိန်ကာလက | - | ၉-လ ကြာတယ်။ |
| တင်ပုံက | - | နှုတ်ဖြင့်ရွတ်ဆိုတော်မူခဲ့ကြတယ်၊ |
| အမှီပြုမင်းက | - | သီရိဓမ္မာသောကမင်း၊ |
| ခေတ်ပြိုင်မင်းက | - | ရန်ပေါင်၊ သရေခေတ္တရာပြည်၊ မြန်မာနိုင်ငံ၊ |

## စတုတ္ထသင်္ဂါယနာပွဲကိုတော့

| | | |
|---|---|---|
| ခုနှစ်က | - | သာသနာနှစ်- ၄၅၀၊ ဘီစီ- ၉၄၊ |
| ခေါင်းဆောင်က | - | အရှင်မဟာဓမ္မရက္ခိတမဟာထေရ်၊ |
| ပွဲဝင်သံဃာတော်ပေါင်းက | - | ရဟန္တာ- ၅၀၀၊ |
| ဌာနက | - | သီရိလင်္ကာ (သီဟိုဠ်)နိုင်ငံ၊ မဟာယဇနပုဒ်အာလောကလိုဏ်ဂူ၊ |

**မီခင်ဧရာဝတီ**

http://www.dhammadownload.com



အခြေခံပြုတာက - သူပုန်ဘေး၊ ဝေါ်မွတ်ခေါင်းပါးဘေးကို (၁၂)နှစ်ကြာ ခံစားရ၍ နောင်အခါ ယင်းဘေးမျိုး ကြုံတွေ့ခဲ့သော် ပိဋကတ်တော်များ ကွယ်ပျောက်မှုမှ ကာကွယ်ရေးကို အကြောင်းပြုတယ်။

ကာလက - တစ်နှစ်ကြာတယ်။

တင်ပုံကတော့ - ပေထက်အက္ခရာရေးတင်တော်မူကြပါတယ်။ ပေစာရဲ့ကျေးဇူးက ကြီးလှပါတယ်။ ကျောက်စာ- စာရွက်စာ မပေါ်မီ နှစ်ပေါင်း ၁၉၆၅-နှစ်ခန့် ပေစာနဲ့ ထိန်းသိမ်းခဲ့ရတယ်။

မင်းက - ဝဋ္ဋဂါမဏိမင်း ဖြစ်ပါတယ်။

ခေတ်ပြိုင်မင်းက - ကြက်ခေါင်းစား (ငတပါး)မင်း၊ သရေခေတ္တရာပြည်၊ မြန်မာနိုင်ငံ။

ဒီစတုတ္ထသင်္ဂါယနာပွဲအထိ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ကို နှုတ်ဖြင့်ဆောင်တော်မူခဲ့ကြတယ်။ နှစ်ပေါင်း- ၄၅၀ တိုင်အောင်ပါပဲ။ ဒါကြောင့် "နှုတ်ဖြင့်ဆောင်သည် ရင်နို့ရည် မည်မျှနှစ်ပေါင်းကြာသနည်း" ဆိုတဲ့အမေး ဖြစ်ပေါ်ခဲ့ပြီး အဖြေက နှစ်ပေါင်း- ၄၅၀ ပါပဲ။

## ပဉ္စမသင်္ဂါယနာ မြန်မာရောက်ပြီ

ခုနှစ် - သာသနာနှစ် ၂၅၁၅-ခု၊ ကောဇာနှစ် ၁၂၃၃-ခု၊ ခရစ်နှစ် ၁၈၇၁-ခု။

ခေါင်းဆောင်ဆရာတော်က- ဘဒ္ဒန္တဇာဂရာဘိဝံသ (တိပိဋကရေ၊ မဟာရာဇာဓိရာဇဂုရု)၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။

ပွဲဝင်သံဃာတော်က - အပါး- ၂၄၀၀။

| | | |
|---|---|---|
| ဌာနက | - | မြန်မာနိုင်ငံ၊ မန္တလေးမြို့၊ ရွှေနန်းတော်အရှေ့ဘက်၊ သစ်တပ်၏အနီးကွင်းပြင်၌ တည်ဆောက်သော မဏ္ဍပ်။ |
| အကြောင်းခံကာလ | - | ပေပုရပိုက်များပေါ်ရှိ ပိဋကတ်တော်များ ပိုမိုတည်တံ့စေရေးနှင့် မူကွဲများညီညွတ်စေရေးကို အကြောင်းပြုခဲ့တယ်။ |
| ကာလက | - | ၅-လနှင့် ၃-ရက်ကြာ နှုတ်ဖြင့်ရွတ်ဆိုတင်၍ ၇-နှစ်၊ ၆-လ၊ ၁၄-ရက်ကြာ ကျောက်ထက်အက္ခရာတင်ခဲ့တယ်။ |
| အမှီပြုမင်းက | - | မင်းတုန်းမင်းကြီးပါပဲ။ |
| ခေတ်ပြိုင်မင်းက | - | ရာဂျိန္ဒရာပရာဆတ်၊ အိန္ဒိယနိုင်ငံ။ |

## ဆဋ္ဌသင်္ဂါယနာပွဲကြီးကို ဆက်ပြောကြစို့

| | | |
|---|---|---|
| ခုနှစ်က | - | သာသနာနှစ် ၂၄၉၈-ခု၊ ကောဇာနှစ် ၁၃၁၆-ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့။ |
| ခေါင်းဆောင်ဆရာတော်က | - | သဒ္ဒန္တရေဝတာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ညောင် ရမ်းကျောင်းတိုက်၊ မန္တလေးမြို့။ |
| သံဃာတော်တွေက | - | ထေရဝါဒ ၅-နိုင်ငံမှ အပါး- ၂၅၀၀။ |
| ဌာနက | - | မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး။ |
| အကြောင်းခံတာက | - | သာသနာတော်သန့်ရှင်းစင်ကြယ်စေရေး၊ တည်တံ့ပြန့်ပွားရေးနှင့် ပိဋကတ်တော်များ သန့်ရှင်းစင်ကြယ်စေရေးကို အကြောင်းပြုတယ်။ |
| ကာလက | - | ၂-နှစ်ကြာပါတယ်။ |

http://www.dhammadownload.com



တင်ပုံက - ပုံနှိပ်အက္ခရာ။
အမှီပြုတာက - ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများ။
ခေတ်ပြိုင်မင်းက - နေရှုး (အိန္ဒိယနိုင်ငံ)။

ကဲ- ဒီဖြစ်စဉ်ကိုသာ ကြည့်ကြပေတော့။ ရအောင် ရှိအောင်လုပ်ဖို့ထက် ထိန်းသိမ်းရတာခက်ပုံ သိသာလှပါတယ်နော်။ ဓမ္မစေတီ- ပိဋကတ်သုံးပုံကို ထမ်းဆောင်လာခဲ့ရတဲ့ ဝန်ထုပ်ဝန်ပိုး ဘယ်လောက်ကြီးတယ်ဆိုတာ သိသာလှပါတယ်။ အဲဒီလို ထမ်းပိုးသယ်ဆောင်နိုင်ဖို့ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါး ရေ,မီး စသည် ပြည့်စုံအောင် ပံ့ပိုးနေကြရတာပါပဲ။ အဲဒီ ဝန်ထုပ်ဝန်ပိုးကြီးကို လက်ဆင့်ကမ်း ပုခုံးပြောင်း ထမ်းခဲ့ကြသဖြင့် ယနေ့ သာသနာတွေ့နေရတာပါ။ သာသနာတည်တံ့ရေးမှာ သံဃာတော်တွေ ဘယ်လောက်အရေးပါတယ်ဆိုတာ သတိပြုမိကြဖို့ အရေးကြီးပါတယ်။

တံတိုင်းကြီး (၂၄)ထပ် အသီးသီးခတ်ပြီးတဲ့အခါ ရတနာသုံးပါးဂုဏ်တော်နှင့် ဆက်စပ်တဲ့ ဂါထာများကို တစ်ရက်ထား ရွတ်ဖတ်ပါ။ မရွတ်ဖတ်မီ အနက်အဓိပ္ပါယ်သိအောင် သင်ကြားလေ့လာပါ။ သဘောပေါက်အဓိပ္ပါယ်သိမှ ရွတ်ဖတ်ပူဇော်ပါလျှင် အကျိုးတရား ပိုပြီးကြီးမားပါတယ်။

(၁၁)ရက်မြောက်နေ့မှာ ယခုရွတ်ပြမယ့် ဂါထာများ ရွတ်ပါ။ (၉)ခေါက်စီ အနည်းဆုံး ရွတ်ဖတ်ပူဇော်ပါ။ နာဂလိုဏ်ဂူ (၁၁)ရက် အဓိဋ္ဌာန်ကျင့်စဉ် အသားကျသွားပြီ၊ အရှိန်ရသွားပြီဆိုပါက အမွှန်းတင်ဘာဝနာ အနေနဲ့ အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံပါထည့်ပြီး ဟောထားပါတယ်။ အာနာပါနကမ္မဋ္ဌာန်း ဆက်လက်အားထုတ်ပြီး သမထဘာဝနာ, ဝိပဿနာဘာဝနာ (၂)မျိုးနဲ့ မိမိရဲ့စိတ်ကို ထုံမွှမ်းပါ။ သာသနာတော်နဲ့ တွေ့ရကျိုးနပ်သည်အထိ ကြိုးစားအားထုတ်ပါ။

## ဘုန်းကြီးတို့ နှစ်ပေါင်း (၂၅)နှစ်တိုင်တိုင် ဒီကျင့်စဉ်ထဲထည့်ပြီး တစ်ရက်မျှမပြတ် အမြဲရွတ်ဖတ် ပူဇော်အပ်သော မြတ်ဘုရား၏ အပြင်ရန်အောင်တော်မူခြင်း၊ အတွင်းရန်အောင်တော်မူခြင်း သစ္စပတ္တနာ ဂါထာတော်များ

**အပြင်ရန်အောင်တော်မူခြင်း ရှစ်မျိုး**

(၁) ဗာဟုံသဟဿ မဘိနိမ္မိတသာဝုဓန္တံ၊
ဂိရိမေခလံဥဒိတဃောရံ သသေနမာရံ။
ဒါနာဒိဓမ္မ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု (မေ) ဇယမင်္ဂလဂ္ဂံ။

(၂) မာရာတိရေကမဘိယုဇ္ဈိတသဗ္ဗရတ္တိံ၊
ဃောရံ ပနာဠဝကမက္ခမ ထဒ္ဓယက္ခံ။
ခန္တီသုဒန္တဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု (မေ) ဇယမင်္ဂလဂ္ဂံ။

(၃) နာဠာဂိရိံ ဂဇဝရံ အတိမတ္တဘူတံ၊
ဒါဝဂ္ဂိ စက္က မသနီဝ သုဒါရုဏန္တံ။
မေတ္တမ္ဗုသေကဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု (မေ) ဇယမင်္ဂလဂ္ဂံ။

(၄) ဥက္ခိတ္တခဂ္ဂမဘိဟတ္ထ သုဒါရုဏန္တံ၊
ဓာဝံ တိယောဇန ပထင်္ဂုလိမာလဝန္တံ။
ဣဒ္ဓီဘိသင်္ခတမနော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု (မေ) ဇယမင်္ဂလဂ္ဂံ။

(၅) ကတွာန ကဋ္ဌမုဒရမိဝဂဗ္ဘိနီယံ၊
စိဉ္စာယ ဒုဋ္ဌဝစနံ ဇန ကာယ မဇ္ဈေ။
သန္တေန သောမဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု (မေ) ဇယမင်္ဂလဂ္ဂံ။

**မိခင်ရောဝတီ**

http://www.dhammadownload.com



(၆) သစ္စံဝိဟာယ အတိသစ္စက ဝါဒကေတုံ၊
ဝါဒါဘိရောပိတမနံ အတိအန္ဓဘူတံ။
ပညာပဒီပဇလိတော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု (မေ) ဇယမင်္ဂလဂ္ဂံ။

(၇) နန္ဒောပနန္ဒ ဘုဇဂံ ဝိဗုဓံ မဟိဒ္ဓိံ၊
ပုတ္တေန ထေရဘုဇဂေန ဒမာပယန္တော။
ဣဒ္ဓူပဒေသဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု (မေ) ဇယမင်္ဂလဂ္ဂံ။

(၈) ဒုဂ္ဂါဟဒိဋ္ဌိ ဘုဇဂေန သုဒဋ္ဌဟတ္ထံ၊
ဗြဟ္မံ သုစိ ဇုတိမဣဒ္ဓိ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု (မေ) ဇယမင်္ဂလဂ္ဂံ။

**********

**အတွင်းရန်အောင်တော်မူခြင်း ရှစ်မျိုး**

(၁) အဝိဇ္ဇာ အဏ္ဏဝေကောသမ္ဘိ၊
သတ္တေ တဏှာဇလာဗုဇေ။
တမှာ ဌာနာ နိက္ခာမေသိ၊
ဒေသနာဉာဏ တေဇသာ၊
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု (မေ) ဇယမင်္ဂလံ။

(၂) မဟာမောဟန္ဓကာရေန၊
အဘိဘူတေ မဟာဇနေ။
ပညာစက္ခုံ လဘာပေသိ၊
ဉာဏလောကေန သောဇိနော။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု (မေ) ဇယမင်္ဂလံ။

**မိခင်ကျောဝတီ**

(၃) စတုရောယေဟိဝုယှန္တေ၊
ဂမ္ဘီရေ သံသာရဏ္ဏဝေ။
ဉတ္တာရေသိ မဟာဝီရော၊
ဓမ္မနာဝါယ နာယကော။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု (မေ) ဇယမင်္ဂလံ။

(၄) ရာဂါဒိ အဂ္ဂိဇာလေဟိ၊
ဒယှကာယံမဟာဇနံ။
နိဗ္ဗာပေသိ နရနာထော၊
အဋ္ဌမဂ္ဂင် ဝါရိနာ။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု (မေ) ဇယမင်္ဂလံ။

(၅) အဂ္ဂိမုခါဒိသပ္ပေဟိ၊
ဒဋ္ဌကာယံမဟာဇနံ။
နိဗ္ဗာပေသိ မဟာဝီရော၊
နာထောတိလောကဝဇ္ဇကော။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု (မေ) ဇယမင်္ဂလံ။

(၆) သံသာရ စာရကံလောကံ၊
နိစ္စံဒုက္ခေန ပီဠိတံ။
နိဗ္ဗာနပုရံပါပေသိ၊
ယာနတ္တယေနသောဇိနော။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု (မေ) ဇယမင်္ဂလံ။

(၇) သံသရဒုက္ခကန္တာရာ၊
ကိလေသစောရပီဠိတံ။
ခေမန္တဘူမိ ပါပေသိ၊

http://www.dhammadownload.com



သတ္တဝါယော ဝိနာယကော၊
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု (မေ) ဇယမင်္ဂလံ။

(၈) ပဥ္စတာလီသ ဝဿာနိ၊
ဌတွာလောကံ သဒေဝကံ။
ပိဝယိတွာ ဓမ္မရသံ၊
နိဗ္ဗုတောသော သသာဝကော။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု (မေ) ဇယမင်္ဂလံ။

**********

## သမ္ဗုဒ္ဓေဂါထာ တော်ကြီး

သမ္ဗုဒ္ဓေဂါထာလောက် ကြီးကျယ်ခမ်းနားတဲ့ ဘုရားရှိခိုး အန္တရာယ်ကင်းဂါထာ ရှိမည်မထင်ပါ။ ဒီသမ္ဗုဒ္ဓေဂါထာတော်ကို နံနက် အိပ်ရာနိုးသည်မှ ညဥ့်အိပ်ရာဝင်သည်အထိ (၆)လ ရွတ်ဖတ်ပူဇော်ဖူးပါတယ်။ ရဟန်း (၁၈)ဝါရက ဖြစ်ပါတယ်။ (၆)လပြည့်သောအခါ စစ်ကိုင်း ကောင်းမှုတော်ဘုရားကြီးကို လက်ပေါ်တင်၍ ဉာဏ်တော်ရေတွက်ရပုံ အိပ်မက်မြင်မက်လာပါတယ်။ ဆက်လက်၍ မဟာမြတ်မုနိဘုရားကြီးကို ပင့်ရန် ပြင်ဆင်ပုံ မက်လာပါတယ်။

"ငါကြီးကျယ်တဲ့ သာသနာပြုလုပ်ငန်းများ လုပ်ရလိမ့်မည်"လို့ အိပ်မက်တိတ္ထုံ ကိုယ်တိုင်ဖတ်မိပါတယ်။ အိပ်မက်ပြီးနောက် တစ်လအကြာမှာပဲ ယခုပြုနေတဲ့ သာသနာပြုလုပ်ငန်း လုပ်ကိုင်နိုင်ဖို့ အခြေအနေများစွာ ပေးလာပါတယ်။ ကျောင်းတိုက်ကြီး (၃)တိုက်ကို ကလေးဝဆရာတော်၊ သူဌေးကျောင်းဆရာတော် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများက ပေးစွန့်တော်မူကြ ချီးမြှောက်ကြပါတယ်။ အဲသလို ချီးမြှောက်တော်မူခဲ့ကြလို့ တစ်နေ့ အရုဏ်အလှူသံဃာ တစ်ထောင်နှုန်းနဲ့ ရက်တစ်ရာ တစ်သိန်း၊ တစ်နှစ်လျှင် သုံးသိန်းငါးသောင်းခန့် အလှူလှူခွင့်ရနေတာပါပဲ။ သာသနာပြုခွင့် ရနေတာပါပဲ။

http://www.dhammadownload.com



### အိပ်မက်လေးမျိုး

၁။ ဓာတုက္ခောဘအိပ်မက်- သွေးလေဓာတ် ချောက်ချားလို့ ကောင်းကင်ခုန်ပျံရပုံစသည် မက်တယ်။ မမှန်တတ်ပါဘူး။

၂။ အနုဘူတပုဗ္ဗအိပ်မက်- တွေ့ဖူး၊ ကြုံဖူး၊ ခံစားဖူးတာတွေနဲ့ ပတ်သက်လို့ မက်တယ်။ ဒါလဲ မမှန်တတ်ပါဘူး။

၃။ ပုဗ္ဗနိမိတ္တအိပ်မက်- နောက်ဖြစ်မည့် အကျိုးအပြစ်များအတွက် ကြိုတင်အိပ်မက်တာမျိုး။ ဒီအိပ်မက်မျိုးကတော့ မှန်ပါတယ်။

မဟာသုပိနသုတ္တန်က ဘုရားလောင်းရဲ့ အိပ်မက်မျိုး ဖြစ်ပါတယ်။ အခုလူတွေမှာလဲ ဒီအိပ်မက်မျိုးတွေ မက်တတ်ကြပါတယ်။ ဘုန်းကြီးတို့ရဲ့ ကောင်းမှုတော် ဘုရားအိပ်မက်ဟာလဲ ပုဗ္ဗနိမိတ္တအိပ်မက်မျိုးနေမှာပါပဲ။

### ဆင်ဖြူတော် အိပ်မက်

နိုင်ငံတော်အစိုးရက အခု တရားဟောနေတဲ့ သုံးထပ်တိုက်ကြီးရယ်၊ ဟိုအရှေ့ဖက်က သုံးထပ်ကြီးရယ် (၂)တိုက်လုံး မဆောက်မီက ကျောင်းတိုက်ကြီးတွေ ဆောက်လုပ်ဖို့ နိုင်ငံတော်အကြီးအကဲ ဥက္ကဋ္ဌကြီးများ၊ အတွင်းရေးမှူးများ မလာမီ (၂)ရက်ကြိုတင်၍ အိပ်မက်တစ်ခု မက်ထားပါတယ်။ အဲဒီအိပ်မက်က "ဆင်ဖြူတော်လေးတစ်စီး မွေ့ရာလေးပေါ်မှာ ဝပ်ပြီး နှာမောင်းကလေးကရမ်းပြီး ဘုန်းကြီးဆီကို ခေါ်သလို မြင်ရတော့ အဲဒီ ဆင်ဖြူတော်ကို ပွေ့ချီပြီး ရှူးကိတ်အပေါ်ဆင့်မှာ ထည့်ထားရတယ်"-လို့ မြင်မက်ပါတယ်။ နောက် (၂)ရက်အကြာမှာ နိုင်ငံတော် အကြီးအကဲများ ရောက်လာပြီး ဘာမှမတောင်းဆိုရပဲ ကျောင်းဆောင်ကြီးများ ဆောက်ပေးဖို့ ကိုယ်တိုင် နေရာရွေးကြပါတယ်။

အဲဒါတွေအားလုံး ရတနာသုံးပါး ဆရာမိဘတို့ရဲ့ အရိပ်တော် ကျေးဇူးတော်တွေကြောင့်ပါပဲ။ ဒီ နံပါတ်သုံး အိပ်မက်က မှန်ပါတယ်။

၄။ ဒေဝတောပသံဟာရအိပ်မက်- နတ်ပေးအိပ်မက်။ မှန်-မမှန် နှစ်မျိုး ရှိပါတယ်။

http://www.dhammadownload.com



ဒါကြောင့် အိပ်မက်ကလေးလှလှ အကျိုးပေးသန့်လှတဲ့ အိပ်မက် မက်ကြရအောင် ဟောဒီဂါထာတော်ကြီး ရွတ်ကြစို့လား။

က။ **သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေ၊**
**ပဉ္စသတ သဟဿာနိ နမာမိ သိရသာမဟံ၊**
**အပ္ပကာ ဝါဠုကာ ဂင်္ဂါ အနန္တာ နိဗ္ဗုတာ ဇိနာ၊**
**တေသံ ဓမ္မဉ္စ သံဃဉ္စ အာဒရေန နမာမဟံ၊**
**နမက္ကရာ နုဘာဝေန၊ သဗ္ဗေ ဥပဒ္ဒဝေ ဟိတွာ၊**
**အနေက အန္တရာယာပိ ဝိနဿန္တု အသေသတော။**

ဒီဂါထာတော်ကြီးက ဘုရားအပေါင်း ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူတို့နှင့် ထိုဘုရားရှင်တို့၏ တရားတော်, သံဃာတော်ကို ရှိခိုးခြင်း ဖြစ်ပါတယ်။

ဆက်ပြီးတော့ ပြောရဦးမယ်။ အဓိဋ္ဌာန်အကျင့်တွေ ကျင့်နေပေမယ့် အိပ်မက်လှလှချည်း မက်ရန်မလွယ်ကူပါ။ သတ္တဝါတို့မှာ ရှေးဘဝများစွာ ပြုခဲ့တဲ့ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက် အဆိုးကံဟောင်းများစွာ ရှိနေကြပါတယ်။ အဲဒီ အဆိုးပြုကံတို့ရဲ့ ဆိုးမွေကျွေးဆပ်ကြရပါသေးတယ်။ အဆိုးပြုကံတို့ရဲ့ ဆိုးကျိုးကို ခံစားရ တွေ့ကြုံရတာချင်း တူပေမယ့် အဓိဋ္ဌာန်ကျင့်စဉ်တစ်ခုခု ရှိသူနှင့် မရှိသူ မတူကြပါ။ အဓိဋ္ဌာန်ကျင့်စဉ် တစ်ခုခုရှိသူတွေက အဲဒီကံဟောင်းဆိုးပြစ်တို့ထဲက တစ်ချို့ကို တွန်းလှန်ကာကွယ်နိုင်ပါတယ်။ တစ်ချို့ ကံဆိုးကံပြစ်တို့ကိုတော့ မလွှဲသာ မရှောင်သာ ခံစားရပေမယ့် သက်သက်သာသာ ခံခဲ့ကြရမှာပါပဲ။ ဘုန်းကြီးတို့ ယခုဘဝ သာသနာပြုလုပ်ငန်းတွေ အခွင့်ရဆဲမို့ ကြိုးစားပြုလုပ်ပါတယ်။ များစွာ အနှောင့်အယှက် ကြုံတွေ့ရတတ်ပါတယ်။ မတွေ့မီ ကြိုတင်အိပ်မက်များစွာ ပေးပြီး သတိပေးချက်တွေ များစွာရှိခဲ့ဖူးပါတယ်။

**********

http://www.dhammadownload.com



## နှစ်ကျိုပ်ရှစ်ဆူဂါထာ

ဒီဂါထာကို ကျေးဇူးတော်ရှင် ရွှေးဆရာတော်ဘုရားကြီးများ စီမံ ရေးသားထားသည်ဟု သိရပါတယ်။ သရုပ်အရေအတွက်ပါ ကြည်ညို ရွတ်ဖတ်နိုင်ပါက ပိုကောင်းပါတယ်။

ခ။ **အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ၊**
**ဣဒ္ဓိမန္တော ဇုတိန္ဓရာ၊**
**ဣဒ္ဓိယာ ဇုတိယာ တေသံ၊**
**အန္တရာယာ သမေန္တု မေ၊**
**သဗ္ဗေ ဒူရေ ပလာယန္တု၊**
**ပိသာစ ယက္ခ ရက္ခသာ။**
**သမ္မာဒေဝါ ပဝဿန္တု၊**
**မောဒန္တု သုခိတာဇနာ။**

ဒီဂါထာကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ အနွယ်အဆက်တို့ လယ်တီနိကာယဝင်တိုက်ဖြစ်တဲ့ သပြေပင်တောရတိုက် စသည်မှာ အမြဲတန်း ရှိခိုးပူဇော်ကြတယ်။ ဒီနာဂလိုဏ်ဂူ စာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှာလည်း စာချစာသင်တစ်ထောင် ကျော် ရှိခိုးနေကြတယ်။

**********

## သဗ္ဗမင်္ဂလဂါထာ

ယခု ရွတ်မည့်ဂါထာကို အရှင်အာနန္ဒမထေရ်မြတ် ရွတ်ဖတ်ပူဇော် ခဲ့ပါတယ်။ သာသနာရာဇာ မင်းနှစ်ဖြာတို့ ညီညာစုဝေး တင့်တယ်လှပသည့် မြင်ကွင်းကြောင့် ကျူးခဲ့တဲ့ ဥဒါန်းစကားပါ။ ကြည်ကြည်ညိုညို ရွတ်ဖတ်ပါ။

ဂ။ **ဒိဝါ တပတိ အာဒိစ္စော၊**
**ရတ္တိမာ ဘာတိ စန္ဒိမာ၊**
**သန္နဒ္ဓေါ ခတ္တိယော သေဌော၊**
**ဈာယီ တပတိ ဗြာဟ္မဏော၊**

**မိခင်ဧရာဝတီ**

http://www.dhammadownload.com



**အထ သဗ္ဗ မဟောရတ္တိံ၊**

**ဗုဒ္ဓေါ တပတိ တေဇသာ။**

နေ, လ, မင်း, ရဟန်းတို့ထက် ဗုဒ္ဓဘုရားက သာလွန်မြင့်မြတ်တင့် တယ်ပုံကို ချီးကျူးထားသည့် ဂါထာဖြစ်ပါတယ်။

**************

## လ,နတ်သား၏ သရဏဂုံ

### နမော တေ ဂါထာ

ဒီဂါထာရဲ့ အဓိပ္ပါယ်က-

ပထမတစ်ပိုဒ်- ရဲဝံ့ကြီးမား လုံ့လများတော်မူသော မြတ်ဘုရား အရှင်ဘုရားအား ရှိခိုးပါ၏။

ဒုတိယတစ်ပိုဒ်- အရှင်မြတ်ဘုရားသည် အလုံးစုံသော ဝဋ်ခရီး အကျဉ်းအကြပ်မှ လွတ်တော်မူပြီးသည့် ပုဂ္ဂိုလ်ဖြစ်တော်မူပါပေ၏။ ဘုရား ရှင်၏ဂုဏ်တော် တစ်စိတ်တစ်ဒေသ ချီးကျူးထုတ်ဖော်ပူဇော်ခြင်း ဖြစ်ပါ တယ်။

တတိယအပိုဒ်- တပည့်တော်သည် ဝဋ်ခရီး အကျဉ်းအကြပ်မှ မလွတ်မြောက်သေးသူ ဖြစ်ပါ၏။

စတုတ္ထအပိုဒ်- ဝဋ်ခရီး အကျဉ်းအကြပ်မှ လွတ်လပ်ပြီးသော အရှင် မြတ်ဘုရားသည် မလွတ်လပ်သေးသော တပည့်တော်၏ ကိုးကွယ် လည်းလျောင်း ပုန်းအောင်းမှီခို ကြည်ညိုရာဖြစ်တော်မူပါဘုရား။

အဲဒီလို အဓိပ္ပါယ်သိပြီးမှ ရွတ်ပါ။

ယ။ **နမော တေ ဗုဒ္ဓဝီရတ္ထု၊**

**ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။**

**သမ္ဗာဓ ပဋိပန္နောသ္မိ၊**

**တဿ မေ သရဏံ ဘဝ။**

အမျိုးသမီးများ ပြင်ဆင်၍ ရွတ်လိုပါလျှင်-

တတိယအပိုဒ်မှာ- **သမ္ဗာဓ ပဋိပန္နာသ္မိ။**

http://www.dhammadownload.com



စတုတ္ထအပိုဒ်မှာ- **တဿာမေ သရဏံ ဘဝ**-ဟု ရွတ်ဆိုပါ။

ဒီလ,နတ်သား သရဏဂုံဂါထာကို ဘုန်းကြီးတို့ ပခုက္ကူနိကာယဝင် ကျောင်းတိုက်ပေါင်း (၂၅၀)ကျော်ရှိ သံဃာတော်များ ညဦး၊ နံနက် ဝတ်ရွတ် စဉ်မှာ အမြဲတမ်း ရွတ်ဆိုပူဇော်နေကြပါတယ်။

ဘုရားရှင်က- **တထာဂတံ အရဟန္တံ၊**
**စန္ဒိမာ သရဏံဂတော။**
**ရာဟု စန္ဒံ ပမုဉ္စဿု၊**
**ဗုဒ္ဓါလောကာနုပကမ္ပကာ။**

ဟု မိန့်တော်မူပါတယ်။

ရာဟုအစီးခံရသောသူတိုင်း- **တထာဂတံ အရဟန္တံ၊**
**ဇာဂရော သရဏံဂတော၊**
**ရာဟုဇာဂရံ ပမုဉ္စဿု၊**
**ဗုဒ္ဓါလောကာနုကမ္ပကာ။**

စသည် ပြင်ရွတ်သင့်ပါတယ်။

**********

## မကြောက်ဆေးဂါထာ

အခုရွတ်မယ့် ဂါထာက သုဗြဟ္မာနတ်သား ကြောက်ဒူးတုန်၍ ဘုရားထံမှောက် လာရောက်ပြီး မေးလျှောက်လို့ ဘုရားရှင်က ဖြေတဲ့ ဂါထာပါ။ ဖြစ်ပုံက သုဗြဟ္မာနတ်သားက နတ်သမီးတွေနဲ့ ပန်းခူးရင်း နတ်သမီးငါးရာ စုတေပြီး အပါယ်ငရဲကျတာကို မြင်တွေ့တော့ ထိတ်လန့် တုန်လှုပ် ကြောက်ရွံ့လှသဖြင့် ဘုရားထံလာပြီး ဒီလိုမေးလျှောက်တယ်။

အရှင်ဘုရား- ဘုရားတပည့်ရဲ့ စိတ်ဟာ အမြဲတမ်း ထိတ်လန့်နေ ပါတယ်။ တပည့်ရဲ့စိတ်ဟာ တဖျပ်ဖျပ် တုန်လှုပ်နေပါတယ်။ မဖြစ်ပေးသေး တဲ့ ကိစ္စ၊ ဖြစ်ပေါ်ပြီး ကိစ္စတွေ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ရတက်မအေး ရှိလှပါတယ် ဘုရား။ အကယ်၍ အရှင်ဘုရားမှာ မထိတ်လန့်တဲ့ဆေး မကြောက်ဆေးများ ရှိပါရင် တိုက်ကျွေးတော်မူပါလို့ လျှောက်ထားတော့-

http://www.dhammadownload.com



ဘုရားရှင်က မထိတ်လန့်ဆေး၊ မကြောက်ဆေး (၄)နည်း ပေးတော်မူတဲ့အနေနဲ့-

င။ နာညတြ ဗောဇ္ဈာ တပသာ၊
နာညတြိန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊
သောတ္ထိံပဿာမိ ပါဏိနံ။

သစ္စာလေးပါး သိနိုင်တဲ့ အကျင့်စခန်းဝင်ခြင်း၊ ကိလေသာကို ခေါင်းပါးစေတတ်တဲ့ အကျင့်ကျင့်ခြင်း၊ မျက်စေ့, နား, နှာ, လျှာ, ကိုယ်, စိတ် စောင့်စည်းခြင်း အလုံးစုံတို့ကို စွန့်လွှတ်ရာနိဗ္ဗာန်၊ ဤလေးမျိုးဟာ မကြောက်ဆေး, မလန့်ဆေးပဲ။ ဒီဆေးမျိုး မှန်မှန်စား၊ မကြောက်ဘူး မလန့်တော့ဘူးလို့ ဖြေတော်မူမှ သူပြဟ္မာနတ်သား စိတ်သက်သာရာရသွားခဲ့တယ်။

**********

## သဗ္ဗဒုက္ခမောစန မင်္ဂလာဂါထာ

စ။ ဗုဒ္ဓေါ စ မင်္ဂလော လောကေ၊
သမ္ဗုဒ္ဓေါ စာပိ လောကဂ္ဂေါ၊
ဗုဒ္ဓံ သရဏံ မာဂမ္မ
သဗ္ဗ ဒုက္ခာ ပမုစ္စရေ။

ဆ။ ဓမ္မော စ မင်္ဂလော လောကေ၊
ဂမ္ဘီရော စာပိ ဒုဒ္ဒသော၊
ဓမ္မံ သရဏံ မာဂမ္မ
သဗ္ဗ ဒုက္ခာ ပမုစ္စရေ။

ဇ။ သံဃော စ မင်္ဂလော လောကေ၊
ဒက္ခိဏေယျော အနုတ္တရော၊
သံဃံ သရဏံ မာဂမ္မ
သဗ္ဗ ဒုက္ခာ ပမုစ္စရေ။

http://www.dhammadownload.com



ဒီဂါထာ (၃)ဂါထာက ရတနာသုံးပါး မင်္ဂလာသုံးပါး ဂါထာများ ဖြစ်ပါတယ်။ ရတနာသုံးပါးတို့ရဲ့ အလုံးစုံသော ဝဋ်ဒုက္ခမှ လွှန်မြောက်စေနိုင်ပုံပြ ဂါထာများ ဖြစ်ပါတယ်။

**********

## နမောပြန်ဂါထာ

စျ။ ၁။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၂။ ဝမ္မာတရဒ္ဓဂသမော အမ္ဗုဘတော နတော သဿဟဿ။

၃။ သတောတမ္ဗုဟာဂနမ္မာ အဿဒ္ဓတော ဝမောသရဘဿ။

၄။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဤနမောပြန်ဂါထာကား ပထမတစ်ကြောင်းက နမောတဿမှ (၇)လုံးမြောက် အက္ခရာကို ယူ၍ ဒုတိယတစ်ကြောင်း ဖြစ်လာပါတယ်။

ဒုတိယတစ်ကြောင်းမှ (၇)လုံးမြောက် အက္ခရာကိုယူ၍ တတိယတစ်ကြောင်းဖြစ်လာပါတယ်။

တတိယတစ်ကြောင်းမှ (၇)လုံးမြောက် အက္ခရာကိုယူ၍ ရေးစီပါက ပထမပကတိ နမောတဿ ဘုရားရှိခိုး ဖြစ်လာပါတယ်။ ဒီဂါထာကို စီမံတဲ့ ပုဂ္ဂိုလ်က ဉာဏ်ကြီးလှပါတယ်။

နမောတဿ ရိုးရိုးပင် အင်မတန် ရှေးကျသော ဘုရားရှိခိုးကြီး ဖြစ်ပါတယ်။ ရှေးပညာရှင်များ လက်မလွှတ်တမ်း သုံးစွဲခဲ့ကြတဲ့ မြန်မာ့နှုတ်ကျိုး ဘုရားရှိခိုး ဖြစ်ပါတယ်။ ဒီနမောတဿ ရိုးရိုးကိုပင် ရှစ်သောင်းလေးထောင် ရွတ်ထားပါက ရေပေး ဆေးဖြစ်သည်ဟု ဆိုစမှတ်ရှိပါတယ်။

**********

## ဣစ္ဆန္တော ဂါထာ (ဣစ္ဆာ သဿယ ဂါထာ)

ည။ ဣစ္ဆန္တော သာသပ ဂစ္ဆော၊
စက်မန္တော ဣတော စိတော၊
စက္ကဝါဠံ သကလမ္ပိ၊

**မိခင်ဗျာ ဝတီ**

http://www.dhammadownload.com



**အတ္တ ဘာဝေန ဆာဒယိ၊**
**ဧဝံ ကစ္စာယ သမ္ပန္နံ၊**
**လောကဇေ့ဌံ နမာမဟံ၊**
**ဧတေန သစ္စဝဇ္ဇေန**
**ကစ္စာ ပူရေတု မေ သဒါ။**

ဒီဂါထာက ကစ္စာယနဘုန်းတော်ရဲ့ တစ်စိတ်တစ်ဒေသ ပူဇော်ထားတဲ့ ဂါထာပါ။ ဘုရားရှင်သည် စိတ်ကို အစိုးရတဲ့အတွက် စိတ်ကို အစိုးရအောင် အာနာပါနကမ္မဋ္ဌာန်း စသည်ကို အားထုတ်တော်မူခဲ့သဖြင့် မုန်ညင်းစေ့လေးအတွင်းမှာလဲ လမ်းလျှောက်တော်မူနိုင်ပါတယ်။ ဒီစကြဝဠာကြီးတစ်ခုလုံးပြည့် အတ္တဘောခန္ဓာကိုယ်ကြီးကိုလည်း ဖန်ဆင်းနိုင်ပါတယ်။ အဲဒီလို အလိုတော်အတိုင်း ပြီးပြည့်စုံဖြစ်နေတဲ့ ရနေတဲ့ လောကထွဋ်တင်ဘုရားရှင်ကို ဦးတင်ပါတယ်။ အကျွန်ုပ်အား အလိုဆန္ဒပြည့်ဝပါစေသောဟု အဓိပ္ပါယ်ပါရှိတဲ့ ဂါထာပါ။

နောက် ကစ္စာယနဂါထာတော်တစ်ခုနဲ့ ပူဇော်ကြဦးစို့။

**၄။ ကစ္စန္တော မဟာမဟိမ္ပိ၊**
**ဇာတရူပံ ကရောတိယော၊**
**ကစ္စန္တော ဇာတရူပံမ္ပိ၊**
**မဟာမဟိံကရောတိယော၊**
**ဧဝံ ကစ္စာယသမ္ပန္နံ၊**
**လောကဇေ့ဌ နမာမဟံ၊**
**ဧတေန သစ္စဝဇ္ဇေန**
**ကစ္စာပူရေတု မေသဒါ။**

မြေပြင်ကို ရွှေအတိဖြစ်အောင် ရွှေကိုမြေအတိဖြစ်အောင် အလိုတော်အတိုင်း ပြီးစေနိုင်သော လောကထွဋ်ထား မြတ်ဘုရားကို ညွတ်တွားရှိကျိုး ရှိခိုးပါ၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် ငါ့အားအလိုဆန္ဒပြည့်ဝပါစေသတည်း။

ကစ္စန္တောဂါထာများ ကျန်ပါသေးတယ်။ ဘုန်းကြီး ပူဇော်နေကျ

http://www.dhammadownload.com



နှစ်ဂါထာပဲ ထည့်ဟောပါတယ်။

**********

## ခရီးဖြောင့် (၃)ဂါထာ

### သစ္စာ ပဋ္ဌနာ

လူတိုင်း ခရီးသွားနေကြပါတယ်။ သွားလိုတဲ့ခရီးစဉ် ဖြောင့်ချင်ကြတယ်။ ရည်ရွယ်တဲ့အတိုင်းလည်း ပေါက်ချင်တယ်။ အဲဒီလို ခရီးဖြောင့်ချင်ရင် ပေါက်ချင်ရင် မဟာကပ္ပိနမင်းကြီး ရွတ်ပြီး သစ္စာပြုခဲ့တဲ့ ဂါထာတော်ကြီး (၃)ဂါထာ ရှိတယ်။

ကျေးဇူးတော်ရှင် ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားလည်း လက်သုံးတော်ပြုခဲ့တယ်တဲ့။ အဲဒီ ဂါထာများက ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တွေ ထည့်သွင်းပြီး သစ္စာပြုထားတာပါ။ အဲဒီ ဂါထာများ ရွတ်ဖတ် သစ္စာပြုရင်းနဲ့ မဟာကပ္ပိနမင်းကြီး မြစ်ကြီးသုံးတန်ကျော်ဖြတ် အခက်အခဲအားလုံး ကျော်လွှားပေါက်ရောက်သလို ခလုတ်မထိ ဆူးမငြိပဲ ဖြောင့်ဖြူးသာယာကြစေဖို့ ရွတ်ဖတ်ကြည့်ကြပါစို့ရဲ့။

ဌ။ ၁။ ဘဝသောတံ ဟာဝေ ဗုဒ္ဓေါ၊
တိဏ္ဏော လောကန္တဂူ ဝိဒူ။
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။

ဍ။ ၂။ ယဒိသန္တိဂမော မဂ္ဂေါ၊
မောက္ခော စစ္စန္တိကံ သုခံ။
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။

ပ။ ၃။ သံဃောဝေတိဏ္ဏ ကန္တာရော၊
ပုညက္ခေတ္တော အနုတ္တရော။
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။

http://www.dhammadownload.com



၁။ ဘုရားရှင်သည် စင်စစ် ဘဝရေအယဉ်ကို ကူးမြောက်၍ လောက၏အဆုံး နိဗ္ဗာန်သို့ ရောက်တော်မူသော ပညာရှိကြီးတစ်ဆူ မှန်ပါပေ၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် ငါ့ခရီးစဉ် ငါသွားလိုတဲ့ ခရီးစဉ် ဖြောင့်ဖြူးသာယာပါစေသတည်း။

၂။ မဂ်ဉာဏ်လေးပါး မြတ်တရားသည် အေးငြိမ်းရာအမှန် အေးနိဗ္ဗာန်သို့ တိုက်ရိုက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်စေတတ်ပါ၏။ မဂ်ဉာဏ်ဖြင့် တိုက်ရိုက်ရောက်အပ်တဲ့ နိဗ္ဗာန်သည် စင်စစ် ချမ်းသာလှပါပေ၏။ ဤသို့ တရားတော်နှင့်စပ်၍ မှန်ကန်သော စကားကို ပြောဆိုရခြင်းကြောင့် ငါ့ခရီးစဉ် ငါသွားလိုတဲ့ ခရီးစဉ် ဖြောင့်ဖြူးသာယာပါစေသတည်း။

၃။ အရိယာရှစ်ပါး သံဃာတော် အရှင်မြတ်များသည် ဘဝခရီးခဲ ဘဝအခက်အခဲ ဟူသမျှကို ကျော်လွှားနိုင်၍ အတုမရှိ မြတ်သောကောင်းမှုမျိုးစေ့ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ပါပေ၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် ငါ့ခရီးစဉ် ငါသွားလိုတဲ့ ခရီးစဉ် ဖြောင့်ဖြူးသာယာပါစေသတည်း။

**********

## စ– ခ– ဗ– ဝ ဂါထာ

ဒီ စ- ခ- ဗ- ဝ ကို ရှင်သာမဏေ (၁၂)နှစ် အရွယ်က ဖြစ်စဉ်လေးတစ်ခု ပြောရဦးမယ်။ ဇာတိ ကုန်းသာရွာမှ မုံရွာမြို့ သပြေပင်တောရ ဆရာတော်ဘုရား ခြေတော်ရင်း ရောက်ခဲ့ပါတယ်။ သပြေပင်တောရက တိုက်အုပ်ဆရာတော် ဦးနန္ဒိသာရနှင့် ဆရာတော် ဦးကုမုဒတို့က မိုးညှင်းသမ္ဗုဒ္ဓေကို ဘုရားဖူးပို့ပါတယ်။ ကိုရင် (၁၀)ပါးလောက် ပါပါတယ်။ အဂ္ဂမဟာပဏ္ဍိတ ပထမ မိုးညှင်းဆရာတော်ဘုရားအား ဖူးရပါတယ်။ ကိုရင် (၁၀)ပါးထဲက မိမိကို ဘုန်းကြီးကို အနီးခေါ်ပြီး ဦးခေါင်းကို လက်ဖြင့်ပွတ်သပ်ပြီး စားကြိုးစားဖို့ မှာကြားဆုံးမတော်မူခဲ့ဖူးပါတယ်။ ဘာစာတွေ ကျက်နေသလဲလို့လဲ မေးပါတယ်။ အသံအော်ကြီး လျှောက်ထားပါတယ်။ အဲဒီ မိုးညှင်းသမ္ဗုဒ္ဓေ ဘုရားဖူး ခရီးစဉ်မှာ စ- ခ- ဗ- ဝ တွေ အက္ခရာလေးလုံး၊

http://www.dhammadownload.com



စေတီတော်၌သုံးစွဲထားတာကို လောကီဆန်လွန်းတယ်လို့ ရှင်သာမဏေငယ်ဘဝက စွဲမြဲနေတဲ့ အစွဲဟာ အသက် (၄၀)ကျော်သည်အထိပါပဲ။ ဒါကြောင့် စ- ဓ- ဗ- ဝ ပါတဲ့ ဂါထာတွေကို ဟိုစဉ်က မရွတ်ခဲ့ပါဘူး။ ဘုန်းကြီး အသက် (၄၀)ကျော် (၅၀)နီးနီးပါးရောက် တစ်ညဥ့်မှာ နံနက်မိုးသောက်ခါ နီးချိန် အိပ်မက်ထဲမှာ (၃)ခေါက် လိုက်ဆိုရပါတယ်။ ရှေ့က ချပို့ပေးပါတယ်။ နံနက်အိပ်ရာက နိုးတော့ ဆိုကြည့်တော့လဲ ရနေပါတယ်။ အဲဒီ ဂါထာက-

ဏ။ စက္ခုမာ စရ မာစိဏ္ဏော၊
ဓမ္မညူ ဓမ္မသာမိကော။
ဗလူပေတော ဗလပ္ပတ္တော၊
ဝရညူဒေတု မေဝရံ။

ဒီဂါထာက ပုလဲပန်းဂါထာပါ။ စ- ဓ- ဗ- ဝ တို့ကို လေ့လာကြည့်တော့ ဒေါင်း, ပုဇွန်, ဝံ, ငါး၌ ထင်ရှားတဲ့ စာလေးမယ်ဖြစ်တော့ ဘုရားမပွင့်မှီကပင် ရှိနေနှင့်တဲ့ အက္ခရာလေးလုံးဆိုတာ သိရပါတယ်။ ရွှေတိဂုံဘုရား ထီးတော်အောက်မှာလဲ ဒီဂါထာကို တွေ့ရပါတယ်။ ကမ္ဘာ့ဦးက မြင့်မိုရ်တောင်ခပန်းမှာ ဦးစွာ ပေါ်ခဲ့တယ်လို့လဲ တစ်ဆင့် ကြားဖူးပါတယ်။ နေလတို့ကလည်း ပြုကြပါတယ်။ ဒါကြောင့် (၁၁)ရက် တစ်ကြိမ် အကြိမ်များစွာ ရွတ်ဖတ်ပူဇော်ပါတယ်။ ပြီးတော့ ဒီပုလဲပန်းဂါထာကလည်း အဓိပ္ပါယ်အပြည့် ရှိတယ်။ ဟောကြည့်ကြစမ်း။

* ဗုဒ္ဓ ဓမ္မ သမန္တနှင့် ဉာဏဒိဗ္ဗာ ငါးဖြာသော စက္ခုရှင် ဖြစ်တော်မူသော မြတ်စွာဘုရား။
* စရဏတရား (၁၅)ပါး ကျင့်ကြံကြိုးကုတ်တော်မူသော မြတ်စွာဘုရား။
* တရားသိတော်မူ၍ တရားသခင် တရားရှင်ဖြစ်တော်မူသော မြတ်စွာဘုရား။
* အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

http://www.dhammadownload.com



* မြတ်သောတရားကို သိတော်မူသော မြတ်ဘုရားသည် အကျွန်ုပ်အား မြတ်သောဆုကို ပေးပါစေသတည်း။

**********

## သောတာပန် အာဠာဝက
## ခရီးသွား သရဏဂုံဂါထာ

ယခု ရွတ်ဆိုမယ့်ဂါထာက တပ္ပရာယဏတာ သရဏဂုံ။ နိဗ္ဗာန်ဆော်လုပ်ပြီး တစ်ရွာမှတစ်ရွာ၊ တစ်မြို့မှတစ်မြို့၊ တစ်နိုင်ငံမှတစ်နိုင်ငံ သွားနေပါ့မယ် ဘုရားလို့ ဘုရားရှင်အား အာဠာဝကက လျှောက်ထားတဲ့ ဂါထာပါ။ မေးခွန်းရှစ်မျိုး မေးလို့ ဘုရားက အဖြေပေးတော်မူလိုက်တဲ့အခါ အာဠာဝက က သဘောကျ တရားရ သောတာပန်ဖြစ်ပြီး ဒီလိုရွတ်ဆိုခဲ့ပါတယ်။ ပါဠိအနက် ရွတ်ပြီး ပူဇော်ဖို့ အင်မတန်ကောင်းတဲ့ သရဏဂုံ တစ်မျိုးပါပဲ။ ဒီဂါထာနဲ့ပဲ ခရီးသွားခဲ့ပါတယ်။ တောင်ဝင်ရိုးစွန်း, မြောက်ဝင်ရိုးစွန်းနားအထိ ဒီဂါထာ ရွတ်ဖူးပါတယ်။

**တ။ သော အဟံ ဝိစရိဿာမိ၊**
**ဂါမာ ဂါမံ ပုရာပုရံ။**
**နမဿမာနော သမ္ဗုဒ္ဓံ၊**
**ဓမ္မဿစ သုဓမ္မတံ။**

သောအဟံ- ထိုတပည့်တော်သည်။ ဗုဒ္ဓဿ- မြတ်စွာဗုဒ္ဓ၏။ သုဗုဒ္ဓတဉ္စ- ဘုရားစစ် ဘုရားမှန်၏ အဖြစ်ကိုလည်းကောင်း။ ဓမ္မဿ- မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ်ဆယ်ဖော် တရားတော်၏။ သုဓမ္မတဉ္စ- ကောင်းသောတရား၏ အဖြစ်ကိုလည်းကောင်း။ သံဃဿ- ရှစ်ယောက်အရိယာ မြတ်သံဃာ၏။ သုသံဃတဉ္စ- ကောင်းသောသံဃာ၏ အဖြစ်ကိုလည်းကောင်း။ နမဿမာနော- ရှိခိုးဦးတင်လျှက်၊ ဝါ၊ သုံးလူ့ရှင်ပင် တို့ထိပ်တင်သည် သဗ္ဗညုတ ဉာဏဦးကိုင် ဘုန်းလှိုင်ဘုရား မှန်လှငြား၏ မြတ်ဖျားဇိနေ်ာ စိန္တေကျော်သည် စ-လယ်-အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ဟောညွှန်ကြားခဲ့ ရှစ်ပါးအရိယာ မြတ်သံဃာလည်း

http://www.dhammadownload.com



သိက္ခာသုံးရပ် ကျင့်အပ်ဖုံဖုံ အလုံးစုံကို အာရုံနှစ်လို့ အားသစ်မြို့၏။

ဤသို့စသည် ရတနာသုံးပါး၏ ဂုဏ်ရည်သီးသီး အံမပြီးကို တချီး မွမ်းမွမ်း မြွက်ဆိုညွှန်း၍ ဦးစွန်းထိပ်ပြင် ဆယ်လက်စုံတင်ပြီးလျှင် ကြည်ရွှင် မြတ်နိုး ရှိခိုးပူဇော် **"နိဗ္ဗာန်ဆော်"** ဖြစ်လျှက်။

ဂါမာ ဂါမံ- တစ်ရွာမှတစ်ရွာသို့လည်းကောင်း။ ပုရာပုရံ- တစ်မြို့မှ တစ်မြို့၊ တစ်တိုင်းပြည်မှ တစ်တိုင်းပြည်သို့လည်းကောင်း။ ဝိစရိဿာမိ- ကျင်လည်ကျက်စား သွားလာနေပါအံ့ ဘုရား။

သာဓု သာဓု သာဓု

**********

http://www.dhammadownload.com



## လယ်တီဝိပဿနာ အမွှန်းတင်ဘာဝနာ

ယနေ့ ၁၃၆၁-ခု၊ ၂၅၈၂-ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့ သုံးလောကထွဋ်ထား မြတ်ဘုရား လွန်ခဲ့တဲ့ နှစ်ထောင့်ငါးရာ ရှစ်ဆယ့် နှစ်နှစ်က အဘိဓမ္မာတရား ဟောကြားတော်မူပြီးတဲ့နေ့ပေါ့။

ပြီးတော့ အဘိဓမ္မာ အခါတော်နေ့နဲ့ တွဲပြီးတော့ ပဝါရဏာနေ့-

ပဝါရဏာနေ့ဆိုတာ ပန်ကြားတာ။ အချင်းချင်း တစ်ပါးနဲ့တစ်ပါး ပန်ကြားတာ။ အပြစ်အနာအဆာရှိက ပြောနိုင်ဆိုနိုင်ပါကြောင်း ပန်ကြား တာ။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာရှိတဲ့ သံဃာတော်တွေ ပန်ကြားတဲ့ နေ့(ပြောပါ ဆိုပါ ဆုံးမပါ)လို့ ပန်ကြားကြတာ။ အဲဒီနည်းကို ယူပြီးတော့ နတ်ဘုံ နတ်နန်း နတ်စခန်းမှာရှိကြတဲ့ နတ်တွေကလည်းပဲ အချင်းချင်း ပြောပါ ဆိုပါလို့ ပန်ကြားကြတယ်။ လူတွေကလည်းပဲ ဝါကျွတ်တဲ့အခါ ကန်တော့ကြ ပန်ကြားကြတယ်။ ပဝါရဏာရဲ့ အကျဉ်းချုပ် အဓိပ္ပါယ်ကတော့ ဒါပါဘဲ။ အဘိဓမ္မာဒေသနာတော်ဟာ အလွန်ကျယ်ဝန်းပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၈၂)နှစ်က အဘိဓမ္မာ ဒေသနာတော်ကို ဟောကြားတော်မူပုံကို အာရုံပြုပြီးတော့ ကန်တော့ကြရအောင်။

အရဟံ- တစ်ထောင့်ငါးရာ ကိလေသာမာန် သူပုန်ရန်ကို အရဟတ္တမဂ် ဓားသံလျက်ဖြင့် အစဉ်ဖြတ်တောက်တော်မူပြီးထသော။ သမ္မာသမ္ဗုဒ္ဓေါ- သစ္စာမြတ်လေးတန် နက်နဲသည့် သိစရာမှန်တို့ကို ဖောက် ပြန်ခြင်းကင်းငြား ကိုယ်ပိုင်ဉာဏ်စွမ်းပကားဖြင့် ပိုင်းခြားထင်ထင် သိမြင် တော်မူသော။ ယော ဘဂဝါ- အကြင်ဘုန်းတော်ရှင် မြတ်စွာဘုရားသည်။ ဒေဝါနံ- သန္တုသိတ်ခေါ် မည်ထင်ပေါ်သည့် မယ်တော်မိနတ် အမှူးတပ်လျက် တပ်လျက်ချဉ်းကပ် ရောက်လာနတ်ဗြဟ္မာတို့အား။ တိဒသပူရေ- သုံးကျိပ် သုံးပါး သိကြားတို့ ပျော်ပါးစံရာ ဝတီသာမည် နတ်တို့ပြည်၌။ ဓမ္မံ- သိမ်မွေ့ခက်ခဲ နက်နဲလှစွာ အဘိဓမ္မာဟု သညာထင်ပေါ် တရားတော် ကြီးကို။ အဒေသယိ- ကရုဏာလှုံ့ဆော် ရွှေဉာဏ်တော်ဖြင့် ထုတ်ဖော်ကျူးသီ ဟောကြားတော်မူခဲ့လေပြီ။

**မီခင်ဇော ဝတီ**

http://www.dhammadownload.com



အရဟတော- တစ်ထောင့်ငါးရာ ကိလေသာမာရ် သူပုန်ရန်ကို လေးတန်ဉာဏ်မဂ် ဓားသံလျက်ဖြင့် ငုတ်တတ်မကြွင်း အကုန်ရှင်းအောင် ခုတ်စင်းဖြတ်တောက်တော်မူပြီးသော။

သမ္မာသမ္ဗုဒ္ဓဿ- သစ္စာမြတ်လေးတန် နက်နဲသည့် တရားမှန်တို့ကို ဖောက်ပြန်ခြင်းကင်းငြား ကိုယ်ပိုင်ဉာဏ်စွမ်းပကားဖြင့် ပိုင်းခြားထိထိ ကိုယ်တိုင်ပင်သိတော်မူသော။

တိဒသပူရေ- သုံးကျိပ်သုံးပါး သိကြားစရာ ဝတီသာမည် နတ်တို့ပြည်၌။

ဒေဝါနံ- သန္တသိခေါ် မည်ထင်ပေါ်သည့် မယ်တော်မိနတ် အထူးတပ်လျှက် ချဉ်းကပ်ရောက်လာ နတ်ပြဟ္မာတို့အား။

ဓမ္မံ- သိမ်မွေ့နက်နဲ ခက်ခဲလှစွာ အဘိဓမ္မာဟု သညာထင်ပေါ် တရားတော်ကြီးကို။

ဒေသေန္တဿ- ဟောကြားတော်မူသော။

ဒေသေန္တဿ- ကရုဏာလှုံ့ဆော် ရွှေဉာဏ်တော်ဖြင့် ထုတ်ဖေါ်ကျူးသီ ဟောကြားတော်မူခဲ့ပါပေသော။

တဿ ဘဂဝတော- ရွှေဘုန်းတော်ရောင်ရှိန် တဝင်းဝင်း လွန်စွာထိန်သည့် ငါးမာရ်နှိမ်ထွင်ထား ထိုမြတ်စွာဘုရားအား။ မယံ- အကျွန်ုပ်တို့သည်။

နမော နမာမ- တုပ်ဝပ်ရိုကျိုး လက်စုံမိုးလျှက် ရှိခိုးဦးညွှတ်ကြပါကုန်၏ မြတ်စွာဘုရား။

သာဓု သာဓု သာဓု

လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၈၂)နှစ်က သုတ်ဝိနည်း အဘိဓမ္မာ (တစ်နည်းအားဖြင့်) သုတ္တန်ပိဋကတ်၊ ဝိနည်းပိဋကတ်၊ အဘိဓမ္မာပိဋကတ်၊ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်တွေကို ဓမ္မစေတီပေါင်း ရှစ်သောင်းလေးထောင်။ လူပြည်မှာ လေးသောင်းနှစ်ထောင်၊ နတ်ပြည်မှာ လေးသောင်းနှစ်ထောင်။

**မိခင်ဇေယျဝတီ**

http://www.dhammadownload.com



နတ်ပြည်မှာ ဓမ္မစေတီပေါင်း လေးသောင်းနှစ်ထောင် တည်၍ အပြီးမှာ မြတ်စွာဘုရား အဘိဓမ္မာ တရားတော်မြတ်ကို ဟောကြားလို့အပြီး မှာ ဓမ္မက္ခန္ဓာပေါင်း ဓမ္မစေတီပေါင်း လေးသောင်းနှစ်ထောင် တည်၍အပြီး မှာ-

ဘုရားရှင် ကိုယ်တော်တိုင် တည်ထားတဲ့ စေတီပေါင်း ရှစ်သောင်း လေးထောင်။ အဲဒီ စေတီပေါင်း (၈၄၀၀၀)ထဲက (၄၂၀၀၀)စေတီကို ကိုယ်တိုင်တည်ပြီးတော့ လူ့ပြည်သို့ဆင်းကြွလာခဲ့တဲ့ အခါသမယ အဘိဓမ္မာ အခါတော်နေ့-

- ဓမ္မသင်ဝိဘင် ဒွါဒသရက်စီ
  ပုဂ္ဂလာကျမ်းခြောက်ရက်နှင့်
  ကထာဝတ်ရှစ်ရက်ညီ
  ဓါတ်ကထာ တစ်ရက်ညီ ယမိုက်ကျမ်း
  ပဋ္ဌာန် ပဋ္ဌာနရယ်လို့
  လ,သုံးလီ မယ်တော်မိကို
  ဟောသည့် ရက်တန်း-လို့ ဆိုတယ်။

သုံးလ အဘိဓမ္မာ (၇)ကျမ်း ဟောကြားပြီးတဲ့နေ့ကို အဘိဓမ္မာ အခါတော်နေ့။ အဲဒီ အဘိဓမ္မာ အခါတော်နေ့ဆိုတော့ အဘိဓမ္မာနဲ့ ပတ် သက်ပြီးတော့-

သုတ္တန်တရားက နားလည်လွယ်တယ်။ အဘိဓမ္မာတရားကျတော့ အင်မတန် သဘောပေါက်ဖို့ ခက်ပါတယ်။ အဲဒီလို သဘောပေါက်ဖို့ ခက်ပေ မယ့် နောက်ဆုံးကျတော့ အဘိဓမ္မာတရားပဲ သဘောပေါက်ကြရတယ်။ ဒါကြောင့်-

= ပရမတ်မမြင်၊ တရားမမြင်၊
  ပရမတ်မြင်မှ၊ တရားမြင်သည်။

ပရမတ်ဆိုတာက အဘိဓမ္မာတရားတော်တွေ အဲဒီ ပရမတ် အဘိဓမ္မာကိုမြင်မှ တရားမြင်တယ်။

http://www.dhammadownload.com



= ပရမတ်မဝ၊ တရားမကျ၊
ပရမတ်ဝမှ၊ တရားကျသည်။

တရားကျတယ် ဆိုတာကလည်း ပရမတ်သဘော ဓာတ်သဘော တွေကို သိလိုက်မှ တကယ်တမ်း တရားကျတယ်။ တရားရတယ်လို့ ခေါ်ရတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ယနေ့ များမြောင်လှစွာ အဘိဓမ္မာဒေသနာတော်ထဲက နေပြီးတော့ ပင်လယ်သမုဒ္ဒရာရေများလိုပေါ့။

ပင်လယ်သမုဒ္ဒရာထဲက ရေတစ်စက်တစ်ပေါက် မိမိတို့လျှာပေါ် တင်ကြည့်လိုက်တာနဲ့ တစ်ပြိုင်နက် ပင်လယ်သမုဒ္ဒရာ တစ်ခုလုံးရဲ့ အရသာဟာ ဒီအတိုင်းပဲလို့ သဘောပေါက်လာမယ်။

တစ်စက်တစ်ပေါက် မြီးကြည့်ရအောင်။

ရေလေးတစ်ပေါက်လောက် ပင်လယ်ရေကို မြီးကြည့်ရအောင်။

အဲဒီလို မြီးကြည့်လိုက်တော့ ဒီလို မြီးကြည့်ဖို့ရာ ဆိုပြီးတော့ ဘုန်းကြီးတို့ (၇)ရက် တရားစခန်း၊ (၁၀)ရက် တရားစခန်း၊ (၁၁)ရက် တရားစခန်း၊ တစ်ချို့လည်း (၁၅)ရက်လို့ ဒီလိုရှိကြတယ်။

(၇)ရက်တရားစခန်းဆိုတာ ဘယ်တုံးကပေါ်လာသလဲဆိုတော့ ဘုရားရှင်ရဲ့ စကားတော် ရှိတယ်။

မဟာသတိပဋ္ဌာနသုတ္တန်ကြီးကို ဟောပြီးတဲ့အခါမှာ "ရဟန်းတို့ ငါဟောတဲ့ လမ်းကြောအတိုင်း (၇)နှစ် လိုက်လာခဲ့ အနာဂါမ် ရဟန္တာ ဖြစ်မယ်။ ကိလေသာ အကြွင်းအကျန်ရှိရင် အနာဂါမ်ဖြစ်မယ်။

| | |
|---|---|
| (၇)နှစ် မကြိုးစားနိုင်က | (၆)နှစ် |
| (၆)နှစ် မကြိုးစားနိုင်က | (၅)နှစ် |
| (၅)နှစ် မကြိုးစားနိုင်က | (၄)နှစ် |
| (၄)နှစ် မကြိုးစားနိုင်က | (၃)နှစ် |

(၃)နှစ်၊ (၂)နှစ်၊ (၁)နှစ်၊ (၁၁)လ၊ (၁၀)လ၊ (၉)လ၊ (၈)လ၊ (၇)လ၊ (၆)လ၊ (၅)လ၊ (၄)လ၊ (၂)လ၊ (၁)လ၊ (၁၅)ရက်၊ (၇)ရက် ကြိုးစားပါတဲ့။

အဲဒီမယ် (၇)ရက်စခန်းဆိုတာ ပေါ်တာဘဲ။ (၇)ရက် ကြိုးစားလိုက်

http://www.dhammadownload.com



လို့ရှိရင် ကိလေသာကုန်ခမ်းတဲ့ ရဟန္တာအဖြစ် ရောက်နိုင်တယ်။ ကိလေသာ ကြွင်းကျန်နေသေးရင်လည်းပဲ အနာဂါမ်တော့ ဖြစ်နိုင်တယ်-လို့ ဘုရားရှင် ကိုယ်တော်မြတ်က ဟောကြားတော်မူတယ်။

နောက် ဥဒုမ္ဗရ သုတ္တန်မှာလဲပဲ နိဂြောဓပရိဗိုဇ်ကြီးကို တရား ဟောတော့ မြတ်စွာဘုရားက ဟောရင်း ဟောရင်းနဲ့ ဘာပြောသလဲဆိုတော့ နိဂြောဓပရိဗိုဇ်ကြီးကလဲ အသက်ကြီးပြီ။

"နိဂြောဓ- သင့်ကို တရားဟောရတာ စုံစုံလင်လင်ဘဲ။ ဒါပေမယ့် သင့်စိတ်ထဲမှာ မြတ်စွာဘုရားဟာ ကိုယ်တိုင်သိပြီးတော့ တရားဟောတာ ငါလည်းသိအောင် ကြိုးစားအုံးမှပဲ၊ သံသရာရေယဉ်ကျောက ကိုယ်တိုင်လွတ် ပြီးတော့ တရားဟောတာ ငါလည်းလွတ်အောင် ကြိုးစားအုံးမှ၊ ယဉ်ကျေး သိမ်မွေ့တဲ့ မြတ်စွာဘုရားက ယဉ်ကျေးအောင် ဟောနေတာ ငါလည်း ယဉ်ကျေးအောင် ကြိုးစားအုံးမှ၊ ကိလေသာငြိမ်းတဲ့ ဘုရားရှင်က တရားဟော နေတာ ငါလည်း ကိလေသာငြိမ်းအောင် ကြိုးစားအုံးမှလို့ ဒီလို စိတ်ကလေး တောင် မဖြစ်ဘူးတဲ့။

အဲဒီမှာပဲ-

**တေုဝိညုပုရိသော အသဌော အမာယာဝီ**

ကောက်ကျစ်စဉ်းလဲမှု မရှိတဲ့၊ လှည့်ပတ်မှု မရှိတဲ့၊ ပညာရှိတဲ့ အမျိုး သားကောင်း အမျိုးသမီးတို့ လာခဲ့ကြစမ်းပါတဲ့။

**အဟမနုသာသာမိ၊ အဟံ ဓမ္မံ ဒေသေမိ**

ငါဘုရား တရားဟောပါ့မယ်တဲ့။ ဟော- ကျင့်နိုင်တဲ့ ပုဂ္ဂိုလ်များက (၇)နှစ်၊ (၇)နှစ်ကနေပြီး နောက်ဆုတ်နောက်ဆုတ် လာခဲ့တာ အနည်းဆုံး (၇)ရက်။

အဲဒီလို (၇)ရက်လောက် ကြိုးစားလိုက်ရင် မိမိရည်ရွယ်မှန်းထားတဲ့ အရဟတ္တဖိုလ်ကို ရောက်နိုင်တယ်တဲ့ မြတ်စွာဘုရားက မိန့်ကြားတဲ့စကားကို အခြေခံပြီးတော့ အခုချိန် ခါသမယမှာလည်းပဲ (၇)ရက်စခန်းတွေ ရှိကြတယ်။

အဲဒီ (၇)ရက်စခန်းတွေဟာ အဘိဓမ္မာဒေသနာတော်တွေထဲက များပြောင်လှတဲ့ ဒေသနာတော်တွေထဲက တစ်စက်တစ်ပေါက် မြီးစမ်းပြီး

http://www.dhammadownload.com



တော့ ကြည့်ကြတာတွေချည်းပါပဲ။

တစ်ခုလောက် သဘောပေါက်သွားရင် အားလုံးသဘောပေါက်သွားတဲ့သဘောကိုး။ ဒါကြောင့် မြတ်စွာဘုရားက အဲဒီ (၇)ရက်စခန်း အနည်းဆုံး (၇)ရက် ကြိုးစားပါလို့။

ဟော- မဟာသတိပဋ္ဌာန်သုတ်တော်ကြီး ဟောတဲ့အခါမှာ တာဝန်ယူတဲ့ ကြေငြာချက်ရှိတယ်။ သူဟောတဲ့အတိုင်းသာ ကျင့်ပါတဲ့ ကျင့်လို့ရှိရင်-

သတ္တာနံဝိသုဒ္ဓိယာ= သတ္တဝါတွေဟာ စိတ်တွေစင်ကြယ်သွားပါလိမ့်မယ်တဲ့။ စိတ်စင်ကြယ်ဖို့ရာ တာဝန်ယူပါတယ်။

သောကပရိဒေဝါနံသမတိက္ကမာယ= စိုးရိမ်ပူဆွေး၊ စိတ်မအေးမှုတွေ၊ ငိုကြွေးမှုတွေ လွတ်မြောက်နိုင်ပါတယ်။

ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ= ဆင်းရဲမှု နှလုံးမသာယာမှုတွေ ပျောက်နိုင်ပါတယ်။

ဉာယဿ အဓိဂမာယ= မဂ်ဉာဏ်ရနိုင်တယ်။

နိဗ္ဗာနဿသစ္ဆိကိရိယာယ= နိဗ္ဗာန်ရနိုင်တယ်။

ဟောဒီလို သတိပဋ္ဌာန် ကြေငြာချက်တွေနဲ့ မြတ်စွာဘုရား မိန့်တယ်။ အနည်းဆုံး (၇)ရက်တော့ ကျင့်ရမယ်။

အဲဒါက သတိပဋ္ဌာန်လေးပါးလုံးကို ကြေငြာတာ။

အဲဒီတော့ အဘိဓမ္မာတရားတော်တွေမှာ ရုပ်တရား နာမ်တရားတွေ အများကြီးရှိတာထဲက ရုပ်တရားတွေ အမျိုးမျိုးရှိတာထဲက တစ်မျိုးကို သိအောင် မြှီးကြည့်။ အဲဒီတစ်မျိုးက ဘာလဲ။ ဝါယော-တဲ့။ ဝါယောဓာတ်။

အဲဒီ ဝါယောဓာတ် (၁)လုံးကို ပိုင်လို့ရှိရင် မြတ်စွာဘုရားက တရားရနိုင်တာဘဲလို့ ဆိုပြီးတော့-

**အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ**
**စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။**

ဟော သတိပဋ္ဌာန်လေးပါးလုံးတောင် အားမထုတ်နိုင် ရှိပါစေတဲ့။

ထွက်လေ ဝင်လေဆိုတဲ့ "အာနာပါန" ရှုမှတ်တဲ့တရားကို အားထုတ်တဲ့။



25(B)

http://www.dhammadownload.com



**ထွက်လေ ဝင်လေ-**
ထွက်သက်ကို ထုတ်မယ် လွှတ်မယ်၊
ဝင်လေကို ရှူမယ်၊
ရှူတဲ့အချိန် နှာသီးဖျား သတိထားပြီးနေမယ်ဆိုရင်-တဲ့။

**အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ။**

ဘိက္ခဝေ- **ရဟန်းတို့** အာနာပါနဿတိ ထွက်လေ ဝင်လေကို ရှူမှတ်သော သတိကို။ ဘာဝိတာ- ပွားများအပ်သည်ရှိသော်။ ဗဟုလီကတာ- အကြိမ်များစွာ **အဖန်ဖန်** အထပ်ထပ် ရှုပွားထုံအပ်သည်ရှိသော်။ စတ္တာရော သတိပဋ္ဌာနေ- **သတိပဋ္ဌာန်လေးပါးတို့ကို**။ ပရိပူရေန္တိ- ပြီးပြည့်စုံစေနိုင်ကုန်၏။

ဟော- ထွက်လေ ဝင်လေ နှာသီးဖျားမှာ ထွက်ခိုက် ဝင်ခိုက် မှတ်ခိုက် ရှုခိုက် ရှိုက်ခိုက်လေးကို သတိထားပြီးတော့ နေမယ်ဆိုရင်။

ဟော- **သတိပဋ္ဌာန်**၊ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာ **နုပဿနာ** သတိပဋ္ဌာန်၊ **စိတ္တာ**နုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် လေးပါးလုံး ပြီးပြည့်စုံနိုင်တယ်။

**စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။**

စတ္တရော သတိပဋ္ဌာနာ- သတိပဋ္ဌာန်လေးပါးတို့ကို။ ဘာဝိတာ- ပွားများအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ- အကြိမ်များစွာ ပြုအပ်ကုန်သည်ရှိသော်။ သတ္တဗောဇ္ဈင်္ဂေ- ဗောဇ္ဈင် (၇)ပါးတို့ကို။ ပရိပူရေန္တိ- ပြီးပြည့်စုံစေနိုင်ကုန်၏။

သတိပဋ္ဌာန်လေးပါး အားထုတ်လိုက်တဲ့ အခါကျတော့ ဗောဇ္ဈင် (၇)ပါးလည်း ပြီးပြည့်စုံသွားရော။

**သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။**

သတ္တဗောဇ္ဈင်္ဂါ- ဗောဇ္ဈင် (၇)ပါးတို့ကို။ ဘာဝိတာ- ပွားများအပ်သည်ရှိသော်။ ဗဟုလီကတာ- ကြိမ်ဖန်များစွာ ပွားများအပ်သည်ရှိသော်။

http://www.dhammadownload.com



ဝိဇ္ဇာဝိမုတ္တိ- ဝိဇ္ဇာမဂ်ဉာဏ် လေးပါး၊ ဝိမုတ္တိဖိုလ်ဉာဏ်လေးပါးကို၊ ပရိပူရေန္တိ- ပြီးပြည့်စုံနိုင်ကုန်၏။

ဗောဇ္ဈင် (၇)ပါး ပွားများတဲ့အခါကျတော့ မဂ်ဉာဏ်လေးပါး ဝိဇ္ဇာဉာဏ်၊ ဖိုလ်ဉာဏ်လေးပါးဆိုတဲ့ ဝိမုတ္တိဉာဏ်ကြီးလေးပါး ပြည့်စုံနိုင်ပါတယ်။

အဲဒီလိုဆိုတော့ အာနာပါနဿတိ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ သတိသည် သတိကို ပွားများမယ်ဆိုရင် သတိပဋ္ဌာန်လေးပါးလုံး ပွားများရာရောက်တယ်။

သတိပဋ္ဌာန်လေးပါး ပွားများတဲ့ အခါကျတော့ ဗောဇ္ဈင် (၇)ပါး ပွားများရာရောက်တယ်။

ဗောဇ္ဈင် (၇)ပါး ပွားများတဲ့အခါကျတော့ ဝိဇ္ဇာဉာဏ် ဝိမုတ္တိဉာဏ် ခေါ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပြီးစီးနိုင်တယ်လို့ ဒီလို မြတ်စွာဘုရားက ကြေငြာတော်မူပါတယ်။ အာမခံတယ်။

နောက်တစ်နည်းကျတော့ ဘာဟောသလဲဆိုတော့-

**အာနာပါန သတိသမာဓိ ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော သန္တော စေဝပဏီတောစ အသေစနကော၊ သုခေါစ ဝိဟာရော၊ ဥပ္ပန္နုပ္ပန္နေစပါပကေ အကုသလေဓမ္မေ ဌာနသော အန္တရဓာပေတိ။**

ရဟန်းတို့ ထွက်လေ ဝင်လေကို အာရုံပြုနေတဲ့ သတိပြုနေတဲ့ သတိ ရှိတယ်။ အဲဒီ သတိကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်ရဲ့တည်ကြည်မှုဟာ သန္တောစေဝ- ငြိမ်လည်း ငြိမ်သက်ပါတယ်။ ပဏီတောစ- မြတ်လည်း မြတ်ပါတယ်။ အသေနစကော သုခေါစဝိဟာရော- နောက်ထပ် ဘာမှဖြည့်စွက်စရာ မလိုဘူး။ သူ့ချည်းသက်သက် ချမ်းသာပြီးတော့ နေပါတယ်။

ဥပ္ပန္နုပ္ပန္နေစပါပကေ အကုသလေဓမ္မေဌာနသော **အန္တရဓာပေတိ**- ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်းသော အကုသိုလ်တွေကိုလည်း တစ်ခဏချင်း ပပျောက်စေနိုင်တယ်-တဲ့။

ဥပမာအားဖြင့် နွေလေးလတို့ရဲ့ နောက်ဆုံးလ။ အဲဒီ နွေလေးလ တို့ရဲ့ နောက်ဆုံးလ နွေအခါ နေပူပြီးတော့ ဖုံတွေထူနေတဲ့ဒေသ မိုးရွာသွန်းချလိုက်တဲ့အခါမှာ မြူမှုန်တွေအကုန်လုံး ဖုံတွေသိပ်ပြီးတော့ မြူမှုန်တွေ

http://www.dhammadownload.com



ငြိမ်းပျောက်သွားသလို၊ ထွက်လေ ဝင်လေ ရှုမှတ်လို့ဖြစ်ပေါ်လာတဲ့ သတိကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်ရဲ့တည်ကြည်မှုဟာလည်း အဲဒီလိုဘဲတဲ့။

မိမိတို့သဏ္ဍာန်မှာ ဖြစ်နေတဲ့ လောဘ, ဒေါသ, မောဟ အစရှိတဲ့ အကုသိုလ်အညစ်အကြေးတွေကို ခဏချင်းပဲ ပျောက်ပျက်စေနိုင်ခဲ့တယ်လို့။

ဒါကြောင့် ထွက်လေ ဝင်လေကို ရှုမှတ်တဲ့နည်း တန်ဖိုးကြီးလွန်းလို့တဲ့ မြတ်စွာဘုရားက အဲဒီလို ထွက်လေ ဝင်လေ ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းကို ပေးကြရတယ်။ ဒီကမ္မဋ္ဌာန်းနဲ့ ပတ်သက်ပြီးတော့ ဘာကြောင့် ဒီကမ္မဋ္ဌာန်းကို ပေးကြရပါသလဲလို့ ဆိုတော့-

အဓိကအားဖြင့် ဘဝပဒေသာပင်ကြီးရတာ။ အဲဒီ ဘဝပဒေသာပင်ကြီးဟာ စိတ်ရဲ့ တည်ကြည်မှု၊ စိတ်ရဲ့ အစိုးရမှုကို အခြေခံပြီးတော့ ဝိဇ္ဇာဓာတ် အလင်းရောင်ကြီးတွေ ပေါ်ပေါက်မှု အရေးကြီးတယ်။ အကျိုးမရပဲနဲ့၊ ဒီဘဝ ပဒေသာပင်ကြီး အပိုင်းမခံရဖို့က အရေးကြီးတယ်။

ဒီလို အသိဉာဏ်တွေကို ရမသွားဘဲနဲ့ စိတ်ကိုအစိုးရမသွားဘဲနဲ့ကြား ကာလမှာ အိုမင်းကြီးက ပိုင်းသွားတာတို့၊ နာမင်းကြီးက ပိုင်းသွားတာတို့၊ သေမင်းကြီးက ပိုင်းသွားတာတို့ မဖြစ်ရအောင် သတိပြုကြရမယ်။

အရပ်စကားရှိတယ်။ ဒီလူ ငါ့ပိုင်းသွားတယ်တဲ့။ ပိုင်းသွားတယ်ဆိုတာက ကိုယ်က အရှုံးပေးလိုက်ရတာ။ အဲဒီတော့ ရထားတဲ့ ဘဝပဒေသာပင်ကြီးကို အပိုင်းမခံရအောင် ဘာလုပ်ကြမလဲ။

စိတ်ကို အစိုးရအောင် ပထမဆုံး လေ့ကျင့်ရမယ်။ **စိတ်ကို**အစိုးမရတဲ့လူကိုတော့ အရူးလို့ ဒီလိုခေါ်ကြတယ်။ ထမင်းလေး ကျွေး၊ ထမင်းလေးစား၊ တစ်လုပ် နှစ်လုပ်စားပြီးတော့ ထသွားလိုက်ပြန် ထမင်းတစ်ပန်းကန်ကို ဖြောင့်အောင်မစားနိုင်ဘူး။ နောက်ထမင်းစားဖို့ရာ အတော်ပြောယူမှ ထမင်းပြန်စား ထမင်းတစ်ပွဲကိုပဲ စိတ်အစိုးမရနိုင်ဘူး။ အဲဒါ အရူးတဲ့။

အဲဒီလို မဟုတ်ဘဲ လူကောင်းတွေလို့ ပြောရတဲ့ သူတွေလည်း ဒါလဲဘဲ ဘာဝနာမှုနဲ့ ပတ်သက်ပြီး စိတ်ကိုအစိုးမရတဲ့အတွက် ပုထုဇဉ်တော်တော်များများကိုလည်း အရူးစာရင်းထဲမှာ သွင်းရတယ်တဲ့။

အဲဒီတော့ လက်နဲ့ပြုရတဲ့အမှု လက်ကိုအစိုးမရရင် ခက်တယ်။

http://www.dhammadownload.com



ခြေနဲ့ပြုရတဲ့အမှု ခြေကိုအစိုးမရရင် ခက်တယ်။ စိတ်နဲ့ပြုရတဲ့အမှု စိတ်ကို အစိုးမရရင် အင်မတန် ခက်တယ်။

စိတ်ကို အစိုးရမှု-

စိတ်ကို အစိုးရတဲ့နည်းတွေဟာ အများကြီးရှိတယ်။ စိတ်ကို အစိုးရတယ်ဆိုတာ သမထ ဘာဝနာနဲ့ ဒီလို သတိပဋ္ဌာန်မျိုးနဲ့ စိတ်ကိုအစိုးရတာ မဟုတ်ပဲနဲ့ ပကတိအားဖြင့် နေကြ ထိုင်ကြတဲ့သူတွေကလည်း တို့ဟာ စိတ်ကို အစိုးရတယ်လို့ ပြောနေကြတယ်။ တကယ်အစိုးရတာ မဟုတ်ပါဘူး။

ဣန္ဒြိယသံဝရသီလနဲ့ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ကို ထိန်းနိုင်တဲ့သူတွေဟာ စိတ်အစိုးရမှု ထိုက်တန်သလောက် ရတယ်။ သို့သော် မခိုင်ခန့်သေးဘူး။

အာနာပါနဿတိ အစရှိသည်ဖြင့် တရားအာရုံနဲ့ အခြေခံပြီးတော့ ရရှိတဲ့သတိ၊ အဲဒီသတိနဲ့ ရရှိထားတဲ့ စိတ်ကို အစိုးရမှုကတော့ ထိုက်တန်သလောက် ခိုင်မြဲတယ်။

ဒါကြောင့် စိတ်ကို အစိုးရမှုဟာ ဘာဝနာမှုတို့ရဲ့ အခြေခံဖြစ်တယ်။ အဲဒီကနေပြီးတော့ ဟော- ဈာန်လေးပါး၊ သမာပတ် (၈)ပါး စိတ်အတော် ခိုင်ခန့်သွားပြီ။

သမာပတ်ကနေ အထက်တက်ပြီးတော့ အဘိညာဉ်၊ အဘိညာဉ်ကတော့ ဒါအခိုင်ခန့်ဆုံးပေါ့။ အဘိညာဉ်ရရင်တော့ စိတ်အစိုးရမှုဟာ အထွဋ်အထိပ်ရောက်ပြီပေါ့။

အဲဒီတော့ စိတ်ကိုအစိုးရမှ စိတ်ကိုအစိုးမရရင် ခက်တယ်။ စိတ်ကို အစိုးရအောင် ဘယ်လိုလုပ်ကြမလဲ။ ဘယ်လို ကျင့်ကြမလဲတဲ့။

ဟော- **ဝတ္ထုဝိဇ္ဇာစရိယောဝိယ ဘဂဝါ-**

ဘဂဝါ- မြတ်စွာဘုရားသည်။ **ဝတ္ထုဝိဇ္ဇာစရိယောဝိယ-** အိမ်ရာမြေကြံကျမ်းအတတ်ကို သိသောဆရာကြီးနှင့် တူလှပါပေ၏။

အိမ်ရာမြေကြံကျမ်းအတတ်ကို တတ်သိနားလည်တဲ့သူဟာ ဒီနေရာ အိမ်ဆောက်၊ ဘယ်လိုအကျိုးစီးပွားတွေ ဖြစ်မယ်လို့ ပြောတယ်။ပြောတဲ့ အတိုင်း အိမ်ဆောက်တဲ့ ပုဂ္ဂိုလ်တွေဟာ စီးပွားတက်တဲ့ အခါကျတော့-

http://www.dhammadownload.com



ဩဘ်- အိမ်ရာမြေကြံကျမ်းအတတ်ကို တတ်သိနားလည်တဲ့ "ဝတ္ထု ဝိဇ္ဇာစရိယ"ခေါ်တဲ့ ဆရာကြီး အင်မတန်တော်တာဘဲ။

အဲဒီတော့ နေရာမှန်ဖို့ လိုတယ်တဲ့။ ထွက်သက် ဝင်သက် ထွက်လေ ဝင်လေကို အာရုံပြုပြီးတော့ ရှုမှတ်တဲ့သတိ- "ကာယဂတာသတိကမ္မဋ္ဌာန်း" (၁၈)မျိုး ရှိတာထဲက တစ်မျိုး။

နေရာရွေးတဲ့ အခါကျတော့ နေရာ (၃)နေရာရှိတယ်။

၁။ အရညဂတောဝါ = တောတောင်စခန်းဝင်

၂။ ရုက္ခမူလဂတောဝါ = သစ်ပင်ရင်းကပ်

၃။ သုညာဂါရဂတောဝါ = ကျောင်းအိမ်ဘုံနန်းတိုက်ခန်း ကျောင်းဖြစ်စေ၊ အိမ်ဖြစ်စေ၊ ဘုံနန်းဖြစ်စေ၊ တိုက်ခန်းဖြစ်စေ နေပါ။

ဟော- မဟာသုဒဿနမင်းကြီးတို့ ဓမ္မပါသာဒဆိုတဲ့ တရားပြသာဒ် ကြီးမှာဘဲ အားထုတ်တာပဲ။

ရာဇဗြိုဟ်ဘုရင်က ရွှေပေလွှာပေါ်မှာ အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းပုံ အစီအစဉ်ရေးပြီးတော့ ပို့လိုက်တော့ နန်းအိမ်ဘုံနန်းပေါ်မှာပဲ ဒီအားထုတ်နည်းကို အားထုတ်နေလိုက်တာ။ စတုတ္ထစျာန်အထိ ရရှိတဲ့ ပက္ကုသာတိမင်းတို့လို-

တောတော့ မထွက်နိုင်ဘူးဆိုရင် ဆိတ်ငြိမ်တဲ့အရပ်မှာ အားထုတ် လို့ရတယ်။ အဲဒီတော့ နေရာလည်း မှန်ဖို့လိုတယ်တဲ့။ နေရာက (၃) နေရာပေါ့။

အရညဂတောဝါ, ရုက္ခမူလဂတောဝါ, သုညာဂါရဂတောဝါ- အဓိက,ကတော့ ဆိတ်ငြိမ်ရာအရပ်ရဖို့ လိုတာပဲ။

အဲဒီလို နေရာရွေးပြီးတဲ့ အခါကျတော့ သီလဆောက်တည်။ သီလမှာ- ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကတော့ လူပုဂ္ဂိုလ်များ ကျတော့ အာဇီဝဋ္ဌမကသီလ-

၁။ **ပါဏာတိပါတာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ၊**

၂။ **အဒိန္နာဒါနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ၊**

http://www.dhammadownload.com



၃။ ကာမေသုမိစ္ဆာစာရာ ဝေရာမဏိ သိက္ခာပဒံ သမာဒိယာမိ၊

၄။ မုသာဝါဒါ ဝေရာမဏိ သိက္ခာပဒံ သမာဒိယာမိ၊

၅။ ပိသုဏာယဝါစာယ ဝေရာမဏိ သိက္ခာပဒံ သမာဒိယာမိ၊

၆။ ဖရုသာယဝါစာယ ဝေရာမဏိ သိက္ခာပဒံ သမာဒိယာမိ၊

၇။ သမ္ဖပ္ပလာပါယဝါစာယ ဝေရာမဏိ သိက္ခာပဒံ သမာဒိယာမိ၊

၈။ မိစ္ဆာဇီဝါ ဝေရာမဏိ သိက္ခာပဒံ သမာဒိယာမိ၊

အဲဒီ အာဇီဝဋ္ဌမကသီလကို ဆောက်တည်ကြ၊ နောက် မေတ္တာပွား။

မေတ္တာပွားပြီးတဲ့ အခါကျတော့ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို နည်းအားဖြင့် ဘယ်နှစ်နည်း ရှိသလဲဆိုတော့ (၁၆)နည်း။

အားထုတ်နည်းက (၁၆)နည်း။ (၁၆)နည်းထဲက ဒီနေ့ (၄)နည်းကိုပဲ အဓိကထားပြီးတော့ ပြောပါ့မယ်။

(၄)နည်းပြောတဲ့အခါ-

**စိတ်မိုက်နွားဆိုး သတိကြိုးနှင့် မတိုးရုံးနိုင် အာရုံတိုင် ခိုင်ခိုင်ချည်ထားပါ။**

စိတ်ကလေးဟာ စိတ်ဆိုး, စိတ်သွမ်း, စိတ်သရမ်းကလေးတဲ့၊ စိတ်မိုက်, စိတ်တေလေ, စိတ်လေဗွေလေးတဲ့၊ ဒီစိတ်က စိတ်မိုက်, နွားဆိုး, မြင်းဆိုး, မြင်းကြမ်း, မြင်းသရမ်းလိုပဲတဲ့။ စိတ်ဆိုး, စိတ်သွမ်း, စိတ်သရမ်းလေး, စိတ်မိုက်, စိတ်တေလေ, စိတ်လေဗွေ လေးရှိတယ်တဲ့။ အင်မတန်ကြမ်းတဲ့ စိတ်မိုက် နွားဆိုးလေးကို သတိဆိုတဲ့ ကြိုးနဲ့ချည်ထားရမယ်။

ဘာကြိုးနဲ့လည်း ဆိုတော့ သတိဆိုတဲ့ ကြိုးနဲ့ချည်ထားပါ။ ဘယ်မှာချည်ထားရမှာလဲ ဒကာ ဒကာမတွေ မိမိရဲ့ သတိကြိုးနဲ့ အာရုံတိုင်မှာ ခိုင်ခိုင်ချည်ထားပါတဲ့။ ဘယ်မှာချည်ထားရမလဲဆိုတော့ ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာတဲ့။ စိတ်ကို သတိနဲ့ဖမ်းမလို့။

စိတ်ကို ဖမ်းတဲ့နည်း-

စိတ်မိုက်နွားဆိုး သတိကြိုးနှင့် မတိုးရုံးနိုင် အာရုံတိုင် ခိုင်ခိုင်ချည်ထားပါ။

http://www.dhammadownload.com



ကဲ- လိုက်ဆိုကြ။ အိပ်ချင်နေလိမ့်မယ်။

* **စိတ်မိုက်နွားဆိုး၊ သတိကြိုးနှင့်၊ မတိုးရုံးနိုင်၊ အာရုံတိုင် ခိုင်ခိုင်ချည်ထားပါ။**
* **ခိုင်ခိုင်ချည်ထား စိတ်မိုက်နွား ပြေးသွားရုံးကြည့်ပါ။**

စိတ်ကလေးကို သတိကြိုးနဲ့ ထွက်လေ ဝင်လေဆိုတဲ့ တိုင်အာရုံမှာ ချည်ထားပါ။

ချည်ထားတဲ့ အခါကျတော့ နွားဆိုးနဲ့တူတဲ့ စိတ်မိုက်ဟာ မိမိ ကျက်စားခဲ့ဘူးတဲ့ အာရုံတွေအပေါ်မှာ ပြေးသွားပြီ လူပ်ရှားရုန်းကန်နေပါလိမ့်မယ်။ ဘယ်လိုဘဲ ရုန်းရုန်း သတိဆိုတဲ့ ကြိုးကလေးနဲ့ ခိုင်ခိုင်ချည်ထားတော့-

စိတ်မိုက်နွားဆိုး သတိကြိုးနှင့် မတိုးရုန်းနိုင် အာရုံတိုင် ခိုင်ခိုင်ချည်ထားပါ။

**ခိုင်ခိုင်ချည်ထား စိတ်မိုက်နွား ပြေးသွားရုန်းကြည့်ပါ။**

**ရုန်းမရရှာ ချည်တိုင်မှာ မောကာငြိမ်သက်လာ။**

ရုန်းမရတဲ့ အခါကျတော့ ချည်တိုင်မှာဘဲ မောပြီးတော့ ငြိမ်သက်လို့ တော်တော်နဲ့တော့ မငြိမ်နိုင်ဘူး။

ဟော- ထွက်လေ ဝင်လေ ရှုမှတ်တော့ ငါးမိနစ်မှာ အကြိမ် (၁၀၀) လောက် တစ်ချို့လည်း (၁၃၀)ကျော်ပါတယ်။ တစ်နာရီဆိုရင် (၁၀၀၀) ပတ်ဝန်းကျင်လောက် ထွက်လေ ဝင်လေ ထုတ်ကြ မှတ်ကြတယ်။

တစ်နာရီ မှတ်မယ်။ နှာသီးဖျားက ထွက်လေ ဝင်လေ တိုးထွက်နေတဲ့အချိန်၊ ပြန်ပြီးတော့ ရှုလိုက်တဲ့အချိန်၊ ထုတ်လိုက်တဲ့အချိန်၊ မှုတ်လိုက်တဲ့အချိန်၊ ရှုလိုက်တဲ့အချိန်၊ ရှိုက်လိုက်တဲ့အချိန်၊ နှာသီးဖျား တံခါးဝကနေ စောင့်ပြီးတော့-

တစ်နာရီဆိုရင် (၁၀၀၀) ပတ်ဝန်းကျင်လောက် သိပ်ပြီးတော့ နှေးလေးတဲ့ ပုဂ္ဂိုလ်များကျတော့ ရှစ်ရာလောက်ပေါ့။

အဲဒီထဲမှာ တစ်ဝက် (၅၀၀)လောက် တောက်လျှောက် အဲဒီလိုနဲ့ ထိန်းလို့ရပြီဆိုရင်။

http://www.dhammadownload.com



**မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်သမာဓိ။**

**မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်တည်ကြည်လာ။**

နွားကလေးမောပြီးတော့ ချည်တိုင်မှာ ငြိမ်ပြီးတော့နေသလို စိတ်ကလေးဟာလည်း မောပြီးတော့ ထွက်လေ ဝင်လေဆိုတဲ့ ချည်တိုင်အာရုံမှာ ငြိမ်နေတော့တယ်။ ဒီလိုစိတ်ကလေး ငြိမ်နေတာကို သမာဓိလို့ ခေါ်တယ်။ လိုက်ဆိုကြ။

* **မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်တည်ကြည်လာ။**

ဟော- စိတ်ကလေးကို နိုင်စပြုလာပြီ။ ငြိမ်သက်လာပြီ။ အဲဒီလို စိတ်ကလေးတည်ကြည်လာပြီဆိုတဲ့ အခါကျတော့ အဲဒီတည်ကြည်တဲ့ စိတ်ကလေးဟာ အခါတိုင်း စိတ်နဲ့မတူဘူး။

အခါတိုင်း စိတ်ကလေးက မျောက်လွှဲကျော်များလို ဖြစ်နေတဲ့ စိတ်။ ထိန်းမရ သိမ်းမရ ဖြစ်နေတဲ့စိတ် သာမန်အားဖြင့် စိတ်ကောင်းပါတယ် ဆိုစေကာမူ စိတ်က ဟိုရောက်လိုက် ဒီရောက်လိုက် ဖြစ်နေတဲ့စိတ်။ အဲလို စိတ်ကလေးက ငြိမ်သက်လာတော့။

**မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်တည်ကြည်လာ။**

စိတ်တည်ကြည်ပြီးတော့ လာလို့ရှိရင် စိတ်ကလေးက စင်ကြယ်လာတယ်။ ရှုပ်ထွေးပွေလီပြီးတော့ မနေတော့ဘူး။ စိတ်ကလေးဟာ စင်ကြယ်ပြီးတော့လာတယ်။

**သမာဓိရ တည်ကြည်ရ စိတ္တဝိသုဒ္ဓိ**

စိတ်စင်ကြယ်လာတာကို **"စိတ္တဝိသုဒ္ဓိ"**

စိတ်စင်ကြယ်လာတော့-

**စိတ်စင်ကြယ်သွား ရုပ်နာမ်များ ပိုင်းခြားခွဲ၍သိ။**

စိတ်စင်ကြယ်လာလို့ရှိရင် ရုပ်တွေနာမ်တွေကို ပိုင်းခြားစိတ်ဖြာ သိနိုင်တယ်။

**သမာဟိတော ယထာဘူတံ ပဇာနာတိ-ပေ၊**

**သီလံရိဘာဝိတော သမာဓိ မဟာပ္ဖလောဟောတိ မဟာနိသံသော။**

သီလကနေ တွန်းပို့လိုက်တဲ့ သမာဓိ၊ ကျေးဇူးများတယ် အကျိုး

http://www.dhammadownload.com



အာနိသင် ကြီးမားတယ်။

**သမာဓိ ပရိဘာဝိတာ ပညာမဟပ္ဖလာ မဟာနိသံသာ။**

သမာဓိက တွန်းပို့လိုက်တဲ့ အသိအလိမ္မာ ဉာဏ်ပညာ ဝိပဿနာ ဉာဏ်ပညာကလည်း အင်မတန် အကျိုးကြီးမားပြီးတော့ အင်မတန် တန်ဖိုး များပါတယ်။ ဒါကြောင့်-

စိတ်စင်ကြယ်သွား ရုပ်နာမ်များ ပိုင်းခြားခွဲ၍သိ။ လိုက်ဆိုကြ။

*** စိတ်စင်ကြယ်သွား ရုပ်နာမ်များ ပိုင်းခြားခွဲ၍သိ။**

စိတ်စင်ကြယ်မှ ရုပ်နာမ်ပိုင်းခြား သိနိုင်တယ်။ စိတ်စင်ကြယ်တာ ဆိုတာလည်း စိတ်တည်ကြည်မှ အဲဒီတော့ ဘယ်နည်းနဲ့ ဘယ်လိုများ အားထုတ်ကြ မလဲလို့ဆိုတော့- လိုက်ဆိုကြ။

*** သတိမြဲရာ ပထမာ ဒုမှာရှည်တိုသိ၊**

*** လုံးစုံလင်းရာ တ၌သာ စမှာငြိမ်းစေဘိ။**

ပထမဆုံးကတော့ သတိလေးမြဲဖို့ပါဘဲ။ ပါဠိတော်က-

**ဣဓ ဘိက္ခဝေ ဘိက္ခု သတောဝ အဿသတိ၊ သတောဝ ပဿသတိ။**

လူတွေ လူတွေ တစ်နေ့ကို တစ်နာရီထိုင်၊ ငါးမိနစ် (၁၀၀) ပတ်ဝန်း ကျင်လောက် ရှူရှိုက်ကြတယ်ဆိုတော့ တစ်နာရီဆိုတော့ (၁၀၀၀) ပတ်ဝန်း ကျင်လောက် ရှိသွားတယ်။ တစ်နေ့ (၂၄)နာရီဆိုတော့ (၂၄၀၀၀) လောက် ရှူကြ ရှိုက်ကြ။

အဲဒီတော့ လူ့ဘဝမှာ ပြဿနာပေါင်း (၁၆၀၀၀)လို့ ပြောနေကြ တယ်။ သောင်းခြောက်ထောင်ကျော်ပါသေးတယ် ပြောပါတော့။

တစ်နေ့ တစ်နေ့ ထွက်လေ ထုတ်ကြ မှုတ်ကြ။ ဝင်လေ ရှူကြ ရှိုက်ကြနဲ့ အကြိမ်ပေါင်းကလည်း သောင်းချီပြီးတော့ ရှူကြ ရှိုက်ကြ။

အဲဒါကို မြတ်စွာဘုရားက တရားပေးတာ။ လွယ်အောင် ပေးခဲ့တာ။ မြတ်စွာဘုရား တရားပေးတာက လွယ်လွယ်ပဲ။ ငါဘုရား ဟောကြားတော် မူတဲ့ တရားတော်တွေ လွယ်လွယ်ကူကူနဲ့ ဘယ်လိုများ သိကြပါလိမ့်မလဲတဲ့။

မြတ်စွာဘုရားက ငါဘုရား ဟောတော်မူတဲ့ တရားတော်တွေကို သတ္တဝါအများ လွယ်လွယ်ကူကူနဲ့ ဘယ်နည်းနဲ့ သိကြမလဲ ဆိုပြီးတော့ လွယ်

http://www.dhammadownload.com



လွှယ်လေးပေးတာ ဘယ်လောက်လွယ်သလဲဆိုရင်-

လူတိုင်းလူတိုင်း မွေးဖွားလာတဲ့ အချိန်ကစပြီးတော့ အသုံးချနေတဲ့ ထွက်လေ ဝင်လေ။

တစ်နေ့မှာ သောင်းချီပြီးတော့ ရှူကြ ရှိုက်ကြတာ။ အိပ်တဲ့အခါ တောင်မှ မရပ်ဘူး၊ မနားဘူး။ ရှူလို့ ရှိုက်လို့ဘဲ။ အိပ်တဲ့အခါ ပိုတောင် မှန်သေးတယ်။ ဒါကို အနားယူတယ်လို့ ဒီလိုခေါ်ကြတာကိုး။

အဲဒီတော့ ဘယ်လိုအားထုတ်ကြမလဲ နေပုံ ထိုင်ပုံ။

**ဣဓဘိက္ခဝေ ဘိက္ခု အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ နိသီဒတိ၊ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံကာယံ ပဏိဓာယ၊ ပရိမုခံသတိံ ဥပဋ္ဌပေတွာ။**

ဘုရားရှင် ကိုယ်တော်မြတ်က ထိုင်ပါတဲ့၊ သင့်လျော်သလိုလေး။ အမျိုးသားများလည်း အမျိုးသားများအလျောက် (တင်ပလ္လင်ခွေ)၊ အမျိုး သမီးများလည်း အမျိုးသမီးများအလျောက် (ပဆစ်တုပ်ပြီး) သင့်တော်သလို ထိုင်ပါ။ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်စင်းစင်းလေး ထားပြီးတော့ ထွက်လေ ဝင်လေ ရှုမှတ်ပါ။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကတော့ အဲဒီ ထွက်လေ ဝင်လေဟာတဲ့၊ ထွက်လေ ဝင်လေ ရှုမှတ်ဖို့ အင်မတန်လျော်တဲ့ အတွက်ကြောင့်မို့ ဝင်လေ ထွက်လေကို ထိုင်ကမ္မဋ္ဌာန်းအဖြစ်ပေးတာ ပါပဲတဲ့။

တကယ်တမ်းကျတော့ ဣရိယာပုတ်လေးပါးလုံးမှာ ထွက်လေ ဝင်လေ သတိမလွတ်စေနဲ့တဲ့။ ကုလားထိုင်ပေါ် ထိုင်ရင်းလည်း ရှုမှတ်လို့ရ၊ တစောင်းလေး အိပ်ရင်းနဲ့လည်း ရှုမှတ်လို့ရ၊ တစ်ခါတရံ နေမကောင်း ထိုင်မကောင်းဖြစ်တဲ့ အခါမှာလဲပဲ အိပ်ယာထဲမှာ လျောင်းပြီးတော့ ထွက် လေ ဝင်လေ ရှုမှတ်လို့နေပါတဲ့။

ဟော- ဒါပြဿနာ ဖြေရှင်းတဲ့နည်းပဲ-တဲ့။ မြတ်စွာဘုရားက-

ပြဿနာဆိုတာ ဘာတွေလဲလို့ဆိုတော့ အိုမှု ပြဿနာ၊ နာမှု ပြဿနာ၊ သေမှု ပြဿနာ၊ အိုမှု နာမှု သေမှု ပြဿနာတွေ၊ လောကလူမှု ပြဿနာတွေ၊ ပြဿနာပေါင်း တစ်သောင်းခြောက်ထောင်တွေ အဲဒီ ဒုက္ခ

http://www.dhammadownload.com



တွေဟာ လူ့လောကမှာ ဘုံလောကမှာ တန်ချိန်ဖွဲ့လို့မှ မကုန်ဘဲကိုး။ ဒုက္ခတွေကို ပြဿနာတွေလို့ ပြောရမှာပေ့ါ။

ဒါကြောင့် လူတွေပြောကြတယ်။ "ပြဿနာပေါင်း သောင်းခြောက်ထောင်၊ ပြဿနာပေါင်း သောင်းခြောက်ထောင်" လူတွေပြောကြတယ်။

တစ်ခါက တောရွာတစ်ရွာမှာ လူသုံးယောက်၊ ပထမတစ်ယောက်က သူ့စိတ်ထဲ **ရှုပ်ထွေးလွန်းလို့** ရွာထဲနေရတာ ရွာပြင်ဇရပ်လေးပေါ် လာပြီးတော့ **သူကခေါင်းတွေ** ရှုပ်လွန်းလို့ ဇရပ်လာပြီးတော့ ပြဿနာရှင်းတာ။ ရှင်းတော့ **သူ့မှာပါလာတဲ့** မြေဖြူတန်လေးနဲ့ ကောက်ရေးထားတာ။ **"လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ"** တဲ့။ ပူလွန်းလို့တဲ့။ အရှုပ်အထွေး ပြဿနာတွေများလွန်းလို့ လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ။ အဲဒီလို ရေးပြီး ပြန်သွားတာ။

**နောက်တစ်ယောက်က** ထွက်လာပြန်ရော သူ့မှာလဲ အပူတွေ အရှုပ်အထွေး ပြဿနာတွေနဲ့ ရှုပ်ထွေးလို့ ပူလွန်းလို့ သူက အဲဒီစာလေး ကြည့်ပြီးတော့ သဘောကျတယ်။ သဘောတော့ကျတယ်။ ကျပေမယ့် "ဆယ်ကုဋေမကဘူး"တဲ့။ ငါ့အပူက ရှုပ်ထွေးနေတာတွေ သူ့ထက်များတယ်။ ဒီလူပူတာ ဆယ်ကုဋေဆိုတယ်၊ ငါ့မှာ ဆယ်ကုဋေမကဘူးတဲ့။ ပြင်ရေးဦးမှပဲ ဆိုပြီးတော့ **"လူတစ်ခု ပူမှုရယ်တဲ့ ကုဋေကုဋာ"**လို့ ပြင်ပြီးတော့ ရေးတယ်။

အဲဒီလို ရေးပြန်သွားတော့ တတိယလူက လာပြန်တယ်။ လူတစ်ခု ပူမှုရယ်တဲ့ ကုဋေကုဋာကိုတွေ့တော့ သူပူတာ ကုဋေ ကုဋာ ဆိုပဲ။ သူ့မှာလဲ ဘာတွေရှုပ်ထွေးနေလဲ မသိ။ ငါ့အရှုပ်အထွေးတွေ ရေတွက်လို့လဲ မပြောချင်တော့ပါဘူး ဆိုပြီးတော့ **"ပူသရွေ့ လူတွေ့ကို မခံချင်တော့ပါဘူး"** ဆိုပြီးတော့ နောက်ထပ်စာတစ်ကြောင်း ပြင်ရေးတယ်။

အဲဒီလို လူ့ဘဝမှာ ပြဿနာပေါင်းများစွာတွေ့၊ ပြဿနာပေါင်း သောင်းခြောက်ထောင်လို့ ဆိုကြပါစို့။

အဲဒီ ပြဿနာပေါင်း သောင်းခြောက်ထောင် ဖြေရှင်းတော့ တစ်နေ့ကို အကြိမ်ပေါင်း သောင်းခြောက်ထောင်မက အသုံးချနေတဲ့ ထွက်လေဝင်လေ။ ဟော- အကြိမ်ပေါင်း သောင်းခြောက်ထောင်ကျော်မက အသုံးချနေတဲ့ ထွက်လေ ဝင်လေကို တစ်နေ့ကို သောင်းဂဏန်းလောက်၊ ထောင်

http://www.dhammadownload.com



ဂဏန်းလောက် ရှုမှတ်သွား မယ်ဆိုလို့ရှိရင် စောစောကပြောတဲ့ ပြဿနာ ပေါင်း သောင်းခြောက်ထောင် ဖြေရှင်းနိုင်ပါတယ်။ ဒါကြောင့်-

*** သတိမြဲရာ ပထမာ ဒုမှာရှည်တိုသိ**

ပထမဆုံး ထွက်လေ ဝင်လေ နှာသီးဖျားမှာ ထွက်လေ ဝင်လေ မှတ်တဲ့ ဒီနည်းကိုဘဲ များများကြိုးစားတာ ပိုပြီးတော့ ကောင်းပါတယ်။

ဒေသနာတော်မှ ပြောကြရတာကိုး။ ရှေ့ဆက်ပြီးပြောတော့ အဲဒီ ထွက်လေ ဝင်လေလေးရဲ့ နှေးတာ မြန်တာကို ရှည်တယ် တိုတယ်လို့ ဒီလို ခေါ်တယ်။

ထွက်လေ ဝင်လေလေး ထုတ်တာ မှုတ်တာ ရှူတာ ရှိုက်တာလေးက ရှည်တယ်၊ တိုတယ်၊ နှေးတယ်၊ မြန်တယ်။

**လုံးစုံလင်းရာ**-တဲ့ ထွက်လေရဲ့ အစ၊ ထွက်လေရဲ့ အလယ်၊ ထွက် လေရဲ့ အဆုံး၊ ဝင်လေရဲ့ အစ အလယ် အဆုံး အဲဒါတွေကိုသိအောင် လုပ်ဖို့ပါပဲ နှာသီးဖျားမှတ်ရင်းပဲ သိနိုင်ပါတယ်။ (သူဆွံ့ပခက်လွှဲ ဥပမာ၊ ဂေါပါလဂကာန ဥပမာ၊ ဒေါဝါရိကောပမာတို့နဲ့ သိရမှာပါပဲ။)

**စမှာငြိမ်လေဘိ**- ဆိုတာက စတုတ္ထအဆင့်ရောက်တဲ့ အခါကျတော့ ထွက်လေ ဝင်လေကို တဖြည်းဖြည်း နူးညံ့သွားအောင် ရှုမှတ်လိုက်တဲ့ အခါ ကျတော့ တဖြည်းဖြည်း အသက်ရှူရပ်သွားတယ်လို့ ထင်ရလောက်အောင် ငြိမ်သက်သွားတာ ရှိတယ်။

အဲဒီတော့ အဓိကကတော့ ပထမဆုံး သတိမြဲရာကို အဓိကထား ပြီးတော့ သတိမြဲလာတဲ့အခါ စိတ်တည်ကြည်လာမယ်။ တည်ကြည်လာတဲ့ အခါ စိတ်ကလေးဟာ စင်ကြယ်လာပါလိမ့်မယ်။ စိတ်ကလေး စင်ကြယ်လာ တဲ့ အခါကျတော့ အဲဒီလှုပ်ရှားနေတဲ့ ထွက်လေ ဝင်လေလေးက ဝါယောရုပ်-

လှုပ်ရှားနေတဲ့ ထွက်လေ ဝင်လေလေးက ဝါယောရုပ်-

ဝါယောဆိုတာ ရုပ်တရားလား၊ နာမ်တရားလားဆိုတော့ ဝါယော ဆိုတာ ရုပ်ပါဘဲ။ ဝါယောက ဘယ်လိုလက္ခဏာ ရှိသလဲ၊ တွန်းကန်လှုပ်ရှား၊ တွန်းကန်တတ်တယ်၊ လှုပ်ရှားတတ်တယ်။

ထွက်လေ ဝင်လေလေးက မတွန်းကန်တတ်ဘူးလား၊ မလှုပ်ရှား

http://www.dhammadownload.com



ဘူးလား၊ တွန်းကန်လှုပ်ရှားတယ်။

နောက်တော့ ထွက်လေ ဝင်လေလို့ မမှတ်တော့ဘဲနဲ့ လှုပ်ရှားတဲ့ သဘော တွန်းကန်တဲ့သဘောလေးကို မြင်ပြီးတော့-

ဟော- **ဓာတ်ပေါ်မှု နာမ်ကရှု**

ဓာတ်ပေါ်မှုကို ဘာကရှုရမှာတုံး။ နာမ်က ရှုရမှာ။

ဘာဓာတ်ပေါ်သလဲ ဆိုတော့ ရုပ်ဓာတ်ပေါ်တယ်၊ ရုပ်ဓာတ်တွေ အများကြီးထဲက ဘာဓာတ်ပေါ်သလဲဆိုရင် ဝါယောဆိုတဲ့ ရုပ်ဓာတ်ပေါ်တယ်။

အဲဒီ ဝါယောရုပ်ဓာတ်ကို စိတ်ဆိုတဲ့ နာမ်က ရှုရမယ်။ ရှုတော့-

တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် လေးကြိမ် ထွက်လေ ဝင်လေအပေါ်မှာ ရှုရှုပြီးသွားတော့ ဒါကရုပ်၊ ထွက်လေ ဝင်လေလေးက ဝါယောရုပ်၊ ရှုမှတ်တဲ့စိတ်က နာမ်လို့။

အဲဒီလိုလေး ပိုင်းခြားပြီးတော့ သိလာတယ်။ အဲဒီလို ပိုင်းခြားသိရုံတင် မကဘူးတဲ့။ တစ်ခါထဲ မြင်မြင်လာတာက အဲဒီ ထွက်လေ ဝင်လေ တစ်စုံ တစ်စုံ အခိုက်မှာတောင် မဟုတ်ပါဘူး။ ခပ်ကြဲကြဲလေး ရှုမှတ်မယ်ဆိုရင်တော့ ထွက်လေ ဝင်လေ တစ်စုံ တစ်စုံရဲ့ အခိုက်မှာ ပျက်ပျက်ပြီးတော့ သွားတာ။ မမြဲတဲ့ သဘောလေး ပါပါပြီးတော့ သွားတာ။

နောက်ဆုံးကျတော့ ဓာတ်စု ဓာတ်ပုံကြီးထိအောင် ရှုရမှာကိုး။

ဓာတ်စု ဓာတ်ပုံဆိုတာ ဘယ်လိုလဲဆိုတော့ ဝါယောဓာတ်ရဲ့ သဘောက လှုပ်ရှားတတ်တယ်၊ တွန်းကန်တတ်တယ်။

ပထဝီဓာတ်ရဲ့သဘောက ခက်မာနူးညံ့တဲ့သဘော ရှိတယ်။

အာပေါဓာတ်ရဲ့သဘောက ဖွဲ့စည်းယိုစီးတဲ့သဘော ရှိတယ်။

တေဇောဓာတ်ရဲ့သဘောက ပူနွေးအေးတဲ့သဘော ရှိတယ်။

အဲဒီတော့ ထွက်လေ ဝင်လေကို ဝါယောကာယ၊ ဝါယောရုပ်အပေါင်း၊ ဝါယောရုပ်အပေါင်းလို့ ဆိုရလောက်အောင် ဖွဲ့စည်းထားတာက အဲဒါ အာပေါပဲတဲ့။ အာပေါရုပ် အာပေါရဲ့ဓာတ်သဘောဘဲ။

ထွက်လေ ဝင်လေလေးဟာ တစ်ခါတရံ ပူတာ နွေးတာရှိတယ်။ အဲဒီ ပူနွေးတာဟာ တေဇောပဲ။

http://www.dhammadownload.com



ထွက်လေ ဝင်လေလေးဟာ နှာသီးဖျားကို ထိခိုက်မှုရှိတယ်။ ထိခိုက်မှုရှိတော့ ဒါဟာ ခက်မာတဲ့သဘောလေး ရှိတယ်။ အဲဒါ ပထဝီဓာတ်တဲ့။

အဲဒီတော့ ဓာတ်လေးပါးကြီးထဲပါလား။

ဓာတ်ဆိုတာ ဘာလဲ။ ဓာတ်ကို ဘာသာပြန်တော့ သဘောလို့ ပြန်တယ်။

သဘောကို အသက်လို့ ခေါ်နိုင်ပါ့မလား။ မခေါ်နိုင်ဘူး။

သဘောကို သတ္တဝါလို့ ခေါ်နိုင်ပါ့မလား။ မခေါ်နိုင်ဘူး။

လှုပ်ရှားနေတာ တွန်းကန်နေတာလေးကို သတ္တဝါလို့ ခေါ်နိုင်ပါ့မလား။ မခေါ်နိုင်ဘူး။

အသက်ရှိတယ်လို့ ပြောနိုင်ပါ့မလား။

ဘုန်းကြီးတို့တတွေက ပြောနေကြတာ။ အသက်ရှူတယ်လို့ ပြောတာ။ ပညတ်နယ်ပယ်ကတော့ ပြောရပါတယ်။ တကယ်တမ်း ပရမတ်ခန်းရောက်တော့ တွန်းကန်တယ်၊ လှုပ်ရှားတယ်။ ဒီသဘောလေးဘဲ အဲဒီ သဘောလေးဟာ (သုည)။

အဘယ်ကြောင့် သုညခေါ်သလဲ။ သုညဆိုတာ ကင်းဆိတ်တယ်။ ကင်းဆိတ်တယ်ဆိုတာ သတ္တမှ ကင်းတယ်တယ်။

ဇီဝ- အသက်မှ ကင်းတယ်။

သတ္တဝါလည်း မဟုတ်ဘူး။ အသက်ရှိတယ်လို့လဲ မပြောနိုင်ဘူးဆိုတော့ အမျိုးသားလို့ ပြောလို့ရပါမလား။ (မရပါဘုရား)။ အမျိုးသမီးလို့ ပြောလို့ ရပါမလား။ (မရပါဘုရား)။

ဟော- အဲဒီမှာ သူ့ရဲ့သဘာဝအတိုင်း ဓာတ်သဘော အမျိုးမျိုး ရှိတာထဲက-

ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းသည် ရုပ်ကမ္မဋ္ဌာန်း၊

ရုပ်ကမ္မဋ္ဌာန်းတွေ အများကြီးရှိတာထဲက- ဝါယောရုပ်ကမ္မဋ္ဌာန်း။

ယနေ့ ဓာတ်တစ်လုံးဘဲ ပေါ်အောင် ပြောတာပါဘဲ။

အဲဒီတော့ ဓာတ်တစ်လုံးပိုင်လို့ရှိရင် သတိပဋ္ဌာန်လေးပါးလုံး ပွားပြီးသား ဖြစ်တယ်။

http://www.dhammadownload.com



ထွက်လေ ဝင်လေ ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းကိုတော့ ဟောဒီဝါယောရုပ်သည် ကာယာနုပဿနာ သတိပဋ္ဌာန်။

အဲဒီ ထွက်လေ ဝင်လေ ကမ္မဋ္ဌာန်းအလုပ်နဲ့နေတဲ့ အခါကျတော့ ဝေဒနာတွေ အမျိုးမျိုးပေါ်ပြီးတော့ လာတယ်။

အဲဒီ ပေါ်လာတဲ့ ဝေဒနာတွေကို ရှုမှတ်တဲ့အခါကျတော့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်။

အဲဒီ ဝါယောရုပ် ထွက်လေ ဝင်လေကို ရှုမှတ်နေတဲ့စိတ်၊ စိတ်ကလေးတွေ ပေါ်ပြီးတော့ လာတယ်။ ဉာဏ်ကလေးတွေ ပေါ်ပြီးတော့ လာတယ်။

အဲဒီလို ပေါ်လာတဲ့တရားတွေက စိတ္တာနုပဿနာ သတိပဋ္ဌာန်။

အဲဒီလို ရှုမှတ်ရင်း ရှုမှတ်ရင်းနဲ့ အဘိဇ္ဈာ လိုချင်မှုတွေ ဒေါမနဿနှလုံးနာမှုတွေ ပယ်နိုင်တယ်။

အဲဒီလို ပျက်ပြီးတော့ သွားတာ။ အသိအလိမ္မာဉာဏ်နဲ့ ပထုတ်ပေးလိုက်တဲ့ အခါကျတော့ လျစ်လျူရှုပြီးတော့ နေတဲ့အခါကျတော့ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဖြစ်တယ်။ ဝါယောရုပ်က ဒုက္ခသစ္စာ၊ ရူပက္ခန္ဓာ၊ ရှုမှတ်စိတ်က ဒုက္ခသစ္စာ၊ ဝိညာဏက္ခန္ဓာလို့ မြင်ရှုတော့ ဓမ္မာနုပဿနာ။

ဟော- အဲဒီ ထွက်လေ ဝင်လေဆိုတဲ့ အာရုံကို တစ်ခါထဲ သတိလေးက မပျောက်အောင် မပျက်အောင် တစ်ခါထဲ သတိလေးထားပြီးတော့ နေတာ။ ဒီတော့ သတိသမ္ဗောဇ္ဈင်ပေါ့။

အဲဒီ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းနဲ့ ပတ်သက်ပြီးတော့ ကြုံတွေ့လာတဲ့ တရားတွေ၊ ပေါ်ပေါက်လာတဲ့ တရားတွေကို ခွဲခြားဝေဖန်ပြီးတော့ ကြည့်နေတဲ့ အခါကျတော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်။

ထွက်လေ ဝင်လေကို ကြိုးစားပြီးတော့ ထုတ်လိုက်တဲ့အခါ၊ မှတ်လိုက်တဲ့အခါ၊ ရှုလိုက်တဲ့အခါ၊ ရှိုက်လိုက်တဲ့အခါ မပြတ်အောင် ကြိုးစားပြီး မှတ်ပြီးနေရင် ဟော- ဝီရိယသမ္ဗောဇ္ဈင်။

ထွက်လေ ဝင်လေကို ရှုမှတ်လို့ စိတ်ကလေး တစ်ခါထဲ ရှုမှတ်လို့ ကောင်းပြီးတော့ နှစ်သက်ပြီးတော့ သဘောကျပြီးတော့ နေတော့ ပီတိ

http://www.dhammadownload.com



သမ္ဗောဇ္ဈင်။

ပီတိသမ္ဗောဇ္ဈင်ဖြစ်တော့ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကလဲ အလိုလို ငြိမ်းပြီးတော့ သွားတယ်။

အဲဒီလို အလိုလိုငြိမ်းပြီးသွားတဲ့ အခါကျတော့ ဟော- သမာဓိ စိတ်ကတည်ကြည်မှု ရလာတယ်။ အဲဒါ သမာဓိသမ္ဗောဇ္ဈင်။

အဲဒီလို သမာဓိရလာတဲ့ အခါကျတော့ ဒီတရားတော်တွေကို လျစ်လျူရှုပြီးတော့ နေနိုင်ခြင်းက ဥပေက္ခာသမ္ဗောဇ္ဈင်။

ဗောဇ္ဈင် (၇)ပါး ဖြစ်ပေါ်လာပြီဆိုတော့ ဝိဇ္ဇာဉာဏ်လေးပါး (မဂ်ဉာဏ်လေးပါး)၊ ဝိမုတ္တိဉာဏ်လေးပါး (ဖိုလ်ဉာဏ်လေးပါး) ရရှိတဲ့ အခါကျတော့ နိဗ္ဗာန်ရရှိနိုင်တယ်။ ဒါကြောင့်-

အားလုံးတောင့်တနေတဲ့ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း ဇာတ်သိမ်း ပြည်နိဗ္ဗာန်။

ဒုက္ခအားလုံးငြိမ်းတဲ့ နိဗ္ဗာန်- လိုက်ဆိုကြ။

* **ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်းပြည်နိဗ္ဗာန်။**
* **တောင့်တပူပန် ကင်းဆိတ်ညံ နိဗ္ဗာန်မြတ်ချမ်းသာ။**
* **ဘေးပေါင်းတရံ မဆက်ဆံ နိဗ္ဗာန်မြတ်ချမ်းသာ။**

အဲဒီ နိဗ္ဗာန်ရဖို့အတွက် မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါး၊ ဝိဇ္ဇာလေးပါး၊ ဝိမုတ္တိဉာဏ်လေးပါး ရဖို့က ဗောဇ္ဈင် (၇)ပါးရှိမှ။

ဗောဇ္ဈင် (၇)ပါးရဖို့က သတိပဋ္ဌာန်လေးပါး ရှိမှ။

သတိပဋ္ဌာန်လေးပါး ရဖို့ရာ ဟော အာနာပါနဿတိ သမာဓိ- ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်း။

ပြီးတော့ မြတ်စွာဘုရား အကြိမ်ပေါင်း (၁၆၀၀၀)ကျော် မိန့်ကြားတဲ့ ဩဝါဒစကားတစ်ခု ရှိတယ်။ အဲဒီ ဩဝါဒလိုက်နာပြီးတော့-

အဲဒီ ဩဝါဒက ဘာလဲဆိုတော့။

အမှတ်တမဲ့ မနေကြနဲ့၊ အမှတ်တမဲ့ မနေကြနဲ့၊ မမေ့ကြနဲ့၊ မမေ့ကြနဲ့ လို့ မိန့်ကြားတော်မူတဲ့ ဩဝါဒ။

အဲဒီ ဩဝါဒကို လိုက်နာပြီးတော့ အကြိမ်ပေါင်း (၁၆၀၀၀)ကျော်

http://www.dhammadownload.com



မိန့်ကြားတဲ့ သြဝါဒကို လိုက်နာပြီးတော့-

အကြိမ်ပေါင်း (၁၆၀၀၀)ကျော် အသုံးချနေကြတဲ့ ထွက်လေဝင်လေကို ရှုမှတ်ပွားများပြီးတော့ ပြဿနာပေါင်း (၁၆၀၀၀)ကို ဖြေရှင်းနိုင်ကြပါစေကုန်သော်။

သာဓု သာဓု သာဓု

အားလုံး ဒကာ ဒကာမတွေ မေးရဦးမယ်။ ပြဿနာပေါင်း သောင်းခြောက်ထောင် တွေ့ချင်ကြရဲ့လား။ (မတွေ့ချင်ပါဘုရား)။ မတွေ့ချင်တာက အမှန်ဘဲ။ ဘယ်သူမှ မတွေ့ချင်ဘူး။

ဒါပေမယ့် တွေ့မနေကြဘူးလား။ တစ်ယောက်နဲ့ တစ်ယောက် ပြောကြ ဆိုကြတဲ့အခါ မင်းပြဿနာက သာမန်လေးရယ်၊ ငါ့ပြဿနာက ဒီထက်ကြီးတယ်။

ဘုန်းကြီးနဲ့ လူနဲ့ပြောသလိုပေါ့။ သူ့အပူပြောရင် အဲဒီအပူက သာမန်လေးရယ်၊ ငါ့အပူက ဒီထက်ဆိုးတယ်လို့ ဒီလိုဘဲ ပြောကြတယ် မဟုတ်လား။

သြော်- မင်းတို့သာ ပူနေတာ၊ ငါတို့ဖြင့် အေးလို့ပြောတဲ့လူ ရှိရဲ့လား။ မရှိဘူး။

အဲဒီတော့ ဒီဘဝပြဿနာ ရှင်းနိုင်မှနော်။ နောင်သာသနာတွေ့ဖို့ မလွယ်ဘူး။ အဲဒီတော့ အပူငြိမ်းနိုင်ဖို့ အရေးကြီးတယ်-နော်။ ပြဿနာငြိမ်းနိုင်ဖို့။

ပြဿနာငြိမ်းနိုင်ဖို မြတ်စွာဘုရား အကြိမ်ပေါင်း (၁၆၀၀၀) မိန့်ကြားထားတဲ့ သြဝါဒ ရှိတယ်။

**ပမာဒံ ဘယတောဒိသွာ၊ အပ္ပမာဒဉ္စ ခေမတော၊**

**အပ္ပမတ္တာ သဒါဟောထ၊ ဧသာဗုဒ္ဓါနုသာသနီ။**

ပမာဒံ- ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ပေါ့ဆခြင်း၊ အာရုံငါးပါး လိုက်စားခြင်းကို။ ဘယတော- ကြောက်ဖွယ်လန့်ရေး ဘေးအနေအားဖြင့်။ ဒိသွာ- ပဿန္တု- မြင်နိုင်ကြပါစေကုန်သတည်း။ (ကုသိုလ်မေ့နေတာကို

http://www.dhammadownload.com



ကြောက်စရာ လန့်စရာလို့ မြင်ကြ) အပ္ပမာဒဥ္စ- ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့နေခြင်းကိုကား။ ခေမတော- ဘေးဘယာကင်းကွာ အေးချမ်းသာသော အနေအားဖြင့်။ ဒိသွာ ပဿန္တု- မြင်နိုင်ကြပါစေကုန်သတည်း။ သဒါ- အခါခပ်သိမ်း။ အပ္ပမတ္တာ- မမေ့ မလျော့ မပေါ့ဆကြကုန်သည်။ ဟောထ- ဖြစ်ကြပါစေကုန်သတည်း။ ဧသော- ဤပမာဒတရားကို ဖယ်ရှား၍ အပ္ပမာဒတရားကို လက်ကိုင်ထားရန် တိုက်တွန်းတော်မူခြင်းသည်။ ဗုဒ္ဓါနံ- ဘုရားရှင်တို့၏။ အနုသာသနီ- သွန်သင်ဆုံးမ နည်းလမ်းပြချက်ကြီး ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓု

http://www.dhammadownload.com



## နာဂလိုဏ်ဂူ (၁၁)ရက် အဓိဋ္ဌာန်ကျင့်စဉ်

နာဂလိုဏ်ဂူ (၁၁)ရက် အဓိဋ္ဌာန်ကျင့်စဉ် ပြီးပါပြီ။

ဘုရားဂုဏ်တော် (၉)ပါး စိန်တံတိုင်း (၉)ထပ် (၉)ရက်၊

တရားဂုဏ်တော် ရွှေတံတိုင်း (၆)ထပ်၊

သံဃာ့ဂုဏ်တော် ငွေတံတိုင်း (၉)ထပ် တစ်ရက်။

ရတနာသုံးပါးနှင့်စပ်သော ဂါထာ (၃၂)မျိုး၊ တစ်ဂါထာလျှင် (၃)ခေါက်စီ ရွတ်ဖတ်ပူဇော်ပါလျှင် ဂါထာ (၉၆)ဂါထာ ဖြစ်ပါတယ်။ တစ်ဂါထာ (၉)ခေါက်စီ ရွတ်ဖတ်ပူဇော်ပါက ပို၍ သင့်မြတ်ပါတယ်။ ကုသိုလ်တရား ပိတ်ဆို့တတ်တဲ့ နီဝရဏတရားဆိုး ကင်း၍ အစိုးတရ ပိုင်သနိုင်နင်း သဒ္ဓိန္ဒြေ, ဝိရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ တိုးပွားခြင်း အကြောင်းကောင်းမြတ်သော ကျင့်စဉ်ကို အဓိဋ္ဌာန်ထား ကျင့်ကြံကြိုးကုတ် ရှေ့ဆက်လက် အားထုတ်နိုင်ကြပါစေ။ အမွန်းတင်ဘာဝနာအနေနဲ့ မဟာသတိပဋ္ဌာန် လုပ်ငန်းကြီးတွင် ရှေးဦးစွာ ပြသတော်မူခဲ့တဲ့ မြတ်ဗုဒ္ဓ၏လမ်းစဉ် အာနာပါန ကမ္မဋ္ဌာန်း ဘာဝနာလုပ်ငန်းခွင်သို့ ဆက်လက်ဝင်ရောက် အထွဋ်အထိပ်သို့ ရောကက်နိုင်ကြပါစေလို့ ဆုတောင်းရင်း ဘုန်းကြီးရဲ့ နာဂလိုဏ်ဂူ (၁၁)ရက် အဓိဋ္ဌာန်ကျင့်စဉ်ကို ဒီဘုရားဟော သုတ္တနိပါတ်လာ ဂါထာနဲ့ပဲ နိဂုံးချုပ်လိုက်ပါတယ်။

**ဇာဂရန္တာ သုဏာထေတံ**
**ယေသုတ္တာ တေ ပဗုဇ္ဈထ**
**သုတ္တာဇာဂရိတံ သေယျော**
**နတ္ထိ ဇာဂရတော ဘယံ။**

(သုတ္တနိပါတ)

ဘောနွော- ယခု ဘုန်းကြီးဟောခဲ့တဲ့ နာဂလိုဏ်ဂူ (၁၁)ရက် အဓိဋ္ဌာန်ကျင့်စဉ်ဖြင့် ကောင်းသောစိတ်အကြံ အဓိဋ္ဌာန်တိုင်း အောင်မြင်လိုပြား အို- သူတော်ကောင်းများတို့။ တုမှေ- သင်တို့သည်။ ဧတံ- နာဂလိုဏ်ဂူ (၁၁)ရက် အဓိဋ္ဌာန်ကျင့်စဉ်တရား လမ်းစဉ်ကို။ ဇာဂရန္တာ- ငိုက်မြည်းခြင်း ကင်းခြင်း နိုးကြားရှိကြကုန်သည်ဖြစ်၍။ သုဏာထ- နာယူမှတ်သား ဆောင်

http://www.dhammadownload.com



ထားကျင့်ကြံ ကြိုးကုတ်အားထုတ် ပွားများကြပါကုန်လော့။ ယေ- အကြင်သူတို့သည်။ သုတ္တာ- ညစ်ကြေးကင်းဆိတ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်ငြား နီဝရဏတရားတို့ဖြင့် အိပ်ပျော်ငိုက်မြည်း၍ နေကြကုန်၏။ ဝါ၊ ဗုဒ္ဓစကား တရားမသိ ရောင်တိရောင်ချာ ငိုက်မြည်း၍ နေကြကုန်၏။ တေ- ထိုသူတို့ကို။ ပဗုဇ္ဈထ- လက်တို့ အသာနိုးလိုက်ကြပ်ါကုန်လော့။

သုတ္တာ- ညစ်ကြေးကင်းဆိတ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်ငြား နီဝရဏတရားတို့ဖြင့် အိပ်ပျော်ငိုက်မြည်းနေခြင်းထက်။ ဝါ၊ ဗုဒ္ဓစကား တရားမသိ ရောင်တိရောင်ချာ ငိုက်မြည်းနေခြင်းထက်။ ဇာဂရိတံ- သဒ္ဓါ သတိ သမာဓိနှင့် ဝီရိယ ပညာ ငါးဖြာသော ဣန္ဒြေတို့ကို ရင့်ကျက်စေနိုင်ငြား နိုးကြား၍နေခြင်းသည်။ ဝါ၊ ဗုဒ္ဓစကား တရားသိမြင် နိုးကြား၍နေခြင်းသည်။ သေယျော- အလွန်အကျူး အထူးမြင့်မြတ်လှပါပေ၏။

ဇာဂရတော- သဒ္ဓါ သတိ သမာဓိနှင့် ဝီရိယ ပညာ ငါးဖြာသော ဣန္ဒြေတိုးပွား နိုးကြားနေသော သူအား။ ဝါ၊ ဗုဒ္ဓစကား တရားသိမြင် နိုးကြားနေသော သူအား။ ဘယံ- ကြောက်ဖွယ်လန့်ရေး ဘေးဟူသမျှသည်။ နတ္ထိ- တစိုးတစိ မရှိရိုးဧကန် အမှန်ပင် ဖြစ်ပါပေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ရန်ကုန်မြို့

နာ ဂလိုက်ဂူဘုရား ကုန်းမြေ ကလေးဝတော ရဓာ သင်တိုက်နှင့်

လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာ နနာ ယက

နိုင်ငံတော် သံဃမဟာ နာ ယကအဖွဲ့ တွဲဖက်အကျိုးတော် ဆောင်

ဒွိပိဋကဓရ – ဒွိပိဋကကော ဝိဒ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ

အဂ္ဂမဟာ ပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာ

ကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာ ဒီပနီ ဓမ္မာ ရုံကြီး၌

ဟောကြားအပ်သော

# ၁၁–ကြိမ်မြောက် လယ်တီဝိပဿနာ (၁)

## ပထမနေ့ ဟောစဉ်

သာသနာတော် သက္ကရာဇ် ၂၅၄၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၂-ခုနှစ်၊ ကဆုန်လဆန်း (၁)ရက်နေ့။

**သမာဓိရဲ့စွမ်းအား**

ယနေ့မှာ အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းနေကြတဲ့ သူတော်စင် အပေါင်းတိုအား အာနာပါနသမာဓိရဲ့ ထွက်လေ ဝင်လေကို ရှုမှတ်ပြီးတော့ ရရှိတဲ့ စိတ်တည်ကြည်မှုရဲ့ တန်ဖိုးကြီးပုံကို ဘုရားရှင်ကိုယ်တော်မြတ် ဟော ကြားတော်မူခဲ့ပါတယ်။

မိမိတို့ အားထုတ်နေတဲ့ ထွက်လေ ဝင်လေကို ရှုမှတ်ပြီးတော့ ရရှိတဲ့ သမာဓိစိတ်ရဲ့ တည်ကြည်မှုဟာ အင်မတန် တန်ဖိုးကြီးလှပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက “ **အယံပိခေါ ဘိက္ခဝေ အာနာပါန သတိ သမာဓိ ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော သန္တောစေဝ**

http://www.dhammadownload.com



**ပဏ္ဍိတောစ အသေစ နကော စ သုခေါ စ ဝိဟာရော”**

ရဟန်းတို့- ဤထွက်လေ ဝင်လေကို ပွားများပြီး ရရှိတဲ့ စိတ်ရဲ့တည်ကြည်မှုလေးဟာ ငြိမ်လည်း ငြိမ်သက်ပါတယ်။ ငြိမ်းချမ်းလည်း ငြိမ်းချမ်းပါတယ်။ မွန်လည်း မွန်မြတ်လှပါတယ်။

**“အသေစနကောစ သုခေါ ဝိဟာရော”**။ အခြားအရာဝတ္ထုတစ်ခုနဲ့ ဖြည့်စွက်မှ ချမ်းသာရတာ မဟုတ်ပါဘူးတဲ့။ သူ့ချည်းသက်သက် အင်မတန် ချမ်းသာလှပါတယ်။

**“ဥပ္ပန္နုပ္ပန္နေစ ပါပကေ အကုသလေ ဓမ္မေ ဌာနသော အန္တရဓာပေတိ ဝူပသမေတိ”**။ မိမိတို့သန္တာန်မှာ ဖြစ်လာတိုင်း ဖြစ်လာတိုင်း ကုန်သော အကုသိုလ်ညစ်ထေး မကောင်းမှု အညစ်အကြေးတွေကိုလည်း ခဏချင်း ပပျောက်စေနိုင်ပါတယ်။ ငြိမ်းစေနိုင်ပါတယ်။ ဥပမာ-

**သေယျထာပိနာမ ဂိမှာနံ ပစ္ဆိမေ မာသေ ဦဟတံ ရဇောဇလ္လံ မဟာမေဃော ဌာနသော အန္တရဓာပေတိ ဝူပသမေတိ။**

နွေလတို့ရဲ့ နောက်ဆုံးလမှာ နွေအခါမှာ နေပူတော့ မြူမှုံတွေဟာ တစ်ခါထဲ မြေကြီးဟာ မြူမှုန်တွေ ထပြီးတော့ နေတဲ့အချိန် အဲဒီအခါမှာ နွေလတို့ရဲ့ နောက်ဆုံးလ မိုးကြီးသည်းထန်စွာ ရွာသွန်းလိုက်သလို ရွာသွန်းလိုက်တဲ့မိုးဟာ တစ်ခါထဲ မြူမှုန်ထနေတာတွေ ငြိမ်းအေးသွားစေနိုင်သလို မိမိတို့သန္တာန်မှာ ဖြစ်ပွားနေတတ်တဲ့ အကုသိုလ်ညစ်ထေး အပြစ်ဘေးတွေကို ပပျောက်စေနိုင်ပါတယ်။ ငြိမ်းစေနိုင်ပါတယ်။

အဲဒီလို ဘုရားရှင် ကိုယ်တော်မြတ် ကိုယ်တော်တိုင် အာမခံသလိုပဲ အခုယောဂီ သူတော်စင်များ တစ်နေ့တာကာလ တစ်ရက်တာကာလ အားထုတ်ပြီးတော့ လာခဲ့တဲ့ မိမိတို့ ထွက်လေ ဝင်လေကို ပွားများပြီး ရရှိတဲ့ စိတ်ရဲ့တည်ကြည်မှု။

## အမြိုက်အရသာ ခံစားခွင့်ရသူ

အဲဒီ တည်ကြည်မှုရဲ့ တန်ဖိုးကြီးမားပုံကို မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း တို့တစ်တွေများ တကယ့်ကို ငြိမ်သက်ပြီး ချမ်းသာအေးမြ

http://www.dhammadownload.com



လှပါလားဆိုတာ ဒါလေးတွေဟာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များမှာ ခံစားနိုင်တဲ့ အရသာထူး အရသာမြတ် ဖြစ်ပါတယ်။ ဒါကြောင့်-

**"အမတံ တေသံ အပရိဘုတ္တံ၊ ယေသံ ကာယဂတာသတိ အပရိဘုတ္တာ"**။

ကာယဂတာသတိ စာရင်းဝင်တဲ့ ထွက်လေ ဝင်လေကို **အားထုတ်**ခွင့်မရကြတဲ့ ပုဂ္ဂိုလ်များဟာ **"အမတံ တေသံ အပရိဘုတ္တံ"**- အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ခံစားရသည် မမည်ပါဘူး။

**"အမတံ တေသံ ပရိဘုတ္တံ၊ ယေသံ ကာယဂတာသတိ ပရိဘုတ္တာ"**။ ယေသံ- အကြင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ ကာယဂတာသတိ- ထွက်လေ ဝင်လေကို အာရုံပြု၍ ဖြစ်တဲ့သတိကို။ ပရိဘုတ္တာ- သုံးဆောင်ခံစားရပြီ။ တေသံ- ထိုအမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ အမတံ- အမြိုက်နိဗ္ဗာန်ကို။ ပရိဘုတ္တံ- သုံးဆောင်ခံစားရသည် မည်ပါပေ၏။

ကာယဂတာသတိ စာရင်းဝင်ဖြစ်တဲ့ ထွက်လေ ဝင်လေကို သတိနဲ့ ပွားများပြီးတော့နေတဲ့ ကာယဂတာသတိကို ပွားများသုံးဆောင်နေရတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဟာ အမြိုက်နိဗ္ဗာန်ကို သုံးဆောင်နေရသလိုပါပဲ။ အမြိုက်နိဗ္ဗာန်ကို သုံးဆောင်နေရသည် မည်ပါ၏။

ဘုရားရှင်၏ ရွှေနှုတ်တော်ထွက် မဓမ္မစက်ရတနာ ဒေသနာတော်ရှိသည့်အတိုင်း အားလုံးယောဂီ သူတော်စင်များဟာ ကာယဂတာသတိ စာရင်းဝင်ဖြစ်တဲ့ ထွက်လေ ဝင်လေကို အာရုံပြု၍ ဖြစ်တဲ့သတိကို အကြိမ်များစွာ အချိန်များစွာ သုံးဆောင်ခဲ့ကြတယ်။

အဲဒီလို သုံးဆောင်လိုက်ခြင်းဖြင့် အမြိုက်နိဗ္ဗာန်ကိုလည်း အချိန်များစွာ အကြိမ်များစွာ သုံးဆောင်သည် မည်ပါတယ်။

**အဆင့်ဆင့်ထုံ့မှန်း**

ဟော- အဲဒီ အာနာပါန ထွက်လေ ဝင်လေ ရှုမှတ်ပွားများပြီးတော့ ရရှိတဲ့သတိ၊ အဲဒီ သမာဓိလေးဟာ ဘာကိုအခြေခံသလဲ။

http://www.dhammadownload.com



**"သီလပရိဘာဝိတော သမာဓိမဟာ ပ္ဖလော ဟောတိ မဟာ နိသံသော"။**

သီလပရိဘာဝိတော- သီလဖြင့် ထုံမွှန်းထားအပ်တဲ့။ သမာဓိ- သမာဓိသည်။ မဟ ပ္ဖလော- အကျိုးများပါ၏။ မဟာနိသံသော- အာနိသင် ကြီးလှပါ၏။

ဒီစကားလေးများ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးလေ။ ဒီစကားကို မိန့်တာများလေ။ ပရိနိဗ္ဗာန်စံခါနီးလေ ဒီစကား ဒီဒေသနာတော်ကို ဟော တာများလေ။

**"သီလပရိဘာဝိတော သမာဓိ မဟာပ္ဖလော မဟာနိသံသော"**

သီလနဲ့ထုံမွှန်းထားအပ်တဲ့ သမာဓိဟာ အကျိုးများပါတယ်။ အာနိ သင် ကြီးလှပါတယ်။

ယခု ယောဂီသူတော်စင်များ မိမိတို့သီလနဲ့ ရှေးဦးစွာ ထုံမွှန်းပြီး တော့ ထားအပ်တဲ့ သမာဓိ၊ တစ်နည်းအားဖြင့်၊ သမာဓိကို ဖြစ်ပွားစေတတ် တဲ့ သီလရှိပြီးတော့ အဲဒီ သီလကနေ တွန်းပို့လိုက်တဲ့ သမာဓိကလည်း အားကောင်း။

**"သမာဓိပရိဘာဝိတာ ပညာမဟပ္ဖလာ ဟောတိ မဟာနိသံသာ"။**

မိမိတို့ ထွက်လေ ဝင်လေကို ပွားများလို့ရရှိတဲ့ စိတ်ရဲ့တည်ကြည်မှု စိတ်၏တည်ကြည်မှုလေးက တွန်းပို့လိုက်တဲ့ ဝိပဿနာ ပညာစတဲ့ ပညာ များဟာလဲ။ မဟပ္ဖလာ- အကျိုးများပါတယ်။ မဟာနိသံသာ- အာနိသင် ကြီးလှပါတယ်။

မိမိတို့ အားထုတ်နေတဲ့ သမာဓိသည် စိတ်ရဲ့တည်ကြည်မှု စိတ်ရဲ့ အေးအေးဆေးဆေးမှုတွေက ဝိပဿနာ ပညာ အဆင့်ဆင့် ဝိပဿနာပညာ ကို တွန်းအားပေးနေတာပဲ။

မကြာခင် မြတ်စွာဘုရား ပေးသနားတော်မူခဲ့တဲ့။ တစ်နည်းအား ဖြင့်၊ သာသနာတော်တွင်းမှာသာရှိတဲ့ ဝိပဿနာဉာဏ်ပညာသို့ ဆိုက်ရောက် တော့မှာဘဲလို့ ဆိုပြီးတော့ ဝမ်းမြောက်ရတယ်။

http://www.dhammadownload.com



**ဆုတောင်းပြည့်မယ်**

"ပညာပရိဘာဝိတံ စိတ္တံ အာသဝေဟိ ပရိမုစ္စတိ"

အဲဒီ ဝိပဿနာပညာတွေနဲ့ ထုံမွှန်းထားအပ်တဲ့ စိတ်ကလေးဟာ အာသဝေါလေးတန် ကုန်ခမ်း ငြိမ်းချမ်းပြီးတော့ သွားနိုင်တယ်။

အဲဒီလို ငြိမ်းချမ်းပြီးသွားတော့ မိမိတို့ ကုသိုလ်ပြုတိုင်း ကုသိုလ်ပြုတိုင်း **"ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံဟောတု"**။ ဤကုသိုလ်သည် အာသဝေါတရားကို ကုန်စေတတ်တဲ့ မဂ်ဉာဏ်၊ အာသဝေါတရား ကုန်ရာဖြစ်တဲ့ ဖိုလ်ဉာဏ်၊ အာသဝေါတရား ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ရဖို့ အခြေခံ ကုသိုလ်တွေ ဖြစ်ပါစေဘုရားလို့။

အကြိမ်ပေါင်းများစွာ အကြိမ်ပေါင်းများစွာ ဆုတောင်းခဲ့တဲ့ ဆုတောင်း အဲဒီကျမှ ပြည့်မယ်။ ဒီနည်းနဲ့ ဆုတောင်းပြည့်နိုင်တယ်။

**တကယ့်စင်ကြယ်မှု**

စိတ်ကလေး အာသဝေါတရားတွေက စင်ကြည်ပြီး **စိတ်ကလေး စင်ကြယ်**မှ တကယ်တမ်း သတ္တဝါတွေ စင်ကြယ်ကြတယ်။

ခန္ဓာကိုယ်ကို အကြိမ်ပေါင်းများစွာ စင်ကြယ်အောင် သုတ်သင်ရှင်း **လင်းပြီး**တော့ နေပေမယ့် စင်ကြယ်တယ်လို့ မြတ်စွာဘုရား မဟောခဲ့ပါဘူး။

ဒါကြောင့်-

**ကာယေန [illegible]နေ၊ သံကိလိဿန္တိ မာဏဝါ၊**

**ကာယေသုဒ္ဓေ [illegible] အနက္ခာတံ မဟေသိနာ။**

ခန္ဓာကိုယ်ညစ်နွမ်းသဖြင့် သတ္တဝါတွေ ညစ်နွမ်းတယ်။ ခန္ဓာကိုယ် **စင်ကြယ်**သဖြင့် သတ္တဝါတွေ စင်ကြယ်တယ်လို့ အဲဒီလို မဟောပါဘူး။

**စိတ္တေနသံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ၊**

**စိတ္တေသုဒ္ဓေ ဝိသုဇ္ဈန္တိ၊ ဣတိ ဝုတ္တံ မဟေသိနာ။**

ဘယ်လိုဟောသလဲ။ စိတ်ကလေး ညစ်နွမ်းနေရင်ဖြင့် သတ္တဝါတွေ ညစ်နေပါတယ်။ စိတ်ကလေး စင်ကြယ်သန့်ရှင်း အပြစ်ကင်းလို့ရှိရင် သတ္တဝါတွေ စင်ကြယ်သန့်ရှင်း အပြစ်ကင်းကုန်ပြီ။ အဲဒီလိုသာ ဟောခဲ့တယ်။

http://www.dhammadownload.com



ယနေ့ အားထုတ်နေကြတာ စိတ်စင်ကြယ်ဖို့ပါဘဲ။ စိတ်စင်ကြယ်မှ တကယ်စင်ကြယ်တယ်။ စိတ်ကလေး ယဉ်ကျေးအောင်၊ စင်ကြယ်တဲ့စိတ်, ယဉ်ကျေးတဲ့ စိတ်ကလေးဟာ ချမ်းသာအမျိုးမျိုးကို ဆောင်ရွက်နိုင်ပါတယ်။ ဒါကြောင့်-

"ဒန္တံ စိတ္တံ သုခါဝဟံ"။

ဒန္တံ- ဘာဝနာကြိမ်လုံး ရွယ်ချိန်သုံးသဖြင့် ဆုံးမအပ်ပြီးသော။ စိတ္တံ- စိတ်ကလေးသည်။ သုခါဝဟံ- လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို မရောက်ရောက်အောင် ဆောင်ရွက်နိုင်ပါပေ၏။

ဘာဝနာကြိမ်လုံး ရွယ်ချိန်သုံးပြီးတော့ ခြေမှုန်းနှိပ်ကွပ် ဆုံးမထား အပ်တဲ့စိတ်၊ အခု ဆုံးမနေတဲ့စိတ်၊ အဲဒီ စိတ်ဟာ လူနတ်နိဗ္ဗာန် သုံးတန် ချမ်းသာကို မရောက်ရောက်အောင် ရွက်ဆောင်နိုင်ပါတယ်။

**အသီးတစ်ရာ အညှာတစ်ခု**

ဒါကြောင့် **"အသီးတစ်ရာ အညှာတစ်ခု"** ဆိုသလို စိတ်ကလေးဟာ အညှာပါပဲ။

ဒါကြောင့် "အသီးတစ်ရာ အညှာတစ်ခု ပုံကိုရှုလေ့"။ အသီး တစ်ရာ အညှာတစ်ခု။ အဲဒီ ဥပမာလေးကို သတိပြုပါတဲ့။

**"အသီးတစ်ရာ အညှာတစ်ခု ပုံကိုရှုလေ့**
**စိတ်ဟုမည်ငြား ဤတစ်ပါးမျှ တရားကိုယ်ကြပ်**
**စောင့်စည်းကွပ်က လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ**
**ရကြောင်းလာ၏"**။

စိတ်ဆိုတဲ့ တရားလေး အသီးတစ်ရာ အညှာတစ်ခု သဘောထား ပြီးတော့ ဒီအညှာလေး ခိုင်မြဲအောင် ဒီအညှာလေး ယဉ်ကျေးအောင် ခိုင်မြဲ အောင် ဖြောင့်မှန်အောင် ဆောင်ရွက်သွားမယ်ဆိုရင် လူနတ်နိဗ္ဗာန် သုံးတန် ချမ်းသာ၊ ချမ်းသာဆို ချမ်းသာချည်း ရရှိနိုင်ပါတယ်။

http://www.dhammadownload.com



**စိတ်မိုက်နွားဆိုး**

ဒါကြောင့်-

- **စိတ်မိုက်နွားဆိုး သတိကြိုးနှင့် မတိုးရုန်း အာရုံတိုင် ခိုင်ခိုင်ချည်ထားပါ။**

စိတ်ဆိုတာ အဝေးကြီး သွားတတ်တယ်။ တစ်ဦးတည်း လှည့်လည်တတ်တယ်။ အကောင်အထည်လည်း မရှိဘူးတဲ့။ နှလုံးအိမ်မှာ ရပ်တည်ပြီးတော့ နေတတ်တယ်။

အဲဒီလို သဘောရှိတဲ့ စိတ်ကို-

**"ယေစိတ္တံသံ ယမေဿန္တိ၊ မောက္ခန္တိမာရ ဗန္ဓနာ"**

ဒီစိတ်ကို စောင့်စည်းနိုင်ကြပ်တဲ့ ပုဂ္ဂိုလ်တွေ မာရ်မင်းရဲ့ အနှောင်အဖွဲ့က လွတ်နိုင်တယ်။ ဒါကြောင့် စိတ်မိုက်နွားဆိုး သတိကြိုးနှင့်။

အဲဒီစိတ်ကို သတိဆိုတဲ့ ကြိုးနဲ့ မတိုးနိုင် မရုန်းနိုင် မလှုပ်နိုင်အောင် ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ ခိုင်ခိုင်ချည်ထားကြ။ အဲဒီ ချည်နည်းလေးကို မြတ်စွာဘုရားက-

**"ဣဓဘိက္ခဝေ ဘိက္ခု သတောဝ အဿသတိ၊ သတောဝ ပဿသတိ"**

ဘုရားရှင်ကိုယ်တော်မြတ် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း တွက်ကိန်းများလှ ဘုံဘဝတွေမှာ အသက်နဲ့ခန္ဓာကိုယ်ကိုမှ မငဲ့ညှာဘဲ ရှာဖွေစုဆောင်းပြီး ရသိလာတဲ့ တရားတော်။

လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ဟောထားခဲ့တဲ့ ဘုရားရှင်ရဲ့ အမွေအနှစ်တွေကို ယခု ကံကောင်းထောက်မလို့ တွေ့ကြကြုံကြ ဆုံစည်းကြ တရားအားထုတ်ကြရတာ။ ကမ္ဘာ့လူထုကြီး သန်းပေါင်းခြောက်ထောင်ကျော်ရှိပေမယ့် ဒီနည်းနာ နိဿယကို သိရှိခွင့် အားထုတ်ခွင့်ရကြတဲ့ သူတော်စင်တွေဟာ နည်းနည်းလေးပဲ ရှိပါတယ်။ ကမ္ဘာ့လူထုကြီးဟာ အများကြီးဘဲ။

ကုန်းနေသတ္တဝါ၊ ရေနေသတ္တဝါ၊ ကောင်းကင်နေသတ္တဝါတွေကို ကြည့်မယ်ဆိုရင် သတ္တဝါတွေဟာ အနန္တများပြားပါတယ်။

http://www.dhammadownload.com



သို့သော်လည်းပဲ ဒီနည်းနာ နိဿယနဲ့ ဘဝငြိမ်းချမ်းရေးရအောင် ကျင့်ခွင့် အားထုတ်ခွင့်ရတဲ့ ပုဂ္ဂိုလ်ဟာ နည်းနည်းလေးပဲ ရှိပါတယ်။

- **စိတ်မိုက်နွားဆိုး သတိကြိုးနှင့် မတိုးရုန်းနိုင် အာရုံတိုင် ခိုင်ခိုင်ချည်ထားပါ။**
- **ခိုင်ခိုင်ချည်ထား စိတ်မိုက်နွား ပြေးသွားရုန်းကြည့်ရှာ။**

သတိဆိုတဲ့ ကြိုးနဲ့ ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာချည်ပြီးတော့ မြဲအောင်ဆိုပြီးတော့ ချည်ထားသော်လည်းပဲ ရုန်းလိမ့်မယ်။

- **ရုန်းသော်လည်းပဲ၊ "ရုန်းမရပါ၊ ချည်တိုင်မှာ မောခါငြိမ်သက်ခါ"၊**

ရုန်းမရတော့ ချည်တိုင်မှာ မောပြီးတော့ ငြိမ်သက်နေမှာပါ။

- **မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်တည်ကြည်လာ။**

အဲဒီစိတ်ကလေးဟာ မောပြီးတော့ ငြိမ်ပြီးတော့ မလှုပ်မယှက်နေပါလိမ့်မယ်။ တည်ကြည်ပြီးတော့ လာပါလိမ့်မယ်။

အဲဒီ အချိန်မျိုးကျတော့ သမာဓိရသွားပြီ။

- **သမာဓိရ တည်ကြည်က စိတ္တဝိသုဒ္ဓိ**

ဟော- စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်တော့ သမာဓိရလာပြီ။ သမာဓိရတော့ စိတ်ကလေးဟာ တည်ကြည်ပြီး စင်ကြယ်သန့်ရှင်းအပြစ်ကင်းသွားတယ်။

မြတ်စွာဘုရား လိုချင်တာက စိတ်စင်ကြယ်ဖို့ စိတ်ကလေး စင်ကြယ်ရင် သတ္တဝါတွေ စင်ကြယ်တယ်။ စိတ်ကလေး ညစ်နွမ်းရင် သတ္တဝါတွေ ညစ်နွမ်းတယ်။

မိမိတို့ရဲ့ လောဘ, ဒေါသ, မောဟ အစရှိတဲ့ အညစ်အကြေးတွေနဲ့ ညစ်နွမ်းနေတဲ့ စိတ်ကလေးကို ဆေးရမယ်။

ဝင်လေ ထွက်လေကို အာရုံယူပြီးတော့ ရှုမှတ်ပွားများပြီး လာတဲ့အခါကျတော့ ဟောဒီစိတ်ကလေးဟာ စင်ကြယ်ပြီးတော့ လာတယ်။

အခု အဲဒီလမ်းကြောင်းကို သွားပြီးတော့ နေကြရတာ။

- **စိတ်စင်ကြယ်ငြား ရုပ်နာမ်များ ပိုင်းခြားခွဲ၍သိ၊**

http://www.dhammadownload.com



အဲဒီလို စိတ်ကလေး စင်ကြယ်သွားပြီ ဆိုတဲ့အခါကျတော့ ရုပ်တွေ နာမ်တွေ ပိုင်းခြား၍ ခွဲခြား၍ သိပြီ။ အဲဒီ ရုပ်တွေ နာမ်တွေ ခွဲခြား၍သိတဲ့ အဆင့်ရောက်အောင် အခုစိတ်တည်ငြိမ်မှုလေးရအောင် ထွက်လေ ဝင်လေကို ရှုမှတ်ပွားများပြီးတော့ နေကြရတာပါဘဲ။

ဒါကြောင့် ထွက်လေ ဝင်လေကို ရှုမှတ်ပွားများပြီးတော့ သမာဓိ တည်ကြည်မှုရအောင် အားထုတ်နေကြတဲ့ ယောဂီ သူတော်စင်အပေါင်းတို့ အား အားပေးစကားပြောသောအားဖြင့် **"ဘုန်းကြီး တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်များကို တရားစကားပြောရတာ အင်မတန်ကို အရေးပါတယ်၊ အရာ ရောက်တယ်၊ အရသာလည်း ရှိတယ်"။**

**"သမာဓိရရှိအောင် အားထုတ်နေကြတဲ့ ယောဂီသူတော်စင်တို့အား သမာဓိစကား ပြောရတာ သိပ်ပြီး ကျေနပ်တယ်၊ အရသာလည်း ရှိတယ်"။**

**"ဝိပဿနာဉာဏ်အဆင့်ဆင့်ရအောင် အားထုတ်နေကြတဲ့ ယောဂီ သူတော်စင်တို့အား ဝိပဿနာ တရားစကားပြောရတာ သိပ်ကျေနပ်တယ်၊ သိပ်အားရတယ်၊ အရသာလည်း ရှိတယ်"။**

ဒါကြောင့် ယနေ့ ကဆုန်လဆန်း (၁)ရက်နေ့ လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်မှာ ဗုဒ္ဓဘုရားရဲ့ သမထဝိပဿနာနည်း၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏နည်း၊ အနာဂါမ်ဆရာသက်ကြီးအား လယ်တီဆရာတော်ဘုရားကြီး ထပ်ဆင့်ပေးအပ်သောနည်းဖြင့် မိမိတို့ စိတ်ကလေးကို တည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင် စိတ္တဝိသုဒ္ဓိ စိတ် စင်ကြယ်ပြီးသကာလ ဝိပဿနာဉာဏ်စဉ် (၁၀)ပါး ဉာဏ်စဉ်အဆင့်ဆင့်သို့ ရောက်ရှိအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

**ပထမနေ့ ဟောစဉ်ပြီး၏**

http://www.dhammadownload.com



## ဒုတိယနေ့ ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ ကဆုန်လဆန်း (၂)ရက်နေ့။

**မူချသာသနာ**

ယောဂီ သူတော်စင်များ ဒုတိယနေ့ တရားအားထုတ်ပြီး နောက်ဆုံး အချိန်ထိုင်ရမှာ ဖြစ်ပါတယ်။ မိမိတို့ဟာ ဗုဒ္ဓဘုရားရဲ့ အဆုံးအမ သာသနာ တော်ကြီးနဲ့ ရင်ဆိုင်တွေ့ကြုံ ဆုံစည်းခဲ့ကြတယ်။

ဗုဒ္ဓသာသနာဆိုတာ ဘုရားရှင်ရဲ့ အဆုံးအမ၊ ဘုရားရှင် ဖြစ်ပေါ်ဖို့ ဘုရားရှင်နဲ့ တွေ့ကြုံဖို့ ခက်သလို ဘုရားရှင်ရဲ့ အဆုံးအမ သာသနာတော်နဲ့ တွေ့ကြုံရဖို့ ခက်ပါတယ်။

သာသနာဆိုတာ ဘုရားရှင်ရဲ့ အဆုံးအမ၊ အဆုံးအမဆိုတာ ဘယ် နှစ်မျိုးရှိသလဲဆိုတော့-

- ပရိယတ္တိသာသနာ = ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် တရားတော်များ၊
- ပဋိပတ္တိသာသနာ = သီလ, သမာဓိ, ပညာ, ဓုတင် အကျင့်၊ ဒီအကျင့်တွေဟာ ပဋိပတ္တိ သာသနာ၊
- ပဋိဝေဓသာသနာ = မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်၊

အဲဒီသုံးမျိုးကို သာသနာတော်သုံးရပ်။ တစ်နည်းအားဖြင့်-

- အဓိသီလ = လွန်ကဲသော သီလ၊
- အဓိစိတ္တ = လွန်ကဲသော စိတ်၊
- အဓိပညာ = လွန်ကဲသော ပညာ၊ မြင့်မြတ်သော ပညာ၊

အဲဒီသုံးမျိုးကိုလည်းပဲ သာသနာတော်သုံးရပ်လို့ ခေါ်ရပါတယ်။

အဲဒီမှာ ဖွင့်ဆိုတာက-

**"နိပ္ပရိယာယတော သတ္တတိံသ ဗောဓိပက္ခိယ ဓမ္မာ"**

သာသနာရဲ့ အရကောက်ကို စောစောက သုံးမျိုး သုံးမျိုးစီ ဟောခဲ့ ပြီးမှ မူချအားဖြင့် မဂ်ဉာဏ်၏ အသင်းအပင်း ဖြစ်ကြတဲ့ (၃၇)ဖြာသော

http://www.dhammadownload.com



တရားတို့သည် မုချသာသနာ၊

မုချသာသနာဆိုတာ ဗောဓိပက္ခိယ (၃၇)ပါး၊ အဲဒီ ဗောဓိပက္ခိယ (၃၇)ပါးဆိုတာ ဘာတွေလဲဆိုတော့-

- သတိပဋ္ဌာန် - ၄-ပါး
- သမ္မပ္ပဓာန် - ၄-ပါး
- ဣဒ္ဓိပါဒ် - ၄-ပါး
- ဣန္ဒြေ - ၅-ပါး
- ဗိုလ် - ၅-ပါး
- ဗောဇ္ဈင် - ၇-ပါး
- မဂ္ဂင် - ၈-ပါး

သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်ဆိုတဲ့ ဒီတရားတော်တွေကို ပေါင်းလိုက်တော့ (၃၇)ပါး။

အဲဒီတရားတော်တွေသည် မုချသာသနာ။

နိပ္ပရိယာယတော ဆိုတာ မုချသာသနာ၊ ဧကန်သာသနာ။

မြတ်စွာဘုရားရဲ့ အဆုံးအမ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ကို ချုံးလိုက်မယ်ဆိုရင် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ကို အဆီထုတ်လိုက်မယ်ဆိုရင် ဗောဓိပက္ခိယတရား (၃၇)ပါး။

ဗောဓိပက္ခိယတရားကို အနှစ်ချုပ်လိုက်တော့ မဂ္ဂင် (၈)ပါး။

မဂ္ဂင် (၈)ပါးကို အနှစ်ချုပ်လိုက်တော့ သီလ သမာဓိ ပညာ။ တစ်နည်းအားဖြင့်၊ စရဏ ဝိဇ္ဇာ။ တစ်နည်းအားဖြင့်၊ သမထ ဝိပဿနာ။

အဲဒီလို သမထ ဝိပဿနာဆိုတော့ ယခု ယောဂီများ အားထုတ်နေကြတဲ့ ဘာဝနာက သမထဘာဝနာ။

သမထဘာဝနာထဲမှာက မဟာသတိပဋ္ဌာနသုတ်တော်မှာ လာတဲ့အတိုင်း သတိပဋ္ဌာန်၊ သတိပဋ္ဌာန်မှာလည်းပဲ သူ့အပိုင်းနဲ့သူ အပိုင်းကြီးတွေ ပိုင်းဖြတ်ပြီးတော့ ဟောကြားတဲ့အခါမှာ ပထမဆုံး ဟောကြားတော်မူခဲ့တဲ့ အာနာပါနပဗ္ဗက ထွက်လေ ဝင်လေကို ရှုမှတ်တဲ့သတိ။



29(A)

http://www.dhammadownload.com



**တစ်ပါးပွား လေးပါးပြည့်စုံ**

အဲဒီ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့သတိ။ ဒီသတိကို ရရှိအောင် ခိုင်မြဲအောင် ကြိုးစားပြီးတော့နေတာ။ ဒီသတိလေးလည်း ထွက်လေ နှာသီးဖျားက ထွက်တဲ့အခါ၊ နှာသီးဖျားက ဝင်တဲ့အခါ ဝင်လေ၊ နှာသီးဖျားမှာ အာရုံပြုပြီးတော့ ရှုမှတ်နေတဲ့သတိ။

အဲဒီ သတိလေးကိုပဲ "**အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ**"လို့၊ ပုဗ္ဗာရုံကျောင်းတော်မှာ မြတ်စွာဘုရား ဒီစကားမိန့်တော်မူတယ်။

ထွက်လေ ဝင်လေကို ရှုမှတ်နေတဲ့ သတိလေးကို ပွားများမယ်။ အကြိမ်များစွာ လေ့လာမယ်၊ အားထုတ်မယ်ဆိုရင် သတိပဋ္ဌာန်လေးပါးလုံး ပြီးပြည့်စုံပါတယ်။ ရွှေနှုတ်တော်ထွက် စကားတော်။

သာမန်အားဖြင့် ပြောမယ်ဆိုရင် အာနာပါနဿတိ၊ ကာယဂတာသတိ၊ တစ်မျိုးထဲ အားထုတ်တယ်လို့ဘဲ ထင်ရတယ်။

သို့သော် အာနာပါန တစ်စိတ်တစ်ဒေသဖြစ်တဲ့ အာနာပါနပဗ္ဗလာ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ သတိလေးဟာ ကြိမ်ဖန်များစွာ ပွားများပြီးလာတော့ သတိပဋ္ဌာန်လေးပါးလုံး ပြီးပြည့်စုံတယ်။

ကာယာနုပဿနာ သတိပဋ္ဌာန်ဆိုတာက ရုပ်နာမ်အပေါင်း ကာယ၊ အဲဒီ ရုပ်နာမ်အပေါင်း ကာယထဲက ကာယေ- ရုပ်နာမ်အပေါင်း ကာယမှာ။ ကာယာနုပဿီ ရုပ်တစ်စိတ်ဖြစ်တဲ့ ဝါယောဓာတ် ထွက်လေ ဝင်လေကို အဖန်ဖန် အထပ်ထပ် ရှုမှတ်ပြီးတော့နေတာ။

ကာယာနုပဿနာ သတိပဋ္ဌာန်ထဲက တစ်စိတ် တစ်ဒေသ၊ ရုပ်နာမ်ထဲက ပြောမယ်ဆိုရင် ဝါယောရုပ်။

ဤခန္ဓာကိုယ်ကြီးသည် ဓာတ်လေးပါးနှင့် ပြီးတယ်။ "**ဓာတု မဟာဘူတိကော အယံကာယော**"။ အယံကာယော- ဤခန္ဓာကိုယ်ကြီးသည်။ ဓာတုမဟာဘူတိကော- ဓာတ်လေးပါးဖြင့် ပြီး၏။

အဲဒီ ဓာတ်လေးပါး ပင်မရုပ်ကြီးတွေကို ကြည့်ကြ၊ ဓာတ်လေးပါးထဲက တစ်ခု တစ်ခုသော ရုပ်ကို မြင်ပြီးတော့ အမတအောင်ခန်း နိဗ္ဗာန်

http://www.dhammadownload.com



နန်းသို့ တက်လှမ်းနိုင်ကြတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတွေ ရေတွက်လို့ မကုန်ဘူး။

ဓာတ်လေးပါးထဲက ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ ဓာတ်လေးပါးထဲက အမြင်သာဆုံးလို့ ပြောရတဲ့ ဝါယောဓာတ်ကို ရှုမှတ်ပြီးတော့ နေရတာ။ ဝါယောဓာတ်ကို ရှုမှတ်ပြီးတော့ နေကြတဲ့ ဝါယောဆိုတဲ့ ရုပ်တစ်စိတ် ရှုမှတ်ပြီးနေရင်းနဲ့ သတိပဋ္ဌာန်လေးပါးလုံး ပြီးပြည့်စုံသွားတယ်။

သတိပဋ္ဌာန် လေးပါးလုံး ပြီးပြည့်စုံတယ် ဆိုတာက- ကာယာနုပဿနာ သတိပဋ္ဌာန်။

ဝေဒနာနုပဿနာကလည်း ကြည့်ရမယ့်အချိန်ကျ ကြည့်လိုက်တော့ ဝေဒနာတွေလည်း ရှုမှတ်ပြီးသား ဖြစ်သွားပါလိမ့်မယ်။

စိတ်ဟာလဲ မိမိစိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ စိတ်၊ မတည်ကြည်တဲ့စိတ်၊ စိတ်ထင်တိုင်း မပေါက်လို့ သဒေါသစိတ်၊ ဟော- မိမိရဲ့ဉာဏ်အမြင်မှာ မရှင်းမလင်းလို့ မောဟစိတ်ဖြစ်တယ်ဆိုရင် မောဟစိတ်ကလေးကို မြင်ရမယ်။ အဲဒီတော့ စိတ္တာနုပဿနာလည်း ပါဝင်ပြီးတော့ သွားတယ်။

မိမိတို့ ရှုမှတ်နေတဲ့ ဝါယောဓာတ် ဆိုတာလေးသည် ရူပက္ခန္ဓာ၊ ဝါယောဓာတ်ဆိုတဲ့ ရုပ်တရားသည် ဒုက္ခသစ္စာ၊ အဲဒီလို **ဓမ္မနယ်ပယ်**မှာ မြင်လိုက်တဲ့ အခါကျတော့ ဓမ္မာနုပဿနာ။

ဒါကြောင့် သတိပဋ္ဌာန်လေးပါးလုံး ထွက်လေ ဝင်လေဆိုတဲ့ ဝါယောဓာတ်ကို အဖန်ဖန် အထပ်ထပ် ရှုမှတ်ခြင်းဆိုတဲ့ လုပ်ငန်းကြောင့် သတိပဋ္ဌာန် လေးပါးလုံး ပြီးပြည့်စုံတယ်။

**"စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ"**။

နောက်ဆက်ပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ် ဟောကြားတော်မူချက်က သတိပဋ္ဌာန်လေးပါးလုံး ပွားများလိုက်တဲ့ အခါကျတော့ တစ်ကြိမ်လည်းမဟုတ်၊ နှစ်ကြိမ်လည်း မဟုတ်၊ အကြိမ်များစွာ ပွားများလိုက်တော့ ဗောဇ္ဈင် (၇)ပါး ပြည့်စုံသွားတယ်။

http://www.dhammadownload.com



**ဗောဇ္ဈင်သုတ်**

ဘုန်းကြီးတို့ ယောဂီသူတော်စင်များ အလေ့အလာများတဲ့ ဗောဇ္ဈင်သုတ်တော်ရဲ့ နိဒါန်းမှာ-

**"သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခာ ဝိနာသနေ။**

**သတ္တဓမ္မေစ ဗောဇ္ဈင်္ဂေ၊ မာရသေနာ ပမဒ္ဒနေ။**

သံသရာထဲမှာ လှည့်ပတ်ပြေးသွားနေတဲ့ သံသရာခရီးသွားတွေရဲ့ ဒုက္ခအားလုံးကို ပပျောက်စေတတ်တဲ့ ဗောဇ္ဈင်တရား။

မာရသေနပမဒ္ဒန- မာရ်မင်း၏စစ်သည်တို့ကို နှိမ်နင်းစေတတ်တဲ့ ဗောဇ္ဈင်တရား အားထုတ်ရင်းနဲ့ သံသရာခရီးသွားတို့ရဲ့ ဝဋ်ဒုက္ခတွေလည်း ပယ်ဖျောက်နိုင်တယ်။ မာရ်မင်း၏ စစ်သည်တို့ကိုလည်း နှိမ်နင်းနိုင်တယ်။

အဲဒီလို ဂုဏ်သတ္တိနဲ့ ပြည့်စုံတဲ့ ဗောဇ္ဈင် (၇)ပါး တရားတော်တို့ ရှိတယ်။

**သံသာရေသံသရန္တာနံ၊ သဗ္ဗဒုက္ခ ဝိနာသနေ၊**

**သတ္တဓမ္မေစ ဗောဇ္ဈင်္ဂေ၊ မာရသေနာပမဒ္ဒနေ၊**

**ဗုဇ္ဈိတွာ ယေစိမေသတ္တာ၊ တိဘဝါမုတ္တ ကုတ္တမာ၊**

**အဇာတိ မဇရာဗျာဓိံ၊ အမတံ နိဗ္ဘာယံဂတာ။**

အဲဒီလို ဒုက္ခတွေကို ပယ်ဖျောက်နိုင်တဲ့ မာရ်မင်း၏စစ်သည်တို့ကို နှိမ်နင်းနိုင်တဲ့ ဗောဇ္ဈင် (၇)ပါး သိပြီးတဲ့အခါကျတော့ အို နာ သေ ဒုက္ခ ကင်းဝေး ဘေးဘရမ်းကင်းကွာ အေးချမ်းသာတဲ့ နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ကြီးသို့ ရောက်ရှိနိုင်ကြပြီ။

အဲဒီ ဗောဇ္ဈင် (၇)ပါးက ဘာလဲလို့ဆိုတော့-

- **ဗောဇ္ဈင်ဂေါ သတိသင်္ခါတော၊ ဓမ္မာနံဝိစယောတထာ၊**
  **ဝီရိယံ ပီတိ ပဿဒ္ဓိ၊ ဗောဇ္ဈင်္ဂါစ တထာပရေ၊**
- **သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊ သတ္တေတေ သဗ္ဗဒဿိနာ၊**
  **မုနိနာ သမ္မဒက္ခာတာ၊ ဘာဝိတာ ဗဟုလီကတာ၊**
- **သံဝတ္တန္တိ အဘိညာယ၊ နိဗ္ဗာနာယစ ဗောဓိယာ။**

မြတ်စွာဘုရား ဟောကြားထားတဲ့ ဗောဇ္ဈင် (၇)ပါး၊ ကြိမ်ဖန်များ

http://www.dhammadownload.com



စွာ ပွားများလိုက်မယ်ဆိုရင် **"သံဝတ္တန္တိအဘိညာယ"**- သစ္စာလေးပါး သိနိုင်ပါတယ်။

နိဗ္ဗာနာယ- ဒုက္ခခပ်သိမ်းလည်း ငြိမ်းနိုင်တယ်။

ဗောဓိယာ- မဂ်ဉာဏ်လည်း ရရှိနိုင်တယ်။

အာနာပါနဿတိ- ထွက်လေ ဝင်လေကို ရှုမှတ်မှုကို အခြေခံပြီးတော့-

- သတိပဋ္ဌာန်လေးပါးလုံး ပြည့်စုံနိုင်တယ်။
- ဗောဇ္ဈင် (၇)ပါးလုံး ပြည့်စုံနိုင်တယ်။

သတိသမ္ဗောဇ္ဈင်- ထွက်လေ ဝင်လေလေးကို ရှုမှတ်နေတဲ့ သတိကလေး ဒီအာနာပါနဿတိကို အကြိမ်များစွာ အချိန်များစွာ ရှုမှတ်ပြီးနေတော့ သတိသမ္ဗောဇ္ဈင်က ဖြစ်နေတယ်။

**အာနာပါနကမ္မဋ္ဌာန်းနှင့် မထိုက်တန်သူ**

အာနာပါနဿတိ ကမ္မဋ္ဌာန်း ဆိုတာလဲပဲ-

**"နာဟံ ဘိက္ခဝေ မုဋ္ဌဿတိဿ အသမ္ပဇာနဿ အာနာပါနဿတိ ကမ္မဋ္ဌာနံ ဝဒါမိ"**။

ရဟန်းတို့၊ သတိမရှိတဲ့ ပုဂ္ဂိုလ် အမြော်အမြင် အဆင်အခြင် မရှိတဲ့ပုဂ္ဂိုလ်တွေ အာနာပါနဿတိ ကမ္မဋ္ဌာန်းနဲ့ မတန်ဘူးတဲ့။

အဲဒီတော့ ထွက်လေ ဝင်လေကို ရှုမှတ်ပွားများပြီး နေကြတဲ့သူတော်စင်များ သတိကောင်းဖို့ လိုတယ်။ အမြော်အမြင် အဆင်အခြင်ရှိဖို့လိုတယ်။

**ဗောဇ္ဈင် (၇)ပါး ဖြစ်ခွင့်ရ**

အဲဒီတော့ သတိလေးမပြတ် ထွက်လေ ဝင်လေကို ရှုမှတ်ပွားများပြီးနေတော့ ဗောဇ္ဈင် ဖြစ်ခွင့်ရတယ်။

အဲဒီလို ပွားများရင်း ပွားများရင်း တရားတော်တွေကို သုံးသပ်ပြီးထွက်လေ ဝင်လေဆိုတဲ့ ဝါယောဓာတ်၊ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့စိတ်

http://www.dhammadownload.com



မိမိသန္တာန်မှာ ဖြစ်ပွားနေတဲ့ တရားသဘောတို့ကို ကြံစည်တွေးတော ခွဲခြမ်းဝေဖန်နိုင်တဲ့ **"ဓမ္မဝိစယသမ္ဗောဇ္ဈင်"** ဖြစ်ပေါ်နိုင်တယ်။

ဒါလဲပဲ ဝီရိယသမ္ဗောဇ္ဈင်၊ ဝီရိယမရှိဘဲနဲ့ မဖြစ်ပေါ်နိုင်ဘူး။ ပေ့ါပေ့ါဆဆ နေကြတာ မဟုတ်ဘူး။ အချိန်တိုင်း အချိန်တိုင်းမှာ သူ့အချိန်နဲ့သူ အားထုတ်ပြီးတော့ နေကြတာမို့ **"ဝီရိယသမ္ဗောဇ္ဈင်"**လဲ ယောဂီသူတော်စင်များမှာ ဖြစ်ပွားပြီးတော့ နေတယ်။

**"ပီတိသမ္ဗောဇ္ဈင်"**- မိမိတို့ အားထုတ်နေဆဲဖြစ်တဲ့ ထွက်လေ ဝင်လေကို ရှုမှတ်နေရင်း နေရင်းနဲ့ တရားသဘောကို သဘောပေါက်ပြီးနေတော့ ပီတိကလည်း ဖြစ်ပေါ်နေတယ်။

ပီတိဖြစ်ပေါ်တဲ့ အခါကျတော့ စိတ်၏ငြိမ်းချမ်းမှု ကိုယ်ရဲ့ငြိမ်းချမ်းမှုခေါ်တဲ့ **"ပဿဒ္ဓိသမ္ဗောဇ္ဈင်"**လည်း ဖြစ်ပေါ်ပါတယ်။

ဟော- အဲဒီလို ဖြစ်ပေါ်ဖို့ရာအတွက် သမာဓိ၊ ထွက်လေ ဝင်လေကို ရှုမှတ်ပွားများပြီးနေတော့ စိတ်ကလေးဟာ တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ **"သမာဓိသမ္ဗောဇ္ဈင်"** ဖြစ်တယ်။

အဲဒီ တည်ကြည်ငြိမ်သက် မလှုပ်ရှက်တဲ့ သမာဓိဖြစ်တော့ လျစ်လျူရှုတဲ့ **"ဥပေက္ခာသမ္ဗောဇ္ဈင်"**လည်း ဖြစ်ပေါ်လာတယ်။

အဲလို ဗောဇ္ဈင် (၇)ပါး ဖြစ်ပွားပြီးနေတော့ **"မုနိနာသမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ"**- မြတ်စွာဘုရား ကိုယ်တော်တိုင် ကောင်းစွာဟောကြားပြီး မြတ်စွာဘုရား ကိုယ်တော်တိုင် အကြိမ်များစွာ ထပ်ခါထပ်ခါ ပွားများခဲ့တဲ့ အဲဒီ ဗောဇ္ဈင် (၇)ပါးလုံး ယောဂီတို့သန္တာန်မှာ ဖြစ်ပွားခွင့်ရပါတယ်။

**"သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာ ဝိမုတ္တိံ ပရိပူရေန္တိ"**။

ဗောဇ္ဈင် (၇)ပါး ပွားများလိုက်ပြီ ဆိုတဲ့အခါ ဝိဇ္ဇာခေါ်တဲ့ မဂ်ဉာဏ်လေးပါး၊ ဝိမုတ္တိခေါ်တဲ့ ဖိုလ်ဉာဏ်လေးပါး ရောက်ရှိနိုင်ပြီ။

ထွက်လေ ဝင်လေလေးက မဂ်ဉာဏ် ဖိုလ်ဉာဏ် တက်သွားပုံလေး။

မြတ်စွာဘုရားရဲ့ ရွှေနှုတ်တော်ထွက် စကား၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် တက်သွားပုံလေး။

http://www.dhammadownload.com



အဲဒီတော့ မိမိတို့ ပွားများရှုမှတ်နေတဲ့ ထွက်လေ ဝင်လေခေါ်တဲ့ ဝါယောဓာတ်ကို ရှုမှတ်နေတဲ့ အာနာပါနကမ္မဋ္ဌာန်းသည် နိဗ္ဗာန်စီကို ဖြောင့်ဖြောင့်သွားတဲ့ ကမ္မဋ္ဌာန်းပါလားလို့ ကျေနပ်ဖွယ် ဖြစ်ပါတယ်။ ဆက်ပြီးတော့ ကြိုးစားကြရမှာပါပဲ။

အဲဒီလို ဆက်ပြီးကြိုးစားလိုက်တဲ့ အခါကျတော့ အာနာပါနကမ္မဋ္ဌာန်းကနေ သတိပဋ္ဌာန်လေးပါးလုံး ပွားများရာရောက်။

သတိပဋ္ဌာန် လေးပါးလုံး ပွားများရာရောက်တော့ ဗောဇ္ဈင် (၇)ပါးလုံး ပြီးပြည့်စုံတယ်။

ဗောဇ္ဈင် (၇)ပါးလုံး ပြီးပြည့်စုံတော့ မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါး ရောက်နိုင်တယ်ဆိုတဲ့ ဘုရားရှင်ရဲ့ ဒေသနာတော်ထွက် စကားက ထင်ရှားရှိပါတယ်။

## သာသနာတွင်း၊ သာသနာပ

ဒါကြောင့် မိမိတို့ ဒီလမ်းစဉ်ကိုတွေ့ပြီ။ စောစောကပြောတဲ့ သာသနာကြီးနဲ့ တွေ့ကြတယ်။

သာသနာတော်ကြီးနဲ့ တွေ့တော့ သာသနာတော်က ဟောကြားညွှန်ပြထားတဲ့ ဒါနနဲ့ပတ်သက်လို့ ဒါနပြုတတ်ပြီလား မေးရင် ဒါနမပြုတတ်စရာ မရှိဘူး။

ဒါနကလည်း သာသနာတော်တွင်းဒါန သာသနာပဒါနလို့ နှစ်မျိုးရှိတယ်။ သာသနာပ ဒါနကတော့ လူတိုင်း လူတိုင်း ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ပြုမယ်ဆိုရင် ပြုခွင့်ရတယ်။

သာသနာတွင်း ဒါန သံဃိကဒါနမျိုးကျတော့ ဗုဒ္ဓဘာသာ ထွန်းကားတဲ့နေရာတွေမှာမှ ပြုခွင့်ရပါတယ်။

သမာဓိ- သမာဓိကျတော့ သာသနာတွင်း သာသနာပ သိပ်ပြီးတော့ ထူးထူးခြားခြား မရှိပါဘူး။ တည်ကြည်ငြိမ်သက် မလှုပ်ယှက်ဖို့သာ အရေးကြီးပါတယ်။

ပညာ- ပညာကျတော့ သာသနာပအခါမှာ မရနိုင်ပါဘူး။

http://www.dhammadownload.com



အောက်ထစ် ပညာဆိုတာ အဆုံး ဝိပဿနာပညာ၊ ဝိပဿနာပညာဟာ သာသနာပမှာ မရနိုင်ဘူး။

သာသနာပမှာ သမာဓိနဲ့ပဲ အပြီးသတ်ပြီးတော့ သံသရာက မထွက်မြောက်နိုင်ဘဲနဲ့ ကောင်းကင်ဘုံ ပြဟ္မာဘုံမှာလည်း အပြီးသတ်ကြရတယ်။

သာသနာတွင်းမှာသာ ဝိပဿနာဉာဏ်အဆင့်ဆင့် ရရှိနိုင်ပါတယ်။

အဲဒီလို ဝိပဿနာဉာဏ်အဆင့်ဆင့် ရနိုင်သော်လည်း အထူးအားဖြင့် အနိစ္စဉာဏ်ဟာ သာမန်အားဖြင့် မြင်နိုင်ပါတယ်။ သာမန်အားဖြင့် မြင်တယ်ဆိုတာ အနိစ္စဉာဏ် အနိစ္စာနုပဿနာဟာ မိမိတို့ ရေအိုးတစ်လုံး မ,ပြီးတော့သွားတယ်။ ပြုံးဆို မိမိလက်ထဲက ကျကွဲသွားတယ်- အနိစ္စ။

ဒါကြောင့် **“အနိစ္စလက္ခဏံ ပါကဋံ ဝိဘူတံ”**- အနိစ္စလက္ခဏာဟာ ထင်ရှားပါတယ်။

ဒုက္ခလက္ခဏာဟာလည်း ဒီလိုပါပဲတဲ့။ ခလုတ်တိုက်မိတဲ့အခါ ဆူးစူးတဲ့အခါမှာဆိုရင် ဒုက္ခ- ဒုက္ခ။ ဒါကြောင့် ဒုက္ခလက္ခဏာလည်း၊ ပါကဋံ- ထင်ရှားတယ်။ ဝိဘူတံ- ထင်ရှားပါတယ်။

**“အနတ္တလက္ခဏံ ပန အပါကဋံ အန္ဓိဘူတံ အဝိဘူတံ”**- အနတ္တလက္ခဏာကတော့ မထင်ရှားဘူး၊ မပေါ်လွင်ဘူး။

အဲဒီ အနတ္တလက္ခဏာဆိုက်မှ လမ်းဆုံးမယ်။ ဝိပဿနာဉာဏ်မှာ ဒါအရေးကြီးတဲ့ အချက်ပဲ။

အဲဒီတော့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာဆိုတဲ့ အမှတ်တံဆိပ်ကြီးတွေကို မြင်နိုင် ထင်နိုင်အောင် ရုပ်တရား နာမ်တရားတို့ရဲ့ အမှတ်တံဆိပ်ကြီးတွေကို မြင်နိုင် ထင်နိုင်အောင် မိမိရဲ့စိတ်ကို တည်ကြည်အောင် အားထုတ်ကြရတယ်။

ဂျနီဗာရေကန်ကြီးလို နက်ရှိုင်းတဲ့ ရေကန်ကြီးတစ်ခု ကြည်လင်နေတယ်ဆိုရင် အဲဒီရေကန်ထဲမှာ သွားနေတဲ့ ငါးလေးတွေ ဖားလေးတွေကို အားလုံးမြင်ရတယ်။ မြေကြီးကိုလည်း လှမ်းပြီးတော့ မြင်ရတယ်။ ရေနောက်နေရင် ရေကန်ထဲမှာနေတဲ့ သတ္တဝါတွေကို မမြင်နိုင်ဘူး။

အဲဒီလိုပဲ စိတ်ကြည်လင်မှု မရှိဘဲ နောက်ကျုနေအုံးမယ်ဆိုရင်

http://www.dhammadownload.com



ရုပ်တွေ နာမ်တွေကို မမြင်နိုင်သေးဘူး။

အဲဒီတော့ စိတ်ကြည်လင်မှုရှိတဲ့ အခါကျတော့မှ "**သမာဟိတော ယထာဘူတံ ပဇာနာတိ**"။ သမာဟိတော- ကြည်လင်တဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်သည်။ ယထာဘူတံ- ဟုတ်ဟိုင်းမှန်စွာ ရုပ်နာမ်တို့ရဲ့ အခြေအနေကို ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ- သိ၏။

ရုပ်နာမ်တို့ရဲ့ ဖြစ်စဉ်ကို ကျကျနန သိနိုင်ပါတယ်။ ကျကျနန သိနိုင်မှလည်း ငြီးငွေ့နိုင်တယ်၊ ကျကျနန သိမှလည်း လွတ်မြောက်နိုင်တယ်။ ဒါကြောင့်-

**ကရောန္တေဝံသဒ္ဓဟန္တိ၊ ယေသန္တာ သန္တသာသနံ**
**နိဗ္ဗိန္ဒန္တိ ဘဝဂတေ၊ နိဗ္ဗိန္ဒန္တာ ဝိရဇ္ဇရေ။**

ယေသန္တာ- သူမြတ်ဖြစ်ရန် ရုပ်နှင့်နာမ်ဝယ် ဓာတ်ခံကိန်းအောင်း အကြင်သူတော်ကောင်းတို့သည်။ သန္တသာသနံ- အေးအေးမြမြ ဟောညွှန်ပြသည့် ဗုဒ္ဓဟောဖော် အဆုံးအမတော်ကြီးကို။ သဒ္ဓဟန္တိ- ကြောင်းကျိုးနှစ်တန် ခွဲဝေဖန်၍ အမှန်ကိုပင် လက်ခံသိမ်းပိုက်ကြကုန်၏။ တေသန္တာ- သူမြတ်ဖြစ်ရန် ရုပ်နှင့်နာမ်ဝယ် ဓာတ်ခံကိန်းအောင်း ထိုထိုယောဂီသူတော်စင်အပေါင်းတို့သည်။ ဘဝဂတေ- ဘဝဖန်ခါ သံသရာဝယ် ခန္ဓာကိုယ်နှင့်စပ် အရပ်ရပ်၌။ နိဗ္ဗိန္ဒန္တိ- သာသနာတော်ကပေးသည့် အသိဉာဏ် ဝိပဿနာဉာဏ် ရင့်သန်ကြသဖြင့် ငြီးငွေ့ကြကုန်၏။ တေ- ထိုသူတော်ကောင်းတို့သည်။ ဘဝဂတေ- ဘဝဖန်ခါ သံသရာဝယ် **ခန္ဓာ**ကိုယ်နှင့်စပ် အရပ်ရပ်၌။ နိဗ္ဗိန္ဒန္တာ- သာသနာတော်ကပေးသည့် အသိဉာဏ် ဝိပဿနာဉာဏ် ရင့်သန်ငြီးငွေ့ကြကုန်သည်ဖြစ်၍။ ဝိရဇ္ဇရေ- မဂ်ဉာဏ်သို့ဆက် တရားတက်၍ တပ်မက်ခင်မင် လိုချင်မှု မရှိကြပဲ လွတ်မြောက်နိုင်ကြလေကုန်သတည်း။

သာဓု သာဓု သာဓု

**ဒုတိယနေ့ ဟောစဉ်ပြီး၏။**

http://www.dhammadownload.com



## တတိယနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခုနှစ်၊ ကဆုန်လဆန်း (၃)ရက်နေ့။

### ညှိပေးရတယ်

ယောဂီသူတော်စင်များ ကာယဂတာသတိ ကမ္မဋ္ဌာန်း ပွားများလာတာ (၃)ရက်မြောက်တဲ့နေ့။

အဲဒီလို ပွားများလာတော့ မြတ်စွာဘုရားရဲ့ လမ်းစဉ် ဘုရားရှင်ပေးအပ်တော်မူခဲ့တဲ့ ပေးသနားတော်မူခဲ့တဲ့ နည်းနာ နိယျာနအတိုင်း အာနာပါနကမ္မဋ္ဌာန်းကို ရှုပွားဆင်ခြင်ပြီး နေကြရတဲ့ ယောဂီသူတော်စင်များ မိမိတို့၏လမ်းစဉ်သည် မှန်မြတ်တဲ့ ဓမ္မအရသာ တရားအရသာကို ခံစားဖို့ရန်အတွက် အမှန်ဖြစ်တယ်လို့ ယုံကြည်တဲ့စိတ်က ရှိကြပြီးသား။

ဒါကြောင့် ကြိုးစားပန်းစား အားထုတ်နေကြတာ။

**ပဋိပတ္တိယာ လဒ္ဓဗ္ဗံ ရသဿာဒ မနုတ္တရံ၊**

**ဝိန္ဒိတုံ ပဒဟေ နောစေ၊ ကွတ္ထော တေ ဇိန သာသနံ။**

ပဋိပတ္တိယာ- ချမ်းသာလိုလား အမျိုးသားတို့ ကြိုးစားကျင့်အပ်ပဋိပတ်လမ်းစဉ်ဖြင့်။ အနုတ္တရံ- အတုမရှိသော။ လဒ္ဒဗ္ဗရသဿာဒံ- ရအပ်မှန်စွာ သာယာဖွယ်ကောင်း အကောင်းဆုံးအရသာကို။ ဝိန္ဒိတုံ- မကြုံစဖူး အလွန်ထူးသဖြင့် ကြည်နူးပီတိ ဝွမ်းဆီထိသို့ ရရှိခံစားခြင်းငှါ။ ပဒဟေ- ကိုယ်ကျိုးအစစ် တကယ်ဖြစ်ဖို့ နှစ်နှစ်ကာကာ ကြိုးစားရာပါသတည်း။ နောစေ- သဒ္ဓါမသန်လှ ဆန္ဒဆုတ်ယုတ် အားမထုတ်ခဲ့ပါလျှင်။ တေ- အခါကောင်းသင့် အခွင့်ကြုံလာ သင့်တွက်တာမှာ။ ဇိနသာသနံ- ဂုဏ်ရည်သေတ္တု အနှစ်စုသည့် တုမဲ့ထူးစွာ ဘုရားမြတ် သာသနာတော်ကြီးသည်။ ကွတ္ထော- ဂုဏ်ရည်တင့်တိုး အဘယ်အကျိုးရှိပါအံ့နည်း။ တသ္မာ- ထို့ကြောင့်။ ဝိန္ဒိတုံ- မကြုံစဖူး အလွန်ထူးသဖြင့် ကြည်နူးပီတိ ဝွမ်းဆီထိသို့ ရရှိခံစားခြင်းငှါ။ ပဒဟေ- ကိုယ်ကျိုးအစစ် တကယ်ဖြစ်ဖို့ နှစ်နှစ်ကာကာ ကြိုးစားရာသတည်း။

သာဓု သာဓု သာဓု

http://www.dhammadownload.com



အခါကောင်းသင့် အခွင့်ကြုံပြီးတော့နေကြတဲ့ ယောဂီသူတော်စင်များဟာ သုံးလောကထွဋ်ထား မြတ်ဘုရားရဲ့ ဝုဏ်ရည်သေတ္တု အနှစ်စုတဲ့ အတုမဲ့ဖြစ်တဲ့ သာသနာတော်ကြီးနဲ့ တွေ့ကြုံဆုံဆည်းလို့ ယခုလို ကိုယ်ကျိုးအစစ် တကယ်ဖြစ်တယ်လို့ နှစ်နှစ်ကာကာ ယုံကြည်ပြီးတော့ အားထုတ်နေကြတာ။

အားထုတ်နေကြတဲ့ လမ်းစဉ်ဟာ သမ္မာသတိ၊ မဂ္ဂင် (၈)ပါးထဲမှာ ဆိုရင် သမ္မာသတိ၊ တရားအာရုံ ယူပြီးတော့နေတဲ့ သတိ၊

ရုပ်အပေါင်းကို နာမ်အပေါင်းကို ဝေဒနာ, စိတ်, ဓမ္မ, တရားသဘာဝတွေကို ရှုမှတ်ဆင်ခြင်ပြီးတော့နေတဲ့ သတိ၊ ဒီသတိရဲ့ တန်ဖိုးဟာ အင်မတန် ကြီးမားပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက **"သတိဉ္စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ"**။

ဘိက္ခဝေ- ရဟန်းတို့။ သတိဉ္စ- သတိကိုကား။ သဗ္ဗတ္ထိကံ- အလုံးစုံ အရာခပ်သိမ်း အလိုရှိအပ်၏ဟူ၍။ ဝဒါမိ- ဟောတော်မူ၏။

သတိကို အရာခပ်သိမ်း၊ သတိဆိုတာ လွန်တယ်မရှိဘူး။ သတိဟာ လိုပြီးတော့သာနေတယ်။ ပိုတယ် မရှိဘူး။

သဒ္ဓါနဲ့ပညာကတော့ သဒ္ဓါက လွန်ချင်လွန်သွားတတ်တယ်။ ပညာက လွန်ချင်လွန်သွားတတ်တယ်။ သဒ္ဓါလွန်သော် ဆွံ့၊ ပညာလွန်သော် ကွန့်ဟု စကားရှိတယ်။

ဝီရိယနဲ့သမာဓိ- ဝီရိယနဲ့ သမာဓိက ညှိပြီးတော့ ပေးရတယ်။ သမာဓိများ ပျင်းရိပွား၏ ဆိုသလို သမာဓိများရင် ပျင်းရိတဲ့ဘက် ရောက်သွားတတ်တယ်။ ဝီရိယများသွားပြန်တော့လည်း ပျံ့လွင့်တဲ့ဘက် ရောက်သွားတတ်တယ်။

သတိကတော့ ညှိစရာမလိုဘူး။ ဒါကြောင့်မို့ သတိကို **"သဗ္ဗကမ္မိက အမစ္စောဝိယ"**။ မင်းကြီးအနားမှာ အမြဲချဉ်းကပ်ပြီး ရှင်ဘုရင်ရဲ့ကိစ္စအားလုံးကို ဆောင်ရွက်ပေးနေတဲ့ အမတ်ကြီးနဲ့တူတယ်။

ဟင်းမျိုးစုံထဲမှာ မပါမပြီး အသုံးပြုရတဲ့ ဆားနဲ့လည်း သတိက

http://www.dhammadownload.com



တူတယ်။ ဒါကြောင့် သတိကို သမ္မာသတိ သတိသမ္ဗောဇ္ဈင်၊ သတိဗိုလ်၊ သတိန္ဒြေ။

အဲဒီလို ဂုဏ်ထူးဆောင် နာမည်တွေနဲ့ သတိကို ဂုဏ်ပြုထားတယ်။ ဗိုလ်ဆိုတဲ့စကားနဲ့ မတုန်မလှုပ်ဘူး။ မေ့မေ့လျော့လျော့ မဟုတ်ဘူးတဲ့။

သတိလွတ်နိုင်တဲ့ အန္တရာယ်ကို လွတ်ကင်းနိုင်တဲ့ သတိဗိုလ်။

သမ္မာသတိမဂ္ဂင် နိဗ္ဗာန်ရောက်စေနိုင်တဲ့ သမ္မာသတိ။

သတိသမ္ဗောဇ္ဈင် သစ္စာလေးပါးတရားကို သိတဲ့ပုဂ္ဂိုလ်များမှာ လိုအပ်တဲ့ အချက်အလက် အင်္ဂါထဲမှာ ပါဝင်တဲ့သတိ။

**မဟာထေရ်သုံးပါး**

ရှေးအခါတုန်းက ဆရာတော်ကြီး သုံးပါး သတိကောင်းတော်မူကြတယ်။ အဲဒီမထေရ်ကြီးတွေဟာ အင်မတန် သတိကောင်းတော်မူကြတယ်။ မဟာဂတိမ္ဗယအဘယထေရ်၊ ဒီဃဘာဏကအဘယထေရ်၊ တိပိဋကစူဠာဘယထေရ်။ မထေရ်ကြီးသုံးပါး။

မဟာဂတိမ္ဗယအဘယထေရ်ကြီးက မွေးဖွားပြီးတဲ့နောက် (၅)ရက်မြောက်တဲ့နေ့ နာမည်ပေး ကင်မွန်းတပ်တဲ့ မင်္ဂလာမှာ နို့ယနာထမင်းကို ကျီးကန်းတစ်ကောင်က လာပြီးနိုက်တော့ "ဟုန်ဟုန်"ဆိုတဲ့ အသံပြုဖူးတယ်။ အဲဒီနေ့ကစပြီး တစ်သက်တာကာလပတ်လုံး တွေ့ခဲ့သမျှ ကြုံခဲ့သမျှ ဆုံခဲ့သမျှ မမေ့ဘူးတဲ့။ အဲဒီ မဟာဂတိမ္ဗယအဘယထေရ်ကြီးက အဲဒီလို သတိကောင်းတယ်။

ဒီဃဘာဏကအဘယထေရ်ကြီးက ဖွားမြင်ပြီးနောက် ကိုးရက်မြောက်တဲ့နေ့ သူ့မယ်တော်က သားကလေးကို နမ်းရှုံ့မယ်ဆိုပြီး ငုံ့လိုက်တဲ့အခါ မြလေးပန်းကုန်းက ရင်ဘတ်ပေါ် ကျသွားပြီး နာကျင်မှု ခံစားခဲ့ရတယ်။ အဲဒီအချိန်ကစပြီး တွေ့သမျှ ကြုံသမျှ ဆုံသမျှတွေကို မမေ့ဘူးတဲ့။

တိပိဋကစူဠာဘယထေရ် ကျပြန်တော့ အနုရာဓမြို့ကြီး။ တစ်နည်းအားဖြင့်၊ ရန်ကုန်မြို့တော်လောက်ရှိတဲ့ မြို့ကြီး မနက်ပိုင်းမှာ ရှိသမျှလူတွေကို မြို့ပြင်အထွက်တိုင်း အပေါက်ဝက ဦးဖြူ၊ ဦးနီ စသည်ဖြင့် မေးထားမယ်။

http://www.dhammadownload.com



ညနေပိုင်းမှာ မြို့ထဲပြန်ဝင်တဲ့အခါ ဦးဖြူ၊ ဦးနီ စသည် အတိအကျ ပြောပြနိုင်တယ်။ အဲဒီလောက်ထိ သတိကောင်းတယ်။

အဲဒါကြောင့်မို့ သာသနာတော်မှာ ဒီမထေရ်မြတ်ကြီး သုံးပါးဟာ အင်မတန် သတိကောင်းတဲ့ မထေရ်မြတ်ကြီးတွေလို့ ထင်ရှားတယ်။ သတိကောင်းတော်မူကြတယ်။

## စိတ်ထိန်းရာမှာ အတုယူဖွယ်

စိတ်ကို ထိန်းသိမ်းတဲ့နေရာမှာ အတုယူလောက်တဲ့ မထေရ်မြတ်ကြီး သုံးပါး ရှိသေးတယ်။

မထေရ်မြတ်ကြီးသုံးပါး ကျောင်းတိုက်တစ်တိုက်ထဲမှာ ဝါတွင်းကာလ အတူနေကြတော့။ သီတင်းဝါလ ကျွတ်တဲ့အခါ တစ်ပါးနှင့်တစ်ပါး မေးကြ မြန်းကြ။ အငယ်ဆုံးမထေရ်ကို မေးမြန်းတယ်။ "ငါ့ရှင်ရဲ့စိတ်ကလေးကို ဒီနှစ်တစ်ဝါတွင်း ဘယ်လောက်များ ထိန်းသိမ်းနိုင်သလဲ"လို့ မေးတော့ မထေရ်ငယ်က "ဘုရားတပည့်တော်၏ စိတ်သည် တစ်ဝါတွင်းလုံး တပည့်တော်တို့ နေထိုင်ရာဖြစ်တဲ့ ကျောင်းတိုက်အရံကြီးထဲက ဘယ်မှမရောက်ပါဘူးဘုရား။ ဘယ်မှ ထွက်မသွားပါဘူး ဘုရား။

အလတ်ဖြစ်တဲ့ မထေရ်ကို မေးတဲ့အခါကျတော့ "တပည့်တော်နေထိုင်ရာဖြစ်တဲ့ ကျောင်းမှ တပည့်တော်ရဲ့စိတ် အပြင်မထွက်ပါဘူး ဘုရား"လို့ ဖြေတယ်။

မထေရ်ကြီးကို မေးလျှောက်တဲ့ အခါကျတော့ "ငါ့ရှင်တို့ ငါကတော့ ငါ့ခန္ဓာကိုယ်ထဲမှ စိတ်ကို အပြင်ရောက်မသွားဘူး"လို့ အမိန့်ရှိတော်မူတယ်။ မိမိရဲ့ခန္ဓာကိုယ်ကို တရားအာရုံအဖြစ်နဲ့ထားပြီး ရှုပွားတော်မူနေတယ်။

ဒီမထေရ်ကြီးသုံးပါးဟာ စိတ်ကို စောင့်စည်းတဲ့နေရာမှာ၊ စိတ်ကို ထိန်းသိမ်းတဲ့ အရာမှာ အင်မတန် အတုယူလောက်ပါပေတယ်။ စိတ်က အဓိကကိုး။

http://www.dhammadownload.com



**စိတ်**

ရှေးအခါက အမျိုးကောင်းသားတစ်ဦး ရဟန်းပြုပြီး သာသနာဘောင်မှာ ဝင်ရောက်နေတော့။ နောက်ကျတော့ မြတ်စွာဘုရား သာသနာမှာ သိက္ခာပုဒ်တွေကများတာကို အခြေခံပြီးတော့ သာသနာတော်မှာ မပျော်တော့ပါဘူးလို့ မြတ်စွာဘုရားကို လျှောက်တယ်။

ဘာကြောင့်လဲ မေးတော့ "သာသနာတော်မှာ စောင့်ထိန်းရမယ့် သိက္ခာပုဒ်တွေများလွန်းလို့ပါ ဘုရား" လို့လျှောက်တော့။ မြတ်စွာဘုရားက "ချစ်သား သုံးမျိုးပဲ စောင့်ပါတဲ့။ ကိုယ်ရယ်၊ နှုတ်ရယ်၊ စိတ်ရယ် သုံးမျိုးပဲ စောင့်ပါတဲ့"။

အဲဒီလို သုံးမျိုးပဲ စောင့်ထိန်းပါဆိုတော့ "သုံးမျိုးလည်း များပါသေးတယ် ဘုရား"လို့ လျှောက်တော့။

"ကဲ- ဒီလိုဆိုရင် တစ်မျိုးပဲ စောင့်ပါ။ အဲဒီ တစ်မျိုးက ဘာလဲဆိုတော့ စိတ်တစ်မျိုးပါပဲ"။

**ဘယ်လိုထိန်းမယ်**

စိတ်ကို ဘယ်လိုများ ထိန်းသိမ်းမလဲ စောင့်စည်းမလဲဆိုတော့-

**ဣဓ ဘိက္ခဝေ ဘိက္ခု သတောဝ အဿသတိ၊ သတောဝ ပဿသတိ"**

နှာသီးဖျား နှာသီးဝက သတိလေးကပ်ပြီး နှာခေါင်းအတွင်း ဝင်လာတဲ့လေ "ဝင်လေ"၊ နှာခေါင်းအတွင်းက ထွက်လာတဲ့လေ "ထွက်လေ"လို့ ရှုမှတ်နေရမယ်။

သတိလေးနဲ့ကပ်ပြီး ဝင်လေ ထွက်လေကို လက်မလွှတ်အောင် ရှုမှတ်နေပါ။ အဲဒီလို ရှုမှတ်နေရင် စိတ်ဟာ တည်ကြည်ငြိမ်သက် မလှုပ်မယှက် ဖြစ်လာပါမယ်။

သမ္မာသတိ ဖြစ်ပြီးတော့လည်း သမ္မာသမာဓိကလည်း ကပ်ပြီးတော့ပါလာပါတယ်။ ယောဂီသူတော်စင်များ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့ သီလနယ်ပယ်ကလည်း လုံခြုံပြီးသား ဖြစ်နေတယ်။

http://www.dhammadownload.com



သမ္မာဝါယမ- ကုသိုလ်တရား တိုးပွားသည်ထက် တိုးပွားအောင် အကုသိုလ်တရားတွေ ပ,ပျောက်သည်ထက် ပ,ပျောက်အောင် အခုကြိုးစားပြီးတော့ နေတာဆိုတော့ သမ္မာဝါယမ ရှေ့ပြေးမဂ္ဂင်ကလည်း ဖြစ်ပြီးတော့ နေတယ်။

သမ္မာသတိ- အဇ္ဈာပါဒသက်ပ္ပ အဝိဟိံသာ သက်ပ္ပ- မေတ္တာပွားပြီးတော့ နေကြတော့ ပရိကံမှာကိုက သမ္မာသက်ပ္ပ ရှေ့ပြေးမဂ္ဂင် ပါနေတယ်။

ထွက်လေ ဝင်လေကို ရှုမှတ်နေတဲ့အတွက် ရရှိတဲ့သမာဓိ၊ အဲဒီ ကုသိုလ်ကိုက **"သဗ္ဗေပိ ကုသလာဓမ္မာ နေက္ခမ္မန္တိ ပဝုစ္စရေ"**၊ ကုသိုလ်အားလုံးဟာ နေက္ခမ္မ အမည်ရတယ်။

သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပြောမယ်ဆိုရင် ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဆိုတာက မိမိတို့ရှိကြပြီးသား ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံရဲ့ အကျိုးအပြစ်တွေကို နားလည်ကြတယ်။

အခု ဝိပဿနာ သမ္မာဒိဋ္ဌိဖြစ်ဖို့ ရုပ်တရား နာမ်တရားတွေကို မြင်နိုင်တဲ့ ကောင်းမွန်တဲ့ အမြင်ရှိဖို့ရာအတွက် အခြေခံကြိုးစားနေတဲ့အချိန် ဖြစ်ပါတယ်။

အဲဒီလို အခြေခံကြိုးစားပြီးတော့ သမာဓိထူထောင်နေတာဖြစ်လို့ သမာဓိသည် **"ဟာနဘာဂိယသမာဓိ"**- ရုပ်လျှော့တဲ့ သမာဓိမျိုး မဖြစ်ပါဘူးတဲ့။ **"ဝိသေသဘာဂိယသမာဓိ"**- တိုးတက်တဲ့သမာဓိ ထူးခြားတဲ့သမာဓိ။ **"နိဗ္ဗေဓဘာဂိယသမာဓိ"**- တရားတွေကို ခွဲခြားပြီးတော့ မြင်နိုင် ထင်နိုင်တဲ့ သမာဓိမျိုး အဲဒီ သမာဓိမျိုးက တစ်ဆင့်တက်ပြီးတော့ မြင်လာတဲ့ သမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ သစ္စာလေးပါးကို မြင်တဲ့သမ္မာဒိဋ္ဌိ။

အဲဒီ သမ္မာဒိဋ္ဌိမျိုး ဖြစ်ပေါ်သွားပြီဆိုရင် မဂ္ဂင် (၈)ပါးလုံး စုံပြီးတော့ သွားတယ်။

**လမ်းမပျောက်သေး**

အဲဒီ မဂ္ဂင်၊ မဂ္ဂင်ဆိုတာ နိဗ္ဗာန်ရောက်ကြောင်းပဲ။ အဲဒါကြောင့် ဒီမဂ္ဂင် (၈)ပါးကို ပွားများပြီး နေရခြင်းဖြင့် မိမိတို့သည် နိဗ္ဗာန်ရောက်

http://www.dhammadownload.com



ကြောင်း လမ်းကောင်းအမှန် လမ်းကောင်းအကျော် လမ်းမတော်ကြီးကို လျှောက်နေရတာပဲ။

တစ်နည်းအားဖြင့် မြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီးနောက် နှစ်လကြာတဲ့အချိန်မှာ-

**"အယမေဝ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ"**- ဒါဟာ နိဗ္ဗာန်သွားဖို့ရာ အဖြောင့်ဆုံးလမ်းပဲ။ အဖြောင့်ဆုံးလမ်းမတော်ကြီးပဲ။

**အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊**
**သေယျထိဒံ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ၊**
**သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ၊**
**သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ၊**

ဟောဒီ မဂ္ဂင် (၈)ပါးက တော်တော်အရေးကြီးတယ်။ မဂ္ဂင် (၈)ပါး ရှိမှ အရိယာရှိတယ်။ ဒါကြောင့် ပရိနိဗ္ဗာန်စံကာနီး နောက်ဆုံး ပစ္ဆိမသာဝက ဖြစ်တဲ့ သုဘဒ္ဒပရိဗိုဇ် မေးတဲ့အခါမှာ အကျယ်တဝင့်တော့ ပြောမနေ တော့ဘူး သုဘဒ္ဒ-

**ယသ္မိံ စခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော ဥပလဗ္ဘတိ၊ ပဌမောပိ သမဏော ဥပလဗ္ဘတိ၊ ဒုတိယောပိ သမဏော ဥပလဗ္ဘတိ၊ တတိယောပိ သမဏော ဥပလဗ္ဘတိ၊ စတုတ္ထောပိ သမဏော ဥပလဗ္ဘတိ။**

မဂ္ဂင် (၈)ပါးရှိတဲ့ သာသနာတော်မှာ ပဌမ သောတာပန်ရဟန်း၊ ဒုတိယ သကဒါဂါမ်၊ တတိယ အနာဂါမ်၊ စတုတ္ထ ရဟန္တာဆိုတာ ရှိနိုင်တယ်။

မဂ္ဂင် (၈)ပါး မရှိတဲ့ သာသနာ၊ မဂ္ဂင် (၈)ပါး မရှိတဲ့ နေရာမှာ အရိယာ ရဟန်းတွေ မရှိနိုင်ဘူး ဆိုပြီးတော့ အဲဒီနားမှာ မြတ်စွာဘုရားက-

**ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ၊**

လောကကြီးမှာ ရဟန္တာတွေ ဆိတ်သုဉ်းသွားနိုင်ပါသလားလို့ မေးလျှောက်တော့ မြတ်စွာဘုရားက "မဆိတ်သုဉ်းပါဘူး"တဲ့။

တစ်ဆင့်တစ်ဆင့် မဂ္ဂင်လမ်းစဉ်အတိုင်း ကျင့်စဉ်အတိုင်း ကျင့်ပြီး

http://www.dhammadownload.com



တော့သွားတဲ့ ပုဂ္ဂိုလ်တွေ လက်ဆင့်ကမ်း ပခုံးပြောင်းပြီးတော့ ကျင့်နည်း ကြံနည်းတွေကို လက်ဆင့်ကမ်း ပခုံးပြောင်းပြီးတော့ သွားမယ်ဆိုရင် အရိယာ ရဟန်းတွေ ရဟန္တာတွေ မဆိတ်သုဉ်းပါဘူးတဲ့။

အဲဒီတော့ ဘုန်းကြီးတို့ လမ်းစဉ်မပျောက်သေးဘူး။ ကမ္ဘာ့လူထုကြီး က နိဗ္ဗာန်လမ်း ပျောက်နေတာ များပါတယ်။ ဘုန်းကြီးတို့တစ်တွေ မပျောက် ကြသေးဘူး။ အဲဒီလို မပျောက်သေးတဲ့ လမ်းအတိုင်း သွားနေရတဲ့အတွက် ဝမ်းမြောက်ဖွယ် အားရဖွယ် ကျေနပ်ဖွယ် ဖြစ်ပါတယ်။ ဒါကြောင့်-

**ဧတဒတ္တနိ သမ္ဘူတံ၊ ဗြဟ္မယာနံ အနုတ္တရံ။**

**နိယျန္တိ ဓီရာ လောကမှာ၊ အညဒတ္ထု ဇယံဇယံ။**

ယေသံဓီရာနံ- အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကို လေးစားခံမင် အကြင်ပညာရှင်တို့အား။ အနုတ္တရံ- ထွဋ်ဆုံးနိဗ္ဗာန် ရောက် ကြောင်းမှန်၍ တုရန်ယှဉ်ထား ယာဉ်တစ်ပါးဟု အစားရှာမရ အထွဋ်ဆုံး အမြတ်ဆုံး ဖြစ်ပေသော။

(နိဗ္ဗာန်ရောက်ဖို့ရာ ဒီထက်ကောင်းတဲ့ ယာဉ်ရထားမရှိဘူး။ ဒီမဂ္ဂင် ယာဉ်ရထားကတော့ အကောင်းဆုံး ယာဉ်ရထားပဲ။)

အတ္တနိသမ္ဘူတံ- ကိုယ်စွမ်းလုံ့လ အသုံးချသဖြင့် လုံးဝစုံလင် မိမိ သန္တာန်တွင် ဖြစ်ပေါ်၍နေသော။

(ယာဉ်ကလည်း ငှားစီးရမှာ မဟုတ်ဘူးတဲ့။ မိမိသန္တာန်မှာ ကိုယ် အစွမ်း ကိုယ့်လုံ့လနဲ့ ထုတ်ပြီးတော့ ကိုယ်စွမ်းလုံ့လ အသုံးချသဖြင့် လုံးဝ စုံလင် မိမိသန္တာန်တွင် ဖြစ်တဲ့ယာဉ်။)

ဧတံ ဗြဟ္မယာနံ- အရိယာမဂ္ဂင် စက်ဆင်ယှဉ်ထား ထိုမြတ်ရထား သည်။ အတ္ထိ- ကိုယ်ပိုင်ဉာဏ်အား စွမ်းပကားဖြင့် ထင်ရှားမသွေ ဖြစ်ပေါ် လာပါပေ၏။

(အကြင် အကြင်အရိယာ ပညာရှင်တို့အား နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တဲ့ အရိယာမဂ္ဂင်ဆိုတဲ့ ယာဉ်ရထားကြီး ကိုယ်စွမ်းလုံ့လ အသုံးချပြီးတော့ အသီးအသီး ရှိနေမယ်ဆိုရင်တဲ့)

တေဓီရာ- အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကို လေး

http://www.dhammadownload.com



စားခံ့မင် ထိုထိုပညာရှင်တို့သည်။ အညဒတ္ထု- စင်စစ်ဧကန် အမှန်ပင်လျှင်။ ဇယံ ဇယံ- ကိလေသာစုံ ရန်သူပုန်ကို အကုန်တိုက်ဖျက် အောင်လျှက် အောင်လျှက်သာလျှင် လောကမှာ အမြဲကြုံရ ဘေးဒုက္ခနှင့် သောကမကင်း လောကတွင်းမှ။

လောကမှာ- အမြဲကြုံရ ဘေးဒုက္ခနှင့် သောကဖိစီး လောကကြီးမှ။

(လောကဆိုတာ ဘာလဲဆိုတော့ အမြဲကြုံရတဲ့ သောက၊ အမြဲကြုံရတဲ့ ဘေးဒုက္ခနှင့် ဘေးတွေကလည်းဝိုင်းလို့ သောကမကင်းနိုင်တဲ့ လောကကြီး၊ အဲဒီ လောကကြီးထဲမှာ)

နိယျန္တိ- ဒုက္ခဘယ်ဆီ ပြန်မလည်ဘဲ ကြည်လင်အေးမြ သက်သာရလျက် ထွက်မြောက်နိုင်ကြလေကုန်၏။

## ထွက်ရပ်လမ်း

ဟော- ဒီနည်းပဲ ရှိတယ်တဲ့။ ဘေးတွေ သောကတွေ စိုးရိမ်မှုတွေ ပေါ်များတဲ့ လောကကြီးထဲမှ လွတ်မြောက်နိုင်တဲ့နည်း မြတ်စွာဘုရား ပေးခဲ့တယ်။

ဒါကြောင့် ဘုန်းကြီးတို့တစ်တွေ နိဗ္ဗာန်လမ်း မပျောက်သေးဘူး။

**ဧတဒတ္ထနိသမ္မတံ၊ ဗြဟ္မယာန မနုတ္တရံ။**

**နိယျန္တိဓီရာ လောကမှာ အညဒတ္ထု ဇယံ ဇယံ။**

ယေသံဓီရာနံ- အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကို လေးစားခံ့မင် အကြင်အရိယာ ပညာရှင်တို့အား။ အနုတ္တရံ- ထွဋ်ဆုံးနိဗ္ဗာန် ရောက်ကြောင်းမှန်၍ တုရန်ယှဉ်ထား ယာဉ်တစ်ပါးဟု အစားရှာမရ အထွဋ်ဆုံး အမြတ်ဆုံး ဖြစ်ပေထသော။ ဧတံ ဗြဟ္မယာနံ- အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား ထိုမြတ်ရထားသည်။ အတ္တိ- ကိုယ်ပိုင်ဉာဏ်အား စွမ်းပကားဖြင့် ထင်ရှားမသွေ ဖြစ်ပေါ်လာပါပေ၏။ တေဓီရာ- အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကို လေးစားခံ့မင် ထိုထိုပညာရှင်တို့သည်။ အညဒတ္ထု- စင်စစ်ဧကန် အမှန်ပင်လျှင်။ ဇယံဇယံ- ကိလေသာစုံ ရန်သူပုန်ကို အကုန်တိုက်ဖျက် အောင်လျှက် အောင်လျှက်သာလျှင်။ လောကမှာ- အမြဲကြုံရ

http://www.dhammadownload.com



ဘေးဒုက္ခနှင့် သောကမကင်း လောကတွင်းမှ။ နိယျန္တိ- ဒုက္ခဘယ်ဆီ ပြန်မလည်ပဲ ကြည်လင်အေးမြ သက်သာရလျက် ထွက်မြောက်နိုင်ကြလေကုန်၏။

ဟော- ဒီနည်းပဲ ရှိတယ်တဲ့။ ဘေးတွေ အင်မတန်ပေါတဲ့ လောကကြီး၊ စိုးရိမ်ပူဆွေး စိတ်မအေးစရာတွေ များတဲ့ လောကကြီးမှ ထွက်မြောက်နိုင်တဲ့နည်း မြတ်စွာဘုရား ပေးခဲ့တယ်။

ဘုန်းကြီးတို့တစ်တွေ နိဗ္ဗာန်လမ်းမပျောက်သေးဘူး။ ကမ္ဘာ့လူထုကြီးက ဘယ်လိုပဲ ပညာရှိရှိ နိဗ္ဗာန်မြေပုံကို ဆွဲမပြနိုင်ပါဘူး။ လုံးချာလိုက်နေတယ်။ ကမ္ဘာ့ပညာရှင်တွေ မပြနိုင်တဲ့ မသိနိုင်တဲ့ နိဗ္ဗာန်လမ်း။ "**အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ**"။ ဒီ (၈)မျိုးပဲ အခြားမရှိပါဘူး။

ဒီသာသနာတော်မှတစ်ပါး အခြားနေရာတွေမှာ ဒီလမ်းမျိုး မရှိပါဘူးတဲ့။ ဒီလမ်းမျိုးမရှိတော့ နိဗ္ဗာန်လည်း မရှိဘူးပေါ့။ ဒါကြောင့်-

**ဧတဒတ္ထနိသမ္မုတံ၊ ပြဟွယာနမနုတ္တရံ၊**
**နိယျန္တိဓီရာ လောကမှာ၊ အညဒတ္ထု ဇယံဇယံ။**

ယေသံဓီရာနံ- အရိယာမဂ္ဂင် စက်ရှင်ဆင်ထား မြတ်ရထားကို လေးစားခုံမင် အကြင်အရိယာ ပညာရှင်တို့အား။ အနုတ္တရံ- ထွင်ရှုဆုံးနိဗ္ဗာန်ရောက်ကြောင်းမှန်၍ တုရန်ယှဉ်ထား ယာဉ်တစ်ပါးဟု အစားရှာမရ အထွဋ်ဆုံး အမြတ်ဆုံး ဖြစ်ပေထသော။ ဧတံ ပြဟွယာနံ- အရိယာမဂ္ဂင် စက်ရှင်ဆင်ထား ထိုမြတ်ရထားသည်။ အတ္ထ- ကိုယ်ပိုင်ဉာဏ်အား စွမ်းပကားဖြင့် ထင်ရှားမသွေ ဖြစ်ပေါ်လာပါပေ၏။ တေဓီရာ- အရိယာမဂ္ဂင် စက်ရှင်ဆင်ထား မြတ်ရထားကို လေးစားခုံမင် ထိုထိုအရိယာ ပညာရှင်တို့သည်။ အညဒတ္ထု- စင်စစ်ဧကန် အမှန်ပင်လျှင်။ ဇယံဇယံ- ကိလေသာစုံ ရန်သူပုန်ကို အကုန်တိုက်ဖျက် အောင်လျှက် အောင်လျှက်သာလျှင်။ လောကမှာ- အမြဲကြုံရ ဘေးဒုက္ခနှင့် သောကမကင်း လောကတွင်းမှ။ နိယျန္တိ- ဒုက္ခဘယ်ဆီ ပြန်မလည်ပဲ ကြည်လင်အေးမြ သက်သာရလျှက် ထွက်မြောက်နိုင်ကြလေကုန်၏။ ဧဝမေဝ- မချို့တမူ ထို့အတူသာလျှင် သပ္ပုရိသာ သူတော်စင်ဖြစ်ကြကုန်သော ယောဂီအပေါင်းတို့သည်။ လောကမှာ- အမြဲကြုံရ ဘေးဒုက္ခနှင့်

http://www.dhammadownload.com



သောကမကင်း လောကတွင်းမှ၊ နိယျန္တ- ဒုက္ခဘယ်ဆီ ပြန်မလည်ပဲ ကြည်လင်အေးမြ သက်သာရလျှက် ထွက်မြောက်နိုင်ကြ လွတ်မြောက်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

**တတိယနေ့ ဟောစဉ်ပြီး၏။**

## စတုတ္ထနေ့ ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ ကဆုန်လဆန်း (၄)ရက်နေ့။

**အားကိုးဖွယ်ရာ ဤဆယ်ဖြာ**

ယောဂီသူတော်စင်များ စတုတ္ထနေ့အဖြစ်နဲ့ သမထ ရှုမှတ်ပွားများပြီး လာခဲ့တဲ့ရက်ဟာ ယနေ့ (၄)ရက်မြောက် စတုတ္ထနေ့။

အဲဒီနေ့မှာ အားကိုးဖွယ်ရာ ဤ(၁၀)ဖြာတဲ့။ အားကိုးစရာ အားထားစရာ (၁၀)မျိုး။

မြတ်စွာဘုရားကတော့-

**"ဒသနာထကရဏာဓမ္မာ"**- အားကိုးဖွယ်ရာ ဖြစ်တဲ့တရားတွေဟာ (၁၀)မျိုး၊ အဲဒီတရားတော်တွေက-

**သီလကြားမြင် မိတ်ကောင်းယှဉ် ဆိုလျှင် နားထောင်ငြား။**

၁။ **သီလ**တဲ့ ယောဂီသူတော်စင်များ သီလစောင့်ထိန်းပြီတော့ထား၊ မကျိုးမပျောက် မပေါက်ကျားတဲ့ သီလ ရှိနေကြတယ်။ အားကိုးရာ တစ်ခုပါပဲ။

၂။ **အကြားအမြင်များခြင်း**- နေ့စဉ် မိနစ် (၃၀)ခန့်လောက် တရားဒေသနာတော်များ ဟောကြားပြီးတော့ ပေးခြင်းဖြင့် အကြားအမြင်များလာ၊ မိမိတို့ ရှုမှတ်ပွားများပြီးတော့ အားထုတ်ပြီးတော့ လာခဲ့တော့ တရားအမြင်ဟာ များပြားလာပါလိမ့်မယ်။ ဒါလည်း အားကိုးစရာပဲ။

**မိခင်ဇာဂရာဝတီ**

32(B)

http://www.dhammadownload.com



၃။ **မိတ်ကောင်းယှဉ်**- မိမိရဲ့ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးစီးပွားကို လိုလားတဲ့ မိတ်ကောင်း ဆွေကောင်းရှိခြင်း။

၄။ **ဆိုလျှင် နားထောင်ငြား**- ဟောကြားညွှန်ကြားချက်များကို ကမ္မဋ္ဌာန်းနည်းပြ ကမ္မဋ္ဌာနာ စရိယ ဆရာတော်များ ဆရာများက ညွှန်ကြား ချက်အတိုင်း လိုက်နာဆောင်ရွက်ပြီးတော့ နေမယ်ဆိုရင် **"သောဝစဿတာ"** ဂုဏ်နဲ့ ပြည့်စုံပါတယ်။

**လိမ္မာကျွမ်းကျင် တရားခင် မြပင်စဉ်ကြိုးစား။**

၅။ **လိမ္မာကျွမ်းကျင်**- ဆိုတာ လူ့ကိစ္စ ရဟန်းကိစ္စ သူ့ဘဝနဲ့ သူ့ဌာနနဲ့ သူ လိမ္မာကျွမ်းကျင်ခြင်း၊

၆။ **တရားခင်**မင်ခြင်း တရားမြတ်နိုးခြင်း၊

၇။ **အမြဲတမ်း** အားထုတ်ပြီးတော့နေတဲ့ အချက်တွေဟာလဲ အားကိုးစရာတွေ တရားခင်မင် တရားလိုလားမှု ရှိတာလဲပဲ အားကိုးစရာပဲတဲ့။

**ရောင့်ရဲသတိ ဉာဏ်မြင်ရှိ မှတ်သိဤဆယ်ပါး။**

၈။ ရသမျှနဲ့တင်းတိမ် ကျိန်သမျှနဲ့ရောင့်ရဲ စားခန်းသောက်ခန်း နေခန်းထိုင်ခန်း အားလုံးဟာ မိမိတို့စိတ်တိုင်းကျချင်မှ ကျမယ် သို့သော်လဲပဲ-

**ရသမျှနဲ့**တင်းတိမ် ကျိန်သမျှနဲ့ ရောင့်ရဲနေခြင်းဟာ ဒါအားကိုးစရာပဲတဲ့။

၉။ **သတိ**တဲ့ သတိ ထွက်လေ ဝင်လေကို ပွားများပြီးနေခြင်းကလဲ အားကိုးစရာ။

၁၀။ **ဉာဏ်မြင်ရှိ**- ဉာဏ်ဆိုတဲ့နေရာမှာ ဒါဝိဇ္ဇာဓာတ် အလင်းရောင်ကို ခေါ်တာပါပဲ။ အဲဒီ ဝိဇ္ဇာဓာတ်အလင်းရောင်ကို ကျေးဇူးရှင် လယ်တီဆရာ တော်ဘုရားကြီးက-

**အသိအလိမ္မာ ဉာဏ်ပညာ ဝိဇ္ဇာအမောဟ။**

အသိဓာတ်ကလေး ဝိဇ္ဇာဓာတ်ကလေး (သို့မဟုတ်) ဉာဏ် အမောဟဓာတ်ကို ဝိဇ္ဇာဓာတ် အလင်းရောင်။

http://www.dhammadownload.com



**အမှောင်ငါးသင်း အလင်းငါးပါး**

**မိုက်မဲစွာလှ မိုက်ကြီးကျ မောဟအဝိဇ္ဇာ။**

အဝိဇ္ဇာဆိုတဲ့ပုဒ်က မှောင်ကြီး မိုက်တယ်၊ မဲတယ်၊ မှောင်ကျတယ်၊ မသိမှု "မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ"။ အဲဒီ မိုက်ခြင်း မဲခြင်း မှောင်ခြင်း။ အဲဒီ အမှောင်ကနေပြီးတော့ ထွက်မြောက်တာက ဝိဇ္ဇာဓာတ်၊ အသိအလိမ္မာ ဉာဏ်ပညာဓာတ်။

ဒါကို ဆရာတော်ဘုရားကြီးက "အမိုက်ငါးသင်း အလင်းငါးပါး" ခွဲခြားရေးသားတော်မူခဲ့တယ်။ အမိုက်ငါးပါးဆိုတာ ဘာလဲဆိုတော့။

၁။ ကံ,ကံ၏အကျိုးကို မသိခြင်း၊ မယုံကြည်ခြင်း။

၂။ မိမိသန္တာန်မှာ ဖြစ်နေတဲ့ ရုပ်တရား နာမ်တရားတို့ကို ခွဲခြား၍ မသိခြင်း၊ အမိုက်မှောင်ကြီး။

၃။ မိမိသန္တာန်မှာ ဖြစ်ပေါ်တဲ့ ရုပ်တရား နာမ်တရားတို့ရဲ့ အကြောင်းအကျိုးကို မသိခြင်းဆိုတဲ့ အမှောင်ကြီးက တစ်ခု။

၄။ ရုပ်တရား နာမ်တရားတို့ရဲ့ အမှတ်တံဆိပ်ဖြစ်တဲ့ အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့ အမှတ်တံဆိပ်ကြီးများကို မသိ မမြင်ခြင်းဆိုတဲ့ အမိုက်မှောင်ကြီး တစ်ခု။

၅။ နိဗ္ဗာန်ကို မသိခြင်းဆိုတဲ့ အမိုက်မှောင်ကြီးက တစ်ခု။

ပေါင်းလိုက်တော့ အမိုက်မှောင်ကြီး ငါးခု။ တစ်နည်းအားဖြင့်၊ အမိုက်ငါးသင်း ပါတဲ့။

အဲဒီတော့ အမိုက်ငါးသင်းကို အလင်းဖြစ်အောင် ကြိုးစားကြရမယ်။

နံပါတ် (၁)- ကံ,ကံ၏အကျိုးကို မသိခြင်းဆိုတဲ့ အမိုက်မှောင်ကြီး၊ ဟောဒီ အမိုက်မှောင်ကြီးကတော့ ဘုန်းကြီးတို့တစ်တွေ လွတ်ကင်းခဲ့ပြီ။ ယောဂီသူတော်စင်များလည်း မိရိုးဖလာအားဖြင့်ကိုက ကံ,ကံ၏အကျိုးကို ယုံကြည်မှုက မိဘတွေရဲ့ ကျေးဇူး၊ ဆရာသမားတွေရဲ့ ကျေးဇူး၊ အဘိုး အဘွားတွေရဲ့ ကျေးဇူးကိုက ကုသိုလ်လုပ်ရင် ကောင်းကျိုးရမယ်။ အကုသိုလ် လုပ်ရင် မကောင်းကျိုးရမယ်။ ဒီအချက်အလက်ကလေးတွေက အမိအဖ အဘိုးအဘွား ဆရာသမားတို့ထံကနေပြီး ကံ,ကံ၏အကျိုးကို မသိခြင်းဆိုတဲ့

http://www.dhammadownload.com



အမိုက်မှောင်က လွတ်ကင်းပြီးတော့၊ ကံ,ကံ၏အကျိုးကို သိခြင်း မြင်ခြင်း ကမ္မဿကတာဉာဏ် အလင်းဓာတ်ကြီးကတော့ ရရှိခဲ့ကြပြီ။

ဒါလည်းပဲ ကမ္ဘာ့လူထုကြီး အများစုထဲမှာ ဒီပထမဆုံး အလင်းဓာတ် မိရိုးဖလာအားဖြင့် မိဘဘိုးဘွား ဆရာသမားတို့၏ ပြောဆိုဆုံးမချက်ကို ရယူခံယူပြီးတော့ ကမ္မဿကတာဉာဏ် အလင်းဓာတ်ဟာလည်း လူတိုင်း တော့ မရနိုင်ဘူး။

အခု ယောဂီသူတော်စင်များ ဒီအလင်းဓာတ်ကတော့ တရား အားမထုတ်လည်း ရပါတယ်။ တရားအားမထုတ်ခင်ကလည်း ရကြတယ်။ ဒါက သာသနာ့အလင်းတော့ မဟုတ်သေးဘူး။ "**သံသာရအလင်း ကမ္ဘာ့ အလင်း**"လို့သာ ဆိုနိုင်ပါသေးတယ်။

ဘာကြောင့်လဲဆိုရင် မြတ်စွာဘုရား ပွင့်တော်မူသည်ဖြစ်စေ၊ မပွင့် သည်ဖြစ်စေ ပညာရှိသူတော်ကောင်းတွေကနေပြီး ကံ,ကံ၏အကျိုးကို ယုံ ကြည်အောင် ဆုံးမမှုကရှိပြီးတော့နေတာ။

သာသနာပမှာလည်း ကံ,ကံ၏အကျိုးကို ယုံကြည်မှုက ရှိပြီးနေလေ တော့ သာသနာ့အလင်းလို့ မခေါ်ပါနဲ့။ ကံ,ကံ၏အကျိုးကို ယုံကြည်ရုံလေးနဲ့ ကျေနပ်မနေပါနဲ့။ သာသနာနဲ့ တွေ့မှ ရရှိတဲ့အလင်းဓာတ် မဟုတ်ပါဘူးဘဲ့။

ဒီအလင်းဓာတ်နဲ့ ပတ်သက်ပြီး ဘုန်းကြီးတို့ ယောဂီတို့ ကိုယ်တိုင် ကိုယ်ကျ ရရှိကြတယ်။ အဲဒီ ကမ္မဿကတာဉာဏ် အလင်းဓာတ်ကလေး ရရှိရုံလေးနဲ့တော့ မကျေနပ်ပါနဲ့။

နံပါတ်(၂)- ရုပ်တရား နာမ်တရားတွေကို ဝေခွဲ၍ သိနိုင်တဲ့ ဉာဏ် အလင်းဓာတ်။ ယော- ကမ္ဘာ့လူထု အများစုဟာ ရုပ်တရား နာမ်တရားတွေကို ခွဲခြား၍ မသိခြင်းဆိုတဲ့ အမိုက်မှောင်ကြီးထဲမှာ နေကြရတယ်၊ မထွက်နိုင်ဘူး။

ယနေ့ တရားအားထုတ်ကြတဲ့ ယောဂီသူတော်စင်များ အဲဒီ ရုပ် တရား နာမ်တရားတွေကို ခွဲခြားပြီးတော့ "**ဓမ္မဝဝတ္ထာနဉာဏ်**"၊ နာမ်ရုပ်ကို ပိုင်းခြားပြီး **သိနိုင်တဲ့** နာမရူပပရိစ္ဆေဒဉာဏ်။ ဒီဉာဏ်အတွက် အခု သမာဓိ ရအောင် ထွက်လေ ဝင်လေကို ရှုမှတ်ပြီးတော့ သမာဓိပျိုးထောင်ပြီးတော့ နေကြရတာပါပဲ။

http://www.dhammadownload.com



အဲဒါကတော့ သူ့အချိန်အခါနဲ့သူ ရုပ်ကရား နာမ်တရားတွေကို ပိုင်းခြားဝေဖန်ပြီးတော့ သိနိုင်တဲ့ ဉာဏ်ထူး ဉာဏ်မြတ်ကြီးဟာလဲပဲ မနက် ဖန်လောက်ဆိုရင် ပေါ်လွင်လာပါလိမ့်မယ်။ အလင်းဓာတ်ကြီး၊ ဒီအလင်း ဓာတ်ရဖို့ရာ ကြိုတင်ပြင်ဆင် ကြိုးစားနေကြရတာပါ။

ယခုအခါမှာ တရားအားမထုတ်ပဲနဲ့တော့ ဒီအလင်းဓာတ် ရဖို့ မလွယ်ဘူး။ ဒီအလင်းဓာတ်ကတော့ သာသနာနဲ့ကြုံမှ ရရှိနိုင်တဲ့ အလင်း ဓာတ် ဖြစ်ပါတယ်။

နံပါတ် (၃)- အမိုက်ဓာတ်ကြီးနဲ့ အလင်းဓာတ်က ဘယ်လိုပြောရ မလဲဆိုရင် မိမိတို့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ ရုပ်တရား နာမ်တရား အကြောင်းအကျိုးကို မသိခြင်းဆိုတဲ့ အမိုက်မှောင်ကြီးကို ကျကျနနသိဖို့ ဆိုတာကတော့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး သဘောပေါက်မှ၊ တစ် နည်းအားဖြင့်၊ ပဋ္ဌာန်းဒေသနာတော်ကြီး သဘောပေါက်မှ၊ တစ်နည်း အားဖြင့်၊ မိမိတို့သန္တာန်မှာ ဖြစ်ပေါ်နေဆဲဖြစ်တဲ့ အကြောင်းအကျိုး ခွဲခြားဝေဖန်ပြီး သိကြမယ်ဆိုရင် ပစ္စယပရိဂ္ဂဟဉာဏ် အလင်းဆိုတာလည်း ပေါ်ပေါက်နိုင်ပါတယ်။

နံပါတ် (၄)- ရုပ်တရား နာမ်တရားတို့ရဲ့ အမှတ်တံဆိပ်ဖြစ်တဲ့ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတို့ကို မသိခြင်းဆိုတဲ့ အမိုက်မှောင်ကြီး ဒီအမိုက်မှောင်ကြီး ပျောက်ဖို့ရန်အတွက် အခုတရားအားထုတ်နေကြ တာပါပဲ။

မိမိတို့ အားထုတ်လို့ ခန္ဓာပေါ်မှာ ဖြစ်ပေါ်လာတဲ့ ရုပ်တရား နာမ် တရားတို့ရဲ့ မမြဲသောအချက် ဆင်းရဲသောအချက် အစိုးမရသောအချက်၊ တစ်နည်းအားဖြင့်၊ ရုပ်တရား နာမ်တရားတို့ရဲ့ အမှတ်တံဆိပ်ကြီး**များ**ကို အားထုတ်ရင်း အားထုတ်ရင်းနဲ့ ထင်ထင်ရှားရှား သိမြင်ပြီးလာပါလိမ့်မယ်။

အဲဒီလို သိမြင်ပြီးလာတော့ ဟော **"လက္ခဏပရိဂ္ဂဟဉာဏ်"** အလင်း ဓာတ်ကြီး ပေါ်လာပြီး သာသနာတော်နှင့် တွေ့ရကျိုးနပ်မယ်။

ရုပ်တရား **နာမ်တရားတို့ရဲ့ အနိစ္စအချက်**, **ဒုက္ခအချက်**, **အနတ္တ** အချက်။

http://www.dhammadownload.com



မနက်ဖြန်ဆိုရင် ဒီအမှတ်တံဆိပ်တွေကို ဝိပဿနာ ကူးပြောင်းလာတဲ့အခါ ထင်ရှားပေါ်လွင်လာပါလိမ့်မယ်။

ဒါကြောင့် ဒီအလင်းဓာတ်ကြီးဟာလဲ လက္ခဏပဋိဝေဓဉာဏ်ဆိုတဲ့ အလင်းဓာတ်ကြီးပါ ကာလရှည်ကြာ သံသရာမှာ ကျင်လည်ပြီးတော့ နေကြသော်လဲပဲ ဒီအလင်းဓာတ်ကို မသိကြဘူး။

အခု အားထုတ်ပြီး ကြည့်လိုက်တဲ့အခါကျတော့ လက္ခဏပဋိဝေဓဉာဏ်ခေါ်တဲ့ အလင်းဓာတ်ကြီး ထိုက်တန်သလောက် ရရှိကြပါလိမ့်မယ်။

နံပါတ် (၅)- နိဗ္ဗာနသမ္မောဟ၊ နိဗ္ဗာန်ကို မမြင်နိုင်ခြင်းဆိုတဲ့ အမိုက်မှောင်ကြီး၊ ဒီအမိုက်မှောင်ကြီး ပျောက်ဖို့ရာဆိုတော့ သမထ၊ သမထကနေ ဉာဏ်အဆင့်ဆင့်၊ ဝိပဿနာဉာဏ် အဆင့်ဆင့်ကနေပြီးတော့ ပုထုဇဉ်အဆင့်နဲ့ အရိယာစခန်း စပ်ကူးမတ်ကူးဖြစ်တဲ့ ဂေါတြဘူဉာဏ်ကနေပြီးတော့ မဂ်ဉာဏ်။

ဟော- **"ကိလေသေမာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ"**- ကိလေသာတွေ သတ်ဖြတ် နိဗ္ဗာန်ကို ဆိုက်ရောက်တတ်တဲ့ ဉာဏ်မျိုးကို မဂ်ဉာဏ်။

နိဗ္ဗာန်ကို ဆိုက်ရောက်တတ်ရုံ မဟုတ်ဘူးတဲ့။ နိဗ္ဗာန်ကို သိမြင်တတ်တဲ့ဉာဏ်၊ သောတာပတ္တိမဂ်ဉာဏ်။

မဂ်ဉာဏ်လေးပါး အဆင့်ဆင့်ရရှိပြီဆိုရင် နိဗ္ဗာန်ကို မမြင်တဲ့ အမိုက်မှောင်ကြီး ကင်းပျောက်ပြီးတော့ မြင်နိုင်တဲ့ **"နိဗ္ဗာနပဋိဝေဓဉာဏ်"** ဖြစ်ပေါ်လာနိုင်ပါတယ်။

ဒါကြောင့် အဲဒီဉာဏ်ကြီး အလင်းဓာတ်ကြီးတွေ ရရှိဖို့ရာ ပထမဆုံး အလင်းဓာတ်ကြီးကတော့ ကျော်လွန်ခဲ့ကြပြီ။ ပထမဆုံး အလင်းဓာတ်ကြီး ရရှိနေတာ အမှန်ပဲ။

ဒုတိယ မိမိတို့သန္တာန်မှာဖြစ်တဲ့ ရုပ်တရား နာမ်တရားတွေကို ပိုင်းခြား၍ သိနိုင်တဲ့ ဉာဏ်အလင်းဓာတ်ကြီး။

တတိယ အဲဒီဖြစ်ပေါ်နေတဲ့ ရုပ်တရား နာမ်တရားတို့ရဲ့ အကြောင်းအကျိုး ကွင်းဆက်ကို သိရှိနားလည်နိုင်တဲ့ ဉာဏ်အလင်းဓာတ်ကြီး။

ဒီအလင်းဓာတ်ကြီးတွေက ဖာသိဖာသာနေလို့ မရနိုင်ဘူး။ သာမန်

http://www.dhammadownload.com



နဲ့ မရနိုင်ဘူး။

ရုပ်တရား နာမ်တရားတို့ရဲ့ အနိစ္စအမှတ်တံဆိပ်၊ ဒုက္ခအမှတ်တံဆိပ်၊ အနတ္တအမှတ်တံဆိပ်တို့ကို ထိုးထွင်း၍ သိနိုင်တဲ့ဉာဏ်အလင်းဓာတ်ကြီး။ ဒီဉာဏ်အလင်းဓာတ်ကြီးတွေကို သိတတ်တဲ့ ဉာဏ်အလင်းဓာတ်ကြီး။

နံပါတ် (၅)ဖြစ်တဲ့ နိဗ္ဗာနပဋိဝေဓဉာဏ်၊ နိဗ္ဗာန်ကို မြင်နိုင် ထင်နိုင်တဲ့ ဉာဏ်အလင်းဓာတ်ကြီး။

## အခြေခံအလင်းဓာတ်မှသည်

အဲဒီတော့ ဒီဉာဏ်အလင်းဓာတ်ကြီးတွေဟာ စောစောကပြောတဲ့ ဉာဏ်အလင်းဓာတ်ကြီး ပထမဆုံးဖြစ်တဲ့ ဉာဏ်အလင်းဓာတ်ကြီးကတော့ မိရိုးဖလာအားဖြင့်၊ တစ်နည်းအားဖြင့်၊ ဘိုးဘွားမိဘ ဆရာသမားတို့ရဲ့ ကျေးဇူးနဲ့ အလင်းဓာတ်ကြီးကို ကျော်လွန်တယ်။

ဒီအလင်းဓာတ်ကြီးဟာ သိပ်ပြီးအရေးကြီးတယ်။ ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့ အလင်းဓာတ်ကြီးဟာ-

**"ကမ္မဿကတာ ဉာဏေဋ္ဌတွာ"**- ကံ,ကံ၏အကျိုးကို သိတဲ့ဉာဏ်ပေါ်မှာ ရပ်တည်ပြီးတော့မှ **"ဗောဓိသတ္တာပိ"**- ဘုရားလောင်းတို့သည်လည်းကောင်း၊ ဘုရားလောင်းကြီးတို့ ပါရမီဖြည့်တာလည်း ဒီဉာဏ်အပေါ် မူတည်ပါတယ်။

ပစ္စေကဗုဒ္ဓါများ ပါရမီဖြည့်တာလည်း ဒီဉာဏ်အပေါ် အခြေခံပါတယ်။ သာဝကလောင်းလျာကြီးတွေ ပါရမီဖြည့်တာလည်း ဒီဉာဏ်ကိုသာ အခြေခံပါတယ်။ ကမ္မဿကတာဉာဏ်ရှိမှ-

စဉ်းစားကြည့်ကြရင် ကမ္ဘာ့လူထုကြီးဟာ ကမ္မဿကထာဉာဏ်အလင်းဓာတ်ကြီး ဆိတ်သုဉ်းပြီးတော့ ကမ္မသမ္မောဟခေါ်တဲ့ ကံ,ကံ၏အကျိုးကို မသိကြတဲ့ လူထုကြီးက အများကြီးပဲ။

အဲဒီတော့ အကြောင်းအားလျော်စွာ ကံအားလျော်စွာ ကမ္မဿကတာဉာဏ် အလင်းဓာတ်ကြီး ရှိပေလို့သာ ယခုလို အလင်းဓာတ်ကြီး အဆင့်ဆင့်-

http://www.dhammadownload.com



- ဓမ္မဝဝတ္ထာနခေါ်တဲ့ ဉာဏ်အလင်းဓာတ်ကြီး၊
- ပစ္စယပဋိဝေဓခေါ်တဲ့ ဉာဏ်အလင်းဓာတ်ကြီး၊
- လက္ခဏပဋိဝေဓခေါ်တဲ့ ဉာဏ်အလင်းဓာတ်ကြီး၊
- နိဗ္ဗာနပဋိဝေဓခေါ်တဲ့ ဉာဏ်အလင်းဓာတ်ကြီး-

ရရှိအောင် ကြိုးစားနိုင်ခဲ့ခြင်းပါပဲ။

**ဥပမာသုံးမျိုး**

ဒါကြောင့် အဲဒီလို ကြိုးစားနိုင်ဖို့ရာအတွက် စိတ်ကို မြတ်စွာဘုရား ညွှန်ပြတော်မူတဲ့နည်းနာနိဿယအတိုင်း ဘာဝနာကြိမ်လုံးနဲ့ ခြေမှုန်းနှိပ်ကွပ်ပြီးတော့နေတဲ့ အချိန်အခါသမယ ဖြစ်ပါတယ်။

အဲဒါကို မြတ်စွာဘုရားက ဥပမာနဲ့-

**ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊**
**ဥသုကာရာ နမယန္တိ တေဇနံ၊**
**ဒါရုံ နမယန္တိ တစ္ဆကာ၊**
**အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။**

နေတ္တိကာ- သမ္မာအာဇီဝ သက်မွေးမှုလျက် ဝသီမူဟောင်း ရှေးသူတော် လမ်းဟောင်း လမ်းကြောင်းဖြင့် မြောင်းကိုသွယ်စား လယ်သမားတို့သည်။ ဥဒကံဟိ- အသက်မရှိတဲ့ရေကိုပင်လျှင်။ နယန္တိ- လိုရာသွယ်သွင်း လယ်အတွင်းသို့ သွတ်သွင်းနိုင်ကြလေကုန်၏။

(လယ်သမားတွေ ကြည့်လိုက်၊ အသက်မရှိတဲ့ရေကို မြောင်းကလေးတွေ သွယ်ပြီးတော့ လိုတဲ့နေရာကို ရေသွယ်သွင်းပြီးတော့ ပေးနိုင်ကြတယ်)

ဥသုကာရာ- ရဲစိတ်ရဲမာန် ခက်ထန်မာန်ကြွား မြှားသမားတို့သည်။ တေဇနံ- အသက်မရှိတဲ့မြှားကိုပင်လျှင်။ နမယန္တိ- မီးတွင်ထိုးမြိုက် အလိုက်သင့်ပါအောင် ဆွဲဆောင်ဖြောင့်စင်း၍ ပေးနိုင်ကြကုန်၏။

(လေးမြှားပစ်ကြတဲ့ မြှားသမားတွေဟာ ဝါးကလေးကို သေသေချာချာ ချောမွေ့အောင် ဓားကလေးနဲ့သပ်၊ ပြီးတော့ရင် မီးထိုးမြိုက်လိုက်၊ မျက်စိလေးတစ်ဖက်မှိတ်ပြီးကြည့်လိုက်၊ အဲဒီလိုနဲ့ မြှားကို အဖြောင့်ဆုံးဖြစ်

http://www.dhammadownload.com



အောင် အသက်မရှိတဲ့မြှားကို ဖြောင့်စင်းပြီးတော့ ပေးကြတယ်။

နောက်တစ်ခုကတော့ လက်သမားတွေ တစ္ဆကခေါ်တဲ့ လက်သမားတွေ တောမှာပေါက်နေတဲ့ သစ်ကောက် သစ်ရိုင်းကို **မိမိတို့** အလိုအတိုင်း အဖြောင့်အကောက် လိုသလောက်ရအောင် ဖြောင့်စင်းပြီးတော့ ဆွဲဆောင်ပြီးတော့ ယူနိုင်ကြတယ်။) ဒါကြောင့်-

တစ္ဆကာ- သစ်ခွေ သမား လက်သမားတို့သည်။ ဒါရုံ- အလိုအလျောက် တောတွင်ပေါက်သည့် သစ်ကောက်သစ်ရိုင်းကို။ နမယန္တိ- အဖြောင့်အကောက် လိုသလောက်ပင် ကိုယ့်နောက်ပါအောင် ဆွဲဆောင်နိုင်ကြကုန်၏။

ပဏ္ဍိတာ- ပညာဉာဏ်ရှိ စံကဝိဟု ပဏ္ဍိတတွင်ခေါ် ပုဂ္ဂိုလ်ကျော်တို့သည်။ အတ္တာနံ- မိမိကိုယ်ကို။ အတ္တာနံ- ရာဂတည်းဟူ ကိလေမြူတို့ ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို။ ဒမယန္တိ- လယ်သမားကိုစံထား မြှားသမားကိုပုံယူ သစ်ခွေ သူကိုအားကျ ဓမ္မကြိုးကုတ် သမ္မပ္ပဓာန် လုံ့လထုတ်သဖြင့် ကိုယ့်ကိုယ်ကို ဓမ္မဆေးတို့ဖြင့် ယဉ်ကျေးအောင် ထုံးပြ၍ ဆုံးမသွန်သင် အလှဆုံး ပြင်ဆင်နိုင်ကြကုန်၏။

ပညာရှိသူတော်ကောင်းတွေက လယ်သမားကိုစံထား မြှားသမားကို ပုံယူ သစ်ခွေသူကိုအားကျပြီးတော့ မိမိတို့ရဲ့စိတ်ကို မိမိတို့အမိုက်မှောင်တွင်း ရောက်ရှိနေတဲ့စိတ်ကို အလင်းသို့ရောက်ရှိအောင် ဆုံးမနိုင်ကြတယ်။

ဒါကြောင့် ပဏ္ဍိတာ- ပညာဉာဏ်ရှိ စံကဝိဟု ပဏ္ဍိတတွင်ခေါ် ယောဂီသူတော်စင်အပေါင်းတို့သည်။ အတ္တာနံ- မိမိကိုယ်ကို (ဝါ) ရာဂတည်းဟူ ကိလေမြူတို့ ချေးထူဆို့ပိတ် မိမိတို့စိတ်ကို။ ဒမယန္တု- လယ်သမားကို စံထား မြှားသမားကိုပုံယူ သစ်ခွေ သူကိုအားကျ ဓမ္မကြိုးကုတ် သမ္မပ္ပဓာန် လုံ့လထုတ်သဖြင့် ကိုယ့်ကိုယ်ကို ဓမ္မဆေးတို့ဖြင့် ယဉ်ကျေးအောင် ထုံးပြ၍ ဆုံးမသွန်သင် အလှဆုံးပြင်ဆင်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

စတုတ္ထနေ့ ဟောစဉ်ပြီး၏။

**မိခင်ရောဝတီ**

http://www.dhammadownload.com



## ပဥ္စမနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ ကဆုန်လဆန်း (၅)ရက်နေ့။

### မဟာမိတ်စာချုပ်

အပါယ်ဘုံ အပါယ်ဘဝ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဘဝ နဲ့ ချုပ်ထားတဲ့စာချုပ်မှာ မဟာမိတ်စာအချုပ်ကြီး။ ဒီမဟာမိတ်စာချုပ်ကြောင့် "**စတ္တာရောအပါယာသကဂေဟာသဒိသာ**"။ စတ္တာရောအပါယာ- အပါယ် လေးဘုံတို့သည်။ သကဂေဟသဒိသာ- မိမိအိမ်နှင့် တူကြပါကုန်၏။

အပါယ်လေးဘုံနဲ့ မကင်းနိုင်တော့ စာချုပ်ချုပ်ထားတာထက်တောင် မြဲပါသေးတယ်။ ပုထုဇဉ်များ အပါယ်လေးဘုံနဲ့ စာချုပ်ချုပ်ထားသလိုပဲတဲ့။ မဟာမိတ်စာချုပ် ချုပ်ထားသလိုပဲ အဲဒီ မဟာမိတ်စာချုပ်ကို ဘယ်နည်းနဲ့ ဖြုတ်မလဲ၊ ဖျက်မလဲ။

မဟာမိတ်စာချုပ် ပျောက်စေချင်ရင် "**သက္ကာယဒိဋ္ဌိ**"ပျောက်အောင် ကြိုးစားကြ။

သက္ကာယဒိဋ္ဌိပျောက်အောင် သီလ, သမာဓိမှ ဝိပဿနာဉာဏ်အဆင့်ဆင့်နဲ့ သက္ကာယဒိဋ္ဌိကို ပပျောက်စေနိုင်တယ်။

"**နာမရူပါနံ ဥပ္ပါဒဝယဒဿနေန သက္ကာယဒိဋ္ဌိ ပဟီနာဟောတိ**" နာမရူပါနံ- နာမ်ရုပ်တို့၏။ ဥပ္ပါဒဝယဒဿနေန- ဖြစ်ခြင်း ပျက်ခြင်းကို မြင်ခြင်းကြောင့်။ သက္ကာယဒိဋ္ဌိ- သက္ကာယဒိဋ္ဌိကို။ ပဟီနာ- ပယ်နိုင်သည်။ ဟောတိ- ဖြစ်ပါပေ၏။

နာမ်ရုပ်တို့ဖြစ်တာ နာမ်ရုပ်တို့ပျက်တာ ဒီနှစ်ခုကို မြင်လို့ရှိရင် သက္ကာယဒိဋ္ဌိကို ပယ်နိုင်ပါတယ်။ မဟာမိတ်စာချုပ်ကြီး ဖျက်နိုင်ပါတယ်။

သက္ကာယဒိဋ္ဌိ ရှိနေသေးလို့ရှိရင် မဟာမိတ်စာချုပ် မပျက်ဘူးတဲ့။

"ဒိဋ္ဌိသက္ကာ၊ မဏ္ဍွာသမျှ၊ လူတွင်စကြာ၊ နတ်မှာသိကြား၊ မိုးဖျားဗြဟ္မာ၊ ဖြစ်တုံပါလေ၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက၊ မလွဲပါယ်ရွာ၊ ရောက်မြဲသာတည်း"

သက္ကာယဒိဋ္ဌိ မပျောက်သေးဘူး။ သက္ကာယဒိဋ္ဌိ မဖြိုခွဲနိုင်ဘူး။ နာမ်ရုပ်ကို ပိုင်းခြားပြီး မသိသေးဘူးဆိုရင်တော့ လူထဲမှာ စကြာမင်းကြီး၊

http://www.dhammadownload.com



နတ်မှာလဲ သိကြားမင်းကြီး၊ မိုးပေါ်မှာ ပြဟ္မာမင်းကြီး ဖြစ်သော်လည်းပဲ ခန္ဓာပြိုကွဲ ကုသိုလ်စိတ မလွဲပါယ်ရှာ ရောက်မြဲသာတည်း။

သက္ကာယဒိဋ္ဌိဆိုတာ ဘာလဲ။

သက္ကာယ= သန္တ + ကာယ၊

သန္တ- ထင်ရှားရှိတဲ့။ ကာယ- ရုပ်နာမ်အပေါင်း ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းပေါ်မှာ။ ဒိဋ္ဌိ- ငါ, သူတစ်ပါး ထင်မှားနေတဲ့ အမြင်မှားမှု။

ထင်ရှားရှိတဲ့ ရုပ်နာမ်ကို ငါပိုင်တယ်၊ ငါဆိုတဲ့ အမှတ်တံဆိပ်ကြီး တွေ ခတ်နှိပ်တယ်။ ရှိနေတဲ့ အမှတ်တံဆိပ်က အနိစ္စ, ဒုက္ခ, အနတ္တ အမှတ်တံဆိပ်အစစ်။ ဘုန်းကြီးတို့ ခတ်လိုက်တာက ငါဆိုတဲ့ အမှတ်တံဆိပ်။ နိစ္စ သုခ အတ္တ အမှတ်တံဆိပ်အတု။

ဟော- အဲဒီလို ငါဆိုတဲ့ အမှတ်တံဆိပ် ခတ်နှိပ်လိုက်တဲ့ အခါကျ တော့ သက္ကာယဒိဋ္ဌိ-တဲ့။

သက္ကာယဒိဋ္ဌိ။ အဲဒီ သက္ကာယဒိဋ္ဌိကို ဖြုတ်ခွင်းဖို့ မြတ်စွာဘုရားက သိပ်ပြီးတော့ အရေးကြီးပါတယ်တဲ့။ သက္ကာဒိဋ္ဌိ ပပျောက်ဖို့ သက္ကာယဒိဋ္ဌိ ဖယ်ရှားနိုင်ဖို့ ဘယ်လောက်များ အရေးကြီးသလဲဆိုတော့-

**ဥပမာနှစ်မျိုး**

**သတ္တိယာဝိယသြမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ၊**
**သက္ကာဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။**

ရင်ဝလှံစူးတဲ့ လူတစ်ယောက် ဦးခေါင်းမီးလောင်နေတဲ့ လူတစ်ယောက်။

ရင်ဝလှံစူးတဲ့လူ နောက်မှလှံကိုနှုတ်တဲ့၊ သက္ကာယဒိဋ္ဌိ ပပျောက် အောင် ကြိုးစားလိုက်စမ်း။ ဦးခေါင်းမီးလောင်တဲ့ပုဂ္ဂိုလ် မီးနောက်မှငြိမ်း မီးငြိမ်းဖို့အရေးမကြီးဘူး။ သက္ကာယဒိဋ္ဌိ ဖြုတ်ဖို့သာ အရေးကြီးပါတယ်။

တစ်နည်းအားဖြင့်ပြောရရင် ရင်ဝလှံစူးတာ လှံကိုနှုတ်ဖို့ဟာ အရေး ကြီးသလိုပဲ။ ဦးခေါင်းမီးလောင်တဲ့လူဟာ မီးငြိမ်းဖို့ အရေးကြီးသလိုပဲ။ သက္ကာယဒိဋ္ဌိ ပယ်ရှားပစ်ဖို့လဲ ကြိုးစားကျင့်ပါလို့ မြတ်စွာဘုရား မိန့်ခွန်း တော်ရှိတယ်။

http://www.dhammadownload.com



**ဝိပဿနာဉာဏ်စိန္တာ**

ယခု မြတ်စွာဘုရား မိန့်ခွန်းတော် ဒေသနာတော်အတိုင်း အရေးတကြီး သက္ကာယဒိဋ္ဌိကို ဖြိုခွင်းနိုင်ဖို့အတွက် ကျင့်ကြံကြိုးစား အားထုတ်ပြီး လာကြတော့-

ပထမသီလ၊

သီလလည်းပဲ အမျိုးမျိုး၊ ဣန္ဒြိယသံဝရသီလ၊ ပါတိမောက္ခသံဝရသီလ စသည်ရှိတယ်။

အဲဒီလို သီလတွေနဲ့ ပြည့်စုံပြီးတော့လာတော့ သတိသမ္ပဇဉ်၊ သတိသမ္ပဇဉ်နဲ့ ပြည့်စုံအောင်လည်း နေ့စဉ်နေ့တိုင်း ထွက်လေ ဝင်လေကို ရှုမှတ်ပွားများပြီးနေကြတာကိုး။

အဲဒီလို နေကြတော့ နီဝရဏကင်းတာ။ နီဝရဏဆိုတာ ဘာလဲ။ ကောင်းတဲ့တရားတွေကို ပိတ်ဆို့ပြီးတော့ မကောင်းတဲ့တရားတွေကို လမ်းဖွင့်ပေးတတ်တဲ့တရား။

တစ်နည်းအားဖြင့် နီဝရဏဆိုတာ မဖြစ်သေးတဲ့ ဉာဏ်ပညာကို မဖြစ်ရအောင် ဖြစ်ပေါ်လာတဲ့ ဝိပဿနာဉာဏ်ပညာကိုလည်း အားနည်းအောင် ပြုနိုင်တဲ့တရားတွေ။ အဲဒါဘာလဲဆိုတော့-

* မက်မောမှု - ကာမစ္ဆန္ဒ၊
* ညှင်းပန်းလိုမှု - ဗျာပါဒ၊
* ထိုင်းမှိုင်းမှု - ထိနမိဒ္ဓ၊
* ပျံ့လွင့်မှု ပူပန်မှု - ဥဒ္ဓစ္စ ကုက္ကုစ္စ၊
* ယုံမှားသံသယဖြစ်မှု - ဝိစိကိစ္ဆာ၊

ဒီအချက်တွေ ဒီနီဝရဏတရားတွေဟာ မိမိသီလ သမာဓိကျင့်စဉ်နဲ့ ထိုက်တန်သလောက် ကင်းရှင်းပြီးတော့ လာတဲ့အခါကျတော့ ဘာဖြစ်သလဲ။

* စိတ်ထဲမှာ ပီတိနှစ်သိမ့်မှု ဖြစ်တယ်။
* နှစ်သိမ့်မှုဖြစ်တော့ ခန္ဓာကိုယ်ဟာ ငြိမ်းချမ်းလာတယ်။
* ငြိမ်းချမ်းလာတော့ ခန္ဓာကိုယ်ဟာ ချမ်းသာလာတယ်။
* ချမ်းသာလာတော့ စိတ်ကလေးဟာ တည်ကြည်လာတယ်။

http://www.dhammadownload.com



အဲဒီလို တည်ကြည်လာတဲ့ အခါကျမှ-

**"သောဧဝံ သမာဟိတေ စိတ္တေ ဝိဂတူပက္ကိလေသေ အနင်္ဂဏေ"**

ဟော- စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့အခါကျမှ **"ဝိပဿနာဉာဏာယ စိတ္တံ အဘိနိန္နာမေတိ"**- ဝိပဿနာဉာဏ်အလို့ငှါ စိတ်ကို ညွှတ်ပေးတဲ့ အခါကျတော့ ဘယ်လိုမြင်သလဲ။

ဒါဒေသနာတော်အတိုင်း ပင်ရင်းဝိပဿနာဉာဏ်၊ မြတ်စွာဘုရား က ဝိဇ္ဇာသုံးပါးနဲ့ ဝိဇ္ဇာရှစ်ပါး ဟောတဲ့နေရာမှာ ပထမဦးဆုံးဖြစ်တဲ့ ဝိပဿနာဉာဏ်ဝိဇ္ဇာ။

**အယံ ခေါ မေ ကာယော ရူပီစာတုမဟာဘူတိကော မာတာ ပေတ္တိက သမ္ဘဝေါ ဩဒနကုမ္မာ သူပစယော၊ အနိစ္စုစ္ဆာဒန ဘေဒန ပရိဗဒ္ဓန ဝိဒ္ဓံသနဓမ္မော၊ ဣဒဉ္စမေဝိညာဏံ ဧတ္ထသိတံ ဧတ္ထ ပဋိဗဒ္ဓံ။**

စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်လို့ သန့်ရှင်းတည်ကြည် ပြီဆိုတဲ့အခါ ဒီလို မြင်ရလိမ့်မယ်၊ မြင်လာလိမ့်မယ်။

မေ- ငါ၏။ အယံကာယော- ဤတလံမျှလောက်ရှိသော ခန္ဓာကိုယ် သည်။ ရူပီ- ရုပ်ရှိ၏။ (ဘာရှိလဲဆိုတော့ ရုပ်ရှိတယ်)။ စာတုမဟာဘူတိ ကော- ဓာတ်လေးပါးဖြင့် ပြီး၏။ (ဒီခန္ဓာကိုယ် ဓာတ်လေးပါးဖြင့် ပြီး၏)။ ဒီလိုလည်း မြင်ရမယ်။

မာတာပေတ္တိက သမ္ဘဝေါ- အမိအဖတို့၏ သုက်သွေးကြောင့် ဖြစ် ပေါ်လာ၏။ ဩဒနကုမ္မာသူပစယော- ထမင်း မုန့် ငါးတို့ဖြင့် ကြီးပွားလာတဲ့ ခန္ဓာကိုယ်။ (ထမင်းစားလို့ မုန့်တွေစားလို့ ကြီးပွားလာတဲ့ ခန္ဓာကိုယ်ကြီး)

မမြဲဘူး မမြဲတဲ့ခန္ဓာကိုယ် (ဟော- ဆုပ်နယ်ခြင်း၊ ပျက်စီးခြင်း သဘောရှိတဲ့ ခန္ဓာကိုယ်)။ ခန္ဓာကိုယ်နဲ့ ရုပ်ပိုင်းကို အဲဒီလို စဉ်းစားရမယ်။ အဲဒီလို မြင်ရလိမ့်မယ်တဲ့။

**"ဣဒဉ္စ မေ ဝိညာဏံ ဧတ္ထသိတံ ဧတ္ထပဋိဗဒ္ဓံ"**- အဲဒီရုပ်အပေါ် မှာ စိတ်ကလေးက-

ဧတ္ထ- ဤရုပ်အပေါ်မှာ။ ဣဒံဝိညာဏံ- ဤစိတ်သည်၊ ဤဝိညာဉ်

http://www.dhammadownload.com



စိတ်သည်။ သိတံ- မှီပြီးတော့နေတယ်။ ဗတ္တ- ဤရုပ်နှင့်။ ပဋိဗဒ္ဓံ- စပ်၍နေ၏။

ရုပ်ကြီးထဲတော့ မဟုတ်ဘူး။ ရုပ်နဲ့စိတ်ဝိညာဉ် စပ်ပြီးတော့ နေတယ်။ ဟောဒီလို မြင်ရမှာ ဒါမြတ်စွာဘုရား၏ ရွှေနှုတ်တော်ထွက် အတိုင်း ပြောတာပါပဲ။

## ကြောင်မျက်ရွဲ

အဲဒါကို မပေါ်လွင်မှာစိုးလို့ ဥပမာနဲ့-

**"သေယျထာ ပိနာမ စက္ခုမာ ပုရိသော"**စသည်ဖြင့် ဟောတော်မူ ထားပါတယ်။ ဥပမာ ဘာနဲ့တူသလဲ။ ဝေဠုရိယခေါ်တဲ့ ပတ္တမြား ကြောင် မျက်ရွဲ၊ အဲဒီကြောင်မျက်ရွဲဟာ-

ဇာတိမာ - တွင်းထွက်၊
အစ္ဆော - ကြည်လင်တယ်၊
သုဘော - တင့်တယ်တယ်၊
အဋ္ဌံသော - ရှစ်မြှောင့်ရှိတယ်၊

ပတ္တမြားကျောက်ရတနာဟာ ကြည့်လိုက်တဲ့ အခါကျတော့ ရှစ်မြှောင့်ရှိတယ်၊ အင်မတန် တင့်တယ်တယ်။ အစ္ဆော- ကြည်လင်တယ်။ ဝိပ္ပသန္နော- သန့်ရှင်းတယ်။ သုပရိကမ္မကတော- သွေးပြီးသားတဲ့။

အဲဒီ ပတ္တမြားကိုမှ ကြိုးတွေ ရောင်စုံကြိုးတွေ ခြယ်ပြီးတော့ ထားတယ်။ အညို အဝါ အရွှေအစရှိတဲ့ ရောင်စုံကြိုးတွေ ခြယ်ပြီးတော့ ထားတယ်။

အဲဒီတော့ မျက်စိအမြင်ရှိတဲ့ ပတ္တမြားကျောက်နားလည်တဲ့ ကျောက်ပညာရှင်က အဲဒီ ပတ္တမြားကြောင်မျက်ရွဲကို လက်ဝါးလေးပေါ် တင်ပြီးတော့ ကြည့်တဲ့အခါ ဟာ- ဒီကျောက်ဟာ အင်မတန်ကောင်းတာပဲ။

ရှစ်မြှောင့်ရှိတဲ့ကျောက်ပဲ။ အင်မတန် တင့်တယ်တဲ့ ကျောက်ပဲ။ ဇာတိမာ- ဒီကျောက်ဟာ တွင်းထွက်ပဲတဲ့။ ချက်ကျောက် မဟုတ်ဘူးတဲ့။ အင်မတန် ကြည်လင်တဲ့ ကျောက်ပဲ။ အနဝိလော- မနောက်ကျူဘူး။



33(A)

http://www.dhammadownload.com



ဒီအထဲမှာ ကြိုးလေးတွေကလည်း အဝါရောင်ရှိတဲ့ ကြိုးကဘယ် လောက်၊ အညိုရောင်ရှိတဲ့ ကြိုးက ဘယ်လောက်လို့ ကျကျနန မြင်တယ်။ အဲဒီ မြင်သလိုပါပဲတဲ့။

ဤတစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်ကို စိတ်တည်ကြည် ငြိမ်သက် မလှုပ်ယှက်တဲ့ ပုဂ္ဂိုလ်က စိတ်စင်ကြယ်နေတဲ့ ပုဂ္ဂိုလ်က ကြည့်လိုက်မယ် ဆိုရင်-

ဒီခန္ဓာကိုယ်ဟာ ရုပ်ရှိတယ်။ ဓာတ်လေးပါးနဲ့ ပြီးတယ်။ မိဘတို့ရဲ့ သုက်သွေးကြောင့်ဖြစ်တယ်။ ထမင်းမုန့် ငါးတို့နဲ့ ကြီးပွားရတဲ့ ခန္ဓာကိုယ်ပဲ။ မမြဲတဲ့ ခန္ဓာကိုယ်၊ ဆုပ်နယ်ပြီးပေးရတဲ့ ခန္ဓာကိုယ်၊ နှိပ်နင်းပြီး ပေးနေရတဲ့ ခန္ဓာ ကိုယ်၊ ပျက်စီးနိုင်တဲ့ ခန္ဓာကိုယ်။

အဲဒီမှာလည်းပဲ စိတ်ဝိညာဉ်လေးကလည်း ဒီရုပ်မှာမှီပြီးနေတယ်။ ဒီရုပ်မှာ တွဲပြီးတော့နေတယ်တဲ့။

ပတ္တမြားကြောင်မျက်ရွဲကို နားလည်သူက ကြည့်သလိုပါပဲတဲ့။ မြတ်စွာဘုရားက ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး ဟောတဲ့အခါကျတော့ ပတ္တမြား ကြောင်မျက်ရွဲ ဥပမာနဲ့ ပတ္တမြားကြောင်မျက်ရွဲကို ကြည့်နိုင်တဲ့ ကျောက် ပညာရှင်နဲ့ ကျောက်ကုန်သည်နဲ့ ဥပမာပေးပြီး ဝိပဿနာဉာဏ်ကို စတင် ဟောကြားခဲ့ပါတယ်။

အဲဒီတော့ ဘုန်းကြီးတို့က ဒေသနာတော်အတိုင်း ဟောနေတာပါပဲ။ မိမိပွားများပြီးလာခဲ့တဲ့တာက ထွက်လေ ဝင်လေ။

ထွက်လေ ဝင်လေဆိုတာက သမ္မုတိသစ္စာ၊ ထွက်လေလို့ ခေါ်တယ်၊ ဝင်လေလို့ ခေါ်တယ်။

## သစ္စာနှစ်မျိုး

မြတ်စွာဘုရားက သစ္စာ (၂)မျိုး ဟောတာကိုး။ သစ္စာလေးပါးက ဟောနည်းတစ်မျိုး၊ သမ္မုတိသစ္စာ, ပရမတ္ထသစ္စာကိုလည်း မြတ်စွာဘုရား ဟောကြားတော်မူတယ်။

သမ္မုတိသစ္စာ ဆိုတာက လူနတ်ပြဟ္မာ ယောကျ်ားမိန်းမ ဟောဒီလို

http://www.dhammadownload.com



ပညတ်နယ်ပယ်က အသုံးအနှုန်းတွေနဲ့ ဟောခဲ့တာ ဒါလည်း မှန်ပါတယ်တဲ့။ ဘာကြောင့် လောကက ဒီလိုပြောမှ သိမှာကိုး။

တစ်နည်းအားဖြင့် ဒီလို သမုတိသစ္စာကို ဟောခြင်းရဲ့အကြောင်းက (၈)မျိုး ရှိပါတယ်။

- မိဘကို ရိုသေတတ်ဖို့
- ဟိရီ ဩတ္တပ္ပတရားတွေ ရှိကြဖို့ စတဲ့

ဒီအကြောင်းတွေဟာ သမ္မုတိသစ္စာ ဟောရခြင်းအကြောင်းမှာ ပါပါတယ်။

လောကသင်္ကေတအားဖြင့် မှန်ကန်တဲ့အတွက်ကြောင့် သမ္မုတိသစ္စာကိုလည်း မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။ အဲဒီ သမ္မုတိသစ္စာ မပျက်ဖို့လည်း အရေးကြီးတယ်။ **"သမ္မုတိသစ္စာပျက်လျှင် မုသားဖြစ်တတ်ပါတယ်"**။

နံပါတ် (၂)သစ္စာက **ပရမတ္ထသစ္စာ**။

ပရမတ္ထသစ္စာကတော့ လူ, နတ်, ဗြဟ္မာဆိုတဲ့ အသံတွေမပါဘဲနဲ့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်၊ အဲဒီလို တရားဓမ္မတွေချည်းပဲ ခေါ်ဆို ပြောဆိုပြီး ဟောကြားတဲ့ ပရမတ္ထသစ္စာ။

အဲဒီ ပရမတ္ထသစ္စာဟာလည်း ခပ်သိမ်းသော တရားတို့ရဲ့ မှန်ကန်တဲ့ လက္ခဏာကို ဆောင်တဲ့အတွက်ကြောင့်မို့ ဒီပရမတ္ထသစ္စာလည်း မှန်ပါတယ်။ ပရမတ္ထသစ္စာလည်း မပျက်စေရဘူး။

### ပရမတ္ထသစ္စာ မပျက်ရအောင်

"သမ္မုတိသစ္စာကတော့ ဘုန်းကြီးတို့ ယောဂီသူတော်စင်များ မဖျက်ကြပါဘူး။ စွဲပြီးတော့ကို နေတာ။ သမ္မုတိသစ္စာ ပျက်မှာစိုးလို့ တရားအားထုတ်ရတာ မဟုတ်ပါဘူး"။

**"ပရမတ္ထသစ္စာ ပျက်မှာစိုးလို့ အားထုတ်ကြရတာ။ ပရမတ္ထသစ္စာ ပျက်ရင် ဒိဋ္ဌိဖြစ်တတ်တယ်"**။

ဘာဒိဋ္ဌိလည်း ဆိုတော့ သက္ကာယဒိဋ္ဌိ။ ပရမတ္ထသစ္စာ ပျက်ပြီဆိုတာ



34(A)

http://www.dhammadownload.com



နဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တော့တာဘဲ။

အဲဒီတော့ ပရမတ္ထသစ္စာကို မြင်အောင် ကြည့်ကြရတယ်။ ပရမတ္ထသစ္စာ အပျက်မခံရဘူး။ **"ဝိပဿနာဟာ ပရမတ္ထသစ္စာကို မြင်အောင် ကြည့်တဲ့နည်းပါပဲ"**။

အဲဒီတော့ **"ပညတ်ပေါ်လွင်လို့ရှိရင် ပရမတ်ငုပ်တတ်တာပဲ။ ပရမတ် ပေါ်လွင်လာရင် ပညတ်ပျောက်ကွယ်စမြဲပါပဲ"**။

အဲဒီတော့ ပရမတ်ပေါ်အောင် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက **"ဓာတ်ပေါ်မှ နာမ်ကန့်"**ဆိုကိုး။

ဓာတ်ဆိုတာ ဘာလဲ၊ **"သဘော"**

ရုပ်သဘော နာမ်သဘော၊ ရုပ်ဓာတ် နာမ်ဓာတ်။

**"ဓာတ်ပေါ်မှ နာမ်ကန့်"** အကျဉ်းချုပ်အားဖြင့်တော့ ဒါဟာ ဝိပဿနာပဲ။

## လေ (၂)၊ လေ (၆)

အဲဒီတော့ ထွက်လေ ဝင်လေဆိုတာက ပညတ်ပါပဲ။ ပရမတ်နာမည်နဲ့ ပြောရင်တော့ **"ဝါယော"**ရုပ်၊ အဲဒီ ဝါယောရုပ်ရဲ့ သဘောလေးက တွန်းကန်လှုပ်ရှား၊ သူ့ရဲ့ သဘောလေးက ထွန်းကန်လှုပ်ရှား။

အဲဒီ တွန်းကန်လှုပ်ရှား ဝါယောရုပ်ဟာ **"အတွင်းဝါယောရုပ် အပြင်ဝါယောရုပ်"**လို့ နှစ်မျိုးရှိပါတယ်။

အပြင်ဝါယောရုပ်- တောင်ဘက်ကလာတဲ့ လေတွေ မြောက်ဘက်ကလာတဲ့ လေတွေ၊ လေပန်ကာ ဖွင့်လိုက်လို့လာတဲ့ လေတွေ၊ ငှက်တွေပျံလို့ **"ပက္ခဝါတ"**ခေါ်တဲ့လေတွေ။

အဲဒီလို လေတွေဟာ **"ဗဟိဒ္ဓ"** အပြင်ဝါယောတွေပါပဲ။ အပြင်ဝါယောရုပ်တွေ လှုပ်ရှားတယ်၊ တွန်းကန်တယ်။

အဲဒီလို အပြင်ဝါယော **"ဗဟိဒ္ဓဝါယောရုပ်"** တွန်းကန်တဲ့ လှုပ်ရှားတဲ့သဘောရှိသလို ခန္ဓာကိုယ်တွင်းမှာရှိတဲ့ အဇ္ဈတ္တိက အတွင်းဝါယောရုပ်ဟာလည်းပဲ တွန်းကန်လှုပ်ရှားတဲ့ သဘောရှိပါတယ်။



34(B)

http://www.dhammadownload.com



အဲဒီ တွန်းကန်လှုပ်ရှားတဲ့ ဝါယောရုပ်ဟာ ခန္ဓာကိုယ်မှာ-

- အထက်ကို ဆန်တဲ့လေ၊ အထက်ကို ဆန်တက်တဲ့ ဝါယော တစ်မျိုး၊
- အောက်ကိုစုန်ဆင်းတဲ့ ဝါယောကတစ်မျိုး၊
- ဝမ်းဗိုက်ထဲမှာ ဖြစ်နေတဲ့ ဝါယောတစ်မျိုး၊
- အရိုးအသား အစရှိသည်တို့ အတွင်းမှာဖြစ်နေတဲ့ ဝါယော ရုပ်ကတစ်မျိုး၊
- ကိုယ်အင်္ဂါကြီးငယ်တို့မှာ လျှောက်ပြီးတော့နေတဲ့ ဝါယော ရုပ်က တစ်မျိုး၊
- ထွက်လေ ဝင်လေဆိုတဲ့ ဝါယောရုပ်ကတစ်မျိုး၊

ဘယ်ဝါယောဖြစ်ဖြစ် အတွင်းမှာရှိတဲ့ ဝါယော၊ အပြင်မှာရှိတဲ့ ဝါယောဖြစ်ဖြစ် ဝါယောရုပ်ဟာ တွန်းကန်လှုပ်ရှားတဲ့ သဘောရှိတယ်။

**"ယနေ့ သမထကမ္မဋ္ဌာန်း အားထုတ်တဲ့အခါမှာတော့ 'ထွက်လေ ဝင်လေ' ဒါကို ရှုမှတ်ရတာ။**

**ဝိပဿနာကမ္မဋ္ဌာန်းကျတော့ တွန်းကန်လှုပ်ရှားတဲ့ သဘောလေး ပဲ ဖြစ်အောင်ကြည့်ရမယ်"။**

## ဓာတ်

ထွက်လေ ဝင်လေလို့ခေါ်တဲ့ တွန်းကန်လှုပ်ရှားတဲ့ နှာဝမှာ နှာသီးဝ မှာ တွန်းကန်လှုပ်ရှားပြီးတော့ ထွက်လာတဲ့လေ၊ ဝါယောရုပ်။

နှာသီးဝမှာ တွန်းကန်လှုပ်ရှားပြီးတော့ ဝင်သွားတဲ့လေ၊ ဝါယောရုပ်၊

ဝါယောရုပ်ဟာ တွန်းကန်လှုပ်ရှားတဲ့ သဘောရှိတယ်။ အဲဒီ ဝါယောရုပ်ကို ဝါယောဓာတု၊ တွန်းကန်လှုပ်ရှားတဲ့ သဘောလေးသည် **"ဓာတု"** ဓာတ်။

ဓာတ်ဆိုတာ ဘာလဲဆိုတော့ **"ဓာတုနာမသဘာဝေါ"**။ ဓာတ်ဆိုတာ သဘောလေးပဲ။

သဘောဆိုတာ ဘာလဲဆိုတော့ "သုညော"တဲ့။ သုညတဲ့၊ သုည

http://www.dhammadownload.com



ဆိုတာ ဘာလဲဆိုတော့ သတ္တဇီဝမှကင်းတယ်တဲ့။

အဲဒီတော့ တွန်းကန်လှုပ်ရှားနေတဲ့ သဘောလေး။ အဲဒီ သဘောလေးဟာ "သုည"၊ ငါမှလည်း ကင်းတယ်၊ သူမှလည်း ကင်းတယ်၊ သတ္တဝါမှလည်း ကင်းတယ်။ ဇီဝ- အသက်ရှိတယ်လို့လည်း ပြောလို့မရဘူး။

အဲဒီ သတ္တဇီဝမှကင်းတဲ့ "သုည" တွန်းကန်လှုပ်ရှားတဲ့ ဝါယောရုပ်ကို ရှေ့ကနေပြီးတော့ ငါ-တံဆိပ် ခတ်နှိပ်လိုက်တဲ့ အခါကျတော့ ငါအသက်ရှူတယ်၊ ထင်ရှားရှိတဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်အပေါ် သက္ကာယ။

သက္ကာယ ထင်ရှားရှိတဲ့ ဝါယောရုပ်အပေါ်မှာ "ငါ-လို့" စွဲထင်မြင်ပြီးတော့ အမှတ်တံဆိပ် ခတ်နှိပ်လိုက်မယ်ဆိုရင် "ဒိဋ္ဌိ"။

ဟော- **"သက္ကာယဒိဋ္ဌိ"** ဖြစ်သွားတယ်။ သက္ကာယဒိဋ္ဌိ ဖြုတ်တယ်၊ ပယ်တယ်ဆိုတာ ဘာလဲ။ ဘယ်လိုပယ်မလဲ။

တွန်းကန်လှုပ်ရှားတဲ့ သဘောလေးက ဝါယောရုပ်၊ အဲဒီ ဝါယောရုပ်ဟာ ဓာတ်လေးပါးထဲမှာ ဝါယောဓာတ်။

တွန်းကန်လှုပ်ရှားတဲ့ သဘောသည် ဓာတ်၊

ဓာတ်ဆိုတာ ဘာလဲ။ သဘော။

သဘောဆိုတာ ဘာလဲ။ သုည။

သုညဆိုတာ ဘာလဲ။ သတ္တဝါလို့ မပြောနဲ့၊ အသက်လို့မပြောနဲ့၊ ငါလို့မပြောနဲ့။

အဲဒီ ဝါယောရုပ်ကလေးကို ဓာတ်သဘောနဲ့ မြင်အောင်ကြည့်လိုက်တဲ့အခါကျတော့ ဟော- ဝါယောရုပ်ကလေးဟာ တွန်းကန်လှုပ်ရှားသဘောပဲလို့။ အဲဒါလေးကို မြင်အောင်ကြည့်ရမယ်။

## ဝိပဿနာအဆင့်ဆင့်

အဲဒီ ဝါယောရုပ် တွန်းကန်လှုပ်ရှားတာ ဖြစ်လာတာလေးကိုလည်း သိရမယ်။

**သမုဒယဓမ္မာနုပဿီဝါ အဿာသိဿာ မီတိသိက္ခတိ။**

ဖြစ်လာတာလေးကို ရှုမှတ်ပြီးတော့ အသက်ရှူမယ်၊ အသက်ရှိုက်

http://www.dhammadownload.com



မယ်၊ ဝင်လေကို ရှုမယ်၊ ထွက်လေကို ထုတ်မယ်။

အဲဒီ ထွက်လေ ဝင်လေလေးဟာ **"ဝယ"** ပျက်တဲ့အချိန်လည်း ရှိတယ်။ ပျက်တဲ့အခိုက်ကလေးကို ရှုမှတ်ဆင်ခြင်ပြီးတော့ ထွက်လေကို ထုတ်မယ်၊ ဝင်လေကို သွင်းမယ်။

ဝိပဿနာလိုင်းကျတော့ -

**အနိစ္စာနုပဿီဝါ အဿာသိဿာမီတိ သိက္ခတိ၊**

**အနိစ္စာနုပဿီဝါ ပဿာသိဿာမီတိ သိက္ခတိ။**

ထွက်လေ ဝင်လေလေး တစ်နေ့ (၁၁)နာရီနှုန်းနဲ့ ရှုမှတ်ပွားများပြီးတော့ လာခဲ့တာ ဆိုကြပါစို့။ ထွက်လေ ဝင်လေပေါင်း တစ်နေ့ တစ်နေ့ လျှင် တစ်သောင်းတစ်ထောင်။

သတိလွတ်တဲ့အခါ လွန်ရောကျွံရော ထားပါတော့ တစ်နေ့ (၁၂၀၀၀)ခန့်၊ ထွက်လေ ဝင်လေ အသုံးချပြီးတော့ မိမိမှတ်မိလိုက်တဲ့ ထွက်လေ ဝင်လေပေါင်း (၇၀၀၀) ဆိုကြပါစို့။ တကယ်တမ်းကျတော့ ခုနစ်ထောင် မကဘူးပေါ့။

အဲဒီတော့ မိမိမှတ်မိလိုက်တဲ့ ထွက်လေ ဝင်လေပဲ။ စဉ်းစားကြည့်ရအောင်။

ထွက်လေ- ဟော ပြောတာကမှ ကြာသေးတယ်။ မမြဲတဲ့သဘောလေးက ဝင်လေ၊ ထွက်လေ ဝင်လေ တစ်စုံတစ်စုံဘဲပြောပြော တစ်ခုချင်းပဲ ပြောပြော အနိစ္စသဘောလေး ထင်ရှားတယ်။

## ရုပ်– နာမ် ကမ္မဋ္ဌာန်း

အဲဒီတော့ ထွက်လေ ဝင်လေဆိုတာ ဘာလဲ။ ဝါယောရုပ်။ ဒါ ရုပ်ကမ္မဋ္ဌာန်း။

**ကဿစိ ရူပ ကမ္မဋ္ဌာနံပါကဋံ၊ ကဿစိ အရူပကမ္မဋ္ဌာနံ ပါကဋံ၊**

အချို့ပုဂ္ဂိုလ်များကျတော့ ရုပ်ကမ္မဋ္ဌာန်း ထင်ရှားတယ်။ ဝါယောရုပ် တစ်မျိုးထဲ ရှုမှတ်ပြီးနေမယ်ဆိုရင် ရုပ်ကမ္မဋ္ဌာန်း အဲဒီ ဝါယောရုပ် ရှုမှတ်ရင်းနဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်၊ ရှုမှတ်ရင်းနဲ့ ရှုမှတ်တဲ့စိတ်ကို

http://www.dhammadownload.com



ပြန်ပြီးတော့ စဉ်းစားလိုက်။

ယောဂီသူတော်စင်များ ထွက်လေ ဝင်လေလို့ ရှုမှတ်တဲ့စိတ်၊ ထွက်လေမှတ်တဲ့စိတ်၊ ဝင်လေအခိုက် မှတ်တဲ့စိတ်၊ ဟော- မမြဲတာ အင်မတန် ထင်ရှားတယ်။

နာမ်ကမ္မဋ္ဌာန်း-

ထွက်လေ ဝင်လေကို ရှုမှတ်တဲ့စိတ်၊ အနိစ္စ- မမြဲတဲ့သဘော၊ ထွက်လေဝင်လေကို ရှုမှတ်တဲ့စိတ်။

ဥပ္ပါဒဝယ- ဖြစ်တာနဲ့ပျက်တာ။

ဒီအချက်ကို ကျကျနန မြင်လိုက်တဲ့ အခါကျတော့မှ ရုပ်တွေ နာမ်တွေ အများကြီး ရှိတာထဲက။

**"ခေတ်လေးပါးထဲက ခေတ်တစ်ပါးပါးကို ရှုမှတ်ပွားများပြီးတော့ ခေတ်တစ်ပါးပါးကို သဘောပေါက်ပြီး အရိယာစခန်းတက်လှမ်းတဲ့ ပုဂ္ဂိုလ်တွေ ရေတွက်လို့ မကုန်ဘူးတဲ့"။**

အဋ္ဌကထာဆရာကြီးများက အားရစရာ ကျေနပ်စရာတွေ မိန့်ခဲ့ကြတာ။

**လောင်းငယ် လှေငယ်လေးနဲ့**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးကလဲ အဘိဓမ္မာ (၇)ကျမ်းမှာ ရုပ်တွေ နာမ်တွေ အကျိုးတွေ အကြောင်းတွေ အများကြီး ဟောခဲ့ပေမယ့်လို့ တရားရဖို့ အားထုတ်တဲ့အခါကျတော့-

လောင်းငယ် လှေငယ်များနဲ့ မြစ်ကလေး ချောင်းကလေး ကူးပြီး ရှာဖွေစားသောက်ကြတဲ့ ပုဂ္ဂိုလ်များလိုပဲ မိမိတို့တစ်ခု တစ်ခုသောရုပ်၊ တစ်ခု တစ်ခုသောနာမ် စွဲမြဲပြီးတော့ အားထုတ်သွားမယ်ဆိုရင် အရိယာစခန်း တက်လှမ်းနိုင်ပါတယ်တဲ့။

အကယ်၍ တတ်နိုင်တယ်ဆိုလို့ ရှိရင်တော့ လှေကြီးတွေ, စက်လှေကြီးတွေ, သင်္ဘောကြီးတွေ အကြီးအကျယ် ထူထောင်နိုင်ပြီဆိုရင်တော့ သမုဒ္ဒရာကို ကူးချင်ကူးပါ။

http://www.dhammadownload.com



ပညာပါရမီအတွက် အဘိဓမ္မာ (၇)ကျမ်း သင်အံကြိုးကုတ် အားထုတ်ပြီးတော့ သင်ဟောပို့ချပြီးတော့ ဆောင်ရွက်ပါတဲ့။ မဆောင်နဲ့လို့ မဆိုလိုပါဘူးတဲ့။

သို့သော် တရားရဖို့ရာနဲ့ ပတ်သက်ပြီးတော့ မိမိတို့တတ်နိုင်တဲ့ လောင်းငယ်၊ လှေငယ်လေး တည်ဆောက်ပြီးတော့ ချောင်းငယ်၊ မြောင်းငယ်များ ကူးပြီး မိမိတို့ရဲ့ စားဝတ်နေရေးကို ဖြေရှင်းသလိုပဲတဲ့။

ရုပ်နာမ်အများကြီးထဲက တစ်ခုတစ်ခုသော ရုပ်၊ တစ်ခုတစ်ခုသော နာမ် အခြေခံပြီးတော့ ပွားများရှုမှတ်မယ်ဆိုရင် အရိယာစခန်း တက်လှမ်းနိုင်တဲ့အကြောင်း ဆရာတော်ဘုရားကြီးက အားရစရာ ကျေနပ်စရာ တိုက်တွန်းပြီးတော့ ထားပါတယ်။

## ဝါယောကာယသိရင်

အဲဒီတော့ မြတ်စွာဘုရားက သတိပဋ္ဌာန်လေးပါးထဲမှာ ကာယခေါ်တဲ့ ရုပ်အပေါင်း နာမ်အပေါင်းထဲကနေပြီး ကာယာနုပဿီ ရုပ်တစ်စိတ်ဖြစ်တဲ့ ဝါယောဓာတ်၊ အဖန်ဖန် အထပ်ထပ် ရှုမှတ်ပြီးတော့ နေမယ်ဆိုရင်-

**"ကာယော ပရိညာတော ဟောတိ"**- ဝါယောဓာတဂစ္ဆ+ဝဋ်က ပိုင်းခြားပြီး သိနိုင်ပါတယ်။

**"ကာယဿ ပရိညာတဿ အမတံ သစ္ဆိကတံ ဟောတိ"**။

အဲဒီ ဝါယောရုပ်ကလေးတစ်ခု လှုပ်ရှားတတ်တဲ့ သဘောလေး တွန်းကန်တတ်တဲ့ သဘောလေးတစ်ခုကို ပိုင်းခြားပြီး ကျကျနန သိလိုက်ရင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်တဲ့။

ဟော- ရုပ်အပေါင်းထဲကမှ ရုပ်၊ ရုပ်အပေါင်း နာမ်အပေါင်းထဲကမှ ရုပ်တစ်စိတ် နာမ်တစ်စိတ်ကို မြင်လို့ရှိရင်လည်း အရိယာစခန်း တက်လှမ်းနိုင်တယ်။ နိဗ္ဗာန်မျက်မှောက်ပြုနိုင်တာပါပဲ။

http://www.dhammadownload.com



**သူညဆိုက်အောင်ကြည့်**

ဒါကြောင့် ယောဂီသူတော်စင်များ တဖြည်းဖြည်း တဖြည်းဖြည်း နက်ရှိုင်း နက်ရှိုင်းလာတဲ့ သာသနာ့ကျင့်စဉ်။

ယနေ့ ဝိပဿနာအပိုင်း ရောက်ရှိပြီး မိမိတို့ အစဆုံးပျိုးထောင်လာတဲ့ ထွက်လေ ဝင်လေ ပညတ်။

အဲဒါဟာ ပရမတ္ထသစ္စာနဲ့ပြောရင် ဝါယောရုပ်၊ သူ့ရဲ့သဘောလေးက တွန်းကန်လှုပ်ရှားတဲ့ သဘောရှိတယ်။

တွန်းကန်လှုပ်ရှားတဲ့ သဘောလေးကို မြင်အောင်ကြည့်။ အဲဒီ တွန်းကန်လှုပ်ရှားတဲ့ သဘောလေးကို သုညဆိုက်အောင် ကြည့်ရမယ်။

**သုညတော လောကံ အဝေက္ခဿု၊**

**မောဃရာဇ သဒါ သတော။**

**ဧဝံ လောကံ အဝေက္ခန္တံ - မစ္စုရာဇာ နပဿတိ။**

မောဃရာဇ- ချစ်သား မောဃရာဇ။ လောကံ- လောကကြီးကို။ လောကံ- ရုပ်လောက နာမ်လောကကို။ သုညတော- သုညဆိုက်အောင်။ အဝေက္ခဿု- ရှုပါလေလော့။ (ရုပ်လောက နာမ်လောကကို သုညဆိုက်အောင် ရှုရမယ်)။ ဧဝံ- ဤသို့။ လောကံ- လောကကို။ အဝေက္ခန္တံ- သုညဆိုက်အောင် ရှုသောသူကို။ မစ္စုရာဇာ- သေမင်းသည်။ နပဿတိ- မမြင်နိုင်တဲ့။

**သုညတ ကမ္မဋ္ဌာန်း**

ဒါကြောင့် ဒကာမကြီးတစ်ယောက်က အရှင်နာဂသိန်မထေရ်မြတ်နဲ့ တွေ့တဲ့အခါ "အရှင်ဘုရား တပည့်တော်မ အသက်လည်းကြီးပါပြီ ဘုရား၊ တပည့်တော်မနဲ့ သင့်တော်တဲ့ ကမ္မဋ္ဌာန်းပေးပါ"ဆိုတော့။

အရှင်နာဂသိန်မထေရ်မြတ်က သုညတကမ္မဋ္ဌာန်း ပေးတော်မူတာ။ သုညတကမ္မဋ္ဌာန်းဆိုတာ သတ္တ / ဇီဝမှ ကင်းဆိတ်တဲ့ ကမ္မဋ္ဌာန်းမျိုး၊ အခုအားထုတ်နေတဲ့ ကမ္မဋ္ဌာန်းမျိုးပါပဲ။

http://www.dhammadownload.com



**ကလေး, လူကြီး**

အဲဒီတော့ သုညတကမ္မဋ္ဌာန်း သုညဆိုက်အောင် ရှုမှတ်ပွားများပြီးတော့ နေမယ်ဆိုရင် လူကြီးလူကောင်းတွေနေတဲ့ နေနည်းတဲ့။

အရှင်ရေဝတမထေရ်နဲ့ သဗ္ဗကာမိမထေရ်မြတ်တို့ အတူတူနေကြတာ။ အရှင်ရေဝတမထေရ်မြတ်ကြီးက အသက်တစ်ရာ၊ သဗ္ဗကာမိမထေရ်မြတ်က အသက်တစ်ရာ့နှစ်ဆယ်၊ နှစ်ပါးနေကြတော့ တစ်ကျောင်းထဲမှာ-

သက်တော် (၁၂၀)ရှည်တဲ့ သဗ္ဗကာမိမထေရ်မြတ်က အရှင်ရေဝတမထေရ်ကို "ငါ့ရှင် ရေဝတ သင်ဟာ အဘယ်ကမ္မဋ္ဌာန်းနဲ့ များများနေပါသလဲ"တဲ့။

"**ကတမေနဝိဟာရေန ဗဟုလံ ဝိဟရသိ**"- ဘယ်နေနည်းနဲ့ များများ နေပါသလဲဆိုတော့ "တပည့်တော် မေတ္တာဘာဝနာနဲ့ များများနေပါတယ် ဘုရား"တဲ့။

"ဩော်- ငါ့ရှင်က ကလေးလိုနေတာကိုး"တဲ့။

"မှန်ပါတယ် ဘုရား၊ တပည့်တော် ကလေးလိုနေသော်လည်းပဲ ရဟန္တာဖြစ်တာတော့ ကြာပါပြီ"။ "**စိရ ပတ္တံ အရဟတ္တံ**"- ရဟန္တာဖြစ်တာတော့ ကြာပါပြီတဲ့။

"အရှင်မြတ်ကော ဘယ်လိုနေပါသလဲ ဘုရား"လို့ အရှင်ရေဝတက မေးတော့ သဗ္ဗကာမိမထေရ်မြတ်က-

"**သုညတ ဝိဟာရေန ခေါ အဟံ အာဝုသော ဗဟုလံ ဝိဟရာမိ**"- ရုပ်တွေနာမ်တွေကို သုညဆိုက်အောင် ပွားများနေတဲ့

ရုပ်တွေ နာမ်တွေ သုညဆိုက်အောင် ပွားများတဲ့ သုညကမ္မဋ္ဌာန်းနဲ့ အချိန်တွေကို များများအကုန်ခံပြီးနေတယ် ငါ့ရှင်လို့ ဖြေသတဲ့။

အဲဒီလို ဖြေကြားတော့ သက်တော်တစ်ရာရှိတဲ့ အရှင်ရေဝတက သက်တော် (၁၂၀)ရှိတဲ့ သဗ္ဗကာမိမထေရ်ကြီးကို-

"မှန်ပါတယ်ဘုရား၊ အရှင်ဘုရားတို့က လူကြီးလူကောင်းတွေ နေတဲ့ နည်းနဲ့ သုညတကမ္မဋ္ဌာန်းနဲ့ နေဖော်ရကြပါပေတယ်ဘုရား"လို့ ချီးကျူးပြီး

http://www.dhammadownload.com



အရှင်မြတ်ကြီးကို အလေးအမြတ်ပြုရခဲ့တဲ့ထုံး ရှိပါတယ်။

ဒါကြောင့် ယောဂီသူတော်စင်များဟာလည်း ရုပ်ဓာတ်နာမ်ဓာတ် ပရမတ်တို့ရဲ့ "ဥပ္ပါဒဝယ" ဖြစ်စဉ်နဲ့ပျက်စဉ် ဖြစ်ပုံနဲ့ပျက်ပုံ ရှုမှတ်ပွားများပြီးတော့ ထိုရုပ်ဓာတ် နာမ်ဓာတ်တို့ရဲ့ သဘောသဘာဝ သုညဆိုက်အောင် ပွားများပြီး ဝဋ်ဒုက္ခခပ်သိမ်း ငြိမ်းနိုင်ကြပါစေသောလို့ ဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့ဝိပဿနာတရားစကားကို ဒီမှာပဲ နိဂုံးချုပ်အပ်ပါသတည်း။

သာဓု သာဓု သာဓု

**ပဉ္စမနေ့ ဟောစဉ်ပြီး၏။**

## ဆဋ္ဌမနေ့ ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ ကဆုန်လဆန်း (၆)ရက်နေ့။

ယောဂီများ တရားဘာဝနာ ပွားများလာခဲ့တာ (၆)ရက်မြောက်တဲ့ နေ့။

**ဘုရားနေမင်း**

**ဗုဒ္ဓါဒိစ္စေ အနုပ္ပန္နေ၊ ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ၊**
**တေသံသဘာဝဓမ္မာနံ၊ နာမမတ္တံ့ နနာယတိ။**

ဗုဒ္ဓါဒိစ္စေ- ဘုရားတည်းဟူသော နေမင်းကြီးသည်။ အနုပန္နေ- ကမ္ဘာကျော်လျက် မထွက်ပေါ်ခဲ့သည်ရှိသော်။ ဗုဒ္ဓစန္ဒေ- ဘုရားတည်းဟူသော လမင်းကြီးသည်။ အနုဂ္ဂတေ- မထွက်ပေါ်ခဲ့သည်ရှိသော်။ တေသံ သဘာဝဓမ္မာနံ- ထိုသဘာဝရုပ်နာမ်တရားတို့၏။ နာမမတ္တံ- အမည်ကလေးမျှကိုလည်း။ နနာယတိ- မထင်နိုင်ချေ၊ မသိနိုင်ချေ။

ဘုရားတည်းဟူသော နေမင်းကြီး၊ ဘုရားတည်းဟူသော လမင်းကြီးတွေ လောကအလယ်မှာ ကမ္ဘာတက်ကျော်ပြီးတော့ မပွင့်ပေါ်ဘူးဆိုရင် ရုပ်တရား နာမ်တရားဖြစ်တဲ့ သဘာဝတရားတို့ရဲ့ အမည်ကလေးမျှ ကြားရဖို့ အမည်ကလေးမျှ သိရဖို့ အင်မတန် ခက်ပါတယ်။

**မိခင်ကျေးဇူး**

http://www.dhammadownload.com



ဖဿရယ်, ဝေဒနာရယ်, သညာရယ်, ဝိညာဉ်ရယ် စသည် ဒီအမည်လေးကိုမျှ သိရန်ခက်ပါတယ်။

ဒီစကားနဲ့ ပတ်သက်ပြီး စဉ်းစားပြီးကြည့်တော့ ကမ္ဘာလောကဓာတ် အရပ်ရပ်မှာရှိကြတဲ့ ပညာရှင်ဒေတွ လောကဓာတ်ပညာရှင်တွေ အများကြီး ရှိကြသော်လည်း ဤကားဖဿ၊ ဤကားဝေဒနာ၊ ဤကားသညာ၊ ဤကား စေတနာ၊ ဤကားရုပ်၊ ဤကားနာမ်လို့ ပြောပြနိုင်တဲ့ပုဂ္ဂိုလ် ဘုရားမှတစ်ပါး ဘယ်ပုဂ္ဂိုလ်မှ ဘယ်ပုဂ္ဂိုလ်ရဲ့ နှုတ်ကမှ မထွက်နိုင်ဘူး။

ဒါကြောင့်မို့ ဘုရားရှင် မပွင့်ပေါ်ခဲ့ရင် ဘုရားတည်းဟူသော နေမင်းကြီး၊ ဘုရားရှင်တည်းဟူသော လမင်းကြီး မပေါ်ခဲ့ရင် ပရမတ္ထတရား တို့ရဲ့ ရုပ်တရား နာမ်တရားတို့ရဲ့ အမည်ကလေးမှ အမည်ကလေးတောင် မှ ကြားရဖို့ သိရဖို့ ခက်ပါတယ်။

**ဗုဒ္ဓါဒိစ္စေ ဥပ္ပန္နေ၊ ဗုဒ္ဓစန္ဒေ ဥဂ္ဂတေ၊**
**တေသံ သဘာဝ ဓမ္မာနံ၊ လက္ခဏမ္ပိ ဝိဇာနန္တိ။**

ဗုဒ္ဓါဒိစ္စေ- ဘုရားတည်းဟူသော နေမင်းကြီးသည်။ ဥပ္ပန္နေ- ပွင့်ပေါ်မှသာလျှင်။ ဗုဒ္ဓစန္ဒေ- ဘုရားတည်းဟူသော လမင်းကြီးသည်။ ဥဂ္ဂတေ- ကမ္ဘာကျော်လျက် ပေါ်ထွက်လာမှသာလျှင်။ တေသံသဘာဝ ဓမ္မာနံ- ထိုသဘာဝဓမ္မခေါ်တဲ့ ရုပ်တရား နာမ်တရားတို့၏။ လက္ခဏမ္ပိ- အမည်ကိုမျှမက အမှတ်တံဆိပ်လက္ခဏာ၊ သဘာဝလက္ခဏာ ဝိသေသ လက္ခဏာကိုလည်းပဲ။ ဝိဇာနန္တိ- သိခွင့်ရကြလေကုန်၏။

ဘုရားတည်းဟူသော နေမင်းကြီး၊ ဘုရားတည်းဟူသော လမင်း ကြီး ထွက်ပေါ်လာလို့ သဘာဝဓမ္မရုပ်နာမ်တရားတို့ရဲ့ အမည်မျှမက လက္ခဏာ၊ သဘောသဘာဝအဓိပ္ပါယ်တွေပါ သိခွင့်ရကြတယ်လို့ ပရိဝါမှာ သင်္ဂါယနာတင် ထေရ်အရှင်တို့ မိန့်ကြားတဲ့စကားအတိုင်း ဘုရားသာသနာ တွင်း ကြုံကြိုက်ခြင်းရှိကြတဲ့ သူတော်စင်များ သဘာဝဓမ္မဖြစ်တဲ့ ရုပ်တရား နာမ်တရားတို့ရဲ့ အမည်၊ ရုပ်တရား နာမ်တရားတို့ရဲ့သဘော၊ ရုပ်တရား နာမ်တရားတို့ရဲ့ လက္ခဏာ၊ ရုပ်တရား နာမ်တရားတို့ရဲ့ အကြောင်း၊ ရုပ်တရား နာမ်တရားတို့ရဲ့ အကျိုး ဒီအချက်အလက်တွေ သိခွင့်ရကြတယ်။

http://www.dhammadownload.com



**ရေကို ခွဲခြားသိရသည်ထက်ခက်**

မိလိန္ဒမင်းကြီးက အရှင်နာဂသိန်မထေရ်မြတ်ကို "အရှင်ဘုရား ရုပ်တရား နာမ်တရားတို့နဲ့ ပတ်သက်ပြီးတော့ ခွဲခြားပြီး သိနိုင်ဖို့အရေးဟာ ဘယ်လောက်ခက်ပါသလဲ။

အရှင်နာဂသိန်မထေရ်မြတ်က ဥပမာပေးဖြေတယ်။ ဂင်္ဂါယမုံနာ အစိရဝတီ မဟီ သရဘူ အစရှိတဲ့၊ တစ်နည်းအားဖြင့်၊ ဧရာဝတီ ချင်းတွင်း အစရှိတဲ့ မြစ်တွေ ရှိတယ်။

အဲဒီမြစ်ထဲက ရေတွေ ပင်လယ်သမုဒ္ဒရာထဲ စီးဆင်းပြီးသွားတဲ့ အခါမှာ ပင်လယ်သမုဒ္ဒရာထဲ ရောက်သွားပြီးမှ ဤရေကား ဂင်္ဂါရေ၊ ဤရေ ကား ချင်းတွင်းကလာတဲ့ရေ၊ ဤရေကား ဧရာဝတီမြစ်က လာတဲ့ရေ၊ ဂင်္ဂါ ယမုံနာ အစိရဝတီ မဟီ သရဘူ မြစ်ကလာတဲ့ရေလို့ ခွဲခြားရတာက လွယ်သေးတယ်တဲ့။

ဤရုပ်တရား နာမ်တရားတွေကို ခွဲခြားစိတ်ဖြာပြီးတော့ သိနိုင်ဖို့က ဒါထက်ခက်တယ်။

မြတ်စွာဘုရားဟာ ဂင်္ဂါဝါဠု သဲပုံစုကို ပြန်လှန်ပြီးတော့ ရေတွက် သကဲ့သို့ ရုပ်တရား နာမ်တရားတွေ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ထဲက (၄၂၀၀၀) သောဓမ္မက္ခန္ဓာတွေ နတ်ပြည်မှာဟောတဲ့အခါ ဓမ္မက္ခန္ဓာပေါင်း (၄၂၀၀၀) ရှိတယ်။

(၈၄၀၀၀)ထဲက (၄၂၀၀၀) သောဓမ္မက္ခန္ဓာတွေကို လူ့ပြည်မှာ ဟောတယ်။ ဝိနည်း သုတ္တန်တရားတော်များပေါ့။ ဒါလဲပဲ ရုပ်တရား နာမ်တရားတွေ ကြားညှပ်ပြီး ဟောခဲ့တယ်။

နတ်ပြည်မှာဟောတဲ့ ဓမ္မက္ခန္ဓာပေါင်း (၄၂၀၀၀)ကျတော့ ရုပ် တရား နာမ်တရားသက်သက် ကုသိုလ်တရား၊ အကုသိုလ်တရား၊ အဗျာကတ တရား၊

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြိယ, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်။ ဒီလို ရုပ်တရား နာမ်တရားတို့ရဲ့ အသံတွေနဲ့ချည်း ဟောကြားတော်မူခဲ့တယ်။

http://www.dhammadownload.com



အဲဒီလို ခွဲခြားပြီးတော့ ဟောနိုင်ဖို့ဆိုတာ စောစောကပြောခဲ့တဲ့ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာက ရေတွေ ပင်လယ်သမုဒ္ဒရာထဲ ရောက်သွားတဲ့အခါ ဤရေကား ဂင်္ဂါမြစ်က လာတဲ့ရေ၊ ဤရေကား ဧရာဝတီမြစ်က လာတဲ့ရေ အဲဒီလို ခွဲခြားသိဖို့ထက် ခက်ပါတယ်တဲ့။

## (၆)မျိုးနဲ့ရှုပ်

အဲဒီတော့ ရုပ်တရား နာမ်တရားတို့ရဲ့ သဘောဝဓမ္မတို့ရဲ့ အလုံးစုံသော အချက်အလက်များ မြတ်စွာဘုရား ဟောကြားသလောက် ကျယ်ကျယ်ဝန်းဝန်းကြီး မသိတောင်မှ မိမိတို့အကြောင်းအကျိုး ဘာကိုအခြေခံပြီးတော့ ဘာဖြစ်တယ်။

အဲဒီလို အကြောင်းဆက် အကျိုးဆက် ကွင်းဆက်တရားလေးတွေ အကုန်လုံးခြုံလိုက်တဲ့အခါကျတော့ အတွင်းမှာရှိတဲ့ အကြည်ဓာတ်က (၆)မျိုး၊ အပြင်က အာရုံက (၆)မျိုး၊ ဒီ (၆)စုံနဲ့ပဲ ဒီကမ္ဘာလောကကြီးအားလုံးဟာ လှည့်လည်ပြီးတော့ နေကြတယ်၊ ရှုပ်ထွေးနေကြတယ်။

မနေ့ညကဟောတဲ့ ဝိပဿနာဉာဏ်အပိုင်းမှာ အယံကာယော- ဤခန္ဓာကိုယ်သည်။ မာတာပေတ္တိက သမ္ဘဝေါ- အမိအဖတို့၏ သုက်သွေးကြောင့် ဖြစ်၏။

ဘဝဖြစ်စဉ်လေး ပြန်ပြီးတော့ကြည့် စိတ်ကတည်ကြည် ငြိမ်သက်မလှုပ်ရှက်သော စိတ်ကလေးဖြစ်ပြီဆိုတော့ ဘယ်နားကြည့်လိုက် ကြည့်လိုက် ဝိပဿနာချည်းပဲ။ ဘယ်အနားကြည့်လိုက် ကြည့်လိုက် ဉာဏ်အမြင်ဟာ ရှင်းရှင်းနေပါတယ်။

ပြန်ပြီးတော့ ဘဝဖြစ်စဉ်ကို ပြန်ကြည့်တော့ ကလလရေကြည်လေး ကစပြီးတော့ လူ့ဘဝအစ ကလလရေကြည်က။

ကလလရေကြည်လေးက စပြီးတော့ အမိဝမ်းမှာ ဖြစ်ပေါ်ခဲ့ကြတယ် (၇)ရက်၊ အဲဒီ ကလလရေကြည်လေးက စပြီးတော့ ရုပ်တရားရဲ့ ထုံးစံအတိုင်း ပျက်ခဲ့တာ။

အဲဒီလိုနဲ့ (၇)ရက်ပြည့်ပြန်တော့ အမြှုပ်ကလေးဘဝနဲ့ (၇)ရက်၊

http://www.dhammadownload.com



သွေးခဲလေးဘဝနဲ့ (၇)ရက်၊ အသားတစ်ကလေးဘဝနဲ့ (၇)ရက်၊ ဟော အဲဒီနောက်မှ ခေါင်း ခြေထောက် လက်ဖြစ်မယ့် ခက်မငါးဖြာ၊ အဲဒီလို ဖြစ်စဉ်အားဖြင့် (၇)ရက်၊ (၇)ရက်စီနဲ့ လာခဲ့တာ ကလလရေကြည်က စပြီး ကလလရေကြည်လေးမှာ ဖြစ်နေတဲ့ ရုပ်တရားတွေ နာမ်တရားတွေ ရေမြှုပ် ဘဝ မပါလာပါဘူး။ ခပ်ကြမ်းကြမ်းလေး ဆင်ခြင်တဲ့နည်းပေါ့။

တစ်ခါ ရေမြှုပ်ဘဝမှာ (၇)ရက်နေတော့ အဲဒီရေမြှုပ်ဘဝမှာ ဖြစ်တဲ့ ရုပ်တွေ နာမ်တွေ သွေးခဲလေးဖြစ်တဲ့အခါ မရှိတော့ပါဘူး။

အဲဒီလိုရှုတာ မဟာသိဝမထေရ်ရဲ့နည်း။ တိပိဋကမဟာသိဝ မထေရ်ရဲ့နည်းက ရပ်နေပြီးတော့ ထိုင်လိုက်တယ်။ ရပ်နေတဲ့အခါဖြစ်တဲ့ ရုပ်တို့သည် ထိုင်တဲ့အခါ မရှိတော့ဘူး။

**"တတ္ထေဝနိရုဒ္ဓါ"**- ရပ်နေတုန်းမှာပဲ ချုပ်ကြသည်။ ထိုင်နေတုန်းမှာ ဖြစ်တဲ့ ရုပ်တို့ဟာ ရပ်နေတဲ့အခါ မရှိတော့ဘူး။ ထိုင်နေတုန်းမှာပဲ ချုပ်သွား ကြသည်၊ ပျက်သွားကြသည်။

ဟော- ဒီလိုလည်း ခပ်ကျဲကျဲရှုလို့ ရပါတယ်လို့ တိပိဋကမဟာသိဝ မထေရ် အရှင်မြတ်ကြီးက အဲဒီလို မိန့်မြွက်တော်မူတာရှိတယ်။

တစ်နည်းအားဖြင့် ရုပ်နာမ်တို့ ထုံးစံအတိုင်း ခဏငယ်နဲ့ ရေတွက် ရင်တော့ လက်ဖျောက်တစ်ချက်တီးကာလ ရုပ်တွေနာမ်တွေ ကုဋေချီပြီး တော့ ဖြစ်ပွားတယ်လို့ ဆိုပါတယ်။

အဲဒီလို ကုဋေချီပြီးတော့ဖြစ်တဲ့ ထုံးစံအတိုင်း ဖြစ်ပျက်နေတာကို လိုက်ရှုနိုင်မှ ဝိပဿနာလို့ ခေါ်တာ မဟုတ်ပါဘူး။ ဉာဏ်ထဲမှာ မှီသလောက် ရှုမှတ်ဖို့ဟာ အရေးကြီးပါတယ်လို့ လယ်တီဆရာတော်က မိန့်ပါတယ်။

အဲဒီလို ကလလရေကြည်လေးက စပြီး လူ့ဘဝ ရောက်ရှိလာပြီး စပြီးဖြစ်ခဲ့တဲ့ ရုပ်တရား နာမ်တရားတွေ အဲဒါကို **"မာတာပေတ္တိက သမ္ဘဝေါ"** အမိအဖတို့ရဲ့ သုက်သွေးကြောင့်ဖြစ်ပါတယ်။

ဒါလည်းပဲ ပြီးပြီးတဲ့အခါကျမှ ဆင်ခြင်တဲ့သဘောပါပဲ။

အဲဒီတော့ အမြဲတမ်း အမြဲတမ်း တွေ့ကြ ကြုံကြတာဖြစ်တော့ တွေ့ကြ ကြုံကြတာတွေဟာ တရားချည်းပါပဲ။

http://www.dhammadownload.com



မြင်တာ, ကြားတာ, နံတာ, စားတာ, တွေ့ထိတာ, ကြံသိတာ။ မြင်ခြင်း, ကြားခြင်း, နံခြင်း, စားခြင်း, ထိခြင်း, တွေးကြံခြင်း ဒီအချက် (၆)မျိုး။

လူတိုင်း လူတိုင်းဟာ ကြည့်နေကြတယ်၊ ကြားနေကြတယ်၊ နမ်းရှူနေတယ် စားတယ်၊ တွေ့ထိနေတယ်၊ ကြံစည်နေတယ်။ ဒီလုပ်ငန်း (၆)မျိုးက လွဲလို့ မရှိပါဘူး။

**ဝတ္ထုအာရုံ (၂)ပါးကြုံတိုင်း ထုံတလဲလဲ ရေယဉ်ဝဲသို့** စောစောက ပြောတဲ့ အကြည် (၆)မျိုး မျက်စေ့အကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ စိတ်အကြည်။ အဲဒီအကြည် (၆)မျိုး။

အာရုံကလည်း (၆)မျိုးပဲ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ။ အဲဒီ (၆)မျိုးနဲ့ အကြည် (၆)မျိုး "ဝတ္ထုအာရုံ နှစ်ပါးကြုံတိုင်း" ကြုံကြိုက်လာပြီ တိုက်ဆိုင်လာတိုင်း "ထုံတလဲလဲ ရေယဉ်ဝဲသို့" ရေဝဲများလိုပါပဲ။

**မြစ်မြနိစ္စ စိတ္တနိယံ ကြောင်းခံကျိုးတည် ပစ္စည်းပစ္စုပ် ကြိုးနှယ်ရှုပ်၏**။

## ရောင်ခြည်တော်စက်ဝိုင်း

ထုံးစံအတိုင်း မြင်သိ၊ စက္ခုပသာဒနဲ့ အဆင်းရူပါရုံ ထိတွေ့တဲ့ အခါကျတော့ မြင်သိစိတ်ကလေး ပေါ်လာ။

မြတ်စွာဘုရား ရုပ်ပွားတော်အား ပူဇော်ထားတဲ့ ရောင်ခြည်တော်စက်ဝိုင်း ဆိုကြပါစို့။ ရောင်စုံမီးမှာ ပထမ အဝါ၊ နောက်အစိမ်း၊ နောက်အနီ၊ အဝါကို မိမိတို့မျက်စိနဲ့ မြင်ရတယ်။ မိမိရဲ့ မျက်စေ့အကြည်ဓာတ်ကလေးကလည်း ကောင်းလို့ ရောင်ခြည်တော်စက်ဝိုင်းက အဝါရောင်ဆိုတဲ့ ရူပါရုံနဲ့ ထိလိုက်တော့ မြင်သိစိတ်ကလေး ပေါ်လာတယ်။

ထားအုန်း- အစိမ်းရောင်ကလေး၊ ဒုတိယ ပေါ်လာတယ်။ အစိမ်းရောင်ကလေး ဖူးမြော်အာရုံပြုလိုက်တဲ့အခါ ပထမ အဝါရောင်ကို မြင်တုန်းက မြင်သိစိတ်ကလေး မရှိတော့ဘူး။ ဒါ အနိစ္စ၊ အနိစ္စအချက်။



35(A)

http://www.dhammadownload.com



ဒါကြောင့်- **စက္ခုရူပါရုံ နှစ်ပါးဆုံလျှင် စက္ခုဝိညာဉ် ပေါ်မြဲပင်၊ ပေါ်လျှင်မမြဲ ချုပ်ပျက်မြဲတည်း။**

စက္ခုအကြည်ဓာတ်ကလေးနဲ့ ရူပါရုံနှစ်ပါးဆုံတော့ မြင်သိစိတ်ကလေး ပေါ်လာတယ်။ ပေါ်လာတဲ့ မြင်သိစိတ်ကလေး ဖြစ်မြဲချုပ်မြဲ သဘာဝအတိုင်း ဖြစ်ပါတယ်၊ ချုပ်ပါတယ်။ အလားတူပဲ။

**သောတသဒ္ဒါရုံ နှစ်ပါးဆုံလျှင် သောတဝိညာဉ် ဖြစ်မြဲပင်**

**ပေါ်လျှင်မလွဲ ချုပ်ပျက်မြဲတည်း။**

ယာနကျတော့လည်း ဒီအတိုင်းပဲ။ ယာနအကြည်ဓာတ်လေး သောတပသာဒဆိုတဲ့ နေရာမှာ နားအကြည်ဓာတ်ကလေး သဒ္ဒါရုံဆိုတဲ့ အသံ အားလုံးအသိစိတ်ကလေးတွေ ဖြစ်ပေါ်တယ်။

ခပ်ကျဲကျဲလေး ပြောမယ်ဆိုရင် ပဌမတစ်ဂါထာ ရွတ်နေတုန်းက ကြားသိတဲ့စိတ်၊ ဒုတိယတစ်ဂါထာ ရွတ်တဲ့အခါကျတော့ ဟော- ပဌမ တစ်ဂါထာမှာ ဖြစ်ပေါ်ခဲ့တဲ့ ကြားသိစိတ်ကလေး သိုမှီးထားလို့ မရတာလည်း သေချာတယ်။ အဲဒါကြောင့်-

အဒဿနတော အာယန္တိ- ဘယ်ကလာမှန်း မသိဘူးတဲ့။ ကြားသိ စိတ်ကလေးဟာ အားလုံး ယောဂီသူတော်စင်များ တရားစခန်း စပြီးတော့ တစ်ကြိမ်နဲ့တစ်ကြိမ် အကူးအသန်းမှာ-

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊

ဒုတိယတစ်ကြိမ် ဓမ္မံသရဏံ ဂစ္ဆာမိ၊ အသံကြားကြ။

အဒဿနတော အာယန္တိ- အဲဒီကြားတဲ့အသံဟာ ဘယ်ကလာမှန်း ကို မသိဘူးတဲ့။ သို့သော် အကြောင်းမယ့် ဖြစ်သလားဆိုတော့ အကြောင်းမယ့် မဖြစ်ပါဘူး။

မိမိတို့သန္တာန်မှာရှိတဲ့ နားအကြည်ဓာတ်၊ အဲဒီ နားအကြည်ဓာတ်နဲ့ ယောဂီတို့ရဲ့ "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ" ဆိုတဲ့ အသံနှစ်ခု ဆုံမိတဲ့အခါကျတော့ ဒီအခြေခံ နှစ်ခု။

ဒီနှစ်ခု ဆုံမိတာကို အခြေခံပြီးတော့ ကြားသိစိတ်။ ဟော- အဲဒီ ကြားသိစိတ်ကလေး ဖြစ်ပေါ်လာတာ ကြာသလားလို့ဆိုတော့ မကြာဘူး။

http://www.dhammadownload.com



"ဝိဇ္ဇုပ္ပါဒါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိဝယန္တိစ"

ကောင်းကင်မှာ လျှပ်စီးလက်သလိုပါပဲတဲ့။ ဖြစ်ပုံပျက်ပုံဟာ-

စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်ပြီဆိုတဲ့ အခါကျတော့ ဒါလေးတွေ မြင်တိုင်း မြင်တိုင်း ကြားတိုင်း ကြားတိုင်း စဉ်းစားလိုက်တိုင်း စဉ်းစားလိုက်တိုင်းဟာ ဖြစ်တဲ့သဘော ပျက်တဲ့ဘော၊ ဖြစ်တဲ့သဘော ပျက်တဲ့သဘော ပေါ်ပြီးတော့လာတယ်။

ဟော- ထမင်းပွဲထိုင်လိုက်တယ် ဆိုကြပါစို့။ အနံ့ကောင်းတဲ့ ဟင်းကလေးဆီက အနံ့ကလေး၊ သို့မဟုတ်၊ ထမင်းနဲ့ ဟင်းနံ့ကလေး နှာခေါင်းထဲကို ရောက်လာတော့ နံသိစိတ်ကလေး ဖြစ်ပေါ်လာတယ်။ မကြာပါဘူး။

- **ဃာန ဂန္ဓာရုံ နှစ်ပါးဆုံလျှင် ဃာနဝိညာဉ် ဖြစ်မြဲပင် ပေါ်လျှင်မလွဲ ချုပ်ပျက်မြဲတည်း။**

ဟော- ရသာရုံ၊ ဇိဝှါပသာဒနဲ့ ရသာရုံ။

ဇိဝှါ- လျှာအကြည်ဓာတ်ကလေးနဲ့ ရသာရုံနဲ့ ဆုံမိတဲ့အခါကျတော့ **စားသိစိတ်ပေါ့**။ **စားသိစိတ်ကလေး** ဖြစ်ပေါ်လာတယ်။ ဒီစိတ်ကလေးလည်း ကြာကြာမနေပါဘူး။

ဟော- မိမိတို့ ကြမ်းပေါ်ထိုင်ပြီးတော့ "**ကာယပသာဒ**" ခန္ဓာကိုယ် ကာယအကြည်နဲ့ ဖောဋ္ဌဗ္ဗာရုံ ဖျာအကြမ်းတို့နဲ့ ထိခိုက်တဲ့အခါကျတော့ ထိသိစိတ်ကလေး ဖြစ်ပေါ်လာတယ်။

အဲဒီစိတ်ကလေးရဲ့ အနိစ္စအချက်၊ ဖြစ်ပျက်တဲ့ အနိစ္စသဘော၊ ဖြစ်တဲ့ ပျက်တဲ့ဒဏ် (၂)မျိုးနဲ့ နှိပ်စက်နေမှတော့ ဒုက္ခသဘောကလည်း ပေါ်လွင်တယ်။

မြဲလည်း မမြဲဘူး။ ဆင်းရဲလည်း ဆင်းရဲတယ်ဆိုတော့ အဲဒါဟာ အနတ္တသဘောကလည်း ပေါ်လွင်တယ်။

ဟော- မန- မနောအကြည်ဓာတ်ကလေးရှိ၊ မနောအကြည်ဓာတ်ကလေးနဲ့ မိမိတို့ကြားဖူးတဲ့ တရားအာရုံလေးနဲ့ ပြန်အာရုံပြု (သို့မဟုတ်) သိပြီးသားတရားကို ပြန်ပြီးတော့ အာရုံပြုတဲ့အခါ မနောနဲ့ ဓမ္မာရုံ ဆုံမိပြီးတော့ ကြံသိစိတ်ကလေးတွေ ဖြစ်ပေါ်ပြီးတော့ လာပါတယ်။



35(A)

http://www.dhammadownload.com



အဲဒါကို မြတ်စွာဘုရားက-

**"စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ သေက္ခာဝါ ပုထုဇ္ဇနာဝါ"**- သေက္ခပုဂ္ဂိုလ်တဲ့။

အရိယာပုဂ္ဂိုလ်ထဲက သေက္ခပုဂ္ဂိုလ် သိက္ခာသုံးပါးကျင့်ဆဲ ပုဂ္ဂိုလ် (၇)ယောက်။

ပုထုဇ္ဇနာဝါ- ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်သည်။ စက္ခုံ- စက္ခုပသာဒကို။ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ- အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ယဉ်တင်ကြတယ်တဲ့။ ရုပ်ကိုအခြေခံပြီး ဝိပဿနာကုသိုလ် ဖြစ်နေပုံကို ဟောတော်မူတာပါပဲ။

အလားတူပဲ သောတ၊ နားအကြည်, နှာခေါင်းအကြည်, လျှာအကြည်, ကိုယ်အကြည်, စိတ်အကြည် အားလုံး လက္ခဏာယဉ် တင်ကြရတယ်။

## ဌာနာဋ္ဌာနကောသလ္လဉာဏ်တော်

အဲဒါကို မြတ်စွာဘုရားရဲ့ ကိုယ်တော်အား (၁၀)ပါး၊ ဉာဏ်တော်အား (၁၀)ပါးထဲမှာတော့ **"ဌာနဋ္ဌာနကောသလ္လဉာဏ်"**။

**ယေသံ ယေသံ ဥပ္ပါဒိယာ၊ ယေယေ အဋ္ဌာနဋ္ဌာနကံ၊**

**ဇာနန္တော ဉာဏဗလေန၊ သီဟနာဒံ နဒီ ဇိနော။**

ဇိနော- အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာအောင်မြင်ဘုရားရှင်သည်။ ယေယေဓမ္မာ- ပဋ္ဌာန်းပစ္စည်း အနည်းနည်းဖြင့် သီးသီးထွေပြား အကြင်အကြင် အကြောင်းတရားတို့သည်။ ယေသံယေသံ ဓမ္မာနံ- ကျိုးပစ္စယုပ္ပန် အတန်တန်ဖြင့် ဖန်ဖန်ဖြစ်ပွား အကြင်ဒအကြင်အကျိုးတရားတို့၏။ ဥပ္ပါဒိယ- နဂိုထင်ရှား မရှိငြားလည်း အံ့အားသင့်စရာ ထင်ရှားဖြစ်တည်ခြင်းအကျိုးငှါ။ ဌာနကံ- မည်သည့်ရေရာ ပေါင်းမိကာမှ ကောင်းစွာစင်စစ် အကြောင်းဖြစ်ပါပေ၏။ အဋ္ဌာနကံ- ထိုဤကြောင်းချုပ် ပေါင်းကာလုပ်လည်း သရုပ်ဖော်ရန် အကြောင်းမမှန်ပါချေ။ ဣတိ- ဤသို့။ ဉာဏဗလေန- ဌာနဌာန ကောသလ္လဟု မည်ရထင်ရှား ဉာဏ်တော်အားဖြင့်။ ဇာနန္တော- မဖောက်မပြန် ဟုတ်တိုင်းမှန်အောင် ဧကန်တိတိ သိရှိပါသည်

http://www.dhammadownload.com



ဖြစ်၍။ သီဟနာဒံ- မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ည် တရား အသံတော်ကို။ နဒီ- ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသတည်း။

သာဓု သာဓု သာဓု

အကြောင်းအကျိုးကို သိတဲ့ဉာဏ်တဲ့။ အကြောင်းတရား အကျိုး တရားတွေကို သိတဲ့ဉာဏ်။ **"ဌာနဋ္ဌာနကောသလ္လဉာဏ်"**။

ဆိုကြပါစို့ မြင်သိစိတ်ကလေး။ မြတ်စွာဘုရား ရောင်ခြည်တော် စက်ဝိုင်းမှာ ပထမဆုံးအဝါရောင်လေး မြင်လို့ အဝါရောင်ဆိုတဲ့ ရူပါရုံ မိမိရဲ့ စက္ခုပသာဒ၊ အဲဒီ ရူပါရုံသည် ဟော- မြင်သိစိတ်ကလေးအား ကျေးဇူးပြုသည်။

မြင်သိစိတ်ကလေး ဖြစ်ပေါ်လာတာ အဲဒီ ရူပါရုံနဲ့ စက္ခုပသာဒ အဲဒီအကြောင်းကြောင့် ဖြစ်ပေါ်တာတဲ့။

ဖြစ်ပေါ်ပြန်တော့ စောစောက ရှိနေတာလားဆိုတော့ - **"အဒဿနတော အာယန္တိ"** စောစောကလည်း ဒီနား ဒါရှိနေတာ မဟုတ် ဘူး။ အကြောင်းအကျိုး ဆက်ပြီးတော့ အကြောင်းကြောင့် အကျိုးဖြစ်ပေါ် လာတာတဲ့။ ပြီးပြန်တော့ အစုအပုံကြီး စုပုံထားသလားလို့ ဆိုတော့ အဲဒီလို အစုအပုံကြီးလည်း စုပုံထားလို့ မရဘူး။ ပုဗ္ဗောနတ္ထိ အနာဂတေပေါ့။

**"ဝိဇ္ဇုပ္ပါဒါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ"**

ကောင်းကင်မှာ လျှပ်စီးလက်သလိုပါပဲတဲ့။ ဖြစ်ပျက် ဒီသဘောနဲ့ပဲ အဆုံးသတ်ပြီးတော့ သွားပါတယ်။ အဲဒါကို စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်ဖြစ်ပြီ ဆိုလို့ရှိရင် အကြောင်းအကျိုး အကြောင်းအကျိုး ဘာကြောင့် ဘယ်လိုဖြစ်လာတာ။ အဲဒီ သဘောတရားလေးက ကြာကြာရပ် တည်လို့ မရဘူး။

**ထိသိစိတ်**

ဟော- ဝါယောဓာတ်ကလေး ကာယပသာဒမှာ ထိခိုက်ပြီးတော့ တိုးထွက် တိုးဝင်တော့ ထိသိစိတ်ကလေး ဖြစ်ပေါ်။

အဲဒီ ထိသိစိတ်ကလေးဟာ ကာယပသာဒကလည်း ကြာရှည်စွာ

http://www.dhammadownload.com



တည်တံ့တာမဟုတ်ဘူး။ ဝါယောရုပ် ဆိုတာကလည်း ကြာရှည်စွာ တည်တံ့တာ မဟုတ်ဘူး။

ကာယပသာဒ ဝါယောရုပ် အခြေခံပြီးတော့ ဖြစ်ပေါ်လာတဲ့ ထိသိစိတ်ဟာလည်း ကြာရှည်စွာ တည်တံ့မနေပါဘူး။ ဒါကြောင့်-

- ကာယတွင်မည် ရုပ်ထို့ဤကား မြင့်ရှည်ကာလ မတည်ထဘဲ ခဏဖြစ်လျက် ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် ပူပန်မစဲ လွန်ဆင်းရဲ၏၊ ခိုင်မြဲကြောမာ နှစ်မပါဘူး သူ့သဘာဝ အနိစ္စသည် ဒုက္ခ အနတ္တပါတကား။
- ဝါယောတွင်မည် ရုပ်ထို့ဤကား မြင့်ရှည်ကာလ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် ပူပန်မစဲ လွန်ဆင်းရဲ၏၊ ခိုင်မြဲကြောမာ နှစ်မပါဘူး၊ သူ့သဘာဝ အနိစ္စသည် ဒုက္ခ အနတ္တပါတကား။

ဟော- ကာယပသာဒနှင့် ဝါယောဓာတ်သည် ကာယဝိညာဉ်စိတ်၊ ထိသိစိတ်ကလေး၊ ထိသိဆိုတဲ့ စိတ်ဝိညာဉ်ကလေးသည်-

- ထိသိတွင်မည် စိတ်ဆိုသည်ကား မြင့်ရှည်ကာလ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် ပူပန်မစဲ လွန်ဆင်းရဲ၏၊ ခိုင်မြဲကြောမာ နှစ်မပါဘူး၊ သူ့သဘာဝ အနိစ္စသည် ဒုက္ခ အနတ္တပါတကား။

လို့ လက္ခဏာယာဉ် မိမိတို့စပြီးတော့ အသုံးပြုလာတဲ့ ဝါယောရုပ်ကို လက္ခဏာတင်တဲ့နည်း။

- ဝါယောရုပ်ကို လက္ခဏာတင်တဲ့နည်း။
- ကာယပသာဒကို လက္ခဏာတင်တဲ့နည်း။
- ထိသိစိတ်ကို လက္ခဏာတင်တဲ့နည်း။

အဲဒီလို တစ်ခုချင်း တစ်ခုချင်းလေး တွေးလိုက်တိုင်း စိတ်ထဲမှာ ဉာဏ်ထဲမှာ ရှင်းပြီးတော့ တစ်ခုပြီး တစ်ခု ဆက်ဆက် ဆက်ဆက်ပြီးတော့ ဖြစ်ပျက်တဲ့သဘောလေး။ အကြောင်းတရားကြောင့် အကျိုးတရားလေး ပစ္စည်းပစ္စုပ် ကြိုးနှယ်ရှုပ်ပုံလေးတွေ ဆင်ခြင်စဉ်းစားပုံလေးတွေ ဆင်ခြင်

http://www.dhammadownload.com



စဉ်းစားပြီး ကြည့်လိုက်တဲ့အခါမှာ ဝမ်းမြောက်စရာ ကျေနပ်စရာလေးတွေ ဖြစ်ပြီးတော့ လာလိမ့်မယ်။

ဒါနဲ့ ပတ်သက်ပြီးတော့ ဒီလို ကျူးရင့်ဖို့ကောင်းတယ်။

**သယံဗုဒ္ဓေါ သမ္မောဓေသိ၊ ဓမ္မေပိ ဓမ္မသတ္တိယော၊**

**အဟောနော တဿသုတတ္တံ၊ အဟောနော ဓမ္မစိန္တနံ။**

ယောဇနော- မကိုင်ရောင်လျှံ ဥဿျှောင်ပျံ့ဝယ် အောင်လံစွင့်စွင့် လွှန့်တလူလူ အကြင် အောင်တော်မူ မြတ်စွာဘုရားသည်။ ဓမ္မေပိ- ရှေ့နောက်ဆက်လျက် စဉ်တိုင်းပျက်၍ ဆက်ဆက်မနှော တရားသဘောတို့ကို လည်းကောင်း။ (ဘုရားရှင်ရဲ့ ရောင်ခြည်တော်စက်ဝိုင်းမှာ ရှိတဲ့ အဝါရောင် အနီရောင် အစိမ်းရောင် ရူပါရုံ၊ အဲဒီ ရူပါရုံဟာ မိမိတို့ရဲ့ စက္ခုပသာဒနဲ့ တိုက်ဆိုင်မိတဲ့ အခါကျတော့ ဟော- စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်တယ်)။

ဒီထက် နက်ရှိုင်းအောင် ပြောမယ်ဆိုရင်-

စက္ခုဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော ဆိုပြီးတော့ အဲဒီလို ဖြစ်ပေါ်လာတာထဲက မြင်သိစိတ်ကလေးကို အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ တင်လိုက်မှ မတင်လိုက်ဘူး ဆိုလို့ရှိရင်တော့ မိမိသဘောကျလို့ ရှိရင် ဟော- လောကီအာရုံမှာ လောဘဇော ဖြစ်နိုင်တာ။ သဘောမကျရင် ဒေါသဇောကျနိုင်တာ။

ဓမ္မေပိ- ရှေ့နောက်ဆက်လျှက် စဉ်တိုင်းပျက်၍ ဆက်ဆက်မနှော တရားသဘောတို့ကိုလည်းကောင်း။

ဘယ်လိုဖြစ်သလဲ ဘယ်လိုပျက်သလဲဆိုရင် ရောင်ခြည်တော်စက် ဝိုင်းမှာ ညို ရွှေ ဖြူ နီ မောင်းရီပြိုးပြက် တစ်ခဲနက် အရောင် (၆)မျိုး ပြေးသွားနေတာလေးကို ကြည့်ပြီးတော့ တရားသဘောတွေလည်း ဒီလိုဖြစ် နေပါလားလို့။

ဒါကြောင့် "**ဓမ္မေပိ**"- ရှေ့နောက်ဆက်လျှက် စဉ်တိုင်းပျက်၍ ဆက်ဆက်မနှော တရားသဘောတို့ကိုလည်းကောင်း။

"**ဓမ္မသတ္တိယောပိ**"- တရားတိုင်း၏ ဓာတ်ခံဖြည့်လျက် သတ္တိအင်အား စွမ်းပကားတို့ကိုလည်းကောင်း။ (တရားတွေမှာ စွမ်းရည်သတ္တိတွေ ရှိတယ်)

http://www.dhammadownload.com



**"သယံဗုဒ္ဓေါ"**- ဗောဓိမဏ္ဍိုင် ခန်းဝါမြိုင်ဝယ် ကိုယ်တိုင်စထွင် သိမြင်တော်မူပြီးသည်ဖြစ်၍။ (အဲဒီ တရားသဘောတွေ သစ္စာတွေကို မြတ်စွာဘုရားကိုယ်တိုင် သိမြင်ပြီးတော့မှ)

**"သမ္ဗောဓေသိ"**- သိတန်သမျှ ဝေနေယျကို မြွက်ဟလှစ်ဖေါ် သိစေတော်မူခဲ့လေပြီ။ (ကိုယ်တိုင်သိပြီးမှ ဟောခဲ့တာ)

**"တဿဓိနဿ"**- မကိုင်နှုရောင်လျှံ ဥသျှောင်ပြန့်ဝယ် အောင်လံစွင့်စွင့် လွန့်တလူလူ ထို အောင်တော်မူ မြတ်စွာဘုရား၏။

**"သုတတ္တံ"**- တရားဓမ္မ ဩဝါဒကို ကြားရရွှင်ပျော် သားတော်သမီးတော် ဖြစ်နေရခြင်းသည်။ (ဘုရားရှင်ရဲ့ တရားတွေ၊ ဖောက်သယ်ချလို့ ဟောပြကြတဲ့ တရားတော်များကို နာကြားပြီးတော့)

**"သုတတ္တံ"**- တရားဓမ္မ ဩဝါဒကို ကြားရရွှင်ပျော် သားတော်သမီးတော် ဖြစ်ရခြင်းသည်။ (ဘုရားရှင်ရဲ့ စကားတော်များကို နာကြားပြီးတော့ အားရရွှင်ပျော် သားတော်သမီးတော် ဖြစ်နေရခြင်းသည်)

**"အဟောနော"**- ကိုယ့်တွက် ကိုယ်တာ ကိုယ်ကျိုးပါသဖြင့် ကိုယ့်မှာခုနှယ် ဩော်- အားရဖွယ်ကြီးပါတကား။ (စဉ်းစားကြည့်လိုက်တဲ့ အခါကျတော့ အားရစရာ ကျေနပ်စရာချည်းပဲ)

**"ဓမ္မစိန္တနံ"**- ရှေ့နောက်ဆက်လျှက် စဉ်တိုင်းပျက်၍ ဆက်ဆက်မနှော တရားသဘောတို့ကို ကြံစည်တွေးတော၍ နေရခြင်းသည်။ (တရားသဘောတွေ ရှေ့နောက်ဆက်ပြီး ဆက်ဆက်ပြီးတော့ ဖြစ်ပျက်နေတဲ့ တရားသဘောတွေကို ကြံစည်၍နေရခြင်းသည်)

**"အဟောနော"**- ကိုယ့်သန္တာန်တွင်း ဉာဏ်ရောင်လင်း၍ ရှင်းကာရှင်းကာ ပေါ်ထွန်းလာသဖြင့် ဩော် အားရကျေနပ်စရာကြီးပါတကား။

သီလကနေ တွန်းပို့လိုက်တဲ့ သမာဓိ၊ စိတ်ရဲ့တည်ကြည်မှု၊ သမာဓိက တွန်းပို့လိုက်တဲ့ ဝိပဿနာဉာဏ်ပညာ။ အဲဒီဉာဏ်ပညာနဲ့ ရှေ့နောက်ဆက်ပြီးတော့ ဖြစ်ပျက်ပြီးနေတဲ့ တရားသဘောတို့ကို ကြံစည်တွေးတောပြီးတော့ နေရတာ မိမိစိတ်ထဲမှာ ဉာဏ်ထဲမှာ ရှင်းရှင်း ရှင်းရှင်းပြီလာတော့ ဝမ်းမြောက်စရာကြီး။

http://www.dhammadownload.com



**သယံဗုဒ္ဓေါ သမ္မာဓေသိ၊ ဓမ္မေပိဓမ္မသတ္တိယော၊**
**အဟောနော တဿသုတတ္တံ၊ အဟောနော ဓမ္မစိန္တနံ။**

ယောဇိနော- မကိုင်ရှုံရောင်လျှံ ဥဿျောင်ပျံ့ဝယ် အောင်လံစွင့်စွင့် လွင့်တလူလူ အကြွင်အောင်တော်မူ မြတ်ဘုရားသည်။ ဓမ္မမ္မေပိ- ရှေးနောက် ဆက်လျှက် စဉ်တိုင်းပျက်သည့် ဆက်ဆက်မနှော တရားသဘောတို့ကိုလည်း ကောင်း။ ဓမ္မသတ္တိယောပိ- တရားတိုင်း၏ ဓာတ်ခံပြည့်လျှက် သတ္တိအင်အား စွမ်းပကားတို့ကိုလည်းကောင်း။ သယမ္ဗုဒ္ဓေါ- ဗောဓိမဏ္ဍိုင် ခန်းဝါ မြိုင်ဝယ် ကိုယ်တိုင်စထွင် သိမြင်တော်မူပြီးသည်ဖြစ်၍။ သမ္မာဓေသိ- သိတန်သမျှ ဝေနေယျကို လှစ်ဟမြွက်ဖော် သိစေတော်မူခဲ့လေပြီ။ တဿ ဇိနဿ- မကိုင်ရှုံရောင်လျှံ ဥဿျောင်ပျံ့ဝယ် အောင်လံစွင့်စွင့် လွင့်တလူလူ ထိုအောင်တော်မြတ်ဘုရား၏။ သုတတ္တံ- တရားဓမ္မ ဩဝါဒကို ကြားရရှင် ပျော် သားတော်သမီးတော် ဖြစ်ရခြင်းသည်။ အဟောနော- ကိုယ့်တွက် ကိုယ့်တာ ကိုယ်ကျိုးပါသဖြင့် ကိုယ့်မှာခုနှယ် ဩော် အားရကျေနပ်ဖွယ်ကြီး ပါတကား။ ဓမ္မစိန္တနံ- ရှေ့နောက်ဆက်လျှက် စဉ်တိုင်းပျက်၍ ဆက်ဆက် မနှော တရားသဘောတို့ကို ကြံစည်တွေးတော၍ ရှုပွား၍နေရခြင်းသည်။ အဟောနော- ကိုယ့်သန္တာန်တွင်း ဉာဏ်ရောင်လင်း၍ ရှင်းကာရှင်းကာ ပေါ်ထွန်းလာသဖြင့် ဩော် အားရကျေနပ်စရာကြီးပါတကား

သာဓု သာဓု သာဓု

**ဆဋ္ဌမနေ့ ဟောစဉ်ပြီး၏။**

## သတ္တမနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ ကဆုန်လဆန်း (၇)ရက်နေ့။

### ကာလအမြတ်

ယောဂီသူတော်စင်များ တရားဘာဝနာ ပွားများလာခဲ့တာ ယနေ့ (၇)ရက်။ (၇)ရက်တာ ကာလဆိုပေမယ့် အချိန်ကာလက-

http://www.dhammadownload.com



**"ပညာရှိသူ လူဟူသည်ကား လောကရေးရာ အားထုတ်ကာလျှင် ရှည်ကြာနေ့ည လွန်သမျှကို ကာလအမြတ် ရေမမှတ်ဘူး။"**

ပညာရှိတဲ့ ပုဂ္ဂိုလ်များက လောကရေးရာ လောကီရေးရာတွေ အားထုတ်ပြီးတော့ ညဥ့်တွေ ရက်တွေ ဘယ်လောက်များများ မြတ်သောကာလ မြတ်သောအချိန်လို့ မသတ်မှတ်ကြဘူး။

**"ကျင့်ဝတ်ခိုင်ကြည် ဆောက်တည်မပျက် ထိုသည့်ရက်မျှ ကာလအမြတ် ရေတွက်မှတ်၏"**

ကျင့်ဝတ်ခိုင်ပြီး တရားဘာဝနာနဲ့ နေတဲ့ရက်မှ မြတ်သောကာလ မြတ်သောအချိန်လို့ သတ်မှတ်ကြတယ်။ ဒါကြောင့်-

**"ပညာရှိသူ လူဟူသည်ကား လောကရေးရာ အားထုတ်ကာလျှင် ရှည်ကြာနေ့ည လွန်သမျှကို ကာလအမြတ် ရေမမှတ်ဘူး။ ကျင့်ဝတ်ခိုင်ကြည် ဆောက်တည်မပျက် ထိုသည့်ရက်မျှ ကာလအမြတ် ရေတွက်မှတ်၏"။**

ဒီလိုပညာရှင်များ စပ်ဆိုထားကြသည့်အတိုင်း မြတ်သောကာလ မြတ်သောအချိန် အဲဒီအချိန်ကာလလေးမှာ အားပေးတဲ့ အနေအားဖြင့် ဟောပြောပြီးလာခဲ့တာ ဒီနေ့ (၇)ရက်မြောက်တဲ့နေ့။ မနေ့ညက မြတ်စွာဘုရား ဝိပဿနာဉာဏ်ကို ဟောကြားတဲ့ အခါမှာ-

**အကြောင်းသုံးပေါ်**

**"အယံကာယော မာတာပေတ္တိကသမ္ဘဝေါ"**

အယံကာယော- ဤခန္ဓာကိုယ်သည်။ မာတာပေတ္တိကသမ္ဘဝေါ- အမိအဖတို့၏ သုက်သွေးကြောင့် ဖြစ်၏။

အဲဒီကနေပြီးတော့ သွေးသားဆိုသည်မှာ ကလလရေကြည်လေးက စပြီးတော့ ကလလရေကြည်ဟာ လူ့ဘဝအစ၊ လူ့ဘဝအစဟာ ကလလရေကြည်က။ အဲဒီတော့ ဘဝလို့ ဆိုကြပါစို့။

ဘဝ၊ ဘဝတစ်ခု ရရှိလာပြီ။ ရရှိလာတော့ ကျေးဇူးတော်ရှင် လယ်ကီဆရာတော်ဘုရားကြီးက-

http://www.dhammadownload.com



**"အပြစ်ဖုံးကာ အဝိဇ္ဇာ တဏှာညွတ်စေမှု"**

(ဘဝရဲ့ အပြစ်အနာအဆာတွေကို ကာကွယ်ဖုံးဖိပြီးတော့နေတဲ့ အဝိဇ္ဇာရယ်၊ ဘဝရဲ့ အပြစ်အနာအဆာတွေကို ဖုံးဖိကာကွယ်ထားတော့ သာယာတတ်တဲ့ တဏှာရယ်)

**"အပြစ်ဖုံးကာ အဝိဇ္ဇာ တဏှာညွတ်စေမှု၊**

**ကံသင်္ခါရ ဇနကပြစ်ချ စေ့ဆော်မှု"**

(မိမိတို့ပြုလုပ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံ ဒီကံတွေနဲ့ ပေါင်းစပ်လိုက်တော့ အကြောင်းသုံးခု)

**"အကြောင်းသုံးဖော် ညီစေသော် ဖြစ်ပေါ်သန္ဓိစု"**

(ဒီအကြောင်းသုံးမျိုး ဖြစ်ပေါ်လာတဲ့ အခါကျတော့ အပြစ်ကို ဖုံးကွယ်ထားတတ်တဲ့ အဝိဇ္ဇာရယ်၊ အပြစ်မမြင်တဲ့ အခါကျတော့ သာယာတတ်တဲ့ တဏှာရယ်၊ မိမိတို့ပြုတဲ့ သင်္ခါရကုသိုလ်ကံ အကုသိုလ်ကံတွေရယ်)

**"အကြောင်းသုံးဖေါ် ညီစေသော် ဖြစ်ပေါ်သန္ဓိစု"**

ဒီအကြောင်းသုံးမျိုး ရှိလာတဲ့အခါကျတော့ ဘဝပဋိသန္ဓေတစ်ခု ရရှိတယ်တဲ့။

**အိမ်သုံးလုံးထဲပဲ**

ကလလရေကြည်လေး စတင်ပြီးတော့ လူ့ဘဝစခဲ့ကြတယ်။ အဲဒီလို ဘဝရယ်လို့ စပြီးလာပြန်တော့ အဲဒီဘဝဟာ အိုမင်းပိုင်နက်၊ နာမင်းပိုင်နက်၊ သေမင်းပိုင်နက်၊ အပါယ်မင်းပိုင်နယ် သူ့စားကျက်မှာ မြေကွက်ဂရံ အမိန့်ခံပြီးတော့ ငါးပင်တိုင်ခန္ဓာအိမ်၊ လေးပင်တိုင်ခန္ဓာအိမ်၊ တစ်ပင်တိုင်ခန္ဓာအိမ်တွေ ဆောက်နေကြတယ်။ ကမ္ဘာ့သတ္တဝါတွေ, လူတွေ, နတ်တွေ, ပြဟ္မာတွေ ဘယ်လောက်များများ အိမ်ကတော့ သုံးလုံးထဲပဲ။

ဘုန်းကြီးတို့တစ်တွေဟာ ငါးပင်တိုင်ခန္ဓာအိမ်ကြီးတွေ ရထားတယ်။ မြေကွက်က အိုမင်းပိုင်နက်၊ နာမင်းပိုင်နက်၊ သေမင်းပိုင်နက်၊ အပါယ်မင်းပိုင်နက် သူ့စားကျက်မှာ မြေကွက်ဂရံ အမိန့်ခံပြီးတော့ ဆောက်နေကြရတာ။

http://www.dhammadownload.com



**မချီးမွမ်း**

အဲဒီတော့ ဘယ်လိုမှ မလွတ်နိုင်တဲ့ အိုမင်းရဲ့ပိုင်နက်၊ နာမင်းရဲ့ ပိုင်နက်၊ သေမင်းရဲ့ပိုင်နက် မလွတ်နိုင်တဲ့ သူ့ပိုင်နက်ထဲမှာ အိမ်ဆောက် နေမိတာကိုး။ အဲဒါကြောင့် မြတ်စွာဘုရားက-

**နာဟံ ဘိက္ခဝေ ဘဝံ ဝဏ္ဏေမိ၊**

**အန္တမသော အစ္ဆရာသင်္ဃာတမတ္တံပိ။**

ဘိက္ခဝေ- ရဟန်းတို့။ ဘဝံ- ဘဝဟူသမျှကို။ နဝဏ္ဏေမိ- ချီးမွမ်း တော်မမူ။ အန္တမသော- အယုတ်ဆုံးအားဖြင့် နောက်ဆုတ်တိုင်းသော အားဖြင့်။ အစ္ဆရာသင်္ဃာတမတ္တံပိ- လက်ဖျောက်တစ်ချက်တီးလေးမျှလည်း။ နဝဏ္ဏေမိ- ချီးမွမ်းတော်မမူ။

ဘဝကို ငါဘုရားက လက်ဖျောက်တစ်ချက် တီးမျှလည်း ချီးမွမ်း တော်မမူဘူး။ လက်ဖျောက်တစ်ချက် တီးလေးတောင် မချီးမွမ်းဘူး။

ဘာကြောင့်လဲဆိုတော့ ဒီဘဝဟာ လူ့ဘဝဖြစ်စေ၊ နတ်ဘဝဖြစ်စေ၊ ဗြဟ္မာဘဝဖြစ်စေ၊ ဘယ်ဘဝဖြစ်ဖြစ် အိုမင်းပိုင်နက်၊ နာမင်းပိုင်နက်၊ သေမင်းပိုင်နက်၊ အပါယ်မင်းပိုင်နက် သူ့စားကျက်မှာ မြေကွက်ဂရံ အမိန့် ခံပြီးတော့ ငါးပင်တိုင်ခန္ဓာအိမ်၊ လေးပင်တိုင်ခန္ဓာအိမ်၊ တစ်ပင်တိုင်ခန္ဓာ အိမ်ဆောက်နေရတာချည်းမို့ပါပဲ။

**ခေါင်းငုံ့ခံရ**

လေးပင်တိုင်ခန္ဓာအိမ် အရူပဗြဟ္မာကြီးတွေ၊ တစ်ပင်တိုင်ခန္ဓာအိမ် အသညသတ်ဗြဟ္မာကြီးတွေ၊ ဒီလိုပဲ အကြိမ်ကြိမ် ဆောက်ပြီးတော့ နေကြ တော့ အိုမင်းကြီး လာပြန်တော့လည်း ခေါင်းငုံ့ပြီးတော့ ခံကြရ၊ နာမင်းကြီး လာတော့လည်း မငြင်းသာ၊ သေမင်းကြီး လာပြန်တော့လည်း ခေါင်းငုံ့ပြီး ခံကြရ။

**အာဂစ္ဆံ့ အဂ္ဂိက္ခန္ဓာဝ၊ မစ္စုဗျာဓိ ဇရာတယော၊**

**ပစ္စုဂ္ဂန္တုံ့ ဗလံနတ္ထိ၊ ဇဝေါနတ္ထိ ပလာယိတုံ။**

http://www.dhammadownload.com



အိုနာသေက ရှေ့ကနေ ကာဆီးကာဆီးလုပ်နေလို့ နောက်ပြန်ပြေး အုန်းမယ်ဆိုပြီး နောက်ပြန်ပြေးတော့လည်း ပြေးဖို့အင်အားလည်း မရှိ။

ဘုန်းကြီးတို့ရှေ့မှာ မကြာတော့သောအချိန်မှာ အိုမင်းဆိုတာတော့ တဖြေးဖြေး သိသာလာပြီ။ နာမင်း, သေမင်းတွေကလည်း မကြာတော့သော အချိန်မှာ မိမိတို့ရှေ့က ရောက်လာမှာ မုချပဲ။

အသက် (၆၀)ရှိတဲ့ ပုဂ္ဂိုလ်တွေက (၆၅-၇၀) ဘယ်တော့များ နာဘေးကြီး ကြုံမလဲ၊ ဘယ်တော့များ သေဘေးကြီး ကြုံမလဲ။ ရှေ့ကနေပြီး စောင့်ဆိုင်းပြီးတော့နေတဲ့ အိုနာသေဘေးကြီးတွေ ရှိနေတယ်။

အဲဒီ အိုမင်း, နာမင်း, သေမင်းတွေက ရှေ့ကကြိုဆိုနေလို့မို့ ကြောက်လှချီရဲ့ နောက်ပြန်ပြေးမှ တော်မှာဘဲဆိုပြီးတော့ နောက်ပြန်ပြီး တော့လဲ မပြေးနိုင်ပါဘူး။ ပြေးအား မရှိဘူး။

အိုဘေး, နာဘေး, သေဘေးတွေက နောက်ကလိုက်လာပြီ ဆိုပြီး တော့ "နောက်ကလိုက်လာပြီဟေ့ ပြေးမှပဲ"ဆိုပြီး ပြေးဖို့ရာ ကြိုးစားပြန်တော့ လဲ "ဇဝေါ နတ္ထိပလာယိတုံ"- ပြေးအားမရှိပါဘူး။

**သေမင်းကိုအံတု**

ဒါဖြင့် ဘယ့်နှယ်လုပ်ကြရမလဲ။ အဲဒီ အိုနာသေခေါ်တဲ့ သေမင်း အထူးသဖြင့် သေမင်းကို အံတုနိုင်တဲ့နည်းကတော့-

**အာရဗ္ဘထ နိက္ခမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။**

**ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။**

အာရဗ္ဘ၀- အားထုတ်ကြကုန်လော့။ အာရဗ္ဘထ- အစရှေ့ဖျား ကြိုးစားကြကုန်လော့။ နိက္ခမထ- တစ်ဆင့်တက်၍ ကြိုးစားကြကုန်လော့။ ဗုဒ္ဓသာသနေ- တရားသဖြင့် ဆုံးမရာ မြတ်ဘုရားသာသနာတော်၌။ ယုဉ္ဇထ- ကြိုးစားအားထုတ်ကြကုန်လော့။ မစ္စုနော- သေမင်း၏။ သေနံ- စစ်သည်အပေါင်းကို။ ဓုနာထ- ချိုးဖွဲ့ဖျက်ဆီးကြကုန်လော့။ ကုဉ္ဇရော- ဆင်ပြောင်ကြီးသည်။ နဠာဂါရံ- ကျူထရံအိမ်ကို။ ဓုနာတိက္က၀- ချိုးဖွဲ့ ဖျက်ဆီးသကဲ့သို့။ ဓုနာထ- ချိုးဖွဲ့ဖျက်ဆီးကြကုန်လော့။

http://www.dhammadownload.com



မြတ်စွာဘုရားသာသနာမှာ အစရှေ့ဖျား ကြိုးစားလိုက်စမ်းပါ။ တစ်ဆင့်တက်ပြီးတော့ ကြိုးစားလိုက်ပါ။ တရားသဖြင့် **ဆုံးမတော်မူရာ** မြတ်ဘုရားသာသနာတော်မှာ သေမင်းရဲ့ စစ်သည်အပေါင်းကို ချိုးဖဲ့ ဖျက်ဆီးလိုက်ပါ။ ဥပမာအားဖြင့် ဆင်ပြောင်ကြီးဟာ **ကျူထရံအိမ်လေးကို** မှုန့်မှုန့်ညက်ညက် နင်းချေဖျက်ဆီးသလိုပဲ။ ဖျက်ဆီးလိုက်စမ်းပါလို့ မြတ်စွာဘုရားက ဒီလို မိန့်ကြားတော်မူတဲ့အတိုင်း။

စောစောကပြောသလို ပြေးလို့တော့ မလွတ်ဘူး။ နောက်ပြန်ပြေး ပြေး၊ ရှေ့ကိုပဲပြေးပြေး မလွတ်နိုင်သော်လည်းပဲ ဘုရားသာသနာမှာ အဲဒီ အိုမင်း, နာမင်း, သေမင်းတွေကို ဖျက်ဆီးကဲ့နည်း။ ဘုန်းကြီးတို့ ယောဂီသူတော်စင်များ အားထုတ်ပြီးတော့ လာခဲ့ကြတာ သီလ၊ ဒါလဲပဲ ရှေးဦးစွာ ဖျက်ဆီးတဲ့နည်းပေါ့။ သေမင်း၏ စစ်သည်တို့ကို တိုက်ခိုက်တဲ့နည်း။

ဒုတိယ သမာဓိ။ သူ့ကျပြန်တော့လဲပဲ အာနာပါန ထွက်လေ ဝင်လေကို ရှုမှတ်ပွားများပြီးတော့ စိတ်တည်ကြည်အောင် စိတ်ကို ဆုံးမပြီး တော့ လာခဲ့ကြတယ်။

**မောဟ ဝိတက်**

အဲဒီ အာနာပါနကမ္မဋ္ဌာန်းဟာ ကျေးဇူးတော်ရှင် လယ်တီဆရာ တော်ဘုရားကြီးက-

**အာနာပါန အလျော်ကျ မောဟဝိတက်သာ**-တဲ့။ အာနာပါန ကမ္မဋ္ဌာန်းကို ဘယ်ပုဂ္ဂိုလ်တွေများ အားထုတ်ရမလဲဆိုတော့ မောဟ= အဝိဇ္ဇာ ဓာတ်ကိန်းတဲ့ ပုဂ္ဂိုလ်၊ ဝိတက်= အကြံအစည် အတွေးအတောများတဲ့ ပုဂ္ဂိုလ် တွေ၊ အဲဒီပုဂ္ဂိုလ်တွေဟာ အာနာပါနကမ္မဋ္ဌာန်းနဲ့ လျော်တယ်။

ဘုန်းကြီးတို့ ယောဂီသူတော်စင်များဟာ မိုက်မဲစွာလှ မှောင်ကြီး ကျ မောဟအဝိဇ္ဇာခေါ်တဲ့ အဝိဇ္ဇာစရိုက်ကတော့ လူတိုင်းပဲ ပြောပါတော့ လေ ရှိနေပါတယ်။

နောက်အကြံအစည် အတွေးအတောတွေ ဟိုရောက်လိုက် ဒီ ရောက်လိုက် ဖြစ်နေတဲ့ ဝိတက်များတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီပုဂ္ဂိုလ်တွေနဲ့

http://www.dhammadownload.com



အာနာပါနကမ္မဋ္ဌာန်းဟာ အင်မတန်ပဲလျော်တယ်။

မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့အတိုင်း၊ အရှင်အနုရုဒ္ဓါမထေရ်ရဲ့ မြတ်က သပ္ပါယဘေဒ၊ ဘယ်ကမ္မဋ္ဌာန်းနဲ့ ဘယ်ပုဂ္ဂိုလ်တွေနဲ့ လျော်တယ် ဆိုတာကို ရေးသားပြီးထားတဲ့အတိုင်း၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးက လွန်ခဲ့တဲ့ နှစ်ပေါင်း (၉၄)နှစ်က-

အာနာပါန အလျော်ကျ မောဟဝိတက်သာ

ဟော- အာနာပါနကမ္မဋ္ဌာန်းနဲ့ကတော့ အဝိဇ္ဇာ (ခေါ်) မောဟ စရိုက်များတဲ့ ပုဂ္ဂိုလ်တွေ၊ ဝိတက်စရိုက် အကြံအစည် အတွေးအတောများ တဲ့ပုဂ္ဂိုလ်တွေ၊ အဆီလျော်ဆုံးပဲတဲ့။

**မဟာသတိပဋ္ဌာန်အစ အာနာပါန**

အဲဒါကြောင့်မို့ အာနာပါနကမ္မဋ္ဌာန်းဟာတော့ဖြင့် လူအများနဲ့ ဆီလျော်တယ် ဆိုပြီးတော့ မြတ်စွာဘုရား ပထမဆုံး သတိပဋ္ဌာန်လုပ်ငန်း ပေးတဲ့အခါ ရှေးဦးစွာ အာနာပါနကမ္မဋ္ဌာန်းကို စတင်ပေးခဲ့တယ်။

ပေးခဲ့တဲ့အတိုင်းပဲ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး က လွန်ခဲ့တဲ့နှစ်ပေါင်း (၉၀)ကျော်က ကင်းဝန်မင်းကြီးရဲ့ အိမ်တော်မှာ ဒီကမ္မဋ္ဌာန်းပဲ ဦးစားပေးပြီး ဟောခဲ့ပါတယ်။

ဒီနောက်ကျပြန်တော့လဲ လွန်ခဲ့တဲ့နှစ်ပေါင်း ခြောက်ဆယ်ကျော် ခုနှစ်ဆယ်က အနာဂါမ်ဆရာသက်ကြီးကို ကျေးဇူးရှင်ဆရာတော်ဘုရားကြီး က ဒီထွက်လေ ဝင်လေ အာနာပါနကမ္မဋ္ဌာန်းနဲ့ပဲ သမာဓိထူထောင်ပေးပြီး ဝိပဿနာ အဆင့်တက်ပြီးတော့ ပေးခဲ့တယ်။

အဲဒီထုံးအတု ဘုန်းကြီးတို့ အသုံးပြုပြီးတော့ ယနေ့ ယောဂီ သူတော်စင်များ (၇)ရက် ရောက်ရှိလာခဲ့ပြီ။ သမာဓိစခန်း လွန်မြောက်လို့ ဝိပဿနာစခန်း ရောက်ရှိလာခဲ့ကြပြီ။

http://www.dhammadownload.com



## ဉာဏ်စဉ်

အဲဒီလို ဝိပဿနာစခန်း ရောက်ရှိလာတော့ လွန်ခဲ့တဲ့ ၁၂၆၆-ခု၊ တပေါင်းလဆုတ် (၇)ရက်နေ့က အပြီးသတ်ရေးသားတော်မူခဲ့တဲ့ ဘုန်းကြီးတို့ **"ပရမတ္ထသံခိပ်ကျမ်း"**။

အဲဒီ ပရမတ္ထသံခိပ်ကျမ်းက လင်္ကာလေးတွေ ထုတ်နုတ်ပြီးတော့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ လင်္ကာလေးတွေကို ထုတ်နုတ်ပြီးတော့ စာရွက်လေးတွေ ဝေထားပါတယ်။ မိမိအိမ်ရောက်တဲ့အခါကျရင် လေ့လာနိုင်အောင် ဆိုပြီးတော့-

၁၂၆၆-ခု၊ တပေါင်းလဆုတ် (၇)ရက်လို့ ဆိုပါတယ်။ အဲဒီ ရေးသားတော်မူခဲ့တဲ့ ဉာဏ်စဉ် (၁၀)ပါး လင်္ကာနော်။ ဒီနေ့ (၇)ရက်မြောက်တဲ့နေ့။

ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာဉာဏ်စဉ် (၁၀)ပါးဆိုတာ ဟာလဲ ဘုန်းကြီးတို့ စာပေမှာကတော့ ပိဋကတ်တော်မှာလည်း ထင်ထင်ရှားရှား ရှိသလို။ အရှင်အနုရုဒ္ဓါမထေရ်မြတ် ရေးသားတဲ့ သင်္ဂြိုဟ်ကျမ်းလေးမှာ ဒီဉာဏ်စဉ် (၁၀)ပါးလုံး ရေးသားပြီးတော့ ထားပါတယ်။ အဲဒီ ရေးသားထားတဲ့ ပါဠိကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက-

> **ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသန ဉာဏ်။**

ဟော ခန္ဓာဒိနည်းလို့ ပါဠိလေးတော့ ပါပြီးတော့နေတယ်။ ရှေးဦးစွာ ခန္ဓာစသည် ဖွဲ့စည်းပါ။ အဲဒီတော့ မိမိတို့အားထုတ်လာတဲ့ ထွက်လေဝင်လေ အရပ်ခေါ်တော့ ထွက်သက် ဝင်သက်။ သို့သော် ဝါယောဓာတ် ဝါယောရုပ်ပါပဲ။

အဲဒီ ဝါယောရုပ် ခန္ဓာဖွဲ့တဲ့အခါ ရူပက္ခန္ဓာ၊ ဝါယောရုပ်သည် ရူပက္ခန္ဓာ။ အဲဒီ ဝါယောရုပ်ကို ရှုမှတ်တဲ့စိတ်၊ ဝိညာဏ်လို့လည်း ခေါ်ပါတယ်။

> **"အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဏ်ဆို၏။"**

ဝိညာဏ်၊ ဝိညာဏ်ဆိုတာ ဘာလဲ။ အာရုံယူတတ်တယ်၊ စိတ်ဆိုတာဟာ အာရုံကို ယူတတ်တယ်။ ထွက်လေ ဝင်လေဆိုတဲ့ အာရုံကို အမြဲယူပြီးတော့ လာခဲ့တာ ဘုန်းကြီးတို့ ယောဂီသူတော်စင်များ ဒါသိတယ်။

http://www.dhammadownload.com



ထွက်လေ ဝင်လေကို ရှုမှတ်တဲ့စိတ်ဝိညာဉ်။

**"အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဏ် ဆို၏"**

အဲဒီ ဝိညာဏ်လေးကို ပွားလိုက်တဲ့အခါကျတော့ မြင်သိစိတ်, ကြားသိစိတ်, နံသိစိတ်, လျှက်သိစိတ်, ထိသိစိတ်, ကြံသိစိတ်လို့ အကျဉ်းအားဖြင့် (၆)မျိုး။

**ခန္ဓာမှာရှု**

အဲဒီ **စိတ်**ကလေး ဖြစ်ပေါ်လာတဲ့ အခါကျတော့ ဝေဒနာလည်း ပါတယ်။ သညာလည်း ပါတယ်။ သင်္ခါရကလည်း ထိုက်သလောက်ပါတယ်ဆိုတော့ ခန္ဓာငါးပါးလုံး ပါဝင်လာတယ်။

ယောဂီသူတော်စင်တို့ ထွက်လေ ဝင်လေကို ရှုမှတ်ပွားများပြီးနေတော့ ခန္ဓာငါးပါးလုံး။ အဓိကကတော့ ရူပက္ခန္ဓာ= ရုပ်အစု။

**အဲဒီတော့** အဲဒီခန္ဓာငါးပါးကို မြင်အောင်ကြည့်ကြရတယ်။ ဘယ်လို မြင်ကြရသလဲဆိုရင် ဟော-"**မှတ်တိုင်, မီးဇာ, နွား, လယ်, ရွာ**"။ မှတ်တိုင်နဲ့လည်း တူတယ်၊ မြွားသမားတွေ, သေနတ်သမားတွေက မှတ်တိုင်ထားပြီး ဖြစ်တာကိုး။

**စောစောက**ပြောခဲ့တဲ့ အိုနာသေဘေးဆိုတဲ့ မြွားတွေနဲ့ မှတ်တိုင်ထားပြီး ပစ်တော့ ဒီခန္ဓာမှာပဲ လာထိတယ်။ ဒါကြောင့် မှတ်တိုင်နဲ့လည်း တူတယ်။

မီးဇာနဲ့လည်း တူတယ်။ မီးဇာနဲ့ ဘယ်လိုတူသလဲ။ 'ပဋိသန္ဓေမီး ခေါ်တဲ့ **ဇာတိမီး**, ဇရာမီး, ဗျာဓိမီး, မရဏမီး, လောဘမီး, ဒေါသမီး။

**"သူသူငါငါ ဖြစ်လေရာဝယ်၊ ဦးစွာကြိုဆီး ဇာတိမီးက အပြီးပုံသေ လောင်မြိုက်လေ၏"**

ဘယ်သူပဲဖြစ်ဖြစ် ပထမဆုံးလောင်တဲ့မီးက ဇာတိမီး။

**"မသွေတသီး ဇရာမီးလည်း အပြီးနောက်မှာ ကပ်လျှက်ပါ၏"**

ဇာတိမီးပေါ်လာတာနဲ့ ဇရာမီးကလည်း ကပ်ပါလာတယ်။

**"မကွာစေရ မရဏဟု တစ်ဘဝဖျက်ဆီး လောင်သည့်မီးလည်း ငြီးငြီး ပြောင်ပြောင် အမြဲလောင်၏"**

http://www.dhammadownload.com



မရဏာမီးကလည်း အမြဲလောင်နေတာပဲ။

**"လောင်ပုံလောင်အား မထင်ရှား၍ နုထွားပျိုမြစ် အရွယ်ဖြစ်သော် အချစ်ရာဂ မီးတွေထ၍ ဒေါသထန်ပြင်း မောဟညှင်း၏"**

ငယ်ရွယ်စဉ်မှာ ရာဂမီးတွေ တောက်လောင်ပြီး ဒေါသမီး, မောဟ မီးတွေကလည်း တောက်လောင်တယ်။

**"မကင်းနိုင်အောင် ထိုနောင်နောင်လည်း ဝမ်းနည်းဖွယ်တွေ အထွေထွေနှင့်"**

ဟော- ဝမ်းနည်းဖွယ်မီးတွေ၊ စိတ်မသက်သာ နှလုံးနာတဲ့မီးတွေ။

**"ပရိဒေဝ ငိုကြွေးကြလျက် ဒုက္ခဒေါမနသ ဥပါယာသ လွန်ပြင်းပြလျက် သက်မျှမရှု တက်အောင်ပူသည် ဆူဆူမီးတောက် (၁၁)တည့်"**။

ငိုကြွေး ကိုယ်ဆင်းရဲ စိတ်မသက်သာ နှလုံးနာဆိုတဲ့ **မီးတောက်**တွေ၊

ဥပါယာသမီး- ဒီမီးတွေ ဒီမီးတွေ လောင်လို့ရှိရင် ဒီခန္ဓာမှာပဲ လောင်တယ်။ ဒီခန္ဓာကိုယ်ကြီးဟာ မီးဇာနဲ့လည်း တူတယ်တဲ့။

ဒါကြောင့် **"ခန္ဓာညဏ်ရောက်"**ဆိုတဲ့ စကားဟာ ခန္ဓာကိုယ်ပဲ ရှု၊ သူမျှားမျှား ရှုရတယ်။

**"နွားနဲ့လည်း တူတယ်"**တဲ့။ မှက်ခြင်များကိုက်တဲ့ခါ နွားပဲကိုက်တာ ကိုး။ အိုနာသေ မှက်ခြင်တွေကိုက်ရင် ဒီခန္ဓာကိုယ်ပဲ ကိုက်တာပဲ။

**"လယ်ခင်းများနဲ့လည်း တူတယ်"**။ တောင်သူများဟာ လယ်ရိတ်တဲ့အခါ ကောက်ပင်လယ်ကိုပဲ ရိပ်ရသလို၊ အိုနာသေ တံဇင်တွေနဲ့ ရိတ်တဲ့အခါ ဟောဒီခန္ဓာမှာပဲ ရိတ်ကြတယ်။

**"နွား လယ် ရွာ"**တဲ့။

ဒီခန္ဓာကိုယ်ကြီးဟာ ရွာနဲ့လည်း တူတယ်။ သူပုန်သူကန်တွေ သောင်းကျန်းနေတဲ့ အစွန်အဖျား ရွာနဲ့လည်း တူတယ်။

တောပုန်းတွေ, သူခိုးတွေ, သူပုန်တွေက အစွန်အဖျားကျတဲ့ ရွာကျတော့ သိပ်ပြီးတော့ နှိပ်စက်တာကိုး။ မီးရှို့ပြန်ပြီ သူ့ပဲ၊ ပစ်ခတ်ပြန်ပြီ သူ့ပဲ။



37(B)

http://www.dhammadownload.com



**လေးသမားလို**

"မှတ်တိုင်, မီးဇာ, နွား, လယ်, ရွာ ငါးဖြာ ခန္ဓာရှု"တဲ့။ အဲဒီလို ခန္ဓာကိုယ်ကို သဘောပေါက်ပြီဆိုလို့ရှိရင်-

**သုခုမံတေ ပဋိဝိဇ္ဈန္တိ- ဝါလဂ္ဂံ ဥသုနာယထာ၊**

**ယေပဥ္စက္ခန္ဓေပဿန္တိ- ပရတော နောစအတ္တတော။**

ဒီစကားလေးက ဘယ်နှယ်မိန့်သလဲဆိုရင် ယေ- အကြင်ယောဂီတို့သည်။ ပဉ္စက္ခန္ဓေ- ခန္ဓာငါးပါးတို့ကို။ ပရတော- သူစိမ်းပြင်ပ အနေအားဖြင့်။ နောစအတ္တတော- အတ္တမဟုတ် အနတ္တအနေအားဖြင့်။ ပဋိဝိဇ္ဈန္တိ- ထိုးထွင်း၍ သိနိုင်ကြကုန်၏။ တေ- ထိုသူတို့သည်။ ဥသုနာ- မြားဖြင့်။ ဝါလဂ္ဂံ- သားမြီးဖျားကို။ ဝိဇ္ဈန္တိယထာ- မှန်အောင်ပစ်နိုင်သော သူတို့ကဲ့သို့။ သုခုမံ- နူးညံ့သိမ်မွေ့သော ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်ကို။ ပဋိဝိဇ္ဈန္တိ- ထိုးထွင်း၍ သိသည်မည်ကြကုန်၏။

ခန္ဓာငါးပါးကို သိတဲ့ပုဂ္ဂိုလ်တွေဟာ၊ ခန္ဓာငါးပါးကို အနတ္တလို့မြင်တဲ့ ပုဂ္ဂိုလ်တွေဟာ သားမြီးဖျားကို မှန်အောင်ပစ်နိုင်တဲ့ လေးသမားလိုပဲတဲ့။ နူးညံ့သိမ်မွေ့ အသိရခက်တဲ့ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်ကို ထိုးထွင်း၍ သိတဲ့သူတွေ ဖြစ်ပါတယ်။ ဘုရားရှင်က အင်မတန် ချီးမွမ်းတယ်။

**ပေါင်းမရှုနဲ့ ခွဲရှု**

ခန္ဓာငါးပါးလုံး ပေါင်းရှုရင်တော့ သိဖို့ခက်တယ်။ ဒါကြောင့် ပေါင်းမရှုပဲနဲ့ ခန္ဓာငါးပါး ရုပ်ဓာတ် နာမ်ဓာတ်တွေ ရှိတာထဲက ရုပ်၊ ရုပ်တွေ အများကြီးရှိတာထဲက မဟာဘုတ် (၄)ပါး၊ မဟာဘုတ်လေးပါးထဲက ဝါယောရုပ်။

သီးခြားလေး ခွဲထုတ်ပြီးတော့ ရှုမှတ်ပွားများပြီးတော့ လာတာ။

ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ၊ ဝါယောရုပ်ကို ရှုမှတ်တဲ့စိတ်က ဝိညာဏက္ခန္ဓာ၊ ဝေဒနာ သညာ သင်္ခါရတို့ ခံစားမှု၊ အမှတ်ပြုမှု၊ စီမံခန့်ခွဲ ကြံစည်တွေးတောမှု အစရှိတဲ့ သင်္ခါရက္ခန္ဓာ၊ ဒါတွေ တစ်ခါထဲပါဝင်ပြီး ခန္ဓာငါးပါးလုံးစုံပြီး ဖြစ်ပေါ်ပြီးတော့နေတာ။



38(A)

http://www.dhammadownload.com



ငါဖြစ်နေတာ သူဖြစ်နေတာတော့ မဟုတ်ဘူးတဲ့။ ခန္ဓာငါးပါး ဖြစ်ပေါ်ပြီးတော့နေတာ။ တစ်နည်းအားဖြင့်၊ ခန္ဓာဒိနည်းဆိုတာ ခန္ဓာ အစရှိသောနည်းတွေ၊ သစ္စာလေးပါးနဲ့ ဖွဲ့တဲ့နည်းကျပြန်တော့ ဘယ်လိုဖွဲ့ကြမလဲ။

**ဒုက္ခသစ္စာ**

ထွက်လေ ဝင်လေ၊ ထွက်သက် ဝင်သက် အရပ်ခေါ် ပညတ်ပါ၊ ဝါယောရုပ် တွန်းကန်လှုပ်ရှားတဲ့ သဘောလေး။ အဲဒီ တွန်းကန် လှုပ်ရှားတဲ့ သဘောကလေးကို သစ္စာလေးပါးထဲမှာ သွင်းတော့ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာကို ဘာသာပြန်တော့ ဒုက္ခအမှန် ဆင်းရဲအမှန်။

သမထပဲဟောဟော, ဝိပဿနာပဲဟောဟော ဘုန်းကြီးတို့ ကြံစည်စရာ မလိုတော့ဘူး။ ဆရာတော်ဘုရားကြီးလို-

ဆရာတော်ဘုရားတည်းဟူသော ရွှေတောင်ကြီးကို မှီရတာ အင်မတန်ကို ချမ်းသာတယ်။ ဘာကြောင့်လဲ စောစောကပြောတဲ့ ဝိညာဉ်ကျပြန်တော့လည်း **"အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဉ်ဆို၏"** ဟော ဝိညာဉ်ရဲ့ အဓိပ္ပါယ်လေး။

အခု သစ္စာကျပြန်တော့လည်း ဘယ်လိုပြောသလဲ။ ဆရာတော်ဘုရားကြီးက **"အဓွန့်ရှည်စွာ ဘယ်မျှကြာလဲ တစ်ခါတရံ မဖေါက်ပြန်ပဲ အစဉ်မြဲကို သစ္စာဆို၏"**တဲ့။

ဘယ်လောက် အချိန်ကြာကြာ တစ်မျိုးဖြစ်မသွားတာ သစ္စာ။ အဲဒီတော့ ဒုက္ခက သုခအဖြစ် ဘယ်တော့မှ ပြောင်းလဲမသွားဘူး။

တွန်းကန်လှုပ်ရှား ဝါယောရုပ် ဘာသစ္စာလဲဆိုတော့ ဒုက္ခသစ္စာ။ ဒါဖြင့် ယောဂီတို့ ထွက်လေ ဝင်လေကို ရှုမှတ်နေတော့ အရှုခံဖြစ်တဲ့ ဝါယောရုပ်၊ တွန်းကန်လှုပ်ရှား ဝါယောရုပ်ဟာ ဒုက္ခလား၊ သုခလားဆိုတော့ ဒုက္ခ။

ဒါဖြင့် ထွက်လေ ဝင်လေ ရှုမှတ်ပွားများနေစဉ် ထွက်လေ ဝင်လေလို့ ပွားများနေတော့ အရှုခံဖြစ်တဲ့ ဝါယောရုပ် ဒုက္ခသစ္စာ။

မိခင်ရောဝတီ

http://www.dhammadownload.com



## ဘုရားရှင် တရားစစ်

ဒါဖြင့် တန်းစီပြီးတော့ ဒုက္ခသစ္စာချည်းပဲ ဖြစ်နေတာ။ အဲဒီဒုက္ခကို ကြည့်လိုက်တော့ နိစ္စလား၊ အနိစ္စလား။ **"ရူပံ နိစ္စံဝါ အနိစ္စံဝါ"**။

ရဟန်းတော်များကို မြတ်စွာဘုရားက ရူပံ- ရုပ်တရားသည်။ နိစ္စံဝါ အနိစ္စံဝါ- မြဲသလား မမြဲဘူးလားလို့ ရုပ်အားလုံးကို ပေါင်းပြီးမေးတော့။

ရဟန်းတော်များက **"အနိစ္စံ ဘန္တေ"**- မမြဲပါဘုရား။

**"ယံ ပနာနိစ္စံ ဒုက္ခံဝါတံ သုခံဝါတိ"**- မမြဲတာလေးကို ဒုက္ခလို့ ပြောမလား၊ သုခလို့ ပြောမလား။

**"ဒုက္ခံဘန္တေ"**- ဆင်းရဲပါတယ်ဘုရား။

**"ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနုတံ သမနုပဿိတုံ"**- အဲဒီလို မြဲလည်းမမြဲ ဆင်းလည်းဆင်းရဲတဲ့ ရုပ်ကို။ ဧတံမမ- ဒါငါ့ရုပ်လို့ သွားပြီးတော့ အပိုင်စီးလို့ တော်ပါ့မလား။

**"နောဟေတံ ဘန္တေ"** - မသင့်တော်ပါဘုရား။

**"ဧသောဟ မသ္မိ"** - အဲဒီရုပ်ကလေးဟာ ငါပဲ။

**"ဧသောမေအတ္တာ"** - အဲဒီရုပ်ကလေးဟာ ငါရဲ့အတ္တလို့ ဆင်ခြင်ကာ အပိုင်စီးလို့ တော်ပါ့မလားဆိုတော့-

**"နောဟေတံ ဘန္တေ"** - မသင့်တော်ပါဘုရား။

## ဒုက္ခနဲ့စခန်းသွားနေတာ

အဲဒီလိုလျှောက်သလိုပဲ။ ထွက်လေ ဝင်လေ တွန်းကန်လှုပ်ရှား ဝါယောရုပ်ကလေးဟာ ဒုက္ခသစ္စာအမှန်။ ဒါဖြင့် ဒုက္ခနဲ့ စခန်းသွားနေတာလဲ ထင်ရှားတယ်။ ထွက်လေ ဝင်လေမမြဲတဲ့သဘောလေးနဲ့ စခန်းသွားနေတာလည်း ထင်ရှားတယ်။

အဲဒါကြောင့် **"ဒုက္ခမေဝ ဉပ္ပဇ္ဇမာနံ ဒုက္ခမေဝ နိရုဇ္ဈတိ"**။

ဒုက္ခမေဝ- ဆင်းရဲသည်သာလျှင်။ ဉပ္ပဇ္ဇမာနံ- ဖြစ်ပေါ်၍နေပါ၏။

ထွက်လေ ဝင်လေ ဝါယောရုပ်ကလေး "ထွက်လေ ဝင်လေ" ဒီအခိုက် ဘာဖြစ်နေသလဲ။ ဒုက္ခပဲ ဖြစ်နေတယ်။

http://www.dhammadownload.com



"**ဒုက္ခမေဝ နိရုဇ္ဈတိ**"- ချုပ်ပြီးတော့ သွားပြန်တော့ ဒုက္ခပဲ ချုပ်သွားတာ။ လူသေတော့လည်း ဒုက္ခတစ်ဇာတ်သိမ်း ငြိမ်းသွားတာကို သေတယ်လို့ ခေါ်တာ။ ဒုက္ခတွေပဲ ချုပ်သွားတာပဲ။ တစ်ခါထဲ ငြိမ်းချုပ်သွားတာ မဟုတ်လို့ကိုး။

**ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ၊ ဒုက္ခမေဝ နိရုဇ္ဈတိ၊**
**နာညတြ ဒုက္ခာသမ္ဘောတိ၊ နာညံ ဒုက္ခံ နိရုဇ္ဈတိ။**

ဒီခန္ဓာကိုယ်ကြီးဟာ ဒုက္ခမှတစ်ပါး ဘာမှမဖြစ်ဘူးတဲ့။ ချုပ်ပြန်တော့လည်း ဒုက္ခမှတစ်ပါး ဘာမှမချုပ်ဘူး။ ဒုက္ခပဲ ချုပ်တယ်။ ဖြစ်တော့လည်း ဒုက္ခပဲဖြစ်တယ်။ ချုပ်တော့လည်း ဒုက္ခပဲ ချုပ်တယ်။

ဒီဂါထာလေးဟာ အင်မတန်ပဲ ဘုန်းကြီးတို့ရဲ့စိတ်ကို အေးငြိမ်းစေတယ်၊ သက်သာရာ ရစေတယ်။

လွန်ခဲ့တဲ့ (၁၅)နှစ်လောက်က ဘုန်းကြီးရဲ့ ခမည်းတော်ကြီး ကွယ်လွန်တော့ သုသာန်သွားပြီးတော့ ပို့တဲ့အခါမှာ ဟောဒီဂါထာလေးနဲ့ပဲ သက်သာ ရာရတယ်။

**ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ၊ ဒုက္ခမေဝ နိရုဇ္ဈတိ၊**
**နာညတြ ဒုက္ခာသမ္ဘောတိ၊ နာညံ ဒုက္ခံ နိရုဇ္ဈတိ။**

ဒကာကြီးရဲ့ သန္တာန်မှာဖြစ်တဲ့ ရုပ်နာမ်ဒုက္ခ။ ဖြစ်တုန်းကလည်း ဒုက္ခကြီးပဲ ဖြစ်နေတယ်။ ချုပ်သွားတော့လည်း အဲဒီဒုက္ခတွေ ချုပ်သွားတာပဲ။

ဘာမှနှမြောစရာ မရှိဘူး။ ချုပ်သွားတာလည်း ချမ်းသာချုပ်သွားတာမှ မဟုတ်ပဲကိုး။ ဒုက္ခပဲ ချုပ်သွားတာဆိုတော့ ဘာမှပူပန်စရာ မရှိဘူး။ ဘာမှလည်း စိတ်မသက်သာစရာ မရှိဘူး။

ဒီလို ဉာဏ်အမြင်လေးနဲ့ ကပ်လိုက်တဲ့အခါ စိတ်ထဲမှာ သက်သာသွားဖူးပါတယ်။ ဒါကြောင့်-

**ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ၊ ဒုက္ခမေဝ နိရုဇ္ဈတိ၊**
**နာညတြ ဒုက္ခာသမ္ဘောတိ၊ နာညံ ဒုက္ခံ နိရုဇ္ဈတိ။**

http://www.dhammadownload.com



**သစ္စာပွဲ့ရှု**

အဲဒီတော့ တွန်းကန်လှုပ်ရှား ဝါယောရုပ်ဓာတ် သစ္စာနည်းနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ **"ဒုက္ခသစ္စာ"**။

အဲဒီ ဒုက္ခသစ္စာ ဝါယောရုပ်ကို ဖြစ်စေတတ်တဲ့ တဏှာသည် **"သမုဒယသစ္စာ"**။

အဲဒီ ဝါယောရုပ်နဲ့ တဏှာချုပ်ရာ နိဗ္ဗာန်သည် **"နိရောဓသစ္စာ"**။ အဲဒီ တွန်းကန်လှုပ်ရှား ဝါယောရုပ်နဲ့ တဏှာချုပ်ကြောင်းဖြစ်တဲ့ ယခုလို သီလ သမာဓိ ပညာ ကျင့်စဉ်တရားများသည် ရှေ့ပြေး **"မဂ္ဂသစ္စာ"**။ နိဗ္ဗာန်ရောက်ကြောင်းတွေပေါ့။

**အမှတ်တံဆိပ် အစစ်အတု ခွဲကြည့်**

**"ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်"**

ဆရာတော်ကြီး စကားအတိုင်း သုံးသပ်မယ်။ ဘယ်လို သုံးသပ်မလဲ။ **"သုံးဖြာလက္ခဏာ"**နဲ့ အဲဒီဝါယောရုပ်တစ်ခုထဲ ထုတ်ပြီး တွန်းကန်လှုပ်ရှား ဝါယောရုပ်ရဲ့ အမှတ်တံဆိပ်ကိုကြည့်၊

**"နိစ္စံဝါ အနိစ္စံဝါတိ အနိစ္စံဘန္တေ"**- ဘုရားရှင်က မြဲသလား မမြဲဘူးလားလို့ မေးလိုက်တော့ အရိယာအရှင်မြတ်ကြီးတွေက **"အနိစ္စံ ဘန္တေ"**- မမြဲပါဘုရား။

**"ယံပနာ နိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ"**- ဘုရားရှင်က အဲဒီမမြဲတဲ့ အနိစ္စ ရုပ်သည် ဆင်းရဲသလား၊ ချမ်းသာသလား ဆိုတော့ အရှင်မြတ်ကြီးတွေက **"ဒုက္ခံဘန္တေ"**- ဆင်းရဲလှပါတယ်ဘုရား။

**ယံပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနုတံ သမနုပဿိတုံ ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသောမေ အတ္တာတိ နော ဟေတံ ဘန္တေ။**

မြဲလည်းမမြဲ ဆင်းလည်းဆင်းရဲ ဖောက်လွဲဖောက်ပြန် ဖြစ်နေတဲ့ သူဖြစ်ချင်သလို ဖြစ်နေတဲ့ရုပ် **"ဧတံမမ"**- ဒါငါ့ရုပ် အပိုင်စီးလို့ တော်ပါ့

http://www.dhammadownload.com



မလားဆိုတော့၊ (မတော်ပါဘူးဘုရား)

**"ဧသောဟမသ္မိ"**- အဲဒီရုပ်သည် ငါ။ **"ဧသောမေအတ္တာ"**- အဲဒီ ရုပ်သည် ငါရဲ့အတ္တ အနှစ်သာရလေး။ အဲဒီလို လွဲလွဲမှားမှား စဉ်းစားလို့ တော်မလားဆိုတော့၊ (မတော်ပါဘူးဘုရား)

ရဟန်းတော် အရှင်မြတ်တွေက အရိယာအရှင်မြတ်ကြီးတွေ သောတာပန်ဖြစ်ပြီးသား အရှင်မြတ်ကြီးတွေက မတော်ပါဘူးဘုရား။ ဘယ်လိုမှ မသင့်တော်ပါဘုရား။

ဟော- ဒါဟာ အမှတ်တံဆိပ်ပဲ။ တွန်းကန်လှုပ်ရှား ဝါယောရုပ်ရဲ့ အမှတ်တံဆိပ်က အနိစ္စအမှတ်တံဆိပ်, ဒုက္ခအမှတ်တံဆိပ်, အနတ္တအမှတ် တံဆိပ်။

လက္ခဏာ- လက္ခဏာရေးသုံးပါး။ ဒါကို လက္ခဏာရေးတင်တယ်လို့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာမှာ သိပ်ပြီးတော့ ထင်ရှားတဲ့စကားလုံး။

လက္ခဏာရေးတင်လိုက် လက္ခဏာရေးတင်လိုက်ဆိုရင်လည်း နား လည်တယ်။ လက္ခဏာဆိုတာ ဘာလဲ။ **"အမှတ်အသား"** အမှတ်တံဆိပ်။ အဲဒီ အမှတ်တံဆိပ်ကို မြင်အောင်ကြည့်ရမယ်။ အမှတ်တံဆိပ်ကို မြင်မှ အတုရယ်, အစစ်ရယ် ဒီလို ခွဲနိုင်မှာကိုး။ (ကြည့်လိုက်စမ်း) အမှတ်တံဆိပ် ကြည့်လိုက်စမ်း။

ဟော- တွန်းကန်လှုပ်ရှား ဝါယောရုပ်ရဲ့ အမှတ်တံဆိပ်က အနိစ္စ တဲ့၊ ဒုက္ခတဲ့၊ အနတ္တတဲ့။ အဲဒီ ဝါယောရုပ်အပေါ် တံဆိပ်တု မတပ်ပါနဲ့၊ မရိုက်နှိပ်ပါနဲ့။ တံဆိပ်တု အမှတ်တံဆိပ်က မြဲတယ်၊ ချမ်းသာတယ်၊ ပိုင်တယ်၊ ဆိုင်တယ်၊ အစိုးရတယ်ဆိုတာတွေပါပဲ။ အဲဒီလို သုံးသပ်သွားတဲ့ အခါကျတော့ ဘာဉာဏ်တဲ့လဲ။ **"သမ္မသနဉာဏ်"**။

**အဲဒီ အမှတ်တံဆိပ်အစစ်ကြီးတွေ မမြင်ပဲနဲ့ မပါတဲ့အမှတ်တံဆိပ်၊** ထွက်လေ ဝင်လေ ဝါယောရုပ်ရဲ့ရှေ့မှာ ငါအသက်**ရှူနေတယ်**။ မပါတဲ့ အမှတ်တံဆိပ် တံဆိပ်တုထည့်တယ် တံဆိပ်ပိုထ**ည့်တယ်** ပြောပါတော့။ ငါဆိုတဲ့ အမှတ်တံဆိပ်ကို သွားပြီးတော့ ထည့်တယ်**။ ငါဆိုတဲ့** အမှတ်တံဆိပ် သွားထည့်။

http://www.dhammadownload.com



သတ္တ / ဇီဝမှ ကင်းတဲ့ သုည၊ တွန်းကန်လှုပ်ရှား ဝါယောရုပ်သည် **"သုည"**၊ ဘာမှကင်းသလဲ **သတ္တ / ဇီဝမှ** ကင်းတယ်။ သုည။

သို့သော် သုညက ရှေ့မှာ (တစ်)ထည့်လိုက်လို့ရှိရင် (၁၀) ဖြစ်တယ်။ နှစ်ထည့်လိုက်ရင် (၂၀)၊ သုံးထည့်လိုက်ရင် (၃၀) ဖြစ်တယ်။

သို့သော်လည်းပဲ ဘယ်လိုပဲ ရှေ့ကငါဆိုတဲ့ အမှတ်တံဆိပ်တု ရိုက်နှိပ် ရိုက်နှိပ်၊ သူ့ရဲ့ကိုယ်ပိုင် အမှတ်တံဆိပ်က မူလအမှတ်တံဆိပ်က အနိစ္စအမှတ်တံဆိပ်, ဒုက္ခအမှတ်တံဆိပ်, အနတ္တအမှတ်တံဆိပ် ရိုက်နှိပ်ပြီးသား အရိုးအရွက် မဖုံးနိုင်ဘူး။ ဖျက်မရဘူး။ တံဆိပ်တုလုပ်လို့ မရဘူး။

## ရှုမှတ်စိတ်

ထို့အတူ ထွက်လေ ဝင်လေကို ရှုမှတ်တတ်တဲ့ စိတ်ကလေးကို ကြည့်လိုက်ကြစို့။ ကြည့်လိုက်တော့ ဘာစိတ်လဲဆိုတော့ ဘုန်းကြီးတို့ အဘိဓမ္မာ ဒေသနာတော်မှာ ဝမ်းပန်းတသာလေးနဲ့ ရှုမှတ်နေတယ်ဆိုတော့ သောမနဿသဟဂုတ်ဉာဏ်နဲ့ ယှဉ်ထားတော့ ဉာဏသမ္ပယုတ်။

ဘယ်သူမှ မတိုက်တွန်းပဲ ရှုမှတ်နေတာဆိုတော့ အသင်္ခါရိကစိတ်၊ တိုက်တွန်းမှရှုရင် သင်္ခါရိကစိတ်။

ဆိုကြပါစို့ ကာမာဝစရကုသိုလ်စိတ် ကာမဘုံမှာဖြစ်တဲ့ မဟာကုသိုလ်စိတ်၊ ဒီလိုလဲ ပြောနိုင်ပါတယ်။ အဲဒီ မဟာကုသိုလ်စိတ်ကလေး ဖြစ်ပေါ်တာနဲ့ တစ်ပြိုင်ထဲ သူနဲ့တွဲပြီးတော့ ကောင်းတဲ့စေတသိက်တွေ ကောင်းတဲ့စေတသိက်တွေ။

ကောင်း၊ မကောင်းနှစ်မျိုးမှာပါတဲ့ **"စိတ်၌မှီတွယ် စိတ်ကိုချယ် ငါးဆယ်နှင့်ဒွိတ် စေတသိက်"** ဆိုတဲ့အတိုင်း ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက စေတသိက်ဆိုတဲ့ စိတ်နဲ့တွဲပြီး ဖြစ်တယ်ဆိုတဲ့ တရားတွေကို ဘယ်နှယ်များ လင်္ကာစီခြယ်ထားသလဲဆိုတော့-

**"စိတ်၌မှီတွယ် စိတ်ကိုချယ် ငါးဆယ်နှင့်ဒွိတ် စေတသိက်"**။

စိတ်မှာမှီတွယ်ပြီး စိတ်ကိုချယ်လှယ်ပြီးနေတာ (၅၂)မျိုး။ စေတသိက်ဆိုတာ ဘာလဲ။

http://www.dhammadownload.com



**"စေတသိ ဘဝံ စေတသိကံ"**

စေတသိ- စိတ်၌။ ဘဝံ- ဖြစ်သောတရား။ စေတသိကံ- စိတ်၌ ဖြစ်သောတရား။

ဟော- (၅၂)ပါးထဲက လျော့တဲ့တရား။ မိမိတို့ ပွားများနေတာက မဟာကုသိုလ်စိတ်လို့ ဆိုတော့ ဆိုကြပါစို့။ စိတ်ကိုမှီတွယ်ပြီး စိတ်ကိုချယ်လှယ်ပြီးနေတဲ့ စေတသိက်ပေါင်း (၃၈)ပါးပါ ရနိုင်ပါတယ်။

## အမျှင်ပြတ်မှ

အဲဒီ (၃၈)ပါးထဲမှာ ဝေဒနာလည်း ပါတယ်။ သညာလည်း ပါတယ်။ သင်္ခါရတွေ ပါတယ်။ ဆိုကြပါစို့။ စိတ်ကလေးတစ်ခုပဲ ဆိုကြပါစို့။ စိတ်ကို-

**"အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဉ်ဆို၏"**

ထွက်လေမှတ်တဲ့စိတ်၊ ဝင်လေမှတ်တဲ့စိတ် အင်မတန် ထင်ရှားပါတယ်။ ထွက်လေ ဝင်လေ သူ့အပိုင်းလေးနဲ့သူ ပြတ်ပြတ်ပြီးတော့ သွားပါတယ်။ **"အမျှင်ပြတ်မှ ပရမတ်"** အမျှင်မပြတ်ရင် ပရမတ်မဟုတ်ဘူး။ အမျှင်မပြတ်လို့ရှိရင် ပညတ်ပဲမြင်တယ်။ အမျှင်ပြတ်အောင် ရှုကြရမယ်၊ အမျှင်ပြတ်သွားမှ။

## အနိစ္စအစစ်

အဲဒီတော့ အပိုင်းအပိုင်း ပြတ်သွားမှ ပရမတ်ကိုး။ ပရမတ်ကို ရှုကြရမှာ။ ဒါကြောင့် ပရမတ်ကိုမြင်မှ ပရမတ်တို့ရဲ့ အနိစ္စကိုမြင်၊ ဒုက္ခကိုမြင်၊ အနတ္တကိုမြင်မှ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ကို မြင်ပါတယ်။

အနိစ္စ- အနိစ္စလို့ နှုတ်ကလဲပဲ ဆိုနေကြပါတယ်။ ဒီစကားလေးတွေဟာ ဗုဒ္ဓဘာသာမှာ သိပ်ပြီးတော့ တွင်ကျယ်ပါတယ်။

သို့သော် တကယ့်အစစ်သိဖို့ကျတော့ သေသေချာချာကို ကြည့်ရပါတယ်။ ခွဲခြားပြီးတော့ ကြည့်တတ်မှ။ ရှုမှတ်တဲ့ **"မဟာကုသိုလ်စိတ်"** ဆိုကြပါစို့။ ကုသိုလ်စိတ်ပင်ဖြစ်စေကာမူ **"ဝိညာဏံ နိစ္စံဝါ အနိစ္စံဝါတိ"**-

http://www.dhammadownload.com



ဘုရားရှင်က အဲဒီစိတ်ကလေးဟာ မြဲသလား၊ မမြဲဘူးလားတဲ့။ (ပေါင်းပြီး မေးတော်မူတယ်။ အစိပ်စိပ် ခွဲမေးကြည့်၊ ဖြေကြည့်ပါ)။

အရှင်မြတ်ကြီးများက **"အနိစ္စံဘန္တေ"**- မမြဲပါဘုရား။ ဘုန်းကြီးတို့ ယောဂီများလည်း သဘောပေါက်တယ်။ မမြဲတဲ့သဘော။

**"ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ"**- အဲဒီလို မမြဲတဲ့စိတ်ကို ဆင်းရဲတယ်လို့ ဆိုမလား၊ ချမ်းသာတယ်လို့ ဆိုမလားဆိုတော့။

ရဟန်းတော်များက **"ဒုက္ခံဘန္တေ"**- ဆင်းရဲပါတယ်ဘုရား။

**ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနုတံ သမနုပဿိတုံ ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသောမေ အတ္တာတိ။**

မမြဲ ဆင်းရဲဖောက်ပြန်တဲ့ သဘောရှိတဲ့ စိတ်ကို။ **ဧတံမမ**- ဒါငါ့စိတ်ကလေး၊ **ဧသောဟမသ္မိ**- အဲဒီစိတ်ကလေးဟာ ငါပဲ။ **ဧသောမေအတ္တာ**- အဲဒီစိတ်ကလေးဟာ ငါရဲ့အတ္တ အနှစ်သာရပဲလို့ လွဲလွဲချော်ချော်များ ယူဆပြောဆိုခြင်းငှါ တော်မလားလို့မေးတော့။

ရဟန်းတော်များက **"နောဟေတံဘန္တေ"**- ဘယ်လိုမှ **မသင့်**တော်ပါဘုရား။

## တစ်လောကလုံး

ဟော- အဲလိုကနေပြီးတော့ တစ်လောကလုံး မိမိရဲ့**အတွင်းသန္တာန်**မှာ ဖြစ်တဲ့ရုပ်, အပြင်မှာဖြစ်တဲ့ရုပ်၊ မိမိအတွင်းသန္တာန်မှာ ဖြစ်တဲ့စိတ်, အပြင်မှာဖြစ်တဲ့စိတ်၊ အတိတ် အနာဂါတ် ပစ္စုပ္ပန်မှာဖြစ်တဲ့စိတ်, ကြမ်းတမ်းတဲ့စိတ်, နူးညံ့တဲ့စိတ်, ရုပ်ညံ့စိတ်, မြင့်မြတ်တဲ့စိတ်, **အနီးအဝေး**မှာ ဖြစ်တဲ့စိတ် **အားလုံး**ဟာ အနိစ္စအစစ်, ဒုက္ခအစစ်, အနတ္တအစစ်ပါလားလို့ မြင်အောင် ရှုကြရမှာပါ။ မြင်တဲ့အခါကျတော့-

**"ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ"**- စသည်ဖြင့်

အနတ္တလက္ခဏသုတ္တန်မှာတော့ အဲဒီလို ရုပ်နာမ်အားလုံးအပေါ်မှာ အနိစ္စ, ဒုက္ခ, အနတ္တ မြင်ပြီဆိုရင် ရုပ်အပေါ် ငြီးငွေ့တယ်ဆိုပြီး မြင်တဲ့

http://www.dhammadownload.com



ဉာဏ်စဉ်တွေ အားလုံးထဲမှာ။

မြင်တာထဲမှာ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်ဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်၊ ဒီဉာဏ်တွေပါဝင်ပြီးတော့ နိဗ္ဗိန္ဒဉာဏ်ကို ဟောတော်မူတယ်။ ဒီဘက်က ဉာဏ်တွေပေါင်းပြီး ဟောတာပေါ့။

အဲဒီလို ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်ကနေပြီးတော့ မဂ်ဉာဏ် **"နိဗ္ဗိဒါ ဝိရဇ္ဇတိ"**- တပ်မက်ခြင်း ကင်းသွားပြီ (မဂ်ဉာဏ်)၊ ဝိရာဂါ ဝိမုစ္စတိ (ဖိုလ်ဉာဏ်)၊ အဲဒီလို ကူးပြီးတော့ ပဥ္စဝဂ္ဂီရဟန်းတော်များ ဝဋ်ဒုက္ခခပ်သိမ်း ငြိမ်းခဲ့တာပါပဲ။

ဩော်- ဘုန်းကြီးတို့တစ်တွေ သိကြရအောင် ဆိုပြီးတော့ အဲဒီလို အနတ္တလက္ခဏာသုတ်မှာ ဟောသွားခဲ့တဲ့ ဉာဏ်စဉ်တွေပေါင်းပြီး ဟောတဲ့ နည်း။ အဲဒီနည်းကျတော့ ဉာဏ်စဉ်ကို (၁၀)ပါးလုံး ဟောမနေတော့ဘူး။

ဝိပဿနာဉာဏ် နိဗ္ဗိန္ဒါဉာဏ် မဂ်ဉာဏ်ဆိုပြီးတော့ ဉာဏ်သုံးပါး ထားပြီး ဉာဏ်စဉ်တွေပေါင်းပြီး ဟောပါတယ်။

**ဟော**- ဘုန်းကြီးတို့ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းဂန်တွေထဲမှာ အများ **နားလည်အောင်** ဆိုပြီးတော့ ဟောကြားတော်မူခဲ့တဲ့ ဉာဏ်တော်များ **က**တော့ **သ**မ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်ဉာဏ်, ဘယဉာဏ်, **အာဒီန**ဝဉာဏ် စသည် ဟောဒီမှာ စာရွက်ကလေးမှာနော်။

**"ခန္ဓာဒိနည်း ဖွဲ့စည်းပြီးက သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်"**။

**အနိစ္စ**အစစ်, ဒုက္ခအစစ်, အနတ္တအစစ် မြင်မှ သမ္မသနဉာဏ်။

**"ဖြစ်ပွားပျက်မှု အစုံရှု ဥဒယဗ္ဗယဉာဏ်"**

**ဟော**- အနိစ္စ, ဒုက္ခ, အနတ္တလို့ ရှုတာက သမ္မသနဉာဏ်၊ ဥဒယဗ္ဗယ ဉာဏ်ကတော့ ဖြစ်တာနဲ့ ပျက်တာကိုသာရှု၊ သိပ်ပြီးတော့ ထင်ပေါ်ပါတယ်။

ဘုန်းကြီးတို့ ထွက်လေ ဝင်လေ ရှုမှတ်တဲ့ ပွားများတဲ့နည်းဟာ ဖြစ်ပြီး ပျက်သွားတယ်။ သဘောပေါက်တယ်နော်။

ထွက်လေဆိုတာနဲ့ ဖြစ်တာရော ပျက်တာရော တစ်စုံ၊ ဝင်လေ ဆိုတာနဲ့ ဖြစ်တာရော ပျက်တာရော တစ်စုံ။

http://www.dhammadownload.com



"ဖြစ်ပွားပျက်မှု အစုံရှု ဥဒယဗ္ဗယဉာဏ်"

ဥဒယ= ဖြစ်၊ ဝယ= ပျက်။

ဟော- ဒီဉာဏ်ဟာ အတော်အရေးကြီးတဲ့ဉာဏ်ပဲ။ ဘာကြောင့်လည်းဆိုတော့ ဆရာတော်ဘုရားကြီးက ဒီဉာဏ်နဲ့ပတ်သက်ပြီးတော့-

**"ဥဒယဉာဏ် ရင့်သန်တုံလတ် ဖြစ်စေတတ် ဆယ်ရပ်အန္တရာယ်"**

ဥဒယဗ္ဗယဉာဏ် ဖြစ်တာ ပျက်တာကို ရှုတဲ့ဉာဏ် ရင့်သန်လာရင် အန္တရာယ် (၁၀)ပါး၊ ဝိပဿနာညစ်ညူးကြောင်း (၁၀)ပါး တွေ့တတ်တယ်။

ဖြစ်တာနဲ့ပျက်တာ မြင်အောင်ကြည့်ဖို့က သိပ်အရေးကြီးတာ။ ဥဒယဗ္ဗဉာဏ်၊ တစ်ခါတရံကျတော့ နာရီလေးချပြီးတော့ ကြည့်ရတယ်။ နာရီစက္ကန့်တန်လေး ကြည့်ရင်းကြည့်ရင်းနဲ့ တစ်စက္ကန့်ပြီး တစ်စက္ကန့်၊ တစ်စက္ကန့်ပြီး တစ်စက္ကန့်၊ တစ်မိနစ်ပြည့်တော့ စက္ကန့် (၆၀) ပြည့်သွားတယ်။

အဲဒီမယ် လိုက်ကြည့်ရင်း ကြည့်ရင်းနဲ့ မိမိရဲ့စိတ်ဟာ မြင်သိစိတ်ကလေးဟာ အကြိမ်ပေါင်းများစွာ ဖြစ်၊ အကြိမ်ပေါင်းများစွာ ပျက်။

ဒက် ဒက် ဒက်နဲ့ မြည်နေတဲ့ ကြားသိစိတ်ကလေး နာရီလက်တံကလေးက၊ ကြားသိစိတ်ကလေး ရှုမှတ်တဲ့အခါမှာလည်း ဥဒယဗ္ဗဉာဏ်အတွက် ဖြစ်တာနဲ့ ပျက်တာ နာရီလေးကို အသံလေးနားထောင်ပြီးတော့ ကြားသိစိတ်ကလေး ဖြစ်/ပျက်။

**စေတီတော်ဖူးမျှော်ရင်း**

တစ်ခါတရံကျတော့ သင်္ဘောတို့ မော်တော်တို့နဲ့ ခရီးသွားတဲ့အခါမှာ သင်္ဘောပေါ်ကနေ ဝိပဿနာမြင်အောင် ကြည့်တဲ့အခါမှာ ဧရာဝတီမြစ်ရိုးအတိုင်း လျှောက်ပြီးတော့ သင်္ဘောစီးသွား မလှမ်းမကမ်းမှာ မြစ်ဘေးမှာ တောင်ကုန်းတွေအပေါ်မှာ စေတီပုထိုးတွေ တည်ထားတယ်။

စေတီက (၇)ဆူဆိုရင် ပထမအဆူ ဖူးမျှော်တုန်းက မြင်သိစိတ်ကလေး၊ ဒုတိယအဆူကျတော့ မရှိတော့ဘူး။ တတိယအဆူ, စတုတ္ထအဆူ, ပဥ္စမ, ဆဋ္ဌ, သတ္တမအဆူ အဲဒီလိုလေးပဲ မြင်သိစိတ်ကလေးကို အာရုံနဲ့ ခွဲခြားပြီးတော့ ဖြစ်တာပျက်တာ သင်္ဘောပေါက်အောင် ရှုပွားတဲ့နည်း

http://www.dhammadownload.com



တွေလည်း ရှိပါတယ်။

**နှစ်ကျိပ်ရှစ်ဆူ ဝိပဿနာ**

တစ်ခါတရံကျတော့ နှစ်ကျိပ်ရှစ်ဆူဘုရား သွားလျှ တဏှာကျင်ရော၊ မခေက်ရော အစရှိတဲ့ တစ်ပါးစီ ရှိခိုးပြီးတော့ မြင်သိစိတ်ကလေး ဖြစ်နေပုံ မြင်သိစိတ်ကလေး ဖြစ်ပြီးတော့ ပျက်သွားပုံ၊ တစ်ဆူပြီးတစ်ဆူ မကူးပါဘူး၊ မရောပါဘူး။ မြင်သိစိတ်ကလေးတွေ။

အဲဒီလိုနည်းမျိုးနဲ့ ရောင်ခြည်တော်စက်ဝိုင်းကလေး ဆိုကြပါစို့။ ဘုရားကို ပူဇော်ထားတယ်။ ညို ရွှေ ဖြူ နီ မောင်းရည်ပြိုးပျက် ပြောနေတာက ကြာသေးတာကိုး။ စက်ဝိုင်းကလည်း အလွန်ကြည့်လို့ကောင်းပါတယ်။

ရောင်ခြည်တော်စက်ဝိုင်းဟာလည်း ဥဒယဗ္ဗယဉာဏ် ရင့်သန် အောင်လုပ်တဲ့အခါ ထင်ရှားတဲ့ ရုပ်ဝတ္ထုအာရုံနဲ့ ကြည့်တဲ့နည်းလည်း ရှိပါ တယ်။ တရားအာရုံ ယူတတ်ဖို့သာ အရေးကြီးတယ်။ နှင်းမှုံလေးများ တရားအာရုံထားပြီး အရိယာစခန်း တက်လှမ်းခဲ့တာ ကြည့်ပါလား။ ပဒုမ္မာ ကြာပန်းနဲ့ ပိတ်ဖြူအဝတ်ပိုင်းကို ကြည့်ပြီး အဖြစ်နဲ့အပျက်ကို ရှုပြီး ရဟန္တာ ဖြစ်သွားတာ ထုံးရှိတယ်။

အဲဒီ ဥဒယဗ္ဗယဉာဏ် ရင့်သန်လာပြီ ဆိုတဲ့အခါ ဆရာတော်ဘုရား ကြီးက ဥဒယဗ္ဗဉာဏ်၊ ရင့်သန်တုံလတ် ဖြစ်စေတတ် ဆယ်ရပ်အန္တရာယ်။

ဥဒယဗ္ဗယဉာဏ် ရင့်သန်လာလို့ရှိရင် အန္တရာယ်တွေ ဖြစ်တယ်တဲ့၊ ဘာတွေလဲ၊ နည်းနည်းလေး ပြောကြစို့။

အရောင်တွေလည်း တွေ့လာတတ်ပါတယ်။ သဘောကျနှစ်ခြိုက် ပြီးတော့ မနေလေနဲ့တဲ့။ ဝိပဿနာပိုင်းကျတော့ ဝိပဿနာပျက်စီးဖို့ အန္တရာယ်ပဲတဲ့။

သမထပိုင်းတုန်းကတော့ အရောင်အလင်းတွေတွေ့ရင် ဒါနိမိတ် ထင်တယ်ကိုး။

**"အရောင်ပီတိ"** ဟော- ပီတိနှစ်သိမ့်မှုတွေ ဖြစ်ပြီးတော့ ဖြစ်ပျက် တွေမြင်ပြီး ပီတိတွေ ဖြစ်နေရင်လည်း သမထတုန်းကတော့ ကောင်းသားပဲ။

http://www.dhammadownload.com



ဝိပဿနာပိုင်းကျတော့ ရှုရင်း ရှုရင်းနဲ့ ပီတိဖြစ်ပေါ်လာတယ်။ ဝိပဿနာ ကျတော့ အဲဒါအန္တရာယ်ပဲ။

အဲဒါလေး (၁၀)မျိုးထဲမှာ ဒီနှစ်ခုက အရေးကြီးပါတယ်။ ဖြစ်လည်း ဖြစ်တတ်ပါတယ်။ အဲဒါ တရားမြင်တာ မဟုတ်ဘူး။ ဝိပဿနာလည်း မဟုတ်ဘူး။ ဖြစ်တာပျက်တာကိုသာ မြင်အောင်များများကြည့်ဖို့ လိုပါတယ်။ ဆရာတော် ဘုရားကြီးက ဥဒယဗ္ဗယဉာဏ် ပြီးတဲ့အခါကျတော့-

**"အပျက်ကိုသာ ရှုတုံပါ သညာဘင်္ဂဉာဏ်"**

ဟော- အပျက်ချည်းထဲ ရှုတဲ့အခါကျတော့ ဘင်္ဂဉာဏ်တဲ့။

**"အပျက်မြင်က ဘယမစ္စု ပျက်မခပင်း ဘေးသေမင်းဟု ကြောက်ခင်းထွေထွေ ရှုတုံပေ မှတ်လေဘယဉာဏ်"**

အပြစ်ချည်းပဲ မြင်လာတဲ့အခါကျတော့ ပျက်မှုဟာ သေမင်းကြီး လိုပဲတဲ့။ ကြောက်စရာကြီးပဲလို့ ဒီလိုမြင်လာတဲ့ အခါကျတော့ ဘယဉာဏ်။

**"ကြောက်ဖွယ်ခပင်း မြင်တုံလျှင်းက ဘေးဘယမျိုး ရုပ်နာမ်ဆိုး၌ ကိုးရာမရှိ ခက်မှန်းသိ အာဒီနဝဉာဏ်"**

အဲဒီလို အပြစ်ချည်းပဲ မြင်လာတဲ့အခါကျတော့ ကြောက်စရာ ကြောက်ဖွယ်တွေ မြင်လာတယ်။ မြင်လာတော့ ရုပ်နာမ်အားလုံးဟာ ဒီအတိုင်းပဲလို့ ဘာမှခိုကိုးစရာ အားထားစရာရယ်လို့ မရှိပါဘူးလားရယ်လို့ မြင်လာတော့ **"အာဒီနဝဉာဏ်"**။

**"ကိုးရာမထင် ခက်ပုံမြင်က မရွှင်မလန်း စိတ်ကုန်ခမ်း၍ မချမ်းမမြေ့ ငြီးငွေ့သောထွေ စိတ်အနေမှတ်လေ နိဗ္ဗိဒ်"**

ကိုးရာမထင် ခက်ပုံမြင်လာတဲ့ အခါကျတော့ မရွှင်မလန်း ဖြစ်တယ် တဲ့ စိတ်ကုန်လာတယ်၊ မချမ်းမြေ့ဘူးတဲ့၊ ငြီးငွေ့လာတယ်ပေါ့။ အဲဒါကို **"နိဗ္ဗိဒါဉာဏ်"**။

ငြီးငွေ့တယ်ဆိုတာ အမြင်မှန်ရမှု ငြီးငွေ့တာ၊ အဆင်မပြေလို့ ငြီးငွေ့တာတွေက တစ်မျိုးကိုး။ ဒီကတော့ ရုပ်တွေ နာမ်တွေအပေါ် အမြင်မှန်ရလာတာ။ **"ယထာဘူတဉာဏ်"** အမြင်မှန်ရမှ အဲဒီလို ငြီးငွေ့လာပြီ ဆိုတော့။

http://www.dhammadownload.com



**"ငြိုးငွေ့အားသန် စိတ်ပူပန်က လျှင်မြန်မြန်သိ လွတ်လိုဘိ မုစ္စိတုကမျတာဉာဏ်"**

ငြိုးငွေ့လာတဲ့ အခါကျတော့ စိတ်က ဒီရုပ်တွေ နာမ်တွေက လွတ်လိုတဲ့ စိတ်တွေ ပေါ်ပေါက်လာတယ်။ အဲဒီ ဉာဏ်မျိုးကို မုစ္စိတုကမျတာဉာဏ်တဲ့။

**"လွတ်လိုလှ၍ လွတ်ရတဲ့ငှါ ဘာဝနာလေးဆယ် အကျယ်ဖြန့်ချိ အားတိုက်ဘိ ပဋိသင်္ခါဉာဏ်"**

ရုပ်နာမ်ကနေ လွတ်လိုတဲ့အခါကျတော့ ဘာဝနာလေးဆယ်နဲ့ တောလေးဆယ်နဲ့ပွား၊ အကျဉ်းချုပ်ကတော့ **"အနိစ္စတော" "ဒုက္ခတော" "အနတ္တတော"**ပါပဲ။

အနိစ္စ, ဒုက္ခ, အနတ္တ အပါအဝင် အနိစ္စအားဖြင့်၊ ဒုက္ခအားဖြင့်၊ အနတ္တအားဖြင့်၊ ရောဂါအားဖြင့်၊ ပျက်စီးတဲ့အနေအားဖြင့် စသည် အဲဒီလို ဘာဝနာတောလေးဆယ်နဲ့ ဖြန့်ကြည့်ပြီးတော့ ပွားများတာကို ပဋိသင်္ခါဉာဏ်။

**"အားတိုက်ရှု၍ လွတ်မှုလွတ်ရန် အမြင်သန်က ရုပ်နာမ်ဓမ္မ သင်္ခါရ ဝယ် မတွယ်သမှု လျစ်လျူရှု သင်္ခါရုပေက္ခာဉာဏ်"**

အားတိုက်ပြီး ရှုတဲ့အခါကျတော့ လွတ်ဖို့ရာဉာဏ်က အမြင်သန်ပြီးတော့ လာပါတယ်။ အဲဒီတော့မှ ရုပ်နာမ်ဓမ္မ သင်္ခါရတွေအပေါ်မှာ တွယ်တာမှု မရှိ၊ လျစ်လျူရှုလာပါတယ်။ အဲဒီ ဉာဏ်မျိုးကို သင်္ခါရုပေက္ခာဉာဏ်။

**"မဂ်ရောက်လိုသော် မဂ်လေးဦးအား အထူးလျော်မှု ကျေးဇူးပြု အနုလောမဉာဏ်"**

မဂ်ဉာဏ်ရောက်ဖို့ရန်အတွက် မဂ်လေးပါး လျော်တဲ့ဉာဏ်တဲ့။ မဂ်ဉာဏ် ဖိုလ်ဉာဏ်နားကပ်ပြီးတော့ သွားပြီ။ ကြားထဲမှာ ဂေါတြဘူဉာဏ် ဆိုတာပဲ ကျန်ပါတော့တယ်။

ပုထုဇဉ်အနွယ်ဖြတ် အရိယာအနွယ်နဲ့ စပ်ပေးတဲ့ဉာဏ်ကို **"ဂေါတြဘူဉာဏ်"**။

အဲဒီ ဂေါတြဘူဉာဏ်ပြီးလို့ရှိရင် မဂ်ဉာဏ် ဒီလိုခေါ်တာ။ ဒီ ဉာဏ်စဉ် (၁၀)ပါး တရားတော်ကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရား

http://www.dhammadownload.com



ကြီးက ၁၂၆၆-ခုနှစ်၊ တပေါင်းလဆုတ် (၇)ရက်နေ့က ရေသားတော်မူခဲ့တဲ့ ဉာဏ်စဉ် (၁၀)ပါး လင်္ကာပါပဲ။

အဲဒီလင်္ကာလေးတွေတော့ ယောဂီသူတော်စင်များဆီမှာ ရောက်ပြီး သား ဖြစ်ပါတယ်။

အဲဒီတော့ ဒီတရားဓမ္မတွေကို ရှုပွားလိုက်တဲ့ အခါကျတော့ အမြင်မှန်တွေရ၊ အမြင်မှန်တွေ ရင့်သန်လေလေ မဂ်ဉာဏ်နဲ့နီးလေ၊ နီးလေပါပဲ။ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်က မဂ်ဉာဏ်ရဲ့ အကျိုးတရားပါပဲ။

ဒါကြောင့် ရှေးသူတော်ကောင်းတွေက မာရ်မင်း၏စစ်သည်ဖြစ်တဲ့ အာရုံငါးပါး၊ သေမင်း၏ အသိုင်းအဝိုင်းဖြစ်တဲ့ သေမင်းကို အထောက်အကူ ပြုပြီးတော့ နေကြတဲ့ အာရုံငါးပါးကို ဘေးဖယ်ထားပြီးတော့၊ အခုလို တရား ဘာဝနာအလုပ်များနဲ့ ဒီအာရုံတွေကို ဖြတ်ပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းပါတယ်။

## ကြွံချုံလို့

ရှေးအခါတုန်းက အရှင်မြတ်ကြီးတွေ ကျူးရင့်ထားတဲ့ ခဂ္ဂဝိသာဏ သုတ်ဂါထာ၊ အဲဒီ ဂါထာက ဘာလဲလို့ဆိုတော့-

**ကာမာဟိ စိတြာ မဓုရာ မနောရမာ၊**
**ဝိရူပ ရူပေန မထေန္တိ စိတ္တံ။**
**အာဒီနဝံ ကာမဂုဏေသုဒိသွာ၊**
**ဧကောစရေ ခဂ္ဂဝိသာဏကပ္ပေါ။**

ကာမာ-ပုထုဇဉ်များ ခင်ယူမှားသည့် ငါးပါးအာရုံ ကာမဂုဏ်တို့ သည်။ (ပုထုဇဉ်တွေ ခင်ယူနေတဲ့ အာရုံငါးပါး ကာမဂုဏ်တရားကိုပဲ အနိစ္စ ဒုက္ခ အနတ္တမြင်အောင် ကြည့်ကြ)

ကာမာ- ပုထုဇဉ်များ ခင်ယူမှားသည့် ငါးပါးအာရုံ ကာမဂုဏ်တို့ သည်။ စိတြာ- အဝိဇ္ဇာနှင့် တဏှာချယ်လှယ် တိမ်ဖုံးကွယ်၍ တကယ်မှန် သော ဓာတ်သဘောကို ပေါ်လောမထင် ဉာဏ်မမြင်တဲ့ ပုထုဇဉ်အရူး အနွယ် တို့မှာ အထူးဆန်းကြယ်၍ ထင်ကြရလေကုန်၏။ (ဒီအာရုံငါးပါးပဲ ဘုန်းကြီး



39(A)

http://www.dhammadownload.com



တို့ ပုထုဇဉ်တွေက အထူးအဆန်းထင် အဝိဇ္ဇာနှင့် တဏှာချယ်လို့ အထူး အဆန်းဟု ထင်နေကြတယ်)

မစုရာ- ခွေးငတ်ပိန်ပမာ အလားကဲ့သို့ ခုံမင်သူ သတ္တဝါအများတို့ မှာ သကာပျားထင်ကြလေကုန်၏။ (ဒီအာရုံငါးပါးပဲတဲ့၊ မြတ်နိုးတွယ်တာ ကြတဲ့ ပုထုဇဉ်တွေက ပျားသကာလို့ထင်ကြ၊ အရိယာသူတော်ကောင်းများ ကတော့ ရွံ့ရှာကြပါတယ်)

မနောရမာ- နူနာစွဲလျှင် မီးကိုခင်သို့ ပူပင်ဖွယ်ရေး ဒုက္ခဘေးတွေ ကို လေးလေးနက်နက် ဉာဏ်မသက်ပဲ တပ်မက်ပြင်းစွာ ကာမုပါဟု တဏှာ မျက်ကန်း သူ့လက်စွမ်းကြောင့် ပူခန်းကိုမြော်မြင် နူနာရှင် မီးကိုတွေ့သလို ကာမဂုဏ်အာရုံငွေ့မှာ မွေ့လျော်ဖွယ်ချည်း ထင်ကြလေကုန်၏။

ဝိရူ ရူပေန- ပင်ကိုသရုပ် ဓာတ်မှန်ထုတ်က စက်ဆုပ်ဖွယ်ရာ မသာအလောင်း မကောင်းသက်သက် ဖြစ်ပါလျှက်နှင့်။ စိတ္တံ- ကောက်ရိုး ရုပ်၌ လူရုပ်သို့ပင် တကယ်ထင်သည့် သမင်သို့နှယ် ဤကိုယ်ဝယ်တွင် လေးသွယ်ဘုတ်စု ရုပ်အထုကို ကိုယ်ဟုသဲမဲ အစွဲပြင်းထန် ပုထုဇဉ်တို့၏ စိတ်နှလုံးကို။ မထေန္တိ- ခန္ဓာငါးတန် တိုင်းနိုင်ငံဝယ် ဝိပလ္လာသ မှိုင်းတွေချ၍ (သညာ ဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသ၊ အဲဒီ ဝိပလ္လာသ မှိုင်းတွေချ၍) ငါးပါးအာရုံ ကာမဂုဏ်ပုံး အမြှောက်တို့ဖြင့် ကြောက်စရာ လက်နက်တွေ စိစိကျေ နိုင်ငံလုံးမှာ အသက်အိုးအိမ်တွေ ပျက်ဖျက်ပြုံးအောင် ခြေမှုန်းဖြိုခွင်းကြလေကုန်၏။

အာရုံငါးပါးက ပစ်ခွင်းတယ်။ ဝိပ္ပလ္လာသခေါ်တဲ့ မှိုင်းတွေတိုက် ပြီးတော့ ဒီလို ဖျက်ဆီးကြတယ်။ ဒါကြောင့်-

ကာမဂုဏေသု- အပြစ်ကိုတော့ ဖုံးကွယ် မက်ဖွယ်ကိုတော့ ဗန်းတင်ပြတဲ့ ငါးဝအာရုံ ကာမဂုဏ်တို့၌။ အာဒီနဝံ- အေးဖွယ်အကျိုး အေးရနိုးနှင့် အေးဖွယ်မတွေ့ အေးငွေ့မထင် ပူပန်ရှုပ်ထွေး အပြစ်ဘေး တွေကို။ ဒိသွာ- ဘာဝနာမှန်ပြောင်းဖြင့် ကောင်းကောင်းကြီးချိန်ရွယ် တကယ်မြော်မြင် ရှုဆင်ခြင်၍။ ခဂ္ဂဝိသာဏကပ္ပေါ- ပင်တည်းခန့်ခန့် အနေသန့်သည့် ကြံ့ချိုနှင့်တူစွာ (ကြံ့ဆိုတဲ့ သတ္တဝါက ချိုတစ်ချောင်းထဲကိုး။

http://www.dhammadownload.com



ဒီလိုပဲတဲ့)

ခဂ္ဂဝိသာဏကပ္ပေါ- ပင်နေခန့်ခန့် အနေသန့်သည့် ကြံ့ချိုနှင့်တူစွာ။ ဧကော- ဖေးသူမသူ ဘယ်သူမခေါ် အဖော်နှင့်ခွဲ တစ်ယောက်ထဲသာလျှင် (ကြံ့ချို လေးလိုပဲတဲ့) ဖေးတဲ့လူ မတဲ့လူ အဖော်ရယ် အလှော်ရယ် မပါပဲနှင့် ယခု (၇)ရက်လောက်ကလေး အားထုတ်ရတာတောင်မှ အရာရောက်ပါ တယ်။

ဧကော- ဖေးသူမသူ ဘယ်သူမခေါ် အဖော်နှင့်ခွဲ တစ်ယောက်ထဲသာလျှင်။ စရေ စရေယျ- သုံးဆယ်တစ်ဘုံ အကုန်လောင်မြိုက် အမှိုက်မီးစာ ဤတဏှာဟု ဘာဝနာဉာဏ်မြင် စောတဲ့၍ လေးဩဃရေပြင်ကျယ် ဝဋ်ပင်လယ် သံသရာကြီးမှ ထွက်မြောက်ရန် မင်္ဂဟုန်စီးလို့မို့ တစ်သွင်တည်း ကျင့်ကြံလေရာသတည်း။

သာဓု သာဓု သာဓု

**သတ္တမနေ့ ဟောစဉ်ပြီး၏။**



40 (A)

http://www.dhammadownload.com



## ၁၃၆၂–ခု တန်ခူးလကွယ် (၂. ၅. ၂၀၀၀)မှ
## ၁၃၆၂–ခု ကဆုန်လဆန်း (၈)ရက် (၁၀. ၅. ၂၀၀၀)အထိ
## ကျင်းပသော လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အောင်ပွဲ၌
# ဆရာတော်၏ ဩဝါဒကထာ

၁၃၆၂-ခု၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် (၃၃၇/က)၊ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် (၇)ရက် တရားစခန်း စခန်းသိမ်းအောင်ပွဲ အခမ်းအနား။

**ယောင်းမနှင့်လျှာ**

ဒီအခမ်းအနားမှာ အားလုံး ဒကာ ဒကာမတွေ **"ပရမတ်မမြင် တရားမမြင် ပရမတ်မြင်မှ တရားမြင်"**၊ ပရမတ်ကို မမြင်ရင် တရားမမြင်ပါဘူး။ ပရမတ်မြင်မှ တရားမြင်ပါတယ်။

**"ပရမတ်မဝ တရားမကျ ပရမတ်ဝမှ တရားကျသည်"**၊ ပရမတ် မဝပဲနဲ့ တရားမကျနိုင်ပါဘူး။ ပရမတ်ဝမှ တရားကျပါတယ်။ တရားမမြင်တော့ ဘုရားမမြင်၊ တရားမြင်မှ ဘုရားမြင်တယ်။ တရားမြင်ပြန်တော့လည်း ပရမတ်ကို မြင်မှ တရားမြင်တယ်။ ပရမတ်မမြင် တရားမမြင်။

အဲဒါကြောင့် ပရမတ်သက်သက် ရုပ်တရား နာမ်တရား ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တို့ မြင်အောင်ကြည့်တဲ့နည်းနဲ့ ကြည့်ရှုပြီးတော့ အစဉ်အတိုင်း သီလ, သမာဓိ, ပညာ အစဉ်အတိုင်း ကြည့်ရှုပြီးတော့ သီလ, သမာဓိ, ပညာ ကျင့်စဉ်နဲ့ အစဉ်အတိုင်း ကြည့်ရှုတဲ့ နည်းနာနိဿယ။

ဒီနည်းနိဿယဟာ အင်မတန် အရေးကြီးပါတယ်တဲ့။ တရားမြင်ဖို့ကလည်း သိပ်ပြီးတော့ အရေးကြီးပါတယ်။ ဒါကြောင့် သာဝတ္ထိပြည်မှန် အသရေချွန်တဲ့ ဇေတဝန်ကျောင်းတိုက်ကြီးမှာ မြတ်စွာဘုရား သီတင်းသုံးတာလဲ (၁၉)နှစ်၊ ဇေတဝန်ကျောင်းတိုက်ကြီးထဲ ဝါဆိုတော်မူတာ (၁၉)နှစ် ကြာပါတယ်။

အဲဒီ (၁၉)နှစ်တာ ကာလမှာ ဘယ်ပုဂ္ဂိုလ်ရှိသလဲဆိုတော့ အရှင်ဥဒါယီမထေရ်မြတ်က ရှိနေတယ်။ အရှင်ဥဒါယီမထေရ်မြတ်က မြတ်စွာ



40 (B)

http://www.dhammadownload.com



ဘုရားကို ထပ်ချပ်မကွာ ကိုးကွယ်တယ် ဆိုပါစို့။ ကိုးကွယ်ပြီးတော့ ဘုရားနဲ့ တစ်ကျောင်းတိုက်ထဲမှာ (၁၉)ဝါတိုင်တိုင် ဝါဆိုသော်လည်း တရားဓမ္မ သဘောမပေါက်ဘူး၊ မမြင်ဘူး။

တစ်နေ့ကျတော့ နယ်ကရဟန်းတော်တွေ ကြွလာတော့ ကျောင်း တိုက်ထဲ ဓမ္မာသနပလ္လင်မှာ ထိုင်နေတဲ့ ပုဂ္ဂိုလ်က ဘယ်ပုဂ္ဂိုလ်လဲဆိုတော့ အရှင်ဥဒါယီပဲ ထိုင်ပြီးတော့နေတယ်။

တကယ်အသိ အသင်အကြားအမြင်များတဲ့ ရဟန်းတော်ထင်မှတ် ပြီး နယ်ကလာတဲ့ ရဟန်းတော်များက အလေးအမြတ်ပြုကြတယ်၊ နောက် တော့ အရှင်ဥဒါယီ ဘာတရားမှမသိတာ ဘာတရားမှ မသိတဲ့ပုဂ္ဂိုလ်မှန်း သိသွားကြတယ်။

အဲဒါနဲ့ ဘုရားရှင်ကို လျှောက်တဲ့အခါကျတော့ ဘုရားရှင်က-

**"ယာဝဇီဝံပိစေ ဗာလော၊ ပဏ္ဍိတံပယိ ရူပါသတိ"**

ဟော- တစ်သက်လုံး မိုက်မဲတွေဝေတဲ့သူဟာ ပညာရှိဖြစ်တဲ့ ငါဘုရား ကို တစ်သက်လုံး ချဉ်းကပ်နေတာပဲ။ အနီးကပ် အနီးကပ်နေပေမယ့်-

**"နသောဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗိသူပရသံယထာ"**

အဲဒီလို ငါဘုရားနဲ့ နေသော်လည်းပဲ (၁၉)ဝါနေသော်လည်းပဲ တရားမမြင်ဘူးတဲ့။ သူဟာ ဘာနဲ့တူသလဲဆိုတော့ ဟင်းမွှေသစ်သား ယောင်းမလိုပဲတဲ့။

**"ဒဗ္ဗိသူပရသံယထာ"**- ဟင်းအရသာကို မသိရှာဘူးတဲ့။

ဟော- သစ်သားယောင်းမနဲ့ ဥပမာပေးတယ်။ ဘာပြုလဲဆိုတော့ တရားမသိလို့၊ တရားမသိလို့။ နောက် ကောသလမင်းကြီးနဲ့ သားချင်းဖြစ်တဲ့ ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့ကျတော့ ကပ္ပါသိက တောအရပ်ထဲမှာ သောတာပန်စခန်း တက်လှမ်းနိုင်ပြီးတော့ **"အနမတဂ္ဂသံယုတ်"**ကို မြတ်စွာ ဘုရား ဟောလိုက်တဲ့အခါ ရဟန္တာ ဖြစ်ကြတယ်။

အဲဒီ ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ် ရဟန္တာ အရှင်မြတ်ကြီး သုံးကျိပ် တို့ကို အကြောင်းပြုပြီးတော့-

http://www.dhammadownload.com



"မဟုတ္တမပိစေဝိညူ၊ ပယိရုပါသတိ၊
ခိပ္ပံဓမ္မံ ဝိဇာနာတိ၊ ဇိဝှါသူပရသံယထာ"။

ပညာရှိသူတော်ကောင်းတွေကို တစ်ခဏလေး ချဉ်းကပ် ကြာကြာလည်း ကိုးကွယ်တာ မဟုတ်ပါဘူးတဲ့။ တစ်ခဏလေးပဲတဲ့။ တစ်ခဏလေး ပါပဲတဲ့ ချဉ်းကပ်တာ။

သို့သော် ခိပ္ပံဓမ္မံဝိဇာနာတိ ဇိဝှါသူပရသံယထာ- လျှာဟာ ဟင်းရဲ့ အရသာကို သိသလိုပဲတဲ့။ တစ်ခဏလေး ကိုးကွယ်ပေးမယ့်လို့ တစ်ခဏလေး ဘုရားနဲ့ တွေ့ပေမယ့်လို့ တရားကိုသိမြင်တယ်။ လျှာဟာ ဟင်းအရသာကို သိသလိုပဲတဲ့။

မြတ်စွာဘုရားက နှိုင်းယှဉ်ချက်ကလေး နှစ်ခု ဘုရားကို တစ်သက်တာ ကာလပတ်လုံး ကိုးကွယ်နေသော်လည်း တရားမမြင် ဘုရားမမြင်။ ခေတ္တခဏလေး ဘုရားနဲ့တွေ့သော်လည်းပဲ တရားမြင်တော့ ဘုရားမြင်ပြီး သွားတဲ့အကြောင်း၊ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်ဟာ တရားမြင်တော့ ဘုရား မြင်ပြီးတော့၊ တရားမြင်တော့ ဘုရားမြင်တယ်။

## (၇၇)နာရီ

ယခု ယောဂီသူတော်စင်တို့မှာလည်း တစ်သက်တာ ကာလပတ်လုံး ဟိုတောထဲ တောင်ထဲသွားပြီး အားထုတ်ပါဆိုရင် အားထုတ်ချင်မှ အားထုတ် ဖြစ်မယ်။ သို့သော်လည်းပဲ (၇)ရက်တာ ကာလအချိန်နည်းနည်းလေး အားထုတ်ခွင့် ရသော်လည်းပဲ မိမိတို့ ဒီအချိန်လေးမှာ ပလိဗောဓ အနှောက် အယှက်တွေ ဆွေတွေ မျိုးတွေ သားတွေ သမီးတွေ နောက်ပိုင်းက အရှုပ် အထွေးတွေရှင်းပြီး တရားပြီးတရား တရားပြီးတရား၊ တရားအာရုံပြီး တရား အာရုံ၊ တရားအာရုံပြီး တရားအာရုံ (၇)ရက်တာ ပြောရတယ်။ တရားအာရုံ တွေနဲ့ အချိန်ကုန်ပြီး (၁၁)ချိန် တစ်နေ့ နာရီပေါင်း (၇၇)နာရီလို့ ဒီလို ပြောရမှာပေ့ါ။ နာရီပေါင်း (၇၇)နာရီတာ ကာလလေးမှာ အချိန်အားဖြင့် သိပ်ပြီးတော့ ကြာညောင်းတယ်လို့ မဆိုနိုင်ပေမယ့် သီလကလည်း မိမိတို့ စောင့်ထိန်းတဲ့ "အာဇီဝဋ္ဌမကသီလ"။

http://www.dhammadownload.com



**အာဇီဝဋ္ဌမကသီလ**

ဆရာတော်ဘုရားကြီးက-

**"သက်သတ်ခိုးမှု ကာမေသု သုံးခုကာယံ"၊** ဒီကာယကံ (၃)ပါး။

အရပ်ထဲမှာ ရွာထဲမှာ မုသားဆိုပြော ဂုံးချော ရန်တိုက် အမိုက်အမဲ ဆဲရေးခြောက်ချိန်း အပြိန်းစကား နေ့စဉ်ပွား ၄-ပါးဝစီကံတဲ့။ ပြောဆိုမှုတွေက အလွန်များတယ်။

ဒါကြောင့် ဒီဝစီကံလေးပါး။ မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ အချက်ထည့်ပြီးတော့ **"အာဇီဝဋ္ဌမကသီလ"**။

ဒီအာဇီဝဋ္ဌမကသီလကို စောင့်ထိန်းသင့်တယ်။ အိမ်ယာတည်ထောင် လူ့ဘောင်မှာနေကြတဲ့ ပုဂ္ဂိုလ်များ ဒီသီလဟာ သင့်တော်တဲ့သီလပဲတဲ့။

ဒါကြောင့် ဘုရားရှင် ရှိစဉ်အခါက အချို့ ဒကာ ဒကာမတွေက အထူးသဖြင့် ဝိသာခါ ဒကာမကြီးတို့၊ အနာထပိဏ် သူဌေးတို့က လျှောက်ကြတယ်။

တပည့်တော်တို့ လူ့ပြည် လူ့လောကမှာ ဖီးလိမ်းပြင်ဆင်ပြီးတော့ သားတွေ သမီးတွေနဲ့ ပျော်ပျော်ပါးပါး နေပြီးတော့ နောက်ဘဝမှာ အပါယ်လေးဘုံ မရောက်တဲ့နည်းကို ညွှန်ပြတော်မူပါလို့ လျှောက်တော့ မြတ်စွာဘုရားက ဒီအာဇီဝဋ္ဌမကသီလကိုဟောတာ။

**ဓာတ်လေးပါးလုံး**

အာဇီဝဋ္ဌမကသီလကို အမြဲစောင့်ထိန်းခဲ့ပြီး သမာဓိဟာလည်းပဲ လေးရက်ကျော်ကျော် ဒီနောက် ဝိပဿနာကြည့်တဲ့ကိစ္စကို ကြည့်ပြန်တော့လည်းပဲ များများမကြည့်ပဲနဲ့ ဝါယောဓာတ်ကို ဦးစားပေးပြီးတော့-

သို့သော်လည်း ဝါယောဓာတ်သာ ပြောရတယ်။ ဝါယောဓာတ်နဲ့ ဆက်စပ်ပြီးတော့နေတဲ့ နာမ်ခန္ဓာတွေ (ဝေဒနာ- သညာ- သင်္ခါရ- ဝိညာဉ်) ပါပြီးတော့ သွားတယ်။

**"စတ္တာရော မဟာဘူတာ အညမညာ ပစ္စယေန ပစ္စယော"**ဆိုတဲ့ စကားတော်အတိုင်း မဟာဘုတ်လေးပါးတို့ဟာ ခက်မာ၊ ဖွဲ့စေး၊ ပူအေး၊

http://www.dhammadownload.com



ထောက်ကန်။

"ခက်မာ- နူးညံ့တဲ့ပထဝီ၊ ဖွဲ့စည်းယိုစီးတဲ့ အာပေါ၊ ပူအေးတဲ့ တေဇော၊ ထောက်ကန်လှုပ်ရှားတဲ့ ဝါယော"၊ ဓာတ်လေးပါး။

အဲဒီဓာတ်တွေဟာ သူ့လက္ခဏာနဲ့သူ ရှိပြီးတော့နေပါတယ်။ အဲဒီတော့ ဝါယောဓာတ်ကို ရှုတဲ့အခါမှာ ဟော- ပထဝီဓာတ်လည်း ဒီဝါယောဓာတ်ထဲမှာ မသိမသာလေး ပါဝင်နေတယ်။

ထွက်လေ ဝင်လေကို ရှုမှတ်ရင်း ရှုမှတ်ရင်းနဲ့ ပူတယ်, အေးတယ်လို့ ဖြစ်တဲ့အခါ တေဇောဓာတ်ကလေး ပါဝင်၊ ယိုစီးဖွဲ့စည်းတော့ အာပေါဓာတ်၊ ဓာတ်လေးပါးကတော့ ခွဲခြားဖို့ခက်တယ်။

ခွဲခြားရခက်သော်လည်း ပေါ်လွင်တဲ့ဓာတ်ကို ဦးစားပေးပြီးတော့ ရှုပွားခဲ့ကြတယ်။ အဲဒီလို ရှုပွားခဲ့တော့ ပရမတ်တရားတွေ အများကြီး ရှိတာထဲက ဓာတ်လေးပါး၊ ဓာတ်လေးပါးထဲက တစ်ပါး။

အဲဒီ တစ်ပါးကို မြင်ပြီးတော့ အရိယာဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေ ဒုနဲ့ဒေး ရှိတယ်။ ဒါကြောင့် မိမိတို့ အထူးသဖြင့် ဝါယောဓာတ်ရဲ့ အလုပ်တွေက အများကြီး ရှိပါတယ်။ ထွက်လေ ဝင်လေ (သို့မဟုတ်) တွန်းကန်လှုပ်ရှား ဝါယောဓာတ်ရဲ့ အလုပ် (သူမဟုတ် ကိုယ်မဟုတ် ဝါယောဓာတ်ရဲ့အလုပ်)

အဲဒီ ဝါယောဓာတ်ရဲ့ အလုပ်ဟာ သွားတာ လာတာ။ ဟော- ဒါလည်း ဝါယောဓာတ်ရဲ့ အလုပ်ပါပဲ။ သိပ်ကျယ်ပြန့်သွားမယ်။

## တရားအာရုံ ထုံမွှမ်းနိုင်ကြပါစေ

မြင်သလောက်လေး ထင်သလောက်ပေး ရက်အနည်းငယ်လေး ဖြစ်သော်လည်း မိမိတို့ဒါလေးကို နည်းနာနိဿယ ရပြီဆိုတဲ့အခါ မိမိတို့အိမ်မှာ မိဂိတို့နေရာဌာနမှာ ဆက်ပြီးတော့ မိနစ်ပိုင်း နာရီပိုင်း သူ့အချိန်လေးနဲ့သူ ရသလောက်အချိန်လေး ဆက်လက်ကြိုးစားပြီးတော့ တရားအာရုံ ထုံမွှမ်းနိုင်ကြပါစေ။

ရတနာသုံးပါးကို ကိုးကွယ်အားထားကြတဲ့ ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ်အားထားကြတဲ့ အခါမှာ အထူးသဖြင့် တရား

http://www.dhammadownload.com



မြင်မှ ဘုရားမြင်၊ တရားမမြင် ဘုရားမမြင်။

တရားကို ဘယ်လိုကြောင့် ကိုးကွယ်ရလဲဆိုတော့-

**"ဘဝကန္တာရာ ဥတ္တာရနေန အဿာသဒါနေန ဓမ္မော"**။

ဘဝခရီး ခရီးခဲမှ ထုတ်ဆယ်ကယ်တင်နိုင်တာ ဓမ္မပါပဲ။ စိတ်ရဲ့ သက်သာမှု အပေးနိုင်ဆုံးက တရားတော်ပဲ။ ဒါကြောင့် တရားတော်ကို ကိုးကွယ်ကြရ။ တရားတော်ကို ကိုးကွယ်တော့ တရားတန်ဖိုးကို သိတော့ တရားပိုင်ရှင်ဖြစ်တဲ့ ဘုရားကိုလည်း ကိုးကွယ်ကြရ။ ထိုတရားတော်ရဲ့ ဂုဏ်ရည်တွေနဲ့ ထုံမွှမ်းပြီးထားတဲ့ အရိယာသံဃာတော်များ၊ တရားတော်ကို ထိန်းသိမ်းတော်မူကြတဲ့ သံဃာတော်များ၊ ကလျာဏပုထုဇဉ် သံဃာတော်များလည်း ကိုးကွယ်ကြ၊ မြတ်နိုးကြရတာပါပဲ။ ဒါကြောင့်-

**မာနေန္တိ ဓမ္မကာမာယေ၊**

**ဓမ္မံ မာဂဓံ ဒေသကံ။**

**ဗုဒ္ဓဉ္စ မတဒံ သံဃံ၊**

**ဓမ္မောဇာမတလိမ္ပိတံ။**

ယေ- အကြင်သူတို့သည်။ ဓမ္မကာမာ- ချမ်းသာဖို့ရေး ပို့ဆောင်ပေးမည့် လေးစားအပ်သော မြတ်သဘောကို မနောရှင်ပြီး နှစ်လိုကြကုန်သည်ဖြစ်၍။ ဓမ္မံ- သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်းလေးထောင် များမြောင်လှစွာသော တရားတော်ကို။ ဓမ္မံ- သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတော်ကို။ ဓမ္မံ- မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ်ဆယ်ဖော် တရားတော်ကို။ မာနေန္တိ- မြတ်နိုးကြကုန်၏။ တေ- ထိုတရား မြတ်နိုးကြကုန်သော ပုဂ္ဂိုလ်တို့သည်။ ဓမ္မမာဂဓံ- သံသရာဝဋ်ဆင်းရဲ ကျွတ်ခွေမှ လွတ်စေနိုင်တောင်း တရားကောင်းကို အကြောင်းပြုစွဲမှီ၍ (သံသရာဝဋ်မှ လွတ်အောင်ဆောင်ရွက်နိုင်တာ တရားပဲ၊ ဘုရားဖြစ်ပြီးတော့ မြတ်စွာဘုရားရှင်က ငါ့ဘာကို အလေးအမြတ်ပြုပြီး နေရမလဲ။ လူတွေ နတ်တွေ ဗြဟ္မာတွေထဲက ဘယ်သူ့ကို အလေးအမြတ်ပြုပြီး နေရမလဲလို့ ကြည့်လိုက်တဲ့အခါ ဘယ်လူနတ်ဗြဟ္မာမှ အလေးအမြတ်ပြုစရာ မရှိဘူး။ အဲဒီတော့ မိမိရသိတဲ့

http://www.dhammadownload.com



တရားတော်ကိုပဲ အလေးအမြတ် ပြုနေမယ်လို့ ဆိုပြီး တစ်သက်တာ ကာလ ပတ်လုံး တရားပဲ အလေးအမြတ် ပြုနေသွားတာကိုး)။ ဓမ္မမာဂမ္မ- သံသရာ ဝဋ်ဆင်းရဲ ဖွဲ့ကရွတ်ခွေမှ လွတ်စေနိုင်တောင်း တရားကောင်းကို အကြောင်းပြု စွဲမှီ၍။ ဒေသကံ- လေးဆယ့်နှစ်ငါး ချိန်မြင့်လျှားအောင် ဟောကြားတော် မူတတ်သော (၄၅-ဝါ ကာလပတ်လုံး မြတ်စွာဘုရား တရားပဲ ဟောတာ ကိုး။ တစ်ချို့ တရားတွေဆို ထပ်ကာထပ်ကာ ဟောတော်မူတယ်။ တရားက အဓိကကိုး။ ဘုရားပွင့်လာတာက တရားများများဟော များများသိစေဖို့ပါပဲ)

အခုကမ္ဘာမှာ ဘုရား ဘုရား အမည်ခံနေတဲ့ ပုဂ္ဂိုလ်တွေ အများကြီး။ သို့သော် တရားများများ မဟောနိုင်ဘူး။ သုတ်ဝိနည်း အဘိဓမ္မာ မဟောနိုင် ဘူး။ သာမန်အားဖြင့် သီလ, သာမန် မေတ္တာ, သာမန် ကရုဏာ ရိုးရိုး အရပ်သား ပညာရှင်တွေပင် သိနိုင်တဲ့တရား။ အဲဒီလောက်တာ ဟောနိုင် တာ။ ဒီထက်ပိုပြီးတော့ သုတ် ဝိနည်း အဘိဓမ္မာတွေ ကျယ်ကျယ်ပြန့်ပြန့် မဟောနိုင်ကြပါဘူး။

ဒီလို တရားတော်တွေ ဟောနိုင်မှတကယ်ဘုရားအစစ်။ ဒါကြောင့်-

ဒေသကံ- လေးဆယ်နှင့်ငါး ချိန်မြင့်လျှားအောင် ဟောကြားတော် မူတတ်သော။ အမတဒံ- မြိုက်ရည်ချိုဆိမ့် ပီတိငြိမ့်အောင် ဟောမိန့်သာကြွ ပေးသနားတော်မူတတ်သော။ ဗုဒ္ဓဠ- အကျင့်စရိုက် အသင့်လိုက်၍ အမြိုက် ရည် တိုက်ကျွေးတော်မူတတ်သည့် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်ကို လည်းကောင်း၊ အကျင့်စရိုက် အသင့်လိုက်ပြီးတော့ ဘုရားရှင်ထံမှောက် ရောက်လာတဲ့ ပုဂ္ဂိုလ်ဟာ ဒေါသတွေ သိပ်ကြီးနေတယ်ဆိုရင် ဒေါသပြေ ပျောက်ဖို့ရာ၊ မောဟတွေ သိပ်ကြီးနေတယ်ဆိုရင် မောဟပြေပျောက်ဖို့ရာ အလိုက်သင့် ဟောကြားတော်မူတယ်။

အခု အာနာပါနကမ္မဋ္ဌာန်းဆိုတော့ မနေ့ညက ဟောခဲ့သလိုပဲ။

**"အာနာပါန အလျော်ကျ မောဟစိတက်သာ"**

အဝိဇ္ဇာဓာတ်တွေ ကိန်းဝပ်နေတဲ့ ပုဂ္ဂိုလ်တွေ၊ အကြံအစည် အတွေး အတော်တွေ များနေတဲ့ စိတ်ဂဏာမငြိမ်တဲ့ ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားက အာနာပါနကမ္မဋ္ဌာန်း ပေးတယ်။

http://www.dhammadownload.com



အထူးသဖြင့် ဒီယောဂီ သူတော်စင်တို့ကိုတော့ အဝိဇ္ဇာခေတ် ပပျောက်ရေးအတွက်ကို ဦးစားပေးပြီးတော့ အာနာပါနကမ္မဋ္ဌာန်း ပေးတယ်။ ဒီလို ပြောရမှာပါပဲ။

ဗုဒ္ဓ- အကျင့်စရိုက် အသင့်လိုက်၍ အမြိုက်ရည် တိုက်ကျွေးတော်မူတတ်သည့် တရားသခင် ဘုရားရှင်ကိုလည်းကောင်း။ တရားသခင် ဘုရားရှင်ဖြစ်တဲ့အတွက်ကြောင့် အခမ်းအနားတိုင်း အခမ်းအနားတိုင်းမှာ **"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**လို့ ဂုဏ်တော်သုံးမျိုးနဲ့ အရဟံဂုဏ်ရှင်, ဘဂဝါဂုဏ်ရှင်, သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏လို့ တရားသခင် ဘုရားရှင်ကို ရှိခိုးကြရတယ်။

ဗုဒ္ဓ- အကျင့်စရိုက် အသင့်လိုက်၍ အမြိုက်ရေအေး တိုက်ကျွေးတတ်သည့် တရားသခင် ဘုရားရှင်ကိုလည်းကောင်း။ မေ့ဗ္ဗာဇမတလိမ္မိတ်- ကိလေချေးမြူ ဖွေးဖွေးဖြူ၍ မွေးကြူပြန့်ငြိမ်း အမြိုက်ရည်လိမ်းတော်မူအပ်သော။ သံဃ- ရှစ်ယောက်အရိယာ သံဃာတော်အရှင်မြတ်များကိုလည်းကောင်း။ (ကိလေသာ အညစ်အကြေးကင်းပြီး ဝိမုတ္တိအောင်ခန်း နိဗ္ဗာန်းနန်းသို့ ကြွလှမ်းတော်မူကြပြီးတဲ့ အဂ္ဂသာဝက မဟာသာဝက ပကတိသာဝက အရှင်မှန် အရှင်မြတ် သံဃာတော်တွေ နှစ်ပေါင်း (၂၅၀၀)ကျော်အောင် လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ ပေးတော်မူတတ်တဲ့ ဘုရားရှင်ရဲ့ အဆုံးအမ သာသနာတော်ကြီးကို လက်ဆင့်ကမ်း ပုခုံးပြောင်းပြီးတော့ သင်,ဟော,ပို့ချသယ်ဆောင်တော်မူလာကြတဲ့ ကျေးဇူးတော်ရှင် ဆရာတော် သံဃာတော် အရှင်မြတ်ကြီးများ၊ မိမိတို့ ကမ္မဋ္ဌာန်းနည်းပြ နေကြတဲ့ သံဃာတော်အရှင်မြတ်တွေ။

ဒါကြောင့် မေ့ဗ္ဗာဇမတလိမ္မိတ်- ကိလေချေးမြူ ဖွေးဖွေးဖြူ၍ မွေးကြူပြန့်ငြိမ်း အမြိုက်ရည်လိမ်းတော်မူအပ်သော။ သံဃ- ရှစ်ယောက် အရိယာ သံဃာတော် အရှင်မြတ်များနှင့်တကွ ဤဗုဒ္ဓမြတ်စွာ အဆုံးအမ တော်ကြီးကို နှစ်ပေါင်း (၂၅၀၀)ကျော်အောင် တပည့်တော်တို့နှင့် တိုက်တိုက် ဆိုင်ဆိုင် တွေ့ကြုံကြရလေအောင် လက်ဆင့်ကမ်း ပခုံးပြောင်း၍ သယ် ဆောင်တော်မူလာကြသော ကျေးဇူးတော်ရှင် လယ်တီဆရာတော်စသော

http://www.dhammadownload.com



ဆရာတော် သံဃာတော် အရှင်မြတ်များကိုလည်းကောင်း။

မာနေန္တိ- ကျေးဇူးဂုဏ်သိမ် နှလုံးအိမ်၌ တည်ငြိမ်မွေ့အောင်း မရွေ့ပြောင်းပဲ နှစ်ထောင်းအားရ ကြည်ညိုကြရကုန်သည်တကား။

မိမိတို့ရဲ့ စိတ်နှလုံးအိမ်ထဲမှာ တရားတော်သည် တကယ့် သံသရာဝဋ်ဇာတ်မှာ လွတ်မြောက်စေနိုင်တယ်။ စိတ်ရဲ့သက်သာမှုကို ပေးစွမ်းနိုင်တယ်။ အဲဒီတရားတော်ရဲ့ အရှင်သခင်ဖြစ်တဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးအားလည်း ကျေးဇူးများတယ်။

ဒီတရားတော်အားလျှော်စွာ ကောင်းမွန်မှန်ကန် လျော်ကန်သင့်မြတ် ရှိသေအပ်တဲ့ အကျင့်ပဋိပတ် ရှိတော်မူကြတဲ့ သံဃာတော် အရှင်မြတ်တွေ တရားတော် လက်ဆင့်ကမ်း ပခုံးပြောင်းပြီးတော့ သယ်ဆောင်ထိန်းသိမ်းတော်မူကြတဲ့ လယ်တီဆရာတော်စတဲ့ သံဃာတော် အရှင်မြတ်တွေ ကျေးဇူးကြီးတယ်။ ဆိုပြီးတော့-

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ၊ အကြိမ်ကြိမ်ဟော မိမိတို့ တရားစခန်းအတွင်းမှာ အကြိမ်ကြိမ် အကြိမ်ကြိမ်။

## (၂၂)ကြိမ်စီ

မိမိတို့အိမ်ဆိုရင် နံနက်တစ်ကြိမ် ညတစ်ကြိမ် သရဏဂုံယူဖြစ်ပါလိမ့်မယ်။ အခု တရားစခန်းဝင်လိုက်တဲ့ အခါကျတော့ တစ်နေ့ တစ်နေ့ကို အနည်းဆုံး ၂၂-ကြိမ်၊ မေတ္တာပွားတာ ၂၂-ကြိမ်၊ အမျှအတန်း ပေးဝေတာက ၂၂-ကြိမ်။

အဲဒီမှာ အမျှအတန်း ပေးဝေပြီး ကိုယ်က အမျှမယူတာလေး ကျန်နေတတ်ပါတယ်။

မိမိတို့ မိဘဘိုးဘွား၊ ဆရာတော်၊ သံဃာတော်၊ လူကြီးသူကြီးတွေ၊ မင်းစိုးရာဇာတွေကလည်း အမျှအတန်း ပေးဝေနေကြတာ အဲဒါတွေကိုလည်း သာဓုခေါ်ယူတတ်ဖို့ လိုပါတယ်။

ဒါကြောင့် (၃၁)ဘုံ အရိယာ သမ္မုတိ ရှိရှိသမျှ သူတော်စင် သူတော်ကောင်း မိဘဘိုးဘွား ဆရာတော် သံဃာတော် လူကြီးသူကြီး

http://www.dhammadownload.com



မင်းစိုးရာဇာ ဒေဝါအပေါင်းတို့က ပို့သသော ဩဒိဿမေတ္တာ, အနောဒိဿမေတ္တာများနှင့် မျှဝေသော ကုသိုလ်အဖို့အစုများကို သာခုခေါ်၍ လက်ခံရယူပါ၏လို့ ပတ္တာနုမောဒနာ ကုသိုလ်ထူး ရယူဆည်းပူးနိုင်ရင် ပိုပြီးတော့ ကောင်းပါတယ်၊ ပြည့်စုံပါတယ်။

## ရတနာသုံးပါးရှိနေလို့

ဒါကြောင့် ယနေ့ (၇)ရက် တရားစခန်းအတွင်းမှာ အကြိမ်ကြိမ် ယူရတဲ့ သရဏဂုဏ်၊ အကြိမ်ကြိမ် ပွားများတဲ့မေတ္တာဘာဝနာ၊ အကြိမ်ကြိမ် ပေးဝေတဲ့ ပတ္တိဒါနကုသိုလ်၊ အကြိမ်ကြိမ် ပွားများတဲ့ ဘာဝနာကုသိုလ် ကုသိုလ်တွေ၊ ကုသိုလ်ပြီး ကုသိုလ်၊ ကုသိုလ်ပြီး ကုသိုလ်၊ ကုသိုလ်ကနေ ကုသိုလ်ကျေးဇူးပြု ကုသိုလ်ပြီး ကုသိုလ်၊ စပါးပြီး စပါးဆိုတဲ့ စကားလိုပဲ ကုသိုလ်တွေချည်း ဆက်ပြီးတော့ပွား၊ ကုသိုလ်တွေချည်း ဆက်ပြီးတော့ပွား။

အဲဒီ ကုသိုလ်တွေချည်း ဆက်ပွားတာ ဘာကြောင့်လဲ။ ရတနာသုံးပါး ရှိနေတဲ့ ကျေးဇူးကြောင့်ပါပဲ။

**မာနေန္တိ ဓမ္မကာမာယေ၊ ဓမ္မမာဂမ္မ ဒေသကံ။**
**ဗုဒ္ဓဥ္စ မတဒံ သံဃံ၊ ဓမ္မောဇာမတလိမ္ပိတံ။**

ယေ- အကြင်သူတို့သည်။ ဓမ္မကာမာ- ချမ်းသာဖို့ရေး ပို့ဆောင်ပေးမည့် လေးစားအပ်သော မြတ်သဘောကို မနောရွှင်ပြိုး နှစ်လိုကြကုန်သည်ဖြစ်၍။ ဓမ္မံ- သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် များမြောင်လှစွာ ဒေသနာတော်အရပ်ရပ်ကို။ ဓမ္မံ- မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ်ဆယ်ပေါ် တရားတော်ကို။ မာနေန္တိ- မြတ်နိုးကြပေကုန်၏။ တေ- ထိုတရား မြတ်နိုးကြကုန်သော သူတို့သည်။ ဓမ္မမာဂမ္မ- သံသရာဝဋ်ဗွေ ကရွတ်ခွေမှ လွတ်စေနိုင်သော တရားကောင်းကို အကြောင်းပြု စွဲမှီ၍။ ဒေသကံ- လေးဆယ့်နှင့်ငါး ချိန်မြင့်လျှားအောင် ဟောကြားမြွက်ဖေါ်တော်မူတတ်သော။ အမတဒံ- မြိုက်ရည်ချိုဆိမ့် ပီတိငြိမ့်အောင် ဟောမိန့်သာကြူ ပေးသနားတော်မူတတ်ပါပေသော။ ဗုဒ္ဓဥ္စ- အကျင့်စရိုက် အသင့်လိုက်၍ အမြိုက်ရေ

http://www.dhammadownload.com



အေး တိုက်ကျွေးတော်မူတတ်သည့်`တရားသခင် ဘုရားရှင်ကိုလည်းကောင်း။ ဓမ္မောဇာမတလိမ္ပိတံ- ကိလေသာချေးမြူ ဖွေးဖွေးဖြူသည့် မွေးကြူပြန့်ငြိမ်း အမြိုက်ရည် လိမ်းတော်မူအပ်သော။ သံဃဥ္စ- ရှစ်ယောက်အရိယာ သံဃာတော် အရှင်မြတ်များကိုလည်းကောင်း။ သံဃဥ္စ- နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်အောင် မြတ်ဘုရား၏ အဆုံးအမတော်ကြီးကို လက်ဆင့်ကမ်း ပခုံးပြောင်း၍ စောင့်ရှောက်ထိန်းသိမ်းတော်မူကြသော ကျေးဇူးတော်ရှင် အရှင်မဟာကဿပ, အရှင်မဟာဗုဒ္ဓဃောသ, ဆရာတော်ဦးဗုဓ်, လယ်တီဆရာတော်, သပြေပင်တောရဆရာတော် စသော အရှင်မြတ်များကိုလည်းကောင်း။ မာနေန္တိ- ကျေးဇူးဂုဏ်သိရ် နှလုံးအိမ်၌ တည်ငြိမ်မွေ့အောင်း မရွှေ့ပြောင်းပဲ နှစ်ထောင်းအားရ ကြည်ညိုမြတ်နိုးကြရပါကုန်သည် တကား။

သာဓု သာဓု သာဓု

http://www.dhammadownload.com



## ၁၂-ကြိမ်မြောက် လယ်တီဝိပဿနာ ဖွင့်ပွဲအခမ်းအနား၌ မိန့်ကြားသော ဆရာတော်၏ဩဝါဒတော်

ယနေ့ ၁၃၆၂-ခု၊ ကဆုန်လပြည့် ဗုဒ္ဓနေ့။

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် (၃၃၇ / က)ရှိ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း၌ (၁၂)ကြိမ်မြောက် ကျင်းပအပ်တဲ့ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းပွဲ။

### အသံတော်ကြီး (၄)သံ

ယနေ့ ကျင်းပတဲ့ (၇)ရက် တရားစခန်းပွဲကတော့ ကဆုန်လပြည့် ဗုဒ္ဓနေ့ နေ့ထူးနေ့မြတ်ကြီးမှာ စတင်ပြီး ဖွင့်ကြရတော့ ကဆုန်လပြည့် ဗုဒ္ဓနေ့ အကြောင်းအရာလေး ရှေ့နားက နိဒါန်းပျိုးတဲ့ အနေအားဖြင့် ကမ္မဋ္ဌာန်း တရားမပေးမီ နိဒါန်းပျိုးတဲ့အနေအားဖြင့် စကားပျိုးအနေအားဖြင့် ဘုန်းကြီးတို့ အနည်းငယ်ဟောပါမယ်။ မြတ်ဗုဒ္ဓသမိုင်း၌ ထင်ရှားတဲ့ အသံတော်ကြီး (၄)သံ။

လွန်ခဲ့တဲ့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းက ယခုလို ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်းမှာ ဝပ်စင်းပြီးတော့ အလောင်းတော် သုမေဓာရသေ့ **"ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံ"**၊ ဒီအသံတော်ကြီးဟာ ဗုဒ္ဓသမိုင်းမှာ မြည်ဟိန်းပြီးတော့ လာခဲ့တယ်။

ဗုဒ္ဓေါ- မိမိကိုယ်တိုင် သစ္စာလေးပါးကို ကျကျနန ပိုင်ပိုင်နိုင်နိုင် သိမြင်သော ဘုရားဖြစ်၍။ ဗောဓေယျံ- သတ္တဝါဗိုလ်ခြေ များဝေနေတို့ကို သစ္စာလေးပါးတရားကို သိစေအံ့။

မုတ္တော- မိမိကိုယ်တိုင် သံသရာဝဋ်နှောင်ကြိုးမှ လွတ်ထွက်သည်ဖြစ်၍။ မောစေယျံ- သံသရာမှ သတ္တဝါဝေနေယျတို့ကို လွတ်မြောက်စေအံ့။

တိဏ္ဏော- မိမိကိုယ်တိုင် သံသရာရေယဉ်ကို ကူးမြောက်တော်မူသည်ဖြစ်၍။ တာရေယျံ- သတ္တဝါ ဝေနေများဗိုလ်ခြေတို့ကို သံသရာရေယဉ်မှ ကူးမြောက်စေအံ့ ဆိုတဲ့ အကြံကြီးသုံးပါးနဲ့ နိယတဗျာဒိတ်ပန်း ဆင်မြန်း

http://www.dhammadownload.com



တော်မူခဲ့တဲ့ လွန်ခဲ့တဲ့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းက အလောင်းတော် သုမေဓာရသေ့ဟာ ဘုရားဖြစ်လိုကြောင်း လျှောက်ထားတဲ့အခါကျတော့-

**"ဓုဝံ ဗုဒ္ဓေါဘဝိဿတိ၊"**- သင်ဟာ မုချဧကန် ဘုရားဖြစ်လိမ့်မယ်။ အဲဒီလို ဗျာဒိပ်ပန်း ခိုင်းမြောက်တော်မူခဲ့တာ ယခုလို ကဆုန်လပြည့် ဗုဒ္ဓနေ့ပါပဲ။

အဲဒီနေ့မှာ ကျူးရင့်တော်မူခဲ့တဲ့ အလောင်းတော်ကြီးရဲ့ အသံတော်ကြီးဟာ သာသနာ့သမိုင်းမှာ ထင်ရှားတဲ့ နံပါတ် (၁)အသံတော်ကြီး ဖြစ်ပါတယ်။

**"ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံ"**။

ဒီနောက် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း တွက်ကိန်းများလှ ဘုံဘဝ တွေမှာ အသက်ကိုမျှ မငဲ့ညှာပဲ ဒါနအစရှိတဲ့ ပါရမီတော်တို့ကို ဖြည့်ကျင့် မယုတ် အားထုတ်ပြီးတော့ လာခဲ့တာ။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း လွန်မြောက် ပါရမီတရားကောင်း တရားမြတ်တွေလည်း ပြည့်တော်မူလို့ နောက်ဆုံးဘဝ သိဒ္ဓတ္ထလောင်းလျာ မင်းသားလေး ဖွားမြင်ပါတယ်။

ဖွားမြင်သည်နှင့် တစ်ပြိုင်နက်ထဲ (၇)ဖဝါး လှမ်းကြွပြီးတော့ မြောက်အရပ်သို့ မျက်နှာမူပြီး **"အာသဘီဝါစာ"**ခေါ်တဲ့ မကြောက်မရွံ့ ရဲဝံ့ ကြီးမား စကားအသံကြီးကို ကျူးရင့်မြွက်ဆိုခဲ့ပါတယ်။

အဲဒီအသံကြီးက - **အဂ္ဂေါဟမသ္မိ လောကဿ၊**
- **ဇေဋ္ဌောဟမသ္မိ လောကဿ**
- **သေဋ္ဌောဟမသ္မိ လောကဿ၊**
- **အယမန္တိ မာဇာတိ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။**

လောကကြီးထဲမှာ ငါသည် အမြတ်ဆုံး၊ ငါသည် အကြီးအကဲဆုံး၊ ငါသည် ချီးမွမ်းအပ်အမြတ်ဆုံး၊ ဒါနောက်ဆုံးဘဝ နောက်ထပ်ဖြစ်စရာ မရှိလို့ အမိပ္ပါယ်ပါရှိတဲ့ ဒီစကားကို အလောင်းတော် မကြောက်အရွံ့ **"အာသဘီဝါစာ"**ခေါ်တဲ့ စကားမျိုးကို ကျူးရင့်တော်မူခဲ့ပါတယ်။

အဲဒီလို ကျူးရင့်တော်မူခဲ့တဲ့ အသံဟာ ဗုဒ္ဓသမိုင်းမှာ ထင်ရှားတဲ့ ဒုတိယအသံတော်ကြီး ဖြစ်ပါတယ်။ ဒီအသံတော်ကြီးကို လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၆၂၄)နှစ်က ဘုရားအလောင်းတော် ကျူးရင့်ခဲ့ပါတယ်။

http://www.dhammadownload.com



ဒီနောက် နှစ်ပေါင်း (၂၅၈၈)နှစ်က မာရ်အမျိုးမျိုး, ရန်အမျိုးမျိုး တို့ကို အောင်မြင်တော်မူပြီးတော့ ပု, ဒိ, အာခေါ်တဲ့ ဝိဇ္ဇာဉာဏ် (၃)ပါး လက်ကိုင်ရရှိတော်မူပြီးမှ ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့ အချိန်အခါက နှုတ်တော်နဲ့ ကျူးရင့်တဲ့ ဥဒါန်းစကားတော်၊ စိတ်တော်နဲ့ ကျူးရင့်တဲ့ ဥဒါန်း စကားတော်လို့ (၂)မျိုးရှိရာ။

နှုတ်တော်နဲ့ ကျူးရင့်တာက-

**အနေက ဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊**
**ဂဟကာရ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ၊**
**ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ၊**
**သဗ္ဗာတေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ၊**
**ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။**

အိုမင်းပိုင်နက်, နာမင်းပိုင်နက်, သေမင်းပိုင်နက်, အပါယ်မင်း ပိုင်နက် **သူစားကျက်၌** မြေကွက်ဂရံ အမိန့်ခံပြီးတော့ ငါးပင်တိုင်ခန္ဓာအိမ်၊ လေးပင်တိုင်ခန္ဓာအိမ်၊ တစ်ပင်တိုင်ခန္ဓာအိမ်၊ ခန္ဓာအိမ်အကြိမ်ကြိမ် အခါခါ တည်ဆောက်တတ်တဲ့ တဏှာခေါ်တဲ့ လက်သမားကို ရှာဖွေပြီးတော့ လာ လိုက်တာ သဗ္ဗညုတဉ္ဉာဏ်တော်ကို မရသဖြင့် အရှုံးပေးဆလံသပြီးတော့ နေခဲ့ရတဲ့ ဘဝပေါင်းများစွာ လာခဲ့ရတာ။ ဒီဘဝတော့ဖြင့် သဗ္ဗညုတ ဉ္ဉာဏ်တော်ကြီးရသဖြင့် သင်တဏှာလက်သမားကို အနိုင်ယူနိုင်ပြီ။

**သဗ္ဗာတေ ဖာသုကာ ဘဂ္ဂါ**- အိမ်ရဲ့ထုတ်ယောက် ဒိုင်းမျှားခေါ်တဲ့ ကိလေသာတွေကိုလည်း ဖျက်ဆီးနိုင်ပြီ။

သစ္စာလေးပါးကို မသိအောင် ဖုံးဖိကွယ်ကာ အဝိဇ္ဇာဆိုတဲ့ အိမ်ရဲ့ အထွဋ်ကိုလည်း ချိုးဖဲ့ဖျက်ဆီးပြီးပြီ။ ငါဘုရားရဲ့ စိတ်တော်သည် နိဗ္ဗာန်၌ တည်ပြီ။ တဏှာကို ကုန်စေတတ်တဲ့ အရဟတ္တမဂ်ဉာဏ်နှင့် ဖိုလ်ဉာဏ် ငါရပြီလို့ အမိပ္ပါယ်ပါရှိတဲ့ အသံတော်ကြီး။

လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၈၈)နှစ်၊ ယခုလို ကဆုန်လပြည့်နေ့က ကျူးရင့်တော်မူခဲ့တယ်။ အဲဒီ ကျူးရင့်တော်မူခဲ့တဲ့ အသံတော်ကြီးဟာ ဗုဒ္ဓ သမိုင်းမှာ ထင်ရှားတဲ့ တတိယအသံတော်ကြီး ဖြစ်ပါတယ်။

http://www.dhammadownload.com



အဲဒီလိုနဲ့ (၄၅)ဝါ ကာလပတ်လုံး နှစ်ဆယ့်လေးသခ်ျာ ကုဋေ ခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း တွက်ကိန်းများလှ သတ္တဝါဝေနေယျတို့ကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးပြီးတော့ နိဗ္ဗာန်သောင်ကမ်း အမတ အောင်ခန်းသို့ ခေါ်ဆောင်ပြီးတဲ့နောက် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ရုပ်သိမ်း ရမည့် အချိန်နည်းနည်းကလေးပဲ လိုပါတော့တယ်။

အဲဒီအချိန်မှာ (၄၅)ဝါ ကာလပတ်လုံး ဟောကြားတော်မူခဲ့တဲ့ ဘုရားကိုယ်စား ဘုရားအမည်ရတဲ့။ တစ်နည်းအားဖြင့်၊ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကို စကားတစ်လုံး ထဲမှာ ထည့်သွင်းပြီး နောက်ဆုံးဆုံးမတဲ့ အနေအားဖြင့်-

**ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊**

**ဝယဓမ္မာ သင်္ခါရာ။ အပ္ပမာဒေန သမ္ပာဒေထ။**

ဘိက္ခဝေ- ရဟန်းတို့။ ဟန္ဒ- ကြာမြင့်မည့်အရေး မမျှော်တွေးပဲ မနေးယခု။ ဝေါ- သင်တို့ကို။ အာမန္တယာမိ- နောက်ဆုံးမှာကြားပေအံ့။ သင်္ခါရာ- မြင်မြင်သမျှ သင်္ခါရစုပုံ အလုံးစုံတို့သည်။ ယသ္မာ- အကြင်ကြောင့်။ ဝယဓမ္မာ- ပျက်စီးခြင်း သဘောတရား ရှိကြပေကုန်၏။ တသ္မာ- ထို့ကြောင့် အပ္ပမာဒေန- မမေ့မလျော့ မပေါ့ဆသော သတိတရားနှင့်။ သမ္ပာဒေထ- သီလ သမာဓိ ပညာ သိက္ခာသုံးပါး ပြည့်စုံအောင် ကြိုးစားရစ်ကြကုန်လော့ဟု။

ဟောဒီ စကားတော်ကတော့ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၄၄)နှစ် ယခုလို ကဆုန်လပြည့်နေ့က ကျူးရင့်တော်မူခဲ့တဲ့ ဗုဒ္ဓဘုရားရဲ့ ဗုဒ္ဓသမိုင်းမှာ အင်မတန်ထင်ရှားခဲ့တဲ့ နောက်ဆုံးစတုတ္ထမြောက် အသံတော်ကြီး ဖြစ်ပါတယ်။

အဲလိုဆိုတော့ ဒီနေ့ (၁၂)ကြိမ်မြောက် လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်မှာ တရားအားထုတ်မယ်လို့ သမထဝိပဿနာ တရားများ ပွားများမယ်လို့ ဆိုပြီးတော့ လာရောက်ကြတဲ့ ယောဂီသူတော် စင်များအား ပိဋကတ်သုံးပုံကို ခြုံမိငုံမိတဲ့ ဩဝါဒကို ပြောပါဆိုရင် **"အပ္ပမာဒေန သမ္ပာဒေထ"**- မမေ့မလျော့နဲ့ သတိတရားနဲ့နေကြ၊ အမှတ်တမဲ့ မနေကြနဲ့။

အဲဒီတော့ မေ့လျော့ခြင်းဆိုတဲ့ ပမာဒနဲ့ မမေ့မလျော့ခြင်း ဆိုတဲ့ အပ္ပမာဒ ခွဲခြမ်းသိရအောင် ဘုန်းကြီးတို့ ဉာဏဝိဘင်းမှာ **"ပမာဒ"**ကို

http://www.dhammadownload.com



ဘယ်လိုရှင်းပြီး မြတ်စွာဘုရား ဟောကြားတော်မူသလဲဆိုတော့-

**ပမာဒနှင့် အပ္ပမာဒ**

**ကာယဒုစ္စရိတေဝါ ဝစီဒုစ္စ ရိတေဝါ မနောဒုစ္စရိတေဝါ**
**ပဉ္စသု ကာမဂုဏေသု စိတ္တဿ ဝေါဿဂ္ဂေါ။**

ဆိုလိုတာက ကာယဒုစရိုက် (၃)ပါး "**သက်သတ်ခိုးမှု ကာမေသု**"။ ဝစီဒုစရိုက် (၄)ပါး "**မုသားဆိုပြော၊ ဂုံးချောရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေးခြောက်ခြိမ်း အပြိန်းစကား**"၊ မနောဒုစရိုက် (၃)ပါး "**သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု သူသေဇိဝေ သေစေလိုဟူ အယူမှောက်မှား ဤသုံးပါး**"။

အဲဒီလို ဒုစရိုက် (၁၀)ပါးအပေါ်မှာ ဒုစရိုက် (၁၀)ပါးတွေနဲ့ ထွေးလုံးရစ်ပတ် အဲဒီဒုစရိုက်တွေအပေါ်မှာ စိတ်ကိုလွှတ်ပြီးတော့ထား။ တစ်နည်းအားဖြင့်၊ အာရုံငါးပါး ကာမဂုဏ်တရားတွေမှာ စိတ်ကိုလွှတ်ပြီးတော့ ထားခြင်းသည် "ပမာဒ" မေ့လျော့နေခြင်းပဲ။

ဒါဖြင့် ဒုစရိုက်တရားတွေအပေါ်မှာ စိတ်လွှတ်ပြီးတော့ ထားတယ်။ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက် တစ်နိုင်ငံလုံးပဲ ခြုံကြည့်ကြည့်၊ တစ်ကမ္ဘာလုံးပဲ ခြုံကြည့်ကြည့် ဟောဒီဒုစရိုက်တွေ လွှမ်းနေတာတော့ များနေတယ်။ မြတ်စွာဘုရားရဲ့ အဆုံးအမနဲ့တော့ မကိုက်ဘူး။

ယနေ့ ယောဂီသူတော်စင်များ တရားအားထုတ်မယ်ဆိုတာ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက် သီလဆောက်တည်တာနဲ့ပဲ အထူးသဖြင့် ကာယဒုစရိုက်နဲ့ ဝစီဒုစရိုက် (၇)ပါးပေါ့။ ဒီဒုစရိုက်တွေ သီလဆောက်တည် တရားအားထုတ်နေရင်ပဲ ဒီဒုစရိုက်တွေက စိတ်ထဲလွှတ်ကင်းပြီးသား ဖြစ်ပါတယ်။

မနောဒုစရိုက်ကတော့ တရားအားမထုတ်မီ ပရိကံပြုကြတဲ့အခါမှာ မေတ္တာပွားခြင်း လုပ်ငန်းများနဲ့ ထိုက်တန်သလောက် ရှောင်ကွင်းပြီးသား ဖြစ်ပါတယ်။

ပြီးတော့ အာရုံငါးပါးတဲ့။ "**အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ အတွေ့ထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ**"ခေါ်တဲ့



42(A)

http://www.dhammadownload.com



အာရုံငါးပါး။ ကာမဂုဏ်တရားတွေအပေါ်မှာ စိတ်ကိုလွှတ်ပြီးတော့ ထားခြင်းဟာ **"ပမာဒ"** မေ့လျော့နေခြင်းတဲ့။

နောက်သပ်တစ်မျိုး မြတ်စွာဘုရားက ဘာဟောသလဲဆိုတော့ **"ကုသလာနံ ဓမ္မာနံ ဘာဝနာယ နိက္ခိတ္တစ္ဆုရတာ"**- ကုသိုလ်တရားတွေ ပွားဖို့များဖို့နဲ့ ပတ်သက်ပြီးတော့ ဝန်ချပြီးတော့ ထားတယ်ဆိုတာ။

ကုသိုလ်တရားတွေ ကြိုးစားဖို့ ဒါန သီလ ဘာဝနာတွေ ပွားဖို့နဲ့ ပတ်သက်ပြီးတော့ မျက်နှာလွှဲပြီးတော့ ထားခြင်းသည်လည်း ပမာဒ။

အဲဒီတော့ ခြုံပြီးပြောမယ်ဆိုရင် **"ပမာဒ"** မေ့လျော့တယ်ဆိုတာ **"အာရုံငါးပါး လိုက်စားပျော်တုံ၊ ဒုစရိုက်များ ပြုကြြားနယ်ကုန်"**။

အာရုံငါးပါး လိုက်စားနေရင် ပမာဒမေ့လျော့ပြီးတော့နေတယ်။ ဒုစရိုက်တွေ ကျတော့လည်း နယ်ကုန်အောင် ပြုပြီးနေမယ်ဆိုရင် မေ့လျော့ပြီးတော့ နေတယ်။

**"ကုသိုလ်ကိစ္စ စိတ်ကသုန်မှုန်"** ကုသိုလ်နဲ့ပတ်သက်ပြီး ကောင်းတဲ့အလုပ်နဲ့ပတ်သက်ပြီး စိတ်ကသုန်မှုန်နေတယ်။ **"သတိပေါ့ မေ့လျော့ ဤလွှဘုံ"** ဆိုတဲ့အတိုင်း အဲဒါကို ပမာဒ။ ကဲ လိုက်ဆိုကြ။

* **အာရုံငါးပါး လိုက်စားပျော်တုံ ဒုစရိုက်များ ပြုကြြားနယ်ကုန်**
**ကုသိုလ်ကိစ္စ စိတ်ကသုန်မှုန် သတိပေါ့ မေ့လျော့ ဤလွှဘုံ။**

အဲဒီ ပမာဒတရားမှ ရှောင်ရှားတဲ့ အနေအားဖြင့် ဒုစရိုက်တရား ရှောင်မယ်။ အာရုံငါးပါး ကာမဂုဏ်တရား လိုက်စားမှု လျှော့မယ်။ ကုသိုလ်တရား တိုးပွားမှုကို ကြိုးစားမယ်ဆိုရင် **"အပ္ပမာဒ"**။

အဲဒီတော့ ပမာဒရှောင်လိုက်လို့ရှိရင် အပ္ပမာဒ မိမိတို့သန္တာန်မှာ ရရှိပြီးသား ဖြစ်ပါတယ်။ အဲဒီတော့ မေ့လျော့မှုကို ရှောင်ရှားပြီး ရှေးသူတော်စင်များ မမေ့မလျော့ခြင်းဆိုတဲ့ **"အပ္ပမာဒ"** ဒုစရိုက်တရားမှ ရှောင်ကြဉ်ခြင်း အာရုံငါးပါး ကာမဂုဏ်တရားမှ ရှောင်ကြဉ်ခြင်း ကုသိုလ်တရားတို့ကို ပွားအောင် များအောင် ကြိုးစားခြင်း အစဉ်ထာဝရ အရှိအသေ ပြုပြီးတော့ အားထုတ်နေခြင်းသည် **"အပ္ပမာဒ"**။

အဲဒီ အပ္ပမာဒကို **"သတိ အဝိပ္ပဝါသော"**လဲ ဖွင့်တယ်။ သတိမကင်း

http://www.dhammadownload.com



တဲ့ တရားပေါ့။ အဲဒီ အပ္ပမာဒတရားဟာ ဘယ်လောက်အရေးကြီးသလဲ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံကာနီး နာရီပိုင်းလေးပဲ လိုတဲ့အချိန်။

ဘုန်းကြီးတို့ အမိတွေ အဖတွေ ဆရာသမားတွေက အရေးကြီးတဲ့ အချက်အလက်လေးတွေကို သားသမီးတွေကို ခဏခဏ ဆုံးမတယ်။ နောက်ဆုံးသေခါနီးတောင်မှ ဆုံးမသွားရှာကြတယ်။

ဘုန်းကြီးတို့ ဥပဇ္ဈယ် မုံရွာမြို့ သပြေပင်တောရ ဆရာတော်ဘုရားကြီးက ပျံလွန်တော်မူကာနီးမှာ **"ဇာဂရတို့စာချပြီးတော့ နေတာပဲ မြင်ချင်တယ်"**လို့ ပရိယတ္တိကျောင်းတိုက်ကြီးဆိုတော့ စာချဖို့ရာ အင်မတန်အသည်းအသန်ဖြစ်နေတဲ့ အချိန်တောင်မှ မှာကြားတော်မူခဲ့တယ်။

အဲသလိုပဲ မြတ်စွာဘုရားဟာ (၄၅)ဝါ ကာလပတ်လုံး သုတ် ဝိနည်း အဘိဓမ္မာတရားတော်တွေ လူပြည်မှာလည်း ဟောတယ်။ အဘိဓမ္မာတရားတော်တို့ကျတော့ နတ်ပြည်မှာ တက်ဟောတယ်။

ကျေနပ်တော်မမူသေးဘူးတဲ့။ နောက်ဆုံးအချိန်လေးမှာ **"အပ္ပမာဒေန သမ္ပာဒေထ"** မမေ့ကြနဲ့။ အမှတ်တမဲ့ မနေကြနဲ့။

အပ္ပမာဒဆိုတာ **"အပ္ပမာဒေါနာမသတိ အဝိပ္ပဝါသော"**။

သတိအဝိပ္ပဝါသော- သတိနှင့်မကင်းခြင်းသည်။ အပ္ပမာဒေါနာမ- အပ္ပမာဒ မည်၏။

**အကြိမ်ပေါင်း (၁၆၀၀၀)ကျော် မိန့်ကြားသည့် ဩဝါဒ**

ယနေ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို မြတ်စွာဘုရားက ပိဋကတ်သုံးပုံ မြုံမိ ငုံမိတဲ့ ဩဝါဒကို ပေးတော်မူခဲ့သလို တစ်ခါတရံကျတော့ မိဘများက အရေးကြီးတဲ့စကားဆိုရင် ထပ်ခါထပ်ခါ မှာတော်မူတယ်။

ထပ်ထပ်ပြီးတော့ ဟောတဲ့နေရာ ပြောတဲ့နေရာမှာ မြတ်စွာဘုရားလောက် ဘယ်အမိ ဘယ်အဖ ဘယ်ဆရာမှ ပြောနိုင်မှာမဟုတ်ပါဘူး။

ဘာကြောင့်လည်းဆိုတော့ ဟောဒီ အပ္ပမာဒ မမေ့ကြနဲ့ဆိုတဲ့ စကားကုသိုလ်ပြုရမှာ မမေ့နဲ့။ ဒီစကားတော်ကို နေ့တိုင်းနေ့တိုင်း (၄၅)ဝါ ကာလပတ်လုံး ပြောကြားတော်မူခဲ့တယ်ဆိုတော့-

http://www.dhammadownload.com



ဒီသြဝါဒကို (၄၅)ဝါမှာ အကြိမ်ပေါင်း (၁၆၀၂၅)ကြိမ် မိန့်ကြားခဲ့တယ်။ အကြိမ်အများဆုံး ဆုံးမတော်မူခဲ့တဲ့ မြတ်စွာဘုရားရဲ့ သြဝါဒ။ ယနေ့ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၄၄)နှစ်က ပေးခဲ့တဲ့သြဝါဒကို လိုက်နာနေရပြီ ဆိုပြီးတော့ အားတက်ကြရတယ်။

အဲဒီလို အကြိမ်ပေါင်း (၁၆၀၀၀)ကျော် မိန့်ကြားတဲ့ သြဝါဒကို လိုက်နာသောအားဖြင့် တစ်ရက်လျှင် အသက်ရှူကြ ရှိုက်ကြ၊ ထွက်လေဝင်လေ ထုတ်ကြ မှုတ်ကြတဲ့ အချိန်ပေါင်းဟာ နှစ်သောင်းကျော်၊ တစ်သောင်းခြောက်ထောင်ကျော်တောင် မကပါဘူး။

အကြိမ်ပေါင်း တစ်သောင်းခြောက်ထောင်ကျော် မိန့်ကြားတဲ့ သြဝါဒကို လိုက်နာသောအားဖြင့် အကြိမ်ပေါင်း သောင်းချီပြီးတော့ ထုတ်မှုတ် အသုံးချနေကြတဲ့ ထွက်လေ ဝင်လေကို ပွားများပြီးတော့ လူ့ဘဝပြဿနာပေါင်း သောင်းခြောက်ထောင် ငြိမ်းအေးသွားအောင် တရားအားထုတ်ကြရပါတယ်။

**"တရားအားထုတ်တယ်ဆိုတာ အဓိကကတော့ ပြဿနာဖြေရှင်းတာပါပဲ။ ဘယ်သူ့ပြဿနာလဲဆိုတော့ မိမိပြဿနာကို မိမိဖြေရှင်းတာ။ မိမိရဲ့ ပြဿနာနှင့်တကွ အခြားအခြား လောကစံလှိုင်းလုံးတွေ တိုက်မှုခိုက်မှု အစရှိတဲ့ ပြဿနာတွေ၊ ပြဿနာပေါင်း တစ်သောင်းခြောက်ထောင်တို့ကြားမှာ ပိညပ်နေတဲ့ဘဝ၊ တန်ချိန်ဖွဲ့လို့ မရနိုင်တဲ့ ဒုက္ခပြဿနာတွေလွတ်မြောက်ဖို့ရာအတွက် တရားအားထုတ်ကြရတာပါ"။**

အဲဒီလို အားထုတ်ကြတဲ့အခါ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀)ကျော်က သုံးလောကထွဋ်ထား မြတ်ဘုရား ကုရုတိုင်း ကမ္မာသဒမ္မရွာမှာ ဟောကြားတော်မူခဲ့တဲ့ မဟာသတိပဋ္ဌာန် လုပ်ငန်းကြီး အဲဒီလုပ်ငန်းကြီးက ပါဠိဘာသာမာဂဓဘာသာနဲ့ ရှိနေတဲ့အခါကျတော့-

**လယ်တီဆရာတော်၏ ကင်းဝန်မင်းကြီး အိမ်တော်တရားပွဲ**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက လွန်ခဲ့တဲ့နှစ်ပေါင်း (၉၀)ကျော်က အဲဒီပါဠိဘာသာ မာဂဓဘာသာတွေကို မြန်မာ

http://www.dhammadownload.com



ဘာသာနဲ့ ပြန်ဆိုပြီးတော့ ကင်းဝန်မင်းကြီးရဲ့အိမ်မှာ ပရိသတ်များစွာတို့အား သုံးညတိုင်တိုင် ထွက်လေဝင်လေကို ရှုမှတ်တဲ့ **"အာနာပါနကမ္မဋ္ဌာန်း"** ကို ဟောတော်မူခဲ့ပါတယ်။

အာနာပါနကမ္မဋ္ဌာန်းဆိုတော့ သတိပဋ္ဌာန်လေးပါးထဲက ကာယာနုပဿနာသတိပဋ္ဌာန်။ ဘာကြောင့် ကာယာနုပဿနာ သတိပဋ္ဌာန်ကို မြတ်စွာဘုရားကလည်း ရှေးဦးစွာဟောတယ်။ ဆရာတော်ဘုရားကြီးကလည်း ဦးစားပေးပြီး ဟောရသလဲဆိုတော့။

## ဉာဏ်နုသူ– ဉာဏ်ရင့်သူ

ကာယနုပဿနာ သတိပဋ္ဌာန်ဟာ ဉာဏ်နုသူ ဉာဏ်ရင့်သူတို့နဲ့ ကိုက်ပါတယ်။ အဆင်ပြေပါတယ်။ ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ။ နောက်သုံးပါးကတော့ ဉာဏ်ရင့်တဲ့ပုဂ္ဂိုလ်တွေနဲ့သာ လျော်ညီပါတယ်တဲ့။

ကာယာနုပဿနာကို မြတ်စွာဘုရားက ရှေးဦးစွာ ဟောတော်မူခဲ့သလိုပဲ။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ပထမဆုံး ထွက်လေဝင်လေကို ရှုမှတ်ခြင်းဆိုတဲ့ ကာယာနုပဿနာကို ဦးစားပေး ဟောတော်မူတယ်။

## အားထုတ်နည်း

ဒီနောက် လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀)ကျော်က အနာဂါမ်ဆရာသက်ကြီးကို ဟောကြားတော့လည်း ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ဒီထွက်လေ ဝင်လေကို ရှုမှတ်ပွားများတဲ့ အာနာပါန ပဗ္ဗလာ ဒီကမ္မဋ္ဌာန်းကိုပဲ ပေးတော်မူပါတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ယောဂီသူတော်စင်များ ယနေ့ တို့ဗုဒ္ဓဘုရားရဲ့နည်း၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ဖြန့်ဝေတော်မူခဲ့တဲ့၊ တစ်ဆင့် ဖြန့်ဝေတော်မူခဲ့တဲ့နည်း။

ဆရာတော်ဘုရားကြီးမှ တစ်ဆင့် ဖြန့်ဝေခဲ့တဲ့ ထွက်လေ ဝင်လေ

http://www.dhammadownload.com



ရှုမှတ်ခဲ့တဲ့ အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်ရပြီ၊ အားထုတ်ကြရပြီ။ **"သတိမြဲရာ ပထမာ"** ဆိုတဲ့အတိုင်း အားထုတ်လာခဲ့အခါမှာ ထွက်လေလေး နှာဝမှာ တိုးပြီးထွက်လာတဲ့ အချိန်လေးမှာ မှတ်ရမှာပါ။ ဝင်လေတိုးပြီးတော့ ဝင်တဲ့အချိန်လေးမှာ နှာဝမှာပဲ မှတ်ရမှာပါ။

အဲဒီမယ် နှာသီးဖျားမှာ လေလေးတိုးထွက်တဲ့အချိန် တိုးဝင်တဲ့ အချိန် ဂိတ်ကနေစောင့်ပြီးတော့ ရေတွက်သလိုပေါ့။ အခုဟာကတော့ ရေတွက်မနေတော့ပဲနဲ့ ထွက်လေ ဝင်လေလေး၊ တိုးဝင်ပြန်တော့ ဝင်လေ။ ထိုးထွက်ပြန်တော့ ထွက်လေလို့ မှတ်ပါ။

ဘုရားရှင်က ဘယ်လောက် သေချာသလဲဆိုတော့ တစ်ချို့ နှုတ်ခမ်း ထူတဲ့သူများကျတော့ တိုးပြီးတော့ ဝင်တဲ့အခါ နှုတ်ခမ်းအဖျားလေးမှာ တိုးပြီးတော့ ဝင်တတ် ထွက်တတ်ပါတယ်တဲ့။

အဲဒီလို ပုဂ္ဂိုလ်များကျတော့လည်း အထက်နှုတ်ခမ်းဖျားလေးမှာ မှတ်ပါတဲ့။ နှစ်နေရာပါ။ အဲဒီတော့ မိမိတို့ အခြေအနေအားလျော်စွာ ထွက်လေ ဝင်လေကို ရှုမှတ်ပွားများရတာပါပဲ။

ယောဂီများက တရားအားမထုတ်ဘူးတဲ့ ယောဂီလည်း ပါတယ်။ အဲဒီလို တစ်ချို့ယောဂီများ သကြံန်တွင်းမှာ ယောဂီပေါင်း (၃၀၀)ကျော် နာဂလိုဏ်ဂူဘုရားကုန်းမြေမှာ အားထုတ်ကြတော့ ဆရာတော် တပည့် တော်တို့ အဆင်များပြေပါ့မလား မသိဘူး။ တရားအား မထုတ်ဘူးလို့ပါတဲ့။

ပြေပါတယ်ဗျာ။ ဒကာမကြီးတို့ အားထုတ်ဖို့သာ အရေးကြီးပါတယ်။ လွယ်လွန်းလို့ ဟုတ်မှ ဟုတ်ပါ့မလားလို့တောင် ထင်လိမ့်အုန်းမယ်လို့ ဘုန်း ကြီးက ပြောခဲ့ပါတယ်။

ဒါကြောင့်မို့ ယခုဆက်ပြီးတော့ ဆရာတော် ဦးအာဒိစ္စ၊ ဆရာတော် ဦးဥက္ကံသတို့ အစရှိတဲ့ ဆရာတော်များ ကမ္မဋ္ဌာနစရိယဖြစ်တဲ့ ဒါယကာကြီး ဦးလှကို, ဦးသန်းခင်တို့က အားလုံး ယောဂီသူတော်စင်များ လိုအပ်တဲ့ အချက်အလက်များ အနီးကပ် ညွှန်ကြားပြီးတော့ ပေးပါလိမ့်မယ်။

http://www.dhammadownload.com



## ပြဿနာပေါင်း (၁၆၀၀၀) ဖြေရှင်းနည်း

အားထုတ်ရမှာကတော့ ဒီထက်ပိုပြီးတော့ အားထုတ်စရာ မရှိပါဘူး။ ဒါလေးပဲ အားထုတ်ရမှာပါပဲ။ ထွက်လေ ဝင်လေကို အသုံးချနေတဲ့ အခါမှာ အိပ်တဲ့အချိန်လေးတောင်မှ ထွက်လေ ဝင်လေက မရပ်ပါဘူး။

တစ်နေ့လျှင် (၂၀၀၀၀)ကျော်လောက် အသုံးချနေတဲ့ ထွက်လေ ဝင်လေပါ။ ဒါကြောင့် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် ဆုံးမတဲ့ဩဝါဒကို လေးစားလိုက်နာ၊ အကြိမ်ပေါင်း (၂၀၀၀၀)ကျော် အသုံးချနေတဲ့ ထွက်လေ ဝင်လေကို ရှုမှတ်၊ တွေ့ကြုံပြီးတော့ နေရတဲ့ ပြဿနာပေါင်း (၁၆၀၀၀)ကို ဖြေရှင်းကြဖို့ပါပဲ။

ဒါကြောင့် နေ့စဉ် နေ့စဉ် အသုံးချပြီးတော့ နေကြတဲ့ သောင်းချီပြီး အသုံးချနေကြတဲ့ ထွက်လေ ဝင်လေကို အခု (၁၁)ချိန်ဆိုတော့ တစ်ကြိမ်ကို (၁)နာရီဆိုတော့ ယေဘုယျအားဖြင့် (၉၀၀-၁၀၀၀)လောက် ရှုကြ ရှိုက်ကြတာကိုး။ (၉၀၀- ၁၀၀၀)နှုန်းမရတောင် လေးရာ ငါးရာ သတိထားမိလိုက်မယ်။ ခြောက်ရာ သတိထားမိလိုက်မယ်။ လျှော့ပြီးတော့ (၅၀၀)နဲ့တွက်အုန်း။ (၁၁)ကြိမ်ဆို (၅၅၀၀) ဖြစ်ပွားမှာပေါ့။

တစ်နေ့ တစ်နေ့ကို (၂၀၀၀၀)ကျော်လောက် အသုံးချနေတဲ့ ထွက်လေ ဝင်လေကို မိမိတို့အကြိမ်ပေါင်း (၅၀၀၀)ကျော် (၆၀၀၀) (၇၀၀၀) ရှုမှတ်ပွားများပြီးတော့ မိမိတို့တွေ့ကြုံနေရတဲ့ အို-နာ-သေ ပြဿနာက စပြီးတော့ ပြဿနာပေါင်း (၁၆၀၀၀) ကိုယ်စီကိုယ်င ငြိမ်းအောင် ပွားများ အားထုတ်နိုင်ကြပါစေ ကုန်သတည်း။

သာဓု သာဓု သာဓု

http://www.dhammadownload.com



ရန်ကုန်မြို့
နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတော ရဓာသင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ — ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာ
ကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မာရုံကြီး၌
ဟောကြားအပ်သော

## ၁၂–ကြိမ်မြောက် လယ်တီဝိပဿနာ (၁)

### ပထမနေ့ဟောစဉ်

ယနေ့ သာသနာတော် သက္ကရာဇ် (၂၅၈၈)နှစ်၊ ပရိနိဗ္ဗာန်စံတော်မူတဲ့နှစ်က တွက်မယ်ဆိုရင် (၂၅၄၃)နှစ်နဲ့ (၁)ရက်။

ကောဇာသက္ကရာဇ် (၁၃၆၂)ခု၊ ကဆုန်လပြည့်ကျော် (၁)ရက်နေ့ ယောဂီများ **"အာနာပါနဿတိကမ္မဋ္ဌာန်း"** အားထုတ်ပြီးတော့ နေကြတဲ့ အချိန်။

အားထုတ်ကြတဲ့ အာနာပါနဿတိ ကမ္မဋ္ဌာန်းသည် ဘယ်ပါဠိ၊ ဘယ်အဋ္ဌကထာ၊ ဘယ်ဋီကာက လာသလဲဆိုတဲ့ အချက်အလက်ကလေးတွေ လည်းပဲ သွားရင်းဟန်လွှဲနဲ့ သိရှိဖို့လိုအပ်ပါတယ်။

ဘုန်းကြီးတို့ ဒီဃနိကာယ်, သုတ္တန္တပိဋကတ်, ဒီဃနိကာယ် မဟာသတိပဋ္ဌာနသုတ္တန်ဒေသနာတော်မြတ်ကြီးက လာတဲ့အတိုင်း အားထုတ်ပြီးတော့ နေကြရတာပါပဲ။

အဲဒီတော့ မဟာသတိပဋ္ဌာန်လို့ဆိုတဲ့ သုတ္တန်ကြီးဟာ မဟာဆိုတဲ့

http://www.dhammadownload.com



သုတ္တန်ကြီးဟာ မဟာဆိုတဲ့စကားလေး ပါဝင်ပြီးတော့ ကြီးကျယ်ခမ်းနားလှတဲ့ သတိပဋ္ဌာန် လုပ်ငန်းစဉ်ကြီးကို ပြတဲ့သုတ္တန်ကြီး။

ဟို မဇ္ဈိမနိကာယ်မှာလာတဲ့ သတိပဋ္ဌာန်သုတ္တန်ကျတော့ **"သတိပဋ္ဌာနသုတ်"** လို့ သတိပဋ္ဌာနသုတ်လို့ ဒါလောက်ပဲ မဟာဆိုတဲ့ **စကားမပါဘူး။**

သံယုတ် သတိပဋ္ဌာနဝဂ်ကျပြန်တော့ သတိပဋ္ဌာန်နဲ့ ပတ်သက်တဲ့ သုတ္တန်ပေါင်းတစ်ရာ မြတ်စွာဘုရား သိပ်ပြီးတော့ ကြီးကြီးကျယ်ကျယ်ကြီး ခမ်းခမ်းနားနားကြီး ထားပြီးတော့ ဟောကြားတော်မူခဲ့၊ များများစားစားကြီး သုတ္တန်ပေါင်း တစ်ရာ၊ ဘုန်းကြီးတို့ သံယုတ်ပါဠိတော်ကြီးမှာ ဒီလိုတွေ့ရတယ်။

အဲဒီတော့ **အခြားအခြားနေရာတွေမှာ** သတိပဋ္ဌာနသုတ် သတိပဋ္ဌာနသံယုတ်လို့ အဲဒီလို နာမည်ပေးတော်မူပြီးတော့ အခု ကုရုတိုင်း၊ ကမ္မာသဒမ္မရွာမှာ ဟောကြားတဲ့ဒေသနာတော်ကျတော့ **"မဟာသတိပဋ္ဌာနသုတ်"** လို့ နာမည်တော် ရှိပါတယ်။

## ကုရုတိုင်းနှင့် မဟာသတိပဋ္ဌာန်

မဟာသတိပဋ္ဌာနသုတ္တန်ကြီးကို ကုရုတိုင်း၊ ကမ္မာသဒမ္မရွာမှာ ဟောကြားတော်မူခဲ့ပါတယ်။ ယခုအနေနဲ့ ပြောမယ်ဆိုရင်တော့ အိန္ဒိယနိုင်ငံ ဒေလီမြို့ ကေလာသအရှေ့အရပ်ပါပဲ။ အာသောကမင်းကြီးရဲ့ ကျောက်စာထူထားတဲ့နေရာမှာ မဟာသတိပဋ္ဌာနသုတ္တန်ကြီးကို ဟောတော်မူခဲ့တဲ့ နေရာဆိုပြီးတော့ အိန္ဒိယနိုင်ငံ ဒေလီမြို့ ကေလာသအရှေ့အရပ်မှာ ယခုတိုင်တွေ့ရပါတယ်။

ဘာကြောင့် ကုရုတိုင်း ကမ္မာသဒမ္မရွာမှာ မြတ်စွာဘုရား မဟာသတိပဋ္ဌာနသုတ်တော်ကြီးကို ဟောကြားတော်မူခဲ့ပါသလဲဆိုတော့-

**ကုရုရဋ္ဌဝါသီနံ ဂမ္ဘီရဒေသနာ ပဋိဂ္ဂဟဏသမတ္ထတာယ။**

ကုရုတိုင်းသူ တိုင်းသားတွေဟာ နက်နဲခက်ခဲတဲ့ ဒေသနာတော်ကို လက်ခံနိုင်စွမ်းရှိတဲ့အတွက်ကြောင့် မြတ်စွာဘုရား ကုရုတိုင်း ကမ္မာသဒမ္မရွာမှာ မဟာသတိပဋ္ဌာနသုတ္တန်ကြီးကို ဟောကြားတော်မူခဲ့ပါတယ်။

**မှန်ပါတယ်။** ကုရုတိုင်း ကမ္မာသဒမ္မရွာဟာ ဥတုတို့ အာဟာရတို့

http://www.dhammadownload.com



ပြည့်စုံတဲ့အတွက်ကြောင့် ကုရုတိုင်းသူ တိုင်းသားတွေဟာ ခန့်ကြမ်းတဲ့စိတ်၊ ခန့်ကြမ်းတဲ့ကိုယ်ခန္ဓာ ရှိကြပါတယ်။

ခန့်ကြမ်းတဲ့စိတ်၊ ခန့်ကြမ်းတဲ့ကိုယ်ခန္ဓာ ရှိတဲ့အတွက် မြတ်စွာဘုရား ဟောကြားတော်မူတဲ့ နက်နဲခက်ခဲတဲ့ ဒေသနာတော်တွေကို ခံယူ နာယူနိုင်စွမ်းရှိကြပါတယ်။

### ရွှေပန်းခြင်း

မြတ်စွာဘုရားအနေနဲ့ ဆိုလို့ရှိရင်လည်း ရွှေပန်းခြင်းကိုရတဲ့ လူတစ်ယောက်ဟာ အညိုရောင်, အဝါရောင်, အဖြူရောင် အစရှိတဲ့ ရောင်စုံပန်းတွေကို အဲဒီရတဲ့ ရွှေပန်းခြင်းကြီးထဲမှာ ထည့်လိုက်သလို မြတ်စွာဘုရားဟာလဲ ကုရုတိုင်းမှာ ရဟန်းပရိသတ်, ဘိက္ခုနီမပရိသတ်, အမျိုးကောင်းသား အမျိုးကောင်းသမီး ပရိသတ်လေးမျိုးကိုရတော့ ဒီလိုခက်ခဲနက်နဲတဲ့ ဒေသနာပန်းများကို ထည့်ပြီးတော့ ပေးတော်မူပါတယ်။

### ရွှေသေတ္တာ

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ရွှေသေတ္တာကြီးကို ရရှိထားတဲ့ လူတစ်ယောက်ဟာ ရွှေ, ငွေ, ပုလဲ, ကြောင်မျက်ရွဲနဲ့ မြခဲသန္တာ စိန်ဘဏ္ဍာ ခေါ်တဲ့ ရတနာ (၇)မျိုး ထည့်ပြီးတော့ အသုံးချသလို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ဟာလဲ ကုရုတိုင်းသူ တိုင်းသား ပရိသတ်များကို ရတဲ့အတွက် နက်နဲခက်ခဲတဲ့ မဟာသတိပဋ္ဌာန ရတနာဒေသနာတော်ကြီးကို ထည့်သည့် အနေဖြင့် ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီတော့ ကုရုတိုင်း သမ္မာသဒမ္မရွာမှာ မဟာသတိပဋ္ဌာန် ဒေသနာတော်ကြီးကို ဟောတော်မူရခြင်းရဲ့ အကြောင်းကတော့ ကုရုတိုင်းသူ တိုင်းသားတွေဟာ နက်နဲခက်ခဲတဲ့ ဒေသနာတော်ကို လက်ခံနိုင်စွမ်းရှိတဲ့ အတွက်ကြောင့်ပါပဲ။

ဘုန်းကြီးတို့ ယောဂီများဟာလည်းပဲ ယခုအချိန်အခါမှာကြည့်ရင် မိုးလေးကျလာပြီဆိုတော့ ဥတုရာသီ ညီမျှတဲ့အချိန်အခါ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဒါကြောင့် နက်နဲခက်ခဲတဲ့ ဒေသနာတော်လာအတိုင်း တရားတော်များကို အားထုတ်ဖို့ရာ အခွင့်သာတဲ့အချိန် ဖြစ်ပါတယ်။

**ပကတိအခြေအနေ**

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ကုရုတိုင်းသူ တိုင်းသားတို့ သတိပဋ္ဌာန် ဘာဝနာပွားပြီးတော့ များများကြီး တိုးပွားစေလိုတဲ့အတွက် ကြောင့် မြတ်စွာဘုရားဟာ ကုရုတိုင်း ကမ္မာသဒမ္မရွာမှာ ဤမဟာသတိ ပဋ္ဌာန် သုတ္တန်ဒေသနာတော်ကြီးကို ဟောကြားတော်မူခဲ့ပါတယ်။

ဘယ်လိုလဲလို့ဆိုတော့ ကုရုတိုင်းသူ တိုင်းသားတွေဟာ ပကတိအား ဖြင့်ကိုက သတိပဋ္ဌာန်ဘာဝနာ အားထုတ်တဲ့အလေ့အထ ရှိကြပါသတဲ့။ ရေချိုးဆိပ်တို့ ယက္ကန်းစင် အထည်ချုပ်တဲ့နေရာမှာ စကားပြောကြတဲ့အခါ အချည်းနှီးစကားကို မပြောကြဘူး။ ကမ္မဋ္ဌာန်းနဲ့ ပတ်သက်တဲ့စကား သတိ ပဋ္ဌာန်နဲ့ ပတ်သက်တဲ့စကားကို ပြောကြတယ်။

ဘယ်လိုပြောကြားသလဲဆိုတော့ အမျိုးသမီးတွေ ရေချိုးဆိပ်တို့ ရေတွင်းတို့ ရေကန်တို့ ရေခပ်ရင်းနဲ့ ဆုံကြ၊ ယက္ကန်းယက်ရင်းနဲ့ ဆုံကြ ကြုံကြတဲ့အခါမှာ-

**ကဲ့ရဲ့ကြ အားပေးကြ**

**ကာအယျေ သတိပဋ္ဌာန ဘာဝနံ မနသိကရောသိ၊**

**ကာအယျေ သတိပဋ္ဌာန ဘာဝနံ မနသိကရောသိ။**

ရှင်မရေ ဘယ်သတိပဋ္ဌာန် ဘာဝနာများ အားထုတ်နှလုံးသွင်းနေ ပါသလဲ။

တစ်ယောက်နဲ့တစ်ယောက် ရေချိုးဆိပ်မှာ ရေကန်မှာ ရေခပ်ရင်း မောင်းထောင်းရင်း ဆိုသလို မေးကြ မြန်းကြတယ်။

အဲဒီလို မေးကြတော့ အမျိုးသမီးတစ်ယောက်က ပြန်ဖြေတယ်။

**နကိဉ္စိ အယျေ သတိပဋ္ဌာနဘာဝနံ မနသိကရောမိ။**

http://www.dhammadownload.com



တို့တော့အေ ဘယ်သတိပဋ္ဌာန်ကိုမှ အားမထုတ်ဖြစ်ပါဘူး။ နှလုံးမသွင်းဖြစ်ပါဘူးလို့ တစ်ယောက်က ပြန်ပြောရင်-

**"ဓိရတ္ထုတဝ ဇီဝိတံ"**- ဝိုင်းပြီးတော့ ကဲ့ရဲ့ကြတယ်။

တဝ- **ရှင်မ၏။** ဇီဝိတံ- အသက်ရှင်ခြင်းကား။ **ဓိ- စက်ဆုပ်ဖွယ်**သည်။ အတ္ထု- **ဖြစ်ပေစွ။** "ညည်း အသက်ရှင်နေတာ အလကား အသက်ရှင်နေတာပဲ"။

**တွံဇီဝ မာနုသိ မတသဒိသာ။**

တွံ- ရှင်မသည်။ ဇီဝမာနာပိ- အသက်ရှင်နေပါသော်လည်း။ မတသဒိသာ- သေတာနှင့်တူပါ၏။ "ညည်း အသက်ရှင်နေပေမယ့် သတိပဋ္ဌာန်ကို နှလုံးမသွင်းတော့ သေနေတာနဲ့ အတူပါပဲ။ ရှင်ရက်နဲ့ သေတယ်ဆိုတာ အဲတာမျိုးပြောတာအေ့"လို့ ဝိုင်းကဲ့ရဲ့ကြတယ်။

တစ်ယောက်သော အမျိုးသမီးကတော့ "တစ်စုံတစ်ခုသော သတိပဋ္ဌာန်ဘာဝနာကို အားထုတ်နေပါတယ်"လို့ ဒီလို ဖြေလိုက်တဲ့အခါမျိုးကျတော့ ဝိုင်းပြီးတော့ ချီးကျူးကြ၊ ဝိုင်းပြီးတော့ အားပေးကြ။

ဘယ့်နှယ် အားပေးကြသလဲဆိုတော့- **သာဓု သာဓု အယျေ**- ညည်းသိပ်ပြီးတော့ ကောင်းတာပဲ။

တဝဇီဝိတံ သုဇီဝိတံ- "ညည်း အသက်ရှင်ခြင်းက ကောင်းသောအသက်ရှင်ခြင်းပဲ။

တဝတ္ထာယ သမ္မာသမ္ဗုဒ္ဓေါ ဥပ္ပန္နော- ညီးအတွက် ဘုရားပွင့်လာတာနဲ့ တူတယ်။ ညည်းအတွက် ဘုရားပွင့်လာဟာပါပဲအေ-လို့ ကောင်းချီးပေးကြတယ်။

ဒီစကားလေးကို စဉ်းစားကြမယ်ဆိုရင် ယောဂီများ ကုရုတိုင်းကမ္မာသဒမ္မရွာက အမျိုးသမီးတွေလို ဘယ်သတိပဋ္ဌာန်ကို အားထုတ်ပါသလဲလို့ဆိုတော့ ကာယာနုပဿနာ စတဲ့ သတိပဋ္ဌာန်၊ ကာယာနုပဿနာ သတိပဋ္ဌာန်စသည်ကို အားထုတ်နေပါတယ်။

အဲဒီလိုဆိုလို့ရှိရင်- **သာဓု သာဓု အယျေ**- ကောင်းပါတယ် သိပ်ကောင်းတာပဲတဲ့။

http://www.dhammadownload.com



**တဝ ဇီဝိတံ သုဇီဝိတံ**- ညည်း အသက်ရှင်ခြင်းက ကောင်းသော အသက်ရှင်ခြင်းပါပဲ။

**တဝတ္ထာယ သမ္မာသမ္ဗုဒ္ဓေါ ဥပ္ပန္နော**- ညည်းအတွက် ဘုရားပွင့်တာ ပါပဲအေ-လို့ အားပေးစကား ပြောကြားကြတယ်။ ပြောရမယ့် အချိန်ပါပဲ။

## တိရစ္ဆာန်တွေတောင်

ကုရုတိုင်း ကမ္မာသဒမ္မရွာမှာ ဟော- လူတွေတင်မကဘူးတဲ့။ ကုရုတိုင်း ကမ္မသဒမ္မရွာမှာ သတိပဋ္ဌာန်အလေ့အလာက ဘယ်လောက်များ သလဲဆိုတော့ လူတွေကို မှီပြီးတော့နေကြတဲ့ တိရစ္ဆာန်တွေတောင် သတိ ပဋ္ဌာန်ဘာဝနာ မကင်းဘူးတဲ့။

ဘယ်လိုလဲဆိုတော့ ကချေသည်တစ်ဦးက ကျေးလေးတစ်ကောင် မွေးထားပြီးတော့ ဘိက္ခုနီမကျောင်းသွားပို့တယ်။ သွားပို့တော့ ဘိက္ခုနီမတွေ ရယ်၊ သာမဏေမတွေရယ်၊ သိက္ခမာန်ရယ် ရှိတာကိုး။ သီတင်းသုံးဖေါ် (၅)ဦးဆိုတာ ရဟန်းတော်များရယ်၊ သာမဏေရယ်၊ အမျိုးသမီးများကျတော့ ရဟန်းမ (ဘိက္ခုနီ)၊ သာမဏေမ၊ သိက္ခမာန် အဲဒီငါးမျိုးကို သီတင်းသုံးဖေါ် (၅)ဦး။

အဲဒီတော့ ဘိက္ခုနီမကျောင်းသွားပို့တော့ သိက္ခမာန်တွေရယ်၊ သာမဏေမတွေရယ်၊ ဘိက္ခုနီမတွေရယ်၊ ကျေးလေးလည်း ရှိတယ်။ အဲဒီ ကျေးလေးကို **"ဗုဒ္ဓရက္ခိတ"**လို့ နာမည်ပေးထားတယ်။

ဗုဒ္ဓရက္ခိတ ကျေးလေးကို စကားလေး ဘာလေး သင်ပေးထားတော့ ကျေးလေးက စကားကလည်း ပြောတယ်၊ လူစကားပြောတတ်ပြီ၊ လူစကား လည်း နားလည်ပြီ။

## အင်္ဂါက ကမ္မဋ္ဌာန်းမေး

နားလည်တော့ ဘိက္ခုနီမကြီးတွေက "ဗုဒ္ဓရက္ခိတ" မေ့လျော့ ပေါ့ပေါ့ဆဆ မနေနဲ့လို့ ဆုံးမကြတယ်။ မေ့လျော့ပေါ့ဆပြီး နေမယ်ဆိုရင် မကောင်းဘူး။

http://www.dhammadownload.com



အဲဒီတော့ "ဗုဒ္ဓရက္ခိတ"ဟာ အခြားအခြား ကမ္မဋ္ဌာန်းတွေတော့ အားမထုတ်ဖြစ်ဘူး။ ၃၂-ကောဋ္ဌာသထဲက (၈)ခုမြောက်ဖြစ်တဲ့ **"အဋ္ဌိ-အဋ္ဌိ"**- အရိုး, အရိုး ဆိုပြီးတော့။ **အဋ္ဌိကမ္မဋ္ဌာန်း**တစ်ခု **နှုတ်ကရွတ်ပါ၊ နှုတ်ကရွတ်ပါ** ဆိုပြီးတော့ ကျေးကလေးကို သင်ပေးကြတာ။

ကျေးကလေးက **"အဋ္ဌိ-အဋ္ဌိ"** လို့နှုတ်နဲ့ သရဇ္ဈာယ်ပြီးတော့ နေနိုင်တယ်။ ဒီထက်တော့ မပိုနိုင်ပါဘူး။ အဲဒီလိုနဲ့ တစ်နေ့ကျတော့ ဘိက္ခုနီမတွေ ကျောင်းတံခါးပေါက် တူရိုင်းတိုင်ခေါ်တဲ့ တံခါးတိုင်ထိပ်မှာ ကျေးလေးက နေပူဇာလှုံနေတော့ သိန်းငှက်ကြီးတစ်ကောင်က ထိုးဆိတ်ချီသွားတယ်။ သာမဏေမ လေးတွေက ဝိုင်းပြီးချောက်ကျတော့ သိန်းငှက်ကြီးက "ဗုဒ္ဓရက္ခိတ"ကို လွှတ်လိုက်တယ်။

လွှတ်လာတော့ ဘိက္ခုနီမကြီးတွေက မေးကြတယ်။ "ဗုဒ္ဓရက္ခိတ စောစောက သိန်းငှက်ကြီး ချီသွားတုန်းက ဘယ်လိုများ နှလုံးသွင်းပါသလဲ၊ ဘယ်လို စိတ်ကူးရှိပါသလဲ"လို့ မေးကြတယ်။

ကျေးလေးက ဘာပြန်ပြောသလဲဆိုတော့ **"အဋ္ဌိ ပုဉ္ဇော ဝ အဋ္ဌိပုဉ္ဇံ ဂဟေတွာ ဂတော"**- အရိုးစုကြီးက အရိုးစုလေးကို ချီသွားတာပဲ၊ သူစဉ်းစားတယ် ဘယ်နေရာများ ဒီအရိုးစုကြီး ပြန့်ကျဲပြီး ကျမှာပါလိမ့်မလဲလို့ ဖရိုဖရဲ ပြန့်ကျဲပြီး ဘယ်နေရာများ ကျမှာပါလိမ့်လို့ ဒီလိုစဉ်းစားပြီး လိုက်ပါသွားပါတယ်"လို့ "ဗုဒ္ဓရက္ခိတ"ကဖြေတော့။ ဘိက္ခုနီမကြီးတွေက **"သာဓု သာဓု ဗုဒ္ဓရက္ခိတ"**- ဗုဒ္ဓရက္ခိတ ကောင်းပါလေ့ ကောင်းပါလေ့ကွယ်။ အဲဒီလို နှလုံးသွင်းတာဟာ-

**အနာဂတေ ဘဝက္ခယဿ ပစ္စယော ဘဝိဿတိ။**

အနာဂတေ- နောင်သောအခါ၌။ ဘဝက္ခယဿ- ဘဝကုန်ဆုံးရာ နိဗ္ဗာန်၏။ ပစ္စယော- ရောက်ဖို့ရာအကြောင်းသည်။ ဘဝိဿတိ- ဖြစ်ပါလိမ့်မည်။

အထင်မသေးနဲ့။ အဲဒီလို အရိုး အရိုးလို့ သရဇ္ဈာယ်ပြီးနေတာရယ်။ အရိုးစုကြီးတစ်ခုက အရိုးစုလေးတစ်ခုကို ချီသွားတယ်။ ဘယ်နေရာများ ဖရိုဖရဲ ပြန့်ကျဲပြီးတော့ ကျသွားမှာပါလိမ့်လို့ ဒီလိုတရားသဘောနဲ့ စဉ်းစား

http://www.dhammadownload.com



နိုင်တဲ့စိတ်ဟာ သာမန်စိတ်မဟုတ်ဘူး။ ကမ္မဋ္ဌာန်းနဲ့ယှဉ်တဲ့စိတ် နောင်သော အခါ ဘဝကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ရဖို့ရာ အခြေခံကုသိုလ် ဖြစ်ပါတယ်လို့ အားပေးစကား ပြောကြတယ်။

အဲဒီလိုပဲတဲ့ ကုရုတိုင်းသား လူတွေတင်မဟုတ်ဘူး။ ကုရုတိုင်းသား တွေကို မှီပြီးတော့ နေကြတဲ့ တိရစ္ဆာန်လေးတွေတောင်မှ သတိပဋ္ဌာန်လုပ် ငန်းနဲ့ ယှဉ်ပြီးတော့ နေကြလေ့ရှိတယ်။

ဒါကြောင့် မြတ်စွာဘုရားက ကုရုတိုင်းသူ တိုင်းသားတို့ကို ကုရုတိုင်း သားတို့ရဲ့ သတိပဋ္ဌာန်လုပ်ငန်းကြီး ကြီးပွားတိုးတက်စေလိုသော ဆန္ဒနဲ့ ကုရုတိုင်း ကမ္မာသဒမ္မရွာမှာ မဟာသတိပဋ္ဌာန်သုတ္တန်ကြီးကို ဟောကြား တော်မူပါတယ်။

အဲဒီလို ဟောကြားတော့ ဘုန်းကြီးတို့ ဒီသုတ္တန်ကြီးကို ရဟန်းတစ်ဝါ ရက မုံရွာမြို့ သပြေပင်တောရကျောင်းတိုက်မှာနေစဉ်က ငယ်လတ်ကြီး စာချတန်းတွေ အောင်မြင်ပြီးတော့ ပိဋကတ်သုံးပုံ ပြန်ဆိုမယ်လို့ စဉ်းစား တယ်။

တစ်နေ့ကျတော့ ဘုန်းကြီးတို့ကျောင်းတိုက်က သပြေပင်တောရ ကျောင်း ဆရာတော်ဘုရားရဲ့ ဥပဇ္ဈာယ်ဆရာတော်ကြီး၏ ဈာပနရှိတော့ ကျောင်းတိုက်က သံဃာတော်တွေသွားကြ၊ ဘုန်းကြီးက ကိုယ့်စိတ်ကူးလေးနဲ့ ကိုယ် ကျောင်းစောင့်မယ်ဆိုပြီးတော့ ကျောင်းပေါင်း (၂၀)ရှိတယ်။ အခြား ကျောင်းတွေကို သော့ခတ်ပြီးတော့ ကျောင်းစောင့်နေတယ်။

ကျောင်းစောင့်ရင်းနဲ့ မနက်ကနေပြီးတော့ ညနေထိအောင် ဒီမဟာ သတိပဋ္ဌာနသုတ္တန် ဒေသနာတော်ကြီးကို တစ်နေကုန်ကျက်ပြီးတော့ ညကျ တော့ ပြန်ဆိုတယ်ပြောပါတော့။ ပထမဆုံး ပိဋကတ်သုံးပုံ ပြန်မယ်ဆိုတော့ ဒီမဟာသတိပဋ္ဌာန် သုတ္တန် ဒေသနာတော်ကြီးကို အစဦးဆုံး ကျက်ခဲ့တယ်။ မဟာသမယုတ်ကတော့ ရှင်သာမဏေဘဝထဲက ရခဲ့တာပေါ့လေ။

ပိဋကတ်သုံးပုံ ပြန်ဖို့ကျက်တဲ့အခါကျတော့ ဒီမဟာသတိပဋ္ဌာန သုတ္တန်ကြီးကို ပထမဆုံးကျက်ခဲ့တာ။ စာမျက်နှာ (၂၀)ကျော် ရှိပါတယ်။



43(A)

http://www.dhammadownload.com



**ပထမဆုံး အာဂုံဆောင်ခဲ့**

အကြောင်းအားလျော်စွာ မနက်ကနေစပြီး တစ်နေကုန် စကား ပြောမဲ့ အဖေါ်ရယ်လို့လဲ သိပ်မရှိတဲ့အခါကျတော့ ထိုက်တန်သလောက် ဝါကျတွေလဲတူတော့ ရပြီးတော့သွားတယ် ဆိုပါစို့။

ဒါကြောင့်မို့ မဟာသတိပဋ္ဌာနသုတ္တန် ဒေသနာတော်ကြီးကို ဘုန်း ကြီးအနေနဲ့ အကြည်ညိုဆုံး။ အကြည်ညိုဆုံး။

ပိဋကတ်သုံးပုံ ပြန်မယ်ဆိုတော့ ပထမဆုံး ရွတ်ဖတ်ပူဇော်ခဲ့တဲ့ သုတ္တန်ဒေသနာတော်ကြီးလည်း ဖြစ်ပါတယ်။

ဒေသနာတော်ကြီးရဲ့ အဖွင့်အဋ္ဌကထာ ဋီကာများကိုလည်း အကြိမ် ပေါင်းများစွာ လေ့လာဖူး သင်ယူဖူး။ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်း တိုက်ကြီး ရောက်ပြန်တော့လည်း ဒီအဋ္ဌကထာကြီးရဲ့ ဖွင့်ဆိုချက်တွေ အနက် အဓိပ္ပါယ်များကို ဆရာတော်ကြီးများထံမှာ လေ့လာသင်ကြားခဲ့ရပါတယ်။

**ဧကာယန**

အဲဒီ လေ့လာသင်ကြားခဲ့ရဖူးတဲ့ မဟာသတိပဋ္ဌာန်သုတ္တန် ဒေသနာ တော်မြတ်ကို ဖောက်သယ်ချသော အနေအားဖြင့် ယခုယောဂီသူတော်စင် များအား တစ်နေ့ မိနစ်(၃၀)ခန့်လောက် ဆက်ဆက်ပြီး ဟောသွားဖို့ အစီ အစဉ်ပါပဲ။ ဘယ်နှယ် ဟောတော်မူသလဲ ဆိုတော့-

**ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ။**

ဘိက္ခဝေ- ရဟန်းတော်များ အို-ချစ်သားတို့။ **အယံ မဂ္ဂေါ**- ဤလမ်း သည်။ **ဧကာယနော**- တစ်ကြောင်းတည်းသော လမ်းပေတည်း။

ရဟန်းတို့ ယခုဟောမဲ့လမ်းကတော့ နိဗ္ဗာန်သို့ရောက်ဖို့ရာ တစ်ခု တည်းသော လမ်းမကြီးပဲ။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် **"နိဗ္ဗာန်ကော၊ ဒွေးပညေ လေးထွေ ဝါဏိဇ"**ဆိုတဲ့အတိုင်း နိဗ္ဗာန်သွားတဲ့အခါ တစ်ယောက်တည်းသာ သွားအပ်တဲ့လမ်းပဲ။ နိဗ္ဗာန် (၂)ယောက်တွဲသွားလို့ မဖြစ်ဘူး။

တစ်နည်းအားဖြင့် မြင့်မြတ်တဲ့ ဘုရားရှင်ရဲ့ လမ်းမတော်ကြီးပဲ။



43(B)

http://www.dhammadownload.com



တစ်နည်းအားဖြင့် မြတ်တဲ့နိဗ္ဗာန်သို့ သွားရောက်ဖို့ရာနဲ့ ပတ်သက်လို့ ဒီလမ်းဟာ အကောင်းဆုံးပဲ။

အဲဒီတော့ ဒီလမ်းက **"ကောယန အမည်ရတဲ့လမ်း"**။

**ကောယန**ဆိုတာ ဘာလဲဆိုတော့ သတိပဋ္ဌာန်လမ်းစဉ်ပါပဲ။ အဲဒီ သတိပဋ္ဌာန်ဆိုတဲ့ လမ်းစဉ်ဟာ မဂ္ဂ-လမ်း အမည်ရတယ်။

ဘာကြောင့် မဂ္ဂလမ်းလို့ခေါ်ပါသလဲဆိုတော့ နိဗ္ဗာန်လိုလားတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ သွားအပ်သောကြောင့် သတိပဋ္ဌာန်ဟာ လမ်းပဲတဲ့။

တစ်နည်းအားဖြင့် နိဗ္ဗာန်လိုလား အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ ရှာမှီးအပ်တဲ့ အတွက်ကြောင့်မို့ ဒီလမ်းစဉ်ဟာ သတိပဋ္ဌာန်ဆိုတဲ့ လမ်းစဉ်ဟာ မဂ္ဂလို့ အမည်ရတယ်။

**"ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ"**။ အဲဒီလို လမ်းစဉ်ကြီး ဟောတဲ့အခါကျတော့ တစ်ခုသောလမ်းကြောင်းပဲ ရှိတယ်တဲ့။ အဲဒီ လမ်းခရီးကို မြတ်စွာဘုရား ညွှန်းပြတော့ အကျိုး (၇)မျိုးကို ရည်မြှော်ပြီးတော့ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

**၂၁– ဌာန**

ပြီးတော့ ဌာနအားဖြင့် (၂၁)ဌာနမှာ သတိပဋ္ဌာန်လေးပါးမှာ ကာယနဲ့ ပတ်သက်ပြီးတော့ (၁၄)ဌာန၊ ကာယာနုပဿနာ (၁၄)ဌာန၊ ဝေဒနာနုပဿနာ (၁)ဌာန၊ စိတ္တာနုပဿနာ (၁)ဌာန၊ ဓမ္မာနုပဿနာ (၅)ဌာန၊ (၂၁)ဌာနတို့မှာ အရဟတ္တဖိုလ်ပေါက်အောင် ရောက်အောင် (၂၁)ဌာနနဲ့ ပို့ပြီးတော့ ထားပါတယ်။

ဒီသတိပဋ္ဌာန် ယောဂီတို့ ကျင့်ကြံအားထုတ်နေတဲ့ လုပ်ငန်းကြီးဟာ အကျိုး (၇)မျိုး ရည်မြှော်ပြီးတော့ မြတ်စွာဘုရား ဟောခဲ့တဲ့ လုပ်ငန်းကြီးပါပဲ။

ဒီမဟာသတိပဋ္ဌာန သုတ္တန် ဒေသနာတော်ကြီးမှာ (၂၁) ဌာနတို့မှာ အရဟတ္တဖိုလ်ရောက်အောင် ပို့ထားတဲ့ဌာန (၂၁)ဌာန ရှိတယ်။

http://www.dhammadownload.com



အဲဒီလို ရည်ရွယ်ချက် (၇)မျိုးနဲ့ အကျိုး (၇)မျိုးနဲ့ ဂုဏ် (၇)မျိုးနဲ့ ဟောကြားပြီးတော့ (၂၁)ဌာနမှာ အရဟတ္တဖိုလ် ပေါက်ရောက်အောင် တွန်းပို့နိုင်တဲ့ ဟောကြားပြီးတော့ထားတဲ့ မဟာသတိပဋ္ဌာန် ဒေသနာတော် အတိုင်း ယောဂီသူတော်စင်များ ပူဇော်နေရသဖြင့် နေ့ရှိသ၍, ညရှိသ၍, အချိန်ရှိသ၍ ကုသိုလ်အစုအပုံကြီးတွေပဲ။ မိမိတို့သန္တာန်မှာ တည်ရှိတယ်လို့ ကျေနပ်ပြီးတော့ ဆက်လက်ပြီးတော့ ကြိုးစားအားထုတ်ပါ။ အားထုတ် ကြပါလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ ယနေ့ မဟာသတိပဋ္ဌာန သုတ္တန် ဒေသနာတော်တရားတော် နိဒါန်းစကားကို နိဂုံးချုပ်အပြီးသတ်အပ် ပါသတည်း။

သာဓု သာဓု သာဓု

ပထမနေ့ ဟောစဉ်ပြီး၏။

## ဒုတိယနေ့ ဟောစဉ်

ယနေ့ ၁၃၆၂-ခု ကဆုန်လပြည့်ကျော် (၂)ရက်နေ့။

### ရည်ရွယ်ချက် (၇)မျိုး

ယနေ့ အားထုတ်နေကြတဲ့ ယောဂီများအား ဆက်လက်ပြီးတော့ မဟာသတိပဋ္ဌာနသုတ္တန် ဒေသနာတော်မှာ မြတ်စွာဘုရားက-

"**ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ**"- ဒီလမ်းစဉ်ဟာ နိဗ္ဗာန်သွား တဲ့ လမ်းစဉ်ပဲတဲ့။

အဲဒီမယ် နိဗ္ဗာန်သွားတဲ့ လမ်းစဉ်ဟာ ဘာလဲဆိုတော့ "**ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ**"- သတိပဋ္ဌာန်လေးပါးဆိုတဲ့ လမ်းစဉ်ပါပဲတဲ့။

အဲဒီ သတိပဋ္ဌာန်လေးပါးဆိုတဲ့ လမ်းစဉ်ဟာ ဂုဏ် (၇)မျိုး၊ တစ် နည်းအားဖြင့် သတိပဋ္ဌာန် ကြေငြာချက် (၇)မျိုးလို့လဲ သုံးလို့ရပါတယ်။

တစ်နည်းအားဖြင့် ရည်ရွယ်ချက် (၇)မျိုးနဲ့ မြတ်စွာဘုရား ဒီမဟာ သတိပဋ္ဌာန်ကို ဟောကြားတော်မူခဲ့ပါတယ်။ ရည်ရွယ်ချက် (၇)မျိုးက-

http://www.dhammadownload.com



**သတ္တာနံ ဝိသုဒ္ဓိယာ။**

သတ္တာနံ- သတ္တဝါတို့**၏**။ ဝိသုဒ္ဓိယာ- **စိတ်စင်ကြယ်သန့်ရှင်းခြင်း** အကျိုးငှါ။

သတ္တဝါတွေရဲ့ စိတ်စင်ကြယ်ဖို့ မြတ်စွာဘုရား **ဟောကြားတော်မူ**ခဲ့ပါတယ်။

**"သောက ပရိဒေဝါနံ သမတိက္ကမာယ"**- စိုးရိမ်ပူဆွေး စိတ်မအေးခြင်းဆိုတဲ့ သောက၊ ငိုကြွေးခြင်းဆိုတဲ့ ပရိဒေဝမီးတို့ကို လွန်မြောက်နိုင်ဖို့ရာ ဒီသတိပဋ္ဌာန်လမ်းစဉ်ကို မြတ်စွာဘုရား ဟောပါတယ်။

**"ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာသ"**- ကိုယ်ဆင်းရဲမှု စိတ်မသက်သာ နှလုံးနာမှုတို့ ချုပ်ငြိမ်းရုပ်သိမ်းဖို့ရာအတွက် မြတ်စွာဘုရား သတိပဋ္ဌာန်လမ်းစဉ်ကို ဟောတော်မူပါတယ်။

**"ဉာယဿ အဓိဂမာယ"**- အရိယာမဂ်ကို သိမြင်နိုင်ဖို့။ ဉာယဿ- အရိယာမဂ်ကို၊ အဓိဂမာယ- ရခြင်းငှါ။ အရိယာမဂ်ကိုရဖို့ ရည်ရွယ်ချက်နဲ့ ဒီသတိပဋ္ဌာန်လမ်းစဉ်ကို ချမှတ်ခဲ့ပါတယ်။

**"နိဗ္ဗာနဿသစ္ဆိ ကရဏာတ္ထာယ"**။ နိဗ္ဗာနဿ- ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်တည်းဟူသော အငြိမ်းဓာတ်ကြီးကို၊ သစ္ဆိကရဏာတ္ထာယ- မျက်မှောက်ပြုနိုင်ပါရန်။ နိဗ္ဗာန်ဆိုတဲ့ အငြိမ်းဓာတ်ကြီးကို မျက်မှောက်ပြုနိုင်ပါရန် ဒီသတိပဋ္ဌာန်လမ်းစဉ်ကို ချမှတ်တော်မူပါတယ်။

အဲဒီတော့ ယနေ့ မိမိတို့ အားထုတ်နေကြတဲ့ သတိပဋ္ဌာန်လမ်းစဉ်၊ ဒီသတိပဋ္ဌာန်လမ်းစဉ်ဟာ မြတ်စွာဘုရား ရည်ရွယ်ချက် (၇)မျိုးနဲ့ ဟောကြားထားတာဆိုတော့ အားရစရာ ကျေနပ်စရာကောင်းပါတယ်။

**စိတ်စင်ကြယ်မှု**

အဲဒီမှာ နံပါတ် (၁) ရည်ရွယ်ချက်၊ နံပါတ် (၁) အကျိုးက- သတ္တာနံ- သတ္တဝါတို့**၏**၊ ဝိသုဒ္ဓိယာ- စိတ်၏စင်ကြယ် သန့်ရှင်းအပြစ်ကင်းခြင်း အကျိုးငှါ ဟောတော်မူတယ်။ သတ္တဝါတွေ စိတ်စင်ကြယ်ဖို့။

လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတရားအပေါင်းတို့ကို ဆည်း

http://www.dhammadownload.com



ပူးပြီးလာတော့ တဏှာက်ရာ အစရှိတဲ့ ဘုရားရှင်ကြီးတွေ ပွင့်ပြီးတော့ လာခဲ့တာ၊ (၂၈)ဆူသော ဘုရားရှင်ကြီး ပွင့်ပေါ်ပြီးတော့လာခဲ့တာ၊ (၂၈)ဆူသော ဘုရားရှင်တို့ရဲ့ထံပါးမှာ အရိယာအဖြစ်နဲ့ ရောက်ရှိသွားကြတဲ့ ပုဂ္ဂိုလ်တွေဟာလဲ ဂဏန်းအပိုင်းအခြားကို လွန်တယ်။ အရေအတွက် အပိုင်းအခြားကို လွန်တယ်တဲ့။

(၂၈)ဆူသော ဘုရားရှင်တို့နဲ့တကွ ရေတွက်လို့မရနိုင်လောက်တဲ့ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက အရှင်မြတ်တွေ အားလုံးဟာ စိတ်မစင်ကြယ်ပဲနဲ့ အရိယာစခန်း မတက်လှမ်းနိုင်ကြဘူး။

အားလုံး အားလုံး ဘုရားမြတ်စွာ ပစ္စေကဗုဒ္ဓနှင့် အရိယာပေါင်းသူတော်ကောင်းတို့ဟာ စိတ်စင်ကြယ်မှုနဲ့ ကင်းပြီးတော့ အရိယာ ဖြစ်တော်မမူကြဘူး။ စိတ်စင်ကြယ်မှုကို အခြေခံပြီးတော့ အရိယာကြီးတွေ ဖြစ်ကြတယ်။

အဲဒီ စိတ်စင်ကြယ်မှုဟာလဲ **"စိတ္တဿ ဝေါဒါနံနာမ သတိပဋ္ဌာန ရဟိတံ နာမ နတ္ထိ"**- စိတ်စင်ကြယ်မှုဟာလဲ သတိပဋ္ဌာန်နဲ့ကင်းတာ မရှိဘူး။

စိတ်စင်ကြယ်မှုဟာ သတိပဋ္ဌာန်ကြောင့် စိတ်စင်ကြယ်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက ဒီသတိပဋ္ဌာန်ကို စိတ်စင်ကြယ်ဖို့ ဟောကြားတော်မူတယ်။

**ရူပေန သံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ၊**
**ရူပေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ အနက္ခာတံ မဟေသိနာ။**

ရုပ်ခန္ဓာညစ်နွမ်းလို့ သတ္တဝါတွေ ညစ်နွမ်းတယ်။ ခန္ဓာကိုယ် သန့်ရှင်းတဲ့အတွက်ကြောင့် သတ္တဝါတွေ စင်ကြယ်ရတယ်လို့ အဲဒီလို မဟောပါဘူး။

**စိတ္တေန သံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ၊**
**စိတ္တေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ ဣတိ ဝုတ္တံ မဟေသိနာ။**

စိတ်ညစ်နွမ်းလို့ရှိရင် သတ္တဝါတွေ ညစ်နွမ်းကြတယ်။ စိတ်စင်ကြယ်ရင် သတ္တဝါတွေ စင်ကြယ်တယ်။ အဲဒီလို စိတ်စင်ကြယ်လို့သာ သတ္တဝါတွေ စင်ကြယ်ကြတယ်လို့ ဒီလိုသာ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

အဲဒီ စိတ်စင်ကြယ်မှုဟာလဲ သတိပဋ္ဌာန်နဲ့ ကင်းလို့မဖြစ်ဘူး။

http://www.dhammadownload.com



ဒါကြောင့် သတ္တာနံ- သတ္တဝါတို့၏။ စိတ္တဝိသုဒ္ဓိယာ- စိတ်သန့်ရှင်း စင်ကြယ်ဖို့ရာအတွက် မြတ်စွာဘုရား သတိပဋ္ဌာန်လမ်းစဉ်ကို ချမှတ်တော်မူခဲ့ပါတယ်။

ဘုန်းကြီးတို့ ယောဂီများ အားထုတ်လာခဲ့ကြတဲ့ သတိပဋ္ဌာန်လမ်းစဉ်၊ ကာယဂတာသတိပဋ္ဌာန်ကမ္မဋ္ဌာန်း။

ကာယဂတာသတိကမ္မဋ္ဌာန်း (၁၈)မျိုး ရှိတာထဲက-

**အာနာပါနအပိုင်း**- ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ အာနာပါနသတိအပိုင်းကို အားထုတ်ပြီးတော့နေကြတယ်။

အဲဒီ အာနာပါနသတိ အပါအဝင် ကာယဂတာသတိကမ္မဋ္ဌာန်း၊ တစ်နည်းအားဖြင့် သတိပဋ္ဌာန်လမ်းစဉ်ဟာ စိတ်စင်ကြယ်ဖို့ရာအတွက် ဧကန်ဖြစ်တယ်လို့ ယုံကြည်ပြီးတော့ အားထုတ်ကြတယ်။

## မစိုးရိမ် မပူဆွေး မငိုကြွေးချင်လျှင်

**သောကပရိဒေဝါနံ သမတိက္ကမာယ၊**

နောက်တစ်ခု ရည်ရွယ်ချက်ထားပြီး ဟောတာက ဘာလဲဆိုတော့- သောကပရိဒေဝါနံ- သောကပရိဒေဝတို့ကို။ သောကပရိဒေဝါနံ- တအုံနွေးနွေး စိတ်မအေးပဲ ပူဆွေးစိုးရိမ်ခြင်းဆိုတဲ့ သောက၊ ငိုကြွေးခြင်းဆိုတဲ့ စိတ္တဇဝိပ္ပလ္လာသသဒ္ဒဟု ဆိုအပ်သော ပရိဒေဝတို့ကို။ သမတိက္ကမာယ- လွန်မြောက်စေရန် အကျိုးငှါ။

တအုံနွေးနွေး စိတ်မအေးပဲ ပူဆွေးညှိုးမှိန် စိုးရိမ်ရခြင်းဆိုတဲ့ သောက၊ ငိုကြွေးရခြင်းဆိုတဲ့ ပရိဒေဝတို့ကို လွန်မြောက်နိုင်ဖို့ ဒီရည်ရွယ်ချက်နဲ့ မြတ်စွာဘုရား သတိပဋ္ဌာန်လမ်းစဉ်ကို ဟောကြားထားတယ်။

သောကရောက်လို့ တအုံနွေးနွေး စိတ်မအေးပဲ ပူဆွေးတဲ့နေရာမှာတော့ ပဋာစာရီလောက် ပူဆွေးတာ စာပေမှာတော့ ထင်ရှားတဲ့ပုဂ္ဂိုလ် ဒီထက်ထင်ရှားတာ မရှိပါဘူး။

ပဋာစာရီထေရီမကြီးရဲ့ လောင်းလျာ လူ့ဘဝက သားသေ လင်ဆုံး အစရှိတဲ့ အဲဒီ ဒုက္ခတွေဝိုင်းအုံပြီးတော့ ညှင်းပန်းလိုက်တာ။ လူမှန်းမသိ၊ သူမှန်းမသိလောက်အောင် စိုးရိမ်ပူဆွေးမှုကြီးတွေ ဖြစ်ခဲ့တယ်။

http://www.dhammadownload.com



အဲဒီလိုဖြစ်တော့ မြတ်စွာဘုရားက-

**နသန္တိ ပုတ္တာ တာဏာယ၊ နပိတာ နာပိ ဗန္ဓဝါ။**

**အန္တကေနာ ဓိပန္နဿ၊ နတ္ထိဉာတီသု တာဏတာ။**

သေမင်းနှိပ်စက်လာတဲ့ ပုဂ္ဂိုလ်တဲ့။ သားတွေ, သမီးတွေ ရှိလင့်ကစား မသေအောင် မတားဆီးနိုင်တဲ့အတွက် ရှိရာမရောက်ဘူးတဲ့။ အမိတွေ, အဖတွေ ရှိလင့်ကစား မသေအောင် မတားဆီးနိုင်တဲ့အတွက် ရှိရာမရောက်ဘူး။ ဆွေတွေ, မျိုးတွေ, မိတ်သင်္ဂဟတွေ ရှိလင့်ကစား မသေအောင် မတားနိုင်တဲ့အတွက်ကြောင့် ဆွေတွေ, မျိုးတွေလည်း ရှိရာမရောက်ဘူး။

ဒီစကားလေး မြတ်စွာဘုရားက မိန့်ကြားလိုက်တော့ ပဋာစာရီရဲ့ သန္တာန်မှာဖြစ်တဲ့ သောကမီး, ပရိဒေဝမီးပေါ့။ အဓိကအားဖြင့် ပရိဒေဝမီး၊ သောကနဲ့ ပရိဒေဝ ဆက်စပ်နေပါတယ်။ အဲဒီမီး ငြိမ်းပြီးတော့သွားတယ်။

**သန္တတိအမတ်**

သန္တတိအမတ်ကြီးလဲ ဒီအတိုင်းပဲ။ သူ့လက်ထဲမှာပဲ သူမြတ်နိုးတဲ့ အမျိုးသမီးငယ်တစ်ယောက် သူ့လက်ပေါ်မှာပဲ သေကျေပျက်စီးပြီးတော့ သွားတယ်။

မြတ်စွာဘုရားဆီရောက်လို့ စိုးရိမ်ပူဆွေးပြီးတော့ စိတ်မအေးမှုတွေ ဖြစ်နေတော့ မြတ်စွာဘုရားက-

**ယံ ပုဗ္ဗေတံ ဝိသောဓေဟိ၊ ပစ္ဆာတေမာဟုကိဉ္စနံ၊**

**မဇ္ဈေစေ နောဂဟေဿတိ၊ ဥပသန္တော စရိဿတိ။**

သန္တတိအမတ်ကြီး၊ ကိလေသာအပူမီး ငြိမ်းပြီးတော့များ နေထိုင်ချင်တယ်ဆိုရင် အတိတ်မှာဖြစ်ခဲ့တဲ့ ဖြစ်စဉ်တွေကိုလဲ ဖယ်ထားလိုက်တော့။ နောင်မှာဖြစ်ပေါ်မယ့် ဖြစ်စဉ် ရုပ်နာမ်တွေအပေါ်လဲပဲ လှမ်းမျှော်ပြီးတော့ စိတ်ပူပန်မှု မရှိနဲ့။ ပစ္စုပ္ပန်မှာဖြစ်နေတဲ့ ဖြစ်စဉ် ရုပ်ဒုက္ခ နာမ်ဒုက္ခတွေနဲ့ ပတ်သက်ပြီး ဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး မစွဲလမ်းနဲ့။ အဲဒီလိုဆိုရင် သင်ဟာ ငြိမ်းအေးလိမ့်မယ်လို့ မြတ်စွာဘုရားက ဒီလမ်းစဉ်ကို မိန့်တော်မူတော့ သန္တတိအမတ်ကြီး သဘောကျပြီး ငြိမ်းအေးပြီးတော့ သွားခဲ့တာကိုး။

http://www.dhammadownload.com



အဲဒီတော့ အဲဒီ သန္တတိအမတ်ကြီးတို့, ပဋာစာရီတို့ သောကမလိမ်း ငြိမ်းကြတာဟာ၊ ပူပန်မလိမ်း ငြိမ်းကြတာ၊ "အငိုတိတ်ကြတာ" ဘာကြောင့်လဲ ဆိုတော့ တရားရေအေး အမြိုက်ဆေး သောက်လိုက်ကြရလို့ပါပဲ။

**သတိပဋ္ဌာန်တစ်ပါးပါးကို မသုံးသပ်ပဲ**

အဲဒီလို တရားရေအေး အမြိုက်ဆေး သောက်ကြတော့ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မခေါ်တဲ့ သတိပဋ္ဌာန်လေးပါး။

**ကိဉ္စိ ဓမ္မံ အနာမသိတွာ၊ သတိပဋ္ဌာန ဘာဝနာ နာမ နတ္ထိ။**

သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးတစ်လေကို မသုံးသပ်ပဲနဲ့ ပညာကို ပွားများစေတဲ့ ဘာဝနာဆိုတာ မရှိဘူး။ ဒါကြောင့် ပါရမီရင့်သန်ပြီး ကြတဲ့ ပုဂ္ဂိုလ်တွေကိုတော့ ဘုရားရှင်က-

**ယံ ပုဗ္ဗေတံ ဝိသောဓေဟိ၊ ပစ္ဆာတေ မာဟုကိဉ္စနံ၊**
**မဇ္ဈေစေ နောဂဟေဿသိ၊ ဥပသန္တော စရိဿတိ။**

ဒီဒေသနာတော်ကို ရွှေနှုတ်တော်က ထုတ်ဖော်ပြီးတော့ ဆုံးမလိုက်တာနဲ့ သတိပဋ္ဌာန်ဘာဝနာ ဆက်ပြီး ပွားများလိုက်တော့ သောကပရိဒေဝ ငြိမ်းပြီးတော့ သွားတယ်။

**သတိနဲ့ပညာ**

ဒါကြောင့် ယခု မိမိတို့ အားထုတ်နေတဲ့ သတိပဋ္ဌာန်လမ်းစဉ်ဟာ သောကပရိဒေဝ ငြိမ်းကြောင်း သောကပရိဒေဝ ငြိမ်းဖို့အတွက် မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့တဲ့ ချမှတ်တော်မူခဲ့တဲ့ လမ်းစဉ်ကြီး။

အဲဒီလမ်းစဉ်ကြီးဟာ-

**သတိယာ အာရမ္မဏံ ပရိဂ္ဂဟေတွာ၊**

**ပညာယ အနုပဿနာ ဟောတိ။**

ဒီလမ်းစဉ်ဟာ သမထရော ဝိပဿနာရော ပါတယ်။

သတိယာ- သတိဖြင့်။ အာရမ္မဏံ- ထွက်သက် ဝင်လေစတဲ့ အာရုံကို။ ပရိဂ္ဂဟေတွာ- သိမ်းဆည်း၍ ထွက်လေ ဝင်လေစတဲ့ အာရုံကို သတိနဲ့

http://www.dhammadownload.com



သိမ်းဆည်းပြီးတော့။

ဝိပဿနာပိုင်းကျတော့ "ပညာယ- ဝေခွဲ၍သိနိုင်တဲ့ ပညာဖြင့်။ အနုပဿနာ- အဖန်ဖန် အထပ်ထပ် ရှုမှတ်အပ်သည်။ ဟောတိ- ဖြစ်၏ ဆိုတဲ့အတိုင်း သတိနဲ့ပညာ (၂)ခုတို့ရဲ့ အလုပ်ခွဲခြားသိသာပါတယ်။

## ရှောင်ရန် ဆောင်ရန်

ယခု သတိနဲ့ ထွက်လေ ဝင်လေကို သိမ်းဆည်းနေတဲ့ အချိန်ဖြစ်ပါတယ်။ အဲဒီလို ထွက်လေ ဝင်လေကို သိမ်းဆည်းနေတဲ့ အခါကျတော့ ရှောင်ရန် ဆောင်ရန်ဆိုပြီး ဒီအချက်တွေကလဲ ပါပါတယ်။

အသပ္ပါယ- မလျှော်မလျောက်ပတ်တာတွေကို ရှောင်၊ သပ္ပါယခေါ်တဲ့ လျှော်ကန်လျောက်ပတ်တာများ သုံးစွဲဖို့ပါပဲ။

ရဟန်းတော်များကို အဓိကထားပြီး ဟောတာဆိုတော့ မိမိတို့အားထုတ်နေတဲ့ ဘာဝနာကို ဆုတ်ယုတ်စေနိုင်တဲ့အရာကို ရှောင်ရမယ်။ မိမိတို့အားထုတ်နေတဲ့ တရားကို ဆုတ်ယုတ်စေတဲ့ ဆွမ်းခံရွာ၊ ဒါကတော့ ရဟန်းတော်တွေနဲ့ ပတ်သက်ပြီးတော့ ဘာတွေပါသေးသလဲဆိုတော့ စကားပြောခြင်း။ ဟောဒါကလဲ ရှောင်ရမည့်အထဲမှာ ပါတယ်။ စကားကလဲ ရှောင်ရမယ်။

ဒါကြောင့်မို့ တရားစခန်းမှာ "လုံးဝစကားမပြောရ" ဆိုင်းဘုတ်ကလေးတွေ ချိတ်ထားတာ အဓိပ္ပါယ်ရှိပါတယ်။ အရေးကြီးတာက ရှောင်ရမယ့် အချက် (၇)ချက်ထဲမှာ ဒီအချက်ဟာ တော်တော်အရေးကြီးတဲ့ အချက်ပါပဲ။

အပေါင်းအဖေါ်, ဆွေမျိုး, မိတ်ဆွေ, အစာရေစာ, ဥတု, ဣရိယာပုတ် (၇)မျိုး ရှိတာထဲက မသင့်တော်တဲ့ ဘောဇဉ်၊ မသင့်တော်တဲ့ ဥတု၊ မသင့်တော်တဲ့ ဣရိယာပုတ်၊ အဲဒီ ရှောင်ရမယ့် (၇)မျိုးထဲမှာ အဓိကအားဖြင့်တော့။

အပေါင်းအဖေါ် - မိမိတို့ပွားများနေတဲ့ ဘာဝနာကို ဆုတ်ယုတ်စေနိုင်တဲ့ အပေါင်းအသင်း မိတ်ဆွေ၊ ဆွေမျိုးမိတ်ဆွေ။

မိမိတို့ အားထုတ်နေတဲ့ ကမ္မဋ္ဌာန်းကို ဆုတ်ယုတ်စေတဲ့ စကားပြောဆိုမှု၊ အဲဒီ အချက်အလက်တွေကို ရှောင်ပါ။ ဒါက ဘုန်းကြီးတို့ တရား

http://www.dhammadownload.com



အားထုတ်တဲ့အခါမှာ ရှောင်ရမယ့်အချက်တွေ၊ အဲဒါတွေကို ခြုံမိ ငုံမိအောင် တရားစခန်းမှာ အရေးကြီးတဲ့ အချက်ကိုပဲ ပြောထားတယ်။ ဒီပြင်အချက်တွေကိုတော့ သိပ်မပညတ်ဘူး ဆိုပါတော့။

**"လုံးဝစကားမပြောရ"** စကားပြောမှုနဲ့ ပတ်သက်ပြီးတော့ အလွန်အဓိကကျပါတယ်။ အခြားစည်းမျဉ်းတွေ မြောက်မြောက် များများစားစား မရှိပေမယ်လို့ လုံးဝစကားမပြောရဆိုတဲ့ အချက်အလက်တော့ သတိထားပြီးတော့ လိုက်နာကြဖို့ **"အသပ္ပါယ"**- မလျော်တဲ့အချက်တွေကို **"သေဝန"**- သုံးစွဲမယ် ပြုမယ်လို့ဆိုရင် မိမိတို့အားထုတ်တဲ့ ကမ္မဋ္ဌာန်းမှာ အနှောင့်အယှက် ဖြစ်နိုင်ပါတယ်။

ဒါကြောင့် ရည်ရွယ်ချက် ကြီးကြီးမားမားနဲ့ မြတ်စွာဘုရား ဟောကြားချမှတ်ပြီးတော့ထားတဲ့ မဟာသတိပဋ္ဌာန်လမ်းစဉ်။

## သတိပဋ္ဌာန် (၄)ပါးလုံး

အဲဒီ သတိပဋ္ဌာန်လမ်းစဉ်ကို **"အာနာပါနဿတိသုတ်" ဆိုပြီးတော့** မဟာသတိပဋ္ဌာနသုတ် ဟောသလို သတ်သတ် အာနာပါနတင် သက်သက်ကွက်ပြီးတော့ ဟောထားတဲ့ ဒေသနာတော်လည်း ရှိပါတယ်။

အာနာပါနလေး သက်သက်ကွက်ပြီးတော့ ဟောပေမယ်လို့ **"အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ"**- အာနာပါန ထွက်လေ ဝင်လေကို ပွားများတဲ့သတိကို ပွားများမယ်, ရှုမှတ်မယ်, အားထုတ်မယ်ဆိုလို့ရှိရင် သတိပဋ္ဌာန်လေးပါး ပြည့်စုံနိုင်တယ်။ တစ်မျိုး အားထုတ်တာနဲ့ လေးပါးလုံး ပြည့်စုံနိုင်တယ်။

**"စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဗောဇ္ဈင်္ဂေ ပရိပူရေန္တိ"**- သတိပဋ္ဌာန်လေးပါး အားထုတ်လိုက်တော့ ဗောဇ္ဈင် (၇)ပါးလုံးလည်း ပြည့်စုံပြီးသွားတယ်။

**"သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာ ဝိမုတ္တိံ ပရိပူရေန္တိ"**- ဗောဇ္ဈင် (၇)ပါးလုံး အားထုတ်ရာရောက်တော့ ဝိဇ္ဇာဉာဏ်လေးပါးခေါ်တဲ့ မဂ်ဉာဏ်လေးပါး၊ ဝိမုတ္တိခေါ်တဲ့ ဖိုလ်ဉာဏ်လေးပါး ပြည့်စုံနိုင်တယ်လို့

http://www.dhammadownload.com



မြတ်စွာဘုရားက ထွက်လေ ဝင်လေကို ရှုမှတ်ရာက နေပြီးတော့ နိဗ္ဗာန် ထိအောင် ပို့ထားခဲ့တဲ့လမ်းစဉ်ကိုး။

ဒီတော့ ယောဂီသူတော်စင်များ အားထုတ်နေကြရတာက ထွက်လေ ဝင်လေ ရှုမှတ်တဲ့ အာနာပါနဿတိကမ္မဋ္ဌာန်း၊ ဒီကမ္မဋ္ဌာန်းကို အားထုတ်လိုက်တော့ သတိပဋ္ဌာန်လေးပါးလုံး **"ကာယဝေဒနာ, စိတ္တ, ဓမ္မ"** လည်း ပါပြီးတော့ ဗောဇ္ဈင် (၇)ပါးလည်း ပြည့်စုံတယ်။

ဗောဇ္ဈင် (၇)ပါး ပြည့်စုံသွားတဲ့ အခါကျတော့ မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါးဟာလဲ ပြည့်စုံသွားနိုင်တယ်။ အာနာပါနဿတိ သုတ္တန် ဒေသနာမှာ ပြည့်ပြည့်စုံစုံကြီး ပြပြီးတော့ ထားခဲ့တယ်။

တစ်ဖန် အင်္ဂုတ္တရနိကာယ် ကျပြန်တော့ ကာယဂတာသတိက (၁၈)မျိုး ရှိတာကိုး။ အဲဒီ (၁၈)မျိုးထဲက အာနာပါနဿတိလည်း ကာယ ဂတာသတိထဲ ပါပြီးတော့နေတယ်။

## အမြိုက်နိဗ္ဗာန်သုံးဆောင်ရ

**အမတံ တေသံ ဝိရတ္တံ၊ ယေသံ ကာယဂတာသတိ ဝိရတ္တာ။**

ကာယဂတာသတိ (၁၈)မျိုး သို့မဟုတ် အကုန်လုံးကို ဖြစ်စေ၊ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို ချို့ယွင်းစေမယ်ဆိုရင် အမြိုက်နိဗ္ဗာန်ကို ချို့ယွင်းစေရာ ရောက်တယ်။ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို လွှဲဖယ်ဖယ် သွေဖီမယ်ဆိုရင် အမြိုက်နိဗ္ဗာန်ကို သွေဖီတာနဲ့ အတူတူပဲ။

**အမတံ တေသံ ပရိဘုတ္တာ၊ ယေသံ ကာယဂတာသတိ ပရိဘုတ္တာ။**

ကာယဂတိ (၁၈)မျိုးကို သုံးစွဲနေကြတဲ့ အမျိုးကောင်းသား အမျိုး ကောင်းသမီးတွေဟာ အမြိုက်နိဗ္ဗာန်ကို သုံးစွဲနေကြရတာပါပဲ။

ဒါကြောင့် မိမိတို့ ကာယဂတာသတိ အပါအဝင်ဖြစ်သော ထွက် လေ ဝင်လေကို ရှုမှတ်ပွားများနေမယ်ဆိုရင် အာနာပါနကမ္မဋ္ဌာန်း၊ တစ် နည်းအားဖြင့် ကာယနုပဿနာ ကမ္မဋ္ဌာန်းကို သုံးစွဲနေကြတဲ့အတွက် အမြိုက် နိဗ္ဗာန်ကို သုံးစွဲနေရသလိုပါပဲတဲ့။

အဲဒီတော့ အာနာပါန ထွက်လေ ဝင်လေကို ရှုမှတ်တယ်ဆိုတာ

http://www.dhammadownload.com



ကာယာနုပဿနာ သတိပဋ္ဌာန် အဲဒါကို မြတ်စွာဘုရားက-

**ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ။**

ဘိက္ခဝေ- ရဟန်းတို့။ ဣဓ- ဤသာသနာတော်၌။ ဘိက္ခု- သံသရာဘေးကို ရှုလေ့ရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ ကာယေ- ကိုယ်လက်အင်္ဂါစသည် အပေါင်းအစုဖြစ်သော ကိုယ်၌။ ကာယေ- ရူပကာယ၌။ ကာယာနုပဿီ- ရူပကာယရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ- နေ၏။ ကာယကို ရှုတာ။

ကာယဆိုတာ ဘာလဲဆိုတော့ ရုပ်အပေါင်း ဆင်အပေါင်း မြင်းအပေါင်း ဆိုတာလိုပေါ့။ ရုပ်တို့ရဲ့အပေါင်း၊ အဲဒါကို ကိုယ်လို့ခေါ်တာကိုး။

အဲဒီ ရုပ်အပေါင်းထဲကမှ ဝါယောဓာတ်ဆိုတဲ့ ရုပ်တစ်စိတ်ကို ရှုမှတ်နေကြတာ။ ဝါယောဓာတ်ဆိုတဲ့ ရုပ်တစ်စိတ်။

**ကာယေ ကာယာနုပဿီဝိဟရတိ**

အာတာပီ- ကိလေသာကို ပူပန်စေတတ်သော။ လုံ့လရှိသည်ဖြစ်၍ (အဲဒီလို ရှုမှတ်နေတုန်း ကိလေသာကို ပူပန်စေတတ်သော လုံ့လ၊ နိုင်အောင် တိုက်ခိုက်နေတဲ့ လုံ့လမျိုး၊ ဒါလဲ ရှိနေကြတယ်။ အဲဒီတော့-

သမ္ပဇာနော- အမြော်အမြင်လဲရှိ။ သတိမာ- သတိရှိပြီးတော့။ လောကေ- စွဲလမ်းနိုင်ရာ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ အဘိဇ္ဈာ ဒေါမနဿံ- မက်မောမှုအဘိဇ္ဈာ စိတ်မသက်သာ နှလုံးနာမှုဆိုတဲ့ ဒေါမနဿကို။ ဝိနေယျ- ပယ်ဖျောက်၍ (ယခု အားထုတ်နေတဲ့ အချိန်အခါကာလလေးမှာ မက်မောမှု အဘိဇ္ဈာဟာလဲ ခေတ္တအားဖြင့် ပပျောက်ပြီးတော့နေတနယ်။ စိတ်မသက်သာ နှလုံးနာမှုဟာလဲ ပပျောက်ပြီးတော့နေတယ်)

အဲဒါကို လုံ့လလည်း ရှိရမယ်။ အမြော်အမြင်လည်း ရှိရမယ်။ သတိလည်း ရှိရမယ်။ ဒီအချက်အလက်တွေ ပြည့်စုံတဲ့ အမျိုးကောင်းသား အမျိုးသမီးဟာ ကာယအပေါ်မှာ ရုပ်အပေါင်းအပေါ်မှာ ရုပ်အပေါင်းကို ကာယ။

တစ်နည်းအားဖြင့် စက်ဆုပ်ဖွယ်ဖြစ်တဲ့ စက်ဆုပ်ရွံ့ရှာဖွယ်တို့ရဲ့

http://www.dhammadownload.com



တည်ရာဖြစ်တဲ့ ကာယအပေါ်မှာ ရှုမှတ်ပြီးတော့ နေကြတယ်။

အဲဒါကို ကာယာနုပဿနာ သတိပဋ္ဌာန်။

**မြတ်သောအမျိုးသား အမျိုးသမီး**

တစ်ချိန်က မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးပြီးနေတော့ အရှင်သာရိပုတြာမထေရ်မြတ်ကြီး ဘုရားထံမှောက် ရောက် ရှိသေစွာ ရှိခိုးပြီး သင့်လျော်လျောက်ပတ်တဲ့ နေရာမှာထိုင်ပြီး-

**မဟာပုရိသော'တိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ မဟာပုရိသော ဟောတိ။**

ရှေ့ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော အို- မြတ်စွာဘုရား မြတ်သောအမျိုးသား မြတ်သောအမျိုးသမီးလို့ ပြောပြောနေကြပါတယ် ဘုရား။ ဘယ်လောက်နဲ့ မြတ်သောအမျိုးသား အမျိုးသမီး ဖြစ်နိုင်ပါသလဲ ဘုရား- လျှောက်ထားတော့။

မြတ်စွာဘုရားက-

**ဝိမုတ္တစိတ္တတာ မဟာပုရိသော ဟောတိ၊**

ချစ်သား သာရိပုတ္တရာ ကိလေသာမှလွတ်သော စိတ်ရှိသည်၏ အဖြစ်ကြောင့် မြတ်တဲ့အမျိုးကောင်းသား ဖြစ်နိုင်တယ်။ မြတ်သော အမျိုးသမီး ဖြစ်နိုင်တယ်။

ကိလေသာမှလွတ်သော စိတ်ရှိတဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုလဲဆိုတော့ ဟော- သတိပဋ္ဌာန်လေးပါးကို အားထုတ်ရတာပါပဲ။

သတိပဋ္ဌာန်လေးပါးကို ကာယ, ဝေဒနာ, စိတ္တ, ဓမ္မတို့ကို အဖန်ဖန် အထပ်ထပ် ပွားများနေတဲ့ ပုဂ္ဂိုလ်၊ သတိပဋ္ဌာန်လမ်းစဉ်အတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ ကိလေသာမှ လွတ်ကင်းတဲ့ပုဂ္ဂိုလ်၊ ကိလေသာမှ လွတ်ကင်းတဲ့အတွက်ကြောင့် မြတ်သော အမျိုးသား အမျိုးကောင်းသမီး ဖြစ်နိုင်တယ်လို့ မြတ်စွာဘုရား ရှေ့နှုတ်တော်ထွက် ဓမ္မစကားရှိတဲ့အတိုင်း မိမိတို့ကြိုးစား အားထုတ်နေတဲ့ လမ်းစဉ်သည် ဘုရားရှင်ရဲ့ အကြိုက် ဘုရားရှင်ရဲ့-

http://www.dhammadownload.com



"ဝိမုတ္တ စိတ္တတာ မဟာပုရိသော ဟောတိ"- ဒီရွှေနှုတ်တော် စကား အရ မြင့်မြတ်တဲ့ အမျိုးကောင်းသား၊ မြင့်မြတ်တဲ့ အမျိုးကောင်းသမီး၊ တစ်နည်းအားဖြင့် မြင့်မြတ်တဲ့ အမျိုးကောင်းသား ဖြစ်နိုင်ရေးလမ်းစဉ် မြင့်မြတ်တဲ့ အမျိုးကောင်းသမီး ဖြစ်နိုင်ရေးလမ်းစဉ်ကို တို့တတွေ အားထုတ်နေရတာပါလားလို့ အားတက်ပြီးတော့ ရှေ့ဆက်ပြီး ကြိုးစားကြပါလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ ယနေ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း

သာဓု သာဓု သာဓု

ဒုတိယနေ့ ဟောစဉ်ပြီး၏။

## တတိယနေ့ ဟောစဉ်

ယနေ့ ကဆုန်လပြည့်ကျော် (၃)ရက်နေ့။

ယောဂီများ အားထုတ်ပြီးတော့ လာခဲ့တာ (၃)ရက်နေ့ နောက်ဆုံးအကြိမ် ရောက်ခဲ့ပြီ။

**ဆရာတော်ကြီး (၃)ပါး**

မိမိတို့ အားထုတ်နေတဲ့ သတိပဋ္ဌာန်တရားတော်ရဲ့ အကျိုးသွားတွေ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားပြီးတော့ ထားခဲ့တာ။ **"ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ၊ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထံမာယ၊ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ"**။

ဒီစကားတော်နဲ့ မြတ်စွာဘုရား သတိပဋ္ဌာန် တရားတော်ရဲ့ အကျိုးအာနိသင် ကြေငြာချက်များကို ထုတ်ပြန်တော်မူတယ်။

ထုတ်ပြန်တော်မူတော့ **"သောကပရိဒေဝါနံ သမတိက္ကမာယ**- စိုးရိမ်ပူဆွေး စိတ်မအေးမှု ငိုကြွေးမှုတို့ကို လွတ်မြောက်နိုင်ပုံ သက်သေသာဓကနဲ့ ဟောကြားပြီးတဲ့အခါမှာ။

http://www.dhammadownload.com



**"ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ"**။ ဒုက္ခဒေါမနဿနံ- ကိုယ်ဆင်းရဲမှု စိတ်မသက်သာ နှလုံးမသာယာမှုတို့၏ ။ အတ္ထင်္ဂမာယ- ချုပ်ငြိမ်းခြင်းငှါ။

ကိုယ်ဆင်းရဲမှု ဒုက္ခစိတ်မသက်သာ နှလုံးနာမှုဆိုတဲ့ ဒေါမနဿ ချုပ်ငြိမ်းနိုင်တယ်လို မြတ်စွာဘုရား ညွှန်ကြားပြီးတော့ သာဓကအားဖြင့် (၃)ခုလောက် ကိုယ်ဒုက္ခချုပ်ငြိမ်းပုံ၊ သတိပဋ္ဌာန် ဒေသနာတော်အတိုင်း အားထုတ်ခဲ့လို့ ကိုယ်၏ဆင်းရဲဒုက္ခ ချုပ်ငြိမ်းပုံ ဆရာတော်ကြီး (၃)ပါး သက်သေထားပါတယ်။

ပထမဆရာတော်ကြီးက ဦးတိဿ၊ အဲဒီ ဆရာတော်ကြီးက တောထဲ တောင်ထဲ တစ်ပါးထဲ တရားအားထုတ်ပြီးနေတော့ သူ့ခယ်မဖြစ်သူက ကုဋေ (၄၀)သော ဥစ္စာများ ရလိုမှုနဲ့ လက်ပါးစေ လူသတ်သမားများကို လွှတ်လိုက်တဲ့အခါ အရှင်မြတ်ဘုရားကြီးက ယနေ့ တစ်ညတော့ ခွင့်ပေးကြအုန်း။ အဲဒီလို မိန့်ကြားတဲ့အခါ သူခိုးတွေက လက်ပါးစေ လူသတ်သမားတွေက ဘာအာမခံချက်ပေးမလဲလို့ဆိုတော့ ဆရာတော်ကြီးက ကျောက်တုံးကြီးနဲ့ ပေါင်နှစ်ဖက်ကို ထုရိုက်ပြီးတော့ ဒါသက်သေဘဲ ဆိုပြီးတော့ ထုရိုက်ထားတဲ့ ဒုက္ခဝေဒနာကြီးကို ပယ်ဖျောက်ပြီးတော့ မိမိရဲ့စင်ကြယ်တဲ့ သီလမှာ ရပ်တည်၊ စင်ကြယ်တဲ့သီလကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ပီတိကိုပဲ ပီတိရဲ့ဖြစ်မှု ပျက်မှုကို ရှုမှတ်ပြီး ဉာဏ်စဉ်အတိုင်း တက်ပြီး အရဟတ္တဖိုလ်ပေါက် တရားရောက်ပြီးတော့ ငြိမ်းချမ်းပြီးတော့ သွားတယ်။

အဲဒါကြောင့် ဆရာတော်ကြီးက-

**ဥဘောပါဒါနိ ဘိန္ဒိတွာ၊ သညာပေဿာမိ ဝေါ အဟံ**
**အဋ္ဋီယာမိ ဟရာယာမိ၊ သရာဂ မရဏံ အဟံ။**

ခြေနှစ်ချောင်းတို့ကို ထုရိုက်ပြီးတော့ အာမခံပေးခဲ့ပါတယ်။ ဒါ ဘာကြောင့်လဲလို့ဆိုတော့ ရာဂရှိနေတုန်း။ တစ်နည်းအားဖြင့် ကိလေသာတွေ မိမိသန္တာန်မှာ ရှိနေတုန်း သေရမှာ ရှက်ပါတယ်၊ ငြီးငွေ့ပါတယ်။

ဒါကြောင့်မို့ ကျောက်ခဲနဲ့ ပေါင်နှစ်ချောင်းကို ထုရိုက်ပြီးတော့ သက်သေပြု အာမခံထားပြီးတော့မှ အရဟတ္တဖိုလ် ရောက်တဲ့အကြောင်း အဲလို သက်သေသာဓကတစ်ခု အနေအားဖြင့် ဖွင့်ဆိုတော်မူကြပါတယ်။

http://www.dhammadownload.com



နောက်ရဟန်းတော် (၃၀)ကလဲ ဒီအတိုင်းပဲ။ တောထဲမှာ တရားအားထုတ်ပြီးနေကြတော့ ကျားများရဲ့ အနှောင့်အယှက်ပေးလို့ နောက်ဆုံးရဟန်းတစ်ပါးကျတော့ ခြေမျက်စေ့ထိအောင် ကျားကခဲတယ်၊ စားတယ်ဆိုပါတော့။

နောက်ပုဆစ်၊ ဒူးဝန်း၊ နောက် နှလုံးသား ကိုက်တဲ့အခါကျတော့ တရားဆင်ခြင်မှုက မပျက်၊ ဒီဝေဒနာကို ကျော်လွှားပြီးတော့ ရဟန္တာဖြစ်တဲ့အတွက်ကြောင့် သမသီသီရဟန္တာ၊ ရဟန္တာလဲ ဖြစ်ရော ပရိနိဗ္ဗာန်လဲ စံရော ပုံစံမျိုးပေါ့။

နောက်တစ်ပါးကတော့ ပီတမလ္လမထေရ်၊ ပီတမလ္လမထေရ်က စောစောက လမ်းလျှောက်ပြီးအားထုတ်၊ စင်္ကြံကြွပြီး တရားအားထုတ်တယ်။ စင်္ကြံမသွားနိုင်တဲ့ အခါကျတော့ ဒူးထောက်ပြီးတော့ သွားရင်း တရားအားထုတ်နေတုန်း မုဆိုးကတွေ့တော့ သားကောင်မှတ်လို့ပစ်။ ပစ်လိုက် ခတ်လိုက်တဲ့ ဒဏ်ရာဒဏ်ချက်ကို မြက်နဲ့ပိတ်ဆို့ပြီး အစထဲကကိုက-

**နတုမှာကံ မိဒံရူပံ၊ တံပဇဟေယျာထ ဘိက္ခဝေါ။**

မြတ်စွာဘုရားက ရဟန်းတို့ ရုပ်ဟာ သင်တို့ရဲ့ ကိုယ်ပိုင်ရုပ် မဟုတ်ဘူး။ ရုပ်၌ ဆန္ဒရာဂကို ပယ်ရှားကြလို့ ဒီစကားမိန့်ကြားတာ သဘောကျလို့ဆက်ပြီး အားထုတ်ရာက အရိယာစခန်း တက်လှမ်းနိုင်ခဲ့တာ။

**ဘာသိတံ ဗုဒ္ဓသေဋ္ဌဿ၊ ဓမ္မလောကဂ္ဂဝါဒိနော၊**
**နတုမှာကံ မိဒံရူပံ၊ တံ ပဇဟေယျာထ ဘိက္ခဝေါ။**

ရုပ်ဟာ သင်တို့ရဲ့ ကိုယ်ပိုင်ရုပ် မဟုတ်ဘူး။ အတ္တ မဟုတ်ဘူး။ ရုပ်မှာဖြစ်တဲ့ ဆန္ဒရာဂကို ပယ်ရှားကြ။ ဒီစကား သဘောကျပြီးတော့ ပီတမလ္လမထေရ်ကြီးဟာ အရိယာစခန်း တက်လှမ်းနိုင်ခဲ့တယ်။

ဒါကြောင့် ဒုက္ခကို လွန်မြောက်ပုံ သာဓက သုံးရပ်နှင့် သာဓကကို ပြောပြီးတဲ့အခါမှာ စိတ်မသက်သာ နှလုံးနာမှုခေါ်တဲ့ ဒေါမနဿ ကျော်လွန်နိုင်ပုံကို ဆက်ဟောရအောင်။



45(A)

http://www.dhammadownload.com



**သိကြားမင်း**

သတိပဋ္ဌာန်လုပ်ငန်းသည် စိတ်မသက်သာ နှလုံးနာမှုကိုလဲ ကျော်လွှန်နိုင်တယ်။

အထူးသဖြင့် သိကြားမင်းကြီးလာမယ့် (၇)ရက်၊ လူတို့အနေနဲ့ (၇)ရက် ကြာရင် စုတေတော့မယ်ဆိုတော့ သိကြားမင်းကြီး နတ်ပြည်မှ စုတေဖို့ နိမိတ်ငါးပါး ထင်ပါတယ်။ ဘုန်းကံရှိတဲ့ နတ်တွေမှာ ထင်ပြီးတော့ ဘုန်းကံမဲ့တဲ့ နတ်တွေမှာ မထင်ပါဘူး။

လူ့ပြည်မှာလဲ ဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်တွေမှာ နိမိတ်တွေ ထင်ပါတယ်။ ဘုန်းကံမရှိတဲ့ ပုဂ္ဂိုလ်တွေမှာ ရှေ့ပြေးနိမိတ်ဆိုတာ မထင်ပါဘူး။

သိကြားမင်းကြီးမှာ ဘာနိမိတ်တွေ ထင်သလဲဆိုတော့ သိကြား ဖြစ်ခါစထဲက ပန်ဆင်လာတဲ့ ပန်းတွေဟာ ညှိုးပြီး၊ အဝတ်တွေကလဲ နွမ်းလို့၊ ခန္ဓာကိုယ်ကလဲ အဆင်းတွေဖောက်ပြန်လို့၊ လက်ကတီးကြားကလဲ ချွေးတွေ မိုးသီးမိုးပေါက်လို ထွက်လို့၊ သိကြားနေရာလဲ မပျော်ပိုက်တော့ဘူးတဲ့။

ဒီအချက် (၅)ချက် ပေါ်လွင်ပြီးလာတော့ ရှေ့ပြေးနိမိတ်ကြီးတွေ ပေါ်လာတော့ သိကြားမင်းကြီးဟာ အင်မတန်ကို စိတ်မသက်သာ နှလုံးနာမှုတွေ ဖြစ်ခဲ့ရ၊ မြတ်စွာဘုရားမှတစ်ပါး ဘယ်သူမှ ငါရဲ့စိတ်မသက်သာ နှလုံးနာမှုကို ဝေဒနာကို ဘယ်သူမှပျောက်အောင် ကုနိုင်မှာမဟုတ်ဘူး။ မြတ်စွာဘုရားထံ သွားပြီးမေးလျှောက်တော့။

သက္ကပဉှသုတ္တန်ဆိုတဲ့ ဒေသနာတော်ကြီး သိကြားမင်းကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူခဲ့ပါတယ်။

သိကြားမင်းရဲ့ အမေးတွေကို မြတ်စွာဘုရားက ဖြေကြားလို့ မေးခွန်းတွေ တော်တော်များများ မေးပြီးတဲ့အခါ ဥပေက္ခာနဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးပြီးတဲ့အခါ သိကြားမင်းကြီးဟာ သောတာပန်စခန်း တက်လှမ်းပြီးတော့ စိတ်မသက်သာ နှလုံးနာမှု ငြိမ်းပြီးတော့ သွားခဲ့ဖူးပါတယ်။

ဘုရားထံမှောက် သူရောက်ရတဲ့အတွက် အကျိုး (၆)မျိုးကို လျှောက်ထားသေးတယ်။ ပထမဆုံးအကျိုးက-

http://www.dhammadownload.com



**ဣစ္ဆေဝ တိဋ္ဌမာနဿ ဒေဝဘူတဿ မေသတော။**
**ပုနရာ ယုစမေလဒ္ဓေါ၊ ဧဝံ ဇာနာဟိ မာရိသာ။**

အရှင်ဘုရား၊ အရှင်ဘုရားထံမှောက် ရောက်ရတာ ပထမဆုံး သိကြားအိုကြီးဘဝက စုတေပြီးတော့ နောက်ထပ် သိကြားပျို သိကြားအသစ် ဖြစ်ရပါတယ်ဘုရား။ ဒါပထမဆုံး အကျိုးအာနိသင်ပါပဲ။ အဲဒီလို ဘုရားထံ လာရောက်ရ အကျိုးအာနိသင် (၆)ပါး လျှောက်ထားခဲ့ဖူးပါတယ်။

အဲဒီတော့ သိကြားမင်းကြီးကလည်း မြတ်စွာဘုရား ဟောကြားတော်မူသော တရားကို အကြောင်းပြုပြီးတော့ စိတ်မသက်သာ နှလုံးမသာယာမှုကို ကျော်လွှားနိုင်ပါတယ်။

**ချမ်းသာဆေး**

ထို့အတူ သုပြဟ္မာနတ်သားဟာလည်း နတ်သမီးတစ်ထောင် ခြံရံပြီး နေတော့ တစ်နေ့ကျတော့ နတ်သမီးငါးရာက တောပန်း တောင်ပန်းတွေ ခူးကြဖို့သွား။ သွားကြတဲ့အခါ သုပြဟ္မာနတ်သားက- **"ကိံ ဣမာစိရာယန္တိ"**- ဒီနတ်သမီးတွေ သိပ်ကြာတာပဲ။ အဲဒီလို စဉ်းစားလိုက်တဲ့အခါ နတ်သမီးငါးရာ စုတေကြတယ်။

စုတေတော့ **"ကုဟိံ နိဗ္ဗတ္တာ"**- ဘယ်မှာများ ဘယ်ဘဝများ ရောက်ကြပါလိမ့်လို့ စဉ်စားတော့။ **"နိရယေနိဗ္ဗတ္တာ"**- ငရဲကျနေကြတာကို သိတယ်။

သိတဲ့အခါ မိမိရဲ့သက်တမ်းကို ကြည့်လိုက်ပြန်တော့လည်း မကြာခင်မှာပဲ စုတေပြီး ငရဲပဲကျမယ်လို့ သိရတယ်။ သူလည်းပဲ စိတ်မသက်သာ နှလုံးနာပြီး အင်မတန် တုန်လှုပ်ပြီးတော့မှ မြတ်စွာဘုရားထံမှောက် လာရောက်ပြီးတော့-

- **နိစ္စံ ဥတြသတံ စိတ္တံ၊ နိစ္စံ ဥဗ္ဗိဂ္ဂံ မနော၊**
**အနုပ္ပန္နေသုကိစ္စေသု၊ အထောဥပ္ပတိတေသုစ။**
- **သစေ အတ္ထိ အနုတြသတံ၊ တံမေအက္ခာဟိ ပုစ္ဆိတော။**

အရှင်ဘုရား တပည့်တော်၏ စိတ်ကလေးဟာ တဖျတ်ဖျတ် တုန်လှုပ်နေပါတယ်ဘုရား။ တပည့်တော်ရဲ့စိတ်ဟာ ထိတ်လန့်ပြီးတော့ နေပါ

http://www.dhammadownload.com



တယ်ဘုရား။ ကြောက်ရွံ့ပြီးတော့ နေပါတယ်ဘုရား။

ဖြစ်ပြီးသား ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ မဖြစ်ပေါ်သေးတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ဘာပဲဖြစ်ဖြစ် ဘယ်အကြောင်းအရာနဲ့ ပတ်သက်ပတ်သက် တပည့်တော်၏ စိတ်ကလေးဟာ တဖျတ်ဖျတ် တုန်လှုပ်နေပါတယ်။ ကြောက်ရွံ့ထိတ်လန့်နေပါတယ် ဘုရား။

**"သစေ အတ္ထိ အနုတြသတံ"**- အကယ်၍များ အရှင်ဘုရားမှာ မကြောက်ရွံ့တဲ့ ဆေးကောင်းဝါးကောင်း၊ မထိတ်လန့်တဲ့ ဆေးကောင်းဝါးကောင်းများ ရှိပါလျှင် တပည့်တော်အား ဟောကြားတော်မူပါ။ အဲဒီလို လျှောက်ထားလိုက်တဲ့ အခါကျတော့-

**နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယသံဝရာ၊**
**နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိပါဏိနံ။**

အာဝုသော ဒေဝပေ- သံသယပြောင့်စူး ဝင်နှောက်သဖြင့် မေးလျှောက်လာငြား ငါ့ရှင် ဒါယကာနတ်သား။ ဗောဇ္ဈာတပသာ- သစ္စာလေးပါး တရားကို သိနိုင်သောအကျင့်, ကိလေသာကို ခေါင်းပါးစေတတ်သော အကျင့်ကို။ အညတြ- ကြဉ်ထား၍။ ပါဏိနံ- သတ္တဝါတို့၏။ **သောတ္ထိံ- ချမ်းသာ** ကွက်ကို။ နပဿာမိ- မြင်တော်မမူ။

(သစ္စာလေးပါး တရားကို သိခြင်း၊ သစ္စာလေးပါးတရားကို သိနိုင်တဲ့ အကျင့်ကို ချန်ထားပြီးတော့ သတ္တဝါတို့ရဲ့ ချမ်းသာကွက် မမြင်ဘူး။ သစ္စာလေးပါးကို သိဖို့ရာ ကြိုးစားအားထုတ်နေခြင်းဟာ သတ္တဝါတို့ ချမ်းသာဖို့ပါပဲ။)

**"တပသာ"** နံပါတ် (၂) တစ်ထောင့်ငါးရာ ကိလေသာတို့ကို ပူပန်စေတတ်တဲ့ လုံ့လဝီရိယ၊ အဲဒီ လုံ့လဝီရိယဟာ သတ္တဝါတို့ ချမ်းသာဖို့ပါပဲ။

**"ဣန္ဒြိယသံဝရာ"**- မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် (၆)မျိုးကို ထိန်းသိမ်း စောင့်ရှောက်ပြီးတော့ နေခြင်းဟာလဲ သတ္တဝါတို့ရဲ့ ချမ်းသာကွက်ပါပဲ။

သဗ္ဗနိဿဂ္ဂါ- အလုံးစုံသော ကိလေသာတို့ကို စွန့်လွှတ်ရာဖြစ်တဲ့ နိဗ္ဗာန်ကို။ အညတြ- ကြဉ်ထား၍။ ပါဏိနံ- သတ္တဝါတို့၏။ သောတ္ထိ- ချမ်း

http://www.dhammadownload.com



သာကွက်ကို။ ပဿာမိ- မမြင်။

အဲဒီလေးမျိုးဟာ သတ္တဝါတို့အတွက် ချမ်းသာဖို့ပဲ။ အဲဒီလေးမျိုးကို ချန်ထားပြီး သတ္တဝါတို့ရဲ့ ချမ်းသာကွက် မမြင်ပါဘူး။

ဒါဖြင့် ဒီနေ့ ယောဂီသူတော်စင်များ ကျင့်သုံးနေကြတဲ့ ဒုက္ခသစ္စာကို မြင်အောင်ကြည့်နေတဲ့ လုပ်ငန်း ဝါယောဓာတ်ဆိုတာ ရုပ်၊ ရုပ်ဆိုတာ ဒုက္ခသစ္စာ။

အဲဒီ ဒုက္ခသစ္စာကို ပိုင်းခြားပြီး သိရမယ်။ ပိုင်းခြားပြီးသိအောင် ရှုမှတ်ပြီးတော့ နေကြတာ။ ဒါဟာ မြတ်စွာဘုရား ချမ်းသာဖို့ရာ သစ္စာလေးပါးသိတဲ့ အကျင့်ဟာ ချမ်းသာဖို့။ ဒါလက်တွေ့ကျင့်နေကြတာ။

ကိလေသာကို ခေါင်းပါးစေတတ်တဲ့ အကျင့်ဝီရိယ လုံ့လ။ ဒါလဲ သတ္တဝါတို့ ချမ်းသာဖို့ပါပဲတဲ့။

မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် စောင့်ထိန်းခြင်း။ ဒီအချက် (၃)ချက်ကို ရရှိအောင် ကြိုးစားပြီးတော့နေကြတာ။ မြတ်စွာဘုရား ပေးတော်မူတဲ့ မကြောက်ဆေး။ တစ်နည်းအားဖြင့် ချမ်းသာဖို့ရာနဲ့ ပတ်သက်ပြီး ညွှန်ပြပြီးတော့ထားတဲ့ စိတ်မသက်သာ နှလုံးနာမှုကို ပြေပျောက်စေတဲ့ ဆေးဝါးဓာတ်စာပဲ။

အဲဒီလို မိန့်ကြားတော်မူတဲ့ ဒေသနာတော်ကို နာကြားပြီး နတ်သမီး တစ်ထောင်ထဲက စောစောက နတ်သမီးငါးရာက စုတေလို့ငရဲကျ။

ကံကောင်းထောက်မလို့ သုပြဟ္မာနတ်သားနဲ့ အတူပါလာတဲ့ နတ်သမီးငါးရာက ဘုရားရှင်ရဲ့ မကြောက်ဆေး၊ မတုန်လှုပ်ဆေး လေးမျိုးကို နာကြားပြီး သောတာပတ္တိဖိုလ်မှာ အားလုံးတည်ကြရတယ်။

ဒါကြောင့် "**ဒုက္ခဒေါမနဿာနံ**"- ကိုယ်ဆင်းရဲမှု ဒုက္ခ စိတ်မသက်သာ နှလုံးနာတဲ့ ဒေါမနဿတို့၏။ အတ္ထင်္ဂမာယ- ချုပ်ငြိမ်းခြင်းငှါ။ သံဝတ္တတိ- ဖြစ်၏။

ဒီသတိပဋ္ဌာန် လုပ်ငန်းကြီးဟာ ကိုယ်ဆင်းရဲမှု စိတ်မသက်သာ နှလုံးမသာမှု ဒီအချက်တွေကို ကျော်လွှားနိုင်တယ်။ နောက် "ဉာယဿ အဓိဂမာယ"- အရိယာမဂ်ကို ရရှိနိုင်တယ်။

http://www.dhammadownload.com



"နိဗ္ဗာနဿ သစ္ဆိကိရိယာယ"- နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။

အကျိုး (၇)မျိုးထဲမှာ အားလုံးကမ္ဘာ့လူထုကြီး တွေ့ကြုံပြီးတော့ နေကြတဲ့ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿဆိုတဲ့ ဘေးရန်ကြီးလေးမျိုး။

ကမ္ဘာ့လူထုကြီးဟာ ဒီဘေးရန်ကြီးလေးမျိုးကို မကျော်လွှားနိုင်ကြပါဘူး။ ကျော်လွှားနိုင်ဖို့ရာ နည်းလမ်းကောင်းလည်း ဘုရားသာသနာမှ တစ်ပါး မရှိပါဘူးတဲ့။

## ဘေးရန်ကြီးလေးမျိုးနှင့် ထူးခြားချက်သုံးမျိုး

နောက် အဲဒီဘေးရန်ကြီးလေးမျိုးကို ပယ်ရှားနိုင်တယ်။ စိုးရိမ်ပူဆွေး ငိုကြွေးမှု, ကိုယ်ဆင်းရဲမှု, စိတ်မအေးမှု, ကိုယ်ဆင်းရဲမှု, စိတ်မသက်သာ နှလုံးမသာမှု ဒီဘေးရန်ကြီးလေးမျိုးကို ဖယ်ရှားနိုင်တယ်။ ထူးခြားချက် (၃)မျိုးလည်း ရရှိနိုင်တယ်။

ထူးခြားချက် (၃)မျိုးက ဘာလဲဆိုတော့ စိတ်အညစ်အကြေးတွေ စိတ်အညစ်အကြေးဆိုတာ မက်မောမှု စိတ်မသက်သာ နှလုံးနာမှု လောဘ အစရှိတဲ့ အညစ်အကြေး။

အဲဒီ အညစ်အကြေးတွေ သန့်ရှင်းနိုင်တယ်။ အရိယာမဂ်ဆိုတာ ကိလေသာတွေကို ဖြတ်တောက်ပြီးတော့ နိဗ္ဗာန်ကို သွားရောက်နိုင်တဲ့ ဉာဏ်ပေါ့။ ပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း ဒီအကျိုးထူး အခွင့်ထူးကြီး (၃)မျိုးကိုလည်း ရရှိနိုင်တယ်။

အဲဒီတော့ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿဆိုတဲ့ စိုးရိမ်ပူဆွေး ငိုကြွေးမှု စိတ်ဆင်းရဲမှု စိတ်မသက်သာ နှလုံးမသာမှုဆိုတဲ့ ကမ္ဘာ့လူထုကြီးတွေ့ကြုံခံစားနေရတဲ့ ရှောင်လို့လဲမရ လွှဲလို့လဲမရ ဆုံဆည်းပြီးတော့ နေရတဲ့ ဒီဥပဒ္ဒဝေါခေါ်တဲ့ ဘေးရန်ကြီးလေးမျိုးကို ကျော်လွှားနိုင်ဖို့ရာအတွက် အခုတရား အားထုတ်ကြတာပါပဲ။

http://www.dhammadownload.com



## ဘိက္ခုနီမတို့၏ပွဲတွေ့တရား

အဲလို တရားအားထုတ်ကြတော့ ဘုန်းကြီးတို့ တစ်နေ့ကျတော့ အရှင်အာနန္ဒာမထေရ်မြတ် ဘိက္ခုနီများ သီတင်းသုံးတဲ့ ကျောင်းရောက်ပြီး သွားတော့ ဘိက္ခုနီမများက အရှင်အာနန္ဒာ ကိုယ်တော်မြတ် ကြွလာပြီဆို တော့ ရှိခိုးကြ အရိုအသေပြုကြ သင့်တင့်တဲ့ နေရာမှာထိုင်ကြပါတယ်။

ဘိက္ခုနီမတွေကလည်း အများကြီး ဘာကိုလျှောက်ကြသလဲဆိုတော့ "အရှင်ဘုရား တပည့်တော်တို့ ဘိက္ခုနီမများစွာ ဒီကျောင်းတိုက်ထဲမှာ နေကြပြီးတော့ သတိပဋ္ဌာန်လေးပါးအပေါ်မှာ တည်တဲ့စိတ် ရှိကြသဖြင့် မြင့်သော မြတ်သော အဆင့်ဆင့် ထူးခြားချက်များကို ဖြစ်နိုင်ကြပါတယ် ဘုရား" ပွဲတွေ့လျှောက်ထားကြပါတယ်။

လျှောက်ထားတဲ့ စကားလေးက "တပည့်တော်တို့ သတိပဋ္ဌာန် ကျင့်သုံးနိုင်တဲ့အတွက် သတိပဋ္ဌာန်လေးပါးမှာ ရပ်တည်ပြီး နေနိုင်တဲ့အတွက် မြင့်မြတ်တဲ့ အဆင့်ဆင့်တရားထူးများ သိနိုင်ခွင့် ရနေကြပါတယ်ဘုရား"လို့ လျှောက်ထားတော့-

## အရှင်အာနန္ဒာ

အရှင်အာနန္ဒာက **"ဧဝ မေတံ ဘဂိနိယော၊ ဧဝမေတံ ဘဂိနိယော၊"** ဘဂိနိယော- နှမတို့၊ ဧတံ- သင်တို့ရဲ့ ယခုလို သတိပဋ္ဌာန်နှလုံးစွဲသုံးပြီးတော့ နေကြသဖြင့် မြင့်တဲ့တရားထူး သိပြီးတော့ နေကြတယ်ဆိုတဲ့စကားဟာ မှန်ပါပေတယ် ဟုတ်ပါပေတယ်လို့။ ကောင်းပါပေတယ်လို့။

အားပေးစကား ပြောပြီးတော့ ဘိက္ခုနီမကျောင်းကနေပြီးတော့ မြတ်စွာဘုရားဆီသွား ရိုသေစွာ ရှိခိုး၊ တစ်နေရာမှာ ထိုင်ပြီးတော့ အဲဒီ အချက်အလက်ပဲ ဒီသတင်းစကားပဲ လျှောက်ထားတယ်။

## ဘုရားရှင်က

ရွှေဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော အို- မြတ်စွာဘုရား တပည့်တော် နံနက်က ဘိက္ခုနီမကျောင်း ရောက်ခဲ့ပါတယ်

http://www.dhammadownload.com



ဘုရား။ ရောက်တာနဲ့ ဘိက္ခုနီမများက ရှိရှိသေသေ ထိုင်ပြီးတော့ ဘိက္ခုနီမများက သတိပဋ္ဌာန်နှလုံးစွဲသုံးတဲ့ အတွက်ကြောင့် တပည့်တော်တို့တတွေ မြင့်မြတ်တဲ့ အဆင့်ဆင့် ထူးခြားချက်တွေကို သိရှိပြီးတော့ နေရပါတယ်ဆိုတဲ့ အကြောင်း လျှောက်ထားတော့-

တပည့်တော်ကလဲ အဲဒီစကားမှန်တယ်။ အဲဒီစကား ဟုတ်တယ်လို့ တပည့်တော် ပြောခဲ့ပါတယ်ဘုရားလို့ လျှောက်ထားတော့၊ မြတ်စွာဘုရားက **"ဧဝ မေတံ အာနန္ဒ ဧဝ မေတံ အာနန္ဒ"**- အာနန္ဒ- အာနန္ဒာ။ ဧတံ- ဤလျှောက်ထားတဲ့စကားသည်။ ဧဝံ- ဒီလျှောက်ထားတဲ့ အတိုင်းပဲ၊ အမှန်ပဲ ဒါအမှန်ပဲတဲ့။ ဘိက္ခုနီမတွေကို သင်အားပေးခဲ့တာ အမှန်ပဲ။

**ယောဟိ ကောစိအာနန္ဒ ဘိက္ခုဝါ ဘိက္ခုနီဝါ စတူသု သတိပဋ္ဌာနေသု သုပ္ပဋ္ဌိတစိတ္တောဝိဟရတိ"**

အာနန္ဒ- အာနန္ဒာ၊ အာနန္ဒ ဧတဒဂ်ငါးတန် ရာထူးခံသည့် အာနန်မည့်ခေါ် ငါ့ညီတော်။ ယောဟိကောစိ- အလုံးစုံသော။ ဘိက္ခုဝါ- ရဟန်းသည်လည်းကောင်း။ ဘိက္ခုနီဝါ- ရဟန်းမသည်လည်းကောင်း။ စတူသုသတိပဋ္ဌာနေသု- သတိပဋ္ဌာန်လေးပါးတို့၌။ သုပ္ပတိဋ္ဌိတ စိတ္တော- ကောင်းစွာတည်သော စိတ်ရှိသည်ဖြစ်၍။ ဝိဟရတိ- နေနိုင်၏။

အာနန္ဒာ ရဟန်းဖြစ်စေ၊ ရဟန်းမဖြစ်စေ၊ အမျိုးကောင်းသားဖြစ်စေ၊ အမျိုးကောင်းသမီးဖြစ်စေ သတိပဋ္ဌာန်လေးပါးမှာ တည်သောစိတ်ရှိပြီးနေမယ်ဆိုရင်- တဿ- ထိုရဟန်းအား၊ တဿာ- ထိုရဟန်းမအား၊ တဿ- ထိုအမျိုးကောင်းသားအား။ တဿာ- ထိုအမျိုးကောင်းသမီးအား။ ဥဠာရံ- မြတ်သော။ ပုဗ္ဗေနာပရံ- အဆင့်ဆင့်။ ဝိသေသံ- တရားထူးကို။ သဉ္ဇာနိဿတိ- သိလိမ့်မည်။ ဣတိ ဧတံ- ဤ အကျိုးအာနိသင်ကို။ ပါဋိကင်္ခ- အလိုရှိအပ်၏၊ (ဝါ) မချွတ်ဖြစ်လတ္တံ့ဟု မှတ်အပ်၏။

ဒီစကားတော်လေး မြတ်စွာဘုရားက ဘာမိန့်လိုသလဲဆိုရင် မည်သူမဆို ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ အမျိုးကောင်းသားပဲဖြစ်ဖြစ်၊ အမျိုးကောင်းသမီးပဲဖြစ်ဖြစ် သတိပဋ္ဌာန်လေးပါးတို့မှာ တည်တန့်သောစိတ်လေးနဲ့များ နေရင် သူအလိုရှိအပ်တဲ့ ရရှိအပ်တဲ့ အကျိုးက မချွတ်ဖြစ်လတ္တံ့ဟု မှတ်ရမယ့်

http://www.dhammadownload.com



အချက်က ဘာလဲဆိုတော့ **"ဥဋ္ဌာရံ ပုဗ္ဗေနာပရံ ဝိသေသံ သဉ္ဇာနိဿတိ"**။ ဥဠာရံ- မြင့်မြတ်သော။ ပုဗ္ဗေနာပရံ- အဆင့်ဆင့်။ ဝိသေသံ- တရားထူးကို။ သဉ္ဇာနိဿတိ- သိလိမ့်မည်။

ဒါမြတ်စွာဘုရားရဲ့ ရွှေနှုတ်တော်ထွက် သတိပဋ္ဌာနသံယုတ်မှာ ဘိက္ခုနုပဿယသုတ္တန်တဲ့၊ သတိပဋ္ဌာန်သံယုတ်မှာ အားကိုးလောက်တဲ့ အချက်ပဲ။ မြတ်စွာဘုရား ရွှေနှုတ်တော်ထွက် နှစ်သက်ကြည်ဖြူ ပေးသနား တော်မူခဲ့တဲ့ ဥပနိဿယအတိုင်း ထွက်လေ ဝင်လေလေး နှာသီးဖျားမှာ ထွက်ခိုက် ဝင်ခိုက် ကာလသမယလေးကို စူးစိုက်ပြီးတော့ သတိပဋ္ဌာန်မှာ ရည်တည်ပြီးတော့ နေခဲ့ကြတယ်။

အဲဒီတော့ မုချအားဖြင့် မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့အတိုင်း မြင့်သော မြတ်သော မြင့်မြတ်သော အဆင့်ဆင့် ထူးခြားတဲ့ တရားထူးကို သိရလိမ့်မယ်လို့ ရွှေနှုတ်တော်ထွက် စကားတော်ကြီးရှိတဲ့အတိုင်း။

**ဥဋ္ဌာရံ ပုဗ္ဗေနာပရံ ဝိသေသံ သဉ္ဇာနိဿတိ။**

ယောဂီသူတော်စင်များဟာ သတိပဋ္ဌာန်အာရုံနဲ့ ထုံမွှန်းပြီးတော့ နေကြတာ။

ဟော- မြင့်မြတ်တဲ့ အဆင့်ဆင့် ထူးခြားတဲ့ တရားထူးကို သိနိုင်ကြလိမ့်မယ်။ ဒါကြောင့် အဆင့်ဆင့် မြင့်မြတ်တဲ့ တရားထူးကို ရခြင်းအကြောင်း ကောင်းမြတ်တဲ့ သတိပဋ္ဌာန်တရားတော်ကို ဆက်လက်ပြီးတော့ ကြိုးစား မယုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

**တတိယနေ့ ဟောစဉ်ပြီး၏။**

## စတုတ္ထနေ့ဟောစဉ်

ဒီနေ့ ၁၃၆၂-ခု၊ ကဆုန်လပြည့်ကျော် (၄)ရက်။

ယောဂီများ အာနာပါနဿတိ ကမ္မဋ္ဌာန်း ရှုမှတ်ပြီးတော့လာတာ (၄)ရက် ရှိသွားပြီ။ (၄)ရက်ရှိသွားတော့ ယနေ့ မြတ်စွာဘုရား ဗောဓိမင်း

http://www.dhammadownload.com



သားရဲ့ **"တောကနဒ"**ဆိုတဲ့ ပြသာဒ်ဆောင်ဖွင့်ပွဲမှာ မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွတော်မူပြီးတော့-

**ဗောဓိမင်းသား**

ဒုက္ကရစရိယ ကျင့်ပြီးတော့ ဘုရားဖြစ်ပေါ်လာပုံ ပဥ္စဝဂ္ဂီ (၅)ဦး တရားထူးရပုံတွေ မြတ်စွာဘုရား ဟောကြားတဲ့ အခါကျတော့-

ဗောဓိမင်းသားက ဘာလျှောက်သလဲဆိုတော့ အရှင်ဘုရားတို့ကဲ့သို့ **အရဟတ္တဖိုလ်** ရောက်အောင် ညွှန်ပြနိုင်သော ပုဂ္ဂိုလ်ရှိပါလျှင် အဘယ်မျှ လောက်ဖြင့် အရဟတ္တဖိုလ် ရောက်နိုင်ပါသလဲ ရဟန္တာ ဖြစ်နိုင်ပါသလဲ ဘုရားတဲ့။

အဲဒီလို မေးတဲ့အခါကျတော့ မြတ်စွာဘုရားက ဗောဓိမင်းသားကို-

"ဗောဓိမင်းသား သင်ကလည်းပဲ ဆင်စီးအတတ် **တစ်ဖက်ကမ်း** ခတ်တဲ့ပုဂ္ဂိုလ်ပဲ။ သင့်ထံမှာလာပြီးတော့ လာသင်ကြတဲ့ တပည့်တွေရှိတယ်။ အဲဒီတပည့်တွေဟာ ယုံကြည်မှုမရှိရင် ဆင်စီးအတတ် သင်ရလောက်တဲ့ ကျန်းမာမှုမရှိရင်၊ ပြီးတော့ ဝီရိယ၊ လုံ့လဝီရိယ ဆင်စီးအတတ်သင်လောက်တဲ့ လုံ့လ ဝီရိယမရှိရင်၊ ပြီးတော့ ပညာသင်သူကလည်း ဖြောင့်စင်းမှု မရှိဘူးတဲ့။ ဆင်စီးအတတ်ကို တတ်မြောက်လောက်တဲ့ အသိဉာဏ် အင်အားလည်း မရှိဘူး။

အဲဒီလိုဆိုရင် သင့်ထံလာရောက် ပညာသင်တဲ့ လူတွေ ဆင်စီး အတတ် တတ်ပါမလား"တဲ့ အဲဒီလို မြတ်စွာဘုရားက ဗောဓိမင်းသား မေးတဲ့ မေးခွန်းကို မဖြေသေးပဲနဲ့ ဗောဓိမင်းသားကို ပြန်မေးတယ်။

ဗောဓိမင်းသားက "အဲဒီ အချက်အလက် ငါးမျိုးလုံး မပြောပါနဲ့ ဘုရား။ ယုံကြည်မှုမရှိတဲ့ ပုဂ္ဂိုလ်ဆိုရင် ဒီတစ်ချက်ထဲနဲ့ပဲ ဆင်စီးအတတ် မတတ်နိုင်တော့ပါဘူး။ နောက်တစ်မျိုး ကျန်းမာမှုမရှိခဲ့ရင်၊ ဖြောင့်စင်းမှု မရှိခဲ့ရင်၊ ဝီရိယမရှိခဲ့ရင်၊ ပညာမရှိခဲ့ရင် တစ်မျိုးချို့ယွင်းရင်ပဲ ဆင်စီး အတတ်ပညာ မတတ်နိုင်ပါဘူး ဘုရား"။

ဆက်ပြီးတော့ မေးအုန်းမယ်။ "ဗောဓိမင်းသား သင့်ရဲ့ ဆင်စီး အတတ် သင်တဲ့တပည့်တစ်ယောက်ဟာ ယုံကြည်မှု အပြည့်အဝရှိတယ်။

http://www.dhammadownload.com



ကျန်းမာမှုကလည်း ကောင်းတယ်၊ လှည့်ပတ်မှု မရှိဘူး၊ ဖြောင့်စင်းတယ်၊ ဝီရိယရှိတယ်၊ အသိဉာဏ်ပညာ ရှိတယ်။ အဲဒီလို အချက်အလက် (၅)မျိုး ရှိရင် ဒီပုဂ္ဂိုလ်ဟာ ဆင်စီးအတတ် မတတ်နိုင်ဘူးလား"မေးတော့၊ ဗောဓိ မင်းသားက-

"(၅)ခုလုံး ပြည့်စုံမှ မဟုတ်ပါဘူး ဘုရား။ ယုံကြည်မှုတစ်မျိုးထဲ တောင်မှ ဆင်စီးအတတ် တတ်နိုင်ပါတယ် ဘုရား။ ငါးမျိုးလုံးရှိတယ် ဆိုရင်တော့ ပြောစရာမလိုပါဘူး ဘုရား"။

အဲဒီလိုပါပဲတဲ့။ ငါဘုရား သာသနာတော်မှာလည်း တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေ လိုအပ်တဲ့ ပဓာနိယင်္ဂတရား ငါးပါးကို ဆက်ဟောတယ်။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ ပြည့်စုံသင့် ပြည့်စုံထိုက်တဲ့ အချက်အလက် တရားငါးပါး။

**နံပါတ် (၁)**

**သဒ္ဓေါဟောတိ သဒ္ဒဟတိတထာဂတဿ ဗောဓိံ။ (ပ)**

မြတ်စွာဘုရားရဲ့ မဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ယုံကြည်ခြင်း၊ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို ယုံကြည်ခြင်း၊ အဲဒီ ယုံကြည်မှုကလည်း (၄)မျိုးရှိတယ်။ ဘာလဲလို့ဆိုတော့-

၁။ ဘုရားအလောင်းတော်ကြီးများ ဘုရားဆုပန်လာခဲ့တာ သူ့သဘာဝ အားဖြင့်ကိုက ရတနာ (၃)ပါးကို ယုံကြည်ပြီးတော့ လာခဲ့တာ။ အဲဒါ အာဂမသဒ္ဓါ။

၂။ အဓိဂမသဒ္ဓါဆိုတာက မဂ်ဉာဏ်ရပြီးသား ပုဂ္ဂိုလ်၊ ဖိုလ်ဉာဏ် ရပြီးသား ပုဂ္ဂိုလ်များရဲ့ ယုံကြည်မှုမျိုး၊ ဒီသဒ္ဓါမျိုးကလည်း မပျက်ပါဘူး။

၃။ ဩကပ္ပနသဒ္ဓါ- သူတစ်ပါးတို့က တုန်လှုပ်ချောက်ချားအောင် ရတနာ (၃)ပါးကို မကြည်ညိုအောင် ဘယ်လိုပြောပြော ယုံကြည်မှု မပျက်တဲ့ သဒ္ဓါတရားမျိုး၊ တရားအားထုတ်တဲ့အခါမှာ နံပါတ် (၃) ဖြစ်တဲ့ ဩကပ္ပနသဒ္ဓါ အရေးကြီးတာပါပဲ။ ဒီသဒ္ဓါကိုပဲ ယူရမှာပါ။

http://www.dhammadownload.com



၄။ ပသာဒသဒ္ဓါ၊ ဘုရား, တရား, သံဃာ အသံကြားရရင် ကြည်ညို တယ်။ ကြည်ညိုရုံလေးမျှ ဖြစ်တယ်။ တကယ်တမ်း နှစ်နှစ်ကာကာ တော့ မရှိလှဘူး။ အဲဒီ ပသာဒသဒ္ဓါမျိုး ရှိရုံနဲ့ တရားအားထုတ် ရာမှာ မပြည့်စုံဘူး။

**နံပါတ် (၂)**

ယုံကြည်ကျန်းမာ (တရားအားထုတ်တဲ့ ယောဂီဟာ ကျန်းမာရေး ကောင်းရမယ်)။

**အပ္ပါဗာဓော ဟောတိ အပ္ပါတင်္ကော၊ နာတိသီတာယ နစ္စုဏှာယ သမဝေပါကိနိယာ ဂဟဏိယာ သမန္နာဂတော။** (ပ)

ဘုန်းကြီးတို့ မြန်မာစကားမှာ "ဝမ်းဟစ်လုံးကောင်း ခေါင်းတစ်လုံး မခဲ"ဆိုတဲ့ စကားလိုပဲ။ အညီအမျှ အာဟာရကို ကျက်စေနိုင်တဲ့ မအေးလွန်း မပူလွန်းတဲ့ ပါစကဝမ်းမီးနဲ့ ကံကြောင့်ဖြစ်တဲ့ တေဇောဓာတ်နဲ့ ပြည့်စုံပြီး ကျန်းမာတဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်။

**နံပါတ် (၃)**

နံပါတ် (၃)ကတော့ "**ဖြောင့်စင်းရမယ်**"တဲ့။ မြတ်စွာဘုရားအပေါ် မှာလည်း ဖြောင့်စင်းရမယ်၊ သီတင်းသုံးဖော်များအပေါ်လည်း ဖြောင့်စင်းရမယ်။

**နံပါတ် (၄)**

နံပါတ် (၄)ကတော့ "**ဝီရိယ**"ရှိရမယ်။ ဝီရိယက သမ္မပ္ပဓာန်ဝီရိယ၊ သမ္မပ္ပဓာန်ဝီရိယဆိုတာက မကောင်းမှုရှောင် ကုသိုလ်ဆောင်ရာမှာ အင်အားကောင်းတဲ့ ဝီရိယမျိုး။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကတော့-

"ကြော, ချဉ်, ရိုး, ရေ ကြွင်းပါစေ ကုန်စေသားအသွေး"၊ ဝီရိယရဲ့ အင်္ဂါလေးမျိုးရှိတာကိုး။ အကြော, အချဉ်, အရိုး, အသား, အသွေးတွေ ကုန်ချင်ကုန်ပါစေလို့ ဆိုပြီးတော့ အားထုတ်တဲ့ စတုရင်္ဂဝီရိယ "အသက်ကိုမျှ

http://www.dhammadownload.com



မညာရ သမ္ဗုဗ္ဗဓာန်လေး”။ အဲဒီလို ဝီရိယမျိုး ရှိရမယ်တဲ့။

## နံပါတ် (၅)

**ပညဝါ ဟောတိ ဥဒယတ္ထ ဂါမိနိယာ ပညာယ သမန္နာဂတော။(ပ)**

ပညာဟာ ဘယ်လိုပညာလဲဆိုတော့ ဝိပဿနာပညာ အစိကအား ဖြင့် တိုက်ရိုက်ဟောကြားတာကတော့ ဥဒယဗ္ဗယဉာဏ်နဲ့ ပတ်သက်ပြီးတော့ အဖြစ်အပျက်ကို သိနိုင်တဲ့ ဉာဏ်ပညာ။

## အမှီကောင်း

**ယုံကြည်ကျန်းမာ ဖြောင့်စင်းစွာနှင့် လွန်စွာအားထုတ် နာမ်နှင့်ရုပ်ကို ဖြစ်ချုပ်သိမြင် ဤငါးအင် မဂ်လျှင်ရကြောင်းတည်း။**

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက စပ်ဆိုထားပါတယ်။ ဘုန်းကြီးတို့ အခုလိုအခါမျိုးမှာ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးကို တပည့်ခံပြီး မှီခိုရတာ အင်မတန် ပြည့်စုံပါတယ်။ ဘာကြောင့်လဲလို့ဆိုတော့ ကျမ်းပေါင်း (၁၀၀)ကျော် ရေးသားပြီးထားတော့ သင်ပုန်းကြီးသင်ချင်ရင် ဆရာတော်ဘုရားကြီးက သင်ပုန်းကြီးစာအုပ် ရေးထားတယ်။

မဂ်လသုတ် သင်ချင်ရင်လည်း ရှိတယ်။ သဒ္ဒါ သဂြိုဟ် သင်ချင်ရင်လည်း ရတယ်။ ဝိနည်းသင်ချင်ရင်လည်း ဝိနယသံခိပ်ကျမ်း ရှိတယ်။ သမထ ဝိပဿနာ သင်ချင်တယ် အားထုတ်ချင်တယ် ဆိုပြန်တော့ ကမ္မဋ္ဌာန်းကျမ်းကြီးတို့ ဝိပဿနာဒီပနီ, အာနာပါနဒီပနီ စသည်ဖြင့် ဘယ်နေရာလေးမှ မကျန် ဒေါင့်စေ့အောင် ရေးသားထားခဲ့တယ်။ တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်နဲ့ ပတ်သက်ပြီးတော့ ဗောဓိမင်းသားကို မြတ်စွာဘုရားက ဟောခဲ့တဲ့ ပါဠိတော်ကြီး ရှိတယ်။

အဲဒီ ပါဠိတော်ကြီးကို “**ယုံကြည်ကျန်းမာ ဖြောင့်စင်းစွာနှင့် လွန်စွာအားထုတ် နာမ်နှင့်ရုပ်ကို ဖြစ်ချုပ်သိမြင် ဤငါးအင် မဂ်လျှင်ရကြောင်းတည်း**”။

ဖြစ်ချုပ်သိမြင်ဆိုတာ မနက်ဖြန် ဝိပဿနာကူးတော့ ဉာဏ်စဉ်

http://www.dhammadownload.com



အဆင့်ဆင့် တက်သွားပြီး **"သမ္မသနဉာဏ်ကစ ဥဒယဗ္ဗယဉာဏ်"**စသည် အချက်ဟာ အင်မတန်အရေးကြီးတယ်။

အဲဒီတော့ နံပါတ် (၅)ဖြစ်တဲ့ အချက်အလက်နဲ့ ပြည့်စုံဖို့ရာ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ် ယုံကြည်မှု မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကို ယုံကြည်မှု ကျန်းမာရေး ထိုက်တန်သလောက် ကောင်းကြတယ်။ အားထုတ်နိုင်တယ်၊ ဖြောင့်စင်းတယ်။ ပြီးတော့ စောစောက ပြောတာမျိုးလို သူ့အချိန်နဲ့သူ အချိန်ပြည့် အားထုတ်နိုင်တဲ့ ဝီရိယမျိုး၊ စတုရင်္ဂဝီရိယ မဟုတ်စေကာမူ-

**"ကြော ချဉ် ရိုး ရေ၊ ကြွင်းပါစေ ကုန်စေသား အသွေး၊ အသက်ကိုမျှ မညှာရ သမ္မပ္ပဓာန်လေး"**ဆိုတဲ့ အဲဒီလောက် မပြင်းထန်စေကာမူ သူ့အချိန်နဲ့သူ အားထုတ်လာခဲ့ကြတယ်။

ဒီအချက် ပြည့်စုံပြီးတဲ့ အခါကျတော့ နံပါတ် (၅) မိမိတို့ ရရှိထားတဲ့ သမာဓိကို အခြေခံပြီးတော့-

**သမာဓိ ပရိဘာဝိတာ ပညာမဟပ္ဖလာဟောတိ မဟာနိသံသာ။**

သမာဓိကနေပြီးတော့ တွန်းပို့လိုက်တဲ့ ဝိပဿနာဉာဏ်ပညာ ကျေးဇူးများပါတယ်။ **"မဟပ္ဖလာ"**- ကျေးဇူးအများကြီး ရှိတယ်။ **"မဟာနိသံသာ"**- အာနိသင်ကြီးတယ်။ **"ပညာပရိဘာဝိတံစိတ္တံ အာသဝေဟိ ဝိမုစ္စိ"**- ပညာကနေ တွန်းပို့လိုက်တဲ့ စိတ်ကလေး ပညာနဲ့ထုံမွှန်းပြီးတော့ ထားတဲ့ စိတ်ဟာ အာသဝေါတရားမှ လွတ်ကင်းနိုင်တယ်။

ဒီလိုဆိုတော့ **"ဣဒံ မေပုညံ အာသဝက္ခယံ ဝဟံ ဟောတု"** ကုသိုလ်ပြုတိုင်း ပြုတိုင်း ဆုတောင်းလာတဲ့ ဆုတောင်းကြီး ဒီလမ်းစဉ်နဲ့သွားတော့ ပြည့်သွားနိုင်တယ်။

## (၇)ရက်စခန်း

အဲဒီတော့ မြတ်စွာဘုရားက အဲဒီလို ဗောဓိမင်းသားကို တရားအားထုတ်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး အချက်အလက် (၅)မျိုးကို ဟောလိုက်တော့။

ဒီအချက်အလက် (၅)မျိုး ဟောပြီးတော့ ဗောဓိမင်းသား ဒီအချက်

http://www.dhammadownload.com



အလက်ငါးမျိုးနဲ့ ပြည့်စုံတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးကို ငါဘုရားက ညွှန်ကြားလိုက်လို့ရှိရင် (၇)နှစ်အားထုတ်ပါ။ အရဟတ္တဖိုလ် ပေါက် ရဟန္တာအဖြစ်သို့ ရောက်နိုင်တယ်။ တစ်ချို့ ပုဂ္ဂိုလ်များကြတော့ (၆)နှစ်။

တစ်ချို့ ပုဂ္ဂိုလ်များကျတော့ (၅)နှစ်၊ (၄)နှစ်၊ (၃)နှစ်၊ (၂)နှစ်၊ (၁)နှစ်၊

တစ်ချို့ ပုဂ္ဂိုလ်များကျတော့ (၇)လ၊ (၆)လ၊ (၅)လ၊ (၄)လ၊ (၃)လ၊ (၂)လ၊ (၁)လ၊

တစ်ချို့ ပုဂ္ဂိုလ်များကျတော့ (၁၅)ရက်၊ တစ်ချို့ ပုဂ္ဂိုလ်များကျတော့ (၇)ရက်၊

ငါဘုရား ညွှန်ကြားလိုက်မယ်ဆိုရင် အဲဒီအချက်အလက် ငါးမျိုးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်နိုင် တယ်။ အဲဒီစကားတော်အရ (၇)ရက်စခန်း ပေါ်လာပါတယ်။

တစ်ချို့ ပုဂ္ဂိုလ်များကျတော့ (၆)ရက်၊ (၅)ရက်၊ (၄)ရက်၊ (၃)ရက်၊ (၂)ရက်၊ (၁)ရက်၊ တစ်ရက်တောင် မဟုတ်ပါဘူးတဲ့။

တစ်ရက်တောင် မဟုတ်ပါဘူး။ တစ်ချို့ ပုဂ္ဂိုလ်များ မနက်က ဆုံးမ လိုက်ရင် မနက်မှာ ဒီတရားအားထုတ်လို့ ညွှန်ကြားလိုက်ရင် အဲဒီ ပုဂ္ဂိုလ်ဟာ ညနေမှာ အရဟတ္တဖိုလ်ပေါက် ရောက်နိုင်တယ်။

အဲဒီလို မြတ်စွာဘုရားက ဗောဓိမင်းသားကို ဟောကြားတော်မူခဲ့ ပါတယ်။ ပုဂ္ဂိုလ်အလိုက် ဟောတာပါပဲ။ ပုဂ္ဂိုလ်တွေကလည်း အမျိုးမျိုး အစားစား ရှိကြတာကိုး။

## ပုဂ္ဂိုလ် (၄)မျိုး

၁။ ဥဂ္ဃဋိတညူ ဆိုတဲ့ပုဂ္ဂိုလ်- အဲဒီ ပုဂ္ဂိုလ်မျိုးကျတော့-

**ယေဓမ္မာ ဟေတုပ္ပဘဝါ**

**တေသံ ဟေတုံ တထာဂတောအာဟ။**

http://www.dhammadownload.com



မြတ်စွာဘုရားဆီကတောင် တရားနာရတာ မဟုတ်ဘူး။ အရှင်အဿဇိဆီက နေပြီးတော့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးလောင်းလျာ တစ်ဂါထာတောင် မပြည့်ဘူး။ နှစ်ပါဒ-

**ယေဓမ္မာ ဟေတုပ္ပဘဝါ**

**တေသံ ဟေတုံ တထာဂတောအာဟ။**

အကြောင်းကြောင့်ဖြစ်တဲ့ တရားတွေရှိတယ်။ အကြောင်းကြောင့်ဖြစ်တဲ့တရားတို့ရဲ့ အကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူတယ်။

ဒီစကားလေးကို အရှင်အဿဇိမထေရ်က ရွတ်ပြီးဟောလိုက်တော့ အရှင်သာရိပုတ္တရာလောင်းလျာ၊ ဉပတိဿပရိဗိုဇ်ကြီး တစ်ခါထဲ သောတာပန် ဖြစ်သွားတယ်။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ နှစ်ပါးကိုပဲ ဟောတာပါပဲ။

အဲဒီလို ဉဃဋိတညူ ပုဂ္ဂိုလ်မျိုးကျတော့ သုတမယဉာဏ် အခြေခံတာနဲ့ပဲ တရားရသွားတယ်။ ကြားရုံလေးနဲ့ပဲ တရားရသွားတယ်။

တစ်ချို့က ဝိပဉ္စိတညူပုဂ္ဂိုလ်- ဝိပဉ္စိတညူပုဂ္ဂိုလ်ဆိုတာကတော့ တရားတော်တွေကို အကျယ်ချဲ့ပြီးတော့ ဖြိုဖြန့်ပြီးတော့ဟော၊ အကျဉ်းချုပ်နဲ့ မသိသေး၊ အကျယ်တဝင့်ဟောတာ ပြောတာလေး ကြားလိုက်တော့မှ အကျယ်တဝင့် ဟောချက် ပြောချက်တွေကို နောက်ကနေပြီး တွေးတောပြီးတော့ ကြံစည်ပြီးတော့မှ တရားရတဲ့ ပုဂ္ဂိုလ်ဟာ ဝိပဉ္စိတညူပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။

သူ့ကျတော့လည်း စိန္တာမယဉာဏ်နဲ့ပဲ ဟောသံ၊ ပြောသံ၊ ဟောချက်၊ ပြောချက်တွေကို မူတည်ပြီး စဉ်းစားဆင်ခြင်ပြီး တရားရသွားတဲ့ ပုဂ္ဂိုလ်မျိုးပါပဲ။

နံပါတ် (၃) ပုဂ္ဂိုလ်ကျတော့ နေယျပုဂ္ဂိုလ်၊ နေယျပုဂ္ဂိုလ်ကျတော့ များများဟောရမယ်၊ များများနာရမယ်၊ များများနားထောင်ရမယ်၊ များများမေး၊ များများတွေး၊ များများကျင့်ရမယ်။

အဲဒီလို များများနာနိုင် လေ့လာနိုင် များများသင်အံနိုင် အားထုတ်နိုင်ဖို့ လိုပါတယ်။ များများတရား အားထုတ်နိုင်မှ တရားမြင်တဲ့ နေယျပုဂ္ဂိုလ်မျိုး။

http://www.dhammadownload.com



နံပါတ် (၄) ပုဂ္ဂိုလ်ကျတော့ **"ပဒပရမ"** ပုဂ္ဂိုလ်တဲ့။ ဘယ်လောက် ကျင့်ကျင့်၊ ဘယ်လောက်အားထုတ် အားထုတ်၊ ဘယ်လောက်နာကြား နာကြား၊ ဒီဘဝမှာ တရားမရနိုင်ဘူး။ **ပဒပရမပုဂ္ဂိုလ်။**

နံပါတ် (၁) ဥဂ္ဃဋိတညူပုဂ္ဂိုလ်ဆိုတာ ဒီအချိန်မရှိပါဘူး ပြောပါတော့။

နံပါတ် (၂) ဝိပဉ္စိတညူပုဂ္ဂိုလ်ကလည်း ရှားပါတယ်။

နံပါတ် (၃) နေယျပုဂ္ဂိုလ်က များပါတယ်။ များများနာကြား၊ များများသင်၊ များများအားထုတ်၊ အဲဒီကျမှ တရားသဘောပေါက်နိုင်တဲ့ ပုဂ္ဂိုလ် နေယျပုဂ္ဂိုလ်တွေ များပါတယ်။

အဲဒီတော့ စောစောက မြတ်စွာဘုရား မိန့်ကြားတော်မူသလို တစ်ချို့ (၇)နှစ်၊ အဲဒီကနေပြီးတော့ (၇)ရက်၊ အဲဒီကနေပြီးတော့ တဖြည်း ဖြည်း တဖြည်းဖြည်း မနက်ဆုံးမ ညနေတရားထူးရ ညနေဆုံးမ မနက် တရားထူးရ၊ တစ်ရက်တောင် မပြည့်ဘူး။ အဲဒီလို ပုဂ္ဂိုလ် အမျိုးမျိုး အစားစား ရှိကြတော့ အရေးကြီးတာက တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ ပြည့်စုံရမယ့် အချက်အလက် (၅)မျိုး။

**"ယုံကြည်ကျန်းမာ ဖြောင့်စင်းစွာနှင့် လွန်စွာအားထုတ် နာမ်နှင့် ရုပ်ကို ဖြစ်ချုပ်သိမြင် ဤငါးအင် မင်္ဂလျှင်ရကြောင်းတည်း"**ဆိုတဲ့-

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ ပြည့်စုံရမယ့် အချက်အလက် (၅)မျိုးနဲ့ ပြည့်စုံဖို့ လိုပါတယ်။

အဲဒီလို မြတ်စွာဘုရားက တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များနဲ့ ပတ် သက်ပြီးတော့ အချက်အလက် (၅)မျိုး ဟောပြီးတဲ့ အခါကျတော့-

ဗောဓိမင်းသားတို့က သားသမီးမရှိကြဘူး။ သားသမီး ရလိုတဲ့ စိတ်နဲ့ **"ကောကနဒ"** ပြသာဒ်ဆောင်ကြီးဖွင့်ပွဲ မြတ်စွာဘုရားပင့်ပြီး ပိတ်ဖြူ တွေ ခင်းပြီးတော့ ကြိုဆိုတာကိုး။ မြတ်စွာဘုရားက ပိတ်ဖြူနင်းတော် မမူ။ ရဟန်းတော်များကိုလည်း မနင်းပါနဲ့လို့ တားတော်မူတယ်။

ဗောဓိမင်းသား ဇနီးမောင်နှံနှစ်ယောက်ရဲ့ ရှေးတုန်းက ငှက် ကလေးတွေ သတ်ဖြတ်ပြီးတော့ နှစ်ဦးသဘောတူ စားသောက်လာတဲ့ ကုသိုလ်ကံဟောင်း ရှိတယ်။

http://www.dhammadownload.com



သူ အမိန့်ထားတာက ခင်းထားတဲ့ ပိတ်ဖြူပေါ် မြတ်စွာဘုရား နင်းရင် တို့သားသမီး ရမယ်။ မနင်းရင် မရဘူးလို့ အမိန့်ထားတာကို မြတ်စွာဘုရားက သိတော်မူလို့ မနင်းဘူး။ ရဟန်းတော်များလည်း မနင်းကြ နဲ့ ဗောဓိမင်းသားတို့မှာ သူတို့ရဲ့ အကုသိုလ်ရှိတယ်။ သူတို့ဇနီးမောင်နှံ နှစ်ယောက်လုံး ငှက်ကလေးတွေကို သတ်ဖြတ်စားခဲ့ကြလို့ သားသမီးရမယ့် ပုဂ္ဂိုလ်မဟုတ်ဘူး။ အဲဒီလို မိန့်တော်မူပြီးတော့မှ-

**အတ္တာနံစေ ပိယံ ဇညာ၊ နနံ ပါပေန သံယောဇေ၊**

**တိဏ္ဏမညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။**

ပဏ္ဍိတော- ကြောင်းကျိုးမြင်သိ ပညာရှိသည် (ပညာရှိဆိုတာ အကြောင်းလည်း သိတယ်၊ အကျိုးလည်း သိတယ်၊ ယခုဘဝ အကျိုးစီးပွား လည်း နားလည်တယ်၊ တမလွန် အကျိုးစီးပွားလည်း နားလည်တယ်၊ ပစ္စုပ္ပန် တမလွန်အကျိုးတို့ကို ရရှိအောင် ကြိုးစားနိုင်တဲ့ ပုဂ္ဂိုလ်မှ ပညာရှိ)။

ဒါကြောင့် ပဏ္ဍိတော- ပညာရှိသည်။ အတ္တာနံ- ခုလဲကိုယ့်ကို နောင်ကိုယ့်ကိုဟု သို့ကလိုသိရှိ မိမိကိုယ်ကို။ ပိယံ- အသက်အသွင် မပျက် ချယ်အောင် အချစ်ခင်ရဆုံးဟူ၍။ စေဇညာ- အကယ်၍သိအံ့။ စေဇညာ- အခါအခါ အရာရာဝယ် ကောင်းစွာသိနိုင်အံ့ (ပညာရှိဟာ မိမိကိုယ်ကို အချစ်ဆုံးလို့ နားလည်လို့ရှိရင်)။ နံ- ထိုမိမိကိုယ်ကို။ နံ- ထိုခုလဲကိုယ့်ကို နောင်ကိုယ့်ကိုဟု သို့ကလိုသိရှိ မိမိကိုယ်ကို။ ပါပေန- မကောင်းမှုနှင့်။ နသံယောဇေ- မယှဉ်စေရာ။

ပညာရှိ သူတော်ကောင်းဟာ မိမိကိုယ်ကို ချစ်တယ်ဆိုရင် မကောင်းမှု အကုသိုလ်များနှင့် မယှဉ်ရဘူး။ မကောင်းမှု အကုသိုလ်မပြုကြဘူး။

ပဏ္ဍိတော- ကြောင်းကျိုးမြင်သိ ပညာရှိသည်။ တိဏ္ဏံ- အရွယ် သုံးပါးတို့တွင် ပထမအရွယ်, ဒုတိယအရွယ်, တတိယအရွယ် အရွယ်သုံးပါး ရှိတာကိုး။ ဘုန်းကြီးတို့ အသက်တစ်ရာတန်းမှာဆိုရင် သုံးဆယ့်သုံးနှစ်နဲ့ လေးလ ပထမအရွယ်၊ ဒုတိယအရွယ် သုံးဆယ့်သုံးနှစ်နဲ့လေးလ၊ ခြောက် ဆယ့်ခြောက်နှစ်နဲ့ ရှစ်လဆိုရင် ဒုတိယအရွယ် ကုန်သွားပြီ။ တတိယအရွယ် ကလည်း သုံးဆယ့်သုံးနှစ် နဲ့လေးလ၊ တစ်ရာ၊ တစ်ရာနေရတဲ့ ပုဂ္ဂိုလ်အတွက်



47(B)

http://www.dhammadownload.com



ပြောတာပါ)။

အညတရံ ယာမံ- တစ်ပါးပါးသော အရွယ်၌။ ပဋိဇဂ္ဂေယျ- အကုသိုလ်မနှော စင်းလုံးချောအောင် ဆေးကြောသုတ်သင်ရာသတည်း။

ဒါမြတ်စွာဘုရားက ဗောဓိမင်းသားကို "ဗောဓိမင်းသား၊ ကိုယ့်ကိုယ်ကို ချစ်တယ်ဆိုရင် မကောင်းတဲ့အကုသိုလ်တွေ မလုပ်နဲ့။ မိမိကိုယ်ကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထိန်းသိမ်း၊ အရွယ်သုံးပါးရှိတာထဲက တစ်ပါးသော အရွယ်မှာ အကုသိုလ်မနှော စင်းလုံးချောအောင် ဆေးကြောသုတ်သင်နိုင်မှ အကျိုးရှိမယ်"။

မြတ်စွာဘုရားက အနုမောဒနာ အနေအားဖြင့် ဗောဓိမင်းသားကို ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်။

ပဏ္ဍိတော- ပညာရှိသည်။ ပဏ္ဍိတော- ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောအကျိုးကို ရရှိအောင် အားထုတ်နိုင်တဲ့ ပညာရှိသည်။ အတ္တာနံ- မိမိကိုယ်ကို။ ပိယံ- အသက်အသွင် မပစ်ချင်အောင် ချစ်ခင်အပ်သည်ဟူ၍။ စေဇညာ- အခါအခါ အရာရာဝယ် ကောင်းစွာမသွေ သိခဲ့ပေအံ့။ နံ- ထိုမိမိကိုယ်ကို။ ပါပေန- မကောင်းညစ်ညူး အကုသိုလ်တရားအစုနှင့်။ နသံယောဇေ- မယှဉ်စေရာ။ တိဏ္ဏံ- အရွယ်သုံးပါးတို့တွင်။ အညတရံ- တစ်ပါးပါးသော အရွယ်၌။ ပဋိဇဂ္ဂေယျ- အကုသိုလ်မနှော စင်းလုံးချောအောင် ဆေးကြောသုတ်သင်ရာသတည်း။

သာဓု သာဓု သာဓု

စတုတ္ထနေ့ဟောစဉ်ပြီး၏။

## ပဉ္စမနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ ကဆုန်လပြည့်ကျော် (၅)ရက်နေ့။

http://www.dhammadownload.com



**နှစ်မျိုးထဲပဲရှိ**

ယနေ့ပဲ သမထစခန်းကနေပြီးတော့ ဝိပဿနာလမ်း တက်လှမ်းပြီးတော့ လာခဲ့ကြတယ်။

ဝိပဿနာဆိုတာ ဘာလဲလို့ဆိုတော့-

**နာမဉ္စ ရူပဉ္စ ဣဓတ္ထိသစ္စတော။**

ဣဓ- ဤလောက၌။ သစ္စတော- အမှန်အားဖြင့်။ နာမဉ္စ- နာမ်သည်လည်းကောင်း။ ရူပဉ္စ- ရုပ်သည်လည်းကောင်း။ အတ္ထိ- ရှိ၏။

လောကကြီးတစ်ခုလုံးကို ခြုံကြည့် နှစ်မျိုးထဲပဲ ရှိတယ်။ အဲဒီ (၂)မျိုးက ဘာလဲလို့ဆိုတော့ နာမ်နှင့်ရုပ်။

**"ဝိပဿနာဆိုတာ နာမ်နှင့်ရုပ်ကို မြင်အောင် ထင်အောင် ကြည့်တဲ့နည်းပါပဲ။ အရှိကို အရှိအတိုင်း ကြည့်တဲ့နည်း"**။ သို့သော် နာမ်အကုန်လုံး ရုပ်အကုန်လုံးမြင်မှ ဝိပဿနာကိစ္စ ပြီးရောတဲ့လားဆိုတော့ နာမ်အကုန် ရုပ်အကုန်မြင်မှ ဝိပဿနာဖြစ်တယ်လို့ မဟောပါဘူး။

ဒီဝိပဿနာစခန်း တက်လှမ်းနိုင်ဖို့အတွက် ကြိုးစားခဲ့ကြရတာ။

**သတိယာ အာရမ္မဏံ ပရိဂ္ဂဟေတွာ ပညာယ အနုပဿနာ ဟောတိ။**

သတိယာ- သတိဖြင့်။ အာရမ္မဏံ- ထွက်လေ ဝင်လေဟု ဆိုအပ်သော အာရုံကို။ ပရိဂ္ဂဟေတွာ- သိမ်းဆည်း၍ (သတိနဲ့ ထွက်လေ ဝင်လေဆိုတဲ့ အာရုံကို သိမ်းဆည်းပြီးတော့)။

ယနေ့တော့ ပညာယ- ဉာဏ်ပညာဖြင့်။ အနုပဿတိ- အဖန်ဖန် အထပ်ထပ် ရှု၏လို့ ဆိုတဲ့အတိုင်း-

**ခန္တီက ပဓာန**

ဉာဏ်အပိုင်း ရောက်လာတယ်။ တစ်နည်းအားဖြင့် ဝိပဿနာပိုင်း ရောက်လာတယ်။ အဲဒီလိုအဆင့်ရောက်အောင်-

**သီလ သမာဓိ ပညာနံ၊ ခန္တိ ပဓာန ကာရဏံ။**
**သဗ္ဗေပိ ကုသလာဓမ္မာ၊ ခန္တျာယတ္တာဝ ဝမုရေ။**

http://www.dhammadownload.com



သီလကုသိုလ်, သမာဓိကုသိုလ်, ပညာကုသိုလ်၊ ဒီကုသိုလ်တွေ ရရှိဖို့ရာ အရင်းကျကျ အကြောင်းအရာရှာတဲ့ အခါကျတော့ သည်းခံနိုင်မှု ခန္တီဟာ အဓိကကျပါတယ်။

**သဗ္ဗေပိ ကုသလာဓမ္မာ ခန္တျာယတ္တာ၀ ဝဒုရေ။**

သီလ, သမာဓိ, ပညာမှမဟုတ်ဘူး။ ကုသိုလ်မှန်သမျှ ကုသိုလ်ရရေးဟာ ကောင်းတဲ့လောကဓံ, မကောင်းတဲ့လောကဓံ သည်းခံနိုင်မှ သည်းခံနိုင်တဲ့ ခန္တီနဲ့ ဆက်စပ်ပါတယ်။

ယနေ့ (၅)ရက်မြောက်နေ့ထိအောင် ညောင်းသော်လည်းပဲ အောင့်အီးသည်းခံ ပူသော်လည်းပဲ အောင့်အီးသည်းခံပြီး လာခဲ့လို့ မြတ်ဗုဒ္ဓရဲ့ ဒေသနာနဲ့အညီ။

သီလကနေ သမာဓိ၊ သမာဓိကနေပြီးတော့ ဝိပဿနာ အဆင့်ဆင့်တက်ပြီးတော့ လာနိုင်ခဲ့ကြတာကိုး။ အဲဒီလို အဆင့်ဆင့်တက်ပြီး လာခဲ့တယ်။

မြတ်စွာဘုရားက မဟာသတိပဋ္ဌာန်သုတ္တန် ဒေသနာတော်မြတ်ကြီးမှာ ကြေငြာချက် (၇)မျိုး။

ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ နည်းနာနိဿယဟာ အာနာပါနဿတိ သုတ္တန်မှာ အခြင်းအရာ (၃၂)မျိုးနဲ့ ၁၆-စုံ၊ ၃၂-မျိုး။ အဲဒီ (၃၂)မျိုးထဲက-

ဒီမဟာသတိပဋ္ဌာန သုတ္တန်ကြီးမှ (၄)စုံ၊ (၄)နည်း ပြောပါတော့။ လေးနည်းလေးစုံ ပထမဆုံး ဟောကြားတော်မူပါတယ်။ အဲဒီ လေးနည်းလေးစုံကို ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက-

**သတိမြဲရာ ပထမာ ဒု,မှာရှည်တိုသိ၊**

**လုံးစုံလင်းရာ တတိယာ စ,မှာငြိမ်းစေဘိ။**

ယောဂီသူတော်စင်များ အားထုတ်ခဲ့ကြပြီ။ ဒီလေးနည်း-

နံပါတ် (၁)က သတိလေးနဲ့ ထွက်သက်ထုတ်တယ်။ ဝင်လေကို ရှူတယ်၊ ရှိုက်တယ်။

နံပါတ် (၂)ကျတော့ ထွက်လေ ဝင်လေ အတိုအရှည်ကို သိတယ်။

နံပါတ် (၃)ကျတော့ ထွက်လေ့ရဲ့ အစခရီး, အလယ်ခရီး, အဆုံး

http://www.dhammadownload.com



ခရီး၊ ဝင်လေရဲ့ အစခရီး, အလယ်ခရီး, အဆုံးခရီး၊ ခရီးစဉ် သုံးခုလုံး။ ဒီအစ, အလယ်, အဆုံး သုံးမျိုး ကြည့်တဲ့နည်းမှာ သူဆွံ့ပုခက်လွှဲ ဥပမာ၊ လွှသမား ဥပမာ၊ တံခါးစောင့် ဥပမာအတိုင်း ကြည့်ရှုတတ်ဖို့ပါပဲ။

## သူဆွံ့ပုခက်လွှဲ ဥပမာ

သူဆွံ့ဟာ တိုင်မှီပုခက်ကို မှန်မှန်လွှဲနေတာပဲ။ ပုခက်သွားရာဆီ လိုက်ကြည့်ဖို့ လိုက်သွားဖို့ မလိုသလို နှာသီးဖျားမှ ထွက်လေ ဝင်လေကိုသာ ရှုမှတ်ရုံပါပဲ။

နံပါတ် (၄)ကျတော့ ထွက်လေ ဝင်လေကို နူးညံ့သည်ထက် နူးညံ့အောင် တဖြည်းဖြည်း သိမ်မွေ့သွားအောင် ထွက်လေ ဝင်လေကို ထုတ်ခဲ့ကြ မှုတ်ခဲ့ကြ၊ အားထုတ်ခဲ့ကြတယ်။

## အကျိုးသွား (၂)မျိုး

အဲဒီတော့ ဘုရားရှင် ကိုယ်တော်တိုင် အဲဒီမှာ ဘာဝနာသုံးမျိုး ဆက်ပြီးတော့ ဟောပါတယ်။

စောစောက အကျိုးတရား (၇)ပါးအပြင် ထည့်သွင်းပြီးတော့ ဟောကြားတော်မူတဲ့ အကျိုးတရား (၂)မျိုးလည်း တွေ့ရပါတယ်။ ဘာဝနာ (၃)မျိုးက-

ဟော- အဇ္ဈတ္တသန္တာန်မှာလည်းပဲ ရုပ်အပေါင်းမှာ ကာယရုပ်အပေါင်းလို့ ရှု။ ဗဟိဒ္ဓကာယမှာလည်း ရုပ်အပေါင်းလို့ ရှု၊ အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန် (၂)မျိုးလုံးမှာလည်း ရုပ်အပေါင်းကို ရှု၊ ဘာဝနာ (၃)မျိုး။

အဲဒီတော့ ဓာတု ဝိဘင်းမှာတော့ မြတ်စွာဘုရားက ဓာတ်လေးပါး၊ ဓာတ်ခြောက်ပါး ဟောတော့ အခု ဝါယောဓာတ်ကို **"ဒွေမာ ဝါယောဓာတု"** ဝါယောဓာတ်ဟာ (၂)မျိုး၊ **"အဇ္ဈတ္တာစ ဗဟိဒ္ဓါစ"** အတွင်းဝါယောရုပ်, အပြင် ဝါယောရုပ်။

http://www.dhammadownload.com



**ဝိပဿနာကူး**

ဒီတော့ ဝါယောကို ဘာသာပြန်တော့ **"လေ"**လို့ ပြန်ပါတယ်။ သိရမှာက အဲဒီလောက်နဲ့ ပရမတ်မရောက်သေးဘူး။ ပရမတ် မရောက်သေးတော့ ဝါယောလေဆိုတဲ့ လေရဲ့သဘောကို ကြည့်လိုက်ပြန်တော့ အပြင်လေကို ပထမဆုံး စဉ်စားကြည့်ကြရအောင်။

"လေတိုက်တယ်ဟေ့၊ လေတိုက်တယ်၊ တောင်ဘက်က တံခါးတွေပိတ်ကြ"၊ တောင်ဘက်က လေတိုးလာတာကိုး။

"သစ်ကိုင်းလေးတွေ လေတိုက်တယ်၊ လှုပ်နေတယ်၊"

အဲဒီတော့ တွန်းကန် လှုပ်ရှား၊ သူ့သဘောသွားက တွန်းကန်လှုပ်ရှားတဲ့ သဘောရှိတယ်။

အဲဒီတော့ ဝါယောဓာတု- ဝါယောဓာတ်ဆိုတာ တွန်းကန်လှုပ်ရှားတဲ့သဘော။ ဓာတု= ဓာတ်၊ ဓာတ်ဆိုတာက ဘာလဲ၊ သဘော။

တွန်းကန်လှုပ်ရှားတဲ့ သဘောလေး မြင်ရမှာပါပဲ။ ထွက်လေ- တိုးပြီးတော့ ထွက်လာတဲ့ တွန်းကန်လှုပ်ရှားတဲ့ သဘောလေးပဲ မြင်ရမယ်။

ထွက်လေဆိုတာက ပညတ်နယ်ပယ်က စကားပြောတာ။ ဝိပဿနာနယ်ပယ်ရောက်တဲ့ အခါကျတော့ တွန်းကန်လှုပ်ရှားတဲ့ သဘောလေး၊

အဲဒီ သဘောဆိုတာ ဘာလဲလို့ဆိုတော့ သုည၊ သုညဆိုတာ သတ္တဝါလို့လည်း မပြောနဲ့။ အသက်ထင်ရှား ရှိတယ်လို့ မပြောနဲ့၊ အမျိုးသား အမျိုးသမီးလို့လည်း မပြောနဲ့၊ သူရယ်, ငါရယ်, သတ္တဝါရယ် ဒီလို မပြောနိုင်ဘူး။

တွန်းကန်လှုပ်ရှားတဲ့ သဘောလေးပဲ။ အဲဒီ သဘောလေးကို အတွင်းသန္တာန်မှာ ကြည့်လိုက်ပါတဲ့။ တစ်နေ့ အကြိမ်ပေါင်းများစွာ၊ အကြိမ်ပေါင်း သောင်းချီပြီးတော့ အသုံးချနေတဲ့ ထွက်လေ ဝင်လေ တွန်းကန်လှုပ်ရှားလေ၊ တွန်းကန်လှုပ်ရှား ဝါယောကို တွန်းကန်တဲ့ သဘောလေး၊ လှုပ်ရှားတဲ့ သဘောလေး၊ အေရာတည်လာတာက ထွက်လေ ဝင်လေ ဝါယောဓာတ်နဲ့ ဧရာတည်ပြီးတော့ တရားစခန်းစခဲ့တာကိုး။

ဒါကြောင့် ဝိပဿနာ ကူးတဲ့နည်းက အမျိုးမျိုး ရှိပါတယ်။ အင်မတန် များပြားပါတယ်။ သို့သော် ဘုန်းကြီးက ယောဂီများ ထင်လွယ်

http://www.dhammadownload.com



နိုင်တဲ့ မြင်လွယ်နိုင်တဲ့ ထွက်လေ ဝင်လေ၊ ပါဠိဘာသာမှာ ဝါယောဓာတ်၊ သိရမှာက တွန်းကန်လှုပ်ရှား သဘောသွားလေး သိရမှာပါ။ တွန်းကန်လှုပ်ရှားသဘောလေးပဲ။ အသက်ရှူတယ်ဆိုရင် ပညတ်မပျောက်ပါဘူး။ တွန်းကန်လှုပ်ရှားတဲ့ သဘောသွားလေး ဓာတ်ကို ကြည့်ရမယ်။

ဓာတ်ဆိုတာ ဘာလဲ၊ သဘော။ သဘောဆိုတာ ဘာလဲ၊ သုည။ သုညဆိုတာ ဘာလဲလို့ဆိုတော့ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမမှ ကင်းတယ်။

သူ့သဘာဝအတိုင်း ဖြစ်နေတဲ့ သဘောလေး၊ တွန်းကန်လှုပ်ရှား၊ အဲဒီ တွန်းကန်လှုပ်ရှား သဘောသွားလေးကို မိမိရဲ့အတွင်းသန္တာန်မှာ ဝမ်းတွင်း မှာ ဝမ်းရဲ့အသံတို့ ခြေတွေ, လက်တွေ လှုပ်ကြ, ရှားကြတယ်ဆိုတာ ဝါယော ရဲ့ သတ္တိ။

ခြေလက်လှုပ်တဲ့အခါ ဝါယောရဲ့ သူ့ရဲ့စွမ်းအင်ပဲ။ တွန်းကန်လှုပ်ရှား သဘောသွားလေး ရှိလို့။ ဒီသဘောသွားလေး မရှိရင် လေဖြတ်တယ်။ ဒီလို ခေါ်ရတာကိုး။ အဲဒီတော့ သူ့သန္တာန်, ကိုယ့်သန္တာန်, အတွင်းသန္တာန်, အပြင် သန္တာန်။ ဟော- အတွင်းအပြင် သန္တာန်၊ သန္တာန်သုံးမျိုး သဘောထားကြည့်။

တွန်းကန်လှုပ်ရှား သဘောသွားလေး ဖြစ်နေတာ မြင်ရမယ်။ အဲဒီ ဓာတ်သဘောသွားကို ကြည့်နိုင်ရင် ဝိပဿနာပါပဲ။ ဓာတ်ကိုမြင်တာကိုး။ ဓာတ်ဆိုတာ ဘာလဲ၊ သဘောသွား။ သဘောကလေးမြင်တာ။ ဒါက တစ်ဆင့် ဝိပဿနာတက်ပုံ တစ်မျိုးပါ။

**ပန်းပဲသမား**

နောက်တစ်ဆင့် မြတ်စွာဘုရားက **"သမုဒယ ဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ"**။

ထွက်လေ ဝင်လေ ဖြစ်စဉ်လေးကို ဖြစ်ပုံလေးကို ကြည့်ပြီးတော့ လည်း နေတဲ့။ အဲဒီကျတော့ ဥပမာနဲ့-

ပန်းပဲသမားတစ်ယောက်ဟာ ရှူး ရှူး ဆိုပြီး အသံထွက်အောင် သူလိုချင်တဲ့ မီးအားအနည်းအများကို ရအောင် ဘာတွေရှိရသလဲဆိုတော့။

http://www.dhammadownload.com



**မြစ်တာကို့ရှု**

ဖားဖို (ရွှတ်တီး) ရှိရမယ်။ ဖားဖိုရဲ့ မိုက်ဝလည်း ရှိရတယ်။ ထိုင်ပြီး တော့ ရှူး ရှူးနဲ့ မီးလာအောင် ဆွဲပေးတဲ့ လုံ့လဝီရိယ ရှိရတယ်။ အဲဒီ သုံးချက်ရှိမှ ရှူး ရှူး ဆိုတဲ့ အသံဟာ လေဖြစ်ပါတယ်။ ဒါဟာ ဗဟိဒ္ဓလေ၊ ဥပမာ ဗဟိဒ္ဓလေပါ။

ဖားဖိုရယ်၊ ဖိုဝရယ်၊ ပန်းပဲသမားရဲ့ လုံ့လရယ်၊ အဲဒီ (၃)ခုပေါင်းတဲ့ အခါကျတော့ လေက ရှူးရှူး ရှူးရှူးနဲ့ အရှည်အတို ဖြစ်လာတယ်။ အဲဒီလိုပါပဲတဲ့။

ဘုန်းကြီးတို့ ယောဂီများရဲ့ ကာယပသာဒ ကိုယ်အကြည်ဓာတ် ဒါလည်း ရှိရမယ်။ နာသပုဋ ခေါ်တဲ့ နှာခေါင်းဘုလေးလည်း ရှိရမယ်။ နောက်တစ်ခုက ဘာလဲ၊ စိတ်။

အဲဒီတော့ ကိုယ်အကြည်ဓာတ်ကင်းတဲ့ လက်သည်း, ခြေသည်းတို့ အပေါ်မှာဆိုရင် ဒါမဖြစ်နိုင်ပဲကိုး။ ကိုယ်အကြည်ဓာတ် နှာခေါင်းပတ်ဝန်း ကျင်မှာ ကိုယ်အကြည်ဓာတ်က ရှိနေ၊ နှာခေါင်းဘုလေး၊ ပြီးတော့ စိတ်၊ အဲဒီ (၃)မျိုး ပြည့်စုံတဲ့အခါကျတော့ ထွက်လေ ဝင်လေဆိုတာ ဖြစ်တယ်။

အဲဒီလို **"သမုဒယ ဓမ္မာနုပဿီဝါ"** ဖြစ်ပုံလေးကို အဖန်ဖန် အထပ် ထပ် ရှုမှတ်သည်ဖြစ်၍ ကာယသ္မိံ- ရုပ်ကာယ ရုပ်အပေါင်း၌။ အနုပဿီ- ဖြစ်ပုံလေးကို အဖန်ဖန် ရှုသည်ဖြစ်၍။ ဝိဟရတိ- နေ၏။

အဲဒီတော့ ပန်းပဲသမားကလည်း အခုချိန်မှာ အလွန်ရှား၊ အတော် ခက်၊ ဘုန်းကြီးတို့ ကလေးတုန်းကတော့ ရွာတစ်ရွာမှာ ပန်းပဲသမား သုံး လေးဦးဆိုတော့ ပန်းပဲကို သဘောပေါက်တယ်။

အဲဒီတော့ ဒီစကားလေးကို ထပ်ပြောပါမယ်။ ပန်းပဲဆရာ တစ်ယောက်၊ သူရဲ့ဖားဖို ရှိရမယ်။ ဖိုဝ ရှိတယ်။ လုံ့လ ရှိတယ်။ ဒီ (၃)ချက် ပေါင်းလိုက်တော့ ဖားဖိုကနေပြီးတော့ ရှူးရှူး ရှူးရှူးဆိုတဲ့ လေထွက်ပြီးတော့ လာပါတယ်။

အဲဒီလိုပဲ ကိုယ်ဟာလည်းပဲ ကာယပသာဒ ကိုယ်အကြည်ဓာတ် ရှိရတယ်။ နှာခေါင်းဘု ရှိတယ်။ စိတ် ရှိတယ်။ အဲဒီ (၃)ချက် ညီတဲ့အခါ

http://www.dhammadownload.com



ကျတော့ ထွက်လေ ဝင်လေဆိုတာ ဖြစ်ပေါ်ပါတယ်။

**အပျက်ကိုရှု**

**"သမုဒယဓမ္မ"** ဖြစ်ပုံကို,စဉ်စား ပျက်တာလေးကို ဘယ်လို စဉ်းစားမလဲ။ **"ဝယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ"**။ ကာယသ္မိံ- ရုပ်အပေါင်း၌။ ဝယ ဓမ္မာနုပဿီ- ပျက်ပုံကို အဖန်ဖန် အထပ်ထပ် ရှုမှတ်ခြင်းဖြင့်။ ဝိဟရတိ- နေ၏။

ရုပ်ဖြစ်ပြီး ပျက်ပုံကို ရုပ် (၂၈)ပါး ရှိတာထဲက များများမပဟုတ်ဘူး တစ်ခုပဲ။ ဝါယောရုပ် ပျက်ပုံကလေး၊ ထွက်လေ ဝင်လေဆိုတဲ့ ဝါယောရုပ်၊ တွန်းကန်ခြင်း သဘောရှိတဲ့ ဝါယောရုပ်။

စောစောက ပန်းပဲသမား ဖားဖိုကြီးကို ဖယ်ပစ်ပါ၊ ဖိုဝကိုလည်း ဖျက်ဆီး၊ လုံ့လလည်း မရှိတော့ဘူးဆိုရင် ဖားဖိုက ရှူးရှဲဆိုတဲ့ အသံလေမထွက်တော့ဘူး။

အဲဒီလိုပဲတဲ့ ဘုန်းကြီးတို့ ယောဂီများမှာ ကာယပသာဒ ကိုယ်အကြည်ဓာတ်ကလေး ဖယ်လိုက်၊ နှာခေါင်းဘူလေးလည်း ဖယ်လိုက်၊ စိတ်လည်း ဖယ်လိုက်လို့ရှိရင် ထွက်လေ ဝင်လေ တွန်းကန်လှုပ်ရှား ဝါယောဓာတ်ကလေး ပျက်သွားပါပြီ။ မဖြစ်တော့ပါဘူး။

အဲဒီလို ဖြစ်တာကို အဖန်ဖန် စဉ်းစားရမယ်။ ဖြစ်ပြီးတော့ ပျက်တာကို အဖန်ဖန် စဉ်းစားရမယ်။ ဒါကို ဝိပဿနာ အထူးမြင်တယ်လို့ ဆိုနိုင်တယ်။ ဒီနည်းကတော့ မြတ်စွာဘုရား ကိုယ်တော်တိုင် ညွှန်းထားတဲ့ ဝိပဿနာကိုး။

**ဝိပဿနာလမ်းစဉ်ကိုဖွင့်**

အဲဒီတော့ ဆက်ပြီးတော့ အဋ္ဌကထာဆရာကြီးတွေက ဘယ်လို ဖွင့်သလဲ။

ဒါက မြတ်စွာဘုရားရဲ့နည်းကို တိုက်ရိုက်ညွှန်းတာကို ပြောရတာ။ အဋ္ဌကထာဆရာကြီးတွေကျတော့ ဝိပဿနာတက်ပုံလေး (၂)လမ်း ရှိပါတယ်။

http://www.dhammadownload.com



တစ်လမ်းက ထွက်လေ ဝင်လေကို ရှုမှတ်ပြီးတော့ ပွားများအား ထုတ်နေတဲ့ ယောဂီသူတော်စင်ရဲ့နည်း။ ထွက်လေ ဝင်လေကို ရှုမှတ်လို့ ဈာန်ရတဲ့ပုဂ္ဂိုလ်ရဲ့နည်း (၂)နည်း။

အခု ဘုန်းကြီးတို့ ဝိပဿနာမှာ ထွက်လေ ဝင်လေကို ရှုမှတ်ပွား များနေတဲ့ ယောဂီရဲ့ဝိပဿနာလမ်းစဉ်ကို ပြောပါမယ်။

**"ဣမေ အဿာသ ပဿာသာ ကိံနိဿိတာ"**- ဒီထွက်လေ ဝင်လေ တို့ဟာ ဘာကိုမှီသလဲ။ တွန်းကန်လှုပ်ရှား သဘောထားရှိတဲ့ ဝါယောဓာတ် ဘယ်ကိုမှီနေသလဲ။

**"ဝတ္ထုနိဿိတာ"** ခန္ဓာကိုယ်ကြီးဆိုတဲ့ ရုပ်ကိုမှီနေပါတယ်။ ရုပ်က ဘာတွေလဲဆိုတော့ ပင်မရုပ်နဲ့ အမှီရုပ်။ ပင်မရုပ် (၃)မျိုးကို တွန်းကန် လှုပ်ရှား ဝါယောဓာတ် မှီနေပါတယ်။

အဲဒီ တွန်းကန်လှုပ်ရှား ဝါယောဓာတ်ကို ရှုမှတ်နေတဲ့စိတ်၊ တွန်း ကန်လှုပ်ရှား ဝါယောဓာတ် ထွက်လေ ဝင်လေကလည်း ရုပ်၊ သူမှီနေတာ ကလည်း ရုပ်ကို မှီနေတယ်။

သူနဲ့မကင်းရာ မကင်းကြောင်းဖြစ်တဲ့စိတ်၊ ရှုမှတ်တဲ့စိတ် ထားပါစို့။ ဟော- ရုပ်ရယ်, နာမ်ရယ် တွဲထွက်လာတယ်။ အခြားဘယ်သူမှ မပါဘူး။

ရှုမှတ်တဲ့စိတ်က နာမ်၊ ထွက်လေ ဝင်လေ တွန်းကန်လှုပ်ရှား ဝါယောက ရုပ်။

ဟော- အဲဒီမယ် ရုပ်နာမ် (၂)မျိုးသာ ဖြစ်နေပါလားလို့ ဒီလို မြင်ရမှာ။ အဲဒီတော့-

**"ပညတ်ငုတ်ရင် ပရမတ်ပေါ်တယ်။ ပရမတ်ငုတ်ရင် ပညတ်က ပေါ်လာတယ်။ ဝိပဿနာ ရှုတဲ့နည်းဟာ ပရမတ်ကို ရှုကြည့်တဲ့နည်း"**။

အဲဒီလို ကြည့်လာတဲ့ အခါကျတော့ တွန်းကန်လှုပ်ရှား ဝါယော ဓာတ်၊ ဒီဝါယောဓာတ်ရုပ် ဝါယောရုပ်ကို ရှုမှတ်ပြီးတော့နေတဲ့ သတိ။

ရှုမှတ်ပြီးတော့ နေတာက စိတ်ပါလား။ ထိန်းသိမ်းစောင့်ရှောက် နေတာက သတိ။ အရှုခံဖြစ်တာက တွန်းကန်လှုပ်ရှား ဝါယောဓာတ်။

သတိတို့ စိတ်တို့က နာမ်၊ တွန်းကန်လှုပ်ရှား ဝါယောဓာတ်က ရုပ်၊

http://www.dhammadownload.com



နာမ်နဲ့ရုပ် (၂)မျိုးထဲ ဖြစ်နေတာကိုး။ အဲဒါကြောင့် ဘုရားရှင်က **"အနိဿိတော စ ဝိဟရတိ"**။

အဲဒီလို နာမ်နဲ့ရုပ် (၂)မျိုးထဲ ဖြစ်နေပါတယ်လို့ မြင်လာတော့ ထွက်လေဝင်လေနဲ့ ပတ်သက်ပြီး အနိဿိတောစ- တဏှာဒိဋ္ဌိကို မမှီမူ၍။ ဝိဟရတိ- နေ၏။

တဏှာကိုလည်း မမှီဘူး။ ဒိဋ္ဌိလည်း မဖြစ်တော့ဘူးတဲ့။

**"နစ ကိဉ္စိလောကေ ဥပါဒိယတိ"**- တစ်စုံတစ်ခုသော လောကကြီးထဲမှာ တစ်စုံတစ်ခုမှ စွဲလမ်းမှု မရှိတော့ဘူးတဲ့။ အကျိုးသွားက စွဲလမ်းမှု မရှိတော့ဘူး။ အာနာပါနကမ္မဋ္ဌာန်း အားထုတ်မှုရဲ့ အကျိုးသွားတွေက တဏှာနဲ့ သက္ကာယဒိဋ္ဌိ ပျောက်တယ်၊ စွဲလမ်းမှု ကင်းတယ်။

ဒါကြောင့်မို့ တစ်ခုချင်းလေး ဖြိုဖြန့်ပြီးတော့ ကြည့်ကြရ ရှုကြရတယ်။

**ခန္ဓာဒိနည်း ဖွဲ့စည်းပြီးလာ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်။**

ခန္ဓာ(၅)ပါး၊ အာယတန (၁၂)ပါး၊ ဓာတ် (၁၈)ပါး၊ သစ္စာ (၄)ပါး ကြားဖူးနေကြတာ။

ခန္ဓာ (၅)ပါးနဲ့ စဉ်းစားကြည့်၊ အာယတန (၁၂)ပါးနဲ့ကြည့်၊ ဓာတ် (၁၈)ပါးနဲ့ကြည့်၊ သစ္စာ (၄)ပါးနဲ့ကြည့်၊ ယနေ့ည သစ္စာ (၄)ပါးနဲ့ ကြည့်ကြရအောင်။

## သစ္စာလေးပါးနဲ့ ရှုကြည့်နည်း

သစ္စာလေးပါးနဲ့ ကြည့်ရမှာကတော့ တွန်းကန်လှုပ်ရှား ဝါယောကို ကြည့်လို့ရတယ်။ တွန်းကန်လှုပ်ရှား ဝါယောကို ရှုမှတ်နေတဲ့ စိတ်၊ ကြည့်လို့ရပါတယ်။

တွန်းကန်လှုပ်ရှား ဝါယောရုပ်ကို စိတ်ကလေး မလွင့်အောင် ထိန်းသိမ်းပြီးတော့ထားတဲ့ သတိ။ အဲဒီသတိကို ကြည့်လိုက်တဲ့အခါ သတိက နာမ်၊ အဲဒီသတိဟာ ဒုက္ခသစ္စာ။ **"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ပိဒုက္ခာ"**။

စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါး အားလုံးဟာ ဒုက္ခ။ အဲဒီတော့ သတိလေး

http://www.dhammadownload.com



ဟာ ဒုက္ခသစ္စာ။

သတိကို ဖြစ်စေတတ်တဲ့ ရှေးဘဝက တဏှာက သမုဒယသစ္စာ။

ဒုက္ခကို ပိုင်းခြားသိအောင် တဏှာကို ပယ်နိုင်အောင် နိဗ္ဗာန်ကို အာရုံထားတဲ့ အခုကျင့်နေတဲ့ အရိယာမဂ်ကျင့်စဉ်က ရှေ့ပြေး မဂ္ဂသစ္စာ။

နိဗ္ဗာန်က နိရောဓသစ္စာလို့ သစ္စာလေးပါးနဲ့ ဒီလိုခွဲသိရမယ်။

အဲဒီတော့ သတိလေးက ဘာသစ္စာလဲ၊ ဒုက္ခသစ္စာ။ အဲဒီ ဒုက္ခသစ္စာဟာ ပိုင်းခြားသိရမယ့် တရား။ ပိုင်းခြားပြီးတော့ ဝေခွဲပြီး တော့ သိရမယ်။

အဲဒီလို သစ္စာနည်းနဲ့လဲ သိရှိ သုံးသပ်နိုင်လို့ရှိရင် သမ္မသနဉာဏ်။ တရားနဲ့ ပတ်သက်တဲ့ မွေ့လျော်မှု, နှစ်ခြိုက်မှုတွေဟာ အလောင်းတော် တေမိမင်းသား မိန့်ကြားသလိုပေါ့။

**ယေအဒုတိယာ နရမန္တိဧကိကာ**

**ယေဝိဝေကဇံ ပီတိံ နလဘန္တိ**

**ကိဥ္စာပိတေ ဣန္ဒသမာနဘောဂိ**

**တေဝေ ပရာဒီနသုခါ ဝရာကာတေ။**

အလောင်းတော် တေမိမင်းသား တောထဲမှာ-

ယေ- အကြင်ပုဂ္ဂိုလ်တို့သည်။ အဒုတိယာ- အဖော်မပါပဲ အဖော် အလျော် မရှိခဲ့ပါလျှင်။ ဧကိကာ- တစ်ယောက်တည်းတည်း။ နရမန္တိ- မပျော် နိုင်ကြကုန်။

အဖော်မပါပဲ မနေတတ်တဲ့ လူတွေရှိတယ်တဲ့။ ယေ- အကြင်သူ တို့သည်။ ဝိဝေကဇံ- ဆိတ်ငြိမ်မှုကြောင့် ဖြစ်ပေါ်လာသော နီဝရဏကင်း ခြင်းကြောင့်။ ပီတိံ- နှစ်သိမ့်မှုပီတိကို။ နလဘန္တိ- မရနိုင်ကြကုန်။ နောက် တစ်မျိုးကတော့ နီဝရဏခေါ်တဲ့ တရားဆိုး, တရားပျက်တွေ ကင်းဆိတ်မှု ကြောင့် ဖြစ်တဲ့ ပီတိကို မရရှိကြဘူး။ ဆိုလိုတာကတော့ သမာဓိ မရှိကြဘူး။

တေ- ထိုသူနှစ်ဦးတို့သည်။ ဣန္ဒသမာနဘောဂိ- သိကြားမင်းစည်း စိမ်နှင့်တူသော စည်းစိမ်ပင် ရှိကုန်သည်။ ကိဥ္စာပိဟောန္တိ- အကယ်၍ပင် ဖြစ်ပါစေဦးတော့။ ဝေ- စင်စစ်ဧကန် အမှန်အားဖြင့်။ ပရာဒီနသုခါ- သူတစ်ပါးနှင့်စပ်သော ချမ်းသာရှိကြကုန်၏။ ဝရာကာ- တောင်းရမ်း၍

http://www.dhammadownload.com



ရအပ်သော သူတောင်းစားချမ်းသာ မည်ကုန်၏။

တစ်ယောက်ထဲ မပျော်နိုင်ဘူးတဲ့။ အပေါင်း အပေါင်းအဖော်ရှိမှ ပတ်ဝန်းကျင်က ဖြေဖျော်ပေးမှ နေသာတဲ့ပုဂ္ဂိုလ်တွေရယ်၊ ယခုလို သမာဓိ ရအောင် အားမထုတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေရယ် သူတို့နှစ်ဦးဟာ သိကြားမင်း စည်းစိမ်လောက် ကြီးကျယ်တဲ့ စည်းစိမ်ပင် ရရှိစေကာမူ။ ပရာဒီနသုခါ- သူတစ်ပါးနှင့်စပ်တဲ့ ချမ်းသာ၊ သူတစ်ပါးကြည်သာမှ ချမ်းသာတယ်။

ဝရာကာ- သူတစ်ပါးထံမှာ တကျိကျိတောင်းခံပြီးမှရတဲ့ သူတောင်းစား ချမ်းသာမျိုးသာ ဖြစ်တယ်လို့ အလောင်းတော်ကြီး ကျူးရင့်ခဲ့တဲ့ဂါထာ ရှိတယ်။

အဲဒီတော့ ယခု တရားအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ အဲဒီ လောကီချမ်းသာမျိုး တဒင်္ဂအားဖြင့် ခပ်ခွာခွာလေး နေပြီးတော့-

**သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော၊**

**အမာနုသီရတိ ဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော။**

သုညာဂါရံ- ဆိတ်ငြိမ်သော အရပ်သို့။ ပဝိဋ္ဌဿ- ဝင်ရောက်သည် ဖြစ်၍။ သန္တစိတ္တဿ- ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍။ သမ္မာ- ကောင်း စွာ။ ဓမ္မံ- ရုပ်တရား, နာမ်တရား နှစ်ပါးကို။ ဝိပဿတော- အဖန်ဖန် အထပ်ထပ် ရှုမှတ်ဆင်ခြင်လျက်ရှိသော။ ဘိက္ခုနော- ရဟန်းအား။ ဘိက္ခုနော- သံသရာဘေးကို ရှုလေ့ရှိသော အမျိုးကောင်းသား အမျိုးကောင်း သမီးအား။ အမာနုသီ- လူ့ပြည်၌မရှိသော၊ (ဝါ) လူ့လောကနှင့် မသက်ဆိုင် သော။ ရတိ- မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်မှုကြီးသည်။ ဟောတိ- မုချမသွေ ဖြစ်နိုင်ပါပေ၏။

ဆိတ်ငြိမ်ရာအရပ်ကို ချဉ်းကပ်ပြီးတော့ ငြိမ်သက်အောင် စိတ်ကို ငြိမ်သက်အောင် ရုပ်တရား, နာမ်တရားထဲက မိမိရှုပွားလိုသော ရုပ်တရား, နာမ်တရားကို သူသိ, ငါသိ, ကမ္ဘာသိကို ကျော်လွှား အသာဖယ်ထားပြီးတော့ ထူးခြားတဲ့ ဝိပဿနာဉာဏ်အမြင်နဲ့ ကြည့်ရှုပြီးတော့နေတဲ့ ပုဂ္ဂိုလ်အား လူ့ပြည်မှာ မရှိတဲ့ သာမန်လူတွေနဲ့ မဆိုင်တဲ့ နှစ်သိမ့်အားရ သဘောကျတဲ့ ချမ်းသာမျိုး ရရှိပါလိမ့်မယ်လို့ ဗုဒ္ဓဘုရား ဟောကြားတော်မူခဲ့တဲ့အတိုင်း လောကချမ်းသာတို့နဲ့မတူ ထူးခြားတဲ့ တရားအရသာကို ယောဂီသူတော်စင်

http://www.dhammadownload.com



များ အားလုံး ကိုယ်စီကိုယ်ငှ ရရှိခံစားနိုင်ကြပါကုန်သတည်း။

သာဓု သာဓု သာဓု

**ပဉ္စမနေ့ ဟောစဉ်ပြီး၏။**

## ဆဋ္ဌမနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ ကဆုန်လပြည့်ကျော် (၆)ရက်။

လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ တရားအားထုတ်နေကြတဲ့ ယောဂီသူတော်စင်တို့အား သမထလမ်းကနေပြီး ဝိပဿနာစခန်းတက်လှမ်းပြီးတော့ နေတဲ့အချိန်။

### သင်္ခါရလောက

မြတ်စွာဘုရား ဂုဏ်တော် အမျိုးမျိုးတွေထဲမှာ လောကဝိဒူဆိုတဲ့ ဂုဏ်တော်-

ဩကာသလောက- (၃၁)ဘုံ၊ ဘုန်းကြီးတို့တတွေ သိနေကြတာ (၃၁)ဘုံထဲမှာ လူ့ဘုံရယ်, တိရစ္ဆာန်ဘုံရယ် (၂)ဘုံကိုတော့ သိကြတယ်။ အခြားဘုံတွေကိုတော့ (၃၁)ဘုံလို့ ဟောလို့သာ ကြားဖူးကြတာပဲရှိတာ မသိကြဘူး။

(၃၁)ဘုံသားတွေကို ကြည့်မယ်ဆိုရင် လူသိတယ်, တိရစ္ဆာန်သိတယ်။ အခြားအခြား နတ်တွေ, ဗြဟ္မာတွေ ငရဲသားတွေကို မမြင်နိုင်ကြပါဘူး။

မြတ်စွာဘုရားကတော့ (၃၁)ဘုံရှိ၊ (၃၁)ဘုံသားတို့ရဲ့ ရုပ်နေရုပ်ထား၊ စိတ်နေစိတ်ထား၊ ဖြစ်ပျက်ပွားဆုတ်၊ မြတ်ယုတ်ဆိုးကောင်း၊ ကျိုးအကြောင်းတို့ကို အားလုံးသိတော်မူတဲ့အတွက် (၃၁)ဘုံကိုလည်း သိတယ်။ (၃၁)ဘုံသားတို့ အမျိုးအနွယ်နှင့်တကွ၊ အမျိုးအစားနှင့်တကွ၊ အရောင်အဆင်းနှင့်တကွ အားလုံးသိတော်မူတယ်။

အဲဒီလို (၃၁)ဘုံရှိ (၃၁)ဘုံသားတို့ရဲ့ ရုပ်နေရုပ်ထား၊ စိတ်နေစိတ်ထားဆိုတဲ့ သင်္ခါရလောကကြီးရဲ့ ဖြစ်တာလည်း သိတယ်၊ ပျက်တာလည်း

http://www.dhammadownload.com



သိတယ်၊ တိုးပွားတာကိုလည်း သိတယ်၊ ဆုတ်ယုတ်တာကိုလည်း သိတယ်၊ အဆိုးလည်း သိတယ်၊ အကောင်းလည်း သိတယ်၊ အကျိုးလည်း သိတယ်၊ အကြောင်းလည်း သိတယ်။

သင်္ခါရလောကဆိုတဲ့ သင်္ခါရလောကဟာ အကျဉ်းချုံးလိုက်တော့ ရုပ်နာမ်ပါပဲ။ သင်္ခါရလောကဆိုတာ ရုပ်နာမ်ပါ။ နှစ်မျိုးပါပဲ။

## လိုက်နာရဲရင့် ယုံမှားကင်းတဲ့ ပုဂ္ဂိုလ်ဆိုတာ

အဲဒီတော့ ဒီလိုရုပ်နာမ် (၂)မျိုးနဲ့ ပတ်သက်ပြီး သစ္စက,က မြတ်စွာဘုရားကို မေးတယ်။

"မြတ်စွာဘုရား အဘယ်မျှလောက် အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်များဟာ အရှင်ဘုရား စကားကို လိုက်နာတဲ့ပုဂ္ဂိုလ်၊ ရဲရင့်တဲ့ပုဂ္ဂိုလ်၊ ယုံမှားကင်းတဲ့ ပုဂ္ဂိုလ် ဖြစ်ပါသလဲဘုရား"လို့ ဆိုတော့။

မြတ်စွာဘုရားက "ခန္ဓာငါးပါး ရုပ်နာမ် (၂)မျိုး။ အဲဒီလို ခန္ဓာငါးပါး ရုပ်နာမ်တို့ရဲ့ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာကို မြင်လို့ရှိရင်လဲ ငါဘုရားစကားကို လိုက်နာသည် မည်ပါတယ်။ ရဲရင့်သူ ယုံမှားကင်းသူ မည်ပါတယ်" မိန့်ကြားတော်မူပါတယ်။

## အမြင်ထူး (၃)မျိုး ရရှိနိုင်

ဒီနောက် သစ္စက,က ထပ်ပြီးတော့ မေးတယ်။ ကိလေသာတို့မှ လွတ်ကင်းတဲ့ စိတ်ရှိတဲ့ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်ဟာ ဘယ်အမြင်ထူးတွေနဲ့ ပြည့်စုံပါသလဲလို့ မေးလျှောက်တော့-

မြတ်စွာဘုရားက "သတိပဋ္ဌာန်တရားကို အားထုတ်လို့ ကိလေသာတို့မှ လွတ်ကင်းတဲ့ စိတ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ အမြင်ထူး (၃)မျိုး ရရှိနိုင်တယ်။

နံပါတ် (၁)ကတော့ ဉာဏ်အမြင်ထူး၊ ဉာဏ်အမြင်ထူးခြားတာ ရှိနိုင်တယ်။ အကျင့်ရဲ့ ထူးခြားချက် လွတ်မြောက်မှုရဲ့ ထူးခြားချက်၊ အဲဒီလို ထူးခြားချက် သုံးမျိုးကို ရရှိနိုင်တယ်။

အဲဒီတော့ နံပါတ် (၁) မေးခွန်းမှာ မြတ်စွာဘုရားရဲ့ စကားတော်ကို

http://www.dhammadownload.com



လိုက်နာသူ, ရဲရင့်သူ, ယုံမှားသံသယကင်းသူ ဖြစ်နိုင်မှုနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရား ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် (၂)လကြာတဲ့အခါ ဓမ္မစကြာ ဒေသနာတော်ကို ဟောတော်မူတယ်။

အဲဒီမှာ ဒုက္ခသစ္စာဟာ ပိုင်းခြား၍ သိရမယ့်တရား။ ဒုက္ခသစ္စာကို "သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ"- စွဲလမ်းစရာဖြစ်တဲ့ ငါးခန္ဓာ၊ ခန္ဓာငါးပါးကို အကျဉ်းချုပ်အားဖြင့် ဒုက္ခသစ္စာ ဆင်းရဲတာအမှန်။

ဓမ္မစကြာ ဟောစဉ်ကတော့ ဒုက္ခနဲ့ပတ်သက်ပြီးတော့ ရုပ်တရား နာမ်တရားတွေနဲ့ ပတ်သက်ပြီးတော့ ဟော- သစ္စာလေးပါးထဲမှာ ထည့်သွင်းပြီးတော့ ဒါကသိရမယ့်တရား၊ ဒါက ပယ်ရမယ့်တရား၊ ဒါက ဆိုက်ရောက်ရမည့် တရား၊ ဒါက ပွားများရမယ့် တရား။

အဲဒီလို ဟောကြားပြီးတဲ့နောက် ဓမ္မစကြာတရား ဟောတော်မူပြီးလို့ (၅)ရက်မြောက်မှာ ပဉ္စဝဂ္ဂီ (၅)ဦးကလည်း သောတာပန်ဖြစ်ကြတော့ သောတာပန်ဖြစ်ပြီး ရဟန်းအဖြစ်ကို ရောက်ပြီးကြပြီ။ ဧဟိဘိက္ခုရဟန်းတွေ-

## ဒုက္ခတွေအကျယ်ချဲ့

အဲဒီတော့ မြတ်စွာဘုရားက ဘာဟောသလဲလို့ဆိုတော့ "**အထခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ**"။

ဓမ္မစကြာတရား ဟောပြီးတော့ (၅)ရက်မြောက်တဲ့နေ့ကျတော့ ပဉ္စဝဂ္ဂီရဟန်းတို့ကို ဟောတော်မူတယ်။ ဒုက္ခခန္ဓာ ငါးပါးကိုပဲ အကျယ်ချဲ့ ဟောတယ်။ ဘယ်စကားက စဟောသလဲ ဆိုတော့-

> **ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဉ္စဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အဗာဓာယ သံဝတ္တေယျ လဗ္ဘေထစ ရူပေ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာဟောသီတိ၊ ယသ္မာစ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ၊ နစလဗ္ဘတိ ရူပေ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာဟောသီတိ။**

ဒုက္ခသစ္စာနောက်ပိုင်းမှာ "**သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ**"။

http://www.dhammadownload.com



အကျဉ်းချုပ်အားဖြင့် ခန္ဓာငါးပါးသည် ဒုက္ခသစ္စာ။ အဲဒီ ဒုက္ခသစ္စာ ငါးပါးကို ဆက်ပြီးတော့ မြတ်စွာဘုရားက-

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်လို့ ခေါင်းစဉ်ပြီး။

## အနတ္တာမြင်ဖို့ခက်လှ

အနတ္တလက္ခဏသုတ်မှာ အနတ္တက စဟောတယ်။ အနတ္တဆိုတာ ဘာကြောင့်ဟောရသလဲဆိုတော့ ကမ္ဘာလောကကြီးမှာ အတ္တအစွဲက အင်မတန် အားကြီးပါတယ်။ အတ္တအစွဲက အသက်ရှိတယ်ဆိုတဲ့ အစွဲရှိတယ်။ ဇီဝ ရှိတယ်ဆိုတဲ့ အစွဲရှိတယ်။ အနှစ်သာရရှိတယ်ဆိုတဲ့ အစွဲကြီးက အင်မတန် ကြီးမားတယ်။

သာမန်အားဖြင့် ပြောမယ်ဆိုရင် ဘုန်းကြီးတို့ အလုပ်ကိစ္စတစ်ခုခု ပြုကြတဲ့အခါပဲဖြစ်ဖြစ်၊ ယောင်ရမ်းပြီးတော့ ပြောကြ, ဆိုကြတဲ့ နေရာမှာ အနိစ္စ။ အသက်ကြီးတဲ့ ပုဂ္ဂိုလ်များ ထိုင်ရာကထလိုက်လို့ရှိရင် အနိစ္စ- အနိစ္စ၊ ဒုက္ခ- ဒုက္ခလို့ ငြီးကြတယ်။ အနတ္တ- အနတ္တလို့ ဘယ်သူမှ မငြီးကြဘူး။

အနိစ္စနဲ့ ဒုက္ခကတော့ စကားလုံးလည်း တွင်ကျယ်တယ်။ သုံးလည်း သုံးတာများတယ်။ တစ်နည်းအားဖြင့် အနိစ္စ- မမြဲတဲ့အချက်က ပေါ်လွင် တယ်။ ဒုက္ခ- ဆင်းရဲတဲ့အချက်ကလည်း ပေါ်လွင်တယ်။

တစ်ခါတရံ မိမိရှေ့မှာ လူတစ်ယောက်က အိုးတစ်လုံး မလာတယ်။ အဲဒီအိုး မိမိရှေ့တွင် ကျကွဲသွားတယ်။ ဒါမျိုးကျတော့ အနိစ္စပဲ။ အနိစ္စ သဘောလေး ထင်ရှားတယ်။ ဆူးစူးတဲ့အခါ ခလုတ်တိုက်မိတဲ့အခါမှာလည်းပဲ ဒုက္ခသဘော ထင်ရှားတယ်။

ဟောဒီ အတ္တကို ဖြိုခွင်းဖို့ကျတော့ အင်မတန်ခက်တယ်။ ဒါကြောင့် မြတ်စွာဘုရား ဓမ္မစကြာတရား ဟောတော်မူပြီးနောက် (၅)ရက်မြောက်နေ့ မှာ "**ရူပံ ဘိက္ခဝေ အနတ္တာ**"- ရဟန်းတို့ ရုပ်ဟာ အနတ္တ၊ ကိုယ်ပိုင်မဟုတ် ဘူး၊ အစိုးမရဘူး။

မှန်တယ်တဲ့။ ဒီခန္ဓာကိုယ်ကြီး ဖွဲ့စည်းထားတာက ဓာတ်ကြီးလေး ပါး၊ ပင်မရုပ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားပါတယ်။

http://www.dhammadownload.com



အရံရုပ်သေး (၂၄)ကလည်း ပါတယ်။ ပင်မရုပ်ကြီး (၄)ပါးနဲ့ ဖွဲ့စည်းထားတော့ ပထဝီဓာတ်က (၂၀)၊ ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ရိုးတွင်းချဉ်ဆီ, အညှို့, နှလုံး, အသဲ, အမြှေး, အဖျင်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်, ခက်မာတဲ့ နူးညံ့တဲ့ မြေဓာတ်ပေါင်းက (၂၀)။

သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, အဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ် ဖွဲ့စည်းခြင်းသဘောရှိတယ်။ ယိုစီးခြင်းသဘောရှိတဲ့ ဓာတ်၊ အာပေါဓာတ်က (၁၂)မျိုး။

ပူအေးတဲ့ သဘောရှိတဲ့ ဝမ်းမီးကစပြီးတော့ တစ်ရက်ခြား ဖျားခြင်း၊ နှစ်ရက်ခြား ဖျားခြင်း အစရှိတဲ့ တေဇောဓာတ်က (၄)မျိုး။

တွန်းကန်လှုပ်ရှား သဘောရှိတဲ့ ဝါယောဓာတ်က ခန္ဓာကိုယ်တွင်းမှာ (၆)မျိုးပေါင်းတော့ (၄၂)ပုံ။

အဲဒီ (၄၂)ပုံနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်ကို **"ရူပံ ဘိက္ခဝေ အနတ္တာ"**- ရဟန်းတို့ ရုပ်ဟာ စဉ်းစားကြည့်ကြတဲ့ ကိုယ်မပိုင်ဘူး။ ဘာမှ အနှစ်သာရ မရှိဘူးတဲ့။

အကယ်၍များ ကိုယ်ပိုင်လို့ရှိရင် ဒီရုပ်ဟာ ဘယ်နာမလဲ။ ဒီရုပ် ဘယ်သေမလဲ။ ဒီရုပ် နာတာ, သေတာဟာ မပိုင်လို့ပါပဲ။ အကယ်၍များ ပိုင်မယ်ဆိုရင် ဒီရုပ် မအို, မနာ, မသေဘူး။

သို့သော်လဲ ရုပ်နာတယ်၊ ရုပ်သေတယ်၊ အသားနာတယ်၊ အရိုးနာတယ် အစရှိသည်ဖြင့် ရုပ်ဟာ နာလာတာ မပိုင်လို့ပါပဲ။ အဲဒီတော့ အဲဒီလိုပဲ မြတ်စွာဘုရားက အနတ္တဖြစ်ပုံ ဝေဒနာ၊ အကယ်၍ ကိုယ်ပိုင်မယ်ဆိုရင် ဘယ်ဝေဒနာ ဘယ်ဒုက္ခ ဖြစ်မလဲ။

သညာ **သင်္ခါရ** ဝိညာဉ် (စိတ်)

စိတ်ဟာလဲ အနှစ်သာရ မိမိပိုင်တယ်ဆိုရင် စိတ်နာတယ်ဆိုတာ ဘယ်ရှိမလဲ။ စိတ်နာစွဲတာဟာ အမှန်ကတော့ မိမိမပိုင်လို့ပါပဲ။

မိမိကတော့ စိတ်ချမ်းသာချင်တယ်။ သို့သော်လည်း စိတ်က နာလျက်ပဲ၊ သေလျက်ပဲ။

http://www.dhammadownload.com



**သေခြင်းသုံးမျိုး**

အဲဒီတော့ ဒီလို ရုပ်တရား၊ နာမ်တရားတွေရဲ့ သေခြင်းဟာ (၃)မျိုး ရှိတာကိုး။

၁။ ခဏိကမရဏ၊

၂။ သမ္မုတိမရဏ၊

၃။ သမုစ္ဆေဒမရဏ-လို့ (၃)မျိုး ရှိတာကိုး။

ရုပ်တရား၊ နာမ်တရားတွေ ခဏဖြစ်ပြီးတော့ ခဏပျက်တဲ့ ခဏိက မရဏက တစ်မျိုး။

သမ္မုတိမရဏ- တစ်ဘဝလုံးမှာ တစ်ခါသေတဲ့နည်းက တစ်နည်း။

ဘုရား ရဟန္တာအရှင်မြတ်တို့ သန္တာန်မှာ မဂ်ဉာဏ်ဖြင့် ကိလေသာတွေကို ဖြတ်တောက်ပြီး နောက်ထပ်မဖြစ်တော့တဲ့အထိ ရုပ်နာမ် မဖြစ်တော့ဘူးဆိုတဲ့ အခါကျတော့ သမုစ္ဆေဒမရဏလို့ ခေါ်တယ်။ သေခြင်းက (၃)မျိုး ရှိတယ်။

**ခဏိကမရဏ**

အဲဒီတော့ တစ်ဘဝ တစ်ခါသေတဲ့ သေနည်းမျိုးက သမထအရာမှာတော့ အသုံးချရပါတယ်။ မရဏာနုဿတိ ကမ္မဋ္ဌာန်းပွားတဲ့အခါပါ။

သမုစ္ဆေဒမရဏ ကိလေသာတွေကို ဖြတ်တောက်နိုင်လို့ နောက်ထပ် မဖြစ်တော့ဘူး။ ဒါကလဲ ဝိပဿနာအရာမှာတော့ အဓိက မကျပါဘူး။

ခဏိကမရဏ- ခဏဖြစ်ပြီး ခဏပျက်တဲ့ မရဏ။ ရုပ်တရား၊ နာမ်တရားတို့ရဲ့ ခဏိကမရဏကို မြင်အောင်ကြည့်တော့ ဒါလဲပဲ စာပေ ကျမ်းဂန်အရ လက်ဖျောက်တစ်ချက်တီးအတွင်းမှာ ရာပေါင်းများစွာ၊ ထောင် ပေါင်းများစွာ၊ သောင်းပေါင်းများစွာ၊ သိန်းပေါင်းများစွာ ရုပ်တွေ နာမ်တွေ သေကျေပျက်စီးတာကို မမြဲတဲ့သဘောကို မြင်နိုင်မှ မဟုတ်ပါဘူးတဲ့။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက မိမိဉာဏ်မှီသလောက် မြင်အောင်ကြည့် နိုင်လို့ရှိရင် ဝိပဿနာဖြစ်ပါတယ်။ ခဏိကမရဏ ကြည့်ရာ ရောက်ပါတယ်။

http://www.dhammadownload.com



**ကိုယ်တော်တိုင်**

အဲဒါကို ရည်ရွယ်ပြီးတော့ ခဏဖြစ်ပြီး ခဏပျက်တာကို မြတ်စွာဘုရားကိုယ်တိုင် ပဉ္စဝဂ္ဂီအရိယာ အရှင်မြတ်တွေကို ဘာမေးသလဲ။

**တံ ကိံ မညထ ဘိက္ခဝေ။**

ရဟန်းတို့ သင်တို့ဉာဏ်ထဲမှာ ကြည့်လိုက်၊ ဘယ်လိုထင်သလဲ။ **"ရူပံ နိစ္စံဝါ အနိစ္စံဝါတိ"**- ရုပ်သည် မြဲသလော မမြဲသလော။ (မြတ်စွာဘုရား ရွှေနှုတ်တော်ထွက် အမေးတော်စကား)

ပဉ္စဝဂ္ဂီရဟန်းတော်များက **"အနိစ္စံ ဘန္တေ"**- မမြဲပါဘုရား။

ဟော- အနိစ္စလက္ခဏာယဉ်။

ဘုန်းကြီးတို့ ယောဂီများ မြင်အောင်ကြည့်ရမှာက အစထဲက ဇရာတည်လာခဲ့တာက တွန်းကန်လှုပ်ရှား ဝါယောဓာတ်၊ လေနဲ့ ဇရာတည်ခဲ့ကြတယ်။ ဝါယောဓာတ်ကို သိမ်းဆည်းတဲ့ သတိ၊ ဝိပဿနာ ထိုက်တန်သလောက် တင်ပြီးပြီ။

**ဝါယောရုပ် ဝိပဿနာ**

ဒီနေ့ည ထွက်လေ ဝင်လေဆိုတဲ့ ဝါယောဓာတ်- တွန်းကန်လှုပ်ရှား သဘောရှိတဲ့ ထွက်လေ ဝင်လေဆိုတဲ့ အရှုခံဖြစ်တဲ့ ရုပ်တရား။

သူက နိစ္စနဲ့ အနိစ္စကြည့်တဲ့နေရာမှာ အင်မတန် ပေါ်လွင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ထွက်လေ ဝင်လေ။ တစ်နာရီမှာ ကိုယ်က ရာပေါင်းများစွာ ထွက်လေ ဝင်လေကို အသုံးချနေတယ်။ ပြောမယ်ဆိုရင် ထောင်ပေါင်းများစွာ ပြောရမှာပေါ့။

အဲဒီတော့ တစ်ခုပြီးတစ်ခု ဖြစ်ပြီးတော့ ပျက်သွားတဲ့သဘောက ရှိနေတော့ မြတ်စွာဘုရားက ရုပ်တွေအားလုံးကို စုခြုံပြီး မေးတော်မူတယ်။

ဘုန်းကြီးတို့ ယောဂီများကျတော့ ဒီလို စုခြုံပြီး အားလုံးကို ခြုံပြီးတော့ မမေးပဲနဲ့ ခွဲခြမ်းမေးမယ်။

ရူပံ- ထွက်လေ ဝင်လေ တွန်းကန်လှုပ်ရှား ဝါယောရုပ်သည်။ နိစ္စံဝါ- မြဲသလော။ အနိစ္စံဝါ- မမြဲဘူးလော။

http://www.dhammadownload.com



ကြည့်လိုက်၊ ထွက်လေ ဝင်လေ၊ ဒီငါးရက်, ခြောက်ရက်တာ ကာလအတွင်း ထွက်လေ ဝင်လေ ထုတ်မှုတ်ခဲ့တဲ့ အခါပေါင်းဟာ မနည်းဘူး။

အကယ်၍ မြမယ်ဆိုရင် အစုအပုံကြီးနည်းမှာ မဟုတ်ဘူး။ အဲဒီတော့ "**ဝိဒ္ဓုပ္ပါဒါဝ အာကာသေ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ**"- ကောင်းကင်မှာ လျှပ်စီးလက်သလိုပါပဲ။ ဖြစ်ပြီးတော့ ပျက်သွားတယ်။

ရူပံ- တွန်းကန်လှုပ်ရှား သဘောရှိတဲ့ ဝါယောရုပ်သည်။ နိစ္စံဝါ- မြဲသလော။ အနိစ္စံဝါ- မမြဲသလော။ ရုပ် (၂၈)ပါးထဲက ဝါယောရုပ်လေး တစ်ခုကိုပဲ မေးလိုက်မယ်ဆိုရင် "**အနိစ္စံဘန္တေ**"- မမြဲပါဘုရား။

မမြဲတာ ထင်ရှားပါတယ်။ အတ္တကို ဖြိုချင်တာကိုး။ အတ္တကို ဖြိုချင်တဲ့အခါကျတော့ အနိစ္စကစပြီးကြည့်မှ ပိုပြီးတော့ မြင်ပါတယ်။ အနိစ္စဆိုတာ မမြဲဘူး။ မမြဲတယ်ဆိုတာ ရုပ်ဆိုရင် ရုပ်သေတယ်ပေါ့။

"**ယံ ပနာနိစ္စံ ဒုက္ခံဝါတံ သုခံဝါတိ**"- အဲဒီလို ရုပ်သေတယ်ဆိုတော့ မမြဲတဲ့ရုပ်, မမြဲတဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်သည်။ ဒုက္ခံဝါ- ဆင်းရဲသလား။ သုခံဝါ- ချမ်းသာသလားလို့ မေးတော့ "**ဒုက္ခံဘန္တေ**"- ဆင်းရဲလှပါတယ်ဘုရား။

အနိစ္စဒဏ်ချက်ကြီး ရှိနေတာကိုး။ ပါလာတော့ ဆင်းရဲတဲ့ ဒုက္ခဒဏ်ချက်ကလည်း ကပ်ပါလာ၊ အဲဒီတော့ အနိစ္စ, သေဒဏ်ချက်နဲ့ ဒုက္ခဆင်းရဲ ဒဏ်ချက် (၂)ခု ရှိနေတဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်ကို။

**ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနုတံ သမနုပဿိတုံ**
**ဧတံ မမ ဧသောဟမသ္မိ ဧသော မေအတ္တာတိ။**

အဲဒီလို မြဲလဲမမြဲ သေပြီးတော့နေတဲ့ ရုပ်၊ ဆင်းလဲဆင်းရဲ ဖောက်လွဲဖောက်ပြန် ဖြစ်နေတတ်တဲ့ ဝါယောရုပ်ကို။ ဧတံမမ- ဒါငါ့ရုပ်၊ ထွက်လေ ဝင်လေ တွန်းကန်လှုပ်ရှား ဝါယောလေးကို။ ဧတံမမ- ဒါငါ့ရုပ် ငါ၏ရုပ် ဟော- စွဲလိုက်တာ။ ငါ၏ရုပ် သက္ကာယဒိဋ္ဌိဖြစ်တာ။

ဧသောဟမသ္မိ- အဲဒီရုပ်သည် ငါ။ ဧသောမေအတ္တာ- ရုပ်သည် ငါ၏အတ္တ သက္ကာယဒိဋ္ဌိ ဖြစ်နေတယ်။ ကလ္လံ- ဤသို့။ သမနုပဿိတုံ- ရှုမြင်ခြင်းငှါ။ ကလ္လံနုခေါ- သင့်ပါမည်လော မြတ်စွာဘုရားက မေးတာ။

http://www.dhammadownload.com



မြတ်စွာဘုရားက ရုပ် (၂၈)ပါး လုံး ပေါင်းပြီးတော့ မေးတော်မူတယ်။

ယောဂီတို့အားလုံး ဧရာတည် အားထုတ်လာတာ ထွက်လေ ဝင်လေ ဆိုတဲ့ ဝါယောရုပ်၊ တွန်းကန်လှုပ်ရှား ဝါယောရုပ်နဲ့ ဧရာတည်လာတာ ဆိုတော့ ဒီရုပ်လေးတစ်ခုပဲ နာလည်းနာ၊ သေလည်းသေ၊ ဆင်းရဲတဲ့ရုပ်ကို ဒါငါ့ရုပ်၊ ဒီရုပ်သည်ငါ၊ ဒီရုပ် ငါ့အတ္တ၊ ဒီလို လွဲလွဲမှားမှား သုံးသပ်ဖို့ တော်မလားဆိုတော့ **"နောဟေတံ ဘန္တေ"**လို့ ပဉ္စဝဂ္ဂီ အရှင်မြတ်များက မသင့်တော်ပါဘူးလို့ ဖြေသလို ဖြေကြရမှာပါ။

**ခန္ဓာမွဲ့၍**

**ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်။**

ခန္ဓာဖွဲ့ပြီး ကြည့်လိုက်တဲ့ အခါကျတော့ ဝါယောရုပ်၊ တွန်းကန်လှုပ်ရှား ဝါယောရုပ်၊ **"ရူပက္ခန္ဓာ"**။

**ဖောက်ပြန်ထွေပြား ဖြစ်တတ်ငြား၍ စကားပုံသေ ရုပ်ခေါ်ပေ၏။**

ရုပ်ဆိုတာ ဖောက်ပြန်တတ်တဲ့သဘော၊ ရုပ်- ရူပက္ခန္ဓာ- ဖွဲ့ရမှာကိုး။ ရူပက္ခန္ဓာ ဖွဲ့လို့ရတဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်သည် မြဲသလား၊ မမြဲဘူးလား မေးတော့ အနိစ္စ ထွက်လေ ဝင်လေ တစ်ခုပြီး တစ်ခု ဖြစ်နေတာကိုး။

ဖြစ်ပျက် အင်မတန် ထင်ရှားတာ။ (၁)နာရီမှာဆိုရင် (၈၀၀-၉၀၀)လောက် သူကဖြစ်လိုက် ပျက်လိုက်နဲ့ ဒီလိုသွားနေတာကိုး။

**"နောဟေတံဘန္တေ"**- ဒါငါရဲ့ရုပ်၊ ထွက်လေ ဝင်လေသည် ငါရဲ့ရုပ်၊ ထွက်လေ ဝင်လေသည် ငါ၊ ထွက်လေ ဝင်လေသည် ငါ၏အတ္တ အနှစ်သာရလို့ ဒီလို လွဲလွဲမှားမှား ဆင်ခြင်စဉ်းစားဖို့ ရှုမြင်ဖို့ မတော်ပါဘုရား။

ရုပ် ဓာတ်ကြီးလေးပါးထဲက တေဇောရုပ်ကို ကြည့်ဦး။ အပူနဲ့အအေး ပူ လာမယ်၊ အေးလာမယ်။

ဒီရုပ်ရဲ့သဘောဟာလည်းပဲ ပူတဲ့ အေးတဲ့နေရာတွေမှာပဲ အဖန်အဖန် အထပ်ထပ် အမျိုးမျိုး ဖောက်ပြန်ပြီးတော့ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်ကလေးတွေဟာ ပေါ်လွင်ပါတယ်။

http://www.dhammadownload.com



**ရှုနည်းရက အားလုံးမြင်**

ရုပ်အပေါင်းကို မြတ်စွာဘုရား ဟောတော်မူတယ်။ ခုတော့ စိတ်ကြည့်ရမှာကိုး။ အစိပ်စိပ်ကြည့်တတ်ပြီ ဆိုတော့မှ **"တသ္မာတိဟ ဘိက္ခဝေ ယံကိဉ္စိရူပံ အတီတာ နာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံ ဒူရေဝါ သန္တိကေဝါ သဗ္ဗံရူပံ၊ နေတံမမ နေသောဟမသ္မိ နမေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ"**။

ဒါ ရုပ်အားလုံး ပေါင်းပြီးရှုတဲ့ ဝိပဿနာရှုနည်းပဲ။ စောစောက တစ်ခုချင်းလေး တစ်ခုချင်းလေး မေးမြန်းလာတဲ့အတိုင်း ပြောကြစို့။ အဲဒီလို ရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်တဲ့အတွက်ကြောင့် အတိတ်ကာလမှာ ဖြစ်ပေါ်ခဲ့တဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်၊ ယခု ပစ္စုပ္ပန်မှာ ဖြစ်ပေါ်တဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်၊ နောင်အခါမှာ ဖြစ်ပေါ်မယ့် တွန်းကန်လှုပ်ရှား ဝါယောရုပ်၊ အဲဒီရုပ်ကို-

ဧတံမမ- ဒါ ငါ့ရုပ်။ ဧသောဟမသ္မိ- ဒီတွန်းကန်လှုပ်ရှား ဝါယောရုပ်သည် ငါ။ ဧသောမေအတ္တာ- တွန်းကန်လှုပ်ရှား ဝါယောရုပ်သည် ငါ၏ အတ္တ အဲဒီလို မရှုနဲ့ မမြင်ပါနဲ့တဲ့။

တွန်းကန်လှုပ်ရှား ဝါယောရုပ်သည် **"နေတံမမ"**- ငါ့ရဲ့ကိုယ်ပိုင် မဟုတ်ဘူး။ **"နေသောဟမသ္မိ"**- တွန်းကန်လှုပ်ရှား ဝါယောရုပ်သည် ငါ မဟုတ်။ တွန်းကန်လှုပ်ရှား ဝါယောရုပ်သည် ငါ၏ဥစ္စာ မဟုတ်။ **"နမေသော အတ္တာ"**- တွန်းကန်လှုပ်ရှား ဝါယောရုပ်သည် ငါ၏အတ္တ မဟုတ်။ အဲဒီလို ဝိပဿနာဉာဏ်ပညာနဲ့ ကြည့်ရမယ်။

ပစ္စုပ္ပန် တည့်တည့်ကြည့်ပြီးတဲ့အခါ ပေါင်းပြီးတော့ ဒီ (၁၁)မျိုးနဲ့လည်း ကြည့်ရမှာကိုး။ အတီတာနာဂတပစ္စုပ္ပန္နံဝါ- အတိတ်, အနာဂါတ်, ပစ္စုပ္ပန်မှာဖြစ်တဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်။

**"အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ"**- မိမိသန္တာန်မှာဖြစ်တဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်၊ သူတစ်ပါးသန္တာန်မှာဖြစ်တဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်။

**"ဩဠာရိကံ သုခုမံဝါ"**- ရုတ်ရင်းကြမ်းတမ်းတဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်၊ နူးညံ့သိမ်မွေ့တဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်။

http://www.dhammadownload.com



**"ဟီနံဝါ ပဏီတံဝါ"**- ယုတ်ညံ့တဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ် မြတ်တဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်။

**"ဒူရေဝါ သန္တိကေဝါ"**- မိမိအနီးမှာရှိနေတဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်၊ အဝေးမှာရှိနေတဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်။

ဟော- ပေါင်းတော့ (၁၁)နည်း။

အဲဒါတွေအားလုံးဟာ **"နေတံမမ"**- အတိတ်, အနာဂါတ်, ပစ္စုပ္ပန်မှာဖြစ်တဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်၊ မိမိသန္တာန် သူတစ်ပါးသန္တာန်မှာဖြစ်နေတဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်၊ ကြမ်းတမ်းတဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်၊ နူးညံ့တဲ့ရုပ်, ယုတ်ညံ့တဲ့ရုပ်, မြင့်မြတ်တဲ့ရုပ်, အနီးမှာရှိတဲ့ရုပ်, အဝေးမှာရှိတဲ့ရုပ်၊ အဲဒီရုပ်တွေအားလုံးဟာ-

နေတံမမ - ငါရုပ်မဟုတ်ဘူး။

နေသောဟမသ္မိ - ငါပိုင်မဟုတ်ဘူး။

နမေသောအတ္တာ - ငါမဟုတ်ဘူး။ အဲဒီ တွန်းကန်လှုပ်ရှားနေတဲ့ ဝါယောရုပ်သည် ငါ့ရဲ့အတ္တ မဟုတ်။

အဲဒီလို **"သမ္မပညာယဒဋ္ဌဗ္ဗံ"**- ကောင်းစွာဉာဏ်ပညာနဲ့ မြင်အောင်ကြည့်ရမယ်။ အဲဒါကို သမ္မသနဉာဏ် ယထာဘူတဉာဏ် ရပြီ။

**ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်။**

သုံးဖြာလက္ခဏာ အမှတ်တံဆိပ်ကြီး သုံးမျိုးနဲ့ကြည့်တဲ့နည်း။

ဒါကြောင့် ထွက်လေ ဝင်လေ-

**ဝါယောတွင်မည် ရုပ်ထို၌ကား** မြင့်ရှည်ကာလ မတည်ထပဲ ခဏဖြစ်လျှက် **ခဏပျက်၏**။ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် ပူပန်မစဲ လွန်ဆင်းရဲ၏။ ခိုင်မြဲကြောမာ နှစ်မပါဘူး။ သူ့သဘာဝ အနိစ္စသည် ဒုက္ခ **အနတ္တ** ပါတကားလို့ အဲဒီလို မြင်ရမှာ။ အခြားရုပ် အခြားနာမ်တွေ ဒီအတိုင်းရှုပါ။

**ဧဝံပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံ နိဗ္ဗိန္ဒတိ။**

အဲဒီလို အနိစ္စအမှတ်တံဆိပ်, ဒုက္ခအမှတ်တံဆိပ်, အနတ္တအမှတ်တံဆိပ်တွေနဲ့ မြင်ပြီဆိုတဲ့ အခါကျတော့ ရုပ်အပေါ်မှာ ငြီးငွေ့လာတယ်။ နိဗ္ဗိဒါဉာဏ်။

http://www.dhammadownload.com



ဒီပါဠိတော်မှာတော့ ငြီးငွေ့ပြီးတော့ နိဗ္ဗိဒါဝိရဇ္ဇတိ။ ငြီးငွေ့ပြီးရင် **"ဝိရဇ္ဇတိ"**- တပ်မက်မှုတွေ ကင်းတယ် မဂ်ဉာဏ်ဖြစ်ပေါ်လာတယ်။ ဝိရာဂါ ဝိမုစ္စတိ- မဂ်ဉာဏ်ဖြစ်ပေါ် ပြီးတော့ ဖိုလ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြစ်ပေါ်ပြီးတော့ **"ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံဟောတိ"**၊ ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပေါ်လာတယ်။ အနတ္တလက္ခဏသုတ္တန်မှာ-

အဲဒီလို ဟောနည်းနဲ့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် မြတ်စွာဘုရားစုံအောင် ဟောကြားတော်မူတယ်။ စုံအောင်ဟောတယ်။

အဲဒီလို စုံအောင်ဟောလိုက်တဲ့ အခါကျတော့-

**ဣမသ္မိံစပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု။**

ဂါထာမပါ စုဏ္ဏိယ သက်သက်ဖြင့် ဟောကြားအပ်တဲ့ ဤအနတ္တလက္ခဏသုတ် ဒေသနာတော်ကို နာကြားရတဲ့အတွက် ပဉ္စဝဂ္ဂီရဟန်းတော်တို့ရဲ့ စိတ်တို့သည် အာသဝေါလေးတန် ကင်းကွာပြီးတော့ စွဲလမ်းမှုကင်းကွာပြီးတော့ **"အနုပါဒါယ အာသဝေဟိစိတ္တံဝိ မုစ္စိံသု"**- အရှင်မြတ်တို့ရဲ့ စိတ်တော်တွေဟာ အာသဝေါတရားတို့က လွတ်ကင်းကြပြီ။

**ရဟန္တာ (၆)ပါး**

**တေနခေါပန သမယေန ဆလောကေ အရဟန္တော ဟောန္တိ။**

တေနခေါပန သမယေန- အနတ္တလက္ခဏသုတ်တော်မြတ်ကို ဟောပြောရာ ထိုအခါ၌။ လောကေ- လူ့လောက၌ အရဟန္တော ကိလေသာကင်းကွာ ရဟန္တာအရှင်မြတ်ကြီးတို့သည်။ ဆ- ခြောက်ပါးတို့သည်။ ဟောန္တိ- ဖြစ်ကုန်၏။

အနတ္တလက္ခဏသုတ္တန် ဒေသနာတော်ကြီး ဟောလိုက်တော့ ပဉ္စဝဂ္ဂီငါးဦးက သောတာပန်အဆင့်ကနေပြီးတော့ ရဟန္တာအဆင့် ရောက်ရှိပြီးသွားတော့ လောကကြီးတစ်ခုလုံးမှာ ရဟန္တာ (၆)ပါး (ဘုရားအပါအဝင်) ကိလေသာကင်းကွာတဲ့ ပုဂ္ဂိုလ် (၆)ပါးရှိပြီလို့ သင်္ဂါယနာထေရ် အရှင်မြတ်တို့က မှတ်တမ်းတင်ကြတယ်။ ဒါကြောင့်-

http://www.dhammadownload.com



**နိဂုံး**

**ကရောန္တေဝံ သဒ္ဓဟန္တိ၊ ယေသန္တာသန္တသာသနံ၊**
**နိဗ္ဗိန္ဒန္တိ ဘဝဂတေ၊ နိဗ္ဗိန္ဒန္တာဝိရဇ္ဇရေ။**

ယေသန္တာ- သူမြတ်ဖြစ်ရန် ရုပ်နှင့်နာမ်ဝယ် ဓာတ်ခံကိန်းအောင်း အကြင်သူတော်ကောင်းတို့သည်။ သန္တသာသနံ- အေးအေးမြမြ ဟောညွှန် ပြသည့် ဗုဒ္ဓဟောဖေါ် အဆုံးအမတော်ကြီးကို။ သဒ္ဓဟန္တိ- ကြောင်းကျိုး နှစ်တန် ခွဲဝေဖန်၍ အမှန်ကိုပင် လက်ခံသိမ်းပိုက်ကြကုန်၏။ တေသန္တာ- သူမြတ်ဖြစ်ရန် ရုပ်နှင့်နာမ်ဝယ် ဓာတ်ခံကိန်းအောင်း ထိုသူတော်ကောင်းတို့ သည်။ ဘဝဂတေ- ဘဝဖန်ခါ သံသရာဝယ် ခန္ဓာကိုယ်နှင့်စပ် အရပ်ရပ်၌။ နိဗ္ဗိန္ဒန္တိ- သာသနာတော်ကပေးသည့် အသိဉာဏ် ဝိပဿနာဉာဏ် ရင့်သန် ကြသဖြင့် ငြီးငွေ့ကြကုန်၏။ နိဗ္ဗိန္ဒန္တိ- ဝိပဿနာဉာဏ် အမြင်မှန်ရရှိကြ သဖြင့် ငြီးငွေ့ကြလေကုန်၏။ နိဗ္ဗိန္ဒန္တာ- သာသနာတော်ကပေးသည့် အသိဉာဏ် ဝိပဿနာဉာဏ် ရင့်သန်ကြသဖြင့် ငြီးငွေ့ကြကုန်သည်ဖြစ်၍။ ဝိရဇ္ဇရေ- မဂ်ဉာဏ်သို့ဆက် တရားတက်၍ တပ်မက်ခင်မင် လိုချင်မှုမရှိကြပဲ ငြိမ်းချမ်းကြကုန်သတည်း။

သာဓု သာဓု သာဓု

ဆဋ္ဌမနေ့ ဟောစဉ်ပြီး၏။

## သတ္တမနေ့ ဟောစဉ်

၁၃၆၂-ခု၊ ကဆုန်လပြည့်ကျော် (၇)ရက်။

### ဘဝဖြစ်စဉ်ကိုသိအောင်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း (၃၃၇-က) လယ်တီ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း၌ ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီး၏ ဩဝါဒခံ လယ်တီဝိပဿနာရှုနည်း ပြန့်ပွားရေး

http://www.dhammadownload.com



အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော လယ်တီဝိပဿနာ (၇)ရက် တရားစခန်းမှာ ယနေ့ ယောဂီများ တရားအားထုတ်လာခဲ့တာ (၇)ရက် သမထပိုင်း ဝိပဿနာ ပိုင်းလို့ (၂)ပိုင်း ထားပြီးတော့ အားထုတ်လာခဲ့ကြတာ။

**"တရားအားထုတ်တယ်ဆိုတာ တကယ်တမ်းတော့ မိမိတို့ရဲ့ ဘဝဖြစ်စဉ်ကိုသိအောင် အတွင်းကျကျသိအောင် ဆောင်ရွက်နေတာပါပဲ။ အတွင်းကျကျ သိအောင် ကြည့်တဲ့နည်းပါပဲ"**။ ဘာကြောင့်လဲဆိုတော့-

**ဘဝဆိုတာ**

ဘဝဆိုတာ စ၍ဖြစ်ပြီး **"မီးလျှံရေယဉ်ကဲ့အသွင် အစဉ်ဖြစ်ပွား၏"** ဆိုတဲ့အတိုင်း။

ဘဝပဋိသန္ဓေက စပြီးတော့ ဖြစ်တဲ့အချိန်ကစပြီးတော့ ရုပ်အစဉ် နာမ်အစဉ်တွေ မီးလျှံများလို မီးတောက်လိုပဲ ဖယောင်းတိုင်လေး ထွန်းထား ဆီမီးလျှံလေး မပြတ်တောက်လောင်နေသလိုပဲ။

နဒီသောတောဝိယ- ရေအယဉ်လိုပဲ။ ဒါကြောင့် **"စ၍ဖြစ်ပြီး မီးလျှံရေယဉ်ကဲ့အသွင် အစဉ်ဖြစ်ပွား၏"**။ ရုပ်တွေဖြစ်သလို နာမ်တရားတွေရဲ့ ဖြစ်ထုံးလည်း ဒီနည်းပါပဲ။

ပဋိသန္ဓေ၊ ဘဝင်၊ ဝိထိ၊ စုတိ အစဉ်အားဖြင့် ပြောတဲ့အခါကျတော့ မြင်သိစိတ်တွေ ကြားသိစိတ်တွေ ဒီလိုဝီထိစိတ်မျိုးတွေ ဖြစ်ရင်ဖြစ်၊ မဖြစ်လို့ ရှိရင် အိပ်နေတဲ့အခါမျိုးမှာ ဘဝင်ကျနေပါတယ်။ ဘဝင်စိတ်ကတော့ ဖြစ်ပေါ်ပြီးတော့ နေတာပါပဲ။

အဲဒီတော့ ယနေ့ ယောဂီများ ဝိပဿနာနဲ့ ပတ်သက်ပြီးတော့ ကြည့်ပုံ ရှုပုံလေး ပြောကြရအောင်။

ကြည့်ပုံ ရှုပုံဟာ မိမိတို့ ဒီတရားစခန်း စကတည်းက အသုံးချပြီးတော့ လာခဲ့တာက တွန်းကန်လှုပ်ရှား သဘောရှိတဲ့ ထွက်လေ ဝင်လေ ဝါယောဓာတ်။ အဲဒီ ထွက်လေ ဝင်လေ ဝါယောဓာတ်ကို စောင့်ပြီးတော့ ကြည့်နေတာက သတိ။

http://www.dhammadownload.com



အဲဒီလို ကြည့်နေတာက ဘာကြောင့်လဲ။ ထွက်လေ **ဝင်လေဆိုတဲ့** အာရုံတိုင်မှာ စိတ်ကလေးမြဲပြီးတော့ ငြိမ်ပြီးတော့နေအောင် အားထုတ်လာခဲ့ကြတာပဲ။

**ထိသိစိတ်**

အားထုတ်လာခဲ့ကြတော့ တွန်းကန်လှုပ်ရှား **ဝါယောဓာတ်နဲ့** ဝိပဿနာရှုပုံ ပြောဆိုပြီးပါပြီ။ သတိနဲ့ ပတ်သက်လို့လဲပဲ **"ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်"**။ သမ္မသနဉာဏ် ဖြစ်ပွားပုံလေး ပြောခဲ့ပြီ။

ဒီထွက်လေ ဝင်လေ ဝါယောဓာတ်ရယ်, သတိရယ်, **စိတ်ရယ်**။ ဒီ ဧရာတည်လာတဲ့ တရားသုံးမျိုး။ အဲဒီသုံးမျိုးထဲက ယနေ့စိတ်။

**စိတ်**ကို ဘာသာပြန်တော့ **"အသိ"** ဝိညာဉ်လို့လည်း ခေါ်တယ်။ စိတ်လို့လည်း ခေါ်တယ်။

**"အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဏ်ဆို၏"**

အာရုံကို ယူတတ်တယ်။ အသိသဘောလေး မနောလေးကို စိတ်- ဝိညာဉ် ဒီလိုခေါ်ရတယ်။

အဲဒီတော့ သိဆိုတဲ့စကားလေး။ သိတတ်တယ်၊ ကြံတတ်တယ်၊ တွေး တတ်တယ်။ အဲဒါကို စိတ်၊ ဝိညာဉ်၊ သူ့ချည်းထဲ ကျော်ကြည့်တဲ့ အခါကျတော့ အခြေခံမပါလို့ ရှိရင်လဲ မမြင်တတ်ပဲ ရှိနေတယ်။

ဒါကြောင့် ရုပ်ပါရမှာပေ့ါ။ ရုပ်မှာကတော့ ထွက်လေ ဝင်လေလေး တိုးထွက်တာ တိုးဝင်တာ မှတ်ပါဆိုတဲ့ စကားလေး။ မှတ်လိုက်တော့ သိတယ်။ တိုးထွက်တယ်၊ တိုးဝင်တယ်။

ထွက်လေ တိုးထွက်တယ်။ ဝင်လေ တိုးဝင်တယ်။ တိုးဝင်တယ် တိုးထွက်တယ်ဆိုတာ ထိခိုက်ပြီးတော့ ဝင်တယ်။ ထိခိုက်ပြီးတော့ ထွက်တယ်။ အဲဒီတော့ ဘာတွေပါရသလဲလို့ဆိုတော့-

**ကာယဥ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊**

ကာယပသာဒ ကာယအကြည်လေး နှာသီးဖျားဆိုတဲ့ ကာယ

http://www.dhammadownload.com



အကြည်၊ လေဆိုတဲ့ ဝါယောဖောဋ္ဌဗ္ဗာရုံ။

အဲဒီ နှာသီးဖျားဆိုတဲ့ ကာယအကြည်နဲ့ ဝါယောဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံနဲ့ တွေ့ကြဆုံတဲ့အခါကျတော့ **"ထိ"**ပြီးတော့ **"သိ"**။

**"ထိ"** ထိအောင်က ရုပ်(၂)ခုရဲ့အလုပ်၊ တာယပသာဒ ကိုယ်အကြည်ရယ်၊ ကာယပသာဒ ကာယအကြည်ရယ်၊ ဝါယောဆိုတဲ့လေ ဖောဋ္ဌဗ္ဗာရုံရယ်၊ သူတို့နှစ်ခု ပေါင်းဆုံမိတော့ **"ကာယ ဖောဋ္ဌဗ္ဗာရုံ (၂)ပါး ဆုံလျှင် ကာယဝိညာဉ် ဖြစ်မြဲပင်"**။

ဘာဖြစ်သလဲ **"သိ"**။ ဘာသိဖြစ်ပေါ်သလဲ မြင်သိ, ကြားသိ, နံသိ, စားသိတွေထဲက ဒီအသိကျတော့ **"ထိသိ"**။

ထိ- ရုပ်တရားနှစ်ခုရဲ့အလုပ်၊ သိ- နာမ်ရဲ့အလုပ် ဟော- စိတ်ကလေးကို ပြောတာပါ။ ဘာစိတ်တုန်း ကာယဝိညာဉ်စိတ်ပါပဲ။ နှာသီးဖျားမှာ ထိသိဆိုတော့ ဃာနဝိညာဉ်စိတ်လို့ ထင်တတ်တယ်၊ လွဲတတ်တယ်၊ သတိထားကြရမှာ။

အဲဒီ ကာယဝိညာဏ်စိတ်ကလေးကို မြတ်စွာဘုရားက ဘုရားဖြစ်ပြီးနောက် (၂)လ ရောက်တဲ့ အခါကျတော့ **"သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာပိဒုက္ခာ"**- သစ္စာလေးပါးထဲမှာ ဒုက္ခထဲ စာရင်းသွင်းပြီး ဟောတယ်။

* ထွက်လေ ဝင်လေခေါ်တဲ့ တွန်းကန်လှုပ်ရှား ဝါယောကလဲ ဒုက္ခသစ္စာ။
* ကာယပသာဒ ကာယအကြည်ကလဲ ဒုက္ခသစ္စာ။

ထိလို့သိတဲ့ စိတ်ကလေးကလဲ ကာယဝိညာဉ်စိတ်ကလဲ ဒုက္ခသစ္စာ။ ဒုက္ခသစ္စာ တရားသုံးခု ပူးပေါင်းနေတယ်။ အဲဒါကို ပါဠိတော်မှာ **"သံခိတ္တေန ပဥ္စုပါဒါက္ခန္ဓာပိ ဒုက္ခာ"**။

အဲဒီ ဒုက္ခဘယ်လို ပိုင်းခြားပြီး သိရမယ်။ ပရိညာတဗ္ဗတရား ပိုင်းခြားသိရမယ့်တရား။ ပိုင်းခြား သိရမယ်။ ဓမ္မစကြာမှာတော့ ပိုင်းခြားသိရမယ့်တရားတွေ ထုတ်ပြတယ်။ ပယ်ရမည့်တရားတွေ ထုတ်ပြတယ်။ ပွားရမယ့်တရား မျက်မှောက်ပြုရမယ့် တရားတွေကို ထုတ်ပြတယ်။

http://www.dhammadownload.com



**တစ်ဆင့်မြင့် အသိ**

ပိုင်းခြားပြီးတော့ သိတယ်ဆိုတဲ့နေရာမှာ ဆက်ပြီးတော့ မြတ်စွာဘုရားက အနတ္တလက္ခဏာသုတ္တန် ဒေသနာတော်ကျတော့ ပိုင်းခြားပြီးတော့ သိပုံတွေ တစ်ဆင့်မြင့်ပြီးတော့ **"ဝိညာဏံ အနတ္တာ"**- ထိလို့သိတဲ့ စိတ်ကလေးကို ဝိညာဏ်လို့ ခေါ်တာ။ အဲဒီ ဝိညာဏ် အနတ္တပါတဲ့။

ဝိညာဏ် တစ်စိတ်တစ်ဒေသ ကာယဝိညာဏ်စိတ် **"ဝိညာဏံ အနတ္တာ"**- ဝိညာဏ်သည် အနတ္တာ၊ အတ္တမဟုတ် အစိုးမရ။

ဘာကြောင့် အစိုးမရဘူးလို့ ပြောနိုင်သလဲဆိုတော့ အဲဒီစိတ်ဝိညာဏ်လေး ထွက်လေ ဝင်လေ အာရုံမှာ မိမိထိန်းသိမ်းထားတာပါပဲ။ သို့သော်လည်း တစ်ခါတရံ သူပြေးချင်တဲ့နေရာမှာ ပြေးနေတယ်။ မသွားသင့်တဲ့နေရာ သွားနေတယ်။

ခြုံပြီးတော့ ပြောမယ်ဆိုရင် အခါတိုင်း အခါတိုင်း ဒီစိတ်ကလေးဟာ စိတ်နာတယ်၊ စိတ်မသက်သာ နှလုံးနာတယ်။ အဲဒါလဲ အစိုးမရတဲ့ သဘောကို ပြတာပါပဲ။

အဲဒီလို ဟောတော်မူပြီးတော့ မြတ်စွာဘုရားက ရှေ့ဆက်ပြီးတော့ **"တံ ကိံမညထ ဘိက္ခဝေ၊ ဝိညာဏံ နိစ္စံဝါ အနိစ္စံဝါတိ"**။

ဘိက္ခဝေ- ရဟန်းတို့။ တံ- ထို ငါဘုရား မိန့်တော်မူလတ္တံ့ ဖြစ်တဲ့စကားကို။ ကိံမညထ- အဘယ်သို့ မှတ်ထင်ကြပါကုန်သနည်း။ ဝိညာဏံ- စိတ်သည်။ (ယခုအနေနဲ့ အဓိကအားဖြင့် စိတ်အများစုထဲက ဝိညာဏံ- ထိသိစိတ်သည်)

ကာယပသာဒနဲ့ ဝါယောဆိုတဲ့ ရုပ်(၂)ခု ထိမှုကြောင့် ပေါ်လာတဲ့ အသိ၊ ထိသိစိတ်သည်။ နိစ္စံဝါ- မြဲသလော။ အနိစ္စံဝါ- မမြဲသလော။ (ဟော- ထွက်လေ ဝင်လေလေး နှာသီးဝမှာ ထွက်တာ ဝင်တာကို စိတ်ကလေးက ငြိမ်လို့။ သတိလေးက ထိန်းလို့။ ဒီဝါယောကိုသိအောင် ဆောင်ရွက်ပြီးတော့ နေတဲ့စိတ်က။

အဲဒီတော့ "ထိသိ-ထိသိ" ထိတဲ့ကိစ္စ, သိတဲ့ကိစ္စ ဖြစ်ပြီးတော့ ပျက်တယ်။ ပျက်တော့ အနိစ္စသဘောလေး "ခယဋ္ဌေန" ကုန်ခမ်းသွားတတ်

http://www.dhammadownload.com



သော်ကြောင့် အနိစ္စ။

ကုန်ခမ်းသွားတတ်တယ်။ မှန်တယ်။ ထွက်လေအခိုက် ထိ၊ သိ၊ အဲဒီ သိတဲ့စိတ်ကလေးသည် "**နိစ္စံဝါ**"- မြဲသလော။ "**အနိစ္စံဝါ**"- မမြဲသလော။

ရဟန်းတော်များက "**အနိစ္စံဘန္တေ**"- မမြဲပါဘုရား။

ထွက်လေအခိုက် ဝင်လေအခိုက် စိတ်ကလေးကိုပဲ ဖြစ်ပေါ်တဲ့ သိစိတ်ကလေးကို အဲဒီသိစိတ်ကလေးကို ပြန်ပြီးတော့ စဉ်းစားရမှာပဲ။

"ထိ"ဒါကို သိတဲ့စိတ်ကလေး။ "ထိသိ" စိတ်ကလေး မကြာမကြာ ဖြစ်တယ်။ မကြာမကြာ ပျက်တယ်။

**စ၍ဖြစ်ပြီး မီးလျှံရေယဉ်ကဲ့အသွင် အစဉ်ဖြစ်ပွား၏။**

ဘဝစပြီး ဖြစ်လာထဲက မီးလျှံလို ရေအယဉ်လို ဖြစ်လာကြတာကိုး။ ထွက်လေ ဝင်လေကို ရှုမှတ်နေတဲ့ ထွက်လေ ဝင်လေ "**ထိသိ**"၊ အဲဒီ အသိ စိတ်ကလေးဟာ ကာယဝိညာဏ်စိတ်။

ထွက်လေ ဝင်လေကို သိပိုင်းခြားပြီးတော့ သူ့ရဲ့ အနိစ္စ, ဒုက္ခ, အနတ္တသဘောကို မြင်အောင် ထင်အောင် ကြည့်ပြီးတော့ နေတဲ့စိတ်။ ဒီစိတ်က ပိုပြီးတော့ အဆင့်အတန်း မြင့်လာတယ်။ ဝိပဿနာ မဟာ ကုသိုလ်စိတ် ဖြစ်လာပြီ။

အဲဒီ သိတဲ့စိတ်ကလေးကလဲ ထွက်လေကို သိတဲ့စိတ်၊ ဝင်လေကို သိတဲ့စိတ်။ ဆိုလိုတာကတော့ ရုပ်တရား နာမ်တရားတို့ သူ့သဘာဝ အတိုင်း ဖြစ်နေတာက မီးလျှံရေယဉ်ကဲ့အသွင်တဲ့။

**စုပုံထားလို့မရ**

ဆီမီးနဲ့လည်း တူတယ်။ မြစ်ရေအယဉ်နဲ့လည်း တူတယ်။ သို့သော် အဲဒီရုပ်နာမ်တွေဟာ "**အဒဿနတော အာယန္တိ ပုဥ္စော နတ္ထိ အနာဂတေ**"တဲ့ အစက မိမိဆီမှာ စုပုံရှိပြီးတော့ အကုန်လုံးရှိနေတာတော့ မဟုတ်ဘူးတဲ့။ ထိသိစိတ်ကလေးက ဖြစ်ပြီးတော့ စုပုံထားလို့ မရပဲ ပျက်သွားတော့တာပဲ။ ဒါ သဘောပေါက်နိုင်ပါတယ်။ အဲဒါကြောင့် "**အနိစ္စံဘန္တေ**"- မမြဲပါဘုရား။

"**ယံပနာနိစ္စံ ဒုက္ခံဝါတံ သုခံဝါတိ**"- အဲဒီ ထိသိစိတ်ကလေး တစ်ခု

http://www.dhammadownload.com



ထဲပဲ ပြောကြပါစို့။

မမြဲဘူးဆိုတော့ ဆင်းရဲတယ် ခေါ်မလား။ ချမ်းသာတယ် ခေါ်မလားဆိုတော့ ရဟန်းတော်များက **"ဒုက္ခံဘန္တေ"**- ဆင်းရဲလှပါတယ် ဘုရား။

**ယံပနာနိစ္စံ ဒုက္ခံဝိပရိဏာမဓမ္မံ ကလ္လံနုတံ သမနုပဿိတုံ ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသောမေအတ္တာတိ။**

ရဟန်းတို့ မြဲလည်းမမြဲ၊ ဆင်းရဲလည်း ဆင်းရဲ၊ ဖောက်လွဲဖောက်ပြန်ဖြစ်နေတတ်တဲ့ ထိသိစိတ်ကလေးကို ရှုမှတ်နေတဲ့ စိတ်ကလေးကို မြဲလည်းမမြဲ၊ ဆင်းလည်း ဆင်းရဲနေတဲ့ အဲဒီစိတ်ကလေးကို-

ဧတံမမ - ဒါငါ့ရဲ့စိတ်၊

ဧသောဟမသ္မိ - အဲဒါ ငါပဲ၊

ဧသောမေအတ္တာ - အဲဒါ ငါ၏အတ္တပဲ၊ အနှစ်သာရပဲဟူ၍ ရှုမြင်ခြင်းငှါ သင့်ပါမည်လော။

ရဟန်းတော်များက **"နောဟေတံဘန္တေ"**- ဘယ်လိုမှ မသင့်တော်ပါဘုရား။ အဲဒီလို လျှောက်ထားကြတယ်။

## စိတ် (၆)မျိုး

စိတ်ကို တစ်မျိုးကနေပြီးတော့ (၆)မျိုး ပွားပြီးကြည့်ကြရအောင်။ အခုဟာက ထိသိလေး၊ (၆)မျိုး ပွားကြည့်တော့ ဘာလဲဆိုတော့။

မြင်သိစိတ်၊ မြင်တယ်, မြင်တယ်လို့ သိတယ်။ ငါမြင်တယ်လို့ ပြောကြတယ်။ ဘယ်လိုနည်းနဲ့ မြင်သလဲဆိုတော့ **"စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"**- စက္ခုပသာဒ မျက်စိအကြည်ဓာတ်ကလေးနဲ့ ရူပါရုံနဲ့ ထိခိုက်မိတဲ့အခါမှာ မြင်သိစိတ်ကလေး ပေါ်လာတယ်။ အကြောင်းမဲ့ ပေါ်လာတာ မဟုတ်ဘူး။ ဘယ်သူမှ ဖန်ဆင်းလို့ ပေါ်လာတာ မဟုတ်ပဲလို့ မြင်ရတယ်။

ကြားသိစိတ်ကလေးလဲ ဒီလိုပဲ။ နားအကြည်ဓာတ်ကလေးနဲ့ သဒ္ဒါရုံ ထိခိုက်လို့ ကြားသိစိတ်ကလေး ပေါ်တယ်။ ဟောနေတဲ့ တရားနာတဲ့အခါ ဟောနေတဲ့ တရားနဲ့ မိမိရဲ့နားအကြည်ဓာတ်နဲ့ တရားအသံနဲ့ ထိခိုက်တဲ့အခါ



51(A)

http://www.dhammadownload.com



ကြားသိစိတ်၊ ရှေ့တစ်ပုဒ် ဟောတယ်။ နောက်တစ်ပုဒ် ဆက် ဟောတယ်။ ဒါက ခပ်ကျဲကျဲ။ ရှေ့တစ်လုံး ဟောတယ်၊ ကြားတယ်။ နောက်တစ်လုံး ဟောတယ် ကြားတယ်။ ဖြစ်ပြီးရင် ပျက်ပျက်သွားတာကိုး။

အရင်တစ်ပတ်က ပြောခဲ့တဲ့ ဥပမာလိုပဲ။ တစ်ခါတရံ ဘုရားပူဇော်ထားတဲ့ ရောင်ခြည်တော်စက်ဝိုင်းကြည့်။ ရောင်ခြည်တော်စက်ဝိုင်းကြည့်တော့ ပြိုးပြိုးပျက်ပျက်ဆိုတဲ့ အရောင်တွေ။

ညိုတဲ့အရောင်- လျှစ်စစ်ကလဲ အင်မတန်မြန်တော့ ဉာဏ်က တောင် သိပ်မမှီနိုင်ဘူး။ ဝါတဲ့အရောင်ပေါ်လာတယ်။ မြင်သိစိတ်ကလေး ဖြစ်တယ်။

စိမ်းတဲ့အရောင် ပေါ်လာတယ်။ မြင်သိစိတ်ကလေး ဖြစ်လာပြန်တယ်။ ဖြစ်ပျက်သွားတာတောင် သိဖို့မလွယ်ဘူး။ သို့သော် ရုပ်နာမ် ဖြစ်ပျက်နေတာက သည်ထက် အဆပေါင်းများစွာ မြန်ပါတယ်။

နာရီလက်တံကလေး၊ နာရီလေးချ၊ နာရီစက္ကန့်တံလေး တစ်စက္ကန့်၊ တစ်စက္ကန့် ချက်ချက်နဲ့မြည်ပြီးတော့ တစ်စက္ကန့်၊ နှစ်စက္ကန့် အသံလေးတွေ ကြား၊ ကြားသိစိတ်ကလေး ဖြစ်လာ၊ ဖြစ်ပြီး ပျက်သွားပုံ။

## ဆံခြည်တစ်မျှင်စာမျှ မရွေ့ပဲပျက်

ဖြစ်တဲ့အခါကျတော့ ပရမတ်သဘောတို့ရဲ့ ပရမတ္ထတရားတွေရဲ့ ရုပ်နာမ်တရားတွေရဲ့ သဘာဝအတိုင်း မြင်တဲ့ ကြားတဲ့နေရာမှာပဲ ပျက်သွားတာ။ ဆံချည်တစ်မျှင်လေးမှ မရွေ့ပါဘူး။ သူဖြစ်တဲ့နေရာမှာပဲ ပျက်၊ ရွေ့ပြီးမှ ပျက်တယ်ဆိုတာ မရှိဘူး။ အဲဒီလို အသေးစိတ်မြင်အောင် ကြည့်ကြရတယ်။ အဲဒီလို ကြည့်နေတာ ဝိပဿနာဉာဏ်မျက်စိရဲ့ အလုပ်ပါပဲ။

ပညတ်နယ်ပယ်က အနိစ္စ, ဒုက္ခ, အနတ္တ ထင်တာလဲ ကောင်းတာပဲ။ ပညတ်နယ်ပယ်ကတော့ သာမန်အားဖြင့် ရေအိုးထမ်းလာတဲ့ လူတစ်ယောက် မိမိရှေ့မှာ ရေအိုးကွဲသွားတာမြင်တော့ အနိစ္စ၊ ခလုတ်တိုက်မိလို့ နာကျင်သွားလဲ ဒုက္ခ၊ တစ်ခါတရံ မိမိထင်သလို မဖြစ်တဲ့အခါကျတော့ ဒါဟာ အနတ္တပဲ။

http://www.dhammadownload.com



ပညတ်နယ်က အနိစ္စ, ဒုက္ခ, အနတ္တကလဲရှိ၊ ဒီအမြင်တွေကိုလည်း အထင်မသေးသင့်ဘူး။ အဲဒီအမြင်တွေက ပရမတ်ကို ကျေးဇူးပြုနိုင်ပါတယ်။

**အစစ်**

သို့သော်လည်း တကယ့်အနိစ္စ၊ တကယ့်ဒုက္ခ၊ တကယ့်အနတ္တမြင်တာ မဟုတ်သေးဘူးတဲ့။ တကယ့်အနိစ္စ ဆိုတာဘာလဲ။ ပရမတ်တွေထဲက တစ်ခုခုထုတ်ကြည့် ဟော- တွန်းကန်လှုပ်ရှားတဲ့ ဝါယောဓာတ်ရဲ့ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်ပုံ။

မြင်သိစိတ်ကလေး အနိစ္စ, ဒုက္ခ, အနတ္တဖြစ်ပုံ။

ကြားသိစိတ်ကလေး အနိစ္စ, ဒုက္ခ, အနတ္တဖြစ်ပုံ။

နံသိစိတ်ကလေး အနိစ္စ, ဒုက္ခ, အနတ္တဖြစ်ပုံ။

လျက်သိစိတ်ကလေး အနိစ္စ, ဒုက္ခ, အနတ္တဖြစ်ပုံ။

တွေးသိစိတ်ကလေး အနိစ္စ, ဒုက္ခ, အနတ္တဖြစ်ပုံ။

အဲဒီလို ပရမတ္ထသဘာဝတွေရဲ့ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတွေကိုသိမှ။ အဲဒီ ပရမတ္ထတရားတို့ရဲ့ အနိစ္စအစစ်, ဒုက္ခအစစ်, အနတ္တအစစ် ဒီအတိုင်းနေလို့ မမြင်နိုင်ဘူး။ အပြောနဲ့လဲ ပြောဖို့ခက်တယ်။ အားထုတ်ပြီး ကြည့်တဲ့အခါကျမှ မိမိရဲ့သန္တာန်မှာ ထိသိစိတ်ကလေး တတန်းကြီး ဖြစ်ပေါ်ခဲ့တာ။ ထိသိစိတ်ကလေးတွေဟာ တတန်းကြီး ဖြစ်ပေါ်ခဲ့တယ်။ အဲဒါကို မြတ်စွာဘုရား ပရမတ်အစစ်မြင်ဖို့ရာ ဆိုပြီးတော့-

> **ဝိညာဏံ နိစ္စံဝါ အနိစ္စံဝါတိ အနိစ္စံ ဘန္တေ၊ ယံပနာနိစ္စံ ဒုက္ခံဝါတံ သုခံဝါ ဒုက္ခံဘန္တေ၊ ယံပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ နုတံ သမနုပဿိတုံ၊ ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသောမေအတ္တာတိ၊ နောဟေတံ ဘန္တေ"**

မြတ်စွာဘုရားဖြစ်ပြီး (၂)လနဲ့ ငါးရက်အကြာမှာ ဟောတော်မူတဲ့ ဒုတိယသုတ္တန်ဒေသနာတော်။



52(A)

## (၁၁)မျိုးနဲ့ရှု

ဆက်ပြီးတော့-

**တသ္မာတိဟာဘိက္ခဝေ ယံကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓံဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံ ဒူရေဝါ သန္တိကေဝါ သဗ္ဗံဝိညာဏံ နေတံမမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာတိ၊ ဧဝမေတံ ယထာဘူတံ သမ္မပညာယဒဋ္ဌဗ္ဗံ။**

မိမိတို့ ပစ္စုပ္ပန် ထိသိစိတ်ကလေးတစ်ခု ပိုင်သွားပြီဆိုရင် အတိတ်မှာဖြစ်တဲ့ စိတ်တွေ၊ မိမိတို့ ကြမ်းပေါ်မှာ ထိုင်လိုက်တယ်။ ထိုင်လိုက်လို့ ကြမ်းဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံနဲ့ မိမိတို့ ကာယပသာဒနဲ့ ထိလိုက်တာနဲ့ "ထိသိ" ဒါလဲ ဖြစ်သွားတာပဲ။

ကုလားထိုင်ပေါ် တိုင်တယ်။ လက်ရမ်းပေါ် လက်တင်လိုက်တယ်။ မိမိလက် ကာယအကြည်ဓာတ်နဲ့ ကုလားထိုင်လက်ရမ်း မာတယ်ဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံနဲ့ အဲဒီလို ရုပ်(၂)ခု ပေါင်းစပ်လိုက်တော့ ထိသိတဲ့ ကာယဝိညာဉ်စိတ်ကလေးလဲ တစ်ခါထဲ ဖြစ်ပေါ်လာတယ်။

အဲဒီတော့ ညာဘက် လက်ရမ်းပေါ် လက်တင်လိုက်တယ်ဆိုရင် ကာယဝိညာဉ်စိတ် ဖြစ်ပေါ်တယ်။ ထိသိစိတ် ဖြစ်ပေါ်တယ်။

တစ်ခါ ဘယ်ဘက် လက်ရမ်းပေါ် ဖိပြီးတော့ တင်လိုက်မယ်ဆိုရင် ကာယဝိညာဏ်စိတ် ဖြစ်ပေါ်တယ်။ အဲလို စိတ်မျိုးတွေ စိတ်မျိုးတွေ၊ ထွက်လေကို မှတ်တဲ့စိတ်၊ ဝင်လေကို မပြတ်ကြည့်ပြီးတော့နေတဲ့စိတ်၊ တရားသဘောတွေကို ကြံစည်တွေးတောနေတဲ့စိတ်၊ အတိတ်မှာဖြစ်တဲ့စိတ်၊ မနေ့ကဖြစ်တဲ့စိတ်၊ အနာဂါတ်မှာဖြစ်တဲ့စိတ်၊ အခု ပစ္စုပ္ပန်မှာဖြစ်တဲ့စိတ်။

ပြီးတော့ သူ့သန္တာန်မှာဖြစ်တဲ့စိတ်၊ မိမိသန္တာန်မှာ ဖြစ်တဲ့စိတ်၊ ယုတ်ညံ့တဲ့စိတ်၊ မြတ်တဲ့စိတ်၊ ကြမ်းတမ်းတဲ့စိတ်၊ နူးညံ့တဲ့စိတ်၊ နီးတဲ့စိတ်၊ ဝေးတဲ့စိတ်၊ အနီးမှာဖြစ်တဲ့စိတ်၊ အဝေးမှာဖြစ်တဲ့စိတ်။

အဲလိုစိတ်ကို ပထမက မြင်သိစိတ်, ကြားသိစိတ်, နံသိစိတ်, စားသိစိတ်, ထိသိစိတ်, ကြံသိစိတ်လို့ (၆)မျိုး ခွဲခြားထားပြီးတဲ့နောက်မှာ စိတ်တစ်မျိုး

http://www.dhammadownload.com



ထဲမှာ (၁၁)မျိုး၊ (၁၁)မျိုးနဲ့ ဝေဖန်ကြည့်တတ်ဖို့ လိုပါတယ်။

အတိတ်မှာဖြစ်တဲ့စိတ်၊ အနာဂါတ်မှာဖြစ်တဲ့စိတ်၊ ပစ္စုပ္ပန်မှာဖြစ်တဲ့စိတ်၊ မိမိသန္တာန်ဖြစ်တဲ့စိတ်၊ သူတစ်ပါးသန္တာန်မှာ ဖြစ်တဲ့စိတ် စသည် အဲဒီလို တစ်မျိုး တစ်မျိုးကို (၁၁)မျိုးနဲ့ ဝေဖန်ရမယ်။

အဲဒီ ဖြစ်သမျှစိတ်တွေ ဝေဖန်ရမယ်။ အဲဒီဖြစ်သမျှစိတ်တွေ ဘယ်အမျိုးအစားပဲဖြစ်ဖြစ် သမာဓိရပြီဆိုတော့ ဉာဏ်လုံးပွားရှု။

## သမ္မသနဉာဏ်

**နေတံမမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာတိ၊ ဧဝမေတံ၊ ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ။**

ဘယ်စိတ်ကိုပဲဖြစ်ဖြစ် "**နေတံမမ**" အဲဒီစိတ်ဟာ ငါရဲ့စိတ် မဟုတ်ဘူး။ "**နေသောဟမသ္မိ**"- အဲဒီစိတ်သည် ငါမဟုတ်ဘူး။ '**နမေသောအတ္တာ**"- အဲဒီစိတ်ဟာ ငါရဲ့အနှစ်သာရ မဟုတ်ဘူး။ "**ယထာဘူတံ**"- ဟုတ်တိုင်းမှန်စွာ။ "**သမ္မာ**"- ကောင်းစွာ။ "**ပညာယ**"- ပညာဖြင့်။ "**ဒဋ္ဌဗ္ဗံ**"- ရှုမှတ်အပ်၏၊ ရှုမှတ်ကြလေ။ ဒါ ဘုရားမိန့်ခွန်းတော်ပေါ့။

အဲဒီတော့ ဒီထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာငြိမ်အောင် သတိနဲ့ထိန်းလာတဲ့စိတ် ထိသိစိတ်၊ နောက်ရှုမှတ်တဲ့စိတ်။

အဲဒီ စိတ်ကလေးတွေ အားလုံးကို အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ် ပေါ်အောင်ရှုရမှာ။ အဲဒီ ရှုမှတ်တဲ့စိတ် ခန္ဓာငါးပါးနဲ့ပြောရင် ဝိညာဏက္ခန္ဓာ။

သူ့ချည်းထဲလားဆိုတော့ ဝေဒနာလည်း ပါတယ်။ သညာလည်း ပါတယ်။ သင်္ခါရတွေလဲ ပါတယ်။ အဲဒီတော့-

**ခန္ဓာဒိနည်း ဖွဲ့စည်းပြီးက သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်။**

အနိစ္စအမှတ်တံဆိပ်, ဒုက္ခအမှတ်တံဆိပ်, အနတ္တအမှတ်တံဆိပ်။ ရုပ်တစ်ခုခု, နာမ်တစ်ခုခု၊ တစ်ခုချင်းပဲဖြစ်ဖြစ်, အစုလိုက်ပဲဖြစ်ဖြစ်၊ လက္ခဏာအမှတ်တံဆိပ်ကြီးတွေကို မြင်အောင်ကြည့်တဲ့နည်း။ အဲဒါ သမ္မသနဉာဏ်။

http://www.dhammadownload.com



**ဥဒဗ္ဗယဉာဏ်**

**ဖြစ်ပွားပျက်မှု အစုံရှု ဥဒယဗ္ဗယဉာဏ်။**

ကာယပသာဒနဲ့ ဝါယောဓာတ်ဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံတို့ ထိခိုက်လို့ သိလာတဲ့ ထိသိ ကာယဝိညာဉ်စိတ်၊ ဟောတစ်ကြိမ် ဖြစ်ပြန်ပြီ၊ နောက်တစ်ကြိမ် ဖြစ်ပြန်ပြီ၊ အကြိမ်ကြိမ် ဖြစ်တာကိုး။

ဖြစ်ပြီးပြန်တော့ "ဆံချည်တစ်မျှင်လေးမျှ နေရာမရှေ့ပဲ" ပျက်သွားတယ်။ အဲဒီလို အဖြစ်နဲ့အပျက် မြင်အောင်ရှုရမှာပါ။

**ဖြစ်ပွားပျက်မှု အစုံရှု ဥဒယဗ္ဗယဉာဏ်။**

ဖြစ်တာကိုလည်း မြင်အောင်ကြည့်နိုင်တယ်။ ပျက်တာကိုလည်း မြင်အောင်ကြည့်နိုင်တယ်။ အဲဒါ ဥဒယဗ္ဗယဉာဏ်။

**တရုဏဝိပဿနာနှင့် အန္တရာယ် (၁၀)ပါး**

ဒီဥဒယဗ္ဗယဉာဏ်ကို ဝိပဿနာမှာ "**တရုဏဝိပဿနာ**"လို့ ခေါ်ပါတယ်။ တရုဏဝိပဿနာဆိုတာ နုနယ်တဲ့ ဝိပဿနာပါပဲ။ နုနယ်တဲ့ အတွက်ကြောင့်မို့ ဒီဥဒယဗ္ဗယဉာဏ် အဖြစ်အပျက်ကို ရှုနိုင်တဲ့ဉာဏ် အခိုက်မှာ-

**ဥဒယဉာဏ် ရင့်သန်တုံလတ် ဖြစ်လာတတ် (၁၀)ရပ် အန္တရာယ်။**

အဖြစ်နဲ့အပျက် အစုံရှုပြီးတော့နေတဲ့ အခါလေးမှာ အန္တရာယ်တွေ ဝင်လာတတ်တာ။ ဝိပဿနာရဲ့ အန္တရာယ်တွေ၊ အရောင်တွေ ဝင်လာတတ်တယ်။

နှစ်သိမ့်မှု ပီတိ ဝင်လာတတ်တယ်။ အဲဒါမျိုးတွေ (၁၀)မျိုး။ (၁၀)မျိုး ထဲက အလွန်ကြောက်ရတာကတော့ အရောင်အလင်းနဲ့ ပီတိပဲ။ သူတို့ပိုပြီး တော့ ဖြစ်တတ်ပါတယ်။ ဘာကြောင့်ဖြစ်သလဲဆိုတော့ "**တရုဏဝိပဿနာ**" ဖြစ်လို့ပါပဲ။

**ဗလဝ ဝိပဿနာ**

**အပျက်ကိုသာ ရှုတုံပါ သညာဘင်္ဂဉာဏ်။**

ဖြစ်တာ မရှုတော့ဘူးတဲ့။ ပျက်ပျက်သွားတာလေးပဲ ရှုတယ်။

http://www.dhammadownload.com



အပျက်ပဲ မြင်တော့တာ အပျက်ပဲ မြင်တယ်ဆိုတော့ မြင်သွားပြီ။

ဘင်္ဂဉာဏ်အဆင့်ရောက်တော့ **"ဗလဝဝိပဿနာ"**- အားကောင်းတဲ့ ဝိပဿနာ ဖြစ်လာတယ်။ အဲဒီကနေ အဆင့်ဆင့် အဆင့်ဆင့် တက်ပြီးသွားတော့ မဂ်လေးပါး အားလျော်တဲ့ အနုလောမဉာဏ် ရောက်သွားတယ်။ ပဋိသင်္ခါဉာဏ်ကျတော့လဲပဲ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါးကိုပဲ နာမည်အမျိုးမျိုးနဲ့ စဉ်းစားပုံ, ဆင်ခြင်ပုံ အချက်အလက်ပေါင်း လေးဆယ်နဲ့ ဖြိဖြန့်ပြီးတော့ ဒီရုပ်နာမ်တို့ကို ရှုရတာပါပဲ။

ဒါကြောင့် ပုထုဇဉ်ဘဝတုန်းက ရုပ်နာမ်တွေကို အနိစ္စ, ဒုက္ခ, အနတ္တ ရှုရသလို အရိယာဖြစ်တော့လဲ ဒီအနိစ္စ, ဒုက္ခ, အနတ္တကိုပဲ ရှုရတာပါပဲ။

ဒါကြောင့် မြတ်စွာဘုရားဟာ ဘုရားမဖြစ်မီက ထွက်လေ ဝင်လေကို ရှုမှတ်၊ အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်တယ်။ ဘုရားဖြစ်ပြီး ပြန်တော့လဲ မျက်မှောက်ချမ်းသာအတွက် တစ်သက်တာကာလမှာ အာနာပါနကိုပဲ သုံးစွဲတော်မူတယ်။ လက်သုံးတော် ကမ္မဋ္ဌာန်းကြီးဖြစ်တယ်။

ဒါကြောင့် ယောဂီသူတော်စင်များလဲ ဘုရားရှင်တိုင်း ဘုရားရှင်တိုင်း အလေးအမြတ်ပြု သုံးစွဲအပ်တဲ့ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ အာနာပါန ကမ္မဋ္ဌာန်းနဲ့ တစ်ဆင့်ချင်း တစ်ဆင့်ချင်း ရင့်ပြီးတော့ လာတဲ့ ဉာဏ် **"အပျက်ကိုသာ ရှုတုံ့ပါ သညာဘင်္ဂဉာဏ်"**- အဲဒီလို ရှုပါများလာတော့ ဉာဏ်အဆင့်ဆင့် တက်သွားနိုင်တာကိုး။

## သိမှ မြင်မှ

အဲဒီလို မြင်လာတဲ့အခါ အထူးသဖြင့် ရုပ်တရား နာမ်တရားတို့ရဲ့ အနိစ္စအမှတ်တံဆိပ်, ဒုက္ခအမှတ်တံဆိပ်, အနတ္တအမှတ်တံဆိပ် ရိုက်နှိပ်ပြီး သေသေချာချာ သိသွားတဲ့ အခါကျတော့ အထူးသဖြင့် စိတ်အပေါ် တံဆိပ်မှန် တံဆိပ်ပီစွာ ခတ်နှိပ်နိုင်တော့-

**ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ။**

အဲဒီလို မြင်အောင် ထင်အောင် ကြည့်နိုင်တဲ့ ယောဂီဟာ ဝိညာဉ်

http://www.dhammadownload.com



အပေါ်မှာ ငြိးငွေ့လာတယ်။ အမြင်မှန်ရတာကိုး။ အမြင်ရလာတော့ ငြီးငွေ့တယ်။ ဘီလူးမှန်းသိတော့ ကြောက်လန့်ငြိးငွေ့သလိုပါပဲ။ ငြီးငွေ့တော့ တပ်မက်မှု ကင်းတယ်။ မဂ်ဉာဏ် ဖြစ်တယ်။

တပ်မက်မှုကင်းတော့ ကိလေသာမှ ကင်းပြီးတော့ လွတ်ကင်းပြီးတော့ သွားတယ်။ ဒီအစဉ်အတိုင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် တက်သွားကြရတာပဲ။ ဒါကြောင့်-

**ဇာနတောဟံ ဘိက္ခဝေ အာသဝါနံ ခယံ ဝဒါမိ။**

ဘိက္ခဝေ- ရဟန်းတို့။ ဇာနတော- ခန္ဓာငါးပါးကို အနိစ္စ, ဒုက္ခ, အနတ္တလို့ အချက်ပိုင်ပိုင် သိသောပုဂ္ဂိုလ်အား။ အာသဝါနံ- အာသဝေါတရားတို့၏။ ခယံ- ကုန်ခြင်းကို။ အဟံ- ငါဘုရားသည်။ ဝဒါမိ- ဟောတော်မူ၏။

ခန္ဓာငါးပါးတို့ရဲ့ အခြေအနေမှန်ကို သိနေတဲ့ ပုဂ္ဂိုလ်မှာ အာသဝေါကုန်ခမ်းနိုင်တယ်လို့ ဟောပါတယ်။

**"နော အဇာနတော နော အပဿတော"**- ခန္ဓာငါးပါးတို့ရဲ့ အနိစ္စ, ဒုက္ခ, အနတ္တ အမှတ်တံဆိပ်ကြီးတွေကို၊ တစ်နည်းအားဖြင့် ရုပ် (၁၁)မျိုး၊ ဝေဒနာ (၁၁)မျိုး ခွဲခြားထားတာကိုး။

ဝိညာဉ်လဲပဲ အတိတ်, အနာဂါတ်, ပစ္စုပ္ပန် အစရှိသည်ဖြင့် (၁၁)မျိုး သွားတာ။ ခန္ဓာငါးပါးလုံး (၁၁)မျိုးစီပဲ။ အဲဒီ (၁၁)မျိုးကို သဘောပေါက်လို့ အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ် သက်ဝင်ပြီဆိုရင် အဲဒီပုဂ္ဂိုလ်တို့အတွက် အာသဝေါတရားတွေ ကုန်ခမ်းပုံ ငါဘုရား ဟောကြားတော်မူပါတယ်။

**က္ကဒံ မေ ပုညံ အာသဝက္ခယံ ဝဟံဟောတု။**

အဲဒီလို မိန့်ကြားတော်မူတဲ့ စကားအတိုင်း **"က္ကဒံ မေ ပုညံ အာသဝက္ခယံ ဝဟံဟောတု"**- ကုသိုလ်ပြုတိုင်း ကုသိုလ်ပြုတိုင်း **တောင်းခဲ့ကြ။**

ကန်တော့ချိုးက စပြီးတော့ တောင်းခဲ့တာတွေ။ ဤသို့ရှိခိုးရသော ကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး ဆိုပြီးတော့ မကောင်းတာတွေ လွတ်လိုမှုနဲ့ တောင်းခဲ့ကြ။ နောက်တော့ မဂ်ဉာဏ်(၄)ပါး

http://www.dhammadownload.com



ဖိုလ်ဉာဏ် (၄)ပါး နိဗ္ဗာန်ဆုတွေ တောင်းခဲ့ကြ။ ဒါကတော့ **အာသဝက္ခယ** ဉာဏ် ရရေးတောင်းတာနဲ့ အတူတူပါပဲ။

အာသဝက္ခယဆိုတာ အာသဝေါတို့ ကုန်စေတတ်တဲ့ **အတွက်** ကြောင့် **"အာသဝက္ခယ"**- မဂ်ဉာဏ်ကို ပြောတာ။ အာသဝေါတရားတို့ ကုန်ပြီးသားဖြစ်တဲ့အတွက် ဖိုလ်ဉာဏ်ကို အာသဝက္ခယ။

အာသဝေါတရားတို့ ကုန်ရာဖြစ်တဲ့အတွက် နိဗ္ဗာန်ကို အာသဝက္ခယ။ ဒါကြောင့်မို့ **"ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု"**- မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို ရပါစေလို့ ဆုတောင်းကြတယ်။

ထိုက်တန်သလောက် ဆုတောင်းကတော့ ပြည့်နေကြပြီ။ အပါယ် လေးပါးမှ လွတ်ချင်တယ်။ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး လွတ်ချင်တယ်၊ လွတ် လာခဲ့ပြီ။ ဒါကြောင့် လွတ်ပြီးသားပုဂ္ဂိုလ်တွေ ဖြစ်နေတော့ ကောင်းတဲ့အပိုင်း ကို ဆက်ပြီးတော့ ကြိုးစားဖို့ လိုပါတယ်။ မကောင်းတဲ့အပိုင်းလေးတွေ ရောက်မိသွားရင် အပါယ်ဘုံတစ်ခုခု (ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်) ရောက်သွားလို့ရှိရင် တော်တော်နဲ့ ကောင်းတဲ့ဘဝရောက်ဖို့ အခွင့်က မသာ တော့ပဲကိုး။

ဒါကြောင့် အခုတော့ အပါယ်လေးပါး၊ ကပ်သုံးပါး အထူးသဖြင့် ရပ်ပြစ်ရှစ်ပါးက လွတ်နေကြပြီ။

**"အဋ္ဌ အက္ခဏာ ပြဟ္မစရိယဝါသာယ"**- တရားအားထုတ်ခွင့်မရတဲ့ နေရာ၊ ကုသိုလ်ပြုခွင့် တက်လှမ်းမရတဲ့နေရာ (၈)မျိုး၊ အဲဒါ ရပ်ပြစ် (၈)ပါး။

အဲဒီ ရပ်ပြစ် (၈)ပါးက လွတ်လာပြီး ဗုဒ္ဓုပ္ပါဒခေါ်တဲ့ ဘုရားဖြစ် ခိုက်နဲ့ ကြုံတဲ့အချိန်ဟာ အဲဒါဟာ အခွင့်ကောင်း အခါကောင်း ကုသိုလ် ပြုခွင့်ရပြီ၊ တရားအားထုတ်ခွင့် ရပြီ။ ဒါကြောင့်-

**မာဝေါခဏံ ဝိရာဓေထ။**

ဝေါ- အသင်ယောဂီ သူတော်စင်တို့သည်။ ခဏံ-ဗုဒ္ဓုပ္ပါဒနဝမ ခဏအခါကောင်းကို။ မာဝိရာဓေထ- လက်မလွတ်ကြစေနှင့်။

**ခဏာတီတာဟိ သောစရေ။**

ခဏတီတာဟိ- အချိန်ကောင်း အခါကောင်းကို လွန်ကုန်သော

http://www.dhammadownload.com



ပုဂ္ဂိုလ်တို့သည်။ သောစရေ- စိုးရိမ်ကြရလေကုန်၏။

**သဒတ္ထေ ဝါယမေယျာထ ခဏောဝေါ ပဋိပါဒိတော။**

သဒတ္ထေ- မိမိအကျိုးစီးပွား ဖြစ်ကြောင်း ဖြစ်တဲ့ လုံ့လ၌။ ဝါယမေယျာထ- အားထုတ်ကြကုန်လော့။ ဝေါ- အသင် ယောဂီသူတော်စင်တို့သည်။ ခဏော- ဘုရားဖြစ်ခိုက် လူဖြစ်ခိုက်ဆိုတဲ့ အချိန်ကောင်း အခါကောင်းကြီးကို။ ပဋိပါဒိတော- ရှေ့ရှုမျက်မှောက် ရအပ်ပေပြီတကား။

သာဓု သာဓု သာဓု

**သတ္တမနေ့ ဟောစဉ်ပြီး၏။**

http://www.dhammadownload.com



## ၁၂–ကြိမ်မြောက် (၇)ရက် တရားစခန်းအောင်ပွဲ
## ဆရာတော်၏ ဩဝါဒကထာ

ယနေ့ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ပြည်လမ်း (၃၃၇-က) လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်မှာ (၁၂)ကြိမ်မြောက် ကျင်းပတဲ့ (၇)ရက် တရားစခန်း။

### ဗုဒ္ဓမြတ်စွာ ပဒေသာပင်ကြီး

တရားစခန်း လာရောက်ပြီး အားထုတ်ကြတဲ့ ယောဂီသူတော်စင်များ (၇)ရက် တင်းတင်းပြည့်လို့ တရားစခန်းအောင်ပွဲ ကျင်းပတဲ့ အခါသမယ မိမိတို့အားထုတ်ထားတဲ့ တရားတော်နဲ့ ပတ်သက်ပြီး ညစဉ်ညဆက် မိမိတို့ ကျင့်စဉ်များနှင့် ပတ်သက်ပြီး သိသင့်သိထိုက်သော တရားစကားများ ဟောကြားခဲ့ပါတယ်။

ဒီအောင်ပွဲမှာ ဓမ္မစေတီ ပိဋကတ်တော် လှူဒါန်းတဲ့ ဓမ္မစေတီကို တည်ထားကိုးကွယ်တဲ့ ကိစ္စကလည်း ပါလာတော့ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၈၈-နှစ်နဲ့ (၇)ရက်က ပွင့်တော်မူခဲ့တဲ့ ဗုဒ္ဓဘုရား တစ်ဆူတည်းသော ဗုဒ္ဓဘုရားသည်-

**ကြွစ္ဆိတတ္ထပဒေါ သာရော၊ ဖလ ပုပ္ဖောပသောဘိတော**
**သစ္စာယောယမပုဗ္ဗောဝ၊ ကပ္ပရုက္ခောသမုဋ္ဌိတော။**

အယံ- ကပ္ပရုက္ခော- ဤဗုဒ္ဓမြတ်စွာ ပဒေသာပင်ကြီးသည်၊ ကမ္ဘာလောကကြီးအလယ်မှာ ဗုဒ္ဓဘုရားတည်းဟူသော ပဒေသာပင်ကြီး။ ကြွစ္ဆိတတ္ထပဒေါ- လောကုတ်လောကီ နှစ်လီသော အကျိုးစီးပွားတို့ကို ဖြစ်ပွားစေတတ်ပါ၏၊ လောကီ လောကုတ္တရာ အကျိုးစီးပွားတို့ကို ပေးစွမ်းနိုင်တဲ့ ဘုရားတည်းဟူသော ပဒေသာပင်ကြီး။ သာရော- သီလ, သမာဓိ, ပညာ ပြည့်သည့် ကြီးသောအနှစ်သာရ ရှိတော်မူပါပေ၏။

ဖလပုပ္ဖောပသောဘိတော- သိဉ်မကုန် သီးပွင့်စုံသို့ အဖုံဖုံ အစားစား များပြားပြည့်ကြွယ် တင့်တယ်တော်မူပါပေသော၊ ဗုဒ္ဓဘုရားတည်းဟူသော ပဒေသာပင်ကြီးက ဖြန့်ဝေထားခဲ့တဲ့ သိစရာတွေ, လိုက်နာ

http://www.dhammadownload.com



စရာတွေ, ကျင့်စရာတွေ မကုန်နိုင် မခမ်းနိုင် ဝေဝေဆာဆာကြီး ရှိလျက် ပါပဲ။

အယံကပ္ပရုက္ခော- ဤဘုရားတည်းဟူသော ပဒေသာပင်ကြီးသည်။ သစ္ဆာယော- ရောင်ခြည်တော် ခြောက်သွယ် အသွယ်သွယ်ဖြင့် ပြန့်ကျယ်သော အရိပ်အာဝါသ ရှိတော်မူပါပေ၏။

အဲဒီ ဗုဒ္ဓဘုရား တည်းဟူသော ပဒေသာပင်ကြီးမှာ ခြောက်သွယ်သော အရိပ်အာဝါသလည်း ရှိပါတယ်။

အယံကပ္ပရုက္ခော- ဤဗုဒ္ဓမြတ်စွာ ပဒေသာပင်ကြီးသည်။ အယံကပ္ပရုက္ခော- ဤသို့ဂုဏ်အင် စုံလင်လှတဲ့ ဘုရားတည်းဟူသော ပဒေသာပင်ကြီးသည်။ အပုဗ္ဗောဝ- ရှေးရှေးခေတ်က ကြုံစဖူး အထူးဖြစ်၍သာလျှင်။ သမုဋ္ဌိတော- တို့ကံအလျှောက် ကောင်းစွာပေါ်ပေါက်လာခဲ့ပါသည် တကား။

သာဓု သာဓု သာဓု

## သာသနာ့လှုပ်ခန်းကြီး (၂)ရပ်

ဗုဒ္ဓဘုရား ပွင့်ပေါ်လာတော့ ဘုရားတည်းဟူသော ပဒေသာပင်ကြီး၊ လောကုတ်လောကီ နှစ်လီသော အကျိုးစီးပွားလည်း ပေးနိုင်တယ်။ သီလ, သမာဓိ, ပညာ အနှစ်သာရလည်း ရှိတယ်။ သိ၍မကုန် သီးပွင့်စုံတယ်။ ရောင်ခြည်တော်ခြောက်သွယ် အသွယ်သွယ်နဲ့ ပြန့်ကျယ်တဲ့ အရိပ်အာဝါသကြီးလည်း ရှိတဲ့ ပဒေသာပင်ကြီး လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၄၄-နှစ် (၈)လက အဲဒီ ပဒေသာပင်ကြီးဟာ (၄၅)နှစ် သက်တမ်းရှိပြီးတော့ ပြိုလဲသွားခဲ့တာပါ၊ မပြိုလဲမီ ပြိုလဲတော့မယ် ဆိုတာတော့ သေချာသိပြီ။

အဲဒီ မပြိုလဲမီလေးမှာ ဩော်- ယနေ့ ဦးကံမြင့်တို့ ဒေါ်တင်တင်ဝင်းတို့ လှူဒါန်းတဲ့ ဓမ္မစေတီတော်မြတ် ပိဋကတ်တော်မှာ-

ပရိနိဗ္ဗာန်စံဖို့ တဖြည်းဖြည်း ကြွနေစဉ်မှာ အရေးကြီး အမှာစကားလေးတွေ သိပ်ပြီး မိန့်မှာချက်တွေ ပါတယ်။

> **သီလပရိဘာဝိတော သမာဓိမဟာပ္ဖလော ဟောတိ မဟာနိသံသော။**

http://www.dhammadownload.com



သီလနဲ့ ထုံမွှန်းထားအပ်သော သမာဓိဟာ ကျေးဇူးများတယ်။ အကျိုးအာနိသင် ကြီးတယ်။ သမာဓိနဲ့ ထုံမွှန်းထားတဲ့ ပညာဟာလည်း အကျိုးအာနိသင် ကြီးတယ်။ သမာဓိနဲ့ ထုံမွှန်းထားတဲ့ အသိဉာဏ်ပညာ ဝိပဿနာဉာဏ်ပညာ မဂ်ပညာ။

ပညာနဲ့ ထုံမွှန်းထားတဲ့ စိတ်ဟာလဲ အာသဝေါတရားတို့မှ လွတ်ကင်းနိုင်တယ်လို့ မိန့်ကြားသလို။ တစ်နေ့ကျတော့ ဝေသာလီရောက်တော်မူသွားပြီး ဝေသာလီပြည် ရောက်သွားတော့ မဟာဝုန်တောမှာ စုလစ်မွန်းချွန် အထွဋ်တင်ထားတဲ့ ကျောင်းတော်ကြီးမှာ အရှင်အာနန္ဒာကို မြတ်စွာဘုရား ဘာမိန့်သလဲဆိုတော့-

**ဂစ္ဆတွံ အာနန္ဒ ယာဝတိကာ ဘိက္ခူဝေသာလိံ**
**ဥပနိဿာယ ဝိဟရန္တိ၊ တေသဗ္ဗေ**
**ဥပဋ္ဌာနသာလာယံ သန္နိပါတေဟိ။**

အာနန္ဒာ သွားတော့၊ ဝေသာလီပြည်မှာ မှီနေကြတဲ့ သံဃာတွေ စည်းဝေးညီမူရာ ဓမ္မာရုံပေါ့။ အဲဒီမှာ စည်းဝေးကြ၊ အရေးကြီးတဲ့ စကား ဟောကြားမယ်။

အရှင်အာနန္ဒာကလဲ ဘုရားစကား နားထောင်။ ဝေသာလီမြို့ နေကြတဲ့ သံဃာတွေအားလုံး စည်းဝေးပြီးတဲ့ အခါကျတော့-

မြတ်စွာဘုရား အားလုံးသံဃာများ ရောက်ပါပြီဘုရား။ အရှင်ဘုရား အချိန်အခါ သိတော်မူပါ ဘုရားလို့ လျှောက်ထားတော့ မြတ်စွာဘုရား စည်းဝေးညီမူရာဖြစ်တဲ့ ဓမ္မာရုံကို ကြွပြီးတော့ ဘာမိန့်သလဲဆိုတော့-

**တသ္မာတိဟ ဘိက္ခဝေ ယေတေမယာဓမ္မာ အဘိညာ**
**ဒေသိတာ တေ ဝေါ သာဓုကံ ဥဂ္ဂဟေတွာ အာသေဝိတဗ္ဗာ**
**ဘာဝေ တဗ္ဗာ ဗဟုလိကာတဗ္ဗာ။**

ဟော- ဒီစကား။ ဒါဘာလဲလို့ဆိုတော့ ရဟန်းတို့ ငါဘုရားကိုယ်တော်မြတ် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ခဲခဲယဉ်းယဉ်း အသက်နဲ့လဲ ရှာဖွေစုဆောင်း ရရှိအပ်တဲ့ အသိဉာဏ်ထူးနဲ့ ဟောကြားထားတဲ့ တရားတော်တွေ ရှိတယ်။

http://www.dhammadownload.com



ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ငါဘုရား ဟည်ထားတာ ဟောထားတာတွေ ရှိတယ်။ အခု ငါဘုရား မကြာခင် ပရိနိဗ္ဗာန် စံတော့မယ်ဆိုတော့ တည်ထားခဲ့တဲ့ ဓမ္မစေတီတော်မြတ် ပိဋကတ်တရားတော်များကို "သာဓုကံ ဥဂ္ဂဟေတွာ" နံပါတ် (၁)လုပ်ငန်းက ရိုရိုသေသေ သင်ကြ၊ ပို့ချကြ၊ ဒါနံပါတ် (၁) ဒီစကားအတိုင်း သင်အံပို့ချနေတာကို ပရိယတ္တိ သာသနာဝန် ထမ်းတယ်လို့ ခေါ်ပါတယ်။

နံပါတ် (၂) "**အာသေဝိတဗ္ဗာ**"- သုံးစွဲကြပါ။ "**ဘာဝေတဗ္ဗာ**"- ပွားများကြ၊ "**ဗဟုလီကာတဗ္ဗာ**"- တစ်ကြိမ်မက ထပ်ခါထပ်ခါ ပွားများသုံးစွဲကြ။ အဲဒီ (၂)နံပါတ်အတိုင်း သုံးစွဲပွားများနေရင် ပဋိပတ္တိဝန်ထမ်းပါတဲ့။

ဟော- မြတ်စွာဘုရားက ငါဟောသားတဲ့ တရားတွေ ရှိတယ်။ အဲဒီ တရားတွေကို လေ့လာကြ၊ သင်အံကြ၊ ပို့ချကြ၊ အားထုတ်ကြရင်။

**ယဒယိဒံ ဗြဟ္မစရိယံ အဒ္ဓနိယံ အဿ စိရဋ္ဌိတိကံ။**

**တဒဿ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ ဒေဝမနုဿနံ။**

အဲဒီလိုဆိုရင် သာသနာတည်တံ့လိမ့်မယ်။ သာသနာ တည်တံ့တော့ နတ်တွေ လူတွေ ချမ်းသာကြီးပွား တိုးတက်ကြလိမ့်မယ်။ အဲဒီတော့ သာသနာတည်တံ့တာဟာ လူနတ်အားလုံးအတွက်ပါပဲ။

**ပိဋကတ်အဆီ**

အဲဒီ တရားတွေဟာ ဘာတွေလဲလို့ဆိုတော့ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ကို ခြုံပြီးတော့

| | | |
|---|---|---|
| စတ္တာရောသတိပဋ္ဌာနာ၊ | သတိပဋ္ဌာန် | (၄)ပါး၊ |
| စတ္တာရောသမ္မပ္ပဓာနာ၊ | သမ္မပ္ပဓာန် | (၄)ပါး၊ |
| စတ္တာရောဣဒ္ဓိပါဒါ၊ | ဣဒ္ဓိပါဒ် | (၄)ပါး၊ |
| ပဉ္စဣန္ဒြိယာနိ၊ | ဣန္ဒြေ | (၅)ပါး၊ |
| ပဉ္စဗလာနိ၊ | ဗိုလ် | (၅)ပါး၊ |
| သတ္တဗောဇ္ဈင်္ဂါ၊ | ဗောဇ္ဈင် | (၇)ပါး၊ |
| အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ | မဂ္ဂင် | (၈)ပါး၊ |

http://www.dhammadownload.com



ဓာမိပက္ကိုယ (၃၇)ပါး ပိဋကတ်အဆီ အနှစ်ချုပ်ကို ဒီလို ပရိနိဗ္ဗာန် **စံခါနီး**မှာ ထုတ်ပြခဲ့တယ်။ ဒါမှချုသာသနာပါပဲ။

ဘုန်းကြီးတို့ နှစ်ပေါင်း ၂၅၄၃-နှစ်နဲ့ (၈)ရက်က ဗုဒ္ဓဘုရားတည်း **ဟူသော** ပဒေသာပင်ကြီး ကွယ်ပျောက်ပြီးတော့လဲပဲ ကွယ်ပျောက်ခါနီးမှာ **မြတ်စွာ**ဘုရားက အားပေးစကား ဘာမိန့်သလဲဆိုတော့-

## ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မမူသေး

**ယောဝေါ အာနန္ဒ မယာ ဓမ္မောစဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။**

**အာနန္ဒာ**- သင်တို့ကို (၄၅)ဝါ ကာလပတ်လုံး ဟောကြားထားတဲ့ **သုတ်, ဝိနည်း, အဘိဓမ္မာ** တရားတော်တွေ ရှိတယ်။ အဲဒါ သင်တို့ရဲ့ ဆရာ **တွေ**ပဲ။

**အဟံ ဧကောဝ ပရိနိဗ္ဗာယာမိ။**

အဟံ- ငါဘုရားသည်။ ဧကောဝ- တစ်ပါးတည်းသာလျှင်၊ **တစ်ဆူ**တည်းသာလျှင်။ ပရိနိဗ္ဗာယာမိ- ပရိနိဗ္ဗာန် စံသေး၏။

ငါတစ်ဆူထဲ ပရိနိဗ္ဗာန် စံသေးတာပဲ။

စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိ- ရှစ်သောင်းလေးထောင်သော ဓမ္မစေတီမြတ် ပိဋကတ်တို့သည်။ ဝေါ- သင်တို့ကို။ ဩဝဒိဿန္တိ- ဆုံးမ လိမ့်မယ်။ အနုသာသိဿန္တိ- သွန်သင်ကြလိမ့်မယ်။

ဟော- တစ်ဆူထဲ ပရိနိဗ္ဗာန် စံသေးတာ။ တစ်နည်းအားဖြင့်၊ ပြောမယ်ဆိုရင် ပင်မပဒေသာပင်ကြီး တစ်ပင်ထဲ လဲပြိုသွားသေးတာ။ ပင်ပွားပဒေသာပင် (၈၄၀၀၀) ကျန်သေးတယ်။ ဒါကြောင့် ဒီပိဋကတ် တရားတော်တွေဟာ ပင်ပွားပဒေသာပင်တွေပါပဲ။ အဲဒီဘုရားတွေ ပရိနိဗ္ဗာန် မစံကြသေးပါ။

အဲဒီ ပင်ပွားပဒေသာပင်တွေ**ကို** ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ အားရ စရာကောင်းတာက ဒီတရားတော်တွေကို အာဂုံဆောင်နေတဲ့ ရဟန်းတော် တွေ ရှိတယ်။ အမြဲမပြတ် ပို့ချနေတဲ့ ရဟန်းတော်တွေ အများကြီးရှိတယ်။

http://www.dhammadownload.com



### ထင်ရှားတဲ့ နေရာနှစ်နေရာ

ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ သာသနာထင်ရှားတာ နှစ်နေရာ၊ သထုံသာသနာနဲ့ ပုဂံသာသနာလို့။

ဘုရားပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း (၂၃၆)နှစ်လောက်မှာ သထုံကို သာသနာရောက်ပြီးတော့ လာတယ်။ အရှင်သောဏတို့ အရှင်ဥတ္တရတို့ သထုံရောက်လာတော့ ပထမဆုံး ဗြဟ္မဇာလသုတ္တန်ကြီးကို ဟောလို့ သာသနာပြုခဲ့တယ်။ ဒီနောက် ဘိက္ခု ဘိက္ခုနီတွေ များစွာနဲ့ စာပေသင်ကြား၊ တရားအားထုတ်ပြီး သာသနာ့တာဝန် ထမ်းတော်မူကြ တယ်။

နောက်သာသနာနှစ် (၁၆၀၀)ကျော်မှာ ပုဂံသာသနာ ရောက်ပါ တယ်။ ပုဂံသာသနာကျတော့ ကျင့်စဉ်နဲ့ စတယ်။ အရှင်အရဟံကို အနော်ရထာ က "ပုဂံမှာ သာသနာတည်ပါပြီလား ဘုရား"လို့ လျှောက်ထားတဲ့ အခါကျ တော့ "သာသနာတော့ တည်ပြီ။ သို့သော် အခြေမခိုင်သေးဘူး"။ အခြေ မခိုင်သေး ဆိုတော့ အခြေခိုင်အောင် ဘယ်လိုလုပ်ရပါ့မလဲလို မေးလျှောက် တော့ သထုံကို လှမ်းညွှန်ပြတယ်။

ဒါနဲ့ အနော်ရထာမင်းက သထုံမင်းဆီကို ပိဋကတ်တော်များ ရဖို့ရာ အကြောင်းကြားတော့-

"သင်တို့လို ဘုန်းနည်း ကံနည်း၊ ဘုန်းမဲ့ ကံမဲ့ ပုဂ္ဂိုလ်တွေနဲ့ ပိဋကတ် တရားတော် မတန်ဘူး" ဆိုပြီး သထုံက အကြောင်းပြန်တော့မှ တဖြည်းဖြည်း ဆိုကြပါစို့ ပိဋကတ် အစုံ (၃၀)နဲ့ စာချဆရာတော် (၁၀၀၀)ကို စစ်တိုက်ပြီး တော့ ပုဂံကနေယူခဲ့ရတယ်။ အဲဒီလိုနဲ့ ပုဂံမှာ ပရိယတ်ရော ပဋိပတ်ရော နှစ်မျိုးလုံးစုံပြီးတော့ သာသနာတည်ခဲ့တဲ့ သမိုင်းရှိတာကိုး။

### သင်အံပို့ချမှုရှိတဲ့ မြန်မာပြည်

ဆိုလိုတာက ဘာလဲဆိုတော့ ဒီပရိယတ်တရားတော်များမရှိရင် ဘုန်းကြီးတို့ သီလဆက်တည်ဖို့လည်း ခက်တယ်။ သမာဓိပွားများဖို့လည်း ခက်တယ်။ ဘာဝနာပွားများဖို့လည်း ခက်တယ်။ အားလုံးပျောက်ကုန်မှာ ကိုး။ ရှုနည်း မှတ်နည်း ပျောက်ကုန်မယ်။

http://www.dhammadownload.com



ဒါကြောင့် အရှင်မဟာကဿပမထေရ်က ဦးဆောင်ပြီး မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးနောက် (၃)လနဲ့ (၅)ရက်မှာ ဘုရားစကားတော်တွေ စုပေါင်းပြီးတော့ စောင့်ထိန်းတယ်။ တာဝန်အသီးသီးပေး ပို့ချစေခဲ့တယ်။

အဲဒီကနေပြီးတော့ နှစ်ပေါင်း (၄၅၀) ဒီတရားတော်တွေကို ရှေးက ရဟန္တာအရှင်မြတ်ကြီးတွေ ဆရာတော်ကြီးတွေ နှုတ်နဲ့အာဂုံဆောင်လာတာ (၄၅၀)။

ဒီနောက်ကျတော့ ကြာရင် ပျောက်ရချည်ရဲ့ဆိုပြီး ပေရွက်ကလေးတွေနဲ့ ရေးပြီးတော့ ပေစာဆိုပြီးတော့ သီဟိုဠ်မှာ အဲဒီပေရွက်ကလေးတွေနဲ့ ရေးပြီး စောင့်ထိန်းလာတာ နှစ်ပေါင်း (၁၉၆၀)လောက် ကြာပါတယ်။

ဒီနောက် ဘုန်းကြီးတို့ မြန်မာနိုင်ငံကျတော့ ကျောက်စာ ဒီနောက်ကျတော့ စာအုပ်၊ တဖြည်းဖြည်း ထိန်းထိန်းလာတာ ခုတော့လဲပဲ "စီဒီရွမ်" ဓာတ်ပြားတွေထဲမှာ ရောက်နေပါပြီ။

ဒီလို စာအုပ်တွေ, စီဒီရွမ်ဓာတ်ပြားတွေထဲမှာ ရောက်နေသော်လည်းပဲ သင်အံပို့ချမှု ရှိမှ နားလည်ပါတယ်။ သင်အံပို့ချမှု မရှိရင် နားမလည်ပါဘူး။ စာအုပ်ထဲ ဓာတ်ပြားထဲ ရှိရုံနဲ့မပြည့်စုံတာကို နားလည်ဖို့ လိုပါတယ်။

သင်အံပို့ချမှု ရှိနေကြတဲ့အတွက် မြန်မာပြည်သာသနာ အားရစရာကောင်းတယ်။ ကျေနပ်စရာကောင်းတယ်။

## ဆေးမြစ်ပျောက်သည့် မြေဘုတ်ဘီလူးပမာ

ရှင်မဟာကဿပထေရ်ကြီးကတော့ **"မူလေနဋ္ဌေ ပိသာစသဒိသာ ဘဝိဿာမ"**- ဤတရားတော်တွေကို ထိန်းပါ။ မထိန်းရင် ဆေးမြစ်ပျောက်တဲ့ မြေဘုတ်ဘီလူးလို ဖြစ်လိမ့်မယ်တဲ့။

မြေဘုတ်ဘီလူးလေးဟာ သူ့မိဘက မွေးဖွားလာတဲ့ အခါကျတော့ ဆေးမြစ်ကလေး ပေးလိုက်တာ။ ဆေးမြစ်ကလေးက တော်တော်အရေးကြီးတယ်။ ဒီဆေးမြစ်လေး ကိုင်ထားလို့ရှိရင် ကိုယ်ယောင်ဖျောက်နိုင်တယ်။

လိုအပ်တဲ့ အစာအာဟာရတွေလည်း ရနိုင်တယ်။ အဲဒီ မြေဘုတ်ဘီလူးလေး ဆေးမြစ်ပျောက်သွားလို့ရှိရင် ကိုယ်ယောင်ဖျောက်ပြီး လမ်း

http://www.dhammadownload.com



မလျှောက်နိုင်ဘူး။ လိုအပ်တဲ့ အစာအာဟာရစသည်လဲ မရနိုင်တော့ဘူး။ ဆေးမြစ်ကလေး ပျောက်သွားတာနဲ့ လူတွေက ဝိုင်းရိုက်မယ်။ ခွေးတွေကလည်း ဝိုင်းကိုက်ချင် ကိုက်ကြမယ်။

အဲဒါကြောင့် ဆေးမြစ်ပျောက် မြေဘုတ်ဘီလူးဟာ ကိုယ်ယောင်မဖျောက်နိုင်ဘဲ လူတွေက ရိုက်၊ ခွေးတွေက အကိုက်ခံရသလို။ ဆေးမြစ်နဲ့တူတဲ့ ဘုရားပေးထားတဲ့ ဒီတရားတော်တွေ ဓမ္မစေတီမြတ် ပိဋကတ်တော်တွေ ပျောက်သွားမယ်ဆိုရင်, ဝိနည်းပိဋကတ် ပျောက်သွားရင် ဘုန်းကြီးတို့ ရှင်ပြုပွဲကြီးတွေ မရှိနိုင်ဘူး။ ရဟန်းခံပွဲတွေ မရှိနိုင်ဘူး။ ကထိန်ပွဲတွေဆိုတာ မရှိနိုင်ဘူး။ ဥပုသ်စောင့်သုံးဖို့တောင် ခက်တာကိုး။ အခု အိန္ဒိယနိုင်ငံတို့မှာ သာသနာကွယ်တယ်၊ ကွယ်တယ်ဆိုတာ ဥပုသ်စောင့်ဖို့တောင် ခက်နေတယ်။ ဒီလို တရားအားထုတ်ဖို့ ဆိုတာတော့ ဝေးရော။

ဒါကြောင့် ဆေးမြစ်နဲ့တူတဲ့ ဓမ္မစေတီတော်မြတ် ပိဋကတ်တော်တွေရှိနေလို့ သီလဆောက်တည်ခွင့်ရကြ သမာဓိပွားများကြရ ဝိပဿနာပညာဉာဏ် အဆင့်ဆင့် တက်နိုင်ကြတယ်။

**စကားတစ်ခွန်းထဲထည့်**

ဒီပိဋကတ်တရားတော်တွေရဲ့ ကျေးဇူးတွေဟာ အင်မတန်များတယ်။ အဲဒီတော့ ဒီတရားတော်တွေကို ခြုံပြီးတော့ (၄၅)ဝါ ကာလပတ်လုံး ဟောကြားခဲ့တဲ့ ပိဋကတ်သုံးပုံ တရားတော်တွေကို မြတ်စွာဘုရားက **စကား** တစ်ခွန်းထဲ ထည့်ပြီးတော့ ထားခဲ့တယ်။

အဲဒါ ဘာလဲဆိုတော့ အမှတ်တမဲ့ မနေကြနဲ့ဆိုတဲ့ "**အပ္ပမာဒ** ဩဝါဒ"ပါပဲ။ ဒါကြောင့် အသောက မင်းကြီးအား နိဂြောဓသာမဏေ တရားဟောတော့ မြတ်စွာဘုရားရဲ့ တရား အကျဉ်းချုပ်ကို ဟောလိုက်တယ်။

**အပ္ပမာဒေါ အမတံ ပဒံ**

**ပမာဒေါ မစ္စုနော ပဒံ။**

အပ္ပမာဒေါ- ကုသိုလ်တရားတို့၌ မမေ့မလျော့ မပေါ့ဆခြင်းသည်။ ဝါ- အမှတ်တမဲ့မနေခြင်းသည်။ အမတံ ပဒံ- မသေခြင်းရဲ့အကြောင်းပါပဲ။

http://www.dhammadownload.com



(မသေချင်ရင် မမေ့နဲ့)

ပမာဒေါ- မေ့လျော့ပေါ့ဆခြင်းသည် (မေ့လျော့ပေါ့ဆတယ်ဆိုတာ ကုသိုလ်ကိုဖယ်ထား အာရုံငါးပါးနဲ့နေတာ)။ ပမာဒ- ကမ္ဘာကြီးတစ်ခုလုံးဟာ ပမာဒနဲ့နေတာ များပါတယ်။ အာရုံမျိုးစုံနဲ့ မေ့လျော့နေတာ များပါတယ်။

ကုသိုလ်ကိစ္စတွေဆိုတာကတော့ သာသနာထွန်းကားတဲ့ နိုင်ငံမှာတော့ ရတာပေါ့။ အခြားနေရာတွေမှာတော့ လူမှုရေးကုသိုလ်လောက်သာ ရနိုင်ပါတယ်။

ပမာဒေါ- မေ့လျော့ပေါ့ဆခြင်းသည်။ မစ္စုနောပဒံ- သေခြင်း၏ အကြောင်းပေတည်း။

**အပ္ပမတ္တာ နမီယန္တိ၊ ယေပမတ္တာ မတာယထာ။**

အပ္ပမတ္တာ- မမေ့မလျော့ မပေါ့ဆသူတို့သည်။ နမီယန္တိ- မသေနိုင်ကုန် (အဆက်ဆက်သေနေရတဲ့ဘေး မသေအောင် ဘယ်လိုလုပ်မလဲ၊ မသေအောင် ကုသိုလ်တရား မမေ့ကြနဲ့။ မိမိတို့ သီလကျင့်စဉ် သမာဓိကျင့်စဉ် ပညာကျင့်စဉ်များလဲ (၇)ရက်တရားစခန်း အားထုတ်ထားတော့ ဘယ်လိုပွားများရတယ်။ အားထုတ်ရတယ်ဆိုတာ သိရပြီ။ ဆက်ပြီးတော့ မမေ့မလျော့နေဖို့သာ အရေးကြီးတယ်)။

(၇)ရက် တရားစခန်းဝင်ပြီးတာနဲ့ ထိုက်တန်သလောက် ဉာဏ်စဉ်တွေ နာပြီးတာနဲ့ ပြီးရောလားဆိုတော့ မပြီးသေးပါဘူးတဲ့။ ရှေ့သို့ လုပ်ငန်းဆက်ပြီးတော့ လုပ်ဖို့ရှိပါသေးတယ်။

အကယ်၍များ ပုထုဇဉ်ဘဝကနေ သောတာပန်ဖြစ်သွားရင်လဲပဲ ဒီတရားနဲ့ပဲ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတင်ပြီး ရုပ်တရား, နာမ်တရားတွေကိုပဲ ရှုဆင်ခြင်နေရမှာပါပဲ။

တစ်နေ့ကပဲ နိုင်ငံခြားက ဗုဒ္ဓဘာသာ အမျိုးသမီးတစ်ယောက်က မကြာသေးခင်က နာဂလိုဏ်ဂူမှာ ဖွင့်တဲ့တရားစခန်း ဝင်နေတယ်လို့ သူ့သူငယ်ချင်းကပြောတော့ ဖုန်းနဲ့ပဲဆက်တယ်။

သင်္ကြန်တွင်း ဘာလုပ်နေသလဲ။ တရားဝင်နေပါတယ်။ တရားအားထုတ်နေပါတယ်လို့ ပြောတော့ သောတာပန်ဖြစ်ပြီးသားပဲ မဟုတ်လား



54(A)

http://www.dhammadownload.com



ဘာလို့တရားအားထုတ်ရသလဲလို့ သူကတော့ နားမလည်လို့မေးတာ။ သောတာပန်ဖြစ်တော့ ပိုပြီးတော့ အားထုတ်ကြတယ်။ သောတာပန် အရှင်အာနန္ဒာအား မြတ်ဘုရား ပရိနိဗ္ဗာန်စံခါနီးတုန်းက "အာနန္ဒာ သင်ဟာကုသိုလ်ကံကောင်း သူပါ။ ကမ္မဋ္ဌာန်းဆက်အားထုတ်ပါ။ မကြာမီ ရဟန္တာဖြစ်ပါလိမ့်မယ်"တဲ့။

အဲဒီတော့ ပုထုဇဉ်ဘဝလဲ မိမိတို့ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာဒီတရားပဲ အားထုတ်ကြရတာပဲ။ သို့သော် လူ့လောကမှာနေကြတာ ဆိုတော့တရားဆို တရားချည်းတော့ မဖြစ်တော့ ရသလောက်အချိန်လေးမှာ မိမိတို့အားထုတ်လက်စရှိတဲ့ သတိပဋ္ဌာန်တရားတော်များကို ဆက်လက်ပြီးတော့အားထုတ်ကြဖို့သာ အရေးကြီးပါတယ်။ အားထုတ်နေရင် ပမာဒကိုဖယ်ရှားပြီးသား ဖြစ်ပါတယ်။

**ပမာဒံ ဘယတောဒိသွာ၊ အပ္ပမာဒဉ္စခေမတော**

**အပ္ပမာတ္တာ သဒါဝေဟာထ၊ ဧသာဗုဒ္ဓါနုသာသနီ။**

ပမာဒံ- ကုသိုလ်တရားတို့၌ သီလ, သမာဓိ, ပညာသိက္ခာသုံးပါးတို့၌ မေ့လျော့နေရခြင်းကို။ ဘယတော- ကြောက်ဖွယ်လန့်ရေး ဘေးအနေအားဖြင့်။ ဒိသွာ ပဿန္တု- မြင်နိုင်ကြပါစေကုန်သတည်း။ အပ္ပမာဒံ- မမေ့မလျော့ မပေါ့ဆခြင်းကို။ အပ္ပမာဒံ- ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ်, သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတို့၌မမေ့မလျော့ခြင်းကို။ ခေမတော- ဘေးရန်ကင်းကွာ အေးချမ်းသာသည့်အနေအားဖြင့်။ ဒိသွာ ပဿန္တု- မြင်နိုင်ကြပါစေကုန်သတည်း။ သဒါ-အခါခပ်သိမ်း။ အပ္ပမတ္တာ- မမေ့မလျော့ကြကုန်သည်။ ဟောထဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။ ဧသာ- ပမာဒတရားကို ဖယ်ရှား၍ အပ္ပမာဒတရားကို လက်ကိုင်ထားဖို့ တိုက်တွန်းနှိုးဆော်တော်မူခြင်းသည်။ ဗုဒ္ဓါနံ-ဆူဆူထွင့်ထား မြတ်ဘုရားတို့၏။ အနုသာသနီ- သွန်သင်ဆုံးမ နည်းလမ်းပြချက်ကြီး ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓု

**မိမင်ဇျောဝတီ**

54(B)

## ၁၃—ကြိမ်မြောက် ဖွင့်ပွဲအခမ်းအနား၌ မိန့်ကြားသော ဆရာတော်၏ဩဝါဒတော်

ယနေ့ သာသနာတော်နှစ် (၂၅၄၄)၊ (၁၃၆၂)ခု၊ ကဆုန်လပြည့်ကျော် (၁၅)ရက်၊ ကဆုန်လကွယ်နေ့။

လယ်တီဝိပဿနာ ပြန့်ပွားရေး အဖွဲ့ချုပ်ရဲ့ (၁၃)ကြိမ်မြောက် ကျင်းပတဲ့ (၇)ရက် တရားစခန်း။

### မြတ်ဘုရား၏ နှုတ်ဆက်စကားသုံးခွန်း

ဒီတရားစခန်းမှာ ဘုန်းကြီးတို့ ဟရားစခန်း အားမထုတ်မီ တရားစခန်း ကြိုးပမ်းအားထုတ်မှု မပြုမီ ဆောင်ရွက်ဖွယ်များ ဆရာတော် အသီးအသီးက ညွှန်ကြားလို့ ဘုန်းကြီးအနေနဲ့လဲ အားထုတ်ကြမယ့် ယောဂီများလို တရားအားထုတ်မှုနဲ့ ပတ်သက်ပြီးတော့ သိသင့် သိထိုက်တဲ့ အချက်အလက်ကလေးတွေ ပိဋကတ်တော်က ထုတ်နှုတ်ရှာဖွေပြီးတော့ ဒါလေးတွေ စောစောစီးစီး ဓမ္မလက်ဆောင် အနေအားဖြင့် ပေးထားမှာပါ။

ဘုန်းကြီးတို့ မြတ်စွာဘုရားရဲ့ အလေ့အထတော်တစ်ခု ရှိတယ်။ အဲဒါ ဘာလဲဆိုတော့ အာဂန္တုရဟန်းတော်များ ရောက်လာပြီဆိုရင် ဘုရားရှင်က ဦးစွာပထမ နှုတ်ခွန်းဆက်ပါတယ်။ ဒါမြတ်စွာဘုရားတို့ရဲ့ အလေ့အထထစ်ခုပါပဲ။

အာဂန္တုရဟန်းတော်များ ကြွလာရင် ဘုရားရှင်က စတင်ပြီး နှုတ်ဆက်တော်မူတယ်။ အဲဒီလို နှုတ်ဆက်တဲ့ အခါကျတော့ မြတ်စွာဘုရားက စကားသုံးခွန်း မိန့်ကြားပြီးတော့ နှုတ်ဆက်ပါတယ်။

**ကစ္စိ ဘိက္ခဝေ ခမနီယံ၊ ကစ္စိယာပနီယံ။**

ရဟန်းတို့ ခန့်ကျန်းသာလို့ မာကြရဲ့လားလို့ နံပါတ် (၁) ကျန်းမာရေးနဲ့ ပတ်သက်ပြီး မြတ်စွာဘုရား နှုတ်ခွန်းဆက်လိုက်တယ်။

ရဟန်းတော်များက "ခမနီယံဘန္တေ"၊ "ယာပနီယံ ဘန္တေ"- တပည့်တော်တို့ ခန့်ကျန်းသာလို့ မာကြပါတယ်ဘုရား။

### မိခင်ကျေးဝတ်

http://www.dhammadownload.com



ဒုတိယမြတ်စွာဘုရားရဲ့ နှုတ်ခွန်းဆက်စကားက ဘာလဲဆိုတော့ **"ကစ္စိ ဘိက္ခဝေ ပိဏ္ဍကေန နကိလမိတ္ထ"**- ရဟန်းတို့ ဆွမ်းကွမ်းများ အဆင်ပြေကြရဲ့လားလို့ မေးတော့-

ရဟန်းတော်များက **"အာမ ဘန္တေ"**- တပည့်တော်တို့ ဆွမ်းကွမ်းကိစ္စ မပင်မပန်း ရှိလှပါတယ်ဘုရား။ ဆွမ်းကွမ်းများ ပြည့်စုံပါတယ်ဘုရား။

တတိယနှုတ်ခွန်းဆက် စကားတော်က ဘာလဲလို့ဆိုတော့ **"ကစ္စိ ဘိက္ခဝေ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရော ဒကီဘူတာ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာဝိဟရထ"**- ရဟန်းတို့ အသင်တို့ဟာ ဥပုသ်ပြုလည်း အတူတူ၊ ဆွမ်းစားလည်း အတူတူ၊ ညီညီညွတ်ညွတ်ရှိကြရဲ့လား။ ဝမ်းပမ်းတသာရှိကြရဲ့လား။ ဓမ္မ အဓမ္မ၊ ဝိနယ အဝိနယ ငြင်းခုံမှု ကင်းကြရဲ့လား။ အချင်းချင်း ချစ်ဖွယ်သော မျက်စိတို့ဖြင့် ကြည့်ပြီးသော နေနိုင်ကြရဲ့လား လို့မေးတော့-

ရဟန်းတော်များက **"အာမ ဘန္တေ"**- တပည့်တော်တို့ အတူတကွ ဥပုသ် ပဝါရဏာပြုလို့ ဓမ္မ အဓမ္မ ငြင်းခုံမှုမရှိပဲ ညီညီညွတ်ညွတ် ရှိကြပါတယ်ဘုရား။

ဒီစကား (၃)ခွန်းက မြတ်စွာဘုရားရဲ့ နှုတ်ခွန်းဆက်စကား။ အဲဒါနဲ့ စပ်ပြီးတော့ ဘယ်လောက်အရေးကြီးသလဲဆိုတော့ ဘုန်းကြီးတို့ မြတ်တဲ့ အကျင့်ကို မကျင့်နိုင်တဲ့ အရပ်ဌာန (၈)မျိုးရှိတာ။ အဲဒါကို ရပ်ပြစ် (၈)ပါး။

**အချိန်ကောင်း အခါကောင်း**

အဲဒီ ရပ်ပြစ် (၈)ပါးက လွတ်တဲ့အချိန်ကောင်း အခါကောင်းကို ဗုဒ္ဓုပ္ပါဒ နဝမက္ခဏ (၉)ခုမြောက် မြတ်တဲ့အကျင့်ကို ကျင့်ဖို့အရပ်ဌာနအင်္ဂါ အခွင့်ကောင်းလို့ မိန့်ကြားတော်မူပြီးတဲ့နောက်-

**ပဉ္စိမေ ဘိက္ခဝေ သမယာပဓာ နာယ။**

ဘိက္ခဝေ- ရဟန်းတို့။ ပဓာနာယ- ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းငှါ။ သမယာ- အချိန်တို့သည်။ ဣမေ ပဉ္စ- ဤငါးမျိုးတို့ပေတည်း။

ဟော- ဗုဒ္ဓုပ္ပါဒ နဝမက္ခဏနဲ့ ကြုံပြီး ဘုရားပွင့်ခိုက် လူဖြစ်ခိုက်

http://www.dhammadownload.com



ကြုံပြီး အချိန်ကောင်း အခါကောင်းကြီးကြုံပြီး ဆိုတဲ့နောက်ကို ထပ်ဆင့်ပြီးတော့ တရားအားထုတ်ဖို့ရာအတွက် အခွင့်ကောင်း အခါကောင်း (၅)မျိုး ဟောပြန်တယ်။

နံပါတ် (၁)- ပထမအရွယ်တဲ့။ အရွယ်ကောင်းခြင်း၊ အရွယ်ကောင်းဖို့ လိုတယ်။

ပထမအရွယ်ဆိုတော့ မြတ်စွာဘုရားကတော့ ပထမအရွယ်ကိုပဲ ဦးစားပေးပြီးတော့ တရားအားထုတ်ဖို့ ကောင်းတဲ့အချိန် (၃၃)နှစ်နဲ့ (၄)လ ဆိုတော့ အချို့ ဒကာ ဒကာမများ လွန်ခဲ့ပါပြီလေ။ သို့သော်လည်းပဲ ဒုတိယအရွယ် (၆၆)နှစ်နဲ့ (၈)လကိုတော့ မှီပါသေးတယ်။

မြတ်စွာဘုရားကတော့ တရားအားထုတ်ဖို့ အကောင်းဆုံးအချိန်ကတော့ ပထမအရွယ်ပဲတဲ့။ အဲဒီတော့ မမှီတဲ့အရွယ်ကို အသာထား။ လွန်ပြီးသားအချိန်ကာလကလဲ ပြန်ဆွဲမရတာ အားလုံးသိကြပြီးကြပြီ။မှီတဲ့အချိန်က နေပြီး မှီသလောက် လိုက်ကြရမှာကိုး။

နံပါတ် (၂)- ဘာလဲလို့ဆိုတော့- “**ပုနစပရံ ဘိက္ခဝေ ဘိက္ခု အပ္ပာဗာဓော ဟောတိ အပ္ပာတင်္ကော နာတိသီတာယ နစ္စုဏှာယ သမဝိပါကိနိယာ ဂဟဏိယာ သမန္နာဂတော၊ အယံ ဘိက္ခဝေ ဒုတိယော သမယော ပဓာနာယ**။

တရားအားထုတ်လို့ ကောင်းတဲ့ နောက်တစ်ချိန် ရှိသေးတယ်။ အဲဒါက ဘာလဲလို့ ဆိုတော့-

“**အပ္ပာဗာဓ**”- အနာရောဂါနည်းရမယ်။ “**အပ္ပါတင်္က**”- ခန္ဓာကိုယ်ကြိတ်ညှပ်ပြီးတော့ နှိပ်စက်တတ်တဲ့ ဆင်းရဲဝေဒနာတွေ ကင်းရမယ်။ ပြီးတော့ မအေးလွန်း၊ မပူလွန်း၊ မနုံ့လွန်း၊ မထက်လွန်းတဲ့ ဝမ်းမီးနဲ့ ပြည့်စုံရမယ်တဲ့။ အလတ်တန်းစား ဝမ်းမီး ရှိရမယ်။

အဓိကကတော့ ကျန်းမာရေး ကောင်းရမယ်။ ကျန်းမာရေးကောင်းတဲ့အချိန်ဟာ တရားအားထုတ်လို့ ကောင်းတဲ့အချိန်ပဲ။

ယခု ယောဂီသူတော်စင်များ ထိုက်တန်သလောက် ကျန်းမာနေကြလို့ (၇)ရက်စခန်း ဝင်မယ်ဆိုပြီး ရောက်လာတော့ အခွင့်အလမ်းကလဲ

http://www.dhammadownload.com



လူတိုင်းမရနိုင်ဘူး။

အဲဒီအထဲမှာ "**ဂဟဏီ**"-ခေါ်တဲ့ ကံကြောင့်ဖြစ်တဲ့ ဝမ်းမီး။

သမဝေပါကိနိယာ- အညီအမျှ အာဟာရကို ကျေကျက်စေတတ်သော။ ဂဟဏီယာ- ကမ္မဇတေဇောဓာတ်နှင့် (ဝါ)ဝမ်းမီးနှင့်။ သမ္ပန္နာဂတော- ပြည့်စုံ၏။

ဟော- မအေးလွန်း မပူလွန်းတဲ့ မျှတတဲ့ အစာအာဟာရကို ကျေကျက်စေတတ်တဲ့ ဝမ်းမီး။ အဲဒါကို "**ဂဟဏီ**"လို့ မြတ်စွာဘုရား ဟောပါတယ်။

အဲဒီ "**ဂဟဏီ**"ဆိုတာ ဘာကိုခေါ်သလဲဆိုတော့ "**ဂဟဏီ ဝုစ္စတိ ကမ္မဇတေဇောဓာတု**"- ကံကြောင့်ဖြစ်တဲ့ တေဇောဓာတ်ကို၊ "**ဂဟဏီ**"- ဝမ်းမီးလို့ ခေါ်ပါတယ်။

ဒီဝမ်းမီးလေးဟာ မျှတဖို့လိုတယ်။ အချို့ပုဂ္ဂိုလ်များကျတော့ စားလိုက်တာ။ ကပ္ပါကယာနဲ့ မြန်မြန်လေး ကျေညက်ပြီးတော့ သွားတယ်။ အချို့ပုဂ္ဂိုလ်များကျတော့ အစာအာဟာရစားပြီးတော့ ဝမ်းထဲမှာ ထမင်းထုတ်နဲ့ ထုတ်ထည့်ထားသလို မကျေဘူး။

အမြန်ဝမ်းမီးတောက်လွန်းလို့ အစာကျေသွားတာလဲ မကောင်းဘူးတဲ့။ ဝမ်းမီးနှံ့လို့ မကျေညက်နိုင်တာလဲ မကောင်းဘူး။ အဲဒီတော့ အလယ်အလတ်တန်းစား ဝမ်းမီးရှိမှ။

ဘုရားအလောင်းတော်များနဲ့ စကြာမင်းကြီးများ အထူးသဖြင့် ဝမ်းမီးကောင်းကြတယ်။ ဘာစားစား မကျေဘူးဆိုတာ မရှိဘူး။ အခြားပုဂ္ဂိုလ်တွေထက် သာလွန်တဲ့ ဝမ်းမီး ရှိကြတယ်။

အဲဒီတော့ ထိုက်တန်သလောက် ဝမ်းမီးကောင်းကြလို့ အစာအာဟာရ ကျေညက်စေတဲ့ မီးရှိကြလို့ ကျန်းမာရေးကောင်းမွန်တယ်။ အဲဒီကျန်းမာရေး ကောင်းမွန်တာဟာ တရားအားထုတ်ဖို့ သင့်တော်တဲ့ ဒုတိယအချိန်ပါပဲ။

နံပါတ် (၃)ကျတော့ ဘာလဲဆိုတော့ "**ပုနစပရံ ဘိက္ခဝေ သုဘိက္ခံ ဟောတိ သုကရံ ဥဉ္ဆေန ပဂ္ဂဟေန ယာပေတုံ**"- ရဟန်းတို့ တတိယ

http://www.dhammadownload.com



တရားအားထုတ်လို့ ကောင်းတဲ့အချိန်က အစာရေစာ ဝပြောတဲ့ အချိန်၊ ရဟန်းတော်များမှာ ဆိုရင် ဆွမ်းခံလို့ လွယ်တဲ့အချိန်၊ အဲဒီအချိန်ဟာ တရားအားထုတ်လို့ ကောင်းတယ်။

အကယ်၍ မိမိတို့ဖြစ်နေတဲ့ ရောက်နေတဲ့ တိုင်း ,ခရိုင်, မြို့, ရွာမှာ အစာရေစာ ရှားပါးလို့ အစာရေစာအတွက် ဆန်လေးတစ်ပြည်အတွက်, ဆန်လေးတစ်ခွက်အတွက် ပြေးကြ လွှားကြ ရှာဖွေကြရတဲ့ အချိန်တွေမှာ ဘယ်တရားအားထုတ်နိုင်မှာလဲ။

အဲဒီတော့ အစာရေစာ ပြည့်ဝခြင်းဟာလဲ တရားအားထုတ်ဖို့ ကောင်းတဲ့အချိန်တဲ့။ တတိယအချိန်။

နံပါတ် (၄) အချိန်ကျတော့ တိုင်းသူပြည်သား လူအများတို့ **"ပုနစာပရံ ဘိက္ခဝေ မနုဿာ သမဂ္ဂါသမ္မောဒမာနာ ခီရောဒကီဘူတာ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ ဝိဟရန္တိ"**- စတုတ္ထမြောက် အချိန်ကောင်းက ဘာလဲဆိုရင် တိုင်းသူပြည်သား လူအများတို့ ညီညီညွတ်ညွတ် ရှိပြီးတော့ပေါ့- ညီညီညွတ်ညွတ် ရှိတဲ့အချိန်၊ အကယ်၍များ တိုင်းပြည်တစ်ပြည်မှာ ဒေသတစ်ခုမှာ **"အင္ဂုဝိသကော်ပ"**ခေါ်တဲ့ တောစိုးသူပုန်တွေ၊ ဟိုနားကလည်း သူပုန်သူကန်တွေ၊ ဒီနားက သူပုန်သူကန်တွေ လှုပ်ရှားလို့ တိုင်းသူပြည်သား လူအများတွေ ရရာယာဉ် ရရာရထားစီးပြီးတော့ **"ဇာနပဒါ မနုဿာ စက္ကသမာရူဠှာ ပရိယာယန္တိ"**- တွေ့တဲ့လှည်း တွေ့တဲ့ရထား စီးပြီးတော့ ပြေးကြ လွှားကြတဲ့အချိန် အဲဒီအချိန်အခါမျိုး ဘယ်တရားအားထုတ်လို့ ရပါ့မလဲ။

ဘုန်းကြီးတို့ ရှင်သာမဏေဘဝက ဘုန်းကြီးတို့ အရပ်ဒေသမှာ တိုက်ပွဲငယ်တစ်ခု ဖြစ်ပါတယ်။ သူပုန်နဲ့ အစိုးရတပ်တွေနဲ့ တိုက်ပွဲဖြစ်ကျတော့ နေရာကောင်းရထားတဲ့ ပုဂ္ဂိုလ်များက နိုင်ကြစမြဲဆိုတော့ အစိုးရဖက်က အားနည်းသွားတာပေါ့။

အဲဒီအချိန်အခါမှာ ဘုန်းကြီးတို့ရွာတွေ (၇)ရက်အတွင်း ပြောင်းကြ၊ ဒီရွာတွေမှာ သူပုန်သူကန် ခိုတယ်ဆိုပြီးတော့ အဲဒါ ပြောင်းကြ ရွှေ့ကြရတယ်။

http://www.dhammadownload.com



တရားအားထုတ်ဖို့ နေနေသာသာ ကျောင်းပို့နေကျ ဆွမ်းလေးတောင်မှ မပို့နိုင်ဘူး။ စောင့်နေကျ ဥပုသ်လေးတောင် မှန်မှန်မစောင့်နိုင်ကြဘူး။

ဘုန်းကြီးတို့ ပြောင်းပြီးနောက် တစ်နှစ်လောက်ကြာမှ ရောက်သွားတယ်။ အဲဒါတောင်မှ လူတွေ လူတွေ အခြေမကျနိုင်ဘူး။ စောစောက ပြောသလို ပို့နေကျဆွမ်းလေးတောင် မပို့နိုင်၊ ဥပုသ်လေးတောင် မစောင့်နိုင်၊ ကလေးသူငယ်တွေ ပညာသင်ဖို့ အခက်အခဲဖြစ်တယ်။ ဒီလို အေးအေးလူလူ တရားအားထုတ်ဖို့ ဝေးပါတယ်။

ဒါကြောင့် တိုင်းသူပြည်သား လူအများတို့ ညီညွတ်ပြီးတော့ နေတဲ့အချိန်အခါဟာ တရားအားထုတ်ဖို့ အချိန်ကောင်းပဲ။ အဲဒီတော့ (၈၈)အရေးအခင်းတွေ ဖြစ်နေတဲ့အခါ ဘယ်တရားတိုက်မှ တရားအားမထုတ်နိုင်ကြဘူး။ လက်တွေ့ပါပဲ။

ဒါကြောင့် မြတ်စွာဘုရားက တိုင်းသူပြည်သား လူအများတို့ ညီညွတ် ငြိမ်းချမ်းနေတဲ့အချိန် တရားအားထုတ်လို့ ကောင်းတယ်။

နံပါတ် (၅)က ဘာလဲဆိုတော့ သံဃာတော်များ ညီညွတ်ပြီးတော့ နေတဲ့အချိန်ဟာ တရားအားထုတ်လို့ ကောင်းတဲ့အချိန် ဆိုပြီးတော့-

မြတ်စွာဘုရားက တရားအားထုတ်ဖို့ ကောင်းတဲ့အချိန် (၅)မျိုးကို ဟောခဲ့တယ်။ အများအားဖြင့် ကြည့်မယ်ဆိုရင် **"အသမယ"**- အခါဆိုးနဲ့ ကြုံကြမယ်ဆိုရင် တရားအားထုတ်ဖို့ မလွယ်ဘူး။

တစ်နည်းအားဖြင့် မိမိကိုယ်တိုင် အိုမင်းမစွမ်း ဖြစ်နေတဲ့အချိန် တရားအားထုတ်ဖို့ မလွယ်ဘူး။ မိမိကိုယ်တိုင် မကျန်းမာတဲ့အချိန် ဟောတော်ရုံတန်ရုံ ပါရမီဓာတ်ခံရှိတဲ့သူတွေ တရားအားမထုတ်နိုင် နှလုံးမသွင်းနိုင်ပါဘူး။

အစာရေစာ ငတ်မွတ်ခေါင်းပါးတဲ့အချိန် တရားအားမထုတ်နိုင်ပါဘူး။ ပြီးတော့ ဒေသအသီးအသီးမှာ သူပုန်သူကန်တွေ ထကြွလှုပ်ရှားလို့ သူခိုး ဓားပြ ထူထပ်ပေါ်များလို့ နေတဲ့အချိန် တရားအားထုတ်လို့ မရပါဘူး။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ ညီညွတ်ရေး ပျက်ပြားလို့

http://www.dhammadownload.com



သာသနာ့တာဝန် မှန်မှန်မထမ်းနိုင်တဲ့ အချိန် တရားအားထုတ်ဖို့ မလွယ်ပါဘူး။

ဒါကြောင့် အခုယောဂီသူတော်စင်များ "**ပဉ္စိမေ ဘိက္ခဝေ သမယာ ပဓာနာယ**"- ရဟန်းတို့ ကမ္မဋ္ဌာန်း အားထုတ်ဖို့ရာ အချိန်ဟာ (၅)မျိုး။

ဒီ (၅)မျိုး အကုန်ပြည့်စုံကြတယ်။ အရွယ်အားဖြင့် ပထမအရွယ်မှာ မဟုတ်ပေမယ့် အိုမင်းမစွမ်းအရွယ် မဟုတ်သေးဘူး။

ကျန်းမာရေးကလဲ အသင့်အတင့် ကောင်းကြတယ်။ အစာရေစာလဲ ထိုက်တန်သလောက် စားစရာ သောက်စရာရှိတယ်။ တိုင်းပြည်ကလဲ ငြိမ်သက်နေတယ်။ သံဃာတော်များကလဲ ဓမ္မ အဓမ္မစသည် အငြင်းပွားနေတဲ့အချိန်လည်း မဟုတ်ဘူး။

တစ်နိုင်ငံလုံးရှိ သံဃာတော်တွေမှာ ဂိုဏ်းကြီး (၉)ဂိုဏ်း ရပ်ကွက်၊ မြို့နယ်၊ ပြည်နယ်နဲ့တိုင်း ဗဟိုအဆင့်ထိအောင် ဖွဲ့စည်းပြီးတော့ ညီညွတ်ပြီးတော့ နေတဲ့အချိန်အခါသမယ။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေများဟာ "**ပဉ္စိမေ ဘိက္ခဝေ သမယာ ပဓာနာယ**"- ရဟန်းတို့ ကမ္မဋ္ဌာန်း အားထုတ်ဖို့ရာ အချိန် (၅)မျိုး၊ အခါကောင်း (၅)မျိုး၊ ဒီအခါကောင်း (၅)မျိုး ရရှိထားပြီ။

ရရှိထားတော့ အားထုတ်ကြမယ့် လမ်းစဉ်ဟာ မြတ်စွာဘုရားရဲ့ "**အာနာပါနဿတိ ကမ္မဋ္ဌာန်းပါပဲ**"။

## လယ်တီဆရာတော်

ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်း။ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀)ကျော်က မြတ်စွာဘုရား ညွှန်းပြတော်မူခဲ့တဲ့ ကမ္မဋ္ဌာန်း။

လွန်ခဲ့တဲ့နှစ်ပေါင်း (၉၀)ကျော်က ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက မာဂဓပါဠိတွေကို ဘာသာပြန်ပြီးတော့ ဘုန်းကြီးတို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေ အားထုတ်တတ်အောင်လို့ မြန်မာစကားနဲ့ မြန်မာအသုံးအနှုန်းနဲ့ မန္တလေးမြို့ ကင်းဝန်မင်းကြီးအိမ်မှာ သုံးညတိုင်တိုင် ဟောကြားတော်မူခဲ့တဲ့ "**အာနာပါန- ထွက်လေ ရှုမှတ်တဲ့ ကမ္မဋ္ဌာန်း**"။

**မိခင်ရောဝတီ**

http://www.dhammadownload.com



သောက ပရိဒေဝတွေ ဖိစီးလို့ ဆရာမတွေ့နိုင်၊ တရားမတွေ့နိုင်လို့ တွေး၊ ငေး၊ ကြံ၊ မှိုင်ပြီးတော့ နေရှာတဲ့ ဆရာသက်ကြီး ဒါယကာကြီး ဦးသက်၊ **ဆရာမတွေ့နိုင်ဘူး။** တရားမတွေ့နိုင်ဘူး။ သောကတွေက ပရိဒေဝတွေက ဝိုင်းအုံနှိပ်စက်လို့ ဆရာရှာမယ်၊ တရားရှာမယ် ဆိုပြီးတော့ အချိန်တော် တော်ကြာကြာ ရှာမှီးတဲ့အခါ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးဆိုတဲ့ ထူးခြားတဲ့ ဆရာတော်ကြီးကို ရရှိတယ်။

ရရှိတော့မှ ဆရာတော်ဘုရားကြီးက ပေးသနားတော်မူခဲ့တဲ့ ဗုဒ္ဓ ဘုရားရဲ့ နည်းနာနိဿယ ထွက်လေ ဝင်လေ ရှုမှတ်ပွားများတဲ့ ကမ္မဋ္ဌာန်း နည်း ဆရာသက်ကြီး အားထုတ်လိုက်တာ လူသူတော်စင် အနာဂါမ်ဘဝ ရောက်ရှိခဲ့တယ်။

အဲဒီ ကမ္မဋ္ဌာန်းကို အခုအားထုတ်ရမှာ။ အားထုတ်ကြတဲ့ အခါကျ တော့ (၄)ရက်ခွဲတိုင်တိုင် သမထကမ္မဋ္ဌာန်း အားထုတ်၊

**သမထ ဝိပဿနာ**

**သမထဆိုတာ နီဝရဏကို ငြိမ်းစေတတ်တဲ့ ဘာဝနာ၊**

**ဝိပဿနာ သူသိ, ငါသိ, ကမ္ဘာသိကို ကျော်လွန်ပြီးတော့ ထူးခြား တဲ့အသိ၊ ဝိပဿနာဘာဝနာ၊**

ယခုစတင်ပြီး အားထုတ်ကြမှာက သမထ၊ ငြိမ်းစေတယ်။ ဘာကို ငြိမ်းစေတာလဲ။ နီဝရဏကို ငြိမ်းစေတယ်။

နီဝရဏဆိုတာ ဘာသာပြန်လိုက်တော့ **"အပိတ်အဆို့တရား"** ဘာကို ပိတ်သလဲ။ ဘာကို ဆို့သလဲဆိုတော့ ကောင်းတဲ့တရားတွေကို ပိတ် ဆို့တယ်။ မကောင်းတာတွေကျတော့ လမ်းဖွင့်ပေးတယ်။ မဖြစ်သေးတဲ့ အသိဉာဏ်ကို မဖြစ်ရအောင် ဖြစ်ပေါ်ပြီး တရားအသိဉာဏ်ကို အားနည်း အောင် မသိအောင် ဆောင်ရွက်ပြီးတော့ပေးတာက နီဝရဏတရား။ နီဝရဏတရားကို အခု အားထုတ်မယ့် သမာဓိက တွန်းလှန်နိုင်မယ်။

http://www.dhammadownload.com



**နီဝရဏ**

အဲဒီ နီဝရဏနဲ့ ပတ်သက်လို့ ဆက်ပြီးတော့ ပြောမယ်ဆိုရင် နီဝရဏဆိုတာ ကောင်းတဲ့တရားတွေကို ပိတ်ဆို့တဲ့တရား၊ နီဝရဏ အမြဲပိတ်ဆို့နေတာ။

အဲဒီ ပိတ်ဆိုတဲ့တရား (၆)မျိုးကို ယနေ့ကစပြီးတော့ တွန်းလှန်ကြမယ်။

**"နီဝရဏ မည်နာမဖြင့် ကိစ္စအပြား ဤ (၆)ပါးတွင်"**

ဟော- နီဝရဏဆိုတာ ဘာလဲ။ အပိတ်အဆို့တရား၊ ဘာပိတ်သလဲ ကောင်းတဲ့တရားတွေကို ပိတ်တယ်။ ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်၊ လောကုတ္တရာကုသိုလ် မဖြစ်အောင် ပိတ်ဆို့တယ်။

ဘာကို ဖွင့်ပေးသလဲ။ အကုသိုလ်ကို ဖွင့်ပေးတယ်။

နံပါတ် (၁)- **ကာမစ္ဆန္ဒနီဝရဏ**

အာရုံငါးပါးကို လိုလားတဲ့ဆန္ဒ နံပါတ် (၁)။

အဲဒီ ကာမစ္ဆန္ဒကို မိမိတို့ အားထုတ်တဲ့ သမာဓိက ဖယ်ရှားနိုင်တယ်။ ကာမစ္ဆန္ဒဟာ ဘာနဲ့တူသလဲဆိုရင် ကာမစ္ဆန္ဒရှိနေတာဟာ ကြွေးတင်နေသလိုပါပဲ။

**"ကြွေးစားသူထံ စေပါးခံသို့"** ကြွေးယူသူထံ အစေအပါး ခံရသလိုပဲ။

**"အာရမ္မဏ ငါးကာမ၏ ကြွေးစားသူထံ စေပါးခံသို့"**

**"အာရမ္မဏ ငါးကာမ၏ ရသခံစား ကာမသားတို့ ဖန်များကာလ တစ်ဘဝလုံး တဏှာ့ကျေးကျွန် မတော်လှန်ပဲ"။**

အာရုံငါးပါး အရသာကို ခံစားနေကြတဲ့ ကာမသား ကာမသူ အားလုံးဟာ တစ်ဘဝလုံး သူရဲ့ကျေးကျွန်အဖြစ်နဲ့ မတော်လှန်နိုင်ဘူး။ သူ့အလိုဆန္ဒအတိုင်းပဲ။

**"သုံ့လက်ရစစ် ဖြစ်ခဲ့အပိုင် မလွန်နိုင်ကြောင့်"**။ ဟော- သုံ့ပန်းစစ်သားများလိုပဲ။

**"သားတိုင်မြေးရောက် တီတွတ်ရောက်လည်း မဖောက်မပြန် ကျွန်ရိုးမှန်၍ နိရန္တရ ကိုယ့်ကိစ္စကို စိတ်ကဘယ်ရွှေ့ မအောင့်မေ့သာ၊ ကျွန်လေ့**

http://www.dhammadownload.com



**ကျွန်လာ ကျွန့်မယာဖြင့် တဏှာလိုစု အရှင့်မှု၌ မပြုမနေ မရချေတည့် သေသော်မြေတွင်း မှုတင်းလင်းနှင့် ဆင်းရမည်သာ လက်မကွာရှင့်"**

**"သားတိုင်မြေးရောက် တီတွတ်မြောက်"**။ သားသမီး မြေးတီတွတ် ကျွတ်ဆပ်။ ဒီလို ဘယ်လောက်ထိရောက်ရောက် ကိုယ့်ကိစ္စကို စိတ်က မအောက်မေ့နိုင်ပဲနဲ့ ကျွန်ရဲ့အလေ့ ကျွန်ရဲ့အမူအယာနဲ့ တဏှာရဲ့အကြိုက် လိုက်ပြီးတော့ **"သေသော်မြေတွင်း မှုတင်းလင်းနှင့် ဆင်းရသည်သာ လက်မကွာရှင့်"**။ ယခုလို ကိုယ်ပိုင် ကိုယ့်ကိစ္စကို ဆောင်ရွက်နိုင်ခဲပါတယ်။

ဒါကြောင့် **"နိရန္တရ ကိုယ့်ကိစ္စကို စိတ်ကဘယ်ရွေ့ မအောက်မေ့သာ"**။ ကိုယ့်ကိစ္စကိုလုပ်မယ်၊ တရားအားထုတ်ပြီးတော့ တရားနှလုံး တရားသုံးပြီး ပျော်မယ်ဆိုပြီး ဒီလို တွန်းလှန်ဖို့ မလွယ်ဘူး။

ဘာကြောင့်လဲဆိုတော့ ကာမစ္ဆန္ဒဆိုတဲ့ ကြွေးမြီရှိလို့။ ဘုန်းကြီးတို့ အဋ္ဌကထာကတော့-

**"ပုရိသေဟိ ဝဓီယမာနာ ဣတ္ထိယောဝိယ"**- ယောကျ်ားဆိုး, ယောကျ်ားဖျင်း, ယောကျ်ားမိုက်တို့ အမြဲတမ်း အနှိပ်စက်ခံနေရတဲ့ အမျိုးသမီးများ တစ်ရက်လာလဲ နှိပ်စက်၊ တစ်လလာလဲ နှိပ်စက်၊ အရက်သောက် ဖဲရိုက် မူးရူးပြန်လာတော့ လူလဲရိုက် အိုးတွေခွဲ ရှိတဲ့ပစ္စည်းတွေ အကုန်ဖြုန်း ဒါပေမယ့် အဲဒီလို ညှင်းပန်းနှိပ်စက်နေပေမယ့်လို့ ညှင်းပန်းနှိပ်စက်မှု တစ်ရက်နဲ့လဲမပြီး၊ နှစ်ရက်နဲ့လဲမပြီး။ ဒီလို မှိတ်ကြိတ်ခံနေရတာ ဘာကြောင့်လဲ ကာမစ္ဆန္ဒ ကြွေးမှီတင်နေလို့ပါပဲ။

ယနေ့ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်များ အဲဒီ ကာမစ္ဆန္ဒကြွေးမြီကို သမထနဲ့ ဖြေရှင်းမှာပါပဲ။

နောက်တစ်ခု **"ဗျာပါဒ"**ပါပဲ။ ဗျာပါဒဆိုတာ ဒေါသ ပြောတာ။ ဒေါသဆိုတာ ဘာနဲ့တူသလဲဆိုတော့ ဘုန်းကြီးတို့ သည်းခြေရောဂါ စွဲနေတဲ့ သူနဲ့ တူတယ်။

သည်းခြေရောဂါ စွဲနေတဲ့လူ သည်းခြေက မကောင်းတဲ့အခါ ပျားရည်နဲ့ဆေးလေး ဖျော်တိုက် ချိုမှချို ကောင်းမှကောင်း၊ ဒါပေမယ့် သည်းခြေက ပျက်နေတော့ ခံတွင်းပျက်နေတဲ့အခါ ဆိုတော့ ချိုမြိန်တဲ့ဆေးကို

http://www.dhammadownload.com



ခါးလှချည် ခါးလှချည်ဆိုပြီး အန်ထုတ်တယ်။ အဲဒါကို-

**"ဗျာပါအမျက် ခံတွင်းပျက်၍ နှစ်သက်မမြိန် ညှိုးကျုံ့ပိန်သို့ ဘယ်ချိန်ဘယ်ခါ ဘယ်ဆရာ၏ ရသာဓမ္မ ဩဝါဒကို နားဝခံလျှက် နာမရှက်ပဲ မနှစ်သက်လို မကြည်ညိုတတ် ပဋိဃတ်နှင့် မြိန်မြတ်မသိ အသိကင်းရှင်း ကောင်းကျိုးကင်း၏"**။

ဟော- ဘယ်တရား ဘယ်လောက်ကောင်းကောင်း အထူးသဖြင့်တော့ ဘာသာဝါဒ မတူတဲ့ပုဂ္ဂိုလ်တွေက ပိုပြီးတော့ ဗျာပါဒ ရှိတယ်။

မြတ်စွာဘုရားရှိစဉ်ကလဲ မြတ်စွာဘုရား လေးဆယ့်ငါးဝါ ကာလ ပတ်လုံး တရားပွဲကြီးတွေ ချိမ့်ချိမ့်သဲ ဟောနေသော်လည်းပဲ "ဗျာပါဒ" ဒေါသဆိုတဲ့ သည်းခြေရောဂါရှိနေတော့ ဘုရားဆီ တရားနာမယ် ဆိုတဲ့ စိတ်မဖြစ်ပေါ်ကြဘူး"**ဘယ်ချိန်ဘယ်ခါ ဘယ်ဆရာ၏ ရသာဓမ္မ ဩဝါဒကို နားဝခံလျှက် နာမရှက်ပဲ**"။ ဟော- ဗျာပါဒနီဝရဏက ပိတ်ဆို့ထားတဲ့ အတွက်ကြောင့် ရသာဓမ္မ ဩဝါဒကို နာယူမယ်ဆိုတဲ့ စိတ်ကလေး မဖြစ်ပေါ်ဘူး။ အဲဒီလို မဖြစ်ပေါ်တော့ "**မြိန်မြတ်မသိ အသိကင်းရှင်း ကောင်းကျိုးကင်း၏**"တဲ့။ ဟော- ဒုတိယ ဗျာပါဒနီဝရဏက ပိတ်ဆို့နေတာပဲ။ ဒေါသ တည်းဟူသော အပိတ်အဆို့တရားဟာ သည်းခြေရောဂါ စွဲတဲ့လူလိုပါပဲ။

ဒီရောဂါကိုလဲ အားထုတ်လတ္တံ့ဖြစ်တဲ့ သမထကမ္မဋ္ဌာန်းက ပျောက်အောင် ကုနိုင်တယ်။ နောက်တစ်ခုက ဘာလဲဆိုတော့ "**ထိနမိဒ္ဓ နီဝရဏ**"။

**"အပျင်းအရိ တချိချိနဲ့ ထိနမိဒ္ဓ နီဝရဏကား ထောင်ကျသွင်းသွပ်"**

အပျင်းအရိ တချိချိဖြစ်နေတဲ့ ထိန မိဒ္ဓ နီဝရဏကျတော့ ထောင်ကျတဲ့ လူလိုပဲတဲ့။ ထောင်ကျနေတဲ့ လူလိုပဲ။

**"ထောင်ကျသွင်းသွပ် ထိတ်ချင်းခတ်သို့ အမြတ်ဘူမိ သုဂတိကို မသိမထင် မမြင်ရငြား လွန်ဝေးပါး၏"**။

အပျင်းအရိ များပြီးနေတဲ့ သူကျတော့ ထိနမိဒ္ဓ နီဝရဏ အပိတ်အဆို့က ရှိနေတယ်။ အဲလို အပိတ်အဆို့ရှိနေရင် "**အမြတ်ဘူမိ သုဂတိကို မသိမထင် မမြင်ရငြား လွန်ဝေးပါး၏**"။

သုဂတိဆိုတာ မမြင်နိုင်တော့ဘူး။ အဲဒီတော့ ပျင်းရိမှု ထိနမိဒ္ဓ

http://www.dhammadownload.com



ထိုင်းမှိုင်းမှုဆိုတဲ့ နီဝရဏကို ယခုအားထုတ်လတ္တံ့ဖြစ်တဲ့ သမထကမ္မဋ္ဌာန်းက ဖယ်ရှားပေးနိုင်ပါလိမ့်မယ်။

နံပါတ်လေးကျတော့ "**ဥဒ္ဓစ္စ ကုက္ကုစ္စ**" ဥဒ္ဓစ္စ ကုက္ကုစ္စကျတော့ ဘာနဲ့ တူသလဲဆိုတော့ သူများအိမ်မှာ ကျွန်အဖြစ်နဲ့ နေရသလိုပဲတဲ့။

"**ချောက်ချားတုန်လှုပ် ထိန်းချုပ်မရ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စမည် ဟူတုံ သည်လည်း လူရည်နွမ်းညှိုး ကျွန့်အမျိုးဝယ် အစိုးမရ ဘယ်ကာမျှပင် မလှ မျက်နှာ မသာယာပဲ အာဏာမဆန် ရှင်ရှိကျွန်သို့ ကျူးလွန်ရှေးရှု ဆိုး ကောင်းမှု၌ ခုခုမတည် ခိုင်ကြည်မရှိ ပူပန်ဘိ၏**"။

ဥဒ္ဓစ္စ ကုက္ကုစ္စတို့ကျတော့ အစေအပါး ကျွန်တစ်ယောက်လိုပဲတဲ့။ နီဝရဏရှိနေတာက သူ့ကိုယ်သူ အစိုးမရဘူး။ ဒါကြောင့် "**ကျူးလွန်ရှေးရှု ဆိုးကောင်းမှု၌ ခုခုမတည် ခိုင်ကြည်မရှိ ပူပန်ဘိ၏**" မိမိပြုခဲ့တဲ့ ကိစ္စတွေနဲ့ ပတ်သက်လို့ ကုသိုလ်ကျတော့ မပြုမိ အကုသိုလ်ကျတော့ ပြုခဲ့မိတယ်လို့ ပူပန်ပြီးတော့နေတာ ဥဒ္ဓစ္စ ကုက္ကုစ္စ စိတ်ပျံ့နေတယ်။

အဲဒီ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏကိုလဲ ယောဂီများ အားထုတ်လတ္တံ့ ဖြစ်တဲ့ သမထကမ္မဋ္ဌာန်း (အာနာပါနဿတိကြောင့် ရရှိတဲ့သမာဓိ)က ငြိမ်း အောင် ဆောင်ရွက်ပေးနိုင်ပါလိမ့်မယ်။

ဟော- ဝိစိကိစ္ဆာ

"**ဝိစိကိစ္ဆာ ယုံမှားစွာကား ကန္တာမြိုင်ကျော ခိုးသူတော၌ သို့လော သို့လော ကြံတွေးမောလျှက် သဘောရှိတိုင်း မဆိုင်းမင မသွားဝန့်သို့ ရွံ့ရွံ့ ရှာရှာ သဒ္ဓါရဲ့ရဲ့ မတဲ့စိတ်မှာ တွန့်တိုတာကြောင့် ကြီးစွာဒုက္ခ တွေ့ကြုံရ၏**"။

မဟာမြိုင် တောခရီးမှာ လမ်းသွားတဲ့လူ သစ်ရွက်သံလေး ကြွေသံ လေးကြားရ သူခိုးတွေလား, လူဆိုးတွေလား မသိဆိုပြီး ရှေ့သွားတာ ရှေ့ မရောက်ပဲနဲ့ နောက်ပြန်ပြန်ပြီး ရောက်နေသလို ဖြစ်နေ။

ဝိစိကိစ္ဆာဆိုတဲ့ သို့လော သို့လော တွေးတောမရှင်းတဲ့ ယုံမှား သံသယ မြတ်စွာဘုရားက ဟောတယ်။ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့သတိ ကြောင့် ရရှိတဲ့ သမာဓိဟာ ဘယ်လောက်တန်ဖိုးကြီးတယ်။ ဘယ်လောက် တန်ဖိုးကြီးတယ်။ ဒါဟုတ်မှဟုတ်ပါလေစ။ ဒါ ဝိစိကိစ္ဆာဖြစ်။

http://www.dhammadownload.com



အားထုတ်ကြည့်လိုက်တော့ ဟုတ်သားပဲ၊ ရှင်းသားပဲ၊ စိတ်တွေ ပူပန်မှုကင်းသားပဲ ဆိုတာ လက်တွေ့ဖြစ်လာတယ်။

အဲဒါကြောင့်မို့ မိမိတို့ အားထုတ်လတ္တံ့ဖြစ်တဲ့ ရရှိလာတ္တံ့ဖြစ်တဲ့ **အာနာပါနဿတိ သမာဓိက အဲဒီ ယုံမှားမှု ဝိစိကိစ္ဆာ အပိတ်အဆို့** ကောင်းတာတွေကို ပိတ်ဆို့တတ်တဲ့ တရားတွေကိုလဲပဲ ဖြေရှင်းပြီးတော့ ပေးပါလိမ့်မယ်။

**"မောဟအဝိဇ္ဇာ တောင်နှယ်ကာလျှက်"** ဟော- အဝိဇ္ဇာဆိုတဲ့ တရားကြီးကတော့ တောင်ကြီးများ ရှေ့က ကာဆီးထားသလိုပဲ။

သစ္စာတရား မမြင်နိုင်ဘူး။ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ, သတိပဋ္ဌာန်တရား မမြင်နိုင်ဘူး။ ဗောဇ္ဈင်တရား မသိနိုင်ဘူး။ အဲဒါတွေဟာ အဝိဇ္ဇာနီဝရဏတွေတဲ့။ အမှန်ကို မမြင်နိုင်ဘူး။ ရုပ်နာမ်ကို မမြင်နိုင်ဘူး။ အဝိဇ္ဇာနီဝရဏက-

မိမိတို့ အားထုတ်လတ္တံ့ ရရှိလတ္တံ့ဖြစ်တဲ့ အာနာပါနဿတိ သမာဓိ၊ အဲဒီ သမာဓိကနေပြီးတော့ ဒီအဝိဇ္ဇာ နီဝရဏကိုလဲပဲ ဒီအကာအဆီးကြီးကိုလဲပဲ ဖယ်ရှားပေးနိုင်ပါလိမ့်မယ်။

**"မောဟ အဝိဇ္ဇာ တောင်နှယ်ကာလျှက် ပမာတစ်သီး ခြောက်တန်ဆီးသား ကင်းကြီးအလား ပိတ်ဆို့ထားသို့"**

တစ်မြို့နဲ့တစ်မြို့ တစ်ရွာနဲ့တစ်ရွာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကူးရတော့ ဂိတ်တွေ ကင်းတွေထား။ အဲဒီကင်းတွေ ဂိတ်တွေ ထားပြီးတော့ ပိတ်ဆို့ပြီးတော့ထားသလို **"ခြောက်တန်ဆီးသား"** ကင်း၏အလား ပိတ်ဆို့ထားသို့ ခြောက်ပါးနီဝရဏ ဤပါပဖြင့် ဟောဒီ နီဝရဏဆိုတဲ့ အကုသိုလ်တရားတွေက **"လေးပါးကုသိုလ် မပေါက်လိုပဲ မဂ်ဖိုလ်နတ်ရွာ မရောက်သာသည် ဝေးကွာတစေစေနှင့်သာ တမ့်"**။

ဟောဒီ နီဝရဏခြောက်ပါးက "လေးဝကုသိုလ် မပေါက်လိုပဲ" ကာမကုသိုလ်, ရူပကုသိုလ်, အရူပကုသိုလ်, လောကုတ္တရာကုသိုလ်ကို မပေါက်လိုပဲနဲ့ မဂ်ဖိုလ်နတ်ရွာက ဝေးစေနိုင်ပါတယ်။

အဲဒီတော့ ကုသိုလ်တရားတွေကို ပိတ်ဆို့ မဂ်ဖိုလ်နိဗ္ဗာန်ကို အဟန့်



55(A)

http://www.dhammadownload.com



အတားပြု (၆)တန်သော ကင်းကြီးတွေကို ကျော်လွှားနိုင်ရန်အတွက် အာနာပါနဿတိ သမာဓိအစရှိတဲ့ သမာဓိကမ္မဋ္ဌာန်း သမထကမ္မဋ္ဌာန်း တို့ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

ဒါကြောင့် ဒီနေ့ ယောဂီသူတော်စင်များ မိမိတို့သန္တာန်မှာ သစ်ကြေး ကင်းဆိတ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်တဲ့ နီဝရဏတရားတွေ၊ အဲဒီ နီဝရဏတရားတွေကို ငြိမ်းစေတတ်တဲ့ အာနာပါနဿတိ သမာဓိ ကမ္မဋ္ဌာန်း ကို ကြိုးစားပြီးတော့ အားထုတ်နိုင်ကြပါစေသတည်း။

သာဓု သာဓု သာဓု

http://www.dhammadownload.com



ရန်ကုန်မြို့
နာ ဂလိုဏ်ဂူဘုရား ကုန်းမြေ ကလေးဝတော ရစာ သင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာ နနာ ယက
နိုင်ငံတော် သံဃမဟာ နာ ယကအဖွဲ့ တွဲဖက်အကျိုးတော် ဆောင်
ဒွိပိဋကဓရ – ဒွိပိဋကကော ဝိဒ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာ ပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာ
ကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာ ဒီပနီ ဓမ္မာ ရုံကြီး၌
ဟောကြားအပ်သော

# ၁၃–ကြိမ်မြောက် လယ်တီဝိပဿနာ (၁)

## ပထမနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ နယုန်လဆန်း (၁)ရက်၊ သောကြာနေ့၊ ညချမ်း အချိန်အခါသမယမှာ-

### ဘေးရန်လေးမျိုး ကာကွယ်နိုင်

ဘုန်းကြီးတို့ လောကကြီးတစ်ခုလုံးမှာ ခြုံငုံပြီးတော့ ကြည့်မယ် ဆိုရင် "ဥပဒ္ဒဝ" ခေါ်တဲ့ ကပ်ရဲ ကြိတ်ညှပ် နှိပ်စက်တတ်တဲ့ ဘေးရန် အန္တရာယ်ကြီးတွေ ကမ္ဘာ့လူထုကြီးအားလုံး တွေ့ကြုံဆုံဆည်းပြီးတော့ မလွဲ သာမရှောင်သာ ဆုံဆည်းပြီးတော့ နေကြရတယ်။

အဲဒီ (၄)မျိုးက ဘာလဲလို့ဆိုတော့-

- ဟဒယတန္တာပ ခေါ်တဲ့ နှလုံးပူပန်မှု စိတ်မအေးတဲ့သောက၊
- ဝါစာဝိပလာပ ခေါ်တဲ့ နှုတ်ကရောင်ရမ်းမြည်တမ်း ငိုကြွေး



56(A)

http://www.dhammadownload.com



ခြင်း ပရိဒေဝရယ်၊ ကိုယ်ရဲ့ဆင်းရဲမှု စိတ်ရဲ့မသက်သာမှု ဒေါမနဿ၊

အဲဒီ ဘေးရန်အန္တရာယ်ကြီးတွေဟာ ကမ္ဘာ့လူထုကြီးအားလုံး အညီအမျှ တစ်မျိုးမဟုတ်တစ်မျိုး ဆိုသလို ခံစားပြီးတော့ နေကြရတော့။ အဲဒီ ဒုက္ခကြီးတွေ လွတ်မြောက်ဖို့ရာအတွက် လမ်းပျောက်ပြီးတော့ နေကြတယ်။

ကဿပမြတ်စွာဘုရား ကွယ်တဲ့အချိန်က စပြီးတော့ ဒီ (၄)မျိုး ပပျောက်ချုပ်ငြိမ်းဖို့အတွက် ကမ္ဘာ့လူထုကြီးဟာ လမ်းပျောက်ပြီးတော့ နေတယ်။

## နိဗ္ဗာန်မြေပုံ

ကမ္ဘာ့သိပ္ပံ ပညာရှင်ကြီးတွေ မရေးဆွဲနိုင်တဲ့ မြေပုံက နိဗ္ဗာန်မြေပုံ ဆွဲမပြနိုင်ကြဘူး။ အဲဒီ နိဗ္ဗာန်မြေပုံကြီးကို ဗုဒ္ဓဘုရားက- "အပြောကျယ်စွာ သံသရာဟု မဟာအတီ မှောင်တောကြီး၌ ခရီးအစဉ် ရှစ်မဂ္ဂင်ကို မမြင်သောအား မှားကြီးမှား၍ မနားမရပ် ချားရဟတ်သို့ တပါတ်ပါတ် လည်ပတ်နေကြကုန်သော ဒုက္ခိတသတ္တဝါအပေါင်းတို့ကို လမ်းမှန်ကြောင်းအစဉ် ရှစ်မဂ္ဂင်ကို မျက်မြင်ဒိဋ္ဌ စခန်းပြလျှက် အမတလွင် နိဗ္ဗာန်ခွင်သို့ အလင်းရောက်အောင် ပို့ဆောင်ပေတတ် ဂုဏ်သကတ်ကြောင့် ထိုနတ်လူပြဟ္မာသတ္တဝါတို့၏။ ဆရာအထွဋ် အတုလွတ် ပုဂ္ဂိုလ်ကြီး ဖြစ်တော်မူပါပေ၏"။

ဆိုလိုတာက ဘာလဲဆိုတော့ ကမ္ဘာလောကအတွင်းမှာ ဘေးရန်အန္တရာယ်မျိုးစုံနဲ့ ဆုံဆည်းပြီးတော့ နေကြတဲ့ ပုဂ္ဂိုလ်တွေ၊ လမ်းပျောက်နေတဲ့ ပုဂ္ဂိုလ်တွေ၊ လမ်းမှားနေတဲ့ ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားက နိဗ္ဗာန်လမ်းပြ နိဗ္ဗာန်မြေပုံကို ရေးဆွဲပြီးတော့ ပေးခဲ့တဲ့ ဆရာကြီးတစ်ဆူ ဖြစ်ပါတယ်။

အဲဒီ နိဗ္ဗာန်မြေပုံကြီး ဆွဲပြီးတော့ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၈၈)နှစ်နဲ့ (၁၆)ရက်က ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးတော့-

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသည့်နောက် (၇)ရက် (၇)လီ သီတင်းသုံးတော့ (၄)ခုမြောက် (၇)ရက်ပြီးတော့ (၅)ခုမြောက်မှာ ဥရုဝေဠ တောအုပ် နေရဥ္စရာမြစ်ကမ်းသာ နေရဥ္စရာမြစ်ရဲ့အနီး အဇပါလပင်ညောင်

http://www.dhammadownload.com



ပင်အရင်းမှာ ဆိတ်ကျောင်းညောင်ပင်ရင်းမှာ မြတ်စွာဘုရား ဆိတ်ငြိမ်ရာ အရပ် ချဉ်းကပ်ပြီး တရားအာရုံ ထုံမွှန်းပြီး နေတဲ့အခါမှာ အကြံအစီတော် တစ်ခု ဘုရားရှင်မှာ ဖြစ်ပေါ်တယ်တဲ့။

အဲဒီ အကြံအစည်ဟာ ဘာလဲလို့ဆိုတော့- **"ဧကာယနော အယံ မဂ္ဂေါ သတ္တာနံဝိသုဒ္ဓိယာ၊ သောက ပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿအဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ"**

လမ်းကောင်းတစ်ခုတော့ တွေ့ပြီ။ ဘေးပေါင်းတစ်ရံ မဆက်ဆံနဲ့ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီးသို့ ရောက်ဖို့ရာ လမ်းတစ်ခုတွေ့ပြီ။ အဲဒီလမ်း အတိုင်း သွားကြတဲ့ ပုဂ္ဂိုလ်တွေ ဟာ စိတ်စင်ကြယ်မယ်၊ သောကငြိမ်းမယ်၊ ငိုကြွေးမှုတွေ ချုပ်ငြိမ်းမယ်၊ ကိုယ်ဆင်းရဲမှု စိတ်မသက်သာ နှလုံးမသာမှုတွေ ပျောက်ကင်းမယ်၊ အရိယာ မဂ်ဉာဏ်ရမယ်၊ နိဗ္ဗာန်မျက်မှောက် ပြုနိုင်မယ်။

အဲဒီလမ်းက ဘာလဲဆိုတော့ သတိပဋ္ဌာန်လေးပါး။ အဲဒီလို မြတ်စွာ ဘုရားရဲ့ အကြံအစည် ဖြစ်ပေါ်လာတော့ ဆက်ပြီးတော့ သတိပဋ္ဌာန် လေးပါး ဆိုတာ ဘာတွေလဲ။

> **ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ၊ သတိမာ သမ္ပဇာနော ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။**

ဤလောကမှာ ယောဂီသူတော်စင်ဟာ ရုပ်အပေါင်းဆိုတဲ့ ခန္ဓာ ကိုယ် ရုပ်အပေါင်း အစုအဝေးမှာ ရုပ်အပေါင်းလို့ ရှုမှတ်ပြီးတော့ သတိ သမ္ပဇဉ် ယှဉ်ပြီးတော့ လုံ့လဝီရိယ ပြင်းပြင်းထန်ထန်နဲ့ မက်မောမှု အဘိဇ္ဈာနဲ့ စိတ်မသက်သာမှုကို ပယ်ဖျောက်ပြီးတော့နေတယ်။

ဝေဒနာ စိတ္တ ဓမ္မတို့အပေါ်မှာလဲပဲ ဒီအတိုင်းပဲ။ သတိသမ္ပဇဉ်တွေ နဲ့ လုံ့လဝီရိယနဲ့ ခန္ဓာငါးပါးဆိုတဲ့ လောကကြီးမှာ မက်မောမှု စိတ်မသက်သာ နှလုံးမသာမှုတွေကို ပယ်ဖျောက်ပြီးတော့ နေမယ်။ ဒါဟာ သတိပဋ္ဌာန် လမ်းစဉ်ပဲ။

http://www.dhammadownload.com



**ပြဟ္မာမင်း၏ထောက်ခံချက်**

အဲဒီလို မြတ်စွာဘုရားရဲ့ စိတ်အကြံဖြစ်လာတဲ့ အခါကျတော့ သဟမ္ပတိ ပြဟ္မာမင်းကြီးက **"သေယျထာပိနာမ ဗလဝါပုရိသော သမိဉ္ဇိတံဝါ ဗာဟံ ပသာရေယျ၊ ပသာရိတံဝါ ဗာဟံ သမိဉ္ဇေယျ"**

သဟမ္ပတိ ပြဟ္မာမင်းကြီးကလဲ အားရှိတဲ့ယောက်ျားဟာ ကွေးထားတဲ့လက်ကို ဆန့်တန်းလိုက်သလို ဆန့်တန်းထားတဲ့လက်ကို ကွေးလိုက်သလို ဘုရားထံမှောက် ရောက်လာပြီးတော့-

**"ဧဝ မေတံ ဘဂဝါ၊ ဧဝ မေတံ ဘဂဝါ"**- မြတ်စွာဘုရား အရှင်ဘုရားရဲ့ နိဗ္ဗာန်လမ်းကြောတစ်ခု တွေ့ထားတယ်ဆိုတဲ့ အကြံအစည်ဟာ ဂုဏ် (၇)မျိုးနဲ့ အကျိုး (၇)မျိုးရှိတဲ့ မြတ်စွာဘုရား တွေ့ထားတဲ့လမ်းကြီးဟာ သတိပဋ္ဌာန်လမ်းကြီးဟာ အင်မတန်ကောင်းမွန်တဲ့ လမ်းကြီးပါဘုရား။

ဟော- သဟမ္ပတိပြဟ္မာမင်းကြီးက အရှင်ဘုရား တွေ့ထားတဲ့ လမ်းစဉ်ကြီးဟာ အင်မတန်ကောင်းမွန်တဲ့ ဂုဏ် (၇)မျိုး အကျိုး (၇)မျိုးနဲ့ ပြည့်စုံတဲ့ လမ်းစဉ်ကြီးပါ။ ဒီလမ်းစဉ်အတိုင်း သွားကြမယ်ဆိုရင်ဖြင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ငြိမ်းပါလိမ့်မယ်ဘုရား ဆိုပြီးတော့ ထောက်ခံတဲ့အနေနဲ့ ဘာလျှောက်ထားသလဲဆိုရင်-

**ဧကာယနံ ဇာတိ ခယန္တဒဿီ၊**
**မဂ္ဂံ ပဇာနာတိ ဟိတာနုကမ္ပီ။**
**ဧတေန မဂ္ဂေန တရိံသု ပုဗ္ဗေ၊**
**တရိဿန္တိ ယေ တရန္တိဩဃံ။**

ဒါကတော့ သဟမ္ပတိပြဟ္မာမင်းကြီးက ထောက်ခံတဲ့ မြတ်စွာဘုရား တွေ့ထားတဲ့ ဧကာယန- တစ်ကြောင်းတည်းသောလမ်း နိဗ္ဗာန်သွားဖို့ တွေ့ထားတဲ့ လမ်းနဲ့ပတ်သက်ပြီး ထောက်ခံချက်၊

ဇာတိ ခယန္တဒဿီ- ဇာတိကုန်ရာ နိဗ္ဗာန်ကို မြင်တော်မူသော။ ဟိတာနုကမ္ပီ- သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားစောင့်ရှောက်တော်မူသော။ ဘဂဝါ- မြတ်စွာဘုရားသည်။ ဧကာယနံ မဂ္ဂံ- တစ်ခုတည်းသော နိဗ္ဗာန်ကို ရောက်စေတတ်သော သတိပဋ္ဌာန်လမ်းစဉ်ကို။ ပဇာနာတိ- သိမြင်

http://www.dhammadownload.com



တော်မူပါပေ၏။

ဇာတိကုန်တယ်ဆိုတော့ အိုနာသေလဲ ကုန်တော်မူတဲ့ မြတ်စွာဘုရားက ဇာတိကုန်ရာ နိဗ္ဗာန်ကိုမြင်တယ်။ အိုနာသေကင်းတဲ့ နိဗ္ဗာန်ကို မြင်တော်မူတဲ့ သတ္တဝါတို့ကို စောင့်ရှောက်တော်မူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ လမ်းတွေ့ထားပြီ၊ တွေ့တော်မူတဲ့ လမ်းဟာ အမှန်လမ်း။

အဲဒီလမ်းက ဘာလဲလို့ဆိုတော့ **"ဧကာယန"**- တစ်ခုတည်းသော နိဗ္ဗာန်ကို ရောက်စေနိုင်တဲ့ သတိပဋ္ဌာန်လမ်း။ ဘုရားရှင်တစ်ဆူတည်းသာ တွေ့တော်မူတာ မဟုတ်ဘူး။

ဗုဒ္ဓါ- ဘုရားရှင်တို့သည်။ ပုဗ္ဗေ- ရှေးအခါ၌။ ဧတေန မဂ္ဂေန- ဤသတိပဋ္ဌာန်လမ်းစဉ်ဖြင့်။ ဩဃံ- ဩဃလေးခန်း ရေပြင်ကြမ်းကို။ တရိံသု- ကူးမြောက်တော်မူကြကုန်ပြီ။

ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃဆိုတဲ့ တရားကိုယ်အားဖြင့် ပြောမယ်ဆိုရင် လောဘ, ဒိဋ္ဌိ, မောဟ။

လောဘဆိုတဲ့ အာရုံငါးပါးမှာ တွယ်တာတတ်တဲ့ လောဘ၊ ဒိဋ္ဌိဆိုတဲ့ အမြင်မှားမှု၊ မောဟဆိုတဲ့ မိုက်မှု မဲမှု မသိမှု၊ တရားကိုယ်အားဖြင့် (၃)မျိုး၊ အရေအတွက်အားဖြင့် (၄)မျိုး ဩဃဆိုတဲ့ ရေပြင်ကြမ်းကြီးကို ရှေးဘုရားရှင်တွေလဲ ဒီသတိပဋ္ဌာန်လမ်းစဉ်နဲ့-

**ဧတေနမဂ္ဂေနတရိံသုပုဗ္ဗေ။**

ပုဗ္ဗေ- ရှေးအခါ၌။ ဗုဒ္ဓါ- ဘုရားရှင်တို့သည်။ ဧတေနမဂ္ဂေန- ဤလမ်းစဉ်ဖြင့်။ တရိံသု- ဩဃလေးခန်း ရေပြင်ကြမ်းကို ကူးမြောက်တော်မူကြကုန်ပြီ။

ဟော- တရိံသု- ကူးမြောက်တော်မူကြကုန်ပြီတဲ့။

နောင်အနာဂါတ်မှာ ပွင့်တော်မူလတ္တံ့ဖြစ်တဲ့ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့ဟာလဲ ဒီလမ်းစဉ်နဲ့ပဲ ဩဃလေးခန်း ရေပြင်ကြမ်းကို ကူးမြောက်တော်မူကြလိမ့်မည်။

ယခု ပစ္စုပ္ပန်ကာလမှာ ရှိကြတဲ့ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့ဟာလဲပဲ ဒီသတိပဋ္ဌာန်လမ်းစဉ်နဲ့ပဲ

ဩယလေးခန်း ရေပြင်ကြမ်းကို ကူးမြောက်တော်မူကြရတယ်။

ဟော- မြတ်စွာဘုရား တွေ့ထားတဲ့ သတိပဋ္ဌာန်လမ်းစဉ်နဲ့ ဩယလေးခန်း ရေပြင်ကြမ်းကို ကူးသန်းနိုင်တဲ့ လွန်မြောက်နိုင်တဲ့ လမ်းစဉ်ပဲလို့ သဟမ္ပတိ ဗြဟ္မာမင်းကြီးက ဒီလိုလျှောက်ထားပြီးတော့ ထောက်ခံသွားတယ်။

လျှောက်ထားပြီးသွားတဲ့ လမ်းစဉ်ကလဲ မြတ်စွာဘုရား တွေ့ထားတဲ့လမ်းစဉ်ကို ထောက်ခံပြီး လျှောက်ထားသွားပါတယ်။

ယနေ့ ယောဂီသူတော်စင်များ မြတ်စွာဘုရား ဘုရားဖြစ်ပြီးနောက် လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၈၈)နှစ်နဲ့ (၁၆)ရက်က ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် (၂၈)ရက်အလွန် (၃၆)ရဲ့ကြားပေါ့။ (၇)ရက် အဲဒီ ကာလလေးမှာ ဒီလမ်းစဉ်နဲ့ ပတ်သက်ပြီး မြတ်စွာဘုရား စဉ်းစားဆင်ခြင် ဉာဏ်တော်မှာ ထင်မြင်ပြီး လာခဲ့ပါတယ်။

ဒီနောက်မှ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ကို ထုတ်ဖော် ဟောကြားခဲ့တယ်။ ဒီလမ်းစဉ်ကို မဟောကြားမီ ဘုရားရှင် တရားမဟောဘူးလို့ စိတ်ဖြစ်နေတဲ့အခါ ဒီသဟမ္ပတိ ဗြဟ္မာမင်းကြီးပဲ တောင်းပန်လို့မို့။

**အပါရုတာ တေသံ အမတဿဒွါရာ၊**
**ယေသောတဝန္တော ပမုဉ္စန္တု သဒ္ဓံ၊**
**ဝိဟိံသသညီ ပဂုဏံ နဘာသိံ၊**
**ဓမ္မံ ပဏီတံ မနုဇေသု ဗြဟ္မေ။**

သဟမ္ပတိ ဗြဟ္မာမင်းကြီးက တောင်းပန်တဲ့အခါ မြတ်စွာဘုရားက ဒီဂါထာကို မိန့်တယ်။

**တောင်းပန်**

သဟမ္ပတိ ဗြဟ္မာမင်းကြီးက ဘယ်လိုတောင်းပန်သလဲဆိုတော့-

**ပါတုရဟောသိ မာဂဓေသု ပုဗ္ဗေ၊**
**ဓမ္မော အသုဒ္ဓေါ သမလေဟိ စိန္တိတော၊**
**အပါပုရေတံ အမတဿဒွါရံ၊**
**သုဏန္တု ဓမ္မံ ဝိမလေနာနု ဗုဒ္ဓံ။**

**မိခင်ဧကာဝတီ**

http://www.dhammadownload.com



ဒီဂါထာကို သဟမ္ပတိ ဗြဟ္မာမင်းကြီးက ရွတ်ပြီး တရားတောင်းခဲ့တယ်။

ဘန္တေ- အစိန္တေယျ ဂုဏ်ပေါင်းခသည့် သမန္တစက္ခု- သုံးလူ့ထွဋ်ထားအို မြတ်စွာဘုရား။ ပုဗ္ဗေ- ရှင်တော်ဘုရား ထင်ကျော်ကြား၍ တရားစက်ချီမပွင့်မီက ရှေးမဆွ၌။ မာဂဓေသု- ရာဇဂြိုဟ်နဂရ ပြည်ဌာနဝယ် ခွန်သရစ်ဝိုင်း မာဂဓတိုင်းတို့၌။ သမလေဟိ- ကိလေသာကပ်ငြိ အညစ်အကြေးရှိနေကြကုန်သော။ ဆဟိသတ္ထာရေဟိ- ဗာလတံဆိပ် ခတ်နှိပ်လေပြီး တိတ္ထိဆရာကြီး (၆)ဦးတို့သည်။ စိန္တိတော- ဓမ္မထင်မှတ် ကြံစည်အပ်သော။ အသုဒ္ဓေါ- နိဗ္ဗာန်ကမ်းပေါက် မလှမ်းရောက်၍ လမ်းကောက်သဖွယ်မစင်ကြယ်သော။ အဓမ္မော- မသူတော်တို့၏ တရားတု တရားယောင်သည်။ ပါတုရဟောသိ- နိဗ္ဗာန်မြို့ကြီး ပိတ်ကာဆီးလျှက် အသီးအသီး ဖြစ်ပေါ်နေခဲ့ပါပြီဘုရား။

အရှင်ဘုရား မပွင့်မီက မက္ခလိဂေါသာလ ပုရာဏ ကဿပ အစရှိတဲ့ တိတ္ထိဆရာကြီးတွေ တောင်တောင်အီအီ တွေးတောပြီးတော့ မဟုတ်မဟတ် လမ်းစဉ်တွေကို ချမှတ်ပြီးတော့နေတဲ့အတွက် လောကသားတွေအားလုံး ပညာမျက်စိကန်းပြီးတော့ မသူတော်တို့ရဲ့ တရားတွေ ထွန်းကားနေခဲ့ပါတယ် ဘုရား။

အမတဿ- မနာ မသေ အမြဲနေရာဖြစ်သော နိဗ္ဗာန်၏။ ဧတံဒွါရံ- အရိယာမဂ်တံခါးကို။ အပါပုရ- အချက်ကျကျ ဝင်ခွင့်ရအောင် ဖွင့်ပြတော်မူပါဘုရား။ (နိဗ္ဗာန်တံခါး ဖွင့်ပေးတော်မူပါတဲ့) သတ္တာ- လူရွာ လူ့ဘုံ ရှေးကံဟုန်ဖြင့် ခုကြုံရောက်လာ သတ္တဝါတို့သည်။ ဝိမလေန- ကိလေသာကင်းစင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ အနုဗုဒ္ဓံ- ဉာဏ်ဖြင့်တော်အလျောက် အစဉ်လျှောက်၍ ပြီးမြောက်ကုန်စင် သိမြင်တော်မူအပ်သော။ ဓမ္မံ- ဝိမုတ်စီးပွား ရသများသည့် ချိုပျားအဖျော် တရားတော် ကို။ သတ္တာ- လူ့ရွာ လူ့ဘုံ ရှေးကံဟုန်ဖြင့် ခုကြုံရောက်လာ သတ္တဝါတို့သည်။ သုဏန္တု- ကြည်လင်အေးမြ ဘေးမခအောင် တွေးဆကြည်ဖြူ နာယူခွင့် ရပါရစေကုန်ဘုရားလို့။

**မိခင်ဗေဒါဝတီ**

http://www.dhammadownload.com



ဟော- သဟမ္ပတိ ဗြဟ္မာမင်းကြီးဟာ နိဗ္ဗာန်တံခါး ဖွင့်ပေးတော်မူပါ။ လူ့ရွာ လူ့ဘုံ ရှေးကံဟုန်ဖြင့် ရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေ အရှင်ဘုရား သိမြင်တော်မူတဲ့ တရားတော်များ ဝိမုတ်စီးပွား ရသာများသည် ချိုပျားအဖျော် တရားတော်ကို နာယူခွင့် သောက်သုံးခွင့် ကျင့်ကြံကြိုးကုတ် အားထုတ်ခွင့်ရပါရစေ ဘုရားလို့ လျှောက်ထားတော့-

**ခွင့်ပြု**

ဘုရားရှင်က-

**အပါရုတာ တေသံ အမတဿဒွါရာ၊**
**ယေသောတ ဝန္တော ပမုဉ္စန္တုသဒ္ဓံ။**
**ဝိဟိံသသညီ ပဂုဏံနဘာသိံ၊**
**ဓမ္မံပဏီတံ မနုဇေသု ဗြဟ္မေ။**

ဗြဟ္မေ- အို သဟမ္ပတိဗြဟ္မာ။ အဟံ- သင်တို့ဆရာ ကောင်းကျိုးရှာသည့် ကောင်းရာညွှန်ကြား ငါဘုရားသည်။ ဝိဟိံသသညီ- အကျိုးမထွန်းကိုယ်ညှိုးနွမ်းမည် ထင်မှတ်ရည်၍။ ပဂုဏံ- ကမ္ဘာအဆက်ဆက် မကွာဖက်လျှက် နှစ်သက်ရှာမှီး လေ့လာအပ်ပြီးသော။ ဓမ္မံ- ဝိမုတ်စီးပွား ရသာများသည့် ချိုပျားအဖျော် တရားတော်ကို။ မနုဇေသု မနုဇာနံ- လူတို့အား။ နဘာသိံ- မဟောခဲ့ပေ။

ကမ္ဘာအဆက်ဆက် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း တွက်ကိန်းများလှ ဘုံဘဝတွေမှာ အသက်ကိုမျှ မငဲ့ကွက်ပဲ အားထုတ်ကြိုးစားမှ ရရှိတော်မူခဲ့တဲ့ တရားဓမ္မ ဝိမုတ်စီးပွား ရသာများသည့် တရားတော်တွေကို ဟောနေ ပြောနေလဲ ပင်ပန်းရုံပဲ ရှိမယ်လို့ အဲလိုစိတ်ထဲက အာရုံပြုပြီးတော့ မဟောဖြစ်ခဲ့ဘူး။

ယေ- အကြင်သူတို့သည်။ သောတဝန္တော- ပါရမီထုံမြင့် အငုံရင့်၍ ပွင့်အံ့သဖွယ် အသင့်ရှယ်၍ သိလွယ်တုံဘိ ထောင်နားရှိကြပေကုန်၏။ (ပါရမီထုံမြင့် အငုံရင့်ပြီးတော့ ပွင့်အံ့သဖွယ် အသင့်ရှယ်ပြီးတော့ နေကြတဲ့ ပုဂ္ဂိုလ်တွေရှိတယ်)

http://www.dhammadownload.com



တေသံ- ထိုသူတို့၏။ အတ္တာယ- အကျိုးငှါ။ အမတဿ- မအို မနာ မသေ အမြဲနေရာဖြစ်သော နိဗ္ဗာန်၏။ ဒွါရာ- အရိယာမဂ်တံခါးကို။ အပါရုတာ- ဖွင့်လှစ်လိုက်ပါပြီ။ တေ- ထိုပါရမီထုံဖြင့် အငုံရင့်၍ ပွင့်အံ့ သဖွယ် အသင့်ရှယ်လျှက် သီလွယ်တုံဘိ ထောင်နားရှိကြကုန်သော သူတို့ သည်။ သဒ္ဓံ- ငါဘုရားနှင့် ငါကဟောကြား မြတ်တရား၌ တက်ပွားကြည်ယုံ သဒ္ဓါဟုန်ကို။ ပမုဉ္စန္တု- ဖရဏာဆွတ်ဆွတ် ဖြာဖြာညွတ်၍ အခါခါ လွှတ်ကြ ပါစေကုန်သတည်း။

မြတ်စွာဘုရားက သဟမ္ပတိ ဗြဟ္မာမင်းကြီးကို ပါရမီရှိကြတဲ့ နတ်လူ ဗြဟ္မာ သတ္တဝါတို့အတွက် အမြိုက်နိဗ္ဗာန် တံခါး ဖွင့်လိုက်ပြီ။ ငါဘုရားနှင့် ငါကဟောကြား မြတ်တရားအပေါ်မှာ တက်ပွားကြည်ယုံ သဒ္ဓါဟုန်ကိုသာ လွှတ်ကြပေတော့။

အဲဒီအချိန်က စပြီးတော့ (၄၅)ဝါ ကာလပတ်လုံး တရားဓမ္မများ ဟောပြီးလာတော့ ဘယ်အချိန်အခါမဆို သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဒီဘေးရန်တွေ ဒီတရားရေအေး အမြိုက်ဆေးနဲ့ပဲ ငြိမ်းပြီးတော့ ပေးခဲ့တာပဲ။

ဥပမာ ဆိုကြပါစို့။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်မှာ သီတင်းသုံးတဲ့အချိန်၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ကလဲ မဂဓတိုင်း နာဠကရွာ အခု ဗုဒ္ဓဂါယာ ဘုရားဖူးသွားကြတဲ့ ပုဂ္ဂိုလ် တွေ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် စံတော်မူတဲ့နေရာ ရောက်ကြပါတယ်။

## သတိပဋ္ဌာန်တရားတွေ ပျောက်သလိုလို

အဲဒီနေရာမှာ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းသွားတဲ့အခါ ပြုစုတဲ့ အရှင်စုန္ဒကလဲ မထေရ်မြတ်ကြီးကို အနီးကပ် ပြုစုတယ်။

ပရိနိဗ္ဗာန် စံသွားတဲ့အခါကျတော့ မထေရ်မြတ်ကြီးရဲ့ သပိတ် သင်္ကန်းလေးတွေ ယူပြီးတော့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့သွား။

ပထမဦးဆုံးတွေ့တာ အရှင်အာနန္ဒာ ကိုယ်တော်မြတ်နဲ့ တွေ့တယ်။ အရှင်ဘုရား အဂ္ဂသာဝက မဟာထေရ် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်

http://www.dhammadownload.com



ကြီးတော့ နာဠကရွာမှာ ပရိနိဗ္ဗာန်စံပြီ။ တပည့်တော်က အကျိုးအကြောင်း လျှောက်ထားဖို့ လာခဲ့တာပါဘုရားလို့ ဆိုတော့။

အရှင်အာနန္ဒာမထေရ်မြတ်က ဒီစကားလက်ဆောင်ကို ယူပြီးတော့ ဘုရားဆီ သွားကြစို့ရဲ့။ သွားပြီး ဟိုရောက်တဲ့ အခါကျတော့ အရှင်အာနန္ဒာ ကိုယ်တော်မြတ်က လျှောက်ထားတယ်။

"အဂ္ဂသာဝက ဖြစ်တော်မူတဲ့ တရားစစ်သူကြီး ဖြစ်တော်မူတဲ့ အရှင် သာရိပုတ္တရာမထေရ်မြတ်ကြီး မာဂဓတိုင်း နာဠကရွာမှာ ပရိနိဗ္ဗာန်စံတော်မူပါပြီ။ အရှင်မြတ်ကြီး ပရိနိဗ္ဗာန်စံတဲ့အတွက် တပည့်တော်ရဲ့ ခန္ဓာကိုယ်ဟာ မာကျောကျော ဖြစ်ပြီးတော့ အရပ်မျက်နှာတွေတောင် တပည့်တော် မသိတော့ပါဘူး"တဲ့။

အရပ်မျက်နှာတွေတောင် မသိတော့ပါဘူး။ သတိပဋ္ဌာန်တရားတွေလဲ တပည့်တော်ရဲ့ ဉာဏ်ထဲမှာ ပျောက်သလိုလို ဖြစ်နေပါတယ်ဘုရားလို့ အရှင်အာနန္ဒာက လျှောက်ထားတော့-

## ချွေးသိပ်တရား

မြတ်စွာဘုရားက ဘာမိန့်သလဲလို့ဆိုတော့ "အာနန္ဒာ သာရိပုတ္တရာ မထေရ်မြတ်ကြီး အဂ္ဂသာဝကမထေရ်မြတ်ကြီး ပရိနိဗ္ဗာန် စံသွားလို့ အသင်တို့ရဲ့ သီလအစုကို ယူသွားသလား။ သမာဓိအစု, ပညာအစုတွေ ယူသွားသလား။ သင်တို့ရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ယူပြီးတော့ သွားသလား" ဆိုတော့-

"တပည့်တော်တို့ရဲ့ သီလ, သမာဓိ, ပညာ ဒီတရားတွေ ယူပြီးတော့ မသွားပါဘူး ဘုရား။ ဒါပေမယ့် အရှင်မြတ်ကြီးဟာ သီတင်းသုံးဖော်တို့ကို ချီးမြှောက်တော်မူလေ့ ရှိပါတယ်။ တရားဓမ္မတွေကို မြင်အောင် ထင်အောင် ဟောလေ့ ပြောလေ့ ရှိပါတယ်။

သီတင်းသုံးဖော်တွေကို အင်မတန် ချီးမြှောက်တော်မူတဲ့ မထေရ်မြတ်ကြီး ဖြစ်ပါတယ်"လို့ လျှောက်ထားပြီးတော့။

"အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ ဓမ္မဂုဏ် ဓမ္မအဆီအနှစ်

http://www.dhammadownload.com



တရားတော်နဲ့ ချီးမြှောက်ပုံတွေကို တပည့်တော်တို့ အောက်မေ့ . အမှတ်ရလို့ နေပါတယ်ဘုရား" လျှောက်ထားတော့။

## တရားပဲ အားကိုးကြ

မြတ်စွာဘုရားက ငါကြိုတင် ဟောထားတာတွေ မရှိဘူးလား။ ကြိုတင်ပြီးတော့ ဟောထားတဲ့ တရားတွေ ရှိတယ်။

မိမိနဲ့ ချစ်ခင်မြတ်နိုးတဲ့ ပုဂ္ဂိုလ်တွေနဲ့ သေကွဲ ရှင်ကွဲ ဘဝကွဲ ဘုံကွဲ ခွဲခွာရလိမ့်မယ်၊ ကွဲကွာရလိမ့်မယ်ဆိုတာ ကြိုတင်ပြီး ဟောထားတာတွေ မရှိဘူးလား။ အဲဒီတော့ အရေးကြီးတာကတော့-

**အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ၊ အတ္တသရဏာ အနညသရဏာ။**

**အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ၊ ဓမ္မသရဏာ အနညသရဏာ။**

ယခုလို သစ်ပင်ကြီးတစ်ပင်ရဲ့ အနှစ်သာရနဲ့ တူတဲ့ ရဟန်းပရိသတ်ထဲမှာ အနှစ်သာရနဲ့တူတဲ့ အရှင်သာရိပုတ္တာ ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် ဝင်စံသွားတဲ့အခါမှာ သင်တို့တတွေဟာ မိမိတို့ကို အားကိုးကြ၊ အတ္တဒီပါ- မိမိကိုယ်ကို ကိုင်းကျွန်းသဖွယ် ပြုပြီးတော့။ အတ္တသရဏာ- မိမိကိုယ်ကို အားကိုးကြ။ အနညသရဏာ- မိမိမှတစ်ပါး အားမကိုးကြနဲ့။

ဓမ္မဒီပါ- တရားကိုပဲ ကိုင်းကျွန်းသဖွယ် ပြုပြီးနေကြ။ ဓမ္မသရဏာ- တရားကိုပဲ အားကိုးကြ၊ တရားမှတစ်ပါး အားကိုးရာ မရှိ။

အဲဒီ အတ္တ ကိုယ့်ကို ကိုင်းကျွန်းသဖွယ် ပြုပြီးတော့နေကြ။ ဓမ္မကို ကိုင်းကျွန်းသဖွယ် ပြုပြီးနေကြဆိုတာ ဘယ်တရားတွေလဲဆိုတော့ သတိပဋ္ဌာန်တရား ဆိုပြီးတော့ မြတ်စွာဘုရားက "ကိုင်းကျွန်းသဖွယ် မှီခိုရာ ကိုယ့်ကိုယ်ကို မှီခိုရာ၊ ကိုယ့်ကိုယ်ကို ကိုင်းကျွန်းသဖွယ် မှီခိုရာ သတိပဋ္ဌာန် တရားကိုပဲ ဆက်ပြီးတော့ ဟောပါတယ်"။

## သတိပဋ္ဌာန်လမ်းစဉ် ဘယ်ဘာသာမှာရှိသလဲ

သတိပဋ္ဌာန်လေးပါး ပွားများပုံ ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ၊ သတိပဋ္ဌာန်လေးပါး ပွားများ

http://www.dhammadownload.com



ပုံကို မြတ်စွာဘုရား ဟောကြားပြီးတော့-

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ ပရိနိဗ္ဗာန်စံပွဲ ပရိနိဗ္ဗာန် ဝင်စံပုံနဲ့ ပတ်သက်ပြီးတော့ သတိပဋ္ဌာန်တရားပဲ အားထုတ်ဖို့ ဒီသတိပဋ္ဌာန် တရားသာလျှင် သောက- စိုးရိမ်ပူဆွေး စိတ်မအေးမှုကို နိုင်မယ်။ ပရိဒေဝ- ငိုကြွေးမှုကို နိုင်မယ်။ ဘာသာခြားတစ်ယောက် ဒီသတိပဋ္ဌာန်ကို အားထုတ် တယ်။ အခြေအနေ ဘယ့်နှယ်နေသလဲလို့ဆိုတော့ အင်မတန် ကောင်းမွန်တဲ့ သတိပဋ္ဌာန်ကျင့်စဉ်ပါပဲတဲ့။

တပည့်တော်တို့ရဲ့ **"သမ္မာ"**ကျမ်းစာမှာ ဒီလမ်းစဉ်ကြီးပါရင် ဘယ် လောက်ကောင်းလိုက်မလဲ ဘုရားတဲ့။ သူ့ခမျာများဘာသာကျမ်းစာတွေမှာ မပါရှာကြဘူး။ အဲဒီတော့ လမ်းပျောက်ရက်ပဲ။ ဒီလမ်းစဉ်မပါဘူး။

ဗုဒ္ဓဘုရားရဲ့ လမ်းစဉ်မှာသာ **"ဣဓ ဘိက္ခဝေ"**။ ဘိက္ခဝေ- ရဟန်း တို့။ ဣဓ- ဤသာသနာတော်၌။

**"ဣဓ"**ဆိုတဲ့ စကားလေးနဲ့ ဟောကြားတယ်။ ဣဓ ဆိုတာ ဒီသတိ ပဋ္ဌာန်လမ်းစဉ်ရှိတဲ့ ဒီသာသနာတော်ကို ညွှန်းပြပါတယ်။

**ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။**

ရဟန်းတို့ ဤသတိပဋ္ဌာန်လမ်းစဉ်ရှိရာ သာသနာ၌ သံသရာဘေး ကို ရှုလေ့ရှိတဲ့ အမျိုးသား အမျိုးသမီး ယောဂီသူတော်စင်ဟာ ကာယ- ရုပ်အပေါင်းမှာ။ ကာယာနုပဿီ- ရုပ်အပေါင်းလို့ ရှုမြင်ပြီးတော့ နေတယ်။

ဒီစကားမျိုးလေးတွေ အခြားအခြား ဗုဒ္ဓသာသနာမှတစ်ပါး အခြား ဘာသာများမှာ မရှိကြလို့ ငြီးငွေ့ပြီးတော့ နေကြရတယ်။ အဲဒါကြောင့်မို့ မြတ်စွာဘုရားက **"ဣဓ ဘိက္ခဝေ"**။ ဘိက္ခဝေ- ရဟန်းတို့။ ဣဓ- ဤသာသနာ တော်၌။

ဒီသာသနာတော်မှာသာရှိတာ။ ဒီသာသနာတော်မှာသာ သတိ ပဋ္ဌာန်လမ်းစဉ် ရှိပါတယ်။ ဒီသာသနာတော်မှာ သတိပဋ္ဌာန်ရှိတော့ မဂ္ဂင် ရှိတယ်။ မဂ္ဂင်ရှိမှ နိဗ္ဗာန်ရောက်တယ်။ မဂ္ဂင်မရှိတဲ့ သာသနာ အရိယာ ရဟန်း, အရိယာသူတော်စင် မရှိဘူး။ အရိယာရဟန်း, အရိယာသူတော်စင် မရှိရင် နိဗ္ဗာန်မရှိဘူး။

http://www.dhammadownload.com



ဒါကြောင့် မိမိတို့ တွေ့ကြုံဆုံဆည်းနေကြရတဲ့ သာသနာတော်သည် သတိပဋ္ဌာန်လမ်းစဉ်, မဂ္ဂင်လမ်းစဉ် အပြည့်အစုံရှိတဲ့ သာသနာ။

အပြည့်အစုံရှိတဲ့ သာသနာတော်မှာ ညွှန်းပြထားတဲ့ လမ်းကလဲ မပျောက်သေးဘူး။ အဲဒီ မပျောက်သေးတဲ့ အချိန်မှာ ကိုယ်တိုင်လျှောက်လှမ်းပြီးတော့ နေကြတဲ့အတွက် **ဝမ်းမြောက်ဖွယ် အားတက်ဖွယ် ဖြစ်ပါတယ်။**

မြတ်စွာဘုရား ကိုယ်တော်တိုင် ညွှန်းပြထားတဲ့ နိဗ္ဗာန်လမ်းပြ မြေပုံအတိုင်း ဆက်လက်ပြီးတော့ သွားနိုင်ကြ လျှောက်နိုင်ကြပါစေလို့ ပတ္တနာပြုရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု သာဓု သာဓု

**ပထမနေ့ဟောစဉ်ပြီး၏။**

## ဒုတိယနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ နယုန်လဆန်း (၂)ရက်နေ့။

### ကိုယ့်ကိုယ်ကို စောင့်ရှောက်လို့သူနှင့် သူတစ်ပါးကို စောင့်ရှောက်လို့သူ

ဒီနေ့မှာ ဗုဒ္ဓဘုရား ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်တွေ။ အဲဒီ ဒေသနာတော်တွေကို သံဂါယနာ (၆)တန်မှာ တင်ပြီးတော့ အရှင်မြတ်ကြီးများ မှတ်တမ်းပြုပြီးတော့ စုပေါင်းပြီးတော့ ထိန်းခဲ့ကြတယ်။

အဲဒီ သံဂါယနာ (၆)တန် တင်ပြီးထားတဲ့ ဒေသနာတော်တွေထဲက တရားအားထုတ်နေကြတဲ့ ယောဂီများနဲ့ သင့်တော်တဲ့ ဒေသနာတော်တွေကို ထုတ်နုတ်ပြီးတော့ ဟောကြားကြရ။

အဲဒီတော့ မြတ်စွာဘုရား သေဒကနိဂုံးမှာ သီတင်းသုံးပြီးတော့ နေတဲ့အခါ-

**"ကထဉ္စ ဘိက္ခဝေ အတ္တာနံ ရက္ခန္တော ပရံ ရက္ခတိ"**- ကိုယ့်ကိုယ်ကို စောင့်ရှောက်သူဟာ သူတစ်ပါးကို စောင့်ရှောက်သူ မည်တဲ့ပုဂ္ဂိုလ်၊ သူတစ်ပါးကို စောင့်ရှောက်ထဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်ကိုယ်ကို စောင့်ရှောက်သည် မည်တဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်ဆို့ (၂)မျိုး။

ကိုယ့်ကိုယ်ကို စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုဟာလဲ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ၊ ဘယ်ပုံဘယ်နည်းနဲ့ ကိုယ့်ကိုယ်ကို စောင့်ရှောက်ကြမလဲလို့ **ဆိုတော့။**

**"အာသေဝနာယ ဘာဝနာယ ဗဟုလီကမ္မေန"**- အကြိမ်များစွာ သတိပဋ္ဌာန်တရားများ ပွားများအသုံးချပြီးတော့ နေမယ်ဆိုရင် ကိုယ့်ကိုယ်ကို စောင့်ရှောက်သည် မည်ပါတယ်။

အခု ယောဂီသူတော်စင်များ တစ်နေ့လျှင် (၁၁)ကြိမ် သတိပဋ္ဌာန်တရားများ ပွားများပြီးနေတော့ မြတ်စွာဘုရား ဟောခဲ့တဲ့ မိမိကိုယ်ကို စောင့်ရှောက်ပုံနဲ့ တစ်ထပ်ထဲကျပြီးတော့ နေတယ်။

**"ကထဉ္စ ဘိက္ခဝေ ပရံရက္ခန္တော အတ္တာနံ ရက္ခတိ"**- ဘယ်လိုနေလို့ ရှိရင် သူတစ်ပါးကို စောင့်ရှောက်တာနဲ့ ကိုယ့်ကိုယ်ကို စောင့်ရှောက်ရာ ရောက်သလဲဆိုတော့ **ခန္တိယာ၊ အဝိဟိံသာယ၊ မေတ္တစိတ္တတာယ၊ အနုဒ္ဒယတာယ** (၄)ချက်။

အကောင်းအဆိုး လောကဓံကို ခံနိုင်ရည်ရှိခြင်း, မညှင်းဆဲခြင်း သတ္တဝါတို့ရဲ့ အကျိုးမဲ့ကို မဖြစ်စေချင်ခြင်း၊ အကျိုးစီးပွား ဖြစ်စေချင်တဲ့ မေတ္တာ၊ ဆင်းရဲတဲ့ပုဂ္ဂိုလ် သတ္တဝါတွေ တွေ့ပြန်တော့ သနားတဲ့ ကရုဏာ၊ ကံကောင်းချမ်းသာတဲ့ ပုဂ္ဂိုလ်တွေ တွေ့ပြန်တော့ ဝမ်းမြောက်မှု မုဒိတာ၊ ဒီတရားတွေကို လက်သုံးပြုနိုင်မယ်ဆိုရင် သူတစ်ပါးကို စောင့်ရှောက်သည် မည်ပါတယ်တဲ့။

အခု ယောဂီတွေ အချိန်တိုင်း အချိန်တိုင်း ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

ဟော- ဒီအချက်အလက်ထဲမှာ မေတ္တာဓာတ်တွေ၊ ကရုဏာဓာတ်တွေ၊ မုဒိတာဓာတ်တွေ ပါပြီးသား ဖြစ်ပြီးသွားတော့ အလိုလို သူတစ်ပါးကို စောင့်ရှောက်ပြီးသား ဖြစ်သွားပါတယ်။

အဲဒီတော့ **"အတ္တာနံ ရက္ခိဿာမီတိ သတိပဋ္ဌာနံ ဘာဝေတဗ္ဗံ"**။

http://www.dhammadownload.com



အနှစ်ချုပ်ပြီးတော့ ပြောမယ်ဆိုရင် ကိုယ့်ကိုယ်ကို စောင့်ရှောက်မယ်ဆိုတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး ယောဂီဟာ သတိပဋ္ဌာန်ကို ပွားများလေ ပွားများကြတဲ့။

**ပရံ ရက္ခိဿာမီတိ သတိပဋ္ဌာနံ ဘာဝေတဗ္ဗံ။**

သူတစ်ပါးကို စောင့်ရှောက်မယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာလဲ သတိပဋ္ဌာန်ပွားများနေမယ်။ အဲဒီလိုဆိုရင် သူတစ်ပါးကို စောင့်ရှောက်ပြီးသား ဖြစ်တာပါပဲ။ သတိပဋ္ဌာန် ပွားများတာနဲ့ ဘယ်လိုများ သူတစ်ပါးကို စောင့်ရှောက်ရာရောက်သလဲ။

ယောဂီသူတော်စင် တစ်ဦးဦး တစ်ယောက်ယောက် ဆိတ်ငြိမ်ရာနေရာမှာ ချဉ်းကပ်ပြီးတော့ ထွက်လေ ဝင်လေ အစရှိတဲ့ အာရုံကမ္မဋ္ဌာန်းမှာစိတ်ကလေးကို မလွတ်အောင် ထိန်းသိမ်းစောင့်ရှောက်လို့ ထွက်လေ ဝင်လေဆိုတဲ့ ဝါယောဓာတ်ရဲ့ ဖြစ်စဉ်ကို လက္ခဏာယဉ်တင်ပြီးတော့ သုံးသပ်ပြီးတော့ ငြိမ်းအေးမှု ရပြီးတော့ သွားပြီဆိုရင် အခြားပုဂ္ဂိုလ်တစ်ယောက်က ဒါကိုသိတဲ့ အခါကျတော့ ဒီပုဂ္ဂိုလ်ဟာ ဘုရားသာသနာတော်မှာ အင်မတန်မွန်မြတ်တဲ့ ပုဂ္ဂိုလ်ပဲလို့ ဝမ်းပန်းတသာရှိလိမ့်မည်။

ဝမ်းပန်းတသာရှိတာနဲ့ အကယ်၍များ ကွယ်လွန်ပြီးတော့ သွားမယ်ဆိုရင် နတ်ဘုံ နတ်နန်း နတ်စခန်း ရောက်နိုင်တယ်။ ဒါကြောင့် မိမိတရားအားထုတ်တာနဲ့ မိမိက သတိပဋ္ဌာန်အလုပ် လုပ်တာနဲ့ သူတစ်ပါးကို စောင့်ရှောက်ပြီးသား ဖြစ်ပါတယ်။ အိမ်သူအိမ်သားတွေ မိဘဆွေမျိုးတွေ စောင့်ရှောက်ပြီးသား ဖြစ်တယ်။

## ဘေးပွဲရယ်ကြုံ အေးသဲတုန် ကိုယ်စိကုတ်ပါလို့

အဲဒီတော့ မြတ်စွာဘုရားက ကာယဂတာသတိ ကမ္မဋ္ဌာန်း အပါအဝင်ဖြစ်တဲ့ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ ကာယဂတာသတိ ကမ္မဋ္ဌာန်းကိုဘယ်လို ဥပမာပေးသလဲဆိုတော့-

သုမ္ဘတိုင်း သေဒကနိဂုံးမှာပဲ မြတ်စွာဘုရားက ခြောက်ပြစ်ကင်းသဲလဲစင်တဲ့ အပြစ် (၆)မျိုးကလဲ ကင်းစင်တယ်၊ ဂုဏ် (၅)မျိုးနဲ့ ကောင်းခြင်း

http://www.dhammadownload.com



ငါးဖြာနဲ့လဲ ပြည့်စုံတဲ့ အမျိုးသမီးငယ်တစ်ယောက်၊

အဲဒီ အမျိုးသမီးတစ်ယောက်ကလဲ တစ်ဖက်မှာရပ်ပြီးတော့ နေတယ်။ တစ်ဖက်မှာလဲပဲ ကပွဲ ခုံပွဲ ကြည့်ရှုပွဲတွေ ကျင်းပပြီးနေတယ်။

အဲဒီတော့ လူတစ်ယောက်က ဆီအပြည့်ထည့်ထားတဲ့ ဆီခွက် ဆီအိုးကို ယူပြီးတော့ အဲဒီ အမျိုးသမီးနဲ့ ပွဲသဘင်ကြား အလယ်လမ်းကလေး ကနေပြီးတော့ လျှောက်သွားတယ်။

နောက်လူတစ်ယောက်က လိုက်တယ်၊ သံလျက်နဲ့ လိုက်ပြီးတော့ မိုးထားတယ်။ ရိုးရိုးလိုက်တာ မဟုတ်ဘူး။ ဆီပြည့်အိုးခွက်ကို ကိုင်သွားတဲ့ လူကို ဘယ့်နှယ်ပြောသလဲဆိုတော့-

"မင်းဆီပြည့်ခွက် ဆီပြည့်အိုးက ဆီစက်ကလေး ကျတဲ့နေရာမှာ မင်းဦးခေါင်း ပိုင်းပိုင်းပြတ်ပြီသာ မှတ်ပေတော့"လို့ နောက်က ဓားမိုးပြီး လိုက်နေတယ်။

လိုက်သွားတော့ မြတ်စွာဘုရားက ဒီနေရာမှာ မေးတယ်။ "အာနန္ဒာ-စဉ်းစားကြည့်စမ်း၊ တစ်ဖက်ကလဲ အမျိုးသမီးငယ် ချောချောလှလှလေး ရပ်တည်နေတယ်၊ တစ်ဖက်ကလဲ ပွဲသဘင်တွေ ရှိတယ်။ အဲဒီ ကြားလမ်း လေးက သွားတဲ့လူဟာ ဆီစက်ကျတဲ့ နေရာမှာ သူ့ဦးခေါင်း အခွဲခံရတော့ မယ့်အရေးရှိနေတော့ အဲဒီ ဆီအိုးကို နှလုံးမသွင်းပဲ မေ့မေ့လျော့လျော့ သွားပါ့မလား"။

အဲဒီတော့ အရှင်အာနန္ဒာမထေရ်မြတ်က **"နောဟေတံ ဘန္တေ"**-ဆီအိုးကို အာရုံမစိုက်ပဲ သူမသွားဝံ့ပါဘူး ဘုရား၊

ဟိုဘက်က အမျိုးသမီးကို သွားပြီး အာရုံပြုလို့လဲ မဖြစ်၊ ဒီဘက်က ပွဲသဘင်ကို မျက်စိကစားလို့လဲ မဖြစ်ပါဘူး။ ဆီပြည့်အိုးလေးကိုပဲ ကြည့်ပြီး တော့ သွားရမှာပါ ဘုရား။ ဆီပြည့်အိုးကို မေ့ပြီး ဆီစက်ကျလို့ အကျခံလို့ကို မဖြစ်ပါဘူး ဘုရား။

အဲဒီတော့ ဆီပြည့်ခွက်ဆိုတဲ့ အမည်ဟာ မြတ်စွာဘုရားက ကာယ ဂတာသတိရဲ့ အမည်ပဲ။

အဲဒီတော့ ဘေးကအာရုံတွေ ဘေးကဘေးရန်တွေ များပြားနေတော့

http://www.dhammadownload.com



အခါကြီးမှာ ဟိုဘက်ကြည့်လိုက်ပြန်တော့လဲ အိုဘေးဆိုး, နာဘေးဆိုး, သေဘေးဆိုး၊ ဒီဘက်ကြည့်လိုက်ပြန်တော့လဲ အိုဘေးဆိုး, နာဘေးဆိုး, သေဘေးဆိုး ရှိနေတော့ မိမိတို့ အားထုတ်ကြိုးစားနေတဲ့ ထွက်လေ ဝင်လေ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို နှလုံးမသွင်းပဲနဲ့ မဖြစ်ဘူးတဲ့။ ဒါကြောင့်-

**"ဘေးပွဲရယ်ကြုံ အေးသဲတုန် ကိုယ်စီကုတ်ပါလို့ အားထုတ်သင့်သား၊ သို့ပါကို ဘယ်တော့ဘာလိုလို့နဲ့ ဘာဝနာသီခေါင်လွှတ်တယ် အားထုတ်သင့်သား"**

လို့ သတိပေးကြတယ်။

အဲဒီလို ဥပမာပေးပြီးတော့ ဆုံးမတော်တယ်။ နောက်ပြီးတော့ မထေရ်မြတ်ကြီးနှစ်ပါးရဲ့ ဆွေးနွေးပွဲ။

## သာသနာရေး ဆွေးနွေးပွဲ

အရှင်အာနန္ဒာရယ်၊ အရှင်ဘဒ္ဒရယ် မထေရ်မြတ်ကြီး (၂)ပါး ဘယ်မှာ သီတင်းသုံးကြသလဲ။ ပါဠိလိပုတ်မှာ ကုက္ကုဋာရုံကျောင်းတိုက်မှာ သီတင်းသုံးကြတယ်။

အဲဒီလို ကုက္ကုဋာရုံကျောင်းတိုက်မှာ သီတင်းသုံးတော့ အရှင်ဘဒ္ဒက ဘာမေးသလဲဆိုတော့ "အရှင်ဘုရား ဘုရားပရိနိဗ္ဗာန်စံတဲ့အခါမှာ ဘယ်လို အကြောင်းကြောင့် သူတော်ကောင်းတရား၊ တစ်နည်းအားဖြင့်၊ သာသနာတော် တည်တံ့ပါသလဲ ဘုရား။

ဘုရားပရိနိဗ္ဗာန် စံတဲ့အခါ သူတော်ကောင်းတရား သို့မဟုတ် သာသနာတော် ဘယ်လို ဘယ်အကြောင်းကြောင့် မတည်တံ့နိုင်ပါသလဲ ဘုရား၊ အရှင်ဘဒ္ဒက အရှင်အာနန္ဒာအား မေးလျှောက်တော့-

အရှင်အာနန္ဒာက **"ဧဝံ မေတံ ဘဒ္ဒ၊ ဧဝ မေတံ အာဝုသော"**။ ငါ့ရှင်ဘဒ္ဒ အင်မတန်ကောင်းမွန်တော့တာပဲ။ ဒီမေးခွန်းက ကလျာဏီ ပုစ္ဆာ။ ဒီမေးခွန်းဟာ အင်မတန် ကောင်းမွန်တဲ့မေးခွန်းပဲ ဆိုပြီးတော့ အရှင် အာနန္ဒာက ဘာဖြေသလဲဆိုတော့ **"စတုန္နံ သတိပဋ္ဌာနံ အာဝုသော ဘဒ္ဒ ဘာဝိတတ္တာ ဗဟုလီကတ္တာ သဒ္ဓမ္မော စိရဋ္ဌိတိကော ဟောတိ"**။

သတိပဋ္ဌာန်လေးပါးတို့ကို ပွားများတဲ့အတွက် သာသနာတော်



58(A)

http://www.dhammadownload.com



တည်တံ့နိုင်ပါတယ်။ မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံတဲ့အခါမှာ သတိပဋ္ဌာန် တရားလေးပါးကို ပွားများတဲ့အတွက်ကြောင့် သာသနာတော် အရှည်တည် တံ့နိုင်ပါတယ်။

သတိပဋ္ဌာန်တရားလေးပါးကို မပွားများရင် သာသနာ မတည်တံ့ နိုင်ပါဘူး။

ဟော- မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်မှာပဲ ဒေဝဒတ် တို့လို၊ ကောကာလိကတို့လို ပုဂ္ဂိုလ်မျိုးကျတော့ သတိပဋ္ဌာန်လက်သုံး မပြု ကြဘူး။

အဲဒီလို လက်သုံးမပြုကြတော့ ပုဂ္ဂိုလ်အနေနဲ့ သူတော်ကောင်း တရား ကွယ်နေပါပြီ။ **"ပုဂ္ဂလ သဒ္ဓမ္မ အန္တရာဓာန"**- ဒါကြောင့်မို့ ဘုရား ပွင့်စဉ် အခါမှာလဲပဲ သာသနာတော်ကြီး ကွယ်နေတယ်။ တည်တံ့တယ်လို့ ပြောနိုင်တယ်။ သာသနာတော် တည်တံ့တယ် ဆိုပေမယ့် တစ်ချို့ တစ်ချို့ ပုဂ္ဂိုလ်တို့မှာတော့ ကွယ်နေလျက်ပါပဲ။

ယခုဆို သာသနာနှစ် ၂၅၄၃-ခုကျော်ပြီးတော့ ၂၅၄၄-နှစ်ထဲ ရောက်လာပြီ။ ဒီအချိန်အခါမျိုးမှာ တစ်ချို့ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ သာသနာကွယ်နေပါတယ်။ သာသနာကွယ်တဲ့ ဌာနတွေ အင်မတန်များပါတယ်။

ပါဋလိပုတ်မြို့ ကုက္ကဋာရုံကျောင်းတိုက်မှာ အရှင်ဘဒ္ဒနဲ့ အရှင် အာနန္ဒာတို့ သီတင်းသုံးပြီးနေတယ်။ အရှင်ဘဒ္ဒက အရှင်အာနန္ဒာ ကို "အရှင်ဘုရား ဘယ်သို့သော အကြောင်းကြောင့် သူတော်ကောင်းတရား ခေါ်တဲ့ သာသနာတော် ဆုတ်ယုတ်ပါသလဲ။ ဘယ်အကြောင်းကြောင့် သာသနာတော် မဆုတ်ယုတ်ပါသလဲ။ သာသနာတော် ဆုတ်ယုတ်ခြင်း အကြောင်း၊ မဆုတ်ယုတ်ခြင်းအကြောင်းကို မေးတဲ့အခါ အရှင်အာနန္ဒာက **"ဧဝ မေတံ အာဝုသော ဘဒ္ဒ"**- ငါ့ရှင်ဘဒ္ဒ အင်မတန်ကောင်းမွန်တာပဲ။

ငါ့ရှင်ရဲ့ ဉာဏ်ထဲမှာ ဒီမေးခွန်းမျိုး ဖြစ်ပေါ်ပြီးတော့နေတာ အင်မတန်ကောင်းတယ်။ ကလျာဏီပုစ္ဆာပါပဲ။

ဒီလို မိန့်ကြားပြီးတော့ သတိပဋ္ဌာန်တရားကို ပွားများတဲ့အတွက် သာသနာတော် မဆုတ်ယုတ်နိုင်ဘူး။ မပွားများတဲ့အတွက် သာသနာတော်

http://www.dhammadownload.com



ဆုတ်ယုတ်နိုင်တယ်။ ဒီလို ဖြေကြားပါတယ်။

အဲဒီတော့ မိမိတို့ သန္တာန်မှာ သတိပဋ္ဌာန်လေးပါးကို ပွားများနေရတဲ့အတွက်ကြောင့်မို့ သူတော်ကောင်းတရား သာသနာတည်ပြီ၊ တည်နေပြီ။ သာသနာပြုနေရပြီ။

သတိပဋ္ဌာန်လေးပါးဆိုတဲ့ နေရာမှာ ထွက်လေ ဝင်လေဆိုတဲ့ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပွားများလိုက်တဲ့ အခါ-

**အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။**

ထွက်လေ ဝင်လေကို ရှုမှတ်ခြင်းဆိုတဲ့ သတိကို ကြိမ်ဖန်များစွာ ပွားများမယ် သုံးစွဲမယ်ဆိုရင် သတိပဋ္ဌာန်လေးပါးလုံး ပြည့်စုံတယ်လို့ ဘုရားရှေ့နှုတ်တော်ထွက် စကားရှိတဲ့အတွက် ထွက်လေ ဝင်လေကို ရှုမှတ်ပွားများပြီးတော့ နေတယ်ဆိုစေကာမူ တစ်ပါးထဲမဟုတ်ပါဘူး။ ကာယာနုပဿနာ တစ်ခုထဲ ဖြစ်တာမဟုတ်ပါဘူးတဲ့ သတိပဋ္ဌာန်လေးပါးလုံး ပြီးပြည့်စုံပါတယ်။

အဲဒါကြောင့်မို့ သတိပဋ္ဌာန်လေးပါးလုံး ပြီးပြည့်စုံအောင် ပွားများနေရတဲ့ အတွက်ကြောင့်မို့ သာသနာအရှည် တည်တံ့ရေး လုပ်နေတာမို့ မိမိသန္တာန်မှာ သာသနာတည်ပြီ၊ မိမိသန္တာန်မှာ သာသနာမဆုတ်ယုတ်၊ မိမိသန္တာန်မှာ သူတော်ကောင်းတရား တည်နေတာပဲလို့ မှတ်ကြ။

## အရှင်အနုရုဒ္ဓါထေရ်

မထေရ်မြတ်ကြီးတွေရဲ့ ဆွေးနွေးတဲ့ တရားစကားထောက်ထားပြီးတော့ သိရှိပြီးတော့ ဝမ်းသာကြရတယ်။ နောက်တစ်ခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်နဲ့ အရှင်အနုရုဒ္ဓါမထေရ်မြတ်များအကြောင်း ဆက်ကြရအောင်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက အဂ္ဂသာဝက ဓမ္မသေနာပတိ တရားစစ်သူကြီး ဖြစ်တော်မူတယ်။

အရှင်အနုရုဒ္ဓါမထေရ်မြတ်ကြီးက ဒိဗ္ဗစက္ခုအဘိညာဉ် ရတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့ စျာန်ဝင်စား၊ စျာန်ဝင်စားပြီးတော့ လိုက်

http://www.dhammadownload.com



သွားလိုက်တာ။ ဘုရားပရိနိဗ္ဗာန် စံခါနီး ဘယ်အချိန် ပထမဈာန်ရောက်ပြီ၊ ဘယ်အချိန် ဒုတိယဈာန်ရောက် ဘုရားဝင်စားသလောက် ဈာန်ဝင်စားလိုက်သွားတာ အရှင်အနုရုဒ္ဓါမထေရ်မြတ်ကြီးပေါ့။ ဘုရားစတုတ္ထဈာန် ရောက်သွားပြီ။ စတုတ္ထဈာန်က ထပြီးတော့ ပရိနိဗ္ဗာန်စံပြီ ဆိုတော့-

**နာဟု အဿာသပဿာသော ဌိတစိတ္တဿ တာဒိနော၊**

**အနေဇော သန္တိမာရဗ္ဘ၊ ယံကာလ မကရီ မုနိ-**

လို့ ဘုရားပရိနိဗ္ဗာန် စံကာနီးမှာ မြတ်စွာဘုရားရဲ့ အဿာသ ပဿာသ ချုပ်ငြိမ်းသွားပြီ။ ထွက်လေ ဝင်လေ ချုပ်ငြိမ်းသွားပြီ။ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဘုရားရှင်ဟာ နိဗ္ဗာန်အာရုံပြုပြီးတော့ ပရိနိဗ္ဗာန် ဝင်စံသွားပြီလို့။

အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးက မြတ်စွာဘုရား ဝင်စားတဲ့ နောက်ကို ဈာန်ဝင်စားလိုက်သွားပြီးတော့ သိတော်မူတယ်။ ဘယ်သူ ဘယ်သူ ကွယ်လွန်ပြီဆိုရင် သာမန်အရပ်သားတွေက သိပ်မသိကြတော့ ဆရာဝန် တစ်ယောက်ယောက်နဲ့ အဆုံးအဖြတ် ခံယူရတယ်။ ကြည့်ပါအုန်း ကွယ်လွန်သွားပြီလား ကြည့်ပါအုန်း။ ဆရာဝန်က နားကြပ်နဲ့ ဘာနဲ့ စမ်းသပ်ပြီး ကွယ်လွန်သွားပြီလို့ အဲဒီလို ဆုံးဖြတ်ချက်ချတော့မှ ဒါသေတာ အမှန်ပဲလို့ ဘုန်းကြီးတို့ အရပ်ကလူတွေက သိကြတယ်။

ဘုရားပရိနိဗ္ဗာန် စံဝင်တဲ့ ပွဲမှာတော့ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီး ဒိဗ္ဗစက္ခုအဘိညာဉ်ရတဲ့ မထေရ်မြတ်ကြီး။

ဒိဗ္ဗစက္ခုအဘိညာဉ်ဆိုတာ အားတော် (၁၀)တန်, ဉာဏ်တော် (၁၀)ပါးထဲမှာ ဉာဏ်တော် (၁၀)ပါး အပါအဝင် ကိုးခုမြောက်ဖြစ်တဲ့ ဉာဏ်တော်။ ဒိဗ္ဗစက္ခုဉာဏ်အရာမှာ အထွဋ်အထိပ် ပုဂ္ဂိုလ်ကြီးဆိုတော့-

**စုတောဝဇ္ဇေ ဥပပဇ္ဇေ၊ ယထာကမ္မ မုပါဂတေ၊**

**ပဿန္တော ဉာဏစက္ခုနာ၊ သီဟနာဒံ နဒီ ဇိနော။**

ဇိနော- အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာအောင်မြင် ဘုရားရှင်သည်။ စဝန္တေ- တစ်ဘဝကံရှိန် ကုန်သည့်ချိန်ဝယ် ဇီဝိန်ပြတ်ကြွေ စုတေခါနီး သတ္တဝါတို့ကိုလည်းကောင်း (တစ်ဘဝကံရှိန် ကုန်တဲ့အခါမှာ ကွယ်လွန်ခါနီး သတ္တဝါတွေကိုလည်း မြင်တော်မူတယ်)။ ဥပပဇ္ဇန္တေ- ဘဝ

http://www.dhammadownload.com



အသစ် ကံအသစ်ကြောင့် အသစ်သန္ဓေ တည်နေကြမည့် သတ္တဝါတို့ကိုလည်း ကောင်း (အသစ်ပဋိသန္ဓေနေတဲ့ သတ္တဝါတွေကိုလည်း မြင်တယ်)။ ယထာကမ္မံ- မိမိစီမံ မိမိဌာန်၌ အမှန်ရောက်လာ မိမိကံအားလျော်စွာ။ ဥပါဂတေ- ထိုထိုရပ်ရွာ ကပ်ကမ္ဘာသို့ ရောက်ကြကုန်သော ပုဂ္ဂိုလ်သတ္တဝါတို့ကို (မိမိရဲ့ ကံအားလျော်စွာ) ဒီပုဂ္ဂိုလ်တွေက ကောင်းသောသုဂတိ ရောက်ကြပြီ၊ ဒီပုဂ္ဂိုလ်တွေက ဒုဂ္ဂတိ ရောက်ကြတယ်။ ဒီပုဂ္ဂိုလ်တွေ ကောင်းသောအဆင်း **"သုဝဏ္ဏ"**ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်လိမ့်မယ်။ ဒီပုဂ္ဂိုလ်တွေက **"ဒုဗ္ဗဏ္ဏ"** မကောင်းသောအဆင်းရှိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လိမ့်မယ်။ ဒီပုဂ္ဂိုလ်တွေဟာ ဘယ်ဘဝက ဘယ်ကုသိုလ်ကံနဲ့ လာတယ်။ ဒီပုဂ္ဂိုလ်တွေက ဘယ်ကုသိုလ်ကံနဲ့ လာတယ်။ ဘယ်ပုဂ္ဂိုလ်တွေက ဘယ်အကုသိုလ်ကံနဲ့ လာတယ်လို့ အဲလို သိရှိနိုင်တဲ့။ ဉာဏဗလေန- ဒိဗ္ဗစက္ခု အရင်းပြု၍ မြင်မှုထိန်လျှမ်း ဉာဏ်တော်စွမ်းဖြင့်။ ပဿန္တော- မျက်နှာတော်အောက် အားလုံးရောက်သို့ ကောင်းစွာထင်ထင် မြင်တော်မူသည်ဖြစ်၍ (ဒိဗ္ဗစက္ခုဉာဏ်ဆိုတာ နတ်မျက်စိလိုပဲတဲ့၊ တစ်ဘဝစုတေခါနီး သတ္တဝါတွေမြင်တယ်၊ ဘဝအသစ် ကံအသစ်ကြောင့် ပဋိသန္ဓေနေကြမယ့် သတ္တဝါတွေကိုလည်း မြင်တယ်။ ထိုထိုရပ်ရွာ ကပ်ကမ္ဘာမှာ ကပ်ရောက်ဖြစ်ပွားမယ့် သတ္တဝါတွေကိုလည်း မြင်တော်မူတယ်။ အဲဒါ ဒိဗ္ဗစက္ခုဉာဏ်ရဲ့ စွမ်းအင်ပဲ)။

အဲဒါကြောင့် ပဿန္တော- မျက်နှာတော်အောက် အားလုံးရောက်သို့ ကောင်းစွာထင်ထင် တွေ့မြင်တော်မူပါသည်ဖြစ်၍။ သီဟနာဒံ- မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ည် ဘုရားအသံဒတော်ကို။ နဒီ- ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူပါပေသတည်း။

မြတ်စွာဘုရားရဲ့ အားတော် (၁၀)တန်၊ ဉာဏ်တော် (၁၀)ပါးထဲက ကိုးခုမြောက် ဉာဏ်တော်၊ ဒိဗ္ဗစက္ခုဉာဏ်တော်။

အဲဒီ ဒိဗ္ဗစက္ခုဉာဏ်အရာမှာ ဘုရားကို ချန်ထားလို တပည့်သာဝကတွေထဲမှာ ဧတဒဂ်ရတာက အရှင်အနုရုဒ္ဓါမထေရ်မြတ်ကြီး။

**ဧတဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ ဒိဗ္ဗစက္ခုကာနံ၊ ယဒိဒံ အနုရုဒ္ဓေါ။**

http://www.dhammadownload.com



ဟော- အနုရုဒ္ဓါမထေရ်မြတ်ကြီးက ဒိဗ္ဗစက္ခုအရာမှာ ဧတဒဂ်ရ။ အဲဒီတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက အရှင်အနုရုဒ္ဓါမထေရ် မြတ်ကြီးကို မေးတယ်။ ဘာမေးသလဲ ဆိုတော့-

ဘယ်တရားတွေ ပွားများတဲ့အတွက်ကြောင့်မို့ ထူးခြားတဲ့ ပုဂ္ဂိုလ် အဖြစ် ရောက်နိုင်ပါသလဲလို့ မေးလိုက်တယ်။

မေးလိုက်တော့ အရှင်အနုရုဒ္ဓါမထေရ်မြတ်ကြီးက-

**"စတုန္နံ သတိပဋ္ဌာနံ ဘာဝိတတ္တာ ဗဟုလီက တတ္တာ မဟာဘိညတံ တ္တော"**- အရှင်ဘုရား သာရိပုတ္တရာ သတိပဋ္ဌာန်လေးပါးတို့ကို ပွားများ တဲ့အတွက်ကြောင့် တစ်ကြိမ်မဟုတ်ဘူး။ အကြိမ်များစွာ အားထုတ်တဲ့ အတွက် ထူးခြားတဲ့ ဉာဏ်အမြင်ရတဲ့ ပုဂ္ဂိုလ်အဖြစ်သို့ ရောက်နိုင်ပါတယ်။

ဒါတင်မကသေးဘူး အပိုလေး ဖြေလိုက်သေးတယ်။ သတိပဋ္ဌာန် လေးပါးတို့ကို ပွားများတဲ့အတွက် သတိပဋ္ဌာန်လေးပါးတို့ကို အကြိမ်များစွာ ပွားများတဲ့အတွက် တစ်ထောင်သော လောကကြီးကို မြင်နိုင် ထင်နိုင်တယ် လို့ အရှင်အနုရုဒ္ဓါမထေရ်မြတ်ကြီးရဲ့ အဖြေစကားအတိုင်း မိမိတို့ ယခု ပွားများအားထုတ်နေကြတဲ့ ထွက်လေ ဝင်လေ ရှုမှတ်ခြင်းဆိုတဲ့ အာနာပါန ဿတိ, ကာယဂတာသတိ ကမ္မဋ္ဌာန်း။

ထိုကာယာနုပဿနာကို ပွားများရင်း ပါဝင်ပြီးတော့လာတဲ့ ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်း, စိတ္တာနုပဿနာ ကမ္မဋ္ဌာန်း, ဓမ္မာနုပဿနာ ကမ္မဋ္ဌာန်းဆိုတဲ့ ဒီပွားများအားထုတ်ဆဲဖြစ်တဲ့ ပုဂ္ဂိုလ်အဖြစ် ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ပါတယ်။

တစ်ထောင်သော လောကကြီးကို မြင်နိုင် ထင်နိုင်တဲ့ ဉာဏ်အလင်း ဓာတ်ကြီးကို ရစေနိုင်တယ်။ ဆောင်ရွက်ပေးနိုင်ပါတယ်။ ဒါကြောင့်-

ထူးခြားသော ဉာဏ်အမြင်ကို ရရှိခြင်းအကြောင်း ကောင်းမြတ်တဲ့ ဗုဒ္ဓဘုရားရဲ့ သတိပဋ္ဌာန်လမ်းစဉ်၊ ဒီလမ်းစဉ်ကြီးကို ကြိုးစားအားထုတ်ကြပါ လို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု သာဓု သာဓု

ဒုတိယနေ့ဟောစဉ်ပြီး၏

မိခင်ငရာဝတီ

http://www.dhammadownload.com



## တတိယနေ့ဟောစဉ်

၁၃၆၂-ခု၊ နယုန်လဆန်း (၃)ရက်နေ့။

ယောဂီများ တရားအားထုတ်ပြီး လာခဲ့တာ သုံးရက်မြောက်တဲ့နေ့။

သုံးလောကထွဋ်ထား မြတ်ဘုရား ဝဇ္ဇီတိုင်း ဥက္ကာစေလမြို့မှာ ရဟန်းတော်များစွာနဲ့ သီတင်းသုံးပြီးတော့ နေတယ်။

အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန်စံလို့ မကြာမြင့်မီ အချိန်လေးမှာပဲ ဥက္ကာစေလမြို့မှာ ရဟန်းတော်များစွာနဲ့ သီတင်းသုံးတော်မူနေတော့ တစ်နေ့မှာ ရဟန်းတော်များ ခြံရံပြီးတော့ ဟင်းလင်းပြင်လွင့်တီးခေါင်အရပ်မှာ သီတင်းသုံးပြီးတော့ နေတယ်။

### ပရိသတ်ဆိတ်သုဉ်းသလို ထင်ရ

အဲဒီအချိန်အခါမှာ မြတ်စွာဘုရားက ဆိတ်ဆိတ်ငြိမ်ငြိမ် အေးအေးဆေးဆေး နေကြတဲ့ ရဟန်းပရိသတ်ကို စောင့်ကြည့်တော်မူပြီးတော့ ဘာမိန့်သလဲဆိုတော့-

**အပိမျာယံ ဘိက္ခဝေ ပရိသာ သုညာ ဝိယခါယတိ၊**

**သာရိပုတ္တ မောဂ္ဂလာနေသု ပရိနိဗ္ဗုတေသု။**

ရဟန်းတို့ ငါဘုရားရဲ့ ပရိသတ်ဟာ အဂ္ဂသာဝကများဖြစ်တဲ့ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန်စံသွားတော့ ငါဘုရားရဲ့ ပရိသတ်ဟာ ဆိတ်သုဉ်းသလိုလို ထင်ရတယ်။

မှန်တယ်။ အရှင်သာရိပုတ္တရာတို့ အရှင်မောဂ္ဂလာန်တို့ နေထိုင်တဲ့ အရပ်ဟာ ဘုရားမှ ဆိတ်သုဉ်းတယ်လို့လဲ မပြောနိုင်ဘူး။ အခါခပ်သိမ်း ဆိတ်သုဉ်းတယ်လို့ မပြောနိုင်ဘူးတဲ့။

လွန်လေပြီးတဲ့ အတိတ်ကာလမှာ ပွင့်တော်မူကြတဲ့ ဘုရားရှင်တို့ လက်ထက်မှာလဲပဲ ယခုလိုပဲ အဂ္ဂသာဝကအစုံ ရှိခဲ့ဖူးကြတယ်။ နောင်အနာဂါတ်မှာ ပွင့်တော်မူလတ္တံ့ဖြစ်တဲ့ ဘုရားရှင်အဆူဆူတို့ရဲ့ သာသနာမှာလဲပဲ ဘုရားရှင်အဆူဆူတို့မှာလဲ ယခုလို အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့လို အဂ္ဂသာဝကအစုံ ရှိသလို ရှိကြလိမ့်မယ်။

http://www.dhammadownload.com



**အံ့ဩဖွယ်**

အဲဒီလို မိန့်တော်မူပြီးတော့ မြတ်စွာဘုရားဟာ သာဝကတို့ရဲ့ အံ့ဩဖွယ်၊ မြတ်စွာဘုရားရဲ့ အံ့ဩဖွယ်ကို ဟောပြတယ်။

**အစ္ဆရိယံ ဘိက္ခဝေ သာဝကာနံ၊ အဗ္ဘုတံ ဘိက္ခဝေ သာဝကာနံ။**

ရဟန်းတို့ တပည့်သာဝကတို့ရဲ့ ဖြစ်ပုံကလဲ အံ့ဩဖွယ်ပါပဲ။ အထူးအသစ်ပါပဲ။ ဘာကြောင့်လဲဆိုတော့-

**သတ္ထုမ သာသနကရာ ဘဝိဿန္တိ ဩဝါဒ ပဋိဂါဟကာ။**

အဂ္ဂသာဝက (၂)ပါးတို့ဟာ ငါဘုရားရဲ့ အဆုံးအမကိုလည်း လိုက်နာကြတယ်။ ရှေးဦးစွာ ဆုံးမတဲ့စကားလည်း လိုက်နာတယ်။ အဖန်ဖန် ဆုံးမတဲ့စကားလည်း လိုက်နာတယ်။ အပြစ်မရှိခင် ကြိုတင်စဉ်းစားပြီးတော့ ဆိုဆုံးမတဲ့စကားကိုလည်း လိုက်နာတယ်။ အပြစ်ဖြစ်ပေါ်လာက ဆိုဆုံးမတဲ့စကားကိုလည်း လိုက်နာတယ်။ အဲဒါ အဂ္ဂသာဝကကြီး (၂)ပါးတို့ရဲ့ အံ့ဩဘနန်း ထူးဆန်းတဲ့အချက်ပဲ။ အထူးအသစ်ပါပဲ။ နောက်ဆက်ပြီးတော့-

**စတုန္နဥ္စ ပရိသာနံ၊ ပိယာဘဝိဿန္တိ မနာပါ၊ ဂရုဘာဝနီယာစ။**

ပရိသတ်လေးပါးတို့ရဲ့ ချစ်ခင်မြတ်နိုး အလေးအမြတ် ပြုခံကြရတယ်။ အဲဒီလို ဖြစ်ခြင်းဟာလဲပဲ အဂ္ဂသာဝကတို့ရဲ့ အံ့ဩဘနန်း ထူးဆန်းတဲ့အချက်ပဲ။

အဂ္ဂသာဝကကြီး (၂)ပါး ဘုရားစကားကို လိုက်နာတယ်။ ဘုရားစကားကို လက်ခံကျင့်သုံးတယ်။ ပရိသတ်လေးပါးကလဲ အဂ္ဂသာဝကကြီး (၂)ပါးတို့ကို မြတ်မြတ်နိုးနိုး လေးလေးစားစား ရှိတယ်။ အဲဒီလို ဖြစ်ခြင်းဟာ သာဝကကြီး (၂)ပါးတို့ရဲ့ အံ့ဩဘနန်း ထူးဆန်းတဲ့အချက်ပါပဲ။

မြတ်စွာဘုရားရဲ့ အံ့ဩဖွယ်ကျတော့ ဘယ်လိုလဲဆိုတော့-

ဟိုလွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းထဲက အဂ္ဂသာဝကဆုကြီးတွေ ပန်ပြီးတော့ လာလိုက်ကြတာ။ ကမ္ဘာပေါင်းတစ်သိန်း၊ ကမ္ဘာတစ်သိန်း အထက်ကထဲက ဂေါတမမြတ်စွာဘုရားရဲ့ အဂ္ဂသာဝကဖြစ်ပါရစေ ဆုပန်ပြီး လာကြပြီးတော့ ကမ္ဘာတစ်သိန်း ကာလပတ်လုံးလဲ ဘဝပေါင်းများစွာမှာ ဆုံစည်းကြလို့ တစ်ခါတရံ ဆရာတပည့် ဖြစ်ကြတယ်။ တစ်ခါတရံ မိတ်ဆွေအပေါင်း

http://www.dhammadownload.com



အသင်း ဖြစ်ကြတယ်။

တစ်ခါတရံ လုပ်ဖော်ကိုင်ဖက် ဖြစ်ကြတယ်။ အဲဒီလိုနဲ့ လာလိုက်တာ ဘဝတိုင်း ဘဝတိုင်းလဲပဲ ကမ္ဘာတစ်သိန်းတိုင်တိုင် ဆုံစည်းပြီးတော့ လာကြတဲ့ အဂ္ဂသာဝကကြီး (၂)ပါး။ ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့ အခါကျတော့လဲ ဒီအဂ္ဂသာဝက (၂)ပါးကြောင့်လဲ ဘုရားကိစ္စ ဆောင်ရွက်နိုင်တာကိုး။

အဲဒီတော့ မြတ်စွာဘုရားက အဲဒီလောက် ကမ္ဘာတစ်သိန်း လက်ထက်ကထဲက ဘဝများစွာ သံသရာမှာ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် တွေ့ကြုံဆုံစည်း အမျိုးမျိုးကျေးဇူးတွေ ပြုခဲ့ကြ၊ ကျေးဇူးစား ကျေးဇူးခံတွေလဲ ရှိခဲ့ကြ၊ ပါရမီတရားတွေလဲ ဖြည့်ခဲ့ကြတယ်။

ယခုလို ပါရမီရင့်သန်ပြီးတော့ အဂ္ဂသာဝကကြီးတွေ ဖြစ်လာပြန်တော့လဲပဲ အင်မတန် အားကိုးရတဲ့ တပည့်ကြီးတွေ။ အဲဒီ အဂ္ဂသာဝကကြီး (၂)ပါး မကြာသေးခင်က ပရိနိဗ္ဗာန် ဝင်စံသွားသော်လဲ ငါဘုရားမှာ-

**နတ္ထိ မေ တထာဂတဿ သောကောဝါ ပရိဒေဝေါဝါ။**

ရဟန်းတို့ အဲဒီ အဂ္ဂသာဝကကြီး (၂)ပါး ပရိနိဗ္ဗာန် စံဝင်သွားသော်လဲ ငါဘုရားမှာ စိုးရိမ်ပူဆွေး စိတ်မအေးတဲ့ သောကမဖြစ်ဘူး။ နှုတ်က ရောင်ရမ်းမြည်တမ်းပြီးတော့ ငိုကြွေးခြင်း မရှိဘူး။

အဲဒါ ငါဘုရားတို့ရဲ့ အံ့သြစရာပဲ။ အံ့သြဖွယ် အချက်ပဲ။ အနှစ်သာရရှိတဲ့ သစ်ပင်ကြီးမှာ ကြီးကျယ်တဲ့ ကိုင်းကြီးတွေ ကျိုးကျသွားသလိုပဲတဲ့။

အနှစ်သာရရှိတဲ့ သံဃပရိသတ်ထဲမှာ အင်မတန်ကြီးမားတဲ့ သစ်ပင်ကြီးရဲ့ ကိုင်းကြီးတွေ ကျိုးကျသွားသလို ကျိုးကျသွားတဲ့ အခါကျတော့-

**နေတံ ဌာနံ ဝိဇ္ဇတိ ယံတံ ဇာတံ ဘူတံ သင်္ခတံ ပလောက ဓမ္မံ တံဝတ မာပလုဇ္ဇီတိ။**

ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးတို့ဖြင့် ပြုပြင်ထားအပ်တဲ့ အဂ္ဂသာဝကကြီးတို့ရဲ့ ခန္ဓာကိုယ်ပျက်စီး ခြင်းသဘောရှိတဲ့ အဂ္ဂသာဝကကြီး (၂)ပါးတို့ရဲ့ ခန္ဓာကိုယ်ကို မပျက်စီးပါစေနဲ့လို့ ဟောဒီလို မွမ်းမံဖို့ အမိန့်ပေးဖို့ မတတ်နိုင်ဘူး။

http://www.dhammadownload.com



ဘုရားသာသနာတော်မှာ ဘုရားမှတစ်ပါး အမြင့်မြတ်ဆုံးဖြစ်တဲ့ အဂ္ဂသာဝကကြီး (၂)ပါး ပရိနိဗ္ဗာန် စံလွန်တဲ့ကိစ္စ သင်္ခတတရားတို့ရဲ့ ထုံးစံ ပျက်တတ်တဲ့ သဘောတရားတို့ရဲ့ ထုံးစံအတိုင်း မတားဆီးနိုင်တဲ့ အတွက် ကြောင့်-

**အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ၊ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဘိက္ခဝေ ဝိဟရထ ဓမ္မသရဏာ အနညသရဏာ။**

ရဟန်းတို့ ကြည့်စမ်း၊ အနှစ်သာရရှိတဲ့ သစ်ပင်ကြီးမှာ ကြီးမားတဲ့ ကိုင်းကြီးတွေ ကြိုးကျသွားသလို အဂ္ဂသာဝက (၂)ပါး ပရိနိဗ္ဗာန်စံသွားတဲ့ အခါမှာ မပျက်စီးပါစေနဲ့လို့ ငါဘုရားလဲ မတတ်နိုင်ဘူး၊ ဘယ်သူမှ မတတ် နိုင်ဘူး။

ဒါကြောင့် မိမိကိုယ်ကို ကိုင်းကျွန်းသဖွယ် မှီခိုရာ အားထားရာ ကိုင်းကျွန်းသဖွယ် ပြုပြီးတော့ နေကြ။ တရားကို ကိုင်းကျွန်းသဖွယ် အားထား ရာပြုပြီးတော့ နေကြ။

ဘယ်လိုများ မိမိကိုယ်ကို ကိုင်းကျွန်းသဖွယ် မှီရာ အားကိုးရာ ပြုပြီးတော့ နေရမလဲဆိုတော့-

**ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ၊ သတိမာ သမ္ပဇာနော အာတာပီဝိနေယ လောကေ အဘိဇ္ဈာ ဒေါမနဿံ။**

ဆိုလိုတာက ဘာလဲဆိုတော့ ဤရုပ်ကာယအပေါင်းမှာ ရုပ်အပေါင်း ကို အဖန်ဖန် အထပ်ထပ်ရှု၊ သတိသမ္ပဇဉ်ရှိရှိနဲ့ လုံ့လဝီရိယ ကြီးကြီးမားမား နဲ့ မက်မောမှု စိတ်မသက်သာမှုတွေ ဥပါဒါနက္ခန္ဓာဆိုတဲ့ လောကမှာ ပယ် ဖျောက်ပြီး နေရမယ်။

ဝေဒနာနဲ့ ပတ်သက်ပြီးတော့လဲ စိတ်နဲ့ပတ်သက်ပြီးတော့လဲ ဝေဒနာသညာမှ တစ်ပါးသော စိတ်တွေ တရားတွေနဲ့ ပတ်သက်ပြီးတော့လဲ ဒီအတိုင်းပဲ မြတ်စွာဘုရားက-

ဝေဒနာတွေကိုလဲ ရှုနေ၊ စိတ်တွေကိုလဲ ရှုနေ၊ တရားတွေကိုလဲ ရှုနေပြီးတော့ အဲဒီလို သတိပဋ္ဌာန် နှလုံးသွင်းပြီးတော့နေရင် ကိုယ့်ကိုယ်ကို

http://www.dhammadownload.com



အားကိုးပြီးတော့ နေရာရောက်တယ်။

ဒါကြောင့် ငါဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်မှာရော ပရိနိဗ္ဗာန် စံသွားတဲ့အခါမှာရော မိမိကိုယ်ကို ကိုင်းကျွန်းသဖွယ် ပြုပြီးနေကြမယ်ဆိုရင် သတိပဋ္ဌာန်တရားသာ အားထုတ်ပြီးတော့ နေကြပါတဲ့။

မြတ်စွာဘုရားက အဂ္ဂသာဝကကြီး (၂)ပါး ပရိနိဗ္ဗာန် စံလွန်တာနဲ့ ပတ်သက်ပြီးတော့ သတိပဋ္ဌာန်တရားကိုပဲ မျှားမျှားအားထုတ်ဖို့ မိန့်ကြားတော်မူပါတယ်။

## အရှင်ဗာဟိယထေရ်

ဒီနောက်ကျတော့ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးပြီးနေတော့ **အရှင်ဗာဟိယမထေရ်မြတ်** ဘုရားထံမှောက်ရောက် ရှိသေစွာရှိခိုး တစ်နေရာမှာ ထိုင်ပြီးတော့ တရားတောင်းတယ်။ ဘယ်နှယ့်တောင်းသလဲဆိုတော့-

> **ဒေသေတု မေဘန္တေ ဘဂဝါ ဓမ္မံ၊ ယမဟံ ဘဂဝါ ဓမ္မံ သုတွာ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျံ။**

အရှင်ဘုရား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားရဲ့ တရားကို နာကြားပြီးတော့ တပည့်တော်တစ်ပါးထဲ အာရုံအများက ဆိတ်ငြိမ်ရာနေရာ ကပ်ရောက်ပြီးတော့ မမေ့မလျော့ ကိုယ်နဲ့အသက်မငဲ့ကွက်ပဲ ရက်စက်မိဋ္ဌာန် စိတ်အကြံနဲ့ နိဗ္ဗာန်ကို စေလွှတ်ပြီးတော့ နေနိုင်လောက်တဲ့ တရားမျိုးကို ဟောကြားတော်မူပါဘုရားလို့ အရှင်ဗာဟိယတရားတောင်းတယ်။

တရားတောင်းတဲ့အခါ မြတ်စွာဘုရားက ကုသိုလ်တရားတို့အထဲမှာ အစဆုံးဖြစ်တဲ့ သီလကို ပထမဆုံး သုတ်သင်ပါ၊ (အခုယောဂီများ မိမိယူပြီးထားတဲ့ (၈)ပါးသီလ၊ ဒါစင်ကြယ်လုံခြုံပြီးတာမျိုးပေါ့)။

http://www.dhammadownload.com



**ကောင်းတာမှန်သမျှတို့၏မိခင်**

**အာဒိသီလံ ပတိဋ္ဌာစ၊ ကလျာဏာနဉ္စ မာတုကံ။**

**ပမုခံ သဗ္ဗဓမ္မာနံ၊ တသ္မာသီလံ ဝိသောဓယေ။**

သီလံ- အမျိုးမျိုးသော သီလသည် (အိမ်ရာတည်ထောင် လူဘောင်၌နေကြသော လူတို့ရဲ့ သီလ၊ ဥပုသ်သီတင်း စောင့်သုံးကြသော သူတို့ရဲ့ သီလ၊ ရဟန်းသာမဏေများတို့ရဲ့ သီလ၊ သီလဟူသမျှသည်) အာဒိ- သာသနာတော်ရဲ့ ကျင့်စဉ်တို့တွင် အစဆုံးကျင့်စဉ် ဖြစ်ပါပေ၏။

ပတိဋ္ဌာစ- တည်ရာ မှီရာလဲ ဖြစ်ပါပေ၏။ ကလျာဏာန- ကုသိုလ်ကောင်းမှု ဟူသမျှတို့၏။ မာတုကဉ္စ- အမိသဖွယ်လည်း ဖြစ်ပါပေ၏။ (သီလဟာ ကုသိုလ်ကောင်းမှုတို့၏ အမိသဖွယ်လဲ ဖြစ်ပါပေ၏)။

သဗ္ဗဓမ္မာနံ- အလုံးစုံသော တရားတို့၏။ ပမုခံ- ဦးစီးခေါင်းဆောင် အကြီးအချုပ်လဲ ဖြစ်ပါပေ၏။ (အလုံးစုံသော တရားတို့ရဲ့ အကြီးအချုပ်လဲ ဖြစ်ပါပေတယ်)

တသ္မာ- ထို့ကြောင့်။ သီလံ- သီလကို။ ဝိသောဓယေ- ရှေးဦးစွာ သုတ်သင်ရာသတည်း။ (သီလလဲ သုတ်သင်ကြ)

ဒိဋ္ဌိစဉဇုကာ- အယူကလဲ ဖြောင့်မတ်ရမယ်။ ကမ္မသကတာဉာဏ် အစရှိသည်ဖြင့်၊ တစ်နည်းအားဖြင့်၊ **"အတ္ထိဒိန္နံ" "အတ္ထိယိဋ္ဌံ"** အစရှိသည်ဖြင့် အယူဖြောင့်မတ်မှု အကြောင်း (၁၀)မျိုးထဲမှာ-

**အတ္ထိလောကေ သမဏ ဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ ယေဣမဉ္စ လောကံ ပရဉ္စလောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။**

လောကကြီးထဲမှာ ဤလောက တမလွန်လောကကို သိပြီးတော့ ကိုယ်တိုင်ဟောပြောနေကြတဲ့ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတွေ ရှိတယ်။ ဟောဒီလို ယုံကြည်ရတယ်။

အဲဒီလို သီလလဲ စင်ကြယ်၊ အယူလဲ ဖြောင့်မှန်ပြီးတော့ သီလေ- သီလ၌။ ပတိဋ္ဌာယ- တည်၍။ စတ္တာရေ သတိပဋ္ဌာနေ-သတိပဋ္ဌာန်လေးပါးတို့ကို။ ဘာဝေယျာသိ- ပွားများပါလော့။

**မိခင်ကျောဝတီ**

http://www.dhammadownload.com



အရှင်ဗာဟိယကို မြတ်စွာဘုရားက ဟောလိုက်တာ သီလမှာတည် သီလကိုအမှီပြု အယူဖြောင့်ဖြောင့်ထား၊ သတိပဋ္ဌာန်လေးပါးကို ပွားများပါလေ။

ဆက်ပြီးတော့ အားပေးစကား ပြောကြားတာက ဘုရားမိန့်တာ ဘာလဲလို့ဆိုတော့-

သီလကိုမှီ သီလမှာရပ်တည်ပြီးတော့ သတိပဋ္ဌာန်လေးပါးတို့ကို နေ့နေ့ညည ပွားပြီးနေမယ်ဆိုရင် နေ့ရှိသရွေ့ ညဥ့်ရှိသရွေ့ **"ဝုဍ္ဎိယေဝ ပါဋိကင်္ခါကုသလေသု ဓမ္မေသု"**- ကုသိုလ်တရားတို့၌ တိုးပွားမှုကိုသာ အလို ရှိတယ်။ **"နောပရိဟာနိ"**- ဆုတ်ယုတ်မှုကို အလိုမရှိအပ်ပါဘူးတဲ့။

နေ့နေ့ညည သီလအပေါ်မှာ တည်ပြီးတော့ သီလကို အမှီပြုပြီး တော့ သတိပဋ္ဌာန်တရား ပွားများမယ်ဆိုရင် နေ့ရောညပါ ကုသိုလ်တွေချည်း တိုးပွားပါလိမ့်မယ်။ မြတ်စွာဘုရားရဲ့ ရွှေနှုတ်တော်ထွက်စကား။

အခု ယောဂီသူတော်စင်များ အခြားအချိန်များနဲ့ မတူဘူး။ မိမိတို့ သီလကိုမှီ သီလမှာတည်ပြီးတော့ သတိပဋ္ဌာန်လေးပါး ပွားများပြီးတော့ နေတဲ့ ညဥ့်အချိန်အခါ နေ့အချိန်အခါတွေ နေ့ရှိသရွေ့ ညဥ့်ရှိသရွေ့ အချိန် ရှိသရွေ့လေ။

**"ဝုဍ္ဎိယေဝ ပါဋိကင်္ခါ ကုသလေသု ဓမ္မေသု"**- ကုသိုလ်တရားတို့မှာ တိုးတက်ကြီးပွားမှုကိုသာ အလိုရှိအပ်တယ်လို့ ဆိုတဲ့အတိုင်း မိမိတို့သန္တာန်မှာ ကုသိုလ်ပြီး ကုသိုလ်၊ ကုသိုလ်ပြီး ကုသိုလ် အဲဒီလို တိုးပွားပြီးနေတယ်။

အဲဒီလို မြတ်စွာဘုရားက တရားပေးလိုက်တဲ့ အခါကျတော့ ပေးတဲ့ တရားကတော့ အကျဉ်းချုပ်ကလေးပါ။

သီလကို အမှီပြု သီလမှာ တည်ပြီးတော့ သတိပဋ္ဌာန်လေးပါး ပွားများလေ။

ညဥ့်ရောနေ့ပါ အဲဒီလိုပဲ နေမယ်ဆိုရင် နေ့နေ့ညည ကုသိုလ်တရား တွေ တိုးပွားနေပါတယ် ဗာဟိယတဲ့။ အရှင်ဗာဟိယက-

> **အထခေါ အာယသ္မာ ဗာဟိယော ဘဂဝတော ဘာသိတံ အဘိနန္ဒိတွာ အနုမောဒိတွာ ဥဋ္ဌာယာသနာ ဘဂဝန္တံ အဘိဝါဒေတွာ ပဒက္ခိဏံ ကတွာ ပက္ကာမိ။**

http://www.dhammadownload.com



အရှင်ဗာဟိယဟာ မြတ်စွာဘုရား မိန့်ကြားတဲ့ ပေးတော်မူတဲ့ တရားတော်ကို **အဘိနန္ဒိတွာ**- အလွန်သဘောကျ၍။ **အနုမောဒိတွာ**- အဖန်ဖန် ဝမ်းမြောက်ပြီးတော့ ရိုရိုသေသေ ဘုရားရှိခိုးပြီးတော့ လက်အုပ်ချီမိုး ရှိခိုးပြီး ဘုရားထံက ဖဲခွာပြီး စောစောက တရားတောင်းတုန်းက လျှောက်ထားတဲ့အတိုင်းနေတယ်။

အထခေါ- မြတ်စွာဘုရားထံမှာ တရားတောင်း၍ အားထုတ်ပုံ တရားယူပြီး ပြန်လာခဲ့ရာ ထိုအခါ၌။ အာယသ္မာ ဗာဟိယော- အရှင် ဗာဟိယသည်။ ဧကော- တစ်ပါးတည်း။ ဧကော- ဖေးသူ,မသူ ဘယ်သူမခေါ် အဖေါ်မတွဲ တစ်ယောက်ထဲသာလျှင် (တစ်ဦးထဲ တစ်ယောက်ထဲ)။ ဝူပကဋ္ဌော- အာရုံများစွာ ဖဲကျင်ခွာ၍။ အာတာပီ- ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည် ဖြစ်၍။ ပဟိတတ္တော- ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ရက်စက်မိဋ္ဌာန် စိတ်အကြံဖြင့် နိဗ္ဗာန်သို့ စလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍။ ဝိဟာသိ- နေတော်မူလေပြီ။

သာဓု သာဓု သာဓု

ဟော- ဘုရားရှင်ဆီက တရားတောင်းပြီး တစ်ပါးထဲ ဆိတ်ငြိမ်ရာ လေးမှာ ချဉ်းကပ်ပြီး နေထိုင်ပြီးတော့ ဝီရိယအားကုန် ကိုယ်နဲ့အသက်ကို မငဲ့ကွက်ပဲနဲ့ စိတ်က နိဗ္ဗာန်ကို စေလွှတ်ပြီးတော့ တရားအားထုတ်လိုက်တာ။ အားထုတ်လိုက်တဲ့အခါ **"နစိရဿေဝ"**- မကြာမြင့်မီသာလျှင်-

**ယဿတ္ထာယ ကုလပုတ္တာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ။**

အမျိုးကောင်းသားတွေ အိမ်ရာတည်ထောင် လူ့ဘောင်မှ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ် အကျိုးငှါ ရဟန်းပြုကြ။

**တဒ နုတ္တရံ ဗြဟ္မစရိယ ပရိယောသာနံ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟာသိ။**

အတုမရှိ မြင့်မြတ်တဲ့ ဟော- အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ် ကိုယ်တိုင်သိပြီးတော့ မျက်မှောက်ပြုပြီးတော့ နေနိုင်တယ်။

**"ခီဏာ ဇာတိ"**။ ဇာတိ- ပဋိသန္ဓေသည်။ ခီဏာ- ကုန်ပြီ။

http://www.dhammadownload.com



အရှင်မြတ်ကြီးရဲ့ သန္တာန်မှာ အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိပြီး သွားတော့ အာသဝက္ခယဉာဏ် ရရှိသွားတော့ ဇာတိ- ပဋိသန္ဓေသည်။ ခီဏာ- ကုန်ပြီ။

**"ဝုသိတံ ဗြဟ္မစရိယံ"**။ ဗြဟ္မစရိယံ- မြတ်သောအကျင့်ကို။ ဝုသိတံ- ကျင့်အပ်ပြီ။

**"ကတံ ကရဏီယံ"**။ ကရဏီယံ- ပြုဖွယ်ကိစ္စကို။ ကတံ- ပြုအပ်ပြီ။

**"နာပရံ ဣတ္ထတ္တာယ"**။ ၁၆-ပါးသော မဂ်ကိစ္စအလို့ငှါ ပြုဖွယ် ကိစ္စမရှိပြီ။ ဣတိ- ဤသို့။ အညာသိ- ကောင်းစွာသိအပ်ပြီ။

အရှင်မြတ်ကြီး အရဟတ္တဖိုလ် ပေါက်ရောက်ရှိပြီးတော့ အထွဋ် အထိပ်သို့ ရောက်ရှိသွားပြီဆိုတော့ ပစ္စဝေက္ခဏာဉာဏ်၊ ဘဝပဋိသန္ဓေ ကုန်ပြီ၊ ပြုဖွယ်ကိစ္စတွေ ပြုပြီးပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ။ ၁၆-ပါးသော မဂ်ကိစ္စအလို့ငှါ နောက်ထပ်ကျင့်ဖွယ် မရှိပြီ။

အဲဒီလို ဆင်ခြင်ပြီးတော့ အဲဒီလို ပစ္စဝေက္ခဏာ ဆင်ခြင်ပြီးတော့ ရဟန္တာတို့ရဲ့ ထုံးစံအတိုင်း ပစ္စဝေက္ခဏာ ဆင်ခြင်တော်မူတယ်။

**အညတရော အာယသ္မာ ဗာဟိယော အရဟတံ အဟောသိ**။

အာယသ္မာ ဗာဟိယော- အရှင်ဗာဟိယသည်။ အရဟတံ- ရဟန္တာ အပေါင်းတို့တွင်။ အညတရော- တစ်ပါးအပါအဝင်သည်။ အဟောသိ- ဖြစ်လေပြီ။

ဒီအရှင်ဗာဟိယရဲ့ ဝတ္ထုသွားလေးကို ကြည့်လိုက်တဲ့ အခါကျတော့ မြတ်စွာဘုရားဆီ တရားတောင်းတယ်။ အေးအေးလူလူနဲ့ ပြင်းပြင်း ထန်ထန်နဲ့ ဆိတ်ငြိမ်တဲ့နေရာမှာ တစ်ပါးတည်း အားထုတ်ပါရယ်လို့တောင်း တော့ မြတ်စွာဘုရ းကလဲ တရားပေးတယ်။

သီလပေါ်မှာမှီ သီလကို အမှီပြု သီလပေါ်မှာ ရပ်တည်ပြီး သတိ ပဋ္ဌာန်လေးပါး ပွားများပါလေလို့ မြတ်စွာဘုရားက တရားပေးတော်မူတယ်။

တရားပေးတဲ့အတိုင်း အရှင်ဗာဟိယ အားထုတ်တယ်။ အားထုတ် တော့ ရဟန္တာဖြစ်လို့ အရဟတ္တဖိုလ် ရောက်ရှိပြီးတော့ လောကဓာတ် အပေါင်းမှာရှိကြတဲ့ ရဟန္တာအရှင်မြတ်အများတို့တွင် တစ်ပါးအပါအဝင်

http://www.dhammadownload.com



ဖြစ်ပြီးတော့ သွားခဲ့တဲ့ထုံး အာရုံပြုပြီးတော့ မိမိတို့ ယောဂီများဟာလဲပဲ အရှင်ဗာဟိယ မထေရ်မြတ်ကြီးလို သီလမှာရပ်တည်၊ နိဗ္ဗာန်ကို စိတ်က စေလွှတ်ပြီး ဆက်လက်ပြီးတော့ ကြိုးစားအားထုတ်ကြရင် အရှင်မြတ်ကြီးများ ရရှိတဲ့ တရားထူး တရားမြတ်ကို ရရှိနိုင်တယ်။

ဒါကြောင့် အရှင်မြတ်ကြီးတွေ အရှင်မြတ်ကြီးတွေရတဲ့ တရားထူး တရားမြတ်သို့ ရောက်ကြောင်း ကောင်းမြတ်သော သတိပဋ္ဌာန်လမ်းစဉ်သို့ ဆက်လက်ပြီးတော့ ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

**တတိယနေ့ ဟောစဉ်ပြီး၏၊**

## စတုတ္ထနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ နယုန်လဆန်း (၄)ရက်နေ့။

ယောဂီများ အာနာပါနဿတိ ကမ္မဋ္ဌာန်း စီးဖြန်းပြီးတော့ လာခဲ့တာ (၄)ရက်မြောက် သမာဓိစခန်းက နေပြီးတော့ ပညာစခန်း၊ သမထစခန်းက နေပြီးတော့ ဝိပဿနာစခန်း ကူးသန်းကြဖို့ အချိန်နီးလာပြီ။

အဲဒီတော့ မိမိတို့အားထုတ်နေတဲ့ ထွက်လေ ဝင်လေကို ရှုမှတ်ပြီး သတိမပြတ် ရှုမှတ်တဲ့ အာနာပါနဿတိ ကမ္မဋ္ဌာန်း၊ အာနာပါနကမ္မဋ္ဌာန်း ကြောင့် ရရှိတဲ့ သမာဓိ။

အဲဒီတော့ မိမိတို့အားထုတ်တာလေးတွေနဲ့ ပတ်သက်ပြီးတော့ ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော် အရပ်ရပ်ကနေပြီး ထုတ်နုတ်ပြီးတော့ အသိဉာဏ်လေးတွေ ပေးကြရတယ်။

### တရားပေစာ သင်ရ နာရကျိုး

**"ဘုရားချစ်ရှင် ဟောသွင်းသင်သား ကိုးအင်ဓမ္မခေတ် တရားမြတ်ကို မပြတ်သင်ကြား နာသူ့အားလျှင် ငါးပါးနိသင် အကျိုးထင်၏"။**

ဘုရားရှင် ဟောကြားတော်မူတဲ့ အင်္ဂါ (၉)တန် သုတ္တ, ဂေယျ,

http://www.dhammadownload.com



ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ ခေါ်တဲ့ အင်္ဂါ (၉)တန်။

နိကာယ်အားဖြင့် ငါးရပ်၊ ပိဋကတ်အားဖြင့် သုံးပုံ၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မခန္ဓာ တရားအစုအဝေးအားဖြင့် ရှစ်သောင်းလေးထောင်။

ဒီတရားတွေကို မပြတ်မလပ် နာယူသင်ကြား ပို့ချပြီးတော့နေတဲ့ ပုဂ္ဂိုလ်များအား အကျိုး (၅)မျိုး၊ အာနိသင် (၅)မျိုး။

**"ငါးပါးနိသင် အကျိုးထင်၏။ ပုံပြင်ထုံးဟောင်း ရှေးနှောင်းခုဖြစ် စင်စစ်ကြောင်းကျိုး ကောင်းဆိုးစကား နည်းနာများကို မကြားစဖူး ကြားရဖူး၏"**။

ဘုရားရှင် ကိုယ်တော်တိုင် ထုတ်ပြပြီးတော့ ဇာတ်လမ်းကလေးတွေ, ပုံ**ပြင်ထုံး**ဟောင်း ရှေးနှောင်းခုဖြစ် ရှေးတုန်းကဖြစ်ခဲ့တဲ့ အချက်အလက်ကလေးတွေ, ခုဖြစ်တဲ့ အချက်အလက်ကလေးတွေ မကြားဖူးလို့ရှိရင် ကြားရခြင်း အကျိုးတစ်ပါး၊ **"ကြားဖူးရှေးက ကြားရတစ်ဖန် ကြည်လင်ပြန်၏"**။

မိမိတို့ တရားနာမယ်ဆိုရင် နာရမယ့် အခွင့်တွေ၊ အခွင့်အလမ်းတွေ အများကြီးရှိ၊ ကက်ဆက် တိတ်ခွေတွေနဲ့ တရားတွေကလဲ အများကြီး။

အခုကျတော့ နိုင်ငံတော်က ကမ္ဘာဖြန့်ဖို့ရာ ဆိုပြီးတော့ စီဒီဓာတ်ပြားတွေနဲ့ ပိဋကတ်သုံးပုံ မြန်မာပြန်တွေ တိတ်ခွေတွေ၊ တိတ်ခွေပေါင်း (၈၀)ကို ဓာတ်ပြားတစ်ပြားထဲနဲ့ ပြီးအောင်ပေါ့။

နောက်ပြီးတော့ ပိဋကတ်သုံးပုံကို ဘာသာ (၇)မျိုးနဲ့ စီဒီရွှမ်ခွေတွေလဲ ရှိနေတာကိုး။ ရှိနေတော့ ကမ္ဘာ့နိုင်ငံ အသီးအသီး ရှိနေကြတဲ့ ဗုဒ္ဓဘာသာများ မြန်မာဖြစ်စေ၊ အခြားလူမျိုးတွေဖြစ်စေ၊ ဘာသာပြန် နာယူဖို့ မခက်တော့ပါဘူး။

မကြာသေးခင်က သတင်းစောင်းတစ်ခုက ဗုဒ္ဓတရားတော်များ ကမ္ဘာ့လူထုကြီး လေ့လာနိုင်ရန်ဆိုပြီး **ကြိုဟ်ထု**ကထပ်ဆင့် တရားအသံတွေ လွှင့်ပေးဖို့ အစီအစဉ်တွေ ကြေငြာသံကြားလိုက်ပါတယ်။

အဲဒီတော့ ကမ္ဘာ့လူထုကြီးက ဗုဒ္ဓဘုရားရဲ့ တရားတော်များ နာကြားဖို့ မခက်တော့ဘူး။ မိမိရှေးက နာဖူးတာလေး ကျပြန်တော့ ဒီတရား

http://www.dhammadownload.com



လေး နာဖူးတယ်၊ ကြားဖူးတယ်။ စိတ်ထဲမယ် ကြည်လင်ပြီးတော့ နဂိုတုန်းက ကြားဖူးတာလေး ထပ်မံပြီးတော့ နာလိုက်ရတော့ ရှင်းသွားမယ်။

**ဉာဏ်မမှီငြား ထင်ယုံမှားလည်း ယုံမှားကင်းပ ကင်းစင်ရ၏။**

မိမိဉာဏ်မမှီတာလေး ကျပြန်တော့လဲပဲ ထပ်ပြီး နာကြားလိုက်တော့ ဉာဏ်ထဲမှာ ရှင်းလာတယ်။ ယုံမှားသံသယ ပျောက်သွားတယ်ဆိုတဲ့အကျိုး။

**ဝါဒမထောင့် ယူဖြောင့်စိတ်ကြည်။**

ဝါဒမထောင့် အယူဖြောင့်ခြင်းဆိုတဲ့ အကျိုးကိုလဲ ရရှိစေပါတယ်။ ဒါကြောင့်-

**ဒွေမေ ဘိက္ခဝေ ပစ္စယာ မိစ္ဆာဒိဋ္ဌိယာ ဥပ္ပါဒါယ။**

**ဒွေမေ ဘိက္ခဝေ ပစ္စယာ သမ္မာဒိဋ္ဌိယာ ဥပါဒါယ။**

ရဟန်းတို့ မိစ္ဆာဒိဋ္ဌိ- အယူမှား အမြင်မှားဖြစ်ဖို့ရာ အကြောင်း (၂)မျိုး၊ သမ္မာဒိဋ္ဌိ- အယူမှန် အမြင်မှန် ရရှိဖို့ရာလဲ အကြောင်း (၂)မျိုး။

သမ္မာဒိဋ္ဌိ အယူမှန်ရဖို့ရန် အကြောင်း (၂)မျိုးက-

၁။ ပရတောဃောသောစ- ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာ အပေါင်း သူတော်ကောင်းတို့ ဟောသံ ပြောသံ၊

၂။ ယောနိသော မနသိကာရောစ- ဟောသံ ပြောသံကို အခြေခံပြီး တော့မှ လမ်းရိုးလမ်းမှန်အတိုင်း နှလုံးသွင်း ဆင်ခြင်ခြင်း၊

ဒီအချက်အလက် (၂)မျိုးပါ။

ပုဂ္ဂိုလ်တစ်ယောက် သမ္မာဒိဋ္ဌိ အခြေခံရရှိဖို့ရဲ့ အကြောင်း (၂)ခု။ အယူမှားဖို့ကျတော့လဲ "**ပရတောဃောသောစ**"- မဟုတ်မဟပ် ပြောသံ ဆိုသံ နည်းမှန်လမ်းကျတော့ မဟုတ်ဘူး ပြောနေကြတာ ရှိတယ်။

အယောနိသောမနသိကာရောစ- မိမိက အမှားအမှန် မဆင်ခြင် နိုင်တော့ လမ်းမှားအတိုင်း မသင့်မတင့် နှလုံးသွင်းခြင်း။ ဒီအကြောင်း (၂)ပါးကြောင့် မိစ္ဆာဒိဋ္ဌိ အယူမှားနိုင်တယ်။

ဒါကြောင့် ဘုရားတရားကို နာကြားခြင်းကြောင့် အယူဖြောင့်မှန် နိုင်တယ်။ ဒီအယူဖြောင့်ဖို့ဟာ အရေးကြီးတယ်။ သုစရိုက်တရား (၁၀)ပါးထဲမှာ-

"**သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု၊ သူ့သက်ဇီဝေ သေစေချင်ဟု၊ အယူ**

http://www.dhammadownload.com



**မှောက်မှား ဤ (၃)ပါး မှတ်သားမနောကံ**"တဲ့။

မနောကံ ဒုစရိုက်တွေထဲမှာ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ ပါတယ်။ သုစရိုက်ဖက်ကျတော့ သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု မက်မောမှုမှကင်းခြင်း၊ နှိပ်စက်လိုမှုမှကင်းခြင်း၊ အယူဖြောင့်ခြင်းဆိုတော့ သုစရိုက် (၁၀)ပါးထဲမှာ အယူဖြောင့်မှန်ခြင်း ပါတယ်။

ပုညကြိယဝတ္ထု (၁၀)ပါးထဲမှာလဲ ဒိဋ္ဌိဇုကမ္မ- အယူဖြောင့်မှန်ခြင်း ပါဝင်တယ်။

**ဒိဋ္ဌိဇုကမ္မံပန သဗ္ဗေသံ နိယမလက္ခဏံ။**

အဲဒီ (၁၀)ပါးထဲမှာ အရေးကြီးတာက အယူဖြောင့်မှန်ဖို့ ကမ္မဿကတာ ဉာဏ် အရင်းခံပြီးတော့ အယူဖြောင့်မှန်ဖို့ပါပဲ။

အခုယောဂီများ ကမ္မဿကတာဉာဏ်ခေါ်တဲ့ အလင်းဓာတ်ကြီးကို ရရှိခဲ့ကြလို့ ယခုလို အားထုတ်ဖြစ်ကြတာပါပဲ။ အဲဒီက တစ်ဆင့်တက်ပြီးတော့-

"**ဝါဒမထောင့် ယူဖြောင့်စိတ်ကြည် ဤငါးလီတည်း**"။ ဒီလို နာကြားခဲ့ရလို့ စိတ်ကြည်လင်တယ်။ ဒီအကျိုးတရားတွေ ရရှိကြပါစေ။

အာရုံပြု နှလုံးသွင်းပြီးတော့ ညစဉ် နေ့စဉ် ယောဂီသူတော်စင်များ အားထုတ်နေတဲ့ သတိပဋ္ဌာန်လမ်းစဉ်ကြီး မှန်ကန်တဲ့လမ်းစဉ် ဘုရားလမ်းစဉ်၊ စစ်မှန်တဲ့ လမ်းစဉ်လို့ ကျေကျေနပ်နပ်ကြီး သိရှိကြပြီးတော့ တော်ရုံ တန်ရုံ ဒုက္ခဝေဒနာတွေ ကျော်လွှားပြီး အားထုတ်နိုင်ကြပါစေလို့ အာရုံထား ပြီးတော့ ညစဉ်တရားဟောတာပါပဲ။

အဲဒီတော့ တရားနာခြင်းရဲ့ အကျိုးအာနိသင်ကို သိရှိကြပြီးတော့ ဘုရားရှင်က-

> **သတိပဋ္ဌာနဉ္စ ဘိက္ခဝေ ဒေသေဿာမိ၊ သတိပဋ္ဌာနဘာဝနဉ္စ သတိပဋ္ဌာနဂါမိနိ ပဋိပဒဉ္စ။**

ရဟန်းတို့ (၃)မျိုး ဟောမယ်။

၁။ သတိပဋ္ဌာန်ကိုလည်း ဟောမယ်။

၂။ သတိပဋ္ဌာန် ဘာဝနာကိုလည်း ဟောမယ်။

http://www.dhammadownload.com



၃။ သတိပဋ္ဌာန် ဘာဝနာသို့ရောက်ကြောင်း လမ်းကောင်း လမ်းကြောင်း အကျင့်ကောင်းတွေကိုလည်း ဟောမယ်။

ဆိုပြီးတော့ မြတ်စွာဘုရားက-

သတိပဋ္ဌာန်ကို ဘယ်လိုဟောသလဲ။

**က္ကမ ဘိက္ခဝေ ဘိက္ခု၊ ကာယေ ကာယာနုပဿီ၊ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။**

သတိပဋ္ဌာန် ဘယ်လိုဟောသလဲဆိုတော့ ဤကိုယ်ခန္ဓာကြီးက နေပြီးတော့ တစ်စိတ်တစ်ဒေသ ထုတ်နှုတ်ပြီး ထွက်လေ ဝင်လေဆိုတဲ့ ဝါယောရုပ် ဝါယောကာယ ဝါယောကာယကို သတိလေးထားလို့ အမြော် အမြင်လေးနဲ့ လုံ့လဝီရိယရှိရှိ။

ဥပါဒါနက္ခန္ဓာမှာ မက်မောမှု နှလုံးနာမှုကို ပယ်ဖျောက်ပြီးတော့ နေခြင်းဟာ သတိပဋ္ဌာန်ပါပဲ။

ဝေဒနာနဲ့ ပတ်သက်ပြီးတော့လဲ ကာယာနုပဿနာ ကမ္မဋ္ဌာန်းလိုပဲ။

- ကာယာနုပဿနာ ကမ္မဋ္ဌာန်းတော့ (၁၄)မျိုး, (၁၄)ကဏ္ဍ၊
- ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းကျတော့ (၉)ကဏ္ဍ၊
  (ကိုးပိုင်း ပိုင်းပြီးတော့ ဟောပါတယ်။ ဒါသတိပဋ္ဌာန်)
- စိတ္တာနုပဿနာနဲ့ ပတ်သက်ပြီး (၁၆)ပိုင်းပေါ့, (၁၆)ကဏ္ဍ၊
- ဓမ္မာနုပဿနာနဲ့ ပတ်သက်ပြီး (၅)မျိုး (၅)စား ထားပြီးတော့

သတိပဋ္ဌာန်ကို ဟောခဲ့ပါတယ်။ ကာယနဲ့ ပတ်သက်ပြီးတော့ ရုပ်ကာယကြီး အဖန်ဖန် အထပ်ထပ် ရှုပြီးတော့နေခြင်းဟာ ဒါသတိပဋ္ဌာန်ပဲ။

သတိပဋ္ဌာန် ဘာဝနာဆိုတာ ဘယ်လို ဟောလိုက်သလဲဆိုတော့-

**သမုဒယာ ဓမ္မာနုပဿီဝါ ဝိဟရတိ။**

ရုပ်ကာယကြီးရဲ့ ဖြစ်ပုံ ပျက်ပုံလေးကို ရှုပွားပြီးတော့ နေနေခြင်းဟာ သတိပဋ္ဌာန ဘာဝနာကို ရှုပွားနေတာပဲ။

**ဝယ ဓမ္မာနုပဿီဝါ ဝိဟရတိ။**

ကိုယ်ကာယကြီးရဲ့ ပျက်ပုံလေးကို အဖန်ဖန် အထပ်ထပ် ရှုပြီးတော့

http://www.dhammadownload.com



နေတာဖြစ်ပါစေ။ ဒါ သတိပဋ္ဌာန ဘာဝနာပါပဲ။

အဲဒီလို အဖန်ဖန် အထပ်ထပ် ရှုမှတ်နေတာဟာ သတိပဋ္ဌာန ဘာဝနာ ဝေဒနာရဲ့ဖြစ်ပုံ၊ ဝေဒနာရဲ့ ပျက်ပုံ။

ဝေဒနာဖြစ်ပုံ, ပျက်ပုံ၊ စိတ်ရဲ့ဖြစ်ပုံ, ပျက်ပုံ၊ ခန္ဓာအာယတန ဓာတ် သစ္စာတို့ရဲ့ ဖြစ်ပုံ, ပျက်ပုံ၊ နီဝရဏတရား ဗောဇ္ဈင်တရားတို့ရဲ့ ဖြစ်ပုံ, ပျက်ပုံ။

အထူးသဖြင့် ဝိပဿနာပိုင်း ရောက်တဲ့အခါကျတော့ ဝါယောကိုယ် ဝါယောရုပ်ရဲ့ ဖြစ်ပုံ, ပျက်ပုံ၊ ဝါယောရုပ်ရဲ့ အနိစ္စဖြစ်ပုံ (၇)ဌာန။

ဝါယောရုပ်ရဲ့ အနိစ္စဖြစ်ပုံ, ဒုက္ခဖြစ်ပုံ, အနတ္တဖြစ်ပုံ၊ ဝါယောရုပ် အပေါ်မှာ ငြီးငွေ့ပုံ၊ တပ်မက်ခြင်း ကင်းပုံ ချုပ်ခြင်းကို ရှုမှတ်ပုံ။

ဒီလို အသီးအသီး ရှုမှတ်ပွားများလာတဲ့ အခါကျတော့ သတိပဋ္ဌာန ဘာဝနာပြီးတော့ သတိပဋ္ဌာန ဘာဝနာ ဂါမိနီ ပဋိပဒါ သတိပဋ္ဌာန်သို့ ရောက်စေတဲ့ ကျင့်စဉ်။

ဘာလဲလို့ဆိုတော့ **"အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ"**။ မဂ္ဂင် (၈)ပါးပါပဲ။ သမ္မာဒိဋ္ဌိ- ကောင်းတဲ့အသိ၊ သမ္မာသင်္ကပ္ပ- ကောင်းတဲ့ အကြံ၊ သမ္မာဝါစာ- ကောင်းတဲ့စကား ပြောဆိုမှု၊ သမ္မာကမ္မန္တ- ကောင်းသော ကိုယ်နဲ့ ပြုမူမှု၊ သမ္မာအာဇီဝ- ကောင်းသောအသက်မွေးမှု၊ သမ္မာဝါယမ- သမ္မပ္ပဓာန်လုံ့လ, ကြိုးစားတဲ့လုံ့လ၊ သမ္မာသတိ- တရားအာရုံတစ်ခုအပေါ်မှာ သတိမလွတ်တာကို ပြောတာ၊ နေ့စဉ်နေ့တိုင်း ရှုမှတ်နေတဲ့ အာနာပါနသတိ ကို အခြေခံတဲ့ သမာဓိမျိုးကို သမ္မာသမာဓိတဲ့။

အဲဒီ (၈)မျိုးဟာ ယခုအားထုတ်နေကြတဲ့ ယောဂီများ ပုဗ္ဗဘာဂမဂ်၊ ပုဗ္ဗဘာဂ ပဋိပဒါ ရှေ့ပြေးလုပ်ငန်းစဉ်တွေ မဂ္ဂင်တွေပါပဲ။ ဒါ သတိပဋ္ဌာန ဘာဝနာ ဂါမိနီ ပဋိပဒါ ပါပဲ။

ဒါနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားကို မေးကြ။ အရှင်ဘုရား၊ အရှင်ဘုရား သာသနာမှ တစ်ပါးသော သာသနာမှာ အရိယာရဟန်းများ ရှိပါသလားလို့ မေးတော့။

http://www.dhammadownload.com



**ကောင်းကင်မှာ ခြေရာမထင်သလို**

**အာကာသေဝ ပဒံနတ္ထိ၊ သမဏောနတ္ထိ ဗာဟိရေ။**

အာကာသေ- ကောင်းကင်၌။ ပဒံ- ခြေရာသည်။ နတ္ထိ- မရှိနိုင်။ (ကောင်းကင်မှာ ငှက်တွေပျံနေတာ၊ နတ်တွေ, ပြဟ္မာတွေ သွားနေတာ၊ လေယဉ်တွေ, ဂြိုလ်တုတွေ သွားနေတာ အရာရယ်လို့ ခြေရာရယ်လို့ မထင်ဘူး။

ကောင်းကင်မှာ ခြေရာမထင်သလို **"သမဏော နတ္ထိ ဗာဟိရေ"**။ ဗာဟိရေ- ဘုရားသာသနာ၏ ပြင်ပ၌၊ တစ်ပါးသော ပြင်ပအယူ၊ အခြားပုဂ္ဂိုလ်တို့၏ အယူဝါဒ၌၊ သမဏော- ကိလေသာကို ငြိမ်းစေတတ်သော ရဟန်းသည်။ နတ္ထိ- ရှိရိုးမဟုတ်ပေ။

ဤသာသနာမှတစ်ပါး အခြားသော သာသနာမှာ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ရဟန်းတွေ မရှိနိုင်ဘူးတဲ့။

ဘာကြောင့် မရှိနိုင်သလဲလို့ဆိုတော့ မဂ္ဂင်မရှိလို့ပါပဲ။ ဒီစကားတော်ကို မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီးမှာ ဒီစကားလေး မိန့်ကြားထားတာ ရှိပါသေးတယ်။

ပစ္ဆိမ နောက်ဆုံးသာဝက သုဘဒ်ကို နောက်ဆုံးဝေနေယျ အရှင်သုဘဒ်ကို မြတ်စွာဘုရားက-

**ယသ္မိံ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ နဥပလဗ္ဘတိ၊ ပဌမောပိ သမဏော တတ္ထ နဥပလဗ္ဘတိ။**

သုဘဒ် အကြင်သာသနာမှာ မဂ္ဂင်မရှိဘူးတဲ့။ အဲဒီ မဂ္ဂင်မရှိတဲ့ သာသနာမှာ အရိယာ ရဟန်းမရှိနိုင်ဘူး။

တရားသဖြင့် ဆုံးမရာဖြစ်တဲ့ ငါဘုရား သာသနာတော်မှာ မဂ္ဂင် (၈)ပါးရှိတယ်။ မဂ္ဂင် (၈)ပါးရှိတဲ့အတွက် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ရဟန်းရှိတယ်။ အရိယာရဟန်းတွေ ရှိတယ်။

အဲဒီ အရိယာရဟန်းတွေ အစဉ် အဆက်မပြတ် ဖြစ်ဖို့ကျပြန်တော့ ဘုရားရှင်က-

**ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ။**

http://www.dhammadownload.com



သုဘဒ် အဲဒီ ရဟန္တာအရှင်မြတ်ကြီးတွေ လောကကြီးထဲမှာ မဆိတ်သုဉ်းဖို့နဲ့ ပတ်သက်ပြီး ရဟန်းတွေ ကောင်းကောင်းမွန်မွန် နေကြရင် အရိယာရဟန်း ရဟန္တာရဟန်းတွေ မပြတ်ပါဘူး။

ကောင်းကောင်းမွန်မွန်နေကြရင် ဆိုတာ ဘယ်လိုလဲလို့ဆိုတော့ သောတာပန်ဖြစ်ဖို့ ကျင့်နေတဲ့ ပုဂ္ဂိုလ်က သူကျင့်နေပုံ, သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ကလဲ သောတာပန် ကျင့်စဉ်ကိုဟော၊ သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ကလဲ သောတာပန်ကျင့်စဉ်လမ်းကို ပြန်ဟော၊ အဲဒီလိုပဲ အရိယာရဟန်းတွေက နေပြီးတော့ မိမိတို့ ရသိထားတဲ့ လမ်းစဉ်တွေကို ဟောတယ်။ အရိယာဖြစ်ဖို့ ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကလဲပဲ ဟာ-အမှန်ပဲလို့ လက်ညှိုးညွှန်ပြီး ပြသောအားဖြင့် ကောင်းကောင်းမွန်မွန် နေကြမယ်ဆိုရင် ဤကမ္ဘာလောကကြီးမှာ အရိယာရဟန်း ရဟန္တာ အရှင်မြတ်ကြီးတွေက မဆိတ်သုဉ်းပါဘူးလို့ မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့တယ်။

- သတိပဋ္ဌာန်ရယ်၊
- သတိပဋ္ဌာန် ဘာဝနာရယ်၊
- သတိပဋ္ဌာန်သို့ ရောက်ကြောင်း အကျင့်ရယ်လို့ ဒီလို သုံးမျိုး ခွဲခြားပြီး ဟောကြားတဲ့ ဒေသနာတော်တွေကို ယုံကြည်ကိုးစား အားထားသောအားဖြင့်လည်းကောင်း၊

ပရိနိဗ္ဗာန် စံခါနီးမှာ မဂ္ဂင်ရှိရင် အရိယာရဟန်း ရှိတယ်။ မဂ္ဂင်ကျင့်စဉ်တွေ မရှိလို့ရှိရင် အရိယာရဟန်းတွေ မရှိဘူး။ အဲဒီလို မိန့်ကြားတော်မူတဲ့ စကားရပ်တွေကို ယုံကြည်သောအားဖြင့်လည်းကောင်း၊

မိမိတို့ အားထုတ်နေတဲ့ မဂ္ဂင်လမ်းစဉ် မဟာသတိပဋ္ဌာန်လုပ်ငန်းကြီးကို ဆက်လက်ပြီးတော့ ကြိုးစားအားထုတ်ကြဖို့ တိုက်တွန်းရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု သာဓု သာဓု

**စတုတ္ထနေ့ ဟောစဉ်ပြီး၏။**

http://www.dhammadownload.com



## ပဥ္စမနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ နယုန်လဆန်း (၅)ရက်နေ့။

### ကိလေသာသုံးမျိုးနှိမ်နင်း

မြတ်စွာဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေကို ကြည့်မယ်ဆိုရင် **"အနုတ္တရော ပုရိသဒမ္မသာရထိ"** ဂုဏ်တော်။

- သုံးခွင်ဝေနေ အထွေထွေလျှင် ကိလေသာအိတ် အဆိပ်ပြင်းထန် အကင်းသန်လျက် မာန်တလူလူ အလံထူသည့် လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာအစားစား နဂါးအဖုံဖုံ ဂဠုန်အမျိုးမျိုး ဆိုးဆိုးသွမ်းသွမ်း ကြမ်းကြုတ်သမျှ ဝေနေယျတို့ကို ဗုဒ္ဓမန္တန် ဆိတ်အံငြိမ်းဆေး ထိုက်ရာပေး၍ ယဉ်ကျေးစေမှု အစုစု၌ အတုမရ အဖက်မရ ကြီးမြတ်တော်မူလှပါပေသော မြတ်စွာဘုရား။

၃၁-ဘုံမှာရှိကြတဲ့ ဝေနေယျသတ္တဝါတွေ ကိလေသာဟိတ် အဆိပ်ပြင်းထန်ပြီး နေကြတဲ့အတွက် ကြမ်းကြမ်းကြုတ်ကြုတ် ဖြစ်ပြီးတော့-

"လွန်ကျူးဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ" ဆိုတဲ့အတိုင်း အခိုက်အတန့်အားဖြင့် ဒေါသနဲ့ပတ်သက်လို့ လွန်ကျူးခြင်း **"ဝီတိက္ကမကိလေသာ"** ကာယကံမြောက်၊ ဝစီကံမြောက် လွန်ကျူးပြီး၊ ကာယကံမြောက် သတ်ဖြတ်ပြီ၊ ကာယကံမြောက် သတ်ပါလို့ တိုက်တွန်းနှိုးဆော်ပြီဆိုရင် ဒါ ဝီတိက္ကမ ကိလေသာဖြစ်တယ်။

တကယ်တမ်း ကာယကံ၊ ဝစီကံတော့ မဖြစ်သေးဘူး။ ကာယကံမြောက်၊ ဝစီကံမြောက်တော့ မဖြစ်သေးဘူး။ ဒါပေမယ့် သတ်ချင်စိတ်တွေ ဖြတ်ချင်စိတ်တွေ စိတ်ထဲမှာ ဆူပွက်ပြီးနေတာ။ အဲဒီ ကိလေသာမျိုးကျတော့ ဒေါသရဲ့ **"ပရိယုဋ္ဌာန ကိလေသာအခိုက်"**။

အဲဒီလို သတ်တာလဲ မဟုတ်ဘူး၊ ဖြတ်တာလဲ မဟုတ်ဘူး။ သတ်ဖြတ်လိုစိတ်တွေ တဖွားဖွားဖြစ်နေတာလဲ မဟုတ်ဘူး။ သို့သော် ရေအိုးထဲမှာ အနည်ထိုင်သလို ဒေါသက ကိန်းဝပ်နေတာ အစဉ်မပြတ် ကိန်းဝပ်ပြီးတော့

http://www.dhammadownload.com



နေတာ။ အဲဒါကို **"အနုသယ ကိလေသာ"** အခြားလောဘ စသည်တို့ကို ဒီလိုပဲ အခိုက်အတန့်အားဖြင့် သုံးမျိုးစီ ခွဲရတယ်။

ဒါကြောင့် **"လွန်ကျူးဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ"**။

"သုံးခွင်ဝေနေ အထွေထွေလျှင် ကိလေသာဟိတ် အဆိပ်ပြင်းထန် အကင်းသန်လျက် မာန်တလူလူ အလံထူသည့် လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာအစားစား နဂါးအဖုံဖုံ ဂဠုန်အမျိုးမျိုး ဆိုးဆိုးသွမ်းသွမ်း ကြမ်းကြုတ်သမျှ ဝေနေယျတို့ကို-"

ကိလေသာဟိတ် အဆိပ်ပြင်းထန်နေကြတဲ့ ကြမ်းကြုတ်နေကြတဲ့ နတ်တွေ, ဗြဟ္မာတွေ, လူတွေ ကြမ်းကြုတ်သမျှ ဝေနေယျတို့ကို ဗုဒ္ဓမန္တာန် ဆိတ်အံငြိမ်ဆေး ထိုက်ရာပေး၍ ဘုရားရှင်ရဲ့ ဗုဒ္ဓမန္တာန်ခေါ်တဲ့ တရားတော် သင့်တော်သလို တိုက်ကျွေးလို့။

ဟော- **"သီလ"**ဆိုတဲ့ ဆေးတော်ကြီး (၁)လုံး တိုက်ကျွေးလိုက်တော့ ကာယကံမြောက်, ဝစီကံမြောက် လွန်ကျူးမှု ကိလေသာ ထိန်းပြီးသားဖြစ်သွားတယ်။ သီလဆိုတဲ့ ဆိတ်အံငြိမ်ဆေးနဲ့ ကာယကံ, ဝစီကံလွန်ကျူးမှု ဒီရောဂါကြီးဟာ ပျောက်ကင်းပြီးသွားတယ်။

ပြီးတဲ့အခါကျတော့ **"သမာဓိ"**ဆိုတဲ့ ဆေးတစ်လုံး ပေးလိုက်တော့ သတ်ချင်စိတ် ဖြတ်ချင်စိတ်တွေ ဒေါသနဲ့ ပတ်သက်ပြီးတော့ အဲဒီလို ဆူပွက်နေတဲ့ **"ပရိယုဋ္ဌာန"** ကိလေသာကို မိမိတို့ အားထုတ်လာတဲ့ သမာဓိဆိုတဲ့ ဆေးဝါးဓာတ်စာ ပေးလိုက်တော့ ဒီကိလေသာလည်း နိုင်တယ်။

အစဉ်ကိန်းဝပ်ပြီးတော့ နေတဲ့ ကိလေသာ ရှိတယ်တောင် မထင်ရဘူး။ သူ့ဟာသူ ငြိမ်ပြီးတော့နေတာကို အဲလို ကိလေသာမျိုးကျတော့ **"ပညာ"** ခေါ်တဲ့ ဝိပဿနာဉာဏ်ပညာဆိုတဲ့ ဆေးတော်နဲ့မှ ပျောက်ကင်းနိုင်တယ်။

ဒါကြောင့် ကိလေသာတို့ရဲ့ အခိုက်အတန့် လွန်ကျူးခြင်း, ဆူပွက်ခြင်း, ကိန်းဝပ်ခြင်းဆိုတဲ့ ဒီရောဂါသုံးမျိုးကို **"သီလ"**ဆိုတဲ့ ဆေးဝါးဓာတ်စာ၊ **"သမာဓိ"**ဆိုတဲ့ ဆေးဝါးဓာတ်စာ၊ "ပညာ"ဆိုတဲ့ ဆေးဝါးဓာတ်စာဖြစ်တဲ့ ဝိပဿနာဉာဏ် ဆေးဝါးဓာတ်စာနဲ့ အဆင့်ဆင့် ပျောက်ကင်းနိုင်ပါတယ်။

အဲဒီလို ပျောက်ကင်းဖို့အတွက် မြတ်စွာဘုရားက **"သီလ"**နဲ့ ပတ်

http://www.dhammadownload.com



သက်ပြီးတော့လဲ ဟောကြားတော်မူတယ် (ဝိနည်းပိဋက)၊ **"သမာဓိ"**နဲ့ ပတ်သက်ပြီးတော့လဲ ဟောကြားတော်မူတယ် (သုတ္တန်ပိဋက)၊ **"ဉာဏ်ပညာ"**နဲ့ ပတ်သက်ပြီးတော့လဲ ဟောကြားတော်မူတယ် (အဘိဓမ္မာပိဋကတရားတော်)။

အဲဒီမှာ သုတ္တန်တရား ဟောတဲ့အခါကျတော့ သုတ္တန်တရားထဲမှာ အဘိဓမ္မာ ဒေသနာကိုလဲ စွက်စွက်ပြီး ဟောကြားတော်မူခဲ့တာကိုး။

## (၄)ပါးသာ ဟောရကြောင်း

ယနေ့ အားထုတ်နေကြတဲ့ သတိပဋ္ဌာန်နဲ့ ပတ်သက်ပြီးတော့ မဟာသတိပဋ္ဌာန် (၄)ပါး၊ မဟာသတိပဋ္ဌာန် လေးပါးထက် ပိုပြီးတော့လဲ မဟောဘူး၊ လျှော့ပြီးတော့လဲ မဟောဘူး။

ဘာကြောင့်လဲလို့ ဆိုတော့ **"ဝေနေယျဟိတတ္တာ"** ဆုံးမအပ်တဲ့ နတ်လူပြဟ္မာ သတ္တဝါတို့အကျိုးကို ဆောင်နိုင်သောကြောင့် ဝေနေယျသတ္တဝါတို့ရဲ့ အကျိုးစီးပွားကို ရွက်ဆောင်နိုင်သောကြောင့် မြတ်စွာဘုရား သတိပဋ္ဌာန်လေးမျိုးပဲ ဟောတယ်။ လျှော့လဲ မဟောဘူး။ ပိုလဲ မဟောဘူး။

စရိုက် (၂)မျိုး။ တဏှာစရိုက်နဲ့ ဒိဋ္ဌိစရိုက်။ တစ်ချို့ပုဂ္ဂိုလ်များက တဏှာစရိုက် ရှိတယ်။ တစ်ချို့ပုဂ္ဂိုလ်များက အယူမှောက်မှားတဲ့ ဒိဋ္ဌိစရိုက် ရှိကြတယ်။

အဲဒီ တဏှာစရိုက်ရှိတဲ့ ပုဂ္ဂိုလ်မှာလဲ ဉာဏ်နုံ့တဲ့ပုဂ္ဂိုလ်၊ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်လို့ (၂)မျိုးရှိတယ်။

တဏှာစရိုက်ရှိပြီး ဉာဏ်နုံ့တဲ့ပုဂ္ဂိုလ်အတွက် မြတ်စွာဘုရား ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဟောပါတယ်။ တဏှာစရိုက်ရှိပြီး ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်အတွက် ဝေဒနာနုပဿနာကို ဟောကြားတော်မူတယ်။

ဒိဋ္ဌိစရိုက်ရှိပြီး ဉာဏ်နုံ့တဲ့ ပုဂ္ဂိုလ်အတွက် သိပ်အရေအတွက် မများတဲ့ စိတ္တာနုပဿနာ ကမ္မဋ္ဌာန်းကို မြတ်စွာဘုရား ပေးပါတယ်။ ဒိဋ္ဌိစရိုက်ရှိပြီး ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်များကျတော့ အရေအတွက်အားဖြင့် လွန်စွာများပြားတဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ပေးပါတယ်။

http://www.dhammadownload.com



တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ဝိပ္ပလ္လာသ (၄)ပါးကို ဝိပ္ပလ္လာသ ဆိုတာ ဖောက်ပြန်မှုလေးပါး။ အဲဒီလေးပါး ဖယ်ရှားနိုင်ဖို့ရန် မြတ်စွာဘုရား သတိပဋ္ဌာန်လေးပါး ဟောတော်မူတယ်။

အသုဘကို သုဘလို့ ထင်မှတ်နေတဲ့ ပုဂ္ဂိုလ်တို့ အဲဒီလို ထင်မှတ်မှားမှုကို ပယ်ရှားနိုင်ဖို့ ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဟောကြားတော်မူတယ်။

ဒုက္ခတွေကို သုခလို့ ထင်မှတ်မှားနေတဲ့ ပုဂ္ဂိုလ်တို့အတွက် မှားယွင်းမှုကို ပယ်ရှားဖို့ရန်အတွက် ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းကို ဟောကြားတော်မူတယ်။

အနိစ္စ မမြဲတာတွေကို နိစ္စလို့ ထင်မှတ်နေကြတဲ့ ပုဂ္ဂိုလ်တွေအတွက် စိတ္တာနုပဿနာကို ဟောကြားတော်မူတယ်။ အနတ္တကို အတ္တ ထင်မှတ်ပြီး တော့နေကြတဲ့ ပုဂ္ဂိုလ်များအတွက် ဖောက်ပြန်မှုကို ဖယ်ရှားနိုင်အောင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ဟောကြားတော်မူတယ်။

ဒါက တစ်ခုချင်း တစ်ခုချင်း ဒါက မိမိတို့ အားထုတ်လာကြတဲ့ ခပ်တိုတိုပဲ ပရမတ်နာမည်ကတော့ "ဝါယောရုပ်"။ အဲဒီ ဝါယောရုပ်ကလေးကို အစဉ်မပြတ်အောင် သိမ်းဆည်းပေးနေတဲ့ သတိ။

ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ ငြိမ်ငြိမ်ပြီးတော့နေအောင် ငြိမ်ပြီးနေတဲ့စိတ် ဒီတရားတွေ ရှိခဲ့တယ်။

**ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်း**

အဲဒီတော့-

**ကဿစိ ရူပကမ္မဋ္ဌာနပါကဋံ၊ ကဿစိ အရူပကမ္မဋ္ဌာနံ။**

အချို့က ရုပ်ကမ္မဋ္ဌာန်း ထင်ရှား၊ အချို့ပုဂ္ဂိုလ်တွေကျတော့ နာမ်ကမ္မဋ္ဌာန်း ထင်ရှားတယ်။ အဲဒီတော့ အဝေးကိုမသွားပဲ ထွက်သက်ဝင်သက် (သို့မဟုတ်) ထွက်လေ ဝင်လေလို့ ဘာသာပြန်ပြီးတော့ ဝါယောရုပ်ကို ကြည့်ကြရအောင်။

သူ့သဘောလေးက "**ခက်မာ၊ ဖွဲ့စေး၊ ပူအေး၊ ထောက်ကန်၊**

http://www.dhammadownload.com



ဤလေးတန် မှတ်ရန်လက္ခဏ"။

ပထဝီမြေဓာတ်ဆိုတာ မာတဲ့သဘော ရှိတယ်။ နူးညံ့တဲ့သဘော ရှိတယ်။ အာပေါ်ဆိုတဲ့ ရေဓာတ်က ယိုစီးတဲ့သဘော, ဖွဲ့စည်းတဲ့သဘော ရှိတယ်။ တေဇောဓာတ်က ပူတဲ့သဘော, အေးတဲ့သဘော ရှိတယ်။

ထွက်လေ ဝင်လေဆိုတဲ့ ဝါယောဓာတ်ကတော့ တွန်းကန်တဲ့ သဘော, လှုပ်ရှားတဲ့သဘော ရှိတယ်။ အဲဒီ တွန်းကန်လှုပ်ရှား ဝါယောရုပ် တစ်ခုထဲ ကွက်ကြည့်။

ဓာတ် (၄)ပါးထဲက ဓာတ်တစ်ပါးပါးမြင်ရင် တရားမြင်တာပါပဲ။ ဓာတ်လေးပါးထဲက တစ်ပါးတစ်လေ မြင်ပြီးတော့ အရိယာစခန်း တက်လှမ်း ကြတဲ့ ပုဂ္ဂိုလ်တွေ အများကြီး ရှိပါတယ်။

တွန်းကန်တဲ့သဘောလေး လှုပ်ရှားတဲ့သဘောလေး။ အဲဒီ တွန်း ကန်တဲ့သဘော, လှုပ်ရှားတဲ့သဘောလေးကို အနုပဿနာ (၇)မျိုးနဲ့ ဖြီဖြန့် ပြီးတော့ ကြည့်ကြရအောင်။

တွန်းကန်လှုပ်ရှားတဲ့ ထွက်လေ၊ တွန်းကန်လှုပ်ရှားတဲ့ ဝင်လေ။ ထွက်လေအခိုက် တွန်းကန်လှုပ်ရှားမှုလေး ဖြစ်တယ်။ ဝင်လေအခိုက် တွန်း ကန်လှုပ်ရှားမှု ဖြစ်တယ်။

ဟော- မမြဲတဲ့သဘောလေးက ထင်ရှားပြီးတော့ နေတာ။ အဲဒါ အနိစ္စာနုပဿနာ။ အဲဒီလို မမြဲတဲ့သဘောလေး အဖန်ဖန် အထပ်ထပ် ရှုပွားတော့ နိစ္စသညာ ပျောက်ပါတယ်။ မြဲတယ်ဆိုတဲ့ အမှတ်သညာ ပျောက် တယ်။

အဲလို မမြဲတဲ့သဘောရှိတဲ့ တွန်းကန်လှုပ်ရှား ဝါယောရုပ်ဟာ ဖြစ်မှု ပျက်မှုနဲ့ နှိပ်စက်နေတာ ဒုက္ခပါလား။ ဆင်းရဲအစစ်ပါလားလို့ မြင်တယ်။ ဒုက္ခကိုမြင်တော့ သုခသညာ ပျောက်ပါတယ်။

အဲဒီလို မမြဲတဲ့အချက်နဲ့ ဆင်းရဲတဲ့အချက်ကို မိမိက မြဲစေချင်တယ်။ မိမိက ချမ်းသာချင်တယ်။ နှိပ်စက်ခံရမှု ဖြစ်တာ ပျက်တာ အနှိပ်စက်မခံရ လိုမှု ရချင်တယ်။ ။ သို့သော်လဲပဲ မမြဲတဲ့ဒဏ်ချက်က ရှိတယ်။ ဆင်းရဲတဲ့ဒဏ် ချက်က ရှိတယ်။

http://www.dhammadownload.com



အဲဒီတော့ ငါပိုင်လို့ရှိရင် ဒီလိုမဖြစ်ဘူး။ ငါမပိုင်လို့သာ ဒီလိုဖြစ်တာပဲလို့ ရှုနိုင်ရင် **"အနတ္တ"**။

အဲဒီလို အနတ္တလို့ ရှုမှတ်လိုက်တဲ့ အခါကျတော့ အတ္တသညာပျောက်ကင်းနိုင်တယ်။ အဲဒီလို အနိစ္စ, ဒုက္ခ, အနတ္တလို့ အမှတ်တံဆိပ်ကြီးတွေ ရှိနေတော့ ငြီးငွေ့ဖွယ်ပဲ၊ ငြီးငွေ့စရာပဲ။ ငြီးငွေ့ဖွယ်လို့ ရှုနေတဲ့ အခါကျတော့ **"နန္ဒတိ"** တဏှာနဲ့ မနှစ်သက်တော့ဘူး။

**"ဝိရဇ္ဇတိ"** တွယ်တာစရာ မဟုတ်ဘူးလို့ အဖန်ဖန် အထပ်ထပ်ရှုမှတ်ပြီးနေတော့ ဟော- တွယ်တာမှုကင်းပြီးတော့ သွားတယ်။ ချုပ်ပျောက်မှုလေး၊ ချုပ်ပျောက်မှုလေး စဉ်းစားပြီးနေတဲ့ အခါကျတော့ တွယ်တာတတ်တဲ့ သမုဒယတဏှာကို ပယ်ရှားနိုင်တယ်။

စွန့်လွှတ်ပုံလေး စွန့်လွှတ်ပုံ အချင်းအရာလေး ကိုယ်မပိုင်လို့ ထွက်လေ ဝင်လေ၊ ထုတ်လို့ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ စွန့်လွှတ်လိုက်ရတာကိုး။

အဲလို စွန့်လွှတ်လိုက်ရပုံလေးကို ရှုမှတ်လိုက်တဲ့ အခါကျတော့ စွဲလမ်းမှု ကင်းပြီးတော့ သွားနိုင်တယ်။အနုပဿနာ- အဖန်ဖန် အထပ်ထပ်ဉာဏ်နဲ့ ရှုမြင်ခြင်း (၇)မျိုး၊ အဲဒီလို ရှုမြင်လို့ရှိရင် ဝါယောရုပ်ရဲ့ သူ့သဘာဝအစစ်အမှန်ကို မြင်နိုင်ပါတယ်။

### ဝိပဿနာဆိုတာ

အဲဒီတော့ **"ဝိပဿနာဆိုတာ မိမိတို့သန္တာန်မှာ ဖြစ်နေတဲ့ ရုပ်နာမ်တို့ရဲ့ ဖြစ်စဉ်ကို ကျကျနနသိတဲ့ လုပ်ငန်းကို ဝိပဿနာလုပ်ငန်းလို့ ခေါ်ပါတယ်"**။

### စူဠနာဂမထေရ်၏ဥဒါန်း

အဲဒီတော့ ဒီသတိပဋ္ဌာန်နဲ့ ပတ်သက်ပြီးတော့ "စူဠနာဂ"မထေရ်မြတ်က ဥဒါန်းကျူးထားတဲ့ စကားလေးတွေ ရှိပါတယ်။ ယနေ့ အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များဟာ မိမိတို့သွားနေတဲ့လမ်းက မဂ္ဂင်လမ်းပါပဲ။

http://www.dhammadownload.com



ဒါကြောင့် စူဠနာဂမထေရ်မြတ်က-

**မဂ္ဂါနဋ္ဌင်္ဂိကောမဂ္ဂေါ၊ သစ္စာနံစတုရောပဒါ၊**

**ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ၊ ဒွိပဒါနဉ္စ စက္ခုမာ။**

မဂ္ဂါနံ- လမ်းခရီးတို့တွင်။ လှည်းလမ်းခရီး ခြေလျှင်ခရီး အစရှိသည်တို့တွင်။ အဋ္ဌင်္ဂိကော- အင်္ဂါ (၈)ပါးရှိသော။ မဂ္ဂေါ- လမ်းခရီးသည်။ သေဋ္ဌော- မြတ်လှပါပေ၏။

မိမိတို့ သွားနေတဲ့ခရီးဟာ အမြတ်ဆုံးတဲ့။ စူဠနာဂမထေရ်က **"သစ္စာနံ စတုရော ပဒါ"**။ သစ္စာနံ- သစ္စာတို့ဘွင်။ စတုရော- လေးပါးကုန်သော။ ပဒါ- သိရ မြင်ရသော သစ္စာတရားတို့သည်။ သေဋ္ဌာ- မြတ်လှပါပေကုန်၏။

သစ္စာတွေ အမျိုးမျိုးရှိတဲ့အထဲက သိအပ် ရအပ်သော **သစ္စာတရား**ဟာ အမြတ်ဆုံးပါပဲတဲ့။

ဓမ္မာနံ- တရားတို့တွင်။ ဝိရာဂေါ- ရာဂကင်းရာ နိဗ္ဗာန်သည်။ သေဋ္ဌော- မြတ်လှပါပေ၏။

မိမိတို့ ဦးတည်ပြီးတော့ သွားနေတဲ့နိဗ္ဗာန်ဟာ တရားထဲမှာ အမြတ်ဆုံး။

ဒွိပဒါနံ- ခြေနှစ်ချောင်းရှိသော ပုဂ္ဂိုလ် သတ္တဝါတို့တွင်။ စက္ခုမာ- ဗုဒ္ဓ, ဓမ္မ, သမန္တနှင့် ဉာဏ, ဒိဗ္ဗ ငါးဖြာသော စက္ခုရှိသော မြတ်စွာဘုရားသည်။ သေဋ္ဌော- မြတ်လှပါပေ၏။

ဟော- အခြေနှစ်ချောင်းရှိတဲ့ ပုဂ္ဂိုလ်တို့တွင် စက္ခုငါးပါးနဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရားဟာ အမြတ်ဆုံးပါပဲ။ အဲဒီတော့ မထေရ်မြတ်ကြီးက ဆက်ပြီးတော့ ဘာဆက်ပြီးတော့ မိန့်ကြားသလဲ။

ဧတံ- ဤသတိပဋ္ဌာန် တည်းဟူသော။ ဧကာယန- မဂ်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်တဲ့ လမ်းကို။ ပဋိပဇ္ဇထ- သွားကြကုန်လော့။

မာရသေနပမဒ္ဒနံ- မာရ်မင်း၏စစ်သည်ကို ဖြိုခွင်းနိုင်သော။ ဧတံ- ဤသတိပဋ္ဌာန် တည်းဟူသော လမ်းခရီးကို။ ပဋိပဇ္ဇထ- သွားကြကုန်လော့။

အကျိုးကိုဆိုမယ်ဆိုရင် ဧတံ- ဤသတိပဋ္ဌာန် တည်းဟူသော

http://www.dhammadownload.com



နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကို။ ပဋိပန္နာ- သွားကြကုန်သော လူတို့သည်။ ဒုက္ခဿ- ဒုက္ခ၏။ အန္တံ- အဆုံးဖြစ်သော နိဗ္ဗာန်ကို။ ကရိဿန္တိ- ရကြလိမ့်မည်။

ဒီသတိပဋ္ဌာန် လမ်းစဉ်အတိုင်း သွား၊ အဲဒီ လမ်းစဉ်အတိုင်း သွားမယ်ဆိုရင် တေဘူမက ဝဋ္ဋဒုက္ခတို့ရဲ့ အဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရောက်လိမ့်မယ်လို့ စူဠနာဂမထေရ်မြတ်ကြီးရဲ့ ဥဒါန်းစကားအတိုင်း မိမိတို့သွားနေတဲ့ လမ်းခရီးသည် ဧကာယနမဂ္ဂခေါ်တဲ့ သတိပဋ္ဌာန်ဆိုတဲ့ လမ်းစဉ်။

ထိုသတိပဋ္ဌာန် လမ်းစဉ်ရဲ့ ပန်းတိုင်က ဒုက္ခချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်။ ဒါကြောင့် မိမိတို့ အားထုတ်နေတဲ့ လမ်းစဉ် ကျင့်စဉ်ရဲ့ ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်သော ဧကာယန မဂ်လမ်းစဉ် ကျင့်စဉ်ကို ဆက်လက်အားထုတ်ကြပါလို့ တိုက်တွန်းရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု သာဓု သာဓု

**ပဥ္စမနေ့ဟောစဉ်ပြီး၏။**

## ဆဋ္ဌမနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ နယုန်လဆန်း (၆)ရက်နေ့။

**မျက်စေ့နှစ်လုံး**

ယနေ့ ယောဂီများ အားထုတ်လာခဲ့တာ (၆)ရက်မြောက် မြတ်စွာဘုရားက မျက်လုံး (၂)မျိုး။

၁။ ဘောဂမျက်လုံး ဘောဂမျက်စိ (စီးပွားရေးမျက်စိ)

၂။ ဓမ္မမျက်လုံး ဓမ္မမျက်စိ (တရားမျက်စိ)

- ဘောဂမျက်စိခေါ်တဲ့ စီးပွားရေးမျက်စိက တစ်လုံး၊
- ဓမ္မစက္ခုခေါ်တဲ့ တရားနဲ့သက်ဆိုင်တဲ့ မျက်လုံးက တစ်လုံး၊

http://www.dhammadownload.com



ယခု ယောဂီများ အားထုတ်နေတာက ဓမ္မမျက်လုံး၊ တရားနဲ့ ပတ်သက်တဲ့ မျက်လုံးကြည်လင်အောင် ဆိုပြီးတော့ အားထုတ်နေကြတာ။

ဘောဂမျက်လုံးတော့ ရှိတယ်။ ဓမ္မမျက်လုံး မရှိဘူးဆိုရင် မျက်လုံးတစ်ခု ချို့တဲ့တယ်။ အကယ်၍ စီးပွားရေးမျက်စိလဲ မရှိဘူး။ တရားနဲ့ ပတ်သက်တဲ့ မျက်လုံးလဲ မကောင်းဘူးဆိုရင် ဒါ အန္ဓ- စုံကန်းဖြစ်ပါတယ်။

အဲဒီ အန္ဓခေါ်တဲ့ မျက်လုံး (၂)ခု ချို့တဲ့တဲ့ ပုဂ္ဂိုလ်ကို ရှောင်ပါ။ ဘောဂမျက်စိခေါ်တဲ့ စီးပွားရေးမျက်စိသာ ရှိပြီးတော့ တရားနဲ့ပတ်သက်တဲ့ မျက်လုံးချို့တဲ့မယ်ဆိုရင် တစ်ဖက်လှ ခေါ်ပါတယ်။ သူ့လဲ ရှောင်ပါတဲ့။

**"ဒွိစက္ခုံပနသေဝေထ၊ သေဋ္ဌပုရိသပုဂ္ဂလံ"**- မျက်လုံး (၂)ခုရှိတဲ့ ပုဂ္ဂိုလ်မှာ မျက်လုံး (၂)ခုလုံးကောင်းမှ နှစ်ဖက်လှမှ မြတ်စွာဘုရားက ချီးမွမ်းတော်မူတာ။

အဲဒီတော့ စီးပွားရှာတဲ့ပုဂ္ဂိုလ်များနဲ့ တရားရှာတဲ့ပုဂ္ဂိုလ်များ မတူကြဘူး။ စီးပွားရှာတဲ့ ပုဂ္ဂိုလ်တွေ, ပညာရှာတဲ့ ပုဂ္ဂိုလ်တွေ နီတိစကားအတိုင်း စီးပွားရေးရှာတဲ့ ပုဂ္ဂိုလ်ပညာသင်တဲ့ ပုဂ္ဂိုလ်များကတော့ မအို, မနာ, မသေမည်လိုလို အို, နာ, သေတွေ စဉ်းစားပြီးမနေဘဲနဲ့ ရှာကြ။ တရားရှာတဲ့ ပုဂ္ဂိုလ်ကျတော့ သေမင်းကနေ ဆံပင်လာဆွဲနေတဲ့ ပုံလို အဲဒီလို စဉ်းစားပြီး တရားရှာကြရတယ်။

## ရသေ့ရဟန်းတို့၏ အောင်လံတံခွန်

တရားရှာတဲ့ ပုဂ္ဂိုလ်နဲ့ စီးပွားရှာတဲ့ ပုဂ္ဂိုလ် ထူးခြားကွဲပြားသွားပါတယ်။ အဲဒီတော့-

**ဘာသယေ ဇောတယေ ဓမ္မံ၊ ပဂ္ဂဏှေ ဣသီနံဓဇံ။**

**သုဘာသိတဓဇာ ဣသယော ဓမ္မော ဟိ ဣသီနံဓဇော။**

ဓမ္မံ- တရားကို။ ဘာသယေ- ဟောရာ၏။ ဇောတယေ- ထွန်းပစေရာ၏။ ဣသီနံ- ရသေ့ရဟန်းတို့၏။ ဓဇံ- တံခွန်သဖွယ်ဖြစ်သော တရားကို။ ပဂ္ဂဏှေ- ချီးမြှောက်ရာ၏။ ဣသယော- ရသေ့ ရဟန်းတို့သည်။ သုဘာသိတဓဇာ- ကောင်းစွာဟောအပ် ပြောဆိုအပ်သော တံခွန်အောင်လံ ရှိကြပါကုန်



61(B)

http://www.dhammadownload.com



၏၊ ကောင်းစွာပြောဆို ဟောကြားအပ်သော တရားတည်းဟူသော တံခွန် အောင်လံ ရှိကြပါကုန်၏။

တရားတော်ကို ထွန်းပစေရမယ်။ ဟောပြောနေရမယ်။ ရသေ့ ရဟန်းတို့ရဲ့ တံခွန်သဖွယ်ဖြစ်သော တရားကို ဟောပြရမယ်။ ရသေ့ ရဟန်းတို့မည်သည် ကောင်းစွာဟောကြားအပ်တဲ့ တရားတည်းဟူသော အောင်လံ တံခွန်ကို ထူပြီးတော့ နေရမယ်။

**ဓမ္မောဟိ ဣသီနံ ဓဇော။**

ဓမ္မော- တရားတော်သည်။ ဣသီနံ- ရသေ့ရဟန်းတို့၏။ ဓဇော- အောင်လံတံခွန်သဖွယ် ဖြစ်ပါပေ၏။

တရားတော်များ ဟောကြ၊ တရားဆိုတာ ရသေ့ ရဟန်းတို့ရဲ့ အောင်လံတံခွန်။ ရည်ရွယ်ချက် (၂)မျိုးနဲ့ မြတ်စွာဘုရားက တရားဟော ခဲ့တာ။

ရည်ရွယ်ချက် (၂)မျိုးနဲ့ မြတ်စွာဘုရား ဟောခဲ့တာ ဖြစ်တဲ့အတွက် မြတ်စွာဘုရား စကားတော်သည် အမြတ်ဆုံးဖြစ်တယ်။

**ယံ ဗုဒ္ဓေါ ဘာသတေဝါစံ၊ ခေမံ နိဗ္ဗာနပတ္တိယာ။**

ပထမမြတ်စွာဘုရား စကားပြော တရားဟောတော်မူခြင်းရဲ့ ရည်ရွယ်ချက်က ဒုက္ခခပ်သိမ်း ငြိမ်းရာ နိဗ္ဗာန်ကိုရောက်ဖို့။

"**ဒုက္ခဿန္တ ကိရိယာယ**"- တေဘူမကဝဋ်ဒုက္ခ အဆုံးသတ်ဖို့။ ဒီရည်ရွယ်ချက် (၂)မျိုးနဲ့ မြတ်စွာဘုရား တရားဟောတယ်။

အဲဒါကြောင့်မို့ ဘုရားစကားတော်သည် "**သာဝေဝါစာမုတ္တမာ**"- စကားအားလုံးထဲမှာ အမြတ်ဆုံးစကား၊ အမြတ်ဆုံးစကားတော်။

**အတ္တာ, အနတ္တာ**

ဒါကြောင့် ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက ရခဲလှတဲ့ လူ့ဘဝမှာ အနတ္တကို ပြတတ်တဲ့ ပါဠိစာပေကိုပဲ လိုက်စားရေးသားချင်တယ်။ အတ္တကို ပြဆိုနေတဲ့ သက္ကဋစတဲ့ ဘာသာများကို ဒီလိုဘဝကောင်းမျိုးမှာ မသင်ဘူးတဲ့ ဆရာတော်ဘုရားကြီးက ပါဠိပိဋကမာဂဓပါဠိပိဋက က

http://www.dhammadownload.com



အနတ္တကိုပြတယ်။ အနတ္တက သိပ်ပြီးတော့ အရေးကြီးတာကိုး။

ဘာကြောင့်လဲဆိုတော့ အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ လက္ခဏာယာဉ် (၃)မျိုးမှာ နှုတ်ကကျိုးနေတာက အနိစ္စ, အနိစ္စ။ တစ်ခုတစ်ခုဖြစ်တိုင်း ဒုက္ခ, ဒုက္ခ။ အနတ္တကျတော့ အနတ္တ, အနတ္တလို့တောင် မငြီးကြဘူး။ ဘာကြောင့် မငြီးသလဲဆိုတော့ မြင်ဖို့ခက်တာကိုး။ စကားအနေတောင် မပြောကြဘူး။

ယခု ယောဂီသူတော်စင်များ တဖြေးဖြေးနဲ့ အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ်၊ ဒီဉာဏ်တွေ ပေါက်ရောက်ရမှာကိုး။ အခု ဒီဉာဏ်တွေ ပေါက်ရောက်အောင် အားထုတ်ပြီးတော့ နေကြတယ်။

အဲဒီလို ဉာဏ်တွေ ပေါက်ရောက်အောင် အားထုတ်နေကြတော့ မနေ့ညကပြောတဲ့ စူဠနာဂမထေရ်ကြီးရဲ့ ဥဒါန်းစကားထဲမှာ-

**ဧသေဝ မဂ္ဂေါ နတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ။**

ဒဿနဿ- နိဗ္ဗာန်ကို မြင်တတ်သော ဉာဏ်အမြင်၏။ ဝိသုဒ္ဓိယာ- စင်ကြယ်သန့်ရှင်းခြင်းငှါ။ ဧသောဝ- ဤသတိပဋ္ဌာန်လမ်းစဉ်သည်သာလျှင်။ မဂ္ဂေါ- အကောင်းဆုံးလမ်းစဉ်ပေတည်း။ အညော- အခြားလမ်းသည်။ နတ္ထိ- မရှိပေ။ ဟိ- မှန်ပါ၏။ ဧတံ- ဤသတိပဋ္ဌာန်လမ်းစဉ်ကို။ ပဋိပဇ္ဇထ- သွားကြပါကုန်လော့။ ပဋိပဇ္ဇထ- ကျင့်ကြံကြပါကုန်လော့။

မာရသေနပမဒ္ဒနံ- မာရ်မင်း၏စစ်သည်တို့ကို နှိမ်နင်းနိုင်သော။ ဧတံ- ဤသတိပဋ္ဌာန်လမ်းစဉ်ကို။ ပဋိပဇ္ဇထ- ကျင့်ကြံသွားကြပါကုန်လော့။ ဟိ- အကျိုးကိုဆိုဦးအံ့။ ဧတံ- ဤသတိပဋ္ဌာန်လမ်းစဉ်ကို။ ပဋိပန္နာ- ကျင့်ကြကုန်သော သူတို့သည်။ ဒုက္ခဿ- စက်သံသာရ ဝဋ်ဒုက္ခ၏။ အန္တံ- အဆုံးဖြစ်သော နိဗ္ဗာန်ကို။ ကရိဿထ- ရကြပါကုန်လိမ့်မည်။

စူဠနာဂမထေရ်ကြီးရဲ့ ဥဒါန်းမှာ ဒီသတိပဋ္ဌာန်လမ်းစဉ်ဟာ မာရ်မင်းရဲ့ စစ်သည်တွေကို နှိမ်နင်းနိုင်တယ်။ မာရ်မင်း၏ စစ်သည်တွေကို နှိမ်နင်းနိုင်တယ်။

http://www.dhammadownload.com



**မာရ်စစ်သည် (၁၀)မျိုး**

မာရ်မင်း၏ **စစ်သည်ဆိုတာ** ဘာတွေလဲ။

**ကာမာ တေ ပဌမာသေနာ၊ ဒုတိယာ အရတိ ဝုစ္စတ်၊**
**တတိယာ ခုပ္ပိပါသာတေ၊ စတုတ္ထိ တန္ဟိ ပဝုစ္စတိ။**

မာရ်မင်း၏ **စစ်သည်** (၁၀)ပါးဆိုတာ သတ္တဝါတွေအားလုံးကို တိုက်ခိုက်နေတဲ့ မာရ်မင်း၏ စစ်သည် (၁၀)ပါး။

ပထမဦးဆုံး စစ်သည် သက်ရှိသက်မဲ့ ဝတ္ထုကာမ၊ အဲဒီ သက်ရှိသက်မဲ့တို့ကို ကပ်ငြိတွယ်တာတတ်တဲ့ ကိလေသာကာမ၊ ငါးဖြာကာရုံ ကာမဂုဏ်တို့ဟာ ပထမဆုံးမာရ်မင်း၏ စစ်တပ်ကြီးပဲ။

လောကဓာတ်တိုင်း ခရိုင်မှာ တစ်ခါထဲ ဒီစစ်သည်တွေနဲ့ သတ္တဝါတို့ကို တိုက်ခိုက်နေခဲ့တယ်။ အဲဒီမှာ ငါးဖြာအာရုံ ကာမဂုဏ်တွေဟာ မာရ်မင်းရဲ့ ပထမဆုံး **စစ်တပ်ကြီးပဲ**။

အဲဒီ ပထမမာရ်စစ်သည်ကို နှိမ်နင်းဖို့အတွက် ယခုတရားအား ထုတ်ကြရတာပါပဲ။ ဒီသတိပဋ္ဌာန်လမ်းစဉ်ဟာ အဲဒီမာရ်မင်းရဲ့ အာရုံငါးပါး ကာမဂုဏ်တရားဆိုတဲ့ စစ်သည်များကို နှိမ်နင်းနိုင်တယ်။

**"ဒုတိယာအရတိ ဝုစ္စတိ"**- ပရိယတ် ပဋိပတ် (၂)ရပ်ထဲက ပရိယတ်သင်ကြားမှုမှာ မမွေ့လျော်ခြင်း၊ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး (ပဋိပတ္တိ) ကျင့်စဉ်များကို ကျင့်ရမှာ မမွေ့မလျော် မပျော်ပိုက်ခြင်း၊ အဲဒီ မပျော်ပိုက်ခြင်းဟာ မာရ်မင်းရဲ့ ဒုတိယစစ်သည်ကို အရှုံးပေးနေရခြင်းပါပဲ။

**"တတိယာ ခုပ္ပိပါသာတေ"**- တတိယမာရ်မင်း၏ စစ်သည်ကတော့ ဆာလောင်မှုပါပဲ။ ဟော- ဒီဆာလောင်မွတ်သိပ်ခြင်းဆိုတဲ့ မာရ်မင်း၏ စစ်သည်ကလဲ ညှင်းပမ်းနိုင်တယ်။ တစ်ခါတရံ သူ့ကိုမကျော်လွှန်နိုင်တော့ ဥပုသ်စောင့်သုံးပေတယ်လို့ ဥပုသ်ကျိုးကြရတယ်။

**"စတုတ္ထိ တန္ဟိ ပဝုစ္စတိ"**- ပျင်းရိခြင်း ကောင်းမွန်တဲ့ တရားတွေကို အားမထုတ်လို အပျင်းပိုခြင်းဆိုတဲ့ မာရ်မင်း၏ **စစ်သည်**တော်ပါပဲ။

**"ပဉ္စမံ ထိန မိဒ္ဓံတေ"**- ငါးခုမြောက် မာရ်မင်း၏ စစ်သည်က ဘာလဲလို့ဆိုရင် ပျင်းရိဖင့်နွဲ့ပြီးတော့ ထိုင်းမှိုင်းပြီးတော့ နေခြင်းဟာ

http://www.dhammadownload.com



မာရ်မင်း၏ ငါးခုမြောက်စစ်သည်ပါပဲ။

**"ဆဋ္ဌီ ဘီရူ ပဝုစ္စတိ"**- အဲဒီလို ပျင်းရိဖင့်နွဲ့ပြီးနေတဲ့ အချိန်လေးမှာ တောထဲ တောင်ထဲနေကြတဲ့ အခါမျိုးမှာဆိုရင် တစ်ခါတရံ ကြောက်စိတ်, လန့်စိတ်တွေက ပေါ်ပေါက်လာတတ်တယ်။ အဲဒီ ကြောက်စိတ်, လန့်စိတ်ဟာ (၆)မြောက် မာရ်မင်း၏ စစ်သည်ပါပဲ။

**"သတ္တမီ ဝိစိကိစ္ဆာတေ"**- (၇)ခုမြောက် စစ်သည်က ဘာလဲဆိုတော့ ရတနာသုံးပါး ရှေ့ဖြစ်စဉ်၊ နောက်ဖြစ်စဉ် အကျိုးတရား အကြောင်းတရားတွေနဲ့ ပတ်သက်ပြီးတော့ ဝေခွဲမရနိုင်တဲ့ ဝိစိကိစ္ဆာဟာ (၇)ခုမြောက် မာရ်မင်း၏စစ်သည်ပဲ။ ဒါကိုလဲ ဒီသတိပဋ္ဌာန်လမ်းစဉ်က နှိမ်နင်းနိုင်တယ်။

**"မက္ခော ထမ္ဘော စ အဋ္ဌမော"**- အဋ္ဌမမြောက်တဲ့ မာရ်မင်း၏ စစ်သည်က ဘာလဲလို့ဆိုတော့ သူတစ်ပါးရဲ့ ကျေးဇူးကို ချေဖျက်ခြင်း ခက်ထန်ခြင်းဟာ (၈)ခုမြောက်ဖြစ်တဲ့ မာရ်မင်း၏စစ်သည်။

**လာဘသက္ကာရ သိလောကော၊ မိစ္ဆာလဒ္ဓေါစ ယောယသော။**

မမှန်ကန်တဲ့ နည်းလမ်းနဲ့ရတဲ့ ရိုးရိုးပစ္စည်းလေးပါး၊ အဆန်းတကျယ် တရိုတသေပြုပြီး ရထားတဲ့ ပစ္စည်းလေးပါး၊ အဲဒီလို လာဘသက္ကာရနဲ့ သိလောက နာမည်ကြီးမှုတို့ဟာလဲ မာရ်မင်းရဲ့ (၉)ခုမြောက် စစ်သည်ပါပဲ။

**ယောစတ္တာနံ သမုက္ကံသေ၊ ပရေစ အဝဇာနာတိ။**

အဲဒီလို မာရ်မင်း၏စစ်သည်တွေကို ကျော်လွှားပြီးနေနိုင်သော်လဲ မိမိကိုယ်ကို ချီးမြှောက်၊ သူတစ်ပါးကို နှိမ်ချပြောဆိုခြင်း။ အဲဒီလို မိမိကိုယ်မြှောက်၊ သူတစ်ပါးကို နှိမ်ခြင်းဟာလဲ မာရ်မင်းရဲ့စစ်သည်တွေပါပဲတဲ့။ အဲဒီ မာရ်မင်းရဲ့ စစ်သည်များကို တိုက်ခိုက်နိုင်အောင်။

**ဧတဉ္စ တုမှေ ပဋိပန္နာ မာရသေန ပမဒ္ဒနံ။**

မာရသေန ပမဒ္ဒနံ- မာရ်မင်း၏စစ်သည်ကို နှိမ်နင်းနိုင်သော။ ဧတံ- ဤသတိပဋ္ဌာန် ကျင့်စဉ်ကြီးကို။ ပဋိပန္နာ- ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်လော့။

ဟော- မာရ်မင်း၏စစ်သည်များကို နှိမ်နင်းနိုင်တယ်။ တိုက်ခိုက်နိုင်တယ်။ အနိုင်ယူနိုင်တယ်။ ပထမဆုံး ဘုရားဖြစ်ခါစ မာရ်နတ်ကလာပြီး

http://www.dhammadownload.com



တော့ ပထမဆုံး အာရုံငါးပါးဆိုတဲ့ လက်နက်တွေနဲ့ လာပြီးတော့ မြတ်စွာဘုရားကို ပထမဆုံး ပစ်ခတ်တယ်။

အခြားပုဂ္ဂိုလ်တွေလိုမှတ်လို့ အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ ရသာမျိုးစုံ ရသာရုံ၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ ခေါ်တဲ့ အာရုံငါးပါးဆိုတဲ့ လက်နက်တွေနဲ့ သင်ရဟန်း ဂေါတမကို ဖမ်းမယ်၊ ဆီးမယ်၊ ဖွဲ့နှောင်မယ်၊ ပထမစစ်သည်တို့ရဲ့လက်က ရဟန်းဂေါတမ မလွတ်စေရဘူး။ အဲဒီတော့ မြတ်စွာဘုရားက ပြန်ပြီးတော့-

**ရူပသဒ္ဒါ ဂန္ဓာရသာ၊ ဖောဋ္ဌဗ္ဗာစ မနောရမာ။**

**ဧတ္ထမေ ဝိဂတော ဆန္ဒော၊ နိဟတော တွ မသိအန္တက။**

အာရုံငါးပါးဆိုတဲ့ တရားတွေအပေါ်မှာ ငါဘုရားဆန္ဒ မရှိတော့ဘူး၊ လိုလားတောင့်တမှု မရှိတော့ဘူး။

အန္တက- အမှန်မလုပ် အကြံစုပ်တဲ့ ဟယ်- မာရ်နတ်ယုတ်။ တွံ- သင့်ကို။ နိဟတော- နှိပ်ကွပ်အပ်သည်။ အသိ- ဖြစ်ပေပြီ။

ဆိုပြီးတော့ မာရ်မင်း၏ ပထမစစ်သည်တို့ကို မြတ်စွာဘုရားက အနိုင်ယူခဲ့တာ။ ဒီမာရ်မင်း၏ စစ်သည်တို့ကိုပဲ အပြစ်အနာအဆာတွေလို့ အင်မတန် ဟောကြားတယ်။ ဒီမာရ်မင်း၏ စစ်သည်အရံအတားကို လွန်နိုင်ဖို့ရာနဲ့ ပတ်သက်လို့ ဘယ်လိုဟောသလဲဆိုတော့။

## ကာမဂုဏ်အပြစ်

**အဋ္ဌိကင်္ကလူပမာ ကာမာ၊ ဗဟုဒုက္ခါ ဗဟုပါယာသာ။**

ကာမာ- ၃ထုဇဉ်များ ခင်ယူမှားသည် ငါးပါးအာရုံ ကာမဂုဏ်တို့သည်။ အဋ္ဌိကင်္ကလူပမာ- အသားမဲ့ သွားသရည်ဖြင့် ပါးဆီယိုဖိတ် ညှီစိုရိပ်ကြောင့် စိတ်မချင့်ရဲ ခွေးအိုခဲသည့် အမဲရိုးလျှင် နှိုင်းယှဉ်စရာ ဥပမာ ရှိကုန်၏။

မာရ်မင်း ပစ်လွှတ်လိုက်တဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေဟာ ခွေးငတ်ပိန်လေး အသားမပါတဲ့ အရိုးလေးကိုခဲတော့ တဖြေးဖြေးနဲ့ ကိုယ့်သွားရေလေးနဲ့ကို အပင်ပန်းခံပြီးတော့ ကောင်းနိုးနိုး ကောင်းနိုးနိုးနဲ့ ဖြစ်နေ

http://www.dhammadownload.com



သလိုပဲ။

ဒါကြောင့် အာရုံငါးပါး ကာမဂုဏ်တရားတို့သည် အသားမမှီ သွားသရေဖြင့် ပါးဆီယိုဖိတ် ညှီစိုရိပ်ကြောင့် စိတ်မချင့်ရဲ ခွေးအိုခဲသည့် အမဲရိုးလျှင် ဥပမာနှိုင်းယှဉ်စရာ ရှိပါ၏။ အမဲရိုးနဲ့တူတယ်။

ကာမာ- ပုထုဇဉ်များ ခင်ယူမှားသည့် ငါးပါးအာရုံ ကာမဂုဏ်တို့သည်။ ဗဟုဒုက္ခာ- မရှိတောင့်တ ရှိကြောင့်ကြနှင့် ငါးဝဘေးရန် အတန်တန်ကြောင့် ပူပန်မစဲ လွန်ဆင်းရဲကုန်၏။

ဒီအာရုံငါးပါးအတွက်ပဲ မရှိတော့လဲ တောင့်တ၊ ရရှိတော့လဲ ကြောင့်ကြရ ငါးဝဘေးရန် အတန်တန်ကြောင့် ဘေးကြီးငါးမျိုးတို့ရဲ့ ဆက်စပ်ပြီးနေတဲ့ အတွက်ကြောင့် ပူပန်မှုတွေ အမြဲတမ်းဖြစ်ပြီးတော့ နေကြရတယ်။

ဗဟုပါယာသာ- မချိရောင်ရမ်း သတိခန်းအောင် ပင်ပန်းခြင်းများ ဖြစ်ကြပါကုန်၏။

ဒီအာရုံငါးပါးနဲ့ပဲ ပတ်သက်ပြီးတော့ ပင်ပန်းနေကြရတယ်။

ဧတ္ထဧတေသု ကာမေသု- ဤအာရုံငါးပါး ကာမဂုဏ်တရားတို့၌။ အာဒီနဝေါ- ဆွေမျိုးရင်းခြာ မိတ်သဟာပင် အနာဒရ မညှာကြပဲ ဒေါသရန်စစ် ကြမ်းကြုတ်သော အပြစ်သည်။ ဘိယျော- ပူဆာထူးထွေ များလှပါပေ၏။

ဒီအာရုံငါးပါးနဲ့ ပတ်သက်ပြီး ဆွေမျိုးရင်းဆွေကလဲ မညှာဘူး။ သက်ရှိသက်မဲ့ အာရုံငါးပါး ရရှိရေးနဲ့ ပတ်သက်ပြီး ဆွေရယ်, မျိုးရယ် ဆိုပြီး မညှာဘူး။ မိရယ်, ဖရယ်လို့လဲ မညှာတာတောင် ရှိနေတတ်သေးတယ်။ "ရသာလျှင် ဘနဖူးသိုက်တူး" ဆိုတာလဲ အာရုံငါးပါးအတွက်ပါပဲ။ ရှာကြဖွေကြရတယ်။

ဆက်ပြီးတော့ ဟောပြန်တယ်။

**သုပိနကူပမာကာမာ။**

ကာမာ- ပုထုဇဉ်များ ခင်ယူမှားသည် ငါးဖြာအာရုံ ကာမဂုဏ်တို့သည်။ သုပိနကူပမာ- ရွှေအိမ်ရွှေနန်း အခန်းခန်းဖြင့် စံမြန်းရပုံ ဟုတ်လေတုံနှင့် အာရုံစွဲငြိ နိုး၍ကြည့်က မရှိသက်သက် ယွင်းကွယ်ပျက်သည့် အိမ်မက်လျှင် နှိုင်းယှဉ်စရာ ဥပမာရှိကုန်၏။

http://www.dhammadownload.com



အာရုံငါးပါးတွေဟာ အိမ်မက်လိုပဲ။ အိမ်မက်မက်လိုက်တာ ရွှေအိမ် ရွှေနန်းတွေနဲ့ စံမြန်းရပုံတွေ မြင်မက် သိပ်ပြီးတော့ အာရုံထဲမှာ ကျေနပ်နေတယ်။ အိပ်ယာကနိုးလို့ ကြည့်လိုက်တဲ့အခါ အာရုံစွဲငြိ နိုး၍ကြည့်က မရှိသက်သက် ယွင်းကွယ်ပျက်သည့် အိမ်မက်လျှင် နှိုင်းယှဉ်စရာ အိမ်မက်နဲ့ တူကြပါတယ်။ ဆက်ဟောပြန်တာက-

**သပ္ပသိရူပမာ ကာမာ။**

ကာမာ- ပုထုဇဉ်များ ခင်ယူမှားသည့် ငါးပါးအာရုံ ကာမဂုဏ်တရားတို့သည်။ သပ္ပသိရူပမာ- အဆိပ်ခိုအောင်း မြွေဦးခေါင်းနှင့် နှိုင်းယှဉ်စရာ ဥပမာရှိကုန်၏။

ဒီအာရုံငါးပါး ကာမဂုဏ်တရားတွေဟာ အဆိပ်ခိုအောင်း မြွေပွေး မြွေဟောက်တို့ရဲ့ ဦးခေါင်းနဲ့တူတယ်။ အင်္ဂါရကာသူပမာ- မီးကြီးတွင်းနဲ့လဲ တူတယ်။

**တိဏုက္ကူပမာ ကာမာ။**

ကာမာ- တို့သည်။ တိဏုက္ကူပမာ- လေညာ လေထက် ဆောင်သူ့ လက်သို့ လျှံတက်ဟူးဟူး လျှံစက်ကူးသည့် မြက်မီးရှူးလျှင် ဥပမာရှိကြကုန်၏။ မြက်မီးရှူး ကိုင်ပြီးတော့ သွားတော့ ကိုင်တဲ့သူလက် လောင်သလို။

ဒီအာရုံငါးပါးဟာလဲပဲ အဲဒီအာရုံငါးပါးကို လိုချင်တဲ့သူကို လောင်မြိုက်စေပါတယ်။ ဝိပဿနာမှန်ပြောင်းနဲ့ ကြည့်လိုက်ရင် ကာမဂုဏောသ-အပြစ်ကိုတော့ဖုံးကွယ် မက်ဖွယ်ကိုတော့ ဘန်းတင်ပြတဲ့ ငါးအာရုံ ကာမဂုဏ်တို့၌ အာဒီနဝံ- အေးဖွယ်အကျိုး အေးရနိုးနှင့် အေးရာမတွေ့ အေးငွေ့မတင် ပူပင်ရှုပ်ထွေး အပြစ်ဘေးတွေကို **"ဒိသွာ"** ဘာဝနာမှန်ပြောင်းဖြင့် တကယ်မြွှော်မြင် ရှုဆင်ခြင်၍။ ဧကော- ဖေးသူမသူ ဘယ်သူ မခေါ် အဖော်မပါ တစ်ယောက်ထဲသာလျှင် ဟော- မိမိရဲ့ ဆွေတွေ၊ မျိုးတွေ၊ သားတွေ၊ သမီးတွေ၊ ညီအစ်ကို မောင်နှမတွေ ထားပြီးတော့။ ခဂ္ဂဝိသာဏကပ္ပေါ- ပင်တည်းခန့်ခန့် အနေသန့်သည့် ကြံ့ချိုနှင့်တူစွာ ကြံ့ချိုများလို သန့်သန့်ပြန့်ပြန့်လေး အဖော်မပါ တစ်ယောက်ထဲ။ ခဂ္ဂဝိသာဏကပ္ပေါ-ကြံ့ချိုနှင့်တူစွာ။ စရေ စရေယျ- (၃၁)ဘုံ အကုန်လောင်မြိုက် အမှိုက်မီးစာ

http://www.dhammadownload.com



ဤတဏှာဟု ဘာဝနာဉာဏ် မြင်စေတဲ့၍ လေးသြယရေပြင်ကျယ် ဝဋ်ပင်လယ် သံသရာကြီးမှ လွတ်မြောက်ရန် မင်္ဂဟုန်စီး၍မို့ တသွင်ကြီး ကျင့်ကြံပေရာသတည်း။

သာဓု သာဓု သာဓု

**ဆဋ္ဌမနေ့ဟောစဉ်ပြီး၏။**

## သတ္တမနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ နယုန်လဆန်း (၇)ရက်နေ့။

### ဉာဏ်စဉ် (၁၀)ပါး လင်္ကာ

ဒေသနာတော်နဲ့အညီ ဒီပနီကျမ်းပေါင်း (၁၀၀)ကျော် ရေးသားပြီး ဤကမ္ဘာကြီးအား ဝိဇ္ဇာဓာတ်အလင်းရောင် ဖြန့်ဝေတော်မူခဲ့သော ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့တဲ့ ဉာဏ်စဉ် (၁၀)ပါးလင်္ကာ။

စာရွက်ကလေးတွေ ရိုက်ပြီးတော့ ဝေထားတယ်။ ဉာဏ်စဉ် (၁၀)ပါး၊ ဝိပဿနာဉာဏ်စဉ် (၁၀)ပါး။

၁၂၆၆-ခုနှစ်ဆိုတော့ ၁၃၆၂-ခုဆိုတော့ လွန်ခဲ့တဲ့ (၉၄)နှစ်က ဆရာတော်ဘုရား ရေးသားတော်မူခဲ့တဲ့ ဉာဏ်စဉ် (၁၀)ပါး။

ဟောဒီမှာ **"ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်"**။

အဓိပ္ပါယ်က ဘာလဲလို့ဆိုတော့ မိမိတို့သန္တာန်မှာ ဖြစ်ပွားနေတဲ့ ရုပ်တရား, နာမ်တရားတွေကို ခန္ဓာနဲ့ ဖြိုဖြန့်ပြီးတော့ကြည့်၊ အာယတန, ဓာတ်, သစ္စာ၊ ဒီလေးမျိုးနဲ့ ကြည့်ကြည့်ပါလားတဲ့။

အဲဒီလို ဖွဲ့စည်းပြီးတဲ့ အခါကျတော့ လက္ခဏာယာဉ် အမှတ်တံဆိပ် သုံးပါးနဲ့ သုံးသပ်ကြည့်မယ်ဆိုရင် ကြည့်နိုင်မယ်ဆိုရင် **"သမ္မသနဉာဏ်"**။

http://www.dhammadownload.com



သုံးသပ်တာ အနိစ္စလို့, ဒုက္ခလို့, အနတ္တလို့ သုံးသပ်။ သို့သော်လဲ ရှေ့နားက ခန္ဓာငါးပါးနဲ့ ဖွဲ့စည်းပြီး ကြည့်မလား။ အာယတန (၁၂)ပါးနဲ့ ကြည့်မလား။ ဓာတ် (၁၈)ပါးနဲ့ ကြည့်မလား။ သစ္စာ (၄)ပါးနဲ့ ကြည့်မလား။

ဒါဖြင့် မိမိတို့ ရှုမှတ်ပွားများလာကြတဲ့ ဝါယော- တွန်းကန်လှုပ်ရှားတဲ့ သဘောလေး ရှိတယ်။ တွန်းကန်လှုပ်ရှားတယ်။ အဲဒါ ဝါယောရုပ်။

အဲဒီ ထွက်လေ ဝင်လေဆိုတဲ့ ဝါယောရုပ်၊ ခန္ဓာနဲ့ပြောတော့ ရူပက္ခန္ဓာ။ ခန္ဓသဒ္ဒါက အစုအပုံ အနက်ဟောပါတယ်။ ရူပက္ခန္ဓာဆိုတာ ရုပ်အစုအဝေးပါပဲ။ တစ်နည်းပြောရရင် ဇာတိ, အို, နာ, သေတို့ရဲ့ စားဖတ် ဝါးဖတ်ကို ခန္ဓာလို့ခေါ်တယ်။

ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ ငြိမ်နေတဲ့ စိတ်ကလေး။ အဲဒီ စိတ်ကလေးက "အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဏ်ဆို၏"။ ဝိညာဏက္ခန္ဓာ- အာရုံကို ယူတတ်လို့။ အသိသဘောလေး ထွက်လေ ဝင်လေဆိုတဲ့ ဝါယောဓာတ်ကလေးကို သိတဲ့စိတ်က ဝိညာဏက္ခန္ဓာ။

အဲဒီတော့ ရုပ်၊ ဝိညာဏက္ခန္ဓာ။

အဲဒီလို ရုပ်တရားနဲ့ စိတ်တရားလေးကို။ အဲဒီစိတ်ကလဲ သူ့ချည်းထဲ ဖြစ်တာမဟုတ်ဘူး။ သူနဲ့တွဲပြီးတော့ ဝေဒနာ "ခံစား ခံစား"မှုအစု ဝေဒနာက္ခန္ဓာ၊ မှတ်သားမှုအစု သညာက္ခန္ဓာ၊ ပြုပြင်စီရင်မှုအစု သင်္ခါရက္ခန္ဓာ၊ အဲဒီတော့ ခန္ဓာငါးပါးလုံး မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့ သဘောကို သုံးသပ်နေတာ သမ္မသနဉာဏ် ခေါ်တယ်။

"ဖြစ်ပွားပျက်မှု အစုံရှု ဥဒယဗ္ဗယဉာဏ်"။

အဲဒီ တွန်းကန်လှုပ်ရှားနေတဲ့ ဝါယောရုပ်ကို ပျက်သွားတာကိုလဲ ကြည့်လိုက်၊ ထွက်လေ ဖြစ်-ပျက်၊

ထွက်လေ ဖြစ်-ပျက်၊ စိတ်ရဲ့ဖြစ်မှု ပျက်မှု၊ အဲလို (၂)ခု မိမိသန္တာန်မှာဖြစ်တဲ့ ရုပ်တရား နာမ်တရားတို့ရဲ့ ဖြစ်ပျက်သွားပုံကို ရှုတဲ့ဉာဏ်ကိုတော့ ဥဒယဗ္ဗယဉာဏ်။

ဥဒယဗ္ဗယဉာဏ်၊ ဒီဥဒယဗ္ဗယဉာဏ် အပိုင်းမှာပဲ အန္တရာယ်တွေ ဝိပဿနာရဲ့ အနှောင့်အယှက် အဆီးအတား အန္တရာယ်တွေ ပီတိနှင့်သိမ့်မှု၊

http://www.dhammadownload.com



ဩဘာသော- အရောင်အဆင်း၊ ပဿဒ္ဓိ- ငြိမ်းအေးမှုတွေ စတဲ့ ဝိပဿနာညစ်ညူးကြောင်းတွေ ပေါ်လာတတ်တယ်။

အဖြစ်နဲ့အပျက်ကို တွဲပြီးတော့ ရှုနေတဲ့အခါမှာ အန္တရာယ်တွေ ပေါ်လာတတ်ပါတယ်။ ဝိပဿနာက နုသေးတာကိုး။

- **အပျက်ကိုသာ ရှုတုံပါ သညာ ဘင်ဉာဏ်။**

ရုပ်တရား၊ နာမ်တရားတို့ရဲ့ အဖြစ်အပျက် အစုကို မရှုတော့ပဲနဲ့ အပျက်သက်သက်ကိုပဲ ရှုတဲ့ဉာဏ်ကို ဘင်ဉာဏ်။

- **အပျက်မြင်က ဘယမစွ ပျက်မှုခပင်း ဘေး,ဘေးမင်းဟု ကြောက်ခင်းထွေထွေ ပြုတုံပေ မှတ်လေ ဘယဉာဏ်။**

နောက် ဉာဏ်တစ်ခုကတော့ ဘယဉာဏ်၊ အဲဒီလို အပျက်ချည်း သက်သက် မြင်တဲ့အခါကျတော့ ရုပ်တရား၊ နာမ်တရားတို့ရဲ့ ပျက်မှုချည်းပဲ မြင်နေတဲ့အခါ ကြောက်ဖွယ်ခပင်း ဘေး,ဘေးမင်း၊ ကြောက်စရာတွေ အနေအားဖြင့် ရှုမှတ်ကြရတော့ ဘယဉာဏ်တဲ့။

- **ကြောက်ဖွယ်ခပင်း မြင်တုံလျှင်းက ဘေးဘယမျိုး ရုပ်နာမ်ဆိုး၌ ကိုးရာမရှိ ခက်မှန်းသိ အာဒိနဝဉာဏ်။**

အာဒိနဝဉာဏ်ဆိုတာ ကြောက်ဖွယ်၊ လန့်ဖွယ်တွေ မြင်လာတဲ့ အခါကျတော့ ဘေးဘျမ်းတွေစုလှတဲ့ ရုပ်တွေ၊ နာမ်တွေအပေါ်မှာ ကိုးရာ မရှိလောက်အောင် အပြစ်ကို မြင်တာ အာဒိနဝဉာဏ်၊ အပြစ်အနာအဆာကို မြင်တာ အာဒီနဝဉာဏ်။

- **ကိုးရာမထင် ခက်ပုံမြင်က မရွှင်မလန်း စိတ်ကုန်ခမ်း၍ မချမ်းမမြေ ငြီးငွေ့သောထွေ စိတ်အနေ မှတ်လေ နိဗ္ဗိဒံ။**

ခိုကိုးရာ အားကိုးရာ မမြင်တော့ ငြီးငွေ့သွားတယ်။ အာသာဟုန်ကင်းပြီးတော့ ငြီးငွေ့တဲ့ စိတ်ကလေးတွေ ဖြစ်ပေါ်လာတာကို နိဗ္ဗိဒါဉာဏ်။

- **ငြီးငွေ့အားသန် စိတ်ပုပန်က လျှင်မြန်မြန်သိ လွတ်လိုဘိ မုစ္စိတုကမျတာဉာဏ်။**

ငြီးငွေ့မှုတွေ အားသန်လာပြီဆိုတဲ့ အခါကျတော့ ဒီရုပ်နာမ် ဒီရုပ်ဒုက္ခ၊ ရုပ်အနိစ္စ၊ ရုပ်အနတ္တ၊ နာမ်ဒုက္ခ၊ နာမ်အနိစ္စ၊ နာမ်အနတ္တမှ လွတ်

http://www.dhammadownload.com



လိုတဲ့စိတ်၊ လွတ်လိုတဲ့ ဉာဏ်ကို မုစ္စိတုကမျတာဉာဏ်။

- **လွတ်လိုလှ၍ လွတ်ရတဲ့ငှါ ဘာဝနာ (၄၀) အကျယ်ဖြန့်ချိ အားတိုက်ဘိ ပဋိသင်္ခါဉာဏ်။**

ငြီးငွေ့ဖွယ်ဖြစ်တဲ့ ရုပ်တရား၊ နာမ်တရားတို့က လွတ်မြောက်ဖို့အတွက် ဘာဝနာ (၄၀) အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော စတဲ့ တော (၄၀)လို့လဲ ခေါ်တာပေါ့။

အဲဒီလို အနိစ္စအားဖြင့် ရှု၊ ဒုက္ခအားဖြင့် ရှု၊ အနတ္တအားဖြင့် ရှု၊ အပြစ်အနာအဆာအားဖြင့် ရှု၊ အဲဒီလို အကျယ်တဝန့် အားတိုက်ပြီးတော့ ရှုတဲ့ဉာဏ်ကို ပဋိသင်္ခါဉာဏ်။

- **အားတိုက်ရှု၍ လွတ်မှုလွတ်ရန် အမြင်သန်က ရုပ်နာမ်ဓမ္မ သင်္ခါရဝယ် မတွယ်သမှု လျစ်လျူရှု သင်္ခါရုပေက္ခာဉာဏ်။**

ရုပ်နာမ်က လွတ်ဖို့ရန် အားတိုက်ပြီးတော့ ရှုတဲ့အခါကျတော့ ရုပ်တရား၊ နာမ်တရားတွေအပေါ် တွယ်တာမှု ကင်းပြီးတော့ လာတဲ့ဉာဏ်မျိုး ပေါ်အောင်ရှုတဲ့ ဉာဏ်မျိုးကို သင်္ခါရုပေက္ခာဉာဏ်။

- **မဂ်ရောက်လိုသော် မဂ်လေးဦးအား အထူးလျှော်မှု ကျေးဇူးပြု အနုလောမဉာဏ်။**

မဂ်လေးပါး အားလျော်တဲ့ အားကောင်းလှတဲ့ ဝိပဿနာဉာဏ်ကိုတော့ အနုလောမဉာဏ်။

ဟောဒီလို ခေါ်ရတယ်။ အဲလို ဉာဏ်စဉ် (၁၀)ပါးကို ဆရာတော်ဘုရားကြီးက လွန်ခဲ့တဲ့ နှစ်ပေါင်း (၉၄)နှစ်က ရေးသားပြီးထားခဲ့တာလေးတွေ စာရွက်လေးတွေနဲ့ ဝေထားတာရှိပါတယ်။

အဲဒီတော့ ဒီစာရွက်မှာ ပထမပိုင်းမှာတော့ အသီးတစ်ရာ အညှာတစ်ခုဆိုတဲ့ သမာဓိပိုင်း၊ နောက်တော့ ဉာဏ်စဉ် (၁၀)ပါး နောက်မျက်နှာဖုံးမှာတော့ အားကိုးဖွယ်ရာ ဤ (၁၀)ဖြာလို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဒီသုတ္တန်ဒေသနာတော်မြတ်ကိုပဲ ဘာသာပြန်ပြီးတော့ လင်္ကာလေးတွေ အားကိုးဖွယ်ရာ ဤ (၁၀)ဖြာ ဒေသနာတော်။

ဒီဒေသနာတော်ကတော့ အခြေခံလေးတွေနဲ့တကွ နောက်ဆုံး

http://www.dhammadownload.com



အားကိုးဖွယ်ရာက ဘာလဲလို့ဆိုတော့-

- **ရောင့်ရဲသတိ ဉာဏ်မြင်သိ မှတ်သိဤဆယ်ဖြာ။**

ဉာဏ်အမြင်ဆိုတာ ဘာလဲဆိုတော့ ဉာဏ်စဉ် (၁၀)ပါး ဉာဏ်အမြင်တွေပါပဲ။ အဲဒီ ဉာဏ်အမြင်တွေဟာ အားကိုးရာအစစ် ဖြစ်တယ်။ အဲဒီတော့ ဉာဏ်တွေဟာ ဘာလဲလို့ဆိုတော့ သိတတ်တဲ့ ဉာဏ်ဝိဇ္ဇာဓာတ်ပါပဲ။

**"အသိအလိမ္မာ ဉာဏ်ပညာ ဝိဇ္ဇာအမောဟ"**- အသိဓာတ်ကလေး အလိမ္မာဓာတ်ကလေးကို အမောဟကိုပဲ ဝိဇ္ဇာဓာတ်လို့ ခေါ်ကြတယ်။

အဲဒီတော့ ဉာဏ်စဉ် (၁၀)ပါး၊ ဝိပဿနာဉာဏ်စဉ် (၁၀)ပါး၊ တစ်နည်းအားဖြင့်၊ ဝိဇ္ဇာဉာဏ် (၃)ပါး၊ ဝိဇ္ဇာဉာဏ် (၈)ပါး။

ဝိဇ္ဇာဉာဏ် (၃)ပါး၊ ဝိဇ္ဇာဉာဏ် (၈)ပါး ဘုရားအဖြစ်သို့ ဒီဉာဏ်တွေ အကြောင်းပြုပြီး ရောက်ခဲ့တယ်။

ပု-ဒိ-အာ ဆိုတဲ့ ဝိဇ္ဇာ (၃)ပါး ရောက်ရှိပြီး ဘုရားအဖြစ်ရောက်ရှိတယ်။ ဝိမစေတ္က အာပုဒိ ဒိဟုတဖြာခေါ်တဲ့ ဉာဏ်ဝိဇ္ဇာတွေ၊ အဲဒီ ဉာဏ်ဝိဇ္ဇာများသို့ ရောက်ရှိပြီး အထွဋ်အထိပ် ရောက်ခဲ့တယ်။

အဲဒီတော့ ပယ်စဉ်အားဖြင့် ပြောမယ်ဆိုရင်တော့ တဒင်္ဂပဟာန်တဲ့။ တဒင်္ဂပဟာန်ဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတော့ တဒင်္ဂပဟာန်ဆိုတာ ယခု အားထုတ်ဆဲအခါမှာ မိမိတို့ရဲ့ သန္တာန်မှာ လောဘမဖြစ်ဘူး။ ဒေါသမဖြစ်ဘူး။ မောဟမဖြစ်ဘူး။ ဒီဠိမဖြစ်ဘူးဆိုတော့ ဒါအားထုတ်နေတဲ့ ကာလပြုနေတဲ့ ကာလမှာ တစ်ခဏလေး ဖယ်ရှားနိုင်ရင်လဲ **"တဒင်္ဂပဟာန်"**လို့ ခေါ်ပါတယ်။

နောက်နံပါတ် (၂)ကျတော့ ဝိက္ခမ္ဘနပဟာန်ဆိုတာက မိမိသန္တာန်မှာဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟကို အချိန်ကြာကြာလေး ဖယ်ထားနိုင်ပါတယ်။ သို့သော် တစ်ခါထဲ ပျောက်သွားအောင်တော့ မဖယ်ရှားနိုင်ပါဘူး။

သမုစ္ဆေဒပဟာန် ဆိုတာကတော့ **"မဂ်ဉာဏ်"**အဆင့်ဆင့်၊ အဲဒီဟာကျတော့ ကိလေသာကို အမြစ်ပါမကျန်အောင် လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာတွေ သူ့ဉာဏ်အဆင့်အလိုက် အမြစ်ပါမကျန်အောင် ဖယ်ရှားနိုင်တဲ့ သမုစ္ဆေဒပဟာန်။

http://www.dhammadownload.com



ပဋိပဿဒ္ဓိပဟာန်ဆိုတာက မဂ်ဉာဏ်က ပယ်ထားပြီး ကိလေသာတွေကို တစ်ဖန်ထပ်ပြီးတော့ ငြိမ်းအောင် ဆောင်ရွက်တဲ့ အနေအားဖြင့် ကိလေသာကို ပယ်တတ်တဲ့ ဖိုလ်တရားတွေပါပဲ။

နိဿရဏပဟာန် ဆိုတာကတော့ မဂ်ဉာဏ်က ဖြတ်တောက်ထားတဲ့ ကိလေသာတွေ ဖိုလ်ဉာဏ်က တစ်ဖန် ငြိမ်းအေးစေတဲ့ ငြိမ်းအေးအောင် ဆောင်ရွက်ထားတဲ့ ကိလေသာတွေ အားလုံးကနေ လွတ်မြောက်သော အားဖြင့် ပယ်ရှားခြင်းဆိုတဲ့ နိဿရဏပဟာန်။ ဒါကတော့ နိဗ္ဗာန်ကို အရကောက်ရပါတယ်။

အဲဒီလို ဉာဏ်အဆင့်ဆင့်နဲ့ ပယ်ရှားပြီးသွားမှ ဝဋ္ဋဒုက္ခ ခပ်သိမ်း ငြိမ်းနိုင်ပါတယ်။

ဒါကြောင့် ယောဂီများ မိမိတို့ ကျင့်စဉ်အားဖြင့် သီလကျင့်စဉ်, သမာဓိကျင့်စဉ်, ပညာကျင့်စဉ်။ အဲဒီ ကျင့်စဉ်တွေနဲ့ မိမိတို့သန္တာန်မှာ ဖြစ်ပွားနေတဲ့ လောဘ, ဒေါသ, မောဟ၊ လောဘခဲ, ဒေါသခဲ, မောဟခဲ တို့ကို ဖြိုခွဲပြီးတော့ ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ လျှင်မြန်ဆောစွာ ရောက်ရှိ ငြိမ်းချမ်းကြပါစေလို့ ပတ္ထနာပြုရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ် အပ်ပါသတည်း။

သာဓု သာဓု သာဓု

**သတ္တမနေ့ဟောစဉ်ပြီး၏။**

**မိခင်ရောဝတီ**

http://www.dhammadownload.com



## လယ်တီဝိပဿနာ (၇)ရက် တရားစခန်း စခန်းသိမ်းအောင်ပွဲ

## ဆရာတော်၏ဩဝါဒကထာ

ယနေ့ ၁၃၆၂-ခု၊ နယုန်လဆန်း (၈)ရက်နေ့။

**အောင်ပွဲ**

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း (၃၃၇-က) လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ဖွင့်လှစ်အပ်တဲ့ (၇)ရက် တရားစခန်း အောင်ပွဲ။

တရားစခန်း အောင်ပွဲဆိုတာ ဘယ်ပုဂ္ဂိုလ်တို့ရဲ့ အောင်ပွဲလဲ စဉ်းစားမယ်ဆိုရင် ယောဂီသူတော်စင်များရဲ့ အောင်ပွဲ။

ဘာကြောင့် ယောဂီသူတော်စင်တို့ရဲ့ အောင်ပွဲလဲဆိုတော့ ဘုရားစကားကို (၇)ရက် (၇)လီ လိုက်နာပြီးနေရသဖြင့် ဒါအောင်ပွဲခံနိုင်တာပါပဲ။

ဘုရားစကား လိုက်နာဆိုတော့ ဘုန်းကြီးတို့ တရားဟောတဲ့နေရာမှာ သုတ္တန်တရား, အဘိဓမ္မာတရား, ဝိနည်းတရား၊ အဲဒီ တရားတော်တွေ ဟောတဲ့နေရာမှာ အကြောင်းအမျိုးမျိုး, ပရိယာယ်အမျိုးမျိုးနဲ့ စုံနေအောင် ဟောကြားခဲ့တယ်။

ဘုန်းကြီးတို့ (၇)ရက် (၇)လီ ညတရားဟောတာ ကိုယ့်ဟာကို ကြံစည်တွေးတောစရာ မလိုပါဘူး။ ဘုရားရှင်ရဲ့ ဒေသနာတော်တွေက ရှိပြီးသား။

ကိုယ့်စကားပြောလို့လဲ မဖြစ်ဘူး။ ဘုရားစကားကိုပဲ တစ်ဆင့်ဟောရ ပြောရတာ။ ဘုရားစကား ပြောမှလဲ မှန်မှာကိုး။ ဒါကြောင့် ရှေးအခါက ဥပမာဆိုပါစို့။ ဝေရဉ္ဇာပုဏ္ဏားကြီး မြတ်စွာဘုရားနဲ့တွေ့တော့ မြတ်စွာဘုရားက တရားဟောတယ်။

အမေးပုစ္ဆာ ပြဿနာ (၈)မျိုးတို့ကို တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် **ဆဲ**ရေးခြင်း (၈)မျိုးပေါ့။ တစ်နည်းအားဖြင့် ဝါဒတင်စီးပြီး မြတ်စွာဘုရားကို ဖိနှိပ်ချုပ်ချယ်။

အဲဒါကို ဘုရားရှင် ကိုယ်တော်တိုင် ဖြေရှင်းဟောကြားပြီးတော့ နောက်ဆုံးကျတော့ သူဘာပြောသလဲ။

http://www.dhammadownload.com



**သေယျထာပိ ဘောဂေါတမ နိကုဇ္ဇိတံဝါ ဥက္ကုဇ္ဇေယျ။**

အရှင်ဘုရား အရှင်ဘုရားဆီက တရားနာရတာ အဝဦးစောက် **မှောက်ထားတဲ့** အိုးကိုလှန်ပြသလိုပါပဲ။

**"ပဋိစ္ဆန္နံဝါ ဝိဝရေယျ"**- အမှိုက်သရိုက်တွေ ဖုံးလွှမ်းနေတာကို အမှိုက်တွေ ရှင်းပြလိုက်သလိုပဲ။

**ပြီးတော့** မူဠှဿဝါ မဂ္ဂံ အာစိက္ခေယျ- မျက်စိလည် လမ်းမှားနေတဲ့ လူ ဒီလမ်းသွားလို့ လက်ဆွဲပြီး လမ်းညွှန်သလိုပဲတဲ့။ နောက်ဥပမာတစ်ခုက-

**အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ၊**

**ယထာစက္ခုမန္တော ရူပါနိ ဒက္ခန္တီတိ။**

အမိုက်မှောင်ထဲမှာ ဆီမီးညှိထွန်းပြီး ပြလိုက်သလိုပါပဲ ဘုရားတဲ့။

ဒီဥပမာလေးချက်နဲ့ "မှောက်လှန်ဖုံးဖွင့် လေလွင့်လမ်းမှန် မှောင်ယံမီးပြ" ဒီဥပမာ လေးချက်နဲ့ပဲ ဝေရဉ္ဇာပုဏ္ဏားကြီးက ကြည်ညိုတယ်။

- မှောက်ထားတဲ့အိုး လှန်ပြသလို၊
- အမှိုက်သရိုက်တွေ ဖုံးလွှမ်းနေတာ ဖယ်ရှင်းပြစ်သလို၊
- မျက်စိလည် လမ်းမှားနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ဒီလမ်းသွားဆိုပြီးတော့ လက်ဆွဲပြီးတော့ ညွှန်ပြလိုက်သလို၊
- အမှောင်မှာ ဆီမီးညှိထွန်းပေးသလို၊

**အနေက ပရိယာယေန ဘောတာ ဂေါတမေန ဓမ္မော ပကာသိတော။**

အနေကပရိယာယေန- အကြောင်းအမျိုးမျိုးဖြင့်။ ဘောတာဂေါတမေန- အရှင် ဂေါတမသည်။ ဓမ္မော- တရားတော်ကို။ ပကာသိတော- ပြအပ်ပါပြီ။ ဟောအပ်ပါပြီ။

ဥပမာလေးချက်နဲ့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဒေသနာတော်ကို ချီးကျူးတယ်။ ချီးကျူးပြီးမှ အဲဒီလို တရားကို သဘောပေါက်ပြီးတော့မှ-

**ဧသာဟံ ဘန္တေ ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ၊ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ။**

http://www.dhammadownload.com



တပည့်တော် ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်ပါ၏။ တရားသဘောပေါက်ပြီးမှ ကိုးကွယ်တယ်။ တရားသဘောမပေါက်ပဲ ကိုးကွယ်တဲ့သူနဲ့ တရားသဘောပေါက်ပြီး ကိုးကွယ်တဲ့ပုဂ္ဂိုလ် မတူကြဘူး။

ဘုန်းကြီးတို့ တရားအားထုတ်ဖူးတဲ့ ပုဂ္ဂိုလ်တွေလဲ ပါကြမှာပဲ။ တရားအားမထုတ်ဖူးတဲ့ ပုဂ္ဂိုလ်တွေလဲ ပါကြမှာပဲ။ တရားအားမထုတ်မီက ဘုရားအပေါ် လေးစားမှုနဲ့ မတူပါဘူး။ တရားအားထုတ်ပြီးတဲ့အခါ ခုနက ပြောတဲ့စကားလေးမှာ မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့ စကားတော်ကို လိုက်နာနေရတယ်လို့ ဝမ်းသာရတယ်။

**အားကိုးအားထား**

ဘာပြုလို့လဲဆိုတော့ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၄၃)နှစ်နဲ့ (၂၃)ရက်က ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့ မြတ်စွာဘုရား။

ပရိနိဗ္ဗာန်ကိုမစံမီ (၃)လလောက်လိုတော့ ဘာမိန့်သလဲ ရဟန်းတော်တွေ များစွာစည်းဝေးနေတော့ ဘုရားရှင်က ဒီကနေပြီး နောက် (၃)လကြာရင် ငါဘုရား ပရိနိဗ္ဗာန်စံမယ်။ ဒီစကား မိန့်ကြားချင်လို့-

- **ပရိပက္ကော ဝယော မယှံ ပရိတ္တံ မမဇီဝိတံ၊**
  **ပဟာယဝေါ ဂမိဿာမိ၊ ကတံ မေ သရဏ မတ္တနော။**
- **ပရိပက္ကော ဝယောမယှံ၊ ပရိတ္တံ မမဇီဝိတံ၊**
  **ပဟာယဝေါ ဂမိဿာမိ၊ ကတံ မေ သရဏ မတ္တနော။**

မယှံ- ငါဘုရား၏။ ဝယော- အရွယ်တော်သည်။ ပရိပက္ကော- ရင့်ကျက်လေပြီ (စောစောက ရဟန်းတွေက ဘုရားအရွယ်တော်နဲ့ ပတ်သက်ပြီး အမှုမဲ့ အမှတ်မဲ့နေကြတာ။ ငါဘုရားရဲ့ အရွယ်တော်ဟာ ရင့်ကျက်ပြီလို့ မိန့်လိုက်တော့၊ မေ့ဖူးပြီးတော့ ဪ- မြတ်စွာဘုရား သက်တော်ရွယ်တော်ကြီးပြီကိုး။ စိတ်ထဲမှာ အာရုံပိုထားနိုင်လာတယ်)။

**"ပရိတ္တံ မမဇီဝိတံ"**။ မမ- ငါဘုရား၏။ ဇီဝိတံ- ဇီဝိတခေါ်တဲ့ အသက် သည်။ ပရိတ္တံ- အနည်းငယ်သာ ရှိပါတော့၏။

ငါဘုရားရဲ့ ဇီဝိတိန္ဒြေခေါ်တဲ့ အသက်ဟာ နည်းနည်းလေး

http://www.dhammadownload.com



ကျန်တော့တယ်။ အဲဒီကျတော့ ရဟန်းတော်များက သြော်- ဘုရားအသက်တော် နည်းနည်းကျန်ရှိတော့တယ် ဆိုပါလား။ အတော်ထိတ်လန့်ပြီးတော့ သွားကြတယ်။ သတိသံဝေဂများ ရပြီးတော့ သွားကြတယ်။

**"ပဟာယဝေါ ဂမိဿာမိ"**။ ဝေါ- သင်တို့ကို။ ပဟာယ- ပယ်စွန့်ခွဲခွာ၍။ ဂမိဿာမိ- ရှေ့ပြည်နိဗ္ဗာန် စိုးစံတော်မူတော့အံ့။ (ဒီစကားကို ဘယ်တုန်းက မိန့်သလဲဆိုတော့ တပို့တွဲလပြည့်နေ့ကကိုး။ တပေါင်းလပြည့်၊ တန်ခူးလပြည့်၊ ကဆုန်လပြည့်နေ့ကျရင် ပရိနိဗ္ဗာန် စံမယ်။ သင်တို့ကိုစွန့်ပြီး ပရိနိဗ္ဗာန်စံတော့မယ်လို့လဲ မိန့်ပြောလိုက်ရော။ ရဟန်းတော်တွေဟာ ပုထုဇဉ်ရဟန်းတွေ၊ သောတာပန်၊ သကဒါဂါမ်ထိအောင် စိုးရိမ်ပူဆွေးမှုတွေ ဖြစ်ပွားကြတယ်။ အနာဂါမ်နဲ့ ရဟန္တာများကတော့ မစိုးရိမ်တော့ပါဘူး)။

အဲဒီလို ဖြစ်ပွားနေတော့ ရဟန်းတော်တွေ စိုးရိမ်နေကြပြီ။ ငါဘုရားသက်တော်ကြီးရင့်ပြီလို့ ပြောတဲ့စကား၊ အသက်တော်ဟာ နည်းနည်းလေးပဲ ကျန်တော့တယ်။ သင်တို့ကို ခွဲခွာပြီး ပရိနိဗ္ဗာန်စံတော့မယ် ဆိုတော့ ပုထုဇဉ်တွေ၊ သောတာပန်တွေ၊ သကဒါဂါမ်တွေ ယူကျုံးမရ ဖြစ်နေကြတယ်။

အဲဒီလို ဖြစ်နေတဲ့အခါ မြတ်စွာဘုရားက **"ကတံ မေ သရဏ မတ္တနော"**- မစိုးရိမ်ကြနဲ့တဲ့။ မေ- ငါသည်။ သတ္တနော- မိမိ၏။ သရဏံ- ကိုးကွယ်ရာကို။ ကတံ- အားရစိတ်ပြေ ပြုအပ်ပေပြီ၊ မစိုးရိမ်ပါနဲ့။

ငါဘုရားဟာ ငါရဲ့အားကိုးရာ အားထားရာကို ပြုအပ်ပြီ။ ငါရဲ့ အားကိုးရာ အားထားရာ ပြုအပ်ပြီဆိုတာ ဘာလဲဆိုတော့ တရားတွေ အားလုံး ရရှိတာပါပဲ။

ဒါကြောင့် ဘုရားဖြစ်ခါစ ဘုရားအဖြစ်သို့ ရောက်ပြီးတော့ စဉ်းစားတယ်။ မြတ်စွာဘုရားက-

ဤလောကကြီးထဲမှာ ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာကို ငါ အလေးအမြတ် ပြုနေရမလဲလို့ စဉ်းစားလိုက်တဲ့ အခါကျတော့ အလေးအမြတ်ပြုစရာ၊ အရိုအသေပြုစရာ ငါရသိထားတဲ့ တရားတွေ ရှိသားပဲ။ ဒီတရားတော်တွေကို အလေးအမြတ် ပြုမယ် ဆိုပြီးတော့ မြတ်စွာဘုရားက တရားတော်ကို အလေးအမြတ် ပြုတယ်။ အဲဒီတော့ ဆိုလိုတာက မပူကြနဲ့။

http://www.dhammadownload.com



ငါဘုရားဟာ ငါ့အတွက် ဖူလုံပြီလို့ ဖြေကြားလိုက်တယ်။

အချို့ ရဟန်းတော်တွေက သြော်- မြတ်စွာဘုရား တရားတွေ တရားထူး တရားမြတ်တွေ ရပြီးသားမို့ ဖူလုံပြီ ပြောတာကိုးလို့ ကျေနပ်သွားကြတယ်။ အဲဒီကျတော့မှ မြတ်စွာဘုရားက ငါဘုရား တရားဓမ္မတွေကို ပေါက်ရောက်ပြီးတော့ ဖူလုံသလို။

**အပ္ပမတ္တာ သတိမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ၊**

**သုသမာဟိတ သင်္ကပ္ပါ၊ သစိတ္တ မနုရက္ခထ။**

ဘိက္ခဝေ- နိဗ္ဗာန်ပြည်ကျော် ရကြောင်းမြော်သည့် သားတော် ရဟန်းတို့။ အပ္ပမတ္တာ- မမေ့မလျော့ကြကုန်သည်။ **သတိမန္တော**- သတိရှိကုန်သည်။ သုသီလာ- သီလရှိကြကုန်သည်။ ဟောထ ဟောန္တု- ဖြစ်ကြကုန်လော့။

ရဟန်းတို့ မေ့လဲ မမေ့ကြနဲ့၊ သတိလဲ ရှိကြ၊ **သီလနဲ့**လဲ ပြည့်စုံအောင် စောင့်ကြ၊ သီလနဲ့ ပြည့်စုံအောင် နေကြ။ သုသဟိတသင်္ကပ္ပါ- တည်ကြည် ငြိမ်သက် မလှုပ်ယှက်တဲ့ သမာဓိများလဲ ရှိကြ **"သစိတ္တ မနုရက္ခထ"**- မိမိ စိတ်ကို ဘာဝနာကြိမ်လုံး ရွယ်ချိန်သုံးပြီး ချေမှုန်းနှိပ်ကွပ် စောင့်ရှောက်ထားကြကုန်လော့။

ဟော- မြတ်စွာဘုရားက **သီလ**ရှိဖို့ သမာဓိရှိဖို့ စိတ်ကိုထိန်းဖို့။

စိတ်ကို ထိန်းတဲ့နည်းတွေက ယောဂီတို့ အားထုတ်ခဲ့တဲ့ ထွက်လေ ဝင်လေကို ရှုမှတ်ခြင်း အစရှိတဲ့ ထွက်လေ ဝင်လေကို ရှုမှတ်ခြင်း အာနာပါန သတိ ကမ္မဋ္ဌာန်းနဲ့ ထိန်းလို့ရပါတယ်။

ဒါကြောင့် အဲဒီလို ထိန်းပြီးတော့ နေခဲ့တာ စောစောကပဲ ဆရာကြီး ဦးလှကို သာသနာရေးဝန်ကြီးဌာနက လက်ထောက်ညွှန်ကြားရေးမှူးနဲ့ စပ်မိစပ်ရာပြောတော့ ပင်ပန်းတော့ ပင်ပန်းတယ်ဆိုတော့ ဒကာကြီးက ဘာလျှောက်သလဲဆိုတော့ တစ်မျိုးစီပဲဘုရားတဲ့။

ထွန်တာ ရက်တာလဲ ချွေးတလုံးလုံးနဲ့ ပင်ပန်းတာကိုး။ ပင်ပန်းတဲ့ အလုပ်လုပ်ရတာလဲ လွယ်တဲ့အလုပ် မဟုတ်ဘူး။

သစိတ္တ မနုရက္ခထ- မလွယ်ပေမယ့် မိမိစိတ်ကို စောင့်ထိန်းကျ။ သီလနဲ့ပြည့်စုံအောင် တည်ကြည်ငြိမ်သက် မလှုပ်မယှက်တဲ့ စိတ်အကြံရှိကြ

http://www.dhammadownload.com



လို့ဆိုတဲ့ ဘုရားစကား လိုက်နာပြီးသားဖြစ်တာကိုး။

ဆက်ပြီးတော့ မြတ်စွာဘုရားက-

**ယော ဣမသ္မိံ ဓမ္မဝိနယေ အပ္ပမတ္တော ဝိဟရိဿတိ၊**

**ပဟာယဇာတိ ကန္တာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။**

တရားသဖြင့် ဆုံးမရာ ငါဘုရားသာသနာမှာ မမေ့မလျော့နေသူဟာ အကူးအခတ် ခက်လှသည့် ဇာတိတည်းဟူသော ကန္တာရကြီးကိုပယ်စွန့်၍ စက်သံသာရ ဝဋ်ဒုက္ခ၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို ပြုနိုင်လိမ့်မည်။ ရနိုင်လိမ့်မည်။

ဟော- ဘုရားမိန့်ခွန်းတော်ပဲ အရေးတကြီး (၃) လပဲ လိုတော့တယ်။ ပရိနိဗ္ဗာန်စံတော့မယ်။ (၃)လပဲ လိုတော့တယ်။ တရားသဖြင့် ဆုံးမရာဖြစ်တဲ့ ဓမ္မ ဝိနယသာသနာ။ သာသနာ= အဆုံးအမ၊ ဓမ္မ ဝိနယ= သုတ် အဘိဓမ္မ ဝိနည်း အတူတူပဲ။

တစ်နည်းအားဖြင့် တရားသဖြင့် ဆုံးမတော်မူရာ သာသနာ၌ အပ္ပမတ္တော- မမေ့မလျော့ဘူးဆိုတာက။ သတိအဝိပ္ပဝါသ- သတိမကင်းဘူး။ တစ်နည်းအားဖြင့် အာရုံငါးပါး ရှောင်ရှားပြီးတော့ အာရုံငါးပါး လိုက်စားမှု ရှောင်ရှားပြီးတော့မှ ကုသိုလ်တရားတွေမှာသာ စိတ်ကလွှတ်ပြီးတော့ စိတ်ကနေပြီးတော့ ကုသိုလ်ရဖို့နဲ့ ပတ်သက်ပြီး စိတ်လွှတ်မထားပဲနဲ့ တကြောင့်ကျကျ စိုက်ပြီးတော့နေမှု ဒါအပ္ပမာဒပါပဲ။

အဲဒီလို တရားသဖြင့် ဆုံးမရာဖြစ်တဲ့ ဤဘုရားသာသနာတော်မှာ မမေ့မလျော့၊ အာရုံငါးပါး လိုက်စားမှု ရှောင်ရှားပြီးတော့ တရားအာရုံနဲ့ပဲ ထုံမွှန်းပြီးတော့နေတဲ့ ပုဂ္ဂိုလ်ဟာ-

ဇာတိကန္တရ ကမ္ဘာ့လူထုကြီး မကူးခတ်နိုင်တဲ့ ကန္တာရကြီး ဇရာကန္တာရ၊ အိုမင်းရင့်ရော်ခြင်းဆိုတဲ့ ဇရာကန္တာရကြီးကိုလဲ မကူးနိုင်ဘူး။ သေခြင်းဆိုတဲ့ မရဏကန္တာရကြီးလဲ အင်မတန် ကြီးကျယ်တယ်။

ကန္တာရကြီးတွေထက် အဆများစွာ အိုနာသေဆိုတဲ့ ကန္တာရကို ကူးခတ်ဖို့ မလွယ်ပါဘူး။ အဲဒါ ကူးခတ်နိုင်ဖို့ရာအတွက် ပဋိသန္ဓေ အိုနာသေဆိုတဲ့ ကမ္ဘာသေလဲ မသေမပျောက် လူလေးရောက်၊ ကမ္ဘာကျေသော်လဲ မသေ

http://www.dhammadownload.com



မပျောက်ပဲနဲ့ ကျန်နေတာက ဘယ်သူလဲလဲလို့ဆိုတော့ ပဋိသန္ဓေ၊ အို၊ နာ၊ သေ။

ပဋိသန္ဓေ၊ အို၊ နာ၊ သေဆိုတဲ့ ကန္တာရခရီးကို ကျော်လွန်ပြီးတော့မှ ဒုက္ခတွေ နိဂုံးကမွတ် အဆုံးသတ်နိုင်ပါလိမ့်မယ်လို့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး (၃)လ အလိုမှာ မိန့်ကြားတော်မူတဲ့ စကားတော်အတိုင်း။

ယောဂီသူတော်စင်များ ၁၃၆၂-ခု ကဆုန်လကွယ်နေ့က စပြီးတော့ အားထုတ်လာခဲ့တာ ယနေ့ (၇)ရက်တင်းတင်း ပြည့်ပါတယ်။ (၇)ရက် တရားစခန်းဆိုတဲ့အတိုင်း (၇)ရက် အပြည့်ပါ။

ယနေ့ နယုန်လဆန်း (၈)ရက်နေ့ ရောက်တာကိုး။ တရားအာရုံထုံမွှန်းပြီး (၇)ရက်တာ နေခဲ့ကြရတာဟာ မိမိတို့သန္တာန်မှာ ရှေးက ပေါက်လွှတ်ပဲစား ထားခဲ့တဲ့စိတ်ကို စိတ်တေလေ စိတ်လေဖွေလေးကို စိတ်ဆိုး စိတ်သွမ်း စိတ်သရမ်းကို ဘာဝနာကြိမ်လုံးနဲ့ နာနာနှက်ပြီးတော့ နေနိုင်ခဲ့တဲ့ ရက်ပိုင်းဖြစ်လို့မို့ ယနေ့ အောင်ပွဲခံတဲ့နေ့၊ အောင်ပွဲခံကြ။

အဲဒီလို အောင်ပွဲခံခြင်းဟာ ဘာကြောင့်လဲ မြတ်စွာဘုရားရဲ့ ဩဝါဒ ဒေသနာတော်အတိုင်း မမေ့မလျော့ မပေါ့မဆနဲ့ နေခဲ့ကြလို့ပါပဲ။ ဒါကြောင့် တရားတော်နဲ့သာ ဒီကန္တာရကြီးတွေ ကျော်လွှားနိုင်ပါတယ်။

## ချေလျှင်- ယာဉ်ရထားနဲ့ မရောက်နိုင်

ကမ္ဘာကျေလဲ မသေမပျောက် လူလေးယောက် ခေါ်တဲ့ ပဋိသန္ဓေ၊ အို၊ နာ၊ သေဆိုတဲ့ ကူးခတ်လွန်မြောက်နိုင်ခဲတဲ့ ကန္တာရခရီးခဲတွေကို တရားတော်နဲ့သာ လွန်မြောက်နိုင်ပါတယ်။

"ဂမနေန န ပတ္တဗ္ဗော၊ န ဂန္တဗ္ဗော ကုဒါစနံ"- ခြေကျင်သွားလို့ မရောက်ဘူး။ ယာဉ်ရထားတွေနဲ့ သွားလို့လဲ မရောက်ဘူး။

**"န စ အပတွာ လောကန္တံ၊ ဒုက္ခာ အတ္ထိ ပမောစနံ"**- လောက၏ အဆုံးဖြစ်တဲ့ နိဗ္ဗာန်၊ ပဋိသန္ဓေ၊ အို၊ နာ၊ သေ ကင်းတဲ့နိဗ္ဗာန်၊ အဲဒီ နိဗ္ဗာန် မရောက်မချင်းလဲ ဒုက္ခရှင်းတယ်ဆိုတာ မရှိပါဘူး။ ကမ္ဘာလောကကြီး ဘယ်နိုင်ငံတွေ ချမ်းသာတယ်၊ တိုးတက်တယ်ပဲဆိုဆို ဂျပန်၊ အင်္ဂလန်နိုင်ငံ၊ အမေရိကန် အစရှိတဲ့ နိုင်ငံတွေ ဘယ်လောက်ပဲ တိုးတက် တိုးတက်၊ ဘယ်

http://www.dhammadownload.com



လောက်တိုးတက်တဲ့ နိုင်ငံဖြစ်ဖြစ် သင်္ချိုင်းရှိနေတာပဲ။ လူသင်္ချိုင်းတင် မကဘူး။ ဂျပန်တို့ အမေရိကန်တို့မှာ ကားသင်္ချိုင်းတောင် ရှိတာကိုး။

အဲဒီတော့ ဘယ်လောက်တိုးတက် တိုးတက် မအိုအောင်, မနာအောင်, မသေအောင် မပြုလုပ်နိုင်ဘူး။ ဒါကြောင့် ယနေ့ပဲ ဂျပန်ဝန်ကြီးချုပ် စျာပနရှိတာ မတတ်နိုင်လို့ပဲ။

ကောင်းကင်မှာ ဂြိုဟ်တုတွေ လွှတ်နိုင်တယ်။ လေယာဉ်ကြီးတွေနဲ့ သွားနိုင်အောင် လုပ်နိုင်တယ်၊ ဆောင်ရွက်နိုင်တယ်၊ အစွမ်းသတ္တိတွေ သိပ်ရှိကြတာပဲ။

အစွမ်းသတ္တိတွေ ဘယ်လောက်ရှိရှိ ပဋိသန္ဓေ, အို, နာ, သေခေါ်တဲ့ ကမ္ဘာကျော်သော်လဲ မသေမပျောက် လူ့လေးယောက်ကို မနိုင်ဘူး။ အဲဒီ လူလေးယောက်လာပြီး ညှင်းပန်းလို့ရှိရင် အိုမင်းကြီး လာလို့ရှိရင်လဲ ခေါင်းငုံ့ခံကြ၊ နာမင်းကြီး, သေမင်းကြီးလာလဲ ခေါင်းငုံ့ခံကြ။

အဲဒီ ခေါင်းငုံ့ခံပြီး နေကြရတဲ့ ကမ္ဘာ့လူထုကြီးအား ခေါင်းငုံ့ခံနေကြရတဲ့ ပဋိသန္ဓေ, အို, နာ, သေ ဘေးဆိုးကြီးကို လွတ်မြောက်အောင် မြတ်စွာဘုရားက နည်းပေးတော်မူတာ။

အဲဒီတော့ လမ်းစဉ်တွေ ချမှတ်ထားတာ။ ဒါန, သီလ, ဘာဝနာ လမ်းစဉ်။ တစ်နည်းအားဖြင့် သီလ, သမာဓိ, ပညာ လမ်းစဉ်။

ဟောဒီ လမ်းစဉ်တွေဟာ မြတ်စွာဘုရား လမ်းစဉ်တွေပဲ။ ဒီလမ်းစဉ်တွေအတိုင်း လိုက်နာနိုင်တဲ့သူမှာ ကမ္ဘာကျော်လဲ မသေမပျောက် လူလေးယောက်တို့ရဲ့ ညှင်းပန်းနှိပ်စက်မှုများကို လွန်မြောက်နိုင်တယ်။

ဒါကြောင့် မသေမပျောက် လူလေးရောက်တို့ရဲ့ ညှင်းပန်းနှိပ်စက်မှုကို အဲဒီလူလေးယောက်တို့ရဲ့ ညှင်းပန်းနှိပ်စက်မှု ဖဝါးအောက်မှ လွတ်မြောက်ဖို့ရန်အတွက် ကဆုန်လကွယ်နေ့ကစပြီး လာခဲ့ကြတဲ့ ယောဂီသူတော်စင်များ (၇)ရက်တာ ကာလအတွင်း ရရှိတဲ့ ကုသိုလ်အဖို့အစုနဲ့ နေ့စဉ်နေ့တိုင်းပဲ အမျှအတန်းတော့ ဝေနေကြရတာပဲ။ အမျှအတန်း ပေးဝေကြရအောင် လိုက်ဆိုကြ။ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု

မိခင်ကျောဝတ်

http://www.dhammadownload.com



# ၁၇-ကြိမ်မြောက် ဖွင့်ပွဲအခမ်းအနား မိန့်ကြားသော ဆရာတော်၏ဩဝါဒတော်

ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ပြည်လမ်း (၃၃၇-က) လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၇)ကြိမ်မြောက် ဖွင့်လှစ်အပ်တဲ့ လယ်တီဝိပဿနာ (၇)ရက် တရားစခန်း။

ဒီတရားစခန်းမှာ လာရောက်ပြီးတော့ တရားအားထုတ်ကြမယ့် ယောဂီသူတော်စင်တို့အား ဩဝါဒအနေအားဖြင့် တစ်ပိုင်း၊ တရားအားထုတ်နည်း အနေအားဖြင့် တစ်ပိုင်း၊ (၂)ပိုင်း ရှိပါတယ်။

ဒီဩဝါဒပေးတဲ့ အပိုင်းနဲ့ အားထုတ်ပုံ၊ အားထုတ်နည်း ထိုင်နည်း ရှုနည်း ပွားများနည်း။

ဒီ (၂)ပိုင်း ရှိတာထဲက ဘုန်းကြီး ပထမဆုံး ဩဝါဒပေးတဲ့အပိုင်း ဦးစားပေးပြီးတော့ ပြောကြားပါမယ်။

ထိုင်ပုံ ထိုင်နည်းနှင့်တကွ ဒီတရားစခန်းမှာ ရှုပွားနည်း နိသျည်းများကို ကမ္မဋ္ဌာနာစရိယ ရဟန်းတော်အရှင်မြတ်များ၊ ဥပါသကာများ က ဆက်လက်ပြီးတော့ ညွှန်ပြပါလိမ့်မယ်။

ဘုန်းကြီးတို့ ယနေ့ (၇)ရက် တရားစခန်းမှာ မြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး ဟောကြားတော်မူတဲ့ ဒေသနာတော်တွေကို ကြည့် လိုက်တဲ့ အခါကျတော့ မြတ်စွာဘုရားဟာ မြင်သာ ထင်သာအောင် ဥပမာ အမျိုးမျိုးနဲ့ မိန့်ကြားတော်မူခဲ့တယ်။

**ဥပမာယ မိဓေကစ္စေ၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ။**

ဣဓ- ဤလောက၌။ ဧကစ္စေ- အချို့ကုန်သော ပုဂ္ဂိုလ်တို့သည်။ ဧကစ္စေ- အချို့ကုန်သော။ ပဏ္ဍိတာ- ပညာရှိတို့သည်။ ဥပမာယ- နှိုင်းခိုင်း စရာ ဥပမာစကားဖြင့်။ အတ္ထံ- အနက်သဘောကို။ ဇာနန္တိ- သိရှိနိုင်ကြ ကုန်၏။

ဤလောကမှာ ပညာရှင်တွေဟာ နှိုင်းခိုင်းစရာ ဥပမာလေးနဲ့ ပြောလိုက်ရင် အနက်အဓိပ္ပါယ်ကို သိလွယ်ကြတယ်။

http://www.dhammadownload.com



ဟောကြားတော်မူတဲ့ ဒေသနာတော်တွေထဲက **"ပါပဏိက သုတ္တန်"** ဆိုတာ ကြည့်လိုက်ပြန်တော့ လူတိုင်း လူတိုင်း နားလည်နေတဲ့ ဈေးသည်။

ပထမ ပါပဏိကသုတ္တန်က ရဟန်းတို့- အချက်အလက် (၃)မျိုးနဲ့ မပြည့်စုံတဲ့ ကုန်သည်ဈေးသည်တစ်ယောက်ဟာ မရရှိသေးတဲ့ စည်းစိမ်ကို ရဖို့၊ ရပြီးသား စည်းစိမ်ကို တိုးပွားဖို့ မဖြစ်နိုင်ပါဘူး။ အချက်အလက် (၃)မျိုးနဲ့ မပြည့်စုံရင် သူဟာ မရသေးတဲ့ စည်းစိမ်ကိုရဖို့၊ ရပြီးသား စည်းစိမ်တွေကို တိုးပွားဖို့ရာ မစွမ်းနိုင်ပါဘူး။

အချက်အလက် (၃)မျိုးနဲ့ ပြည့်စုံတဲ့ ကုန်သည်ကျတော့ မရသေးတဲ့ စည်းစိမ်ကို ရနိုင်တယ်။ ရပြီးသား စည်းစိမ်များကို တိုးပွားအောင် စွမ်းဆောင်နိုင်တယ်။ မရနိုင်တဲ့ ကုန်သည်က ဘယ်ဟာမျိုးလဲ။

နံနက်အခါလဲပဲ မိမိအလုပ်ကို စိတ်ဝင်စားစွာ မလုပ်ဘူး။ နေ့လည်ကျတော့လဲ မိမိလုပ်ရမယ့်လုပ်ငန်းကို စိတ်ပါလက်ပါ မလုပ်ဘူး။ ညနေချမ်းအချိန်ကျတော့လဲ မိမိလုပ်ရမယ့်အလုပ်ကို စိတ်ပါလက်ပါ မလုပ်ဘူး။

အဲဒီ ကုန်သည်ဟာ မရသေးတဲ့ စည်းစိမ်ကိုလဲ မရနိုင်ဘူး။ ရပြီးသား စည်းစိမ်ချမ်းသာလဲ တိုးတက်ကြီးပွားမှု မရှိနိုင်ပါဘူး။

နောက်ထပ် ကုန်သည်တစ်ဦးကတော့ နံနက်မှာ ပြုလုပ်ရမယ့် ကိစ္စများကိုလဲ တရိုတသေ ဆောင်ရွက်တယ်။ နေ့လည်ပိုင်းကိစ္စ ညချမ်းကိစ္စ အချိန် (၃)ချိန်လုံးမှာပဲ မိမိဆောင်ရွက်ရမယ့် အရောင်းအဝယ် ကိစ္စများကို ဆောင်ရွက်တယ်။

အဲဒီ ပုဂ္ဂိုလ်ဟာ မရသေးတဲ့ စည်းစိမ်ဥစ္စာများလဲ ရရှိနိုင်တယ်။ ရပြီးသား စည်းစိမ်ဥစ္စာများလဲ ဖွံ့ဖြိုးတိုးတက်နိုင်တယ်လို့။

ပထမဈေးသည် **"ပါပဏိကသုတ္တန်"**ကို ဟောကြားပြီးတဲ့နောက် ဒုတိယသုတ္တန်တစ်ခုကို ဆက်ပြီး ဟောပြန်တယ်။

**"ဒုတိယပါပဏိကသုတ္တန်"**။

ဒုတိယသုတ္တန်ကျတော့ ကုန်သည်တစ်ယောက် ဉာဏ်အမြင်မျက်စိ ရှိရမယ်။ ကျွမ်းကျင်လိမ္မာ ဝီရိယရှိရမယ်။ အမှီကောင်းရမယ်။ အဲဒီအချက်အလက် (၃)မျိုးနဲ့ ပြည့်စုံတဲ့ ကုန်သည်ဟာ မရသေးတဲ့ စည်းစိမ်လဲ ရနိုင်

http://www.dhammadownload.com



တယ်။ ရပြီးသား စည်းစိမ်တွေလဲ ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်တယ်။ ဒီအချက်တွေ။

စီးပွားရေးမျက်စိ မရှိဘူး။ ကျွမ်းကျင်လိမ္မာမှု မရှိဘူး။ ဝီရိယ မရှိဘူးဆိုရင် မရသေးတဲ့ စည်းစိမ်လဲ မရနိုင်ဘူး။ ရပြီးသားစည်းစိမ်လဲ ဖွံ့ဖြိုးတိုးတက်မှု မရှိဘူး။

အဲဒီတော့ ဉာဏ်အမြင်မျက်စိဆိုတာ ဘယ်လိုဟာလဲဆိုတော့ အမြတ်အစွန်း ဘယ်လောက်ဖြစ်နိုင်တယ်။ ဒါကအရင်း ဒါကအမြတ်။

အဲဒီလို ခွဲခြားမြင်နိုင်တဲ့ စီးပွားရေးမျက်စိလဲ ရှိရမယ်။ ဒီလိုမြင်ရင် စီးပွားရေးမျက်စိရှိတဲ့ လူလို့ခေါ်ရတယ်။

ဒုတိယတစ်ချက်ကျတော့ ဒီကုန်ပစ္စည်းကို ဒီလိုဝယ်ရမယ်၊ ဒီလို ရောင်းရမယ်၊ ဒီဉာဏ်အမြော်အမြင် ကျွမ်းကျင်မှု ရှိရမယ်။ ဝီရိယဇွဲလဲ ရှိရမယ်။

တတိယအချက်ကျတော့ မိတ်ရာကောင်းရမယ်၊ မိတ်ရာကောင်းရမယ် ဆိုတာ မိမိတို့မြို့ရွာမှာ ရှိကြတဲ့ သူဌေး သူကြွယ်တွေ ရှိတယ်။ အဲဒီ သူဌေး သူကြွယ်တွေရဲ့ သားသမီးတွေ ရှိကြတယ်။ အဲဒီ သူဌေး သူကြွယ်တို့ရဲ့ သားသမီးများက နေပြီးတော့ ဒီပုဂ္ဂိုလ်ကတော့ ရောင်းရေးဝယ်တာ စီးပွားရေးမျက်စိရှိတယ်။ ဉာဏ်အမြော်အမြင် လုံ့လဝီရိယ ရှိတဲ့လူပဲ။ သူ့ကို အရင်းအနှီးထုတ်ပေးလိုက်ရင် သူလဲတိုးတက်မှု ရှိနိုင်တယ်။ ငါတို့ကိုလဲ အချိန်အခါ အလိုက် အညွန့်အတိုး ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ကြတဲ့ သူဌေး သူကြွယ်နဲ့ သူတို့ရဲ့ သားသမီးတွေ အဲဒီလို ပုဂ္ဂိုလ်တွေ။

အဲဒီလို ပုဂ္ဂိုလ်တွေဆိုတဲ့ အရင်းအနှီး ထုတ်ပေးမယ့် ယုံကြည်စိတ်ချပြီးတော့ အရင်းအနှီး ထုတ်ပေးတဲ့ ပုဂ္ဂိုလ်ဆိုတဲ့ မိတ်ရာ ရှိကြရတယ်။ မိတ်ရာ ရှိရင်လဲ ကြီးပွားနိုင်တာပဲ။ ခြုံလိုက်ရင်တော့ (၃)မျိုးပါပဲ။

၁။ စီးပွားရေးမျက်စိ ရှိရမယ်။

၂။ စီးပွားရေးလုပ်တဲ့အခါ ကျွမ်းကျင်လိမ္မာ အမြော်အမြင် လုံ့လ ဝီရိယ ရှိရမယ်။

၃။ မိတ်ရာကောင်းရမယ်။

http://www.dhammadownload.com



ဒီအချက်အလက် (၃)မျိုးနဲ့ ပြည့်စုံရင် ဒီကုန်သည်ဟာ ကြီးပွားတော့တာပဲ။ ဒါက ဥပမာစကားပါပဲ။

သာသနာတော်မှာ တရားအားထုတ်ကြတဲ့ သူများဟာ နံနက်အခါမှာလဲပဲ မိမိရဲ့သမာဓိ နိမိတ် သမာဓိရဖို့ရာ လမ်းစဉ်ကျင့်စဉ်များကို ကြိုးစားအားထုတ်ရမယ်။

နေ့ပိုင်းမှာလဲ ကြိုးစားအားထုတ်တယ်။ ညနေချမ်း ညချမ်းမှာလဲ ကြိုးစားအားထုတ်တယ် သမာဓိရအောင်။

ဒီအချက်အလက် (၃)မျိုးနဲ့ ပြည့်စုံလို့ရှိရင် စောစောက ကုန်သည်များ ကြီးပွားသလိုပါပဲ။ ကြီးပွားတိုးတက်မှု ရရှိနိုင်ပါတယ်။

ဒုတိယသုတ္တန် ဥပမေယျ စကားကျတော့-

ဉာဏ်အမြင်မျက်စိ ရှိရမယ်ဆိုတာ ဘယ်လိုမျက်စိမျိုးလဲဆိုတော့-

**"ဣဓ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ"**- စသည့် စကားတော်အတိုင်း ဒီတေဘူမက သင်္ခါရတရားတွေကို ဒုက္ခလို့ မြင်နိုင်စွမ်း ရှိရမယ်။ ဒီလောဘ တဏှာဟာ ဒုက္ခဖြစ်ကြောင်းလို့ မြင်နိုင်စွမ်း ရှိရမယ်။

နိဗ္ဗာန်သည် ဒုက္ခချုပ်ရာ။ မဂ္ဂင် (၈)ပါး တရားတော်မြတ်သည် ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်းလို့ အဲလို မြင်နိုင်စွမ်း ရှိရမယ်တဲ့။

ဉာဏ်အမြော်အမြင်နဲ့ ဝီရိယ ဘယ်လိုရှိရမလဲဆိုတော့ အကုသိုလ်တရားတွေကို ဖယ်ရှားဖို့ ကုသိုလ်တရားတွေကို ပွားများဖို့ ကျွမ်းကျင်လိမ္မာရမယ်။ မြဲမြံခိုင်ခန့်တဲ့ ဝီရိယရှိရမယ်။ မိမိတို့ တရားရရေးနဲ့ ပတ်သက်ပြီးတော့ မဆုတ်တမ်း ဝီရိယ ဖွဲ့ရှိရမယ်။

## အမှီကောင်းရမယ်

နံပါတ် (၃) ပြည့်စုံရမယ့် အချက်က ဘာလဲဆိုတော့ ဒုတိယ ပါပဏိက သုတ္တန်မှာ အမှီကောင်းရမယ်၊ ရှိရမယ်။ အမှီဆိုတာ ဘာတွေလဲဆိုတော့ စောစောက ကုန်သည်ဟာ ငွေကြေးအရင်းအနှီး ထုတ်ပေးမယ့် သူဌေးနဲ့ သူဌေးသားသမီးတွေ အမှီရမှ ကြီးပွားသလို။ သာသနာတော်မှာ

http://www.dhammadownload.com



တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်များမှာလဲ-

**ဣဓ ဘိက္ခဝေ ယေတေဘိက္ခု ဗဟုဿုတာ အာဂတာဂမာ ဓမ္မဓရာ ဝိနယဓရာ မာတိကာဓရာ။**

ရဟန်းတို့ ဤသာသနာတော်မှာ မိမိတို့မှီခိုရာ အားထားရာဖြစ်တဲ့ ရဟန်းတော်တွေ ရှိတယ်။ ရဟန်းတော်ဆိုတာ ပဓာနအားဖြင့် ပြောတာပါပဲ။ မိမိတို့ တရားပြမည့် ပုဂ္ဂိုလ်တွေ၊ တရားစစ်ကြတဲ့ ရဟန်းတော်တွေ ကမ္မဋ္ဌာနာစရိယ, ဥပါသကာ, ဥပါသိကာတွေအားလုံးနဲ့ ဆိုင်ပါတယ်။

ဗဟုဿုတာ- အသင်အကြား အမြင်များကြပါကုန်၏။ သင်ကြားထားလို့ တတ်သိနားလည်မှုလဲ ရှိရမယ်။ အားထုတ်ထားလို့ အသိဉာဏ် ရင့်သန်နေတာလဲ ဖြစ်ရမယ်။

အာဂတာဂမာ- အာဂုံလဲရတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ရမယ်။ ဓမ္မဓရာ- တရားကိုဆောင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ရမယ်။ ဝိနယဓရာ- ဝိနည်းဆောင် ပုဂ္ဂိုလ်တွေ ဖြစ်ရမယ်။ မာတိကာဓရာ- မာတိကာဆောင် ပုဂ္ဂိုလ်တွေ ဖြစ်ရမယ်။

ဟော- အဲလိုပုဂ္ဂိုလ်တွေ မှီရာတွေ မှီရာတွေ။ ဘုန်းကြီးတို့ (၁၇)ကြိမ်မြောက် တရားစခန်းပွဲမှာ ဘုန်းကြီးနှင့်တကွ ဤတရားစခန်းကို တာဝန်ယူပြီး ဟောပြောပြသပြီးတော့ ရှေ့ဆောင်ပြမည့် ကမ္မဋ္ဌာနာစရိယ ပုဂ္ဂိုလ်တွေ, ရဟန်းတော်များ, ဥပါသကာ, ဥပါသိကာများဟာ ဗဟုသုတ ဂုဏ်နဲ့ စုံလင်ကြပါတယ်။

အဲဒီတော့ မှီရာ မှီရာကောင်းတော့-

**တေ ကာလေန ကာလံ ဥပသင်္ကမိတွာ ပရိပုစ္ဆတိ ပရိပဉှတိ။**

တစ်ခါတရံ သူ့အချိန်အခါနဲ့သူ။

"**ဣဒံ ဘန္တေကထံ**"- ဒါဘယ်လိုပါလဲ ဘုရား။ "**ဣမဿ ဘန္တေ ကောအတ္ထော**"- ဒီသဘောရဲ့ အနက်အဓိပ္ပါယ်က ဘယ်လိုပါလဲဘုရား။ အဲဒီလို မေးကြ မြန်းကြတဲ့ အခါကျတော့ ဒီဆရာတော်များက-

မပွင့်လင်းတာတွေကိုလဲ ပွင့်လင်းအောင် "**အဝိဝဋဉ္စေဝ ဝိဝဋံ ကရောန္တိ အနုတ္တာနဉ္စေဝ ဥတ္တာနီ ကရိယန္တိ**"- မထင်ရှားတာတွေကိုလဲ

http://www.dhammadownload.com



ထင်ရှားအောင်၊ မပေါ်လွင်တာတွေကိုလဲပဲ ပေါ်လွင်အောင် ပြုပေးနိုင်ကြတယ်။ မရှင်းလင်းတာတွေကိုလဲ ရှင်းလင်းသွားအောင်။ **"အနေက ဝိဟိတေသု ကင်္ခါဌာ နေသု ကင်္ခ ပဋိဝိနောဒေန္တိ"**- ဒီလိုတရားနဲ့ ပတ်သက်ပြီးတော့ အားထုတ်ကြတဲ့အခါမှာ မိမိစိတ်ထဲမှာ သံသယဖြစ်ဖွယ်တွေ ယုံမှားသံသယတွေ ဒါသမထလား၊ ဒါဝိပဿနာလား၊ ဒီလိုဖြစ်တာ သမထသမာဓိ ဟုတ်ရဲ့လား၊ ဒီလိုဖြစ်တာ ဝိပဿနာ ဟုတ်ရဲ့လား၊ မိမိရဲ့ ဉာဏ်အမြင်မှာ မိမိရဲ့စိတ်ကလေး တရားနဲ့ တွေ့တာလေးဟာ တကယ်တမ်း တရားတွေ့တာ ဟုတ်ရဲ့လား အစရှိသည်ဖြင့် ယုံမှားသံသယတွေ အများကြီး ဖြစ်တတ်ပါတယ်။

အဲဒီလို ဖြစ်တဲ့အခါမှာ **"ကင်္ခ"**- ယုံမှားခြင်းကို။ **"ပဋိဝိနောဒေန္တိ"**- ဖြေဖျောက်၍ ပေးတတ်ကြပါကုန်၏။

အဲဒီလို ယုံမှားသံသယဖြစ်တဲ့ နေရာတွေမှာ ဒီဟာကမှန်တယ်။ ဒီလိုဖြစ်တတ်တယ်။ ဒီထွက်လေ ဝင်လေ ရှုမှတ်ခြင်း ကမ္မဋ္ဌာန်းကို ထွက်လေ ဝင်လေ ရှုမှတ်ခြင်းက စတင်ပြီးတော့ အားထုတ်ရတဲ့ ကမ္မဋ္ဌာန်း ဒီ (၇)ရက် စခန်းတွင်းမှာ ဒီလိုဖြစ်တတ်တယ်။

ဒါက သမာဓိ၊ ဒါက ဝိပဿနာ၊ ဒါက ရုပ်၊ ဒါက နာမ်။ အဲဒီလို အချက်တွေနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းနိုင်တဲ့ ရဟန်းတော်များ၊ ကမ္မဋ္ဌာနစရိယများဟာ မှီရာပါပဲ။ အဲဒီလို မှီရာလဲ ကောင်းရပါမယ်။

အဲဒီတော့ ယခု ဘုန်းကြီးတို့ရဲ့ လယ်တီဝိပဿနာ (၇)ရက် တရားစခန်းမှာ စောစောကပြောသလို နံနက်အခါမှာလဲ သမာဓိနိမိတ်ရအောင် ကြိုးစားမယ့် ယောဂီတွေ၊ နေ့လည်အခါ ဒီအတိုင်းပဲ ကြိုးစားကြ၊ ညနေချမ်းအခါမှာလဲ ကြိုးစားကြမယ်။

အဲဒီလို ကြိုးစားလို့ရှိရင် မိမိတို့လိုအပ်တဲ့ တရားများရရှိမယ်။ နောက်ပြီးတော့ ပညာဉာဏ် အမြင်မျက်စိ၊ ဉာဏ်အမြော်အမြင် ဝီရိယမှီရာတဲ့။ တရားပြကြမယ့် ပုဂ္ဂိုလ်တွေ ဆရာတော်တွေ ဆိုတဲ့ မှီရာ။ ဒါလဲပဲ ပြည့်စုံကြတယ်။

အဲဒီတော့ ဘုရားရှေ့နှုတ်တော်ထွက် ဓမ္မစက်ရှိတဲ့အတိုင်း ဆက်ပြီး

http://www.dhammadownload.com



တော့ ကြိုးစားမယ်ဆိုရင် **"နစိရဿေဝ"** အခါမလင့် မကြာမြင့်မီပင်လျှင် **"ဓမ္မေသုဝေ ပုလ္လတ္တံ ပါပုဏိဿတိ"**- မကြာမြင့်ပါဘူးတဲ့။ တရားတော်များ မိမိရဲ့ ရုပ်အစဉ် နာမ်အစဉ်မှာ ပြန့်ပွားပြီးတော့ ကြီးပွားတိုးတက်ပြီးတော့ တရားထူးများ ရရှိခံစားရပါလိမ့်မယ်။ အဲဒီလို ဗုဒ္ဓ၏ ဒေ္သနာတော်ထွက် ရှိပါတယ်။

အဲဒီလို ဗုဒ္ဓဒေ္သနာတော်ထွက် ရှိငဲ့အတိုင်း ဘုန်းကြီးတို့ တရားစခန်းဖွင့်ကြရပါတယ် မလွယ်ပါဘူး။ ဒီအချက်အလက်တွေ ပြည့်စုံအောင် အခြားအခြား စားရေး, ဝတ်ရေး, နေရေး အစရှိတဲ့ အချက်အလက်တွေ ကတော့ အထောက်အကူ အချက်အလက်တွေပါပဲ။

ဒီတရားစခန်းမှာ အရေးကြီးဆုံးက စောစောကပြောတဲ့ **"နိဿယ သမ္ပန္န"**ဆိုတဲ့ မှီရာဂုဏ်ဟာ အရေးကြီးပါတယ်။ အဲဒီလို အချက်အလက်တွေ နဲ့ ပြည့်စုံတဲ့ အခါကျတော့ (ရက်ကတော့ (၇)ရက်ပဲ) အားထုတ်ကြရမယ့် အချိန်က (၁၀)ချိန် အချိန်ပြည့်။

## ဘုရားအကြိုက်

ဒါဟာ မြတ်စွာဘုရားရဲ့ အကြိုက်ပါပဲ။ ဘာကြောင့်လဲဆိုတော့ **"ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ"**။ ဘိက္ခဝေ- ရဟန်းတို့။ တုမှေ- သင်တို့ သည်။ ဈာယထ- ရှုပွားကြကုန်လော့၊ ရှုကြ, ပွားကြကုန်လော့။ မာပမာဒတ္ထ- မမေ့မလျော့ကြကုန်နဲ့။

ရှုကြ ပွားကြ ရှုစားကြစမ်း။ မမေ့ကြနဲ့။

**"မာပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ"**- နောက်မှ နောင်တမရကြနဲ့။

မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့ ဩဝါဒဒေသနာတော်အတိုင်း ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ဗောဓိပက္ခိယဒီပနီမှာ ဘုန်းကြီးတို့ ရေတော်တော်ကြာ သူ့ရက်နဲ့ သူကျတော့ ဝေငှပါလိမ့်မယ်။

ဆရာတော်ဘုရားကြီးက ဘာမိန့်သလဲဆိုတော့ လူဖြစ်ရကျိုးနပ်စေ ရန်ဆိုတဲ့ ခေါင်းစဉ်နဲ့ "ရေတို့မည်သည် အလွတ်သာထားခဲ့လျှင် နိမ့်ရာသို့ စီးမြဲဓမ္မာ ဖြစ်သကဲ့သို့ သတ္တဝါတို့၏ စိတ်မည်သည် လွတ်၍ထားခဲ့လျှင်

http://www.dhammadownload.com



မကောင်းရာ၌ မွေ့လျော်၏"။ ဆရာတော်ဘုရားကြီးရဲ့ စကားတော်။

ရံခါ ဘုရားသာသနာ၌ ကြုံတွေ့၍ ဗုဒ္ဓဘာသာ လူမျိုး, နတ်မျိုး, ဗြဟ္မာမျိုး ဖြစ်ကြပါသော်လဲ သတိပဋ္ဌာန်အလုပ်ကို အားမထုတ်နိုင်ကြသည့်အတွက် စိတ်ကို အစိုးမရနိုင်ကြပေ။

သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်နှင့် ကြုံတွေ့ပါသော်လဲ လူဖြစ်ရကျိုး မနပ်ပေ။ ဆရာတော် ဘုရားကြီးက-

ဘုရားသာသနာတော်နဲ့ ကြုံလို့ ဗုဒ္ဓဘာသာတော့ ဖြစ်ပါရဲ့။ သတိပဋ္ဌာန်အလုပ်ကို မလုပ်ရရင် မလုပ်မိရင် စိတ်ကို အစိုးမရပါဘူး။

စိတ်ကို အစိုးရကြောင်း ကောင်းမြတ်တဲ့ သတိပဋ္ဌာန်အလုပ်ကို မလုပ်ဖြစ်ပါဘူးဆိုရင် ဗုဒ္ဓသာသနာနဲ့ ကြုံတွေ့ပါသော်လဲ လူဖြစ်ကျိုး မနပ်ပါဘူးတဲ့။

ပြီးတော့ ဆရာတော်ကြီးက မြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး ဟောကြားတော်မူသော ပိဋကတ်သုံးပုံကို အဆီညှစ်၍ အနှစ်သာရ ထုတ်ခဲ့ပါလျှင် ဗောဓိပက္ခိယတရား (၃၇)ပါးရ၏။

ပိဋကတ်သုံးပုံ ဆိုတာကတော့ အင်မတန် ကျယ်ဝန်းပါတယ်။ ဘုန်းကြီးတို့ နှစ်ပေါင်း (၃၀)ကျော် (၄၀) သင်ကြား ကြည့်ရှုပြီးတော့ နေတာမကုန်သေးပါဘူး။ အင်မတန် ကျယ်ဝန်းပါတယ်။

အဲဒီ ပိဋကတ်သုံးပုံကို အဆီညှစ်ပြီး အနှစ်ထုတ်လိုက်မယ်ဆိုရင် ဗောဓိပက္ခိယ (၃၇)ပါး ရတယ်။ အဲဒီ ဗောဓိပက္ခိယ (၃၇)ပါးထဲမှာ သတိပဋ္ဌာန် (၄)ပါးက ဦးဆောင်ပါတယ်။ အဲဒီ သတိပဋ္ဌာန် (၄)ပါးထဲမှာလဲ ကာယာနုပဿနာ။ သတိပဋ္ဌာန်ကို ပထမဆုံး ဟောပါတယ်။

အဲဒီ ကာယာနုပဿနာ သတိပဋ္ဌာန်မှာလဲ အခန်းကြီး (၁၄)ခန်းထားပြီးတော့ မြတ်စွာဘုရား တရားပေးတော့ ယခု ယောဂီများ မကြာမီ အားထုတ်ရမယ့် ထွက်လေ ဝင်လေကို ရှုမှတ်ခြင်းဆိုတဲ့ အာနာပါနပဗ္ဗ၊ အာနာပါနကမ္မဋ္ဌာန်းဟာ ဒါမြတ်စွာဘုရားရဲ့ သတိပဋ္ဌာန်လေးပါးထဲမှာ။

ကာယာနုပဿနာ သတိပဋ္ဌာန် အပိုင်းကြီးတွေ အပိုင်းကြီးတွေ ခွဲပြီးတော့ ဟောကြားတာထဲက ပထမဆုံး အပိုင်းပါပဲ။

http://www.dhammadownload.com



ထိုတရားတို့ကို ဖတ်၍ မှတ်၍ အသဲစွဲအောင် လေ့ကျင့်၍ ဆရာတော်ဘုရားကြီးရဲ့ စကားတော်က ထိုတရားတို့ကို ဖတ်ပါ၊ မှတ်ပါ၊ အသဲစွဲအောင်လဲ လေ့ကျင့်ပါ။

ဖတ်ရုံ မှတ်ရုံ အသဲစွဲအောင် မှတ်ရုံနဲ့ ပြီးရောလားဆိုတော့ ခန္ဓာဉာဏ်ပေါက် ကျင့်ကြံအားထုတ်နိုင်ပါရင် နံပါတ် (၁)လုပ်ငန်း တရားတော်တွေ ဖတ်၍ မှတ်၍ အသဲစွဲအောင် လေ့ကျင့်တဲ့ ပထမဆုံး လုပ်ငန်းပါပဲ။

အဲဒီကနေပြီးတော့ ဖတ်၍ မှတ်၍ အသဲစွဲအောင်လုပ်၍ လုပ်ငန်းကြီး အဓိကကျတဲ့ လုပ်ငန်းကြီးပါပဲ။

နံပါတ် (၂) ခန္ဓာဉာဏ်ပေါက် ကျင့်ကြံအားထုတ်နိုင်ပါလျှင် ဗုဒ္ဓသာသနာတော်နှင့် တွေ့ရကျိုး လူဖြစ်ရကျိုး နပ်ပေပြီလို့ မိန့်ကြားထားတာကိုး။ ဗုဒ္ဓဘုရားရဲ့ ဩဝါဒနဲ့ အညီပါပဲ မိန့်ကြားပြီးထားတော့ ဒီအားထုတ်နည်းကို လေ့ကျင့်သင်ကြားပြီးတော့ အဆင့်ဆင့် ခန္ဓာဉာဏ်ပေါက် ကျင့်ကြံအားထုတ်နိုင်ပါတယ်။

အားထုတ်နိုင်မယ်ဆိုရင် ဗုဒ္ဓသာသနာတော်နဲ့ တွေ့ရကျိုးနပ်တယ်။ လူဖြစ်ကျိုးလဲ နပ်တယ်လို့ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူတဲ့ စကားအတိုင်း။

ယနေ့ (၇)ရက် တရားစခန်း (၁၇)ကြိမ်မြောက် (၇)ရက် စခန်းမှာ အားထုတ်ကြမယ့် ယောဂီသူတော်စင်များဟာ မိမိတို့ အားထုတ်နည်းများကို မှတ်သားပြီးတော့ လေ့ကျင့်ပြီးတော့ ခန္ဓာဉာဏ်ပေါက် ကျင့်ကြံအားထုတ်နိုင်ကြပါစေသတည်း။

သာဓု သာဓု သာဓု

http://www.dhammadownload.com



ရန်ကုန်မြို့
နာဂလိုဏ်ဂူဘုရား ကုန်းမြေ ကလေးဝတော ရဇာ သင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာ နနာ ယက
နိုင်ငံတော် သံဃမဟာ နာ ယကအဖွဲ့ တွဲဖက်အကျိုးတော် ဆောင်
ဒွိပိဋကဓရ – ဒွိပိဋကကောဝိဒ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာ ပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာ
ကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာ ဒီပနီ ဓမ္မာ ရုံကြီး၌
ဟောကြားအပ်သော

## ၁၇–ကြိမ်မြောက် လယ်တီဝိပဿနာ (၁)

### ပထမနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ သီတင်းကျွတ်လဆန်း (၁)ရက်။
(၁၇)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်း။

**တစ်နှစ် (၂)ကြိမ်**

ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က ရဟန်းတော်များဟာ တစ်နှစ် (၂)ကြိမ် ဘုရားထံမှောက် ရောက်ကြရတယ်။

ဝါဆိုဦးမှာ တစ်ကြိမ်၊ သီတင်းဝါလ ကျွတ်တဲ့အခါ တစ်ကြိမ်၊ (၂)ကြိမ် ဘုရားထံမှောက် ရောက်ကြရတယ်။ ဝါဆိုဦးအခါ အဘယ့်ကြောင့် ဘုရားထံ ရောက်ကြသလဲဆိုတော့ "ကမ္မဋ္ဌာနံ နော ဘန္တေ ဒေထ"။

ဘန္တေ- ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ နော- တပည့်တော်တို့အား။ ကမ္မဋ္ဌာနံ- ကမ္မဋ္ဌာန်းကို။ ဒေထ- ပေးကြပါကုန်ဘုရား။

http://www.dhammadownload.com



မြတ်စွာဘုရား တပည့်တော်တို့အား ကမ္မဋ္ဌာန်းပေးတော်မူကြပါ ကုန်ဘုရားလို့ ကမ္မဋ္ဌာန်းတောင်းဖို့ရာအတွက် ဝါဆိုဦးအခါမှာ ရဟန်းတော်များ ဘုရားထံသို့ရောက်ကြရတယ်။

သီတင်းဝါလ ကျွတ်တဲ့အခါ တစ်ကြိမ် ဘုရားထံမှောက် ရောက်ကြရပြန်တယ်။ သီတင်းဝါလ ကျွတ်တဲ့အခါ အဘယ်အကျိုးငှါ ရောက်ကြပါသလဲ ဆိုရင် မိမိတို့ ရရှိတဲ့တရားထူးကို လျှောက်ထားဖို့ရန်တဲ့။ သီတင်းဝါလ ကျွတ်တဲ့အခါ ဘုရားထံမှောက် ရောက်ကြပြန်တယ်။

## သတိပဋ္ဌာန်အာရုံမှာ ကျက်စားကြ

ဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်က ဝါဆိုဦးအခါ တစ်ကြိမ်၊ သီတင်းဝါလ ကျွတ်တဲ့အခါ တစ်ကြိမ် ဘုရားထံမှောက်ကို ရောက်ရှိကြတယ်။ အဲဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ မိန့်ခွန်းတော်တွေထဲမှာ-

**ဂေါစရေ ဘိက္ခဝေ စရထ၊ မာ အဂေါစရေ။**
**သကေ ပေတ္တိကေ ဝိသယေ။**

ဘိက္ခဝေ- ရဟန်းတော်များ အို-ချစ်သား။ ဂေါစရေ- ကျက်စားရာ သတိပဋ္ဌာန်အာရုံ၌။ စရထ- ကျက်စားကြကုန်လော့။ သကေ- မိမိဥစ္စာ ဖြစ်သော။ ပေတ္တိကေ- အဖများစွာ ငါမှလာသော။ ဝိသယေ- သတိပဋ္ဌာန် အာရုံ၌။ စရထ- ကျက်စားကြကုန်လော့။

ရဟန်းတို့ အဖမြတ်စွာ ငါမှလာသော သတိပဋ္ဌာန် အာရုံထဲမှာ မိမိရဲ့စိတ်ကလေးကို ထုံမွှမ်းပြီးတော့ သတိပဋ္ဌာန်ဆိုတဲ့ ကျက်စားရာမှာ ကျက်စားပြီးတော့ နေကြ။

**ဂေါစရေ ဘိက္ခဝေ စရတံ မာရော ဩတာရံ နလစ္ဆတိ နအာရမ္မဏံ။**

ဂေါစရေ- ကျက်စားရာ သတိပဋ္ဌာန်အာရုံ၌။ စရတံ- လှည့်လည် ကြကုန်သော သူတို့၏။ ဩတာရံ- အကြားအပေါက်ကို။ မာရော- မာရ်မင်းသည်။ နလစ္ဆတိ- မရနိုင်။ အာရမ္မဏံ- အကြောင်းကို။ နလစ္ဆတိ- မရနိုင်။

ကျက်စား သတိပဋ္ဌာန် အာရုံထဲမှာ ကျက်စားပြီးနေကြတဲ့ ပုဂ္ဂိုလ်တို့ရဲ့အတွက် ပုဂ္ဂိုလ်တို့အပေါ်မှာ မာရ်နတ်မင်းဟာ အခွင့်မသာနိုင်ဘူး။

http://www.dhammadownload.com



မာရ်နတ်မင်း အပြစ်မရှာနိုင်ဘူး။ မာရ်နတ် ရန်မရှာနိုင်ဘူးလို့ ဆိုကြပါစို့။
အဲဒီတော့ ဆက်ပြီးတော့ ဟောတဲ့တရားတော်က-

**အကျိုး (၅)ပါး လွန်တိုးပွားလိမ့်**

**ဂေါစရေ ဘိက္ခဝေ စရန္တာ အာယုနာ ဝဍ္ဎိဿထ။**

ဘိက္ခဝေ- ရဟန်းတို့။ တုမှေ- သင်တို့သည်။ ဂေါစရ- ကျက်စားရာ သတိပဋ္ဌာန် အာရုံ၌။ စရန္တာ- ကျက်စားကြကုန်သော သင်တို့သည်။ အာယုနာပိ- အသက်ဖြင့်လည်း။ ဝဍ္ဎိဿထ- ဖွံ့ဖြိုးတိုးတက်ကြပါကုန်လိမ့်မည်။

သတိပဋ္ဌာန် အာရုံမှာ ကျက်စားနေကြတဲ့ သင်- ချစ်သားတို့ အတွက် အသက်လဲပဲ ဖွံ့ဖြိုးတိုးတက် ရှည်ပါလိမ့်မယ်။

“**ဝဏ္ဏေနပိ ဝဍ္ဎိဿထ**”- အဆင်းလဲ ဖွံ့ဖြိုးလှကြလိမ့်မယ်။

“**သုခေနပိ ဝဍ္ဎိဿထ**”- ချမ်းသာလဲပဲ များပါလိမ့်မယ်၊ တိုးတက်မှု ဖြစ်ပါလိမ့်မယ်။

“**ဘောဂေနပိ ဝဍ္ဎိဿထ**”- စည်းစိမ်ဖြင့်လဲပဲ တိုးပွားကြပါလိမ့်မယ်။

“**ဗလေနပိ ဝဍ္ဎိဿထ**”- ခွန်အားလဲ တိုးတက်ပါလိမ့်မယ်။

ခြုံပြီးတော့ ပြောလိုက်တဲ့ အခါကျတော့ သတိပဋ္ဌာန်အာရုံမှာ စွဲထုံပြီးတော့နေကြတဲ့ သူတော်စင် ယောဂီတွေဟာ အသက်လဲ ရှည်ပါလိမ့်မယ်။ အဆင်းလဲ လှပါလိမ့်မယ်။ ချမ်းသာလဲ တိုးတက်ပါလိမ့်မယ်။ စည်းစိမ်များလဲ တိုးတက်ပါလိမ့်မယ်။ ခွန်အားများလဲ တိုးတက်ပါလိမ့်မယ်။ ထင်ရှားအောင် ပြောကြဦးစို့။

မိမိတို့ အလိုရှိအပ်တဲ့ သာသနာတော်ဆိုင်ရာ ပြီးစီးမှုအားလုံးတို့ရဲ့ အခြေခံဖြစ်တဲ့ ဆန္ဒ, ဝီရိယ, စိတ်, ပညာ ဣဒ္ဓိပါဒ်လေးပါးကို ရရှိနိုင်ပါတယ်။ ပွားများနိုင်ပါတယ်။ ပွားများခွင့် ရပါလိမ့်မယ်။

ဣဒ္ဓိပါဒ်လေးပါးကို ပွားများခွင့်ရတဲ့ ပုဂ္ဂိုလ်များဟာ အာယုကပ် သက်တမ်းကုန်အောင် သက်တမ်းထက် ကျော်လွန်ပြီးတော့ နေနိုင်တယ်။

http://www.dhammadownload.com



ဒီသတိပဋ္ဌာန် (၄)ပါးဆိုတဲ့ အာရုံစွဲပြီး နေကြတဲ့ ပုဂ္ဂိုလ်များကြတော့ ဣန္ဒြိယ်ပါဒ်လေးပါးလုံးဟာ ပြည့်စုံတယ်။ ဣဒ္ဓိပါဒ်လေးပါးလုံး ပြည့်စုံတဲ့ ပုဂ္ဂိုလ်များ အာယုကပ်၊ အာယုကပ် ကျော်တက်ပြီးတော့ နေနိုင်တယ်။

ဒါကြောင့် အသက်လဲ တိုးတက်ဖွံ့ဖြိုးပါလိမ့်မယ်။ ပြီးတော့ ရုပ်ရေ အဆင်းလဲ လှပလာပါလိမ့်မယ်။ ရုပ်ရေအဆင်းဆိုတာ ဘာလဲဆိုတော့ သီလဆိုတဲ့ အဆင်းပါပဲ။

သာမန်အားဖြင့် သီလဆောက်တည်ထားတဲ့ ပုဂ္ဂိုလ်တို့က ကာယကံ ဝစီကံ ကျူးလွန်မှုကို စောင့်ထိန်းနိုင်ပါတယ်။ ယခု သတိပဋ္ဌာန် အာရုံ ထုံမွမ်းပြီးတော့ သမာဓိပွားများကြတဲ့ ပုဂ္ဂိုလ်တို့က ကိုယ်နဲ့လွန်ကျူးမှု၊ စိတ်နဲ့ လွန်ကျူးမှုတို့ကို ဖြစ်ပွားစေနိုင်တဲ့ ပရိယုဋ္ဌာနကိလေသာကို ပယ်ရှားနိုင်တာ ဆိုတော့ ပိုပြီးတော့ သီလလုံခြုံပါတယ်။ ဒါကြောင့် သီလအဆင်းလဲ ပိုပြီး တော့ လှပါလိမ့်မယ်။ ဒါကြောင့်-

**သီလံ ယောဂိဿ လင်္ကာရော၊**

**သီလံ ယောဂိဿ မဏ္ဍနံ။**

**သီလေဟိ လင်္ကတော ယောဂီ၊**

**မဏ္ဍနေ အဂ္ဂတံ ဂတော။**

ယောဂီများရဲ့ အဝတ်တန်ဆာက ဘာလဲလို့ဆိုရင် သီလ။ ယောဂီတို့ ရဲ့ တန်ဆာဆင်မှုကလဲ သီလ၊ သီလတန်ဆာဟာ အခြားတန်ဆာများနဲ့ မတူပါဘူး။

လှအောင် ပအောင် တန်ဆာဆင်တဲ့ နေရာမှာ သီလဆိုတဲ့ အဆင် တန်ဆာသည် အမွန်ဆုံး အမြတ်ဆုံး ဖြစ်ပါတယ်။ ဒါကြောင့် သီလတည်း ဟူသော အဆင်းလဲပဲ လှပါလိမ့်မယ်။ ချမ်းသာလဲပဲ တိုးတက်များပြားပါ လိမ့်မယ်။ ချမ်းသာဆိုတာ ဘာကိုခေါ်သလဲလို့ဆိုတော့ ဈာန်ချမ်းသာကို ခေါ်ပါတယ်။

ပထမဈာန်ချမ်းသာ, ဒုတိယဈာန်ချမ်းသာ, တတိယဈာန်ချမ်းသာ, စတုတ္ထဈာန်ချမ်းသာ။ အဲဒီ ဈာန်ချမ်းသာဆိုတာ နီဝရဏတွေ ကင်းမှ နီဝရဏကင်းတဲ့ ပုဂ္ဂိုလ်များမှ ရရှိနိုင်ပါတယ်။

http://www.dhammadownload.com



နီဝရဏဆိုတာ ဘာလဲလို့ဆိုတော့ အပိတ်အဆို့ တရားတွေပါပဲ။ အပိတ်အဆို့ဆိုတာ ကောင်းတဲ့တရားတွေ ပိတ်ဆို့ပြီးတော့ မကောင်းတဲ့ တရားတွေကို လမ်းဖွင့်ပေးတတ်တဲ့ တရားဆိုးတရားပျက်တွေကို နီဝရဏ။

ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ နီဝရဏတွေ ကင်းမှ ဈာန်ချမ်းသာဆိုတာ ရပါတယ်။ အဲဒီ နီဝရဏတွေ ကင်းဖို့ဆိုတာလဲပဲ တရားအားထုတ်မှသာ နီဝရဏ ကင်းနိုင်ပါတယ်။

သတိပဋ္ဌာန် တရားတော်များ အားထုတ်တဲ့အတွက် သမာဓိ ရတယ်။ အဲဒီ သမာဓိက နီဝရဏတရားတွေကို မိမိတို့သန္တာန်မှ ကင်းကွာ စေနိုင်ပါတယ် ဖယ်ရှားပစ်နိုင်ပါတယ်။

အဲလို နီဝရဏတရားတွေ ကင်းပြီးတဲ့အခါမှ ဖြစ်ပေါ်လာတဲ့ ဈာန် ချမ်းသာ ဖြစ်ပါတယ်။ သတိပဋ္ဌာန်အာရုံ ထုံမွှန်းထားတဲ့ ပုဂ္ဂိုလ်တွေ အဲဒီ ချမ်းသာမျိုး ရရှိနိုင်ပါတယ်။

လေးနံပါတ်ကျတော့ စည်းစိမ်၊ စည်းစိမ်များလဲ ဖွံ့ဖြိုးတိုးတက်မှု ရရှိစေနိုင်ပါတယ်။ ဘာစည်းစိမ်တွေလဲဆိုတော့ ဆိုကြပါစို့။ ဗြဟ္မစိုရ်တရား လေးပါးဆိုတဲ့ စည်းစိမ်။

မေတ္တာနဲ့ ယှဉ်တဲ့စိတ်နဲ့ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာမှာ ရှိနေကြတဲ့ သတ္တလောကကြီးအားလုံးကို တစ် ယောက်မှ တစ်ဦးမှမကျန်အောင် အကျိုးလိုလားတဲ့စိတ်။

ဆင်းရဲဒုက္ခ ရောက်နေတဲ့ ကံဆိုးတဲ့ ပုဂ္ဂိုလ်တွေ တွေ့ကြုံဆုံစည်းကြပြန်တော့ လဲ သနားတဲ့ ကရုဏာ။ ကံကောင်းလို့ ချမ်းသာကြတဲ့ ပုဂ္ဂိုလ်များ တွေ့ကြ ပြန်တော့လဲ တွေ့တဲ့အခါမှာ ဝမ်းပမ်းတသာဖြစ်တဲ့ မုဒိတာ။ အကျိုးလိုလား တဲ့ စိတ်တော့ရှိပါရဲ့ သို့သော်လဲပဲ သူ့အကြောင်းကံနဲ့သူ ဖြစ်ပေါ်လာပြန် တော့လဲပဲ ကမ္မဿကာလို့ ထားနိုင်တဲ့ ဥပေက္ခာ ဗြဟ္မဝိဟာရတရား။

ကမ္ဘာလောကကြီး အခြေအနေကို ကြည့်မယ်ဆိုရင် ကမ္ဘာလောက ကြီးဟာ "လိမ္မာလျှင်မြင်ပျင်း၊ ဆင်းရဲလျှင်အားရ၊ ကြွယ်ဝမနာလို၊ ကိုယ့်ထက် သာမကြိုက်၊ အမိုက်တရား၊ ဤလေးပါး၊ ထွန်းကားပလေ၊ ဤလူပြည်" ခေါ်တဲ့ တရားဆိုးတွေ လွှမ်းနေတယ်။ မိမိတို့သန္တာန်မှာ မေတ္တာ, ကရုဏာ, မုဒိတာ,

http://www.dhammadownload.com



ဥပေက္ခာခေါ်တဲ့ ဖြဟ္မာဝိဟာရတရား သီးခြား ဖြဟ္မစိုရ်တရား ဖြဟ္မဝိဟာရ တရား အားမထုတ်ရပဲ သတိပဋ္ဌာန်တရား အားထုတ်တာနဲ့ပဲ ဒီဖြဟ္မဝိဟာရ တရား တည်းဟူသော စည်းစိမ်များ ဖွံ့ဖြိုးတိုးတက်နိုင်ပါတယ်။

အဲဒီတော့ နံပါတ် (၅)ကျတော့ ခွန်အားလဲ ဖွံ့ဖြိုးတိုးတက်နိုင်ပါ တယ်။ ခွန်အားဆိုတာ ဘာလဲ။ ဘုန်းကြီးတို့ ယောဂီတို့အားလုံး လိုလား တောင့်တနေကြတဲ့ အာသဝက္ခယဉာဏ်။

အာသဝေါတရားတို့ကို ကုန်စေတတ်တဲ့ မဂ်ဉာဏ်၊ အာသဝေါ တရားတို့ ကုန်ပြီဖြစ်တဲ့ ဖိုလ်ဉာဏ်၊ အာသဝေါတရားတို့ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်။

အဲဒီလို အာသဝက္ခယဉာဏ်ဆိုတာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တို့ ရဲ့အမည်၊ တစ်နည်းအား ဖြင့်၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိတဲ့ဉာဏ်ကို အာသဝက္ခယဉာဏ်၊ တစ်နည်းအားဖြင့်၊ အာသဝေါတရားတို့ကို ကုန်စေ တတ်တဲ့ မဂ်ဉာဏ်ကို အာသဝက္ခယဉာဏ်။

အာသဝေါတရားတို့ ကုန်ပြီးဖြစ်တဲ့ ဖိုလ်ဉာဏ်ကို အာသဝက္ခယ ဉာဏ်။ အာသဝေါတရားတို့ရဲ့ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကို အာသဝက္ခယဉာဏ်။ အဲဒီ အာသဝဆိုတာ ဘယ်လိုဟာတွေလဲဆိုတော့ "**အာသဝ**"ဆိုတာ "**ကာမာသဝ**" လောဘကို အရကောက်ပါတယ်။

ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ ဆိုတော့ လောဘဒိဋ္ဌိနဲ့ မောဟ ဒီတရားတွေကို အာသဝ။ အဲဒီ အာသဝအမည်ရတဲ့ "လောဘ, ဒိဋ္ဌိ, မောဟ" တို့ ကုန်စေတတ်တဲ့ မဂ်ဉာဏ်ကို အာသဝက္ခယဉာဏ်၊ ကုန်ပြီးဖြစ်တဲ့ ဖိုလ် အာသဝက္ခယဉာဏ်၊ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကို အာသဝက္ခယဉာဏ်၊ ဒီလို ခေါ်ရတာကိုး။

အထူးသဖြင့်တော့ အာသဝေါတရားတို့ကို ကုန်စေတတ်တာ ကတော့ မဂ်ဉာဏ်။ အဲဒီ မဂ်ဉာဏ်ဟာ ဒီသမာဓိ ဝိပဿနာ အဆင့်ဆင့်က သွားရပါတယ်။

ဒါကြောင့် သတိပဋ္ဌာန် အာရုံမှာ ကျက်စားနေကြတဲ့ ပုဂ္ဂိုလ်တို့ ရရှိနိုင်တဲ့ ခွန်အားက ဘာလဲဆိုတော့ အာသဝက္ခယဉာဏ်ကို ခေါ်တာ။

http://www.dhammadownload.com



ဘုန်းကြီးတို့တတွေ ကုသိုလ်ပြုတိုင်း ပြုတိုင်း တောင့်တပြီးတော့ နေကြတယ်။

ဒါနပြုလဲ "**ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု**"- အဲဒီ ခွန်အား သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းဆိုတဲ့ အာသဝက္ခယဉာဏ်ဟာ မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါး နိဗ္ဗာန်ဆိုတဲ့ အာသဝက္ခယဉာဏ်။

အဲဒီလို အာသဝက္ခယဉာဏ် ခွန်အားကို မိမိတို့ ယခုအားထုတ်နေတဲ့ သတိပဋ္ဌာန် အလုပ်ကြီးက ရောက်အောင် ပို့ဆောင်နိုင်တယ်။

မြတ်စွာဘုရားက ဘာဆက်ဟောသလဲဆိုတော့ အဲဒီလို သတိပဋ္ဌာန် ကျက်စရားအာရုံမှာ ကျက်စားနေကြတဲ့ ပုဂ္ဂိုလ်တွေ အသက်လဲ ရှည်ကြလိမ့်မယ်။ အဆင်းလဲ လှကြလိမ့်မယ်။ ချမ်းသာတွေလဲ ဖွံ့ဖြိုးတိုးတက်ကြလိမ့်မယ်။ စည်းစိမ်တွေလဲ တိုးတက်လိမ့်မယ်။ ခွန်အားတွေလဲ ဖွံ့ဖြိုးတိုးတက်လိမ့်မယ်လို့ ဟောကြားပြီးတဲ့ နောက်ပိုင်းမှာ ဘာဆက်ဟောသလဲဆိုတော့ လောကကြီးထဲမှာ ခွန်အားတွေ အများကြီးရှိတယ်။ အဲဒီထဲမှာ ဖြိုခွင်းနိုင်ဖို့ တွန်းလှန်နိုင်ဖို့ အခက်ဆုံးဖြစ်တဲ့ အားကတော့ "**မာရဗလ**" မာရ်မင်းရဲ့အားပဲ၊ ခုခံရတာ မလွယ်ဘူး။ ခုခံဖို့ မလွယ်ဘူး။

အဲဒီ မာရ်မင်းရဲ့ခွန်အားကို နိုင်နိုင်တာကတော့ တရားခွန်အားပဲ ရှိတယ်။ အာသဝက္ခယဉာဏ် ခွန်အားရလို့ရှိရင် မာရ်မင်းရဲ့ခွန်အားကို တွန်းလှန်နိုင်မှာပါ။

အဲဒီ အာသဝက္ခယဉာဏ် ရဖို့ကျပြန်တော့ ဒီလို သတိပဋ္ဌာန်တရား အားထုတ်မှရတယ်။ အဲဒီမယ် မြတ်စွာဘုရားက-

> **ဧဝံ ဘိက္ခဝေ ကုသလာနံ ဓမ္မာနံ သမာဒါန ဟေတု၊ ဧဝံ ပုညံ ပဝဍ္ဎတိ။**

ဘိက္ခဝေ- ရဟန်းတို့။ ကုလသာနံ ဓမ္မာနံ- ကုသိုလ်တရားတို့ကို။ သမာဒါနဟေတု- ဆောက်တည်ခြင်းဟူသော အကြောင်းကြောင့်။ ဧဝံ- ဤသို့။ ပုညံ- ကုသိုလ်ကောင်းမှုသည်။ ပဝဍ္ဎတိ- တိုးပွားလာခဲ့ပေ၏။

ကုသိုလ်အဆင့်ဆင့် ရှိတယ်။ အဲဒီ ကုသိုလ်များကြောင့် သတ္တဝါအားလုံးဟာ ပစ္စုပ္ပန်သံသရာ ကြီးပွားကြောင်း ကောင်းမှုကုသိုလ်တွေ တိုးတက်တယ်။

http://www.dhammadownload.com



ဒါကြောင့် မြတ်စွာဘုရား စောစောက မိန့်ကြားတော်မူတဲ့ **"အဖ မြတ်စွာ ငါမှလာသော သတိပဋ္ဌာန် အာရုံ၌ စွဲထုံကြကုန်လော့"** သတိပဋ္ဌာန် အာရုံစွဲထုံနေကြတဲ့ ပုဂ္ဂိုလ်တို့အား မာရ်မင်းကလဲ အခွင့်မသာဘူး။ အနှောင့် အယှက်မပေးနိုင်ဘူး၊ တစ်နည်းအားဖြင့် ခုခံနိုင်ခဲ့တဲ့ မာရ်မင်းရဲ့ အားကိုလဲ ခုခံနိုင်ပါတယ်။

သတိပဋ္ဌာန် အာရုံ ထုံမွှမ်းပြီးနေကြတဲ့ ပုဂ္ဂိုလ်တို့ အသက်, အဆင်း, ချမ်းသာ, စည်းစိမ်, ခွန်အား တိုးပွားနိုင်ပါတယ်လို့ ဗုဒ္ဓဘုရားရဲ့ ရွှေနှုတ်တော်ထွက် ဓမ္မစက်ရတနာ ဒေသနာရှိတဲ့အတွက်ကြောင့် ယောဂီသူတော်စင်များ မာရ်မင်း၏အနှောင့်အယှက် အဆီးအတားကို ခုခံနိုင်တဲ့ အင်အားကြီးများ ရရှိရလေအောင်။ တစ်နည်းအားဖြင့် မြတ်စွာဘုရား ရွှေနှုတ်တော်ထွက် ဓမ္မရတနာ ဒေသနာတော်ရှိတဲ့အတိုင်း အသက်, အဆင်း, ချမ်းသာ, စည်းစိမ်, ခွန်အား တိုးတက်ခြင်းအကြောင်း ကောင်းမြတ်တဲ့ သတိပဋ္ဌာန် အာရုံမှာ နံနက်ပိုင်း, နေ့လည်ပိုင်း, ညနေပိုင်း အချိန်သုံးကြိမ်လုံး ထုံမွှမ်းနိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ သြဝါဒဒေသနာတရားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု သာဓု သာဓု

**ပထမနေ့ဟောစဉ်ပြီး၏**

## ဒုတိယနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ သီတင်းကျွန်လဆန်း (၂)ရက်၊ နေ့ည (၉း၃၀) နာရီအချိန်။

**ဓီလုံးငှက်ငယ်**

(၇)ရက် တရားစခန်းပွဲမှာ မနေ့ညက မြတ်စွာဘုရားက -

ဂေါစရေ ဘိက္ခဝေ စရထ၊ မာအဂေါစရေ၊

ဂေါစရေ ဘိက္ခဝေ စရထ၊ သကေ ပေတ္တိဝိသယေ။

**မိခင်ဂေဟာ ဝတီ**

http://www.dhammadownload.com



မိမိတို့ရဲ့ ကျက်စားရာ အဖမြတ်စွာ ငါမှာလာသော သတိပဋ္ဌာန် အာရုံ၌ ကျက်စားကြကုန်လော့လို့ အဲဒီလို မြတ်စွာဘုရား မိန့်ကြားတော်မူပြီးတော့ "**အဂေါစရေ**"ခေါ်တဲ့ ကျက်စားရာ အာရုံမဟုတ်တဲ့ မြတ်စွာဘုရားရဲ့ ကျက်စားရာ အာရုံမဟုတ်တဲ့ အာရုံငါးပါး မကျက်စားကြနဲ့လို့ မိန့်တော်မူပြီးတော့ ဘာဟောတော်မူသလဲဆိုတော့ ဗီလုံးငှက်ကလေးအကြောင်း ဟောကြားတော်မူပါတယ်။

ဗီလုံးငှက်ကလေးတစ်ကောင်ဟာ ယာခင်းထဲ ထွန်တုံးမြေစိုင်ခဲ တစ်ခု ထွန်ယက်ထားတဲ့ မြေစိုင်တစ်ခုအပေါ် တက်ပြီးတော့ ရပ်နားနေချိန် သိန်းငှက်ကြီးက လာပြီးတော့ ထိုးသုတ်လို့ ပါသွားတယ်။

ပါသွားတဲ့အခါ ဗီလုံးငှက်ကလေးက ဘာငြီးသလဲဆိုတော့ "ငါဟာ ငါ့နေရာမှာ မနေမိလို့ ငါရဲ့ကျက်စားရာမှာ မကျက်စားမိလို့ သိန်းငှက်ကြီးရဲ့ အထိုးအသုတ်ခံရတယ်။ ငါရဲ့နေရာမှာသာ ငါနေမယ်ဆိုရင် ငါရဲ့ကျက်စားရာမှာသာ ငါကျက်စားမယ်ဆိုရင် ယခုလို သိန်းငှက်ကြီးရဲ့ အထိုးအသုတ်ခံရမှာ မဟုတ်ဘူး"လို့။

အဲဒီလို ငြီးတွားတော့ သိန်းငှက်ကြီးက ဒီစကားကို ကြားသွားတယ်။ "ဗီလုံးငှက်ကလေး သင်ဟာ ဘယ်နေရာမှာနေနေ ငါ့ရဲ့ထိုးသုတ်မှုက သင် မလွတ်နိုင်ပါဘူး။ ဘယ်နေရာနေနေ ကဲ- စမ်းကြည့်စမ်း" ဆိုပြီးတော့ ပြန်လွှတ်လိုက်တယ်။

ပြန်လွှတ်လိုက်တဲ့ အခါကျတော့ စောစောကနေတဲ့ နေရာမှာပဲ ထွန်ယက်ထားတဲ့ ထွန်တုံးမြေစိုင်ခဲကြီးကြီးပေါ်မှာ တက်ပြီးတော့ ဗီလုံးငှက်ကလေးက လှမ်းပြီး သိန်းငှက်ကြီးကို စိန်ခေါ်တယ်။

"သိန်းငှက်ကြီး လာပါလော့၊ ငါ့ကို ထိုးသုတ်လှည့်ပါလော့၊ စောစောတုန်းကတော့ ငါဟာ ကိုယ့်နေရာမှာ မနေမိလို့ အထိုးအသုတ်ခံရပါတယ်။ အခု ငါ့နေရာ ငါသိပါပြီ ဘယ်နေရာမှာ ကျက်စားရမယ်ဆိုတာ နားလည်ပါပြီ။ သင့်ကို မကြောက်ပါဘူး"လို့ ဆိုတော့။ သိန်းငှက်ကြီးက တစ်ခါထဲ အဟုန်ပြင်းပြင်းနဲ့ ဗီလုံးငှက်ကလေးကို ထိုးသုတ်တယ်။

အဲဒီအချိန်အခါမှာ ဗီလုံးငှက်ကလေးက ထွန်ထားတဲ့ မြေစိုင်ခဲရဲ့

http://www.dhammadownload.com



အောက်နားကို ဝင်ပြီးတော့ နေလိုက်တော့ ထိုးသုတ်လို့ မရဘူး။

ဒုတိယတစ်ကြိမ် စိတ်လိုက်မာန်ပါနဲ့ ခေါ်လိုက်ပြန်တော့၊ ထိုးသုတ်ပြန်တယ်။ ဗီလုံးငှက်ကလေးဟာ ဘာမှမဖြစ်ဘူး။ ဗီလုံးငှက်ကလေးက သူ့နေရာ မြေစိုင်ခဲအောက်မှာ ပုန်းပုန်းနေတာကိုး။ စောစောကလို ထွန်တုံးမြေစိုင်ခဲ အပေါ်မှာသာ ရှိရင်တော့ အထိုးအသုတ်ခံရမှာ။

ထွန်တုံး မြေစိုင်ခဲအပေါ် ဌာနက ဗီလုံးငှက်ကလေးရဲ့ ကျက်စားရာ ဂေါစရဂါမ် မဟုတ်ပါဘူး။ ထွန်တုံး မြေစိုင်ခဲအောက်မှာ လုံခြုံတဲ့နေရာကလေးက ဗီလုံးငှက်ကလေးရဲ့ ကျက်စားရာ ဖြစ်ပါတယ်။

အဲဒီတော့ ဗီလုံးငှက်ကလေးဟာ ကျက်စားရာ မဟုတ်တဲ့ မြေစိုင်ခဲပေါ်နေတဲ့အခါ သိန်းငှက်ကြီးရဲ့ အထိုးအသုတ် ခံရပါတယ်။ မိမိရဲ့ ကျက်စားရာဖြစ်တဲ့ ထွန်တုံး မြေစိုင်ခဲအောက်မှာ ပုန်းအောင်းပြီးနေတဲ့ အခါကျတော့ သိန်းငှက်ကြီးရဲ့ အထိုးအသုတ် မခံရပါဘူး။

အဲဒီလိုပဲ အာရုံငါးပါးဆိုတဲ့ ကျက်စားရာမဟုတ်တဲ့ နေရာမှာ ကျက်စားတဲ့ ပုဂ္ဂိုလ် သတ္တဝါတွေက မာရ်နတ်မင်းလက်က မလွတ်နိုင်ပါဘူး။ မာရ်နတ်မင်း လွှတ်ထားတဲ့ မာရ်နတ်ရဲ့ စစ်သည်တွေလက်ထဲက မလွတ်နိုင်ဘူး။

သတိပဋ္ဌာန်အာရုံဆိုတဲ့ ကျက်စားရာ ဂေါစရဂါမ်ဌာနမှာ ကျက်စားမယ်ဆိုလို့ ရှိရင်ဖြင့် မာရ်မင်းရဲ့ အနှိပ်အစက် မခံရဘူး။ အဲဒီလို မြတ်စွာဘုရားက ဒီဗီလုံးငှက်ကလေးအကြောင်း ဆက်ပြီးတော့ ဟောကြားတော်မူပါတယ်။

## ပစ္စည်းလေးပါးဒကာ ပြစ်ရှုံ့နဲ့ ကျေနပ်မနေနဲ့

ယောဂီများအားလုံး ကျက်စားရာ သတိပဋ္ဌာန်အာရုံမှာ မိမိတို့ရဲ့ စိတ်ကို အာရုံတစ်ခုထဲမှာ ထားပြီးတော့ နေကြတဲ့အတွက် မြတ်စွာဘုရား အလို၊ မြတ်စွာဘုရားအကြိုက် ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ တစ်ချိန်က ဘုရားကျောင်း ဒါယကာကြီး အနာထပိဏ် ကျောင်းတော်ရောက်လာတော့ မြတ်စွာဘုရားက "ကျောင်း

http://www.dhammadownload.com



ဒါယကာ အနာထပိဏ်၊ သင်တို့ဟာ ရဟန်း သံဃာတော်များကို ဆွမ်းလုပ်ကျွေးတာလဲ အကြိမ်ကြိမ်၊ သင်္ကန်းလှူတာလဲ အကြိမ်ကြိမ်၊ ကျောင်းလှူတာလဲ အကြီးအကျယ်၊ ဆေးဝါးခတ်စာ လှူတာဆိုလဲ အခါခါ လှူပြီးတော့ သံဃာတော်များကို ပြုစုလုပ်ကျွေးနေတာပဲ။

ပစ္စည်းလေးပါးနဲ့ ပတ်သက်လို့ အနာထပိဏ်ကျောင်းဒကာတို့ရဲ့ သံဃာတော်များအပေါ်မှာ ပြုစုလုပ်ကျွေးမှုဟာ လျော့တယ် နည်းတယ် လစ်ဟင်းတယ်လို့ မရှိပါဘူး။

အဲဒီလို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ပြီးနေခြင်းလေးနဲ့ ပစ္စည်းလေးပါးနဲ့ သံဃာတော်များကို ထောက်ပံ့နေရုံကလေးနဲ့ စိတ်ရောင့်ရဲတင်းတိမ်ပြီး မနေပါနဲ့” ဒီစကား မြတ်စွာဘုရားက မိန့်ကြားတယ်။

ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါး သံဃာတော်များအတွက် လိုလေသေးမရှိအောင် လှူဒါန်းနေတာပဲဆိုပြီး အဲဒီလောက်နဲ့များ ရောင့်ရဲတင်းတိမ် မနေပါနဲ့၊ ကျေနပ်မနေပါနဲ့၊ နှစ်သိမ့်မနေပါနဲ့တဲ့။

အဲဒီလို မနေပဲနဲ့ **“ကာလေန ကာလံ မယံ ပဝိဝေကံပီတိံ ဥပသမ္ပဇ္ဇ ဝိဟရေယျာမ”**။

သင့်တော်တဲ့အချိန်မှာ ဆိတ်ငြိမ်ရာအရပ်ဆီ ချဉ်းကပ်ပြီးတော့ တရားအာရုံ ထုံမွှန်းသဖြင့် ရရှိအပ်တဲ့ ပီတိဘာဝနာ ပီတိတရားဖြင့် “ပီတိကို ပြည့်စုံစေပြီးတော့ နေကြမယ်”။ အဲဒီလို ကျောင်းဒကာများ အားထုတ်နေသင့်တယ်။ အားထုတ်ကြပါလေလို့ မြတ်စွာဘုရား တိုက်တွန်းတော်မူတယ်။

“အခါအားလျော်စွာ အခါအားလျော်စွာ ဘာဝနာနဲ့ ပတ်သက်တဲ့ ပီတိ၊ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းလို့ရရှိတဲ့ ပီတိ၊ ဆိတ်ငြိမ်ရာအရပ်မှာ ချဉ်းကပ်လို့ ရရှိတဲ့ ပီတိ၊ အဲဒီ ပီတိကို ပြည့်စုံစေပြီးတော့ နေရမယ်လို့ အဲဒီလို ကျင့်ကြံ ကြိုးကုန်အားထုတ်ပါလေ”လို့။

မြတ်စွာဘုရားက ကျောင်းဒကာ အနာထပိဏ် သူဌေးကြီးအား ဟောကြားတဲ့အခါမှာ အနီးအနားမှာက အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ရှိနေတယ်။ ရှိတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက-

**အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ၊**

http://www.dhammadownload.com



မြတ်စွာဘုရား ယခုလို ပစ္စည်းလေးပါး လှူဒါန်းပြီးတော့ နေရုံမျှနဲ့ မကျေနပ်နဲ့။ ကျေနပ်ရောင့်ရဲပြီးတော့ မနေနဲ့။ ရှေ့ဆက်ပြီးတော့ အခါ အားလျော်စွာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းလို့ရရှိတဲ့ ပီတိ၊ ဆိတ်ငြိမ်ရာအရပ် မှာ ချဉ်းကပ်လို့ ရရှိတဲ့ပီတိနဲ့ ပြည့်စုံစေပြီးတော့ နေကြရမယ်။ အဲဒီလို ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ရာ ကျောင်းဒကာကြီးအား မိန့်ကြားခြင်းဟာ အံ့ဩဘနန်း ထူးဆန်းလှပါတယ် ဘုရား။ မဖြစ်စဖူး အခုမှ အသစ်အထူးလို ပါပဲ ဘုရားလို့ လျှောက်ထားပြီးတော့ ဘာဆက်လျှောက်သလဲဆိုတော့။

ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းသဖြင့် ရရှိအပ်တဲ့ ပီတိ၊ ဆိတ်ငြိမ်ရာ အရပ်မှာ ချဉ်းကပ်လို့ တရားအာရုံ ထုံမွှမ်းပြီးရရှိတဲ့ ပီတိ၊ အဲဒီ ပီတိ ရရှိဆဲ ဖြစ်တဲ့ အရိယာသာဝကတို့မှာ အာရုံငါးပါးနဲ့ ဆက်စပ်တဲ့ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ စိတ်မသက်သာ နှလုံးနာမှု၊ အာရုံငါးပါးနဲ့ ဆက်စပ်တဲ့ ကိုယ် ချမ်းသာမှု၊ စိတ်သက်သာမှု ပြီးတော့ မလိုလားအပ်တဲ့ အကုသိုလ်အကျိုး ပေးတွေနဲ့ ဆုံစည်းလာလို့ ဖြစ်တတ်ကြတဲ့ ကိုယ်ဆင်းရဲမှု၊ စိတ်မသက်သာ နှလုံးနာမှု၊ အကုသိုလ်တွေနဲ့ ပတ်သက်ပြီးဖြစ်တဲ့ ကိုယ်ချမ်းသာမှု၊ စိတ် မသက်သာမှု ဆိုတာတွေ ဒီဘာဝနာပီတိ ရရှိနေတဲ့ အရိယာသာဝကအား ဒီတရားတွေ တရားဆိုး၊ တရားပျက်တွေ မဖြစ်ပါဘူး ဘုရား။ ဘာဖြစ်သလဲ ဆိုတော့ ကုသိုလ်နဲ့စပ်တဲ့ သုခ သောမနဿ၊ ကုသိုလ်နှင့်စပ်တဲ့ ကိုယ် ချမ်းသာမှု၊ စိတ်သက်သာမှု၊ စိတ်ရွှင်လန်းမှုသာ ဖြစ်ပြီးတော့ နေတတ်ပါ တယ် ဘုရားလို့။

အဲဒီလို ဆက်ပြီးတော့ အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးက မြတ်စွာဘုရား၏ စကားတော်ကို ထောက်ခံသောအားဖြင့် အဲဒီလို လျှောက် ထားပါတယ်။

အဲဒီတော့ ဒီစကားတော်ကို ပြန်ပြီးတော့ စဉ်းစားလိုက်တဲ့ အခါကျ တော့ ဘုန်းကြီးတို့ ယောဂီသူတော်စင်များ အားလုံး သာသနာတော်ကြီးကို ယုံကြည်ကိုးစားလျက် ရှိကြတဲ့အတိုင်း မိမိတို့ရဲ့ အတိုင်းအတာ အားလျော် စွာ ဆွမ်းလည်း လှူဖူးကြတယ်။ သင်္ကန်းလည်း လှူဖူးကြတယ်။ ကျောင်း ဆောက်တဲ့ အခါလဲ ပါဝင်လှူဒါန်းကြတယ်။ ဆေးဝါးများတစ်တွေလည်း

http://www.dhammadownload.com



လျှဒါန်းကြဖူးတယ်။

အဲလို လျှဒါန်းကြဖူးတော့ ဒါလောက်နဲ့ ကျေနပ်နေကြရမှာလား ဆိုတော့ မဟုတ်ပါဘူးတဲ့ ဘုရားရှင်က ကျောင်းဒကာ အနာထပိဏ် သူဌေးကြီးကို ပဝိဝေကပီတိ၊ ဘာဝနာပီတိ၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းလို့ရရှိတဲ့ ပီတိမျိုး၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းလို့ရရှိတဲ့ နှစ်သိမ့်မှုမျိုး ရရှိအောင် ကြိုးစားကြရမယ်။

အဲဒီလို တိုက်တွန်းစကားအတိုင်း ယောဂီသူတော်စင်များ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းမှုအပေါ်မှာ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ပြီး မိမိတို့ ထွက်လေ ဝင်လေဆိုတဲ့ အာရုံတစ်ခုထဲမှာ စိတ်ကလေးကို တည်ငြိမ် အောင် ငြိမ်သက်အောင် ထားရှိပြီးတော့မှ မကြာမြင့်မီ ကာလမှာပဲ စိတ်ရဲ့ သက်သာမှု၊ စိတ်ရဲ့ချမ်းသာမှု **"ပဝိဝေက"** ပီတိများ ရရှိခံစားရပါလိမ့်မယ်။

အဲဒီလို ပဝိဝေကပီတိ၊ ဘာဝနာပီတိ ရရှိခံစားရလောက်အောင် ကာယဂတာသတိ ကမ္မဋ္ဌာန်း အပါအဝင်ဖြစ်တဲ့ ထွက်လေ့ဝင်လေကို ရှုမှတ်ခြင်းဆိုတဲ့ ကမ္မဋ္ဌာန်းကို အားထုတ်ပြီးတော့ နေကြရတဲ့ ယောဂီသူတော်စင်တို့မှာ ဘုရားရှင် ကိုယ်တော်မြတ်က-

**အမတံ ဘိက္ခဝေ ပရိဘုတ္တံ။**

**ယေသံ ကာယဂတာ သတိ ပရိဘုတ္တာ။**

ထွက်လေ ဝင်လေကို ရှုမှတ်ခြင်းခေါ်တဲ့ ကာယဂတာသတိ ကာယဂတာသတိ ကမ္မဋ္ဌာန်းမျိုးကို သုံးဆောင်ပြီးတော့ နေကြရတဲ့ ပုဂ္ဂိုလ်များဟာ အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ပြီးတော့ နေရသကဲ့သို့ ဖြစ်ပါတယ်လို့ ဒေသနာတော်ထွက် စကားရှိတဲ့အတိုင်း-

မိမိတို့ ယခုလို ထွက်လေ ဝင်လေကို ရှုမှတ်ခြင်းဆိုတဲ့ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်နေရခြင်းဟာ အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ခံစားနေရတာ ဖြစ်တဲ့အတွက် ဘုရားရှင် လိုလားတော်မူတဲ့ ဘာဝနာပီတိ၊ ဘုရားရှင် လိုလားတော်မူတဲ့ ဆိတ်ငြိမ်ရာအရှပ် ချဉ်းကပ်ပြီးတော့ သမထဘာဝနာ ဝိပဿနာဘာဝနာ နှစ်မျိုးတို့ဖြင့် နှစ်သိမ့်ကျေနပ်မှုများ ရရှိအောင် ကြိုးစားရမယ်လို့ မိန့်ခွန်းတော်ကြီးကို ဦးထိပ်ရွက် ပန်ဆင်ပြီး

http://www.dhammadownload.com



တော့ ကြိုးစားနေရတာပါလားလို့ စိတ်ထဲမှာ အာရုံထားပြီး ဆက်လက်ပြီးတော့ ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေ ဆုတောင်းတိုက်တွန်းရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု သာဓု သာဓု

ဒုတိယနေ့ဟောစဉ်ပြီး၏။

## တတိယနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ သီတင်းကျွန်လဆန်း (၃)ရက်၊ ည (၉း၃၀)မိနစ်အချိန်။

### (၇)ရက်စခန်းပေါ်လာ

ဘုန်းကြီးတို့ မြတ်စွာဘုရား မဟာသတိပဋ္ဌာန သုတ္တန်ဒေသနာတော်မြတ်ကြီးကို သတိပဋ္ဌာန်လေးပါး ခွဲခြားပြီးတော့ ဟောကြားခဲ့ပါတယ်။

အဲဒီလို ဟောကြားတဲ့နေရာမှာ (၇)နှစ်က နေပြီးတော့ တဖြေးဖြေးလျှော့လာလိုက်တာ (၇)ရက် အားထုတ်ပါတဲ့။ (၇)ရက်ကြိုးစားမင်းစား အားထုတ်လို့ရှိရင် သိသိသာသာကြီး အချို့ပုဂ္ဂိုလ်တွေ, ရဟန္တာဖြစ်လို့ အချို့ပုဂ္ဂိုလ်တွေ အနာဂါမ်ဖြစ်ပါလိမ့်မယ်တဲ့။

အဲလို (၇)ရက်ထိ ဟောကြားခဲ့တာကို အကြောင်းပြုပြီးတော့ အခုခေတ်မှာ (၇)ရက်စခန်း ဆိုပြီးတော့ ပေါ်လာတယ်။ အဲလို (၇)ရက်ထိအောင်ထားပြီးတော့ (၇)နှစ်ကနေ (၇)ရက်ထိအောင် လျှော့လျှော့လာပြီးတော့ ဟောကြားတော်လာတာ။ တစ်နည်းအားဖြင့်၊ မဟာသတိပဋ္ဌာန သုတ္တန်ဒေသနာတော်မြတ်ကြီးကို ဉာဏ်အလယ်အလတ်စားဖြစ်တဲ့ ပုဂ္ဂိုလ်တို့၏အစွမ်းအားဖြင့် ဟောကြားတော်မူခဲ့တာကိုး။

တစ်နည်းအားဖြင့် ဉာဏ်အလတ်စားရှိတဲ့ ပုဂ္ဂိုလ်တို့အား ရည်ရွယ်ပြီးတော့ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။ ဉာဏ်ထက်မြက်လှတဲ့ ထူးခြားတဲ့ ပုဂ္ဂိုလ်တွေကျတော့-

http://www.dhammadownload.com



**ပါတော အနုသိဋ္ဌောသာယံ ဝိသေသဂါမီ ဘဝိဿတိ။**

နံနက်ခင်းမှာ ဆုံးမလိုက်လို့ရှိရင် ညနေမှာ တရားထူးရကြလိမ့်မယ်။ ဒါအင်မတန် ဉာဏ်ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေ။

**သာယံ အနုသိဋ္ဌော ပါတော ဝိသေသဂါမီ ဘဝိဿတိ။**

ညနေချမ်းမှာ ဆုံးမလိုက်လို့ရှိရင် နံနက်ခင်းမှာ တရားထူးရလိမ့်မယ်။

ဒါကတော့ အလွန်ဉာဏ်ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို ဟောကြားတော်မူတဲ့ စကားတော် ဖြစ်ပါတယ်။ သတိပဋ္ဌာန်ကို အခုအားထုတ်နေကြတော့ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ အာနာပါနဿတိ ကမ္မဋ္ဌာန်း ကာယာနုပဿနာသတိပဋ္ဌာန်ထဲကမှ (၁၄)ပိုင်း ရှိတာထဲက တစ်ပိုင်း။

ကာယာနုပဿနာ သတိပဋ္ဌာန်ကို (၁၄)ပိုင်း ပိုင်းပြီး ဟောကြားပါတယ်။

ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို (၉)စိတ် (၉)ပိုင်း ပိုင်းပြီးတော့ ဟောကြားတော်မူခဲ့ပါတယ်။

စိတ္တာနုပဿနာ သတိပဋ္ဌာန်ကျတော့ (၁၆)ပိုင်း (၁၆)စိတ် စိတ်ပြီးတော့ ဟောကြားတော်မူခဲ့ပါတယ်။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကိုတော့ (၅)စိတ် (၅)ပိုင်း ပိုင်းပြီးတော့ မြတ်စွာဘုရား ဟောကြားခဲ့ပါတယ်။

သတိပဋ္ဌာန်လေးပါးကို အပိုင်းအားဖြင့် (၄၂)ပိုင်း ပိုင်းပြီးတော့ ဟောကြားတော်မူခဲ့ပါတယ်။

## (၄)ပါးသာ ဟောတော်မူ

အဲဒီ သတိပဋ္ဌာန် (၄)ပါးသာ ဟောတယ်။ (၄)ပါးထက်လဲ ပိုမဟောဘူး။ (၄)ပါးအောက်လဲ ယုတ်မဟောဘူး။ ဘာကြောင့်ပါလဲလို့ဆိုတော့ **"ဝေနေယျဟိတတ္တာ"**- ဝေနေယျတို့ အကျိုးစီးပွား အလို့ငှါ (၄)ပါးသာ ဟောခဲ့ပါတယ်။

အဲဒီစကားလေးကို ထင်ရှားအောင် အကျယ်ချဲ့ပြီး ဟောမယ်ဆိုရင်

http://www.dhammadownload.com



ပုဂ္ဂိုလ်ဟာ တဏှာစရိုက်, ဒိဋ္ဌိစရိုက်ရှိတဲ့ ပုဂ္ဂိုလ်၊ တစ်နည်းအားဖြင့်၊ သမထလမ်းသွားတဲ့ ပုဂ္ဂိုလ်နဲ့ ဝိပဿနာလမ်းသွားတဲ့ ပုဂ္ဂိုလ်လို့ (၂)မျိုး (၂)မျိုးစီ ခွဲထားရမယ်။

တဏှာစရိုက် ရှိကြတဲ့ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်တွေထဲမှာလဲ မန္ဒဉာဏ်နဲ့တဲ့ ပုဂ္ဂိုလ်၊ တိက္ခဉာဏ် ထက်မြက်တဲ့ ပုဂ္ဂိုလ်လို့ (၂)မျိုး ခွဲရတယ်။ တဏှာစရိုက် ရှိတဲ့ပုဂ္ဂိုလ်တွေထဲက ဉာဏ်နုံ့တဲ့ ပုဂ္ဂိုလ်များအတွက် ကြမ်းတမ်းတဲ့ ရုန့်ရင်းတဲ့ကာယကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူတယ်။

ဉာဏ်ထက်မြက်ပြီး တဏှာစရိုက်ရှိတဲ့ ပုဂ္ဂိုလ်တွေအတွက် ရည်မှန်းပြီး နူးညံ့တဲ့ ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းကို ဟောကြားတော်မူပါတယ်။

ဉာဏ်နုံ့တဲ့ ဒိဋ္ဌိစိတ်ရှိကြတဲ့ ပုဂ္ဂိုလ်များအတွက် အရေအတွက်အားဖြင့် မများလှတဲ့ စိတ္တာနုပဿနာကို ဟောကြားတော်မူပြီးတော့ ဉာဏ်ထက်မြက်တဲ့ ဒိဋ္ဌိစရိုက်ရှိတဲ့ ပုဂ္ဂိုလ်များအတွက် အရေအတွက်အားဖြင့် များပြားတဲ့ ဓမ္မာနုပဿနာကို ဟောကြားတော်မူပါတယ်။

တစ်နည်းအားဖြင့် သမထ ယာနိက ပုဂ္ဂိုလ်ခေါ်တဲ့ သမထလိုင်း အဓိကထားသွားတဲ့ ပုဂ္ဂိုလ်တွေမှာလဲ ဉာဏ်နုံ့တဲ့ပုဂ္ဂိုလ်, ဉာဏ်ထက်မြက်တဲ့ ပုဂ္ဂိုလ် နှစ်မျိုး နှစ်စားခွဲပြီးတော့-

ဉာဏ်နုံ့တဲ့ သမထယာနိက ပုဂ္ဂိုလ်အတွက် ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဉာဏ်ထက်မြက်တဲ့ ပုဂ္ဂိုလ်တို့အတွက် ဝေဒနာနုပဿနာ သတိပဋ္ဌာန်။

ဝိပဿနာလိုင်း ဦးစားပေးသွားကြတဲ့ ပုဂ္ဂိုလ်များ ဉာဏ်နုံ့တဲ့ ပုဂ္ဂိုလ်အတွက် စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဉာဏ်ထက်မြက်တဲ့ ပုဂ္ဂိုလ်များအတွက် ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ အဲသလို ပုဂ္ဂိုလ်ကို လိုက်ပြီးတော့ ဉာဏ်နုံ့ ဉာဏ်ထက်မြက်မှုကို လိုက်ပြီး မြတ်စွာဘုရား သတိပဋ္ဌာန် (၄)ပါး၊ (၄)ပါးအောက်လဲ မဟောဘူး။ (၄)ပါးထက် ပိုပြီးလဲ မဟောဘူး။

http://www.dhammadownload.com



**တစ်နည်း**

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ဘုန်းကြီးတို့ ဝိပ္ပလ္လာသ အမှတ်ဖောက်ပြန်တာတို့, အသိဖောက်ပြန်တာတို့, အယူအမြင် ဖောက်ပြန်တာတို့ ရှိပါတယ်။

ဘယ်ပေါ်မှာ အသိအမှတ်, အယူအကြံ ဖောက်ပြန်သလဲဆိုတော့ ဘာတွေနဲ့ ပတ်သက်ပြီး ဘယ်လိုဖောက်ပြန်ကြလဲဆိုတော့-

အသုဘကို သုဘထင်တယ်။ အသုဘကို သုဘလို့ ကြံစည်တယ်။ အသုဘကို သုဘလို့ မြင်တယ်, ထင်တယ်, ယူဆတယ်။

ဒုက္ခကို သုခလို့ အမှတ်မှားတတ်တယ်။ အသိ, အကြံ, အယူအဆ မှားတတ်တယ်။

အနိစ္စကို နိစ္စလို့ ရုပ်နာမ်ဓမ္မ အနိစ္စကို နိစ္စ အမှတ်, အသိ, အယူ, အကြံ မှားတတ်တယ်။

အနတ္တကို အတ္တလို့ အမှတ်လွဲတယ်။ အကြံအစည် လွဲတတ်တယ်။ အယူအဆ အမြင်တွေ မှားတတ်တယ်။

အဲလို လွဲတတ်တာတွေနဲ့ ပတ်သက်ပြီးတော့ ပထမဆုံး အသုဘကို သုဘလို့ အမှတ်မှား, အသိမှား, အကြံမှား, အယူမှား, အမြင်မှားတဲ့ ပုဂ္ဂိုလ်တို့အတွက် အဲဒီ ဝိပ္ပလ္လာသ ပြောင်းပြန်မြင်မှုကို ပပျောက်စေဖို့ရာအတွက် ကာယာနုပဿနာ တရားကို ပေးတော်မူတယ်။

ဒုက္ခကို သုခလို့ မြင်တတ်, ထင်တတ်, ကြံစည်တတ်, ယူဆတတ်တဲ့ ပုဂ္ဂိုလ်တို့အတွက် ဝေဒနာနုပဿနာကို ဟောတော်မူတယ်။

အနိစ္စကို နိစ္စလို့ မှတ်တတ်, သိတတ်, ကြံစည်တတ်, ယူဆတတ်တဲ့ ပုဂ္ဂိုလ်တို့အတွက် မြတ်စွာဘုရားက စိတ္တာနုပဿနာ တရားကို ဟောတော်မူတယ်။

အနတ္တကို အတ္တလို့ မှတ်တတ်, သိတတ်, ကြံစည်တတ်, ယူဆတတ်, မြင်တတ်တဲ့ ပုဂ္ဂိုလ်တို့အတွက် ဓမ္မာနုပဿနာကို ဟောတော်မူတယ်။

ဒါကြောင့် ဒီလို အကြောင်းအရာတွေကို ထောက်ဆပြီးတော့ သတိပဋ္ဌာန်တရားကို (၄)ပါးအောက် ယုတ်ပြီးတော့ မဟောဘူး။ (၄)ပါးထက်လဲ ပိုပြီးတော့ ဟောတော်မမူပါဘူး။

http://www.dhammadownload.com



**တစ်နည်း**

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် နိဗ္ဗာန်ဆိုတဲ့ မြို့တော်ကြီး အခြား အခြားကမ္ဘာလောကမှာ ရှိကြတဲ့ မြို့တွေနဲ့ မတူတဲ့ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီး။ အဲဒီ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီးက အခြား အခြားကမ္ဘာမှာ ရှိကြတဲ့ မြို့တွေနဲ့ မတူဘူး။

ဘယ်လိုမတူသလဲဆိုတော့ အခြား အခြားမြို့ကြီး ပြကြီးများမှာတော့ ဇာတိ ပဋိသန္ဓေ မွေးဖွားတာ ရှိတယ်။ အိုတာ ရှိတယ်။ နာတာ ရှိတယ်။ သေတာ ရှိတယ်။ သားဖွားခန်း ရှိတယ်။ ဆေးရုံ, သူအိုရုံ, ဘိုးဘွားရိပ်သာ, သင်္ချိုင်းတွေ ရှိတယ်။

နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီးကတော့ ဇာတိပဋိသန္ဓေလဲ မရှိဘူး။ အိုတာ, နာတာ, သေတာ မရှိဘူး။ အခြား အခြားကမ္ဘာမှာရှိတဲ့ မြို့တွေ ပြတွေမှာတော့ စိုးရိမ်ပူဆွေး စိတ်မအေးစရာတွေ ငိုကြွေးမှုတွေ စိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှု ပူလောင်ပြင်းပြမှုတွေ အားလုံးရှိပါတယ်။

နိဗ္ဗာန်ရွှေမြို့တော်ကြီးကတော့ စိုးရိမ်ပူဆွေး စိတ်မအေးစရာတွေ မရှိ။ ကိုယ်ဆင်းရဲမှု စိတ်မသက်သာ စိတ်နှလုံးမသာယာမှုတွေ မရှိတဲ့ ရွှေမြို့တော်ကြီး။

အဲဒီ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီးကို သွားတဲ့အခါ အရပ်လေးမျက်နှာ လေးဘက်တံခါးရှိတဲ့ အရပ်လေးမျက်နှာ တံခါးရှိတဲ့ တံခါးလေးခုရှိတဲ့ မြို့ကြီး ဥပမာထားကြတယ်။

အရှေ့အရပ်က လာတဲ့ပုဂ္ဂိုလ်တွေက အရှေ့အရပ်က လာတဲ့ကုန်ပစ္စည်းယူပြီး အရှေ့တံခါးကနေ ဝင်သွား မြို့ရောက်။

တောင်အရပ်က လာတဲ့လူတွေက တောင်အရပ်က ထွက်ကုန်တွေယူ တောင်ဘက်တံခါးက မြို့ဝင်၊

အနောက်အရပ်က လာတဲ့လူတွေကလဲ အနောက်အရပ်က ထွက်ကုန်တွေယူပြီးတော့ အနောက်တံခါးက မြို့ဝင်ကြ။

မြောက်အရပ်က လာတဲ့လူတွေကလဲ မြောက်အရပ်က ထွက်ကုန်တွေယူ မြို့ရဲ့မြောက်တံခါးကပဲ ဝင်ကြတယ်။

http://www.dhammadownload.com



အားလုံးမြို့တော်ကြီးကို ရောက်ကြတယ်။ အဲသလိုပဲတဲ့ အချို့ပုဂ္ဂိုလ်တွေက ကာယာနုပဿနာ သတိပဋ္ဌာန်နဲ့ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီးကို ရောက်နိုင်ကြတယ်။

အချို့ပုဂ္ဂိုလ်တွေက ဝေဒနာနုပဿနာ သတိပဋ္ဌာန် လက်ကိုင်ပြီးတော့ ရွှေမြို့တော်ကြီးကို ဝင်ကြ။

အချို့ပုဂ္ဂိုလ်တွေက စိတ္တာနုပဿနာ သတိပဋ္ဌာန်နဲ့ ရွှေမြို့တော်ကြီး ဝင်နိုင်ကြ။

အချို့ပုဂ္ဂိုလ်များကျတော့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်နဲ့ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီး ဝင်ကြတယ်။

ဒါကြောင့် ပကတိမြို့နဲ့ မတူတဲ့ နိဗ္ဗာန်တည်းဟူသော မြို့တော်။ မြို့တော်ရဲ့ တံခါး (၄)ပေါက်နဲ့တူတဲ့ သတိပဋ္ဌာန်လေးပါး။ အရပ်လေးမျက်နှာက လာကြတဲ့ လူတွေနဲ့ ယောဂီများနဲ့ တူပါတယ်။

အဲဒီတော့ ဘယ်သတိပဋ္ဌာန်နဲ့ပဲသွားသွား နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီး ရောက်နိုင်တာပါပဲ။

ဒါကြောင့် ယနေ့ အားထုတ်နေကြတဲ့ ထွက်လေ ဝင်လေ ရှုမှတ်နေကြတဲ့ အာနာပါနသတိ ကာယာနုပဿနာ သတိပဋ္ဌာန်ရဲ့ (၁၄)ပိုင်း ပိုင်းပြီး ဟောတာတွေထဲကမှ ဟောထားတဲ့ အချက်တွေထဲက ဒါတစ်ပိုင်းပါပဲ။ အခု ယောဂီများ အားထုတ်နေကြတယ်။

အဲဒီ ထွက်လေ ဝင်လေ ရှုမှတ်ခြင်းဆိုတဲ့ အပိုင်းကို ရှုမယ်ဆိုရင် သတိပဋ္ဌာန် (၄)ပါးလုံး အားထုတ်ရာ ရောက်တယ်။ သတိပဋ္ဌာန် အားထုတ်ရာရောက်တော့ ဗောဇ္ဈင် (၇)ပါးလုံး အားထုတ်ရာ ရောက်တယ်။

ဗောဇ္ဈင် (၇)ပါးလုံး အားထုတ်ရာရောက်တော့ မဂ်လေးတန် ဖိုလ်လေးတန် ပွားများပြီးသား ရောက်တယ်။

မဂ်လေးတန် ဖိုလ်လေးတန် ပွားများရာရောက်တော့ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီးလဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်တယ်။

ဒါကြောင့် နိဗ္ဗာန်ဆိုတဲ့ ပဋိသန္ဓေ, အို, နာ, သေဘေး ကင်းဝေးရာ အနှောင်အဖွဲ့အားလုံးတို့၏ ကင်းလွတ်ရာ ချုပ်တတ်, စပ်တတ်, ဖွဲ့တတ်တဲ့

http://www.dhammadownload.com



တဏှာအရှုပ်အထွေးတို့၏ ကင်းဝေးရာ သန္တိစခန်းကြီးသို့ ရောက်ကြောင်း သန္တိစခန်း နိဗ္ဗာန်ရွှေမြို့တော်ကြီးသို့ ရောက်ကြောင်း ကောင်းမြတ်တဲ့ မြတ်စွာဘုရားရဲ့ သတိပဋ္ဌာန် လမ်းစဉ်များကို ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

တတိယနေ့ဟောစဉ်ပြီး၏။

## စတုတ္ထနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ သီတင်းကျွတ်လဆန်း (၄)ရက်နေ့၊ ည (၉း၃၀) နာရီအချိန်။

### ရတနာဘဏ်တိုက်ကြီး

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဒေသနာတော်တွေဟာ ရတနာ ဘဏ္ဍာတိုက်ကြီးလိုပါပဲ။

သုတ္တန်ပိဋကရ ရတနာဘဏ်တိုက်ကြီး၊ ဝိနည်းပိဋက ရတနာဘဏ်တိုက်ကြီး၊ အဘိဓမ္မာပိဋက ရတနာဘဏ်တိုက်ကြီး။ ဒီဘဏ်တိုက်ကြီး (၃)တိုက် ရထားတာကိုက ဘုန်းကြီးတို့တတွေ အင်မတန် ကံကောင်းပါတယ်။

ဒီရတနာဘဏ်တိုက်ကြီးထဲက ထုတ်ပြီးတော့ သုံးလို့ စွဲလို့ မကုန်နိုင်ပါဘူး။ ညစဉ် ညစဉ် (၇)ရက် မဟုတ်ပါဘူး။ တစ်နှစ်လုံးဟောလဲပဲ ဒီတရားတွေဟာ ကုန်မသွားနိုင်ပါဘူး။

ဒါကြောင့် မြတ်စွာဘုရားဟာ အနေကပရိယာယေန- အကြောင်းအမျိုးမျိုး ပရိယာယ်အမျိုးမျိုးဖြင့်။ ဘဂဝတာ- မြတ်စွာဘုရားသည်။ ဓမ္မော- တရားတော်ကို။ ဒေသိတော- ဟောအပ်ပါပြီ။

အကြောင်းအမျိုးမျိုး, ပရိယာယ်အမျိုးမျိုးနဲ့ ဟောကြားတော်မူပါတယ်။ အဲဒါလို ဟောကြားတော်မူတဲ့ တရားတော်တွေအနက် သာသနာတော်ရဲ့ အစပိုင်း အသိဉာဏ်ပညာ မရသေးတဲ့ ပုဂ္ဂိုလ်များလဲ ရဖို့ရန်၊ သာသနာ

http://www.dhammadownload.com



တော် အစပိုင်း အသိဉာဏ်ပညာ ရပြီးသား ပုဂ္ဂိုလ်များလဲ အဲဒီ ရပြီးသား ပညာ ပြန့်ပြောဖို့ရန်၊ ဘာဝနာပြီးပြည့်စုံဖို့ရာ အကြောင်း (၈)မျိုး မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ်။

## ဘာဝနာပြီးပြည့်စုံရန် အကြောင်း (၈)မျိုး

မရသေးတဲ့ အသိဉာဏ်ပညာတွေ ရဖို့ရာ၊ ရပြီးသား ပညာများလဲပဲ ပြန့်ပြောတိုးပွားဖို့ရာ ဘာဝနာကိစ္စများ ပြီးပြည့်စုံဖို့ရာအတွက် အကြောင်း (၈)မျိုး။ အဲဒါက ဘာတွေလဲလို့ဆိုတော့-

**နံပါတ် (၁)**

ကိုးကွယ်ရာ ရှိကြရမယ်။

သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရား၊ သက်တော်ထင်ရှားရှိစဉ် မြတ်စွာဘုရား၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသွားတဲ့ အခါကျတော့ မိမိတို့ ကြည်ညိုလေးစားတဲ့ ရဟန်းတစ်ပါးပါးကို ကိုးကွယ်ကြရမယ်။

အဲဒီလို ကိုးကွယ်ရာရှိခြင်းဟာ နံပါတ် (၁) အချက်။ တစ်နည်းအားဖြင့် ပြောရရင် ဒီ (၈)မျိုးကို ဗုဒ္ဓဘာသာဝင်များရဲ့ လေ့ကျင့်ခန်းကြီး (၈)မျိုးလို့ ခေါ်ပါတယ်။

**နံပါတ် (၂)**

မိမိတို့ ကိုးကွယ်အားထားတဲ့ ဘုရားဖြစ်စေ၊ ရဟန်းတော်များဖြစ်စေ ကြုံတွေ့တာနဲ့ မိမိတို့ သိလိုတဲ့ "**ကုဒံ ဘန္တေ ကထံ**"- ဒီသဘောတရားက ဘယ်လိုပါလဲ ဘုရား။ "**ကွမဿ ဘန္တေ ကော အတ္ထော**"- ဒီအနက်အဓိပ္ပါယ်က ဘယ်လိုပါလဲ ဘုရား။

သိလိုစိတ်နဲ့ မေးမြန်းကြရတယ်။ သာမန်မေးကာမျှ မတ္တမဟုတ်။ လေးလေးစားစား မေးရမယ်။ မိမိမေးတဲ့အချက်ကို ဖြေကြားတဲ့အခါမှာ ကျကျနနမှတ်သား။

http://www.dhammadownload.com



နံပါတ် (၃)

အဲဒီလို မေးမြန်းလျှောက်ထားပြီး ရရှိလာတဲ့ အဖြေများအပေါ်မှာ တရားဓမ္မနဲ့ ပတ်သက်သော အဖြေများ ဆင်ခြင်ပွားများရမယ်။

နံပါတ် (၄)

အကျင့်သီလနဲ့ ပြည့်စုံရမယ်။

နံပါတ် (၅)

ဗဟုသုတ အသင်အကြား အမြင်များအောင် ကြိုးစားရမယ်။

အဲဒီ ဗဟုသုတမှာ လောကီဗဟုသုတက တစ်မျိုး, လောကုတ္တရာ ဗဟုသုတက တစ်မျိုး။

လောကီနယ်ပယ်မှာ အသိများအောင် အမြင်များအောင်ဆိုပြီး သင်တာ ကြားတာက တစ်မျိုး။

လောကုတ္တရာနယ်ပယ်က တစ်မျိုး၊ တစ်နည်းအားဖြင့်၊ အခြား စာပေများ လေ့လာသင်ကြားပြီးတော့ ဗဟုသုတများတာက တစ်မျိုး။ ဗုဒ္ဓပိဋကတ်တော်ကို သင်ကြားပြီး ဗဟုသုတများတာက တစ်မျိုး။

အဲဒီနေရာမှာ အခြား အခြားလောကီဗဟုသုတတွေ သာသနာ တော်ရှိတဲ့ နေရာမှာပဲဖြစ်ဖြစ်၊ မရှိတဲ့နေရာမှာပဲဖြစ်ဖြစ်၊ တစ်နည်းအားဖြင့် သာသနာတော်နဲ့ မကြုံတဲ့ဘဝမှာဖြစ်ဖြစ်၊ ကြုံတဲ့ဘဝမှာဖြစ်ဖြစ် လောကီ ဗဟုသုတများကို ရရှိနိုင်ပါတယ် အချိန်မရွေး။

လောကုတ္တရာ ဗဟုသုတခေါ်တဲ့ ပိဋကတော်လာ ဗဟုသုတမျိုး။ ဒီဗဟုသုတမျိုးကျတော့ ဘုရားသာသနာတော်နဲ့ ကြုံမှ ကမ္ဘာကြီးတစ်ခုလုံးမှာ ဘုရားသာသနာ ပြန့်နှံ့နေတာ မဟုတ်ဘူး။

ပွင့်တော်မူတဲ့ အခါမှာပင် ဘုရားသာသနာ ပွင့်လင်းစည်ပင်ရာ ဌာနက နည်းနည်းလေးရှိတာ။ နယ်ပယ်ဒေသအားဖြင့်လဲ အင်မတန် ကျဉ်း မြောင်းလှပါတယ်။

ပုဂ္ဂိုလ်အနေအားဖြင့် ပြောမယ်ဆိုရင် ဘုရားသာသနာတော်

http://www.dhammadownload.com



တည်တဲ့ ပုဂ္ဂိုလ်ဆိုတာ ကမ္ဘာ့လူထုကြီး (၁၆)ပုံ တစ်ပုံ၊ (၁၆)စိတ် တစ်စိတ် စာလေးတောင် အနိုင်နိုင်ရှိပါလိမ့်မယ်။

ဒါကြောင့် ဗဟုသုတရှိဖို့နဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တွေ့ခဲ ကြုံခဲတဲ့ အသိဓာတ် အလိမ္မာတွေကို သိအောင် မြင်အောင် ကြိုးစားအားထုတ်ခြင်းကိုက ဗဟုသုတကို ပိုပြီးဖြစ်စေပါတယ်။

**နံပါတ် (၆)**

ပြီးတော့ ဘာလဲလို့ဆိုတော့ အဲဒီလို ရသိလာတဲ့ အချက်အလက်တွေနဲ့ ပတ်သက်လို့ သီလ, သမာဓိ, ပညာများကို စိတ်မဆုတ်နစ်ပဲနဲ့ ကြိုးစားရမယ်။

**နံပါတ် (၇)**

လူစုမိပြီဆိုရင် စကားသံတွေဟာ ညံပြီးတော့ တက်လာတယ်။ ပြောကြ ဆိုကြ၊ အဲဒီလို ပြောကြ ဆိုကြတော့ မြတ်စွာဘုရားက- **"သန္နိပတိတာနံ ဝေါ ဘိက္ခဝေ ဒွယံ ကရဏီယံ"**၊ လူစုမိပြီ ဆိုရင် လုပ်ငန်း (၂)ခု လုပ်ကြရတယ်။

၁။ ဓမ္မီဝါကထာ တရားနဲ့လျော်တဲ့စကား ပြောကြားရမယ်။

၂။ အရိယောဝါတုဏှိဘာဝေါ- သို့မဟုတ် တိတ်တိတ်ဆိတ်ဆိတ် နေရမယ်။

**နံပါတ် (၈)**

ခန္ဓာငါးပါးရဲ့ ဖြစ်မှု ပျက်မှုများကို ရှုပွားရမယ်။ ခန္ဓာငါးပါးဆိုတော့ ပေါင်းပြီးတော့ ခေါ်ထားတာပါပဲ။ ရုပ်တရား, နာမ်တရား။

ခန္ဓာငါးပါးကို (၂)မျိုး ခွဲလိုက်လို့ရှိရင်တော့ ရုပ်အစုနဲ့ နာမ်အစု။

(၅)မျိုး ခွဲမယ်ဆိုရင်တော့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဒီလို ခွဲကြရတယ်။

အဲဒီ ခန္ဓာငါးပါးထဲက ရုပ်ကိုဖြစ်စေ၊ နာမ်ကိုဖြစ်စေ၊ ရုပ်ရဲ့သဘာဝ

http://www.dhammadownload.com



လက္ခဏာကိုဖြစ်စေ၊ သာမညလက္ခဏာကိုဖြစ်စေ ရှုပွားကြရတယ်။

သာမညလက္ခဏာဆိုတာ ဘယ်လိုဟာလဲလို့ဆိုတော့ သာမည လက္ခဏာဆိုတာ ရုပ်တိုင်း ရုပ်တိုင်း၊ နာမ်တိုင်း နာမ်တိုင်းမှာ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်း, ဖြစ်တဲ့အခိုက်, ရင့်တဲ့အခိုက်, ပျက်တဲ့အခိုက်လို့ အခိုက် သုံးပါးရှိတယ်။ အဲဒါဟာ သာမညလက္ခဏာပါပဲ။

အဲဒီ သာမညလက္ခဏာအားဖြင့် တည်ရှိနေတဲ့ ရုပ်တရား, နာမ် တရားတို့ရဲ့ တံဆိပ်၊ မမြဲတဲ့အမှတ်တံဆိပ်၊ ဆင်းရဲတဲ့အမှတ်တံဆိပ်၊ အစိုး မရတဲ့အမှတ်တံဆိပ်များ။

အဲဒီလို ရှုပွားပြီးတော့နေခြင်းဟာ (၈)ခုမြောက် ဗုဒ္ဓဘာသာများ လေ့ကျင့်ခန်းလုပ်နေရမယ့် လုပ်ငန်းကြီးပါ။ အဲဒီ (၈)မျိုးနဲ့ ပြည့်စုံလို့ ရှိရင် တော့ မရရှိသေးတဲ့ အသိဉာဏ်, အလိမ္မာဉာဏ်တွေကို ရရှိနိုင်ပါတယ်။ ရပြီးသား အသိဉာဏ်, အလိမ္မာဉာဏ်တွေလဲ ပြန့်ပြောပြီးတော့ ဘာဝနာ စခန်း အပြီးတိုင် လှမ်းနိုင်ပါလိမ့်မယ်။

ဘုရားရှင် ဟောကြားတော်မူတဲ့ ဒေသနာတော်ရှိတဲ့အတိုင်း စောစောက အချက်အလက်တွေ (၈)မျိုးရှိတော့ ဒီအချက်အလက်တွေထဲက ယခု (၇)ရက် တရားစခန်းမှာ နံပါတ် (၈)ဖြစ်တဲ့ ခန္ဓာငါးပါးတို့ရဲ့ ဖြစ်ပုံ, ပျက်ပုံတို့ကို ရှုမြင်သုံးသပ်ခြင်းလို့ဆိုတဲ့ ဒီအချက်အလက်ဟာလဲပဲ မိမိရဲ့ ရုပ်တရား, နာမ်တရားတွေ မိမိတို့မှာ ဖြစ်ပေါ်နေတဲ့ ရုပ်တရား, နာမ်တရား တွေနဲ့ ပတ်သက်ပြီးတော့ ရှုပွားဆင်ခြင်ခြင်းဟာ ယခုလို တရားအားထုတ် တဲ့အခါ ပိုပြီးတော့ ပြည့်စုံပါတယ်။

ပြောမယ်ဆိုရင် တစ်ဘဝ တစ်ခါသေတာတို့၊ ပျက်ချိန်တန်ရင် ပျက်တာတို့ ဒီသဘောမျိုးတွေကတော့ သမထသက်သက် အားထုတ်တဲ့ ပုဂ္ဂိုလ်တွေလဲ သိပြီးတော့ နေကြတာကိုး။

အဖြစ်အပျက်လို့ ပြောတဲ့စကားထဲမှာ တကယ့်အဖြစ်အပျက်ကို မြင်တယ်လို့ မပြောနိုင်ပါဘူး။

ဝိပဿနာတရား အားထုတ်ကြတဲ့ ပုဂ္ဂိုလ်များကျတော့ အသေး စိတ်ဖြစ်စဉ် ရုပ်ရဲ့ဖြစ်စဉ် အသေးစိတ်၊ နာမ်ရဲ့ဖြစ်စဉ် အသေးစိတ်ကို

http://www.dhammadownload.com



ရုပ်ဖြစ်နေတာ ပျက်နေတာ၊ နာမ်ဖြစ်နေတာ ပျက်နေတာ အသေးစိတ် ရှုမှတ်ကြရတယ်။

အဲလို အသေးစိတ် ရှုမှတ်တဲ့နည်းကို ဝိပဿနာ ခေါ်တယ်။ အသေးစိတ်ရှုမှတ်တဲ့နည်းမှ ဝိပဿနာ ဖြစ်တာကိုး။

ဒါကြောင့် မရရှိသေးတဲ့ ဉာဏ်ပညာများ ရရှိဖို့ရာ၊ ရရှိပြီးသား ဖြစ်တဲ့ အသိဓာတ် အလိမ္မာဓာတ်တွေ တိုးပွားပြီးတော့ ဘာဝနာပြီးပြည့်စုံ ခြင်းအကြောင်း ကောင်းမြတ်တဲ့ အချက်အလက်များ ယောဂီသူတော်စင် များ ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေ ဆုတောင်းရင်း ဘုန်းကြီး ရဲ့စကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု သာဓု သာဓု

**စတုတ္ထနေ့ဟောစဉ်ပြီး၏။**

## ပဉ္စမနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ သီတင်းကျွတ်လဆန်း (၅)ရက်၊ ည (၉း၃၀)နာရီ အချိန်။

### အရိယာဝါသတရား (၁၀)ပါး

ယောဂီသူတော်စင်များ တရားအားထုတ်လို့ တော်တော်လေး အသားကျလာကြပြီ။ အဲဒီတော့ ဒီနေ့ဟောမယ့် တရားကတော့ "**အရိယာ ဝါသ**"တရား (၁၀)ပါး။

အရိယာဝါသဆိုတာ ရှေးအတိတ် အရှင် အရှင်မြတ်ကြီးတွေလဲပဲ ဒီတရားနဲ့ပဲနေတယ်။ ပစ္စုပ္ပန်မှာရှိကြတဲ့ အရိယာတွေလဲ ဒီတရားနဲ့၊ နောင် လာလတ္တံ့ ဖြစ်ပေါ်ကြမယ့် အရိယာပုဂ္ဂိုလ်များလဲ ဒီတရားတွေနဲ့ နေကြ လိမ့်မယ်။ ဒီတရားတွေက ဘာတွေလဲဆိုတော့-





ကျတော့ ပြုံးတယ်။ သဘောမကျတော့ မုန်းတယ်။

အရိယာပုဂ္ဂိုလ်များကတော့ အဲဒီလို အပြုံးအမဲ့ မရှိဘူး။ မျက်စိနဲ့ ရူပါရုံ မြင်တယ်။ မြင်တဲ့အခါကျတော့ နေဝသုမနော- ပြုံးပြီးတော့ ရွှင်ပြပြီး တော့လဲ မသွားပါဘူး။ နဒုမ္မနော- စိတ်မသက်သာ နှလုံးနာပြီးတော့ မဲ့ပြီး တော့လဲ မသွားဘူး။

**ဥပေက္ခ ကောဝိဟရတိ သတော သမ္ပဇာနော။**

သတိသမ္ပဇဉ်နဲ့ လျစ်လျူရှုပြီးတော့ နေတယ်။ အဲဒီလို နေနိုင်ခြင်း ဟာ အရိယာအရှင်မြတ်တို့ရဲ့ ဣဒ္ဓိတစ်မျိုးတဲ့။ "**အရိယိဒ္ဓိ**"လို့ ခေါ်တယ်။

ပုထုဇဉ်များမှာ ဒီလိုနိုင်နင်းတဲ့ စိတ်မျိုး မရှိကြဘူး။ အရိယာများက မျက်စိနဲ့ ရူပါရုံကိုမြင်တော့ အဲဒီလို လျစ်လျူရှုနိုင်တယ်။ အရိယာအရှင်မြတ်

http://www.dhammadownload.com



နံပါတ် (၁)

**ပဉ္စင်္ဂဝိပ္ပဟီနော ဟောတိ။**

အချက်အလက် (၅)မျိုးကို ပယ်ရှားနိုင်တဲ့ ပုဂ္ဂိုလ်အချက်အလက် (၅)မျိုးကို ပယ်ရှားပြီးတော့ နေတယ်။ ဘယ်လိုအချက်အလက် (၅)မျိုးလဲ ဆိုတော့ နီဝရဏ (၅)မျိုးပါပဲ။

- ကာမစ္ဆန္ဒနီဝရဏ - အာရုံငါးပါး ပယ်ရှားပြီးတော့ နေနိုင်တယ်။
- ဗျာပါဒနီဝရဏ - သူ့အသက်ကို သေစေချင်တဲ့ ဒေါသ။ ဗျာပါဒ ပယ်ရှားပြီး နေနိုင်တယ်။
- ထိနမိဒ္ဓနီဝရဏ - ထိုင်းမှိုင်းတာကို ပယ်ရှားပြီးတော့ နေနိုင်တယ်။
- ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ - ပျံ့လွင့်တာတို့ နောင်တ တဖန်ပူပန်တဲ့ တရားမျိုး ဖယ်ရှားပြီး နေနိုင်တယ်။
- ဝိစိကိစ္ဆာနီဝရဏ - သို့လော သို့လော သဘောမရှင်း ဝိစိကိစ္ဆာဆိုတဲ့ တရားဆိုးကို ဖယ်ရှားပြီးတော့ နေနိုင်တယ်။

အဲဒီ အချက်အလက် (၅)မျိုးကို ပယ်ရှားပြီးတော့ နေတယ်လို့ ခေါ်ရပါတယ်။

နံပါတ် (၂)

**ဆဠင်္ဂ သမန္နာဂတော ဟောတိ။**

အင်္ဂါ (၆)တန်နဲ့ ပြည့်စုံတယ်။ အင်္ဂါ (၆)တန် အချက်အလက် (၆)မျိုးဆိုတာ ဘာတွေလဲဆိုတော့-

**စက္ခုနာ ရူပံဒိသွာ နေဝသုမနော ဟောတိ။ နဒုမ္မနော။**

ရိုးရိုးပုထုဇဉ်တွေကျတော့ မျက်စိနဲ့ ရူပါရုံမြင်ပြီးလို့ရှိရင် သဘော





နံပါတ် (၃)

**"သတာရက္ခော ဟောတိ"**- သွားတဲ့နေရာ, စားတဲ့နေရာ, စတဲ့ နေရာတွေမှာ သတိအစောင့်အရှောက် ရှိတယ်။

သာမန်ပုထုဇဉ်တွေဆိုရင် သတိအစောင့်အရှောက် မရှိကြဘူး။

နံပါတ် (၄)

**"စတုရာပဿေနော"**- ဆိုတာ မှီရာလေးပါး ရှိတယ်။

မှီရာလေးပါးဆိုတာ အရိယာအရှင်မြတ်ကြီးများ ကျတော့-

၁။ ပစ္စည်းပစ္စယတွေကို ဆင်ခြင်ပြီးတော့ သုံးဆောင်တယ်။

၂။ တစ်ချို့ကျတော့ ဆင်ခြင်ပြီးတော့ သည်းခံတယ်။

http://www.dhammadownload.com



ကျတော့ ပြုံးတယ်။ သဘောမကျတော့ မုန်းတယ်။

အရိယာပုဂ္ဂိုလ်များကတော့ အဲဒီလို အပြုံးအမဲ့ မရှိဘူး။ မျက်စိနဲ့ ရူပါရုံ မြင်တယ်။ မြင်တဲ့အခါကျတော့ နေဝသုမနော- ပြုံးပြီးတော့ ရွှင်ပြပြီး တော့လဲ မသွားပါဘူး။ နဒုမ္မနော- စိတ်မသက်သာ နှလုံးနာပြီးတော့ မဲ့ပြီး တော့လဲ မသွားဘူး။

**ဥပေက္ခ ကောဝိဟရတိ သတော သမ္ပဇာနော။**

သတိသမ္ပဇဉ်နဲ့ လျစ်လျူရှုပြီးတော့ နေတယ်။ အဲဒီလို နေနိုင်ခြင်း ဟာ အရိယာအရှင်မြတ်တို့ရဲ့ ဣဒ္ဓိတစ်မျိုးတဲ့။ **"အရိယိဒ္ဓိ"**လို့ ခေါ်တယ်။

ပုထုဇဉ်များမှာ ဒီလိုနိုင်နင်းတဲ့ စိတ်မျိုး မရှိကြဘူး။ အရိယာများက မျက်စိနဲ့ ရူပါရုံကိုမြင်တော့ အဲဒီလို လျစ်လျူရှုနိုင်တယ်။ အရိယာအရှင်မြတ် တို့ရဲ့ မိမိတို့စိတ်ကို နိုင်နင်းတယ်။ စိတ်နဲ့တစ်စုံတစ်ခု ကြုံစည်ပြန်တော့လဲ ဒီအတိုင်းပဲ ဝမ်းမြောက်ခြင်း နှလုံးမသာခြင်း မဖြစ်ပဲနဲ့ သတိသမ္ပဇဉ်နဲ့ လျစ်လျူရှုနိုင်တယ်။

အရိယာများရဲ့ ဣဒ္ဓိ **"အရိယိဒ္ဓိ"**။

ပုထုဇဉ်များရဲ့ စိတ်ကတော့ ဒီလို အဆင်း, အသံစသည်တို့နဲ့ တွေ့ ကြုံဆုံစည်းလို့ မြင်သိစိတ်, ကြားသိစိတ် ဖြစ်တဲ့အခါမှာ ဗူးသီးခြောက်များ ရေထဲမျှောလိုက်သလိုပဲ။ ရေဗူးများ ရေထဲမျှောလိုက်သလို ပေါလောပေါလောနဲ့ ပုထုဇဉ်တို့ရဲ့စိတ်က။

အရိယာအရှင်မြတ်တို့ရဲ့ စိတ်ကျတော့ မြင်သိစိတ်, ကြားသိစိတ် စတဲ့ စိတ်တွေ တွေ့ကြုံဆုံစည်းတဲ့အခါမှာ မှိုင်းကျောက်ကြီးများ ရေထဲမှာ ဆန်လိုက ဆန်၊ စုန်လိုက စုန်၊ အဲသလို အလိုရှိသလို ဣဋ္ဌာရုံတွေ့လဲပဲ အရိယာပုဂ္ဂိုလ်များက သဘောကျတယ်လို့ မရှိဘူး။ အနိဋ္ဌာရုံတွေ့တော့လဲ ဒုမ္မနခေါ်တဲ့ နှလုံးမသာယာမှု မဖြစ်ဘူး။

အဲဒီလို စိတ်ကို နိုင်နင်းပြီးတော့ နေခြင်းဟာ အရိယာပုဂ္ဂိုလ်တို့ရဲ့ နေခြင်းမျိုး အရိယာပုဂ္ဂိုလ်များ အဲဒီလိုပဲ နေကြတယ်။

http://www.dhammadownload.com



နံပါတ် (၃)

"သတာရကၡော ဟောတိ"- သွားတဲ့နေရာ, စားတဲ့နေရာ, စတဲ့ နေရာတွေမှာ သတိအစောင့်အရှောက် ရှိတယ်။

သာမန်ပုထုဇဉ်တွေဆိုရင် သတိအစောင့်အရှောက် မရှိကြဘူး။

နံပါတ် (၄)

"စတုရာပဿေနော"- ဆိုတာ မှီရာလေးပါး ရှိတယ်။

မှီရာလေးပါးဆိုတာ အရိယာအရှင်မြတ်ကြီးများ ကျတော့-

၁။ ပစ္စည်းပစ္စယတွေကို ဆင်ခြင်ပြီးတော့ သုံးဆောင်တယ်။

၂။ တစ်ချို့ကျတော့ ဆင်ခြင်ပြီးတော့ သည်းခံတယ်။

၃။ တစ်ချို့ကျတော့ ဆင်ခြင်ပြီးတော့ ရှောင်ကြဉ်တယ်။

၄။ တစ်ချို့ကျတော့ ပညာနဲ့ဆင်ခြင်ပြီးတော့ ပယ်ဖျောက်တယ်။

အဲဒီလို မှီရာလေးပါးနဲ့ ပြည့်စုံတော်မူတယ်။

နံပါတ် (၅)

ပနုဏ္ဏပစ္စေက သစ္စော။

လောကုတ္တရာ- လောကသည်။ အန္တဝါ- အဆုံးရှိ၏။ လောကော- လောကသည်။ အနန္တဝါ- အဆုံးမရှိ အစရှိသည်ဖြင့် ယူတဲ့ အခြားအခြား တိတ္ထိတို့ရဲ့သစ္စာ ဒိဋ္ဌိတို့ရဲ့ အယူအဆ၊ အဲဒီ အယူအဆကို နှုတ်ပယ်ပြီးတော် မူတယ်။ အရိယာအရှင်မြတ်ကြီးတွေ။

နံပါတ် (၆)

"သမဝယျ သဋ္ဌေသနော"-ဆိုတာ ရှာမှီးခြင်းအားလုံးကို ပယ်စွန့် တော်မူကြပြီး ဖြစ်တော်မူတယ်။ အာရုံငါးပါးကို ရှာမှီးခြင်း ပယ်စွန့်ပြီးသား ဖြစ်တယ်။ ဘဝကို ရှာမှီးခြင်း ပယ်စွန့်ပြီးသား ဖြစ်တယ်။

ဗြဟ္မစရိယ- မြတ်သောအကျင့် ကျပြန်တော့ ဗြဟ္မစရိယကို ရှာမှီး မှုဟာလဲ ငြိမ်းပြီးတော့ သွားတယ်။

http://www.dhammadownload.com



အာရုံငါးပါးကိုလဲ မရှာတော့ဘူး။ ဘဝကိုလဲ မရှာဘူး။ မြတ်သော အကျင့်ကို ကျင့်ဖို့ **"ပဋိပဿဒ္ဓိ"**- ငြိမ်းအေးသွားပြီတဲ့။ ဆုံးခန်းတိုင်မြောက် ရောက်သွားပြီ။

နံပါတ် (၇)

**"အနာဝိလသင်္ကပ္ပေါ"**- အရှင်မြတ်ကြီးများဟာ မနောက်ကျူတဲ့ အကြံရှိတယ်။ ကြည်လင်တဲ့ အကြံအစည်။

ဘာတွေလဲလို့ဆိုတော့ **"နေက္ခမ္မသင်္ကပ္ပ"**- ကုသိုလ်တရားတွေနဲ့ ပတ်သက်ပြီးတော့ ကြံစည်ရှိတယ်။

**"အဗျာပါဒသင်္ကပ္ပ"**- သူတစ်ပါးကို ညှင်းဆဲတဲ့ အကြံမရှိပဲနဲ့ မေတ္တာ ထားတဲ့ အကြံအစည်တွေပဲ ရှိတယ်။

**"အဝိဟိံသ သင်္ကပ္ပ"**- မညှင်းဆဲတဲ့ အကြံအစည်ပဲ ရှိတယ်။ အဲဒါ မနောက်ကျူတဲ့ အကြံပါပဲ။

နံပါတ် (၈)

**"ပဿဒ္ဓ ကာယသင်္ခါရော ဟောတိ"**- ကာယသင်္ခါရ ငြိမ်းပြီ။ ချမ်းသာကိုလဲ ပယ်စွန့်၊ ဆင်းရဲကိုလဲ ပယ်စွန့်၊ နှစ်မျိုးကို ပယ်စွန့်ပြီးတော့။

**သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာ**

**ပုဗ္ဗေဝ သောမနဿ ဒေါမနဿာ နံ အတ္ထင်္ဂမာ။**

ဝမ်းနည်းမှု, ဝမ်းမြောက်မှု (၂)မျိုး စွေ့ရော်စီးစီးထဲက ချုပ်ပျောက် ပြီးတဲ့အတွက်ကြောင့်မို့ ဥပေက္ခာသည် ဖြစ်စေတဲ့ သတိရဲ့ စင်ကြယ်ခြင်း ရှိတဲ့ စတုတ္ထဈာန် ရရှိပြီးတော့နေတော့ ငြိမ်းအေးသော ကာယသင်္ခါရလဲ ရှိကြတယ်။

နံပါတ် (၉)

**"သုဟုမုတ္တ စိတ္တောဟောတိ"**- တပ်မက်မှု ရာဂမှ စိတ်ကလေး လွတ်ပြီ။ အမျက်ထွက်မှု ဒေါသကလဲ လွတ်ပြီ။ တွေဝေမှု မောဟကလဲ

http://www.dhammadownload.com



စိတ်ကလေး လွှတ်ပြီ။ ဟော- သုဟုမုတ္တစိတ် ရှိတော်မူကြတယ်။

**နံပါတ် (၁၀)**

**“သုဟုမုတ္တပညော”**- ဆိုတာ ဘာလဲလို့ဆိုတော့- ငါရဲ့စိတ်ဟာ တပ်မက်မှု ရာဂမှလွတ်ပြီ။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ငါသည် ရာဂကို ပယ်ဖျောက်အပ်ပြီ။ ထန်းပင်အမြစ်ကနေပြီးတော့ နှုတ်လိုက်သလိုပဲ။ အမြစ်အရင်းပါမကျန်အောင် ရာဂကို နှုတ်ပယ်အပ်ပြီ။ နောင်အခါမှာ ငါ့သန္တာန်မှာ မဖြစ်ပေါ်တော့ဘူးလို့ အသိဉာဏ်ပညာ ပစ္စဝေက္ခဏာ ဖြစ်ပါတယ်။ ဒေါသကိုလဲ ဒီအတိုင်းပဲ။

ငါ့သန္တာန်မှာ အမျက်ထွက်မှု ဒေါသ ပယ်ပြီးပြီ။ ဉစ္ဆိန္နမူလော- အမြစ်အရင်းပါမကျန် ပယ်အပ်ပြီ။ တာလဝတ္ထုကတော- ထန်းပင်ငုတ်ကဲ့သို့ ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ။ အာယတိံ အနုပ္ပါဒ ဓမ္မော- နောက်တစ်ချိန် ငါ့သန္တာန်မှာ အမျက်ထွက်မှု ဒေါသ မရှိတော့ဘူး။ အဲဒီလို သိတဲ့ဉာဏ်ပညာ ရှိတယ်။

ပြီးတော့ မသိတွေဝေမှု မောဟကိုလဲ ပယ်အပ်ပြီ။ အမြစ်အရင်းပါ မကျန်အောင် နှုတ်မယ်အပ်ပြီ။ ထန်းပင်ရာ ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ပြီ။ နောင်အခါ မဖြစ်တဲ့သဘော ရှိတယ်။ အဲဒီလို ဆင်ခြင်နိုင်တဲ့ ဉာဏ်ပညာလဲ ရှိပါတယ်။

ယခုလို အစဉ်အတိုင်း ပြောခဲ့တဲ့ တရား (၁၀)မျိုး။ အဲဒီ (၁၀)မျိုးနဲ့ ရှေးရှေးက အရိယာအရှင်မြတ်ကြီးတွေ နေခဲ့ကြတယ်။

ပုထုဇဉ်နဲ့ မတူဘူး။ ပုထုဇဉ်တွေဆိုတာ အရိယာပုဂ္ဂိုလ်များနဲ့ တစ်ခြားစီ။ အရိယာပုဂ္ဂိုလ်များကတော့ အမိုက်ကနေပြီးတော့ အလင်းရောက်ပြီးသား ပုဂ္ဂိုလ်တွေ။ အရှုပ်ကနေ အရှင်းရောက်ပြီးသား ပုဂ္ဂိုလ်တွေ။ အညစ်ကနေပြီးတော့ အစင်၊ အနောက်ကနေပြီးတော့ အကြည်၊ အပူပျောက်ပြီးတော့ အအေးရောက်တော်မူကြတယ်။ ဒါ အရိယာပုဂ္ဂိုလ်တွေ။

ပုထုဇဉ်ပုဂ္ဂိုလ်များကတော့ မိုက်ရှုပ်ညစ်နောက် အပူမပျောက်ကြသေးဘူး။ ဒါကြောင့် မိုက်ရှုပ်ညစ်နောက် အပူပျောက်တော်မူကြပြီးတဲ့

http://www.dhammadownload.com



အရိယာအရှင်မြတ်များ၊ ရှေးကအရိယာ အရှင်မြတ်များ၊ ပစ္စုပ္ပန်ကာလမှာ ဖြစ်နေကြတဲ့ အရိယာအရှင်မြတ်များ၊ နောင်ဖြစ်လတ္တံ့ဖြစ်တဲ့ အရိယာ အရှင်မြတ်များဟာ ဒီတရား (၁၀)မျိုးတို့နဲ့ ပြည့်စုံပြီးတော့ နေတော်မူကြပါ တယ်။

အဲဒီလို အရှင်မြတ်ကြီးတွေ ယခုလို ကောင်းမွန်တဲ့ တရားတွေနဲ့ ပြည့်စုံပြီးတော့ နေနိုင်တာ ဘာကြောင့်လဲလို့ဆိုတော့ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတွေအတိုင်း ကျင့်ကြလို့ပါပဲ။

ယခု ယောဂီများ ကျင့်ကြံပွားများ အားထုတ်နေကြတဲ့ ကျင့်စဉ်တွေ ကျင့်ကြံကြိုးကုတ် အားထုတ်လို့ပါပဲ။

အဲဒီလို သီလကနေစပြီးတော့ သမထ, ဝိပဿနာတရားတွေ အဆင့်ဆင့် အားထုတ်တဲ့အတွက် အားထုတ်မှ ဟောဒီ အရိယာအရှင်မြတ် ကြီးတွေ ရသိထားတဲ့ တရားတော်များကို လက်ကိုင်ထားနိုင်ကြမှာ ဖြစ်ပါ တယ်။

လက်ကိုင်ထားနိုင်ခြင်းအကြောင်း ကောင်းမြတ်တဲ့ သီလလမ်းစဉ်, သမထလမ်းစဉ်, ဝိပဿနာလမ်းစဉ်များ ကျင့်ကြံကြိုးကုတ် အားထုတ်ပြီး တော့ လာလိုက်တာ သမထပိုင်းက နေပြီးတော့ ဝိပဿနာပိုင်း ကူးလာ၊ သမထတရားနဲ့ပဲ သမထသမာဓိနဲ့ပဲ စောစောကပြောတဲ့ အရိယာအရှင်မြတ် ကြီးများ ပြည့်စုံတဲ့အချက်အလက် ငါးမျိုး ပယ်ပြီးသား ဖြစ်တယ်လို့ ဆိုတဲ့ အတိုင်း မိမိတို့ဟာလဲပဲ အရိယာအရှင်မြတ်ကြီးများ အတုလိုက်ပြီးတော့ နီဝရဏငါးမျိုး အခိုက်အတန့်အားဖြင့် ဖယ်ရှားနိုင်ကြပါတယ်။

အဲဒီကနေပြီး သမာဓိမှတစ်ဆင့် ဝိပဿနာ "ဝိ"ထူးထူးခြားခြား **"ပဿနာ"** မြင်တာ။

သူသိ ငါသိ သူမြင် ငါမြင်တွေကတော့ ရိုးရိုးမြင်ကြတာ။ ဝိပဿနာ ဆိုတာက သူသိ ငါသိ ကမ္ဘာသိကို ကျော်လွန်ပြီးတော့ မြင်တဲ့ ထူးခြားတဲ့ အမြင်၊ အမြင်ထူး။

အဲဒီ အမြင်ထူးဟာလဲ အဆင့်ဆင့် ရှိပါတယ်။ အဲဒီလို အဆင့်ဆင့် မြင်ပြီးတော့ သွားမယ်ဆိုရင် ရှေးအရိယာအရှင်မြတ်ကြီးများကဲ့သို့ အန္တ

http://www.dhammadownload.com



ပုထုဇဉ်မှ ကလျာဏပုထုဇဉ်၊ ကလျာဏပုထုဇဉ်မှ အရိယာအဆင့်သို့ ရောက်ရှိနိုင်ကြပါတယ်။ ဒါကြောင့် ပုထုဇဉ်အဆင့်မှ အရိယာအဆင့်သို့ ရောက်အောင် ကောင်းမြတ်တဲ့ ဘာဝနာလမ်းစဉ်တို့ကို ဆက်လက်ပြီးတော့ ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။

သာဓု သာဓု သာဓု

**ပဉ္စမနေ့ဟောစဉ်ပြီး၏၊**

## ဆဋ္ဌမနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ သီတင်းကျွတ်လဆန်း (၆)ရက်နေ့၊ ည (၉း၃၀) နာရီအချိန်။

### အမှောင် (၅)သင်း အလင်း(၅)ပါး

တရားအားထုတ်နေကြတဲ့ ယောဂီများအား အမှောင် (၅)သင်း၊ အလင်း (၅)ပါး တရားတော်ကို ဟောပါမယ်။ အမှောင် (၅)သင်းဆိုတာ-

၁။ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုးအပြစ်ကို မသိနိုင်တဲ့ "**ကမ္မသမ္မောဟ**" အမှောင်ကြီး။

၂။ ရုပ်ဓမ္မ, နာမ်ဓမ္မတို့ကို ခွဲခြားမသိနိုင်တဲ့ "**ဓမ္မသမ္မောဟ**" အမှောင်ကြီး။

၃။ ရုပ်တရား, နာမ်တရားတို့ရဲ့ အကြောင်းကို မသိနိုင်တဲ့ "**ပစ္စယသမ္မောဟ**" အမှောင်ကြီး။

၄။ ရုပ်တရား, နာမ်တရားတို့ရဲ့ အမှတ်တံဆိပ် လက္ခဏာကို မသိနိုင်တဲ့ "လက္ခဏာသမ္မောဟ" အမှောင်ကြီး။

၅။ ဒုက္ခအနှောင်အဖွဲ့အားလုံးတို့ ချုပ်ငြိမ်းရာ သန္တိစခန်းကြီးကို မသိနိုင်တဲ့ "**နိဗ္ဗာနသမ္မောဟ**" အမှောင်ကြီးတို့ ဖြစ်ပါတယ်။

http://www.dhammadownload.com



အလင်းကြီး (၅)ပါးဆိုတာကတော့-

၁။ ကုသိုလ်ကံ, အကုသိုလ်ကံတို့ရဲ့ အကျိုးအပြစ်ကို သိနိုင်တဲ့ **"ကမ္မဿကတဉာဏ်"** အလင်းကြီးတစ်ပါး၊

၂။ ရုပ်တရား, နာမ်တရားတို့ကို သိနိုင် မြင်နိုင်တဲ့ **"ဓမ္မဝဝတ္ထာနဉာဏ်"** အလင်းကြီးတစ်ပါး၊

၃။ ရုပ်တရား, နာမ်တရားတို့ရဲ့ အကြောင်းကို သိနိုင်တဲ့ **"ပစ္စယပဋိဝေဓဉာဏ်"** အလင်းကြီးတစ်ပါး၊

၄။ ရုပ်တရား, နာမ်တရားတို့ရဲ့ အမှတ်တံဆိပ် လက္ခဏာကို သိနိုင် မြင်နိုင်တဲ့ **"လက္ခဏာပဋိဝေဓဉာဏ်"** အလင်းကြီးတစ်ပါး၊

၅။ ဒုက္ခအနှောင်အဖွဲ့အားလုံးတို့ ငြိမ်းအေးရာ သန္တိစခန်းကြီးကို သိနိုင် မြင်နိုင်တဲ့ **"နိဗ္ဗာနပဋိဝေဓဉာဏ်"** အလင်းကြီးတစ်ပါးတို့ ဖြစ်ပါတယ်။

အမှောင်နဲ့အလင်း တွဲဖက်ပြီးတော့ ဟောပါမယ်။ ပထမအမှောင်နဲ့အလင်းက အပြစ်ကင်းပြီး ကောင်းကျိုးပေးခြင်း လက္ခဏာရှိတဲ့ ကုသိုလ်ကံ၊ အပြစ်ရှိပြီး မကောင်းကျိုးကို ပေးတတ်တဲ့ အကုသိုလ်ကံ။ အဲဒီ ကံ(၂)ပါးတို့ရဲ့ အကျိုးအပြစ်ကို မသိနိုင်တဲ့ အမှောင်ကြီးကို **"ကမ္မသမ္မောဟ"**လို့ ခေါ်ပါတယ်။

အဲဒီ အမှောင်ထုကြီးထဲက လွတ်မြောက်နိုင်ရန် ကံသာအမိ, ကံသာအဖ ဘယ်သူမပြု မိမိမှု၊ အကြောင်းရှိရာ အကျိုးလာ၏။ "ဆင်စွယ်မှန်ငြား ပိုးမစားသို့"စတဲ့ စကားတွေဆိုရင် ရုပ်သုံး ရွာသုံးများဖြစ်ပြီး ကမ္မဿကတဉာဏ်အလင်းဓာတ်ဆောင် စကားများ ဖြစ်ပါတယ်။

ကံဟုမူလ သမ္ဗုဒ္ဓတို့ ဟောပြသည်မှာ အရင်းသာရှင့် ဥစ္စာဘောဂ **ဇီဝိတနှင့် သုခပွားရန် ဤလူ့ထံ၌ ဉာဏ်ဝီရိယ ပယောဂတည်း။**

**"ကံယုံ ဆူးပုံမနင်းရ"** စတဲ့ စကားတွေဟာ ကံကိုချည်း ပုံမချလို့ သတိပေးစကားများ ဖြစ်ပါတယ်။

ကုသိုလ်ကံရဲ့ အကျိုးသိတာနဲ့ ပတ်သက်လို့ **"ရဟန်းတို့ ဒါနအကျိုးကို ငါဘုရားကဲ့သို့ သိမယ်ဆိုရင် စားဆဲထမင်းလုပ်ကိုပင် မစားပဲ လှူဒါန်း**

http://www.dhammadownload.com



ကြမှာပဲ"လို့ ဟောကြားတော်မူတဲ့ စကားတော်။

ဘုရားမြတ်စွာနှင့် အရှင်သာရိပုတ္တတို့ သက်နဲတစ်ထည်စီ အပြန်အလှန် လှူဒါန်းကြရာမှာ-

မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား သက်နဲလှူတာ ပိုပြီးတော့ အကျိုးများတယ်ဆိုတဲ့ စကားတော်များကို ထောက်ထားမယ်ဆိုရင် ကုသိုလ်ကံအကျိုး သိမှုရဲ့တန်ဖိုးကြီးမားတယ်ဆိုတာ ထင်ရှားပြီးတော့ စောစောကပြောတဲ့ စကားတွေဟာ ကုသိုလ်ကံအကျိုး သိဖို့ တွန်းအားပေးတဲ့ စကားများ ဖြစ်ပါတယ်။

အကုသိုလ်ကံရဲ့ အပြစ်အနာအဆာကို မသိတာနဲ့ ပတ်သက်ပြီးတော့ ပြာဖုံးနေတဲ့ မီးခဲ၊ သိသူ, မသိသူ နှစ်ယောက် မီးခဲကိုင်တွယ်တာချင်းလဲ မတူ၊ မီးပူခံရတာချင်းလဲ မတူတာကို ကြည့်မယ်ဆိုရင် အကုသိုလ်ရဲ့ အပြစ်အနာအဆာ မသိကြသူ, မသိသူ, နားမလည်သူ, လက်မခံသူများအဖို့ ခုရောနောင်ပါ ဆုံးရှုံးမှု, နစ်နာမှု, ပူပန်မှုများသာ ဖြစ်နိုင်ပါတယ်။

ကမ္ဘာ့လူသားတိုင်းရဲ့ ခန္ဓာကိုယ်တွေကို ကြည့်မယ်ဆိုရင် မြေဓာတ် (၂၀)၊ ရေဓာတ် (၁၂)မျိုး၊ မီးဓာတ် (၄)မျိုး၊ လေဓာတ် (၆)မျိုး၊ အခြေခံပင်မဓာတ် (၄)ပါးကို (၄၂)ပုံ အခြေခံထားပြီး ဖွဲ့စည်းထားပါတယ်။

အဲဒီလို ဓာတ် (၄)ပါး ဖွဲ့စည်းပုံချင်း လူချင်းတူပါသော်လဲ အသက်ရှည်, တို၊ ရုပ်ရေလှ, မလှ၊ ကျန်းမာ, မကျန်းမာ၊ ဉစ္စာရှိ, မဲ့ စသည်များ ခြားနားပြီးတော့ နေပါတယ်။

ဘယ်လိုပင် လူတန်းစားညီမျှအောင် ဆောင်ရွက်ကြပေမယ့် ကံစီမံရာ ကံဆွဲငင်ရာ ကံသံသရာ တရားခံရုံးက ဆုံးဖြတ်ရာအတိုင်း လိုက်နာကြရပါတယ်။

အလောင်းတော်ကြီးများဟာ ကုသိုလ်ကံ, အကုသိုလ်ကံတို့ရဲ့ အကျိုးအပြစ်ကို သိရှိနားလည်တဲ့ ကမ္မဿကတဉာဏ်ကြီး လက်ခံကျင့်သုံးတော်မူခဲ့ကြသဖြင့် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ်ကြီးတွေ ပေါ်ထွန်းခဲ့ပါတယ်။

ယခုအခါမှာ ဒီကမ္မဿကတဉာဏ် အလင်းဓာတ်ကြီးကို ရသူ

http://www.dhammadownload.com



ကမ္ဘာမှာ နည်းပါးလှပါတယ်။ ကမ္ဘာ့လူထုကြီး (၁၆)ပုံ ပုံ၊ (၁)ပုံမျှလောက်သာ ရှိမယ်ထင်ပါတယ်။

ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ရဲ့ အကျိုးအပြစ်ကို နားလည်တဲ့ ကမ္မဿကတဉာဏ် အလင်းဓာတ်ကြီးကို ရရှိနေကြတဲ့ ဗုဒ္ဓဘာသာများအဖို့ မိရိုးဖလာ ရလဒ်ကောင်းကြီးတစ်ခု ဖြစ်ပါတယ်။

နံပါတ် (၂) အမှောင်နဲ့အလင်းကြီးကို ဆက်ပြီးတော့ ဟောပါမယ်။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မဟုတ်။ ရုပ်ဓမ္မ၊ နာမ်ဓမ္မ အစစ်တွေသာ ဖြစ်တယ်လို့ မသိနိုင် မမြင်နိုင်တဲ့ အမှောင်ကြီးက **"ဓမ္မသမ္မောဟ"** အမှောင်ကြီး ဖြစ်ပါတယ်။

အဲဒီ အမှောင်ကြီးကျနေပြီ၊ ကျလာပြီဆိုတော့ အထင်မှား၊ အမှတ်မှား၊ အကြံမှား၊ အသိမှား၊ အမြင်မှား၊ အယူမှား ဖြစ်လာပါတယ်။ ထင်ရှားအောင် ပြောရရင် ရုပ်နာမ်တရားတို့ကို ရုပ်နာမ်တရားလို့ မထင်မှတ်ပဲ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမလို့ အထင်မှားလာပါတယ်။ အထင်လွဲလာပါတယ်။ အကြံအသိ မှားလာပါတယ်။ အကြံအသိ လွဲလာပါတယ်။ အမြင်အယူ လွဲလာပါတယ်။

အဲဒီလို အလွဲကြီးတွေ အမှားကြီးတွေ လွဲမှားလာပြီဆိုကော့ "သက်သတ်ခိုးမှု ကာမေသု သုံးခုကာယကံ" ဆိုတဲ့ ကာယဒုစရိုက်တွေ၊

"မုသားဆိုပြော ဂုံးချောရန်တိုက် အမိုက်အမဲ ဆဲရေးခြောက်ခြိမ်း အပြိန်းစကား နေ့စဉ်ပွား လေးပါးဝစီကံ"ဆိုတဲ့ ဝစီကံလေးပါး ဒုစရိုက်တရားတွေ၊

"သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု သူ့သက်ဇီဝေ သေစေချင်ဟူ အယူမှောက်မှား ဤသုံးပါး မှတ်သားမနောကံ"ဆိုတဲ့ မနောဒုစရိုက်တွေ၊

ကိုယ်တိုင်လဲ ပြုကြ၊ သူတစ်ပါးကိုလဲ တိုက်တွန်းကြ၊ သူတစ်ပါးပြုတာကိုလဲ ချီးမွမ်းကြ၊ အားပေးကြ ဖြစ်လာတော့ ဒုစရိုက်ကံတွေဟာ (၄၀) ဖြစ်လာပါတယ်။

အဲဒီ ဒုစရိုက်တရားကြီးတွေက ဤကမ္ဘာကြီးရဲ့ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေပါတယ်။

http://www.dhammadownload.com



ဒုစရိုက်တို့ရဲ့ အရင်းဖြစ်တဲ့ လောဘ, ဒေါသ, မောဟဆိုတဲ့ တရားဆိုး တရားပျက်တွေကို ဖြေရှင်းနိုင်ဖို့ ပပျောက်ချုပ်ငြိမ်းစေနိုင်ဖို့ ရုပ်တရား, နာမ်တရားတို့ကို သိနိုင် ခွဲခြမ်းနိုင်တဲ့ သိနိုင် မြင်နိုင်တဲ့ **"ဓမ္မ ဝဝတ္ထာနဉာဏ်"** အလင်းဓာတ်ကြီးဟာ အရေးပါလှပါတယ်။

ဒီတရားသဘောကို ခွဲခြားသိမြင်နိုင်တဲ့ ဓမ္မဝဝတ္ထာနဉာဏ် အလင်းဓာတ်ကြီးဟာ အပြောလွယ်သလောက် လက်တွေ့အလုပ်မှာ မလွယ်ပါဘူး။

ရုပ်အသံ, နာမ်အသံတွေကိုပင် ဘုရားရှင် ပွင့်ပေါ်လာမှ သိကြရတာပါ။ အဲဒီ ရုပ်တရား, နာမ်တရားတို့ကို ကိုယ်တိုင်ကိုယ်ကျ သင်အံကျက်မှတ် အသဲစွဲအောင် လေ့ကျင့်၊ ဉာဏ်အမြင်ပေါက်အောင် အားထုတ်နိုင်မှ ဒီအလင်းဓာတ်ကြီး ရမှာပါ။

ပင်လယ်, သမုဒ္ဒရာ ရေရဲ့အရသာကို တစ်ပေါက်တစ်စက်လောက် မြည်းစမ်းကြည့်တာနဲ့ သိရတာလို ကျယ်ဝန်းလှတဲ့ အဘိဓမ္မာတရားတော်ကြီးထဲက ဝါယောဓာတ် (၁)လုံး ထုတ်ပြီးတော့ အသုံးချကြည့်ကြပါစို့။

မိမိတို့ နေ့စဉ်နေ့တိုင်း အသုံးချနေတဲ့ ထွက်လေ ဝင်လေကို ထွက်လေ ဝင်လေ ဝါယောဓာတ်ကို အသီးတစ်ရာ အည္ဗာတစ်ခုဆိုတဲ့ အတိုင်း ပဓာနကျတဲ့စိတ်။

အဲဒီ ထွက်လေ ဝင်လေကို ရှုမှတ်ပြီးတော့ အဲဒီစိတ်ကလေးကို ငြိမ်သက်ပြီးတော့နေအောင် သမာဓိရအောင် တည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင် အားထုတ်ကြရမှာပါပဲ။

အဲဒီလို အားထုတ်လို့ စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်ဘူးဆိုရင် သမာဓိ ရလာပြီ။ အဲလို သမာဓိရလာရင် "သမာဓိရ တည်ကြည်က စိတ္တဝိသုဒ္ဓိ"ဆိုတဲ့ စကားအတိုင်း စိတ်တည်ကြည်မှုကို အခြေခံလိုက်တော့ စိတ်ဟာ သန့်ရှင်းလာတယ်။

အဲဒီလို စိတ်စင်ကြယ်လာပြီဆိုရင် "စိတ်စင်ကြယ်သွား ရုပ်နာမ်များ ပိုင်းခြားခွဲ၍သိ" စိတ်မစင်ကြယ်ဘဲနဲ့ ရုပ်တွေ, နာမ်တွေ ပိုင်းခြားခွဲသိဖို့ရာ မလွယ်ပါဘူး။ စိတ်စင်ကြယ်မှ ရုပ်တွေ, နာမ်တွေ ပိုင်းခြားပြီး သိနိုင်ပါတယ်။

**မိခင်ဂေဟာဝတီ**

http://www.dhammadownload.com



အဲဒီလို ရုပ်တွေ, နာမ်တွေ ပိုင်းခြားပြီး သိနိုင်တဲ့ ဓမ္မဝဝတ္ထာန အလင်းဓာတ်ကြီးရမှ အမှားကြီးတွေ, အလွဲကြီးတွေ, မိစ္ဆာဒိဋ္ဌိကြီးတွေ ပျောက်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေး ရမှာပါ။

နံပါတ် (၃) အမှောင်နဲ့အလင်းကို ဆက်ပြီးတော့ ဟောပါ့မယ်။ အကြောင်းဆက် အကျိုးဆက် ဖြစ်ပွားပြီးတော့နေတဲ့ ရုပ်တရား, နာမ်တရားတို့ရဲ့ လျှင်မြန်လှတဲ့ အနိစ္စအချက်ကိုလဲ မသိ၊ ကြောက်ဖွယ်ကောင်းလှတဲ့ ဒုက္ခအချက်ကိုလဲ မသိ၊ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမတို့ရဲ့ ကိုယ်ပိုင် အတ္တမဟုတ်လို့ ဒီလိုလဲ မမြင်နိုင်တဲ့ အမှောင်ကြီးကိုတော့ "**ပစ္စယသမ္မောဟ**" လို့ ခေါ်ရပါတယ်။

အဲဒီ အမှောင်ထုကြီး လင်းထင်းနိုင်ရန် လင်းထင်းနိုင်ဖို့ရာအတွက် အင်မတန် ခက်ပါတယ်။ ဒီအမှောင်ထုကြီး မလင်းတဲ့အတွက် ဒီရုပ်တရား နာမ်တရားတွေဟာ ပြုလုပ်သူရှိမှ ဖြစ်ပေါ်လာတယ်ဆိုတဲ့ အယူအဆမှားကြီးလဲ ဖြစ်လာတတ်ပါတယ်။

ဒီရုပ်တရား, နာမ်တရားတို့ ဖြစ်ပေါ်ဖို့ရာ အကြောင်းမရှိ။ မိမိဘာသာ ဖြစ်နေတာပဲ သူ့ဘာသာ သူ့အလျောက် ဖြစ်နေတာပဲလို့ အကြောင်းကင်းတဲ့ အယူအဆမျိုးတွေလဲ ဖြစ်လာတတ်ပါတယ်။

အဲဒီ ရုပ်တရား, နာမ်တရားတို့ရဲ့ အကြောင်းမှန် ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းအတိုင်း မယူဆပဲ တန်ခိုးကြီးတဲ့ ဗြဟ္မာတွေကနေပြီးတော့ ဒီရုပ်တရား, နာမ်တရားတွေကို ဖန်ဆင်းပေးနေတာပဲလို့ ထွေရာလေးပါး မဟုတ်မဟတ်တွေကို အကြောင်းလို့ ယူဆပြီး အဲလို လွဲမှားမှုလဲ ဖြစ်လာတတ်ပါတယ်။

ဒီရုပ်တရား, နာမ်တရားတို့ရဲ့ အကြောင်းဟာ ရှေးကံဟောင်းတစ်ခုထဲသာပါပဲလို့ ဒီလိုလဲ လွဲလာတတ်ပါတယ်။

အဲဒီလို လွဲမှားမှုကြီးတွေ ဖြစ်ပေါ်လာတော့ ဒီအလင်းဓာတ်ကြီးတွေ ရရှိဖို့ရာအတွက် အကြောင်းဆက် အကျိုးဆက် ဟောကြားပြီးတော့ ထားခဲ့တဲ့ ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းများကို သင်အံလေ့လာ မြင်အောင် အားထုတ်မှ ဒီအလင်းဓာတ်ကြီး ရနိုင်မှာပါပဲ။

http://www.dhammadownload.com



အနည်းဆုံး ခတ်လေးပါးတို့ရဲ့ အကြောင်းနဲ့ မြင်သိစိတ်စသည်တို့ရဲ့ အကြောင်းဟာ ဝတ္ထုအာရုံ နှစ်မျိုးပဲ။ အဲဒီလောက်မျှ မြင်အောင် ထင်အောင် ရှုမှတ်ပွားများနိုင်မယ်ဆိုရင် **"ပစ္စယ ပရိဂ္ဂဟဉာဏ်"** အလင်းခတ်ကြီးကို ရနိုင်ပါပြီ။

နံပါတ် (၄)ဖြစ်တဲ့ ရုပ်တရား, နာမ်တရားတို့ရဲ့ အမှတ်တံဆိပ်ကို မမြင်နိုင်တဲ့ အမှောင်ကိုတော့ **"လက္ခဏသမ္မောဟ"** အမှောင်ကြီးလို့ ဒီလို ခေါ်ရပါတယ်။

အဲဒီ လက္ခဏသမ္မောဟ အမှောင်ကို ရှင်းလင်းနိုင်တာက သမ္မသန ဉာဏ်က စပြီးတော့ လေ့ကျင့်အားထုတ်ကြရမှာပါပဲ။

**ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ သုံးဖြာလက္ခဏ သုံးသပ်ရ သမ္မသနဉာဏ်။**

မိမိတို့ ရှုမှတ်နေတဲ့ ဝါယောရုပ် ထွက်လေ ဝင်လေ ဝါယောရုပ် ရှုမှတ်တဲ့စိတ်။

အရှုမှတ်ခံဖြစ်တဲ့ ဝါယောရုပ်နဲ့ စိတ်ကို ခန္ဓာဖွဲ့လိုက်တော့ တိုက်ရိုက်က ရူပက္ခန္ဓာနဲ့ ဝိညာဏက္ခန္ဓာ။

အဲဒီလို ခန္ဓာဖွဲ့ပြီးတော့မှ အဲဒီ ရုပ်ခန္ဓာ, ဝိညာဏက္ခန္ဓာ, စေတသိက်ခန္ဓာတို့ဟာ အနိစ္စ, ဒုက္ခ, အနတ္တလို့ မြင်အောင် ထင်အောင် လက္ခဏာယာဉ်တင်ပြီး ရှုပွားနိုင်မှ **"လက္ခဏပရိဂ္ဂဟ"** ဉာဏ်အလင်းခတ်ကြီးကို ရမှာပါပဲ။

အဲဒီ လက္ခဏပရိဂ္ဂဟ ဉာဏ်အလင်းခတ်ကြီးနှင့်တကွ ကမ္မဿကတ ဉာဏ်အလင်းခတ်, ဓမ္မဝဝတ္ထာန ဉာဏ်အလင်းခတ်, ပစ္စယပရိဂ္ဂဟဉာဏ် အလင်းခတ်, လက္ခဏပရိဂ္ဂဟ ဉာဏ်အလင်းခတ်ကြီးကို ရရှိတော်မူကြတဲ့ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းကြီးတို့ဟာ အဲဒီ ဉာဏ်အလင်းခတ်ကြီးတို့ကို အခြေခံပြီးမှ ကိလေသာ အမိုက်အမဲ သံယောဇဉ် အမိုက်အမဲ ဝဋ္ဋဒုက္ခမှာ ချည်တတ် နှောင်တတ် တုတ်တတ်တဲ့ တဏှာအရှုပ်အထွေး ဘေးဒုက္ခဟူသမျှတို့ကို ကြွင်းအကျန်မရှိ ချုပ်ငြိမ်းရာ သန္တိခစန်းကြီးသို့ ဆိုက်ရောက်တော်မူခဲ့ကြပါတယ်။

အဲဒီလို အရှင်မြတ်ကြီးတို့ ဆိုက်ရောက်တော်မူခဲ့ကြတဲ့ သန္တိစခန်း

http://www.dhammadownload.com



ကြီးကို မမြင်နိုင်တဲ့ အမှောင်ကြီးကတော့ **"နိဗ္ဗာနသမ္မောဟ"** အမှောင်ကြီး ဖြစ်ပါတယ်။

အဲဒီ အမှောင်ကြီးကို ရှင်းလင်းပြီးပေးနိုင်တာက မဂ်ဉာဏ်လေးပါး ဆိုတဲ့ **"နိဗ္ဗာနပဋိဝေဓ"** ဉာဏ်အလင်းဓာတ်ကြီး ဖြစ်ပါတယ်။

ယခု ဟောခဲ့တဲ့ အလင်းဓာတ်ကြီး (၅)မျိုးထဲမှာ ကမ္မဿကတ ဉာဏ် သမ္မာဒိဋ္ဌိခေါ်တဲ့ နံပါတ် (၁)အလင်းဓာတ်ကြီးဟာ ဗုဒ္ဓဘာသာ သာသနာ့အလင်းဓာတ် အစစ်မဟုတ်သေးပါဘူး။ သံသာရအလင်း, ကမ္ဘာ့ အလင်းမျှသာ ဖြစ်ပါတယ်။

ကျန်တဲ့ အလင်းဓာတ်ကြီး လေးမျိုးတို့သာလျှင် ဗုဒ္ဓဘာသာ သာသနာ့အလင်း အစစ်အမှန် ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာ သာသနာ့အလင်း အစစ်အမှန်ဖြစ်တဲ့ ဓမ္မဝဝတ္ထာန ဉာဏ်, ပစ္စယပဋိဝေဓဉာဏ်, လက္ခဏပဋိဝေဓဉာဏ်, နိဗ္ဗာနပဋိဝေဓဉာဏ် အဆင့်ဆင့်တို့ကို ရရှိနိုင်တို့ရာအတွက် မြတ်စွာဘုရားက အဘိဓမ္မာဒေသနာ တော်မြတ်ကို ဟောကြားတော်မူခဲ့ပါတယ်။

မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာက ရေတွေ ရောနေတဲ့ ပင်လယ် သမုဒ္ဒရာကြီး ရောနေတဲ့ ရေတွေထဲကနေပြီး ခွဲခြားပြီး ဒီရေတွေကတော့ ဂင်္ဂါရေ ဒီရေတွေက ယမုန်နာရေ ခက်ခက်ခဲခဲ ခွဲခြားပြရတာလို ဒီတရား က ဖဿ၊ ဒီတရားက ဝေဒနာ စသည်ဖြင့် ခွဲခြားပြီးတော့ ဟောကြားတော် မူခဲ့ပါတယ်။

အဲဒီလို ဟောကြားပြီးလာတော့ လောကနည်း, အဘိဓမ္မာနည်းလို့ (၂)မျိုး ရှိတာထဲက အဘိဓမ္မာနည်းပါပဲ။ လောကနည်းဆိုတာ လောကမှာ သုံးစွဲရပါတယ်။ လောကနည်းနဲ့ လောကကို မလွန်နိုင်ပါဘူး။ လောကနည်း နဲ့ဆိုရင် လောကထဲမှာပဲ လုံးချာလိုက်နေမှာပါပဲ။

လောကမှာ သစ်တွေနဲ့ ပြုလုပ်ထားတဲ့ လှည်းတွေ, လှေတွေ ရှိတယ်။ လောက အလိုအားဖြင့် ပြောရရင် လှည်းရှိတယ်။ လှေရှိတယ်လို့ ပြောရပါမယ်။ အဘိဓမ္မာအလိုကတော့ လှည်း, လှေမရှိပါဘူး။ သစ်ဝါးသာ ရှိပါတယ်။

http://www.dhammadownload.com



မြေကြီးနဲ့ အိုးခွက်စသည် ပြုရာမှာလဲ လောကနည်းအားဖြင့် ပြောမယ်ဆိုရင် အိုးတွေ, ခွက်တွေ ရှိပါတယ်။ အဘိဓမ္မာနည်းကတော့ မြေသာရှိပါတယ်။

အဲသလို ပုဂ္ဂိုလ်, သတ္တဝါ, သူ, ငါမနော တရားသဘော သက်သက်ဖြင့် ဟောကြားတော်မူခဲ့တဲ့ အဘိဓမ္မာဒေသနာတော်မြတ် အဲဒီ အဘိဓမ္မာဒေသနာတော်မြတ် ဟောကြားချက် တရားတော်များကို ကျယ်ဝန်းလှတဲ့ တရားတော်တွေထဲက နေပြီးတော့ တစ်စိတ်တစ်ဒေသ အဓိကအားဖြင့် ရုပ်နာမ် (၂)မျိုးတို့တွင် ရုပ်၊ ရုပ် (၂၈)မျိုးတို့တွင် ရုပ် (၄)မျိုး၊ အမာခံရုပ် ပင်မရုပ် အပေါ်တင်ရုပ်တွေ အသာထား အမာခံရုပ် ပင်မရုပ်ကြီး (၄)မျိုး။

အဲဒီ ပင်မရုပ်ကြီး (၄)မျိုးထဲကမှ ဝါယောရုပ်။ အဲဒီ ဝါယောရုပ်ကို အခြေခံထားပြီးတော့ သမာဓိရအောင်လဲ ပွားများလာခဲ့ကြပြီ။

အဲဒီ ဝါယောရုပ်ကိုပင်လျှင် ဓာတ် (၄)ပါးထဲက တစ်ခုကို သဘောပေါက်သွားပြီဆိုရင် ရုပ်တရားတွေ, နာမ်တရားတွေလဲ သဘောပေါက် ထင်မြင်ပြီးတော့ သွားပါတယ်။

မိမိခန္ဓာကိုယ်မှာ ထင်မြင်သွားရင် စကြာဝဠာအနန္တမှာ ရှိကြတဲ့ သက်ရှိသတ္တဝါတို့ရဲ့ ခန္ဓာကိုယ်တွေမှာလဲ သဘောပေါက် ထင်မြင်ပြီးတော့ ဉာဏ်အမြင်ပေါက်ပြီးတော့ မိမိရည်မှန်းတဲ့ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ တရားထူး တရားမြတ်ကြီး ရရှိနိုင်ပါတယ်။

ဒါကြောင့် မိမိတို့သည် ရရှိထားပြီးသားဖြစ်တဲ့ ကမ္မဿကတဉာဏ်အလင်းဓာတ် ယခုလို တရားအားထုတ်မှ ရရှိနိုင်တဲ့ ဓမ္မဝဝတ္ထာနဉာဏ်အလင်းဓာတ်၊ ပစ္စယပရိဂ္ဂဟဉာဏ်အလင်းဓာတ်၊ လက္ခဏာပဋိဝေဓဉာဏ်အလင်းဓာတ်၊ နိဗ္ဗာနပဋိဝေဓဉာဏ်အလင်းဓာတ်ကြီးများသို့ အဆင့်ဆင့်ရောက်ရှိ ဉာဏ်အမြင်ပေါက် ဉာဏ်အထူး ရောက်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

**ဆဋ္ဌမနေ့ဟောစဉ်ပြီး၏။**

http://www.dhammadownload.com



## သတ္တမနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ သီတင်းကျွတ်လဆန်း (၇)ရက်၊ ည (၉း၃၀)နာရီ အချိန်။

မနေ့ညက အမှောင် (၅)သင်း၊ အလင်း (၅)ပါး ခေါင်းစဉ်ထားပြီးတော့ ထိုက်တန်သလောက် အမှောင်နဲ့အလင်း ခွဲခြားပြီးတော့ ဟောခဲ့ပါတယ်။

အဲဒီထဲမှာ ကမ္မဿကအလင်း သံသရာအလင်းနဲ့ ဗုဒ္ဓဘာသာ သာသနာ့အလင်းရယ်လို့ အလင်းက (၂)မျိုး ရှိပါတယ်။

ကမ္မဿကအလင်း သံသရာအလင်းဆိုတာ ဘာလဲ။ နည်းနည်းကလေး ပြန်ပြောမယ်ဆိုရင် ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုးအပြစ်ကို သိရှိနားလည်တဲ့ ကမ္မဿကတဉာဏ် အလင်းဓာတ်ကြီး။

အဲဒီ နံပါတ် (၁) အလင်းဓာတ်ကြီးဟာ ဘုရားပွင့်တော်မူတဲ့ အခါမှာလဲပဲ လင်းနေတတ်ပါတယ်။ ဘုရားမပွင့်တဲ့ အခါမှာလဲ ဒီအလင်းဓာတ်ကြီးက လင်းနေတတ်ပါတယ်။

အလောင်းတော်ကြီးများ လူသူတော်စင်များ လူသူတော်စင်များရဲ့ ဆိုဆုံးမမှုနဲ့ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုးဆက် ဝိပါက်တရားတွေကို သိရှိနားလည်တဲ့ ကမ္မဿကတဉာဏ်။

ဒီဉာဏ်ကြီးဟာ ဘုရားမပွင့်တဲ့အခါမှာလဲပဲ ရှိတတ်ပါတယ်။ အဲဒီလို ဘုရားမပွင့်တဲ့ အခါမှာရှိတဲ့အတွက် အချို့ အချို့ သူတော်ကောင်းကြီးများ ဒီကမ္မဿကတဉာဏ် အလင်းဓာတ်အပေါ်မှာ ရပ်တည်ပြီးတော့ ဘုရားဖြစ်ဖို့ရာ ပါရမီဖြည့်ကြတယ်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတွေ ဖြစ်ဖို့ရာ ပါရမီဖြည့်ကြ၊ အဂ္ဂသာဝက မဟာသာဝက ပကတိသာဝကကြီးတွေ ဖြစ်ဖို့ရာ ပါရမီဖြည့်တော်မူခဲ့ကြပါတယ်။

ဘုရားပွင့်တဲ့ အခါနဲ့ကြုံမှ ပါရမီဖြည့်ကြတာ မဟုတ်ပါဘူး။ ဘုရားမပွင့်တဲ့ အခါမှာလဲ ပါရမီဖြည့်နိုင်ခဲ့ကြရပါတယ်။

ဒါကြောင့်မို့ အဲဒီလို ပါရမီဖြည့်ကျင့်နိုင်တာဟာ ဘာကြောင့်လဲဆိုတော့ ကမ္မဿကတဉာဏ် အလင်းဓာတ်ကြီး ရရှိနေလို့ပါပဲ။

http://www.dhammadownload.com



ဒါကြောင့် နံပါတ် (၁)ဖြစ်တဲ့ အလင်းဓာတ် ကမ္မဿကတဉာဏ် အလင်းဓာတ်ကြီးက ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ၊ သာသနာတော် ထွန်းကားသည်ဖြစ်စေ၊ မထွန်းကားသည်ဖြစ်စေ ဒီအလင်းဓာတ်ကြီး ရနိုင်တဲ့အတွက်ကြောင့်မို့ အဲဒီ ကမ္မဿကတဉာဏ် အလင်းဓာတ်ကို ကမ္ဘာ့အလင်း, သံသရာ့အလင်းလို့ ခေါ်ဆိုရပါတယ်။

ဗုဒ္ဓဘာသာ သာသနာ့အလင်း အစစ်မဟုတ်ပါဘူး။ သို့သော်လဲပဲ ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး ထွန်းကားတဲ့အခါမှာ ဒီအလင်းဓာတ်ကြီးက အခြေခံ ဖြစ်ပါတယ်။

အဲဒီ ကမ္မဿကတဉာဏ်အလင်းဓာတ်ကြီး ရရှိလို့ရှိရင် သမ္မာဒိဋ္ဌိ ဖြောင့်မှန်တဲ့ အမြင်အယူရှိလို့ရှိရင် ဗုဒ္ဓဘာသာဖြစ်တော့တာကိုး။

အဲဒီလို သမ္မာဒိဋ္ဌိ ဖြစ်ဖို့ရာနဲ့ ပတ်သက်ပြီး အကြောင်းဝတ္ထုက (၁၀)မျိုးရှိတာ။

သာသနာတော်အတွင်းမှာ ဗုဒ္ဓဘုရား ပွင့်တော်မူတဲ့ အခါကျတော့ အဲဒီ (၁၀)မျိုးလုံး ယုံကြည်လက်ခံပြီးတော့ ဗုဒ္ဓဘာသာ ဖြစ်ကြတယ်။

ဒါကြောင့်မို့ သာသနာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သာသနာပွင့်လင်း စည်ပင်သည်ဖြစ်စေ၊ မပွင့်လင်း မစည်ပင်သည်ဖြစ်စေ ထင်ရှားတဲ့ ကမ္မဿကတဉာဏ် အလင်းဟာ ဗုဒ္ဓဘာသာ သာသနာ့အလင်းတော့ မဟုတ်သေးဘူးလို့ မနေ့ညကစကားထဲမှာ ပါပါတယ်။

နံပါတ် (၂) ဓမ္မဝဝတ္ထာနဉာဏ်အလင်း၊ ဓမ္မဝဝတ္ထာနဉာဏ်အလင်းကျတော့ ရုပ်တရား, နာမ်တရားတို့ကို ခွဲခြားပြီးတော့ သိတဲ့ဉာဏ်အလင်း။

ဒီအလင်းဓာတ် ဘယ်လိုရသလဲ။ အခု ယောဂီများ သီလဆောက်တည်ပြီး ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့ကို လုံခြုံစွာ ထိန်းသိမ်းပြီးသားဖြစ်တယ်။

**စိတ်စင်ကြယ်မှု**

နောက်ပိုင်းကျတော့ ဘာဝနာပိုင်း ရောက်လာတယ်။ ဘာဝနာပိုင်း ရောက်လာတော့ သမထဘာဝနာ, ဝိပဿနာဘာဝနာ သမာဓိ

http://www.dhammadownload.com



ရအောင် အားထုတ်ခဲ့ကြတယ်။ အဲဒီလို စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်တော့ဘူးဆိုရင် စိတ်စင်ကြယ်လာခဲ့ကြပြီတဲ့။

**"သမာဓိရ တည်ကြည်က စိတ္တဝိသုဒ္ဓိ"**- အဲဒီ စိတ်ကလေး သန့်ရှင်းသွားတယ်။

**စိတ်စင်ကြယ်သွား ရုပ်နာမ်များ ပိုင်းခြားခဲ့ဝေသိ။**

အသီးတစ်ရာ အညှာတစ်ခုဆိုတဲ့အတွက် အညှာနဲ့တူတဲ့ စိတ်ကလေးကို ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ ကြိုးနဲ့ခိုင်ခိုင်မြဲမြဲ ချည်ပြီးတော့ထား။ ချည်လို့ရပြီ။

- အသွင်သဏ္ဌာန်အားဖြင့် မမြင်ရတဲ့ စိတ်၊
- ဟိုဟိုဒီဒီ ပြေးသွားတတ်တဲ့ စိတ်၊
- တစ်ဦးတည်း လှည့်လည်တတ်တဲ့ စိတ်၊
- အကောင်အထည် ကိုယ်ခြင်မထင်ရှားတဲ့ စိတ်၊
- နှလုံးအိမ်အတွင်းမှာ ပုန်းအောင်းနေတတ်တဲ့ စိတ်၊

အဲဒီ စိတ်ကလေးကိုပဲ စင်ကြယ်အောင်, သန့်ရှင်းအောင်, ငြိမ်သက်အောင် ထိန်းရမယ်။ ငြိမ်သက်ရင် စိတ်သန့်ရှင်းသွားပြီ။ ရုပ်တရား, နာမ်တရားတွေကို မြင်နိုင်တယ်။

## ဘုရားပွင့်မှ

အဲဒီ ရုပ်တရား, နာမ်တရားဆိုတာက ဘုရားပွင့်ပေါ်မှတဲ့ ဒီဟာရုပ်, ဒီဟာနာမ်၊ ဒီတရားက ရုပ်, ဒီတရားက နာမ်၊ အရေအတွက်အားဖြင့်က ဘယ်လို၊ ရုပ်တရား, နာမ်တရားတို့ရဲ့ သာမညလက္ခဏာက ဘယ်လို။

သာမညလက္ခဏာက ဖြစ်တယ်, ရင့်တယ်, ပျက်တယ်။ အခိုက်အတန့်သုံးမျိုး ဒါက သာမညလက္ခဏာ။

တစ်ခုတစ်ခုသော ရုပ်၊ တစ်ခုတစ်ခုသော နာမ်ရဲ့ လက္ခဏာက သီးခြားရှိပါသေးတယ်။ အဲဒီလို အရေအတွက်တွေ, သာမညလက္ခဏာတွေ, ဝိသေသလက္ခဏာတွေ, အကြောင်းတွေ, အကျိုးတွေနဲ့ ရုပ်တရား, နာမ်တရားတွေကို ခွဲခြားပြီး ဟောပြောတာ သိတာကျတော့ သာသနာတွင်းမှာပဲ ရှိတယ်။

http://www.dhammadownload.com



အဲဒီတော့ ဒီတရားရအောင် အားထုတ်ကြရမယ်။ ဓမ္မဝဝတ္ထာန ဉာဏ်အလင်းဓာတ်ကြီး အတွက်ကိုး။

ဤကား ရုပ်၊ ဤကား နာမ်၊ ဒီလို ခွဲခြားဟောဖို့ရာ အင်မတန် ခက်ပါတယ်။ ရုပ်တရား၊ နာမ်တရားတွေကို ခွဲခြားဟောဖို့ရာ အင်မတန် ခက်ပါတယ်။ ဘယ်လောက် ခက်သလဲဆိုတော့ မြစ်ကြီးငါးသွယ် မြစ်ငယ် ငါးရာက စီးဆင်းပြီး ဆုံစည်းပြီးတော့နေတဲ့ ပင်လယ် သမုဒ္ဒရာရေ။

သမုဒ္ဒရာထဲမှာ ရောနှောပြီးသား ဖြစ်နေတော့ အဲဒီရေတွေကို ဒီရေက ဂင်္ဂါရေ၊ ဒီရေက ဧရာဝတီမြစ်က လာတဲ့ရေ၊ ဒီရေက ချင်းတွင်းမြစ် ကလာတဲ့ရေလို့ အဲဒီရေတွေကို ခွဲခြားပြီး ပြရသလိုပဲ ခက်ခဲလှပါတယ်။

တစ်နည်းအားဖြင့် ဂင်္ဂါမြစ် သဲသောင်ခုံမှာရှိတဲ့ သဲမှုန်လေးတွေကို တစ်ခုမှမကျန်အောင် ရေတွက်ရသလို အစိတ်စိတ် အမွှာမွှာ မြတ်စွာဘုရား က **"ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း"** ဤကျမ်းကြီးများကို ဟောကြားတော်မူခဲ့တယ်။

အဲဒီလို ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်ကြီး၊ အဘိဓမ္မာ ဒေသနာတော်ကြီး၊ သုတ္တန်တရား၊ ဝိနည်းတရား ဟောစဉ်အခါတုန်းက-

"ရဟန်းတို့- ဒီကနတ်၊ ဒီကဗြဟ္မာ အစရှိသည်ဖြင့် လူသံ၊ နတ်သံ၊ ဗြဟ္မာသံတွေ ပါပြီးတော့ နေတယ်။ ပညတ်နယ်ပယ်ကကိုး။

ပညတ်ဆိုတာ သဘာဝလက္ခဏာအားဖြင့် မှန်ကန်တာမျိုး မဟုတ်ပဲ ကိုး။ ဥပမာအားဖြင့် ဦးကြည်လို့ အမျိုးသားတစ်ယောက်ကို နာမည်ပေး ထားတယ်။ တော်ကြာတော့ အမျိုးသမီးတစ်ယောက်ကိုလဲ ဒေါ်ကြည်လို့ ပေးထားတယ်။ ပညတ်ရဲ့သဘောပေါ့။

အဲဒီတော့ ပရမတ္ထသဘော သက်သက်ကလေး။ ပညတ်အသံ မနှောပဲနဲ့ ပရမတ်သက်သက်။

**ကုသလာဓမ္မာ၊**

**အကုသလာဓမ္မာ၊**

**အဗျာကတာဓမ္မာ။**

အပြစ်မရှိ ကောင်းကျိုးပေးခြင်း လက္ခဏာရှိတဲ့ ကုသိုလ်တရားတွေ

http://www.dhammadownload.com



ရှိတယ်။ အသက်ရှိတယ်လို့လဲ မပြောရဘူး။ သတ္တဝါလို့လဲ မပြောနိုင်တဲ့ သဘောတရားတွေ ရှိတယ်။

အပြစ်ရှိပြီးတော့ မကောင်းကျိုးပေးတတ်တဲ့ သဘောတရားတွေ ရှိတယ်။

ကုသိုလ် အကုသိုလ် နှစ်ဖက်စွန်းလွတ်တဲ့ အဗျာကတ တရားတွေလဲ ရှိတယ်။ စပြီးတော့ မြတ်စွာဘုရား တာဝတိံသာမှာ ဟောကြားတော်မူတော့ ဟောဒီစကားလုံးက စဟောတယ်။

**"ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ။"**

အဲဒါကို အကျယ်ချဲ့ဟောတော့ ဘုန်းကြီးတို့ ထွက်လေ ဝင်လေ ဆိုတဲ့ ဝါယောရုပ်ဟာ အဗျာကတာထဲမှာ ပါပါတယ်။

ရှုမှတ်တဲ့ စိတ်သည် ကုလသာဓမ္မာထဲ ပါပါတယ်။ ကာမရူပ အရူပ လောကုတ္တရာရယ်လို့ ဒီလို ခွဲလိုက်တဲ့ အခါကျတော့ ကာမစိတ်ထဲမှာ ပါတယ်။

ရှုမှတ်တဲ့စိတ် ကာမာဝစရစိတ်ဟာလဲ အဖိုးတန်ပါတယ်။

## စိန္တာမဏိ ပတ္တမြားလို

**ကာမာဝစရ ကုသလံပန် စိန္တာမဏိ ရတနသဒိသံ။**

ရှုမှတ်တဲ့ ကာမာဝစရကုသိုလ်စိတ်ဟာ စိန္တာမဏိ ပတ္တမြားရတနာနဲ့တူတယ်။

ကပ္ပရုက္ခသဒိသံ- ပဒေသာပင်ကြီးနဲ့တူတယ်။ တစ်ကြိမ်လဲ မဟုတ်ဘူး။ ဒီစိတ်ဟာ အကြိမ်ကြိမ် အကြိမ်ကြိမ် ဖြစ်ခွင့်ရနေကြတာ။

အဲဒီလို ရုပ်တရား, နာမ်တရားတွေကို ခွဲခြားပြီးတော့ အလင်းဓာတ် ရခဲ့ကြပြီ။ အဲဒီ သာသနာ့အလင်းဓာတ် နံပါတ်နဲ့ ယှဉ်ပြောရင်တော့ နံပါတ် (၂)အလင်းဓာတ် ဗုဒ္ဓဘာသာ သာသနာ့အလင်း အစစ် အနေအားဖြင့်တော့ အဲဒီက စတာပါပဲ။

ဒီအလင်းဓာတ် ရရှိဖို့ရာ အင်မတန် ခက်ပါတယ်။ စောစောက ပထမဆုံး ကမ္ဘာသကတအလင်းဓာတ်တောင်မှ ကမ္ဘာ့လူထုနဲ့ပြောရင်

http://www.dhammadownload.com



(၁၆)စိတ်၊ တစ်စိတ်လောက်ပဲ ကမ္မဿကတဉာဏ် အလင်းဓာတ် ရကြပါတယ်။

ဒီဓမ္မဝဝတ္ထာနဉာဏ် ရုပ်တရား နာမ်တရားတွေကို ပိုင်းခြားသိတဲ့ ဉာဏ်မျိုးကျတော့ ဟော- အင်မတန် အပုံ (၁၀၀)ပုံ တစ်ပုံ၊ အပုံ (၁၀၀၀) တစ်ပုံ ဒီလို ရှိဖို့ခက်ပါတယ်။

နောက် အဲဒီရုပ်တရား, နာမ်တရားတို့ကို မြင်ပြန်ပြီတဲ့ ဒီကားရုပ်, ဒီကားနာမ်လို့ ခွဲခြားသိပြီ။

ထွက်လေ ဝင်လေကရုပ်၊ ထွက်လေ ဝင်လေကို မှတ်တဲ့စိတ်က နာမ်၊ ထွက်လေ ဝင်လေဟာ ဓာတ်လေးပါးထဲမှာပါတော့ အဲဒီ ထွက်လေ ဝင်လေ ဝါယောရုပ်ရဲ့ အကြောင်းလိုက်ရှာတော့-

ကံ, စိတ်, ဥတု, အာဟာရ အကြောင်းခံတယ်။ ရှုမှတ်တဲ့ စိတ်၊ ကြံသိစိတ်ကလေး ဖြစ်ပေါ်လာတယ်။

အဲဒီ စိတ်ကလေးရဲ့ အကြောင်းလိုက်ရှာလိုက်တော့ "ဝတ္ထုအာရုံ နှစ်ပါးကြုံတိုင်း ထုံတလဲလဲ ရေယာဉ်ဝဲသို့ ဖြစ်မြဲနိစ္စ စိတ္တနိယံ ကြောင်းခံ ကျိုးတည့် ပစ္စည်းပစ္စုပ် ကြိုးနှယ်ရှုပ်၏"။

ဝတ္ထုနဲ့အာရုံ ဆုံလို့ မနဆိုတဲ့ စိတ်အကြည်ဓာတ်ကလေးလဲ ရှိတယ်။ အကြည်ဓာတ်ကလေးကရှိ၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ထိတာကို အာရုံပြုမိတယ်ဆိုရင် ထိတယ် ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံနဲ့ ထိတယ်။

ဖောဋ္ဌဗ္ဗာရုံဆိုတာ ဘာလဲလို့ဆိုတော့ လှုပ်ရှားတဲ့ ဝါယောရယ်၊ အေးတဲ့ တေဇောရယ်၊ ခက်မာတဲ့ ပထဝီရယ် ပေါင်းစပ်ထားတာကို ဖောဋ္ဌဗ္ဗာရုံလို့ ခေါ်တာ။

အဲဒီတော့ ကာယပသာဒ ထိသိတာလေးနဲ့ ပတ်သက်လို့ ကာယပသာဒဆိုတဲ့ ဝတ္ထုရုပ် ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံ ကြုံဆုံစည်းတဲ့ အခါကျတော့ ထိသိစိတ်ကလေး ဖြစ်ပေါ်လာတယ်။

ထိသိစိတ်ကလေးရဲ့ အကြောင်းလိုက်ရှာတော့ သူ့ဟာသူ ဖြစ်နေတာ မဟုတ်ဘူး။ ကာယအကြည်ဓာတ် အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံ နှစ်ခုဆုံမှ ဖြစ်တာပါပဲ။

http://www.dhammadownload.com



ဘုန်းကြီးတို့ မြတ်စွာဘုရားရဲ့ ရုပ်ပွားတော်ကို ဖူးမြော်လိုက်တယ်။ အဲဒီ အခါကျတော့ ရူပါရုံ မြင်သိစိတ်ကလေး ဖြစ်ပေါ်တာကိုး။ အကြောင်းမဲ့ ဖြစ်တာ မဟုတ်ပါဘူး။

မြတ်စွာဘုရားရဲ့ ရူပါရုံအဆင်း၊ မိမိရဲ့မျက်စိ အကြည်ဓာတ် ပသာဒ၊ ဝတ္ထု ဒီနှစ်မျိုး တိုက်ဆိုင်လာမှ မြင်သိစိတ် ဖြစ်လာတယ်။

တရားဟောတဲ့ အသံကိုဖြစ်စေ၊ အခြားအသံကိုဖြစ်စေ၊ ကြားသိ စိတ်ကလေး ပေါ်ကြပြန်တယ်။ သောတပသာဒ နားအကြည်ဓာတ်ကလေး ကလဲ ကောင်းလို့ အသံကလေး သဒ္ဒါရုံကလဲရှိလို့ အဲဒီအကြောင်း (၂)မျိုး ကြောင့် ကြားသိစိတ်ကလေး ဖြစ်ပေါ်ခဲ့ပါတယ်။

အဲဒီ ကြားသိစိတ်ကလေးကို ဘယ်သူပြုသလဲ။ ပြုသူလဲ မရှိပါဘူး။ အကြောင်းကဘာလဲ အစွမ်းရှိတဲ့ ပုဂ္ဂိုလ်များက ဖန်ဆင်းတာလား၊ မဟုတ် ပါဘူး။

ရှေးကံသက်သက်ကြောင့် ဖြစ်သလား။ ရှေးကံပါသလောက် ပါပါတယ်။ သို့သော် ရှေးကံဟောင်းတစ်ခုထဲ သက်သက်ဆိုရင်တော့ မှားသွားမှာကိုး။

ဒါကြောင့်မို့ ကြားသိစိတ်ကလေး ဖြစ်ပေါ်ရင်ကိုပဲ ဝတ္ထုနဲ့အာရုံ သူ့နေရာနဲ့သူ အကြောင်းရှာဖွေနိုင်ရမယ်။ အကြောင်းရှာဖွေစွမ်းနိုင်တဲ့ ဒီလို အလင်းဓာတ်မျိုးကို **"ပစ္စယပဋိဝေဓဉာဏ်အလင်းဓာတ်"**လို့ ခေါ်ပါတယ်။

အဲဒီကနေပြီးတော့ မိမိတို့သိရှိထားတဲ့ ရုပ်တရား နာမ်တရားတို့ရဲ့ အမှတ်တံဆိပ် လိုက်ကြည့်တော့ ဘယ်ရုပ် ဘယ်နာမ်ဖြစ်ဖြစ် မမြဲတဲ့ လျှင် မြန်လှတဲ့ မမြဲတဲ့ အမှတ်တံဆိပ်ကြီး၊ ကြောက်မက်ဖွယ် ကောင်းလှတဲ့ဒုက္ခ အမှတ်တံဆိပ်၊ အစိုးမရတဲ့ အနတ္တ အမှတ်တံဆိပ်ကြီးတွေ ပါပြီးတော့ နေတာကို သိတဲ့ဉာဏ်၊ အဲဒါ ဘာလဲဆိုတော့ **"လက္ခဏပဋိဝေဓဉာဏ် အလင်းဓာတ်ကြီး"** အဲဒီ အချက်တွေနဲ့ ရှုပွားရတာကိုး။

အဲသလို ကမ္မဿကတဉာဏ် အလင်းဓာတ် အခြေခံပြီးတော့ ဓမ္မ ဝဝတ္ထာနတရားတွေကို ခွဲခြားသိတဲ့ ဉာဏ်အလင်းဓာတ်။

အကြောင်းတရားတွေကို ခွဲခြားသိနိုင်တဲ့ ဉာဏ်အလင်းဓာတ် ရုပ် တရား, နာမ်တရားတို့ရဲ့ အမှတ်တံဆိပ်ကို ခွဲခြားသိနိုင်တဲ့ အလင်းဓာတ်။

http://www.dhammadownload.com



ဒီအလင်းဓာတ်ကြီးတွေ အဆင့်ဆင့် ရရှိပြီးတဲ့ အခါကျတော့ ကိလေသာ အမိုက်အမဲ ကင်းလာပြီ။ သံယောဇဉ် အမိုက်အမဲကင်း၊ ဒုက္ခတွေ ချုပ်ငြိမ်း သံသရာမှာ တုတ်တတ်, နှောင်တတ်, ချည်တတ်, ဖွဲ့တတ်, စပ်တတ်တဲ့ တဏှာအရှုပ်အထွေးကင်းပြီး ငြိမ်းချမ်းတဲ့ သန္တိသုခ ရနိုင်ပြီ။

အဲဒီ သန္တိသုခကြီးကို သိမြင်နိုင်တဲ့ အလင်းဓာတ်ကြီးကတော့ နိဗ္ဗာနပဋိဝေဓဉာဏ်အလင်း။ အဲဒီ အလင်းဓာတ်ကြီးကို မရလို့ရှိရင်တော့ နိဗ္ဗာနသမ္မောဟ အမှောင်ကြီး ကျနေတုန်းပဲ။

**လောကနည်းနဲ့ကတော့ လောကထဲမှာပဲ လုံးချာလိုက်နေမှာပဲ**

ဒီအလင်းဓာတ်ကြီးတွေ မိမိတို့ ထိုက်တန်သလောက်တော့ ရရှိကြ၊ အဲဒီလို ရရှိတာဟာ ဘာနည်းလဲလို့ဆိုတော့ လောကနည်း မဟုတ်ဘူးနဲ့။ အဘိဓမ္မာနည်းပါပဲ။

လောကနည်းနဲ့ကတော့ ဘယ်လောက်စွမ်းစွမ်း လောကကို မလွန်နိုင်ပါဘူး။ လောကဆိုတာ ဘာလဲလို့ဆိုတော့ ဖြစ်တတ် ပျက်တတ်တာကို လောက။

လောကနည်းကတော့ မြေထဲလဲ သွားနိုင်တဲ့ အခြေအနေရှိကြတယ်။ ရေထဲလဲ သွားနိုင်တဲ့ အခြေအနေ ရှိကြတယ်။ ကောင်းကင်လဲ နှံ့လို့။

**ယောကျ်ားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ် ကြယ်ကို ဆွတ်လဲ မလွတ်စတမ်း ရမြဲတမ်းတည်း။**

လူရည်ချွန်ပုဂ္ဂိုလ်တွေဟာ ကောင်းကင်ရှိတဲ့ ကြယ်ကိုလဲ ဆွတ်နိုင်ကြ၊ လကမ္ဘာကိုလဲ သွားနိုင်ကြတယ်။

ဒါပေမယ့် ဒါဟာ လောကနည်းတွေကိုး။ အဲဒီ လောကနည်းကတော့ လောကကို မကျော်နိုင်ပါဘူး။

ဒီကမ္ဘာလုံးကြီးအတွင်းမှာ ဒီစကြာဝဠာအတွင်းမှာလဲ လှည့်ပတ်ပြီးတော့ ကမ္ဘာပတ်လမ်းကြောင်းက လှည့်ပတ်ပြီး သွားနေတာပဲ။ လောကနည်းဟာ လောကကို မကျော်နိုင်ပါဘူး။

လောကနည်းနဲ့တော့ လောကထဲမှာ လုံးချာလိုက်နေမှာပါပဲ။

http://www.dhammadownload.com



လောကုတ္တရာဆိုတာ လောကကို လွန်မြောက်တဲ့နေရာ၊ အဘိဓမ္မာနည်းကတော့ လောကကို လွန်နိုင်ပါတယ်။ လောကလွန်မှ လောကုတ္တရာ ဖြစ်နိုင်ပါတယ်။ လောကုတ္တရာ ရောက်မှလဲ လောကမှာရှိတဲ့ ပဋိသန္ဓေ, အို, နာ, သေဆိုတဲ့ ဒုက္ခတွေ မချစ်ရင်ယှဉ်တွဲ ချစ်သူကွဲဆိုတဲ့ ဒုက္ခတွေ။

အို, နာ, သေရမယ့် ပုဂ္ဂိုလ်များ အို, နာ, သေ လွတ်နိုင်ကြတယ်။ ရုပ်ဒုက္ခ နာမ်ဒုက္ခတွေ လောကထဲမှာ တွေ့ကြုံကြရတယ်။ လောကုတ္တရာ ရောက်တဲ့အခါကျတော့ အဲဒီ ဒုက္ခတရားတွေ ငြိမ်းပြီးတော့ သွားတယ်။

ဒါကြောင့်မို့ ယောဂီများဟာ လောကုတ္တရာနည်း တစ်နည်းအားဖြင့် အဘိဓမ္မာနည်း လာမယ့်သီတင်းကျွတ် လပြည့်နေ့ဆိုရင် ၂၅၈၂-ကြိမ်မြောက်တဲ့။ အဘိဓမ္မာအခါတော်နေ့ (၂၅၈၂)ကြိမ်မြောက်။ အဘိဓမ္မာဒေသနာတော်ကို ဟောသွားတာ နှစ်ပေါင်း (၂၅၈၂)နှစ် ရှိပြီ။

အဲဒီ (၂၅၈၂)နှစ်တာကာလ "သီ, သံ, သ, ပု, အင်း, ဥ, မ, မြေ, သက်ရှည်မန္တ ကောင်းကောင်းင"ဆိုတဲ့အတိုင်း အိန္ဒိယက သီဟိုဠ်၊ သီဟိုဠ်က သံတွဲ၊ သံတွဲက သထုံ၊ သထုံက ပုဂံ၊ ပုဂံက အင်းဝ၊ အင်းဝက ဥဿာပဲခူး၊ ဥဿာပဲခူးက မူးမန်းလေး၊ သက်ရှည် ပန်းတောင်း မန္တလေး ကောင်းတုံ ကောင်းစင် ငဇောင်ဂျမ်း" သာသနာ ရောက်လာပုံ အစဉ်အတိုင်း တဖြည်းဖြည်းလေး နှစ်ပေါင်း (၂၅၀၀)ကျော် ခရီးဖြတ်သန်းလာခဲ့တဲ့ အဘိဓမ္မာ။

နှစ်ပေါင်း (၂၅၀၀)ကျော် ဖြတ်သန်းပြီးတော့ လာတဲ့ ရုပ်အသံ, နာမ်အသံတွေ ယနေ့ ကြားနေရတယ်၊ ကြားခွင့်ရတယ်။

အဲဒီ ရုပ်အသံ, နာမ်အသံ ကြားရုံမျှမကဘူး။ ရုပ်အသံ, နာမ်အသံတွေကို ကြားရတဲ့အတိုင်း မိမိရဲ့ဉာဏ်အမြင် ပေါက်အောင် အားထုတ်ခွင့်ရပြီးတော့ နေကြရတာ။ ရှုမြင်ပြီးတော့ နေကြရတာ။ ကံကောင်းလိုက်တာ ကံကောင်းလိုက်တာ။

**အားရစရာ**

တစ်နည်းအားဖြင့် မြတ်စွာဘုရားရဲ့ သားတော်, သမီးတော် ဖြစ်နေကြရတာ မိမိတို့စိတ်ထဲ ဉာဏ်ထဲမှာ ရှင်းရှင်းပြီးတော့ တရားသဘောတွေ

http://www.dhammadownload.com



ကြံစည်တွေးတောပြီးတော့ နေကြရတာ။ လူ့ဘဝရကျိုးနပ်တယ်လို့ အာရုံထားပြီးတော့ ဝမ်းသာဖွယ် သာဓုခေါ်ဖွယ် ဂါထာလေး ရွတ်ပြီး နိဂုံးချုပ်ပါ့မယ်။

**သယံ ဗုဒ္ဓေါ သမ္ဗောဓေသိ၊ ဓမ္မေပိ ဓမ္မသတ္တိယော၊**
**အဟောနော တဿ သုတတ္တံ၊ အဟောနော ဓမ္မ စိန္တနံ။**

ယောဇိနော- မကိုင်မှုရောင်လျှံ ဥဒ္ဓျောင်ပျံ့တယ် အောင်လံစွင့်စွင့် လွင့်တလူလူ အကြင်အောင်တော်မူ မြတ်ဘုရားသည်။ ဓမ္မေပိ- ရှေ့နောက်ဆက်လျှက် စဉ်တိုင်းပျက်၍ ဆက်ဆက်မနေ့ာ တရားသဘောတို့လည်းကောင်း။ ဓမ္မသတ္တိယောပိ- တရားတိုင်း၏ ဓာတ်ခံပြည့်လျှက် သတ္တိစွမ်းအားစွမ်းပကားတို့ကိုလည်းကောင်း။ သယံဗုဒ္ဓေါ- ဗောဓိ မဏ္ဍိုင် ခန်းဝါမြိုင်ဝယ် ကိုယ်တိုင်စထွင် သိမြင်တော်မူခဲ့သည်ဖြစ်၍။ သမ္ဗောဓေသိ- သိတန်သမျှ ဝေနေယျကို မြွက်ဟထုတ်ဖေါ် သိစေတော်မူခဲ့လေပြီ။ တဿဇိနဿ- မကိုင်မှုရောင်လျှံ ဥဒ္ဓျောင်ပျံ့ဝယ် အောင်လံစွင့်စွင့် လွင့်တလူလူ ထိုအောင်တော်မူ မြတ်စွာဘုရား၏။ သုတတ္တံ- တရားဓမ္မ ဩဝါဒကို ကြားရရွှင်ပျော် သားတော် သမီးတော် ဖြစ်နေရခြင်းသည်။ အဟောနော- ကိုယ့်တွက် ကိုယ့်တာ ကိုယ်ကျိုးပါသဖြင့် ကိုယ့်မှာခုနှယ် ဩော်- အားရစရာကြီးပါတကား။ ဓမ္မစိန္တနံ- ရှေ့နောက်ဆက်လျှက် စဉ်တိုင်းပျက်၍ ဆက်ဆက်မနေ့ာ တရားသဘောတို့ကို ကြံစည်တွေးတော၍ နေရခြင်းသည်။ အဟောနော- ကိုယ့်သန္တာန်တွင်း ဉာဏ်ရောင်လင်း၍ ရှင်းကာ ရှင်းကာ ပေါ်ထွန်းလာသဖြင့် ဩော်- အားရကျေနပ်စရာကြီးပါတကား။

သာဓု သာဓု သာဓု

**သတ္တမနေ့ဟောစဉ်ပြီး၏။**

**မိခင်ဧကာဝတီ**

http://www.dhammadownload.com



## လယ်တီဝိပဿနာ (၇)ရက် တရားစခန်း စခန်းသိမ်းအောင်ပွဲ
## ဆရာတော်၏ဩဝါဒကထာ

ယနေ့ ၁၃၆၂-ခု၊ သီတင်းကျွန်လဆန်း (၇)ရက်၊ နံနက် (၆)နာရီ အချိန်။

### အလောင်းတော်ဘဝက သင်္ဂဟတရား

တရားစခန်းသိမ်း အောင်ပွဲမှာ မြတ်စွာဘုရား အလောင်းတော် ဘဝတုန်းက သင်္ဂဟတရား လေးပါး၊ ဘုရားအဖြစ် ရောက်တဲ့အခါကျတော့ အဲဒီ သင်္ဂဟထက် မြင့်မြတ်တဲ့ သင်္ဂဟလေးပါးတို့ဖြင့် ချီးမြှောက်တော်မူခဲ့တယ်။

သင်္ဂဟတရားလို့ ဆိုလိုက်သဖြင့် ယောဂီတို့အားလုံး သိရှိကြပြီးတဲ့ အတိုင်း သင်္ဂဟတရားဟာ အစုအဖွဲ့နဲ့နေတာ မှန်သမျှ ရှိကြရတယ်။ သင်္ဂဟ တရားဟာ လောကီနယ်ပယ်မှာလဲ အင်မတန် အသုံးဝင်ပါတယ်။

**ဒါနဉ္စ ပေယျဝဇ္ဇဉ္စ၊ အတ္ထစရိယာစယာ ဣဓ၊**
**သမာနတ္တတာ စဓမ္မေသု၊ တတ္ထ တတ္ထ ယထာရဟံ။**
**ဧတေခေါ သင်္ဂဟာ လောကေ၊**
**ရထဿာဏီဝ ယာယတော၊**
**ဧတေစ သင်္ဂဟာ နာဿု၊**
**နမာတာ ပုတ္တကာရဏာ၊**
**ဧတေစ သင်္ဂဟာ နာဿု၊**
**နပိတာ ပုတ္တ ကာရဏာ။**

အကယ်၍များ သင်္ဂဟတရား မရှိကြပါဘူးဆိုရင် မိဘများဟာ သားသမီးတို့ရဲ့ မြတ်နိုးမှု ပူဇော်မှုခံရမှာ မဟုတ်ပါဘူး။

ဒါကြောင့် သင်္ဂဟတရား လောကမှာ အရေးကြီးပါတယ်။ အရေး ကြီးတော့ ဘုရားအလောင်းတော်ကြီးများ ဒီသင်္ဂဟတရားနဲ့ ပါရမီဖြည့်ကြ ရတယ်။

http://www.dhammadownload.com



"ချစ်ဖွယ်စကား ပေးကမ်းပြော၍ စီးပွားဆောင်လင့် ကိုယ်တူကျင့်ဟု လေးခုသဂြိုဟ် သူ့ကိုထောက်ထား ကောင်းမှုအားကြောင့် လက်ဖဝါးနှင့် ခြေဖဝါးပါ နူးညံ့စွာ၏၊ (၈)ဖြာလက်ချောင်း ဆယ်ချောင်းခြေတော် ညီမျှသောကြောင့် မယော်တွင်လစ် အတွင်းဆစ်၌ ရေးရစ်ဖြောင့်လေ့ စပါးစေ့များ ပွင့်တံခါးသို့ ဖြောင့်သားညီညာ လက္ခဏာဖြင့်"

ဘုရားအလောင်းတော်ကြီးများ ပါရမီဖြည့်စဉ်ကကိုက -

- ပေးကမ်းခြင်း၊
- ချစ်ဖွယ်စကားပြောခြင်း၊
- သူတစ်ပါး အကျိုးစီးပွားဆောင်ခြင်း၊
- ကိုယ်နဲ့တန်းတူထားခြင်း ဆိုတဲ့ ဒီအချက်ကြီးတွေ သင်္ဂဟတရားကြီးတွေ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဘုရားဖြစ်တဲ့အခါကျတော့-
- လက်ဖဝါး ခြေဖဝါးလေးတွေ နူးနူးညံ့ညံ့၊
- လက်တော် ခြေတော်တွေ ညီလို့၊
- စပါးစေ့ခေါ်တဲ့ လက်တော်မှာရှိတဲ့ အရေးအရစ်ကလေးတွေဟာလဲ တစ်ခါထဲ စပါးစေ့လေးများလို ထင်ရှားပြီးတော့ ပေါ်ပေါက်ခဲ့တယ်။

ဒါဟာ မြတ်စွာဘုရား အလောင်းတော်များရဲ့ သင်္ဂဟတရား ချီးမြှောက်ပုံနဲ့ အကျိုးတရားပါပဲ။

**ဘုရားဘဝ သင်္ဂဟတရား**

ဘုရားဖြစ်တဲ့ အခါလဲ လောကသားအားလုံးတို့အား အမြင့်ဆုံး သင်္ဂဟတရားနဲ့ ချီးမြှောက်တယ်။ အမြင့်ဆုံး သင်္ဂဟတရားဆိုတာ ဘာလဲ။

ဒါန - ပေးကမ်းတယ်ဆိုတဲ့ နေရာမှာ မြတ်စွာဘုရားက ဓမ္မဒါန ပေးပြီးတော့ လောကသား အားလုံးတို့အား ချီးမြှောက်ခဲ့တယ်။

**"ဧတဒဂ္ဂံ ဘိက္ခဝေ ဒါနာနံ ယဒိဒံ ဓမ္မဒါနံ"**- ဓမ္မဒါနသည် ဧတဒဂ်၊

http://www.dhammadownload.com



အရှင်သာရိပုတ္တရာသည် ပညာအရာမှာ ဧတဒဂ်ထားသလို။ ဧတဒဂ္ဂ- ဧတဒဂ်။

ဒါနတွေ အားလုံးထဲမှာ အလှူတွေပြုပြီး ချီးမြှောက်တာတွေထဲက မြတ်စွာဘုရားရဲ့ ဓမ္မဒါန- တရားပေးပြီး ချီးမြှောက်တော်မူခြင်းဟာ ဒါဟာ ဧတဒဂ်တစ်ခုပဲ၊ အမြတ်ဆုံးပဲ။ ပြီးတော့-

မြတ်စွာဘုရားက လောကသား အားလုံးတို့အား ချစ်ဖွယ်စကား ပြောကြားခဲ့တယ်တဲ့။

ချစ်ဖွယ်စကား ပြောကြားတာဟာလဲပဲ အခြားချစ်ဖွယ်စကား ပြောကြားတာ အများကြီး ရှိပါတယ်။ မြတ်စွာဘုရားရဲ့ ချစ်ဖွယ်စကား ပြောကြားခြင်းကတော့-

**"အတ္ထိကဿ သဒ္ဓဿ ပုနပ္ပုနံ ဓမ္မဒေသနာ"**- မြတ်စွာဘုရားက လောကသား အားလုံးတို့အား ချစ်ဖွယ်စကား ပြောကြားတယ်ဆိုတာ ဘယ်လိုဟာလဲဆိုတော့-

> "သဒ္ဓါတရားရှိပြီးတော့ လိုချင်တဲ့ တရားလိုလားတဲ့ ပုဂ္ဂိုလ်များအား အဖန်ဖန် အထပ်ထပ် တရားစကား ပြောကြားခြင်းဟာ ဒါမြတ်စွာဘုရားရဲ့ အမြတ်ဆုံး ချစ်ဖွယ်စကား ပြောကြားခြင်းပါပဲ"။

**"အတ္ထစရိယာ"**- ဆိုတာက ဘာလဲလို့ဆိုတော့- သီလမရှိတဲ့ ပုဂ္ဂိုလ်တွေ သီလရှိအောင်၊ သဒ္ဓါတရားမရှိတဲ့ ပုဂ္ဂိုလ်တွေ သဒ္ဓါတရားရှိအောင်၊ သမာဓိမရှိတဲ့ ပုဂ္ဂိုလ်တွေ သမာဓိရှိအောင်၊ ပညာမရှိတဲ့ ပုဂ္ဂိုလ်တွေ ပညာရှိအောင်၊ အသိအလိမ္မာ ဉာဏ်ပညာဓာတ်မရှိတဲ့ ပုဂ္ဂိုလ်တွေကို အသိအလိမ္မာ ဉာဏ်ပညာဓာတ်ရှိအောင်လို့ ရွက်ဆောင်တော်မူခဲ့တဲ့ မြတ်စွာဘုရားရဲ့ အတ္ထစရိယသည် တစ်ဦးတစ်ယောက်အတွက် မဟုတ်ပါဘူး။

လောကသားအားလုံးအတွက် ရည်ရွယ်ပြီးတော့ ဟောတဲ့ အတ္ထစရိယာ။

ဒါကြောင့် နှစ်ဆယ့်လေးသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်းတို့ရဲ့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားလို့ ဒီလို သတ်မှတ်ကြရတယ်။

**မိခင်ဂျော ဝတီ**

http://www.dhammadownload.com



အဲဒီတော့ အကျိုးစီးပွား ဆောင်ရွက်တာတွေလဲ အများကြီးပါပဲ။ စားဖို့ရာ အကျိုးဆောင်ပေးတယ်။ ဖတ်ဖို့၊ နေဖို့၊ ထိုင်ဖို့ အကျိုးဆောင်ပေးတာတွေ အများကြီး။

မြတ်စွာဘုရားရဲ့ အကျိုးဆောင်တော်မူခြင်းဟာ သီလမရှိတာကို သီလရှိအောင်၊ သဒ္ဓါတရား မရှိတာကို သဒ္ဓါတရားရှိအောင်၊ သမာဓိရှိတဲ့ ပုဂ္ဂိုလ်တွေ သမာဓိရှိအောင်၊ အသိအလိမ္မာ ဉာဏ်ပညာမရှိသူတွေ အသိအလိမ္မာ ဉာဏ်ပညာဓာတ်ရှိအောင် ဆောင်ရွက်တော်မူခြင်းဟာ မြတ်စွာဘုရားရဲ့ အတ္ထစရိယာ ဖြစ်ပါတယ်။

သမာနတ္တတာ- ကိုယ်နဲ့တန်းတူထားခြင်း၊

ဒီလုပ်ငန်းကလဲ အင်မတန် တွင်ကျယ်ပါတယ်။ ကိုယ်နဲ့တန်းတူထားခြင်း။

ကိုယ်နဲ့တန်းတူထားခြင်းမှာ မြတ်စွာဘုရားသည် အရိယာမဂ်ဉာဏ်အဆင့်ဆင့်၊ သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ် အဆင့်ဆင့်၊ ဖိုလ်ဉာဏ်အဆင့်ဆင့် နိဗ္ဗာန်အထိ ရရှိတော်မူခဲ့တယ်။

အဲဒီ ရရှိခြင်းအကြောင်း ကောင်းမြတ်တဲ့ ဝိပဿနာဉာဏ် အဆင့်ဆင့် သမထ/ ဝိပဿနာဉာဏ်အဆင့်ဆင့် ရရှိတော်မူခဲ့တယ်။

အဲလို မိမိကိုယ်တော်တိုင် ရရှိတော်မူခဲ့တဲ့ လမ်းစဉ်တွေ အဲလို လမ်းစဉ်အတိုင်းသွားလို့ အရိယာဖြစ်ကြောင်း ကောင်းမြတ်တဲ့ လမ်းစဉ်တွေ ညွှန်ပြ ညွှန်ပြတဲ့အတွက် အဂ္ဂသာဝကကြီးများ၊ မဟာသာဝကများ၊ ပကတိသာဝကများ အရိယာမဂ်ဉာဏ်အဆင့်ဆင့် ဖိုလ်ဉာဏ်အဆင့်ဆင့် ရရှိခဲ့ကြပြီ။

အဲဒီလို ရရှိအောင် ဆောင်ရွက်တော်မူခြင်းသည် မြတ်စွာဘုရားရဲ့ တန်းတူထားခြင်း သမာနတ္တတာ သင်္ဂဟတရားတော်ကြီးဖြင့် ချီးမြှောက်တော်မူခြင်းပါပဲ။

ဒါကြောင့် ယခုအခါမှာ ဘုန်းကြီးတို့တတွေဟာ သုံးလောကထွဋ်ထား မြတ်စွာဘုရားရဲ့ သင်္ဂဟတရားလေးပါးနဲ့ ချီးမြှောက်ခံနေရခြင်းပါပဲ။

http://www.dhammadownload.com



မိဘများ သင်္ဂဟတရားနဲ့ ချီးမြှောက်ခံရတဲ့ သားသမီးတွေ၊ မိဘများက သားသမီးတွေအပေါ် သင်္ဂဟတရားနဲ့ ချီးမြှောက်တော့ အဲဒီ သားသမီးတွေ ချမ်းသာကြရတယ် မဟုတ်လား။ ဆရာသမားများက သင်္ဂဟတရားနဲ့ ချီးမြှောက်ခံရတဲ့ တပည့်တွေလဲ ကံကောင်းခြင်းတစ်မျိုးပဲ။

တိုင်းပြည်အုပ်ချုပ်တဲ့ ရှင်ဘုရင်များက တိုင်းပြည်လူထုအပေါ် သင်္ဂဟတရားနဲ့ ချီးမြှောက်ပြန်တော့ တိုင်းသူပြည်သားတွေ ချမ်းသာကြရတယ်။

အဲဒီလိုပဲ မြတ်စွာဘုရား အလောင်းတော်ကြီးများ ဖြစ်ရာဌာန ဘုံဘဝမှာ သင်္ဂဟတရားလက်ကိုင်ထားခဲ့ကြပြီး ပါရမီဖြည့်ခဲ့ကြတယ်။

သုံးလောကထွန်းထား ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့ အခါကျတော့ အဲဒီ သင်္ဂဟတရား (၄)ပါး အထွဋ်အထိပ် ရောက်ပြီးတော့ အထွဋ်အထိပ် ချီးမြှောက်ခြင်း အမြတ်ဆုံး ချီးမြှောက်ခြင်းဖြင့် အမြတ်ဆုံး သင်္ဂဟတရားဖြင့် ချီးမြှောက်တော်မူခဲ့ပါတယ်။

အဲလို မြတ်စွာဘုရားရဲ့ အမြတ်ဆုံး သင်္ဂဟတရားလေးပါးဖြင့် ချီးမြှောက်တော်မူခြင်းဟာ လောကသားအားလုံးနဲ့ သက်ဆိုင်ပါတယ်။ လောကသား အားလုံးနဲ့ သက်ဆိုင်ပါသော်လဲ ထိုက်ရာ ထိုက်ရာ ပုဂ္ဂိုလ်များသာ မြတ်စွာဘုရားရဲ့ သင်္ဂဟတရားလေးပါးနဲ့ ချီးမြှောက်မှု ခံရပါတယ်။

အခု ယောဂီသူတော်စင်များ မြတ်စွာဘုရား ချီးမြှောက်တော်မူခဲ့တဲ့ ဒါန, ပိယဝါစာ, အတ္ထစရိယာ သမာနတ္တတာ- သင်္ဂဟလေးပါးနဲ့ ချီးမြှောက်ခံရတာဟာ လူ့ဘဝမှာ ကံအကောင်းဆုံး၊ ကျေနပ်စရာ အကောင်းဆုံး။ အဲသလို စိတ်ထဲမှာ အာရုံထားပြီးတော့ ဘုန်းကြီးတို့ရဲ့ ဒီစခန်းသိမ်းပွဲ ဩဝါဒကထာ နိဂုံးချုပ်အပ်ပါသတည်း။

သာဓု သာဓု သာဓု

http://www.dhammadownload.com

## အရွယ် (၁၀)ပါး
### သံဝေဂလင်္ကာ

၁။ မန္ဒဒသကာ - ဆယ်နှစ်မှာ စားကာငိုကာ ဖြုန်းခဲ့တယ်။
၂။ နှစ်နှစ်ဆယ်မှာ ပျော်ခ်ိဋ္ဌာ စိတ်ပါကိုယ်ပါ ပြုံးခဲ့တယ်။
၃။ ဝဏ္ဏပဘာဒသကာ လှစွာယဉ်စွာ သုံးခဲ့တယ်။
၄။ ဗလဒသကာ လေးဆယ်မှာ အားပါအင်ပါ ရုန်းခဲ့တယ်။
၅။ ဉာဏဒသကာ ငါးဆယ်မှာ ဉာဏ်ပညာနှင့် သုံးခဲ့တယ်။
၆။ ဟာနိဒသကာ ယုတ်လျော့လာ မသိမသာ ရှုံးတော့တယ်။
၇။ ပဗ္ဘာရမှာ ကိုင်း၍လာ သွားလာရာလာ နုံးတော့တယ်။
၈။ ဝင်္ကဒသကာ ကွေး၍လာ ခါးပါတင်ပါ ကုန်းတော့တယ်။
၉။ မောဟမူမှာ တွေဝေလာ ပြောကာဝိုကာ လုံးတော့တယ်။
၁၀။ သယနမှာ ဒသကာ မထနိုင်ရှာ ရှုံးတော့တယ်။
ရုပ်နာမ်အလုပ် ပြောင်းလဲချုပ် အဟုတ်ငါ့မှာ မပိုင်တယ်။

**အဘိဓဇမဟာရဋ္ဌဂုရု**
**မစိုးရိမ်ဆရာတော်ဘုရားကြီး**

## နောင်တတရား (၁၀)ပါး

၁။ ငယ်ကပညာ မသင်ပါ အိုခါနောင်တ ရတတ်စွာ့၊
၂။ ငယ်ကဥစ္စာ မစုပါ အိုခါနောင်တ ရတတ်စွာ့၊
၃။ ချစ်ခင်သူများ ကုန်းတိုက်ပြား အမှားနောင်တ ရတတ်စွာ့၊
၄။ သက်သတ်စားကျူး ပြုခဲ့ဘူး အထူးနောင်တ ရတတ်စွာ့၊
၅။ သူ့အိမ်ရာပေါ် ကျူးလွန်သော် မလျော်နောင်တ ရတတ်စွာ့၊
၆။ ဥစ္စာရှိလျှက် မလှူရက် ကန်ပျက်နောင်တ ရတတ်စွာ့၊
၇။ မိဘနှစ်ဆူ မမွေးမြူ သေမူနောင်တ ရတတ်စွာ့၊
၈။ မိဘစကား မနာကြား အမှားနောင်တ ရတတ်စွာ့၊
၉။ သူတော်သူမြတ် မဆည်းကပ် ဆတ်ဆတ်နောင်တ ရတတ်စွာ့၊
၁၀။ အမြတ်တရား မကျင့်ငြား အမှားနောင်တ ရတတ်စွာ့၊
နောင်တဆယ်ဆင့် လွတ်အောင်ကျင့် မလင့်မုချ ချမ်းသာရ။ ။

**မဟာသုတဒီပနီ**